# ၁၉၉၀ ပြည့်နှစ် မေလ(၂၇)ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မှတ်တမ်း



ခင်ကျော်ဟန်
ရေနံချောင်းမြို့နယ် အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (မြန်မာနိုင်ငံ)
စုစည်းပြုစု တင်ပြသည်

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ပြန်ကြားရေးကော်မတီမှ ထုတ်ဝေဖြန့်ချိသည်

❍

စာအုပ်အမည်

၁၉၉၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှတ်တမ်း

❍


ပထမအကြိမ်

အုပ်ရေ (၁၀၀၀)

၂၀၀၆ ခုနှစ်၊ မေလ (၂၇) ရက်


❍


ပြုစုသူ

ခင်ကျော်ဟန်


❍


ထုတ်ဝေသူ

ပြန်ကြားရေးကော်မတီ

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

❍

မျက်နှာဖုံး

မောင်တောက်

❍

အဆင်အပြင် နှင့် ပုံနှိပ်

စွမ်းမြိုင် (၈၈၈၈)

အောင်ထက်

၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် ကျင်းပခဲ့သည့်

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မှတ်တမ်း

ခင်ကျော်ဟန်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရေနံချောင်း (၂)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (မြန်မာနိုင်ငံ)
စုစည်းပြုစုတင်ပြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ
ပြန်ကြားရေးကော်မတီမှ ထုတ်ဝေသည်။

“ကျမတို့နိုင်ငံရဲ့ အတွေ့အကြုံအရ ဖြည့်စွက်ပြောဆိုလိုတာကတော့ ရွေးကောက်ပွဲ ကျင်းပပြီးရင် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးဖို့လည်း လိုသေး တယ်ဆိုတဲ့ အချက်ပါပဲ။ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်တာဟာ ထမင်းစားဖိတ်၊ ထမင်းပွဲပြင်၊ စားပွဲမှာထိုင်ခိုင်းပြီးမှ မစားရဘူးဆိုပြီး ထမင်းဟင်းတွေ ပြန်ပြီးသိမ်းသွားသလိုပါပဲ။ ဧည့်သည်တွေကို စော်ကားတဲ့လုပ်ရပ်ပါ။ ၁၉၉၀ ခုနှစ်၊ ရွေး ကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ပေးတာဟာ ပြည်သူတရပ်လုံးကို လိမ်လည်လှည့်ဖြား စော်ကားရာရောက်တယ်”

“အာဏာပိုင်တွေဟာ မိမိတို့သဘောမကျတဲ့ရွေးကောက်ပွဲရလဒ်ဆိုရင် လျစ်လျူရှု လိုက်၊ လိုချင်တဲ့ရလဒ်ဖြစ်လာနိုးနိုး ရွေးကောက်ပွဲအသစ်တွေ ကျင်းပလိုက်နဲ့ လုပ်နေ မယ်ဆိုရင်တော့ တိုင်းပြည်ရဲ့အနာဂတ်နဲ့ ကစားရာရောက်ပါလိမ့်မယ်။ တိုင်းပြည်ရဲ့ အနာဂတ်ဆိုတာဟာ ကစားရမယ့်အရာမဟုတ်ပါဘူး။ တလေးတစားနဲ့ စောင့် ရှောက်သွား ရမယ့်အရာသာဖြစ်ပါတယ်။ ဒါကြောင့် ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲ ရလဒ်ကို အကောင်အထည်မဖော်ဘဲ နောက်ရွေးကောက်ပွဲအသစ် ကျင်းပရေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုံးဝလက်ခံမှာ မဟုတ်ဘူးလို့ဆုံးဖြတ်ထားတာ ဖြစ်ပါ တယ်”

“၁၉၉၀ ပြည်နှစ်၊ ရွေးကောက်ပွဲရလဒ်ကို အမြန်ဆုံးအကောင်အထည်ဖော် ပေးဖို့ လိုပါတယ်။ ပထမခြေလှမ်းအနေနဲ့ ပြည်သူ့လွှတ်တော်ခေါ်ပေးရပါလိမ့်မယ်”

ဒေါ်အောင်ဆန်းစုကြည်
၁၉၉၈ ခုနှစ်၊ မေလ (၂၈)ရက်။

“ ၁၉၉၀ ခုနှစ်တုန်းက ပြည်သူလူထုကနေပြီးတော့ တာဝန်ကျေခဲ့တယ်ဆိုတာ၊ ကျမတို့ အရင်ကလည်း ပြောဘူးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့နိုင်ငံနဲ့ နိုင်ငံက ပြည်သူလူထုနဲ့ တခြား ဒီမိုကရေစီအတွက်လှုပ်ရှား ရုန်းကန်နေရတဲ့နိုင်ငံက ပြည်သူလူထုနဲ့စာလို့ရှိရင် ကျမတို့ရဲ့လူထုဟာ နိုင်ငံရေးအရ အင်မတန်မှရင့်ကျက်တယ်လို့ ကျမတို့သတ်မှတ်ရမှာပါ။ ဘာဖြစ်လို့ ကျမတို့ ဒီလို ပြောလဲဆိုတော့ ကျမတို့ရဲ့နိုင်ငံ ဒီမိုကရေစီလိုချင်တဲ့ပြည်သူလူထုဟာ ဒီမိုကရေစီ ကို ရယူပေးနိုင်တဲ့ အဖွဲ့တခုကိုထောက်ခံမယ်။ ပံ့ပိုးမယ်။ ဒီလိုလုပ်မှ ကျမတို့ရဲ့ဒီမိုကရေစီဟာ တိုးတက်နိုင်မယ်ဆိုတာ ကိုမြင်တယ်။ ဟိုအဖွဲ့ကိုပေး၊ ဒီအဖွဲ့ပေး၊ ကျမတို့ရဲ့နိုင်ငံရေးပါတီတွေ အများကြီးရှိပါတယ်။ အဲဒီတော့ နိုင်ငံရေးပါတီတွေ အများကြီးရှိတဲ့အထဲမှာ အဲဒီနိုင်ငံရေးပါတီ တွေမှာလည်း မိမိတို့ရဲ့တန်ဘိုးနဲ့ မိမိတို့ရှိပြီးသားပါ။ သို့သော်လည်း ပြည်သူလူထုဟာ ဒီလိုမဲ တွေဟာ ပြန့်သွားလို့ရှိရင် ဒီမိုကရေစီအတွက် နစ်နာနိုင်တယ်ဆိုတာနားလည်လို့ မဲတွေကို မပြန့်စေဘဲနဲ့ ကျမတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွက် မဲပေးခဲ့တယ်ဆိုတာ၊ ဒါ ပြည်သူ လူထုအနေနဲ့ ထိုက်ထိုက်တန်တန်လုပ်ခဲ့တယ်လို့ ကျမဒီလို ပြောရမှာဘဲ။ ဒါနိုင်ငံရေး ရင့်ကျက်မှု ကိုပြတယ်လို့ ကျမကတော့ ယုံကြည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့ ဒီ (၈၂) ရာခိုင်နှုန်း ရတာကိုတောင်မှ အာဏာမလွှဲပေးတာ၊ ကျမတို့များသာ (၅၀) ရာခိုင်နှုန်း တည်းတည်းလေး ရတယ်ဆိုလို့ရှိရင် ဘယ်လောက်ပိုပြီးတော့ အခက်အခဲဖြစ်ရမလဲဆိုတာ စဉ်းစားကြည့်၊ ကျမ တို့ရဲ့အဖွဲ့ဟာ ဒီလိုတခါတည်း (၈၀) ရာခိုင်နှုန်းကျော်နဲ့နိုင်ခဲ့လို့လည်း တကမ္ဘာလုံးက အသိ အမှတ်ပြု ရတယ်။ ဘယ်လိုမှ ကမ္ဘာကို မျက်လှည့်ပြပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်သူလူထုက ရွေးကောက်ပွဲတုန်းက အားပေးတာမဟုတ်ပါဘူး။ တည်းတည်းကလေးနိုင်တာ ပါလို့မပြောနိုင်ဘူး။ ဒါကိုတောင်မှ မဲက (၆၀) ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဘာတယ်၊ ညာတယ် ဆိုပြီးတော့၊ အမျိုးမျိုးပြောဖို့ကြိုးစားတာတွေ အခုရှိနေတာ သိကြတာပဲ။ ဒီလောက်တောင်မှ ပြတ်ပြတ်သားသားနိုင်ထားလို့ ဒီလောက် သူတို့ပြောနိုင်တာ။ အဲလိုသာ ကျမတို့သာ ပြတ်ပြတ် သတ်သတ်မနိုင်ခဲ့လို့ရှိရင် အမျိုးမျိုးတခါတည်း မျက်လှည့်ကွက်တွေနဲ့လုပ်အုံးမယ်။ ကမ္ဘာကို လည်း လှည့်စားဖို့၊ ကျမတို့ ပြည်သူလူထုကိုလည်း လှည့်စားဖို့လုပ်မှာဖြစ်တယ်။ အဲတော့ လူထုအနေနဲ့ ၁၉၉၀ ခုနှစ်တုန်းက ဒီမိုကရေစီကို ရယူပေးနိုင်တယ်လို့ ပြည်သူလူထုကယုံကြည် တဲ့အဖွဲ့အစည်းကို နိုင်ငံရေးရင့်ကျက်တဲ့အမြင်နဲ့ မဲပေးခဲ့တာဟာတော့ တာဝန်ကျေပါတယ်။ ထိုက်ထိုက်တန်တန်နဲ့လုပ်ခဲ့တာပဲလို့ ကျမပြောချင်ပါတယ်။ ”

ဒေါ်အောင်ဆန်းစုကြည်

၁၉၉၉ ခုနှစ်၊ ဇူလိုင်လ (၂)ရက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)

# မာတိကာ


❍ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာ စိန်ဝင်း၏ အမှာစာ။ (၁)

❍ ပြုစုသူ၏ အမှာစာ။ (၃)

❍ မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲများ။ (၇)

❍ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ။ (၂၆)

❍ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီးစောမောင်မှ နိုင်ငံ တော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ တင်ပြမေတ္တာရပ်ခံချက်အား တိုင်း ပြည်သို့ကြေညာချက်။ (၆၈)

❍ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော် မရှင်တွင် မှတ်ပုံတင်ခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများ။ (၇၀)

❍ ရွေးကောက်ပွဲခုံရုံးများတွင် ကန့်ကွက်လွှာတင်သွင်းခြင်းနှင့် စစ်ဆေးခြင်း။ (၉၄)

❍ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေး အကျဉ်း။ (၉၆)

❍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၈၈) ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်။ (၄၃၀)

❍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၈၈ ) ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်။ (၄၃၁)

❍ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၈၈) ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်။ (၄၃၃)

❍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၄/၈၈) ၁၉၈၉ ခုနှစ်၊ မေလ (၃၁) ရက်။ (၄၃၆)

❍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့် (အမိန့်အမှတ် ၃/၈၉)၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂၇) ရက်။ (၄၅၅)

❍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့် (အမိန့်အမှတ် ၃/၉၀)၊ ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ လ (၂၃) ရက်။ (၄၅၈)

❍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း။ (၄၆၄)

❍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဂန္ဓီခန်းမ ကြေညာစာတမ်း၊ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၈/၂၉) ရက်။ (၄၇၅)

❍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်၊ ကြေညာချက်အမှတ်(၁/၉၀)၊ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၇) ရက်။ (၄၇၈)

❍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကြေညာချက်အမှတ် (၃၀/၉၀)၊ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၂) ရက်။ (၄၈၃)

❍ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်စွဲပါ စာအမှတ် – ၁၄/နဝတ (ဥ) /ပတ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့နှင့် ရွေးချယ်ခံရသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်ခေါင်းဆောင်များတွေ့ဆုံရေး။ (၄၈၅)

❍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၁) ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်။ (၄၈၇)

❍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့် (အမိန့်အမှတ် ၄/၉၁) ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်။ (ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပါ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှုနှင့် အကျင့်စာရိတ္တပျက်ပြားမှုနှင့်ပတ်သက်သော ပြစ်မှုများကို သတ်မှတ်သည့်အမိန့်။) (၄၈၈)

❍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စာအမှတ်။ ၁၁၁/စည်း (ငြိမ်) /၉၆ နေ့စွဲ – ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၅) ရက်။ (၄၉၀)

❍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ။ (၄၉၅)

❍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (၂၇၊ ၅၊ ၉၇) ရက်နေ့တွင်ကျရောက်သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ ကြေညာစာတမ်း။ ကြေညာချက်အမှတ် (၄/၉၇)။ (၅၀၇)

❍ ၂၀၀၂ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် ကျင်းပပြုလုပ်သော အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (၁၂) မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်း။ (၅၁၂)

❍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (၁၂) နှစ်မြောက်ကြေညာစာတမ်း။ ကြေညာချက်အမှတ်–၆ (၅/၀၂)။ (၅၁၈)

❍ (၁၃) နှစ်မြောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနေ့တွင် ပေးပို့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၏ သဝဏ်လွှာ မိန့်ခွန်း။ (၅၂၂)

❍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၂၀၀၃ ခုနှစ်၊ မေလ(၂၇) ရက်နေ့တွင် ကျရောက်သော (၁၃) နှစ်မြောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း။ ကြေညာချက်အမှတ် – ၅ (၅/၀၃) (၅၂၃)

❍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
ကြေညာချက်။ ၂၀၀၄ ခုနှစ်၊ မေလ (၂၇) ရက်။ (၅၃၁)

❍ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကို ကိုယ်စားပြုသည့်ကော်မတီ (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ)၏ (၆) နှစ်မြောက်နေ့တွင် ထုတ်ပြန်သောကြေညာချက် (၁၆၊ ၉၊ ၀၃ ) ရက်နေ့မှ ( ၁၆၊ ၉၊ ၀၄ ) ရက်နေ့အထိ။၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်။ (၅၃၆)

❍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ (၁၅) နှစ်မြောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း။ (၅၄၁)

❍ နောက်ဆက်တွဲ။

– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၁၈၇) (၅၄၆)

– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၂၀၈) (၅၄၇)

– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၂၄၂) (၅၄၈)

– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၂၄၃) (၅၅၁)

– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၂၄၄) (၅၅၁)

– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၂၄၅) (၅၅၂)

– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၂၄၆) (၅၅၃)

– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၂၄၇) (၅၅၄)

– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၂၄၈) (၅၅၅)

– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၂၄၉) (၅၅၅)

– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏
ကြေညာချက် အမှတ် (၃၁၄) (၅၅၆)
– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏
ကြေညာချက်အမှတ် (၃၁၅) (၅၅၇)
– ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏
ကြေညာချက်အမှတ် (၃၁၆) (၅၅၇)
– နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
(အမိန့်အမှတ် ၁/၉၂) (၅၅၈)
– နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
(အမိန့်အမှတ် ၂/၉၂) (၅၅၉)
– နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
(အမိန့်အမှတ် ၄/၉၂) (၅၆၁)
– နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
(အမိန့်အမှတ် ၅/၉၂) (၅၆၂)
– နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
(အမိန့်အမှတ် ၇/၉၂) (၅၆၃)
– နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
(အမိန့်အမှတ် ၈/၉၂) (၅၆၄)
– အထိန်းသိမ်းခံ၊ ကွယ်လွန်နှင့် ပြည်ပရောက် ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်များ။ (၅၆၆)

၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်၊ စနေနေ့

## ''တိကျမှန်ကန်သော ရွေးကောက်ပွဲမဲစာရင်းများ''

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့ကကျင်းပခဲ့သော ရွေးကောက်ပွဲဆိုင်ရာစာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို ၁၉၉၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့စွဲပါ ကြေညာချက်အမှတ် (၈၉၅) ဖြင့်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ပါတီအဖွဲ့အစည်းအလိုက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများယှဉ်ပြိုင်မှု၊ ရွေးကောက်ခံရမှု၊ ဆန္ဒမဲရရှိမှု အခြေအနေများနှင့် ရာခိုင်နှုန်းများကို ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၁) ရက် နေ့စွဲပါ ကြေညာချက်အမှတ် (၈၉၆) ဖြင့်လည်းကောင်း အသီးသီးထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပေသည်။

ရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကိုကြေညာရာ၌ ရွေးကောက်ပွဲကျင်းပမှု အခြေအနေ၊ ဆန္ဒမဲပေးမှုအခြေအနေ၊ ခိုင်လုံသော ဆန္ဒမဲရရှိမှုအခြေအနေ၊ ပယ်မဲ၊ ပျောက်မဲ၊ ထပ်မဲအခြေအနေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ယှဉ်ပြိုင်မှုအခြေအနေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှုအခြေအနေ၊ တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှုအခြေအနေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ခိုင်လုံသောဆန္ဒမဲ ရှစ်ပုံတပုံနှင့်အထက် ရရှိမှုအခြေအနေများ အပါအဝင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အသီးသီး၏ ဆန္ဒမဲရရှိမှုအခြေအနေနှင့် ရာခိုင်နှုန်းများကို အသေးစိတ် စနစ်တကျထုတ်ပြန်ထားသည်ကို တွေ့ရှိရပေသည်။

ကြေညာချက်တွင်ဖော်ပြပါရှိသည့် ရွေးကောက်ပွဲကျင်းပမှုအခြေအနေကို လေ့လာမည်ဆိုပါက ရွေးကောက်ပွဲကျင်းပရန်သတ်မှတ်ထားသည့် မဲဆန္ဒနယ်ပေါင်း (၄၉၂) နယ်အနက် (၄၈၅) နယ်တွင် ကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း (၉၈ . ၅၈) ရှိပေသည်။ ထို့အပြင် ဆန္ဒမဲပေးခွင့်ရှိသူ သန်း (၂၀) ကျော်အနက် (၁၅) သန်းကျော်က လာရောက်ဆန္ဒမဲပေးကြရာ ရာခိုင်နှုန်း (၂ . ၅၉) ရှိပေသည်။

ယင်းထုတ်ပြန်ချက်တွင် ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီအဖွဲ့အစည်းများအမည်၊ ကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အားလုံးရရှိသည့် ခိုင်လုံသောဆန္ဒမဲပေါင်း၊ မဲဆန္ဒနယ် (၄၈၅) နယ်မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေအနက် သက်ဆိုင်ရာပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်း အားလုံးရရှိသည့် ခိုင်လုံသော ဆန္ဒမဲရာခိုင်နှုန်း၊ လာရောက်ဆန္ဒမဲပေးသူများအနက် သက်ဆိုင်ရာပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးရရှိသည့် ခိုင်လုံသော ဆန္ဒမဲရာခိုင်နှုန်းတို့ကို အသေးစိတ်ဖော်ပြထားပေသည်။



ထို့ပြင် ခိုင်လုံသောဆန္ဒမဲစုစုပေါင်းအနက် သက်ဆိုင်ရာပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်း အားလုံးရရှိသည့် ခိုင်လုံသောဆန္ဒမဲ ရာခိုင်နှုန်း၊ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်ပေါင်း၊ ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ရွေးကောက်တင်မြှောက်ခံရသည့် ရာခိုင်နှုန်းတို့ကိုလည်း ကြေညာချက်အမှတ် (၈၉၆) တွင် လေ့လာတွေ့ရှိရပေသည်။

အချုပ်အားဖြင့်ဆိုသော် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ထုတ်ပြန်သည့် ကြေညာချက်ပါ စာရင်းဇယားများသည် တိကျမှန်ကန်၍ စနစ်ကျသည့်အပြင် ပြည်သူလူထု၏ ဆန္ဒအစစ်အမှန်ကိုဖော်ပြနိုင်သော အဆင့်ရှိသည့် စာရင်းဇယားများပင်ဖြစ်၍ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် မဲအရေအတွက်နှင့် ရာခိုင်နှုန်းများကို နိုင်ငံရေးပါတီအဖွဲ့အစည်းအားလုံးကသာမက စိတ်ဝင်စားသူအားလုံးက လေ့လာသင့်ကြပြီး စာရင်းဇယားများကို တိတိကျကျ မှန်မှန်ကန်ကန်ဖြင့် စနစ်တကျထုတ်ပြန်ပေးကာ တာဝန်ကျေပွန်ခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကိုလည်း ချီးကျူးဂုဏ်ပြုသင့်ပါကြောင်း ကျွန်ုပ်တို့ အလေးအနက်ရေးသားလိုက်ရပေသည်။

--------------- မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ်(    )

၁။ မဲပေးလိုသောကိုယ်စားလှယ်လောင်း၏အမည်တည့်တည့် လေးထောင့်အကွက်ထဲတွင်ကြက်ခြေအမှတ်အသား 'X' ပါ တံဆိပ်တုံးကိုနှိပ်ပါ ။

၂။ ကိုယ်စားလှယ်လောင်းတစ်ဦး**ထက်ပို**၍ မဲမပေးရပါ ။

| | | |
|---|---|---|
| ဦးနီ<br>'ခ' ပါတီ |  | |
| ဦးပြာ<br>'ဃ' ပါတီ |  | |
| ဦးမြ<br>'က' ပါတီ |  | |
| ဦးမဲ<br>တစ်သီးပုဂ္ဂလ |  | |
| ဦးဝါ<br>'ဂ' ပါတီ |  | |

မဲရုံမှူးလက်မှတ် ---------------

အမည် ---------------------

(၁၉၉၀ ခု၊ မေလ ၂၇ ရက်နေ့) ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ ဆန္ဒမဲထည့်ရန် သတ်မှတ်ထားသော ဆန္ဒမဲ လက်မှတ်ပုံစံ။

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း၏ အမှာစာ

၁၉၈၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံတဝှမ်းလုံးရှိပြည်သူလူထုတရပ်လုံးက မိမိတို့ လက်လွှတ်ဆုံးရှုံးခဲ့ရသည့် ဒီမိုကရေစီအခွင့်အရေးများ ပြန်လည်ရရှိရန် သမိုင်းတွင် မကြုံစဖူး အုံကြွလျက် တခဲနက်တောင်းဆိုခဲ့ကြပြီး ၎င်းတို့၏ ဆန္ဒအစစ်အမှန်ကိုရဲဝံ့စွာ ထုတ်ဖော်ပြသခဲ့ကြသဖြင့် နိုင်ငံတော်အာဏာကိုသိမ်းယူထားသော နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ပြည်သူတို့၏ဆန္ဒကို မျက်ကွယ်ပြုခြင်းငှာ မစွမ်းသာဘဲ နိုင်ငံရေးပါတီများဖွဲ့စည်းတည်ထောင် လှုပ်ရှားခွင့်ပြုရန်နှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုကျင်းပပေးရန် ပြည်သူများအား အတိအလင်း ကတိပြုလိုက် လျှောခဲ့ရပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် မြန်မာနိုင်ငံပြည်သူများ၏ဆန္ဒများ၊ ရည်မှန်းချက်များနှင့်အညီ အောင် မြင်စွာကျင်းပပေးခဲ့သည်။ နှစ်ပေါင်း (၃၀) အတွင်း ပြည်သူလူထုကြီး၏ အသက်သွေးချွေး ပေါင်းများစွာ စွန့်လွှတ်ရင်းနှီးခဲ့မှုကြောင့်ရရှိလာခဲ့သည့် အကျိုးရလဒ်အဖြစ်ပေါ် ထွက် လာခဲ့သည့် ပါတီစုံရွေးကောက်ပွဲဖြစ်သည်။

ရွေးကောက်ပွဲတွင်မဲဆန္ဒပေးသူများပြားပြီး မဲဆန္ဒပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ (၇၂ ဒသမ ၅၉) ရာခိုင်နှုန်းသော မဲဆန္ဒရှင်များက ၎င်းတို့ လိုလားနှစ်သက်သည့် ကိုယ် စားလှယ်လောင်းများအား ပြည်သူ့လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

အဆိုပါရွေးကောက်ပွဲကြီးတွင် ပြည်သူတို့က မိမိတို့လိုလားနှစ်သက်သော ဒီမိုကရေစီအစိုးရတရပ် ပေါ်ပေါက်လာမည်ဟူသော ယုံကြည်ချက်ဖြင့် မိမိတို့၏ လွတ် လပ်သောစိတ်ဆန္ဒအရ တခဲနက်ဆန္ဒမဲပေးခဲ့ကြပါသည်။ ရွေးကောက်ပွဲသည် အမှန် တကယ် လွတ်လပ်မှုရှိကြောင်း၊ တရားမျှတမှုရှိကြောင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေး ပါတီများအားလုံးသာမက ရွေးကောက်ပွဲအားမျက်မြင်ကိုယ်တွေ့ လာရောက်လေ့လာ ခဲ့ကြသည့် သတင်းထောက်များအနေနှင့်ပါ လက်ခံခဲ့ကြပါသည်။

အဆိုပါ ရွေးကောက်ပွဲကြီးသည် မြန်မာနိုင်ငံသမိုင်းတွင် မည်သည့်အခါမှ မမေ့အပ်သည့် နိုင်ငံရေးမှတ်တိုင်တတိုင်ဖြစ်သည်။ နှစ် (၃၀) နီးပါး တပါတီအာဏာရှင် စနစ်အောက်တွင် ခံစားခဲ့ရသည့်ဒုက္ခအပေါင်းမှ လွတ်မြောက်စေချင်လွန်းသည့် ပြည်သူ

များက အဆိုပါရွေးကောက်ပွဲတွင် မျှော်လင့်ချက်ကြီးမားစွာဖြင့် ဒီမိုကရေစီအုပ်ချုပ်ရေးအတွက် တခဲနက်ဆန္ဒမဲပေးခဲ့ကြခြင်းဖြစ်သည်။ ပြည်သူများ၏ အသည်းနှလုံးမှ ခံစားမှု အပေါ် တည်ဆောက်ထားသည့် မျှော်လင့်ချက်များအား မတရားသဖြင့် မပယ်ဖျက်သင့်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အား လျစ်လျူရှုခြင်းသည် ပြည်သူလူထုအား တန်ဖိုးမထားရာ၊ စော်ကားရာရောက်သည်။ အဆိုပါရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းတွင် ထာဝစဉ်တည်နေမည့် မှတ်ကျောက်တခုဖြစ်သည်။

ယခုစာအုပ်တွင် ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးနှင့်ပတ်သက်၍ အချက်အလက်များ၊ အထောက်အထားများ၊ မှတ်တမ်းမှတ်ရာများအား အတော်အတန် ပြည့်စုံစွာမှတ်တမ်းတင်ထားခြင်းဖြစ်၍ မြန်မာ့နိုင်ငံရေးသမိုင်းအတွက် လိုအပ်ချက်တရပ်ကို ဖြည့်ဆည်းထားခြင်း ဖြစ်ကြောင်း ဖော်ပြလိုပါသည်။

ဒေါက်တာစိန်ဝင်း
ဝန်ကြီးချုပ်
ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ

# အမှာစာ

“၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှတ်တမ်း“စာအုပ်အား မိမိတတ်စွမ်းသမျှ အချက်အလက်များ ရှာဖွေစုစည်း၍ ပြုစုထားပါသည်။ ယခင် “ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၊ သမိုင်းဝင် မှတ်တမ်းမှတ်ရာများ (၁၉၉၈ – ၂၀၀၃)”စာအုပ်ပြုစုခဲ့ပြီးနောက် ယခုစာအုပ်မှာ ဒုတိယမြောက်ဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲကျင်းပပြီး (၁၃) နှစ်အကြာ ၂၀၀၃ ခုနှစ်၊ မေလ (၂၇) ရက်နေ့က မန္တလေးမြို့တွင် ဒေါ်အောင်ဆန်းစုကြည်မှ “နဝတဟာ တကယ်က ဒီရွေးကောက်ပွဲရလဒ်တွေကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ကျမတို့ပြည်သူလူထုဟာလည်း ဒီ ရွေးကောက်ပွဲရလဒ်တွေကို ဘယ်တော့မှမမေ့ဖို့လိုပါတယ်။ ကျမတို့ ... သမိုင်းမှာဆိုလို့ရှိရင်၊ နိုင်ငံရေးအရ မမေ့ရမယ့်ကိစ္စတွေထဲမှာ ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲရလဒ်ဟာလည်း အပါအဝင်ဖြစ်ပါတယ်”ဟု ပြောကြားခဲ့ ပါသည်။ သို့အတွက် အဆိုပါ သမိုင်းဝင်ရွေးကောက်ပွဲကြီးနှင့်ပတ်သက်သည့် အချက်အလက်များ မပျောက် ပျက်စေရန် မှတ်တမ်းတင်ထားခြင်းဖြစ်ပါ သည်။ နှစ်ကာလကြာလာသည်နှင့်အမျှ အချို့အချက်အလက်များ ဝေဝါးလာသည်ကို တွေ့နေရပါသည်။ ဥပမာ ... “မွန်အမျိုးသားဒီမိုကရေစီအဖွဲ့” (Mon National Democratic Front) အား သတင်းမီဒီယာများ၊ စာအုပ်စာတမ်းများနှင့် အချို့ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကိုယ်တိုင် မွန်အမျိုးသားတပ်ဦးဟုလည်းကောင်း၊ မွန်ဒီမိုကရက်တစ်တပ်ဦးဟုလည်းကောင်း လွဲမှားစွာ ပြောဆို၊ ရေးသား၊ ထုတ်လွှင့်နေကြသည်ကို မကြာခဏ ကြားသိတွေ့မြင်နေရပါသည်။

မြန်မာ့နိုင်ငံရေးသမိုင်းတွင် နှစ်ပေါင်း (၃၀) အတွင်း ပထမဆုံးကျင်းပသည့် ပါတီစုံရွေးကောက်ပွဲ ဖြစ်သည့်အပြင် ပြည်တွင်းမှရော ပြည်ပမှပါ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်သည်ဟု အဆိုပါ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကို သတ်မှတ်ခဲ့ကြပါသည်။

၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂ၏ (၄၅) ကြိမ်မြောက် အထွေထွေညီလာခံ၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးအုံးကျော်မှ မိန့်ခွန်းပြောကြားခဲ့ရာ၌ ...

“၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့မှာ နှစ်ပေါင်း (၃၀) အတွင်း ပထမဆုံးအကြိမ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကို မြန်မာနိုင်ငံပြည်သူတို့ရဲ့ဆန္ဒများ၊ ရည်မှန်းချက်များနှင့်အညီ အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်ပါ တယ်။

အဲဒီသမိုင်းဝင်ဖြစ်ရပ်ဟာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အနေနဲ့ နိုင်ငံတော် အာဏာကို စတင်တာဝန်ယူခဲ့တဲ့နေ့ကစပြီး ကြေညာခဲ့ရုံမက နောက်ထပ်လည်း အကြိမ်ကြိမ် ထပ်လောင်း အတည်ပြုပြောကြားထားတဲ့ ကတိကဝတ်ကို ဖြည့်ဆည်းလိုက်ခြင်းပဲဖြစ်ပါတယ်။ လွတ်လပ်စွာ ဖွဲ့စည်းထားတဲ့ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ငါးဦးရဲ့ ကြီးကြပ်မှုအောက်မှာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေနဲ့ တိတိ ကျကျလိုက်နာကျင့်သုံးပြီး ပါတီစုံရွေးကောက်ပွဲ ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီရွေးကောက်ပွဲဟာ အမှန်တကယ်ပဲ လွတ်လပ်မှုရှိတယ်။ တရားမျှတမှုရှိတယ်ဆိုတာကို ပါဝင်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီများအားလုံးသာမက ရွေး ကောက်ပွဲကို မျက်မြင်ကိုယ်တွေ့ လာရောက်လေ့လာခဲ့ကြတဲ့ သတင်းဌာန (၃၂) ခုကို ကိုယ်စားပြုတဲ့ သတင်း ထောက်များအနေနဲ့ပါ လက်ခံခဲ့ကြပါတယ်။

ရွေးကောက်ပွဲမှာ မဲဆန္ဒပေးသူများပြားပြီး၊ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ စုစုပေါင်းရဲ့ (၇၂ ဒသမ ၅၉) ရာခိုင်နှုန်း သော မဲဆန္ဒရှင်တွေဟာ ၎င်းတို့နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို အနှောင့်အယှက်အဟန့်အတားကင်းစွာ ပြည်သူ့လွှတ်တော်သို့ ရွေးချယ်တင်မြှောက်ခြင်းအားဖြင့် အခြေခံအကျဆုံးသော လူ့အခွင့်အရေးရပိုင်ခွင့်ကို

ကျင့်သုံးနိုင်ခဲ့ကြပါတယ်။ ''ဟူ၍ မြန်မာနိုင်ငံအစိုးရကိုယ်စား ပြောကြားခဲ့ပါသည်။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ ရွေးကောက်ပွဲကျင်းပပြီးခဲ့သည်မှာ (၁၅) နှစ်ကျော်တိုင်ခဲ့ပြီဖြစ်သော်လည်း ယနေ့ထက်တိုင် ရွေးကောက်ပွဲကို ကြီးမှူးကျင်းပပေးခဲ့သည့် စစ်အုပ်စုက ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြု အကောင်အထည်ဖော်မပေးသည့်ပြင် အမျိုးသားညီလာခံခေါ်ယူပြီး ဒီမိုကရေစီနှင့်ဆန့်ကျင်သည့် အနာဂတ်နိုင်ငံတော်တွင် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး ဦးတည်ချက်ဖြင့် ပါတီစုံဒီမိုကရေစီကို ချေဖျက်ပစ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ အာဏာလွှဲပြောင်းမပေးသေးသည့်အပြင် လူထုကိုယ်စားလှယ်များအား အကြောင်းအမျိုးမျိုးပြ၍ နည်းမျိုးစုံဖြင့် ဖိနှိပ်၊ ချုပ်ချယ်၊ ကန့်သတ်၊ ပိတ်ပင်၊ ဖမ်းဆီး၊ ထောင်ချနေသည့်ပြင် မကျူးလွန်သည့် ပြစ်မှုများဆင်၍ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းအောင်၊ နိုင်ငံရေးသိက္ခာချရန် အစဉ်တစိုက်လုပ်ဆောင်ခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ (၉၃) ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း (၂,၂၀၉) ဦး၊ တသီးပုဂ္ဂလကိုယ်စားလှယ်လောင်း(၈၇)ဦး၊ စုစုပေါင်း (၂,၂၉၆) ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ မဲဆန္ဒနယ်မြေပေါင်း (၄၉၂)နယ် သတ်မှတ်ခဲ့သော်လည်း အခြေအနေအရ မဲဆန္ဒနယ် (၄၈၅) နယ်တွင်သာ ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပနိုင်ခဲ့ပါသည်။ ထိုစဉ်က နိုင်ငံရှိ လူဦးရေ (၄၂) သန်းကျော်တွင် အသက် (၁၈) နှစ်ပြည့်ပြီးဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေမှာ သန်းနှစ်ဆယ်ကျော် (၂၀,၁၈၁,၃၁၃) ဖြစ်ပြီး၊ လာရောက်မဲဆန္ဒပေးသူဦးရေမှာ ဆယ့်ငါးသန်းကျော် (၁၅,၁၂၂,၅၂၄) ဖြစ်ပါသည်။ ၎င်းတို့အနက် နိုင်ငံရေးပါတီအသီးသီးအားကိုယ်စားပြု၍ လွှတ်တော်ကိုယ်စားလှယ်လောင်း (၄၇၉) ဦးနှင့် တသီးပုဂ္ဂလ (၆) ဦးတို့ ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ကြရပါသည်။ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသူများတွင် တပ်မတော်မှ အကြောင်းအမျိုးမျိုးဖြင့် အငြိမ်းစားပေးခြင်းခံရသူ (၄၂) ဦး၊ အခြားအငြိမ်းစား ဝန်ထမ်းဟောင်း (၁၄၅) ဦး၊ တရားရုံးချုပ်နှင့် အထက်တန်းရှေ့နေ (၅၄) ဦး၊ ဆရာဝန် (၅၀) ဦးနှင့် အခြားအရပ်သား (၁၅၄) ဦးတို့ပါဝင်ပါသည်။

၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ထောက်ထိန်သည် မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တွင် ဒီမိုကရေစီပါတီအားကိုယ်စားပြု၍လည်းကောင်း၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးရွှေအုံးသည် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီတပ်ပေါင်းစု (ယူအဲန်အယ်လ်ဒီ) အား ကိုယ်စားပြု၍လည်းကောင်း၊ ဝိဇ္ဇာရှင်သာ ခင်ချစ်မောင်သည် ပဲခူးတိုင်း၊ သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားပြန်လည်တည်ဆောက်ရေး ဒီမိုကရေစီတပ်ပေါင်းစု (မ–ပ–ဒ–တ) အား ကိုယ်စားပြု၍လည်းကောင်း၊ အရေးအခင်းကာလအတွင်း ဗိုလ်ချုပ်ကြီးနေဝင်း (ဦးနေဝင်း) ထံ 'အိပ်ဖွင့်ပေးစာဒလေးစောင်ရေးသားသဖြင့် ထင်ရှားခဲ့သည့် ဦးအောင်ကြီးသည် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တွင် ပြည်ထောင်စုအမျိုးသားများ ဒီမိုကရေစီပါတီအား ကိုယ်စားပြု၍လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ အကို ဦးအောင်သန်းသည် ပဲခူးတိုင်း၊ အုတ်ဖိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တွင် ဒီမိုကရေစီမဟာမိတ်များ အဖွဲ့ချုပ် (ဒ–မ–ဖ) အား ကိုယ်စားပြု၍လည်းကောင်း စသည်ဖြင့် ထင်ရှားသည့်နိုင်ငံရေးသမား အများအပြားဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။

ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရာနှုန်းပြည့်အနိုင်ရရှိခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းမှာ အမျိုးသားဒီမိုကရေစီပါတီဖြစ်ပါသည်။ ပဲခူးတိုင်းအတွင်း (၁) ဒေါက်တာစိန်ဝင်း၊ ပေါက်ခေါင်းမြို့နယ် မဲဆန္ဒနယ် (၂) ဦးသိန်းဦး၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ် (၃) ဦးစိုးဝင်း၊ ပဲခူးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) တို့မှ ဝင်ရောက်

ယှဉ်ပြိုင်ခဲ့ရာ အဆိုပါသုံးနေရာစလုံးတွင် အနိုင်ရရှိခဲ့ကြပါသည်။

ပါတီအဖွဲ့အစည်းတခုတည်းက လုံးလုံးလျားလျားအနိုင်ရရှိခဲ့သည့် တိုင်းနှစ်တိုင်းမှာ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့ ဖြစ်ပါသည်။ မကွေးတိုင်းတွင် မဲဆန္ဒနယ်စုစုပေါင်း (၃၉) နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများချည်း အနိုင်ရရှိခဲ့သကဲ့သို့ တနင်္သာရီတိုင်းတွင် မဲဆန္ဒနယ် စုစုပေါင်း (၁၃) နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများချည်း အနိုင်ရရှိခဲ့ပါသည်။

မဲဆန္ဒနယ်တနယ်တည်းတွင် ဝင်ရောက်ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း အများဆုံးမှာ ရန်ကုန်တိုင်း၊ ပန်းပဲတန်းမြို့နယ် မဲဆန္ဒနယ်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်သူ (၁၄) ဦးရှိခဲ့ပါသည်။

တနိုင်ငံလုံး အတိုင်းအတာဖြင့် ခိုင်လုံမဲအများဆုံးရရှိခဲ့သူ လွှတ်တော်ကိုယ်စားလှယ်လောင်းများမှာ ပဲခူးတိုင်း၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် ဦးမြတ်လှဖြစ်ပြီး ခိုင်လုံမဲစုစုပေါင်း (၅၃,၅၂၇) ဖြစ်ပါသည်။ ဒုတိယခိုင်လုံမဲအများဆုံးရရှိသူမှာ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်မဲ ဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဦးကြည်စိုးဖြစ်၍ ခိုင်လုံမဲစုစုပေါင်း (၄၉,၅၆၆) ဖြစ်ပါသည်။

တနိုင်ငံလုံးအတိုင်းအတာဖြင့် ခိုင်လုံမဲရာခိုင်နှုန်းအများဆုံးရရှိခဲ့သူ လွှတ်တော်ကိုယ်စားလှယ်လောင်း များမှာ ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဦးစိုင်းလှဖေဖြစ်၍ (၉၀ ⋅ ၄၅) ရာခိုင်နှုန်းဖြစ်ပါသည်။ ဒုတိယခိုင်လုံမဲရာခိုင်နှုန်း အများဆုံးမှာ တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စား ပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဦးတင်မြင့်ဖြစ်ပြီး (၉၀ ⋅ ၁) ရာခိုင်နှုန်း ဖြစ်ပါသည်။

တနိုင်ငံလုံး အတိုင်းအတာဖြင့် ခိုင်လုံမဲအနည်းဆုံးဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်လောင်းမှာ ဆော့လောမြို့နယ် မဲဆန္ဒနယ်မှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဦးမှတ်မြော်ဆန်းခေါင်ဖြစ်၍ ခိုင်လုံမဲ (၁၅၈) မဲသာ ရရှိခဲ့ပြီး၊ အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဦးဟန်ဝေါဒေါဇောင်းအား (၁၅) မဲ အသာ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပါသည်။ တနိုင်ငံလုံးအတိုင်းအတာဖြင့် ခိုင်လုံမဲအနည်းဆုံးဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းမှာ ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ်မှ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒေါ်စန်းစန်းဖြစ်ပြီး ခိုင်လုံမဲ (၆၁၅) မဲသာရရှိခဲ့ပြီး၊ တိုင်းရင်း သားစည်းလုံးညီညွတ်ရေးပါတီအားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အငြိမ်းစားဗိုလ်မှူးညွန့်လွင်အား (၂၅၄) မဲအသာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပါသည်။

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တွင် ညီအကိုအရင်းနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ပါသည်။ တဦးမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အငြိမ်းစား ဗိုလ်မှူးကြီးဇော်ဝင်း (နိုင်ငံတော်ကောင်စီဝင်ဟောင်း) ဖြစ်၍ တဦးမှာ ၎င်း၏ညီအရင်းဖြစ်သူ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်သူ ဦးတင်မောင်ဝင်းဖြစ်ပါသည်။ ဦးတင်မောင်ဝင်း အနိုင်ရရှိခဲ့ပါ သည်။

သားအဖရင်းနှစ်ဦး ပါတီနှစ်ခုမှ ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်လည်း ရှိပါသည်။ ၎င်းတို့မှာ ရှမ်း ပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စား ပြု၍ ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရခဲ့သူ ဦးလှဒင်နှင့် ၎င်း၏သားဖြစ်သူ ရှမ်းပြည်နယ် (မြောက်ပိုင်း)

သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရခဲ့သူ စိုင်းအောင်သန်းတို့ ဖြစ်ပါသည်။

ရွေးကောက်ပွဲကျင်းပပြီးနောက် ပထမဆုံးကွယ်လွန်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) မှ ဦးမြမောင်ဖြစ်ပြီး၊ ရွေးကောက်ပွဲကျင်းပပြီး ရက် (၂၀) အကြာ ၁၉၉၀ ပြည့်နှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

အမျိုးသားစာပေဆုရ စာရေးဆရာ (၃) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။ ယင်းတို့မှာ ၁၉၆၃ ခုနှစ်တွင် "အရဏ်ဦး"ကဗျာစာမူဖြင့် အမျိုးသားစာပေဆုရရှိခဲ့သူ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ် မဲဆန္ဒနယ်မှ ဦးပုထွေး (ဗန်းမော်ညိုန္တဲ့)၊ ၁၉၇၂ ခုနှစ်တွင် "ကာကွယ်၍ ကုသနည်း" ဆေးပညာပေးစာအုပ်ဖြင့် အမျိုးသား စာပေဆုရရှိခဲ့သူ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဒေါက်တာ အောင်ခင်ဆင့်နှင့် ၁၉၇၉ ခုနှစ်တွင် "ကျွန်တော့်သားကြီး သေမင်းနှင့်စစ်ခင်းသူ"စာအုပ်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့သူ ရှမ်းပြည် နယ်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်မှ ဒေါက်တာအုန်းမောင်တို့ဖြစ်ပြီး သုံးဦးလုံးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြပါသည်။

ဤစာအုပ်တွင် ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးနှင့်ပတ်သက်သည့် အချက်အလက်များ စုံနိုင်သမျှစုံရန် (၃) နှစ်ကျော် အချိန်ယူပြင်ဆင်ပြုစုထားပါသည်။ လိုအပ်ချက်၊ ချို့ယွင်း ချက်များပါရှိပါက ပြုစုသူ မိမိ၏ချို့ယွင်းအားနည်းမှုကြောင့်သာ ဖြစ်ပါသည်။

အချက်အလက်များ ရှာဖွေစုဆောင်းရာတွင် ဝိုင်းဝန်းကူညီခဲ့ကြသည့် မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ ("မိုးကြိုး"သတင်းစဉ်)၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) နှင့် သတင်းစာဟောင်းများကူညီသည့် ဦးသိန်းဦး (ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် – မန္တလေးအနောက်တောင် (၂)) နှင့် အခြားကူညီသူအားလုံးအား အထူးကျေးဇူး တင်ရှိပါကြောင်း ဤနေရာမှ မှတ်တမ်းတင်အပ်ပါသည်။

ခင်ကျော်ဟန်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရေနံချောင်း(၂)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (မြန်မာနိုင်ငံ)

# " မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲများ "

(၁၉) ရာစုနှောင်းပိုင်းနှစ်များသည် မြန်မာနိုင်ငံအဖို့ ကံဆိုးမိုးမှောင်ကျသောနှစ်များဖြစ်ခဲ့သည်။ ယင်းနှစ်များတွင် မြန်မာနိုင်ငံသည် နယ်ချဲ့ကျူးကျော်စစ်ပွဲများကို ခုခံတိုက်ခိုက်ခဲ့ရသည်။

၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ် – မြန်မာ ပထမစစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် ကုန်းဘောင်မင်းဆက် ဘကြီးတော်မင်းတရား ထီးနန်းစံလျှက်ရှိသည်။ ၁၈၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန္တပိုရွာ၌ပြုလုပ်သော စစ်ပြေငြိမ်းစာချုပ်အရ အင်္ဂလိပ် – မြန်မာ ပထမစစ်ပွဲပြီးဆုံးခဲ့သည်။ အင်္ဂလိပ်အစိုးရကတောင်းဆိုသော စစ်လျော်ကြေးငွေ (တကုဋေ) နှင့် ရခိုင်နှင့် တနင်္သာရီနယ်များကို ပေးအပ်ခဲ့ရသည်။

၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ် – မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံ၌ ပုဂံမင်းအုပ်စိုးနေချိန်ဖြစ်သည်။ အင်္ဂလိပ်တို့က အကြောင်းအမျိုးမျိုးပြပြီး၊ ရန်ကုန်မြို့ကိုကျော်၍ ပြည်မြို့အထက် မြေထဲ (အောင်လံ) မြို့အထိ ချီတက်လျှက် နယ်မြေများကိုသိမ်းယူခဲ့သည်။ ထိုအချိန်တွင် ပုဂံမင်းနန်းကျပြီး မင်းတုန်းမင်းနန်းတက်လာချိန်ဖြစ်သည်။ မင်းတုန်းမင်းက အင်္ဂလိပ်နှင့်စစ်ပြေငြိမ်းခဲ့ပြီး အထက်မြန်မာပြည်အထိ တိုက်ခိုက်သိမ်းပိုက်လာနိုင်သည့် အင်္ဂလိပ်စစ်တပ်၏အန္တရာယ်ကို တားဆီးနိုင်ခဲ့သည်။ အောက်မြန်မာပြည်တခုလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့သည်။

၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်နေ့တွင် အင်္ဂလိပ် – မြန်မာ တတိယစစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် သီပေါမင်းနန်းစံနေချိန်ဖြစ်သည်။ အင်္ဂလိပ်စစ်တပ်မှ ဧရာဝတီမြစ်ရိုးအတိုင်း အထက်မြန်မာပြည်သို့ ထိုနေ့တွင်ပင်ချီတက်ခဲ့သည်။ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် မြင်းခြံမြို့၊ (၂၆) ရက်နေ့တွင် အင်းဝ၊ (၂၇) ရက်နေ့တွင် စစ်ကိုင်း၊ (၂၈)ရက်နေ့တွင် မန္တလေးရတနာပုံနေပြည်တော်သို့ တက်ရောက်သိမ်းပိုက်ခဲ့သည်။ သီပေါမင်းနှင့် မိဖုရားတို့ကို ဗြိတိသျှတို့က ဖမ်းဆီးပြီး၊ အိန္ဒိယနိုင်ငံသို့ ခေါ်ဆောင်သွားခြင်းဖြင့် အင်္ဂလိပ် – မြန်မာ တတိယစစ်ပွဲပြီးဆုံးသွားခဲ့သည်။ မြန်မာတမျိုးသားလုံး ကျွန်ဖြစ်ခဲ့ကြရသည်။

" *အင်ပိုင်ယာပြည့်ရှင် ဘုရင်မကြီး၏အမိန့်အရ ယနေ့မှစ၍ ကျေညာလိုက်သည်မှာ သီပေါဘုရင်အုပ်ချုပ်ခဲ့သော နယ်ပယ်အားလုံးတို့သည် ပြည့်ရှင်ဘုရင်မကြီး၏ နိုင်ငံတော်နယ်ပယ်များအတွင်းသို့ သိမ်းသွင်းလိုက်ပြီဖြစ်ကြောင်း။ ထိုသို့သိမ်းသွင်းပြီး နယ်ပယ်များကို ယနေ့မှစ၍ ဘုရင်ခံနှင့် ဘုရင်ခံချုပ်တို့က သဘောအရ ခန့်ထားလိုက်သော အရာရှိများနှင့် ဆက်လက်အုပ်ချုပ်စေ* "

( ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ်ကထုတ်ပြန်ခဲ့သော ကြေညာချက်)

အင်္ဂလိပ်နယ်ချဲ့သမားတို့က မြန်မာပြည်အား အပြီးအပိုင်သိမ်းပိုက်ပြီးဖြစ်သည်ဟု ထိုကဲ့သို့ ကျေညာချက်ထုတ်ခဲ့သော်လည်း ကျွန်ဘဝဖြင့်မနေလိုကြသည့် ဇာတိသွေး၊ ဇာတိမာန်ထက်သန်သည့် ခေါင်းဆောင်များကရရာ လူသူ၊ လက်နက်စုဆောင်းပြီး၊ မဆုတ်မနစ် ဆက်လက်တော်လှန်ခဲ့ကြသဖြင့် ကျေညာချက်ထုတ်ပြီး (၁၀) နှစ်တိုင်အောင် ၎င်းတို့ထင်သလိုအုပ်ချုပ်၍မရခဲ့ပေ။

၁၉၀၀ နှင့် ၁၉၁၀ ခုနှစ် အစပိုင်းလောက်တွင် နောင် ဂျီစီဘီအေ ဝံသာနုအဖွဲ့ကြီး၏ခေါင်းဆောင်များဖြစ်လာကြမည့် ဆရာတော်ဦးဉတ္တမ၊ ဦးချစ်လှိုင်၊ ဦးစိုးသိန်း၊ ဦးပု၊ ဦးဘဘေ၊ ဦးထွန်းရှိန်၊ သမ္မတဦးစု စသူတို့က ကလျာဏယုဝအသင်းကိုတည်ထောင်ကြပြီး၊ အမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် လုပ်ဆောင်မည်ဟူသည့် ကြွေးကြော်သံကိုရှေ့တန်းတင်၍ အမျိုးသားလှုပ်ရှားမှုများ၊ စည်းဝေးပွဲများ၊ စီတန်းလှည့်လည်ပွဲများ

လုပ်လာခဲ့သဖြင့် အမျိုးသား ထကြွလှုပ်ရှားမှုများ အဆက်မပြတ်ပေါ်လာခဲ့သည်။ အင်္ဂလိပ်အစိုးရက နှိမ်နင်းမှုများ လုပ်လာခဲ့ရာ ဖိလေ ကြွလေအဖြစ်ကို အုပ်စိုးသူတို့ရင်ဆိုင်လာခဲ့ရသည်။

**ပထမဆုံးရွေးကောက်ပွဲ။**

အဆက်မပြတ် ပေါ်ပေါက်လာခဲ့သည့် လှုပ်ရှားမှုများကြောင့် အမျိုးသားစိတ်များ ပိုမိုတက်ကြွလာကြရာမှအစ ၁၉၂၀ ပြည့် တက္ကသိုလ်ကျောင်းသားများ၏ အထွေထွေသပိတ်ကြီးဖြစ်ပေါ်လာ၍ တပြည်လုံးတွင် အမျိုးသားကျောင်းများပေါ်ပေါက်လာခဲ့ခြင်း၊ အမျိုးသားအုံကြွမှု ပိုမိုပြင်းထန်လာခဲ့ခြင်းများကြောင့် ၁၉၂၂ ခုနှစ်တွင် ဒိုင်အာခီ ရွေးကောက်ပွဲများကိုကျင်းပခဲ့ရခြင်းဖြင့် လူထုဆန္ဒကိုရယူသည့်သဘောကို ဆောင်လာခဲ့ရသည်။ ထိုဖြစ်ရပ်သည် နယ်ချဲ့လက်အောက်တွင် ပြည်သူလူထုက မဲပေးဆုံးဖြတ်ရသည့်အဆင့်ကို ပထမဆုံးရရှိခဲ့ခြင်းဖြစ်သည်။

ထိုရွေးကောက်ပွဲသည် နယ်ချဲ့တို့က ၎င်းတို့လိုချင်သည့်ပုံစံရအောင်လုပ်နိုင်ရေးအတွက် ပြည်သူတို့ကို လှည့်စားခဲ့ခြင်းဖြစ်သော်လည်း၊ ထူးခြားမှုမှာ လူထုအုံကြွမှုကြောင့်သာ ပြည်သူလူထုမှ မဲပေးဆုံးဖြတ်ရသည့် ရွေးကောက်ပွဲ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။

အုပ်ချုပ်စီမံခန့်ခွဲရေးတာဝန်များအား အစိုးရနှင့်ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များခွဲဝေပြီး ပူးတွဲတာဝန်ယူကြရသည့်အုပ်ချုပ်ရေးဖြစ်သဖြင့် ဒိုင်အာခီ (Diarchy/Dyarchy) ဟုခေါ်ခြင်းဖြစ်သည်။ အမည်အားဖြင့် တိုးတက်ကောင်းမွန်သည့်အုပ်ချုပ်ရေးဖြစ်သော်လည်း၊ ပြည်သူ့ကိုယ်စားလှယ် (မင်းတိုင်ပင် အမတ်) များမှာ မည်သည့်အာဏာမျှမရှိဘဲ၊ အယောင်ဆောင် ရုပ်ပြသာဖြစ်ပြီး၊ ဘုရင်ခံက ထင်သလိုအုပ်ချုပ်သည့် စနစ်သာဖြစ်သည်။

အင်္ဂလိပ်တို့သည် ဒီမိုကရေစီကိုချစ်မြတ်နိုးသည်။ အရာရာဆုံးဖြတ်ပြဌာန်းရာ၌ ဒီမိုကရေစီသဘောအရ အများစုဆန္ဒဖြင့်သာ ကျင့်သုံးပြုလုပ်သည်ဟု ကမ္ဘာကိုဝါဒဖြန့်ကြွားဝါခဲ့သည်။

၁၉၂၂ ခုနှစ်တွင် မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ပေးရန် ပြင်ဆင်ကြစဉ် မြန်မာပြည်သူအများစုကြီးက အလိုမရှိကြောင်း ပြောဆိုကန့်ကွက်ကြသည်။ အင်္ဂလိပ်အစိုးရက ဒီမိုကရေစီကို လက်တွေ့ကျင့်သုံးသည့်သဘောဖြင့် ရွေးကောက်ပွဲပြုလုပ်သည်။

ထိုအချိန်က မြန်မာနိုင်ငံတွင် လူဦးရေ (၁၂) သန်းကျော်ရှိသည်။ မဲဆန္ဒပေးနိုင်သူကို အင်္ဂလိပ်အစိုးရက စည်းကမ်းချက်များဖြင့် (၂) သန်း သတ်မှတ်ပေးထားသည်။ ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်တွင် ပထမအကြိမ် ဒိုင်အာခီဥပဒေပြုကောင်ဆယ် အမတ်ရွေးပွဲပြုလုပ်ရာ ဒိုင်အာခီကိုသဘောကျ၍ မဲပေးသူ (၁၀၀) လျှင် (၇) ဦးသာရှိသည်။ (၉၃) ဦးက ဒိုင်အာခီကိုသဘောမကျ ကန့်ကွက်သည့်အနေဖြင့် မဲမပေးဘဲနေကြသည်။

လူဦးရေဖြင့်တွက်စစ်လျှင် ပြည်သူ (၁၂) သန်းအနက် တသိန်းလေးသောင်း (၁၄၀,၀၀၀) မျှသာ ဒိုင်အာခီစနစ် လက်ခံ၍ (၁၁) သန်း၊ (၇) သိန်း၊ (၆) သောင်းက ကန့်ကွက်သည်။ အင်္ဂလိပ်အစိုးရသည် ဤသည်ကိုပင် ဒီမိုကရေစီကျသည်။ ဒိုင်အာခီကို မြန်မာနိုင်ငံကလက်ခံသည်ဟုဆုံးဖြတ်ကာ အစိုးရအဖွဲ့ဖြင့် ဖွဲ့စည်းအုပ်ချုပ်စေသည်။

၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့ ဒိုင်အာခီဥပဒေပြုကောင်စီ (Legislative Council) ပထမဦး ဆုံးရွေးကောက်ပွဲတွင် ဘကြီးဘဖေတို့၏ (၂၁) ဦးပါတီ [(၂၁) ဦးအဖွဲ့ကို အမျိုးသားပါတီ (National Party) ဟု ခေါ်ဝေါ်ခဲ့ပြီး၊ နောင်တွင် ပြည်သူပြည်သားအဖွဲ့ဟု ခေါ်ဝေါ်ခဲ့သည်။ ၁၉၃၆ ခုနှစ်၊ ရွေးကောက်ပွဲတွင် ပြည်သူပြည်သားအဖွဲ့မှ ငါးပွင့်ဆိုင်အဖွဲ့ဟု အမည်ပြောင်းခဲ့သည်။] နှင့် ဆာဂျေအေမောင်ကြီးခေါင်းဆောင်သော

ပရိုဂရက်စစ်ပါတီ (Progressive Party) ခေါ် ရွှေတောင်ကြားပါတီ (ဆာဂျေအေမောင်ကြီးတို့၏ ပရိုဂရက်စစ် ပါတီဝင် လူများစု ကြေးရေတတ်များမှာ ရွှေတောင်ကြားလမ်းရပ်ကွက်ထဲ၌နေထိုင်ကြ၍ "ရွှေတောင်ကြား ပါတီ"ဟု အမည်တွင်လာခဲ့ခြင်းဖြစ်သည်။) တို့သာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ကြ၏။ လိုင်–ပု–ကျော် ဂျီစီ ဘီအေက သပိတ်မှောက်နေခဲ့ပြီး ၁၉၂၈ ခုနှစ်၊ တတိယအကြိမ်ရွေးကောက်ပွဲမှသာ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံ ခဲ့ကြသည်။

ဒိုင်အာခီစနစ်အရ ဥပဒေပြုကောင်ဆယ်နှင့်တကွ အုပ်ချုပ်ရေးကို လက်တွေ့အကောင်အထည် ဖော်လာသည့်အခါ ပြည်သူအများစုကြီးက အလိုမရှိကြောင်း လက်တွေ့ပြသည်။ ဒိုင်အာခီအုပ်ချုပ်ရေး ယန္တရား ကြီးအတွက် မြင့်တက်လာသောအခွန်များ မပေးရေးတိုက်ပွဲများပြုလုပ်လာသည်။

အင်္ဂလိပ်ကုန်ပစ္စည်းသပိတ်မှောက်ရေး၊ အစိုးရနှင့်မဆက်ဆံဘဲ ဝံသာနုခုံသမာဓိရုံးများတွင် ဖြေရှင်း ရေးတို့ ပိုမိုပြုလုပ်လာခြင်းဖြင့် ဝံသာနုလှုပ်ရှားမှုကြီးမှာ အင်္ဂလိပ်အစိုးရထင်သလို ကျဆင်းမသွားဘဲ မြင့်တက်လာ သည်။

ယခင် ဒိုင်အာခီအုပ်ချုပ်ရေးခေတ်မတိုင်မီက မြို့အုပ်၊ ဝန်ထောက်၊ ဌာနာအုပ်၊ ပုလိပ်စသည့် အစိုးရ အမှုထမ်းတို့ ကျေးရွာများသို့ရောက်လာသည့်အခါ ရွာသူကြီးမှတဆင့် ရွာသားများထံ ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥ၊ နွားနို့ စသည်ဖြင့် တောင်းကြသည်။ သက်သက်ပေးကြရသည်။ တရွာမှတရွာသို့ ဆက်လက်သွားရန် လှည်းဖြင့်လိုက်ပို့စေသည်။ ရွာသားတို့က အခမဲ့ပို့ပေးကြရသည်။ ဒိုင်အာခီအုပ်ချုပ်ရေး ပေးလာသည့်အခါ ဝံသာနုခေါင်းဆောင်ကြီးများ ပြောဟောချက်နှင့် အင်္ဂလိပ်အစိုးရအပေါ် မကျေနပ်ချက်များကြောင့် ကြက်၊ ဘဲ စသည်တို့ကို အစိုးရအမှုထမ်းများအား သက်သက်မပေးကြ။ ဝယ်လျှင်သာ ရောင်းသည်။ တရွာနှင့်တရွာ လှည်း ဖြင့်သွားလိုလျှင် လှည်းခပေးမှ လိုက်ပို့သည်။ မြို့အုပ်၊ ဝန်ထောက်စသူတို့ကလည်း အဖိုးအခမပေးဘဲ ကြက်၊ ဘဲ စသည်တို့မတောင်းကြ။ လှည်းအပို့ မခိုင်းကြတော့သည့်အခြေရောက်လာသည်။ ဤသည်တို့မှာ ဝံသာနု လှုပ်ရှားမှုကြီး၏အရှိန်အဝါကြောင့် ဖြစ်သည်။

အင်္ဂလိပ်အစိုးရနှင့် ပြည်သူအများစုကြီးသည် စစ်တပ်၊ ပုလိပ်တပ်၊ ရုံး၊ ထောင်၊ ဂတ် (ရဲဌာန) စသည့် ဖိနှိပ်မှုကရိယာတို့ဖြင့် အင်္ဂလိပ်အစိုးရကဖိနှိပ်လိုက်၊ ပြည်သူတို့၏ဝံသာနုလှုပ်ရှားမှုကြီးက ပို၍ပို၍ ဒိုင်အာခီ စနစ်ဆန့်ကျင်ရေး၊ အင်္ဂလိပ်ဆန့်ကျင်ရေး၊ သပိတ်မှောက်တိုက်ပွဲများ ပေါ်ပေါက်လာလိုက်ဖြင့် အပြန်အလှန် ဖြစ်နေကြရာ ဒိုင်အာခီ ပထမသုံးနှစ်သက်တမ်းပင် ကုန်ဆုံးလာခဲ့သည်။

ထိုဒိုင်အာခီဥပဒေပြုကောင်စီရွေးကောက်ပွဲတွင် ပြည်သူလူထု၏မဲဆန္ဒပေးပိုင်ခွင့်ကို အင်္ဂလိပ်အစိုးရက များ စွာကန့်သတ်ချုပ်ချယ်ထားသည်။ အင်္ဂလိပ်နှင့် အိန္ဒိယကုန်သည်ကြီးများကို အထူးအခွင့်အရေးပေးထား ခဲ့သည်။

အင်္ဂလိပ်ကုန်သည် လူဦးရေ (၁၀၀) အတွက် ကိုယ်စားလှယ် (၁) ဦးအရွေးချယ်ခံနိုင်ခွင့်ရရှိခဲ့ပြီး၊ မြန်မာ များအတွက်မူ လူဦးရေ (၃၀,၀၀၀) အတွက် ကိုယ်စားလှယ် (၁) ဦးသာ အရွေးချယ်ခံနိုင်ခွင့်ရှိခဲ့သည်။ မြန်မာတို့ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များကို ထိုခေတ်က"မင်းတိုင်ပင်အမတ်"ဟုခေါ်ကြသည်။ ထိုမင်း တိုင်ပင်အမတ်များ၏ရှေ့တွင် "အော်နာရေဘီ"ဟူသော ဝိသေသကို ထည့်သွင်းရေးသား ခေါ်ဝေါ်ကြရသည်။

ဒိုင်အာခီခေတ်ဝန်ကြီးများသည် လစာငွေ (၅,၀၀၀) စားကြရသည်။

ဥပဒေပြုကောင်စီအတွက် မင်းတိုင်ပင်အမတ် ကိုယ်စားလှယ်ပေါင်း (၁၀၃) ဦးရှိသည့်အနက် ဘုရင်ခံကခန့်ထားသူ (၂၃) ဦး ရှိသဖြင့် ကျန်အမတ် (၈၀) အတွက်သာ ရွေးကောက်ပွဲကျင်းပပေးခြင်းဖြစ်သည်။

ထိုအမတ် (၈၀) ထဲတွင် အိန္ဒိယတိုင်းရင်းသား (၈) ဦး၊ ကရင် (၅) ဦး၊ ကပြား (၁) ဦး၊ အင်္ဂလိပ် (၁) ဦး၊

အခြားလုပ်ငန်းရှင်ကြီးများနှင့် တက္ကသိုလ်မှ (၇) ဦးပါရှိသဖြင့် ကျန်အထွေထွေ (၅၈) နေရာအတွက်သာ မြန်မာများ ပါဝင်အရွေးခံခွင့်ရှိခဲ့သည်။ ယင်း (၅၈) နေရာကို မြန်မာများအတွက်ဟုမဆိုဘဲ ဂျင်နရယ်ဟူ၍ သတ်မှတ်ခဲ့သည်။ ဥပဒေပြုကောင်စီရွေးကောက်ပွဲကို (၃) နှစ် တကြိမ်ကျင်းပရန် သတ်မှတ်ထားခဲ့သည်။

ဒိုင်အာခီလွှတ်တော်တွင်ရှိသည့် အမတ် (၁၀၃) ဦးမှာ ...

| | |
|---|---|
| မြန်မာတိုင်းရင်းသား | (၅၈) ဦး။ |
| ကရင် | (၅) ဦး။ |
| အိန္ဒိယတိုင်းရင်းသား | (၈) ဦး။ |
| အင်္ဂလိပ်ကပြား | (၁) ဦး။ |
| ဥရောပတိုက်သား | (၁) ဦး။ |
| တက္ကသိုလ်ကျောင်း | (၁) ဦး။ |
| မြန်မာကုန်သည်ကြီး | (၁) ဦး။ |
| ဥရောပတိုက်သားကုန်သည်ကြီး | (၂) ဦး။ |
| တရုတ်ကုန်သည်ကြီး | (၁) ဦး။ |
| ဥရောပတိုက်သား ရောင်းဝယ်ရေးအဖွဲ့ | (၁) ဦး။ |
| အိန္ဒိယတိုင်းသားကုန်သည်ကြီး | (၁) ဦး။ |
| အစိုးရခန့် | (၂၁) ဦး။ |
| အစိုးရခန့် ဘဏ္ဍာရေးဝန်ကြီး | (၁) ဦး။ |
| ပြည်ထဲရေးဝန်ကြီး | (၁) ဦး။ |
| ပေါင်း ... | (၁၀၃) ဦးတို့ ဖြစ်သည်။ |

၁၉၂၂ ခုနှစ် ပထမအကြိမ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသူဦးရေ (၁၀) ရာခိုင်နှုန်းခန့်သာရှိခဲ့သည်။ အကြောင်းမှာ ၁၉၂၀ ကောလိပ်သပိတ်ကြီးကြောင့် နိုင်ငံရေးနိုးကြားခဲ့သောမြန်မာလူထုက ဒိုင်အာခီ ရီဖောင်းဖြစ်သည့် ဘုရင်ခံနှင့် မျက်နှာဖြူအိုင်စီအက်စ်များ၏လက်ထဲ၌ အချုပ်အခြာအာဏာရှိသည့် အုပ်ချုပ်ရေးစနစ်ကို ငြင်းပယ်လက်မခံနိုင်ကြောင်း ပြသခြင်းဖြစ်သည်ဟုဆိုနိုင်သည်။

ဒိုင်အာခီခေတ်တွင် မြန်မာပြည်ဘုရင်ခံအဖြစ် ဆာဟာကုတ်ဘတ္တလာ(Sir Harcourt Butler) ကို ဘိလပ်အစိုးရက ပြန်လွှတ်ခဲ့ပြီး၊ ဆာရယ်ဂျီနယ်ဂရက်ဒေါက် (Sir Reginald Graddock) ကို ပြန်ခေါ်ယူခဲ့သည်။

ဒိုင်အာခီခေတ်ပထမပိုင်း၌ လစာငွေ (၅,၀၀၀) စား ဝန်ကြီးချုပ် (၄) ဦးရှိသည့်အနက် မြန်မာများထဲမှ (၃) ဦးရရှိခဲ့သည်။ ယင်း (၄) ဦးမှာ . . .

| | |
|---|---|
| (၁) ဆာမောင်ခင် | ပြည်ထဲရေးဝန်ကြီးချုပ် |
| (၂) မစ္စတာအလက်ဇန္ဒားကိသ် | ဘဏ္ဍာရေးဝန်ကြီးချုပ် |
| (၃) အမ်အေဦးမောင်ကြီး | ပညာရေးဝန်ကြီးချုပ် |
| (၄) ဆာဂျေအေဦးမောင်ကြီး | သစ်တောရေးဝန်ကြီးချုပ် တို့ဖြစ်သည်။ |

ယင်းဝန်ကြီးချုပ် (၄) ဦးတွင် အစိုးရခန့် (၂) ဦးဖြစ်ပြီး၊ ပညာရေးနှင့်သစ်တောရေးတို့အတွက် (၂) ဦးသာ မဲဖြင့်ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။

ဒုတိယအကြိမ်ရွေးကောက်ပွဲကို ၁၉၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်နေ့တွင် ကျင်းပခဲ့သည်။ အင်္ဂလိပ်အစိုးရသည် ဒုတိယအကြိမ် ဒိုင်အာခီကောင်ဆယ်အမတ်ရွေးပွဲဖြင့် သူ၏ဒီမိုကရေစီကို စမ်းသပ်ပြန်သည်။ ထိုအ

ချိန်က ဂျီစီဘီအေအသင်းကြီး ဒုတိယအကြိမ်ပြိုကွဲပြီးစဖြစ်သည်။ လှိုင်–ပု–ကျော် ဂျီစီဘီအေနှင့် ဦးစိုးသိမ်း ဂျီစီဘီအေကြီးများက ရွေးကောက်ပွဲကိုသပိတ်မှောက်မြဲ မှောက်ကြသော်လည်း လှိုင်–ပု–ကျော် ဂျီစီဘီအေမှာ သာယာဝတီ ဦးပုအမှူးပြုသောပုဂ္ဂိုလ်အချို့က ဟုမ်းမရူးအသင်းကို သီးခြားခွဲထောင်ကာ ရွေးကောက်ပွဲဝင်ရန် ဦးတည်ပြင်ဆင်လာကြသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရက ပထမအကြိမ်ရွေးကောက်ပွဲတွင် ရုပ်ပျက် ဆင်းပျက်ဖြစ်ခဲ့ရသော သူ၏ဒီမိုကရေစီမှာ ဒုတိယရွေးပွဲတွင် မျက်နှာပန်းပြကောင်းလိမ့်မည်ဟု ယူဆသည်။ သို့ရာတွင် မဲရွေးပွဲပြုလုပ်သည့်အခါ မဲပေးနိုင်သူ (၁၀၀) လျှင် (၁၃) ဦးသာ ဒိုင်အာခီကိုလိုလား၍ မဲပေးကြသည်။ (၈၇) ဦးက ကန့်ကွက်မြဲ ကန့်ကွက်သည့်အနေဖြင့် မဲမပေးဘဲနေကြသည်။

ပူးတွဲတာဝန်ခံ အစိုးရဖွဲ့မှာ ...

| | |
|---|---|
| (၁) ဦးမေအောင် | ပြည်ထဲရေးဝန်ကြီးချုပ် |
| (၂) ဆာဝီလျံကီ | ဘဏ္ဍာရေးဝန်ကြီးချုပ် |
| (၃) ဒေါက်တာဘယဉ် | ပညာရေးဝန်ကြီးချုပ် |
| (၄) ဆာလီအယိန် | သစ်တောရေးဝန်ကြီးချုပ် တို့ဖြစ်သည်။ |

တတိယအကြိမ်ရွေးကောက်ပွဲကို ၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် ကျင်းပခဲ့သည်။ ရွေးကောက်ပွဲ၌ ပြည်သူပြည်သားပါတီမှ အမတ် (၄၀)၊ ရွှေတောင်ကြားပါတီမှ အမတ် (၁၂) ဦး ရွေးကောက် ခံခဲ့ကြရသည်။ မဲဆန္ဒရှင် (၂၄) ရာခိုင်နှုန်းက မဲပေးခဲ့ကြသည်။ ပူးတွဲတာဝန်ခံ အစိုးရအဖွဲ့မှာ ...

| | |
|---|---|
| (၁) ဆာဂျေအေမောင်ကြီး | ပြည်ထဲရေးဝန်ကြီးချုပ် |
| (၂) မစ္စတာမြူးရယ်အင်ဒရူးအမိုက်ဇီ | ဘဏ္ဍာရေးဝန်ကြီးချုပ် |
| (၃) ဦးဘတင် | ပညာရေးဝန်ကြီးချုပ် |
| (၄) ဆာလီအယိန် | သစ်တောရေးဝန်ကြီးချုပ် တို့ဖြစ်သည်။ |

စတုတ္ထအကြိမ်ရွေးကောက်ပွဲကို ၁၉၃၂ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်နေ့တွင် ကျင်းပခဲ့သည်။ မဲဆန္ဒရှင် (၂၄) ရာခိုင်နှုန်းက မဲပေးခဲ့ကြသည်။ ပူးတွဲတာဝန်ခံ အစိုးရအဖွဲ့မှာ ...

| | |
|---|---|
| (၁) ဆာမောင်ဘ | ပြည်ထဲရေးဝန်ကြီးချုပ် |
| (၂) မစ္စတာကူးပါး | ဘဏ္ဍာရေးဝန်ကြီးချုပ် |
| (၃) ဦးကျော်ဒင် | ပညာရေးဝန်ကြီးချုပ် |
| (၄) ဆာဂျေအေမောင်ကြီး | သစ်တောရေးဝန်ကြီးချုပ် တို့ဖြစ်သည်။ |

၁၉၃၄ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့တွင် ပြောင်းလဲပြန်လည်ဖွဲ့စည်းခဲ့သည့် (၅) ကြိမ်မြောက် ပူးတွဲတာဝန်ခံအစိုးရအဖွဲ့မှာ ...

| | |
|---|---|
| (၁) ဆာမောင်ဘ | ပြည်ထဲရေးဝန်ကြီးချုပ် |
| (၂) မစ္စတာကူးပါး | ဘဏ္ဍာရေးဝန်ကြီးချုပ် |
| (၃) ဒေါက်တာဘမော် | ပညာရေးဝန်ကြီးချုပ် |
| (၄) ဦးဘဘေ | သစ်တောရေးဝန်ကြီးချုပ် တို့ဖြစ်သည်။ |

၁၉၂၃ ခုနှစ်မှစတင်ခဲ့သည့် ဒိုင်အာခီအုပ်ချုပ်ရေးမှာ ၁၉၃၆ ခုနှစ်တွင် ပြီးဆုံးသွားခဲ့သည်။ တို့ဗမာအစည်း အရုံးဝင်သခင်များ၏ခေါင်းဆောင်မှုဖြင့် ၁၉၃၀ ပြည့်နှစ်မှ ၁၉၃၄ ခုနှစ်အတွင်း အလုပ်သမားများ၏ အထွေထွေသပိတ်များ အဆက်မပြတ်ပေါ်ထွက်ခဲ့ပြီး၊ ၁၉၃၆ ခုနှစ်တွင် သခင်နုခေါင်းဆောင်၍ ပြည်လုံးဆိုင်ရာ

အထွေထွေကျောင်းသားသပိတ် မှောက်နိုင်ခဲ့ကြသည်။ တဆက်တည်းပင် သီးစားခဥပဒေနှင့် ပတ်သက်၍ လယ်သမားဆူပူမှုများပေါ်ပေါက်ခဲ့ရာမှ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးပေါ်ပေါက်ခဲ့သည်။

### ၉၁ ဌာနအုပ်ချုပ်ရေးခေတ်။

ထိုသို့သောအုံကြွမှုကြီးကြောင့် နယ်ချဲ့သမားသည် တထစ်လျှော့၍ (၉၁) ဌာနအုပ်ချုပ်ရေးကို ပေးခဲ့ရသည်။ ထို (၉၁) ဌာနအုပ်ချုပ်ရေးတွင် လုံးဝလွတ်လပ်သည့် မဲပေးရွေးချယ်ခြင်းမျိုးမဟုတ်သော်လည်း ဒိုင်အာခီအုပ်ချုပ်ရေးထက်အဆင့်မြင့်သည့် မဲပေးရွေးကောက်ခြင်းမျိုး၊ ဒိုင်အာခီအုပ်ချုပ်ရေးထက် အနည်းငယ်ကျယ်ဝန်းလာသည့်ပုံစံဖြင့် မဲပေးကြရသည့်အဖြစ်ကို ပြည်သူလူထုရရှိခဲ့သည်။ မဲရောင်းမဲဝယ်စနစ်ဖြင့် မိမိတို့အနိုင်ရရေးကို လုပ်ဆောင်ခဲ့ကြသဖြင့် ငွေအင်းအားတောင့်သူတို့သာ မဲအနိုင်ရရှိခဲ့သည်။ ဤသို့ဖြင့် (၉၁) ဌာနအုပ်ချုပ်ရေးနှင့် ဥပဒေပြုလွှတ်တော် ပေါ်ပေါက်လာခဲ့သည်။

၁၉၃၅ ခုနှစ်၊ မြန်မာပြည်အုပ်ချုပ်ရေး အက်ဥပဒေအရ အိန္ဒိယပြည်မှ မြန်မာပြည် ခွဲထွက်ရမည့်အချိန်ကို ၁၉၃၇ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့အား သတ်မှတ်ခဲ့ပြီး၊ ထိုနေ့မှစ၍ မြန်မာပြည်တွင် (၉၁) ဌာန အုပ်ချုပ်ရေးအသစ်ဖြင့် အုပ်ချုပ်ရမည်ဖြစ်သဖြင့် အဆိုပါအုပ်ချုပ်ရေးအတွက် ရွေးကောက်ပွဲများ ကျင်းပပေးခဲ့သည်။

အုပ်ချုပ်ရေးအသစ်အရ လွှတ်တော်နှစ်ရပ်ထားရှိပြီး၊ အောက်လွှတ်တော်အတွက် အမတ် (၁၃၂) ယောက်နှင့် အထက်လွှတ်တော် (ဆီးနိတ်) အတွက် အမတ် (၃၆) ယောက် ရွေးကောက်တင်မြှောက်ရမည်ဖြစ်သည်။

အောက်လွှတ်တော်အမတ် (၁၃၂) ယောက်ထဲတွင် နယ်များမှရွေးကောက်ရမည့် အမတ်ဦးရေ (၉၂) ဦး၊ ကရင်အမျိုးသား (၁၂) ဦး၊ အိန္ဒိယအမျိုးသား (၈) ဦး၊ အင်္ဂလိပ်–မြန်မာကပြား (၂) ဦး၊ ဥရောပတိုက်သား (၃) ဦး၊ စက်မှုလက်မှုနှင့် ကုန်သည်ကြီးအသင်းများ၏ ကိုယ်စားလှယ် (၁၁) ဦး၊ ရန်ကုန်တက္ကသိုလ်မှ (၁၂) ဦး၊အိန္ဒိယအလုပ်သမားကိုယ်စားလှယ် (၂) ဦး၊ အိန္ဒိယမဟုတ်သော အလုပ်သမား ကိုယ်စားလှယ် (၁) ဦးတို့ဖြစ်သည်။

လွှတ်တော်၌ မြန်မာတို့၏မဲကို ထိန်းနိုင်ရန်ရည်ရွယ်ချက်ဖြင့် စက်မှုလက်မှုကုန်သည်ကြီးအသင်းများ၏ ကိုယ် စားလှယ် (၁၁) ဦးထဲ၌ ဥရောပတိုက်သားကုန်သည်ကြီးများအသင်းမှ (၆) ဦး၊ အိန္ဒိယကုန်သည်ကြီးများအသင်းမှ (၃) ဦး၊ တရုတ်ကုန်သည်ကြီးများအသင်းမှ (၁) ဦးနှင့် မြန်မာကုန်သည်ကြီးများအသင်းမှ (၁) ဦး စသည်ဖြင့် ခွဲဝေခဲ့ပြန်သည်။

၉၁ ဌာနအုပ်ချုပ်ရေးဟုဆိုသော်လည်း အမှန်မှာ (၉၈) ဌာနရှိသည်။ အရေးကြီးသော (၇) ဌာနကို ဘုရင်ခံက ၎င်း၏လက်အောက်၌ထားရှိပြီး၊ ကျန် (၉၁) ဌာနကိုသာ လူထုလက်သို့ပေးအပ်ခြင်းဖြစ်သည်။

ဘုရင်ခံ၏လက်အောက်တွင်ထားရှိသည့် (၇) ဌာနမှာ နန်းရင်းဝန်နှင့် ဝန်ကြီး (၆) ဦးတို့ကိုင်ရသော ကာကွယ်ရေး၊ ပြည်ထဲရေး၊ အခွန်တော်နှင့်ဘဏ္ဍာရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ပညာရေး၊ သစ်တောရေး၊ ကူးသန်းရောင်းဝယ်ရေး စသည့်ဌာနများဖြစ်သည်။ နန်းရင်းဝန်၏လစာမှာ (၃,၀၀၀) ကျပ်ဖြစ်၍ ဝန်ကြီးများ၏လစာမှာ (၂,၅၀၀) ကျပ်ဖြစ်သည်။ လွှတ်တော်ဥက္ကဋ္ဌ၏လစာငွေမှာ (၂,၀၀၀) ကျပ်ဖြစ်၍ ဒုတိယဥက္ကဋ္ဌ၏ လစာငွေမှာ (၁,၂၅၀) ကျပ်ဖြစ်သည်။ မင်းတိုင်ပင်အမတ်များ၏ လစာငွေမှာ (၂၅၀) ကျပ်ဖြစ်သည်။

ဒိုင်အာခီအုပ်ချုပ်ရေးတွင် တိုင်းပြည်သို့ (၂၂) ဌာနကိုသာပေးအပ်ခဲ့ပြီး၊ ဝန်ကြီးချုပ် (၄) ဦးထားရှိ၍ လစာငွေ (၅,၀၀၀) ကျပ်စီ ပေးခဲ့သည်။

(၉၁) ဌာနအုပ်ချုပ်ရေးအသစ်တွင် ဘုရင်ခံသည် ပြည်သူတို့က ရွေးချယ်တင်မြှောက်သည့် လွှတ်တော်ကို အချိန်မရွေးရုပ်သိမ်းနိုင်သည်။ အမတ်များကို တာဝန်ခံရသောဝန်ကြီးအဖွဲ့ (ကက်ဘိနက်) ကို ဖြုတ်နိုင်သည်။

ဘုရင်ခံ၏လက်ထဲ၌ ဗီတိုအာဏာကိုကိုင်ထားသည်။

ထို့ကြောင့် ယင်း (၉၁) ဌာနအုပ်ချုပ်ရေးကို တို့ဗမာအစည်းအရုံးနှင့် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂမှ ဦးဆောင်ပြီး၊ ကန့်ကွက်လှုပ်ရှားခဲ့ကြသဖြင့် ၁၉၃၆ ခုနှစ်၊ ကျောင်းသားသပိတ်မှ အစပြုကာ ၁၃၀၀ ပြည့်နှစ်၊ အရေးတော်ပုံကြီးပေါ်ပေါက်လာခဲ့ရသည်အထိ လွတ်လပ်ရေးတိုက်ပွဲပြင်းထန်လာခဲ့သည်။

၁၉၃၅ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့တွင် (၉၁) ဌာနအုပ်ချုပ်ရေးအတွက် ဥပဒေပြုလွှတ်တော် ရွေး ကောက်ပွဲ မြန်မာတနိုင်ငံလုံးတွင်ကျင်းပခဲ့သည်။

ဗြိတိသျှအစိုးရက မြန်မာနိုင်ငံအား (၉၁) ဌာနအုပ်ချုပ်ရေးပေးမည့် စက္ကူဖြူစာတမ်းတခုကို ၁၉၃၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ၁၉၃၆ ခုနှစ်၊ နိုဝင်ဘာလတွင် (၉၁) ဌာနအုပ်ချုပ်ရေးအတွက် ရွေးကောက်ပွဲကျင်းပရန် စီစဉ်ခဲ့သည်။ သို့အတွက် ဒိုင်အာခီနောက်ဆုံးဘုရင်ခံ ဆာဟဂျူးလင်းစဒေါင်းစတီဖင်ဆင်ကို ၁၉၃၆ ခုနှစ်၊ မေလဆန်းတွင်ပြန်ခေါ်ခဲ့ပြီး ၎င်း၏နေရာတွင် ဆာအာချီဘော ဒေါက်ဂလပ်ကော့ကရိန်း (Sir Archibald Douglas Cochrane) ကို (၉၁) ဌာနအုပ်ချုပ်ရေးအတွက် ဘုရင်ခံသစ်အဖြစ် ၁၉၃၆ ခုနှစ်၊ မေလ (၈) ရက်နေ့တွင် တာဝန်လွှဲပြောင်းယူစေခဲ့သည်။

ဒိုင်အာခီနှင့်မကျေနပ်နိုင်ဟူသည့်လှုပ်ရှားမှုများ၊ ဟုမ်းရူး(Home Rule)တောင်းဆိုမှုများ၊ လယ်သမားလက်နက်ကိုင်ပုန်ကန်မှုများကြောင့် (၉၁) ဌာနအုပ်ချုပ်ရေးရရှိခဲ့ခြင်းဖြစ်သည်။

(၉၁) ဌာနအုပ်ချုပ်ရေးတွင် ပထမဆုံး ဒေါက်တာဘမော်ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး ညွန့်ပေါင်းအစိုးရအဖွဲ့ကို ၁၉၃၇ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

ပထမညွန့်ပေါင်းအစိုးရအဖွဲ့မှာ ...

| | |
|---|---|
| (၁) ဒေါက်တာဘမော် | နန်းရင်းဝန်၊ ဘဏ္ဍာရေး |
| (၂) ရွှေကျင်ဦးပု | သစ်တောရေး |
| (၃) ဦးပေါ်ထွန်း | ပြည်ထဲရေး |
| (၄) သာယာဝတီဦးမောင်မောင် | ပညာရေး |
| (၅) ဦးထွန်းအောင်ကျော် | ကူးသန်းရောင်းဝယ်ရေး |
| (၆) စောဖေသာ | အခွန်တော် |

သို့သော် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးကြောင့် ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရပြုတ်ကျပြီး ဦးပု(ရွှေကျင်)ခေါင်းဆောင်သည့် ညွန့်ပေါင်းအစိုးရတက်လာခဲ့သည်။ အစိုးရသက်တမ်း (၁) နှစ်နှင့် (၁၀) လအတွင်း ရေနံမြေအလုပ်သမားသပိတ်၊ ကုလား–ဗမာအဓိကရုဏ်း၊ ဗိုလ်အောင်ကျော်သပိတ်၊ မန္တလေးအာဇာနည် (၁၇) ဦးကျဆုံးခဲ့သည့်အရေးအခင်းစသည့် မကြုံစဖူး ကြီးမားလှသည့် လူထုအုံကြွမှုဒဏ်ကိုမခံနိုင်သဖြင့် ဒေါက်တာဘမော်အစိုးရ ပြုတ်ကျသွားခဲ့ရခြင်းဖြစ်သည်။ ၁၉၄၁ ခုနှစ်၊ စက်တင်ဘာလတွင် ဦးပုအစိုးရပြုတ်ကျပြန်သဖြင့် ဦးစောအစိုးရတက်သည်။ (၉၁) ဌာနအုပ်ချုပ်ရေးခေတ် (၅) နှစ်တာကာလအတွင်း ညွန့်ပေါင်းအစိုးရများသာ ဖွဲ့စည်းနိုင်ခဲ့ပြီး၊ ထိုညွန့်ပေါင်းအစိုးရများမှာလည်း မကြာခဏ ဖြုတ်ချခြင်းခံခဲ့ရသဖြင့် (၅) နှစ်အတွင်း အစိုးရ (၄) ကြိမ် ပြောင်းခဲ့သည်။

**လွတ်လပ်ရေးရပြီးခေတ်။**

ထိုမှ ဖဆပလခေတ်တွင် လူတိုင်းမဲပေးနိုင်သည့် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲသို့တိုင်ခဲ့သည်။ အောင်ဆန်း–အက်တလီစာချုပ်တွင်သဘောတူခဲ့သည့်အတိုင်း တိုင်းပြည်ပြုလွှတ်တော်အတွက် အထွေထွေရွေး

ကောက်ပွဲကြီးကို ၁၉၄၇ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့တွင် ကျင်းပခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် အမတ်ပေါင်း (၂၅၅) ယောက်ရှိသည်။ ရွေးကောက်ပွဲကျင်းပသည့်အခါ ဖဆပလက "တနှစ်အတွင်း လွတ်လပ်ရေးရရမည်" ဟူသောကြွေးကြော်သံဖြင့် ရွေးကောက်ပွဲဝင်ခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီက ရွေးကောက်ပွဲတွင် အောင်ဆန်း–အက်တလီစာချုပ်ကို ရှုတ်ချသည်။ အဆုံးသတ်အာဏာသိမ်းပွဲအတွက် ဖဆပလ–ကွန်မြူနစ် ညီညွတ်ကြ ဟူသောဆောင်ပုဒ်ဖြင့် ရွေးကောက်ပွဲဝင်ခဲ့သည်။ သခင်စိုး၏ အလံနီပါတီကမူ ရွေးကောက်ပွဲကို သပိတ်မှောက်ရုံမျှ သာမက အကြမ်းဖက်တားဆီးရန်၊ မဲရုံများကိုမီးရှို့ရန် ဆုံးဖြတ်ထားခဲ့သည်။ ရွေးကောက်ပွဲတွင် ဖဆပလက အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ ရွေးကောက်ပွဲတွင် ပြည်မအတွက်အမတ်နေရာ (၁၈၂) နေရာ အနက် ဖဆပလမှ (၁၇၁) နေရာရ၍ ကွန်မြူနစ်များက (၇) နေရာရရှိခဲ့ပြီး၊ ကျန်နေရာများတွင် တသီးပုဂ္ဂလများက ရရှိသည်။ **တိုင်းပြုပြည်ပြုလွှတ်တော်ဟူသည်မှာ တိုင်းပြည်၏အနာဂတ်အုပ်ချုပ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန်သာဖြစ်ပြီး ပါလီမန်လွှတ်တော်မျိုးမဟုတ်ချေ။**

လွတ်လပ်ရေးကြေညာခဲ့ပြီးနောက် ပါလီမန်လွှတ်တော်၏ တာဝန်ဝတ္တရားများအား ဆောင်ရွက်ခဲ့သော်လည်း အခြေအနေအရဆောင်ရွက်ခဲ့ခြင်းသာဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးကြေညာသည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့မှစ၍ ၁၉၅၂ ခုနှစ်၊ မတ်လ (၃) ရက်နေ့ ပါလီမန်အစည်းအဝေး စထိုင်သည့် အတောအတွင်း တိုင်းပြုပြည်ပြုလွှတ်တော် (ယာယီပါလီမန်) ဟု ခေါ်ဝေါ်ခဲ့သည်။ အဆိုပါယာယီပါလီမန်မှ သမ္မတ တင်မြှောက်လိုက်သည့် စဝ်ရွှေသိုက်အား ယာယီသမ္မတ၊ အစိုးရအဖွဲ့အား ယာယီအစိုးရဟု ခေါ်ဝေါ်ခဲ့သည်။

မြန်မာနိုင်ငံမှ တိုင်းပြုပြည်ပြုလွှတ်တော်သည် တော်လှန်ရေးတရပ်အောင်မြင်သဖြင့် ဖြစ်ပေါ်လာရခြင်း မဟုတ်ဘဲ အောင်ဆန်း–အက်တလီစာချုပ်အရ ဖြစ်ပေါ်လာသည့် တိုင်းပြုပြည်ပြုလွှတ်တော်တရပ်ဖြစ်သည်။

ထိုစဉ်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲပြီး ယာယီအမျိုးသားလွှတ်တော်အဖြစ် အစိုးရအဖွဲ့ ဖွဲ့စည်း ထားခဲ့ရာမှ (၁၈) လအကြာတွင် ပထမအကြိမ်ရွေးကောက်ပွဲကျင်းပရမည်ဟု သတ်မှတ်ထားခဲ့သည်။ ၁၉၄၇ ခုနှစ်၊ အခြေခံဥပဒေ ပုဒ်မ (၂၃၃) တွင် "အခြေခံဥပဒေအရကျင်းပသည့် ပထမအမတ်ရွေးကောက်ပွဲကို ဤအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ (၁၈) လအတွင်း ကျင်းပရမည်"ဟုပြဋ္ဌာန်းထားသဖြင့် လွတ်လပ်ရေးနှင့်အတူ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် အခြေခံဥပဒေအာဏာတည်ခဲ့သဖြင့် ရွေးကောက်ပွဲကို ၁၉၄၉ ခုနှစ်၊ ဇူလိုင်လမတိုင် မီကျင်းပရမည်ဖြစ်သော်လည်း ရွေးကောက်ပွဲကို ၁၉၅၁ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့မှ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက် နေ့အထိ (၃) ရစ်ခွဲ၍ ကျင်းပခဲ့သည်။ လွတ်လပ်ရေးကြေညာအပြီး (၃) လအကြာမှ စ၍ဖြစ်ပေါ်လာခဲ့သည့် ပြည်တွင်းစစ်ကိုအကြောင်းပြ၍ ရွှေ့ဆိုင်းလာခဲ့ခြင်းဖြစ်သည်။

### "ပထမအကြိမ် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ"

ပထမအကြိမ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများကျင်းပရန် ဆာဘဦးခေါင်းဆောင်သော ရွေးကောက်ပွဲကြီးကြပ်စီမံရေးအဖွဲ့ကို ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ၎င်းအဖွဲ့က ပထမအကြိမ်အစီရင်ခံစာကို ၁၉၄၉ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင်ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးတွင်တင်ပြသည်။ ၎င်းအစီရင်ခံစာအရ ဆူပူသောင်းကျန်းမှုများကြောင့် ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိသေး၍ အခြေခံဥပဒေနှင့်ညီညွတ်စေရန် အခြေခံဥပဒေပုဒ်မ (၂၃၃) တွင်ပါသော အကူးအပြောင်းကာလ သတ်မှတ်ချက်ကို (၁၈) လဟု ပြင်ဆင်သတ်မှတ်ခဲ့သည်။ ဒုတိယအစီရင်ခံစာကို ၁၉၅၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့ တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးသို့တင်သွင်းသည်။ ၎င်းအစီရင်ခံစာတွင်လည်း နိုင်ငံတော်၏ အခြေနေမှာ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြစ်နိုင်သည်အထိ ကောင်းမွန်မှုမရှိသေးကြောင်း တင်ပြ

ပြန်သည်။ ထို့ကြောင့် အကူးအပြောင်းကာလသတ်မှတ်ချက်ကို လပေါင်း (၄၀) ဟု ပြင်ဆင်သတ်မှတ်ခဲ့သည်။ တတိယအကြိမ်အစီရင်ခံစာတွင် ရွေးကောက်ပွဲများကို တတိုင်းပြည်လုံးအတွက် (၃) သုတ်ခွဲ ကျင်းပပေးမည်ဟု ပါရှိသည်။ ထိုသို့ကျင်းပပေးရန်အတွက် အကူးအပြောင်းကာလသတ်မှတ်ချက်ကို နောက်ထပ် (၈) လတိုး၍ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပေးရန် တင်ပြတောင်းဆိုခဲ့သည်။ ထို့ကြောင့် "၁၉၅၁ ခု၊ ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ ပထမအပတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလပြဌာန်းချက် အမိန့်"ကို အတည်ပြုရန် ၁၉၅၁ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့ တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေး၌ အဆိုတင်သွင်းခဲ့သည်။ ၎င်းအဆိုကို တိုင်းပြည်ပြုလွှတ်တော်က အတည်ပြုသည့်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ (၂၃၃) တွင်ပါရှိသည့် အကူးအပြောင်းကာလ သတ်မှတ်ချက်ကို (၄၈) လ ဟု ပြင်ဆင်ခဲ့ကြသည်။ ဤသို့ဖြင့် ရွေးကောက်ပွဲအကူးအပြောင်းကာလကို (၁၈) လမှ (၂၈) လ၊ လ (၄၀)၊ (၄၈) လ ဟု သုံးကြိမ်တိုင်ပြင်ဆင်သတ်မှတ်ခဲ့သည်။ ပထမအကြိမ်ရွေးကောက်ပွဲကို ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်အတွင်း ကျင်းပရန်ဖြစ်သည်။ တဖန် ဒေသလိုက်ရွေးကောက်ပွဲများပြုလုပ်မည်ဖြစ်၍ အခြေခံဥပဒေပုဒ်မ ၈၄ (၁) ကို ခေတ္တပြင်ဆင်ရန်ထုတ်ပြန်မည့် သမ္မတအမိန့်ကို လွှတ်တော်ကအတည်ပြုရန်လည်း အဆိုတင်သွင်းခဲ့သည်။ အတိုက်အခံအမတ်များက ဝေဖန်ကန့်ကွက်ကြသော်လည်း ဖဆပလအဖွဲ့က အမတ်အင်အားများသောကြောင့် ၎င်းအဆိုကိုအတည်ပြုခဲ့သည်။ ရွေးကောက်ပွဲကို (၃) သုတ်ခွဲ၍ကျင်းပရန်ဖြစ်ပြီး ပထမအသုတ်ရွေးကောက်ပွဲကို ၁၉၅၁ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် စတင်ကျင်းပသည်။ ရွေးကောက်ပွဲကြီးကြပ်စီမံရေးအဖွဲ့က ကျင်းပနိုင်ပြီဟု သတ်မှတ်ထားသောနယ်များတွင်သာ တနယ်ပြီးတနယ် ကျင်းပရသည်။

ဖဆပလသည် ၁၉၅၁ ခုနှစ်၊ ဇွန်လတွင် စတင်ကျင်းပသောရွေးကောက်ပွဲအဆင့်ဆင့်တွင် မိမိတို့အာဏာ ဆက်လက်တည်တံ့ရေးအတွက် နည်းအမျိုးမျိုးကိုသုံးစွဲကြသည်။ အတိုက်အခံ နိုင်ငံရေးသမားအချို့ကို ၁၉၄၇ ခုနှစ်၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး (ထိန်းသိမ်းစောင့်ရှောက်မှု) အက်ဥပဒေ ပုဒ်မ (၅) ဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း၊ အတိုက်အခံအမတ်လောင်းအချို့နှင့် ၎င်းတို့၏ကိုယ်စားလှယ်များကို သတ်ဖြတ်ခြင်း၊ ဖဆပလ ဆိုရှယ်လစ်များ၏ ခါးပိုက်ဆောင် လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သော ယူအမ်ပီ (Union Military Police - ပြည်ထောင်စု စစ်ရဲ) တပ်ဖွဲ့များ၊ ပြောက်ကျားများ၊ ကာကွယ်ရေးများက ရွေးကောက်ပွဲတွင် ဖဆပလ အနိုင်ရရေးအတွက် ခြိမ်းခြောက်ခြင်းစသည့် မတရားအနိုင်ကျင့်မှုများကို ကျူးလွန်ကြသည်။ ရွေးကောက်ပွဲကျင်းပပြီးနောက် မဲရေတွက်သည့်အခါတွင်လည်း အာဏာရ ဖဆပလအာဏာပိုင်များက မဲပုံးများကို ချက်ချင်းမဖွင့်ဘဲ၊ မဲပုံးများဖောက်၍ မဲများခိုးပြီးမှသာ မဲရေတွက်ပြီး၊ ဖဆပလအမတ်လောင်းအနိုင်ရရှိရန် ဆောင်ရွက်ခဲ့သည်များရှိခဲ့သည်။ ၁၉၅၁ ခုနှစ်၊ ရွေးကောက်ပွဲတွင် ဖဆပလက မဲခိုးသည်ဟုယုံကြည်ကြောင်း ထိုစဉ်က တရားဝန်ကြီး ဦးဇမောင်က နောက်ပိုင်းတွင်ဝန်ခံခဲ့သည်ဟုဆိုသည်။

သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၌ ၁၉၅၁ ခုနှစ် ရွေးကောက်ပွဲတွင် ဖဆပလ ဆိုရှယ်လစ်အမတ်အနိုင်ရရေးအတွက် ဆိုရှယ်လစ်တပ်မှူး ဗိုလ်မှူးထွန်းတင်အုပ်ချုပ်သော အမှတ် (၂၂) ယူအမ်ပီတပ်မှ တပ်သားများဝင်ရောက်ခြိမ်းခြောက်နှောင့်ယှက်သဖြင့် ဖဆပလအမတ် အနိုင်ရရှိခဲ့သည်။ မင်းလှမြို့နယ်တွင်လည်း အမှတ် (၂၂) ယူအမ်ပီတပ်ဖွဲ့များနှင့် ဆိုရှယ်လစ်ပြောက်ကျားများသည် ရွေးကောက်ပွဲတွင် ဝင်ရောက်နှောင့်ယှက်ကာ အနိုင်ရထားသည့် အတိုက်အခံပါတီတခုမှအမတ်အား မတရားအရေးယူ၍ အမတ်အဖြစ်မှ ရပ်စဲစေခဲ့သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် ဖဆပလအဖွဲ့ချုပ်နှင့်အတူ ဗမာပြည်အလုပ်သမား လယ်သမားပါတီ၊ ဦးအောင်သန်း၏ ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစု၊ ဗိုလ်ထွန်းစိန်၏ ပြည်သူ့ရဲဘော်အဖွဲ့၊ သခင်ဗစိန်၏ ဗမာပြည်ဒီမိုကရက်တစ်ပါတီ၊ ဒေါက်တာဘမော်၏ မဟာဗမာအဖွဲ့၊ ဦးဘဘေ၏ ပြည်ချစ်မဟာမိတ်

အဖွဲ့၊ တသီးပုဂ္ဂလ ရခိုင်အမျိုးသားများအဖွဲ့၊ ဗမာ–မွတ်စလင်ကွန်ဂရက်၊ ဗိုလ်ချုပ်အောင်ဆန်းအဖွဲ့၊ အောင်ပါတီ၊ အင်ဒီပင်းဒင့်ပါတီစသော အဖွဲ့အစည်းမျိုးစုံ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ဤရွေးကောက်ပွဲတွင် လက်ရှိအာဏာရအဖွဲ့လည်းဖြစ်၊ အင်အားအကြီးဆုံး နိုင်ငံရေးအဖွဲ့ကြီးလည်းဖြစ်သော ဖဆပလအဖွဲ့ချုပ်က အနိုင်ရရှိကာ အစိုးရဖွဲ့ခဲ့သည်။ မဲပေးကြသူများ အနက် (၆၀) ရာနှုန်းသည် ဖဆပလကို ထောက်ခံမဲပေးခဲ့ကြသည်။ ရွေးကောက်ပွဲတွင်ရရှိသော မဲအရေအတွက်စာရင်း အတိအကျကို ၁၉၅၄ ခုနှစ်အထိ ထုတ်ပြန်နိုင်ခြင်းမရှိခဲ့ပေ။ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့ထုတ်ပြန်ချက်အရ စုစုပေါင်း လွှတ်တော်အမတ် (၂၃၃) နေရာတွင် ဖဆပလအဖွဲ့ချုပ်က နေရာပေါင်း (၁၈၀) နှင့် အတိုက်အခံအဖွဲ့အစည်းများက (၅၃) နေရာရရှိခဲ့သည်။

ရွေးကောက်ပွဲမှာ တရားမျှတမှုမရှိဟူ၍ အတိုက်အခံနိုင်ငံရေးပါတီများက စွပ်စွဲခဲ့ကြသည်။ နယ်များတွင် အတိုက်အခံအမတ်များနှင့် ၎င်းတို့၏ကိုယ်စားလှယ်များ အသတ်ခံကြရသည်ဟု ဆိုကြသည်။ **[ဖားအံနယ်အမတ်လောင်း ဦးဘဆက်၊ ရွှေဘိုအတိုက်အခံကိုယ်စားလှယ်၊ ပခုက္ကူအတိုက်အခံ ကိုယ်စားလှယ်နှစ်ဦး၊ မိတ္ထီလာတွင် အတိုက်အခံ ခုနစ်ဦး၊ အင်းစိန်အတိုက်အခံအမတ်လောင်း ဦးထွန်းမြင့်၊ ရခိုင်အမတ် ဦးဘစိန်တို့ လုပ်ကြံခံရသည်ဟု ဖော်ပြထားသည်။ နု–အက်တလီမှ ပြည်တော်သာစခန်း၊ စာ ၂၂]** အတိုက်အခံ လက်ဝဲ၊ လက်ျာနိုင်ငံရေးပါတီများသည် ၁၉၅၂ ခုနှစ်၊ ဧပြီလ (၁) ရက်မှ (၄) ရက်နေ့အထိ ပြည်လုံးကျွတ် မတရားရွေးကောက်ပွဲကွန်ဖရင့်ကို ဒေါက်တာဘမော်၊ ဦးအောင်သန်း၊ သခင်ချစ်မောင်၊ သခင်လွင်၊ ဦးဘငြိမ်းစသော နိုင်ငံရေးခေါင်းဆောင်များဦးဆောင်ကာ ကျင်းပခဲ့သည်။ ၎င်းကွန်ဖရင့်တွင် (၁) ဖဆပလ၏ ခါးပိုက်ဆောင် လက်နက်ကိုင်အဖွဲ့များသည် ဖဆပလအား မဲပေးရန် ပြည်သူများအား ခြိမ်းခြောက်သည်။ **[တိုက်ကြီး၊ ဖျာပုံ၊ မြန်အောင်၊ ဝမ်းတွင်း စသည်တို့တွင် အတိုက်အခံများ မပြိုင်ဝံ့အောင် စစ်တပ်ဖြင့် ခြိမ်းခြောက်သည်။ သာယာဝတီ၊ စစ်ကိုင်း၊ ပျဉ်းမနား၊ ရွှေဘို၊ ပခုက္ကူ၊ မိတ္ထီလာစသည်တို့တွင် ဖဆပလ ဆိုရှယ်လစ်လက်နက်ကိုင်တပ်များက ခြိမ်းခြောက်မဲထည့်ခိုင်းသည်ဟု ဖော်ပြထားသည်။ နု–အက်တလီမှ ပြည်တော်သာစခန်း၊ စာ ၂၂ ]** (၂) ဖဆပလ အဖွဲ့ချုပ်အနိုင်ရရေးအတွက် တပ်မတော်က လိမ္မာပါးနပ်စွာ ပရိယာယ်မျိုးစုံဖြင့်ကူညီခဲ့သည်။ (၃) ရွေးကောက်ပွဲနည်းဥပဒေအရ ကိုယ်စားလှယ်လွှတ်၍ မဲပေးခွင့်မရှိသော်လည်း မြစ်ကြီးနားမဲဆန္ဒနယ်တွင် မဲပုံးများကိုထမ်း၍ တအိမ်တက်ဆင်း မဲထည့်ခိုင်းသည် စသည်ဖြင့် မတရားမှုများကို ထောက်ပြကြသည်။ ထို့နောက် **ပြည်လုံးကျွတ် မတရားရွေးကောက်ပွဲကွန်ဖရင့်အစီရင်ခံစာ**ကို ထုတ်ပြန်ခဲ့သည်။ ၎င်းအစီရင်ခံစာတွင် ဥပဒေအလွဲသုံး စားလုပ်မှုများစစ်ဆေးရေး၊ လက်နက်အလွဲသုံးစားမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများ စစ်ဆေးရေး၊ အာဏာနှင့် အခွင့်အရေးများအလွဲသုံးစားမှုများ စစ်ဆေးရေး၊ ဒီမိုကရေစီအခွင့်အရေးများ အလွဲသုံးစားမှုများ စစ်ဆေးရေး၊ မြူနီစပယ်မတရားရွေးကောက်ပွဲများ စစ်ဆေးရေး၊ ဒီမိုကရေစီကျဆုံးမှုများ စိစစ်ရေးဟူ၍ ခြောက်ပိုင်းခွဲကာ အစီရင်ခံတင်ပြထားသည်။ သို့သော် အာဏာလက်ရှိ အင်အားအကြီးဆုံး ဖဆပလအဖွဲ့ချုပ်အား လွန်ဆန်နိုင်ခြင်းမရှိခဲ့ပေ။

အာဏာရ ဖ–ဆ–ပ–လ ဆိုရှယ်လစ်အစိုးရက ငွေ၊ လက်နက်၊ အာဏာတို့ဖြင့် မဲခိုးသည်မှအစ လူသတ်သည်အဆုံး မတရားပြုကျင့်ခဲ့သည်။ ၁၉၅၂ ခုနှစ်၊ မတ်လတွင် ပြည်သူ့လွှတ်တော် ပထမဆုံးညီလာခံကို စတင်နိုင်ခဲ့သည်။ ထိုနှစ် မတ်လ (၁၂) ရက်နေ့တွင် ပထမဆုံးသော နိုင်ငံတော်သမ္မတအဖြစ် ဒေါက်တာဘဦး ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။

ရွေးကောက်ပွဲအကြိုကာလတွင် လူဖမ်းပွဲကြီးများ၊ လူသတ်ပွဲကြီးများ၊ ပြန်ပေးဆွဲမှုများ၊ မီးရှို့မှုကြီးများကို ခါးပိုက်ဆောင်တပ်များက ပြုလုပ်ခဲ့ကြသည်။ နယ်ချဲ့ခေတ် ဒိုင်အာခီအုပ်ချုပ်ရေး၊ (၉၁) ဌာနအုပ်ချုပ်ရေးကာလများက မဲခိုးမှုထက်ကြီးကျယ်သည့်မဲခိုးမှုများ ပြုလုပ်ခဲ့ကြသည်။ ရွေးကောက်ပွဲကို အရစ်ကျကျင်းပခဲ့ခြင်းဖြစ်သဖြင့် တနေရာမှရှုံးသော် အခြားတနေရာမှထပ်မံ ဝင်ရောက်အရွေးချယ်ခံခြင်းများရှိခဲ့သည်။ ဥပမာ … သခင်တင်

သည် ပထမအသုတ်ရွေးကောက်ပွဲတွင် သာယာဝတီခရိုင်မှ ဝင်ရောက်အရွေးခံခဲ့ရာ ရှုံးနိမ့်ခဲ့သော်လည်း၊ ဒုတိယ အသုတ်ရွေးကောက်ပွဲတွင် ဖြူးမဲဆန္ဒနယ်မှ ပြန်လည်အရွေးခံရပြီး အမတ်ဖြစ်လာခဲ့သည်။ လွတ်လပ်ရေးရပြီး နောက် ပထမဆုံးအကြိမ်ကျင်းပသည့် ရွေးကောက်ပွဲမှစ၍ အာဏာရ ဖဆပလဆိုရှယ်လစ်အစိုးရသည် မဲခိုး သည်မှအစ လူသတ်သည်အဆုံး မသမာမှုများ၊ မတရားမှုများပြုကျင့်၍ အနိုင်ယူခဲ့သည်။

## "ဒုတိယအကြိမ် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ"

မြန်မာနိုင်ငံတဝန်းလုံး၌ ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲကို ၁၉၅၆ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့ တွင် ကျင်းပခဲ့သည်။ တပြည်လုံး မဲဆန္ဒနယ် (၂၅၀) အနက် (၂၂၀) တွင် ရွေးကောက်ပွဲကို တပြိုင်တည်းကျင်းပ သည်။ ယခုအကြိမ်တွင် ဖဆပလ၏ အဓိကပြိုင်ဘက်အဖြစ် အတိုက်အခံပါတီများ ပေါင်းစည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပမညတ) အဖွဲ့ ပေါ်ပေါက်လာသည်။ ပမညတ အဖွဲ့မှာ ပြည်သူ့ဒီမိုကရေစီပါတီ (တို့ဗမာအစည်းအရုံး)၊ ပြည်သူ့ညီညွတ်ရေးပါတီ၊ ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ ပေါင်းစု၊ ဗမာပြည်အလုပ်သမားလယ်သမားပါတီ (ဆိုရှယ်နီ)၊ ဗမာပြည်အလုပ်သမားအစည်းအရုံးများ အဖွဲ့ချုပ် (ဘီတီယူစီ)၊ တောင်သူလယ်သမား ညီညွတ်ရေးအစည်းအရုံး (တလညစ)၊ ပြည်သူ့လူငယ်အဖွဲ့ချုပ်၊ တရား မျှတမှုပါတီ၊ မွန်တိုင်းရင်းသားအစည်းအရုံး၊ ကရင်အမျိုးသားခေါင်းဆောင် မန်းထွန်းရင်အစရှိသော တသီးပုဂ္ဂလ များ၊ နိုင်ငံရေးပါတီများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ လူမျိုးစုအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။ ပမညတသည် ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့တွင် ခေါင်းဆောင်များလက်မှတ်ရေးထိုး၍ နိုဝင်ဘာလ (၁၈) ရက်နေ့တွင် တရားဝင်အဖွဲ့အစည်းအဖြစ် ပေါ်ပေါက်လာခဲ့သည်။ မကြာမီ မြေပြန့် ချင်းအမျိုး သားအစည်းအရုံးနှင့် လူငယ်တပ်ဦးတို့အပြင် အမှုထမ်းသမဂ္ဂ ဥက္ကဋ္ဌဟောင်း ဦးထွန်းအောင်ကျော်တို့လည်း ပူးပေါင်းပါဝင်လာကြသည်။ ထိုနောက် ပြည်သူ့သံမဏိပါတီလည်း ပါဝင်လာခဲ့သည်။

ဖဆပလသည် ကျင်းပတော့မည်ဖြစ်သော ရွေးကောက်ပွဲအနိုင်ရရေးအတွက် နည်းအမျိုးမျိုးဖြင့် ဆက် လက်ဆောင်ရွက်ခဲ့သည်။ အနှစ်လေးဆယ် အာဏာတည်ရမည်ဟူသော ကြွေးကြော်သံဖြင့် စည်းရုံးလှုံ့ဆော်ခဲ့ သည်။ ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် ဖဆပလ သြဇာခံမဟုတ်သော ခရိုင်ဝန်များကို နယ်ပြောင်းခြင်း၊ ဖဆပလနှင့် ယှဉ်ပြိုင်အရွေးခံမည့်အမတ်လောင်းများဘက်မှ ဆောင်ရွက်သူများကို ဖမ်းဆီးခြိမ်းခြောက်ခြင်းစသည့် အာဏာအလွဲသုံးစားမှုများကိုလည်း ပြုလုပ်ခဲ့သည်။ ပမညတအမတ်လောင်း သခင်လွင်ကလည်း ၎င်းအတွက် ဆောင်ရွက်ပေးနေသော ရဲဘော်လေးဦးအသတ်ခံရမှုကြောင့် မဲဆန္ဒရှင်များ၏ လုံခြုံမှုကိုမရနိုင်၊ တရားမျှတသော ရွေးကောက်ပွဲမဖြစ်နိုင်ဟု ယူဆသဖြင့် ရွေးကောက်ပွဲရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့သည်။ မအူပင်တောင်ပိုင်း ညောင်တုန်းနှင့် ဓနုဖြူနယ်တွင်လည်း ပမညတအမတ်လောင်း ဦးဘရင်သည် ပြူစောထီးများ၏ ခြိမ်းခြောက် အန္တရာယ်ပေးမှုကြောင့် လူမျိုးစုရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သည်။ ၎င်းအပြင် တရားမျှတသော ရွေး ကောက်ပွဲ ကျင်းပပေးရေးအတွက် တိုင်ကြားစာများလည်း ပေးပို့တင်ပြကြသည်ကို တွေ့ရသည်။ ရွေးကောက်ပွဲ အတွင်း အတိုက်အခံအမတ်နှင့် ကေဒါအချို့မှာ ပြူစောထီးကာကွယ်ရေးတပ်များ၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်ဟုဆိုသည်။ ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့ တွင် ဖြစ်ပွားခဲ့သည့် သာယာဝတီ၊ မင်းလှရွေးကောက်ပွဲ လေးလောင်းပြိုင်လူသတ်ပွဲကြီးမှာ လွန်စွာအရုပ်ဆိုးလှသည်။ အထွေထွေရွေးကောက်ပွဲကြီးတွင် ဖဆပလ အဖွဲ့ချုပ်ကြီးနှင့်အတူ ပမညတ၊ သခင်ဗစိန်၏ ဗမာပြည်ဒီမိုကရက်တစ်ပါတီ၊ ဒေါက်တာဗမော်၏ အမျိုးသား အုပ်စုတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပမညတသည် အင်အားအကောင်းဆုံး အတိုက်အခံပါတီဖြစ်ခဲ့သည်။ ပမညတက ပြည်တွင်းစစ်မုချရပ်စဲရမည်ဟူသော ပြည်တွင်းငြိမ်းချမ်းရေးကြွေးကြော်သံဖြင့် ရွေးကောက်ပွဲဝင်ခဲ့

သည်။ ၎င်းအပြင် ဖဆပလ၏ ပြည်တွင်းငြိမ်းချမ်းရေးသဘောထားကိုဝေဖန်ကာ တောတွင်းသူပုန်များနှင့် တွေ့ဆုံဆွေးနွေးရန် အရေးဆိုခဲ့သည်။ ဖဆပလအစိုးရကလည်း ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်မှ ၁၉၅၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ သက်တမ်းရှိသော လွတ်ငြိမ်းချမ်းသာခွင့်ကိုထုတ်ပြန်ခဲ့သည်။ ရွေးကောက်ပွဲတွင် ဖဆပလက အနှစ် (၄၀) အာဏာတည်မြဲရမည်ဟုကြွေးကြော်စည်းရုံးခဲ့သည်။ ရွေးကောက်ပွဲတွင် ဖဆပလက အနိုင်ရရှိသော်လည်း ပမညတအဖွဲ့နှင့် မဲအရေအတွက်မှာ များစွာမကွာခြားလှပေ။ ရွေးကောက်ပွဲတွင် ဖဆပလမှ (၁,၇၄၃,၈၁၆) မဲရရှိခဲ့ပြီး၊ ပမညတမှ (၁,၁၃၉,၂၈၆) မဲ ရရှိခဲ့သည်။ ပမညတအပါအဝင် အတိုက်အခံ စုစုပေါင်း အနေဖြင့် (၁,၅၃၀,၆၃၀) မဲ ရရှိခဲ့သည်။ ဖဆပလမှ အမတ်နေရာ (၁၄၇) နေရာ၊ ပမညတမှ အမတ်နေရာ (၄၆) နေရာ၊ ရခိုင်အမျိုးသားအဖွဲ့ချုပ်မှ အမတ်နေရာ (၆) နေရာ၊ တသီးပုဂ္ဂလ အမတ်နေရာ (၉) နေရာ စသည်ဖြင့် ရရှိခဲ့သည်။ ပမညတအား ထောက်ခံမဲအရေအတွက်တိုးတက်လာမှုက ဖဆပလ၏စည်းရုံးရေးကျဆင်းမှုကို ပေါ်လွင်စေသည်။ ဖဆပလအား ပြည်သူများ၏ ထောက်ခံမှုလျော့နည်းလာကြောင်း ဖော်ပြနေသည်။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ တဖက်နှင့်တဖက် အပြန်အလှန်စွပ်စွဲမှုများလည်းရှိခဲ့သည်။ ပမညတက ဖဆပလသည် စစ်တပ်နှင့် ပြူစောထီးများကြောင့် အနိုင်ရသည်ဟုစွပ်စွဲသည်။ ဤကိစ္စကို လွှတ်တော်တွင်လည်း ပမညတအမတ်များက ဝေဖန်ကြသည်။ ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့တွင် ကျင်းပသော လွှတ်တော်အစည်းအဝေးတွင် ဝါးခယ်မမြောက်ပိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးတင်ရီက ပြီးခဲ့သော ရွေးကောက်ပွဲတွင် အစိုးရသည် ဒီမိုကရေစီကို မယုံကြည်အောင်ပြုမူနေကြောင်း၊ မဲရုံအရာရှိများသည် အရည်အချင်းညံ့ဖျင်းသည့်အပြင်၊ အတိုက်အခံအမတ်လောင်းများအား မတရားပြုမူကြကြောင်း၊ စစ်တပ်က ခြိမ်းခြောက်မဲထည့်ခိုင်းကြောင်းများကို

> "... အဲသည်ဒေသမှာဆိုလျှင် ရွေးကောက်ပွဲမတိုင်မီအချိန်ကာလမှာ ဘယ်လိုလုပ်သလဲ ဆိုတော့ စစ်တပ်နှင့် ယူဘီ၊ အယ်(လ်)ဘီတွေနှင့်သွားပြီး မဲကတ်ပြားများဝေတဲ့အခါမှာ ဖ–ဆ–ပ–လကို မဲထည့်မှ မဲကတ်ပြားယူကြ။ ဖ–ဆ–ပ–လ ကို (၅) ယောက်ဘဲမဲထည့်မည်ဆိုလျှင် ၅ စောင်ဘဲယူ။ အခြားလူများကို မဲပေးမည်ဆိုလျှင် မယူကြနှင့်ဆိုပြီး ပြောတာရှိပါတယ် ..."

ဟူ၍ တင်ပြခဲ့သည်။ ထို့ပြင် ဖဆပလ မဲရရှိရေးအတွက် ပြူစောထီးတပ်များကိုအသုံးပြုကာ ဒီမိုကရေစီလွတ်လပ်ခွင့်ကို ပယ်ဖျက်သောကြောင့် မတရားရွေးကောက်ပွဲဖြစ်သည်ဟူ၍ ပမညတများက စွပ်စွဲကြသည်။ ပမညတသည် ငွေကို ရေလိုသုံးနိုင်သောကြောင့်လည်းကောင်း၊ လက်နက်ဖြင့်ခြိမ်းခြောက်၍ မဲပေးခိုင်းသောကြောင့်လည်းကောင်း မဲရသည်ဟု ဖဆပလကလည်း ပြန်လှန်စွပ်စွဲခဲ့သည်။

၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်းဦးစီးသော ယာယီအိမ်စောင့်အစိုးရအဖွဲ့သစ်က နိုင်ငံတော်အတွင်း ငြိမ်ဝပ်ပိပြားမှုပြန်လည်ရရှိရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လည်းကောင်း၊ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲ ကျင်းပရေးအတွက်လည်းကောင်း၊ သန့်ရှင်းဖဆပလ အစိုးရထံမှ အာဏာကို လွှဲပြောင်းလက်ခံယူခဲ့သည်။

ဖဆပလအစိုးရထံမှ အာဏာလွှဲပြောင်းယူခဲ့စဉ်က ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၅၉ ခုနှစ်၊ ဧပြီလ မကုန်မီ လွတ်လပ်၍တရားမျှတသော အထွေထွေရွေးကောက်ပွဲကြီးကျင်းပပေးနိုင်ရန် လိုအပ်သော အစီအစဉ်များကို အစွမ်းကုန်ဆောင်ရွက်ပေးပါမည်ဟု ကတိပြုခဲ့သည်။ သို့သော် သတ်မှတ်ထားသော ကာလအတွင်း နိုင်ငံအတွင်း အခြေအနေမတည်ငြိမ်သေးသည့်အတွက် တရားမျှတ လွတ်လပ်သောရွေးကောက်ပွဲကြီးပြုလုပ်ရန် မဖြစ်နိုင်သေးဟုယူဆသဖြင့် ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်

ညီလာခံ၌ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ပြီး၊ အထွေထွေရွေးကောက်ပွဲကျင်းပရေးကိစ္စကို ပါလီမန်မှဆုံးဖြတ်ရန် လွှဲအပ်ခဲ့သည်။

သို့သော် ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင်ကျင်းပသော ပါလီမန်လွှတ်တော်ညီလာခံတွင် ဗိုလ်ချုပ်ကြီးနေဝင်းအား ဝန်ကြီးချုပ်အဖြစ် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေသစ်အရ ပြန်လည်တင်မြှောက်ခဲ့သဖြင့် ဒုတိယအကြိမ် ဗိုလ်ချုပ်ကြီးနေဝင်းဦးစီးသော အိမ်စောင့်အစိုးရ အဖွဲ့ ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် အိမ်စောင့်အစိုးရက ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း အတိအလင်း ရက်သတ်မှတ်ကြေညာခဲ့သည်။

## "တတိယအကြိမ် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ"

တတိယအကြိမ်ရွေးကောက်ပွဲကို ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ယာယီအိမ်စောင့်အစိုးရကကျင်းပပေးခဲ့သည်။ ၁၉၅၈ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့တွင် သန့်ရှင်း–တည်မြဲဟူ၍ ဖဆပလကွဲပြီးနောက် ပထမဆုံးကျင်းပသည့် ရွေးကောက်ပွဲဖြစ်သည်။

အထွေထွေရွေးကောက်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်ပြီးနောက် အိမ်စောင့်အစိုးရသည် လက်ရှိပါလီမန်ကို ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်။ ထို့နောက် ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် နိုင်ငံတော်သမ္မတက ၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲအက်ဥပဒေ ပုဒ်မ (၁၅) နှင့် ၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ နည်းဥပဒေတွင် ပြဋ္ဌာန်းထားသော အာဏာကိုအသုံးပြုလျက် အမတ်အဖြစ် အရွေးခံရန် အမည်တင်သွင်းရမည့်နေ့၊ အမည်တင်သွင်းလွှာများကို ကြည့်ရှုစစ်ဆေးရမည့်နေ့၊ အရွေးခံသူအဖြစ် အမည်တင်သွင်းလွှာ နုတ်သိမ်းရန်နေ့၊ အများပြည်သူ မဲပေးရန်နေ့နှင့် မဲရေတွက်ရန်နေ့များကို ပြဋ္ဌာန်းသတ်မှတ်ကြေညာသည်။

အထွေထွေရွေးကောက်ပွဲနီးကပ်လာသည့်အတွက် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများသည် မဲဆွယ် စည်းရုံးခြင်း၊ ရွေးကောက်ပွဲဝါဒလမ်းစဉ်များကြေညာချက်များဖြင့် လှုပ်ရှားလာကြသည်။ နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးခေါင်းဆောင်များသည် အတားအဆီးမရှိ လွတ်လပ်စွာ တရားဟောပြော မဲဆွယ်စည်းရုံးခဲ့ကြသည်။ ရွေးကောက်ပွဲအနိုင်ရရေးအတွက် မဲဆွယ်စည်းရုံးလှုပ်ရှားရာတွင် ပါတီများက မိမိဝါဒနှင့်လမ်းစဉ်များကိုကြေညာပြီး မဲဆွယ်မှုများပြုလုပ်ခဲ့ကြသည်။

ရွေးကောက်ပွဲကာလအတွင်း နိုင်ငံရေးပါတီများသည် မဲဆွယ်ဟောပြောခြင်း၊ လက်ကမ်းစာစောင်၊ စာတမ်းများထုတ်ဝေခြင်း၊ သတင်းစာများမှ တဆင့် စည်းရုံးခြင်း၊ ခေါင်းဆောင်များကိုယ်တိုင် နယ်လှည့်စည်းရုံး ဟောပြောခြင်းစသော နည်းအမျိုးမျိုးကိုသုံးစွဲခဲ့ကြသည်။ အထူးသဖြင့် အဓိကအင်အားကြီးပါတီကြီးများဖြစ်သော တည်မြဲနှင့် သန့်ရှင်းဖဆပလနှစ်ဖွဲ့သည် လူအင်အား၊ ငွေအင်အားသုံးကာ အပြိုင်မဲဆွယ်လှုပ်ရှားခဲ့ကြသည်။ ပါတီကြီးနှစ်ရပ်၏ ခေါင်းဆောင်ပိုင်းတွင် တဦးအပေါ်တဦး ပုတ်ခတ်အပြစ်ရှာ ဟောပြောရေးသားမှုများသာမက မြို့နယ်အောက်ခြေအဆင့်များတွင်ပါ ပဋိပက္ခများ အသွင်အမျိုးမျိုးဖြင့် ပေါ်လာခဲ့သည်။ တည်မြဲ ဖဆပလ နှင့် သန့်ရှင်းဖဆပလ အဖွဲ့ကြီးနှစ်ခုက အားပြိုင်မဲဆွယ်စည်းရုံးရေးဆင်းကြသည့်နည်းတူ ပမညတကလည်း ပမညတအမတ်လောင်းများ အနိုင်ရရေးအတွက် လှုပ်ရှားခဲ့ကြသည်။

မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် ပုဂ္ဂိုလ်များသာမက သတင်းစာအချို့ကလည်း မိမိတို့လိုလားရာဘက်သို့ လိုက်၍ရေးသားကြသည်။ **ပြည်ထောင်စုနေ့စဉ်**

သတင်းစာနှင့် **ဗမာ့ခေတ်** သတင်းစာတို့က သန့်ရှင်းဖဆပလအတွက် စည်းရုံးပေးခဲ့၍ **မဏ္ဍိုင်** သတင်းစာနှင့် **အထောက်တော်** သတင်းစာတို့က တည်မြဲဖဆပလအတွက် စည်းရုံးပေးခဲ့သည်။ နိုင်ငံရေးပါတီများ အပြိုင်မဲဆွယ်ခဲ့ကြရာတွင် ပါတီအချင်းချင်း ဝါဒရေးရာပြိုင်ဆိုင်ခြင်း၊ ပုဂ္ဂိုလ်ရေး ဝေဖန်တိုက်ခိုက်ခြင်း၊ သတင်းစာများမှ တဆင့် ကာတွန်းများ၊ ဆောင်းပါးများဖြင့် ပုတ်ခတ်သရော်ခြင်း စသည်ဖြင့် ပါတီတိုက်ပွဲများ ပြင်းထန်ခဲ့သည်။ ရွေးကောက်ပွဲအနိုင်ရရေးအတွက် ထိုသို့ဟောပြောမဲဆွယ်ခြင်း၊ ဝေဖန်ပုတ်ခတ်ခြင်းသာမကတော့ဘဲ လက်နက်ဖြင့် တိုက်ခိုက်လာသည်အထိ အားပြိုင်မှုအရှိန်အဟုန်မြင့်မားလာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့တွင် ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ သန့်ရှင်း ဖဆပလအဖွဲ့ အတွင်းရေးမှူးဦးမြလှိုင်နှင့် သန့်ရှင်းအမတ်လောင်း ဦးချစ်မောင်တို့ သဲကုန်းမှ ပုတီးကုန်းသို့ မဲဆွယ်စည်းရုံးရေးသွားစဉ် လက်ပစ်ဗုံးနှင့်အပစ်ခံရသဖြင့် ဦးမြလှိုင်မှာ တင်ပါးတွင်ဒဏ်ရာရပြီး ဆေးရုံတင်ခဲ့ရသည်။ ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် မြိတ်မြို့၌ သန့်ရှင်းဖဆပလဥက္ကဋ္ဌ ကိုဘမောင်အား တည်မြဲဖဆပလအဖွဲ့ဝင် လူငယ်တဦးက ဓားဖြင့်ထိုးခဲ့သဖြင့် ကိုဘမောင်၏ လက်ဝဲဘက်ရင်အုံတွင် ဒဏ်ရာရရှိခဲ့သည်။

သန့်ရှင်းဖဆပလမဲပုံးများတွင် သန့်ရှင်းဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌဦးနု၏ဓာတ်ပုံနှင့် သက်ဆိုင်ရာအမတ်လောင်း၏အမည်ကို ဖော်ပြထားသည်။ မဲပုံးတွင် သာသနာရောင်ဖြစ်သည့် အဝါရောင်ကိုသုံးခဲ့၍ အရွေးခံသူ သန့်ရှင်းအမတ်လောင်းများ၏ မဲပုံးများတွင် ဦးနု၏ဓာတ်ပုံကို ထင်ရှားစွာကပ်ထားခြင်းဖြင့် မဲဆန္ဒရှင်များက ဦးနုကိုယ်တိုင် ဝင်ရောက်အရွေးခံသည်ဟု ထင်ယောင်ထင်မှားဖြစ်အောင်လှည့်စားခဲ့သည်။ တည်မြဲ ဖဆပလ မဲပုံးများတွင် တည်မြဲဖဆပလအလံတော်အတိုင်း နောက်ခံအနီရောင်၊ လက်ဝဲထောင့်တွင် ထောင့်ငါးထောင့်ပါ ကြယ်ဖြူတပွင့် အလယ်တွင် ဖဆပလဟူသော အဖြူရောင်စာလုံး၊ အောက်ဆုံး အလယ်နားတွင် အဖြူခံ အပေါ်၌ သက်ဆိုင်ရာအမတ်လောင်း၏အမည်ကို အနီရောင်ဖြင့် ရေးသားထားသည်။ ပမညတမဲပုံးများတွင် အပြာရောင်နောက်ခံတွင် အဝါရောင်ကြယ်ပွင့်တပွင့်နှင့် သက်ဆိုင်ရာအမတ်လောင်းအမည်ကို ဖော်ပြထားသည်။

မြန်မာတနိုင်ငံလုံး၌ မဲဆန္ဒရှင်ပေါင်း (၉,၉၅၈,၆၇၅) ဦး ရှိခဲ့သည်။ ရွေးကောက်ပွဲကို မဲဆန္ဒနယ် (၂၅၀) ရှိသည့်အနက် (၂၃) နေရာကို သောင်းကျန်းသူများ၏ နှောင့်ယှက်ခြိမ်းခြောက်မှု၊ အမတ်လောင်းများ၏ မကျေနပ်မှုကြောင့် တရားလွှတ်တော်ရုံးများ၏ အဆုံးအဖြတ်မကျသေးမှုများကြောင့် ရွေးကောက်ပွဲရွှေ့ဆိုင်းခဲ့ရသည်မှလွဲ၍ ကျန်မဲရုံများတွင် ရွေးကောက်ပွဲကို တပြိုင်တည်းကျင်းပနိုင်ခဲ့သည်။ သန့်ရှင်းဖဆပလက (၂၀၃) နေရာတွင် အနိုင်ရခဲ့ပြီး၊ တည်မြဲဖဆပလက (၃၉) နေရာတွင် အနိုင်ရခဲ့သည်။ ပမညတက ရေးမြို့တနေရာတွင်သာ အနိုင်ရခဲ့သည်။ သန့်ရှင်းမှ တည်မြဲတို့ထက် မဲလေးဆကျော် အသာဖြင့် အနိုင်ရရှိခဲ့သည်။

၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲကြီးတွင် ဘက်လိုက်ခြင်း၊ မတရားပြုလုပ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ရှိခဲ့သည်။

ရွေးကောက်ပွဲပြီးနောက် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော အိမ်စောင့်အစိုးရအဖွဲ့မှ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ပြည်ထောင်စုပါတီ (ပထစ) ဟု အမည်သစ်ခံယူထားသည့် ဦးနုဦးဆောင်သော အစိုးရအဖွဲ့သစ်သို့ အာဏာကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ၁၉၆၂ ခုနှစ်အထိ ပြည်ထောင်စု (ပထစ) အစိုးရမှ တာဝန်ယူခဲ့သည်။

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သည့် တော်လှန်ရေးကောင်စီမှ အာဏာပြန်သိမ်းခဲ့သည်။ သမ္မတကြီး မန်းဝင်းမောင်အပါအဝင် ဝန်ကြီးချုပ်ဦးနုနှင့် အခြားနိုင်ငံရေးခေါင်းဆောင်အများအပြားကို ဖမ်းဆီးထောင်ချထားခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်းလက်မှ အာဏာလွှဲပြောင်းရယူခဲ့သည့် ဦးနုမှာ ထောင်ထဲတွင် ရက်ပေါင်း (၁,၆၉၉) ရက်နေခဲ့ရပြီး ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်နေ့တွင်မှ ပြန်လွှတ်သည်။

**တော်လှန်ရေးကောင်စီခေတ်။**

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့ နံနက်ပိုင်းတွင် တပ်မတော်ခေါင်းဆောင် (၁၇) ဦးပါဝင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။ တော်လှန်ရေးကောင်စီဥက္ကဋ္ဌအဖြစ် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းမှ ဆောင်ရွက်ခဲ့သည်။

လူထုဆန္ဒ၊ လူထုနည်းမပါဘဲ စစ်တပ်နည်းသက်သက်ဖြင့် အာဏာသိမ်းခဲ့ခြင်းကို ဗမာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ၊ ရန်ကုန်ခရိုင် ကျောင်းသားများသမဂ္ဂ၊ မန္တလေးတက္ကသိုလ်၊ မော်လမြိုင်ကောလိပ်နှင့် ပုသိမ်ကောလိပ်ရှိ ကျောင်းသားများသမဂ္ဂ အဖွဲ့အစည်းများက ဆန့်ကျင်ကန့် ကွက်ခဲ့ကြသည်။ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ (၇) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသား ညီညွတ်ရေးတပ်ဦးမှ ဦးဆောင်၍ စီတန်းလှည့်လည်ဆန္ဒပြခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ကျောင်းသားခေါင်းဆောင်အချို့အား စစ်အုပ်စုက ဖမ်းဆီးခဲ့သည်။ ရဲနှင့်ကျောင်းသားများ အချင်းချင်း ခဲများ၊ မျက်ရည်ယိုဗုံးများဖြင့် အပြန်အလှန်ပစ်ခတ်သည့်အထိ ကျယ်ပြန့်လာခဲ့သည်။ ရဲတပ်များရုပ်သိမ်းပြီး စစ်တပ်မှ သေနတ်ဖြင့်ပစ်ခတ် လူစုခွဲခဲ့သည်။ စစ်အုပ်စုက တက္ကသိုလ်သမဂ္ဂအဆောက်အအုံအား အုတ်မြစ်အထိမကျန်စေအောင်တွက်ချက်ပြီး၊ ယမ်းဘီလူးများမြှုပ်နှံ၍ ဇူလိုင်လ (၈) ရက်နေ့ နံနက်လင်းအားကြီးတွင် ဖြိုခွဲခဲ့သည်။

တော်လှန်ရေးကောင်စီသည် ၁၉၆၂ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့တွင် နိုင်ငံတော် တော်လှန်ရေးကောင်စီ၏ ဝါဒသဘောထားကြေညာချက်ဖြစ်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

၁၉၆၂ ခုနှစ်၊ မေလ (၉) ရက်နေ့တွင် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၊ ပြည်နယ်/တိုင်း လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၊ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၊ မြို့မ/ကျေးရွာလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အဆင့်ဆင့်ကိုဖွဲ့စည်းခဲ့ပြီး ၁၉၆၂ ခုနှစ်၊ မေလ (၁၇) ရက်နေ့မှစ၍ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များရှိ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းရေး ဦးစီးအဖွဲ့များကို လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီအသီးသီးသို့ ပြောင်းလဲခဲ့သည်။

၁၉၆၂ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုကြေညာ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (The Burma Socialist Programme Party) ကို အမြုတေပါတီအဖြစ် ထူထောင်ခဲ့သည်။

၁၉၆၄ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် ယင်းပါတီ၏ ဦးဆောင်မှုကို ခံယူသော အဖွဲ့အစည်းများမှအပ ကျန်နိုင်ငံရေးအဖွဲ့အစည်းအားလုံးကို ဖျက်သိမ်းသည့်ဥပဒေဖြစ်သော "၁၉၆၄ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကိုကာကွယ်သည့် ဥပဒေ" ကို တော်လှန်ရေးကောင်စီက ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံရေးပါတီအားလုံးကို ဖျက်သိမ်းလိုက်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို တပါတီစနစ်ဖြင့် စတင်အကောင်အထည်ဖော်ခဲ့သည်။

၁၉၇၁ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် အမြုတေပါတီအဆင့်မှ ပြည်သူ့ပါတီအဖြစ်သို့ ရောက်ရှိခဲ့သည်။ ယခင်က တော်လှန်ရေးကောင်စီသည် နိုင်ငံရေးဦးဆောင်မှုတွင် အမြင့်ဆုံးအဖွဲ့အစည်း ဖြစ်ခဲ့ရာမှ ပြည်သူ့ပါတီဖြစ်လာသည့်အခါ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံရေးဦးဆောင်ပါတီဖြစ်လာခဲ့သည်။

၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီမှ တပါတီအာဏာရှင်စနစ်ဖြင့် အုပ်ချုပ်ခဲ့ပြီး၊ ပြည်သူ့ဆန္ဒခံယူသည့် ရွေးကောက်ပွဲများမရှိခဲ့ပါ။

ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၇၂ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့တွင် တပ်မတော်မှအငြိမ်းစားယူခဲ့ပြီး၊ ဦးနေ

ဝင်း ဖြစ်လာခဲ့သည်။ ၎င်းနှင့်အတူ အခြားတပ်မတော်အရာရှိကြီး (၂၀) ဦးလည်း တပ်မတော်မှ အငြိမ်းစား ယူခဲ့ကြပြီး၊ အာဏာကို (မူလပိုင်ရှင် ပြည်သူလူထုထံသို့) အရပ်သားအစိုးရလက်သို့ ပြန်လည်အပ်နှင်း လေဟန် စီစဉ်မှုကို ကြိုတင်ပြင်ဆင်လုပ်ဆောင်ခဲ့ကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့မှ ဖေဖော်ဝါရီလ (၁၀) ရက်နေ့အထိ ပြုလုပ်ခဲ့သည်။ စုစုပေါင်းမဲဆန္ဒနယ် (၄၅၁) နယ်တွင် မဲဆန္ဒနယ် (၄၅၀) ၌ တကြိမ်တည်းဖြင့် ဆန္ဒမဲထက်ဝက်ကျော်ရရှိပြီး အောင်မြင်စွာရွေးချယ် နိုင်ခဲ့သည်။ ပလက်ဝမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) တွင် ရွေးချယ်တင်မြှောက်ပွဲ အထမြောက် သော်လည်း လာရောက်ဆန္ဒမဲပေးသူဦးရေ၏ထက်ဝက်ကျော် ဆန္ဒမဲမရသဖြင့် ကိုယ်စားလှယ်ရွေးချယ်တင် မြှောက်နိုင်ခြင်းမရှိခဲ့ချေ။ ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရန် အချိန်မလုံလောက်သဖြင့် အဆိုပါ မဲဆန္ဒနယ်၏ ရွေးချယ်တင်မြှောက်ပွဲကို ဖျက်သိမ်းခဲ့ရသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများတွင် မဲဆန္ဒ နယ်တခုအတွက် ယှဉ်ပြိုင်သူမရှိဘဲ၊ တဦးတည်းသာ ရွေးချယ်တင်မြှောက်ခံရန်ဖြစ်လျှင် ယင်းကိုယ်စား လှယ်လောင်းအား ထောက်ခံသည့်မဲပုံးနှင့် ကန့်ကွက်သည့်မဲပုံး နှစ်ပုံးသာထားရသည်။ မဲပုံးများပေါ်တွင် ကိုယ်စား လှယ်လောင်း၏အမည်ကို ရေးသားထားပြီး၊ ထောက်ခံသည့်မဲပုံး၌ "ထောက်ခံသည်" ဟူသော စာနှင့် အမှတ် အသားကိုလည်းကောင်း၊ ကန့်ကွက်သည့်မဲပုံး၌ "ကန့်ကွက်သည်" ဟူသော စာနှင့် အမှတ်အသားကိုလည်း ကောင်း ရေးသားထားသည်။ မဲဆန္ဒနယ်တခုတွင် ယှဉ်ပြိုင်အရွေးခံသူ တဦးထက်ပို၍ရှိလျှင် ယင်းသို့ယှဉ်ပြိုင် အရွေးခံသူ အရေအတွက်ရှိသလောက် မဲပုံးအရေအတွက်ပြုလုပ်စီစဉ်ထားသည်။ မဲပုံးအသီးသီးတွင် သက်ဆိုင်ရာ ပြည်သူ့ကိုယ်စားလှယ် လောင်းများ၏အမည်များကို ထင်ရှားစွာရေးသားထားသည်။ မဲရုံတရုံစီတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်လောင်းအတွက် ဆန္ဒမဲပေးခန်း၊ မြို့နယ် ပြည်သူ့ကောင်စီဝင်လောင်းအတွက် ဆန္ဒမဲပေးခန်း၊ ပြည်နယ်၊ တိုင်း ပြည်သူ့ကောင်စီဝင်လောင်းအတွက် ဆန္ဒမဲပေးခန်း၊ ပြည်သူ့လွှတ်တော် ကိုယ် စားလှယ်လောင်းအတွက် ဆန္ဒမဲပေးခန်းဟူ၍ ဆန္ဒမဲပေးခန်း အခန်း (၄) ခန်းစီထားရှိသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီမှ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်၊ တိုင်း ပြည်သူ့ကောင်စီအဆင့် ကိုယ်စားလှယ် လောင်းစာရင်းကို ပြုစုပေးသည်။ ပြည်သူ့လွှတ်တော်အဆင့်တွင် ပါတီဗဟိုကော်မတီမှ ရာထားပေးသူများ၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အဆင့်များတွင် ဒေသပါတီကော်မတီမှ ရာထားပေးသူများအား နှစ်သက်သဘောကျသည် ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ရွေးချယ်ပေးကြရသည်။ ဖြစ်သည့်နည်းနှင့် ရအောင် ဆောင်ရွက်ပေးကြရသဖြင့် မသမာမှုများရှိခဲ့သည်။ အမဲပုံးမှမဲများ အဖြူပုံးသို့ နောက်ပိုင်းတွင် ပြောင်းထည့်ခြင်း များ ရှိခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ (၁၅)ရက်နေ့အထိ ပြုလုပ်ခဲ့သည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အတွက် သတ်မှတ်ထားသည့်မဲဆန္ဒနယ်ပေါင်း (၄၆၄) ခုရှိခဲ့သည်။ တတိယအကြိမ် ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းနိုင်ရန် တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၈၁ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့မှစ၍ (၃၀) ရက်နေ့အထိ ပြုလုပ်ခဲ့သည်။ တတိယအကြိမ်ပြည်သူ့ လွှတ်တော်အတွက် သတ်မှတ်ထားသည့် မဲဆန္ဒနယ်ပေါင်း (၄၇၅) ခု ရှိခဲ့သည်။ စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းနိုင်ရန်အတွက် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ များကို ၁၉၈၅ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့မှစ၍ (၂၀) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ စတုတ္ထ

အကြိမ်ပြည်သူ့လွှတ်တော်အတွက် သတ်မှတ်ထားသည့် မဲဆန္ဒနယ်ပေါင်း (၄၈၉) ခုရှိခဲ့သည်။

၁၉၇၂ ခုနှစ်က စစ်ဘက်မှအငြိမ်းစားယူ၍ အရပ်ဝတ်ပြောင်းဝတ်ခဲ့ကြသည့် တော်လှန်ရေးကောင်စီဝင်များဖြစ်သည့် ဦးနေဝင်း (ယခင်ဗိုလ်ချုပ်ကြီးနေဝင်း) သည် ရန်ကုန်တိုင်း၊ မရမ်းကုန်းမဲဆန္ဒနယ် အမှတ် (၁) မှ လည်းကောင်း၊ ဦးစိန်ဝင်း (ယခင်ဗိုလ်မှူးချုပ်စိန်ဝင်း) သည် တနင်္သာရီတိုင်း၊ ထားဝယ်မဲဆန္ဒနယ် အမှတ် (၁) မှ လည်းကောင်း၊ ဦးသောင်းကြည် (ယခင်ဗိုလ်မှူးကြီးသောင်းကြည်) သည် စစ်ကိုင်းတိုင်း၊ ရွှေဘိုမဲဆန္ဒနယ် အမှတ် (၁) မှလည်းကောင်း၊ ဦးကျော်စိုး (ယခင်ဗိုလ်မှူးကြီးကျော်စိုး) သည် ပဲခူးတိုင်း၊ နတ္တလင်းမဲဆန္ဒနယ် အမှတ် (၂) မှလည်းကောင်း၊ ဦးသန်းစိန် (ယခင်ဗိုလ်မှူးကြီးသန်းစိန်) သည် မကွေးတိုင်း၊ ပခုက္ကူမဲဆန္ဒနယ် အမှတ် (၂) မှ လည်းကောင်း၊ ဒေါက်တာလှဟန် (ယခင်ဗိုလ်မှူးကြီးလှဟန်) သည် ဧရာဝတီတိုင်း၊ ဖျာပုံမဲဆန္ဒနယ် အမှတ် (၁) မှလည်းကောင်း၊ ဒေါက်တာမောင်လွင် (ယခင်ဗိုလ်မှူးကြီးမောင်လွင်) သည် မန္တလေးတိုင်း၊ ကျောက်ဆည်မဲဆန္ဒနယ် အမှတ် (၁) မှလည်းကောင်း၊ ဦးမောင်မောင်ခ (ယခင်ဗိုလ်မှူးကြီး မောင်မောင်ခ) သည် ရန်ကုန်တိုင်း၊ လှိုင်မဲဆန္ဒနယ် အမှတ် (၂) မှလည်းကောင်း ရွေးချယ်တင်မြှောက်ခံခဲ့ကြရသည်။

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ခေတ်။

၁၉၇၄ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ပထမအကြိမ်အစည်းအဝေးကို ရန်ကုန်မြို့၊ အလုံလမ်း၊ အစိုးရဂေဟာဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ စတင်ကျင်းပခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၅၀) စုံညီ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးစတင်ကျင်းပသည့် ပထမနေ့တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဦးနေဝင်းက "ယနေ့ ယခုအချိန်မှစ၍ နိုင်ငံတော်အချုပ်အခြာအာဏာကို မူလပိုင်ရှင်အစစ်ဖြစ်သူ တိုင်းရင်းသားပြည်သူများအားကိုယ်စားပြုသည့် ဤပြည်သူ့လွှတ်တော်ကို တော်လှန်ရေးကောင်စီမှ ပြန်လည်အပ်နှင်းကြောင်း တော်လှန်ရေးကောင်စီ၏ကိုယ်စား ကြေငြာအပ်ပါသည်"ဟု ကြေညာခဲ့သည်။ ဆက်လက်တည်ရှိရန် မလိုအပ်တော့သဖြင့် တော်လှန်ရေးကောင်စီအား ဖျက်သိမ်းကြောင်းကိုလည်း ကြေညာခဲ့သည်။

အခြေခံဥပဒေနှင့်အညီ ၁၉၇၄ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးကိုကျင်းပပြီး နိုင်ငံတော်အာဏာကို ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

**ပြည်သူ့လွှတ်တော်သည်** နိုင်ငံသားများ၏ကိုယ်စား နိုင်ငံတော်၏အချုပ်အခြာအာဏာကို ခံယူကျင့်သုံးသော နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည်။

ပြည်သူ့လွှတ်တော်၏ ပုံမှတ်သက်တမ်းသည် ပြည်သူ့လွှတ်တော် ပထမအကြိမ်အစည်းအဝေးကျင်းပသည့်နေ့မှစ၍ (၄) နှစ်ဖြစ်သည်။

နိုင်ငံတော်ဥပဒေပြုအာဏာသည် ပြည်သူ့လွှတ်တော်တွင်သာတည်ရှိသည်။ နိုင်ငံတော်၏ စီမံခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှုအာဏာတို့ကိုမူ ပြည်သူ့လွှတ်တော်သည် ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွဲဝေအပ်နှင်းနိုင်သည်ဟု ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပါရှိသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က အဖွဲ့ဝင် (၂၈) ဦးပါဝင်သော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံတော်ကောင်စီကို ရွေးချယ်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်ကောင်စီဝင်များက တဖန် နိုင်ငံတော်ကောင်စီ၏ ဥက္ကဋ္ဌအဖြစ် ဦးနေဝင်းအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဗိုလ်ချုပ်ကြီး စန်းယုအားလည်းကောင်း ရွေးချယ်တင်မြှောက်ကြသည်။ ဤသို့ဖြင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ

အခြေခံဥပဒေ ပုဒ်မ (၆၆) အရ ဦးနေဝင်းသည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏ ပထမသမ္မတ ဖြစ်လာခဲ့သည်။ လူထုဆန္ဒမပါဘဲ စစ်တပ်မှသိမ်းယူထားခဲ့သည့်အာဏာကို ရယူထားခဲ့သည့် တော်လှန်ရေး ကောင်စီဥက္ကဋ္ဌ ဦးနေဝင်းထံမှ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏သမ္မတ ဦးနေဝင်းထံသို့ လူထုထံမှ တရားဝင်အာဏာအပ်နှင်းသည့်အသွင် ရောက်ရှိသွားခဲ့သည်။

၁၉၈၈ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအရေးပေါ် ပါတီညီလာခံကို ကျိုက္ကဆံကွင်း၊ ဆရာစံခန်းမ၌ စတင်ကျင်းပခဲ့သည်။ ထိုညီလာခံတွင် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက မတ်လနှင့်ဇွန်လ အရေးအခင်းဖြစ်ခဲ့ရမှုတွင် သွယ်ဝိုက်သောနည်းဖြင့် တာဝန်မကင်းဟု ယူဆသောကြောင့်လည်းကောင်း၊ အသက် အရွယ်ထောက်လာခြင်းကြောင့်လည်းကောင်း ပါတီဥက္ကဋ္ဌတာဝန်နှင့် ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် မေတ္တာ ရပ်ခံခဲ့သည်။ ၎င်းနှင့်တပါတည်း နုတ်ထွက်ခွင့်ပြုနိုင်ရန်အတွက် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော ဦးစန်းယု၊ ဦးအေးကို၊ ဦးစိန်လွင်၊ သူရဦးထွန်းတင်နှင့် သူရဦးကျော်ထင်တို့ကလည်း နုတ်ထွက်လွှာ တင်ထားကြောင်း ပြောကြားခဲ့သည်။

တချိန်တည်းမှာပင် ညီလာခံသို့ တပါတီစနစ်နှင့်ပါတီစုံစနစ် နှစ်ခုအနက် မည်သည့်စနစ်ကိုရွေးချယ် ကြောင်း၊ တပြည်လုံးရွေးကောက်ပွဲကျင်းပပြီး အဆုံးအဖြတ်ခံယူရန်၊ ပါတီစုံစနစ်ကိုထောက်ခံလျှင် ထွက်လိုသူများ ၏ဆန္ဒကို လိုက်လျောခွင့်ပြုပြီး၊ ကျန်ပါတီဝင်များက နိုင်ငံတော်၏တာဝန်များကို ဆက်လက်ထမ်းဆောင်ရန်၊ မည်သည့်စနစ်ကို လူထုကထောက်ခံစေကာမူ ပါတီဥက္ကဋ္ဌအနေဖြင့် နိုင်ငံရေးကိုကျောခိုင်းမည်ဖြစ်ကြောင်း၊ နောင်တွင်ဆူပူမှုဖြစ်ပါက တပ်မတော်ကို ထိရောက်စွာအသုံးချရေးတို့ကို မိန့်ကြားသွားခဲ့သည်။

ညီလာခံက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအား ပယ်ချလိုက်ပြီး ပါတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့ကို ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်မပြုဘဲ အနားယူခွင့်ပေးခဲ့သည်။ နုတ်ထွက်ခွင့်တင်ပြထားသော အခြား ခေါင်းဆောင်များကိုလည်း နုတ်ထွက်ခွင့်မပြုခဲ့ပေ။

ဇူလိုင်လ (၂၆) ရက်နေ့တွင်ကျင်းပသော ဗဟိုကော်မတီ ဒသမအကြိမ်အစည်းအဝေးတွင် ဦးစိန်လွင် အား ပါတီဥက္ကဋ္ဌအဖြစ်တင်မြှောက်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးမောင်မောင်ခနှင့် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်မောင်တို့အား မတ်လအတွင်းဖြစ်ပွားခဲ့သောအရေးအခင်းတွင် ဖြစ်ပေါ် လာ သောကိစ္စများအတွက် တာဝန်မကင်းကြောင်းတွေ့ရှိရသဖြင့် ရာထူးမှနုတ်ပယ်ခဲ့သည်။

ဇူလိုင်လ (၂၇) ရက်နေ့တွင် စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးကို ဆက်လက် ကျင်းပရာ ယင်းအစည်းအဝေးက ဦးစိန်လွင်အား နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးအဖြစ် သူရဦးကျော်ထင်၊ နိုင်ငံတော်ဝန်ကြီးချုပ် အဖြစ် သူရဦးထွန်းတင်နှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ဒေါက်တာမောင်မောင်တို့ကို ရွေးချယ် တင်မြှောက်ခဲ့ကြသည်။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် မြန်မာပြည်တဝန်း ရှစ်လေးလုံး ပြည်သူ့ဒီမိုကရေစီအရေး တော်ပုံကြီးဖြစ်ပွားခဲ့သည်။ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးတွင် ရဟန်းရှင်လူ၊ ကျောင်းသား ပြည်သူ တရပ်လုံးက ဒီမိုကရေစီအခွင့်အလမ်းများကို အသက်ပေါင်းမြောက်များစွာ စွန့်လွှတ်ပေးလူကာ ရဲဝင့်စွာ တောင်းဆို တိုက်ပွဲဝင်ခဲ့ကြသည်။ ယနေ့ထက်တိုင် မတွန့်မဆုတ် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများအတွက် တိုက်ပွဲဝင်ရင်း၊ ဆင်းရဲပင်ပန်းကြီးစွာဖြင့်၊ အသက်ကိုပင်စွန့်လွှတ်သည်အထိ တိုက်ပွဲဝင်လျက်ရှိနေကြသည်။

ဖြစ်ပွားခဲ့သော အရေးအခင်းအတွင်း ထိန်းသိမ်းခဲ့ရမှုတို့ကိုတာဝန်ယူသောအားဖြင့် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့တွင် ဦးစိန်လွင်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌအဖြစ်မှလည်းကောင်း၊ နိုင်ငံ

တော်သမ္မတနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌအဖြစ်မှလည်းကောင်း နုတ်ထွက်ခဲ့သည်။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီဗဟိုကော်မတီ (၁၁) ကြိမ်မြောက်အစည်းအဝေးကို ရန်ကုန်မြို့၊ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးမှ ဒေါက်တာမောင်မောင်အား မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ထို့နောက် ဆက်လက်ကျင်းပသော စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်အရေးပေါ်အစည်းအဝေးမှ ဒေါက်တာမောင်မောင်အား နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ခဲ့သည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ အရေးပေါ် ပါတီညီလာခံကို ရန်ကုန်မြို့၊ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ထိုညီလာခံက ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့တွင် နိုင်ငံတော်တဝန်း၌ အဘက်ဘက်မှယိုယွင်းနေသော အခြေအနေကို အချိန်မီထိန်းသိမ်းနိုင်ရန်အတွက်ဟုဆိုကာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ကြေညာချက်အမှတ် (၁/၈၈) ဖြင့် နိုင်ငံတော်အာဏာအရပ်ရပ်ကို တပ်မတော်က လုံးဝတာဝန်ယူလိုက်ကြောင်း ကြေညာခဲ့သည်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် စစ်တပ်မှအာဏာသိမ်းမှု သုံးကြိမ်ရှိခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် တကြိမ်၊ ၁၉၆၂ ခုနှစ်တွင် တကြိမ်နှင့် ယခု ၁၉၈၈ ခုနှစ်တွင် တကြိမ်ဖြစ်သည်။

### နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) ခေတ်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေကို ပြဌာန်းပေးခဲ့သည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့တွင် ဥပဒေအမှတ် (၄/၈၈) ဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြဌာန်းခဲ့သည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့တွင် ကော်မရှင်ဥက္ကဋ္ဌမှ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ အမှတ် (၁) ပြဌာန်းချက်ကို ကြေညာခဲ့သည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် န–ဝ–တ ဥက္ကဋ္ဌက ဥပဒေအမှတ် (၆/၈၈) ဖြင့် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို ပြဌာန်းကြောင်း ကြေညာခဲ့သည်။

၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့တွင် နိုင်ငံရေးပါတီအသီးသီး၏ တိုးတက်မှုအခြေအနေများအရ နိုင်ငံရေးပါတီ တခုနှင့်တခု ပူးပေါင်းမဟာမိတ်ပြုခြင်း၊ ပါတီတခု၏ ပါတီခွဲတရပ်အဖြစ် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်အချက်အလက်များကို ရွေးကောက်ပွဲနှင့်ဆိုင်သော ရှေ့လုပ်ငန်းစဉ်များ၌ တွက်ချက်စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်သို့ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလမကုန်မီ အကြောင်းကြားရန် ကော်မရှင်မှ နိုင်ငံရေးပါတီများအား မေတ္တာရပ်ခံခဲ့သည်။

၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပခဲ့သည်။ သတ်မှတ်ထားသည့် မဲဆန္ဒနယ် (၄၉၂) နယ်ရှိသည့်အနက် (၄၈၅) နယ်တွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့သည့်အတွက် တပြည်လုံးရှိ မဲဆန္ဒနယ်မြေများ၏ (၉၈ . ၅၈) ရာခိုင်နှုန်းတွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ မဲပေးပိုင်ခွင့်ရှိသူဦးရေ သန်း (၂၀) ကျော်ရှိသည့်အနက် (၁၅) သန်းကျော်လာ ရောက်မဲပေးခဲ့သဖြင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်းအားဖြင့် (၇၂) ရာခိုင်နှုန်းကျော်ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ကျင်းပပြီးသမျှသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် မဲပေးမှုရာခိုင်နှုန်းအများဆုံး ရွေးကောက်ပွဲဖြစ်သည်။ ရွေးကောက်ပွဲတွင် ဝင်

ရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၉၃) ဖွဲ့ရှိခဲ့ပြီး၊ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း (၂,၂၀၉) ဦး၊ တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း (၈၇) ဦး ရှိခဲ့သည်။ မြန်မာ့သမိုင်းတွင် ပါတီအရေအတွက် အများဆုံးရွေးကောက်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲပြား၊ မဲပုံး အသုံးပြုသည့်စနစ်အစား မဲဆန္ဒပုံစံစာရွက်စနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သဖြင့် မဲခိုးမှု၊ မဲလိမ်မှုများ ပပျောက်သွားခဲ့ကြောင်းတွေ့ရှိရသည်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် တပါတီစနစ်မှ ပါတီစုံစနစ်သို့ကူးပြောင်းသည့် ရွေးကောက်ပွဲဖြစ်သည်။

၁၉၄၇ ခုနှစ်၊ ပထမဆုံးအကြိမ်ကျင်းပခဲ့သောပါတီစုံရွေးကောက်ပွဲတွင် ပြည်သူလူထုက ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖ–ဆ–ပ–လ ကို တခဲနက်မဲပေး၍ ရွေးကောက်ခဲ့ကြသည်။ ဒုတိယအကြိမ်ကျင်းပခဲ့သော ၁၉၆၀ ပြည့်နှစ်၊ ရွေးကောက်ပွဲတွင် ဦးနုဦးဆောင်သော ပ–ထ–စ အား တခဲနက်မဲပေး၍ ရွေးကောက်တင်မြှောက်ခဲ့ကြပြီး၊ စစ်တပ်ကျောထောက်နောက်ခံပြု တည်မြဲ ဖ–ဆ–ပ–လအား ပြည်သူက ဆန့်ကျင်ကြောင်း ဖော်ပြခဲ့ကြသည်။ တတိယအကြိမ်ကျင်းပခဲ့သော ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲတွင် ပြည်သူက ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား တခဲနက်မဲပေး၍ ရွေးကောက်ခဲ့ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မ–ဆ–လ) တဖြစ်လဲ စစ်တပ်ကျောထောက်နောက်ခံပြု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တ–စ–ည) အား ဆန့်ကျင်ကြောင်း ဖော်ပြခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် မြန်မာ့သမိုင်းတွင်ကျင်းပခဲ့သည့် ပါတီစုံစနစ်ရွေးကောက်ပွဲများတွင် သွေးထွက်သံယိုမှုနှင့် အကြမ်းဖက်မှုအကင်းရှင်းဆုံးနှင့် အမျှတဆုံး ရွေးကောက်ပွဲအဖြစ် မှတ်တမ်းတင်ရမည်သာဖြစ်ပေသည်။

★ ★ ★ ★ ★

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရဟန်းရှင်လူ ကျောင်းသားကျောင်းသူများနှင့် ပြည်သူအများ၏ ဒီမိုကရေစီတောင်းဆိုမှုဆန္ဒပြမှုအရှိန်အဟုန်သည် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လနှင့်စက်တင်ဘာလတို့တွင် အမြင့်မားဆုံးသို့ ရောက်ရှိခဲ့သည်။ ထိုစဉ်ကဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့တွင်ကျင်းပခဲ့သော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်အရေးပေါ်အစည်းအဝေးက တပါတီစနစ်နှင့်ပါတီစုံစနစ်အနက် မည်သည့်စနစ်ကို လိုလားနှစ်သက်ကြောင်း ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်းမပြုတော့ဘဲ ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲ ကို (၃) လအတွင်း ကျင်းပပေးရန်ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်တရပ် ဖွဲ့စည်းပေးရေးအတွက် နိုင်ငံတော်ကောင်စီက ပြည်သူ့လွှတ်တော်သို့ အဆိုပြုတင်ပြခဲ့သည်။

နိုင်ငံတော်ကောင်စီ၏ အဆိုပြုတင်ပြချက်အရ ပြည်သူ့လွှတ်တော်က ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့တွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်။

(က) ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပပေးရန်၊

(ခ) ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အဟန့်အတားဖြစ်နေသော အခြေခံဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အခြားဥပဒေ၊ နည်းဥပဒေများက ပယ်ဖျက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီသို့လွှဲအပ်ရန်။

(ဂ) အခြေခံဥပဒေ ပုဒ်မ (၄၃)၊ ပုဒ်မခွဲ (က) အရ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းသည် အထွေထွေရွေးကောက်ပွဲကျင်းပပြီး၍ ပြည်သူ့လွှတ်တော်အသစ် စတင်စည်းဝေးသည့်နေ့အထိသာဖြစ်ကြောင်း လျှော့ပေါ့သတ်မှတ်ရန်၊

(ဃ) စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမအစည်းအဝေးက ဖွဲ့စည်းပေးထားသော ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဖျက်သိမ်းပေးရန်၊

(င) တရားမျှတသောအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်တွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ရွေးချယ်တာဝန်ပေးအပ်ရန် ...

(၁) ဦးဘဌေး ... အငြိမ်းစား ဘဏ္ဍာတော်မင်းကြီး။
(၂) ဦးကျော်ညွှန့် ... အငြိမ်းစား ကနေဒါနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး။
(၃) ဦးစန်းမောင် ... အငြိမ်းစား ချွေတာစုဆောင်းရေးနှင့်အာမခံစာချုပ်များမင်းကြီး။
(၄) ဦးစောကြာဒိုး ... အငြိမ်းစား ဗိုလ်မှူးချုပ်။
(၅) ဆရာချယ် ... ယခင် ပါလီမန်အမတ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်။

(စ) ရွေးကောက်ပွဲကော်မရှင်တွင် အဖွဲ့ဝင်ဦးရေတိုးခြင်း၊ လစ်လပ်သည့်နေရာတွင် အစားထိုးခြင်းကိစ္စများ ဆောင်ရွက်ပိုင်ခွင့်ကို ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီသို့လွှဲအပ်ရန်။

(ဆ) ပါတီအဖွဲ့အစည်းများကို မှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့် လုပ်ငန်းတာဝန်များရေးဆွဲပြဋ္ဌာန်းပေးခြင်းတို့ကို ကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ပေးရေးအတွက် ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီသို့လွှဲအပ်ရန်။

(ဇ) အထွေထွေရွေးကောက်ပွဲကို ပြည်သူ့လွှတ်တော်အတွက်သာကျင်းပရန်။

(ဈ) အထွေထွေရွေးကောက်ပွဲကျင်းပမည့်နေ့သည် ယနေ့မှစ၍သုံးလပြည့်သောနေ့ဟု သတ်မှတ်ပေးရန်။ သို့သော် ပေါ်ပေါက်လာမည့်ပါတီအဖွဲ့အစည်းများက ရွေးကောက်ပွဲကော်မရှင်သို့ အကြံပြုချက်အရ ယနေ့မှစ၍ တလခွဲပြည့်သောနေ့ထက် မစောဘဲဖြစ်စေ၊ သုံးလကျော်လွန်သည့် အခါဖြစ်စေ ပြင်ဆင်သတ်မှတ်ကျင်းပနိုင်သည့်လုပ်ပိုင်ခွင့်ကို ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီသို့ လွှဲအပ်ရန်။

ယင်းသို့ ပြည်သူ့လွှတ်တော်က ကော်မရှင်ကိုဖွဲ့စည်းပေးပြီးသည့်နောက် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့ နံနက် (၉) နာရီအချိန်တွင် နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်၊ နိုင်ငံတော် ဒုတိယသမ္မတ ဦးအေးကို၊ နိုင်ငံတော်ကောင်စီအတွင်းရေးမှူး သူရဦးကျော်ထင်၊ နိုင်ငံတော်ဝန်ကြီးချုပ် သူရဦးထွန်းတင်တို့နှင့် ရွေးကောက်ပွဲ ကော်မရှင်လူကြီးများဖြစ်ကြသော ဦးဘဌေး၊ ဦးစောကြာဒိုး၊ ဦးစန်းမောင်၊ ဆရာချယ်၊ ဦးကျော်ညွှန့်တို့ တွေ့ဆုံဆွေးနွေးကြသည်။ ယင်းအစည်းအဝေးသို့ နိုင်ငံတော်ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း (ယခုနိုင်ငံတော်တရားရုံးချုပ်တရားသူကြီး) နှင့် ကော်မရှင်ရုံးချုပ်ညွှန်ကြားရေးမှူး ဦးအေးမောင် (ယခုညွှန်ကြားရေးမှူးချုပ်) တို့လည်း တက်ရောက်ကြသည်။ ထိုအစည်းအဝေး၌ နိုင်ငံတော်သမ္မတအမှူးပြုသည့် နိုင်ငံတော်ကောင်စီဝင်များက အလွတ်လပ်ဆုံးနှင့်အမျှတဆုံး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အမြန်ဆုံးအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ကော်မရှင်က လွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ကောင်စီက အထောက်အကူပြုရမည့်ကိစ္စရပ်များကို ဆွေးနွေးကြပြီး၊ ကော်မရှင်အဖွဲ့ဝင်လူကြီးများသည် ဦးဘဌေးအား ကော်မရှင်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးခဲ့ကြသည်။ ထို့နောက် ကော်မရှင်အတွင်းရေးမှူးအဖြစ် ဦးအေးမောင်အား တာဝန်ပေးအပ်ခဲ့ကြသည်။

## “ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် ”

### ပါတီစုံဒီမိုကရေစီ
### အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်
### ကြေညာချက် အမှတ် (၁)

**(၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း (၂) ရက်)**
**(၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်)**

၁။ ဤကော်မရှင်အဖွဲ့ဝင်များသည် အသက်အရွယ်အရ အဘက်ဘက်မှ အနားယူနေကြသောပုဂ္ဂိုလ်များဖြစ်ကြ၍ မည်သည့်ပါတီနိုင်ငံရေးကိုမျှ ဆက်လက်လုပ်ကိုင်ရန် ရည်ရွယ်ချက်ရှိကြသူများ မဟုတ်ကြပါ။ မိမိတို့၏ ကိုယ်ရေးကိုယ်တာအတွက်လည်း တစုံတရာမျှော်မှန်းထားခြင်းရှိသူများ မဟုတ်ကြပါ။ သို့ရာတွင် ယနေ့ဖြစ်ပေါ်နေသော တိုင်းပြည်၏အခြေအနေအရ နိုင်ငံတော်ကောင်စီက ဤကော်မရှင်အဖွဲ့ဝင်များအား အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်စွာ ကြားဝင်ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံချက်အရလည်းကောင်း၊ (၁၁၊ ၉၊ ၈၈) ရက်နေ့က ပြည်သူ့ လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ မိန့်ကြားချက်အတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၏လုပ်ငန်းများကို နိုင်ငံတော်ကောင်စီက တစုံတရာစွက်ဖက်မှုမပြုရုံသာမက ကော်မရှင်၏လိုအပ်သောအကူအညီများကိုပေးမည်ဟု အာမခံချက်ပေးပြီးလျှင် ရွေးကောက်ပွဲများကို အလွတ်လပ်ဆုံး၊ အမျှတဆုံး၊ အမြန်ဆုံးပြုလုပ်ပေးပါရန် မေတ္တာရပ်ခံခဲ့ရာ အထွေထွေရွေးကောက်ပွဲကိစ္စများတွင် ကော်မရှင်သည် လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ရှိသည်ဟု ယုံကြည်ခြင်းကြောင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များသည် စေတနာအပြည့်အဝဖြင့် တတ်စွမ်းသမျှ ဆောင်ရွက်ပေးရန် ဤကော်မရှင်တွင် ပါဝင်ခဲ့ကြခြင်းဖြစ်ပါသည်။

၂။ သို့ပါ၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးများကို မကြာမီကျင်းပရန်အတွက် ပါတီစုံဒီမိုကရေစီကိုတောင်းဆိုနေကြသော ရဟန်း၊ ရှင်လူ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ပြည်သူများအပါအဝင် တာဝန်ရှိသောခေါင်းဆောင်များသည် ဤကော်မရှင်နှင့် ပူးပေါင်းကူညီဆောင်ရွက်ကြပြီး လိုအပ်သောအကြံဉာဏ်များပေးကြပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

(ပုံ)
ဘဌေး
ဥက္ကဋ္ဌ

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို မူလစတင်ဖွဲ့စည်းစဉ်က ...

- ❍ ဥက္ကဋ္ဌ ဦးဘဌေး (အငြိမ်းစား ဘဏ္ဍာတော်မင်းကြီး)
- ❍ အတွင်းရေးမှူး ဦးအေးမောင် (ညွှန်ကြားရေးမှူးချုပ်)
- ❍ အဖွဲ့ဝင်များအဖြစ် ...

(၁) ဦးကျော်ညွှန့် (အငြိမ်းစား ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)

(၂) ဦးစန်းမောင် (အငြိမ်းစား ချေတာစုဆောင်းရေးနှင့် အာမခံစာချုပ်များမင်းကြီး)

(၃) ဦးစောကြာဒိုး (အငြိမ်းစား ဗိုလ်မှူးချုပ်)

(၄) ဆရာချယ် (ယခင် ပါလီမန်အမတ်နှင့် ယခင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) တို့ (၆) ဦးဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်နေရာမှ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့တွင် အဖွဲ့ဝင် ဆရာချယ် ကွယ်လွန်အနိစ္စရောက်ခဲ့သဖြင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်(၃)ဦး၊ ပေါင်း (၅) ဦးဖြင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် အဖွဲ့ဝင် ဦးစောကြာဒိုး ကွယ်လွန်အနိစ္စရောက်ခဲ့ပြန်သဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၇/၉၉) ဖြင့် ကော်မရှင်အတွင်းရေးမှူး ဦးအေးမောင်အား ကော်မရှင် အတွင်းရေးမှူးတာဝန်အပြင် ကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ပေးခန့်အပ်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၄)ရက်နေ့တွင် ကော်မရှင် ဥက္ကဋ္ဌ ဦးဘဌေး ကွယ်လွန်အနိစ္စရောက်ခဲ့ ပြန်သည်။ သို့ဖြစ်၍ ကော်မရှင်သည် မိမိအားပေးအပ်ထားသော တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် အဖွဲ့အစည်းတခု၏အင်္ဂါရပ်နှင့်ပြည့်စုံစေရန် ကော်မရှင်အဖွဲ့ဝင်များအနက်မှ အသက်အရွယ်အကြီးဆုံးဖြစ်သူ ဦးစန်းမောင်အား ကော်မရှင်၏ ယာယီဥက္ကဋ္ဌအဖြစ်သတ်မှတ်တာဝန်ပေးခဲ့ပြီး ကော်မရှင်၏လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ကော်မရှင်ဥက္ကဋ္ဌ ဦးစန်းမောင် ကွယ်လွန်အနိစ္စရောက်ခဲ့ပြန်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင် (ယခုကွယ်လွန်) သည် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးကဆုံးဖြတ်လိုက်သော ပါတီစုံပါဝင်သည့် ရွေးချယ်တင်မြှောက်ပွဲများကျင်းပရာတွင် တပ်မှူးကြီးများနှင့်တကွ အဆင့်အားလုံးသို့ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံတို့မှ မိန့်ကြားခဲ့သည်။

(၁) လွတ်လွတ်လပ်လပ်နှင့် တရားမျှတမှုအရှိဆုံးဖြစ်အောင် အဂတိလေးပါးမလိုက်စားဘဲ တပ်မတော်သားတဦးချင်းအနေဖြင့် မိမိဆန္ဒအတိုင်းလွတ်လပ်စွာဆန္ဒမဲပေးနိုင်ရန်စီစဉ်ပေးပြီး တိကျစွာလိုက်နာကြရန် ဖြစ်ကြောင်း။

(၂) ရာထူးအဆင့်အလိုက် အရှိန်အဝါ၊ ဩဇာအာဏာကိုအသုံးပြုပြီး မိမိလက်အောက်ခံတပ်ဖွဲ့ဝင်များသို့လည်းကောင်း၊ မိမိရောက်ရှိရာဒေသရှိပြည်သူများသို့လည်းကောင်း၊ မိမိတို့လိုလားသည့်အဖွဲ့အစည်းတခုခုတွင် ပါဝင်သောကိုယ်စားလှယ်ကို မဲထည့်ပါဟု အမိန့်ပေးခြင်း၊ညွှန်ကြားခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကြပ်ကိုင်ခြင်း၊ ခြောက်လှန့်ခြင်း၊စည်းရုံးခြင်း လုံးဝမပြုလုပ်ရန်ဖြစ်ကြောင်း။

(၃) ရွေးကောက်တင်မြှောက်ပွဲအတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တိကျလေးစားစွာလိုက်နာ စောင့်ထိန်းကြရမည်ဖြစ်ကြောင်း။

(၄) ဤအချက်များကို အရာရှိများအဆင့်သာသိရှိနေရုံသာမက အောက်ခြေအဆင့်နှင့် မိသားစုများအတွင်း အထိသိရှိနားလည်ရန်အတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

(၅) မိမိတို့သည် တပ်မတော်သားများဖြစ်သည်နှင့်အညီ နယ်ဘက်ဥပဒေသာမက တပ်မတော်ဆိုင်ရာ ဥပဒေများကိုလိုက်နာကျင့်သုံးရသူများဖြစ်ကြောင်း အမြဲသတိချပ်ပြီး၊ မကြာမီကျင်းပမည့် ရွေးချယ်တင်မြှောက်ပွဲကို တပ်မတော်သားတဦးချင်း၏ ဂုဏ်သိက္ခာ၊ တပ်မတော်တရပ်လုံး၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် အပြောအဆို၊ အမူအကျင့်များ မပြုလုပ်မိရန်အတွက်အထူး သတိပြုလိုက်နာကြရန် ညွှန်ကြားလိုက်ကြောင်း။

တိုင်းပြည်၏အခြေအနေသည် တဖြည်းဖြည်းယိုယွင်းလာပြီး လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ခြင်း၊ နယ်မှဆန်နှင့်စားသောက်ကုန်များ ရန်ကုန်သို့ရောက်ရှိခြင်းမရှိသောကြောင့် ရန်ကန်မြို့နေပြည်သူများအတွက် စားနပ်ရိက္ခာများ အခက်အခဲကြုံတွေ့ရခြင်း၊ ဝန်ထမ်းအချို့ကလည်း ဆန္ဒပြပွဲများတွင် ပါဝင်ဆန္ဒပြနေသဖြင့် ရုံးလုပ်ငန်းများ ရပ်ဆိုင်းလျှက်ရှိခြင်း၊ မသမာသူအချို့ကလည်း နိုင်ငံတော်ပိုင် စက်ရုံအလုပ်ရုံများ၊ ရုံးဌာနများနှင့်တက္ကသိုလ်များမှ နိုင်ငံတော်ပိုင်ပစ္စည်းများကို လုယက်ခြင်း၊ ဖျက်ဆီးခြင်းနှင့် ဥပဒေလက်လွတ် လူပုံအလယ်တွင် မင်းမဲ့စရိုက်ဖြင့် ခေါင်းဖြတ်သတ်ဖြတ်ခြင်း စသည့်အခြေအနေများ တစတစတိုးပွားဆိုးဝါးလာခဲ့သည်။

ထိုအခြေအနေဆိုးများကိုကုစားနိုင်မည့် တခုတည်းသောနည်းလမ်းသည် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အမြန်ဆုံးအောင်မြင်စွာ ကျင်းပပေးရန်သာဖြစ်ကြောင်း ကော်မရှင်က စွဲမြဲစွာယုံကြည်ခဲ့သည့်အလျောက် ယင်းသို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပရာတွင် ဝန်ထမ်းများသည် မည်သည့်ပါတီအဖွဲ့အစည်းဝင်မျှ မဟုတ်ပါမှ နိုင်ငံတော်တာဝန်များကိုလည်းကောင်း၊ ရွေးကောက်ပွဲလုပ်ငန်းများကိုလည်းကောင်း ဘက်မလိုက်ဘဲချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိမြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်များဖြစ်ကြသော တပ်မတော်သားများနှင့်ဝန်ထမ်းများသည် နိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးသောအခါ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအပါအဝင် နောင်ဖွဲ့စည်းလတ္တံ့သော ပါတီအဖွဲ့အစည်းများတွင် အဖွဲ့ဝင်များအဖြစ်ပါဝင်ခွင့်ပြုပါက ဌာနအတွင်းစိတ်ဝမ်းကွဲမှုများဖြစ်ပေါ်နိုင်ပြီး နိုင်ငံတော်၏ယန္တရားလည်ပတ်မှုကိုပင် ထိခိုက်နိုင်မည်ဟုထင်မြင်ကြောင်း၊ သို့ပါ၍ ယခုအချိန်မှစတင်ပြီး တပ်မတော်သားများနှင့်ဝန်ထမ်းများသည် မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းဝင်မျှ မဖြစ်စေရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း ကော်မရှင်က ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့တွင် နိုင်ငံတော်ကောင်စီသို့ မေတ္တာရပ်ခံခဲ့သည်။

ကော်မရှင်၏မေတ္တာရပ်ခံချက်အရ နိုင်ငံတော်ကောင်စီက ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်စွဲပါ ကြေညာချက်အမှတ် (၁၄/၈၈) ကို အောက်ပါအတိုင်း ထုတ်ပြန်ခဲ့သည်။

**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်ကောင်စီ**
**ကြေညာချက် (၁၄/၈၈)**
**ရန်ကုန်မြို့၊ ၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၆ ရက်**
**(၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)**
**ပြည်သူ့ဝန်ထမ်းများနှင့်ပတ်သက်သည့် ကြေညာချက်။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်လူကြီးများအား ပြည်သူ့လွှတ်တော်က အပ်နှင်းပြီးဖြစ်သည့် အထွေထွေရွေးကောက်ပွဲများကို အလွတ်လပ်ဆုံး၊ အမျှတဆုံးနှင့် အမြန်ဆုံးကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ကြရာတွင် ကော်မရှင်အား နိုင်ငံတော်ကောင်စီက အစွမ်းကုန်အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် စစ်မှန်သည့်ဒီမိုကရေစီကိုလက်ခံသော ပါတီအဖွဲ့အစည်းများကို မျှမျှတတမှတ်ပုံတင်ပေးရန်နှင့် ယင်းအဖွဲ့အစည်းများသည် တရားမျှတစွာတန်းတူ ယှဉ်ပြိုင်နိုင်ကြရေးအတွက်လည်း လိုအပ်သောစည်းမျဉ်းလုပ်ထုံးလုပ်နည်းများကို သတ်မှတ်ကြပါရန် ကော်မရှင်အား နိုင်ငံတော်ကောင်စီက မေတ္တာရပ်ခံခဲ့ပြီးဖြစ်ပါသည်။

၂။ ကော်မရှင်သည် အောက်ပါစည်းမျဉ်းတရပ်ကိုအကြံပြုခဲ့ပါသည်။ ယင်းအကြံပြုချက်နှင့်အညီ နိုင်ငံတော်ကောင်စီသည် အောက်ပါကြေညာချက်ကိုထုတ်ပြန်လိုက်သည် ...

ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်အပေါ်သစ္စာထား၍ ပြည်သူ့ဝန်ကိုသာ ထမ်းဆောင်ရမည်ဖြစ်သဖြင့် ပါတီစုံစနစ်တွင်ကျင့်သုံးခဲ့သည့်အစဉ်အလာနှင့်အညီ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေး၊ ဘုတ်၊ ကော်ပိုရေးရှင်း အဖွဲ့အစည်းအသီးသီးမှဝန်ထမ်းများနှင့် နိုင်ငံတော်ဘဏ္ဍာမှ လစာခံစားကြသော အခြားဝန်ထမ်းများသည် ယနေ့မှစ၍ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအပါအဝင် မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းဝင်မျှ မဖြစ်စေရ။

(ပုံ) မောင်မောင်
ဥက္ကဋ္ဌ
နိုင်ငံတော်ကောင်စီ

**ပါတီဝင် ပြည်သူ့ဝန်ထမ်းများနှင့်ပတ်သက်သော**
**ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်**
**၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၆ ရက်**
**(၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)**

နိုင်ငံတော်ကောင်စီသည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်စွဲပါ ပြည်သူ့ဝန်ထမ်းများနှင့်ပတ်သက်သည့် ကြေညာချက်အမှတ် (၁၄/၈၈) နှင့်အညီ ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်အပေါ် သစ္စာထား၍ ပြည်သူ့ဝန်ကိုသာ ထမ်းဆောင်ရမည်ဖြစ်သဖြင့် ပါတီစုံစနစ်တွင် ကျင့်သုံးခဲ့သည့် အစဉ်အလာနှင့်အညီ

ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း အသီးသီး၊ နိုင်ငံပိုင် စီးပွားရေး၊ ဘုတ်၊ ကော်ပိုရေးရှင်း အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် နိုင်ငံတော် ဘဏ္ဍာမှ လစာခံစားကြသော အခြားဝန်ထမ်းများအား ယနေ့မှစ၍ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီဝင် အဖြစ်မှ နှုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) အေးကို<br>
အထွေထွေအတွင်းရေးမှူး<br>
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

နိုင်ငံတော်ကောင်စီက အထက်ပါကြေညာချက်ကိုထုတ်ပြန်လိုက်သည့်အတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် ပါတီဝင်ဖြစ်ကြသော တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအပါအဝင် ဝန်ထမ်းများအားလုံးသည် ထိုနေ့မှစ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်အဖြစ်မှ ရပ်စဲသွားခဲ့သည်။

သို့သော် ထိုအချိန်အခါကဆန္ဒပြတောင်းဆိုမှုအရှိန်အဟုန်သည် ရပ်တန့်ခြင်းမရှိသေးဘဲ အချို့ရုံးတက်လိုသည့်ဝန်ထမ်းများသည် ခြိမ်းခြောက်မှုအမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရသည်။ ထိုသို့ နိုင်ငံတော်၏ အဘက်ဘက်မှ ယိုယွင်းနေသောအခြေအနေနှင့် လမ်းပန်းဆက်သွယ်မှုပြတ်တောက်နေသည့်အခြေအနေတို့ကြောင့် ကော်မရှင်သည် မိမိ၏အဓိကတာဝန်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းများကို စတင်နိုင်ရန် အခက်အခဲနှင့်ကြုံတွေ့ခဲ့ရသည်။ နိုင်ငံတဝန်းလုံးတွင်ဖြစ်ပေါ်နေသောအထက်ပါ အခြေအနေဆိုးများကို အချိန်မီထိန်းသိမ်းနိုင်ရေးအတွက် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့၌ တပ်မတော်သည် နိုင်ငံတော်၏အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူခဲ့သည်။

တပ်မတော်ကတာဝန်ယူပြီးသည်နှင့်တပြိုင်နက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးလျှင် ယင်းအဖွဲ့က ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်စွဲပါ အောက်ပါကြေညာချက်အမှတ် (၁/၈၈) ကို ထုတ် ပြန်ကြေညာခဲ့သည် ...

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**<br>
**ကြေညာချက်အမှတ် ၁/၈၈**<br>
**၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း (၈)ရက်**<br>
**၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်**

၁။ နိုင်ငံတော်တဝန်းလုံးတွင် အဘက်ဘက်မှယိုယွင်းနေသောအခြေအနေကို အချိန်မီထိန်းသိမ်းနိုင်ရန် အတွက် ပြည်သူပြည်သားအားလုံးအကျိုးငှာ တပ်မတော်သည် အောက်ပါ လက်ငင်းလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် ယနေ့မှစ၍ နိုင်ငံတော်၏အာဏာအရပ်ရပ်ကိုလုံးဝတာဝန်ယူလိုက်သည် ...

(က) တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊

(ဂ) ပြည်သူများ၏စားဝတ်နေရေးချောင်လည်စေရန် ဤအဖွဲ့မှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိက၊ သမဝါယမတို့ ဆောင်ရွက်နိုင်အောင်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးနိုင်ရေး။

(ဃ) အထက်ပါလုပ်ငန်းရပ်များပြည့်စုံပြီးလျှင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရန် လက်ရှိပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကို ဆက်လက်ထားရှိမည်။

၃။ အထွေထွေရွေးကောက်ပွဲကျင်းပသည့်အချိန်တွင်အဆင်သင့်ဖြစ်နေစေရန်အတွက် စစ်မှန်သောဒီမိုကရေစီကိုလက်ခံ ကျင့်သုံးမည့်ပါတီအဖွဲ့အစည်းများသည် ယခုအခါမှစ၍ ပြင်ဆင်ဖွဲ့စည်းနိုင်ကြသည်။

၄။ အထက်ပါလုပ်ငန်းများအောင်မြင်စေရန်အတွက် လက်ရှိလှုပ်ရှားနေကြသောအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ရဟန်းရှင်လူပြည်သူတရပ်လုံးက ဝိုင်းဝန်းကူညီရန်တိုက်တွန်းပါသည်။

(ပုံ) စောမောင်
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

ထို့နောက် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့ မွန်းလွဲ (၁) နာရီအချိန်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒဂုံရိပ်သာ၌ကျင်းပမည့် အစည်းအဝေးသို့တက်ရောက်ပါရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကော်မရှင်အားဖိတ်ကြားခဲ့သည်။ ယင်းအစည်းအဝေးသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင် (ယခုကွယ်လွန်) အမှူးပြုသည့် အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယ ဗိုလ်ချုပ်ကြီးသန်းရွှေ၊ ဗိုလ်ချုပ်မောင် မောင်ခင် (ရေ)၊ ဗိုလ်ချုပ်တင်ထွန်း (လေ)၊ ဗိုလ်ချုပ်စိန်အောင်၊ ဗိုလ်ချုပ်ချစ်ဆွေ၊ အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ်ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဗိုလ်မှူး ကြီးတင်ဦး (ယခုကွယ်လွန်) တို့နှင့် ကော်မရှင်ဥက္ကဋ္ဌ ဦးဘဌေးအမှူးပြုသည့် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးစောကြာဒိုး၊ ဦးစန်းမောင်၊ ဦးကျော်ညွန့်နှင့် ကော်မရှင်အတွင်းရေးမှူး ဦးအေးမောင်တို့တက်ရောက်ခဲ့သည်။ အဖွဲ့ဝင် ဆရာချယ်သည် အစည်းအဝေးသို့ တက်ရောက်ရန် လမ်းပိတ်နေသည့်အတွက် ခွင့်ပန်ခဲ့သည်။ အစည်းအဝေးတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌက မိမိတို့တပ်မတော်နှင့်ဝန်ထမ်းများသည် မည်သည့်နိုင်ငံရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်များ မဟုတ်တော့ကြောင်း၊ မိမိတို့သည် ကြားနေအဖွဲ့အစည်းများဖြစ်ပြီး ပြည်သူများကို အလုပ်အကျွေးပြုရမည့်အဖွဲ့အစည်းများဖြစ်ကြောင်း၊ ယခု ပြည်သူများလိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီကို အမြန်ဆုံးအကောင်အထည်ဖော်ပေးနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အလွတ်လပ်ဆုံး၊ အမျှတဆုံးနှင့် အမြန်ဆုံးပြုလုပ်ပေးရန် ကော်မရှင်အဖွဲ့ဝင် လူကြီးများကို မေတ္တာရပ်ခံကြောင်း၊ ကော်မရှင်၏ လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ကော်မရှင်အဖွဲ့ဝင် လူကြီးများက မည်သူ၏ မျက်နှာကိုမျှ မထောက်ထားဘဲ သမာသမတ်ကျကျ ဓမ္မဓိဋ္ဌာန်ကျကျ တရားအမျှတဆုံး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကော်မရှင်၏လုပ်ငန်းများနှင့်စပ်လျဉ်း၍ မိမိတို့သည် အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း၊ တဦးချင်းအနေဖြင့်သော်လည်းကောင်း ကြိုးကိုင်မှု၊ လမ်းညွှန်မှု လုံးဝပြုလုပ်မည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲရာတွင်လည်း ကော်မရှင်အဖွဲ့ဝင်လူကြီးများက တွေ့ဆုံဆွေးနွေးလိုသော အဖွဲ့အစည်းကိုဖြစ်စေ၊ ပုဂ္ဂိုလ်တဦးချင်းကိုဖြစ်စေ တွေ့ဆုံဆွေးနွေး အကြံဉာဏ်များရယူပြီး လွတ်လွတ်လပ်လပ်ရေးဆွဲ နိုင်ကြောင်း၊ ကော်မရှင်ကရေးဆွဲ ထောက်ခံပေးပို့သည့်ဥပဒေများကို အမြန်ဆုံးပြဋ္ဌာန်းပေးမည်ဖြစ်ပါကြောင်း၊ ပါတီစုံ

ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်မည့် လိုအပ်သည့်အကူအညီများကို လည်း အပြည့်အဝ ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသွားခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မိမိတို့ဆန္ဒဖြစ်သော လွတ်လပ်၍ တရားမျှတသည့် ရွေး ကောက်ပွဲကို ကျင်းပနိုင်မည်ဟုယုံကြည်သောကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ မေတ္တာရပ်ခံချက်ကို ဝမ်းမြောက်ဝမ်းသာစွာလက်ခံခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်၏အခြေအနေသည်လည်း တည်ငြိမ်တိုးတက်လာသည်နှင့်အမျှ မိမိတို့၏ဦးတည်ချက်ဖြစ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကပြဋ္ဌာန်း၍ နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေတို့ကို ကော်မရှင်ကပြဋ္ဌာန်း ပြီး၊ လုပ်ငန်းများကို စတင်အကောင်အထည်ဖော်နိုင်ခဲ့သည်။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေ ပြဋ္ဌာန်းခြင်း။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်စွဲပါ ကြေညာချက်အမှတ် (၁/၈၈) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကြီးမှူးကျင်းပပေးရန် ဤရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဆက်လက်တာဝန်ပေးအပ်ခဲ့ရာ ကော်မရှင်သည် မိမိ၏လုပ်ငန်းများ ကိုအကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၈၈ ခုနှစ်၊ စက် တင်ဘာလ (၂၁) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေ (နိုင်ငံ တော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် – ၁/၈၈) ကို ပြဋ္ဌာန်းပေးခဲ့သည်။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးအတွက် လုပ်ငန်းအစီအစဉ်နှင့် အချိန်ဇယားရေးဆွဲထုတ်ပြန်ခြင်း။

ကော်မရှင်သည် မိမိအားပေးအပ်ထားသည့်တာဝန်ဖြစ်သော လွတ်လပ်၍တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အလို့ငှာ နိုင်ငံတော်၏လုံခြုံရေး၊ တရား ဥပဒေ စိုးမိုးရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေအနေအရပ်ရပ်အပေါ်အခြေခံလျက် လုပ်ငန်းအစီအစဉ် (၂၆) ခုနှင့် အချိန်ဇယားတို့ကို ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်စွဲပါ ကြေညာချက်အမှတ် (၁၉၄) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ ပြည်သူများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများထံမှ အကြံပြုချက်များနှင့် ထင်မြင်ချက်များတောင်းခံခြင်း။

လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတရပ်ကို ပြဋ္ဌာန်းပေးရန်လိုအပ်ခဲ့သည်။ ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းမည်ဆိုပါက နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် မှီး၍ ရေးဆွဲ လေ့ရှိကြသည်။ လက်ရှိပြောင်းလဲလာသောအခြေအနေနှင့် အချိန်အခါတို့ကြောင့် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်း အုပ်ချုပ် ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတို့ပါ ရွေးချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်း

ချက်များအတိုင်း အတိအကျ လိုက်နာကျင့်သုံးရန်မဖြစ်နိုင်တော့သည့်အတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ (မူကြမ်း) ကို အောက်ပါမူများအပေါ် အခြေခံ၍ရေးဆွဲခဲ့သည် ...

(၁) လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စည်းကမ်း၊ နည်းလမ်းတကျ ကျင်းပနိုင်ရေး။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ၏နိုင်ငံသားများအတွက် ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝ ရှိစေရေး။

(၃) နောင်တခေတ်တွင် နိုင်ငံခေါင်းဆောင်များဖြစ်ကြမည့် ကျောင်းသားလူငယ်များအား ဒီမိုကရေစီ အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးရေး။

အထက်ပါမူများကိုအခြေခံ၍ ကော်မရှင်သည် ၁၉၄၈ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ပါလီမန်အထွေထွေ ရွေးကောက်ပွဲအက်ဥပဒေနှင့်နည်းဥပဒေများ၊ ၁၉၇၆ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေနှင့်နည်းဥပဒေများ၊ ပါတီစုံဒီမိုကရေစီ ကျင့်သုံးလျက်ရှိသောနိုင်ငံအချို့မှ ရွေးကောက်ပွဲဥပဒေနှင့်နည်းဥပဒေများကိုလေ့လာပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ (မူကြမ်း) ကို မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိစေရန် ညှိနှိုင်းပေါင်းစပ်ရေးဆွဲခဲ့သည်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပြဋ္ဌာန်းခြင်း။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေသည် ပြည်သူများနှင့်သက်ဆိုင်သော ဥပဒေတရပ်ဖြစ်သည်။ ယခု အခါ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသဖြင့် ပြည်သူများ၏ သဘောထားကို ရယူရေးဆွဲသင့်ကြောင်း ကော်မရှင်က သဘောရရှိခဲ့သည်။ ထို့ကြောင့် ကော်မရှင်သည် ၁၉၈၉ ခုနှစ်၊ မတ်လ (၁) ရက်စွဲပါ ကြေညာချက်အမှတ် (၂၄၂) ဖြင့် ပြည်သူများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ အကြံပြုချက်များနှင့် ထင်မြင်ချက်များကို ပေးပို့ရန်ရှိပါက ကော်မရှင်သို့ ၁၉၈၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကို နောက်ဆုံးထား၍ပေးပို့ပါရန် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (မူကြမ်း) ကို ရှင်းလင်းချက်များနှင့်တကွထုတ်ပြန်၍ ဖိတ်ခေါ်ခဲ့သည်။

ကော်မရှင်သည် ပြည်သူများနှင့်နိုင်ငံရေးပါတီများ၏ အကြံပြုချက်များကို အသေးစိတ်လေ့လာပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေသည် ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အတွက် တကြိမ်သာအသုံးပြုရန်ရည်ရွယ်၍လည်းကောင်း၊ နောင်တွင်ကျင်းပမည့် ရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများအတွက်ကိုမူ ထိုအချိန်တွင်မှ စဉ်းစားရေးဆွဲကြစေရန်ရည်ရွယ်၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြုပြင်ရေးဆွဲပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ယင်းဥပဒေကြမ်းကို ၁၉၈၉ ခုနှစ်၊ မေလ (၂၅) ရက်နေ့တွင် ကော်မရှင်နှင့် ညှိနှိုင်းစိစစ်ပြီးနောက် ၁၉၈၉ ခုနှစ်၊ မေလ (၃၁) ရက်နေ့၌ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်– ၁၄/၈၉) ကို ပြဋ္ဌာန်း ပေးခဲ့သည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၁၅) ခန်းနှင့် ပုဒ်မပေါင်း (၈၂) ခု ပါဝင်သည်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ပြဋ္ဌာန်းခြင်း။

ဥပဒေသဘောအရ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် မူပိုင်းဆိုင်ရာများကိုသာ ထည့်သွင်းပြဋ္ဌာန်းထားခဲ့သည်။ ယင်းဥပဒေပါ ပြဋ္ဌာန်းများကို အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့် အသေး

စိတ်နည်းစနစ်များကို နည်းဥပဒေများဖြင့်လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများဖြင့်လည်းကောင်း ထုတ်ပြန်မှသာ လျှင် လုပ်ငန်းများအကောင်အထည်ဖော်ပေးရသည့် အဖွဲ့အစည်းဆင့်ဆင့်အတွက် လွယ်ကူမှု ရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၈၁) ပါ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကိုရေးဆွဲပြီး ပြည်သူ့လွှတ်တော်ရွေး ကောက်ပွဲ နည်းဥပဒေများ (ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် နည်းဥပဒေများ အမှတ် ၁/၈၉) ကို ၁၉၈၉ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့သည်။

## ညွှန်ကြားချက်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများအတွက် လုပ်ငန်းလမ်းညွှန်၊ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်ထုတ်ပြန်ခြင်း။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် မူပိုင်းဆိုင်ရာများပြဋ္ဌာန်းထားပြီး နည်းဥပဒေများတွင် ဆောင် ရွက်ရမည့်နည်းစနစ်အသေးစိတ်များကိုပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သော ညွှန်ကြားချက်များကို ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက မှီငြမ်းပြုလေ့လာရာတွင် လွယ်ကူမှုရှိစေ ရန်အလို့ငှာ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများအတွက် လုပ်ငန်းလမ်းညွှန်ကို ကော်မရှင်က ပြုစု ထုတ်ပြန်ပေးခဲ့သည်။

ရွေးကောက်ပွဲကျင်းပသောနေ့၌ မိမိတို့၏တာဝန်ဝတ္တရားများကို တိတိကျကျမှန်မှန်ကန်ကန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများနှင့် ဆောင် ရွက်ရမည့်လုပ်ငန်း အဆင့်ဆင့်တို့ဖော်ပြပါရှိသည့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်ကိုလည်း ကော်မရှင်က ပြုစုထုတ်ပြန်ခဲ့သည်။

## ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတစွာကျင်းပနိုင်ရေးအတွက် နိုင်ငံ တော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က လိုအပ်သည့်ဥပဒေများကိုပြဋ္ဌာန်းခဲ့သည်။ ကော်မရှင်ကလည်း လိုအပ်သည့် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့သည့်အပြင် လုပ်ငန်းလမ်းညွှန်များနှင့် ညွှန်ကြားချက်များကိုလည်း ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေ၊ နည်းဥပဒေများအရ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို အကောင်အထည် ဖော်ရန် ပြည်နယ်နှင့် တိုင်း၊ မြို့နယ်စု၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို အောက်ပါအတိုင်းဖွဲ့စည်းပေးခဲ့သည်...။

| | | | |
|---|---|---|---|
| (၁) | သက်ဆိုင်ရာအဆင့်ရှိ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအဆင့်ရှိ | တရားရေးဦးစီးဌာနမှူး | အဖွဲ့ဝင် |
| (၃) | သက်ဆိုင်ရာအဆင့်ရှိ | ဥပဒေအရာရှိ | ॥ |
| (၄) | သက်ဆိုင်ရာအဆင့်ရှိ | ကျန်းမာရေး ဦးစီးဌာနမှူး | ॥ |
| (၅) | သက်ဆိုင်ရာအဆင့်ရှိ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူး | ॥ |
| (၆) | သက်ဆိုင်ရာအဆင့်ရှိ | ပညာရေးမှူး | ॥ |
| (၇) | ဒေသခံအများပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | | ॥ |
| (၈) | ဒေသခံအများပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | | ॥ |
| (၉) | ဒေသခံအများပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | | ॥ |

(၁၀)ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — အတွင်းရေးမှူး
(၁၁)ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — တွဲဖက်အတွင်းရေးမှူး

ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများကို အောက်ပါအဖွဲ့ဝင်များဖြင့်ဖွဲ့စည်းခဲ့သည် ...

(၁) ဒေသခံအများပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် — ဥက္ကဋ္ဌ
(၂) ဒေသခံအများပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် — အဖွဲ့ဝင်
(၃) ဒေသခံအများပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် — အဖွဲ့ဝင်
(၄) အစိုးရကျောင်းဆရာ သို့မဟုတ် ကျောင်းဆရာမတဦး — အဖွဲ့ဝင်
(၅) သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်)
ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံးမှ စာရေး — အတွင်းရေးမှူး

ယင်းသို့ဖွဲ့စည်းခဲ့သည့်ကော်မရှင်အဖွဲ့ခွဲအရေအတွက်များမှာ အောက်ပါအတိုင်းဖြစ်သည် ...

(၁) ပြည်နယ်နှင့်တိုင်းကော်မရှင်အဖွဲ့ခွဲ — ၁၄ ခု
(၂) မြို့နယ်စုကော်မရှင်အဖွဲ့ခွဲ — ၅၀ ခု
(၃) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ — ၃၁၇ ခု
(၄) ရပ်ကွက်နှင့် ကျေးရွာအုပ်စု — ၁၄,၉၉၂ ခု

## မဲပြားဖြင့်ဆန္ဒပေးသည့်စနစ်မှ ဆန္ဒမဲလက်မှတ်ဖြင့်ဆန္ဒမဲပေးသည့်စနစ်၊ ဆန္ဒမဲရေတွက်သည့်နေရာ၊ ဆန္ဒမဲရေတွက်သည့်စနစ်၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ၏ အမည်စာရင်းကြေညာခြင်း စနစ်တို့ကို ပြုပြင်ပြောင်းလဲခြင်း။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသမိုင်းတလျှောက်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများ၌ လွတ်လွတ်လပ်လပ်ဆန္ဒမဲပေးပိုင်ခွင့်ရရှိပြီး မိမိတို့ပေးလိုက်သည့်ထောက်ခံဆန္ဒမဲကို သက်ဆိုင်ရာကိုယ်စားလှယ်လောင်းက မှန်ကန်စွာရရှိသွားသည်ဟူသော ယုံကြည်မှုမျိုးကို မဲဆန္ဒရှင်များက ရာခိုင်နှုန်းပြည့်ရရှိခြင်းမရှိခဲ့သည်ကို လေ့လာသိရှိ ခဲ့ရသည်။

ထို့ကြောင့် ခေတ်မမီတော့သော ဆန္ဒမဲပြားဖြင့်ဆန္ဒပေးရသည့်စနစ်အစား ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရသည့်စနစ်ကို ပြောင်းလဲသင့်ကြောင်း ကော်မရှင်ကသုံးသပ်ခဲ့သည်။ ကော်မရှင်သည် ၁၉၈၉ ခုနှစ်၊ မတ်လ (၁) ရက်စွဲပါ ကြေညာချက်အမှတ် (၂၄၂) ဖြင့် မဲပြားဖြင့်ဆန္ဒမဲပေးသည့်စနစ်နှင့် ဆန္ဒမဲလက်မှတ် ဖြင့်ဆန္ဒမဲပေးသည့်စနစ်နှစ်ခုအနက် မည်သည့်စနစ်ကိုကြိုက်နှစ်သက်ကြောင်း ပြည်သူများနှင့်နိုင်ငံရေးပါတီ အဖွဲ့အစည်းများထံမှ အကြံဉာဏ်များတောင်းခံခဲ့ရာ ပြည်သူများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းအများအပြားက ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသည့်စနစ်ကို ကျင့်သုံးသင့်ကြောင်းအကြံပြုခဲ့ကြသည်။ ကော်မရှင်သည် ပြည်သူများနှင့်နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ အကြံဉာဏ်များကိုရယူ၍ ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသည့်စနစ်ကို စတင်ကျင့်သုံးရန် ဆုံးဖြတ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။

ဆန္ဒမဲများရေတွက်သည့်စနစ်ကိုလည်း ပြောင်းလဲခဲ့သည်။ ယခင်ပါတီစုံစနစ်ကိုကျင့်သုံးစဉ်က ပါလီမန်ရွေးကောက်ပွဲတွင် ခရိုင်ဝန်များသည် ရွေးကောက်ပွဲတာဝန်ခံအရာရှိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲဆန္ဒနယ်အတွင်းရှိ မဲရုံများပိတ်ပြီးနောက် မဲရုံအသီးသီးမှ မဲပုံးများကို ချိပ်ပိတ်၍သက်ဆိုင်ရာ ရွေး ကောက်ပွဲတာဝန်ခံအရာရှိထံယူဆောင်သွားပြီးမှ မဲများကိုရေတွက်ရသည်။

မဲရုံများပိတ်ပြီးနောက် မဲပုံးများကိုချိပ်ပိတ် ပြီးသည့်အချိန်မှစ၍ မဲပုံးများဖွင့်ဖောက်၍ ဆန္ဒမဲရေတွက်သည့် အချိန်အထိ ရက်ခြားခဲ့သည်။ ယင်းသို့သော ကြားကာလတွင် အခြားလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲပုံးများထဲမှမဲပြားများကို နည်းအမျိုးမျိုးဖြင့်ဖောက်ယူပြီး အနိုင်ရစေလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း ၏ မဲပုံးများထဲသို့ပြောင်းထည့်ကာ မဲခိုးကြောင်းသံသယပွားမှုများရှိခဲ့သည်။

မဲခိုးသည်ဟူသော သံသယပွားမှု ပပျောက်စေရေးအတွက် ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသည့်စနစ်ကို ပြောင်းလဲကျင့်သုံးပြီး မဲရုံတွင်ပင် မပုံးများကိုအများပြည်သူရှေ့မှောက်၌ ဖွင့်ဖောက်ရေတွက်သည့်စနစ်ကို ကျင့်သုံးခဲ့သည်။ ထိုသို့ဆန္ဒမဲများကိုရေတွက်ပြီးနောက် ထိုမဲရုံမှရရှိသည့်ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၅) ဖြင့် ပြုစု၍ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များက လက်မှတ်ရေးထိုးကြသည်။ ယင်းပုံစံ (၁၅) များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက လွှတ်တော်မဲဆန္ဒနယ် အလိုက်စုစည်းပြီး လွှတ်တော်ကိုယ်စား လှယ်လောင်းအသီးသီးရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၆) ဖြင့် ပေါင်းရုံးစုစည်းပြီး မြို့နယ် ကော်မရှင် အဖွဲ့ခွဲဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင် များက လက်မှတ်ရေးထိုးကြသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ယင်းသို့ပြုစုထားသည့် ပုံစံ (၁၆) နှင့် ကျင်းပပြီး စီးခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲ အခြေအနေကိုဖော်ပြထားသည့် ပုံစံ (၁၇) တို့ကို ကော်မရှင်သို့ပေးပို့ကြသည်။ ထိုပုံစံများရရှိ သည့်အခါမှ ကော်မရှင်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူကို ကြေညာခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသူကို ယခင်က ရွေးကောက်ပွဲတာဝန်ခံ အရာရှိက ကြေညာခဲ့သော်လည်း ယခုကော်မရှင်က ကြေညာသည့်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများ။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကိုပြဋ္ဌာန်းပြီးသည့်နောက် ကော်မရှင်သည် ယင်းဥပဒေနှင့်အညီ ရွေးကောက်ပွဲ၌ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအဖွဲ့အစည်းများကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့မှစ၍ မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ နောက်ဆုံးမှတ်ပုံတင်ခွင့်ပြုသည့်ရက်အဖြစ် ၁၉၈၉ ခုနှစ်၊ ဖေဖော် ဝါရီလ (၂၈) ရက်နေ့ကို ကော်မရှင်မှ သတ်မှတ်ကြေညာခဲ့သည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်
## ကြေညာချက်အမှတ် (၁၈၇)
## ၁၃၅၀ ပြည့်နှစ်၊ ပြာသိုလဆန်း (၁၂)ရက်
## ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်

**အကြောင်းအရာ ။ ။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားရမည့် နောက်ဆုံးနေ့ရက်နှင့် အချိန်သတ်မှတ်ချက်ကို ကြေညာခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ဤကော်မရှင်သို့ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့မှစ၍ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခဲ့ကြရာ ယနေ့အထိ နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၁၈၂)

ဖွဲ့ကို မှတ်ပုံတင်ခွင့် ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ဤကော်မရှင်သည် နယ်စပ်ဒေသများမှလည်းကောင်း၊ ဆက်သွယ်မှုခက်ခဲသောဒေသများမှလည်းကောင်း၊ နိုင်ငံရေးပါတီများ လာရောက်မှတ်ပုံတင်နိုင်ရေးအတွက် အချိန်ပေးခဲ့ပါသည်။

၃။ ယခုအခါ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီ အဖွဲ့အစည်းအသီးသီးတို့သည်လည်း မှတ်ပုံတင်ပြီးဖြစ်မည်ဟု ယူဆသည့်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ (၆) နှင့်အညီ မှတ်ပုံတင်ရန် ကော်မရှင်သို့ လျှောက်ထားရမည့် နောက်ဆုံးနေ့ရက်နှင့်အချိန်ကို ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့ မွန်းတည့် (၁၂ း ၀၀) နာရီအထိ သတ်မှတ်ပါကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

နောက်ဆုံးမှတ်ပုံတင်ခွင့်ပြုရက်ဖြစ်သည့် ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့အထိ (၅) လခန့်အတွင်း မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်းမှာ (၂၃၆) ဖွဲ့ ဖြစ်သည်။

ထို့နောက် မှတ်ပုံတင်ထားသည့်နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် ပါတီတွင်းစည်းရုံးရေးတို့ကို ဆောင်ရွက်ခဲ့ကြရာ၌ ပါတီအချို့သည် ပါတီတွင်းအခြေအနေအရလည်းကောင်း၊ အခြားနိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့်ပူး ပေါင်းဖွဲ့စည်းလို၍လည်းကောင်း မိမိတို့၏နိုင်ငံရေးပါတီ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခွင့်ပြုပါရန် ကော်မရှင်သို့ လျှောက်ထားသဖြင့်ကော်မရှင်ကယင်းတို့၏ဆန္ဒအရ နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၁၀၂) ဖွဲ့ကို ပယ်ဖျက်ပေးခဲ့ရသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းမရှိသောနိုင်ငံသားများအား တသီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခဲ့သည်။ ပါတီအဖွဲ့အစည်းအလိုက်ပါဝင်ယှဉ်ပြိုင်ပါက ပါတီအဖွဲ့အစည်းမရှိသော တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများထက် ပိုမို၍ လွှတ်တော်မဲဆန္ဒနယ်များတွင် ပါဝင်ယှဉ်ပြိုင်မှသာလျှင် ပါတီအဖွဲ့အစည်း၏ဂုဏ်သိက္ခာရှိနိုင်မည်ဖြစ်သဖြင့် ပါတီအဖွဲ့အစည်းအသီးသီးသည်ရွေးကောက်ပွဲတွင်အနည်းဆုံး လွှတ်တော်မဲဆန္ဒနယ် (၃) နယ်စီ၌ ယှဉ်ပြိုင်ကြပါရန် ကော်မရှင်က ၁၉၈၉ ခုနှစ်၊ ဒီဇင် ဘာလ (၅) ရက်နေ့ရက်စွဲပါ ကြေညာချက်အမှတ် (၃၃၇) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အထက်ပါကြေညာချက်နှင့်အညီ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့အထိ နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း (၁၁၇) ဖွဲ့တို့က ရွေးကောက်ပွဲ၌အနည်းဆုံးမဲဆန္ဒနယ် (၃) နယ်နှင့်အထက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အောက်ပါအတိုင်းတင်ပြခဲ့သည်။

(၁) မဲဆန္ဒနယ် (၃၀၀) နယ်နှင့်အထက် ယှဉ်ပြိုင်မည်ဟု တင်ပြထားသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၆) ဖွဲ့။

(၂) မဲဆန္ဒနယ် (၁၁၁) နယ်မှ (၂၀၀) နယ်အတွင်း ယှဉ်ပြိုင်မည်ဟုတင်ပြထားသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၄) ဖွဲ့။

(၃) မဲဆန္ဒနယ် (၅၁) နယ်မှ (၁၀၀) နယ်အတွင်း ယှဉ်ပြိုင်မည်ဟု တင်ပြထားသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၄) ဖွဲ့။

(၄) မဲဆန္ဒနယ် (၁၁) နယ်မှ (၅၀) နယ်အတွင်း ယှဉ်ပြိုင်မည်ဟုတင်ပြထားသည့် နိုင်ငံရေးပါတီအဖွဲ့ အစည်းပေါင်း (၃၁) ဖွဲ့။

(၅) မဲဆန္ဒနယ် (၃) နယ်မှ (၁၀) နယ်အတွင်း ယှဉ်ပြိုင်မည်ဟုတင်ပြထားသည့် နိုင်ငံရေးပါတီအဖွဲ့ အစည်းပေါင်း (၇၂) ဖွဲ့။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ (၃) အရ နိုင်ငံရေးပါတီအဖွဲ့အစည်းများက ရွေးကောက်ပွဲ၌ဝင် ရောက်ယှဉ်ပြိုင်လိုသဖြင့် မှတ်ပုံတင်ပေးရန်လျှောက်ထားချက်အရ ကော်မရှင်ကစီစစ်ပြီး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်သော နိုင်ငံရေးပါတီအဖွဲ့အစည်းများကို မှတ်ပုံတင်ပေးခဲ့သည်။ ထို့ကြောင့် ကော်မရှင်က ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၃၃၇) ဖြင့် ပါတီအဖွဲ့အစည်းများသည် ရွေးကောက်ပွဲတွင် အနည်းဆုံး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၃) နယ်၌ ဝင်ရောက်ယှဉ်ပြိုင်ရန် သတ်မှတ်တိုက်တွန်းခဲ့သော်လည်း ရွေးကောက်ပွဲတွင် လုံးဝယှဉ်ပြိုင်ခြင်းမပြုနိုင်သော နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၃၀) ဖွဲ့ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၁/၉၀) ဖြင့် ဖျက်သိမ်းခဲ့သည်။

ပါတီအဖွဲ့အစည်းအသီးသီးသည် ရွေးကောက်ပွဲတွင် အနည်းဆုံး လွှတ်တော်မဲဆန္ဒနယ် (၃) နယ်၌ ဝင်ရောက်ယှဉ်ပြိုင်ကြရန် ကော်မရှင်မှ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့ ရက်နေ့စွဲပါ ကြေညာချက်အမှတ် (၃၃၇) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

သို့အတွက် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၁) နယ်၊ သို့မဟုတ် (၂) နယ်တွင်သာ ဝင်ရောက်ယှဉ်ပြိုင်သည့် အောက်ပါနိုင်ငံရေးပါတီအဖွဲ့အစည်း (၆) ခုအား၊ နဝတမှ ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့ ရက်နေ့စွဲပါ အမိန့်အမှတ် (၂/၉၀) ဖြင့် ဖျက်သိမ်းခဲ့သည်။

(၁) လူမျိုးပေါင်းစုံချစ်ကြည်ရေးအသင်း (ပြည်ထောင်စုမြန်မာနိုင်ငံ)၊
Society for International Friendship (Union of Burma)

(၂) ကျောင်းသားများဒီမိုကရေစီအရေးတော်ပုံပါတီ၊
Students' Revolutionary Party for Democracy (S.R.P.D.)

(၃) လူမျိုးစု ပေါင်းစည်းဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
Federal Republic Development Party

(၄) အမျိုးသားတိုးတက်ရေး ဆိုရှယ်လစ်အဖွဲ့ချုပ်၊
The National Progressive Socialist League

(၅) အရှိုချင်းအမျိုးသား ဖွံ့ဖြိုးရေးအဖွဲ့ချုပ် (အ–မ–ဖ–ခ)၊
Asho-Chin National Development League (A.N.D.L.)

(၆) အမျိုးသား ငြိမ်းချမ်းသာယာရေးပါတီ (မ–င–သ–ပ)၊
National Peace and Comfort Party

ယင်းအမိန့်တွင် သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ရွေးကောက်ခံပိုင်ခွင့် မဆုံးရှုံးစေသောငှာ အထက်ဖော်ပြပါ ဖျက်သိမ်းလိုက်သည့် ပါတီအဖွဲ့အစည်းများ၏အမည်ခံလျက် သက်ဆိုင်ရာမြို့နယ်စု ကော်မရှင်အဖွဲ့ခွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် အမည်စာရင်းတင်သွင်းထားသူများအား တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် မှတ်ယူရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုသို့ ဖျက်သိမ်းလိုက်သည့်ပါတီများကိုကိုယ်စားပြု၍ လွှတ်တော်မဲဆန္ဒနယ် (၁) နယ် သို့မဟုတ် (၂) နယ်

ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်လောင်း (၈) ဦးတို့ကို တသီးပုဂ္ဂလအဖြစ် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံခွင့်ပြုခဲ့သည်။

ထို့ကြောင့် လွှတ်တော်မဲဆန္ဒနယ် (၃) နယ်နှင့်အထက် ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီအဖွဲ့အစည်း (၉၃) ဖွဲ့သာ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီအသီးသီး၏ သဘောထားကြေညာချက်များအရ ၁၉၄၇ ခုနှစ်၊ အခြေခံဥပဒေအား ပြင်ဆင်သုံးစွဲမည်ဟု ဖော်ပြခဲ့သော ပါတီ (၇) ပါတီရှိသည်။ ၁၉၇၄ ခုနှစ်၊ အခြေခံဥပဒေကို ပြင်ဆင်သုံးစွဲမည်ဟု ဖော်ပြသည့် နိုင်ငံရေးပါတီ မရှိခဲ့ပါ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်ရေးဆွဲမည်ဟုဖော်ပြထားသော နိုင်ငံရေးပါတီ (၃၁) ပါတီရှိသည်။ အခြေခံဥပဒေအသစ်ရေးဆွဲမည်ဟု ယူဆနိုင်သော ပါတီ (၄၄) ပါတီရှိသည်။ သဘောထားလုံးဝဖော်ပြထားခြင်းမရှိသော နိုင်ငံရေးပါတီ (၁၁) ပါတီရှိသည်။ ယင်းပါတီများအနက် တိုင်းရင်းသားပါတီများတွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တို့က (၈) ပြည်နယ်ထားရှိဖွဲ့စည်းရန်၊ မရာပြည်သူ့ပါတီ (မ ပ ပ) က (၁၀) ပြည်နယ်ထားရှိ ဖွဲ့စည်းရန်ဟူသော ပြည်နယ်ဖွဲ့စည်းရေးသဘောထားများ ဖော်ပြခဲ့ကြသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ (၆) တွင် ရွေးကောက်ပွဲကျင်းပခြင်းမပြုမီ မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီတခုသည် ပုဒ်မ(၃)၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) သို့မဟုတ် (င) တွင် ဖော်ပြထားသည့် အဖွဲ့အစည်းတရပ်ဖြစ်ကြောင်း၊ ကော်မရှင်ကတွေ့ရှိလျှင် မှတ်ပုံတင်ခွင့်ပြုခြင်းကို ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ မှတ်ပုံတင်ခွင့်ပြုထားသော အောက်ပါနိုင်ငံရေးပါတီအဖွဲ့အစည်းများသည် နိုင်ငံတော်အား လက်နက်စွဲကိုင်၍တော်လှန်ပုန်ကန်နေသော ဗမာပြည်ကွန်မြူနစ်ပါတီ သောင်းကျန်းသူအဖွဲ့အစည်း၏ မြေပေါ်အဖွဲ့အစည်းများဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် ကော်မရှင်က ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့ ရက်နေ့စွဲပါ ကြေညာချက်အမှတ် (၃၁၄)၊ (၃၁၅)၊ (၃၁၆) တို့ကို ထုတ်ပြန်၍ ပယ်ဖျက်ခဲ့သည်။

(၁) အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မနတ)၊ မန္တလေးမြို့။
National Politics Front (NPF), Mandalay.

(၂) ပြည်သူ့တိုးတက်ရေးပါတီ၊ ရန်ကုန်မြို့။
People's Progressive Party, Rangoon.

(၃) အမြဲစိမ်းလူငယ်များအဖွဲ့၊ မုံရွာမြို့။
Ever Green Young Men Association, Monywa.

ရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက် ( ၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်) တနင်္ဂနွေနေ့၌ တပြည်လုံးတွင်တပြိုင်နက် နံနက် (၆) နာရီမှ ညနေ (၄) နာရီအတွင်း ကျင်းပခဲ့သည်။

**သင်္ကေတများသတ်မှတ်ခြင်း။**

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၆ အရ ဆန္ဒမဲ လက်မှတ်ပေါ်တွင်ရိုက်နှိပ်ရန် ရွေးကောက်ပွဲ၌ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီအဖွဲ့အစည်းအသီးသီးအတွက် သင်္ကေတများကို ကော်မရှင်က သက်ဆိုင်ရာပါတီအဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်ပေးခဲ့သည်။ တသီးပုဂ္ဂလများအတွက်လည်း သင်္ကေတ (၁၁) ခုကို သီးခြားသတ်မှတ်ပေးခဲ့သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းများကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအသုံးပြုရန် ညှိနှိုင်းသတ်မှတ်ထားသည့်သင်္ကေတများကို ကော်မရှင်က ကြေညာချက်

အမှတ် (၃၆၁)၊ (၃၆၅)၊ (၃၇၀) တို့ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

**မဲရုံအရေအတွက်နှင့် မဲရုံအဖွဲ့ဝင်ဦးရေ သတ်မှတ်ခြင်း။**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုမြန်မာနိုင်ငံတဝန်းလုံးတွင် မဲရုံပေါင်း (၁၅,၁၅၄) ရုံ သတ်မှတ်ပေးခဲ့သည်။ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုတိုင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၅,၀၀၀) အထိရှိလျှင် မဲရုံတရုံထားရှိပြီး ယင်းမဲရုံများတွင် မဲရုံအဖွဲ့ဝင်ဦးရေကို အောက်ပါအတိုင်း သတ်မှတ်ဖွဲ့စည်းပေးခဲ့သည်။

(က) မဲဆန္ဒရှင် (၁,၀၀၀)အထိရှိသောမဲရုံ ...

| | |
|---|---|
| (၁) မဲရုံမှူး | ၁ ဦး |
| (၂) မဲစာရင်းစစ်ဆေးသူ | ၁ ဦး |
| (၃) ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ | ၁ ဦး |
| (၄) မဲပုံးစောင့် | ၁ ဦး |
| စုစုပေါင်း – | ၄ ဦး |

(ခ) မဲဆန္ဒရှင် (၁,၀၀၁) မှ (၃,၀၀၀) အထိရှိသောမဲရုံ ...

| | |
|---|---|
| (၁) မဲရုံမှူး | ၁ ဦး |
| (၂) မဲစာရင်းစစ်ဆေးသူ | ၂ ဦး |
| (၃) ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ | ၂ ဦး |
| (၄) မဲပုံးစောင့် | ၁ ဦး |
| စုစုပေါင်း – | ၆ ဦး |

(ဂ) မဲဆန္ဒရှင် (၂,၀၀၁) မှ (၃,၀၀၀) အထိရှိသောမဲရုံ ...

| | |
|---|---|
| (၁) မဲရုံမှူး | ၁ ဦး |
| (၂) မဲစာရင်းစစ်ဆေးသူ | ၃ ဦး |
| (၃) ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ | ၃ ဦး |
| (၄) မဲပုံးစောင့် | ၁ ဦး |
| စုစုပေါင်း | ၈ ဦး |

(ဃ) မဲဆန္ဒရှင် (၃,၀၀၁) မှ (၄,၀၀၀) အထိရှိသောမဲရုံ ...

| | |
|---|---|
| (၁) မဲရုံမှူး | ၁ ဦး |
| (၂) မဲစာရင်းစစ်ဆေးသူ | ၄ ဦး |
| (၃) ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ | ၄ ဦး |
| (၄) မဲပုံးစောင့် | ၁ ဦး |
| စုစုပေါင်း | ၁၀ ဦး |

(င) မဲဆန္ဒရှင် (၄,၀၀၁) မှ (၅,၀၀၀) အထိရှိသောမဲရုံ ...

| | |
|---|---|
| (၁) မဲရုံမှူး | ၁ ဦး |
| (၂) မဲစာရင်းစစ်ဆေးသူ | ၅ ဦး |
| (၃) ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ | ၅ ဦး |

(၄) မဲပုံးစောင့် ၁ ဦး

စုစုပေါင်း ၁၂ ဦး

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာ တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ်ကြေညာခြင်း။**

ကော်မရှင်သည် ရွေးကောက်ပွဲလုပ်ငန်းများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာထားသည့် လုပ်ငန်း အစီအစဉ်နှင့် အချိန်ဇယားများအတိုင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၂၈)၊ ပုဒ်မခွဲ (ဂ)နှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ (၁၈) အရ အောက်ပါနေ့ရက်များကို ကော်မရှင်က ၁၉၈၉ ခုနှစ် နိုဝင်ဘာလ (၁၀) ရက်စွဲပါ ကြေညာချက်အမှတ် (၃၂/၆) ဖြင့် သတ်မှတ်ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၃၂/၆)**
**၁၃၅၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၃)ရက်**
**၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်**

**အကြောင်းအရာ။ ။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည့်နေ့ရက်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကို တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ်ကြေညာခြင်း။**

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဂ) နှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ (၁၈) အရ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် အောက်ပါနေ့ရက်များကို သတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) | ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည့် နေ့ရက် | ၁၃၅၂ ခုနှစ်၊ နယုန်လဆန်း (၄) ရက် **(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်)** |
| (ခ) | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့် နေ့ရက်နှင့် နောက်ဆုံးနေ့ရက် | ၁၃၅၁ ခုနှစ်၊ ပြာသိုလဆန်း (၂) ရက်မှ (၈) ရက်အထိ။ **(၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်မှ ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၃) ရက်အထိ)** |

| | | |
|---|---|---|
| (ဂ) | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများကို စိစစ်မည့်နေ့ရက် | ၁၃၅၁ ခုနှစ်၊ ပြာသိုလဆန်း (၁၀) ရက်နေ့မှ (၁၄) ရက်အထိ။ **(၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီ လ ၅ ရက်မှ ၉ ရက်အထိ)** |
| (ဃ) | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ | ၁၃၅၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၂) ရက် **(၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၂) ရက် ရုံးချိန်အတွင်း)** |

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

**လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပရန်**
**အခြေအနေမပေးသေးသည့် နယ်မြေများ။**

ကော်မရှင်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ နယ်မြေအားလုံးတွင် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများကိုကျင်းပနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၄၉၂) နယ်ကို သတ်မှတ်ခဲ့သည်။ ထိုသို့သတ်မှတ်ခဲ့သော်လည်း အောက်ဖော်ပြပါမဲဆန္ဒနယ် (၇) နယ်တွင် ကျင်းပရန်ရှိသည့် ရွေးကောက်ပွဲလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အချိန်မီဆောင်ရွက်နိုင်ရန် အခက်အခဲရှိကြောင်းသိရသည့်အတွက် ခေတ္တဆိုင်းငံ့လိုက်ကြောင်း ကြေညာချက်အမှတ် (၃၈၄) နှင့် (၃၉၅) တို့ဖြင့် ထုတ်ပြန်ခဲ့သဖြင့် မဲဆန္ဒနယ်ပေါင်း (၄၈၅) နယ်တွင်သာ ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။

(၁) ရှမ်းပြည်နယ်၊ ကုန်းကြမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊
(၂) ရှမ်းပြည်နယ်၊ နားဖန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊
(၃) ရှမ်းပြည်နယ်၊ ပန်ဝိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊
(၄) ရှမ်းပြည်နယ်၊ ပန်ယန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊
(၅) ရှမ်းပြည်နယ်၊ မိုင်းမောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊
(၆) ရှမ်းပြည်နယ်၊ မန်ဖန့်(သံလွင်)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊
(၇) ကချင်ပြည်နယ်၊ အင်ဂျန်းယန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်။

**ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအရေအတွက်။**

လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများကို သက်ဆိုင်ရာမြို့နယ်စု ကော်မရှင် အဖွဲ့ခွဲများက ကြေညာပြီးနောက် အောက်ဖော်ပြပါအကြောင်းများကြောင့် လွှတ်တော်ကိုယ်စားလှယ် လောင်းအမည်စာရင်းများမှ (၄၀) ဦးကို ခေတ္တချန်လှပ်ပယ်ဖျက်ခဲ့ရသည့်အတွက် ရွေးကောက်ပွဲကျင်းပသည့်အခါ ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းဦးရေမှာ (၂,၂၉၆) ဦးသာ ကျန်ရှိခဲ့သည်။

(၁) ဆိုင်းငံ့မဲဆန္ဒနယ်များမှ ခေတ္တချန်လှပ်ခဲ့ရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၃ ဦး။
(၂) ထောင်ဒဏ်ကျခံရသဖြင့် ပယ်ဖျက်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၈ ဦး။

(၃) ကွယ်လွန်အနိစ္စရောက်သွားသဖြင့် ပယ်ဖျက်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၈ ဦး။
(၄) သောင်းကျန်းသူနှင့်ဆက်သွယ်သဖြင့် ပယ်ဖျက်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁ ဦး။
စုစုပေါင်း ... ၄၀ ဦး။

## ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမှုအခြေအနေ

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် | မူလသတ်မှတ်ထားသည့် မဲဆန္ဒနယ် အရေအတွက် | ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ် အရေအတွက် | ဆိုင်းငံ့ထားသည့် မဲဆန္ဒ အရေအတွက် | ယှဉ်ပြိုင်အရွေးခံသူ အရေအတွက် |
|---|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၁၈ | ၂၀ | ၁၉ | ၁ | ၉၃ |
| ၂။ | ကယားပြည်နယ် | ၆ | ၈ | ၈ | | ၃၃ |
| ၃။ | ကရင်ပြည်နယ် | ၇ | ၁၄ | ၁၄ | | ၅၁ |
| ၄။ | ချင်းပြည်နယ် | ၉ | ၁၃ | ၁၃ | | ၅၅ |
| ၅။ | စစ်ကိုင်းတိုင်း | ၃၈ | ၅၈ | ၅၈ | | ၂၄၂ |
| ၆။ | တနင်္သာရီတိုင်း | ၁၀ | ၁၃ | ၁၃ | | ၄၅ |
| ၇။ | ပဲခူးတိုင်း | ၂၈ | ၅၁ | ၅၁ | | ၂၅၅ |
| ၈။ | မကွေးတိုင်း | ၂၅ | ၃၉ | ၃၉ | | ၁၇၀ |
| ၉။ | မန္တလေးတိုင်း | ၂၉ | ၅၆ | ၅၆ | | ၂၉၇ |
| ၁၀။ | မွန်ပြည်နယ် | ၁၀ | ၂၀ | ၂၀ | | ၉၅ |
| ၁၁။ | ရခိုင်ပြည်နယ် | ၁၇ | ၂၆ | ၂၆ | | ၁၅၂ |
| ၁၂။ | ရန်ကုန်တိုင်း | ၄၂ | ၆၁ | ၆၁ | | ၄၀၀ |
| ၁၃။ | ရှမ်းပြည်နယ် | ၅၂ | ၆၂ | ၅၆ | ၆ | ၂၀၄ |
| ၁၄။ | ဧရာဝတီတိုင်း | ၂၆ | ၅၁ | ၅၁ | | ၂၀၄ |
| | စုစုပေါင်း | ၃၁၇ | ၄၉၂ | ၄၈၅ | ၇ | ၂၂၉၆ |

## ဆန္ဒမဲများရေတွက်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်အမည်ကြေညာခြင်း။

ရွေးကောက်ပွဲကျင်းပသောနေ့တွင် ဆန္ဒမဲပေးလိုသောမဲဆန္ဒရှင်များသည် မဲရုံများ၌ နံနက် (၆) နာရီမှ ညနေ (၄) နာရီအချိန်အတွင်း မိမိတို့ကြိုက်နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကို လျှို့ဝှက်စွာ လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးခဲ့ကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်မိသားစုသည် ဒဂုံမြို့နယ်၊ ဇီဝကလမ်း၊ ဆေးသုတေသနဦးစီးဌာနအဆောက်အအုံတွင်ဖွင့်လှစ်ထားသော မဲရုံသို့လာရောက်မဲပေးကြသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်များနှင့် ဝန်ကြီးများ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) နှင့် အတွင်းရေးမှူး (၂) တို့သည်လည်း မိမိတို့သက်ဆိုင်ရာမဲရုံများသို့ လာရောက်မဲပေးကြသည်။

၁၉၉၀ ပြည့်နှစ် မေလ (၂၇) ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပသည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်ပေါင်း (၄၈၅) နယ်တို့နှင့်စပ်လျဉ်းသည့် ဆန္ဒမဲပေးမှုအခြေအနေများနှင့် ရာခိုင်နှုန်းများကို အောက်ပါအတိုင်း ထုတ်ပြန် ဖော်ပြပေးခဲ့သည်။

**(က) ရွေးကောက်ပွဲကျင်းပမှု အခြေအနေ**

| | |
|---|---|
| (၁) ရွေးကောက်ပွဲကျင်းပရန်သတ်မှတ်ထားသည့် မဲဆန္ဒနယ်ပေါင်း | ၄၉၂ နယ် |
| (၂) ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ်ပေါင်း | ၄၈၅ နယ် |
| (၃) ရွေးကောက်ပွဲကျင်းပနိုင်သည့်ရာခိုင်နှုန်း | ၉၈ ‧ ၅၈% |

**(ခ) ဆန္ဒမဲပေးမှုအခြေအနေ**

| | |
|---|---|
| (၁) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ | ၂၀,၈၁၈,၃၁၃ ဦး |
| (၂) လာရောက်ဆန္ဒမဲပေးသူဦးရေ | ၁၅,၁၁၂,၅၂၄ ဦး |
| (၃) ဆန္ဒမဲပေးမှုရာခိုင်နှုန်း | ၇၂ ‧ ၅၉% |

**(ဂ) ခိုင်လုံသောဆန္ဒမဲ ရရှိမှုအခြေအနေ**

| | |
|---|---|
| (၁) လာရောက်ဆန္ဒမဲပေးသူဦးရေ | ၁၅,၁၁၂,၅၂၄ ဦး |
| (၂) ရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက် | ၁၃,၂၅၃,၆၀၆ မဲ |
| (၃) ခိုင်လုံသောဆန္ဒမဲရရှိမှုရာခိုင်နှုန်း | ၈၇ ‧ ၇% |

**(ဃ) ပယ်မဲ၊ ပျောက်မဲ၊ ထပ်မဲအခြေအနေ**

| | |
|---|---|
| (၁) လာရောက်ဆန္ဒမဲပေးသူဦးရေ | ၁၅,၁၁၂,၅၂၄ ဦး |
| (၂) ခိုင်လုံသောဆန္ဒမဲရရှိသည့်အရေအတွက် | ၁၃,၂၅၃,၆၀၆ မဲ |
| (၃) ပယ်မဲ၊ ပျောက်မဲ၊ ထပ်မဲအရေအတွက် | ၁,၈၅၈,၉၁၈ မဲ |
| (၄) ရရှိသည့်ဆန္ဒမဲများအနက် ပယ်မဲ၊ ပျောက်မဲ၊ ထပ်မဲရာခိုင်နှုန်း | ၁၂.၃% |

**(င) လွှတ်တော်ကိုယ်စားလှယ်လောင်းများယှဉ်ပြိုင်မှုအခြေအနေ**

| | |
|---|---|
| (၁) ယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ | ၂,၂၉၆ ဦး |
| (၂) ပါတီအဖွဲ့အစည်းများကိုကိုယ်စားပြု၍ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ | ၂,၂၀၉ ဦး |
| (၃) တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ | ၈၇ ဦး |
| (၄) ပါတီအဖွဲ့အစည်းများကိုကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်သည့် | |

ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း ၉၆ . ၂၀ %
(၅) တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း ၃ . ၇၉ %

**(စ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ရွေးကောက်ခံရမှုအခြေအနေ**

(၁) ပါတီအဖွဲ့အစည်းများကိုကိုယ်စားပြု၍ ယှဉ်ပြိုင်သည့်
လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးရေ ၂,၂၀၉ ဦး
(၂) ရွေးကောက်တင်မြှောက်ခံရသော ပါတီအဖွဲ့အစည်းများကို
ကိုယ်စားပြုသည့်လွှတ်တော် ကိုယ်စားလှယ် ဦးရေ ၄၇၉ ဦး
(၃) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း ၂၁.၆၈ %

**(ဆ) တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှုအခြေအနေ**

(၁) ပါဝင်ယှဉ်ပြိုင်သည့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၈၇ ဦး
(၂) ရွေးကောက်တင်မြှောက်ခံရသည့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၆ ဦး
(၃) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း ၆ . ၉ %

**(ဇ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ခိုင်လုံသောဆန္ဒမဲရစ်ပုံတပုံနှင့် အထက်ရရှိမှုအခြေအနေ**

(၁) ယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၂,၂၉၆ ဦး
(၂) ခိုင်လုံသော ဆန္ဒမဲရစ်ပုံတပုံနှင့်အထက်ရရှိသည့်
လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၁,၀၄၉ ဦး
(၃) ရာခိုင်နှုန်း ၄၅.၆၉%
(၄) ခိုင်လုံသောဆန္ဒမဲ ရစ်ပုံတပုံအောက်ရရှိသည့်
လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၁,၂၄၇ ဦး
(၅) ရာခိုင်နှုန်း ၅၄.၃၁%

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီအဖွဲ့အစည်း (၉၃) ဖွဲ့အနက် လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံးတဦးနှင့် အထက် ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီအဖွဲ့ အစည်း(၂၇)ဖွဲ့မှ ရွေးကောက်တင်မြှောက်ခံရသည့်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၃၉၂ ဦး
(၂) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ၂၃ ဦး
(၃) ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ၁၁ ဦး
(၄) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ၁၀ ဦး
(၅) မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ ၅ ဦး
(၆) အမျိုးသားလူ့အခွင့်အရေး ဒီမိုကရက်တစ်ပါတီ ၄ ဦး
(၇) ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၃ ဦး
(၈) ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီကွန်ဂရက်
(၉) ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ၃ ဦး
(၁၀) အမျိုးသားဒီမိုကရေစီပါတီ ၃ ဦး
(၁၁) ဇိုမီးအမျိုးသားကွန်ဂရက် ၂ ဦး

(၁၂) နာဂတောင်တန်းဒေသတိုးတက်ရေးပါတီ ၂ ဦး
(၁၃) ကယားပြည်နယ်လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ် ၂ ဦး
(၁၄) တအောင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၂ ဦး
(၁၅) ကယန်းအမျိုးသားများစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့ ၂ ဦး
(၁၆) ဒီမိုကရေစီပါတီ ၁ ဦး
(၁၇) ဒီမိုကရက်တစ် တက္ကသိုလ်ဘွဲ့ရနှင့်ကျောင်းသားဟောင်းများအဖွဲ့ ၁ ဦး
(၁၈) မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ၁ ဦး
(၁၉) ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ် ၁ ဦး
(၂၀) ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ ၁ ဦး
(၂၁) ပြည်ထောင်စု ဓနုအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ် ၁ ဦး
(၂၂) ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၁ ဦး
(၂၃) မရာပြည်သူ့ပါတီ (မ ပ ပ) ၁ ဦး
(၂၄) ပြည်ထောင်စုအမျိုးသားများ ဒီမိုကရေစီပါတီ ၁ ဦး
(၂၅) မြို(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့ ( မ–ခ–မ–ည–ဖ) ၁ ဦး
(၂၆) လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ၁ ဦး
(၂၇) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် ၁ ဦး

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီအဖွဲ့အစည်း (၉၃) ဖွဲ့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသူပေါင်း (၄၇၉) ဦးရှိခဲ့ပြီး၊ တသီးပုဂ္ဂလ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ (၆)ဦးရှိသဖြင့် ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူပေါင်းမှာ (၄၈၅) ဦး ရှိခဲ့သည်။ ရွေးကောက်တင်မြှောက်ခြင်း ခံရသူများတွင် တပ်မတော်အငြိမ်းစား (၄၂) ဦး၊ အငြိမ်းစားဝန်ထမ်းဟောင်း (၁၄၅) ဦး၊ တရားရုံးချုပ်နှင့် အထက်တန်းရှေ့နေ (၅၄) ဦး၊ ဆရာဝန် (၅၀) ဦး၊ အခြားအရပ်သား (၁၉၄) ဦး ပါဝင်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

## “၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ”

### (၁) ကချင်ပြည်နယ်။

၁။ ကာမိုင်းမြို့နယ်မဲဆန္ဒနယ် – ဦးတင်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂။ ချီဖွေမြို့နယ်မဲဆန္ဒနယ် – ဦးဂျီဘောင်မ်လှုန်း၊ ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက်။
၃။ ခေါ်ဘူဒဲမြို့နယ်မဲဆန္ဒနယ် – ဦးမဖန်းဆင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄။ ဆော့လော်မြို့နယ်မဲဆန္ဒနယ် – ဦးမုတ်မြော်ဆန်းခေါင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။

၅။ ဆွမ်ပရာဘွမ်မြို့နယ်မဲဆန္ဒနယ် – ဦးဇော်အိန်၊ ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက်။
၆။ တနိုင်းမြို့နယ်မဲဆန္ဒနယ် – ဦးအင်ဝမ်ခန်းဇော်ထောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၇။ နောင်မွန်းမြို့နယ်မဲဆန္ဒနယ် – ဦးအမ်ဆင်ဆားရ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ။
၈။ ပူတာအိုမြို့နယ်မဲဆန္ဒနယ် – ဦးယောစီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၉။ ဗန်းမော်မြို့နယ်မဲဆန္ဒနယ် – ဦးပုထွေး (ဗန်းမော်ညီနွဲ့)၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။
၁၀။ မြစ်ကြီးနားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဦးမြမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၁။ မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) – ဦးဦးဖုစ်တူး၊ ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီကွန်ဂရက်။
၁၂။ မိုးကောင်းမြို့နယ် မဲဆန္ဒနယ် – ဦးထွန်းကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၃။ မိုးညှင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) – ဦးကျော်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၄။ မိုးညှင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) – ဦးကြာမြ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၅။ မိုးမောက်မြို့နယ် မဲဆန္ဒနယ် – ဦးသောင်းငွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၆။ မံစီမြို့နယ် မဲဆန္ဒနယ် – ဦးဂျေအမ်နော်လာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၇။ မချမ်းဘောမြို့နယ် မဲဆန္ဒနယ် – ဦးအင်နန်းဂမ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၈။ ရွှေကူမြို့နယ် မဲဆန္ဒနယ် – ဒေါ်စိန်တင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၉။ ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ် – ဒူဝါ အမ်ဇော်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

## (၂) ကယားပြည်နယ်။

၁။ ဒီမောဆိုးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးခင်မောင်ချို၊ ကယားပြည်နယ်လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ်။
၂။ ဒီမောဆိုးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးဗစ်တာလေး၊ ကယားပြည်နယ် လူမျိုးပေါင်းစုံ ဒီမိုကရေစီ အဖွဲ့ချုပ်။
၃။ ဖရူဆိုမြို့နယ်မဲဆန္ဒနယ် – ဦးစောဦးရယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄။ ဖာဆောင်းမြို့နယ်မဲဆန္ဒနယ် – ဦးစောတာရူးတူး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။
၅။ ဘောလခဲမြို့နယ်မဲဆန္ဒနယ် – ဦးအောင်သိန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။
၆။ ရှားတောမြို့နယ်မဲဆန္ဒနယ် – ဦးအောင်တင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၇။ လွိုင်ကော်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဦးဘိုးသင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၈။ လွိုင်ကော်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) – ဦးတက်ဒီဘူးရီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

## (၃) ကရင်ပြည်နယ်။

၁။ ကော့ကရိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးမန်းမြိုင်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂။ ကော့ကရိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) – နိုင်သောင်းရှိန်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့။
၃။ ကြာအင်းဆိပ်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးလှမောင်၊ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့။
၄။ ကြာအင်းဆိပ်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးကြင်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅။ ဖာပွန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၆။ ဖာပွန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးဘအေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၇။ ဘားအံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးစောချစ်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၈။ ဘားအံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးထွန်းချစ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၉။ ဘားအံမြို့နယ်မဲဆန္ဒနယ် အမှတ်(၃) – နန်းခင်ထွေးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၀။ မြဝတီမြို့နယ်မဲဆန္ဒနယ် – ဦးစိန်ဖိုလ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၁။ လှိုင်းဘွဲ့မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးစောထွန်းဖေ၊ ကရင်ပြည်နယ်အမျိုးသားများ အဖွဲ့ချုပ်။
၁၂။ လှိုင်းဘွဲ့မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစောထွန်းလွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၃။ သံတောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဦးအာရ်ပီသောင်း၊ ကယန်းအမျိုးသားများစည်းလုံး ညီညွတ်ရေး ဒီမိုကရေစီအဖွဲ့။
၁၄။ သံတောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစောဇစ်တာခလိုက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

## (၄) ချင်းပြည်နယ်။

၁။ ကန်ပက်လက်မြို့နယ်မဲဆန္ဒနယ် – ဦးလိန်းဟာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။
၂။ တီးတိန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဦးငင့်ထန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃။ တီးတိန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ပူကျင့်ရှင်းထန်၊ ဇိုမီးအမျိုးသားကွန်ဂရက်။
၄။ တွန်းဇံမြို့နယ်မဲဆန္ဒနယ် – တာန်ထန်လျန်းပေါင်၊ ဇိုမီးအမျိုးသားကွန်ဂရက်။
၅။ ထန်တလန်မြို့နယ်မဲဆန္ဒနယ် – ဒေါက်တာမှုထန်၊ တသီးပုဂ္ဂလ။
၆။ ပလက်ဝမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးကျော်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၇။ ပလက်ဝမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးထွေးအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၈။ ဖလမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – စီကေတိုက်ကွဲလ်၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၉။ ဖလမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာဇလှယ်ထန်၊ ချင်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။
၁၀။ မတူပီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးရှိအုပ်၊ မရာပြည်သူ့ပါတီ(မ–ပ–ပ)။
၁၁။ မတူပီမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးရွှေထန်း (ခ) ဦးဆွေထား၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။
၁၂။ မင်းတပ်မြို့နယ်မဲဆန္ဒနယ် – ဦးရှိန်းဖေလိန်း၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၃။ ဟားခါးမြို့နယ်မဲဆန္ဒနယ် – ဦးလျန်အုပ်၊ တသီးပုဂ္ဂလ။

## (၅) စစ်ကိုင်းတိုင်း။

၁။ ကနီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးခင်မောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂။ ကနီမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးသန့်ဇင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃။ ကလေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးဒိုထောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄။ ကလေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာသိန်းဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅။ ကလေးဝမြို့နယ်မဲဆန္ဒနယ် – ဦးတင်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၆။ ကသာမြို့နယ်မဲဆန္ဒနယ် – ဦးမြင့်ကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၇။ ကောလင်းမြို့နယ်မဲဆန္ဒနယ် – ဦးသိန်းဇံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၈။ ကန့်ဘလူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးသိန်းဖေ၊ တသီးပုဂ္ဂလ။
၉။ ကန့်ဘလူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာမြင့်နိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၁၀။ ကျွန်းလှမြို့နယ်မဲဆန္ဒနယ် – ဦးကြီးမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၁။ ခင်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးခင်မောင်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၂။ ခင်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) – ဦးသောင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၃။ ချောင်းဦးမြို့နယ်မဲဆန္ဒနယ် – ဦးအုံကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၄။ ခန္တီးမြို့နယ်မဲဆန္ဒနယ် – ဒေါ်ဆယ်ဆယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၅။ ငါန်းဇွန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးချစ်ခိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၆။ ငါန်းဇွန်မြို့ယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးချိုလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၇။ စစ်ကိုင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – အငြိမ်းစားဗိုလ်မှူးကြီးသီဟသူရစိုးသိမ်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)
၁၈။ စစ်ကိုင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာခင်မောင်ဆွေ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။
၁၉။ ဆားလင်းကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးခင်မောင်ကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၀။ ဆားလင်းကြီးမဲဆန္ဒနယ် အမှတ် (၂) – ဦးစိန်ရုံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၁။ တမူးမြို့နယ်မဲဆန္ဒနယ် – ဦးထောင်ခိုထန်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်။
၂၂။ တန့်ဆည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – အငြိမ်းစားဒုတိယဗိုလ်မှူးကြီးကျော်ဆန်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်။
၂၃။ တန့်ဆည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးဖေသန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၄။ ထီးချိုင့်မြို့နယ်မဲဆန္ဒနယ် – ဦးကျော်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၅။ ဒီပဲယင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးဘိုမောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၆။ ဒီပဲယင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးဝင်းမြင့်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၇။ နန်းယွန်းမြို့နယ်မဲဆန္ဒနယ် – ဦးကျော်မောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ။
၂၈။ ပုလဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးသန်း (ခ) ဦးသန်းစိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၉။ ပုလဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာတင့်ဆွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၀။ ပင်လယ်ဘူးမြို့နယ်မဲဆန္ဒနယ် – ဦးမြအေး (ဗန်းမော်ရွှေညို)၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။
၃၁။ ဖောင်းပြင်မြို့နယ်မဲဆန္ဒနယ် – ဦးအောင်သောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၂။ ဗန်းမောက်မြို့နယ်မဲဆန္ဒနယ် – ဦးဘငြိမ်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၃။ ဘုတလင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးဟံသာမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၄။ ဘုတလင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးခင်မောင်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၅။ မုံရွာမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးကြည်စိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၆။ မုံရွာမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစောအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၇။ မင်းကင်းမြို့နယ်မဲဆန္ဒနယ် – ဦးဘို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၈။ မြင်းမူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးဘာဘာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၃၉။ မြင်းမူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးတင်ငွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၀။ မြောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးဝင်းရှိန်၊ တသီးပုဂ္ဂလ။
၄၁။ မြောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးမင်းသွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၂။ မော်လိုက်မြို့နယ်မဲဆန္ဒနယ် – ဦးတင်မောင်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၃။ ယင်းမာပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးပိုလ်သောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၄။ ယင်းမာပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးတင်ထွန်းအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၅။ ရေဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးဌေးမောင် (ခ) ဦးသန်းအောင်ဌေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၆။ ရေဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးဝင်းကို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၇။ ရွှေဘိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဒေါက်တာအောင်ဘို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၈။ ရွှေဘိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးသန်းထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၉။ လဟယ်မြို့နယ်မဲဆန္ဒနယ် – ဦးခပိုးကိုင်လုံ၊ နာဂတောင်တန်းဒေသတိုးတက်ရေးပါတီ။
၅၀။ လေရှီးမြို့နယ်မဲဆန္ဒနယ် – ဦးဒွေးပေ့၊ နာဂတောင်တန်းဒေသတိုးတက်ရေးပါတီ။
၅၁။ ဝက်လက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးထွန်းမြိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၂။ ဝက်လက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါ်ခင်စန်းလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၃။ ဝန်းသိုမြို့နယ်မဲဆန္ဒနယ် – ဒေါက်တာအောင်ခင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၄။ ဟုမ္မလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအုန်းကြိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၅။ ဟုမ္မလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးလှသိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၆။ အရာတော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဒေါက်တာဇော်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၇။ အရာတော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးဗလ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၈။ အင်းတော်မြို့နယ်မဲဆန္ဒနယ် – ဦးစောလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

## (၆) တနင်္သာရီတိုင်း။

၁။ ကော့သောင်းမြို့နယ်မဲဆန္ဒနယ် – ဦးလှမင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂။ ကျွန်းစုမြို့နယ်မဲဆန္ဒနယ် – ဦးခင်မောင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃။ တနင်္သာရီမြို့နယ်မဲဆန္ဒနယ် – ဦးဝင်းဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄။ ထားဝယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးစိုးညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅။ ထားဝယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးမျိုးအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၆။ ပုလောမြို့နယ်မဲဆန္ဒနယ် – ဦးကြည်ရွှေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၇။ ဘုတ်ပြင်းမြို့နယ်မဲဆန္ဒနယ် – ဦးအုန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၈။ မြိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးကျော်ရှိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၉။ မြိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးဉာဏ်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၀။ ရေဖြူမြို့နယ်မဲဆန္ဒနယ် – ဦးတိုးပို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၁။ လောင်းလုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးလှဖေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၁၂။ လောင်းလုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးချိန်ဟင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၃။ သရက်ချောင်းမြို့နယ် – ဦးတင်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

## (၇) ပဲခူးတိုင်း။

၁။ ကဝမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဒေါက်တာမျိုးဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂။ ကဝမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးမြလေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃။ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးလှဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄။ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) – ဦးမောင်မောင်ကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅။ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအေးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၆။ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးအေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၇။ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် – ဦးထွန်းဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၈။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် – ဦးစံတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၉။ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအုန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၀။ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးထွန်းကြွယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၁။ တောင်ငူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအောင်စိုးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၂။ တောင်ငူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးညွန့်ဝေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၃။ ထန်းတပင်မြို့နယ်မဲဆန္ဒနယ် – ဦးချစ်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၄။ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးရဲထွဋ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၅။ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစိန်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၆။ နတ်တလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအုန်းငွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၇။ နတ်တလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစောစိန်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၈။ ပဲခူးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးစိုးဝင်း၊ အမျိုးသားဒီမိုကရေစီပါတီ။
၁၉။ ပဲခူးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးမြတ်လှ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၀။ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဗိုလ်မှူးကြီးမောင်အုန်း(ငြိမ်း)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။
၂၁။ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးသောင်းစိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၂။ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးတင်အုန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၃။ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးသိန်းဟန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၄။ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ် – ဒေါက်တာစိန်ဝင်း၊ အမျိုးသားဒီမိုကရေစီပါတီ။
၂၅။ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအုန်းနိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၆။ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးအေးသန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၇။ ဖြူးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၈။ ဖြူးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစိုးမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၉။ မင်းလှမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးတင့်လွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၀။ မင်းလှမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါ်လှလှမိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၃၁။ မိုးညိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးလှအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၂။ မိုးညိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးထွန်းရွှေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၃။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဒေါက်တာကျော်ကျော်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။
၃၄။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးထွန်းအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၅။ ရွှေကျင်မြို့နယ်မဲဆန္ဒနယ် – ဦးစိုးလွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၆။ ရွှေတောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးသန်းကြွယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၇။ ရွှေတောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးပိုက်ခြုံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၈။ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအောင်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၉။ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးညွန့်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၀။ ဝေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးတင်ရွှေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၁။ ဝေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစိုးသိန်း (မောင်ဝံသ)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၂။ သနပ်ပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအေးသိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၃။ သနပ်ပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာဌေးသိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၄။ သဲကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၅။ သဲကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးသိန်းထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၆။ သာယာဝတီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဇေယျကျော်ထင် ဒုတိယပိုလ်မှူးကြီးစံဝင်း(ငြိမ်း)၊ အမျိုးသာဒီမိုကရေစီအဖွဲ့ချုပ်။
၄၇။ သာယာဝတီမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးမောင်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၈။ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးတင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၉။ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးသာမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၀။ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးသိန်းဦး၊ အမျိုးသားဒီမိုကရေစီပါတီ။
၅၁။ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးခင်မောင်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

## (၈) မကွေးတိုင်း။

၁။ ကံမမြို့နယ်မဲဆန္ဒနယ် – ဦးမြင့်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂။ ချောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးမြင့်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃။ ချောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာညွန့်စိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄။ ဂန့်ဂေါမြို့နယ်မဲဆန္ဒနယ် – ဦးအောင်ထူး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅။ ငဖဲမြို့နယ်မဲဆန္ဒနယ် – ဦးကြည်လွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၆။ စလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးတာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၇။ စလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးကံဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၈။ စေတုတ္တရာမြို့နယ်မဲဆန္ဒနယ် – ဦးအုံ့ကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၉။ ဆင်ပေါင်ဝဲမြို့နယ်မဲဆန္ဒနယ် – ဦးဟံဇော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၀။ ဆိပ်ဖြူမြို့နယ်မဲဆန္ဒနယ် – ဦးစိုးဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၁၁။ ဆောမြို့နယ်မဲဆန္ဒနယ် – ဦးကျော်တင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၂။ တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးသိမ်းကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၃။ တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဒေါက်တာသန်းနိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၄။ ထီးလင်းမြို့နယ်မဲဆန္ဒနယ် – ဦးစောဝင်း (ခ) ဦးကျော်ဇောလင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၅။ နတ်မောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးဗိုလ်ထွေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၆။ နတ်မောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးအောင်မြင့်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၇။ ပခုက္ကူမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဒေါက်တာကြည်မင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၈။ ပခုက္ကူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးလှိုင်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၉။ ပွင့်ဖြူမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးကျော်ရှင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၀။ ပွင့်ဖြူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဒေါက်တာအောင်မိုးညို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၁။ ပေါက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးခင်မောင်ကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၂။ ပေါက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးအောင်နိုင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၃။ မကွေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးကျော်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၄။ မကွေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးအောင်စိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၅။ မြို့သစ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးသာအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၆။ မြို့သစ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) – ဦးချစ်ထွေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၇။ မင်းတုန်းမြို့နယ်မဲဆန္ဒနယ် – ဦးထွန်းဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၈။ မင်းဘူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးစိုးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၉။ မင်းဘူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးလှစိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၀။ မင်းလှမြို့နယ်မဲဆန္ဒနယ် – ဦးချစ်တင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၁။ မြိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးအောင်ဆန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၂။ မြိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးမြင့်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၃။ ရေစကြိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးမော်နီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၄။ ရေစကြိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးတင်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၅။ ရေနံချောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – သခင် ခင်ညွှန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၆။ ရေနံချောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးခင်ကျော်ဟန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၇။ သရက်မြို့နယ်မဲဆန္ဒနယ် – ဦးခင်မောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၈။ အောင်လံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးညွှန့်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၉။ အောင်လံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးသိန်းဇံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

## (၉) မန္တလေးတိုင်း။

၁။ ကျောက်ဆည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးအောင်ကျော်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂။ ကျောက်ဆည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးကျော်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၃။ ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)– ဦးဗိုလ်ဇံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄။ ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးငွေထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅။ စဉ့်ကူမြို့နယ်မဲဆန္ဒနယ် – ဦးစောဌေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၆။ စဉ့်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဒေါက်တာစိုးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၇။ စဉ့်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဒေါက်တာလှစိုးညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၈။ ညောင်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးချို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၉။ ညောင်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးဖေတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၀။ တံတားဦးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးအေးရာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၁။ တံတားဦးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးသန်းနီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၂။ တပ်ကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးဝမ်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၃။ တပ်ကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးဝင်းလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၄။ တောင်သာမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးချစ်ခိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)
၁၅။ တောင်သာမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးသန်းထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၆။ နွားထိုးကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးပန်းသာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၇။ နွားထိုးကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးစိန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၈။ ပုသိမ်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးဆန်းညွန့်ဝေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၉။ ပုသိမ်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဒုတိယဗိုလ်မှူးကြီးစံလှဘော် (အငြိမ်းစား)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
၂၀။ ပျဉ်းမနားမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးတင့်လွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၁။ ပျဉ်းမနားမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၂။ ပျော်ဘွယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးခင်မောင်ညို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၃။ ပျော်ဘွယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးလှဖေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၄။ ပြင်ဦးလွင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးလှစောဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၅။ ပြင်ဦးလွင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) – ဦးပီတာလင်းပင်၊ တသီးပုဂ္ဂလ။
၂၆။ မလှိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးစောရွှေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၇။ မလှိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးမောင်မောင်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၈။ မိုးကုတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဒေါ်မေနှင်းကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၉။ မိုးကုတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးဘိုလှတင့်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။
၃၀။ မတ္တရာမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဒေါက်တာအောင်ဝေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၁။ မတ္တရာမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးသန်းလွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၂။ မိတ္ထီလာမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဗိုလ်မှူးမောင်မောင်မြင့် (အငြိမ်းစား)၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်။
၃၃။ မိတ္ထီလာမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာသိန်းလွင်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။

၃၄။ မန္တလေးအနောက်တောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဒေါက်တာစိုးလင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၅။ မန္တလေးအနောက်တောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးသိန်းဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၆။ မန္တလေးအနောက်မြောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးတင်အောင်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၇။ မန္တလေးအနောက်မြောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) – ဦးအောင်စိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)
၃၈။ မန္တလေးအရှေ့တောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးတင်ညွန့် (ခ) ဦးထင်ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၉။ မန္တလေးအရှေ့တောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) – ဦးအုန်းကြိုင် (အောင်ဝင့်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၀။ မန္တလေးအရှေ့မြောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးမောင်မောင်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၁။ မန္တလေးအရှေ့မြောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးတင်အေး (အငြိမ်းစားဒုပိုလ်မှူးကြီး)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)
၄၂။ မြင်းခြံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးပေါခင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၃။ မြင်းခြံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးမောင်မောင်ဝင်း (ခ) ဦးဝင်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၄။ မြစ်သားမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဒေါ်အုန်းကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၅။ မြစ်သားမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာမျိုးမြင့်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။
၄၆။ ရမည်းသင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးမောင်မောင်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၇။ ရမည်းသင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးမောင်မောင်သန်း၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။
၄၈။ လယ်ဝေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးတင်ထွဋ်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၉။ လယ်ဝေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးညီညီထွန်း၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ်။
၅၀။ ဝမ်းတွင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဒေါက်တာသောင်းတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၁။ ဝမ်းတွင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးလှအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၂။ သပိတ်ကျင်းမြို့နယ်မဲဆန္ဒနယ် – ဦးမော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)
၅၃။ သာစည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးသိမ်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၄။ သာစည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးမောင်မောင်လေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၅။ အမရပူရမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဒေါက်တာဇော်မြင့်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၆။ အမရပူရမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးဘဘွား၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

## (၁၀) မွန်ပြည်နယ်။

၁။ ကျိုက်ထိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးရဲထွဋ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂။ ကျိုက်ထိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာအေးဇံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၃။ ကျိုက်မရောမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးမြင့်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄။ ကျိုက်မရောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးမင်းခင်မောင် (ခ) နိုင်ခင်မောင်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့။
၅။ ချောင်းဆုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအောင်ကြည်ညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၆။ ချောင်းဆုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါ်ခင်ဒွေးကြွယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၇။ ပေါင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးဥက္ကာဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၈။ ပေါင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – နိုင်သောင်းညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၉။ ဘီးလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးမောင်မောင်လတ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၀။ ဘီးလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးမောင်မောင် (သစ္စာရှင်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၁။ မုဒုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဒေါ်တင်စောဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၂။ မုဒုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဒေါက်တာမင်းကြည်ဝင်း၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့။
၁၃။ မော်လမြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဗိုလ်မှူးကြီးလွန်းတင် (အငြိမ်းစား)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၄။ မော်လမြိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးချမ်းအေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၅။ ရေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဒေါက်တာမင်းစိုးလင်း၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့။
၁၆။ ရေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာကြင်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၇။ သထုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ခွန်မြင့်ထွန်း (မောင်မြင့်ထွန်း)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၈။ သထုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးသန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၉။ သံဖြူဇရပ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဦးမောင်မောင်ကြီး (အငြိမ်းစားဗိုလ်မှူးကြီး)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၀။ သံဖြူဇရပ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – နိုင်ထွန်းသိန်း၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့။

## (၁၁) ရခိုင်ပြည်နယ်။

၁။ ကျောက်တော်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) – ဒေါက်တာထွန်းအေး၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။
၂။ ကျောက်တော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစံသာအောင်၊ မြို(ခေါ်) ခမီအမျိုးသားညီညွတ်ရေးအဖွဲ့။
၃။ ကျောက်ဖြူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးဆန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄။ ကျောက်ဖြူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးတင်ကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅။ ဂွမြို့နယ်မဲဆန္ဒနယ် – ဦးညီပု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၆။ စစ်တွေမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးရွှေယ၊ ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၇။ စစ်တွေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးစံထွန်း (ခ) လူဖြူ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။
၈။ တောင်ကုတ်မြို့နယ်မဲဆန္ဒနယ် – ဦးကျော်ခိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၉။ ပေါက်တောမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးဘသန်း၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။

၁၀။ ပေါက်တောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစောထွန်းစိန်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။
၁၁။ ပုဏ္ဏားကျွန်းမြို့နယ်မဲဆန္ဒနယ် – ဦးအောင်ထွန်းစိန်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။
၁၂။ ဘူးသီးတောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးကျော်မင်း (ခ) မာမောက်ရှောင်ရှုအာနော်ဂူလာဟောက်၊ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ။
၁၃။ ဘူးသီးတောင်မြို့နယ်မဲ ဆန္ဒနယ်အမှတ်(၂) – ဦးတင်မောင် (ခ) နူရ်အာမက်၊ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ။
၁၄။ မင်းပြားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဦးမောင်မြင့်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။
၁၅။ မင်းပြားမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) – ဦးထွန်းဝင်း၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။
၁၆။ မောင်းတောမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဦးအီဗြာဟိန်း (ခ) ဦးချစ်လွင်၊ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ။
၁၇။ မောင်းတောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) – ဦးဖော်ဇော်အာမောက်၊ အမျိုးသားလူ့အခွင့်အရေး ဒီမိုကရက်တစ်ပါတီ။
၁၈။ မာန်အောင်မြို့နယ်မဲဆန္ဒနယ် – ဦးသိန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၉။ မြေပုံမြို့နယ်မဲဆန္ဒနယ် – ဦးဖြူစိန်ဦး၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။
၂၀။ မြောက်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးစောမြအောင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။
၂၁။ မြောက်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးအောင်လှဖေ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။
၂၂။ ရသေ့တောင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးမောင်ကြွင်းအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၃။ ရသေ့တောင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးဦးသာနို့၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။
၂၄။ ရမ်းဗြဲမြို့နယ်မဲဆန္ဒနယ် – ဦးမြမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၅။ သံတွဲမြို့နယ်မဲဆန္ဒနယ် – ဦးထွန်းရီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၆။ အမ်းမြို့နယ်မဲဆန္ဒနယ် – ဦးနေဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

## (၁၂) ရန်ကုန်တိုင်း။

၁။ ကမာရွတ်မြို့နယ်မဲဆန္ဒနယ် – ဦးဝန် (မင်းသုဝဏ်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂။ ကော့မှူးမြို့နယ်မဲဆန္ဒနယ် – ဦးဘဆွေ (မြောင်းမြ–ဘဆွေ)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃။ ကျောက်တံတားမြို့နယ်မဲဆန္ဒနယ် – ဦးတင်စိုး (စပယ်ဦး)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄။ ကျောက်တန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဒေါက်တာသန်းငြိမ်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅။ ကျောက်တန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးစိုးညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၆။ ကြည့်မြင်တိုင်မြို့နယ်မဲဆန္ဒနယ် – ဦးလှထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၇။ ကွမ်းခြံကုန်းမြို့နယ်မဲဆန္ဒနယ် – ဦးယုဂန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၈။ ကိုကိုးကျွန်းမြို့နယ်မဲဆန္ဒနယ် – ဦးလှသန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၉။ ခရမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးကျော်သွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၀။ ခရမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) – ဦးတင်မောင်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၁။ စမ်းချောင်းမြို့နယ်မဲဆန္ဒနယ် – ဦးခင်မောင်ဆွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၂။ ဆိပ်ကမ်းမြို့နယ်မဲဆန္ဒနယ် – ဒေါ်စန်းစန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၁၃။ ဆိပ်ကြီးခနောင်တိုမြို့နယ်မဲဆန္ဒနယ် – ဒေါက်တာစိန်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၄။ တာမွေမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးလှသိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၅။ တာမွေမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးသိန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၆။ တွံတေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးသာဆိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၇။ တွံတေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးမြလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၈။ တိုက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးလှထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၉။ တိုက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါ်စန်းမေ (ရွှေကူမေနှင်း)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၀။ တောင်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးစိုးမြင့် (ခ) သခင်စိုးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၁။ တောင်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးခင်မောင်ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၂။ ထန်းတပင်မြို့နယ်မဲဆန္ဒနယ် – ဦးတင်ကိုကို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၃။ ဒဂုံမြို့နယ်မဲဆန္ဒနယ် – ဦးအောင်ဇော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၄။ ဒဂုံမြို့သစ်မြို့နယ်မဲဆန္ဒနယ် – ဦးထွန်းအုန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၅။ ဒလမြို့နယ်မဲဆန္ဒနယ် – ဦးစိန်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၆။ ဒေါပုံမြို့နယ်မဲဆန္ဒနယ် – ဦးမြမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၇။ ပုဇွန်တောင်မြို့နယ်မဲဆန္ဒနယ် – ဦးနိုင်းနိုင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၈။ ပန်းဘဲတန်းမြို့နယ်မဲဆန္ဒနယ် – ဦးမောင်မောင်အောင်၊ ဒီမိုကရက်တစ်တက္ကသိုလ်ဘွဲ့ရနှင့် ကျောင်းသားဟောင်းများအဖွဲ့။
၂၉။ ဗဟန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးထွန်းလှိုင်၊ ဒီမိုကရေစီပါတီ။
၃၀။ ဗဟန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးကြည်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၁။ ဗိုလ်တထောင်မြို့နယ်မဲဆန္ဒနယ် – ဒေါက်တာမောင်မောင်ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၂။ မရမ်းကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးအောင်ရွှေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၃။ မရမ်းကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာမေဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၄။ မင်္ဂလာတောင်ညွန့်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဒေါက်တာအောင်ခင်ဆင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၅။ မင်္ဂလာတောင်ညွန့်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာသန်းအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၆။ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးကြည်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၇။ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးတင်ထွန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၈။ မြောက်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဒေါက်တာသန်းဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၃၉။ မြောက်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးကျော်ညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၀။ မှော်ဘီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးစိုးတင် (ခ) ဦးစိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၁။ မှော်ဘီမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးခင်မောင်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၂။ ရန်ကင်းမြို့နယ်မဲဆန္ဒနယ် – ဒေါ်ခင်အေးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၃။ ရွှေပြည်သာမြို့နယ်မဲဆန္ဒနယ် – ဦးစိန်လွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၄၄။ လသာမြို့နယ်မဲဆန္ဒနယ် – ဦးကြည်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၅။ လှိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) – ဦးရွှေ (အငြိမ်းစားဗိုလ်မှူးကြီး)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၆။ လှိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစောမြသိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၇။ လှိုင်သာယာမြို့နယ်မဲဆန္ဒနယ် – ဗိုလ်ကြီးသန်းကြွယ် (အငြိမ်းစား)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၈။ လှည်းကူးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးစောကျော်စိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၄၉။ လှည်းကူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးစံတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၀။ လမ်းမတော်မြို့နယ်မဲဆန္ဒနယ် – ဦးနေဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၁။ သာကေတမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) – ဦးမောင်မောင်လတ် (ဒေါက်တာလှိုင်နီ)၊ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်။
၅၂။ သာကေတမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) –ဦးအုန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၃။ သင်္ဃန်းကျွန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) – ဦးသိန်းညွန့် (မောင်သိန်းညွန့်–ကော့ကရိတ်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၄။ သင်္ဃန်းကျွန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးမြင့်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၅။ သုံးခွမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဦးလွင် (ဗိုလ်မှူးကြီးမောင်လွင်–အငြိမ်းစား)၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။
၅၆။ သုံးခွမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးကျော်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၇။ သံလျင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဒေါက်တာဝင်းနိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၈။ သံလျင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးသန်းဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅၉။ အလုံမြို့နယ်မဲဆန္ဒနယ် – ဒေါ်စန်းစန်းဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၆၀။ အင်းစိန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးထွန်းလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၆၁။ အင်းစိန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစိန်လှဦး (မောင်နွယ်ဦး)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

## (၁၃) ရှမ်းပြည်နယ်။

၁။ ကလောမြို့နယ်မဲဆန္ဒနယ် – ဦးမြင့်သန်း၊ ပြည်ထောင်စုခနေအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂။ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းလိပ် (ခ) စဲလိပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
၃။ ကျေးသီးမြို့နယ်မဲဆန္ဒနယ် – ဦးထွန်းတင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
၄။ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးခွန်ဆိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၅။ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးအိုက်ရီ (ခ) ဦးလှဟန်၊ တအာင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၆။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)– ဦးလှဖေ (ခ) စိုင်းဖ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီဖွဲ့ချုပ်။
၇။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – စိုင်းဆောင်ဆီ (ခ) နယ်လ်ဆင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

၈။ ကွမ်းလုံမြို့နယ်မဲဆန္ဒနယ် – ဦးရန်ကျင်းမော်၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ။
၉။ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးစိုင်းလုံကျောက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၀။ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးစိုင်းရီတစ်(ပ်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၁။ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ် – ဦးစိန်ဝင်း၊ ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်။
၁၂။ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဒေါက်တာဦးလှိုင်(ခ)ဦးထွန်းလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၃။ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးအုန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၄။ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) – ဦးကျော်ခင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၅။ တောင်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)– ခွန်ဖေထွေး(ခ)ခွန်ရတနာဟောဝ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၆။ တန့်ယန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးခွန်ကြီး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
၁၇။ တန့်ယန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးထွန်းဆာ (ခ) စိုင်းထွန်းဝင်း၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
၁၈။ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် – ဦးစွံဆိုင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၁၉။ နမ့်စန်မြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းတင်ဝင်း (ခ) ဦးတင်ဝင်း၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
၂၀။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် – ဦးထွန်းကျော်၊ တအာင်း (ပလောင်) အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်။
၂၁။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းသာအေး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
၂၂။ နောင်ချိုမြို့နယ်မဲဆန္ဒနယ် – ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၃။ နမ္မတူမြို့နယ်မဲဆန္ဒနယ် – ဒေါ်မေဖြိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၄။ ပင်းတယမြို့နယ်မဲဆန္ဒနယ် – ဦးအောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
၂၅။ ပင်လောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးမောင်ကြီး၊ ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်။
၂၆။ ပင်လောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)– ဦးစဝ်သာတင့်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
၂၇။ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် – ခွန်မားရ်ကိုဘန်၊ ကယန်းအမျိုးသားများစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့။
၂၈။ မိုးနဲမြို့နယ်မဲဆန္ဒနယ် – ဦးခွန်ပွင့်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
၂၉။ မောက်မယ်မြို့နယ်မဲဆန္ဒနယ် – စိုင်းအွတ် (ခ) စိုင်းတင်အောင်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်။
၃၀။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းမိုးကြည်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
၃၁။ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းအွမ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
၃၂။ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းဝင်းဖေ (ခ) ဝင်းဖေ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်။
၃၃။ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ် – ဦးလှဒင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
၃၄။ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးစိုင်းလှဖေ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။
၃၅။ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစိုင်းမောင်လေး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

၃၆။ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် – ဒေါက်တာအုန်းမောင်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။

၃၇။ မဘိမ်းမြို့နယ်မဲဆန္ဒနယ် – ဦးချစ်ခင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၃၈။ မိုင်းပျင်းမြို့နယ်မဲဆန္ဒနယ် – ဦးဒယ်နီရယ်အောင်၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ။

၃၉။ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းနွံတစ် (ပ်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၄၀။ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းရှဲန်လွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၄၁။ မိုင်းတုံမြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းကျော်စိန်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

၄၂။ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ် – ဦးဆန်ဝုန်း (ခ) ဦးစိုင်းဘုန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၄၃။ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ် – စိုင်းထွန်းအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၄၄။ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းနွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၄၅။ ရွာငံမြို့နယ်မဲဆန္ဒနယ် – ဦးအောင်သိန်း၊ ပြည်ထောင်စုအမျိုးသားများ ဒီမိုကရေစီပါတီ။

၄၆။ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် – ဒေါက်တာလှရှိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၄၇။ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းထွန်းကျော် (ခ) ထွန်းကျော်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်။

၄၈။ လဲချားမြို့နယ်မဲဆန္ဒနယ် – ဦးသာထွန်းမြ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

၄၉။ လင်းခေးမြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းထွန်းအောင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

၅၀။ လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးစိုင်းမြင့်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၅၁။ လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးသန်းဌေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၅၂။ သိန္နီမြို့နယ်မဲဆန္ဒနယ် – ဦးစိုင်းထွန်းလှ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်။

၅၃။ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ခွန်ထွန်းဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

၅၄။ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးစိုင်းအောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၅၅။ ဟိုပုံးမြို့နယ်မဲဆန္ဒနယ် – ဦးစံလှ၊ ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်။

၅၆။ ဟိုပန်မြို့နယ်မဲဆန္ဒနယ် – ဦးခွန်ထွန်းလူ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။

## (၁၄) ရေဝတီတိုင်း။

၁။ ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးသန်းတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၂။ ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဦးတင်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၃။ ကျောင်းကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးစောလွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၄။ ကျောင်းကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) – ဒေါက်တာလှဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၅။ ကျုံပျော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) – ဦးမန်းဂျော်နီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၆။ ကျုံပျော်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဦးတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၇။ ကြံခင်းမြို့နယ်မဲဆန္ဒနယ် – ဒေါက်တာရဲမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၈။ ငပုတောမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးအေးဇော်လှမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၉။ ငပုတောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) – ဒေါက်တာစစ်တင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၁၀။ ဇလွန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) – ဦးကျော်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

| | |
|---|---|
| ၁၁။ ဇလွန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | – ဗိုလ်မှူးကြီးကြည်ဝင်း (အငြိမ်းစား)၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်။ |
| ၁၂။ ညောင်တုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးအောင်ကြိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၁၃။ ညောင်တုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဦးသာစိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၁၄။ ဒေးဒရဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဒေါက်တာမျိုးညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၁၅။ ဒေးဒရဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဦးသန်းထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၁၆။ ဓနုဖြူမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) | – ဦးဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၁၇။ ဓနုဖြူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) | – ဦးသောင်းရီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၁၈။ ပုသိမ်အနောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) | – ဦးတင်ချော၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၁၉။ ပုသိမ်အနောကမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) | – ဦးကျော်မင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၂၀။ ပုသိမ်အရှေ့မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးညွန့်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၂၁။ ပုသိမ်အရှေ့မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဦးလှကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၂၂။ ပန်းတနော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဒေါက်တာတင်မင်းထွဋ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၂၃။ ပန်းတနော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဦးမန်းညွန့်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၂၄။ ဖျာပုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးသောင်းတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၂၅။ ဖျာပုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) | – ဦးမင်းဆွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၂၆။ ဘိုကလေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးဝင်းကြိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၂၇။ ဘိုကလေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဒေါက်တာစိန်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၂၈။ မအူပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးချစ်သန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။ |
| ၂၉။ မအူပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဦးလှမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၃၀။ မော်လမြိုင်ကျွန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးလှဖေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၃၁။ မော်လမြိုင်ကျွန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဦးတင်လှ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၃၂။ မြောင်းမြမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးအောင်ကြင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၃၃။ မြောင်းမြမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဦးစိုးမင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၃၄။ မြန်အောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးတင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၃၅။ မြန်အောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဦးမြင့်သိဏ်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၃၆။ ရေကြည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးညွန့်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၃၇။ ရေကြည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဦးမောင်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၃၈။ လပွတ္တာမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးကြည်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၃၉။ လပွတ္တာမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဒေါက်တာအေးကြူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၄၀။ လေးမျက်နှာမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးစီမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၄၁။ လေးမျက်နှာမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဦးဆန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၄၂။ ဝါးခယ်မမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးတင်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၄၃။ ဝါးခယ်မမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဗိုလ်မှူးကြီးသက်ဝေ (အငြိမ်းစား)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။ |

| | |
|---|---|
| ၄၄။ သာပေါင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးလှမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၄၅။ သာပေါင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဦးသန်းဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၄၆။ ဟသ်ာတမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးမြသန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၄၇။ ဟသ်ာတမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဒေါက်တာဇော်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၄၈။ အင်္ဂပူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးမြဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၄၉။ အင်္ဂပူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဒေါက်တာစန်းအောင်၊ တသီးပုဂ္ဂလ။ |
| ၅၀။ အိမ်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) | – ဦးတင်ထွတ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |
| ၅၁။ အိမ်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) | – ဦးမြင့်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ |

★ ★ ★ ★ ★

မြန်မာတပြည်လုံးတွင် စုစုပေါင်းမဲဆန္ဒနယ် (၄၉၂) နယ်သတ်မှတ်ထားခဲ့သော်လည်း ကချင်ပြည်နယ်တွင် (၁) နေရာနှင့် ရှမ်းပြည်နယ်တွင် (၆) နေရာ၊ စုစုပေါင်း (၇) နေရာတွင် လုံခြုံရေးအခြေအနေများကြောင့် ရွေးကောက်ပွဲကျင်းပခြင်းမပြုလုပ်နိုင်ခဲ့သဖြင့် ကျန် (၄၈၅) နေရာအတွက်သာ ကျင်းပနိုင်ခဲ့သည်။ ပြည်နယ်နှင့်တိုင်း (၁၄) ခုရှိ မဲဆန္ဒနယ် (၄၈၅) နေရာတွင် တသီးပုဂ္ဂလ (၈၇) ဦးအပါအဝင် ကိုယ်စားလှယ်လောင်း (၂,၂၉၆) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ တသီးပုဂ္ဂလ (၆) ဦးနှင့် အမျိုးသမီး (၁၅) ဦးအပါအဝင် ကိုယ်စားလှယ် (၄၈၅) ဦး ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည်။ ပြည်နယ်နှင့်တိုင်းအလိုက် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသူအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| (၁) ကချင်ပြည်နယ် | ၁၉ ဦး။ |
| (၂) ကယားပြည်နယ် | ၈ ဦး။ |
| (၃) ကရင်ပြည်နယ် | ၁၄ ဦး။ |
| (၄) ချင်းပြည်နယ် | ၁၃ ဦး။ |
| (၅) စစ်ကိုင်းတိုင်း | ၅၈ ဦး။ |
| (၆) တနင်္သာရီတိုင်း | ၁၃ ဦး။ |
| (၇) ပဲခူးတိုင်း | ၅၁ ဦး။ |
| (၈) မကွေးတိုင်း | ၃၉ ဦး။ |
| (၉) မန္တလေးတိုင်း | ၅၆ ဦး။ |
| (၁၀) မွန်ပြည်နယ် | ၂၀ ဦး။ |
| (၁၁) ရခိုင်ပြည်နယ် | ၂၆ ဦး။ |
| (၁၂) ရန်ကုန်တိုင်း | ၆၁ ဦး။ |
| (၁၃) ရှမ်းပြည်နယ် | ၅၆ ဦး။ |
| (၁၄) ဧရာဝတီတိုင်း | ၅၁ ဦး။ |

**ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည့် တသီးပုဂ္ဂလကိုယ်စားလှယ် (၆) ဦးမှာ ...**

(၁) ဒေါက်တာမှုထန်၊ ထန်တလန်မြို့နယ်မဲဆန္ဒနယ်၊ ချင်းပြည်နယ်။

(၂) ဦးလျန်အုပ်၊ ဟားခါးမြို့နယ်မဲဆန္ဒနယ်၊ ချင်းပြည်နယ်။

(၃) ဦးသိန်းဖေ၊ ကန့်ဘလူမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ စစ်ကိုင်းတိုင်း။
(၄) ဦးဝင်းရှိန်၊ မြောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ စစ်ကိုင်းတိုင်း။
(၅) ဦးပီတာလင်းပင်၊ ပြင်ဦးလွင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ မန္တလေးတိုင်း။
(၆) ဒေါက်တာစန်းအောင်၊ အင်္ဂပူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ဧရာဝတီတိုင်း။

**ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည့် အမျိုးသမီးကိုယ်စားလှယ် (၁၅) ဦးမှာ ...**

(၁) ဒေါ်စိန်တင်၊ ရွှေကူမြို့နယ်မဲဆန္ဒနယ်၊ ကချင်ပြည်နယ်။ (ကွယ်လွန်)
(၂) နန်းခင်ထွေးမြင့်၊ ဘားအံမြို့နယ်မဲဆန္ဒနယ်အမှတ် (၃)၊ ကရင်ပြည်နယ်။
(၃) ဒေါ်ဆယ်ဆယ်၊ ခန္တီးမြို့နယ်မဲဆန္ဒနယ်၊ စစ်ကိုင်းတိုင်း။
(၄) ဒေါ်ခင်စန်းလှိုင်၊ ဝက်လက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ စစ်ကိုင်းတိုင်း။
(၅) ဒေါ်လှလှမိုး၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပဲခူးတိုင်း။
(၆) ဒေါ်မေနှင်းကြည် (ခ) ဒေါ်နီ၊ မိုးကုတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ မန္တလေးတိုင်း။
(၇) ဒေါ်အုန်းကြည်၊ မြစ်သားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ မန္တလေးတိုင်း။
(၈) ဒေါ်ခင်ဌေးကြွယ်၊ ချောင်းဆုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ မွန်ပြည်နယ်။
(၉) ဒေါ်တင်စောဦး၊ မုဒုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ မွန်ပြည်နယ်။ (ကွယ်လွန်)
(၁၀) ဒေါ်စန်းစန်း၊ ဆိပ်ကမ်းမြို့နယ်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်း။
(၁၁) ဒေါ်စန်းမေ (ရွှေကူမေနှင်း)၊ တိုက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ရန်ကုန်တိုင်း။
(၁၂) ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ရန်ကုန်တိုင်း။
(၁၃) ဒေါ်ခင်အေးမြင့်၊ ရန်ကင်းမြို့နယ်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်း။
(၁၄) ဒေါ်စန်းစန်းဝင်း၊ အလုံမြို့နယ်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်း။ (ကွယ်လွန်)
(၁၅) ဒေါ်မေဖြိုး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်၊ ရှမ်းပြည်နယ်။ (ကွယ်လွန်)

ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အားလုံးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသူများချည်းဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တဝန်းလုံး၌ ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ်ပေါင်း (၄၈၅) နယ်တွင် မဲဆန္ဒနယ်ထက်ဝက်ကျော်တွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းကြီး (၄) ဖွဲ့ရှိခဲ့ရာ အဆိုပါနိုင်ငံရေးပါတီအဖွဲ့အစည်းကြီး (၄) ဖွဲ့၏ ရွေးကောက်တင်မြှောက်ခံခဲ့ရမှု အနေအထားမှာ ...

| စဉ် | နိုင်ငံရေးပါတီအဖွဲ့အစည်းအမည် | ရွေးကောက်ပွဲဝင် မဲဆန္ဒနယ် | ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရွေးကောက်ခံမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၇ | ၃၉၂ | ၈၇ . ၆၉ |
| ၂ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၁၃ | ၁၀ | ၂ . ၄၂ |
| ၃ | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် | ၃၀၉ | | |
| ၄ | ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ | ၂၄၇ | ၁ | ၀ . ၄၀ |

နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ အခြေအနေမှာ ကော်မရှင်တွင်မှတ်ပုံတင်ခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၂၃၆) ဖွဲ့ရှိခဲ့ရာ၊ ယင်းတို့အနက် မိမိဆန္ဒအလျောက်ဖျက်သိမ်းခဲ့သည့် ပါတီအဖွဲ့အစည်း (၁၀၂) ဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ဆက်သွယ်မှုရှိသဖြင့် ဖျက်သိမ်းခံခဲ့ရသည့် ပါတီအဖွဲ့အစည်း (၃) ဖွဲ့၊ အနည်းဆုံး သတ်မှတ်ထားသည့် မဲဆန္ဒနယ် (၃) နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်သဖြင့် ဖျက်သိမ်းခံခဲ့ရသည့် ပါတီအဖွဲ့အစည်း (၆) ဖွဲ့၊ ရွေးကောက်ပွဲလည်းမဝင်၊ ကိုယ်တိုင်လည်းဖျက်သိမ်းပေးခြင်းမရှိသဖြင့် နဝတ၏ (၁/၉၀) ဖြင့် ဖျက်သိမ်းခဲ့သည့် ပါတီအဖွဲ့အစည်း (၁၄၂) ဖွဲ့၊ ရွေးကောက်ပွဲတွင်ဝင်ရောက် ယှဉ်ပြိုင်ပြီးမှ ပယ်ဖျက်ခဲ့သည့် ပါတီအဖွဲ့အစည်း (၈၃) ဖွဲ့ရှိခဲ့သဖြင့် တရားဝင်ဆက်လက်ရပ်တည်နေသည့် နိုင်ငံရေးပါတီအဖွဲ့အစည်း (၁၀) ဖွဲ့ သာ ကျန်ရှိတော့သည်။ ၎င်းတို့မှာ ...

(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
(၃) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
(၄) လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(၅) မြို(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့ (မ၊ ခ၊ မ၊ ည၊ ဖ)
(၆) ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
(၇) ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
(၈) ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
(၉) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
(၁၀) 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ တို့ဖြစ်သည်။

အဆိုပါ နိုင်ငံရေးပါတီအဖွဲ့အစည်း (၁၀) ဖွဲ့တွင် လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံးတဦးနှင့် အထက်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အဖွဲ့ (၇) ဖွဲ့ရှိပြီး၊ (၃) ဖွဲ့မှာ လွှတ်တော်ကိုယ်စားလှယ်တဦး တယောက်မျှ ရွေးချယ်တင်မြှောက်ခြင်း မခံရသည့်အဖွဲ့များဖြစ်သည်။

## ရွေးကောက်ပွဲအတွက် နိုင်ငံတော်မှကျခံသုံးစွဲသည့်ငွေများ။

ကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ၁၉၈၈ ခုနှစ် စက်တင်ဘာလမှစ၍ ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲလုပ်ငန်းများအနက် အဓိကလုပ်ငန်းများဖြစ်သည့် စာရေးကိရိယာများဝယ်ယူဖြန့်ဖြူးခြင်း၊ ဆန္ဒမဲလက်မှတ်များရိုက်နှိပ်ခြင်း၊ ဆန္ဒပြုတံဆိပ်တုံးနှင့် တံဆိပ်ရိုက် မင်ခံခွက်များဝယ်ယူခြင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းလမ်းညွှန်နှင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက်လမ်းညွှန် စသည့်စာအုပ်များကို ပုံနှိပ်ဖြန့်ဝေခြင်း၊ မဲရုံဆောက်လုပ်ခြင်း၊ မဲပုံးများပြုလုပ်ခြင်း စသည်တို့အတွက် ကုန်ကျစရိတ်များကို လည်းကောင်း၊ ရွေးကောက်ပွဲလုပ်ငန်းများကို ပြည်နယ် သို့မဟုတ် တိုင်း၊ မြို့နယ်စု၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် ကုန်ကျမည့်အသုံးစရိတ်များကိုလည်းကောင်း နိုင်ငံတော်၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲခဲ့သည်။ ယင်းသို့ ကျခံသုံးစွဲခဲ့ရာတွင် ဘဏ္ဍာနှစ်အလိုက် ကုန်ကျငွေများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ၁၉၈၈ – ၈၉ ဘဏ္ဍာနှစ် ကျပ် ၂,၂၂၆,၇၂၂ (၁–၁၀–၈၈ မှ ၃၁–၃–၈၉)

(၂) ၁၉၈၉ – ၉၀ ဘဏ္ဍာနှစ် ကျပ် ၁၉,၅၇၈,၄၅၈ (၁–၄–၈၉ မှ ၃၁–၃–၉၀)
(၃) ၁၉၉၀ – ၉၁ ဘဏ္ဍာနှစ် ကျပ် ၁၃,၈၁၃,၁၂၃ (၁–၄–၉၀ မှ ၃၀–၆–၉၀)
ခန့်မှန်းကုန်ကျငွေ စုစုပေါင်း = ကျပ် ၃၅,၆၁၈,၃၀၃

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးခြင်း။**

ဤကော်မရှင်သည် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းများကို ၁၉၈၈ ခုနှစ် စက်တင်ဘာလမှစ၍ ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ချောမောပြေပြစ်သည့်လုပ်ငန်းများရှိသကဲ့သို့ အချို့လုပ်ငန်းများကိုလည်း နိုင်ငံရေးအရလည်းကောင်း၊ စီမံခန့်ခွဲရေးအရ လည်းကောင်း ကြိုးစာဖြေရှင်းဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ယင်း၏ စတုတ္ထတာဝန်အဖြစ် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပေးရန် သတ်မှတ်ခဲ့သည်။ ပြည်သူများကလည်း လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးရန် လိုလားတောင့် တခဲ့ကြသည်။

ထို့ကြောင့် ကော်မရှင်သည် မိမိအားပေးအပ်ထားသည့် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပရန်တာဝန်ကို လုပ်ငန်းအစီအစဉ်နှင့် အချိန်ဇယားများချမှတ်ကာ တဆင့်ပြီးတဆင့် အတိအကျအောင်မြင်စွာဆောင်ရွက်၍ နောက်ဆုံးပန်းတိုင်နေ့ဖြစ်သော ၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက် (၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်) နေ့တွင် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပေးခဲ့ပြီးဖြစ်သည်။ ယင်းသို့ အောင်မြင်စွာကျင်းပခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပြည်သူအမြောက်အမြားကလည်းကောင်း၊ မဲဆန္ဒပေးကြသူ မဲဆန္ဒရှင်အမြောက်အမြားက လည်းကောင်း၊ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီအများစုကလည်းကောင်း၊ လွတ်လပ်၍တရားမျှတသည်ဟု ဝမ်းမြောက်ဝမ်းသာချီးကျူးကြသည်အထိသာမက ယခင်က သံသယရှိသည်ဟု အတိအလင်းထုတ်ဖော်ပြောဆိုခဲ့ကြသည့် နိုင်ငံခြားအစိုးရများ၊ နိုင်ငံခြားသံတမန်များနှင့် နိုင်ငံခြားသတင်းထောက်များနှင့်နိုင်ငံခြား သတင်းဌာနများကပင် လွတ်လပ်၍တရားမျှတမှုရှိသည်ဟု လည်းကောင်း၊ စနစ်တကျရှိသည်ဟုလည်းကောင်း တသံတည်း ဝန်ခံချီးကျူးခဲ့ကြသည်။

★ ★ ★ ★ ★

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီးစောမောင်မှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ တင်ပြမေတ္တာရပ်ခံချက်အား တိုင်းပြည်သို့ကြေညာချက်။

**ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ခင်ဗျား ...**

နိုင်ငံတော်အတွင်းမှာလက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေများနဲ့ပတ်သက်ပြီး တပ်မတော်အပေါ်မှာ ရဟန်း၊ ရှင်လူ၊ ပြည်သူတရပ်လုံးအနေနဲ့ အထင်အမြင်လွဲမှားမှုများမဖြစ်စေဖို့နဲ့ တပ်မတော်၏ရပ်တည်ချက်ကို သိရှိနိုင်ဖို့အတွက် ရှင်းလင်းတင်ပြလိုပါတယ်။ နိုင်ငံတော်တဝန်းလုံး ဖြစ်ပေါ်ခဲ့တဲ့အရေးအခင်းဟာ စစ်မှန်သော ဒီမိုကရေစီရရှိရေးရည်ရွယ်ချက်နဲ့ အေးချမ်းစွာဆန္ဒပြ အခွင့်အရေးတောင်းဆိုသည့် နိုင်ငံရေးလှုပ်ရှားမှုများက စတင်ခဲ့သော်လည်း နောက်ပိုင်းမှာ မသမာသူများ၊ အကြမ်းဖက်သမားများ ရောနှောပါဝင်လာပြီး နိုင်ငံတော်

အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုပါ စိုးရိမ်ဖွယ်ရာအခြေအနေများရောက်တဲ့အထိ ဆူပူလှုပ်ရှားမှု၊ ခြိမ်းခြောက်မှု၊ ရက်စက်မှုစတဲ့ မင်းမဲ့စရိုက်ပြုလုပ်မှုများအထိ ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီလို ဆိုးရွားစွာလှုပ်ရှားလာ၍ ထိန်းမနိုင် သိမ်းမရဖြစ်နေပြီး တဖက်မှာလည်း နိုင်ငံရေးနည်းအရ ဖြေရှင်းမရနိုင်တော့တဲ့အခြေအနေတွေဖြစ်ပေါ်လာလို့ တိုင်းပြည်အတွက် ကြီးမားတဲ့အန္တရာယ်ကျရောက်တော့မယ့်ဆဲဆဲမှာ တပ်မတော်အနေနဲ့ အခက်အခဲအကျပ်အတည်းများနဲ့ ရင်ဆိုင်ရမှာကိုသိရှိလျှက်နဲ့ မလွှဲမရှောင်သာတော့လို့ နိုင်ငံတော်အာဏာကို ရယူခဲ့ခြင်းသာဖြစ်ပါတယ်။ အခုလို ဆောင်ရွက်ရတဲ့အတွက်လည်း စိတ်မချမ်းမြေ့မှုများစွာခံစားရပါတယ်။

ကျွန်တော်တို့အနေနဲ့ အစိုးရကိုဖွဲ့စည်းခြင်းဟာ နိုင်ငံတနိုင်ငံမှာ ရှိသင့်ရှိထိုက်တဲ့ အင်္ဂါရပ်တရပ်နဲ့ ပြည့်စုံစေဖို့၊ နိုင်ငံတကာဆက်ဆံရေးနဲ့ တာဝန်တွေခွဲဝေထမ်းဆောင်နိုင်ဖို့အတွက်သာဖြစ်ပြီး ပုဂ္ဂိုလ်အနည်းငယ်မျှနဲ့သာ တာဝန်တွေများပြားစွာပေးအပ်ထားခြင်းက နိုင်ငံတော်အာဏာကို ကြာရှည်လေးမြင့်စွာ ရယူထားလိုသောဆန္ဒ လုံးဝမရှိကြောင်းကို ထင်ရှားစေပါတယ်။ ကျွန်တော်နဲ့တကွ လုပ်ဖော်ကိုင်ဖက်များ၊ တပ်မတော်သားအားလုံးက နိုင်ငံတော်အာဏာကို ကြာရှည်စွာရယူလိုသော ဆန္ဒမရှိကြောင်း ရဟန်း၊ ရှင်လူ၊ ပြည်သူအပေါင်းကို ရိုးသားလေးစားတည်ကြည်စွာ ကတိပြုပါတယ်။ ကျွန်တော် ဦးဆောင်ဦးရွက်ပြုတဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အနေနဲ့ ကျွန်တော်တို့ရဲ့ကြေညာချက်အမှတ် ၁/၈၈ မှာ ဖော်ပြထားတဲ့ ...

(က) တရားဥပဒေစိုးမိုးရေးနဲ့ နယ်မြေအေးချမ်းသာယာရေး၊

(ခ) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေး၊

(ဂ) ပြည်သူများရဲ့ စားဝတ်နေရေးချောင်လည်စေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးရန်နဲ့ ပုဂ္ဂလိက၊ သမဝါယမတို့က ဆောင်ရွက်နိုင်အောင်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးနိုင်ရေးတို့ကို လက်တလောဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအဖြစ် ရည်မှန်းချက်ထားပြီး အမြန်ဆုံးပြီးမြောက်အောင် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ကျွန်တော်တို့အဖွဲ့ရဲ့ကြေညာချက် အမှတ် (၁/၈၈) အပိုဒ် (၁) ရဲ့စတုတ္ထအချက်မှာပါရှိတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးနဲ့ပတ်သက်ပြီး အမြန်ဆုံးဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပြီး ဆောင်ရွက်ရန်များကို စတင်ဆောင်ရွက်နေကြောင်းကိုလည်း ပြည်သူပြည်သားများနဲ့တကွ ရွေးကောက်ပွဲပါဝင်မယ့် ပါတီအဖွဲ့အစည်းများကိုလည်း အသိပေးလိုပါတယ်။ ပါဝင်ယှဉ်ပြိုင်ကြမယ့် ပါတီအဖွဲ့အစည်းများကလည်း ဥပဒေနဲ့အညီ မှတ်ပုံတင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တာဝန်ယူတာဟာ ရက်ပိုင်းမျှသာရှိပါသေးတယ်။ ကျွန်တော်တို့ဆောင်ရွက်ချက်များကို စောင့်ကြည့်ပြီး၊ ဆန္ဒစောပြီး တောင်း ဆိုချက်များကို တောင်းဆိုခြင်းမပြုကြဘဲ မိမိတို့အဖွဲ့အစည်းများကို တည်ငြိမ်စွာထိန်းထားကြဖို့ ဆောင်ရွက်သင့် ကြောင်း အကြံပေးပါတယ်။

ကျွန်တော်တို့တတွေဟာ တပ်မတော်သားတွေဖြစ်ကြပါတယ်။ တပ်မတော်သားများနဲ့ ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့အဖွဲ့အနေနဲ့လည်း နိုင်ငံ့ကျေးဇူးသစ္စာကိုခံယူထားတဲ့အဖွဲ့အစည်းဖြစ်လို့ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် ဝန်ခံထားရှိပြီးဖြစ်တဲ့ ကတိသစ္စာကို မည်သို့သောအကြောင်းကြောင့်မျှ ပယ်ဖျက်၊ ဖောက်ဖျက်မှာမဟုတ်ကြောင်း ယုံကြည်ထားရှိကြစေလိုပါတယ်။

ကျွန်တော်တို့အဖွဲ့အနေနဲ့ စက်တင်ဘာလ (၂၀) ရက်နေ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော် ဘုရားကြီးများရဲ့မေတ္တာရပ်ခံချက်ကို အလေးအနက်ထားပြီး ရိုသေစွာဖြင့် မှတ်သားနာယူထားမည်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ဒီနေရာမှာ ဝန်ထမ်းများနဲ့ပတ်သက်တဲ့ကိစ္စကိုလည်း အနည်းငယ်ပြောကြားလိုပါတယ်။ ဝန်ထမ်းတဦး

အနေနဲ့ နိုင်ငံရဲ့တာဝန်ကိုထမ်းဆောင်ရာမှာ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းရဲ့ဩဇာခံ မဖြစ်သင့်ပါ။ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ရမည့် မည်သည့်အစိုးရတက်တက်၊ အဲဒီအစိုးရက တရားသဖြင့်ပေးအပ်သည့်တာဝန်ကို နိုင်ငံအကျိုးအတွက် တာဝန်ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ယနေ့အခြေအနေဟာ ပျက်စီးခြင်းကာလကိုကျော်လွန်ပြီး တည်ငြိမ်မှုများ ရရှိသင့်သလောက် ရရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တည်ငြိမ်မှုရှိသည်နှင့်အမျှ တည်ဆောက်ခြင်းကို အမြန်စတင်ကြရပါတော့မယ်။ နိုင်ငံသားများတောင့်တနေတဲ့ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်နိုင်အောင် ကျွန်တော်တို့နဲ့ လက်တွဲလုပ်ဆောင်ကြဖို့ တိုက်တွန်းပါတယ်။

အခြေအနေများ အထိုက်အလျောက် တည်ငြိမ်မှုရရှိလာနေချိန်မှာ အခြေအနေဆိုးများ ထပ်မံမဖြစ်ပေါ်စေဖို့ နိုင်ငံတော်ပိုင်ပစ္စည်း၊ စက်ရုံ၊ အလုပ်ရုံများကို မသမာသူများအနေဖြင့် လူစုလူဝေးဖြင့် လုယက်၊ ဖောက် ထွင်း၊ ဖျက်ဆီးခြင်းများမပြုလုပ်ကြဖို့ သတိပေးပြောကြားလိုပါတယ်။ ဒီလို ရာဇဝတ်မှုကို လူစုလူဝေးနဲ့ လုပ်ဆောင် ချက်များအား ကျွန်တော်တို့အနေနဲ့ လျစ်လျူရှုမနေနိုင်လို့ ထိရောက်စွာဆောင်ရွက်ရမှာဖြစ်ကြောင်း ထမ်မံ သတိပေး ပြောကြားလိုပါတယ်။

ကျွန်တော်တို့တာဝန်ယူမယ့်ကာလဟာ အလွန်တိုတောင်းလှတဲ့အတွက် ကျန်းမာရေး၊ ပညာရေး၊ အခြား လူမှုရေးဆိုင်ရာလုပ်ငန်းများကို ထိုက်သင့်သလောက်သာ ထိန်းသိမ်းဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ရေရှည်ပြုပြင်ဆောင်ရွက်ရမယ့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများကိုတော့ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပပြီးနောက် တက်ရောက်လာမယ့် အစိုးရအဖွဲ့အစည်းက ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။

ကျွန်တော်တို့ တပ်မတော်အနေနဲ့ကတော့ ပြည်သူပြည်သားများက မိမိတို့ရဲ့ဒီမိုကရေစီပိုင်ခွင့်အရ လွတ်လပ်မျှတစွာ ရွေးချယ်တင်မြှောက်ဖွဲ့စည်းလိုက်တဲ့ အစိုးရအဖွဲ့အစည်းကို နိုင်ငံတော်ရဲ့အာဏာကို လွှဲပြောင်းပေးပြီးတာနဲ့ ကျွန်တော်တို့ရဲ့မူလတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်တွေကိုသာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်မံကတိပေးလိုပါတယ်။

ဒါကြောင့် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အမြန်ဆုံး ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲမှာပါဝင်ယှဉ်ပြိုင်ကြမယ့် ပါတီအဖွဲ့အစည်းများအနေနှင့်လည်းကောင်း၊ ရဟန်း၊ ရှင်လူ၊ ပြည်သူများနဲ့ ပါတီစုံဒီမိုကရေစီကိုလိုလားတောင့်တနေသူအားလုံးကလည်းကောင်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား ...။

( **'လုပ်သားပြည်သူ့နေ့စဉ်'** သတင်းစာ – ၂၄၊ ၉၊ ၁၉၈၈ )

★ ★ ★ ★ ★

## " ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် မှတ်ပုံတင်ခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများ။ "

မြန်မာနိုင်ငံတွင် (၂၆) နှစ်တာ တပါတီစနစ်ကျင့်သုံးခဲ့ပြီးနောက် ပါတီစုံစနစ် ကျင့်သုံးရန်ဖြစ်လာသည့်အခါ နိုင်ငံရေးပါတီအဖွဲ့အစည်းများ ဖွဲ့စည်းလှုပ်ရှားရာတွင် စနစ်တကျ စည်းရုံးလှုပ်ရှားနိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့သည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီးသည့်နောက် ပါတီစုံဒီမိုကရေစီ အထွေ ထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ယင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးကောက်ပွဲ၌ ဝင်

ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့မှစ၍ မှတ်ပုံတင်ခွင့်ပြုခဲ့ရာ နောက်ဆုံးမှတ်ပုံတင်ခွင့်ပြုရန်ဖြစ်သည့် ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့အထိ (၅) လခန့်အတွင်း မှတ်ပုံတင်ခဲ့ကြသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းအသီးသီးမှာ အောက်ပါအတိုင်းဖြစ်သည်။

**★ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်အနည်းဆုံးတဦးနှင့်အထက် ရွေးချယ် တင်မြှောက်ခံခဲ့ရသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများ။**

(၁) ဒီမိုကရေစီပါတီ

Democracy Party (DP)

[ လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]

မှတ်ပုံတင်နေ့စွဲ . . . ၃၀–၉–၈၈

ရွေးကောက်ပွဲဝင်သင်္ကေတ . . . မောင်း

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၇/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

National League for Democracy (NLD)

[ လွှတ်တော်ကိုယ်စားလှယ် (၃၉၂) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]

မှတ်ပုံတင်နေ့စွဲ . . . ၃၀–၉–၈၈

ရွေးကောက်ပွဲဝင်သင်္ကေတ . . . ခမောက်

[ **ယနေ့တိုင် တရားဝင်ရပ်တည်လျက်ရှိသည်။** ]

(၃) ဒီမိုကရက်တစ်တက္ကသိုလ်ဘွဲ့ရနှင့် ကျောင်းသားဟောင်းများအဖွဲ့

Graduates and Old Students Democratic Association

[ လွှတ်တော်ကိုယ်စားလှယ် (၁)ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]

မှတ်ပုံတင်နေ့စွဲ . . . ၁၀–၁၀–၈၈

ရွေးကောက်ပွဲဝင်သင်္ကေတ . . . လက်ဆွဲမီးအိမ်

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ရက်စွဲပါ အမိန့်အမှတ်(၇/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၄) ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

Arakan League for Democracy (ALD)

[ လွှတ်တော်ကိုယ်စားလှယ် (၁၁) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]

မှတ်ပုံတင်နေ့စွဲ . . . ၁၂–၁၀–၈၈

ရွေးကောက်ပွဲဝင်သင်္ကေတ . . . ဆီမီးခွက်

[ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ကော်မရှင်မှ ပယ်ဖျက်ခဲ့သည်။ ]

(၅) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

National Unity Party (NUP)

[ လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁၂–၁၀–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . စပါးနှံ
[ **ယနေ့တိုင် တရားဝင်ရပ်တည်လျက်ရှိသည်။** ]

(၆) မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
Mon National Democratic Front (MNDF)
[ လွှတ်တော်ကိုယ်စားလှယ် (၅) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁၇–၁၀–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . နေကြာပန်းပွင့်
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၈/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၇) ဇိုမီးအမျိုးသားကွန်ဂရက်
Zomi National Congress (ZNC)
[ လွှတ်တော်ကိုယ်စားလှယ် (၂) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁၈–၁၀–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . သော့ခလောက်
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၇/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၈) ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
Chin National League for Democracy (CNLD)
[ လွှတ်တော်ကိုယ်စားလှယ် (၃) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁၈–၁၀–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . သော့တံ့
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၈/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၉) မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့
Patriotic Old Comrades League (POCL)
[ လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၂၈–၁၀–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . ပုလွေ
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၇/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၀) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
Shan Nationalities League for Democracy (SNLD)
[ လွှတ်တော်ကိုယ်စားလှယ် (၂၃) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]

မှတ်ပုံတင်နေ့စွဲ . . . ၂၁–၁၀–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . အိုးစည်
[ **ယနေ့တိုင် တရားဝင်ရပ်တည်လျက်ရှိသည်။** ]

(၁၁) နာဂတောင်တန်းဒေသတိုးတက်ဖွံ့ဖြိုးရေးပါတီ
Naga Hills Regional Progressive Party (NHRPP)
[ လွှတ်တော်ကိုယ်စားလှယ် (၂) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၂၆–၁၀–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . လေယာဉ်ပျံ
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၈/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၂) ကယားပြည်နယ်လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ်
Kayah State All Nationalities League for Democracy (KNLD)
[ လွှတ်တော်ကိုယ်စားလှယ် (၂) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၂၈–၁၀–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . ရေတွင်း
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၈/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၃) ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက်
Kachin State National Congress for Democracy (KNCD)
[ လွှတ်တော်ကိုယ်စားလှယ် (၃) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၃၁–၈–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . ခေါင်းလောင်း
[ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ကော်မရှင်မှ ပယ်ဖျက်ခဲ့သည်။ ]

(၁၄) ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ်
Karen State Nationals Organization (KSNO)
[ လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁–၁၁–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . တယော
[ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းသည်။ ]

(၁၅) ပြည်ထောင်စုပအိုဝ့်အမျိုးသားများအဖွဲ့ချုပ်
Union Paoh National Organization (UPNO)
[ လွှတ်တော်ကိုယ်စားလှယ် (၃) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁–၁၁–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . သရက်သီးတွဲသုံးလုံး
[ **ယနေ့တိုင် တရားဝင်ရပ်တည်လျက်ရှိသည်။** ]

(၁၆) အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ
National Democratic Party for Human Rights (NDPHR)
[ လွှတ်တော်ကိုယ်စားလှယ် (၄) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁–၁၁–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . မော်တော်ကား
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၈/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၇) တအာဝ်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
Ta-ang (Palaung) National League for Democracy (TNLD)
[ လွှတ်တော်ကိုယ်စားလှယ် (၂) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁၅–၁၁–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . လက်ဖက်ရည်ကြမ်းအိုး
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၈/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၈) ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
Shan State Kokang Democratic Party (SSKDP)
[ လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁၆–၉–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . ကတ်ကြေး
[ **ယနေ့တိုင် တရားဝင် ရပ်တည်လျက်ရှိသည်။** ]

(၁၉) ပြည်ထောင်စု ဓနုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
Union Danu League for Democracy (UDLD)
[ လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၇–၁၂–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . သေတ္တာ
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၈/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၂၀) ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
Kamans National League for Democracy (KNLD)
[ လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁၃–၁၂–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . လက်ဆွဲခြင်း
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၇/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၂၁) ကယန်းအမျိုးသားများစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့

Democratic Organization for Kayan National Unity (DOKNU)
[ လွှတ်တော်ကိုယ်စားလှယ် (၂) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁၄–၁၂–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . ဖရုံသီး
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၇/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၂၂) မရာပြည်သူ့ပါတီ
Mara People's Party (MPP)
[ လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁၄–၁၂–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . ကောက်လှိုင်းအထုံး
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၇/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၂၃) ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ (ယူအင်န်ဒီပီ)
Union Nationals Democracy Party (UNDP)
[ လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၁၆–၁၂–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . ချိန်ခွင်
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၈/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၂၄) မြို (ခေါ်) ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့ (မ၊ ခ၊ မ၊ ည၊ ဖ)
Mro or Khami National Solidarity Organization (MKNSO)
[ လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၂၂–၁၂–၈၈
ရွေးကောက်ပွဲဝင်သင်္ကေတ . . . ရေဘုံဘိုင်
[ **ယနေ့တိုင် တရားဝင်ရပ်တည်လျက်ရှိသည်။** ]

(၂၅) လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
Lahu National Development Party (LNDP)
[ လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၂၇–၂–၈၉
ရွေးကောက်ပွဲဝင်သင်္ကေတ . . . ဆေးတံ
[ **ယနေ့တိုင် တရားဝင် ရပ်တည်လျက်ရှိသည်။** ]

(၂၆) အမျိုးသားဒီမိုကရေစီပါတီ
Party for National Democracy (PND)
[ လွှတ်တော်ကိုယ်စားလှယ် (၃) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]

မှတ်ပုံတင်နေ့စွဲ . . . ၂၇–၂–၈၉
ရွေးကောက်ပွဲဝင်သင်္ကေတ . . . နဲ
[ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်ကြောင်း ကြေညာချက်အမှတ် (၉၀၂) ဖြင့် ထုတ်ပြန်ကြေညာသည်။ ]

(၂၇) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်
United Nationalities League for Democracy (UNLD)
[ လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ]
မှတ်ပုံတင်နေ့စွဲ . . . ၂၇–၂–၈၉
ရွေးကောက်ပွဲဝင်သင်္ကေတ . . . ဆိုင်းဝိုင်း
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၇/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

**★ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်တဦးမျှ ရွေးချယ်တင်မြှောက်ခြင်း မခံရသော နိုင်ငံရေးပါတီအဖွဲ့အစည်းများ။**

(၁) ပြည်သူ့ဒီမိုကရေစီပါတီ
People's Democratic Party
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၂/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၂) မြန်မာနိုင်ငံလုံးဆိုင်ရာမဟာမိတ်လူငယ်များအစည်းအရုံး
All Burma United Youths Organization
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၃) ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ
Unity and Development Party
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၅/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၄) ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖ–ဆ–ပ–လ)
Anti-Fascist People's Freedom League (AFPFL)
[ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းခဲ့သည်။ ]

(၅) အမျိုးသားပြန်လည်တည်ဆောက်ရေးဒီမိုကရေစီတပ်ပေါင်းစု (ပြည်ထောင်စုမြန်မာနိုင်ငံ)
Democratic Front for National Reconstruction (Union of Burma)
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၇/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၆) မြန်မာနိုင်ငံညီညွတ်ရေးဒီမိုကရက်တစ်ပါတီ

Burma United Democratic Party

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၁/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၇) အမျိုးသားငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီပါတီ

National Peace and Democracy Party

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၂/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၈) ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်

Union Karen League

[ **ယနေ့တိုင် တရားဝင်ရပ်တည်လျက်ရှိသည်။** ]

(၉) လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

Democratic Party for New Society (D.P.N.S.)

[ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့တွင် ကော်မရှင်မှ ပယ်ဖျက်ခဲ့သည်။ ]

(၁၀) ပြည်သူ့ရဲဘော်အဖွဲ့ချုပ် (ဗမာနိုင်ငံ)

People's Volunteer Organization (Burma)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၁) ကချင်ပြည်နယ်အမျိုးသားဒီမိုကရက်တစ်ပါတီ

The Kachin State National Democratic Party

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၅/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၂) ပြည်ချစ်လူငယ်များအစည်းအရုံး

Patriotic Youth Organization

[ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် ကော်မရှင်မှ ပယ်ဖျက်ခဲ့သည်။ ]

(၁၃) မြန်မာနိုင်ငံဒီမိုကရက်တစ်ပြည်သူ့အင်အားအဖွဲ့ချုပ်

All Burma Democratic People's Power Organization

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၂/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၄) အမျိုးသားတိုးတက်ရေးလူငယ်အဖွဲ့ချုပ် (မြန်မာနိုင်ငံ)

National Progressive Youth of Burma

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၅/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၅) ဒီမိုကရက်တစ်လေဘာပါတီ (မြန်မာပြည်)

Democratic Labour Party (Burma)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၆) ပြည်ထောင်စုမြန်မာနိုင်ငံ ဖ–ဆ–ပ–လ ဗဟိုအဖွဲ့ချုပ်

Union of Burma (Main) AFPFL (Hq)

[ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာချက်အမှတ် (၉၀၆) ဖြင့် နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခဲ့သည်။ ]

(၁၇) ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ်

Democratic League for the National Races of the Shan State

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၅/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၈) အမျိုးသားညီညွတ်ရေးကွန်ဂရက်

United National Congress

[ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းသည်။ ]

(၁၉) ဒီမိုကရက်တစ်လူ့အခွင့်အရေးပါတီ

Democratic Human Rights Party

[ ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းခဲ့သည်။ ]

(၂၀) မျိုးချစ်ဒီမိုကရက်တစ်လူငယ်တပ်ပေါင်းစု (မြန်မာနိုင်ငံ)

Patriotic Democratic Youth Front (Burma)

[ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ကြေညာချက်အမှတ် (၉၁၁) ဖြင့် နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခဲ့သည်။ ]

(၂၁) တောင်သူလယ်သမားစည်းလုံးညီညွတ်ရေးအဖွဲ့ (တ၊ လ၊ စ၊ ည)

Peasants' Unity Organization

[ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းသည်။ ]

(၂၂) လူငယ်စည်းလုံးညီညွတ်ရေးအဖွဲ့

Youth Unity Organization

[ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းသည်။ ]

(၂၃) အလုပ်သမားစည်းလုံးညီညွတ်ရေးအဖွဲ့ (လ၊ စ၊ ည)

Workers' Unity Organization

[ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းသည်။ ]

(၂၄) မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသားများတိုးတက်ရေးဒီမိုကရေစီပါတီ

All Burma National Progressive Democracy Party

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၂၅) လူငယ်ညီညွတ်ရေးတပ်ပေါင်းစု (ပြည်ထောင်စုမြန်မာနိုင်ငံ)
Youths' Solidarity Front (Union of Burma)
[ ၁၉၉၁ ခုနှစ်၊ မေလ (၈) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းခဲ့သည်။ ]

(၂၆) ရှမ်းအမျိုးသားဖွံ့ဖြိုးရေးဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ)
Shan National Development Democratic Party (Union of Burma)
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၂၇) ဒီမိုကရေစီမြတ်နိုးသောပြည်သူများအဖွဲ့ချုပ် (ဒ–မ–ပ–ဖ)
Democratic People's League (DPL)
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၂၈) မြန်မာအမျိုးသမီးတိုးတက်ရေးသမဂ္ဂ (ဗဟိုဌာနချုပ်)
Union for the Improvement of Burma Women (Central Headquarters)
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၂၉) ပြည်သူ့စွမ်းအားပါတီ
People's Power Party (PPP)
[ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက်ဖျက်သိမ်းခဲ့သည်။ ]

(၃၀) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးပါတီ (ပ–တ–ခ)
Union Stability Party (USP)
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၃၁) ရခိုင်တိုင်းရင်းသားညီညွတ်ရေးအဖွဲ့ချုပ် (ရ–တ–ည)
The Arakan National Unity Organization (ANUO)
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၁/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၃၂) အမျိုးသားငြိမ်းချမ်းရေးပါတီ
National Peace Party (NPP)
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၂/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၃၃) လွတ်လပ်သောမြန်မာနိုင်ငံပြည်သူများအဖွဲ့ချုပ်
Free People League of Burma
[ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းသည်။ ]

(၃၄) ကချင်တက္ကသိုလ်ကျောင်းသားများဦးဆောင်သောကချင်လူငယ်အဖွဲ့
Union of Kachin Youth Led by Kachin University Students (UKY)

[ ၁၉၉၁ ခုနှစ်၊ မေလ (၂၃) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းခဲ့သည်။ ]

(၃၅) ရခိုင်လူမျိုးစုများဒီမိုကရေစီပါတီ

Arakan Nationalities Democracy Party

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၁/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၃၆) ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးမူလအဖွဲ့ချုပ် (ဖ–ဆ–ပ–လ မူလအဖွဲ့ချုပ်)

Anti-Fascist People's Freedom League (Original) (Hq); AFPFL (Original) (Hq)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၃၇) တောင်သူလယ်သမားသမဂ္ဂများအဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ)

League of Peasants' Unions (Union of Burma)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၅/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၃၈) အလုပ်သမားညီညွတ်ရေးသမဂ္ဂများအဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ)

United Trade Union Congress (Union of Burma)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၅/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၃၉) မေယုဖွံ့ဖြိုးတိုးတက်ရေးကျောင်းသားလူငယ်များအဖွဲ့ချုပ် (အာရကာန်)

Students and Youths League for Mayyu Development (Arakan)

[ ၁၉၉၁ ခုနှစ်၊ ဇွန်လ (၁၈) ရက်နေ့တွင် ကော်မရှင်မှ ပယ်ဖျက်ခဲ့သည်။ ]

(၄၀) ပြည်ထောင်စုမြန်မာနိုင်ငံညီညွတ်ရေးဒီမိုကရေစီအဖွဲ့ချုပ် (ပ–ည–ဒ–ဖ)

Union of Burma Unity Democracy League (RUDL)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၂/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၄၁) တောင်သူလယ်သမား ကဒူး၊ ကနန်းနှင့် ရှမ်းအမျိုးသားသွေးစည်းညီညွတ်ရေးဒီမိုကရေစီအဖွဲ့ချုပ် (ဗန်းမောက်မြို့)

Farmer, Gadu, Ganan and Shan National Unity Democratic Headquarters (Banmauk Myo)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၄၂) ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ

Kokang Democracy and Unity Party

[ **ယနေ့တိုင် တရားဝင် ရပ်တည်လျက်ရှိသည်။** ]

(၄၃) ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း)

League for Democracy and Peace (LDP)

[ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ကြေညာချက်အမှတ် (၉၀၈) ဖြင့် နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခဲ့သည်။]

(၄၄) တောင်သူလယ်သမားတိုးတက်ဖွံ့ဖြိုးရေးပါတီ

Peasants' Development Party (PDP)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၄၅) ရှမ်းပြည်နယ်ကချင်အမျိုးသားဒီမိုကရက်တစ်ပါတီ

Shan State Kachin Democratic Party

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၄၆) ကချင်အမျိုးသားလုံးဆိုင်ရာကွန်ဂရက်

Kachin National Congress (KNC)

[ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းခဲ့သည်။ ]

(၄၇) တိုင်းရင်းသားလူမျိုးစုဘဝသစ်ထူထောင်ရေးပါတီ (ဌာနချုပ်)

National Ethnic Reformation Party (Headquarters)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၄၈) ပြည်သူ့ရှေ့ဆောင်ပါတီ (ပ–ရ–ပ)

People's Pioneer Party (PPP)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၄၉) အမျိုးသားပါတီ (အ–မ–ပ)

Amyothar Party (AP)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၁/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၅၀) မျိုးဆက်သစ်အားမာန်လူငယ့်တပ်ဦး

The Might of New Generation Youth Front (Burma)

[ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းခဲ့သည်။ ]

(၅၁) 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

Wa National Development Party

[ **ယနေ့တိုင် တရားဝင် ရပ်တည်လျက်ရှိသည်။** ]

(၅၂) လီဆူးအမျိုးသားသွေးစည်းခိုင်မာရေးအဖွဲ့ (လ–မ–သ–ဖ)

Lisu National Solidarity (LNS)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၈/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၅၃) ကရင်အမျိုးသားဒီမိုကရေစီကွန်ဂရက် (က–ဒ–တ)
Karen National Congress for Democracy (KNCD)
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၅၄) အင်းအမျိုးသားအဖွဲ့ချုပ်
Inn-Tha National Organization
[ ၁၉၉၁ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းခဲ့သည်။ ]

(၅၅) ရခိုင်အမျိုးသားလူမှုဘဝမြှင့်တင်ရေးအဖွဲ့
The Rakhine National Humanitarian Development Organization
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၅၆) တိုင်းရင်းနွယ်ဖွားပူးပေါင်းရေးပါတီ
Indigenous Race Collaboration Party
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၂/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၅၇) ပြည်ထောင်စုပြည်သူ့ဘဝနှင့်ဒီမိုကရေစီပါတီ
Union People's Future and Democracy Party
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၂/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၅၈) ပြည်ထောင်စုဒီမိုကရေစီပါတီများအဖွဲ့ချုပ်
United League of Democratic Parties
[ ၁၉၉၁ ခုနှစ်၊ မတ်လ (၁၉) ရက်နေ့တွင် မိမိတို့ဆန္ဒအလျောက် ဖျက်သိမ်းခဲ့သည်။ ]

(၅၉) ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဆိုရှယ်လစ်ဆန့်ကျင်ရေး၊ အာဏာရှင်ဆန့်ကျင်ရေး၊ လွတ်လပ်သောဒီမိုကရေစီအဖွဲ့ချုပ်
Anti-Communist, Anti-Socialist, Anti-Totalitarian Free Democracy League
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ရက်စွဲပါ အမိန့် အမှတ် (၄/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၆၀) အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (လူငယ်)
National Politics Front (Youth)
[ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ကြေညာချက်အမှတ် (၉၀၉) ဖြင့် နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခဲ့သည်။ ]

(၆၁) ပြည်ထောင်စုမြန်မာနိုင်ငံဒီမိုကရေစီတပ်ပေါင်းစု (ပ–ဒ–တ)
Union of Burma Democratic Front
[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၁/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၆၂) ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ် (ဒ-မ-ဖ)

League of Democratic Allies

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၁/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၆၃) ရခိုင်ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု

Arakan People's Democratic Front

[ ၁၉၉၁ ခုနှစ်၊ မေလ (၁၃) ရက်နေ့တွင် ကော်မရှင်မှ ပယ်ဖျက်ခဲ့သည်။ ]

(၆၄) ပြည်သူ့တောင်သူလယ်သမားသမဂ္ဂ (ပြည်ထောင်စုမြန်မာနိုင်ငံ)

People's Peasants Union (Union of Burma)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၂/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၆၅) အမျိုးသားရေးပကတိလမ်းစဉ်ဦးဆောင်အင်အားစုအဖွဲ့ချုပ်

Leading Strength of National Realism Central

[ ၁၉၉၁ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် ကော်မရှင်မှ ပယ်ဖျက်ခဲ့သည်။ ]

(၆၆) ဒီမိုကရေစီမြတ်နိုးသောပြည်သူများမဟာမိတ်အဖွဲ့ကြီး (ဒ-မ-မ-ဖ)

Democratic Allies' League (DAL)

[ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့ရက်စွဲပါ အမိန့်အမှတ် (၂/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

**★ ကော်မရှင်တွင်မှတ်ပုံတင်ခဲ့ပြီး ရွေးကောက်ပွဲမတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများ။**

(၁) ပြည်သူ့လူငယ်အဖွဲ့ချုပ် (မြန်မာနိုင်ငံ)

People's Youth Federation (Burma)

(၂) မြန်မာပြည်ဒီမိုကရက်တစ်ပါတီ

Burma Democratic Party

(၃-၁၁-၈၉ ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံး၏ဆန္ဒသဘောထားအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခဲ့သည်။)

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးဒီမိုကရေစီပါတီ

United Peace Democratic Party

(၅-၁-၉၀ ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံး၏ ဆန္ဒသဘောထားအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခဲ့သည်။)

(၄) ဒီမိုကရေစီထွန်းကားရေးအဖွဲ့

Democracy Development Organization

(၁၁-၁၂-၈၉ ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံး၏ ဆန္ဒသဘောထားအရ မှတ်ပုံတင် ထားခြင်းကို ပယ်ဖျက်ခဲ့သည်။)

(၅) ဒီမိုကရေစီတိုးတက်ရေးမဟာမိတ်ပါတီ

Democratic Progress Allied Party

(၂၃–၁၁–၈၉ ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံး၏ ဆန္ဒသဘောထားအရ မှတ်ပုံတင် ထားခြင်းကို ပယ်ဖျက်ခဲ့သည်။)

(၆) လူ့အခွင့်အရေးနှင့်ငြိမ်းချမ်းရေးအဖွဲ့ချုပ်

The League for Human Rights and Peace

(၈–၁–၉၀ ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံး၏ ဆန္ဒသဘောထားအရ မှတ်ပုံတင်ထား ခြင်းကိုပယ်ဖျက်ခဲ့သည်။)

(၇) မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသားလူငယ်များအဖွဲ့ချုပ်

All Burma National Youths League

(၈) မြန်မာပြည်တိုးတက်ရေးလူငယ်အဖွဲ့ချုပ်

Youth Union for Burma's Progress

(၉) ပြည်သူ့လွတ်လပ်မှုနှင့် တိုးတက်မှုခိုင်မြဲရေးဒီမိုကရက်တစ်ပါတီ

People's Democratic Party for Stability of Freedom and Development

(၁၀) ပြည်သူ့တိုးတက်ရေးနှင့်လွတ်မြောက်ရေးဒီမိုကရေစီတပ်ဦး

People's Progressive and Freedom Democracy Front

(၁၁) ရှေ့ဆောင်အမျိုးသားဒီမိုကရေစီပါတီ

Forward National Democracy Front

(၁၂) ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအဖွဲ့

Democracy and Human Rights Organization (D-H-O)

[ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထားအရ ၇–၃–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကို ဖျက်သိမ်းပေးပါရန် နာယက၊ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်း ရေးမှူးတို့အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက တင်ပြလာသဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က မှတ်ပုံတင်ထားခြင်းကို ၁၉၈၉ ခုနှစ်၊ မတ်လ (၇) ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၂၄၃) ဖြင့် ပယ်ဖျက်ခဲ့သည်။ ]

(၁၃) ပြည်ထောင်စုမြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့်စီးပွားဖွံ့ဖြိုးတိုးတက်ရေးပါတီ

The Peace and Economic Development Party of Union of Burma

(၁၄) စစ်မှန်သောဒီမိုကရေစီစနစ်အဖွဲ့ (စ–ဒ–စ)

Real Democracy System Party

[ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထားအရ ၁၅–၂–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကို ဖျက်သိမ်းပြီးဖြစ်ကြောင်း ဥက္ကဋ္ဌ၊ အထွေထွေအတွင်း ရေးမှူးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးတို့အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင် (၅) ဦးတို့ ကိုယ်တိုင်လာရောက်တင်ပြသဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က မှတ်ပုံတင်ထားခြင်းကို ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၂၀၈) ဖြင့် ပယ်ဖျက်ခဲ့သည်။ ]

(၁၅) ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးအဖွဲ့ (မြန်မာနိုင်ငံ)
Federal Development Organization (Burma)

(၁၆) ပြည်သူ့ကျောင်းသားဒီမိုကရက်တစ်ပါတီ
People's Student Democratic Party

(၁၇) တိုးတက်သောဒီမိုကရက်တစ်လူငယ်များအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
Progressive Democratic Youth League (Burma)

(၁၈) လစ်ဘရယ်ဒီမိုကရေစီပါတီ
Liberal Democracy Party

(၁၉) ဗမာ့မျိုးချစ်လူငယ်အစည်းအရုံး
Association of Burma Patriotic Youth

(၂၀) ဒီမိုကရက်တစ်လူငယ်များအဖွဲ့ (မွန်ပြည်နယ်)
Democratic Youth Organization (Mon State)

(၂၁) ပြည်သူ့သွေးစည်းညီညွတ်ရေးနှင့်လှုပ်ရှားမှုပါတီ
People's Solidarity and Action Party

(၂၂) ဒီမိုကရေစီသမ္မတနိုင်ငံတည်တံ့ရေးတပ်ဦး
Democratic Republican Front (Burma)

(၂၃) ပြည်ထောင်စုလူငယ်ကျောင်းသားများပေါင်းစည်းညီညွတ်ရေးအဖွဲ့
Youth and Student Union Association

(၂၄) ရခိုင်ပြည်ညီညွတ်ရေးနှင့်ဒီမိုကရေစီအဖွဲ့
Rakhine Unity and Democracy Association

(၂၅) လူမျိုးပေါင်းစုံချစ်ကြည်ရေးအသင်း(ပြည်ထောင်စုမြန်မာနိုင်ငံ)
Society for International Friendship (Union of Burma)

[ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အနည်းဆုံး (၃) နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသည့်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၂/၉၀) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၂၆) နေရှင်နယ်ပါတီ
National Party

(၂၇) ရခိုင်ပြည်သူ့ညီညွတ်ရေးအဖွဲ့
Arakan People's United Organization

(၂၈) ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ
Party for Unity and Peace

(၂၉) ဒီမိုကရေစီနှင့်ငြိမ်းချမ်းသာယာရေးအဖွဲ့ (ပြည်ထောင်စုမြန်မာနိုင်ငံ)
Organization of Peace and Welfare for Democracy (Union of Burma)

(၃၀) ပြည်ထောင်စုလူငယ်ပါတီ
Union Youth Party

(၃၁) ကျောင်းသားများဒီမိုကရေစီအရေးတော်ပုံပါတီ
Students' Revolutionary Party for Democracy (SRDP)
[ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အနည်းဆုံး (၃) နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသည့်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၂/၉၀) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၃၂) လွတ်လပ်သောဒီမိုကရက်တစ်ပြည်ထောင်စုပါတီ
Independent Democratic Union Party

(၃၃) ရှမ်းပြည်မြောက်ပိုင်းလူငယ်များညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
Northern Shan State Youth Unity and Development Organization

(၃၄) လူငယ်ဒီမိုကရက်တစ်ပါတီ
Democratic Party for Youth Society

(၃၅) ဒီမိုကရေစီယုံကြည်သူများပေါင်းစည်းရေးအဖွဲ့ချုပ်
Faithful Democratic Federation (F.D.F.)

(၃၆) ရှမ်းပြည်နယ်လုံးဆိုင်ရာဒီမိုကရက်တစ်ပါတီ
Shan State Democratic Party

(၃၇) အမျိုးသားအကျိုးဆောင်အဖွဲ့
National Promotion Forum

(၃၈) လွတ်လပ်သောပြည်သူ့ပါတီ
Liberal People's Party

(၃၉) နိုင်ငံသစ်ဒီမိုကရေစီအဖွဲ့ချုပ်
League for New State Democracy

(၄၀) မျိုးချစ်ငြိမ်းချမ်းရေးအဖွဲ့ချုပ်
Patriotic League for Peace

(၄၁) တောင်တန်းသားများဒီမိုကရက်တစ်ပါတီ
Highlander's Democratic Party

(၄၂) ရခိုင်အမျိုးသားများလူ့အခွင့်အရေးနှင့်ငြိမ်းချမ်းရေးအဖွဲ့
Arakanese Peace and Human Rights Party

(၄၃) လူမျိုးစုပေါင်းစည်းဖွံ့ဖြိုးတိုးတက်ရေးပါတီ
Federal Republic Development Party
[ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အနည်းဆုံး (၃) နယ်တွင်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသည့်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၂/၉၀) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၄၄) ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့
People's Peace Organization of Union of Burma

(၄၅) မြန်မာပြည်အကျိုးပြုပါတီ

Party for National Development

(၄၆) အမျိုးသားနိုင်ငံရေးကျောင်းသားလူငယ်အဖွဲ့

Organization of Students and Youth for National Politics

(၄၇) မြန်မာနိုင်ငံသတင်းထောက်များအသင်း

Burma Reporters' Association

(၄၈) မြန်မာပြည်သစ်ပါတီ

New Burma Party

(၄၉) မြန်မာနိုင်ငံလုံးဆိုင်ရာညီညွတ်သောလူမျိုးစုများအဖွဲ့ချုပ်

The Union of All Burma United Nationalities

(၅၀) ဒီမိုကရက်တစ်လူငယ်ညီညွတ်ရေးအဖွဲ့ချုပ်

United Democratic Youth League

(၅၁) အမျိုးသားငြိမ်းချမ်းသာယာရေးပါတီ (မ–င–သ–ပ)

National Peace and Comfort Party

[ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အနည်းဆုံး (၃) နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသည့်အတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၂/၉၀) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၅၂) ဒီမိုကရေစီသစ်ပါတီ

New Democracy Party

[ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထားအရ ၁၀–၃–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကိုဖျက်သိမ်းပေးပါရန် ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးအပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက တင်ပြလာသဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က မှတ်ပုံတင်ထားခြင်းကို ၁၉၈၉ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၂၄၄) ဖြင့် ပယ်ဖျက်ခဲ့သည်။ ]

(၅၃) လူမှုစနစ်ဆိုင်ရာအတွေးအခေါ်သစ်များထွန်းကားရေးပါတီ

New Ideology Improvement Party for Social System

(၅၄) ပြည်သူ့တိုးတက်ရေးပါတီ၊ ရန်ကုန်မြို့။

People's Progressive Party

[ နိုင်ငံတော်အား လက်နက်စွဲကိုင်၍တော်လှန်ပုန်ကန်နေသော ဗမာပြည်ကွန်မြူနစ်ပါတီ သောင်းကျန်းသူအဖွဲ့အစည်း၏ မြေပေါ်အဖွဲ့အစည်းဖြစ်ကြောင်းတွေ့ရှိရသည့်အတွက် ကော်မရှင်မှ ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၃၁၅) ထုတ်ပြန်၍ ပယ်ဖျက်ခဲ့သည်။ ]

(၅၅) ပြည်ထောင်စုမြန်မာနိုင်ငံဒီမိုကရက်တစ်အဖွဲ့ချုပ်

Union of Burma Democratic League

(၅၆) ပြည်သူ့ဆန္ဒစိုးမိုးရေးအဖွဲ့ချုပ်

Rule of People's Democracy League

(၅၇) အမြဲစိမ်းလူငယ်များအဖွဲ့၊ မုံရွာမြို့။

Ever Green Young Men Association

[ နိုင်ငံတော်အား လက်နက်စွဲကိုင်၍တော်လှန်ပုန်ကန်နေသော ဗမာပြည်ကွန်မြူနစ်ပါတီ သောင်းကျန်းသူအဖွဲ့အစည်း၏ မြေပေါ်အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် ကော်မရှင်မှ ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့ရက်စွဲပါ ကြေညာချက်အမှတ် (၃၁၆) ထုတ်ပြန်၍ ပယ်ဖျက်ခဲ့သည်။ ]

(၅၈) ပြည်ထောင်စုဒီမိုကရက်တစ်ကွန်ဂရက်

Union Democratic Congress

(၅၉) မိခင်ဒီမိုကရေစီအဖွဲ့ချုပ်

League for Mother Democracy

(၆၀) ဒီမိုကရေစီပြန်လည်ထူထောင်ရေးအဖွဲ့

Democracy Reformation League

(၆၁) ပြည်သူ့ဒီမိုကရေစီရှင်သန်ရေးအဖွဲ့ချုပ်

League for the Vitality of People's Democracy

(၆၂) ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသားသွေးစည်းညီညွတ်ရေးအဖွဲ့ချုပ်

National Solidarity League, Union of Burma

(၆၃) ရခိုင်လူမျိုးစုများညီညွတ်ရေးဒီမိုကရက်တစ်ပါတီ

Rakhine Races United Democratic Party (RRUDP)

(၆၄) တရားမျှတမှုပါတီ

Justice Party

(၆၅) အမျိုးသားကြံ့ခိုင်ရေးနှင့် ငြိမ်းချမ်းရေးပါတီ

National Fitness and Peace Party

(၆၆) အမျိုးသားသမ္မာသမ္မတအဖွဲ့ချုပ်

National Republican Federation (NRF)

(၆၇) စစ်မှန်သောအမျိုးသားဒီမိုကရက်တစ်လူငယ်အဖွဲ့

Genuine National Democratic Youth Organization

(၆၈) ရီပတ်ဗလစ်ကင်ပါတီ

Republican Party

(၆၉) ဒီမိုကရေစီညီညွတ်ရေးတပ်ဦး

United Democratic Front (UDF)

[ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထားအရ ၃၁–၃–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကိုဖျက်သိမ်းပေးပါရန် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေး မှူးတို့အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးကတင်ပြလာသဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ ရေးကော်မရှင်က မှတ်ပုံတင်ထားခြင်းကို ၁၉၈၉ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၂၄၈) ဖြင့် ပယ်ဖျက်ခဲ့သည်။ ]

(၇၀) တောင်သူလယ်သမားပါတီ (ဗမာပြည်)

Peasant Party (Burma)

(၇၁) အလုပ်သမားပါတီ (ဗမာပြည်)
Labour Party (Burma)

(၇၂) ရှမ်းပြည်နယ်လုံးဆိုင်ရာလူငယ်ကျောင်းသားများငြိမ်းချမ်းရေးအဖွဲ့ချုပ်
League for Peace of All Shan Youth and Students

(၇၃) ဘဝသစ်ပါတီ
The New Life Party

(၇၄) အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မ–န–တ)၊ မန္တလေးမြို့။
National Politics Front (NPF)

[ နိုင်ငံတော်အား လက်နက်စွဲကိုင်၍တော်လှန်ပုန်ကန်နေသော ဗမာပြည်ကွန်မြူနစ်ပါတီ သောင်းကျန်းသူအဖွဲ့အစည်း၏ မြေပေါ်အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် ကော်မရှင်မှ ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၃၁၄) ထုတ်ပြန်၍ ပယ်ဖျက်ခဲ့သည်။ ]

(၇၅) ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားမျှတရေးလှုပ်ရှားမှုပါတီ (ပ–ဖ–တ–လ)
Union Progress and Justice Action Party (UPJAP)

(၇၆) လမ်းညွှန်ဒီမိုကရေစီပါတီ
Guidance Democracy Party (GDP)

(၇၇) ညီညွတ်ရေးအင်အားစုအဖွဲ့
United Force Party

(၇၈) ဒီမိုကရေစီလှုပ်ရှားမှုပါတီမြန်မာပြည်
Democratic Action Party of Burma (DAB)

(၇၉) ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး မူလလူငယ်အဖွဲ့ချုပ် (မြန်မာနိုင်ငံ)
Youth Organization of Anti-Fascist People's Freedom League (Original) (Burma) (HQ)

(၈၀) ဗမာနိုင်ငံလုံးဆိုင်ရာလူငယ်များအစည်းအရုံး (ဌာနချုပ်) (ဗ–လ–စ)
All Burma Youth League (Hqrs) (ABYL)

(၈၁) ပြည်ထောင်စုလူမျိုးစုများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
Union National League (Burma)

(၈၂) အမျိုးသား ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့်သွေးစည်းညီညွတ်ရေးပါတီ (မ–ဒ–င–သ–ည)
National Democratic Peace and Solidarity Party (NDPSP)

(၈၃) တောင်သူလယ်သမားနှင့်အလုပ်သမား ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရေစီအဖွဲ့ချုပ် (လ–အ–ဖ–ဒ)
Peasants and Workers Development Democracy League (PWDDL)

(၈၄) ပြည်သူ့တရားမျှတရေးပါတီ (မြန်မာပြည်)
People's Justice Party (Burma)

(၈၅) ဒီမိုကရေစီခေတ်သစ်တည်ဆောက်ရေး တောင်သူလယ်သမား၊ အလုပ်သမားအဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ)
Peasants and Workers League for Democratic New-Construction (Union of Burma)

[ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထားအရ ၃၁–၃–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကိုဖျက်သိမ်းပေးပါရန် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက တင်ပြလာသဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က မှတ်ပုံတင်ထားခြင်းကို ၁၉၈၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၂၄၇) ဖြင့် ပယ်ဖျက်ခဲ့သည်။ ]

(၈၆) သွေးသစ်လူငယ်များအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
League of New Generations (Union of Burma)

(၈၇) မြန်မာပြည်လွတ်လပ်မှုထွန်းကားရေးအဖွဲ့ချုပ် (မ–လ–ထ)
Burma's League for Liberal Evolution

[ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထားအရ ၃၁–၃–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကိုဖျက်သိမ်းပေးပါရန် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက တင်ပြလာသဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ ရေးကော်မရှင်က မှတ်ပုံတင်ထားခြင်းကို ၁၉၈၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၂၄၇) ဖြင့် ပယ်ဖျက်ခဲ့သည်။ ]

(၈၈) ရက္ခိုင်ကျောင်းသားလူငယ်များအဖွဲ့ချုပ်
League for Arakan Students and Youths

(၈၉) ဒီမိုကရေစီတည်ဆောက်ရေးပြည်သူ့တပ်ဦး
People's Front for Democracy Construction

(၉၀) ပြည်ချစ်ဒီမိုကရေစီပါတီ (ပ–ဒ–ပ)
Patriotic Democracy Party (PDP)

(၉၁) တိုးတက်သောမြန်မာပြည်သစ်ပါတီ
Progressive New Burma Party (PNBP)

(၉၂) ပြည်ထောင်စု၏စစ်မှန်သောဒီမိုကရေစီပါတီ (မြန်မာနိုင်ငံ)
Union's Genuine Democracy Party (Burma)

(၉၃) ဒီမိုကရေစီပါတီစုံညီညွတ်ရေးညွန့်ပေါင်းအဖွဲ့ချုပ်
Coalition League for Democratic Party Unity

(၉၄) ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
Pa-O National Development Organization

(၉၅) မဟာမိတ်ဒီမိုကရေစီဌာနချုပ်
League for Democracy Alliance

[ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထားအရ ၂၃–၃–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကိုဖျက်သိမ်းပေးပါရန် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက တင်ပြလာသဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က မှတ်ပုံတင်ထားခြင်းကို ၁၉၈၉ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၂၄၆) ဖြင့် ပယ်ဖျက်ခဲ့သည်။ ]

(၉၆) ကူကီးချင်းအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (က–မ–စ–ပ)
Kuki Chin National Unity Party (KCNUP)

(၉၇) ဒီမိုကရက်တစ်ပြည်သူများနှင့်ဝန်ထမ်းဟောင်းများအဖွဲ့ချုပ် (ဒ–ပ–ထ–ခ)
Democratic People and Retired Personnel Organization (DPRPO)

(၉၈) မြန်မာပြည်လူအများကောင်းစားရေးပါတီ (ဆင်ဖြူကျွန်းမြို့)
Burma People's Welfare Party (Sinbyugyun)

(၉၉) ပြည်သူ့အင်အားဒီမိုကရက်တစ်လူငယ်အဖွဲ့ချုပ်
People's Potential Democratic Youth League

(၁၀၀) စစ်မှန်ပွင့်လင်း၍ တရားမျှတသောဒီမိုကရက်တစ်ပါတီ (ပြည်ထောင်စုမြန်မာနိုင်ငံ)
Real, Peace [Open], Just-Democratic Party (Union of Burma)

(၁၀၁) ဒီမိုကရေစီလူမှုဝန်းကျင်သစ်တည်ဆောက်ရေးပါတီ (ဧရာဝတီတိုင်း – ပုသိမ်မြို့)
Democracy New Building Social Milieu Party (Bassein-Irrawaddy Division)

(၁၀၂) အားမာန်သစ်ဒီမိုကရက်တစ်မဟာမိတ်ပါတီ
New Strength Democratic Allied Party

(၁၀၃) တောင်ပိုင်းချင်းဒီမိုကရေစီပါတီ (တ–ခ–ဒ–ပ)
Southern Chin Democracy Party (SCDP)

(၁၀၄) လူငယ်ကျောင်းသားများဒီမိုကရေစီအင်အားစု
Youth and Students Democracy Forces

(၁၀၅) မျိုးချစ်ပြည်သူ့ပါလီမန်ပါတီ
Patriotic People's Parliamentary Party

(၁၀၆) အမျိုးသားဒီမိုကရေစီတရားမျှတရေးအဖွဲ့ချုပ်
National League for Democracy Justice (NLDJ)

(၁၀၇) ဗမာနိုင်ငံလုံးဆိုင်ရာလွတ်လပ်သောအမျိုးသမီးအစည်းအရုံး (ဗ–လ–မ–စ)
All Burma Liberated Women's Organization

(၁၀၈) ပြည်ထောင်စုမြန်မာနိုင်ငံ ဖ–ဆ–ပ–လ ဗဟိုလူငယ်အဖွဲ့ချုပ်
(Main) AFPFL Youth Hqs

(၁၀၉) အရှိုချင်းအမျိုးသားဖွံ့ဖြိုးရေးအဖွဲ့ချုပ် (အ–မ–ဖ–ခ)
Asho-Chin National Development League (ANDL)

[ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အနည်းဆုံး (၃) နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသည့်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၂/၉၀) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၁၀) ဘက်မလိုက်ပြည်သူ့ဒီမိုကရေစီပါတီ (ဘ–ပ–ဒ–ပ)
Non-Aligned People's Democracy Party

(၁၁၁) မိခင်မြန်မာပြည်အဖွဲ့
Mikhin Bama Pyi Aphwe

(၁၁၂) အမျိုးသားစီးပွားကုန်သွယ်ရေးအဖွဲ့ချုပ် (စ–ပ–က–သ)

National Economic League for Trade

(၁၁၃) အမျိုးသားတိုးတက်ရေးဆိုရှယ်လစ်အဖွဲ့ချုပ်

National Progressive Socialist League (NPSL)

[ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အနည်းဆုံး (၃) နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသည့်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၂/၉၀) ဖြင့် ဖျက်သိမ်းခဲ့သည်။ ]

(၁၁၄) ရင့်ကျက်သောဒီမိုကရက်တစ်ပါတီ

Matured Democratic Party (MDP)

(၁၁၅) ပြည်သူ့ပါတီ

People's Party

(၁၁၆) ပြည်ထောင်စုပါတီ (ပ–ထ–ပ)

Union Party (UP)

(၁၁၇) ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ (ဖ–ဒ–ပ)

Federal Democratic Party (FDP)

(၁၁၈) ရှေးရိုးစဉ်လာပြည်မြန်မာအဖွဲ့

Conservative Party Burma

(၁၁၉) အမျိုးသားနိုင်ငံရေးအမျိုးသမီးအင်အားစု

National Politics Women Force (NPWF)

(၁၂၀) အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးအင်အားစု

National Economic Development Force (NEDF)

(၁၂၁) အမျိုးသားနိုင်ငံရေးလယ်သမားအင်အားစု

National Politics Peasant Force (NPPF)

(၁၂၂) အမျိုးသားနိုင်ငံရေးအလုပ်သမားအင်အားစု

National Politics Labour Force (NPLF)

(၁၂၃) အမျိုးသားရေးဒီမိုကရေစီတည်ဆောက်မှုပါတီဌာနချုပ် (မ–ဒ–တ–ပ)

National Democracy Establishment Party (Central) (NDEP)

(၁၂၄) မျိုးချစ်တိုင်းရင်းဆေးပညာရှင်များအဖွဲ့ချုပ်

Patriotic Indigenous Physicians League

(၁၂၅) ဝံသာနုစိတ်ဓာတ်ပြန်လည်ထွန်းကားရေးပါတီ (ဝ–ပ–ပ)

Esprit de Corps Restoration Party

(၁၂၆) ပြည်သူ့သတင်းထောက်များအသင်း (မြန်မာနိုင်ငံ)

Peoples' Reporters Association (Burma) (PRA)

(၁၂၇) အမျိုးသားသွေးစည်းညီညွတ်ရေးတပ်ပေါင်းစု (မ–ည–တ)

National Solidarity Front

(၁၂၈) အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်လူငယ်များအဖွဲ့ (အ–န–ဒ–လ)

Organization of Democratic Youth for National Politics

(၁၂၉) ဝံသာနုလူငယ်ပါတီ

Patriotic Youth Party

(၁၃၀) ပြည်ထောင်စုသားများပါတီ

The Party of the Nationalities

(၁၃၁) မျိုးချစ်လက်ရုံးပါတီ

Patriotic Force Party

(၁၃၂) ချင်းအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ

Chin National Unity Party

(၁၃၃) ဒီမိုကရေစီရှင်သန်ကြီးထွားရေးသမဂ္ဂ (ဒ–ရ–သ)

Union for Revival and Development of Democracy (URDD)

(၁၃၄) အမျိုးသားညီညွတ်ရေးနှင့်လူငယ်သစ်ပါတီ

National Unity and New Youth Party (NUNP)

(၁၃၅) သွေးစည်းခိုင်မာရေးတပ်ပေါင်းစု

Unification and Reinforcement Front

(၁၃၆) ပြည်သူ့အရေးတော်ပုံပါတီ

People's Revolution Party (PRP)

(၁၃၇) ပြည်ထောင်စုမြန်မာနိုင်ငံတောင်သူလယ်သမားဗဟိုအဖွဲ့ချုပ်

Union of Burma (Main) Peasant Organization (Headquarters)

(၁၃၈) ပြည်ထောင်စုမြန်မာနိုင်ငံအလုပ်သမားဗဟိုအဖွဲ့ချုပ်

Union of Burma (Main) Labour Organization (Headquarters) (also called Union of Burma Workers Central Headquarters)

(၁၃၉) ချင်းအမျိုးသားလူငယ်အဖွဲ့

Chin National Young Men's Organization

(၁၄၀) နဂါးနီပါတီ (မြန်မာပြည်)

Congress (D) Party (Burma) (also called Nagani Party (Burma))

(၁၄၁) ပြည်ထောင်စုဒီမိုကရေစီညီညွတ်ရေးအဖွဲ့ (ပ–ဒ–ည–ဖ)

Union Democracy Unity Organization

(၁၄၂) အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ် (ဗမာနိုင်ငံ) တီ–ယူ–စီ–ဘီ

Trade Union Congress (Burma)

(၁၄၃) ဗမာနိုင်ငံလုံးဆိုင်ရာတောင်သူလယ်သမားအစည်းအရုံး ဌာနချုပ် (ဗ–တ–လ–စ)

All Burma Peasant Organization

★ ★ ★ ★ ★

## ရွေးကောက်ပွဲခုံရုံးများတွင် ကန့်ကွက်လွှာ တင်သွင်းခြင်းနှင့် စစ်ဆေးခြင်း။

၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇)ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူ ကိုယ်စားလှယ် (၁၁) ဦးတို့အား သက်ဆိုင်ရာကိုယ်စားလှယ်လောင်း (၅) ဦးနှင့် မဲဆန္ဒရှင် (၆) ဦးက သက်ဆိုင်ရာသို့ ကန့်ကွက်လွှာ တင်သွင်းခဲ့သဖြင့် ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုပေါင်း (၁၁) မှုရှိခဲ့သည်။

ရွေးကောက်ပွဲကန့်ကွက်လွှာ အမှု (၁၁) မှုကို စစ်ဆေးနိုင်ရန် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က) အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ရွေးကောက်ပွဲခုံအဖွဲ့ (၅) ဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းပေးခဲ့သည်။

**ရွေးကောက်ပွဲခုံအဖွဲ့ (၁)**

ဥက္ကဋ္ဌ ... ဦးတင်အုန်း၊ ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ ဗဟိုဥပဒေရုံး
အဖွဲ့ဝင် ... ဦးခင်မောင်၊ ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ ဗဟိုတရားရုံး
ဦးမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)၊ ဗဟိုတရားရုံး

**ရွေးကောက်ပွဲခုံအဖွဲ့ (၂)**

ဥက္ကဋ္ဌ ... ဦးသန်းတင်၊ တရားရေးအကြံပေး (အငြိမ်းစား)၊ ဗဟိုတရားရုံး
အဖွဲ့ဝင် ... ဦးထွန်းရှိန်၊ ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)၊ ဗဟိုတရားရုံး
ဦးစိုးမောင်၊ ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ ဝန်ထမ်းရေးရာဦးစီးဌာန

**ရွေးကောက်ပွဲခုံအဖွဲ့ (၃)**

ဥက္ကဋ္ဌ ... ဦးဘသန်း၊ တရားသူကြီး (အငြိမ်းစား)၊ တရားရုံးချုပ်
အဖွဲ့ဝင် ... ဦးစိန်ထွန်း၊ တိုင်းတာဝန်ခံ (အငြိမ်းစား)၊ ဥပဒေဝန်ထမ်း
ဦးအုန်းသန်း၊ ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

**ရွေးကောက်ပွဲခုံအဖွဲ့ (၄)**

ဥက္ကဋ္ဌ ... ဦးလှသောင်း၊ ဥပဒေဝန်ထမ်းအဆင့် (၁) (အငြိမ်းစား)၊ ဗဟိုဥပဒေရုံး
အဖွဲ့ဝင် ... ဦးခင်မောင်ဦး၊ ဥပဒေဝန်ထမ်းအဆင့် (၁) (အငြိမ်းစား)၊ ဗဟိုဥပဒေရုံး
ဦးချစ်ဆောင်၊ ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ တရားရုံးချုပ်

**ရွေးကောက်ပခုံအဖွဲ့ (၅)**

ဥက္ကဋ္ဌ ... ဦးသန်းမောင်၊ ဒုတိယအတွင်းဝန် (အငြိမ်းစား)၊ ကာကွယ်ရေးဝန်ကြီးဌာန
အဖွဲ့ဝင် ... ဦးအောင်ကြည်၊ တရားရေးအကြံပေး (အငြိမ်းစား)၊ ဗဟိုတရားရုံး
ဦးဖေသိန်း၊ တရားရေးဝန်ထမ်းအဆင့် (၁) (အငြိမ်းစား)၊ တရားရုံးချုပ်

**ကန့်ကွက်လွှာတင်သွင်းထားသည့် အမှု (၁၁) မှုမှာ ...**

(၁) ဦးဂျီဘောင်လှန်း
ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက်
ချီဖွေမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ်။
ကန့်ကွက်လွှာတင်သွင်းသူ ... ဦးခေါ်ဆောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

(၂) ဒေါက်တာမှုထန်

တသီးပုဂ္ဂလ
ထန်းတလန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ချင်းပြည်နယ်။
ကန့်ကွက်လွှာတင်သွင်းသူ ... ဦးနွန်အုပ်၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(၃) ဦးဝင်းရှိန်
တသီးပုဂ္ဂလ
မြောင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁)၊ စစ်ကိုင်းတိုင်း။
ကန့်ကွက်လွှာတင်သွင်းသူ ... ဒေါက်တာကျော်နိုင်ထွန်း၊ မဲဆန္ဒရှင်

(၄) ဦးလှသိန်း
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဟုမ္မလင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂)၊ စစ်ကိုင်းတိုင်း။
ကန့်ကွက်လွှာတင်သွင်းသူ ... ဦးမောင်သွင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်

(၅) ဦးပီတာလင်းပင်
တသီးပုဂ္ဂလ
ပြင်ဦးလွင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂)၊ မန္တလေးတိုင်း။
ကန့်ကွက်လွှာတင်သွင်းသူ ... ဗိုလ်မှူးကြီးမောင်မောင် (ငြိမ်း)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

(၆) နိုင်ခင်မောင်
မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
ကျိုက်မရောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂)၊ မွန်ပြည်နယ်။
ကန့်ကွက်လွှာတင်သွင်းသူ ... ဦးတင်ငွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(၇) ဦးခွန်ထွန်းလူ (ခ) ဦးထွန်းလူ
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
ဟိုပန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
ကန့်ကွက်လွှာတင်သွင်းသူ ... ဦးစောဖီးလစ် (ခ) ဦးဖီးလစ်ဆမ်၊ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

(၈) ဦးရွှေယ
ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
စစ်တွေမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁)၊ ရခိုင်ပြည်နယ်။
ကန့်ကွက်လွှာတင်သွင်းသူ ... ဦးမောင်သာဇံ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

(၉) ဦးဝင်းကြိုင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဘိုကလေးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁)၊ ဧရာဝတီတိုင်း။
ကန့်ကွက်လွှာတင်သွင်းသူ ... ဦးမြဟန်၊ ဘိုကလေးမြို့နယ်၊ ငပိချောင်းကျေးရွာ၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ မဲရုံကိုယ်စားလှယ်

(၁၀) ဒေါက်တာစိန်မြင့်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဘိုကလေးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂)၊ ဧရာဝတီတိုင်း။

ကန့်ကွက်လွှာတင်သွင်းသူ ... ဦးတင်ဆန်း၊ မဲဆန္ဒရှင်

(၁၁) ဒေါက်တာစန်းအောင်

တသီးပုဂ္ဂလ


အင်္ဂပူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂)၊ ဧရာဝတီတိုင်း။

ကန့်ကွက်လွှာတင်သွင်းသူ ... ဦးသိန်းထွန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

✡ ✡ ✡ ✡ ✡

## "၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်တင်မြောက်ခြင်းခံခဲ့ရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးအကျဉ်း"

### (၁) ကချင်ပြည်နယ်။



မြန်မာနိုင်ငံ၏မြောက်ဘက်ဆုံးအပိုင်းတွင် တည်ရှိသည်။ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် စစ်ကိုင်းတိုင်း၊ တောင်ဘက်တွင် ရှမ်းပြည်နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ မြောက်လတ္တီတွဒ် (၂၃) ဒီဂရီ (၂၇) မိနစ်နှင့် (၂၈) ဒီဂရီ (၂၅) မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် (၉၆) ဒီဂရီ (၀) မိနစ်နှင့် (၉၈) ဒီဂရီ (၄၄) မိနစ်အတွင်း တည်ရှိသည်။ ဧရိယာ စတုရန်းမိုင်ပေါင်း (၃၄,၃၇၉) ကျယ်ဝန်းသည်။ ပြည်နယ်မြို့တော်မှာ မြစ်ကြီးနားမြို့ဖြစ်သည်။

ကချင်ပြည်နယ်တွင် မဲဆန္ဒနယ် (၁၉) နယ်၌ နိုင်ငံရေးပါတီအဖွဲ့အစည်း (၁၂) ခုအား ကိုယ်စားပြု ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း (၉၁) ဦး၊ တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း (၂) ဦး၊ စုစုပေါင်း (၉၃) ဦးဝင် ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၁၄) နေရာ၊ ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီကွန်ဂရက်မှ (၃) နေရာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ (၂) နေရာ အသီးသီး ရွေးချယ်တင်မြောက်ခြင်းခံခဲ့ကြရသည်။

### ၁။ ကာမိုင်းမြို့နယ်မဲဆန္ဒနယ်။

**ဦးတင်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးတင်မြင့်သည် ကာမိုင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅၅၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၈ . ၉၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကျိုက်လတ်၊ တိုင်ကူကျေးရွာဇာတိဖြစ်သည်။ ၁၉၂၄ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့တွင် အဖ ဦးအေးမောင်၊ အမိ ဒေါ်သိန်းရင်တို့မှ ဖွားမြင်သည်။ ဦးတင်မြင့်သည် ပုဇွန်တောင် အရှင်အာဒိစ္စဝံသ အမျိုးသားအထက်တန်းကျောင်းတွင် ဒသမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ် တပ်မတော်အဆင့်ဆင့်တွင် ပါဝင်ခဲ့သည်။ တော်လှန်ရေးအပြီး ပဲခူးခရိုင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ ယာယီ စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်စဉ် ဆာပေါ်ထွန်းအစိုးရက ပုဒ်မ (၅) နှင့် ဖမ်းဆီးခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းအစိုးရကာလရောက်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၇ ခုနှစ် အထိ ကုန်သည်၊ ၁၉၅၇ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ပဲခူးခရိုင်စစ်ပြန်အဖွဲ့တွင် တွဲဖက်အတွင်းရေးမှူး၊ ၁၉၇၀ – ၇၁ ခုနှစ် တွင် ကာမိုင်းမြို့နယ်သမဝါယမ ဥက္ကဋ္ဌ၊ ၁၉၇၈ – ၈၉ ခုနှစ်များတွင် ကာမိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) ရသည်။

### ၂။ ချီဖွေမြို့နယ်မဲဆန္ဒနယ်။

**ဦးဂျီဘောင်မ်လှန်း၊ ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီကွန်ဂရက်။**

ဦးဂျီဘောမ်လှန်းသည် ချီဖွေမြို့နယ်မဲဆန္ဒနယ်တွင် ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီကွန်ဂရက်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄၉၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၇ . ၀၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ချီဖွေမြို့နယ်ဇာတိဖြစ်သည်။ ၁၉၅၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက်နေ့တွင် အဖ ဦးဂျီချန်းဘောမ်၊ အမိ ဒေါ်လနမ်တို့မှ မွေးဖွားသည်။ ထောဂေါ်ကျေးရွာ အစိုးရမူလတန်းကျောင်း၊ မြစ်ကြီးနားမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၃) တို့တွင် ပညာသင်ကြားခဲ့ပြီး၊ ၁၉၇၂ ခုနှစ်တွင် (၁၀) တန်း စာမေးပွဲကို (ခ) အဆင့်ဖြင့်အောင်မြင်ခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အကိုဖြစ်သူ ချီဖွေမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂျီဘောင်မ်ယိန်း၏ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ၊ အခြေခံ (၄၅) မော်တော်ယာဉ်အသင်းဌာနခွဲ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲ ယှဉ်ပြိုင်ဘက်ဖြစ်သူ ဦးခေါ်ဆောင် (တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ) မှ ကန့်ကွက်လွှာတင်သွင်းခဲ့သဖြင့် ရွေးကောက်ပွဲ ခုံအမှတ် (၂) တွင် ကြားနာစစ်ဆေးမှုခံခဲ့ရသည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီကွန်ဂရက်အား ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီကွန်ဂရက် ပျက်ပြယ်သွားသဖြင့် ဦးဂျီဘောမ်လှန်းသည် ပါတီမဲ့ဖြစ်သွားပြီး အလိုအလျောက် တသီးပုဂ္ဂလအသွင်သို့ ကူးပြောင်းသွားသည်။

### ၃။ ခေါ်ဘူဒဲမြို့နယ်မဲဆန္ဒနယ်။

**ဦးမဖန်းဆင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးမဖန်းဆင်သည် ခေါ်ဘူဒဲမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁,၃၁၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၁ . ၄၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့

ရသည်။ ၁၉၅၃ ခုနှစ်တွင် မွေးဖွားသည်။ ခေါ်ဘူဒဲမြို့နယ် တာဘန်းကျေးရွာဇာတိဖြစ်သည်။ အဖ ဦးခိအာကျော်၊ အမိ ဒေါ်ထုရန်ထန်းချန်တို့၏သား။ ဦးမဖန်းဆင်သည် နမ့်ရှယ်ကျေးရွာ အစိုးရမူလတန်းကျောင်းတွင် စတင်ပညာသင်ကြား၍ ဒုက္ကန်အစိုးရအလယ်တန်းကျောင်း (ပူတာအို) တွင် ခြောက်တန်းအထိနေခဲ့သည်။ ဦးမဖန်းဆင်အပါအဝင် ကချင်ပြည်နယ်မှလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးယောစီ (ပူတာအို)၊ ဦးကျော်မောင် (မိုးညှင်း–၁)၊ ဦးကြာမြ (မိုးညှင်း–၂)၊ ဦးအင်နန်းဂမ် (မချမ်းဘော) တို့ပါဝင်သည့် အဖွဲ့ဝင် (၁၁) ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုမှ ဦးတင်ဦးနှင့်ဒေါ်အောင်ဆန်းစုကြည်တို့အား ထုတ်ပယ်ခြင်းကို မကျေနပ်သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ပြင်းထန်စွာရှုံ့ချပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကချင်ပြည်နယ်စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်ဦးဆောင်၍ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ပြည်ပသို့ထွက်ခွာလာခဲ့ရာ၊ ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နယ်မြေသို့ရောက်ရှိခဲ့ပြီး ထိုမှတဆင့် မာနယ်ပလောသို့ သွားရောက်ခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့၌ ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) (Kachin Independence Organization – KIO) နှင့် နဝတတို့ အပစ်အခတ်ရပ်စဲရေးပြုလုပ်ပြီးသည့်နောက် ၎င်းတို့ (၅) ဦးသည် မြောက်ပိုင်း ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နယ်မြေမှတဆင့် ၁၉၉၄ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် နဝတထံ ပြန်သွားခဲ့သည်။

## ၄။ ဆော့လော်မြို့နယ်မဲဆန္ဒနယ်။

### ဦးမုတ်မြော်ဆန်းခေါင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။

ဦးမုတ်မြော်ဆန်းခေါင်သည် ဆော့လော်မြို့နယ်မဲဆန္ဒနယ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၁ . ၃၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့တွင် အဖ ဦးခေါင်ဆန်း၊ အမိ ဒေါ်ခေါင်ယော်တို့မှဖွားမြင်သည်။ ဆော့လော်မြို့နယ်၊ တော့လန်ကျေးရွာဇာတိဖြစ်သည်။ တော့လန်ကျေးရွာ အစိုးရမူလတန်းကျောင်း၊ မြစ်ကြီးနားမြို့၊ အစိုးရအထက်တန်းကျောင်းအမှတ် (၂) တို့တွင် ပညာသင်ကြားခဲ့ပြီး၊ ၁၉၇၀–၇၃ ခုနှစ်တွင် မြစ်ကြီးနားကောလိပ်မှ ပထမနှစ် (ဝိဇ္ဇာတန်း) အောင်မြင်ခဲ့သည်။ ၁၉၇၁ – ၇၃ ခုနှစ်တွင် စာရေးဝန်ထမ်း ဘိန်းဖြတ်ဆေးရုံ၊ အထွေထွေဦးစီးဌာန (မြစ်ကြီးနား)၊ ၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆော့လော်မြို့နယ် ပါတီယူနစ်ကော်မတီဝင်၊ အတွင်းရေးမှူး၊ ၁၉၇၄ ခုနှစ်နှင့် ၁၉၇၈ ခုနှစ်၊ ပထမနှင့် ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ပွဲများတွင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှင့် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ရဲတပ်ဖွဲ့မှူး၏ နာမည်ကောင်း လက်မှတ်ရခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တနိုင်ငံလုံးအတိုင်းအတာ ဖြင့်ခိုင်လုံမဲအနည်းဆုံးဖြင့် ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။

## ၅။ ဆွမ်ပရာဘွမ်မြို့နယ်မဲဆန္ဒနယ်။

### ဦးဇော်အိန်၊ ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက်။ (ကွယ်လွန်)

ဦးဇော်အိန်သည် ဆွမ်ပရာဘွမ်မြို့နယ်မဲဆန္ဒနယ်တွင် ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီ ကွန်ဂရက်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ၊ ခိုင်လုံမဲ (၅၈၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၃ . ၀၈) ရာခိုင်နှုန်းဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့တွင် အဖ ဦးဆင်ခါးနောင်၊ အမိ ဒေါ်စပ်ရွယ်ဂျား တို့မှဖွားမြင်သည်။ ဆွမ်ပရာဘွမ်မြို့နယ်၊ ကျနားယန်ကျေးရွာ ဇာတိဖြစ်သည်။ ကကြီးဟူ အစိုးရ

မူလတန်းကျောင်း၊ ဗန်းမော် စိန်လုံကဘားအစိုးရအထက်တန်းကျောင်း၊ ဆွမ်ပရာဘွမ်အစိုးရအထက်တန်းကျောင်းတို့တွင် (၁၀) တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ခေါ်ဘူဒဲ ပပက (၂) တွင် မြို့နယ်တာဝန်ခံ၊ ၁၉၆၅ ခုနှစ်မှ ၁၉၇၀ ခုနှစ်အထိ မချမ်းဘောမြို့နယ် ကုန်သွယ်ရေးတွင် မန်နေဂျာ၊ ထိုမှ ၁၉၇၁ ခုနှစ်မှစ၍ ဗိုင်းမော်နှင့်မြစ်ကြီးနားကုန်သွယ်ရေးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၇၆ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၈ ခုနှစ် အထိ မြစ်ကြီးနားမြို့နယ်သမဝါယမတွင် အတွင်းရေးမှူးနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၁ ခုနှစ်နှင့် ၁၉၈၅ ခုနှစ်များတွင် မြစ်ကြီးနားမြို့နယ်ပြည်သူ့ကောင်စီ အဖွဲ့ဝင် (အင်ဂျမ်းယန်) အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့တွင် ဆန္ဒအလျောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီကွန်ဂရက်အား ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက် ပျက်ပြယ်သွားသဖြင့် ဦးဇော်အိန်သည် ပါတီမဲ့ဖြစ်သွားပြီး အလိုအလျောက် တသီးပုဂ္ဂလအသွင်သို့ ကူးပြောင်းသွားသည်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ကွယ်လွန်သည်။

**၆။ တနိုင်းမြို့နယ်မဲဆန္ဒနယ်။**

**ဦးအင်ဝမ်ခန်းဇော်ထောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအင်ဝမ်ခန်းဇော်ထောင်သည် တနိုင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စား ပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၇၇၁) မဲ၊ စုစုပေါင်းမဲရာနှုန်း (၆၄ . ၁၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဟူးကောင်းအင်ဝမ်ခန်းဇာတိ ဖြစ်သည်။ ၁၉၂၇ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့ဖွားဖြစ်သည်။ အဖ ဦးအင်ဝမ်ခန်းဇော်အောင်၏သား။ ဦးအင်ဝမ်ခန်းဇော်ထောင်သည် မြစ်ကြီးနားမြို့တွင် (၄) တန်းထိ ပညာသင်ကြားခဲ့၍ ၁၉၄၆–၄၈ ခုနှစ်တွင် နမ်းမားမိုးကောင်း ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် ဗိုလ်အောင်ခို၊ ဗိုလ်ထွန်းရင်တို့နှင့် အတူပါဝင်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ကချင်လူငယ်အသင်း ပေါင်းယောင်အဖွဲ့၊ တနိုင်းမြို့နယ် ဥက္ကဋ္ဌ၊ ၁၉၅၂–၆၂ (ပ–ယ–က–ပ) အဖွဲ့ ဗဟိုကော်မတီဝင် ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တနိုင်းမြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ၊ ၁၉၇၈–၈၀ ပြည်နယ်ကောင်စီဝင် အချိန်ပိုင်း၊ ၁၉၈၁–၈၅ တနိုင်းမြို့နယ် ပါတီယူနစ်ကော်မတီဝင်၊ တနိုင်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်ဥက္ကဋ္ဌတာဝန် ယူခဲ့သည်။

**၇။ နောင်မွန်းမြို့နယ်မဲဆန္ဒနယ်။**

**ဦးအမ်ဆင်ဆားရ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။**

ဦးအမ်ဆင်ဆားရ်သည် နောင်မွန်းမြို့နယ်မဲဆန္ဒနယ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ၊ ခိုင်လုံမဲ (၂,၂၃၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၇ . ၅၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ ရသည်။ ၁၉၂၅ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့တွင် မွေးဖွားသည်။ အဖ ဦးမုန်ဟောင်ထိနော့၏ သားဖြစ်သည်။ နောင်မွန်းဇာတိ ဖြစ်သည်။ နောင်မွန်း အောဘီအမ်အစိုးရမူလတန်းကျောင်း၊ မြစ်ကြီးနားမြို့ မန်ခိန် အစိုးရအထက်တန်းကျောင်း အမှတ် (၁) တို့တွင် (၁၀) တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၅၆–၅၇ ခုနှစ်တွင် ပြည်နယ်ပညာဝန်ရုံးတွင် စာရေးဝန်ထမ်း၊ ၁၉၅၇–၅၈ ခုနှစ်တွင် ပူတာအိုမြို့ ခရစ်ယာန် (အလက) လက်ထောက် ကျောင်းအုပ်၊ ၁၉၆၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပါတီယူနစ်ရေးရာမှူး (ပူတာအို)၊ စည်းရုံးရေးမှူး (နောင်မွန်း)၊ ဗဟိုကော်မတီဝင်၊ ဒေသပါတီကော်မတီဝင်၊ ဒေသပါတီကော်မတီအတွင်းရေးမှူး ယာယီတွဲဖက်တာဝန်၊ ၁၉၇၄

ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ခေါ်ဘူဒဲ၊ နောင်မွန်း၊ ဗန်းမော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ အလုပ်သမားအစည်းအရုံးဗဟို ဦးစီးအဖြစ်ဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဖြစ်သည်။

## ၈။ ပူတာအိုမြို့နယ်မဲဆန္ဒနယ်။

### ဦးယောစီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးယောစီသည် ပူတာအိုမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၆၉၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၉ . ၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၄၈ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့တွင် အဖ ဦးယာကူ၊ အမိ ဒေါ်ဖိုင်အိုင်ဘီတို့မှ မွေးဖွားသည်။ ခေါ်ဘူဒဲမြို့နယ် ဘီဝါထန်ဇာတိ ဖြစ်သည်။ ဦးယောစီသည် ပူတာအိုမြို့နယ် မုဒုံကျေးရွာအစိုးရအလယ်တန်းကျောင်း၊ ပူတာအို အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ရာ ၁၉၇၁ တွင်သတ္တမတန်းအောင်သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၃ ခုနှစ် အထိ မာမူလဲ့ကျေးရွာသမဝါယမဆိုင်တာဝန်ခံအဖြစ် ဆောင်ရွက်သည်။ လယ်ယာအစည်းအရုံး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ဦးယောစီအပါအဝင် ကချင်ပြည်နယ်မှလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးမဖန်းဆင် (ခေါ်ဘူဒဲ)၊ ဦးကျော်မောင် (မိုးညှင်း–၁)၊ ဦးကြာမြ (မိုးညှင်း–၂)၊ ဦးအင်နန်းဂမ် (မချမ်းဘော) တို့ပါဝင်သည့် အဖွဲ့ဝင် (၁၁) ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုမှ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ထုတ်ပယ်ခြင်းကို မကျေနပ်သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ပြင်းထန်စွာရှုံ့ချပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကချင်ပြည်နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ဦးဆောင်၍ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ပြည်ပသို့ထွက် ခွာလာခဲ့ရာ၊ ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နယ်မြေသို့ရောက်ရှိခဲ့ပြီး ထိုမှတဆင့် မာနယ်ပလောသို့ သွားရောက်ခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့၌ ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နှင့် နဝတတို့ အပစ်အခတ်ရပ်စဲရေးလုပ်ပြီးသည့်နောက် ၎င်းတို့ (၅) ဦးသည် မြောက်ပိုင်း ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နယ်မြေမှ တဆင့် ၁၉၉၄ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် နဝတထံပြန်သွားခဲ့သည်။

## ၉။ ဗန်းမော်မြို့နယ်မဲဆန္ဒနယ်။

### ဦးပုထွေး (ဗန်းမော်ညီနွံ့)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးပုထွေးသည် ဗန်းမော်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၄၃၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၀ . ၅၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့ ဖွားဖြစ်သည်။ အဖ ဦးစုဇ၏သား၊ ဦးပုထွေးသည် ၁၉၄၂ အထိ ၁၃၀၀ ပြည့်အရေးတော်ပုံ၊ ကျောင်းသားလှုပ်ရှားမှု၊ အာရှလူငယ်အစည်းအရုံး ကျေးလက်စည်းရုံးရေးမှူး၊ ကျေးရွာစာကြည့်တိုက်မှူးနှင့် အတွင်းရေးမှူး၊ အာရှလူငယ်လက်ရေးစာစောင် အယ်ဒီတာ၊ မူလတန်းကျောင်းဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ်မှစ၍ ဗလစကျေးလက်စည်းရုံးရေးမှူး၊ ကျောင်းဆရာများ အစည်းအရုံး အတွင်းရေးမှူး၊ မူလတန်းပြကျောင်းဆရာ၊ ၁၉၄၈ ခုနှစ်တွင် ခရိုင်ကျောင်းဆရာများအစည်းအရုံး အတွင်းရေးမှူး၊ ၁၉၄၉ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ အလယ်တန်းပြဆရာ၊ အထက်တန်းပြဆရာ၊ မြေပြန့်နယ် ပညာအုပ်၊ ၁၉၆၂ – ၇၅ မိဘဆရာအသင်း၊ အခြေခံပြည်သူ့ကောင်စီ အတွင်းရေးမှူး၊ ကျောင်းကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အမှတ် (၄) ပညာရေး ငွေစုငွေချေးသမဝါယမ ဥက္ကဋ္ဌ၊ မြို့နယ်မြန်မာစာအဖွဲ့ ဥက္ကဋ္ဌ၊ လူငယ်ရေးရာ ညကျောင်း

အမှုဆောင်၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ အထက်တန်းပြဆရာ၊ ၁၉၄၅ ခုနှစ်မှစ၍ ဇန်းမော်ညိုနွဲ့ ကလောင်အမည်ဖြင့် စာပေနယ်သို့ဝင်ရောက်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် လက်ရွေးစဉ်ကဗျာများစာအုပ် ထုတ်ဝေသည်။ ၁၉၆၃ ခုနှစ်တွင် အမျိုးသားစာပေဆုကို **"အရုဏ်ဦး"** ကဗျာစာမူဖြင့် ပထမဆုရသည်။ ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့က နိုင်ငံတော်ကောင်စီ၏ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားမှုနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ ရရှိခဲ့သည်။

## ၁၀။ မြစ်ကြီးနားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။

### ဦးမြမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးမြမောင်သည် မြစ်ကြီးနားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၀,၁၅၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၆ . ၃၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဆော့၊ အမိ ဒေါ်ကွန်းတို့မှ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၆) ရက် နေ့တွင် မွေးဖွားသည်။ ၁၉၃၈ ခုနှစ်တွင် ပျဉ်းမနားမြို့ အေဘီအမ်ဟိုက်စကူး၌ ဆယ်တန်းပညာသင်ကြားနေစဉ် ၁၃၀၀ ပြည့်နှစ် ကျောင်းသားသပိတ်တွင် ပါဝင်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဘီအိုင်အေတပ်များ ပျဉ်းမနားမြို့သို့ဝင်လာချိန် ကျောင်းနေဖက် ဗိုလ်တာရာ၊ ဗိုလ်တောက်ထိန် (ရဲဘော်သုံးကျိပ်) တို့၏စည်းရုံးမှုကြောင့် ဘီအိုင်အေသို့ဝင်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင်ကျောင်းမှထွက်ပြီး ၁၉၄၁ ခုနှစ်တွင် ဒို့ဗမာအစည်းအရုံးသို့ဝင်ခဲ့သည်။ ထိုမှ ဘီဒီအေသို့ ကူးပြောင်းချိန် သခင်တင်ထွန်း (ဗိုလ်တာရာ၏ အကို) ကခေါ်ယူ၍ လူငယ်စည်းရုံးမှုဆောင်ရွက်ရန်အတွက် ထွက်ခဲ့သည်။ လူငယ်စည်းရုံးမှုနှင့် နိုင်ငံရေးလှုပ်ရှားမှုများဆောင်ရွက်ရင်း ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးတွင် တိုင်း (၆) ၌ သခင်တင်ထွန်း၏ဦးဆောင်မှု အောက်တွင် ပျဉ်းမနားမြို့၌ အေအက်ဖ်အိုဖွဲ့စည်းရာတွင် ပါဝင်ခဲ့ပြီး အလုပ်သမားသမဂ္ဂ (မီးရထားနှင့်စာတိုက်) စည်းရုံးရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီတောခိုရာသို့ပါခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် ဗိုလ်တာရာနှင့်အတူ အလင်းပြန်ဝင်ခဲ့သည်။ ကရင်သူပုန်များ ပျဉ်းမနားမြို့သို့ဝင်သိမ်းစဉ် ဗိုလ်တောက်ထိန်၊ ဗိုလ်တာရာ၊ ဦးစောလင်း (သစ်တော) တို့နှင့်အတူ အစိုးရတပ်ပေါင်းစုဖွဲ့ကာ ကေအင်န်ဒီအိုနှင့် ဗကပတို့အားတိုက်ခိုက်ခဲ့ရာ နောက်ဆုံးပျဉ်းမနားမြို့ကျပြီး ရဲဘော်ဖြူနှင့် ဗကပတို့၏ဖမ်းဆီးခြင်းကိုခံခဲ့ရသည်။ ထိုမှ လူထုတရားခွင်တွင် အသတ်ခံရမည့်အချိန်၌ ဦးစောလင်း (သစ်တော) နှင့် ကချင် (၁) တို့ ပျဉ်းမနားမြို့သို့ ဝင်ရောက်သိမ်းပိုက်စဉ် လွတ်မြောက်ခဲ့သည်။ ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလတွင် စစ်ရုံးချုပ်သို့ ဗိုလ်တာရာနှင့်အတူရောက်ရှိပြီး ရန်ကုန်တွင် ပုဒ်မ (၅) ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၁၉၅၁ ခုနှစ်တွင် လွတ်မြောက်ပြီး နိုင်ငံရေးစိတ်ကုန်ကာ လူဝင်မှုကြီးကြပ်ရေးဌာနသို့ဝင်ရောက်ခဲ့သည်။ ၁၉၅၃ ခုနှစ်မှစ၍ လက်ထောက် အင်စပက်တော်၊ အင်စပက်တော်၊ မြို့နယ်မှူးတာဝန်တို့ထမ်းဆောင်ခဲ့၍ ၁၉၈၀ ပြည့်နှစ်တွင် တာဝန်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင်ကွယ်လွန်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ကြေညာချက်အမှတ် (၈၉၇) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ရွေးကောက်ပွဲကျင်းပအပြီး ပထမဆုံးကွယ်လွန်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။

## ၁၁။ မြစ်ကြီးနားမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။

### ဦး ဦးဗျစ်တူး၊ ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက်။ (ကွယ်လွန်)

ဦး ဦးဗျစ်တူးသည် မြစ်ကြီးနားမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် ကချင်ပြည်နယ် အမျိုးသားဒီမိုက

ရေစီကွန်ဂရက်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၆,၈၉၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၅ . ၈၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၀ ပြည့်နှစ်၊ ဇွန်လ (၁) ရက်နေ့တွင် အဖ ဦး ဦးဖျစ်နော်အွန်၊ အမိ ဒေါ်ဒေါင်ဂရာခါတို့မှ မွေးဖွားသည်။ ဆွမ်ပရာဘွမ်မြို့နယ်၊ လာမဂါးကျေးရွာဇာတိဖြစ်သည်။ ဦး ဦးဖျစ်တူး သည် ၁၉၃၉ ခုနှစ်တွင် တပ်မတော်အမှတ် (၂) ဗမာ့သေနတ်ကိုင်တပ်ရင်း၊ မေမြို့တွင် သာမန်တပ်သားအဖြစ်မှ စတင်ဝင်ရောက်ခဲ့ပြီး၊ တပ်မတော်ပညာရေးကိုဆက်လက်ဆည်းပူးခဲ့ရာ အိန္ဒိယတပ်မတော်ပညာရေး ပထမဆင့် ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၄၂ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း အာသံပြည်၊ အိန္ဒိယနိုင်ငံသို့ အင်္ဂလိပ်စစ်တပ်နှင့် အတူပါဝင်ဆုတ်ခွာခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ဒုတိယအကြိမ် ဝင်းဂိတ်စစ်ကြောင်းဖြင့် မြန်မာပြည်အတွင်းသို့ ဂျပန်ချေမှုန်းရေးတွင် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် တပ်မတော်ပြန်တမ်းဝင်အရာရှိ။ ၁၉၄၆ ခုနှစ်တွင် အမှတ် (၂) ဗမာ့သေနတ်ကိုင်တပ်ရင်းနှင့်အတူ အိန္ဒိယမှ မြန်မာပြည်သို့ပြန်ရောက်သည်။ ၁၉၄၈ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့တွင် ဗိုလ်အဆင့်။ ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်နေ့တွင် ဗိုလ်ကြီးအဆင့်။ ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် ဗိုလ်မှူးအဆင့်အဖြစ် အဆင့်ဆင့် ရာထူးတိုးမြှင့်ခဲ့သည်။ ယင်း ကာလများအတွင်း တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရေး ဗိုလ်ကြီး၊ ဒုတိယတပ်ရင်းမှူး၊ တပ်ရင်းမှူးတာဝန်များဖြင့် သနက (၂) ကချင်၊ သနက (၅)၊ တပ်ကြပ်သင်တန်းကျောင်း၊ ခလရ (၁)၊ သနက (၁) တို့တွင် အဆင့်ဆင့် တာဝန်ထမ်း ဆောင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် မအူပင်ခရိုင်၊ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် သနက (၆) တပ်ရင်းမှူး။ ထိုမှ ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့တွင် တာဝန်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ဟိုက်ကင့်တွင် ပညာသင်ကြားရန် စေလွှတ်ခြင်းခံခဲ့ရသည်။ ၁၉၆၅ ခုနှစ်မှစ၍ ကုန်သွယ်ရေးဦးစီး မန်နေဂျာ၊ ပြည်နယ်ကုန်သွယ်ရေး မန်နေဂျာအဆင့်တို့ဖြင့် ကချင်ပြည်နယ်တွင်လည်းကောင်း၊ ကချင်ပြည်နယ် ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်နယ်လုပ်ငန်းစစ် ဥက္ကဋ္ဌ၊ မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ၊ ၁၉၈၀ ပြည့်နှစ်၊ (ကေ–အိုင်–အေ) နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ကြားလူကြီးတဦးအဖြစ် ပါဝင်ဆောင် ရွက်ခဲ့သည်။ တပ်မတော်တွင်ထူးချွန်ခဲ့၍ (စီအင်ဂျီ) ဆုလက်မှတ်နှင့် သူရဲကောင်းမှတ်တမ်းဝင် (၂) ကြိမ် ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့တွင် ကျန်းမာရေးအခြေအနေကြောင့် လွှတ်တော်ကိုယ်စား လှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည့်ပြင်၊ ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက် ဗဟိုဥက္ကဋ္ဌအဖြစ်မှလည်း ကောင်း၊ အဖွဲ့ဝင်အဖြစ်မှလည်းကောင်း နုတ်ထွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီကွန်ဂရက်အား ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ ရေးကော်မရှင်မှ ကြေညာခဲ့သည်။ ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီကွန်ဂရက် ပျက်ပြယ်သွားသဖြင့် ဦး ဦးဖျစ်တူးသည် ပါတီမဲ့ဖြစ်သွားပြီး အလိုအလျောက် တသီးပုဂ္ဂလအသွင်သို့ ကူးပြောင်းသွားခဲ့သည်။ ၁၉၉၈ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် ရန်ကုန်မြို့၊ ဗဟိုစည်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားသည်။

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
**ဗိုလ်မှူး ဦးဖျစ်တူး (ငြိမ်း)**
**အသက် (၈၀)**
**(ကြည်း – ၃၆၇၈)**
**(မြစ်ကြီးနား)**

မြစ်ကြီးနားမြို့၊ စီတာပူကျေးရွာ၊ နောင်ရာရပ်၊ အမှတ် (၂၀) နေ (ဦး ဦးဖျစ်နော်အော်န် – ဒေါ်ဒေါင် ကရာခါး) တို့၏ စတုတ္ထမြောက်သား၊ ဒေါ်မလိဇွပ်ဂျာလုံ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဂျာဘူ (M.C.C.) – ဦး

နော်ဆိုင်း၊ ဒေါ် လုအောင်၊ ဦးဘောင်မ်မိုင် – ဒေါ်ဂျေခါးတောင်၊ ဦးဆင်ဝါးနော် – ဒေါ်ခါးတောမ်၊ ဦးလရိန်အောင်၊ ဒေါ်ဆိုင်းလုံ၊ မောင်တူးဂျာ၊ မောင်တန်ခမ်၊ မောင်နန်ထွန်းတို့၏ ချစ်လှစွာသော ဖခင်၊ မြေး (၁၃) ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၉–၅–၉၈ (အင်္ဂါ)နေ့ နံနက် (၈ း ၁၅) နာရီတွင် ရန်ကုန်မြို့၊ ဗဟိုစည်ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃–၅–၉၈ (စနေ)နေ့ မွန်းလွဲ (၁) နာရီတွင် မြစ်ကြီးနားမြို့၊ နောင်ရာရပ်ကွက် နေအိမ်၌ ဆုတောင်းဝတ်ပြုပြီး နောင်နန်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ၁၂။ မိုးကောင်းမြို့နယ်မဲဆန္ဒနယ်။

### ဦးထွန်းကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးထွန်းကြည်သည် မိုးကောင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၇၇၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၀ . ၂၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးထွန်းအုပ်၊ အမိ ဒေါ်ရွှေတို့မှ ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက်နေ့တွင် မွေးဖွားသည်။ မိုးကောင်းမြို့ဇာတိဖြစ်သည်။ ဦးထွန်းကြည်သည် မိုးကောင်းမြို့ အစိုးရအထက်တန်းကျောင်းတွင် (၇) တန်း အထိပညာသင်ကြားခဲ့သည်။ ကိုယ်ပိုင်ကားဖြင့် သစ်လုပ်ငန်းလုပ်သည်။ ၁၉၆၂ ခုနှစ်တွင် ဒေါ်နုနုနှင့်အိမ်ထောင် ကျပြီး သားသမီးခြောက်ယောက်ထွန်းကားသည်။ ၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံတွင် တက်ကြွစွာပါဝင်ခဲ့ သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အာဏာပိုင် များ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့ သည်။

## ၁၃။ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။

### ဦးကျော်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးကျော်မောင်သည် မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၁,၆၄၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း(၈၃ . ၆၉) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ မိုညှင်းမြို့ဇာတိဖြစ်သည်။ အဖ ဦးဘလှိုင်၊ အမိ ဒေါ်လှမယ်တို့မှ ၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါ ရီလ (၇) ရက်နေ့တွင် မွေးဖွားသည်။ ရှမ်းအမျိုးသား၊ ဗုဒ္ဓဘာသာဝင်တဦးဖြစ်သည်။ ဦးကျော်မောင်သည် ၁၉၆၂ ခုနှစ်တွင် မိုးညှင်းမြို့ အစိုးရအထက်တန်းကျောင်းမှ တန်းမြင့်ကျောင်းထွက် စာမေးပွဲအောင်မြင်သည်။ ၁၉၆၃ ခုနှစ်တွင် မြစ်ကြီးနားမြို့၌ မူလတန်းပြဆရာအဖြစ် ဘီလူး အစိုးရအလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဒေါ်တင်အေးနှင့်လက်ထပ်၍ သား (၃) ယောက်ထွန်းကားသည်။ ၁၉၇၅ ခုနှစ်တွင် မူလတန်းကျောင်းအုပ်။ ၁၉၆၄ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ ပြည်နယ်ပြေးခုန်ပစ်လက်ရွေးစဉ်၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ပြည်နယ်ကျောင်းသားပြေးခုန်ပစ်နည်းပြ။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လတွင်တာဝန်မှ အငြိမ်းစား ယူခဲ့သည်။ ဦးကျော်မောင်အပါအဝင် ကချင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးယောစီ (ပူတာအို)၊ ဦးမဖန်းဆင်(ခေါ်ဘူဒဲ)၊ ဦးကြာမြ(မိုးညှင်း–၂)၊ ဦးအင်နန်းဂမ် (မချမ်းဘော) တို့ပါဝင်သည့် အဖွဲ့ဝင် (၁၁) ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုမှ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ထုတ်ပယ် ခြင်းကို မကျေနပ်သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ပြင်းထန်စွာရှုံ့ချပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကချင်ပြည်နယ်စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်ဦးဆောင်၍ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့

တွင် ပြည်ပသို့ထွက်ခွာလာခဲ့ရာ၊ ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နယ်မြေသို့ရောက်ရှိခဲ့ပြီး ထိုမှတဆင့် မာနယ်ပလောသို့ သွားရောက်ခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့၌ ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နှင့် နဝတတို့ အပစ်အခတ်ရပ်စဲရေးလုပ်ပြီးသည့်နောက် ၎င်းတို့ (၅) ဦးသည် မြောက်ပိုင်း ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နယ်မြေမှတဆင့် ၁၉၉၄ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် နဝတထံပြန်သွားခဲ့သည်။

## ၁၄။ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။

### ဦးကြာမြ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးကြာမြသည် မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၃၇၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၃ . ၀၅) ဖြင့် ရွေးကောက် တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးထင်ပေါ်၊ အမိ ဒေါ်အေးညွန့်တို့၏သားဖြစ်သည်။ ဟိုပင်ဇာတိဖြစ်သည်။ ၁၉၃၉ ခုနှစ်ဖွားဖြစ်သည်။ ဦးကြာမြသည် ဟိုပင်အစိုးရအလယ်တန်းကျောင်း၌ သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ နမ္မတီးသကြားစက် ကြံဝယ်ယူရေးဌာနတွင် (၈) နှစ် လုပ်ကိုင်ခဲ့သည်။ ထိုမှ နုတ်ထွက်၍ ဟိုပင်တွင် အခြေချနေထိုင်ပြီး တောင်သူလုပ်ငန်းဖြင့်အသက်မွေးသည်။ မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။ ဦးကြာမြအပါအဝင် ကချင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးယောစီ (ပူတာအို)၊ ဦးကျော်မောင် (မိုးညှင်း–၁)၊ ဦးမဖန်းဆင် (ခေါင်ဘူဒဲ)၊ ဦးအင်ဂန်နန်းဂမ် (မချမ်းဘော) တို့ပါဝင်သည့် အဖွဲ့ဝင် (၁၁) ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုမှ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ထုတ်ပယ်ခြင်းကိုမကျေနပ်သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ပြင်းထန်စွာရှုံ့ချပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကချင်ပြည်နယ်စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်ဦးဆောင်၍ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ပြည်ပသို့ထွက်ခွာလာခဲ့ရာ၊ ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နယ်မြေသို့ရောက်ရှိခဲ့ပြီး ထိုမှတဆင့် မာနယ်ပလောသို့ သွားရောက်ခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့၌ ကချင်လွတ်မြောက်ရေး အစည်းအရုံး (ကေအိုင်အို) နှင့် နဝတတို့ အပစ်အခတ်ရပ်စဲရေး လုပ်ပြီးသည့်နောက် ၎င်းတို့ (၅) ဦးသည် မြောက်ပိုင်းကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နယ်မြေမှတဆင့် ၁၉၉၄ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် နဝတထံ ပြန်သွားခဲ့သည်။

## ၁၅။ မိုးမောက်မြို့နယ်မဲဆန္ဒနယ်။

### ဦးသောင်းငွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသောင်းငွေသည် မိုးမောက်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၉၅၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၅ . ၄၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးခင်မောင်၏သား၊ မိုးမောက်မြို့ဇာတိဖြစ်သည်။ ၁၉၄၉ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့ဖွား ဖြစ်သည်။ ဦးသောင်းငွေသည် ၁၉၇၁ ခုနှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲအောင်၍ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဝိဇ္ဇာ (ဥပဒေ) ဘွဲ့ကိုလည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် ဥပဒေဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဥပဒေဝန်ထမ်း အဆင့် (၄)၊ ၁၉၈၅ ခုနှစ်တွင် ဥပဒေဝန်ထမ်းအဆင့် (၃)၊ ၁၉၈၈ ခုနှစ်၊ မတ်လတွင် ဥပဒေဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့သည်။ ထို့နောက် ဥပဒေ အကျိုးဆောင်အဖြစ် အသက်မွေးခဲ့သည်။ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှနုတ်ထွက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၄) ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၁၀၁၀) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

## ၁၆။ မံစီမြို့နယ်မဲဆန္ဒနယ်။

### ဦးဂျေအမ်နော်လာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးဂျေအမ်နော်လာသည် မံစီမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၄၃၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၅ . ၄၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မံစီမြို့နယ် ပန်ဟုတ်ကျေးရွာဇာတိဖြစ်သည်။ အဖ ဦးဂျမ်မော်လဆန်၊ အမိ ဒေါ်ဖော်ရွှေရှယ်တို့မှ ၁၉၂၉ ခုနှစ်၊ ဒီဇင် ဘာလ (၂၁) ရက်နေ့တွင် မွေးဖွားသည်။ ဦးဂျေအမ်နော်လာသည် စိန်လုံအစိုးရကျောင်း၊ ဗန်းမော်မြို့နယ် ရေဘတ်အစိုးရအထက်တန်းကျောင်း၊ ဆရာကြီးဦးမာမွန် အလွတ်ပညာသင်ကျောင်းတို့တွင် ဆယ်တန်းအထိပညာသင်ကြားခဲ့သည်။ ကချင်ကျောင်းသားသမဂ္ဂကို စတင်ဖွဲ့စည်းပြီးနောက် ပထမဦးဆုံး ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၅၁ ခုနှစ်၊ ပထမပါလီမန်ရွေးကောက်ပွဲ၌ ကေဒဗလျူစီအဖွဲ့၏ စည်းရုံးရေးမှူး၊ ၁၉၅၂ ခုနှစ်တွင် ငှက်ဖျား အင်စပက်တော်သင်တန်းဆင်းသည်။ ၁၉၅၃ ခုနှစ်တွင် ငှက်ဖျားအင်စပက်တော် (မြစ်ကြီးနား)၊ ၁၉၆၀ ပြည့်နှစ်တွင် ငှက်ဖျားမှူး၊ ၁၉၆၃ ခုနှစ်တွင် ဗန်းမော်မြို့၊ စစ်ဗျူဟာ (၂) တွင် ကချင်အမျိုးသားစည်းရုံးရေးမှူး၊ ၁၉၆၇ ခုနှစ်တွင် ပါတီကေဒါသင်တန်း အမှတ်စဉ် (၁၅) ဆင်းသည်။ ၁၉၈၆ ခုနှစ်တွင် တာဝန်မှအငြိမ်းစားယူသည်။ နဝတကာလတွင် အာဏာဖီဆန်မှုဖြင့် ထောင်ဒဏ် (၁) လ၊ ဒဏ်ငွေ (၂၀၀ ကျပ်) အပြစ်ပေးခံရသည်။ ဗန်းမော်မြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဒုတိယ ဥက္ကဋ္ဌနှင့် (၄) မြို့နယ်စည်းရုံးရေးမှူးတာဝန်တို့ကို ယူခဲ့သည်။

## ၁၇။ မချမ်းဘောမြို့နယ်မဲဆန္ဒနယ်။

### ဦးအင်နန်းဂမ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအင်နန်းဂမ်သည် မချမ်းဘောမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁,၅၃၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၇ . ၅၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပူတာအိုမြို့နယ် ရှမန်ဂါကျေးရွာဇာတိဖြစ်သည်။ အဖ ဦးအင်နမ်းတမ်၊ အမိ ဒေါ်ခင်လှတို့မှ ၄–၃–၁၉၄၂ ခုနှစ်၊ မတ်လ (၄) ရက်နေ့တွင် မွေးဖွားသည်။ ဦးအင်နမ်းဂမ်သည် မြစ်ကြီးနားမြို့၊ အမှတ် (၁) နှင့် အမှတ် (၂) အစိုးရအထက်တန်းကျောင်းတို့တွင် နဝမတန်းအထိ ပညာသင်ကြားခဲ့သည်။ မချမ်းဘောမြို့နယ် အင်ဘူတော့ကျေးရွာ အစိုးရအလယ်တန်းကျောင်းတွင် ကျောင်းဆရာအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ၁၉၇၄–၇၇ ခုနှစ်တွင် မြို့နယ်သမဝါယမ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် တောင်သူလုပ်ငန်းဖြင့် အသက်မွေးခဲ့သည်။ ဦးအင်နန်းဂမ်အပါအဝင် ကချင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးယောစီ (ပူတာအို)၊ ဦးကျော်မောင် ( မိုးညှင်း–၁)၊ ဦးကြာမြ (မိုးညှင်း–၂)၊ ဦးမဖန်းဆင် (ခေါ်ဘူဒဲ) တို့ ပါဝင်သည့် အဖွဲ့ဝင် (၁၁) ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုမှ ဦးတင်ဦးနှင့်ဒေါ်အောင်ဆန်းစုကြည်တို့အား ထုတ်ပယ်ခြင်းကိုမကျေနပ်သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ပြင်းထန်စွာရှုံ့ချပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကချင်ပြည်နယ်စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်ဦးဆောင်၍ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ပြည်ပသို့ထွက်ခွာလာခဲ့ရာ၊ ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နယ်မြေသို့ ရောက်ရှိခဲ့ပြီး ထိုမှတဆင့် မာနယ်ပလောသို့ သွားရောက်ခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့၌

ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နှင့် နဝတတို့ အပစ်အခတ်ရပ်စဲရေးလုပ်ပြီးသည့်နောက် ၎င်းတို့ (၅) ဦးသည် မြောက်ပိုင်း ကချင်လွတ်မြောက်ရေးအစည်းအရုံး (ကေအိုင်အို) နယ်မြေမှတဆင့် ၁၉၉၄ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် နဝတထံ ပြန်သွားခဲ့သည်။

## ၁၈။ ရွှေကူမြို့နယ်မဲဆန္ဒနယ်။

### ဒေါ်စိန်တင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဒေါ်စိန်တင်သည် ရွှေကူမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၁,၀၃၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁ . ၂၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးဘိုးအောင်၏သမီး ဖြစ်သည်။ ရွှေကူမြို့ဇာတိဖြစ်သည်။ ၁၉၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့ဖွား ဖြစ်သည်။ ဒေါ်စိန်တင်သည် ရွှေကူမြို့ အာစီအမ်ကျောင်းမှ (၉) တန်း၊ မော်လမြိုင်မြို့ မော်တင်လိဒ်း ကျောင်းမှ ဒသမတန်း၊ အသီးသီးအောင်မြင်ခဲ့ပြီး ဟိုက်ရားဂရိတ် အထက်တန်းဆရာစာမေးပွဲကို ၁၉၄၁ ခုနှစ်တွင် အောင်မြင်ခဲ့သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ကျောင်းသားလှုပ်ရှားမှု၌လည်းကောင်း၊ ဂျပန်ခေတ်တွင် ရွှေကူမြို့ အာရှလူငယ်အစည်းအရုံးတွင်လည်းကောင်း၊ ရွှေကူမြို့ ဗလမစအတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ မူလတန်းပြဆရာ၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ အလယ်တန်းပြဆရာ၊ ၁၉၅၈ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ အထက်တန်းပြဆရာအဖြစ် အသီးသီးဆောင်ရွက်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် တာဝန်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံသို့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များ အစုအဖွဲ့မှ တက်ရောက်ခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။


## ၁၉။ ဝိုင်းမော်မြို့နယ်မဲဆန္ဒနယ်။

### ဒူဝါ အမ် ဇော်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒူဝါ အမ် ဇော်အောင် (ခ) Duwa M Naw Khan သည် ဝိုင်းမော်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၂၂၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၇ . ၈၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၂ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့တွင် အဖ ဒူဝါ အမ် ဂွမ်ဂျာ (Du Wa Maran Gumja) အမိ ဒေါ်အယ်ထုရော် (L Htu Raw) တို့မှ မွေးဖွားသည်။ ရှမ်းပြည်နယ် မြောက်ပိုင်း၊ နမ္မတူမြို့ (ဘော်တွင်း) ဇာတိဖြစ်သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၁ခုနှစ်အထိ မြစ်ကြီးနားမြို့ K.B.S တွင်လည်းကောင်း၊ ၁၉၅၁ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ မြစ်ကြီးနားမြို့ အစိုးရအထက်တန်းကျောင်းတွင်လည်း ကောင်း၊ ၁၉၅၃ ခုနှစ်နှင့် ၁၉၅၄ ခုနှစ်များတွင် ဗန်းမော်မြို့ အစိုးရအထက်တန်းကျောင်းတွင်လည်းကောင်း၊ ၁၉၅၄ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ဗန်းမော်မြို့ ROBERTS High School တွင်လည်းကောင်း ပညာ သင်ကြားခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဗန်းမော်မြို့၊ စိန့်လုံစာစစ်ဌာနမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ကချင်ပြည်နယ်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ကချင်ပြည်နယ်၏ ကချင်ယဉ်ကျေးမှု မြင့်တင်ရေးအဖွဲ့ (Kachin Uplift Culture) တွင် ဗန်းမော်ခရိုင်လုံးဆိုင်ရာဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၊ ဧပြီလတွင် မြစ်ကြီးနား ခရိုင်ဥက္ကဋ္ဌ ဦးနန်ဖိန်းလ၊ ဒု-ဥက္ကဋ္ဌ ဦးမရန်ဘရန်ဆိုင်းတို့နှင့် နောက်ဆုံး ကချင်ယဉ်ကျေးမှုညီလာခံအစည်း

အဝေးကိုကျင်းပခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ လူဝင်မှုကြီးကြပ်ရေးဌာနတွင် တာဝန်ထမ်းရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ KIA လှုပ်ရှားမှုနှင့် မန္တလေးမြို့ နန်းတွင်းစစ်အကျဉ်းထောင်တွင် (၄) နှစ် ထောင်ဒဏ်ကျခံခဲ့ရသည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ကချင်ပြည်နယ်၊ ကချင်နှစ်ချင်းခရစ်ယာန်အဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌအဖြစ် ခရစ်ယာန်သာသနာလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့တွင် စတင်ကျင်းပသည့် အမျိုးသားညီလာခံ ပဏ္ဍာမအစည်းအဝေးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကချင်ပြည်နယ် ကိုယ်စားလှယ်အနေဖြင့် တက်ရောက်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ (၃) ရက်နေ့တွင် ရန်ကုန်မြို့၌ စစ်ထောက်လှမ်းရေးနှင့် ရဲတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ထောင်ဒဏ် (၇) နှစ် ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်နေ့တွင် အင်းစိန်ထောင်မှပြန်လွတ်သည်။ ၂၀၀၃ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် တရုတ်–မြန်မာနယ်စပ်သို့တိမ်းရှောင်လာခဲ့ပြီး ထိုမှတဆင့် ထိုင်းမြန်မာနယ်စပ် လွတ်မြောက်နယ်မြေတနေရာသို့ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ယခု အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သည်။

## (၂) ကယားပြည်နယ်။



မြန်မာနိုင်ငံ၏အရှေ့ဘက်ပိုင်းတွင် တည်ရှိသည်။ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်နှင့်တောင်ဘက်တွင် ကရင်ပြည်နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ မြောက်လတ္တီတွဒ် (၁၈) ဒီဂရီ (၃၀) မိနစ်နှင့် (၁၉)ဒီဂရီ(၅၅)မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် (၉၄) ဒီဂရီ (၄၀) မိနစ်နှင့် (၉၇) ဒီဂရီ (၉၃) မိနစ်အတွင်း တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၄,၅၃၀) ကျယ်ဝန်းသည်။ ပြည်နယ်မြို့တော်မှာ လွိုင်ကော်မြို့ဖြစ်သည်။

ကယားပြည်နယ်တွင် မဲဆန္ဒနယ် (၈) နယ်၌ နိုင်ငံရေးပါတီအဖွဲ့အစည်း (၁၀) ခုအား ကိုယ်စားပြုယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း (၃၂) ဦး၊ တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း (၁) ဦး၊

စုစုပေါင်း (၃၃) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၄) ဦး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီနှင့် ကယားပြည်နယ် လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ်တို့မှ (၂) ဦးစီ အသီးသီး ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ကြရသည်။

## ၁။ ဒီမောဆိုးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးခင်မောင်ချို၊ ကယားပြည်နယ် လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ်။

ဦးခင်မောင်ချိုသည် ဒီမောဆိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ကယားပြည်နယ် လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ရာ ခိုင်လုံမဲ (၂,၂၉၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၈ . ၀၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် အဖ ဦးဆောင်း၊ အမိ ဒေါ်နန်းမြတ်တို့မှ မွေးဖွားသည်။ နန်းမယ်ခုံရွာဇာတိဖြစ်သည်။ ဦးခင်မောင်ချိုသည် ၁၉၆၃ ခုနှစ်တွင် အင်းစိန် စာစစ်ဌာနမှ တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲကို အောင်မြင်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ကုန်သွယ်ရေးဝန်ထမ်း။ ထို့နောက် အလုပ်မှထွက်၍ လယ်ယာလုပ်ငန်းနှင့်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဆန်စက်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် အိမ်ထောင်ကျ၍ သားလေးယောက် ထွန်းကားသည်။ ကယားပြည်နယ်လူမျိုးပေါင်း စုံဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်တွင် အတွင်းရေးမှူးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ကျင်းပသည့် အမျိုးသားညီလာခံသို့ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ် အစုအဖွဲ့မှ တသီးပုဂ္ဂလအဖြစ် တက်ရောက်ခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့တွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်မှ ကြေညာချက်အမှတ် (၁၀/၉၄) ဖြင့် အမျိုးသားညီလာခံ ရွေးကောက်ပွဲတွင် ရွေးချယ်ခံ ထားရသည့် ကိုယ်စားလှယ်အစုအဖွဲ့ ညီလာခံကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။

## ၂။ ဒီမောဆိုးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးဗစ်တာလေး၊ ကယားပြည်နယ် လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဗစ်တာလေးသည် ဒီမောဆိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် ကယားပြည်နယ် လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄,၆၁၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၅.၅၀) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၉ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် အဖ ဦးအေမြလေး၊ အမိ ဒေါ်လေတီးရှားတို့မှ မွေးဖွားသည်။ ဦးဗစ်တာလေးသည် မူလတန်းမှ (၉) တန်းအထိ လွိုင်ကော်မြို့ အစိုးရ အထက်တန်းကျောင်းအမှတ် (၂) တွင် ပညာသင်ကြားခဲ့ပြီး၊ ၁၉၆၉ – ၇၀ ပညာသင်နှစ်တွင် လသာအစိုးရ အထက်တန်းကျောင်းအမှတ် (၁) မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ပျဉ်းမနား စိုက် ပျိုးရေးသိပ္ပံသင်တန်း၊ ၁၉၇၅ ခုနှစ်တွင် တောင်ကြီးဆရာအတတ်သင် သင်တန်းတို့သို့ တက်ရောက်အောင်မြင်ခဲ့ သည်။

## ၃။ ဖရူးဆိုးမြို့နယ်မဲဆန္ဒနယ်။

### ဦးစောဦးရယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးစောဦးရယ်သည် ဖရူဆိုမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁,၀၇၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၉ . ၀၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း

ခံခဲ့ရသည်။ ၁၉၂၈ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ အဖ ဦးတိုးရယ်၏သားဖြစ်သည်။ ဦးစောရယ်ဦးသည် သတ္တမတန်းအထိပညာသင်ကြားခဲ့ပြီး၊ ဂျပန်ခေတ်တွင် မဟာမိတ်လေထီးတပ် အမှတ် (၁၃၆) ပင့်ကူတံဆိပ်တွင် အမှုထမ်းခဲ့၍ ဂျမာဒါအဆင့်ဖြင့် ဂျပန်လက်နက်ချသည့်အထိ တိုက်ခိုက်တော်လှန်ခဲ့သည်။ ပါလီမန်ဒီမိုကရေစီခေတ် ၁၉၆၀ ပြည့်နှစ်တွင် ကယားပြည်နယ်အရှေ့ပိုင်း ပြည်သူ့လွှတ်တော်အမတ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ဖရူးဆိုးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့သည်။ ကယားပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ပြည်နယ်စည်းရုံးရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးနှင့် ကယားပြည်နယ်စည်းရုံးရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့တွင် စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲနှင့် ၁၉၉၃ ခုနှစ်တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့တွင် လွိုင်ကော်မြို့နယ်၊ ဓမ္မာရုံရပ်ကွက်၊ အမှတ် (၈/၁၀၆) ရှိ ဦးစောဦးရယ်၏နေအိမ်သို့ အာဏာပိုင်များမှ သတင်းအရဝင်ရောက်ရှာဖွေရာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ဆက်ကြေးတောင်းခံလွှာ၊ ငွေကြေးထောက်ပံ့ခဲ့သည့် သက်သေခံအထောက်အထားများ၊ ဦးစောဦးရယ်ကိုယ်တိုင် ရေးသားပြုစုခဲ့ပြီး၊ ၁၉၉၃ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည့် **"ကယားပြည်နယ် ပြည်တွင်းရေးနှင့် ပြည်တွင်းစစ် ဖြစ်ပေါ်လာရခြင်း အကြောင်းသိကောင်းစရာ"** စာအုပ်နှင့် အခြားစာစောင်များ သိမ်းဆည်းရမိခဲ့သဖြင့် ဦးစောဦးရယ်အား ကရင်နီသောင်းကျန်းသူများနှင့်အဆက်အသွယ်ပြုကာ ငွေကြေးထောက်ပံ့ခြင်း၊ ခွင့်ပြုချက်မရဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုထိပါးစေနိုင်သည့် တရားမဝင်စာအုပ်အား ရေးသားပုံနှိပ်ထုတ်ဝေမှုများဖြင့် ရုံးတင်တရားစွဲဆိုခဲ့ပြီး၊ လွိုင်ကော်မြို့နယ်တရားရုံးမှ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်နေ့တွင် မတရားအသင်းအက်ဥပဒေ၊ ပုဒ်မ ၁၇ (၁) ဖြင့် ထောင်ဒဏ်(၃)နှစ်၊ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပုဒ်မ ၂ (က) ဖြင့် ထောင်ဒဏ် (၇) နှစ် အသီးသီး ချမှတ်ခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့ နံနက် (၃) နာရီအချိန်တွင် ကယားပြည်နယ်၊ လွိုင်ကော် ပြည်သူ့ဆေးရုံတွင် ကွယ်လွန်သည်။

**၄။ ဖာဆောင်းမြို့နယ်မဲဆန္ဒနယ်။**

**ဦးစောတာရူးတူး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။**

ဦးစောတာရူးတူးသည် ဖာဆောင်းမြို့နယ်မဲဆန္ဒနယ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီအားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆၂၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၁ . ၉၄) ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် အဖ ဦးစောတင်ရေး၊ အမိ ဒေါ်နော်ရယ်ရှူးတို့မှ မွေးဖွားခဲ့သည်။ ဦးစောတာရူးတူးသည် ၁၉၆၈ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံ (ဓာတုဗေဒ) ဘွဲ့ရခဲ့သည်။ ၁၉၇၀ ပြည့် နှစ်တွင် မော်ချီးသတ္တုတွင်းစီမံကိန်းတွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗဟိုနိုင်ငံရေးတက္ကသိုလ် အခြေခံနိုင်ငံရေးသင်တန်းအမှတ်စဉ် (၂၃) သို့ တက်ရောက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဖာဆောင်းမြို့နယ် နလကအတွင်းရေးမှူး၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဖာဆောင်းမြို့နယ်ကောင်စီ ဥက္ကဋ္ဌ၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဖာဆောင်းမြို့ နယ်ပါတီယူနစ် ဥက္ကဋ္ဌ၊ ပါတီညီလာခံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ် ဩဂုတ်လ (၂၃) ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ်သို့ ရောက်ရှိသည်။

**၅။ ဘောလခဲမြို့နယ်မဲဆန္ဒနယ်။**

**ဦးအောင်သိန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။**

ဦးအောင်သိန်းသည် ဘောလခဲမြို့နယ်မဲဆန္ဒနယ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၆၉၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၈ . ၈၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၀ ပြည့်နှစ်တွင် မွေးဖွားသည်။ အဖ ဦးစံဆင့်၏သားဖြစ်သည်။ လွိုင်ကော်မြို့ဇာတိဖြစ်သည်။ ဦးအောင်သိန်းသည် လောကဓမ္မဘုန်းတော်ကြီးကျောင်း၊ လွိုင်ကော်အစိုးရမူလတန်းကျောင်းနှင့် အစိုးရအထက်တန်း ကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၀ – ၆၁ ပညာသင်နှစ်တွင် တန်းမြင့်ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်မြင်သည်။ ၁၉၆၁ ခု နှစ်မှ ၁၉၇၁ ခုနှစ်အထိ ခရိုင်ဝန်ရုံးတွင် စာရေးဝန်ထမ်း၊ ၁၉၇၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပါတီယူနစ်ကော်မတီဝင်၊ အတွင်းရေးမှူး၊ ဥက္ကဋ္ဌ (မြို့နယ်ပြည်သူ့စစ်ဥက္ကဋ္ဌ ပူးတွဲတာဝန်)၊ ပါတီဖဟိုကော်မတီဝင်၊ ဒေသပါတီကော်မတီဝင်၊ ဒေသပါတီအတွင်းရေးမှူး စသည်ဖြင့် တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ် အထိ ဖာဆောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့သည်။

**၆။ ရှားတောမြို့နယ်မဲဆန္ဒနယ်။**

**ဦးအောင်တင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအောင်တင်သည် ရှားတောမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄၁၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၆ . ၇၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘအောင်၏သားဖြစ်သည်။ ၁၉၃၅ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအောင်တင်သည် နဝမတန်းအထိပညာသင်ကြားခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ မြို့ပြလျှပ်စစ်ဌာန၊ စာရေးဝန်ထမ်း၊ ၁၉၆၄ ခုနှစ်နှင့် ၁၉၆၅ ခုနှစ်များတွင် ကယားပြည်နယ် ဆ–စ–တ–က အတွင်းရေးမှူး။ ၁၉၆၅ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ကုန်သွယ်ရေး (၁) တွင် လက်ထောက်ဒိုင်မှူး၊ ၁၉၆၇ ခုနှစ်မှစ၍ ကုန်သည် လုပ်ငန်းဖြင့် အသက်မွေးသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၃၂၉)**
**(၁၃၅၈ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်)**
**(၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)**

**အကြောင်းအရာ ။ ။ ဦးအောင်တင်အားကယားပြည်နယ်၊ ရှားတောမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကယားပြည်နယ်၊ ရှားတောမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးအောင်တင်က မိမိသည် အသက်အရွယ်ကြီးရင့်လာပြီး ကျန်းမာရေးချို့တဲ့လာသည့်အတွက် ပါတီနိုင်ငံရေးကိစ္စများကို ဆက်လက်မဆောင်ရွက်နိုင်တော့ပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှနုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးအောင်တင်၏တင်ပြချက်အရ ကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးအောင်တင်အား ယနေ့မှစ၍ ရှားတောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၇။ လှိုင်ကော်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။**

**ဦးဘိုးသင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးဘိုးသင်းသည် လှိုင်ကော်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၆,၁၈၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း(၅၃ . ၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘသောင်း၏သားဖြစ်သည်။ ၁၉၃၆ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဘိုးသင်းသည် ၁၉၅၃–၅၄ ခုနှစ်တွင် ကယားပြည်နယ်ကျောင်းသားသမဂ္ဂ အထွေထွေအတွင်းရေးမှူး။ ကျောင်းသားသပိတ်ခေါင်းဆောင်၊ ၁၉၅၇ ခုနှစ်တွင် ထောက်ပံ့ရေး စာရေးဝန်ထမ်း၊ ၁၉၆၃ ခုနှစ်တွင် ပ–ပ–က တာဝန်ခံ (ဖာဆောင်း၊ မယ်စဲ့နမ်) ၁၉၆၈ ခုနှစ်တွင် လှိုင်ကော်မြို့နယ်ကုန်သွယ်ရေးဝန်ထမ်း၊ ၁၉၇၃ – ၇၄ ခုနှစ်တွင် နလက၊ လူမှုရေး ဥက္ကဋ္ဌ၊ ၁၉၈၅ ခုနှစ်တွင် ပြည်နယ်ကောင်စီဝင်နှင့် ပြည်နယ်တရားရေးအဖွဲ့ (အချိန်ပိုင်း)၊ မြို့နယ် သမဝါယမအသင်း ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၃၃၀)**
**(၁၃၅၈ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်)**
**(၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)**

**အကြောင်းအရာ။ ။ ဦးဘိုးသင်းအားကယားပြည်နယ်၊ လှိုင်ကော်မြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကယားပြည်နယ်၊ လှိုင်ကောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးဘိုးသင်းက မိမိသည် အသက်အရွယ်ကြီးရင့်လာပြီး ကျန်းမာရေးချို့တဲ့လာသည့်အတွက် ပါတီနိုင်ငံရေးကိစ္စများကို ဆက်လက်မဆောင်ရွက်နိုင်တော့ပါသဖြင့် မိမိအား ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးဘိုးသင်း၏တင်ပြချက်အရ ကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးဘိုးသင်းအား ယနေ့မှစ၍ လှိုင်ကော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၈။ လှိုင်ကော်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။**

**ဦးတက်ဒီဘူးရီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**


ဦးတက်ဒီဘူးရီသည် လှိုင်ကော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၆,၁၈၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၇ . ၈၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ အဖ ဦးမောင်မောင်ကျော်၏သား ဖြစ်သည်။ ဦးတက်ဒီဘူးရီသည် ၁၉၆၃ ခုနှစ်တွင် ဆယ်တန်းအောင်၍ ၁၉၆၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ၁၉၆၈ – ၆၉ ခုနှစ်၊ အထက်တန်းပြ အထက (၂) လှိုင်ကော်၊ ၁၉၇၃–၇၅ ခုနှစ်၊ လောပီတရေအားလျှပ်စစ်တွင် ရုံးဝန်ထမ်း၊ ၁၉၇၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပြည်နယ်ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ၁၉၈၇ – ၈၈ ခုနှစ်၊ ကယားပြည်နယ် သမဝါယမအသင်းစု အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ပြည်တွင်းမှ ထွက်ခွာခဲ့ပြီးနောက် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းသည့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအစည်းအဝေးတွင် ဝန်ကြီးချုပ်ရုံး ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။

**"အခုလို နအဖ ကလုပ်တဲ့ကိစ္စဟာ ဥပဒေအရဘာမှတရားမဝင်ပါဘူး။ နောက်ပြီး တဖက်ကကြည့်ရင်လည်း နည်းနည်းတော့ ဟာသပါပဲ။ ရွေးကောက်ပွဲမှာ မဲပေးတုန်းက မဲပေးတဲ့လူက ငါးသောင်း မရှိဘူး။ အခုကျတော့ ကျမသိရသလောက် စစ်ထောက်လှမ်းရေးက တအိမ်တက်ဆင်း လက်မှတ်အတင်းထိုးခိုင်းတဲ့အခါကျတော့၊ ရှုံ့ချမဲတွေက ငါးသောင်းတောင်ကျော်နေတယ်။ ဒါတွေဟာ တဖက်ကကြည့်ရင်တော့ ဟာသပေါ့။ တဖက်ကကြည့်ရင်တော့ ကျမတို့ နိုင်ငံကိုသိက္ခာကျစေတဲ့ လုပ်ရပ်ဖြစ်ပါတယ်။"**

**ဒေါ်အောင်ဆန်းစုကြည်**
**ဘီဘီစီ အသံလွှင့်ဌာနနှင့်တွေ့ဆုံမေးမြန်းခန်း**
**(၂၅–၁–၉၉)**

**[ နအဖမှပြုလုပ်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင် ဦးသန်းထွန်းအား အယုံအကြည်မရှိ အဆိုတင်သွင်းပွဲအပေါ် ဖြေကြားချက်။ ]**

## (၃) ကရင်ပြည်နယ်။



မြောက်ဘက်တွင် မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ကယားပြည်နယ်နှင့်ထိုင်းနိုင်ငံ၊ အနောက် ဘက်တွင် မွန်ပြည်နယ်နှင့်ပဲခူးတိုင်းတို့ တည်ရှိသည်။ မြောက်လတ္တီတွဒ် (၁၅) ဒီဂရီ (၁၅) မိနစ်နှင့် (၁၉) ဒီဂရီ (၂၅) မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် (၉၆) ဒီဂရီ(၁၀) မိနစ်နှင့် (၉၈) ဒီဂရီ (၂၈) မိနစ်အတွင်း တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၁၁,၇၃၀) ကျယ်ဝန်းသည်။ ပြည်နယ်၏ မြို့တော်မှာ ဘားအံမြို့ဖြစ်သည်။

ကရင်ပြည်နယ်တွင် မဲဆန္ဒနယ် (၁၄) နယ်၌ နိုင်ငံရေးပါတီအဖွဲ့အစည်း (၁၄) ခုအား ကိုယ်စားပြု ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း (၅၁) ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ (၁၀) နေရာ၊ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ ကယန်းအမျိုးသား များ စည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့နှင့် ကရင်ပြည်နယ်အမျိုးသားများ အဖွဲ့ချုပ်တို့မှ (၁) နေရာစီ အသီးသီး ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည်။

### ၁။ ကော့ကရိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးမန်းမြိုင်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမန်းမြိုင်အေးသည် ကော့ကရိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၃,၃၇၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၀ . ၅၃) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် မွေးဖွားသည်။ ဦးကြာပွင့်၏သား ဖြစ်သည်။ ဦးမန်းမြိုင်အေးသည် မူလတန်းနှင့်အလယ်တန်းပညာကို ကော့ကရိတ်မြို့တွင်လည်းကောင်း၊ အထက် တန်းပညာကို ရန်ကုန်ဗဟို အစိုးရအထက်တန်းကျောင်းတွင်လည်းကောင်း၊ ဥပစာတန်းကို မော်လမြိုင်ကောလိပ်

တွင်လည်းကောင်း သင်ကြားခဲ့သည်။ အသက်မွေးဝမ်းကျောင်း မွေးမြူရေးနှင့်ကုသရေးပညာရပ်ကို အင်းစိန် မွေးမြူရေးနှင့် ကုသရေးကောလိပ်တွင်လည်းကောင်း၊ ရောဂါဗေဒပညာရပ်ကို ဂျပန်နိုင်ငံတွင်လည်းကောင်း သင်ယူခဲ့သည်။ မွေးမြူရေးနှင့်ကုသရေးဝန်ထမ်း အဖြစ်လုပ်သက် (၃၀) ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ရန်ကုန်တိုင်း ဒုတိယတိုင်းဦးစီးမှူးတာဝန်မှ အငြိမ်းစားယူခဲ့သည်။

နဝတ စစ်အစိုးရက ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ (၅) (ည) ဖြင့် ပြစ်ဒဏ်ခံရ၍ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခြင်းခံခဲ့ရသည်။ ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းအာဏာမသိမ်းမီက ကရင်ပြည်နယ်အစိုးရအဖွဲ့တွင် ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ အာဏာသိမ်းပြီး ၁၉၆၃ ခုနှစ်မှစ၍ စစ်အစိုးရက ထောင်ထဲ၌ (၄) နှစ်၊ (၅) လ ကြာမျှ ဖမ်းဆီးထားခဲ့သည်။ အရေးအခင်းပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုဦးစီး အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လတွင် နဝတကဖမ်းဆီးခဲ့ပြီး ၁၉၉၂ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် မော်လမြိုင်အကျဉ်းထောင်မှ ပြန်လွှတ်ပေးခဲ့သည်။

## ၂။ ကော့ကရိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။

### နိုင်သောင်းရှိန်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့။

နိုင်သောင်းရှိန်သည် ကော့ကရိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် မွန်အမျိုးသားဒီမိုကရေစီ အဖွဲ့အား ကိုယ်စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၀,၄၄၄)မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၈ . ၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ နိုင်ကျော်၊ အမိ မိလှမြိုင်တို့မှ ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် မွေးဖွားသည်။ သရက်တောကျေးရွာဇာတိဖြစ်သည်။ နိုင်သောင်းရှိန်သည် မူလတန်းပညာကို သရက်တော ကျေးရွာမူလတန်းကျောင်းတွင် သင်ကြားခဲ့ပြီး၊ ၁၉၆၈ ခုနှစ်တွင် ကော့ကရိတ်မြို့ အစိုးရအထက်တန်းကျောင်းမှ တန်းမြင့်ကျောင်းထွက်စာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ကန်နီအစိုးရအလယ်တန်းကျောင်းတွင် မူလတန်းပြကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၇၄ ခုနှစ်တွင် တာဝန်မှနုတ်ထွက်ခဲ့သည်။ ထို့နောက် ကုန်သည်လုပ်ငန်းဖြင့် အသက်မွေးခဲ့သည်။ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့တွင် ဗဟိုအလုပ်အမှုဆောင်၊ လူငယ်ရေး ရာတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ထိန်းသိမ်းခံထားရရာမှလွတ်မြောက်လာပြီးနောက်ပိုင်း မွန်အမျိုးသားခေါင်းဆောင်များဖြစ်သည့် နိုင်ငွေသိန်းနှင့် နိုင်ထွန်းသိန်းတို့ မော်လမြိုင်အကျဉ်းထောင်မှ ထပ်မံ လွတ်မြောက်လာသည့်အချိန်တွင် နိုင်သောင်းရှိန်မှ စစ်အစိုးရအားထိုးစစ်ဆင်ရန် အင်အားကောင်းသည့် နိုင်ငံရေးအဖွဲ့အစည်းတရပ် ဖွဲ့စည်းရန်လိုအပ်ကြောင်း မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ထံ အကြံပြုတင်ပြခဲ့ရာ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့မှအဆိုပါအကြံပြုချက်ကိုလက်ခံခဲ့ပြီး နိုင်သောင်းရှိန် ကိုပင် တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးပါတီများအား ဆက်လက်စည်းရုံးရန် တာဝန်ပေးအပ်ခဲ့သည်။ ဦးစွာ နိုင်သောင်းရှိန်နှင့် နိုင်ငွေသိန်းတို့မှ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးသာဘန်းနှင့်စတင်ဆွေးနွေးခဲ့ကြပြီးနောက် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်တို့နှင့် ဆက်လက်ဆွေးနွေးခဲ့ပြီး သဘောတူညီမှုရရှိခဲ့သည်။ ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဆက်လက်ဆွေးနွေးရန် အခွင့်ကောင်းကိုစောင့်ဆိုင်းနေခဲ့ပြီး စစ်အုပ်စုမှ မည်သည့်နိုင်ငံရေးပါတီ အဖွဲ့အစည်းမဆို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်ပူးပေါင်းပါက အရေးယူမည်ဖြစ် ကြောင်း မကြာခဏသတိပေးနေသည့်ကြားမှ နိုင်ခင်မောင်ကြည် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) ၏ ဆက်သွယ် ပေးချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဆက်လက်ဆွေးနွေးနိုင်ခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားပြု

ကော်မတီကို ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင် အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ရာ နိုင်သောင်းရှိန်သည် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီပေါ်ပေါက်ရေးအတွက် အဓိကအခန်းမှ ပါဝင်လှုပ်ရှားခဲ့သူတဦးဖြစ်သည်။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြည်ပသို့ထွက်ခွာလာခဲ့သည်။ ယခု နယ်သာလန်နိုင်ငံတွင် နေထိုင်သည်။

## ၃။ ကြာအင်းဆိပ်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

## ဦးလှမောင်၊ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့။ (ကွယ်လွန်)

အငြိမ်းစား ဒုတိယဗိုလ်မှူးကြီးဦးလှမောင် (ကြည်း– ၅၄၉၆) သည် ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) တွင် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၀၅၄) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၁ . ၇၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၆ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက် နေ့တွင် အဖ ဦးဘိုးတစ်၊ အမိ ဒေါ်မမကြီးတို့မှ မွေးဖွားသည်။ မြိတ်မြို့၊ သန်းဖိုရပ် ဇာတိဖြစ်သည်။ ဦးလှမောင် သည် ဒုတိယတန်းအထိ မြိတ်မြို့ သန်းဖိုရပ်တွင် ကျောင်းနေခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ ထားဝယ်မြို့ အစိုးရအထက်တန်းကျောင်းတွင် ဆယ်တန်းအထိပညာသင်ကြားခဲ့သည်။ ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့ တွင် တပ်မတော်သို့ တပ်သားအဆင့် ဖြင့်စတင်ဝင်ရောက်ခဲ့သည်။ ၁၉၅၉ ခုနှစ်၊ ဇွန်လတွင် ပြန်တမ်းဝင်အရာရှိ ဒုတိယဗိုလ် ကချင် (၄)၊ လွိုင်လင်၊ စစ်ကိုင်း ကျိုင်းတုံတို့တွင် ရှေ့ဦးစစ်ဆင်ရေး၌ပါ၍ သေနတ်ဒဏ်ရာရရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဗိုလ်အဆင့် နလက ဥက္ကဋ္ဌ စစ်ကိုင်း၊ ပြည်ခရိုင်၊ သဲကုန်း၊ ပေါင်းတည်တို့တွင် ၁၉၇၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် နယ်ဘက်တာဝန်မှ စစ်ဘက်တာဝန်အဖြစ် ခလရ (၄၈) တောင်ငူ တွင် တပ်ရေး၊ တပ်ခွဲမှူး စသည်ဖြင့် အောင်စိုးမိုးစစ်ဆင်ရေးတွင် ပါဝင်ခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စခန်းမှူး မင်္ဂလာဒုံ၊ တောင်ငူ အောင်စိုးမိုးစစ်ဆင်ရေးတို့တွင်လည်းကောင်း၊ ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ တပ်ခွဲမှူး ဗိုလ်မှူး၊ စစ်ကြောင်းမှူး၊ ခလရ (၆၅) မိုင်းတုံ၊ ကျိုင်းတုံ၊ မိုင်းပြင်း၊ မိုင်းစပ်နယ် မြေတို့တွင် မိုးဟိန်း (၁) (၂) (၃) စစ်ဆင်ရေးတို့တွင် ပါဝင်ခဲ့သည်။ ၁၉၇၉ ခု နှစ်တွင် တပ်ရင်းမှူး၊ ခလရ (၉၇) ကော့ကရိတ်၊ မြဝတီ၊ ဘားအံ၊ ၁၉၈၄ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် တပ်မှအငြိမ်းစားယူခဲ့သည်။ ဇနီး ဒေါ်သန်းမေနှင့် သား (၄) ယောက်၊ သမီး (၃) ယောက်ရှိသည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် မျိုးချစ် ရဲဘော်ဟောင်းများအဖွဲ့အား နဝတ အမိန့်အမှတ် (၇/၉၂) ဖြင့် ဖျက်သိမ်းခဲ့သည်။ သို့ကြောင့် ဒုတိယဗိုလ်မှူးကြီး လှမောင် (အငြိမ်းစား) သည် ပါတီမဲ့ဖြစ်သွား၍ တသီးပုဂ္ဂလအသွင်သို့ရောက်ရှိသွားခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံသို့ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ တသီးပုဂ္ဂအဖြစ် တက်ရောက်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ ပုံမှန်အစည်းအဝေးမှ အဖွဲ့ဝင်သစ်အဖြစ် လက်ခံခဲ့သည်။ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့တွင် မော်လမြိုင်မြို့နေအိမ်၌ ကွယ်လွန်သည်။

## ၄။ ကြာအင်းဆိပ်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

## ဦးကြင်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးကြင်သိန်းသည် ကြာအင်းဆိပ်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၃၉၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ . ၃) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးပါအို၏သားဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် ရေးမြို့၌မွေးဖွားခဲ့သည်။ သူငယ်တန်းမှ ခြောက်တန်းအထိ မော်လမြိုင်မြို့တွင်လည်ကောင်း၊ ခြောက်တန်းမှဆယ်တန်းအောင်သည်အထိ ကြာအင်းဆိပ်

ကြီးမြို့တွင်လည်းကောင်း၊ ၁၉၇၁ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ မော်လမြိုင်ကောလိပ်တွင်လည်းကောင်း ပညာသင်ကြားခဲ့သည်။ ၁၉၇၀ ခုနှစ်နှင့် ၁၉၇၅ ခုနှစ်များက မော်လမြိုင်ကောလိပ်၌ ဖြစ်ပွားခဲ့သော အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများတွင် ဦးဆောင်ပါဝင်ခဲ့သည်။ ၁၉၇၆ ခုနှစ်မတ်လမှ စက်တင်ဘာလ (၄) ရက်နေ့အထိ နိုင်ငံရေးပြစ်မှုဖြင့် မော်လမြိုင်ထောင်တွင်ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဝိဇ္ဇာဘွဲ့ကို (ပထဝီအဓိက) ဖြင့် ရခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဒေါ်ခင်သန်းမြင့်နှင့်လက်ထပ်သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၂ ခုနှစ် အထိမြို့နယ်သမဝါယမအသင်း (ပ) စာရေး၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပြန်/သံ လက်ထောက် စာကြည့်တိုက်မှူး၊ ၁၉၈၅ ခုနှစ်တွင် ကြာအင်းဆိပ်ကြီး မြို့နယ်ကောင်စီဝင်၊ မြို့နယ်တရားသူကြီးအဖွဲ့ဝင် (အချိန်ပိုင်း)၊ မြို့နယ်ကော်မရှင် အတွင်းရေးမှူး၊ ၁၉၈၈ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့တွင်ဖွင့်လှစ်ခဲ့သော ဗဟိုနိုင်ငံရေးတက္ကသိုလ် အခြေခံနိုင်ငံရေးသင်တန်း အမှတ်စဉ် (၆၀) သို့ တက်ရောက်ခဲ့ပြီး သင်တန်းမပြီးဆုံးမီ ဩဂုတ်လ (၂၈)ရက်နေ့တွင် ကြာအင်းဆိပ်ကြီးမြို့နယ်သို့ပြန်လာခဲ့ပြီး၊ အရေးအခင်းကာလတွင် ဒီမိုကရေစီတိုက်ပွဲဝင်နေသူများနှင့် ပူးပေါင်းခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်တွင် ပါတီများမှတ်ပုံတင်ခွင့်ရရှိပြီးနောက် ကြာအင်းဆိပ်ကြီးမြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ်တင်ရာတွင် ဦးဆောင်ခဲ့၍ အလုပ်မှအနားပေးခြင်းခံရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကရင်ပြည်နယ်စည်းရုံးရေးမှူးနှင့် မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌတာဝန်တို့ယူခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့တွင် ဖမ်းဆီး ထိန်းသိမ်းခြင်းခံခဲ့ရပြီး၊ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) ဖြင့် ထောင်ဒဏ် (၇)နှစ် ချမှတ်ခဲ့သည်။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့တွင် မော်လမြိုင်ထောင်မှ ပြန်လွတ်သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုး တင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

### ၅။ ဖာပွန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

**ဦးအောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအောင်သန်းသည် ဖာပွန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၅၇၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း(၆၂ . ၃၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဖာပွန်မြို့နယ်၊ ကမမောင်းကျေးရွာ ဇာတိဖြစ်သည်။ အဖ ဦးလှိုင်၊ အမိ ဒေါ်လှတင်တို့မှ ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအောင်သန်းသည် ကမမောင်း၊ တရုတ်လုနှင့် ဘားအံမြို့တို့တွင်ကျောင်းနေခဲ့ပြီး ကိုးတန်းအောင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ကမမောင်းအစိုးရ မူလတန်းကျောင်း၌ မူလတန်းပြ၊ ၁၉၈၁ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကရင်ပြည်နယ်စည်းရုံးရေး အဖွဲ့ဝင် တာဝန်ယူခဲ့သည်။

### ၆။ ဖာပွန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

**ဦးဘအေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးဘအေးသည် ဖာပွန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၅၁၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၂ . ၅၅) ဖြင့် ရွေးချယ်တင်မြှောက် ခြင်းခံခဲ့ရသည်။ ၁၉၄၆ ခုနှစ်ဖွား ဖြစ်သည်။ အဖ ဦးကြီးရင်၏သားဖြစ်သည်။ ဦးဘအေးသည် ဒုတိယနှစ် ဝိဇ္ဇာ တန်းအောင်မြင်ခဲ့၍ ၁၉၆၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ မူလတန်းပြဆရာ၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဖာပွန်မြို့ နယ် ပါတီယူနစ်ကော်မတီဝင် ဖြစ်ခဲ့သည်။

## ၇။ ဘားအံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစောချစ်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစောချစ်သန်းသည် ဘားအံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၂၇၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁ . ၆၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ သထုံမြို့ဇာတိဖြစ်သည်။ အဖ ဦးထွန်းလင်း၊ အမိ ဒေါ်လှရွှေတို့မှ ၁၉၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစောချစ်သန်းသည် သထုံမြို့ အင်္ဂလိပ်–မြန်မာအစိုးရ အထက်တန်းကျောင်းတွင် အဋ္ဌမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ၌ ဂျပန်ပြန် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဥက္ကာ၏တပ်ရင်းတွင် တပ်သားအဖြစ်ဝင်ရောက်ခဲ့သည်။ ၁၉၄၄–၄၅ ခုနှစ်တွင် သထုံခရိုင် ကရင်ပြောက်ကျားအဖွဲ့ ဖွဲ့စည်း၍ မြန်မာ့တပ်မတော် တိုင်း (၄) နှင့် တွဲဖက်၍ ဖက်ဆစ်ဂျပန်များကို တော်လှန်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် မန်းဘခိုင် (အာဇာနည်ခေါင်းဆောင်ကြီး ကျဆုံး) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကရင်လူငယ်အစည်းအရုံးတွင် သထုံခရိုင် အတွင်းရေးမှူး၊ ထိုနှစ်တွင်ပင် သထုံခရိုင် ဖ–ဆ–ပ–လ အဖွဲ့တွင် အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ပင်လုံညီလာခံကျင်းပသောအခါ သံလွင်ခရိုင်မှ ကရင်အမျိုးသားကိုယ်စားလှယ် ဖာပွန်နယ်မှဦးစောချစ်တီးထံသို့ စောဖိုးဇံ၊ ဒေါက်တာစောလှထွန်းတို့နှင့်အတူသွားရောက်၍ မိမိတို့နယ်မြေရှိလူထုသည် ပြည်မနှင့် ပူးပေါင်းလိုသည့်ဆန္ဒရှိကြောင်းကို အသိပေးတင်ပြဆွေးနွေးခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလတွင် စောဖိုးဇံ (ဗိုလ်ညိုခင်)၊ ဒေါက်တာစောလှထွန်း၊ စောလူလူတို့နှင့်အတူ လဲဗီး (စ်) တပ်ဖွဲ့၍ သထုံခရိုင်နှင့် ကျိုက္ကမီခရိုင်တို့တွင် ပြည်ထောင်စု မပြိုကွဲရေးအတွက် ကာကွယ်တိုက်ခိုက်ခဲ့သည်။ ၁၉၄၉ ခုနှစ်ဦးပိုင်းတွင် ကရင်အမျိုးသားအပျော်တမ်းတပ်ကို ထပ်မံဖွဲ့စည်း၍ ပြည်ထောင်စုကိုကာကွယ်ခဲ့သည်။ ထိုစဉ်က ဒေါက်တာစောလှထွန်းနှင့်စောလူလူတို့က နိုင်ငံရေးတာဝန်၊ စောဘာသာက စည်းရုံးရေးတာဝန်၊ စောချစ်သန်းက တိုက်ခိုက်ရေးတာဝန်တို့ကို အသီးသီးယူခဲ့သည်။ ၁၉၅၂ ခုနှစ်၊ ပထမအကြိမ်ပါလီမန်ရွေးကောက်ပွဲတွင် သထုံခရိုင်မြောက်ပိုင်း ပြည်သူ့လွှတ်တော်အမတ်၊ ၁၉၅၅ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ကရင်ပြည်နယ်အစိုးရဝန်ကြီးအဖွဲ့တွင် ပါလီမန်အတွင်းဝန်၊ ၁၉၆၀ ပြည့်နှစ်ရွေးကောက်ပွဲပြီး နောက် ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့ တော်လှန်ရေးကောင်စီမတက်မီကာလအထိ ကရင်ပြည်နယ် အစိုးရဝန်ကြီးအဖွဲ့တွင် ပညာရေးနှင့်ကျန်းမာရေးဝန်ကြီး၊ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီလက်ထက်တွင် ကရင်ပြည် နယ် ဦးစီးအဖွဲ့၌ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးတာဝန်ခံအဖြစ် ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့မှစ၍ (၄) နှစ်၊ (၅) လကြာမျှ တော်လှန်ရေးကောင်စီအစိုးရ၏ထိန်းသိမ်းခြင်းခံရသည်။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ချီးမြှင့်ခြင်းခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီး၊ ကရင်ပြည်နယ စည်းရုံးရေးတာဝန်ခံ၊ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ပြည်နယ်စည်း တွဲဖက်တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ နဝတစစ်အစိုးရက ၎င်းအား ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ (၅)၊ ပုဒ်မခွဲ (က) (ခ) နှင့် (ည) တို့ဖြင့် အရေးယူခဲ့ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့ရက်စွဲပါ ကြေညာချက်အမှတ် (၁၀၁၆) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခဲ့သည်။ နောင် (၁၀) နှစ်အတွင်း ပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ နဝတက ၎င်းအား ၁၉၉၂ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွှတ်ပေးခဲ့သည်။

## ၈။ ဘားအံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

## ဦးထွန်းချစ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးထွန်းချစ်သည် ဘားအံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၅၇၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၉ . ၂၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးထွေး၊ အမိ ဒေါ်ကွန်မာတို့မှ ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ထုံးအိုင်ကျေးရွာ ဇာတိဖြစ်သည်။ ဦးထွန်းချစ်သည် ၁၉၆၈ ခုနှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်၍ ၁၉၇၂ ခုနှစ်တွင် အေဂျီတီအိုင် (အမ်ပီ) ဖြင့် စက်မှုသိပ္ပံ အင်းစိန်မှအောင်မြင်ခဲ့သည်။ စက်မှုလုပ်ငန်းဖြင့် အသက်မွေးသည်။

## ၉။ ဘားအံမြို့နယ်မဲဆန္ဒနယ် အမှတ် (၃)။

## နန်းခင်ထွေးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

နန်းခင်ထွေးမြင့်သည် ဘားအံမြို့နယ်မဲဆန္ဒနယ်အမှတ် (၃) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မဲပေးပိုင်ခွင့်ရှိသူ (၅၂,၅၉၀)၊ မဲပေးသူ (၂၉,၇၃၇) ရှိသည့်အနက်မှ ခိုင်လုံမဲ (၁၈,၄၂၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၃ . ၇၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ကရင်ပြည်နယ်ဝန်ကြီးဟောင်း (ပထစအစိုးရလက်ထက် ကရင်ပြည်နယ်ကောင်စီ ဥက္ကဋ္ဌ၊ တော်လှန်ရေးကောင်စီ လက်ထက် ကရင်ပြည်နယ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌ) ဒေါက်တာဦးစောလှထွန်း၊ အမိ ဒေါ်အမာတို့မှ ၁၉၅၄ ခုနှစ်၊ မေလ (၁၀) ရက် နေ့တွင် မွေးဖွားခဲ့သည်။ မော်လမြိုင်မြို့ဇာတိဖြစ်သည်။ နန်းခင်ထွေးမြင့်သည် ၁၉၇၅ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်ဒုတိယနှစ်၌ ပညာသင်ကြားနေစဉ် ဦးသန့်အရေးအခင်း (၆) လပြည့် ဇွန်လ ကျောင်းသားအရေးအခင်း၌ ပါဝင်လှုပ်ရှားမှုဖြင့် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၇၈ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် ထိန်းသိမ်းခံခဲ့ရာမှ လွတ်မြောက်လာပြီး ၁၉၈၁ ခုနှစ်တွင် စီးပွားရေးဝိဇ္ဇာဘွဲ့ကို စာပေးစာယူဖြင့် ရယူခဲ့သည်။ ၁၉၈၉ ခုနှစ် အထိ ကရင်ပြည်နယ်အခွန်ဌာနတွင်တာဝန်ထမ်းဆောင်ခဲ့သည်။ ရွေးကောက်ပွဲဝင်နေစဉ်ကာလတွင် ကပ်လျက်တည်ရှိသည့် အစိုးရပိုင်ရေခဲစက်ကိုချန်လှပ်၍ နန်းခင်ထွေးမြင့်၏ မိသားစုပိုင်ရေခဲစက်အား ကမ်းနားစည်ပင်သာယာရေးအတွက်ဟုအကြောင်းပြ၍ (၄) ရက်အတွင်း အပြီးဖျက်ခိုင်းခဲ့ပြီး၊ စက်ရုံရှေ့တွင် မြေထိုးစက် (Bulldozer) လာရပ်ထားသဖြင့် ဖျက်ပေးခဲ့ရသည့်ပြင် စက်ရုံမှ ပါဝါမီတာအားလည်း ဖြုတ်သိမ်းခြင်းခံခဲ့ရသည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့တွင် စတင်ကျင်းပသည့် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့တွင် ရန်ကုန်မြို့သို့သွားရန် ကူးတို့ဆိပ်သို့အဆင်း၊ ဇက်ဆိပ်တွင် ၎င်းစီးနင်းလိုက်ပါလာသည့်ကားအား စစ်ထောက်လှမ်းရေးမှ ဇက်ရေယာဉ်ပေါ်သို့ တက်ခွင့်မပေးဘဲတားဆီးခဲ့သဖြင့် အိမ်သို့ပြန်လာခဲ့ရသည်။ အိမ်အရောက် အမှတ် (၂၅) ထောက်လှမ်းရေးတပ်မှ လာခေါ်ပြီး တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီးခင်မောင်ကြည်မှ ရိုင်းပြစွာကြိမ်းမောင်းပြောဆိုဆက်ဆံ၍ ထိုညမှစ၍ ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့အထိ စစ်ထောက်လှမ်းရေးအမှတ် (၂၅) မှ ခေါ်ယူဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် အဖွဲ့ချုပ် (ဗဟို) ၌ ကျင်းပမည့် ပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်ရန်အတွက်ရန်ကုနမြို့သို့ ခရီးထွက်လာစဉ် မွန်ပြည်နယ်၊ သထုံမြို့၊ ပေါ်တော်မူကျေးရွာရှာဖွေရေးဂိတ်တွင် စစ်ထောက်လှမ်းရေးမှ ၎င်း၏ပစ္စည်းများအား အကြောင်းမဲ့ရှာဖွေစစ်ဆေးခဲ့သဖြင့်အချင်းများခဲ့ရာ သထုံရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၅၃) ‘ပြည်သူ့ဝန်ထမ်းများ တာဝန်ဝတ္တရားထမ်းဆောင်စဉ်နှောင့်ယှက်မှု’ ဖြင့် ဖမ်းဆီးတရားစွဲဆိုခြင်းခံခဲ့ ရပြီး ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် သက်သေမပါ၊ ရှေ့နေမပါဘဲ

အကျဉ်းနည်းဖြင့်စစ်ဆေး၍ အလုပ်နှင့်ထောင်ဒဏ် (၂) နှစ် ပြစ်ဒဏ်ချမှတ်၍ မော်လမြိုင်ထောင်တွင် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ (၂–၂–၂၀၀၆) ရက်နေ့တွင် ခင်ပွန်းဖြစ်သူဦးသန့်ဇင် ဦးစီးဖွင့်လှစ်ထားသည့် **"မြရွက်ဝါ"** ကျူရှင်အား ဥပဒေနှင့်မညီဟုအကြောင်းပြ၍ မြို့နယ် ပညာရေးမှူးမှ တရားဝင်စာထွက်၍ပိတ်ပင်ခြင်းကို ခံခဲ့ရသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၆၇၇)**
**(၁၃၅၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ ဇွန်လ ၉ ရက်)**

**အကြောင်းအရာ ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ်အမည်ကိုကြေညာခြင်း။**

၁။ ဘားအံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ်(၃)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၅၂,၅၉၀) ဦးအနက် (၂၉,၇၃၇) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့် ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၂၄,၉၈၃) မဲ ရရှိခဲ့ပါသည်။ ယင်းခိုင်လုံသော ဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည် ...။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဦးခွန်ကြီးရှိန် | ပြည်ထောင်စု ပအိုဝ်းအမျိုးသား များအဖွဲ့ချုပ် | ၂၅၂၆ | ၁၀ . ၁၁ |
| (ခ) | နန်းခင်ထွေးမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ | ၁၈၄၂၃ | ၇၃ . ၇၄ |
| (ဂ) | နိုင်ဘညွန့် | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး အဖွဲ့ချုပ် (ဒီ/ငြိမ်း)။ | ၃၇၀ | ၁ . ၄၈ |
| (ဃ) | ဦးစောအောင်ပွင့် | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | ၃၆၆၄ | ၁၄ . ၆၇ |

၂။ သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (ခ) ပါ ခိုင်လုံသော ဆန္ဒမဲအများဆုံးရရှိသည့် နန်းခင်ထွေးမြင့်သည် ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၃) မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ–
(အေးမောင်)
အတွင်းရေးမှူး

## ၁၀။ မြဝတီမြို့နယ်မဲဆန္ဒနယ်။

### ဦးစိန်ဗိုလ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိန်ဗိုလ်သည် မြဝတီမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄,၂၈၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၅ . ၈၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ တနင်္သာရီမြို့နယ်၊ ရေဦးကုန်းကျေးရွာဇာတိဖြစ်သည်။ အဖ ဦးဘိုးသန့်၊ အမိ ဒေါ်ချစ်မယ်တို့၏ သားသမီးသုံးယောက်တွင် အငယ်ဆုံးဖြစ်ပြီး၊ ၁၉၄၇ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစိန်ဗိုလ်သည် ရေဦးမြို့နယ်မူလတန်းကျောင်းမှ ၁၉၅၃ ခုနှစ်တွင် စတုတ္ထတန်းအောင်မြင်၍ ၁၉၆၅ ခုနှစ်တွင် ကန့်ဘလူအစိုးရအထက်တန်းကျောင်းမှ နဝမတန်းအောင်မြင်သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ကြေးနန်းဆက်စာရေး (ယာယီ)၊ လယ်ထွန်စက်ပြင် အဆင့် (၃)၊ ၁၉၆၉ ခုနှစ်တွင် ဆယ်တန်းအောင်၍ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်သို့ ဝင်ခွင့်ရသည်။ ၁၉၇၅ ခုနှစ်တွင် တိမွေးကုတက္ကသိုလ်၊ ရန်ကုန်မှ (ဒီဗွီအက်စ်)ဘွဲ့ရခဲ့သည်။ ထိုနှစ်တွင် ဒေါ်သောင်းရင်နှင့်လက်ထပ်၍ သားသမီးသုံးဦးထွန်းကားသည်။ ၁၉၈၄ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲတွင် မြို့နယ်ပြည်သူ့ကောင်စီဝင်အဖြစ် အရွေးခံခဲ့ရပြီး သက်တန်းကုန်ဆုံးသည်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်လာပြီး မြဝတီမြို့နယ် စည်းရုံးရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၉ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ကြေညာချက်အမှတ် (၁,၄၅၇) ဖြင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နှုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

## ၁၁။ လှိုင်းဘွဲ့မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစောထွန်းဖေ၊ ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ်။

ဦးစောထွန်းဖေသည် လှိုင်းဘွဲ့မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၅,၁၄၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၀ . ၄၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးစောခွန်ဆူ၏သားဖြစ်သည်။ ၁၉၁၈ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဖရူဆိုမြို့နယ်၊ ကြက်ဖိုးကြီးကျေးရွာဇာတိဖြစ်သည်။ ဦးစောထွန်းဖေသည် တက္ကသိုလ်ဝင်တန်းကို တောင်ကြီးမြို့ အေဘီအင်န် ဟိုက်စကူးမှအောင်မြင်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ်မှရရှိခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ မြို့ပိုင်၊ နယ်ပိုင်၊ မှတ်ပုံတင်အရာရှိ၊ ထိုမှ ကရင်ပြည်နယ်ဦးစီးအဖွဲ့ အတွင်းဝန်အဖြစ် တာဝန်အသီးသီးထမ်းဆောင်ခဲ့ပြီးနောက် တာဝန်မှ အငြိမ်းစားယူခဲ့သည်။ ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ်တွင် ဦးစီးနာယကအဖြစ် တာဝန်ယူခဲ့သည်။

## ၁၂။ လှိုင်းဘွဲ့မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးစောထွန်းလွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးစောထွန်းလွင်သည် လှိုင်းဘွဲ့မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၅၇၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၀ . ၃၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးစောထွန်းလွင်သည် အဖ ဦးထီမောင်၊ အမိ ဒေါ်ဖုန်းရွှေတို့မှ ၁၉၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ လှိုင်းဘွဲ့မြို့နယ်၊ ထောရွဲရွာဇာတိဖြစ်သည်။ ဦးစောထွန်းလွင်သည်

၁၉၄၁ ခုနှစ်တွင် ဂျဒ်ဆင်ကောလိပ်မှ ဝိဇ္ဇာဘွဲ့ရခဲ့သည်။ မြန်မာနိုင်ငံဝန်ထမ်း၊ ကရင်ပြည်နယ်ဝန်ထမ်း၊ ဘားအံခရိုင်ဝန်ထမ်းအဖြစ် ၁၉၇၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၇၈ ခုနှစ်အထိ ကရင်ပြည်နယ် တရားရေးဦးစီးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ သက်ပြည့်ပင်စင်ယူပြီးနောက် အခါအားလျော်စွာ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သည်။ လယ်ယာကိုင်းကျွန်းများကို ကိုယ်တိုင်လုပ်ကိုင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကွယ်လွန်သည်။

**ဝဏ္ဏကျော်ထင် ဦးစောထွန်းလွင်**
**ပြည်နယ်တရားရေးဦးစီးမှူး (အငြိမ်းစား)**
**အသက် (၈၄) နှစ်**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် (၄) ရပ်ကွက်၊ သရဖီလမ်းနေ (ဦးထီမောင်–ဒေါ်ဖုန်းရွှေ) တို့၏သား၊ (ဒေါ် သန်းမြိုင်) အငြိမ်းစားကျောင်းဆရာမ၏ခင်ပွန်း၊ ဒေါ်နန်းသန္တာလွင်၊ ဦးစောမျိုးမြင့်လွင်–ဒေါ်သဲသဲအေး၊ ဦးစောစိုးထွဋ်– ဒေါ်နန်းဖြူဖြူလွင်၊ ဦးစောစိုးနောင်ထွန်း–ဒေါ်နန်းအေးအေးတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၀–၁၂–၂၀၀၀ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၁၂–၂၀၀၀ ရက် မွန်းလွဲ (၁) နာရီတွင် စက်ပစ်ကွင်းသုသာန်သို့ ပို့ဆောင်ပါမည်။

ကျန်ရစ်သူမိသားစု

**၁၃။ သံတောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**
**ဦးအာရ်ပီသောင်း၊ ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့။**

ဦးအာရ်ပီသောင်းသည် သံတောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃,၇၆၄) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၄ . ၀) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးနီစီသောင်း၏သားဖြစ်သည်။ ၁၉၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအာရ်ပီသောင်းသည် အလယ်တန်းပညာကို (အာစီအမ်) ကျောင်း၊ တောင်ငူ၊ အထက်တန်းပညာကို စိန့်ပီတာအင်္ဂလိပ်အထက်တန်းကျောင်း၊ မန္တလေး၊ တက္ကသိုလ်ပညာကို ရန်ကုန်တက္ကသိုလ်နှင့် ထိုမှ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာတက္ကသိုလ်တွင် ပြည်သူ့အုပ်ချုပ်ရေးဝိဇ္ဇာဘွဲ့ရယူခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း (U.S. Army Det. 101) တပ် အမှုထမ်း၊ ရေဒီယိုအော်ပရေတာအဖြစ် ၁၉၄၅ ခုနှစ်၊ မတ်လအတွင်း အင်းစိန်ခရိုင် ဂျိုးဖြူဒေသတွင် လေထီးဖြင့်ဆင်း၍ ဘီဒီအေတပ်နှင့်ပူးပေါင်းကာ ဖက်ဆစ်တော်လှန်ရေးတွင်ပါဝင်ဆင်နွှဲခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ မြို့ပိုင်၊ နယ်ပိုင်၊ ရန်ကုန်တိုင်းပြည်သူ့ကောင်စီတွင် ဒုရုံးအဖွဲ့မှူး စသည်ဖြင့် တာဝန်များထမ်းဆောင်ခဲ့ပြီးနောက် သက်ပြည့်ပင်စင်ယူခဲ့သည်။ ဒုတိယကမ္ဘာစစ် လျော်ကြေးကိစ္စ၊ ပညာတော်သင်၊ အစိုးရရောင်းဝယ်ရေး မစ်ရှင်အဖွဲ့လုပ်ငန်း၊ စသည်တို့အတွက် ဂျပန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အီတလီနိုင်ငံ၊ အနောက်ဂျာမနီနိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ဟော်လန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ အမေရိကန်နိုင်ငံများသို့သွားရောက်ခဲ့သည်။ ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ ဦးစီးနာယကနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင်တာဝန်များယူခဲ့စဉ် နဝတ၏ ၁/၉၀ အမိန့်အား ဆန့်ကျင်မှုဖြင့် သက်ဆိုင်ရာမှထိန်းသိမ်းခြင်းခံခဲ့ရသည်။ ထို့နောက် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ (၅) (ည) ဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (ည) နှင့် ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ပါတီစုံဒီမို

ကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့စွဲဖြင့် ကြေညာခဲ့သည်။

**၁၄။ သံတောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**


**ဦးစောဗစ်တာခလိုက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစောဗစ်တာခလိုက်သည် သံတောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃,၇၉၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၇ . ၇၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးစောခလိုက်ထွန်းဝင်း၏ သားဖြစ်သည်။ သံတောင်မြို့ ဇာတိဖြစ်သည်။ ၁၉၄၈ ခုနှစ်ဖွားဖြစ်သည်။ ဦးစောဗစ်တာခလိုက်သည် အခြေခံပညာအထက်တန်းကို (ခ) အဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၆၇–၆၈ ခုနှစ်တွင် ဆရာဖြစ် တနှစ်သင်တန်းတက်၍ ၁၉၆၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ လက်ထောက်မူလတန်းပြ၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မူလတန်းကျောင်းအုပ်၊ ၁၉၈၁–၈၂ ခုနှစ်တွင် အလယ်တန်းပြ၊ ၁၉၈၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ သံတောင်မြို့၊ မြို့မရပ်ကွက် ပြည်သူ့ ကောင်စီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဦးစောဗစ်တာခလိုက်သည် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ (၅) (ည) ဖြင့် ပြစ်ဒဏ်ခံရ၍ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခြင်းခံခဲ့ရသည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် နုတ်ထွက်လိုသည့်၊ မနုတ်ထွက်လိုသည့် ကိစ္စများမှာ ပြည်သူ့လွှတ်တော်တရပ်ပေါ်ပေါက်လာပြီး လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုခံယူပြီးမှသာ ဆောင်ရွက်နိုင်ခြင်းဖြစ်ရပါမည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သည် ပြည်သူ့လွှတ်တော်တရပ်မဟုတ်ပါသဖြင့် မဲဆန္ဒရှင်ပြည်သူလူထုက လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမှရွေးကောက်တင်မြှောက်ပေးလိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို နုတ်ထွက်သည်ဟု လွှတ်တော်၏ ဆုံးဖြတ်ချက်မရှိပဲ၊ ကြေညာချက်များမထုတ်နိုင်ဟု အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကသဘောထားပါသည်။ အာဏာပိုင်တို့က ခြိမ်းခြောက်မှု၊ အကြပ်ကိုင်မှု အမျိုးမျိုးတို့ဖြင့် အတင်းအကြပ်လက်မှတ်ရေးထိုးခိုင်းပြီး၊ ပါတီစုံဒီမိုကရေ စီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေး ကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာခြင်းသည် ဥပဒေအရ တရားမဝင်ပါ။ အာဏာပိုင်တို့က နည်းမျိုးစုံအသုံးပြုနေခြင်းနှင့် ပတ်သက်၍ စာဖြင့်ရှင်းလင်းအောင် ရေးပြ၍မကုန်နိုင်သည့်အခြေအနေဟု ဆိုရပါမည်။ တရားဥပဒေမဲ့ပြုလုပ်နေသည့်ကိစ္စရပ်များ ဖြစ်ပါသည်။**

**[ ဦးဘဌေး၊ ဥက္ကဋ္ဌ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပေးပို့သည့် စာအမှတ် – ၀၁၆/စည်း (ရွေး)/၉၇ ရက်စွဲ – ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက် မှ . . . ]**

## (၄) ချင်းပြည်နယ်။



မြန်မာနိုင်ငံအနောက်ပိုင်းတွင် တည်ရှိသည်။ မြောက်ဘက်နှင့်အရှေ့ဘက်တွင် စစ်ကိုင်းတိုင်း၊ တောင် ဘက်တွင် မကွေးတိုင်းနှင့်ရခိုင်ပြည်နယ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ တည်ရှိသည်။ မြောက်လတ္တီတွဒ် (၂၁) ဒီဂရီ (၀) မိနစ်နှင့် (၂၄) ဒီဂရီ (၁၅) မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် (၉၃) ဒီဂရီ (၁၅) မိနစ်နှင့် (၉၄) ဒီဂရီ (၀) မိနစ်အတွင်းတွင် တည်ရှိသည်။ ဧရိယာစတုရန်း မိုင်ပေါင်း (၁၃,၉၀၇) ကျယ်ဝန်း သည်။ ပြည်နယ်၏မြို့တော်မှာ ဟားခါးမြို့ဖြစ်သည်။

ချင်းပြည်နယ်တွင် မဲဆန္ဒနယ် (၁၃) နယ်၌ နိုင်ငံရေးပါတီအဖွဲ့အစည်း (၈) ခုအား ကိုယ်စားပြုယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း (၅၃)ဦး၊ တသီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်း (၂) ဦး၊ စုစုပေါင်း (၅၅) ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၄) နေရာ၊ ချင်းအမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ (၃) နေရာ၊ ဇိုမီးအမျိုးသားကွန်ဂရက်နှင့် တသီးပုဂ္ဂလတို့ (၂) နေရာစီ၊ မရာပြည်သူ့ပါတီနှင့် တိုင်းရင်း သား စည်းလုံးညီညွတ်ရေးပါတီတို့မှ (၁) နေရာစီ အသီးသီးရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည်။

### ၁။ ကန်ပက်လက်မြို့နယ်မဲဆန္ဒနယ်။

**ဦးလိန်းဟာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။**

ဦးလိန်းဟာသည် ကန်ပက်လကမြို့နယ်မဲဆန္ဒနယ်တွင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၃၆၁) မဲ၊ စုစုပေါင်းမဲ ရာခိုင်နှုန်း(၃၆ . ၇၂) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဟာထန်း၊ အမိ ဒေါ်အွဲအွမ်တို့မှ ၁၉၄၅ ခုနှစ်၊ မတ်လ (၃) ရက်နေ့တွင် မွေးဖွား ခဲ့သည်။ ဦးလိန်းဟာသည် ကန်ပက်လက်မြို့ အစိုးရအလယ်တန်းကျောင်း၊ ဆောမြို့ အစိုးရအထက်တန်းကျောင်း တို့တွင် ပညာသင်ကြားခဲ့၍ ၁၉၆၉–၇၀ ခုနှစ်တွင် ဆယ်တန်းကို (ခ) အဆင့်ဖြင့်အောင်မြင်ခဲ့သည်။ ၁၉၇၀

ပြည့်နှစ်မှစ၍ ကန်ပက်လကမြို့နယ် ပါတီယူနစ်တွင် လုပ်အားပေး၊ ၁၉၇၁ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ မြို့နယ်ပါတီယူနစ်ရုံးတွင် ဝန်ထမ်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ မြို့နယ်လမ်းစဉ်လူငယ် စည်းရုံးရေးကော်မတီတွင် အတွင်းရေးမှူး၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မြို့နယ်ပါတီယူနစ် အတွင်းရေးမှူး၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြို့နယ်ပါတီယူနစ် ဥက္ကဋ္ဌ၊ ပါတီညီလာခံကိုယ်စားလှယ်၊ ချင်းပြည်နယ်ဒေသပါတီကော်မတီဝင်ဖြစ်ခဲ့သည်။

## ၂။ တီးတိန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။

### ဦးငင့်ထန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးငင့်ထန်သည် တီးတိန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၅,၇၁၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၃ . ၅၁) ဖြင့်ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၄ ဖွား၊ တီးတိန်ဇာတိ၊ အဖ ဦးဖုံလ်ပုန်း၊ အမိ ဒေါ်ကျင့်လွင်တို့မှ ၁၉၄၄ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးငင့်ထန်သည် ဖူးနွမ်းရွာအစိုးရမူလတန်းကျောင်းတွင် မူလတန်းပညာစသင်ခဲ့ပြီး၊ ၁၉၅၈ ခုနှစ်တွင် (၄) တန်း စကောလားရှစ်ရခဲ့သည်။ ယင်းနောက် ဗန်းတဲ့အစိုးရအလယ်တန်းကျောင်း၊ တီးတိန်အစိုးရ အထက်တန်းကျောင်း၊ ထုတ်လိုင်အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ရာ ၁၉၇၅ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲအောင်မြင်သည်။ ၁၉၇၆ ခုနှစ်တွင် တွန်းဇံမြို့နယ် ဥပဒေရုံးတွင် ရုံးအုပ်စာရေးကြီးအဖြစ် တာဝန်ထမ်းဆောင်ရင်း စာပေးစာယူဖြင့် ဥပဒေပညာဆက်လက်သင်ကြားခဲ့ရာ ၁၉၈၄ ခုနှစ်တွင် ဥပဒေဘွဲ့ရသည်။ ၁၉၈၈ ခုနှစ်တွင် အလုပ်မှနုတ်ထွက်၍ တီးတိန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အဖွဲ့ဝင်ခဲ့ပြီး စည်းရုံးရေးမှူးတာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၆၉ ခုနှစ် တွင် ဒေါ်ဟုန်နဲမ်နှင့်လက်ထပ်၍ သား (၄) ယောက်၊ သမီး (၂) ယောက်ထွန်းကားသည်။

## ၃။ တီးတိန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ပူကျင့်ရှင်းထန် (ခ) ပူသျှန်၊ ဇိုမီးအမျိုးသားကွန်ဂရက်။

ပူကျင့်ရှင်းထန်သည် တီးတိန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် ဇိုမီးအမျိုးသားကွန်ဂရက်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၅,၄၁၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၁ . ၅၁) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဆွမ်းဟန်၊ အမိ ဒေါ်ညောင်ခန့်ကျိန်တို့၏သားဖြစ်သည်။ ၁၉၃၈ ခုနှစ်၊ ဧပြီလ (၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ပူကျင့်ရှင်းထန်သည် ဇမ်းပီအစိုးရမူလတန်းကျောင်း၊ တီးတိန်မြို့ အစိုးရအထက်တန်းကျောင်း၊ မန္တလေးမြို့ တိုင်းချစ်ကျောင်းတို့တွင် ပညာသင်ကြားခဲ့၍ ၁၉၅၈ ခုနှစ်တွင် ဆယ်တန်းအောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်၌ဆက်လက် ပညာသင်ကြားခဲ့ရာ ၁၉၆၃–၆၄ ခုနှစ်တွင် ချင်းကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ၊ ထိုမှ ၁၉၆၄ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံဘာသာ၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဘာသာ၊ အနောက်တိုင်းသမိုင်းဘာသာနှင့် အင်္ဂလိပ်ဘာသာစာစီစာကုံးတို့ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ထိုနှစ်မှာပင် ဒေါ်ဒွန့်ခင်ညောင်နှင့် လက်ထပ်သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် ဆက်လက်ပညာသင်ကြားခဲ့ရာ ၁၉၆၇ ခုနှစ်တွင် ဝိဇ္ဇာ (ဥပဒေ) ဘွဲ့၊ ၁၉၆၈ ခုနှစ်တွင် ဥပဒေဝိဇ္ဇာ (LL.B.) ဘွဲ့ရရှိခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် အလုပ်သင်ရှေ့နေ၊ ၁၉၇၁ ခုနှစ်မှစ၍ တရားရုံးချုပ်ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည်။ ပူကျင့်ရှင်းထန်သည် ငယ်စဉ်ကျောင်းသားဘဝကတည်းကပင် နိုင်ငံရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၆၁ ခုနှစ်၊ ဇွန်လ (၈) ရက်နေ့မှ (၁၆) ရက်နေ့အထိ ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးမြို့၊ စားမြိန်ရိပ်သာ အဆောက်အဦးတွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်နယ်ပေါင်းစုံညီလာခံကြီးသို့ ချင်းကိုယ်စားလှယ်အဖြစ်တက်ရောက်ခဲ့သည်။ ၁၉၆၁

ခုနှစ်တွင် ပြည်နယ်များစည်းလုံးညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် အာဏာရှင်ဦးနေဝင်းအား အစဉ်တစိုက်ဆန့်ကျင်ခဲ့သူတဦးဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ပြည်သူများထံမှ အကြံဉာဏ်များတောင်းခံသည်တွင် ဖက်ဒရယ်ရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဝေဖန်အကြံပေးခဲ့သဖြင့် ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့မှ ၁၉၇၄ ခုနှစ်၊ မတ်လ (၃) ရက်နေ့အထိ ရန်ကုန်မြို့၊ စစ်ထောက်လှမ်းရေး ဗဟိုစစ်ကြောရေးစခန်းတွင် ဖမ်းဆီးထိန်းသိမ်းစစ်ကြောခြင်းခံခဲ့ရသည်။ ထို့နောက် ၁၉၇၄ ခုနှစ်၊ မတ်လ (၄)ရက်နေ့မှ သြဂုတ်လ (၂၄) ရက်နေ့အထိ မန္တလေးအကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၈၀ ခုနှစ်တွင် ကလေးမြို့နယ်ရှေ့နေကြီးများအဖွဲ့တွင် ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့မှ (၁၉) ရက်နေ့အထိ ကလေးမြို့တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပြီးစကတည်းက တိုင်းရင်းသားခေါင်းဆောင်၊ ဇိုမီးအမျိုးသားကွန်ဂရက်၏ဥက္ကဋ္ဌဖြစ်သဖြင့် စစ်ထောက်လှမ်းရေး၏ အနီးကပ်စောင့်ကြပ်ကြည့်ရှုမှုကို ခံခဲ့ရသူဖြစ်သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁)ရက်နေ့တွင် နဝတမှ အမိန့်အမှတ် (၇/၉၂) ဖြင့် ဇိုမီးအမျိုးသားကွန်ဂရက်အားဖျက်သိမ်းခဲ့သဖြင့် ပူကျင့်ရှင်းထန်သည် ပါတီမဲ့ဖြစ်သွား၍ တသီးပုဂ္ဂအသွင်သို့ ရောက်ရှိသွားခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့ နံနက် (၄) နာရီအချိန်တွင် စစ်ထောက်လှမ်းရေးမှ နေအိမ်သို့လာရောက်ဖမ်းဆီးပြီး၊ ရန်ကုန်မြို့သို့ ခေါ်ဆောင်ကာ လူမဆန်စွာ စစ်ကြောမေးမြန်းမှုကိုခံခဲ့ရပြီး မတ်လ (၁၉) ရက်နေ့တွင်မှ ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးပါတီများအား နဝတမှ ဖျက်သိမ်းနေသည့်ကာလ ၁၉၉၃ ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် ကလေးမြို့၌ ထပ်မံဖမ်းဆီးခံခဲ့ရပြီး နေအိမ်အကျယ်ချုပ်ဘဝဖြင့် စစ်ထောက်လှမ်းရေးအမှတ် (၁၇) မှအရာရှိထံ နံနက် (၈) နာရီတကြိမ်၊ ညနေ (၅) နာရီတကြိမ် သတင်းပို့နေခဲ့ရသည်။ ရှေ့နေအဖြစ် အသက်မွေးဝမ်းကြောင်းလုပ်ငန်းကိုပါ လုပ်ခွင့်မပြုသဖြင့် မိသားစုစားဝတ်နေရေးအခက်တွေ့ခဲ့ရသည်။ ဇွန်လ (၁) ရက်နေ့အထိဖြစ်သည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက်ဆက်လက်ဆောင်ရွက်သဖြင့် ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့မှ (၂၄) ရက်နေ့အထိ ထပ်မံထိန်းသိမ်းခြင်းခံခဲ့ရပြန်သည်။ စစ်ထောက်လှမ်းရေး၏ ညှဉ်းပမ်းနှိပ်စက်မှုကြောင့် ကျန်းမာရေးယိုယွင်းလာသည်အထိဖြစ်ခဲ့ရသည်။ ဇိုမီးအမျိုးသားကွန်ဂရက်ဗဟိုတွင် ဥက္ကဋ္ဌဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စစ်အာဏာရှင်များမှ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်အား အကောင်အထည်ဖော်မပေးသဖြင့် တိုင်းရင်းသားလူမျိုးစုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ပြည်သူ့လွှတ်တော်တရပ်ကို မကြာမီခေါ်ယူမည်ဖြစ်ကြောင်း၊ ၁၉၉၈ ခုနှစ်၊ သြဂုတ်လ (၂၁) ရက်နေ့တွင် ကြေညာခဲ့အပြီး စစ်အာဏာရှင်များက တိုင်းရင်းသားလူမျိုးစုနိုင်ငံရေးပါတီခေါင်းဆောင်တဦးဖြစ်သူ ပူကျင့်ရှင်းထန်အား ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့မှ ၁၉၉၉ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့အထိ ရန်ကုန်မြို့တွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။ ပထမ ရဲမွန်ရှိ အမှတ် (၂၂၀) ခြေမြန်တပ်ရင်းတွင် ထိန်းသိမ်းထားခဲ့ပြီးနောက် ကိုးမိုင်ခွဲရှိ စစ်ထောက်လှမ်းရေးတပ်စခန်း တွင်ပြောင်းရွှေ့၍ သီးခြားချုပ်နှောင်ထားခဲ့ရာ ကျောက်ကပ်နှင့်အခြားရောဂါဝေဒနာများဖြစ်ပွားခဲ့ပြီး၊ ကျန်းမာရေးချို့ယွင်းလာသဖြင့် စစ်ထောက်လှမ်းရေးမှ ပြန်လွှတ်ပေးခဲ့သည်။ ပြန်လွှတ်လာပြီး ရန်ကုန်မြို့၊ ဆာကူရာဆေးခန်းတွင် ဆေးဝါးကုသခဲ့ရသည်။ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာအယ်လ်ဗာရိုဒီဆိုတိုမှ တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ခေါင်းဆောင်များအား ရန်ကုန် မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံးတွင် တွေ့ဆုံခဲ့ရာတွင် ပါဝင်သဖြင့် ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့မှ ၂၀၀၁ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့အထိ စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၂၀၀၂ ခုနှစ်၊ အောက်တို ဘာလ (၂၃) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ တိုးချဲ့ဖွဲ့စည်းသည့်အခါ ဇိုမီးအမျိုးသားကွန်ဂရက်၏ကိုယ်စားလှယ်အဖြစ် ပါဝင်လာခဲ့သည်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
# ကျင်းပရေးကော်မရှင်
# ကြေညာချက်အမှတ် (၇၀၁)
# (၁၃၅၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်)
# (၁၉၉၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်)

**အကြောင်းအရာ ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ တီးတိန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၁၈,၁၈၀) ဦးအနက် (၁၃,၆၇၄) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့်ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၁၃,၀၂၁) မဲရရှိခဲ့ပါသည်။ ယင်း ခိုင်လုံသော ဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည် ....

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ပူကျင့်ရှင်းထန် | ဇိုမီးအမျိုးသားကွန်ဂရက် | ၅၄၀၈ | ၄၁ . ၅၃ |
| (ခ) | ဦးစီဗင်ကြူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ | ၃၁၅၉ | ၂၄ . ၂၆ |
| (ဂ) | ဦးဆွန်ကျင့်လျန် | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး အဖွဲ့ချုပ် (ဒီ/ငြိမ်း)။ | ၁၅၃၉ | ၁၁ . ၈၂ |
| (ဃ) | ဦးပေါင်ဒိုနန် | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | ၂၉၁၅ | ၂၂ . ၃၉ |

၂။ သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (က) ပါ ခိုင်လုံသော ဆန္ဒမဲအများ ဆုံးရရှိသည့် ပူကျင့်ရှင်းထန်သည် ချင်းပြည်နယ်၊ တီးတိန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

## ၄။ တွန်းဇံမြို့နယ်မဲဆန္ဒနယ်။

### တာန်ထန်လျန်းပေါင်၊ ဇိုမီးအမျိုးသားကွန်ဂရက်။

တာန်ထန်လျန်းပေါင်သည် တွန်းဇံမြို့နယ်မဲဆန္ဒနယ်တွင် ဇိုမီးအမျိုးသားကွန်ဂရက်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃,၄၈၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၆ . ၃၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ (၁၈)ရက်နေ့တွင် အဖ ဦးခါတ်ခန့်ထန်၊ အမိ ဒေါ်ညောင်းကျင့်တို့မှ မွေးဖွားခဲ့သည်။ တွန်းဇံမြို့နယ်၊ ပန်မွာလ်ကျေးရွာဇာတိဖြစ်သည်။ တာန်ထန်လျန်းပေါင်သည် ပန်မွာလ်ကျေးရွာအစိုးရ မူလတန်းကျောင်း၊ ထွေးမွီအစိုးရ အလယ်တန်းကျောင်း၊ တမူးမြို့အစိုးရအထက်တန်းကျောင်းတို့တွင် ပညာ

သင်ကြားခဲ့ပြီး၊ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ မုံရွာဒေသကောလိပ်၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ မန္တလေးတက္ကသိုလ်တို့တွင် ဆက်လက်ပညာသင်ကြားခဲ့ကာ ဘီအက်စ်စီ (ဂုဏ်ထူး) ဘွဲ့ရခဲ့သည်။ ၁၉၈၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် မဟာသိပ္ပံနောက်ဆုံးနှစ်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၇၄ ခုနှစ်မှစ၍ လမ်းစဉ်လူငယ်သင်တန်း၊ လမ်းစဉ်လူငယ်ခေါင်းဆောင် သင်တန်း၊ လမ်းစဉ်လူငယ်မွမ်းမံသင်တန်းတို့ တက်ခဲ့သည်။ ၁၉၈၃–၈၄ ခုနှစ်တွင် မန္တလေးတက္ကသိုလ် ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်၊ ၁၉၈၅–၈၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် တိုင်းရင်းသား ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်၊ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလအထိ ဇိုမီးအမျိုးသားကွန်ဂရက်တွင် အထွေထွေအတွင်း ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် နဝတ အမိန့်အမှတ် (၇/၉၂) ဖြင့် ဇိုမီးအမျိုး သား ကွန်ဂရက်အားဖျက်သိမ်းခဲ့သဖြင့် တာန်ထန်လျန်းပေါင်သည် ပါတီမဲ့ဖြစ်သွား၍ တသီးပုဂ္ဂလအသွင်သို့ ရောက်ရှိသွားသည်။

## ၅။ ထန်တလန်မြို့နယ်မဲဆန္ဒနယ်။

### ဒေါက်တာမှုထန်၊ တသီးပုဂ္ဂလ။

ဒေါက်တာမှုထန်သည် ထန်တလန်မြို့နယ်မဲဆန္ဒနယ်တွင် တသီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၇,၃၂၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၈ . ၀၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဟဲသွမ်း ၏သားဖြစ်သည်။ ၁၉၄၈ ခုနှစ်၊ မေလ (၁၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်၍ ၁၉၇၃ ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ (အမ်ဘီဘီအက်စ်) ရခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် အလုပ်သင်ဆရာဝန်၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့တွင် လက်ထောက်ဆရာဝန်၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ထန်တလန်မြို့ နယ် ဆရာဝန်၊ ထိုမှ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့တွင် ရာထူးမှနုတ်ထွက်ခဲ့သည်။ မြို့နယ်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်စဉ် ပဋ္ဌမအကြိမ်ပါတီညီလာခံ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ် ပြည်နယ် ပြည်သူ့ကောင်စီ (အချိန်ပိုင်း) အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ဒေါက်တာမှုထန်အပေါ် ၎င်း၏ ရွေး ကောက်ပွဲယှဉ်ပြိုင်ဘက် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးနွှန်အုပ်မှ ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်း ခဲ့သဖြင့် ရွေးကောက်ပွဲခုံအမှတ် (၅) မှ ကြားနာစစ်ဆေးခြင်းခံခဲ့ရသည်။ ယခင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်ခဲ့ပြီး အဖွဲ့ချုပ်ဗဟိုနှင့် သဘောထားမတိုက်ဆိုင်သဖြင့် အဖွဲ့ချုပ်မှနုတ်ထွက်ပြီး တသီးပုဂ္ဂလအဖြစ် ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၂ ခုနှစ်တွင် ကျင်းပသည့် အမျိုးသားညီလာခံ ကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲ၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိကျင်းပခဲ့သည့် အမျိုးသားညီလာခံနှင့် ၂၀၀၄ ခုနှစ်တွင် ပြန်လည်ကျင်းပသည့် အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ပြီး၊ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပသည့် အမျိုးသားညီလာခံသို့ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ပါဝင်တက်ရောက်ခဲ့သည်။ ၁၆–၁၀–၂၀၀၃ ရက်နေ့က ချင်းပြည်နယ်၊ ဟားခါး မြို့ရှိ ဝမ္မသုမောင်အားကစားဥယျာဉ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကြီးကကြီးမှူး ကျင်းပခဲ့ သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး၌ သဘာပတိအဖွဲ့ဝင်တဦးအဖြစ် ဆောင်ရွက်ခဲ့သည်။

**၆။ ပလက်ဝမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးကျော်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးကျော်ထွန်းသည် ပလက်ဝမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃,၉၆၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၈ . ၁၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ပလက်ဝမြို့နယ်၊ ထွိုပုန်းဝကျေးရွာဇာတိဖြစ်သည်။ အဖ ဦးလိုင်းဖား၏သားဖြစ်သည်။ ဦးကျော်ထွန်းသည် ငှားရွှာ အစိုးရမူလတန်းကျောင်း၊ ပလက်ဝမြို့အစိုးရအထက် တန်းကျောင်း၊ ရန်ကုန်မြို့ ပြည်ထောင်စုအထက်တန်းကျောင်းတို့၌ ပညာသင်ကြားခဲ့ပြီး၊ တန်းမြင့်ကျောင်းထွက်စာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ပလက်ဝမြို့နယ်ကုန်သွယ်ရေးတွင် စာရေးဝန်ထမ်း၊ ထိုမှ ၁၉၆၇ ခုနှစ်တွင် မဒီယာနှင့်လက်ထပ်၍ သားသုံးယောက်၊ သမီးသုံးယောက်ထွန်းကားသည်။ ၁၉၇၂ ခုနှစ်တွင် ပလက်ဝမြို့နယ် နလက အတွင်းရေးမှူး၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပလက်ဝမြို့နယ်ကောင်စီ အတွင်းရေးမှူး၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မြို့နယ်လုပ်ငန်းစစ် ဥက္ကဋ္ဌ၊ ၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလတွင် စစ်တွေမြို့၌ တည်းခိုရိပ်သာစခန်း ဝယ်ယူဖွင့်လှစ်ခြင်းကိုဦးဆောင်မှုပေးခဲ့ခြင်းအတွက် မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌတာဝန်မှ ရပ်ဆိုင်းခြင်းခံရသည်။ ၁၉၈၅ ခုနှစ်တွင် စားထွေရုံးချုပ်၊ ရန်ကုန်မြို့သို့ပြောင်းရွှေ့သည်။ ၁၉၈၉ ခုနှစ်၊ မတ်လတွင် ကျွမ်းကျင်အဆင့် (၈) ရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။ ပလက်ဝမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ချင်းပြည်နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့တွင် စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

**၇။ ပလက်ဝမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးထွေးအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးထွေးအောင် (ခ) ဦးထုပ်အောင်သည် ပလက်ဝမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၇၃၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၁ . ၃၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးခင်တလီ၏သားဖြစ်သည်။ ပလက်ဝမြို့နယ်၊ ဖလုံချောင်းကျေးရွာဇာတိဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင်မွေးဖွားခဲ့သည်။ ဦးထွေးအောင် (ခ) ဦးထုပ်အောင်သည် ၁၉၅၉–၆၀ ခုနှစ်တွင် ပလက်ဝမြို့နယ် အစိုးရအထက်တန်းကျောင်း၊ ၁၉၆၄ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ဖွံ့ဖြိုးရေးသိပ္ပံ (စစ်ကိုင်း) တို့တွင် ပညာသင်ကြားခဲ့၍ ၁၉၆၅–၆၆ ပညာသင်နှစ်တွင် တန်းမြင့်ကျောင်းထွက်စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၆၇–၆၈ ခုနှစ်တွင် မူလတန်းပြဆရာ၊ ၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ မူလတန်းကျောင်းအုပ်၊ ၁၉၇၂ ခုနှစ်တွင် အလယ်တန်းပြဆရာသင်တန်း အောင်မြင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် အလယ်တန်းပြဆရာ၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပလက်ဝမြို့နယ်လုပ်ငန်းစစ်အဖွဲ့ဝင်၊ ၁၉၇၈–၇၉ ခုနှစ်တွင် မြို့နယ်ကောင်စီအတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။

**၈။ ဖလမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**စီကေတိုက်ကွဲလ်၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

စီကေတိုက်ကွဲလ်သည် ဖလမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ချင်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၆,၁၃၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၄ . ၅၃) ဖြင့် ရွေးချယ်

တင်မြှောက်ခြင်းခံခဲ့ရသည်။ ဗိုလ်မှူးတိုက်ကွဲလ် (အငြိမ်းစား၊ ကွယ်လွန်) ၏သားဖြစ်သည်။ ၁၉၂၉ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ စီကေတိုက်ကွဲလ်သည် ၁၉၄၈ ခုနှစ်မှ ၁၉၅၄ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စုသို့ ပညာတော်သင်သွားရောက်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှစ၍ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (မြန်မာ့လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း) တွင် တာဝန်ထမ်းဆောင်ခဲ့ရာ ၁၉၇၁ ခုနှစ်မှ ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့အထိ ဒုတိယအင်ဂျင်နီယာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ဘီအက်စ်စီ၊ အိုင်အီးအီးဘွဲ့နှင့် အမ်အေ၊ အိုင်အီးအီးဘွဲ့တို့ရရှိခဲ့သည်။ ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တွင် နာယကတာဝန်ယူခဲ့သည်။

## ၉။ ဖလမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

## ဒေါက်တာဇလှယ်ထန်၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာဇလှယ်ထန်သည် ဖလမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄,၇၅၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၀ . ၂၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၄ ခုနှစ်၊ ဧပြီလ (၆) ရက်နေ့တွင် အဖ ဦးဟရန်ရှင်၊ အမိ ဒေါ်ခေါ လျန်စွဲတို့မှ မွေးဖွားခဲ့သည်။ ဖလမ်းမြို့နယ်၊ ကလေမွန်ရွာဇာတိဖြစ်သည်။ ဒေါက်တာဇလှယ်ထန်သည် ၁၉၆၄ ခုနှစ်တွင် ရန်ကုန်မြို့ မြို့မအထက်တန်းကျောင်းမှ ဒသမတန်းအောင်မြင်ခဲ့ပြီး၊ ၁၉၆၅ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ရန်ကုန်ဆေးတက္ကသိုလ် (၁) တွင် ဆရာဝန် (အမ်ဘီဘီအက်စ်) ဘွဲ့ရသည်အထိ ပညာသင်ကြားခဲ့သည်။ တော်လှန်ရေးကောင်စီလက်ထက် ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့မှစ၍ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ် (မူကြမ်း) ရေးဆွဲရေးနှင့်ပတ်သက်၍ လုပ်သားပြည်သူများထံမှ အကြံဉာဏ်များပေးကြရန် ဖိတ်ခေါ်တောင်းခံခဲ့ရာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အကြံပြုခဲ့သဖြင့် ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် စစ်ထောက်လှမ်းရေးအမှတ် (၆) မှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုသည့်နေ့တွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြန်လွတ်သည်။

၁၉၇၉ ခုနှစ်မှစ၍ ကလေးမြို့၊ တာဟန်းရပ်တွင် ကိုယ်ပိုင်ဆေးခန်းဖွင့်ထားခဲ့သည်။ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုဥက္ကဋ္ဌအဖွဲ့ အဖွဲ့ဝင်နှင့် မြို့နယ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဖလမ်းမြို့နယ် ဥက္ကဋ္ဌအဖြစ် နိုင်ငံရေးစည်းရုံးမှုများဆောင်ရွက်နေစဉ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဒေါက်တာဇလှယ်ထန်အား ချင်းအမျိုးသားတပ်ဦး (CNF) နှင့် ဆက်သွယ်မှုရှိသည်ဟုလုပ်ကြံစွပ်စွဲခဲ့သဖြင့် စစ်ထောက်လှမ်းရေးမှ ဒေါက်တာဇလှယ်ထန်၏ ကလေးမြို့၊ တာဟန်းရပ်နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။ မည်သည့် သက်သေခံအထောက်အထားမျှ ရှာဖွေတွေ့ရှိခြင်းမရှိသည့်အခါ ဒေါက်တာဇလှယ်ထန်၏နေအိမ်မှ တရားဝင်ခွင့်ပြုချက်ဖြင့်ထုတ်ဝေထားသည့် နိုင်ငံရေးစာအုပ်စာတမ်းအချို့ကို သိမ်းယူခဲ့ပြီး ပုံနှိပ်အက်ဥပဒေဖြင့် အမှုဆင်တရားစွဲဆိုခြင်းခံခဲ့ရသည်။ အာမခံဖြင့်အမှုရင်ဆိုင်နေစဉ် ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲတွင် ဖလမ်း (၂) မဲဆန္ဒနယ်မှ ဒေါက်တာဇလှယ်ထန် အနိုင်ရရှိခဲ့သည့်အခါ အာဏာပိုင်များမှ အဆိုပါအမှုဖြင့် ဖမ်းဆီးထောင်ချရန် စီမံလုပ်ဆောင်လာခဲ့သည်။ နောက်ဆုံး တရားရုံးအမှုချိန်းရက်ဖြစ်သည့် ၂၁-၁၂-၉၀ ရက်နေ့တွင် ဝရမ်းထုတ်၍ ဖမ်းဆီးရန်လုပ်ဆောင်လာသည်ကို ကြိုတင်သိရှိရသဖြင့် ၁၇-၁၂-၉၀ ရက်နေ့တွင် ကလေးမြို့ တာဟန်းရပ်နေအိမ်မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာတိမ်းရှောင်ခဲ့သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂)

ရက်နေ့တွင် ကြေညာချက်အမှတ် (၉၁၄) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူအဖြစ်မှ ပယ်ဖျက်ကြောင်း ကြေညာခဲ့သည်။ ယင်းကြေညာချက်တွင် ဒေါက်တာဇလှယ်ထန်သည် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ ပုဒ်မ (၂၀) အား ကျူးလွန်ခဲ့သဖြင့် ကလေးမြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှတ် (၁၃၇/၉၀) အရ အရေးယူလျက်ရှိစဉ် ယင်းသည် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ အိုက်ဇော မြို့သို့ တိမ်းရှောင်နေထိုင်လျက်ရှိသည့်အတွက် တရားခံပြေးအဖြစ် ကြေညာထားကြောင်း၊ သက်ဆိုင်ရာ တရားရုံး၏စီရင်ချက်တွင် ဖော်ပြထားသည်ကိုတွေ့ရှိရသဖြင့် ဦးဇလှယ်ထန်သည် နိုင်ငံခြားတိုင်းပြည်တပြည်တွင် နေထိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံတော်အစိုးရ၏ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ခြင်းမပြုတော့ဘဲ နိုင်ငံခြားအစိုးရ၏လက်အောက်ခံအဖြစ် ရောက်ရှိနေသည်ကို တွေ့ရှိရသည်။ သို့ပါ၍ ဦးဇလှယ်ထန်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) ပုဒ်မခွဲ (ဃ) နှင့် ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် ယင်း အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက် ကြောင်းဖော်ပြပါရှိသည်။ ထို့ပြင် ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့တွင် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါက်တာဇလှယ်ထန်အား ထုတ်ပယ်ခဲ့သည်။

## ၁၀။ မတူပီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးရှိအုပ်၊ မရာပြည်သူ့ပါတီ (မ–ပ–ပ)။

ဦးရှိအုပ်သည် မတူပီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် မရာပြည်သူ့ပါတီ (မ–ပ–ပ) အား ကိုယ်စား ပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃,၄၅၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၄ . ၁၃) ဖြင့် ရွေးချယ်တင်မြှောက် ခြင်းခံခဲ့ရသည်။ မတူပီမြို့နယ်၊ တီးဆီးရွာဇာတိဖြစ်သည်။ အဖ ဦးလှထွေး၊ အမိ ဒေါ်နေကူတို့မှ ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် မွေးဖွားသည်။ ဦးရှိအုပ်သည် တီးဆီးရွာအစိုးရမူလတန်းကျောင်း၊ လိုက်လင်းပီ အစိုးရအလယ်တန်းကျောင်း၊ မုတ္တမ အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး၊ ၁၉၈၁–၈၂ ပညာသင်နှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၈၃–၈၄ ခုနှစ်တွင် ကြည့်မြင်တိုင် ဒေသကောလိပ် (၃) တွင် ပထမနှစ်နှင့် ဒုတိယနှစ်တို့ကို တက်ရောက်အောင်မြင်ခဲ့ပြီး၊ ၁၉၈၆–၈၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် (ပင်မ) တွင် တတိယနှစ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ မုတ္တမအစိုးရ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ စဉ်က ပညာထူးချွန်ဆုရခဲ့သည်။ တက္ကသိုလ်ဒုတိယနှစ်နှင့် တတိယနှစ်များတွင် မရာနယ်လုံးဆိုင်ရာ ကျောင်း သားများအစည်းအရုံး ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မတူပီမြို့နယ် တက္ကသိုလ်ကျောင်းသားများအသင်းတွင်လည်း ကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် နဝတမှ အမိန့်အမှတ် (၇/၉၂) ဖြင့် မရာပြည်သူ့ပါတီအား ဖျက်သိမ်းလိုက်သဖြင့် ဦးရှိအုပ်သည် ပါတီမဲ့ဖြစ်သွားကာ တသီးပုဂ္ဂလအသွင်သို့ ရောက်ရှိသွားသည်။

## ၁၁။ မတူပီမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးရွှေထန်း (ခ) ဦးဆွေထား၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးရွှေထန်း (ခ) ဦးဆွေထားသည် မတူပီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄,၄၁၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၇ . ၅၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မတူပီမြို့ဇာတိဖြစ်သည်။ အဖ ဦးခိတုံ၊ အမိ ဒေါ်ထွေရင်တို့မှ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးရွှေထန်း (ခ) ဦးဆွေထားသည် လေကန်းရွာ အစိုးရမူလတန်း

ကျောင်း၊ စာလ်တောင်ရွာ အစိုးရအလယ်တန်းကျောင်း၊ မတူပီမြို့ အစိုးရ အထက်တန်းကျောင်း၊ မင်းတပ်မြို့ အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ စစ်ကိုင်း၊ တိုင်းရင်းသားဖွံ့ဖြိုးရေးသိပ္ပံ အမှတ်စဉ် (၁)သို့ တက်ရောက်အောင်မြင်ခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ မူလတန်းကျောင်းအုပ်ဆရာကြီး၊ ၁၉၇၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မတူပီမြို့ အစိုးရအထက်တန်းကျောင်းတွင် အလယ်တန်းပြဆရာ၊ ၁၉၈၁ ခုနှစ်တွင် ဗဟိုနိုင်ငံရေးတက္ကသိုလ်တွင် အလုပ်သမားစီမံခန့်ခွဲမှုသင်တန်းတက်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် အယ်လ်အယ်လ်ဘီဘွဲ့နှင့် ၁၉၈၇ ခုနှစ်တွင် ဘီအီးဒီဘွဲ့ရသည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မတူပီမြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ ၁၉၈၆ ခုနှစ်တွင် အခြေခံနိုင်ငံရေးသင်တန်းတက်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလအထိ အလယ်တန်းကျောင်းအုပ်တာဝန်ထမ်းဆောင်ခဲ့ပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံရန်အတွက် ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှစ၍ လက်ရှိရာထူးမှနုတ်ထွက်ခဲ့သည်။

## ၁၂။ မင်းတပ်မြို့နယ်မဲဆန္ဒနယ်။

### ဦးရှိန်းဖေလိန်း၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးရှိန်းဖေလိန်းသည် မင်းတပ်မြို့နယ်မဲဆန္ဒနယ်တွင် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၅,၅၄၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၂ . ၀၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးနိန်ရှိန်းဖေ၊ အမိ ဒေါ်ထန်းလီးရှုတို့မှ ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးရှိန်းဖေလိန်းသည် လိုရုံးရွာဘုန်းတော်ကြီးကျောင်း၊ မင်းတပ်အစိုးရ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ရာ စတုတ္ထတန်းနှင့် သတ္တမတန်းတို့တွင် စကောလားရှစ်ရခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်စာမေးပွဲအောင်မြင်၍ ၁၉၅၈ ခုနှစ်တွင် မင်းတပ်မြို့အစိုးရအထက်တန်းကျောင်း၌ အလယ်တန်းပြ ဆရာဝင်လုပ်သည်။ ၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ရန်ကုန်ဆရာအတတ်သင်တွင် အလယ်တန်းပြသင်တန်းတက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၈၄ ခုနှစ်အထိ အလယ်တန်းပြဆရာနှင့် ကျောင်းအုပ်ကြီး၊ ချင်းပြည်နယ်နည်းပြဆရာ (ပြည်ထောင်စုကျောင်းနှင့် စစ်ကိုင်းဖွံ့ဖြိုးရေးသိပ္ပံ)၊ ၁၉၈၄ ခုနှစ်တွင် နာမကျန်းပင်စင် ယူခဲ့သည်။ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌ၊ ဗဟိုနာယက စသည်ဖြင့်ဆောင်ရွက်ခဲ့သည်။


## ၁၃။ ဟားခါးမြို့နယ်မဲဆန္ဒနယ်။

### ဦးလျန်အုပ်၊ တသီးပုဂ္ဂလ။

ဦးလျန်အုပ်သည် ဟားခါးမြို့နယ်မဲဆန္ဒနယ်တွင် တသီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၅,၁၄၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၇ . ၀၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၇ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက် နေ့ဖွားဖြစ်သည်။ အဖ ဦးမှုန်နော်လ်၏သားဖြစ်သည်။ ဦးလျန်အုပ်သည် ၁၉၅၉ ခုနှစ်တွင် ကျောင်းထွက်လက်မှတ်ရစာမေးပွဲကိုအောင်မြင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် စစ်တွေစာစစ်ဌာနမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး၊ ၁၉၅၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ပလက်ဝမြို့နယ်၊ ဒလတ်မေအစိုးရ အလယ်တန်းကျောင်းတွင် တာဝန်ခံကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ၁၉၆၈ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ တို့ရခဲ့သည်။ တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ် ရန်ကုန်တက္ကသိုလ် ချင်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ကော်မတီ အတွင်းရေးမှူး၊ ယင်းကော်မတီမှထုတ်ဝေသည့် ၁၉၆၈–၆၉ ခုနှစ် နှစ်လည်မဂ္ဂဇင်းကော်မတီ ဥက္ကဋ္ဌ၊ ၁၉၆၉–၇၀ ခုနှစ်တွင် အထက်တန်းရှေ့နေ၊ ၁၉၇၁ ခုနှစ်မှ ၁၉၉၀

ပြည့်နှစ်အထိ တရားရုံးချုပ်ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည်။ ဦးလျှန်အုပ်အား ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ ၅ (က)(ယ)(ည)၊ ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ (၅၁၂) အရ ဟားခါးမြို့နယ် တရားရုံးတွင် တရားစွဲဆိုထားစဉ် ထွက်ပြေး တိမ်းရှောင်သွား သဖြင့် တရားခံပြေးအဖြစ်ကြေညာခဲ့သည်။ ဦးလျှန်အုပ်သည် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ (၅) (ည) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (ည) နှင့်ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ကြေညာခဲ့သည်။

## (၅) စစ်ကိုင်းတိုင်း။



မြန်မာနိုင်ငံ၏အနောက်မြောက်ဘက်တွင် တည်ရှိသည်။ အနောက်ဘက်တွင် ချင်းပြည်နယ်၊ အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့ဘက်တွင် ရှမ်းပြည်နယ်၊ တောင်ဘက်တွင် မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့နှင့် ထိစပ်လျက်ရှိသည်။ မြောက်လတ္တီတွဒ် (၂၁) ဒီဂရီ (၃၀) မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် (၉၄) ဒီဂရီနှင့် (၉၇) ဒီဂရီအတွင်း တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၃၆,၅၃၅) ကျယ်ဝန်းသည်။ တိုင်းမြို့တော်မှာ စစ်ကိုင်းမြို့ဖြစ်သည်။

စစ်ကိုင်းတိုင်းတွင် မြို့နယ် (၃၈) မြို့နယ်ရှိ မဲဆန္ဒနယ် (၅၈) နယ်၌ နိုင်ငံရေးပါတီအဖွဲ့အစည်းများ ကိုယ်စားပြုယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း (၂၃၁) ဦး၊ တသီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်း (၁၁) ဦး၊ စုစုပေါင်း (၂၄၂) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ (၅၂) နေရာ၊ နာဂတောင်တန်းဒေသတိုး တက်ရေးပါတီနှင့်တသီးပုဂ္ဂလတို့ (၂) နေရာစီ၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီတို့မှ (၁) နေရာစီ အသီးသီးရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည်။

## ၁။ ကနီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးခင်မောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးခင်မောင်သန်းသည် ကနီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၂၃၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၇ . ၈၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးညွန့်၊ အမိ ဒေါ်အုန်းကြည်တို့မှ ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ကနီမြို့နယ်၊ လက်ပံစုရွာဇာတိဖြစ်သည်။ ဦးခင်မောင်သန်းသည် ကနီမြို့အစိုးရ အထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်ပြီး မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် ဆက်လက်ပညာဆက်လက် သင်ကြားခဲ့သည်။ ၁၉၆၉ ခုနှစ်၊ ကျွန်းဆွယ်အရေးအခင်းတွင် ပါဝင်လှုပ်ရှားခဲ့သဖြင့် (၁) နှစ်နှင့် (၆) လ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၇၃ ခုနှစ်တွင် ပြင်ပမှဖြေဆိုပြီး မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ သိပ္ပံ (သင်္ချာ) ဘွဲ့ရခဲ့သည်။ ၁၉၈၈ ခုနှစ်အထိ ကနီမြို့နယ်အတွင်း တွဲဘက်ကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ကနီမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၂၁) ဦး ကော်မတီတွင် ကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

## ၂။ ကနီမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးသန့်ဇင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသန့်ဇင်သည် ကနီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၇၈၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၂ . ၅၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့ဖွားဖြစ်သည်။ မော်လိုက်မြို့ဇာတိဖြစ်သည်။ အဖ ဦးဘစိန်၏သားဖြစ်သည်။ ဦးသန့်ဇင်သည် မော်လိုက်မြို့အစိုးရ အထက်တန်းကျောင်း၊ မန္တလေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့၍ စိုက်ပျိုးရေးပညာဘွဲ့ရခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မြေကျေးရှင်း (ရုံးချုပ်)၊ ကနီမြေကျေးရှင်း၊ လယ်စိုက်ရှင်းတို့တွင် မြို့နယ်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဖွင့်လှစ်၍ အသက်မွေးခဲ့သည်။

## ၃။ ကလေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။

### ဦးဒိုထောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဒိုထောင်သည် ကလေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၃၈၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၂ . ၈၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဖလမ်းမြို့နယ်၊ ဘိုကြုံးရွာဇာတိဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်တွင် အဖ ဦးလျန်ခွန်း၊ အမိ ဒေါ်ထန်းမန်းတို့မှမွေးဖွားခဲ့သည်။ ဦးဒိုထောင်သည် ခေါ်ပွာလ်အစိုးရမူလတန်းကျောင်း၊ ဖလမ်းမြို့အစိုးရအထက်တန်းကျောင်း၊ တီးတွာလ်အစိုးရ အလယ်တန်းကျောင်း၊ ဟားခါးမြို့အစိုးရအထက်တန်းကျောင်းတို့တွင် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့ပြီး၊ ကျန်းမာရေးမှူးသင်တန်းကို ၁၉၆၂ ခုနှစ်တွင်အောင်မြင်ခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ထန်တလန်၊ ကန်ပက်လက်၊ ကလေး၊ မော်လိုက်၊ ဟုမ္မလင်းမြို့တို့တွင် ကျန်းမာရေးမှူး၊ ၁၉၈၈ ခုနှစ်၊ (၁၃၅၀ ပြည့်နှစ်) ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင်ပါဝင်ခဲ့၍ ၁၉၈၉ ခုနှစ်တွင်အလုပ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ မေလ (၂၁) ရက်နေ့တွင် စစ်ထောက်လှမ်းရေးအမှတ် (၁၇) မှ ဖမ်းဆီးခြင်းခံခဲ့ရပြီး၊ ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၂) နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့် ထောင်ဒဏ် (၇) နှစ် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ [ ၂၂–၈–၉၆ ရက်နေ့ထုတ် နဝတသတင်းစာ

များတွင် အိန္ဒိယနိုင်ငံ အခြေစိုက်လုပ်ရှားလျက်ရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါက်တာတင့်ဆွေဦးစီးသောအဖွဲ့က ပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဒိုထောင်း (ကလေးမြို့)၊ ခွန်မြင့်ထွန်း (သထုံမြို့) အပါအဝင် (၁၉) ဦးအား ဆက်သွယ်၍ ပြည်ပသင်တန်းသို့ သင်တန်းသားများစေလွှတ်ပေးရန်၊ လှုံ့ဆော်ဝါဒဖြန့်စာစောင်များဖြန့်ဝေရန်အပြင် မုံရွာမြို့၌ ပြည်ပအုပ်စု၏ လျှို့ဝှက်ရုံးခွဲဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ခြင်းများအတွက် ဖမ်းဆီးအရေးယူရကြောင်းဖော်ပြခဲ့သည်။] ၂၀၀၃ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် မန္တလေးထောင်မှ ပြန်လွတ်သည်။

## ၄။ ကလေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါက်တာသိန်းဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာသိန်းဝင်းသည် ကလေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၁၆၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၇ . ၂၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘို၊ အမိ ဒေါ်သန်းထိုက်တို့မှ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ မုံရွာမြို့ဇာတိဖြစ်သည်။ ဒေါက်တာသိန်းဝင်းသည် မင်းကင်းမြို့၊ အစိုးရမူလတန်းကျောင်းအမှတ် (၂) နှင့် အစိုးရအထက်တန်းကျောင်းအမှတ်(၂)၊ မုံရွာမြို့၊ အစိုးရအထက်တန်းကျောင်းအမှတ်(၃)၊ အစိုးရအထက်တန်းကျောင်းအမှတ် (၂) တို့တွင် အခြေခံပညာသင်ယူပြီးနောက် ဆေးတက္ကသိုလ် (၂) ရန်ကုန်မှ ၁၉၇၈ ခုနှစ်တွင် ဆရာဝန်ဘွဲ့ရခဲ့သည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ အလုပ်သင်ဆရာဝန် မင်္ဂလာဒုံစစ်ဆေးရုံကြီး၊ တာဝန်ခံဆရာဝန် တာဟန်သမဆေးခန်း၊ ဇနီး ဒေါ်ကြည်ကြည်မြင့်နှင့် သားသမီး (၅) ယောက်ထွန်းကားသည်။ ၁၉၈၈ ခုနှစ်၊ (၁၃၅၀ ပြည့်နှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါဝင်ခဲ့သည်။ ၁၉၇၉ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ လက်ထောက်ပါတီစိတ်မှူး၊ ညောင်ပင်သာရပ်၊ ကလေးမြို့တွင် တာဝန်ယူခဲ့သည်။ ကလေးမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ပြင်ပဆရာဝန်အဖြစ် ကိုယ်ပိုင်ဆေးခန်းဖွင့်၍ အသက်မွေးသည်။ အူကင်ဆာဖြစ်သဖြင့် ရန်ကုန်မြို့၊ ဂျပန်ဆေးရုံကြီးတွင် တက်ရောက်ကုသနေစဉ် ၂၀၀၆ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့ နေ့လည် (၂) နာရီ (၁၀) မိနစ်၌ ကွယ်လွန်သည်။

ဒေါက်တာသိန်းဝင်းကွယ်လွန်ခြင်းအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှထုတ်ပြန်သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာ ...

### "ဝမ်းနည်းကြောင်းသဝဏ်လွှာ"

စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းဝင်းသည် ၂၀၀၆ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း ဝမ်းနည်းကြေကွဲဖွယ်ကြားသိရပါသည်။ ဒေါက်တာသိန်းဝင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်တဦးအနေဖြင့် မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ပြန်လည်ရှင်သန်ရေးအတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်နေသူလည်းဖြစ်ပါသည်။ ဒေါက်တာသိန်းဝင်း၏ ဆောင်ရွက်ချက်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လေးစားဂုဏ်ယူလျက်ရှိပါသည်။ ဒေါက်တာသိန်းဝင်းအသက် ထင်ရှားရှိစဉ်က အဖွဲ့ချုပ်၊ဒီမိုကရေစီအင်အားစုများနှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည်များ၊ ဒီမိုကရေစီအင်အားစုများအား ပံ့ပိုးကူညီခဲ့သည်များကို အစဉ်သတိရလျက်ရှိပါသည်။ ဒေါက်တာသိန်းဝင်း ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## ဒေါက်တာသိန်းဝင်း
## (ကလေးမြို့)
## အသက် (၅၅) နှစ်

မုံရွာမြို့နေ (ဦးဘို–ဒေါ်သန်းထိုက်) တို့၏ သား၊ ကလေးမြို့နေ (ဦးဘတင်)–ဒေါ်အေးခင်တို့၏ သားသမက်၊ ဒေါ်ခင်ဆွေတင်၏ မောင်၊ (ဦးဇော်ဝင်း)–ဒေါက်တာခင်မာတင်တို့၏ အကို၊ ကလေးမြို့၊ ညောင်ပင်သာရပ်၊ ဗိုလ်ချုပ်လမ်း၊ ရတနာပုံထီဆိုင်နေ ဒေါ်ကြည်ကြည်မြင့်၏ ခင်ပွန်း၊ မမီမီလွင်၊ မမီမီတင်၊ မစန္ဒာဝင်း၊ မောင်အောင်မြင့်သိန်း၊ မခင်သူသူဝင်းတို့၏ ဖခင်သည် ၁၅–၃–၂၀၀၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၂ း ၁၀) နာရီတွင် ရန်ကုန်ဆေးရုံသစ် ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၃–၂၀၀၆ ရက် (တနင်္ဂနွေနေ့) နံနက် (၁၁) နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

### ၅။ ကလေးဝမြို့နယ်မဲဆန္ဒနယ်။

### ဦးတင်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်မောင်သည် ကလေးဝမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၉,၁၄၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၅ . ၈၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ လယ်ဝေးမြို့နယ်၊ ကြို့ပင်ရွာဇာတိဖြစ်သည်။ ၁၉၃၃ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးသန်းကျော်၏သားဖြစ်သည်။ ဦးတင်မောင်သည် ပျော်ဘွယ်မြို့အစိုးရအထက်တန်းကျောင်းမှ ရှစ်တန်းအောင်မြင်ခဲ့၍ ၁၉၅၅ ခုနှစ် တွင် ကိုလံဘိုစီမံကိန်း ပညာတော်သင်အဖြစ် ဩစတြေးလျသို့ သတ္တုတူးဖော်ရေးပညာ သွားရောက် သင်ကြားခဲ့သည်။ ၁၉၇၅ ခုနှစ်မှစ၍ ကလေးဝကျောက်မီးသွေးတွင်း (ကြေးနီစီမံကိန်း)၊ သတ္တုတွင်း အင်ဂျင်နီယာအဖြစ်လုပ်ကိုင်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် အလုပ်မှထွက်ပြီး၊ ကလေးဝမြို့တွင် စားသောက်ဆိုင် လုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျောက်မီးသွေးတွင်းအလုပ်သမားအစည်းအရုံး ဥက္ကဋ္ဌ၊ ကလေးဝမြို့နယ် အလုပ်သမားကောင်စီ အလုပ်အမှုဆောင်၊ ကြေးနီစီမံကိန်းအလုပ်သမားအစည်းအရုံး ဥက္ကဋ္ဌ၊ ၁၉၈၈ ခုနှစ်၊ (၁၃၅၀ ပြည့်နှစ်) ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင်ပါ၍ (၁) လကျော်ထိန်းသိမ်းခံခဲ့ရသည်။

### ၆။ ကသာမြို့နယ်မဲဆန္ဒနယ်။

### ဦးမြင့်ကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမြင့်ကြည်သည် ကသာမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅,၇၅၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၀ . ၄၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးတင်အောင်၊ အမိ ဒေါ်ချစ်တို့မှ ၁၉၅၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ကသာမြို့ဇာတိ ဖြစ်သည်။ ဦးမြင့်ကြည်သည် ငယ်စဉ်က ဆရာကြီးဦးဘိုနီ အလွတ်ပညာသင်ကျောင်းတွင် (၇)တန်းအောင်သည်အထိ ပညာသင်ကြားခဲ့ပြီး၊ ကသာမြို့အစိုးရအထက်တန်းကျောင်း အမှတ် (၁) သို့ (၈) တန်းမှ စတင်ပြောင်းရွှေ့ပညာသင်ကြားခဲ့ရာ ၁၉၆၉ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့သည်။ ထိုမှ ရန်ကုန်တိရိစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်သို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့ရာ ၁၉၇၄ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ သိပ္ပံ (သတ္တ

၀ဝဒ) ဘွဲ့ရခဲ့သည်။ ဦးမြင့်ကြည်သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က အမရပူရမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား၏ နေအိမ်တွင်ကျင်းပပြုလုပ်ခဲ့သည့် ယာယီအစိုးရလျှို့ဝှက်ဖွဲ့စည်းရေးအစည်းအဝေးသို့တက်ရောက်ခဲ့၍ ၁၉၉၁ ခုနှစ်၊ ဧပြီလတွင် သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ယင်းနောက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၂၂) (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ (၁၁) (ည) နှင့်ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့ရက်စွဲပါ ကြေညာချက်အမှတ် (၉၉၅) ဖြင့် ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့်ရွေးကောက်ပွဲများတွင်ပါဝင် ယှဉ်ပြိုင်ခွင့်ကိုလည်းပိတ်ပင်ခဲ့သည်။ န၀တ က ၁၉၉၂ ခုနှစ်၊ ဖွန်လ (၄) ရက်နေ့တွင် အင်းစိန်ထောင်မှပြန်လွှတ်သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ ဒီပဲယင်းသွေးချောင်းစီး လုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးတွင် ရှေ့ပြေးအဖြစ်ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့၏ ယာဉ်တန်းရှေ့မှကြိုတင်ထွက်ခွာလာစဉ် ကွပ်ကဲရေးစခန်းအဖြစ် အသုံးပြုထားသည့် ဆည်မြောင်းဝန်းဟောင်းတွင် ဖမ်းဆီးထိန်းသိမ်းခံရ၍ ထိုမှတဆင့် ရွှေဘိုထောင်တွင် ပြောင်းရွှေ့ ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ရွှေဘိုထောင်မှပြန်လွှတ်သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၇။ ကောလင်းမြို့နယ်မဲဆန္ဒနယ်။

### ဦးသိန်းဇံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသိန်းဇံသည် ကောလင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၉,၉၈၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၃ . ၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့ဖွားဖြစ်သည်။ ကောလင်းမြို့ဇာတိဖြစ်သည်။ အဖ ဦးဘသင်၏သား ဖြစ်သည်။ ဦးသိန်းဇံသည် ၁၉၆၄ ခုနှစ်တွင် ကောလင်းမြို့အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၆၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်တွင် ဒုတိယနှစ်ဝိဇ္ဇာတန်းအပြီး ဇူလိုင်အရေးအခင်းကြောင့် ကျောင်းနေခွင့် ရပ်စဲခံခဲ့ရသည်။ ၁၉၆၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ကောလင်းမြို့ အစိုးရအထက်တန်းကျောင်းတွင် အလယ်တန်းပြဆရာ၊ ၁၉၆၉ ခုနှစ်တွင် တတိယနှစ် ပြန်တက်ခဲ့ပြီး၊ ၁၉၇၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၇၇ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ၁၉၈၁ ခုနှစ် တွင် မှတ်ပုံတင်ရှေ့နေ (အာအယ်လ်) ရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ကျူရှင်သင်တန်းမှူးချုပ်၊ ထို့နောက် မြကျွန်းသာလီမိတက် ဦးဆောင်ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ဒီပဲယင်းသွေးချောင်းစီးလုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီး ဖြစ်ပွားအပြီးစစ်ထောက်လှမ်းရေး၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ ရရာမှ ၂၀၀၃ ခုနှစ် ဇူလိုင်လ (၁၅) ရက်နေ့တွင် ပြန်လွှတ်သည်။

## ၈။ ကန့်ဘလူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးသိန်းဖေ၊ တသီးပုဂ္ဂလ။

ဦးသိန်းဖေသည် ကန့်ဘလူမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် တသီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၃၆၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၇ . ၃၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၀

ပြည့်နှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးဘသင်၏သား ဖြစ်သည်။ ဟုမ္မလင်းမြို့ဇာတိဖြစ်သည်။ ဦးသိန်းဖေသည် ဟုမ္မလင်းမြို့ အစိုးရအထက်တန်းကျောင်းမှ ၁၉၅၈ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက် စာမေးပွဲ အောင်မြင်ခဲ့ပြီး၊ ၁၉၆၁ ခုနှစ်တွင် လက်ထောက်ကျန်းမာရေးမှူးသင်တန်း အောင်မြင်သည်။ ၁၉၆၁ ခုနှစ်မှစ၍ ကျန်းမာရေးမှူးအဖြစ် ကျေးလက်ကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၈၇ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က အမရပူရမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘသွား၏နေအိမ်တွင်ပြုလုပ်သည့် ယာယီအစိုးရဖွဲ့စည်းရေး လျှို့ဝှက် အစည်းအဝေးသို့တက်ရောက်ခဲ့သဖြင့် သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ယင်းနောက် ဦးသိန်းဖေ သည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၂၂) (၁) အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရ၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁ (ည) နှင့် ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့ ရက်စွဲ ဖြင့် ကြေညာခဲ့သည်။ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့တွင်ပြုလုပ်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စား ပြုကော်မတီ ပုံမှန်အစည်းအဝေးမှ ဦးသိန်းဖေအား အဖွဲ့ဝင်သစ်အဖြစ်လက်ခံခဲ့သည်။

## ၉။ ကန့်ဘလူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါက်တာမြင့်နိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာမြင့်နိုင်သည် ကန့်ဘလူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၀,၆၂၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၅ . ၈၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးဇော်၊ အမိ ဒေါ်အေးရင်တို့မှ ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ (၆)ရက်နေ့တွင်မွေးဖွားခဲ့သည်။ ရွှေဘိုမြို့ဇာတိဖြစ်သည်။ ဒေါက်တာမြင့်နိုင်သည် ရွှေဘိုမြို့ ဒိုင်အိုစီဇင်ကျောင်း၊ အစိုးရအထက်တန်းကျောင်းအမှတ် (၃) နှင့် အမှတ် (၁) တို့တွင် ဆယ်တန်းအောင်သည်ထိ ပညာသင်ကြားခဲ့ပြီး၊ ၁၉၈၁ ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရခဲ့သည်။ ကိုယ်ပိုင် စေတနာဆေးခန်း ဖွင့်လှစ်နေထိုင်ခဲ့ သည်။ ယင်းသည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က အမရပူရမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘသွား၏နေအိမ်တွင်ကျင်းပပြုလုပ်သော ယာယီအစိုးရ လျှို့ဝှက်ဖွဲ့စည်းရေး အစည်းအဝေးတွင် တက်ကြွစွာပါဝင်ဆွေးနွေးခဲ့၍ သက်ဆိုင်ရာက ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ဖမ်းဆီး ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ယင်းအတွက် ဒေါက်တာမြင့်နိုင်သည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၂၂) (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ၎င်းအားပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၂၂) (၁) ဖြင့် တရားစွဲကာ ထောင်ဒဏ် (၂၅) နှစ် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့ ရက်စွဲပါ ကြေညာချက် အမှတ် (၉၉၅) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှပယ်ဖျက်ခဲ့ပြီး နောင်တွင်ပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ကုလသမဂ္ဂကိုယ်စားလှယ် ယိုဇိုယိုကိုတာထံ အင်းစိန်ထောင်တွင်းအခြေအနေများအား ရေးသား ပေးပို့မှုဖြင့် နောက်ထပ်ပြစ်ဒဏ် (၅) နှစ် ထပ်တိုးခဲ့ပြီး၊ သရက်အကျဉ်းထောင်သို့ပြောင်းရွှေ့ခံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ထောင်မှပြန်လွတ်သည်။ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလဆန်းတွင် ရွှေဘိုမြို့မှ ကန့်ဘလူမြို့သို့ မော်တော်ဆိုင်ကယ်ဖြင့်ပြန်လာစဉ် ကန့်ဘလူမြို့အဝင်တွင် ဒေါက်တာမြင့်နိုင်၏ ရပ်ထားသည့် ဆိုင်ကယ်အား မိန်းကလေးတဦး၏ဆိုင်ကယ်မှ ဝင်တိုက်မိသည်တွင် အမှုဆင်တရားစွဲဆိုခြင်းခံခဲ့ရပြီး၊ ကာယကံရှင် ကိုယ်တိုင်မှ ၎င်း၏အမှားဖြစ်သဖြင့် ကျေအေးလွှာတင်ခဲ့သော်လည်း ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင်

ရွှေဘိုမြို့နယ်တရားရုံးမှ ထောင်ဒဏ် (၃) လ အပြစ်ပေးခဲ့သည်။ ၂၀၀၅ ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင် ရွှေဘိုထောင်မှ ပြန်လွတ်သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

**၁၀။ ကျွန်းလှမြို့နယ်မဲဆန္ဒနယ်။**

**ဦးကြီးမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးကြီးမောင်သည် ကျွန်းလှမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၇၂၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၃ . ၈၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရမည်းသင်းမြို့ဇာတိဖြစ်သည်။ အဖ ဦးထွန်းခိုင်၊ အမိ ဒေါ်ယတို့မှ ၁၉၃၈ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကြီးမောင်သည် ရမည်းသင်းမြို့အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့၍ ရန်ကုန်တက္ကသိုလ်၊ ရန်ကင်းကောလိပ်တွင် ဥပစာသိပ္ပံ (က) တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်၊ ကျောင်းဆောင်များဌာန၊ စာရေးဝန်ထမ်း၊ ၁၉၅၉ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ တပ်မတော် (ကြည်း) တွင် တပ်သားမှဗိုလ်ကြီးအဆင့်ထိ၊ ၁၉၈၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ခင်ဦးမြို့နယ်နှင့် ကျွန်းလှမြို့နယ်များတွင် ကောင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

**၁၁။ ခင်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးခင်မောင်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးခင်မောင်သိန်းသည် ခင်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၃၆၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ . ၈၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ သည်။ ခင်ဦးမြို့ဇာတိဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် မွေးဖွားသည်။ အဖ ဦးဖုန်းမော်၏သား ဖြစ်သည်။ ဦးခင်မောင်သိန်းသည် ခင်ဦးမြို့အစိုးရအလယ်တန်းကျောင်း၊ မန္တလေး ရတနာပုံကျောင်းတို့တွင် ပညာသင်ကြားခဲ့၍ ဆယ်တန်းအောင်မြင်ခဲ့ပြီး မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ သိပ္ပံ (ဓာတုဗေဒ) ဘွဲ့ရခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲအောင်မြင်၍ မန္တလေးမြို့တွင် ရှေ့နေလိုက်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဒေါ်စန်းစန်းဝင်း (ရမ်းဗြဲ)နှင့် လက်ထပ်၍ သားနှစ်ယောက်ထွန်းကားသည်။ ၁၉၈၃ ခုနှစ်တွင် ဗဟိုတရားရုံးရှေ့နေစာမေးပွဲအောင်မြင်ခဲ့ ၍ တရားရုံးချုပ်ရှေ့နေအဖြစ်ဆောင်ရွက်ခဲ့သည်။ ဦးခင်မောင်သိန်းသည် ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်နေ့က အမရပူရမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား၏နေအိမ်တွင် ကျင်းပပြုလုပ်သော ယာယီအစိုးရ လျှို့ဝှက်ဖွဲ့စည်းရေး အစည်းအဝေးသို့တက်ရောက်ခဲ့၍ သက်ဆိုင်ရာမှဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၂၂) (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ၁၁ (ည) နှင့် ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ကြေညာသည်။ နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ နဝတမှ ၎င်းအား ၁၉၉၂ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွှတ်ပေးခဲ့သည်။

**၁၂။ ခင်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။**

**ဦးသောင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးသောင်းမြင့်သည် ခင်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၂၆၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၀ . ၁၇) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၉ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ အဖ ဦးဘိုကေ၏ သားဖြစ်သည်။ ပိန်းဇလုပ်ဇာတိဖြစ်သည်။ ဦးသောင်းမြင့်သည် ပိန်းဇလုပ်အစိုးရအလယ်တန်းကျောင်း၊ ညောင်လေးပင်မြို့ အစိုးရအထက်တန်းကျောင်းအမှတ် (၁)၊ မင်္ဂလာတောင်ညွန့် (၁) လူငယ်ရေးရာညကျောင်းတို့တွင် ပညာ သင်ကြားခဲ့ပြီး၊ ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့တို့ကိုရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ဒေါ်ခင်နှင်းဝေ (ခင်ဦး) နှင့်လက်ထပ်၍ သားသမီး (၅) ဦး ထွန်းကားသည်။ တရားရုံးချုပ်ရှေ့နေအဖြစ်လိုက်ပါ ဆောင်ရွက်ခဲ့သည်။ ယင်းသည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာ လ (၂၉) ရက်နေ့က အမရပူရမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား နေအိမ်တွင် ကျင်းပပြုလုပ်သော ယာယီအစိုးရ လျှို့ဝှက်ဖွဲ့စည်းရေးအစည်းအဝေးသို့တက်ရောက်ခဲ့၍ သက် ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ထို့နောက် ဦးသောင်းမြင့်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၁၂၂) (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ (၁၁) (ည) နှင့် ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၉၆) ဖြင့် ကြေညာခဲ့သည်။ နောင်ကျင်းပ ပြုလုပ်မည့် ရွေးကောက်ပွဲ များတွင်ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ နဝတမှ ၎င်းအား ၁၉၉၂ ခုနှစ်၊ ဇွန်လ (၄) ရက်နေ့တွင် အင်းစိန်ထောင်မှ ပြန်လွှတ်ပေးခဲ့သည်။

**၁၃။ ချောင်းဦးမြို့နယ်မဲဆန္ဒနယ်။**

**ဦးအုံ့ကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအုံ့ကြည်သည် ချောင်းဦးမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၆,၁၀၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁ . ၇၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ သည်။ ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့ဖွား ဖြစ်သည်။ ချောင်းဦးမြို့ဇာတိဖြစ်သည်။ အဖ ဦးအောင်ဘ ၏သား ဖြစ်သည်။ ဦးအုံ့ကြည်သည် ဒသမတန်းနှင့်အထက်တန်းဆရာဖြစ်သင်တန်း အောင်မြင်ခဲ့သည်။ ၁၉၃၈ ခုနှစ်၊ တတိယတက္ကသိုလ်ကျောင်းသားသပိတ်တွင် သပိတ်မှောက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်၍ ကျောင်းသားဘဝကပင် ဒို့ဗမာအစည်းအရုံးသို့ဝင်ခဲ့သည်။ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးတွင်ပါဝင်ခဲ့၍ ချောင်းဦး မြို့ ဒို့ဗမာအစည်းအရုံးနှင့် ရန်ကုန်ဌာနချုပ်၊ အမှတ် (၇၆)၊ ရေကျော်လမ်းတွင် နိုင်ငံရေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ လွတ်လပ်ရေးအကြိုကာလ တော်လှန်ရေးတွင်ပါဝင်ခဲ့၍ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ရခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ချောင်းဦးမြို့နယ်မှ ပမညတပါလီမန်အမတ်အဖြစ် အရွေးချယ်ခံရသည်။

**၁၄။ ခန္တီးမြို့နယ်မဲဆန္ဒနယ်။**

**ဒေါ်ဆယ်ဆယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါ်ဆယ်ဆယ်သည် ခန္တီးမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃,၃၃၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၆ . ၆၃) ဖြင့် ရွေးချယ် တင်မြှောက်ခြင်း

ခံခဲ့ရသည်။ မန္တလေးမြို့ဇာတိဖြစ်သည်။ ၁၉၄၅ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးတေနောင်၏ သမီးဖြစ်သည်။ ဒေါ်ဆယ်ဆယ်သည် မန္တလေးပွဲကုန်း အလွတ်ပညာသင်ကျောင်းမှ တက္ကသိုလ်ဝင်တန်းကို (ခ) အဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ဦးစောသူဝဏ်နှင့်လက်ထပ်၍ ခန္တီးမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ သည်။ ရှမ်းစကားနှင့်နာဂစကားကို ကျွမ်းကျင်စွာတတ်မြောက်သည်။ ၁၉၇၈ ခုနှစ်မှစ၍ ခန္တီးမြို့နယ်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့တွင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ကြေညာချက်အမှတ် (၁,၄၂၅) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၂၅)**
**(၁၃၆၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်)**
**(၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)**

**အကြောင်းအရာ။ ။ ဒေါ်ဆယ်ဆယ်အား စစ်ကိုင်းတိုင်း၊ ခန္တီးမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စစ်ကိုင်းတိုင်း၊ ခန္တီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံ ထားရသူ ဒေါ်ဆယ်ဆယ်က မိမိသည် ယခုအခါ ကျန်းမာရေးမကောင်းပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒ အလျှောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဒေါ်ဆယ်ဆယ်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဒေါ်ဆယ်ဆယ်အား ယနေ့မှစ၍ ခန္တီးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက် ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

**၁၅။ ငါန်းဇွန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးချစ်ခိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးချစ်ခိုင်သည် ငါန်းဇွန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စား ပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၈၈၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၈ . ၈၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း

ခံခဲ့ရသည်။ ၁၉၃၀ ပြည့်နှစ်၊ ဧပြီလ (၄) ရက်နေ့ဖွားဖြစ်သည်။ အဖ ဦးအောင်ခ၏သား ဖြစ်သည်။ ဦးချစ်ခိုင်သည် ဘုန်းတော်ကြီးကျောင်းတွင် မူလဝမ္မာစရိယဖြေဆိုအောင်မြင်ခဲ့သည်။ ငါန်းဇွန်မြို့တွင် ဒေါ်လှလှနှင့်လက်ထပ်သည်။ ဆီစက်လုပ်ငန်းလုပ်ကိုင်၍ အသက်မွေးသည်။ ငါန်းဇွန်မြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူး တာဝန်ယူခဲ့သည်။

## ၁၆။ ငါန်းဇွန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးချိုလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးချိုလှိုင်သည် ငါန်းဇွန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၄၈၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁ . ၉၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၆၁ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့ဖွား ဖြစ်သည်။ ငါန်းဇွန်မြို့ဇာတိဖြစ်သည်။ အဖ ဦးမြသန်း၏သားဖြစ်သည်။ ဦးချိုလှိုင်သည် ၁၉၈၃ ခုနှစ်တွင် အခြေခံပညာအထက်တန်းကိုလည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် အထက်တန်းရှေ့နေ စာမေးပွဲကိုလည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် မန္တလေးတက္ကသိုလ် စာပေးစာယူ သင်တန်းမှ သိပ္ပံ (ဓာတုဗေဒအဓိက) ဘွဲ့ကိုလည်းကောင်း ဖြေဆိုအောင်မြင်ခဲ့သည်။ အထက်တန်းရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သည်။ ငါန်းဇွန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်စည်းရုံးရေးကော်မတီဝင် အဖြစ် ဆောင်ရွက်ခဲ့သည်။ အရေးပေါ်စီမံမှု အက်ဉပဒေ ပုဒ်မ (၅) (ည) ဖြင့် နဝတက ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၁၉၉၂ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် အကျဉ်းထောင်မှ ပြန်လွှတ်ပေးခဲ့သည်။

## ၁၇။ စစ်ကိုင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### အငြိမ်းစားဗိုလ်မှူးကြီး သီဟသူရ စိုးသိမ်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဗိုလ်မှူးကြီး သီဟသူရစိုးသိမ်း (အငြိမ်းစား) သည် စစ်ကိုင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၇,၀၃၇) မဲ၊ စုစုပေါင်းမဲ ရာခိုင်နှုန်း (၇၀ . ၁၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၇ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့ဖွားဖြစ်သည်။ စစ်ကိုင်းမြို့ဇာတိဖြစ်သည်။ အဖ ဦးဇေယျာ၏သားဖြစ်သည်။ ဗိုလ်မှူးကြီးသီဟသူရစိုးသိမ်း (အငြိမ်းစား) သည် စစ်ကိုင်းမြို့ အမျိုးသားအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့အစိုးရအထက်တန်းကျောင်းတို့တွင် ဆယ်တန်းအထိပညာသင်ကြားခဲ့သည်။ ကျောင်းနေစဉ် ဦးမောင်ကြီးထူထောင်သည့် အပျော်တမ်းရဲတပ်ဖွဲ့တွင် ရဲညွှန့်အဖြစ်ပါဝင်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် စစ်ကိုင်းခရိုင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ ပြန်ကြားရေးမှူး၊ ၁၉၄၇ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ စစ်ကိုင်းခရိုင် ဆိုရှယ်လစ်ပါတီ အတွင်းရေးမှူး၊ ဖ–ဆ–ပ–လ အမှုဆောင်၊ ၁၉၄၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တပ်မတော်တွင် တပ်သားအဆင့်မှ (ကြည်း–၆၀၇၃) ဗိုလ်မှူးကြီးအဆင့်ထိ စစ်ဆင်ရေးကြီးများတွင် ပါဝင်ခဲ့သည်။ ရန်ကြီးအောင် တရုတ်ဖြူစစ်ဆင်ရေးတွင် စွမ်းစွမ်းတမံဆောင်ရွက်မှုကြောင့် သီဟသူရဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည်။ စစ်ဆင်ရေး တာဝန်များထမ်းဆောင်ရင်း စစ်တွေ မေယုခရိုင် ခလကဥက္ကဋ္ဌ၊ ပြည်ခရိုင် ခလကဥက္ကဋ္ဌ၊ ပဲခူးခရိုင် ခလကဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အား/ကာ ဥက္ကဋ္ဌ၊ မကွေးတိုင်း တလက ဥက္ကဋ္ဌ၊ လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင်၊ မကွေးတိုင်းဒေသ ပါတီကော်မတီ ဥက္ကဋ္ဌ၊ ဗဟိုကော်မတီဌာနချုပ် အတွင်းရေးမှူးများအဖွဲ့၏ အတွင်းရေးမှူး၊ ၁၉၇၇ ခုနှစ်တွင် တတိယအကြိမ်ပါတီညီလာခံကိုအကြောင်းပြု၍ အခြားဗဟိုကော်မတီဝင်အများအပြားနှင့် အတူ ပါတီတာဝန်မှ ရပ်စဲခြင်းခံခဲ့ရသည်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့တွင် ဗဟိုကော်မတီဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

## ၁၈။ စစ်ကိုင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါက်တာခင်မောင်ဆွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာခင်မောင်ဆွေသည် စစ်ကိုင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄၈,၅၂၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၂ . ၀) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၅၃ ခုနှစ်၊ မေလ (၁၁) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးထွန်းဖေ၏ သားဖြစ်သည်။ ဒေါက်တာခင်မောင်ဆွေသည် ရန်ကုန်ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရခဲ့သည်။ ဆေးတက္ကသိုလ်ကျောင်းသားဘဝတွင် တက္ကသိုလ်မွန်အသင်း၊ ဆေးတက္ကသိုလ်မဂ္ဂဇင်းကော်မတီတို့တွင် ပါဝင်ခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မြန်မာနိုင်ငံဆရာဝန်အသင်း (မုဒုံ)တွင် စည်းရုံးရေးမှူး၊ ဘဏ္ဍာရေးမှူး၊ တိုင်းရင်းဆေးပညာသင်တန်း၊ ကြက်ခြေနီသင်တန်းတို့တွင် သင်တန်းနည်းပြ၊ မီးထောင်ချောက်ထွန်းညှိခြင်းစခန်းနှင့် တရားစခန်းတို့တွင် အခမဲ့ဆေးခန်းဖွင့်လှစ်ကူညီခဲ့သည်။

## ၁၉။ ဆားလင်းကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးခင်မောင်ကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးခင်မောင်ကြည်သည် ဆားလင်းကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၁၂၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၇ . ၀၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘသန်း၊ အမိ ဒေါ်ရှိန်တို့မှ ၁၉၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဆားလင်းကြီးမြို့နယ်၊ ဆားထုံးဇာတိဖြစ်သည်။ ဦးခင်မောင်ကြည်သည် ဆားထုံးရွာအစိုးရအလယ်တန်းကျောင်း၊ မုံရွာမြို့ အင်္ဂလိပ်–မြန်မာ ဗုဒ္ဓဘာသာအထက်တန်းကျောင်းတို့တွင် အခြေခံပညာသင်ကြားပြီးနောက် ၁၉၅၀–၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ အာရှလူငယ် ဥဩဇာဗလမှူး၊ ၁၉၄၅ ခုနှစ်တွင် အမြောက်ကြီးတပ်နှင့်တွဲဖက်၍ တော်လှန်ရေးတွင် ပါဝင်ခဲ့သည်။ ၁၉၄၈–၄၉ ခုနှစ်၊ သထုံဆောင်သဟာယနှင့်စာဖတ်အသင်း ဥက္ကဋ္ဌ၊ ၁၉၅၀–၅၁ ခုနှစ်တွင် တ–က–သ အမှုဆောင်၊ သတ္တဗေဒနှင့် သဘာဝတ္တအသင်း ဥက္ကဋ္ဌ၊ ချင်းတွင်းအသင်း (ရန်ကုန်) အတွင်းရေးမှူး၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ အလုပ်သမားညွှန်ရုံး ဖျန်ဖြေရေးအရာရှိ၊ ဒုအထွေထွေမန်နေဂျာ၊ အလုပ်သမားအရာရှိ (အထူးတာဝန်) ချောက်နှင့်ရေနံချောင်းရေနံမြေ၊ ၁၉၅၉ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ လူမှုဖူလုံရေးအဖွဲ့ အုပ်ချုပ်ရေးအရာရှိ၊ ဒုတိယအထွေထွေမန်နေဂျာ၊ အထွေထွေမန်နေဂျာ၊ ဂျီနီဗာ အိုင်အယ်လ်အိုညီလာခံအပါအဝင် နိုင်ငံပေါင်း (၁၅) နိုင်ငံသို့ သွားရောက်လေ့လာခဲ့သည်။ ဗဟိုနိုင်ငံရေးတက္ကသိုလ်၊ အခြေခံနိုင်ငံရေးသင်တန်း အမှတ်စဉ် (၁၁) တက်ခဲ့၍ ဗဟိုအလုပ်သမားအစည်းအရုံး ဦးစီးအဖွဲ့ဝင်ဖြစ်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်သမား အဖွဲ့ဝင်တာဝန်ယူခဲ့သည်။ ဇနီး ဒေါ်အမာရီနှင့် သားသမီး (၅) ယောက်ရှိသည်။

## ၂၀။ ဆားလင်းကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးစိန်ရံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိန်ရံသည် ဆားလင်းကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၀၉၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၅ . ၇၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ သည်။ ၁၉၂၂ ခုနှစ်၊ မတ်လ (၇) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးအောင်ဘိုး၏သားဖြစ်သည်။ ဦးစိန်ရံသည် ဆားလင်းကြီး ကျားတက်ရွာအစိုးရမူလတန်းကျောင်း၊ မုံရွာမြို့ ဦးဘိုးဒင်ကျောင်း၊ ဝက်စလီ အစိုးရအထက်တန်းကျောင်း မုံရွာမြို့တို့တွင် ပညာသင်ကြားခဲ့ပြီး၊ ၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို အလွတ်ဖြေဆို

အောင်မြင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (အလွတ်ဖြေ) ရခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ပညာရေးဒီပလိုမာကို စာပေးစာယူဖြင့်ရခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ဆားလင်းကြီး၊ ဆုံတားနှင့် ကျားတက်အစိုးရ မူလတန်းကျောင်းများတွင် မူလတန်းပြဆရာ၊ ၁၉၅၇ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ တာဟန် (ကလေး) နှင့် ကျားတက် (ဆားလင်းကြီး) အစိုးရအလယ်တန်းကျောင်းများတွင် အလယ်တန်းပြဆရာ၊ ၁၉၆၅ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ကျားတက်အစိုးရအလယ်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၈၂ ခုနှစ်တွင် တာဝန်မှ အငြိမ်းစားယူခဲ့သည်။

## ၂၁။ တမူးမြို့နယ်မဲဆန္ဒနယ်။

### ဦးထောင်ခိုထန်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးထောင်ခိုထန်းသည် တမူးမြို့နယ်မဲဆန္ဒနယ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၉၃၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၅ ․ ၃၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးရန်ခိုလွန်း၊ အမိ ဒေါ်လှိုင်ခိုကျင်းတို့မှ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ တမူးမြို့နယ်၊ စံကပ်ကျေးရွာဇာတိဖြစ်သည်။ ဦးထောင်ခိုထန်းသည် ပြည်တော်သာကျေးရွာ အစိုးရမူလတန်းကျောင်း၊ တမူးမြို့၊ အစိုးရမူလတန်းကျောင်းနှင့် အစိုးရအထက်တန်းကျောင်း၊ ရန်ကုန်မြို့ အလုံ အစိုးရအထက်တန်းကျောင်း အမှတ် (၁)၊ ကြည့်မြင်တိုင် (ထီးတန်း)၊ အစိုးရအထက်တန်းကျောင်း အမှတ် (၂)၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တို့တွင် ဝိဇ္ဇာဘွဲ့ရသည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ဒေါ်လှိုင်မွန်နှင့် လက်ထပ်ခဲ့သည်။ ကုန်သည်လုပ်ငန်းဖြင့် အသက်မွေးသည်။ တောင်တန်းသားများ ဒီမိုကရက်တစ်ပါတီတွင် အထွေထွေအတွင်းရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် နဝတအမိန့် အမှတ် (၇/၉၂) ဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်အား ဖျက်သိမ်းခဲ့သည်။ သို့အတွက် ဦးထောင်ခိုထန်းသည် ပါတီမဲ့ဖြစ်သွား၍ တသီးပုဂ္ဂလအသွင်သို့ရောက်ရှိသွားခဲ့သည်။ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ပုံမှန်အစည်းအဝေးမှ အဖွဲ့ဝင်သစ်အဖြစ် လက်ခံခဲ့သည်။

## ၂၂။ တန့်ဆည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### အငြိမ်းစားဒုတိယဗိုလ်မှူးကြီးကျော်ဆန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒုတိယဗိုလ်မှူးကြီးကျော်ဆန်း (အငြိမ်းစား) (ကြည်း–၇၆၁၉) သည် တန့်ဆည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံခဲ့ရာ ခိုင်လုံမဲ (၁၈,၈၆၂) မဲ၊ စုစုပေါင်းမဲရာနှုန်း (၇၈ ․ ၆၉) ဖြင့် အရွေးချယ်ခံခဲ့ရသည်။ စစ်ကိုင်းမြို့နယ်၊ ကျားမင်းကြီးကျေးရွာဇာတိဖြစ်သည်။ ၁၉၃၂ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့တွင် အဖ ဦးလာမြ၊ အမိ ဒေါ်အုန်းခင်တို့မှမွေးဖွားသည်။ ဒုဗိုလ်မှူးကြီးကျော်ဆန်း (အငြိမ်းစား) သည် ၁၉၄၉ ခုနှစ်တွင် သာမန်တပ်သားဘဝနှင့် သနက (၁) သို့ ဝင်ရောက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ဗကပနယ်မြေ ဘုရားတောင်တိုက်ပွဲတွင် သေနတ်ဒဏ်ရာရခဲ့သည်။ ၁၉၅၇–၁၉၅၈ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိ၊ ၁၉၅၈ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ခလရ (၁) နေပြည်တော်စစ်ဌာနချုပ် (ရန်ကုန်)၊ ခမရ (၁၀၂)၊ ခမရ (၁၀၈)၊ ရတခ/လကရ (၁)၊ ခလရ (၂၁)၊ မပခ/ခမရ (၁၁)၊ ခလရ (၃၆) တို့တွင် တပ်စုမှူး၊ တပ်ခွဲမှူး၊ စစ်ဦးစီးမှူး (တတိယတန်း)၊ တပ်ခွဲမှူး (ဗိုလ်မှူး)၊ စစ်ဦးစီးမှူး (ဒုတိယတန်း) နှင့် တပ်ရင်းမှူးတာဝန်အထိ၊ ဒုတိယဗိုလ်မှူးကြီးဘဝနှင့်

၁၉၈ဖ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် မိမိဆန္ဒအလျောက် အငြိမ်းစားယူခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီး၌ တပ်မှူးဟောင်း (၈၅) ဦးတွင် ပါဝင်သည်။ မျိုးချစ်ရဲဘော်ဟောင်းများ အဖွဲ့ ဗဟိုကော်မတီဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စစ်ကိုင်းတိုင်းစည်းရုံး ရေးကော်မတီတွင် တာဝန်ယူခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရသည်ကို ထောက်ခံခဲ့သဖြင့် ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်း၍ ထောင်ဒဏ် (၇) နှစ် ချမှတ်ခြင်းခံခဲ့ရသည်။ ထို့နောက် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့တွင် ဒုတိယအကြိမ် ထပ်မံဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး၊ ထောင်ဒဏ် (၇) နှစ်၊ ချုပ်ရက် (၇) လ ပေါင်း (၇) နှစ် (၇) လ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ လွတ်ရက်စေ့ပြီးနောက် (၂) လ သုံးကြိမ် ပုဒ်မ ၁၀ (က) ဖြင့် (၆) လ ပြစ်ဒဏ်သတ်မှတ်ခံခဲ့ရပြီး၊ နောက်ထပ် ပုဒ်မ ၁၀ (က) ဖြင့် ပြစ်ဒဏ် (၁) နှစ် ထပ်မံတိုးမြှင့်သတ်မှတ်ခြင်းခံခဲ့ရသည်။ ထို့နောက် ပုဒ်မ ၁၀ (က) ဖြင့်ပင် ပြစ်ဒဏ် (၁) နှစ်တိုးမြှင့်ကျခံစေခဲ့ရရာမှ သုံးလအကြာ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်သည်။ ၂၀၀၅ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် ဦးကျော်ဆန်း၏နေအိမ်ခြံဝင်းအတွင်းမှ သားဖြစ်သူ ကိုကျော်မျိုးနိုင်၏မိတ်ဆွေမှ လာထားသည့် ဒီကေဘီအေအဖွဲ့မှပိုင်ဆိုင်သည့် ထိုင်းနိုင်ငံမှ တရားမဝင်တင်သွင်းလာသည့်ပစ္စည်းများတွေ့ရှိမှုဖြင့် ရန်ကုန်မြို့နေအိမ်မှ ထပ်မံဖမ်းဆီးသွားခြင်းခံခဲ့ရပြီး၊ အင်းစိန်မြို့နယ်တရားရုံးတွင် အမှုရင်ဆိုင်စဉ် ဦးကျော်ဆန်း၏ရှေ့နေဘက်မှ အမှုတွင်အဓိကအရေးပါသည့်သက်သေများဖြစ်သော ဒီကေဘီအေအဖွဲ့မှ ဗိုလ်မှူးစောချစ်သူနှင့် ဗိုလ်မှူးစောမင်းမူး၊ ကယန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အထူးဒေသ (၁) စီပွားရေးတာဝန်ခံဦးညွန့်လွင်တို့အား တရားခံပြသက်သေအဖြစ် ဆင့်ခေါ်ပေးရန်တင်ပြချက်အား တရားရုံးမှ လက်မခံပယ်ချခဲ့ပြီး၊ ၂၀၀၅ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့တွင် အင်းစိန်မြို့နယ်တရားရုံးမှ ၁၉၄၇ ခုနှစ်၊ သွင်းကုန် ထုတ်ကုန်ယာယီအက်ဥပဒေ ပုဒ်မ ၅ (၃) ဖြင့် ထောင်ဒဏ် (၇) နှစ် ချမှတ်ခဲ့သည်။ ဦးကျော်ဆန်းပိုင်ကားအား နိုင်ငံပိုင်သိမ်းဆည်းခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၇၀၂)**
**(၁၃၅၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်)**

**အကြောင်းအရာ။ ။ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၃၉,၇၂၀) ဦးအနက် (၂၈,၉၂၁) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့်ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၂၃,၉၇၀) မဲရရှိခဲ့ ပါသည်။ ယင်း ခိုင်လုံသောဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည် ...

**၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မှတ်တမ်း**

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီးကျော်ဆန်း (အငြိမ်းစား) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၈၆၂ | ၇၈ . ၆၉ |
| (ခ) | ဦးကျော်ထိန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၆၁၇ | ၁၉ . ၂၆ |
| (ဂ) | ဦးခင်မောင် | ပြည်ထောင်စု အမျိုးသားများ ဒီမိုကရေစီပါတီ | ၂၃၄ | ၀. ၉၈ |
| (ဃ) | ဦးဌေးမောင် | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း) | ၂၅၇ | ၁ . ၀၇ |

၂။ သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (က) ပါ ခိုင်လုံသောဆန္ဒမဲအများဆုံးရရှိသည့် ဒုတိယဗိုလ်မှူးကြီးကျော်ဆန်း (အငြိမ်းစား) သည် စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**ကြေညာချက်အမှတ် – ၆၈ (၉/၉၈)**

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံသို့

- အဖွဲ့ချုပ်ဗဟိုဦးစီးအဖွဲ့ဝင်နှင့် စစ်ကိုင်းတိုင်းစည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးကျော်ဆန်း
- အဖွဲ့ချုပ်ဗဟိုလူငယ်အထောက်အကူအဖွဲ့ဝင် မခင်မိမိခိုင်တို့နှင့်ပတ်သက်၍ပေးပို့သည့် အကြောင်းကြားစာကို သိသာရန်ကြေညာလိုက်သည်။

**“(စ) အကြောင်းအရာ ။ ။ တရားဥပဒေမဲ့ပြုကျင့်ခြင်း။**

၁။ ၆–၉–၉၈ ရက်နေ့ ည (၂၁ း ၀၀) နာရီကျော်ခန့်တွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်နှင့် စစ်ကိုင်းတိုင်းစည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးကျော်ဆန်း၏နေအိမ်သို့ ဒေသတပ်မတော်ထောက်လှမ်းရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ယင်းအဖွဲ့ဝင်တဦးဖြစ်သည့်

ဦးသောင်းဖေဆိုသူနှင့် ရဲစခန်းမှသူများသည် မော်တော်ယာဉ်များဖြင့် ရောက်လာကြကာ ကားဟွန်းများကို ကျယ်လောင်စွာတီး၍၊ တရားဥပဒေအရလိုအပ်သော ခြံတွင်း၊ အိမ်တွင်း၊ ဝင်ရောက်ရှာဖွေနိုင်ခွင့် ဝရမ်းမပါဘဲ၊ ခြံစည်းရိုးများကိုအတင်းကျော်တက်ကာ အိမ်ထဲရှိလူများကို နှိုးပါသည်ဟု ကြားသိရပါသည်။

၂။ အိမ်ရှင်များက ညအချိန်မတော်ဖြစ်၍ အိမ်သားနှစ်ဦးသာရှိသောကြောင့် လုံခြုံရေးစိတ်မချရသဖြင့် နံနက်လင်းမှ လာရောက်ကြရန်ပြောပြပြီး အိမ်တံခါးများကိုဖွင့်မပေးပါ။ ထိုအခါ ခြံဝင်းသို့ အတင်းကျူးကျော်ဝင်လာသူတို့က အိမ်တံခါးမကြီးနှင့်ပြတင်းပေါက်များကို ပြင်းထန်စွာထုရိုက်နက်လျက်၊ တံခါးမကြီးကို သံတူရွင်းဖြင့် ထိုးကော်အတင်းဖွင့်ကြသည်ဟု သတင်းရရှိပါသည်။ ဖွင့်၍မရသောအခါ အိမ်ကိုလှည့်ပတ်ကာ မိုးလင်းသည်အထိထုရိုက်နက်ပြီး ဖုန်းလိုင်းကိုလည်း ကိုက်ဖြတ်ပစ်လိုက်ကြပါသည်ဟု ကြားသိရပါသည်။

၃။ ၇–၉–၉၈ ရက်နေ့ နံနက်မိုးလင်းသည့်အခါ တပ်မတော်ထောက်လှမ်းရေးအမှတ် (၆) မှ ဗိုလ်ကြီးရဲကျော်သူဆိုသူ ဦးဆောင်သည့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဦးသောင်းဖေဆိုသူနှင့်၊ အခြားအရပ်ဝတ် (၅) ဦးခန့် ဦးကျော်ဆန်း၏နေအိမ်သို့ ထပ်မံရောက်ရှိလာကြပြီး တရားဝင်ဖမ်းဆီးဝရမ်းမပါဘဲ ဦးကျော်ဆန်းအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြပါသည်။

၄။ တဖန် ထိုနေ့ ၇–၉–၉၈ ရက်နေ့ည (၂၁ း၂၀)နာရီခန့်တွင် တပ်မတော်ထောက်လှမ်းရေးအမှတ် (၆) မှ ဗိုလ်ကြီးတဦး၊ ရဲအုပ်တဦး၊ ရဲကြပ်တဦး၊ ထောက်လှမ်းရေး (၆)မှ ဆရာဉာဏ်မောင်ဆိုသူတို့ရောက်လာကြပြီး တံခါးကိုအတင်း ဖွင့်ခိုင်းကာ၊ ဥပဒေနှင့်အညီရှာဖွေမိန့် ခွင့်ပြုချက်ဝရမ်းမပါဘဲ၊ စာရွက်စာတမ်းများကို ထုတ်ပေးပါဆိုသဖြင့် စာရွက်စာတမ်းများကိုထုတ်ပေးရသည်ဟု ကြားသိရပါသည်။

၅။ ထိုသို့ အိမ်ရှင်မက ထုတ်ပေးသည်ကို ဝင်ရောက်လာသူတို့ကမကြေနပ်သဖြင့်၊ တအိမ်လုံး အိပ်ယာနေရာ၊ မှန်ဘီရို၊ အခန်းအားလုံးမကျန် ပြောင်းဆန်အောင်ရှာဖွေကြ၍၊ သေတ္တာကြီးငယ်အားလုံးဖွင့်ခိုင်းသဖြင့် လက်ဝတ်လက်စားထည့်ထားသည့် သေတ္တာငယ်များပါမကျန် ရှာဖွေကြသည်ဟု ကြားသိရပါသည်။

၆။ ၄င်းပြင် ဆက်ဆံရာတွင် အလွန်ရိုင်းစိုင်းပြီး၊ ဦးကျော်ဆန်း (ဒုဗိုလ်မှူးကြီးအဖြစ်ဖြင့်) စစ်ဦးစီးတက္ကသိုလ်သင်တန်းတက်ရောက်ခဲ့စဉ်က၊ မိမိကိုယ်ရေးမှတ်တမ်းများအတွက် တရိုတသေသိမ်းထားသောစာအုပ်၊ စာရွက်၊ စာတမ်း၊ မှတ်စု စသည်တို့ကို မသိမ်းရန်၊ မယူရန်တောင်းပန်နေသည့်ကြားမှ ရိုင်းပျတုန့်ပြန်မည့် အပြုအမူဖြင့် သိမ်းဆည်းယူသွားကြပါသည်။ ထိုပစ္စည်းများကို ပေးအပ်လိုက်ပါသည်ဟု အိမ်ရှင်မအား လက်မှတ်အတင်းထိုးခိုင်းရာ၊ အပ်နှံတာမဟုတ် သိမ်းဆည်းယူဆောင်သွားသည်ဟုသာ လက်မှတ်ရေးထိုးပေးလိုက်သည်ဟု ကြားသိရပါသည်။

၇။ ၁၉–၉–၉၈ ရက်နေ့က ဦးကျော်ဆန်းက လိုအပ်သည့်ပစ္စည်းများကို တပ်မတော်ထောက်လှမ်းရေး အမှတ် (၆) သို့ လာရောက်ပေးပို့ရန်မှာကြားသဖြင့် မိသားစုကသွားရောက်ပို့ရာတွင် ၎င်းအား အင်းစိန်တွဲဘက်အကျဉ်းထောင်သို့ ပို့လိုက်ပြီဖြစ်၍ ပစ္စည်းများကိုမပို့နိုင်ဘဲ ပြန်ယူခဲ့ကြရသည်ဟု ကြားသိရပါသည်။

၈။ ထိုကဲ့သို့ အိမ်ခြံတွင်း ဝင်ရောက်ခွင့်ပြုမိန့်မရှိဘဲ ခြံကိုကျူးကျော်ဝင်ရောက်ခြင်းသည် ပိုင်နက်ကျူးလွန်သည့် ပြစ်မှုမြောက်ခြင်း ပြုရာရောက်သည့်ပြင်၊ တရားဝင်ရှာဖွေခွင့်၊ ဖမ်းဆီးခေါ်ဆောင်ခွင့်အမိန့်မပါဘဲ၊ အတင်းအကြပ်ပြုမူရာ ရောက်သဖြင့် အလေးအနက်ကန့်ကွက်လိုက်ပါသည်။

၉။ နောက်အကြောင်းအရာတခုမှာ ၁၁–၉–၉၈ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုလူငယ်အထောက်အကူအဖွဲ့ဝင် မခင်မိမိခိုင်သည် အဖွဲ့ချုပ်ရုံးမှ ညနေပိုင်း မိမိနေအိမ်သို့ပြန်သွားခဲ့ပါသည်။ အိမ်သို့ပြန်မရောက်မီ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) တွင် အသိမိတ်ဆွေအိမ်တအိမ်သို့ခေတ္တဝင်ရောက်ပြီး၊ ထိုအိမ်မှ ပြန်ထွက်လာစဉ်၊ လမ်းခုလတ် ဒဂုံမြို့သစ် (မြောက်ပိုင်း) ရှိ မန္တလေးလမ်းမပေါ်တွင် တပ်မတော်ထောက်လှမ်း

ရေးအဖွဲ့ဝင်များက လေးဘက်လေးတန် အတင်းပိတ်ဆို့ကာ ဖမ်းဝရမ်းမပါရှိဘဲ အဓမ္မဖမ်းဆီးခေါ်ဆောင်သွားသည်ဟု ကြားသိရသည်။

၁၀။ မိဘများအနေဖြင့် (၄) ရက်ခန့်ကြာသောအခါ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်၊ မည်သို့ မည်ပုံဖြစ်သည်ကို မသိရသဖြင့် အလွန်စိုးရိမ်သောကရောက်ကြရပါသည်။ နောက်တော့မှသာ မိန်းကလေးတဦးအား၊ ရာဇဝတ်သားပမာ အတင်းပိတ်ဆို့၊ အဓမ္မဖမ်းဆီးသွားကြောင်းသိရပါသည်။ ဖမ်းဆီးသူများမှာ တပ်မတော်ထောက်လှမ်းရေးအမှတ် (၂၆) မှ တပ်ကြပ်ထွန်းစိန်ဆိုသူဦးစီးသည့် အဖွဲ့ဝင်များဖြစ်ပါသည်။ ထို့နောက် တပ်ကြပ်ထွန်းစိန်မှ အရှေ့ပိုင်း တပ်မတော်ထောက်လှမ်းရေးတာဝန်ခံ အောင်သူရဆိုသူထံသို့ လွှဲအပ်ပေးလိုက်ကြောင်းသိရပါသည်။ ထိုသို့သောအပြုအမူများကို လေးနက်စွာကန့်ကွက်ပါသည်။ (ဆုံး)

၂။ (က) ဦးကျော်ဆန်းနှင့်ပတ်သက်၍ အာဏာပိုင်များ၏လုပ်ဆောင်ချက်မှာ အာဃာတ အလွန်ကြီးမားစွာထားရှိပြီး အာဏာကို တရားဥပဒေမဲ့အလွန်အသုံးပြုလိုက်ခြင်း ဖြစ်ပေသည်။

(ခ) မခင်မိမိခိုင်နှင့်ပတ်သက်၍ အာဏာပိုင်များ၏လုပ်ဆောင်ချက်မှာ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ် လာကို ချိုးဖဲ့လိုက်ပြီး၊ အမျိုးသမီးငယ်တဦးကို၊ အာဏာပိုင်အမျိုးသားတစုက၊ လမ်းပေါ်တွင် ဖမ်းဆီးခေါ်ဆောင်သွားခြင်းမှာ လုံးဝမသင့်လျော်သည့်ကိစ္စ ဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့
၁၃၆၀ ပြည့်နှစ်၊ သတင်းကျွတ်လဆန်း (၂) ရက်
၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်

## ၂၃။ တန့်ဆည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးဖေသန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဖေသန်းသည် တန့်ဆည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၃၈၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆ . ၂၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ တန့်ဆည်မြို့ဇာတိဖြစ်သည်။ အဖ ဦးစံမောင်၊ အမိ ဒေါ်အေးခင်တို့မှ ၁၉၄၃ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့တွင် မွေးဖွားသည်။ ဦးဖေသန်းသည် တန့်ဆည်မြို့အစိုးရမူလတန်းကျောင်း၊ ဇီးကုန်းအစိုးရအလယ်တန်းကျောင်း၊ ရွှေဘိုမြို့ အစိုးရအထက်တန်းကျောင်းနှင့် မန္တလေးတက္ကသိုလ်တို့တွင် ဝိဇ္ဇာဘွဲ့ရသည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၆ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ မန္တလေးမြို့ ဆရာဖြစ်သင်ကျောင်းသို့ တက်ရောက်ခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ တန့်ဆည်မြို့အစိုးရအထက်တန်းကျောင်းတွင် အလယ်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့၍ ၁၉၈၅ ခုနှစ်တွင် တာဝန်မှ အငြိမ်းစားယူသည်။ ၁၉၈၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ မြို့နယ်ဂီတကောင်စီတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

## ၂၄။ ထီးချိုင့်မြို့နယ်မဲဆန္ဒနယ်။

### ဦးကျော်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးကျော်ဝင်းသည် ထီးချိုင့်မဲဆန္ဒနယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍

ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၂,၅၉၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ . ၂၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ထီးချိုင့်မြို့နယ်၊ ကန်းနီရွာဇာတိဖြစ်သည်။ အဖ ဦးချစ်ဆွေ၊ အမိ ဒေါ်တင်ကြည်တို့မှ ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဦးကျော်ဝင်းသည် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ သိပ္ပံ (ဓာတုဗေဒ) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၉) သို့ တက်ရောက်အောင်မြင်ခဲ့ပြီး ပြန်တမ်းဝင်အရာရှိ၊ ၁၉၇၅ ခုနှစ်တွင် သူရဲကောင်းမှတ်တမ်းဝင်၊ ၁၉၇၇ ခုနှစ်တွင် ဗိုလ်ကြီးအဆင့် တပ်ခွဲမှူး၊ ၁၉၈၀ ပြည့်နှစ်တွင် မိမိဆန္ဒအလျောက် တပ်မတော်မှနုတ်ထွက်ခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ တောင်ငူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ (ယာယီ) စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ထို့နောက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးသည်။

## ၂၅။ ဒီပဲယင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဘိုမောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဘိုမောင်းသည် ဒီပဲယင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၄၅၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၇ . ၄၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဒီပဲယင်းမြို့ဇာတိဖြစ်သည်။ ၁၃၁၀ ခု နယုန်လဆန်း (၁၄) ရက်ဖွား၊ အဖ ဦးဘိုးရှင်၊ အမိ ဒေါ်ချမ်းဖြူတို့မှ ၁၉၄၈ ခုနှစ်၊ မေလ (၂၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဘိုမောင်းသည် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ကို ၁၉၆၉ ခုနှစ်တွင် လည်းကောင်း၊ စာရင်းကိုင်ဒီပလိုမာကို ၁၉၇၅ ခုနှစ်တွင်လည်း ကောင်း၊ မှတ်ပုံတင်ရှေ့နေ (R.L) စာမေးပွဲကို သက်သေခံဥပဒေဂုဏ်ထူးဖြင့် ၁၉၇၈ ခုနှစ်တွင်လည်းကောင်း အသီးသီးအောင်မြင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၄ ခုနှစ်အထိ သမဝါယမ အလုပ်သင်အရာရှိ၊ အငယ်တန်း မန်နေဂျာ၊ သမဝါယမပညာပေးစာအုပ် (၂) အုပ် ရေးသားခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် သမဝါယမလုပ်ငန်းမှ အနား ယူ၍ ရှေ့နေလုပ်ငန်းဖြင့်အသက်မွေးသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ ဒီမိုကရေစီအရေးတော်ပုံကြီး တွင် မြို့နယ်ခေါင်းဆောင်တာဝန်ယူ၍ မြို့နယ်လုံခြုံရေး၊ ကုန်သွယ် သ/မ မပျက်စီးအောင်ထိန်းသိမ်းရေးနှင့် ပါတီကောင်စီမှပုဂ္ဂိုလ်တို့၏နေအိမ်များကို ပုဂ္ဂိုလ်ရေးအရ အနှောင့်အယှက်အဖျက်အဆီးမရှိစေရန် ထိန်းသိမ်းရေး တို့ကို ဆောင်ရွက်ခဲ့သည်။ ဦးဘိုမောင်းသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၄၃) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (၄) နှင့် ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၈၄) ဖြင့် ကြေညာခဲ့သည်။ နောင် (၁၀) နှစ်အတွင်းပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ ဒီပဲယင်းသွေးချောင်းစီး လုပ်ကြံ တိုက်ခိုက်သတ်ဖြတ်မှုကြီးတွင် ရှေ့ပြေးအဖြစ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့၏ ယာဉ်တန်းရှေ့မှ ကြိုတင်ထွက် ခွာလာစဉ် ကွပ်ကဲရေးစခန်းအဖြစ်အသုံးပြုထားသည့် ဆည်မြောင်းဝန်းဟောင်းတွင် ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည်။

## ၂၆။ ဒီပဲယင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးဝင်းမြင့်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဝင်းမြင့်အောင်သည် ဒီပဲယင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားပြု ၍အရွေးချယ်ခံခဲ့ရာ ခိုင်လုံမဲ (၁၇,၄၄၈)၊ စုစုပေါင်းမဲရာနှုန်း (၇၀ . ၅၀) ဖြင့် ရွေးချယ်တင်မြှောက် ခြင်းခံခဲ့ရသည်။ ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့ဖွား ဖြစ်သည်။ အဖဦးဘိုစိန်၏သား၊ ဦးဝင်းမြင့်

အောင်သည် စိုင်ပြင်ကျေးရွာ အစိုးရအလယ်တန်းကျောင်းနှင့် တွဲဘက်အစိုးရအထက်တန်းကျောင်း၊ မြစ်ကြီးနား ကောလိပ်၊ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တို့တွင် သိပ္ပံ (ရုက္ခဗေဒ) ဘွဲ့ရသည်အထိပညာ သင်ကြားခဲ့သည်။ ၁၉၇၉ ခုနှစ်မှစ၍ မိဘပိုင်ဆန်စက်၊ ဆီစက်တို့တွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် စိုင်ပြင်ကျေးရွာ တွင်ဦးဆောင်၍ ကုန်သွယ်လယ်ရာပိုင် စပါးနှစ်သောင်း ကျော်ကိုလည်းကောင်း၊ ပြည်သူပိုင်အဆောက်အဦများကိုလည်းကောင်း ကာကွယ်စောင့်ရှောက်ခဲ့သည်။ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကျေးရွာတွင်နေသည်။ ၂၀၀၃ ခုနှစ်၊ မေလ (၂၂) ရက်နေ့တွင် အာဏာပိုင်များမှ ထောင် ဒဏ် (၂) နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ရာ ၂၀၀၄ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် ရွှေဘိုထောင်မှပြန်လွတ်သည်။

## ၂၇။ နန်းယွန်းမြို့နယ်မဲဆန္ဒနယ်။

### ဦးကျော်မောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။

ဦးကျော်မောင်သည် နန်းယွန်းမြို့နယ်မဲဆန္ဒနယ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁,၁၄၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄ . ၂၂) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၈ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့ဖွား ဖြစ်သည်။ နန်းယွန်းမြို့နယ်၊ ဒုံတီးကျေးရွာ ဇာတိဖြစ်သည်။ အဖ ဦးကေပုံ၏သား ဖြစ်သည်။ ဦးကျော်မောင်သည် ဒုံဟိန်း အစိုးရမူလတန်းကျောင်း၊ ခန္တီးမြို့ အစိုးရအထက်တန်းကျောင်း၊ ထားဝယ်မြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၂)၊ ကော့ကရိတ်မြို့ အစိုးရ အထက်တန်းကျောင်းတို့တွင် (၁၀) တန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ပြည်သူ့ရဲတပ်ဖွဲ့ ကြီးကြပ်ရေးမှူးရုံး လျှို့ဝှက်စာရေး၊ ၁၉၇၀ ပြည့်နှစ်တွင် အခြေခံနိုင်ငံရေးသင်တန်း အမှတ်စဉ် (၂၂) သို့ တက်ရောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၈ ခုနှစ်အထိ နန်းယွန်းမြို့နယ်ရေးရာမှူး၊ တိုင်းပြည်သူ့ ကောင်စီဝင်၊ မြို့နယ်ပါတီယူနစ်အတွင်းရေးမှူး၊ ၁၉၈၅ ခုနှစ်တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ နှစ်ပြည့်ပင်စင်ယူခဲ့သည်။ တိုင်း ရင်းသားစည်းလုံးညီညွတ်ရေးပါတီတွင် မြို့နယ်စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။

## ၂၈။ ပုလဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးသန်း (ခ) ဦးသန်းစိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသန်း (ခ) ဦးသန်းစိန်သည် ပုလဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၈၇၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၈ . ၈၈) ဖြင့် ရွေးချယ် တင်မြှောက် ခြင်းခံခဲ့ရသည်။ အဖ ဦးဘထွေး၊ အမိ ဒေါ်မှုံတို့မှ ၁၉၅၀ ပြည့်နှစ်၊ ဧပြီလ (၁၆) ရက်နေ့တွင် မွေးဖွားခဲ့ သည်။ ပုလဲမြို့နယ်၊ ကုက္ကိုစုကျေးရွာဇာတိဖြစ်သည်။ ဦးသန်း (ခ) ဦးသန်းစိန်သည် တန်းမြင့်ကျောင်းထွက် စာမေးပွဲကို ယင်းမာပင်မြို့ အစိုးရအထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ မူလတန်းပြဆရာအဖြစ် ပုလဲမြို့နယ်၊ ညောင်ကိုင်းကျေးရွာ အစိုးရမူလတန်းကျောင်း နှင့် ဝမ်းဘဲချိုင့်ကျေးရွာအုပ်စု၊ ပိတောက်ကုန်းကျေးရွာအစိုးရ မူလတန်းကျောင်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ မိမိဆန္ဒအလျောက် နုတ် ထွက်ခဲ့သည်။ ၁၉၇၆ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မော်တော်ယာဉ်ပြေးဆွဲခြင်းလုပ်ငန်းကို လုပ်ကိုင်လျက် ပုလဲမြို့နယ်၊ ကမ်းဒေါင့်ကျေးရွာတွင်နေထိုင်ခဲ့သည်။ ဦးသန်း (ခ) ဦးသန်းစိန်အား စင်ပြိုင်အစိုးရဖွဲ့စည်း၍ နိုင်ငံတော် ကိုတော်လှန်ပုန်ကန်ရန်၊ နိုင်ငံတော်အား လက်နက်စွဲကိုင်၍တော်လှန်ပုန်ကန်သော သောင်းကျန်းသူအဖွဲ့အစည်း များနှင့် ဆက်သွယ်ပူးပေါင်းခြင်း၊ ပုန်ကန်ရန် အဖွဲ့အစည်းများဖွဲ့စည်းခြင်းများကြောင့်ဟု အကြောင်းပြ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁)၊ ပုဒ်မခွဲ (၁) နှင့် ငြိစွန်းသဖြင့် ရွေးကောက်တင်မြှောက်သူအဖြစ်မှ ပယ်ဖျက် ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁)

ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဦးသန်း (ခ) ဦးသန်းစိန်သည် အိန္ဒိယနိုင်ငံသို့ ထွက်ခွာလာခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရနှင့် ပူးပေါင်းခဲ့သည်။ ယခု အိန္ဒိယနိုင်ငံတွင် နေထိုင်သည်။

## ၂၉။ ပုလဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါက်တာတင့်ဆွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာတင့်ဆွေသည် ပုလဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၆၉၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၁ . ၁၅) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘချို (မြေတိုင်းအငြိမ်းစား)၊ အမိ ဒေါ်ခင်ခင်တို့မှ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် မွေးဖွားသည်။ ပုလဲမြို့နယ်၊ မင်းရွာဇာတိဖြစ်သည်။ ဒေါက်တာတင့်ဆွေသည် ၁၉၇၂ ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဒေါ်မြမြအေးနှင့်လက်ထပ်၍ သားသမီး (၅) ဦးထွန်းကားသည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မုံရွာ၊ မြို့သာ (ငါန်းဇွန်)၊ စစ်ကိုင်း၊ ပုလဲနှင့် ဟိန်းဇဲ သတ္တုတွင်းတို့တွင် တာဝန်ကျဆရာဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အစိုးရအမှုထမ်းအဖြစ်မှ နိုင်ငံရေးလုပ်ရန်ဟူသောအကြောင်းပြချက်ဖြင့် နုတ်ထွက်ခဲ့သည်။ ဒေါက်တာတင့်ဆွေအား ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ စင်ပြိုင်အစိုးရဖွဲ့စည်း၍ နိုင်ငံတော်အားတော်လှန်ပုန်ကန်ရန်၊ နိုင်ငံတော်အားလက်နက်ကိုင်စွဲကိုင် တော်လှန်ပုန်ကန်သော သောင်းကျန်းသူအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူး ပေါင်းခြင်း၊ ပုန်ကန်ရန် အဖွဲ့အစည်းများဖွဲ့စည်းခြင်းတို့ကြောင့် ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၀) ပုဒ်မခွဲ (ခ) နှင့်ငြိစွန်းသဖြင့် ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှပယ်ဖျက်ကြောင်း ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် ကြေညာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့စွဲပါ စာအမှတ် – ၇၄၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ယူထားသည့်တာဝန်များမှလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်မှလည်းကောင်း ရပ်ဆိုင်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၄) ရက် နေ့စွဲပါစာအမှတ် – ၇၅၈/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုထား ခြင်းကို ဖျက်သိမ်းခဲ့သည်။ ဒေါက်တာတင့်ဆွေသည် အိန္ဒိယနိုင်ငံသို့ ထွက်ခွာလာခဲ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရနှင့်ပူးပေါင်းခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ်ရုံး ဝန်ကြီး (အနောက်ဖက်ဒေသ) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ယခု အိန္ဒိယနိုင်ငံတွင်နေထိုင်သည်။

## ၃၀။ ပင်လည်ဘူးမြို့နယ်မဲဆန္ဒနယ်။

### ဦးမြအေး (ဇန်းမော်ရွှေညို)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမြအေးသည် ပင်လည်ဘူးမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅,၄၉၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၂ . ၆၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ဇန်းမော်မြို့နယ်၊ နောင်ခိုကျေးရွာဇာတိဖြစ်သည်။ အဖ ဦးစံရ(ဗမာ)၊ အမိ ဒေါ်လေး (ရှမ်း) တို့မှ ၁၉၃၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ဦးမြအေးသည် ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှစ၍ ဇန်းမော်ရွှေညိုကလောင်အမည်ဖြင့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများရေးသားခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် **'ခရီးတစ်ထွာ၊ တိုက်ပွဲတစ်ရာ'** ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို ထုတ်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ လူထုပညာရေးမှူး (လူမှုဝန်ထမ်းမှူး) ဝမ်းဘဲအင်း (ပဲခူး)၊ ပင်လည်ဘူး၊ အင်းတော်၊ ဖောင်းပြင်၊ ကင်းတပ် (မော်လိုက်)၊ ကသာ။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၆ ခုနှစ်အထိ အလယ်တန်းပြ ကျောင်းဆရာ၊ ပင်လည်းဘူးနှင့်

ဝန်းသို အစိုးရအလယ်တန်းကျောင်း၊ ၁၉၆၆ ခုနှစ်တွင် အခြေခံနိုင်ငံရေးသင်တန်းအမှတ်စဉ် (၉) သို့ တက်ရောက်ခဲ့ပြီးနောက် ဝန်းသိုမြို့နယ်ပါတီယူနစ် စည်းမှူး၊ ၁၉၆၇ ခုနှစ် တွင် နည်းပြသင်တန်းအမှတ်စဉ် (၄) သို့ တက်ရောက်ခဲ့ပြီး ဗနသ၊ ဗနတတို့တွင် လက်ထောက်ကထိက၊ ၁၉၇၃ ခုနှစ်တွင် စမ်းချောင်းမြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမား အရေးအခင်းအမှုတခုမှ စာပေဗိမာန်ပုံနှိပ်တိုက် တရားခံခြောက်ဦးအား တရားသေလွှတ်ခဲ့သဖြင့် ပါတီမှ ခေါ်ယူစစ်ဆေးမေးမြန်းခြင်းခံရပြီး၊ ၁၉၇၆ ခုနှစ်၊ စက်တင်ဘာလတွင် ပါတီမှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ အလယ်တန်းပြ ကျောင်းဆရာ၊ သန်လျင် အစိုးရအထက်တန်းကျောင်းအမှတ် (၁) နှင့် စမ်း ချောင်း အစိုးရအထက်တန်းကျောင်း အမှတ် (၁)၊ ၁၉၈၃ ခုနှစ်တွင် လုပ်သက်ပြည့် အငြိမ်းစားယူခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်ခဲ့သည်။ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၀၇) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ဇနီးမှာ ဒေါ်တင်ဦးဖြစ်ပြီး သားသမီးခုနစ်ယောက် ထွန်းကားခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၀၇)**
**(၁၃၆၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်)**
**(၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)**

**အကြောင်းအရာ။ ။ ဦးမြအေးအား စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံ ထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးမြအေးက မိမိသည် နိုင်ငံရေးလောကနှင့် ဆက်သွယ်လုပ်ဆောင်ရန် စိတ်မရှိတော့၍လည်းကောင်း၊ လူ့ဘောင်ကိုငြီးငွေ့ပြီး သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီးဖြစ်၍လည်းကောင်း မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးမြအေး၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးမြအေးအား ယနေ့မှစ၍ ပင်လည်ဘူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

## ၃၁။ ဖောင်းပြင်မြို့နယ်မဲဆန္ဒနယ်။

### ဦးအောင်သောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအောင်သောင်းသည် ဖောင်းပြင်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၈၃၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၅ . ၃၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့ဖွား ဖြစ်သည်။ ဖောင်းပြင်မြို့ဇာတိဖြစ်သည်။ အဖ ဦးကံတင့်၏သား ဖြစ်သည်။ ဦးအောင်သောင်းသည် ဖောင်းပြင်မြို့အစိုးရအထက်တန်းကျောင်းတွင် အခြေခံပညာ အထက်တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၇၉ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ဖောင်းပြင်မြို့နယ် သမဝါယမတွင် အခြားအဆင့် (ခ)၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ အရန်ပါတီဝင်၊ စေတနာ့ဝန်ထမ်း အရန်မီးသတ်တပ်ဖွဲ့ တပ်ကြပ်အဆင့်၊ မြို့မလူမှုရေးအဖွဲ့ ဘဏ္ဍာရေးမှူး၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ဒီမိုကရေစီတိုက်ပွဲဝင်ရေးအဖွဲ့ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ဖောင်းပြင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်စည်းရုံးရေးမှူးတာဝန် ယူခဲ့သည်။

## ၃၂။ ဗန်းမောက်မြို့နယ်မဲဆန္ဒနယ်။

### ဦးဘငြိမ်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဘငြိမ်းသည် ဗန်းမောက်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၈၈၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၆ . ၀၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဝန်းသိုမြို့၊ ဂျိုးထောင်ရွာဇာတိဖြစ်သည်။ အဖ ဦးဒွန်း၊ အမိ ဒေါ်မွန်တို့မှ ၁၉၁၇ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဘငြိမ်းသည် ဗန်းမောက်မြို့၊ မြန်မာအလယ်တန်းကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၇ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ဗန်းမောက်မြို့နယ် ဖ–ဆ–ပ–လ အတွင်းရေးမှူး၊ ၁၉၆၂ ခုနှစ်တွင် မြို့နယ်ကြံ့ခိုင်ရေးအဖွဲ့ ငွေထိန်း၊ ၁၉၆၃ ခုနှစ်တွင် သားဖွားဆေးခန်းဆောက်လုပ်ရေးအဖွဲ့ ငွေထိန်း၊ ၁၉၆၇ ခုနှစ်တွင် မြို့မ အစိုးရအထက်တန်းကျောင်း ဖြစ်မြောက်ရေးကော်မတီ ငွေထိန်း၊ ၁၉၇၁ ခုနှစ်တွင် မြို့ဦးစေတီ ကုန်းတံတိုင်းဖြစ်မြောက်ရေးကော်မတီ ငွေထိန်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ကုန်သည်လုပ်ငန်းဖြင့် အသက်မွေးသည်။ ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့ထုတ် အစိုးရပိုင်သတင်းစာတွင် ဖော်ပြထားချက်ကိုကိုးကား၍ ရိုက်တာသတင်းဌာနမှ ၂၁–၈–၉၇ ရက်နေ့ သတင်းတရပ်တွင် အယောက် (၄၀) မြောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်သူဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၃၃။ ဘုတလင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဟံသာမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဟံသာမြင့်သည် ဘုတလင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၆၄၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၀ . ၈၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးသိန်းဖေမြင့် (စာရေးဆရာ၊ ကွယ်လွန်)၊ အမိ ဒေါ်ခင်ကြည်ကြည် (အငြိမ်းစား၊ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန) တို့မှ ၁၉၄၈ ခုနှစ်၊ မေလ (၇) ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ဖခင်

ဦးသိန်းဖေမြင့်မှာ ဘုတလင်မြို့ ဇာတိဖြစ်ပြီး၊ ၁၉၅၆ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း ဘုတလင်မြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့ညီညွတ်ရေးအမျိုးသားတပ်ပေါင်းစု (ပ–မ–ည–တ) ကိုယ်စားပြု ပြည်သူ့လွှတ်တော်အမတ်ဖြစ်ခဲ့သည်။ ဦးဟံသာမြင့်သည် ၁၉၅၃ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ရန်ကုန်မြို့၊ သာသနာ့ရိပ်သာရပ်ကွက် မဟာဓမ္မာရုံ ကျောင်းဝင်းအတွင်းရှိ မြူနီစီပါယ်မူလတန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ထိုကျောင်းမှ (၄) တန်းအောင်မြင်ခဲ့သည်။ ၁၉၅၈ ခုနှစ်၊ ဇွန်လမှ ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ရန်ကုန်တက္ကသိုလ်ပညာရေးမဟာဌာန၊ လေ့ကျင့်ရေးကျောင်းတွင် ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ရန်ကုန်စက်မှုတက္ကသိုလ်တွင် လျှပ်စစ်ဆက်သွယ်ရေးအင်ဂျင်နီယာဘာသာရပ်ကိုသင်ကြားခဲ့ပြီး၊ ၁၉၇၀ ပြည့်နှစ်၊ ဩဂုတ်လတွင် နောက်ဆုံးနှစ်စာမေးပွဲအောင်မြင်၍ စက်မှုအင်ဂျင်နီယာ (လျှပ်စစ်ဆက်သွယ်ရေး) ဘွဲ့ရခဲ့သည်။ အဆိုပါလတွင်ပင် စာတိုက်နှင့်ကြေးနန်းဌာနတွင် လက်ထောက်အင်ဂျင်နီယာ သင်တန်းဆရာအဖြစ် ဝန်ထမ်း ဘဝ စတင်ခဲ့သည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီ တိုင်းတို့တွင် နယ်ပိုင်ကြေးနန်းဝန်ထောက် အဖြစ်လည်းကောင်း၊ စီမံကိန်းအင်ဂျင်နီယာအဖြစ်လည်းကောင်း၊ ပြည်နယ်မန်နေဂျာအဖြစ်လည်းကောင်း မော်လမြိုင်၊ ပုသိမ်၊ တောင်ကြီး၊ ရန်ကုန်မြို့များတွင်အခြေစိုက်၍ မြန်မာပြည်အနှံ့အပြား လှည့်လည်တာဝန် ထမ်းဆောင်ခဲ့ပြီး၊ ၁၉၈၆ ခုနှစ်မှစ၍ ဒုတိယကြီးကြပ်မှု အင်ဂျင်နီယာ (မိုက္ကရိုဝေ့ဖ်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံ့တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဆွီဒင်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူ သမ္မတနိုင်ငံတို့တွင် ကျွမ်းကျင်မှုသင်တန်းများနှင့် လုပ်ငန်းခွင်သင်တန်းများ တက်ရောက်ခဲ့သည်။ ၁၉၈၆ ခုနှစ်၊ ဇူလိုင်လအတွင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင်ကျင်းပသော အာရှနှင့်ပစိဖိတ်ဒေသ ကြေးနန်းဆက်သွယ်ရေး အဖွဲ့၏ စက်မှုဆိုင်ရာအစည်းအဝေးသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့၏ အဖွဲ့ခေါင်းဆောင်အဖြစ်တက်ရောက်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလ ပြည်သူ့ဒီမိုကရေစီလှုပ်ရှားမှုကြီးတွင် ဘဝတူဝန်ထမ်းများနှင့် အတူ ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလတွင် တာဝန်မှအငြိမ်းစားပေးခြင်းခံခဲ့ရသည်။ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပဲခူးတိုင်းစည်းရုံးရေးအဖွဲ့၊ တိုင်းစည်းရုံးရေးမှူး (အရန်) အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ပဲခူးတိုင်း (၂၈) မြို့နယ်အနှံ့ စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဧပြီလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကုန်သွယ်စီးပွားအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။

## ၃၄။ ဘုတလင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးခင်မောင်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးခင်မောင်အေးသည် ဘုတလင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၇၃၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၆ . ၂၂) ဖြင့် ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးသိန်း၊ အမိ ဒေါ်စိန်းရင်တို့မှ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဘုတလင်မြို့ဇာတိ ဖြစ်သည်။ ဦးခင်မောင်အေးသည် ၁၉၅၃ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ဘုတလင်မြို့ အစိုးရအထက် တန်းကျောင်းတွင်ပညာသင်ကြားခဲ့ပြီး၊ ၁၉၆၃–၆၄ ခုနှစ်တွင် မန္တလေးမြို့လှသိပ္ပံ အလွတ်ပညာသင်ကျောင်းမှ (၁၀) တန်း အောင်မြင်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် တတိယနှစ်အထိ ပညာသင်ကြားခဲ့ပြီး၊ ၁၉၆၈–၆၉ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် တွင် စတုတ္ထနှစ်သို့ပြောင်းရွှေ့ ပညာသင်ကြားခဲ့ပြီး ထိုနှစ်တွင်ပင် သိပ္ပံ (သတ္တဗေဒ) ဘွဲ့ ရရှိခဲ့သည်။ ၁၉၇၀

ပြည့်နှစ်မှ ၁၉၇၄ ခုနှစ်အထိ ရွှေဘိုမြို့၊ ငါးလုပ်ငန်းဦးစီးဌာနတွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၇၄–၁၉၇၅ ခုနှစ်တွင် မိဘလက်ငုတ် ကိုယ်ပိုင်လုပ်ငန်းဖြစ်သော ဆီစက်လုပ်ငန်းလုပ်ကိုင်ရန် ဝန်ထမ်းဘဝမှ နုတ်ထွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် ကွယ်လွန်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃၁) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

## ၃၅။ မုံရွာမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးကြည်စိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးကြည်စိုးသည် မုံရွာမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄၉,၅၆၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၀ . ၉၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၅ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးဟန်၏သား ဖြစ်သည်။ ဦးကြည်စိုးသည် ၁၉၅၈ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် တပ်မတော်သို့ဝင်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဒုတပ်ရင်းမှူး အဆင့်ဖြင့် ခလရ (၉၄) မှ မိမိဆန္ဒအလျောက်နုတ်ထွက်ခဲ့သည်။ စိန်မျှားစတိုး၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့တွင်နေသည်။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ခိုင်လုံမဲအရေအတွက် ဒုတိယအများဆုံးရရှိသူဖြစ်သည်။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့တွင် မုံရွာမြို့နေအိမ်၌ ကွယ်လွန်သည်။

## ၃၆။ မုံရွာမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးစောအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစောအောင်သည် မုံရွာမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄၇,၉၃၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၈ . ၉၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ မြောင်မြို့နယ်၊ ရွှေပန်းကျေးရွာဇာတိဖြစ်သည်။ အဖ ဦးအောင်ချိတ်၏သား ဖြစ်သည်။ ၁၉၃၅ ခုနှစ်၊ မေလ (၉) ရက်နေ့ဖွား ဖြစ်သည်။ ဦးစောအောင်သည် ချောင်းဦးမြို့ အနောက်ရပ် အစိုးရမူလတန်းကျောင်း၊ မုံရွာမြို့အစိုးရအထက်တန်းကျောင်း၊ မန္တလေးကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ဘီအက်စ်စီဘွဲ့ရသည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၈ ခုနှစ်အထိ မုံရွာမြို့အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ်နှင့် တာဝန်ထမ်းဆောင်ရင်း ဝိဇ္ဇာနှင့် ဥပဒေဝိဇ္ဇာဘွဲ့များ ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ အထက်တန်းရှေ့နေ၊ ဗဟိုတရားရုံးရှေ့နေ၊ တရားရုံးချုပ်ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပါတီစိတ်အတွင်းရေးမှူး၊ မြို့နယ်ကောင်စီဝင် (အချိန်ပိုင်း) အဖြစ် ဆောင်ရွက်ခဲ့သည်။

## ၃၇။ မင်းကင်းမြို့နယ်မဲဆန္ဒနယ်။

### ဦးဘို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးဘိုသည် မင်းကင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၄၃၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၅ . ၃၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မင်းကင်းမြို့နယ်၊ အင်ပင်လှကျေးရွာဇာတိဖြစ်သည်။ အဖ ဦးဖိုးအုန်း၊ အမိ ဒေါ်စိန်အေးတို့မှ ၁၉၂၇ ခုနှစ်၊ ဇူလိုင်လ (၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဘိုသည်မောက်ကတော်ကျေးရွာ အစိုးရမူလတန်းကျောင်း

တွင် ပညာသင်ကြားနေစဉ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ စတုတ္ထတန်းနှင့် ကျောင်းထွက်ခဲ့ရသည်။ ထိုမှ မိဘနှင့် အတူတောင်သူလုပ်ကိုင်ခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ သစ်လုပ်ငန်း၊ ဆီစက်၊ ဆန်စက်၊ စက်အပိုပစ္စည်း ဆိုင် စသည်ဖြင့် ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ မင်းကင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့တွင် ကွယ်လွန်သည်။

## ၃၈။ မြင်းမူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဘာဘာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဘာဘာသည် မြင်းမူမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၄၇၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၃ . ဝ၈) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၃ ခုနှစ်၊ မတ်လ (၁) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးဟုတ်စိန်၏သား ဖြစ်သည်။ ဦးဘာဘာသည် ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပညာရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ ဒီပဲယင်း သွေးချောင်းစီး လုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးအတွင်း စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ရွှေဘိုထောင်မှ ပြန်လွတ်သည်။

## ၃၉။ မြင်းမူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးတင်ငွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်ငွေသည် မြင်းမူမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၁၅၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၂ . ၁၁) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ စစ်ကိုင်းမြို့နယ်၊ ရွာထောင်ဇာတိဖြစ်သည်။ အဖ ဦးဖိုးစိုး၊ အမိ ဒေါ်မျှင်တို့မှ ၁၉၄၁ ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးတင်ငွေသည် မြင်းမူမြို့အစိုးရ အထက်တန်းကျောင်းတွင် ဆယ်တန်းထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မိတ္ထီလာ ထွန်စက်မောင်းသင်တန်းကျောင်းတက်ခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ စက်မှုလယ်ယာဝန်ထမ်း၊ ၁၉၇၁ ခုနှစ်တွင် အလုပ်မှနုတ်ထွက်၍ နို့ဆီလုပ်ငန်း၊ တောင်ယာ လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဒေါ်ဌေးကြည်နှင့်လက်ထပ်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် သပိတ်ကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ မြင်းမူ မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။

## ၄၀။ မြောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဝင်းရှိန်၊ တသီးပုဂ္ဂလ။

ဦးဝင်းရှိန်သည် မြောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် တသီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၉,၇၄၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၉ . ၃၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြောင်မြို့ ဇာတိဖြစ်သည်။ အဖ ဦးသန်းဖေ၊ အမိ ဒေါ်ကြည်တို့မှ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် မွေးဖွားခဲ့ သည်။ ဦးဝင်းရှိန်သည် မြောင်မြို့ နဂါးရုံကျောင်း၊ မြောင်မြို့အစိုးရအထက်တန်းကျောင်း၊ မန္တလေးမြို့ ရတနာပုံနှင့် လှသိပ္ပံကျောင်းနှင့် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ပြီး၊ သိပ္ပံ (ကုန်ထုတ်ဓာတုဗေဒ) ဘွဲ့ ရရှိခဲ့သည်။ ၁၉၇၁–၇၂ ခုနှစ်တွင် တောင်သူလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ

အထက်တန်းပြ ကျောင်းဆရာ (မြောင်–ကျောက်ရစ်တွဲဖက်အစိုးရ အထက်တန်းကျောင်း)၊ ၁၉၇၄ ခုနှစ်တွင် အထက်တန်းပြဆရာမ ဒေါ်ခင်မျိုးတင့်နှင့် လက်ထပ်ခဲ့သည်။ ၁၉၇၅–၇၆ ခုနှစ်တွင် ရူပဗေဒဆရာ၊ အားသစ်နည်းပြ (မန္တလေးမြို့)၊ ၁၉၇၆–၇၇ ခုနှစ်တွင် အထက်တန်းပြဆရာ (ရေစကြို ပခန်းနီးငယ်၊ တွဲဖက် အစိုးရအထက်တန်း ကျောင်း)၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ နည်းပြချုပ်၊ မြောင်ဦးဝင်းရှိန် နည်းပြ၊ ၁၉၈၂ ခုနှစ်၊ ဧပြီလမှ ၁၉၈၃ ခုနှစ်၊ ဇူလိုင်လအထိ (၁၆) လကြာမျှ မန္တလေးအကျဉ်းထောင်တွင် ပုဒ်မ ၁၀ (က) ဖြင့် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၈၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကျူရှင်ဆရာ၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီး တွင် မြို့နယ်သပိတ်တပ်ခွဲခေါင်းဆောင်၊ ၁၉၈၈–၈၉ ခုနှစ်တွင် မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ရုံးအုပ်တာဝန်နှင့် မြို့နယ်စည်းရုံးရေး တာဝန်ခံအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂) ရက် နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်ခဲ့သည်။ မူလက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စား ပြု၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ဖြစ်သော်လည်း အဖွဲ့ချုပ် (ဗဟို) မှ ယခင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ဒုတိယဗိုလ်မှူးကြီးဟောင်း) ဦးအောင်ထွန်းအား မြောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) အတွက် ကိုယ်စားလှယ်လောင်းအဖြစ် သတ်မှတ်ခဲ့သဖြင့် အဖွဲ့ချုပ်မှနုတ်ထွက်ပြီး တသီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်အားထောက်ခံသော တသီးပုဂ္ဂလအဖြစ် ကြေညာခဲ့ သည်။ မဲဆန္ဒရှင်တဦးဖြစ်သူ ဒေါက်တာကျော်နိုင်ထွန်းမှ ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခဲ့သဖြင့် ခုံရုံး၏ ကြားနာစစ်ဆေးမှုခံခဲ့ရသည်။

## ၄၁။ မြောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးမင်းသွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမင်းသွင်သည် မြောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၉,၉၄၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၁ . ၀၇) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ တိုက်ကြီးမြို့နယ်၊ ဖလုံကျေးရွာဇာတိဖြစ်သည်။ အဖ ဦးပု၊ အမိ ဒေါ်တုတ်တို့မှ ၁၉၅၂ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဦးမင်းသွင်သည် ဖလုံအစိုးရမူလတန်းကျောင်း၊ တိုက်ကြီးမြို့ အစိုးရအလယ်တန်း ကျောင်းတို့တွင် ဆဋ္ဌမတန်းအောင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ဘီအမ်ပီတပ်သို့ ဝင်ရောက်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ–အိုင်–အေ) တွင်လည်းကောင်း၊ ၁၉၄၅ ခုနှစ်တွင် ရေဝတီတိုင်းတွင်လည်းကောင်း နယ်ချဲ့ဖက်ဆစ်တို့ကိုတွန်းလှန်တိုက်ခိုက်ခဲ့သည်။ ထိုမှ သနက (၁)၊ မိတ္ထီလာမြို့သို့ ဝင်ရောက်ခဲ့၍ ၁၉၄၆ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း လှည့်လည်စည်းရုံးဟောပြောရာတွင် ဗိုလ်မင်း လွင်၊ ဗိုလ်ထွန်းလှတို့နှင့်အတူ ၁၉၄၇ ခုနှစ်အထိ ဗိုလ်ချုပ်၏လုံခြုံရေးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ သောင်းကျန်းမှုနှိမ်နင်းရေးတပ်၊ ၁၉၅၈ ခုနှစ်တွင် ပြည်စောင့်ရဲတပ်ရင်း၊ နိုင်ငံတော် သမ္မတ၏ ကိုယ်ရံတော်တပ်ခွဲမှူး၊ ၁၉၆၁ ခုနှစ်တွင် (၁၀) တန်းစာမေးပွဲကိုပြင်ပမှ ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ရှမ်းသနက (၁)၊ ရိုးမစစ်ဆင်ရေးရှေ့တန်းတပ်ခွဲမှူး၊ စစ်ကြောင်းမှူး၊ ဗကပနှင့်တိုက်ပွဲတွင် ခြေထောက် နှစ်ဖက်စလုံးဒဏ်ရာရ၍ ဖြတ်တောက်ခဲ့ရပြီး ၁၉၆၈ ခုနှစ်တွင် (ဆေး) အငြိမ်းစားယူခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် တောင်ဥက္ကလာပမြို့နယ်ကောင်စီဝင်၊ ၁၉၈၀ ပြည့်နှစ်တွင် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်) ရသည်။ ၁၃၅၀ ပြည့်နှစ်(၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ဝန်းသိုမြို့နယ်၌ ပါဝင်ခဲ့သည်။ စစ်ကိုင်းတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

## ၄၂။ မော်လိုက်မြို့နယ်မဲဆန္ဒနယ်။

### ဦးတင်မောင်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်မောင်ဝင်းသည် မော်လိုက်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၁,၂၄၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၃ . ၆၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ မော်လိုက်မြို့နယ်၊ ကင်းတပ်ဇာတိဖြစ်သည်။ အဖ ဦးညိုဦး၊ အမိ ဒေါ်သန်းကြည်တို့မှ ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးတင်မောင်ဝင်းသည် ကင်းလိုက်အစိုးရ အလယ်တန်းကျောင်း၊ မော်လိုက်အစိုးရ အထက်တန်းကျောင်းတို့တွင် ဆယ်တန်းအောင်သည်အထိ သင်ယူခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ မြို့နယ်ကုန်သွယ်ရေးနှင့် သမဝါယမ စာရေးဝန်ထမ်း၊ ၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ရေဒီယိုအော်ပရေတာ သင်တန်းများတက်ပြီး ကိုယ်ပိုင် ရေဒီယို၊ ကက်ဆက်ပြုပြင်ရေးလုပ်ငန်းလုပ်ကိုင်ခဲ့သည်။

## ၄၃။ ယင်းမာပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဗိုလ်သောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဗိုလ်သောင်းသည် ယင်းမာပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၆၄၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄ . ၉၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ချောင်းဦးမြို့ဇာတိဖြစ်သည်။ အဖ ဦးရန်၊ အမိ ဒေါ်ကြီးတို့မှ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဦးဗိုလ်သောင်းသည် ကုတိုးကုန်းရပ်အစိုးရမူလတန်းကျောင်း၊ ချောင်းဦးမြို့ အစိုးရအထက်တန်းကျောင်းတို့တွင် ခြေခံပညာသင်ယူခဲ့ပြီး မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ၁၉၇၃ ခုနှစ်တွင် သိပ္ပံ (ရူပဗေဒ) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ကျောက်မော်တွဲဘက် အစိုးရအလယ်တန်းကျောင်းနှင့်အစိုးရအထက်တန်းကျောင်းတို့တွင် တွဲဘက်အလယ်တန်းပြဆရာနှင့် အထက်တန်းပြဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလဆန်းတွင် အိန္ဒိယနိုင်ငံသို့ ထွက်ခွာလာခဲ့သည်။ ထို့နောက် ထိုင်း–မြန်မာနယ်စပ်တွင် အခြေပြု၍ နိုင်ငံရေးလှုပ်ရှားမှုများဆောင်ရွက်ခဲ့၍ ၂၀၀၅ ခုနှစ်၊ ဇွန်လ (၈) ရက်နေ့တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အစီအစဉ်ဖြင့် နို့ဖိုးဒုက္ခသည်စခန်းမှတဆင့် နော်ဝေနိုင်ငံသို့ မိသားစုနှင့်အတူ ထွက်ခွာခဲ့ပြီး ယခုအခါ နော်ဝေနိုင်ငံတွင် နေထိုင်သည်။

## ၄၄။ ယင်းမာပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးတင်ထွန်းအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်ထွန်းအောင်သည် ယင်းမာပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၃၉၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၂ . ၃၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ဒိုက်ဦးမြို့ဇာတိဖြစ်သည်။ အဖ ဦးတင်၊ အမိ ဒေါ်သိန်းတင်တို့မှ ၁၉၃၇ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးတင်ထွန်းအောင်သည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ သတင်းစာသင်တန်းကျောင်းမှ သတင်းစာဒီပလိုမာဘွဲ့ရခဲ့သည်။ မြန်မာ့အသံ၊ မြန်မာ့အလင်းသတင်းစာနှင့် မြန်မာ့သတင်းစဉ် အင်္ဂလိပ် (နိုင်ငံခြား) အယ်ဒီတာအဖြစ် နှစ်ပေါင်း (၃၀) ခန့် ဆောင်ရွက်ခဲ့သည်။ ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) တည်ထောင်သူ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဂျီဒီအာသို့ သတင်းစာလေ့လာရေးခရီးသွားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုတတ်သိပညာရှင်တဦးအဖြစ်နှင့် အဖွဲ့ချုပ်ဗဟို ပြန်ကြားရေးအဖွဲ့ဝင်တဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ **"မြန်မာ့နိုင်ငံရေးနှင့် သခင်ဘသောင်း"** စာအုပ်အား

တင်ထွန်းအောင် (မြန်မာ့အလင်း) ကလောင်အမည်ဖြင့် ရေးသားခဲ့သည်။ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ် လွတ်မြောက်နယ်မြေသို့ တိမ်းရှောင်ရောက်ရှိခဲ့သည်။

### ၄၅။ ရေဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဌေးမောင် (ခ) ဦးသန်းအောင်ဌေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဌေးမောင် (ခ) ဦးသန်းအောင်ဌေးသည် ရေဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၁၉၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၁ . ၂၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ တန့်ဆည်မြို့နယ်၊ ချောင်းရိုးရွာဇာတိဖြစ်သည်။ အဖ ဦးဘရန်၊ အမိ ဒေါ်ကြည်မေတို့မှ ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဌေးမောင် (ခ) ဦးသန်းအောင်ဌေးသည် ချောင်းရိုးအစိုးရမူလတန်းကျောင်း၊ မန္တလေး စိန့်ပီတာ အစိုးရအထက်တန်းကျောင်း၊ မေမြို့ စိန့်အဲလဘတ်ကျောင်းတို့တွင် အခြေခံပညာ သင်ကြားခဲ့ပြီးနောက် မန္တလေးဆေးတက္ကသိုလ်မှ ၁၉၇၁ ခုနှစ်တွင် ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ဒေါ်ခင်မာကြည်နှင့်လက်ထပ်ခဲ့သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရေဦးမြို့နယ်သမဝါယမ တာဝန်ခံဆရာဝန်၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့နယ်ငြိမ်းချမ်းသာယာရေးနှင့်လုံခြုံရေးအဖွဲ့ ငွေထိမ်းအဖြစ်ဆောင်ရွက်ခဲ့သည်။ ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

### ၄၆။ ရေဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးဝင်းကို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးဝင်းကိုသည် ရေဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၃၀၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆ . ၄၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရေဦးမြို့ဇာတိဖြစ်သည်။ အဖ ဦးသိဝံ၊ အမိ ဒေါ်မြတင်တို့မှ ၁၉၄၅ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဝင်းကိုသည် ရေဦးမြို့အစိုးရအထက်တန်းကျောင်းအမှတ် (၁)၊ မန္တလေးတက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ် (ရန်ကုန်) တို့တွင် ပညာရေးဘွဲ့ (ဘီအီးဒီ) ရသည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ရေဦးမြို့ အစိုးရအထက်တန်းကျောင်းအမှတ် (၁) တွင် အထက်တန်းပြဆရာ၊ သိဝံသညာ စာပုံနှိပ်စက်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၀၃) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ဦးဝင်းကိုအား ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှပယ်ဖျက်ကြောင်း ကြေညာခဲ့သည်။ ကြေညာချက်တွင် ဦးဝင်းကိုသည် စင်ပြိုင်အစိုးရဖွဲ့စည်း၍ နိုင်ငံတော်ကို တော်လှန်ပုန်ကန်ရန်နှင့် လက်နက်စွဲကိုင်တော်လှန်ပုန်ကန်သော သောင်းကျန်းသူအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူပေါင်းဆောင်ရွက်ခြင်းများပြုလုပ်ခဲ့၍ ရွေးကောက်ပွဲဥပဒေပုဒ်မ (၁၁)၊ ပုဒ်မခွဲ (ဆ) နှင့်ငြိစွန်းသဖြင့် ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ ပယ်ဖျက်ကြောင်းဖော်ပြထားသည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် မာနယ်ပလော၌ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့တွင် ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့စွဲပါ စာအမှတ် – ၇၄၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တွင်ယူထားသည့် တာဝန်များမှလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်မှလည်းကောင်း ရပ်ဆိုင်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၂) ရက် နေ့စွဲပါစာအမှတ် – ၇၅၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့

ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုထားခြင်းကို ဖျက်သိမ်းခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရတာဝန်များကိုထမ်းဆောင်ရင်း ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် တရုတ်နိုင်ငံ၊ ကူမင်းမြို့ရှိ ဟော်တယ်တခုတွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။

**၄၇။ ရွှေဘိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဒေါက်တာအောင်ဘို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာအောင်ဘိုသည် ရွှေဘိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၁,၂၇၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၀ . ၇၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရွှေဘိုမြို့နယ်၊ ကျောက်မြောင်းဇာတိဖြစ်သည်။ အဖ ဦးသိန်းတန်၊ အမိ ဒေါ်သောင်းသောင်းတို့မှ ၁၉၅၂ ခုနှစ်၊ မေလ (၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာအောင်ဘိုသည် မန္တလေးမြို့ အစိုးရအထက်တန်းကျောင်းအမှတ် (၁၄) နှင့် အစိုးရအထက်တန်းကျောင်းအမှတ် (၁၂)၊ မန္တလေးဆေးတက္ကသိုလ်တို့တွင် ဆရာဝန်ဘွဲ့ရသည်အထိ ပညာသင်ကြားခဲ့သည်။ ကိုယ်ပိုင်ဆေးကုခန်း ဖွင့်လှစ်အသက်မွေးသည်။ ၁၉၉၆ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာချက်အမှတ် (၁၂၆၄) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

**၄၈။ ရွှေဘိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးသန်းထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးသန်းထွန်းသည် ရွှေဘိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၆,၉၅၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၉ . ၄၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရွှေဘိုမြို့ဇာတိဖြစ်သည်။ အဖ ဦးဘအုန်း၊ အမိ ဒေါ်ကြည်တို့မှ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးသန်းထွန်းသည် ရွှေဘိုမြို့၊ အိန္ဒာရပ် အစိုးရမူလတန်းကျောင်း၊ ရွှေဘိုလှသိပ္ပံကျောင်းတို့တွင် ဆယ်တန်းအောင်သည်အထိ ပညာသင်ကြားခဲ့၍ ၁၉၇၃ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဒေါ်မူမူနှင့် လက်ထပ်ခဲ့သည်။ မိဘရိုးရာ ရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည်။ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း နဝတမှ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ရွှေဘိုထောင်၌ အကျဉ်းချခံရကာ ၁၉၉၂ ခုနှစ်၊ မေလ (၁၃) ရက်နေ့တွင် ထောင်မှပြန်လွတ်သည်။ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၀၀၉)**
**(၁၃၅၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်)**
**(၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)**

**အကြောင်းအရာ ။ ။ ဦးသန်းထွန်းအား စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂)**

**မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးသန်းထွန်းက ကျန်းမာရေးအခြေအနေကြောင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအရ ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ ဤထက်ပါ ဦးသန်းထွန်း၏တင်ပြချက်အရ ကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးသန်းထွန်းအား ယနေ့မှစ၍ ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

### ၄၉။ လဟယ်မြို့နယ်မဲဆန္ဒနယ်။

**ဦးခပိုးကိုင်လုံ၊ နာဂတောင်တန်းဒေသတိုးတက်ရေးပါတီ။**

ဦးခပိုးကိုင်လုံသည် လဟယ်မြို့နယ်မဲဆန္ဒနယ်တွင် နာဂတောင်တန်းဒေသတိုးတက်ရေးပါတီအား ကိုယ်စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄,၀၅၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၆ . ၆၄) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၃ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးပါနွမ်း၏သား ဖြစ်သည်။ ဦးခပိုးကိုင်လုံသည် ခန္တီးအစိုးရမူလတန်းကျောင်း၊ ရန်ကုန် စံပြအစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး သတ္တမတန်းအောင်မြင်ခဲ့သည်။ ၁၉၅၉–၆၀ နှစ်များတွင် ပ–ထ–စ (သန့်ရှင်း ဖ–ဆ–ပ–လ အဖွဲ့) တွင် ခရိုင်စည်းရုံးရေးမှူး၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ခန္တီးမြို့နယ် တောင်အုပ်၊ ၁၉၈၉ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ နာဂတောင်တန်းဒေသတိုးတက်ရေးပါတီ ဗဟိုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

### ၅၀။ လေရှီးမြို့နယ်မဲဆန္ဒနယ်။

**ဦးဒွေးပေ့၊ နာဂတောင်တန်းဒေသတိုးတက်ရေးပါတီ။**

ဦးဒွေးပေ့သည် လေရှီးမြို့နယ်မဲဆန္ဒနယ်တွင် နာဂတောင်တန်းဒေသတိုးတက်ရေးပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃,၃၀၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၉ . ၈၆) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ လေရှီးမြို့နယ်၊ ဆွမ္မရာကျေးရွာဇာတိဖြစ်သည်။ အဖ ဦးတာလိုင်းပေ့၊ အမိ ဒေါ်ကာသောသေးတို့မှ ၁၉၄၇ ခုနှစ်တွင်မွေးဖွားခဲ့သည်။ ဦးဒွေးပေ့သည် ဆွမ္မရာကျေးရွာ အစိုးရမူလတန်းကျောင်း၊ ဟသ်ာတမြို့ ကရင်နှစ်ခြင်းခရစ်ယာန်သာသနာကျောင်းတို့တွင် အလယ်တန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် အင်းစိန်မြို့ နှစ်ခြင်းဓမ္မတက္ကသိုလ်တွင် လေးနှစ်သင်တန်း တက်ရောက်အောင်မြင်ခဲ့၍ နာဂတောင်တန်းဒေသ၊ နာဂနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးအဖြစ် (၂) နှစ်၊ တန်ကွန်နာဂယဉ်ကျေးမှုကော်မတီ ဘဏ္ဍာရေးမှူးအဖြစ် (၁၀) နှစ်၊ တန်ကွန်နာဂအား/ကာ ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ တောင်ယာလုပ်ကိုင်သည်။ ဇနီးမှာ ဒေါ်ကြွေသေးဖြစ်ပြီး သားသမီး (၅) ဦးထွန်းကားသည်။

## ၅၁။ ဝက်လက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးထွန်းမြိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးထွန်းမြိုင်သည် ဝက်လက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၉၈၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၃ . ၃၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးချစ်တုပ်၊ အမိ ဒေါ်မိတို့မှ ၁၉၄၅ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးထွန်းမြိုင်သည် ၁၉၇၃ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ သိပ္ပံ (သင်္ချာ) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ဝက်လက်မြို့နယ်သမဝါယမ စာရေးဝန်ထမ်း၊ ၁၉၇၅ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မြို့နယ်လမ်းစဉ် လူငယ်စည်းကော်မတီ အတွင်းရေးမှူး၊ လူကြီးပိုင်းနှင့်လူငယ်ပိုင်း စည်းရုံးရေးပျက်ပြားအောင်ပြုလုပ်သည်ဟု စွဲချက်တင်ခံရ၍ ၁၉၈၁ ခုနှစ်တွင် အတွင်းရေးမှူးတာဝန် မှရပ်ဆိုင်းခြင်းခံခဲ့ရသည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၈ ခုနှစ် အထိ ကျူရှင်ဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ဝက်လက်မြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တွင် အတွင်းရေးမှူးတာဝန်ယူခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ ဒီပဲယင်း သွေးချောင်းစီးလုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးအတွင်း စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ရွှေဘိုထောင်မှ ပြန်လွတ်သည်။

## ၅၂။ ဝက်လက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါ်ခင်စန်းလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါ်ခင်စန်းလှိုင်သည် ဝက်လက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈,၈၀၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၅ . ၃၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးရွှေ၊ အမိ ဒေါ်လေးတို့မှ ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဝက်လက်မြို့ဇာတိဖြစ်သည်။ ဒေါ်ခင်စန်းလှိုင်သည် ဝက်လက်မြို့ အစိုးရအထက်တန်းကျောင်းမှ ၁၉၇၇ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဝက်လက်မြို့နယ် သမဝါယမတွင် ဒုတိယစာရေး၊ တက္ကသိုလ်စာပေးစာယူ သင်တန်းတက်၍ ၁၉၈၂ ခုနှစ်တွင် ဥပဒေဘွဲ့ (LL.B) ရရှိခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် မြို့နယ်သမဝါယမမှထွက်၍ တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါဆောင် ရွက်ခဲ့သည်။ ဒေါ်ခင်စန်းလှိုင်သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က အမရပူရမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား၏နေအိမ်တွင် ကျင်းပပြုလုပ်သော ယာယီအစိုးရ လျှို့ဝှက်ဖွဲ့စည်းရေး အစည်းအဝေးသို့ တက်ရောက်ခဲ့၍ သက်ဆိုင်ရာမှထိန်းသိမ်းခြင်းခံခဲ့ရသည်။ ထို့နောက် ဒေါ်ခင်စန်းလှိုင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၁၂၂) (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေပုဒ်မ (၁၁) (ည) နှင့်ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ကြေညာခဲ့သည်။ နောင်တွင် ပြုလုပ်မည့်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မေလ (၄) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## ကျင်းပရေးကော်မရှင်
## ကြေညာချက်အမှတ် (၆၉၁)
## (၁၃၅၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်)
## (၁၉၉၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်)

**အကြောင်းအရာ ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၅၅,၉၃၁) ဦးအနက် (၄၃,၈၆၄) ဦးတို့ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့်ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၃၉,၅၆၂) မဲ ရရှိခဲ့ပါသည်။ ယင်း ခိုင်လုံသော ဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည် ...

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဒေါ်ခင်စန်းလှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၈၀၅ | ၇၅ . ၃၄ |
| (ခ) | ဗိုလ်ချုပ်ခင်မောင်ကျော် (အငြိမ်းစား) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၉၀ | ၂၀ . ၀၇ |
| (ဂ) | ဦးညွန့်မောင် | ပြည်ထောင်စု အမျိုးသားများ ဒီမိုကရေစီပါတီ | ၃၂၂ | ၀. ၈၁ |
| (ဃ) | ဦးဌေးမြင့် | အမျိုးသားပြန်လည်တည်ဆောက်ရေးဒီမိုကရေစီတပ်ပေါင်းစု (ပြည်ထောင်စုမြန်မာနိုင်ငံ) | ၆၉၀ | ၁ . ၇၅ |
| (င) | ဦးအုန်းကျော် | တသီးပုဂ္ဂလ | ၈၀၄ | ၂ . ၀၃ |

၂။သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ်(က)ပါ ခိုင်လုံသော ဆန္ဒမဲအများဆုံးရရှိသည့် ဒေါ်ခင်စန်းလှိုင်သည် စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)မှ ရွေးကောက်တင်မြှောက်ခြင်း ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

## ၅၃။ ဝန်းသိုမြို့နယ်မဲဆန္ဒနယ်။

### ဒေါက်တာအောင်ခင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာအောင်ခင်သည် ဝန်းသိုမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၉၆၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၉ . ၇၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ကောလင်းမြို့ဇာတိဖြစ်သည်။ အဖ ဦးကျော်၊ အမိ ဒေါ်မြတ်တို့မှ ၁၉၅၂ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအောင်ခင်သည် ၁၉၈၁ ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ (အမ်ဘီဘီအက်စ်) ရရှိခဲ့သည်။ ၁၉၈၂ ခုနှစ် မှ ၁၉၈၅ ခုနှစ်အထိ ကန့်ဘလူမြို့နယ်၊ ချုပ်သင်းကျေးရွာ မြို့နယ်သမဆေးခန်း ဆရာဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဒေါ်ဝေဝေစိန်နှင့်လက်ထပ်ခဲ့သည်။ ၁၉၈၆ ခုနှစ်မှစ၍ ကိုယ်ပိုင်ဆေးခန်းဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာချက်အမှတ် (၁၂၇၂) ဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

## ၅၄။ ဟုမ္မလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးအုန်းကြိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအုန်းကြိုင်သည် ဟုမ္မလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၆၈၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၁ . ၈၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဟုမ္မလင်းမြို့နယ်၊ မောင်းခမ်းရွာဇာတိဖြစ်သည်။ အဖ ဦးဘိုးအိုး၏သားဖြစ်သည်။ ၁၉၂၆ ခုနှစ်၊ မေလ (၂၈) ရက်နေ့ဖွား ဖြစ်သည်။ ဦးအုန်းကြိုင်သည် ၁၉၅၃ ခုနှစ်တွင် မောင်းခမ်းရွာ အစိုးရ အလယ်တန်းကျောင်းမှ သတ္တမတန်းအောင်မြင်ခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိမောင်းခမ်းအစိုးရ အလယ်တန်းကျောင်းတွင် မူလတန်းပြကျောင်းဆရာ၊ ၁၉၆၄ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ လေရှီးမြို့နယ်၊ ယောပါမီး အစိုးရမူလတန်းကျောင်း၊ ဟုမ္မလင်းမြို့နယ်၊ မံမတ်အစိုးရမူလတန်းကျောင်း၊ လေဝေယံအစိုးရ မူလတန်းကျောင်း၊ ဖာဖုတ်အစိုးရမူလတန်းကျောင်း၊ ခန္တီးမြို့နယ်၊ စိန်စွန်းအစိုးရမူလတန်း ကျောင်းတို့တွင် ကျောင်းအုပ်၊ ၁၉၈၃ ခုနှစ် တွင် လုပ်သက်ပြည့် အငြိမ်းစားယူခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်မှ ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၉၄) ဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

## ၅၅။ ဟုမ္မလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးလှသိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးလှသိန်းသည် ဟုမ္မလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၇,၀၆၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၃ . ၀၂) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၄ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့ဖွားဖြစ်သည်။ အဖ ဦးသာဝ၏သားဖြစ်သည်။ ဦးလှသိန်းသည် ကက်သာအစိုးရ အထက်တန်းကျောင်းမှ ၁၉၅၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့၍ နောင်ပူအောင်၊ မောင်းခမ်း၊ ကက်သာကျေးရွာတို့တွင် အလယ်တန်းကျောင်းအုပ်ထိ အဆင့်ဆင့် တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် လမ်းစဉ်ပါတီဝင်ပြီးနောက် ခန္တီးမြို့နယ်တွင် ပါတီယူနစ်ဥက္ကဋ္ဌ၊ ညီလာခံ ကိုယ်စားလှယ်၊ ၁၉၇၄ ခုနှစ်တွင် ပါတီယူနစ်မျက်နှာစုံညီအစည်းအဝေး၌ လမ်းစဉ်ပါတီအတွင်း ဒီမိုကရေစီ

ဆိတ်သုဉ်းလာပြီး ဗဟိုဦးစီးစနစ်ထွန်းကားလာခြင်း၊ အာဏာရှင်ဆန်လာခြင်း၊ ပြည်သူလူထု၏ဆန္ဒနှင့် ကင်းကွာလာခြင်း စသည့်အချက်များကိုထောက်ပြရာ ပါတီယူနစ်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့၍ ပါတီမှ သန့်စင်ခြင်းခံခဲ့ရသည်။ ယင်းနောက် ဟုမ္မလင်းအစိုးရအထက်တန်းကျောင်းတွင် အလယ်တန်းပြကျောင်းဆရာအဖြစ် ဆောင်ရွက်ခဲ့ပြီးနောက် အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူပြီး တောင်သူလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ဦးဆောင်ပါဝင်ခဲ့၍ ခေတ္တထိန်းသိမ်းခြင်းခံခဲ့ရသည်။ ရွေးကောက်ပွဲအပြီးတွင် ယှဉ်ပြိုင်ဘက်ဖြစ်သူ ဦးမောင်သွင် (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်) မှ ရွေးကောက်ပွဲ ကန့်ကွက်လွှာတင်သွင်းခဲ့သဖြင့် ကြားနာစစ်ဆေးခြင်းခံခဲ့ရသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၉၅) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

**၅၆။ အရာတော်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။**

**ဒေါက်တာဇော်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာဇော်ဝင်းသည် အရာတော်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၇၈၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၈ . ၇၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးသန်းမောင်၊ အမိ ဒေါ်သောင်းခင်တို့မှ ၁၉၅၂ ခုနှစ်၊ ဇူလိုင်လ (၂၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ရွှေဘိုမြို့ဇာတိဖြစ်သည်။ ဒေါက်တာဇော်ဝင်းသည် ၁၉၇၉ ခုနှစ်တွင် မန္တလေး ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ အရာတော်မြို့နယ်၊ တောကကျေးရွာတွင် ဆေးခန်းဖွင့်လှစ်၍ ကျေးလက်ဆရာဝန်အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာချက်အမှတ် (၁၂၉၅) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

**၅၇။ အရာတော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးဗလ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးဗလသည် အရာတော်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၃၀၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၈ . ၄၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အရာတော်မြို့ဇာတိဖြစ်သည်။ ၁၉၄၄ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့ ဖွားဖြစ်သည်။ အဖ ဦးချစ်တင်၏သား ဖြစ်သည်။ ဦးဗလသည် နဝမတန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် လသာမြို့နယ် သံဈေးသမဂ္ဂ ဥက္ကဋ္ဌ၊ အရာတော်မြို့နယ် အသင်း အတွင်းရေးမှူး၊ အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးကော်မတီဝင် တာဝန်များ ယူခဲ့သည်။

**၅၈။ အင်းတော်မြို့နယ်မဲဆန္ဒနယ်။**

**ဦးစောလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစောလှိုင်သည် အင်းတော်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၇,၅၉၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၈ . ၅၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း


ခံခဲ့ရသည်။ အဖ ဦးနသန်သီး၊ အမိ ဒေါ်ရီတို့မှ ၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစောလှိုင်သည် ၁၉၇၄ ခုနှစ်တွင် အင်းတော်အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်း (သိပ္ပံ) ကို သင်္ချာဘာသာနှင့် ဓာတုဗေဒဘာသာများတွင် ဂုဏ်ထူးရရှိပြီး အောင်မြင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်စာပေးစာယူသင်တန်းမှ ဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ) ကို မျက်မှောက်ဒဿနဂုဏ်ထူးဖြင့်အောင်မြင်ခဲ့၍ မဟာဝိဇ္ဇာနောက်ဆုံးနှစ်သင်တန်းသို့တက်ရောက် ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် အဓိပ်ချ်ဂျီပီ (တရားမဂုဏ်ထူး)၊ ၁၉၈၇ ခုနှစ်တွင် အာရ်အယ်လ် (မြေယာဂုဏ်ထူး) ဖြင့် အောင်မြင်ခဲ့ပြီး တရားရုံးချုပ်ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခဲ့သည်။ ၁၉၇၆ ခုနှစ်၊ မိုင်းရာပြည့်နှင့်ပတ်သက်၍ ထောင်ဒဏ် (၉) နှစ်ကျခံခဲ့ရသည်။ ၁၉၇၈ ခုနှစ်တွင် နိုင်ငံတော်ကောင်စီ ကြေညာချက်ဖြင့် အပြီးအပြတ်လွတ်သည်။ တက္ကသိုလ်စာပေးစာယူသင်တန်း၊ အင်းတော်လူငယ်ရေးရာ ညကျောင်းတို့တွင် စေတနာဆရာအဖြစ်ဆောင်ရွက်ခဲ့သည်။ ဦးစောလှိုင်သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က အမရပူရမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား၏နေအိမ်တွင် ကျင်းပပြုလုပ်သော ယာယီအစိုးရလျှို့ဝှက်ဖွဲ့စည်းရေး အစည်းအဝေးနှင့် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့က မန္တလေးအနောက်တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေးလျှို့ဝှက်အစည်းအဝေးသို့တက်ရောက်ခဲ့၍ သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၂၂) (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (ည) နှင့်ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့်ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်းပိတ်ပင်ကြောင်း ကြေညာခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှပြန်လွတ်သည်။

၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ ဒီပဲယင်းသွေးချောင်းစီးလုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးတွင် ရှေ့ပြေးအဖြစ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့၏ ယာဉ်တန်းရှေ့မှ မော်တော်ဆိုင်ကယ်ဖြင့် ကြိုတင်ထွက်ခွာလာစဉ် ကွပ်ကဲရေးစခန်းအဖြစ် အသုံးပြုထားသည့် ဆည်မြောင်းဝန်းဟောင်းတွင် ဖမ်းဆီးထိန်းသိမ်းခံရ၍ ထိုမှတဆင့် ရွှေဘိုထောင်တွင် ပြောင်းရွှေ့ထိန်းသိမ်းခြင်းခံခဲ့ရရာမှ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ရွှေဘိုထောင်မှ ပြန်လွတ်သည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် နေ့လည်(၃) နာရီအချိန်တွင် အင်းတော်မြို့နေအိမ်မှ ဖမ်းဆီးခေါ်ဆောင်၍ ကသာထောင်တွင်ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၂၀၀၅ ခုနှစ်၊ မေလ (၂၆) ရက်နေ့တွင် ကသာခရိုင်တရားရုံးမှ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ပုဒ်မ (၁၆) ဖြင့် ထောင်ဒဏ် (၅) နှစ်၊ ပုဒ်မ (၂၀) ဖြင့် ထောင်ဒဏ် (၇) နှစ်၊ စုစုပေါင်း ထောင်ဒဏ် (၁၂) နှစ် စီရင်ချက်ချခဲ့သည်။

## (၆) တနင်္သာရီတိုင်း။



မြန်မာနိုင်ငံ၏တောင်ဘက်အစွန်ဆုံးတွင် တည်ရှိသည်။ မြောက်လတ္တီတွဒ် (၉) ဒီဂရီ (၅၈) မိနစ်နှင့် (၁၅) ဒီဂရီ (၀၆) မိနစ်အတွင်း တည်ရှိသည်။ အနောက်ဘက်တွင် မွန်ပြည်နယ်၊ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်ပြင်တို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၁၆,၇၃၅) ကျယ်ဝန်းသည်။ တိုင်းမြို့တော်မှာ ထားဝယ်မြို့ဖြစ်သည်။

တနင်္သာရီတိုင်းတွင် မဲဆန္ဒနယ် (၁၃) နယ်၌ နိုင်ငံရေးပါတီအဖွဲ့အစည်း (၇) ခု အားကိုယ်စားပြု ယှဉ်ပြိုင်သူလွှတ်တော်ကိုယ်စားလှယ်လောင်း (၄၅) ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်မှ (၁၃) နေရာစလုံး ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည်။

### ၁။ ကော့သောင်းမြို့နယ်မဲဆန္ဒနယ်။

**ဦးလှမင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးလှမင်းသည် ကော့သောင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၆၅၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄ . ၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးအောင်လှိုင်၊ အမိ ဒေါ်အေးကြည်တို့မှ ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးလှမင်းသည် ရေကျော်အစိုးရအထက်တန်းကျောင်း (ရန်ကုန်) မှ ၁၉၆၂ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့၍ ၁၉၆၆ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်မှ (B.Eco.) ဘွဲ့ရရှိခဲ့သည်။ ၁၉၆၆–၆၇ ခုနှစ်တွင် အလုပ်သင်အရာရှိ (စီမံဘဏ္ဍာ)၊ ၁၉၆၇ ခုနှစ် မှ ၁၉၇၈ ခုနှစ်အထိ မြို့နယ်ကုန်သွယ်ရေးမန်နေဂျာ(သံတောင်၊ ကြံခင်း၊ ကျုံပျော်၊ ပုသိမ်)၊ ထို့နောက်တာဝန်မှ အငြိမ်းစားယူခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တနင်္သာရီတိုင်း တွဲဘက်စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ဗဟို ဦးစီးအဖွဲ့ဝင်၊ တနင်္သာရီတိုင်းစည်းရုံးရေးတာဝန်ခံ ဦးလှမင်းကို

ဥပဒေနှင့်အညီ ရှေ့နေဖြင့်ခုခံချေပခွင့်မပေးဘဲ၊ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (က) ဖြင့် ထောင်ဒဏ် (၇) နှစ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။

၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ ဒီပဲယင်း သွေးချောင်းစီး လုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီး ဖြစ်ပွားအပြီး စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရရာမှ ၂၀၀၃ ခုနှစ် ဇူလိုင်လ (၁၅) ရက်နေ့တွင် ပြန်လွတ်သည်။

## ၂။ ကျွန်းစုမြို့နယ်မဲဆန္ဒနယ်။

### ဦးခင်မောင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးခင်မောင်ဦးသည် ကျွန်းစုမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၃,၅၆၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၁ .၂၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘခင်၏သားဖြစ်သည်။ ၁၉၂၅ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့ဖွား ဖြစ်သည်။ ညောင်ဦးမြို့ ဇာတိဖြစ်သည်။ ဦးခင်မောင်ဦးသည် ညောင်ဦးမြို့အစိုးရအထက်တန်းကျောင်းနှင့် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတို့တွင် ကိုးတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် အာရှလူငယ် စေတနာ့ဝန်ထမ်းတာဝန်ခံ၊ ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၊ ပျဉ်းမနားတွင်ဝင်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဂျပန်တော်လှန်ရေးတွင် မျိုးချစ်ဗမာ့တပ်မတော် (ပီဘီအက်ဖ်) မြစ်ဝကျွန်းပေါ်တိုင်းနှင့် တိုင်း(၆) တပ်ကြပ်ကြီး၊ ၁၉၄၆ ခုနှစ်တွင် ညောင်ဦးမြို့နယ် ဖ–ဆ–ပ–လ တွဲဖက်အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး၊ ထိုမှ ပြည်သူ့ရဲဘော်ဌာနချုပ် ရုံးတာဝန်၊ ၁၉၄၇ ခုနှစ်တွင် တပ်စုမှူး၊ သောင်းကျန်းမှုနှိမ်နင်းရေးတပ်၊ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပြည်ထောင်စုစစ်ရဲ တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ ၁၉၆၂ ခုနှစ်တွင် ဗမာ့တပ်မတော်သို့ အသွင်ကူးပြောင်း၍ တပ်ရင်းမှူး (ဗိုလ်မှူးအဆင့်) ဖြင့် ၁၉၇၀ ပြည့်နှစ်အထိ၊ ၁၉၇၀ ပြည့်နှစ်တွင် ဗိုလ်မှူးအဆင့်ဖြင့် စက်မှုဝန်ကြီးဌာနသို့ပြောင်းရွှေ့၍ ၁၉၈၂ ခုနှစ်အထိ စက်မှုဝန်ကြီးဌာန စက်ရုံမှူး၊ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် သက်ပြည့်ပင်စင်ယူခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ ပထမနှင့်စတုတ္ထအကြိမ် ပါတီညီလာခံကိုယ်စားလှယ်၊ တပ်တွင်းပညာပေး အတွင်းရေးမှူးတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ဗဟိုကော်မတီဝင်၊ တပ်မှူးဟောင်းများ (၈၅) ဦး အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။

## ၃။ တနင်္သာရီမြို့နယ်မဲဆန္ဒနယ်။

### ဦးဝင်းဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဝင်းဦးသည် တနင်္သာရီမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၅၄၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း(၈၉ . ၃၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးသိန်း၊ အမိ ဒေါ်သန်းရွှေတို့မှ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ တနင်္သာရီမြို့ဇာတိ ဖြစ်သည်။ ဦးဝင်းဦးသည် မူလတန်းမှဆယ်တန်းအထိ တနင်္သာရီမြို့အစိုးရ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ဗိုလ်တထောင်မြို့နယ် (ရန်ကုန်တိုင်း) မှ ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ မြန်မာစာအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

## ၄။ ထားဝယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစိုးညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးစိုးညွန့်သည် ထားဝယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်

စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၀၅၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၄ . ၈၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးကြင်ဖေ၊ အမိ ဒေါ်စုတို့မှ ၁၉၃၃ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ပုလောမြို့ ဇာတိဖြစ် သည်။ ဦးစိုးညွန့်သည် ဆယ်တန်းကိုထားဝယ်အစိုးရ အထက်တန်းကျောင်းမှ ၁၉၅၄ ခုနှစ်တွင်လည်းကောင်း၊ ဘီအက်စ်စီဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ၁၉၅၉ ခုနှစ်တွင်လည်းကောင်း အောင်မြင်ခဲ့သည်။ ၁၉၅၇–၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ထားဝယ်ခရိုင်အသင်း အတွင်းရေးမှူး၊ ၁၉၅၉ ခုနှစ်မှ ၁၉၆၈ အထိ အထက်တန်းပြကျောင်းဆရာ၊ အင်ဟယ်ဇယ်တိုင်အစိုးရ အထက်တန်းကျောင်း (ထားဝယ်) နှင့် ပုလောအစိုးရအထက်တန်းကျောင်း၊ ၁၉၆၉ ခုနှစ်တွင် ပညာရေးတက္ကသိုလ်မှ ပညာရေးဒီပလိုမာဘွဲ့ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ကျောင်းအုပ်ကြီး၊ မောင်းမကန်အစိုးရအထက်တန်းကျောင်းနှင့် ကြက်စာပြင် အစိုးရအလယ်တန်းကျောင်း၊ ၁၉၇၇ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ သချာင်္ ကျူရှင်ဆရာ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် တနင်္သာရီတိုင်း စည်းရုံးရေးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် ကွယ်လွန်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၇၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

## ၅။ ထားဝယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးမျိုးအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမျိုးအောင်သည် ထားဝယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စား ပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၉၀၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၆ . ၆၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘအို၊ အမိ ဒေါ်စောခင်တို့မှ ၁၉၂၉ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် မွေးဖွားသည့် နဝမမြောက်သား ဖြစ်သည်။ ထားဝယ်မြို့ဇာတိဖြစ်သည်။ ဦးမျိုးအောင်သည် ထားဝယ်မြို့ ဦးပြုရင်ကျောင်း၊ အမျိုးသားကျောင်းနှင့် ထားဝယ်အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး၊ ကျောင်းသား သံမဏိတပ်တွင် ပါဝင်ခဲ့သည်။ ဗမာ့ကာကွယ်ရေးတပ်မတော်တွင် တပ်သားအဖြစ် စတင်ဝင်ရောက်ခဲ့ရာမှ ဖက်ဆစ်တော်လှန်ရေးတွင် မျိုးချစ်တပ်မတော်၏ တိုင်း (၅) တွင် ဒုတိယဗိုလ်၊ ဒုတိယကမ္ဘာစစ်အပြီး ရန်ကုန်တက္ကသိုလ် ဘီအိုစီကောလိပ်သို့ တက်ရောက်ပညာသင်ကြားခဲ့သည်။ ဒုတိယနှစ်အင်ဂျင်နီယာသင်တန်းမဆုံးမီ တပ်မတော်တွင် တပ်သားအဖြစ်ဝင်ရောက်ခဲ့သည်။ ဗိုလ်လောင်းသင်တန်း ဒုတိယပတ်ဆင်း (ကြည်း–၅၆၀၈) ဒုတိယဗိုလ်အဖြစ် အမှတ် (၁) ခလရနှင့် အမှတ် (၂) သနက၊ ဗိုလ်မှူးအဖြစ် အမှတ် (၁၇) ခလရ (နယ်ခြားဒေသအုပ်ချုပ်ရေး)၊ ၁၉၇၅ ခုနှစ်တွင် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ရသည်။ ၁၉၆၃–၆၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကွပ်ကဲမှုနှင့် စစ်ဦးစီးတက္ကသိုလ်သို့ တက်ရောက်အောင်မြင်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် အရှေ့အလယ်ပိုင်းစစ်ပွဲ ကုလသမဂ္ဂ အပစ်အခတ်ရပ်စဲမှုကြီးကြပ်ရေးအဖွဲ့၊ မြန်မာ့ စစ်အကဲခတ်မစ်ရှင်အဖွဲ့ခေါင်းဆောင်အဖြစ် ကိုင်ရိုင်နှင့် ဂျေရုဆလင်တို့သို့ သွားရောက်ခဲ့သည်။ ထိုမှအမှတ် (၁၀၆) ခမရတပ်ရင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးနည်းပြမှူး၊ ဒုတိယဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီးအဖြစ်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့ မင်းကြီးနှင့် မြို့တော်ဝန်၊ ၁၉၇၀ ပြည့်နှစ်၊ ဗန်ကောက်သွား အာရှအားကစားပွဲတော် မြန်မာအားကစားအဖွဲ့ခေါင်းဆောင်၊ ၁၉၆၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်တွင် လမ်းစဉ်ပါတီဗဟိုရေးရာကော်မတီဝင်၊ အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ၁၉၇၆ ခုနှစ်တွင် ဗိုလ်မှူးကြီးအဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊

ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါဝင်ခဲ့သည်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ဗဟိုဦးစီးအဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တနင်္သာရီတိုင်းစည်းရုံးရေးတာဝန်ခံနှင့် ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ရဲဘော်ဗသိန်းတင်၏ ညီအရင်းဖြစ်သည်။ ၁၉၇၆ ခုနှစ်၌ ဖြစ်ပွားခဲ့သည့် ဗိုလ်ကြီးအုန်းကျော်မြင့်၏ နိုင်ငံတော်ပုန်ကန်မှု၌ ပါဝင်ပတ်သက်ခဲ့သည်ဟု မဆလအစိုးရ၏စွပ်စွဲချက်ဖြင့် ဗိုလ်မှူးကြီး ဘဝဖြင့် အငြိမ်းစားပေး ခံခဲ့ရခြင်းဖြစ်သည်။ ရွေးကောက်ပွဲအပြီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၈) ရက်နေ့မှ (၂၉) ရက်အထိပြုလုပ်သည့် ဂန္ဒီဆုံးဖြတ်ချက်အတိုင်း နဝတက လွှတ်တော် ခေါ်မပေးလျှင် ဆောင်ရွက်ရန်လိုသည့် နည်းလမ်းသုံးသွယ်စာတမ်းပြုစုရာ၌ ပါဝင်ခဲ့မှုကြောင့်ဟု အကြောင်းပြကာ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ (၅) (ည) ဖြင့် နဝတ စစ်အစိုးရက ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၈၄) ဖြင့် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှပယ်ဖျက်ခဲ့သည်။ နောင် (၁၀) နှစ်အတွင်းပြုလုပ်မည့်ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ စစ်အစိုးရ၏ဖိအားပေးမှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့က ဦးမျိုးအောင်အား ပါတီဝင်အဖြစ်မှ ထုတ်ပယ်ပေးခဲ့ရသည်။ ၁၉၉၂ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။

## ၆။ ပုလောမြို့နယ်မဲဆန္ဒနယ်။

### ဦးကြည်ရွှေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးကြည်ရွှေသည် ပုလောမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၂,၀၈၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၈ . ၄၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပုလောမြို့နယ်၊ မလိကျေးရွာဇာတိဖြစ်သည်။ ၁၉၃၇ ခုနှစ်၊ မတ်လ (၇) ရက်နေ့ဖွားဖြစ်သည်။ ဦးငြိမ်း၏သားဖြစ်သည်။ ဦးကြည်ရွှေသည် ဆရာကြီးဦးဖိုးချို ကျောင်း (ပုလော)၊ ပုလောမြို့အစိုးရအထက်တန်းကျောင်း၊ မော်လမြိုင်မြို့ အောင်သိပ္ပံအစိုးရအထက်တန်းကျောင်းတို့တွင် ဆယ်တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၆ ခုနှစ်တွင်အိမ်ထောင်ပြုခဲ့သည်။ ပုလောနှင့်မော်လမြိုင်သို့ ကုန်တင်စက်လှေလုပ်ငန်းလုပ်ကိုင်သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့မိမြို့ဖများဖွဲ့စည်းခဲ့သော မြို့မအေးချမ်းသာယာရေးအဖွဲ့၌ ဒုတိယခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

## ၇။ ဘုတ်ပြင်းမြို့နယ်မဲဆန္ဒနယ်။

### ဦးအုန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအုန်းမြင့်သည် ဘုတ်ပြင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄,၆၄၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄ . ၂၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးသိန်းတင်၏သားဖြစ်သည်။ ဦးအုန်းမြင့်သည် ၁၉၅၅ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ မြိတ်မြို့နယ် ပညာရေးဌာနတွင် မူလတန်းပြကျောင်းဆရာ၊ အောက်တန်းစာရေးနှင့် လောင်းလုံမြို့နယ်ပညာရေးမှူး၊ အထက်တန်းစာရေး၊ ၁၉၇၁ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှ ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့အထိ လမ်းစဉ်ပါတီ မြိတ်အရှေ့မြို့နယ် ပါတီယူနစ်နှင့် ဘုတ်ပြင်းမြို့နယ် ပါတီယူနစ်တို့တွင် ကော်မတီဝင်၊ ပါတီယူနစ် အတွင်းရေးမှူး၊ ယူနစ်စည်း ဥက္ကဋ္ဌ၊ ယူနစ် ဥက္ကဋ္ဌ၊ တတိယနှင့် စတုတ္ထ သက်တမ်းတွင် ဘုတ်ပြင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် ပါတီတာဝန်မှ

ရပ်စဲခြင်းခံရသည်။ ဘုတ်ပြင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူး တာဝန်ယူခဲ့သည်။ ဦးအုန်းမြင့်သည် ကျန်းမာရေးအခြေအနေကြောင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် တင်ပြလာသဖြင့် နုတ်ထွက်ခွင့်ပြုခဲ့ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့က ကြေညာခဲ့သည်။

### ၈။ မြိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

**ဦးကျော်ရှိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးကျော်ရှိန်သည် မြိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၂၅၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၅ . ၆၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြိတ်မြို့၊ မြစ်ငယ်ရပ်ဇာတိဖြစ်သည်။ အဖ ဦးကျင်မောင်၊ အမိ ဒေါ်ဂင်ဝါတို့မှ ၁၉၅၂ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကျော်ရှိန်သည် မွေးချင်းသုံးယောက်ရှိသည့်အနက် ဒုတိယမြောက်သားဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် မြိတ်မြို့၊ အစိုးရအထက်တန်းကျောင်း အမှတ် (၁) မှ ဆယ်တန်းစာမေးပွဲကို ဓာတုဗေဒ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မြို့ပြအင်ဂျင်နီယာဘွဲ့ကို ရန်ကုန်စက်မှုတက္ကသိုလ်မှ ရရှိခဲ့သည်။ ဘွဲ့ရပြီးနောက် မိဘလုပ်ငန်း ရွှေအရောင်းအဝယ်လုပ်ကိုင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဒေါ်ခင်မာရီနှင့်လက်ထပ်ခဲ့သည်။

### ၉။ မြိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

**ဦးဉာဏ်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးဉာဏ်အေးသည် မြိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၁၀၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၉ . ၈၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးရှိန်၊ အမိ ဒေါ်ကျင်လှိုင်တို့မှ ၁၉၅၅ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ မအူပင်မြို့နယ်၊ ကုက္ကိုစုရွာဇာတိဖြစ်သည်။ ဦးဉာဏ်အေးသည် ကုက္ကိုစုရွာ အစိုးရမူလတန်းကျောင်း၊ လေးအိမ်စုအစိုးရအထက်တန်းကျောင်း (မအူပင်)၊ အစိုးရအထက်တန်းကျောင်း (စမ်းချောင်း) တို့တွင် ပညာသင်ကြားခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်သို့ တက်ရောက်သည်။ ၁၉၇၅ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သော အထွေထွေသပိတ်တိုက်ပွဲတွင် ပါဝင်ခဲ့သည်။ စီးပွားရေးတက္ကသိုလ်ကျောင်းသားဘဝ ၁၉၇၅ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ထိန်းသိမ်းခြင်းခံခဲ့ရပြီး ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် ပြန်လွတ်သည်။ နောက်ဆုံးနှစ်စာမေးပွဲကို ပြင်ပကျောင်းသားအဖြစ် ဖြေဆိုခွင့်ရ၍ (ဘီကွန်း) ဘွဲ့ရခဲ့သည်။ ကုန်သည်လုပ်ငန်းဖြင့် အသက်မွေးသည်။

### ၁၀။ ရေဖြူမြို့နယ်မဲဆန္ဒနယ်။

**ဦးတိုးပို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးတိုးပိုသည် ရေဖြူမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၃,၀၂၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၇ . ၁၆) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ပုလောမြို့ဇာတိဖြစ်သည်။ ၁၉၃၉ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးဖေချစ်၏သားဖြစ်သည်။ ဦးတိုးပိုသည် ဥပစာသိပ္ပံ (ခ) အောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၁

ခုနှစ်အထိ တပ်မတော်တွင် ဗိုလ်ကြီး အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့စဉ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေစစ်ဆင်ရေးတခုတွင် မိုင်းထိဒဏ်ရာရခဲ့သည်။ ထို့နောက် တပ်မတော်မှ စက်မှု (၁) ဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ပေးခြင်းခံရသည်။ တားဝယ်တွင် (၅) နှစ်၊ ပဲခူးတွင် (၂) နှစ် တိုင်းဦးစီးမှူးအဖြစ်လည်းကောင်း၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကာလတွင် စက်မှု (၁) ဝန်ကြီးဌာန အလုပ်သမားသမဂ္ဂနာယကအဖွဲ့ဝင်၊ ဒေသန္တရစက်မှုလက်မှုညွန်ကြားရေးဦးစီးဌာနတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်လှုပ်ရှားခဲ့သည်။ ဆန္ဒပြရာတွင် စက်မှု (၁) ဦးစီးဌာနကို ဦးဆောင်ချီတက်ခဲ့သည်။ ထို့ကြောင့် ဒုတိယညွှန်ကြားရေးမှူးရာထူးမှ ပင်စင်ပေး၍ အလုပ်မှနုတ်ထွက်ခဲ့ရသည်။ ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင် ထိန်းသိမ်းရေးစခန်းတွင် အကျယ်ချုပ်ဖြင့် ခေါ်ယူထိန်းသိမ်းထားရာမှ အောက်တိုဘာလ (၄) ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ပုဒ်မ ၅ (ည) ဖြင့် ထောင်ဒဏ် (၇)နှစ် ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ လ (၁၉) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်သည်။

### ၁၁။ လောင်းလုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးလှဖေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးလှဖေသည် လောင်းလုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု ၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၂၄၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၇.၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးညွန့်၊ အမိ ဒေါ်ခင်ညွှန့်တို့မှ ၁၉၂၉ ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် ဖွားမြင်သည်။ ဦးလှဖေသည် ၁၉၃၆ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ မန္တလေးနေရှင်နယ်ကျောင်းတွင် (၇) တန်းအောင်၊ ထိုမှ ၁၉၄၅–၄၆ ခုနှစ်တွင် ဆယ်တန်း၊ ၁၉၄၆ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် ဘီအိုစီကောလိပ် ဒုတိယနှစ်ဘီအက်စ်စီအင်ဂျင်နီယာ (နယူးကို့စ်) အထိ၊ ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၅ ခုနှစ်အထိ (ကြည်း– ၅၇၉၆) ဒုတိယဗိုလ်မှဗိုလ်မှူးအဆင့်ဖြင့် (ပြည်မနှင့် ရှမ်းပြည် ခြေလျင်တပ်ရင်းကျောင်း) ၁၉၆၅–၆၆ ခုနှစ်တွင် အိုးအိမ်၊ အတွင်းဝန်ရုံး (ဒုဥက္ကဋ္ဌ) တွဲဘက်အတွင်းဝန်၊ ၁၉၆၆ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ဗိုလ်မှူးမှ ဒုတိယဗိုလ်မှူးကြီး၊ ရန်ကုန် ပတ်ဝန်းရင်းမှူးဦးစီး (ပ)၊ ၁၉၇၁ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဒုတိယ ဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီး၊ ဒုတပ်မမှူး၊ ဒုမဟာဗျူဟာမှူး၊ တပ်မမှူး၊ တိုင်းမှူး (အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်) (လားရှိုး၊ မတ္တီလာ၊ မြစ်ကြီးနား)၊ ၁၉၆၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ပါတီဗဟိုကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဗိုလ်ကြီးအုန်းကျော်မြင့်၏နိုင်ငံတော်ပုန်ကန်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု မဆလစစ်အစိုးရက စွပ်စွဲကာ နိုင်ငံတော်ပုန်ကန်မှု ပုဒ်မ (၁၂၂) အရ ထောင်ဒဏ် (၁၀) နှစ်နှင့် မဆလပါတီအားဆန့်ကျင်မှုနှင့် ထောင်ဒဏ် (၁၀) နှစ်၊ စုစုပေါင်း အလုပ်ကြမ်းနှင့်ထောင်ဒဏ် အနှစ် (၂၀) ချမှတ် ခြင်းခံခဲ့ရသည်။ ၁၉၈၁ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာ ခွင့်ဖြင့်ပြန်လွတ်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးပြီးသည့်နောက် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့တွင် ဗဟိုဦးစီးအဖွဲ့ဝင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရင်း နဝတစစ်အစိုးရက ၁၉၉၂ ခုနှစ်တွင် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ် စီမံမှုအက်ဥပဒေ ပုဒ်မ (၅) (ည) ဖြင့် တရားစွဲဆို၍ ထောင်ဒဏ်ချမှတ်ခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ၁၉၉၂ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၁၆)ထုတ်ပြန်၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခဲ့သည်။ နောင် (၁၀) နှစ်အတွင်းပြုလုပ်မည့် ရွေးကောက်ပွဲများ၌ပါဝင် ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ကွယ်လွန်သည်။

## ဗိုလ်မှူးကြီးလှဖေ (ငြိမ်း)
## အသက် (၇၆) နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ် (၁၆၄) နေ (ဦးညွန့်–ဒေါ်ခင်ညွန့်) တို့၏သားကြီး၊ (ဦးစိန်ရင်–ဒေါ်နှင်းရင်) တို့၏ သားသမက်၊ (ဒေါ်ခင်မေစီ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဆန်နီဖေ–ဒေါ်ဉမ္မာကျော်၊ ဒေါ်သီတာဖေ (TTC)၊ ဦးကောင်းထွဋ် (ဟိုတယ်/ခရီး)– ဒေါ်နီလာဖေ၊ ဦးညီညီဖေ–ဒေါ်ခင်စိုးမိုး တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေး သဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၀–၁–၂၀၀၅ (ကြာသပတေးနေ့) ညနေ (၆ း ၄၀) နာရီတွင် S.S.C. အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၂–၁–၂၀၀၅ (စနေနေ့) ညနေ (၃) နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ၁၂။ လောင်းလုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးချိန်ဟင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးချိန်ဟင်သည် လောင်းလုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၆၆၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၁.၄၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဉာဏ်လှိုင်၊ အမိ ဒေါ်ကျင်ပွားတို့မှ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့တွင်မွေးဖွားခဲ့သည်။ လောင်းလုံမြို့နယ်၊ ပြင်ချောင်ကျေးရွာဇာတိဖြစ်သည်။ ဦးချိန်ဟင်သည် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာများကို ထားဝယ်မြို့တွင်သင်ကြားခဲ့ပြီး ၁၉၆၄–၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် တပ်မတော်ဗိုလ်သင်တန်းအမှတ်စဉ် (၃၆) သို့ တက်ရောက်ခဲ့ပြီး ဒုတိယဗိုလ်၊ ဗိုလ်၊ ဗိုလ်ကြီးအဆင့်တို့ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် တပ်မတော်မှအငြိမ်းစားယူခဲ့ပြီး၊ ရန်ကုန်မြို့တွင် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တနင်္သာရီတိုင်း စည်းရုံးရေးအဖွဲ့ဝင် အဖြစ်တာဝန်ယူခဲ့သည်။


### ၁၃။ သရက်ချောင်းမြို့နယ်။

### ဗိုလ်ကြီးတင်မြင့် (အငြိမ်းစား)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်မြင့်သည် သရက်ချောင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၅၂၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၉၁ . ၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ လောင်းလုံမြို့နယ်၊ ကဒက်ကြီးကျေးရွာဇာတိဖြစ်သည်။ အဖ ဦးစံဘ၊ အမိ ဒေါ်ချစ်မေတို့မှ ၁၉၃၂ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးတင်မြင့်သည် ၁၉၃၈ ခုနှစ်မှ ၁၉၄၇ ခုနှစ်အတွင်း ကဒက်ကြီး အစိုးရမူလတန်းကျောင်းနှင့် အောက်ရေဖြူရွာ အစိုးရအလယ်တန်း ကျောင်းတို့တွင် သတ္တမတန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၇–၄၈ ခုနှစ်တွင် ကဒက်ကြီး ကျေးရွာသမဝါယမဆိုင်တာဝန်ခံ၊ ၁၉၄၈–၄၉ ခုနှစ်တွင် တပ်သား၊ စစ်ဝန်ထမ်း ထားဝယ်၊ ၁၉၄၉ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ တပ်သား၊ ဒုတပ်ကြပ်၊ တပ်ကြပ်၊ တပ်ကြပ်ကြီး၊ အရာခံဗိုလ်၊ ဒုဗိုလ်၊ ဗိုလ်၊ ဗိုလ်ကြီး၊ တပ်ရေးဗိုလ်ကြီးအဆင့်ထိ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် တပ်မတော်မှသက်ပြည့်ပင်စင်ဖြင့်အငြိမ်းစားယူခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ သရက်ချောင်းမြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးတင်မြင့်သည် တနိုင်ငံလုံးတွင်ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် (၃၉၂) ဦးတွင် မဲရာခိုင်နှုန်းအများဆုံးဖြင့်

ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသူ ဖြစ်သည်။ ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ မိမိဆန္ဒအလျောက် ကျန်းမာရေးမကောင်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်တင်ပြလာသဖြင့် ဦးတင်မြင့်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်း ကြေညာချက်အမှတ် (၉၆၉) ဖြင့် ကြေညာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ခိုင်လုံမဲရာခိုင်နှုန်း ဒုတိယအများဆုံး ရရှိသူဖြစ်သည်။

## (၇) ပဲခူးတိုင်း။



အလယ်ပိုင်းမြေပြန့်ဒေသကြီး၏ တောင်ဘက်ပိုင်းတွင်တည်ရှိသည်။ မြောက်ဘက်တွင် မန္တလေးတိုင်းနှင့် မကွေးတိုင်း၊ အနောက်ဘက်တွင် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း၊ တောင်ဘက်တွင် ရန်ကုန်တိုင်း၊ အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တည်ရှိသည်။ မြောက်လတ္တီတွဒ် (၁၆) ဒီဂရီ (၄၅) မိနစ်နှင့် (၁၉) ဒီဂရီ (၂၀) မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ် (၉၄) ဒီဂရီ (၃၅) မိနစ်နှင့် (၉၇) ဒီဂရီ (၁၀) မိနစ်အတွင်း တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၂၄,၇၉၂) ကျယ်ဝန်းသည်။ တိုင်းမြို့တော်မှာ ပဲခူးမြို့ဖြစ်သည်။

ပဲခူးတိုင်းတွင် မြို့နယ် (၂၈) မြို့နယ်ရှိ မဲဆန္ဒနယ် (၅၁) နယ်၌ နိုင်ငံရေးပါတီအဖွဲ့အစည်း (၂၆) ခုအားကိုယ်စားပြုယှဉ်ပြိုင်သူလွှတ်တော်ကိုယ်စားလှယ်လောင်း (၂၄၁) ဦး၊ တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း (၁၂) ဦး၊ စုစုပေါင်း (၂၅၅) ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၄၇) နေရာ၊ အမျိုးသားဒီမိုကရေစီပါတီမှ (၃) နေရာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ (၁) နေရာ၊ အသီးသီးရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည်။

## ၁။ ကဝမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

## ဒေါက်တာမျိုးဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာမျိုးဝင်းသည် ကဝမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၂,၇၇၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ . ၆၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ကဝမြို့ဇာတိဖြစ်သည်။ အဖ ဦးချို၊ အမိ ဒေါ်တင်ညွန့်တို့မှ ၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာမျိုးဝင်းသည် ကဝမြို့ ရွာသစ်အစိုးရ မူလတန်းကျောင်း၊ ကဝမြို့မ အစိုးရအထက်တန်းကျောင်း၊ ပဲခူးမြို့ အစိုးရအထက်တန်းကျောင်းအမှတ် (၃) (ယခင်အမျိုးသားကျောင်း) တို့တွင် ပညာသင်ကြားခဲ့ပြီး၊ ဆရာဝန်ဘွဲ့ကို မန္တလေးဆေးတက္ကသိုလ်မှ ၁၉၈၁ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၈၂ ခုနှစ်မှစ၍ **'သရဖူ'** ကိုယ်ပိုင်ဆေးခန်းဖွင့်လှစ်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဒေါ်နီလာအောင်နှင့်လက်ထပ်၍ သားသမီး (၃) ဦး ထွန်းကားသည်။ ၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်လှုပ်ရှားခဲ့သည်။ ကဝမြို့နယ်အမျိုး သား ဒီမိုကရေစီအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင် စစ်ထောက် လှမ်းရေးမှ ထိန်းသိမ်းရေးစခန်း (ညောင့်ဂေဟာ) တွင် ခေါ်ယူထိန်းသိမ်းခြင်းခံခဲ့ရပြီး၊ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ် လွတ်မြောက် နယ်မြေတနေရာသို့ရောက်ရှိခဲ့သည်။

## ၂။ ကဝမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

## ဦးမြလေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးမြလေး (သခင်မြလေး–ရွှေကျင်) သည် ကဝမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၅၄၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ . ၁၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးပန်းမြိုင်၊ အမိ ဒေါ်စိန်ပွင့်တို့၏သား ဖြစ်သည်။ ဦးမြလေးသည် အင်္ဂလိပ်–မြန်မာ ဆယ်တန်းအထိပညာသင်ကြားခဲ့၍ ၁၉၃၈ ခုနှစ်တွင် ဒို့ဗမာအစည်းအရုံးဝင် သခင်မြလေးဖြစ်လာခဲ့သည်။ ၁၉၄၂ ခုနှစ်၊ နယ်ချဲ့တော်လှန်ရေးတွင် ရဲဘော်သုံး ကျိပ်ဝင် ဗိုလ်စောအောင်၊ ဗိုလ်ဇင်ယော်တို့တပ်နှင့်အတူ ရွှေကျင်ကိုတိုက်ခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် ရွှေကျင်မြို့နယ် ဒုံဇရပ် အာရှလူငယ် ဥက္ကဋ္ဌ၊ ၁၉၄၅ ခုနှစ်တွင် သခင်ဇင် (ဗကပ) တို့နှင့်အတူ တိုင်းလေးတိုင်းတွင် ညောင်လေးပင် ဒိုက်ဦးနယ်မြေ တော်လှန်ရေးတာဝန်၊ ၁၉၄၆–၄၇ ခုနှစ်တွင် ညောင်လေးပင်မြို့နယ် ဖ–ဆ–ပ–လ အတွင်းရေးမှူး တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ဖ–ဆ–ပ–လ အဖွဲ့ချုပ်၏တာဝန်ပေးချက်အရ ဗီယက်နမ် ပြောက်ကျားများနှင့်ဆက်သွယ်ရန် ဗီယက်နမ်၊ လာအို၊ ထိုင်းနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ဘုရင့်နောင်စစ်ဆင်ရေးအတွက် ထိုင်းနိုင်ငံသို့သွားရောက်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် တရုတ်ပြည်သွားအလုပ် သမားမစ်ရှင်ကိုယ်စားလှယ်၊ ၁၉၅၈ ခုနှစ်တွင် နီပေါနိုင်ငံ၊ အာရှဆိုရှယ်လစ်ညီလာခံကိုယ်စားလှယ်၊ ၁၉၆၅ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အဖွဲ့ (က–လ–သ–ဖ) လက်ထောက်မန်နေဂျာ၊ ၁၉၈၂ ခုနှစ် တွင် အငြိမ်းစားယူခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် ကွယ်လွန် သည်။ ဇနီးမှာ ဒေါ်ဝင်းဝင်းကြည်ဖြစ်သည်။

## ဦးမြလေး (ခ) သခင်မြလေး
## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်
## ကဝမြို့နယ်(၂) ရွေးချယ်ခံကိုယ်စားလှယ်
## အမျိုးသားညီလာခံကိုယ်စားလှယ်
## လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)
## အသက် (၇၄) နှစ်

ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာနေ (ဦးပန်းမြိုင်–ဒေါ်စိန်ပွင့်) တို့၏သား မင်းဘူးမြို့ (ဆရာညွန့်) – ဒေါ်စုစုတို့၏ သားသမက်၊ (ကိုသူရကို)၊ ကိုဇေယျကို (တတိယအင်ဂျင်နီယာ၊ စကိုင်းလိုင်း)–ဒေါ်မြမြသန်း (အငြိမ်းစား၊ သမဝါယမ)၊ ဦးစိုး (အင်ဂျင်နီယာချုပ်၊ ရန်ကုန်အော်တိုတယ်လီဖုန်း) –ဒေါ်ခင်မမ (လက်ထောက်အင်ဂျင်နီယာ၊ မြန်မာ့လျှပ်စစ်ဓာတ် အားလုပ်ငန်းရုံးချုပ်)၊ (ကိုတေဇကို) တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ ရန်ကုန်မြို့၊ ဆယ်မိုင်ကုန်း၊ ပြည်လမ်း၊ အမှတ် ၁၄၃၊ ၁၄၄၊ ၁၄၅ နေ ဒေါ်ဝင်းဝင်းကြည် (အငြိမ်းစား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန) ၏ ချစ်လှစွာသော ကျေးဇူးရှင်ခင်ပွန်း ဦးမြလေး (ခ) သခင်မြလေး (အငြိမ်းစား လက်ထောက်မန်နေဂျာ၊ ကုန်းလမ်းပို့ဆောင် ရေးကော်ပိုရေးရှင်း) သည် ၁၅–၇–၉၅ နေ့ ညနေ (၅) နာရီ (၄၅) မိနစ်အချိန်တွင် (၉၆) ပါးသောရောဂါဖြင့် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ရှိပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၇–၇–၉၅ တနင်္လာနေ့ ညနေ (၄) နာရီ အချိန်တွင် ကြံတောအအေးတိုက်မှ ကြံတောသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ၃။ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။
### ဦးလှဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးလှဦးသည် ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၂၃၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၂ . ၁၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးလှကြီး၊ အမိ ဒေါ်ကြည်ကြည်တို့မှ ၁၉၅၁ ခုနှစ်၊ ဧပြီလ (၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးလှဦးသည် တောင်ငူမြို့ အစိုးရအထက်တန်းကျောင်းအမှတ် (၂) တွင် ဆယ်တန်းအထိပညာ သင်ကြားခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါခဲ့၍ အိုးအိမ်ဦးစီးဌာန အဆောင်မှူးတာဝန်မှ နုတ်ထွက်ခဲ့ရသည်။ ကရင်အမျိုးသားအစည်းအရုံး (ကေအင်န်ယူ) မာနယ်ပလောစခန်းသို့ သွားရောက်ပြီး သောင်းကျန်းသူများနှင့် ပူးပေါင်းလျက်ရှိကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (က) (ခ) (ည)၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ (၅၁၂)အရ ဗဟန်းမြို့နယ်တရားရုံးတွင်တရားစွဲဆိုထားပြီး၊ တရားခံပြေးအဖြစ် ကြေညာထားခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ၁၉၉၁ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့တွင် ပယ်ဖျက်ခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းသည့်အခါ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဖြစ်လာခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ ဗွန်မားစဗစ်၌ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ပြန်လည်ဖွဲ့စည်းချိန်အထိ အလုပ်သမားဝန်ကြီးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် မြန်မာနိုင်ငံအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (F.T.U.B.) ကို စတင်ထူထောင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ယနေ့တိုင်တာဝန်ယူခဲ့သည်။

## ၄။ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။

### ဦးမောင်မောင်ကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးမောင်မောင်ကြီးသည် ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉၉၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၄ . ၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၄ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ဖွား ဖြစ်သည်။ ဦးရန်ကြီးအောင်၏သား ဖြစ်သည်။ ဦးမောင်မောင်ကြီးသည် ဒသမတန်းထိပညာသင်ကြားခဲ့၍ ကျောင်းသားဘဝတွင် သမဂ္ဂနှင့် ပြည်ထောင်စုလူငယ် အတွင်းရေးမှူး၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ သန့်ရှင်း ဖ–ဆ–ပ–လ တွဲမှူး၊ တော်လှန်ရေးကောင်စီခေတ်တွင် ပြည်ချစ်တပ်ဖွဲ့တွင် (၂) နှစ်ခန့်တောခိုခဲ့ပြီး အလင်းပြန်ဝင်ခဲ့သည်။ ယင်းနောက် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ကျောက်တံခါးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ကွယ်လွန်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၁၂) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

## ၅။ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးအေးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအေးမြင့်သည် ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၇၃၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၀ . ၄၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၃၁ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့ဖွား ဖြစ်သည်။ ကြို့ပင်ကောက်မြို့ဇာတိဖြစ်သည်။ အဖ ဦးလှမောင်၏သားဖြစ်သည်။ ဦးအေးမြင့်သည် ကြို့ပင်ကောက် ဆရာကြီးဆွေကျောင်း၊ အမျိုးသား တန်းမြင့်ကျောင်းတို့တွင် အခြေခံပညာသင်ကြားခဲ့ပြီး၊ ၁၉၅၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၆၉ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့တို့ကို ရန်ကုန် တက္ကသိုလ်မှရရှိခဲ့သည်။ အထက်တန်းပြကျောင်းဆရာ၊ အလယ်တန်းပြကျောင်းအုပ်၊ ပစ္စည်းဝယ်ယူရေးအဖွဲ့ လက် ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့အလင်းသတင်းစာ ဘာသာပြန်အယ်ဒီတာ၊ ပြည်သူ့သစ္စာသတင်းစာကို ကိုယ်ပိုင်ထုတ်ဝေခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၈ ခုနှစ်၊ သြဂုတ်လ (၁) ရက်နေ့တွင် ကြေညာချက် အမှတ် (၁၃၉၄) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၃၉၄)**
**(၁၃၆၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၉ ရက်)**
**(၁၉၉၈ ခုနှစ်၊ သြဂုတ်လ ၁ ရက်)**

**အကြောင်းအရာ။ ။ ဦးအေးမြင့်အား ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးအေးမြင့်က မိမိသည် အသက်အရွယ်ကြီးရင့်လာပြီး ကျန်းမာရေး အခြေအနေမကောင်းပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးအေးမြင့်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးအေးမြင့်အား ယနေ့မှစ၍ ကြို့ပင်ကောက်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ–
(အေးမောင်)
အတွင်းရေးမှူး

### ၆။ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

**ဦးအေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအေးသည် ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၁,၀၀၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၅ . ၄၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘအုန်း၊ အမိ ဒေါ်ရွှေစုတို့မှ ၁၉၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့ တွင်မွေးဖွားသည်။ ကြို့ပင်ကောက်မြို့ဇာတိ ဖြစ်သည်။ ဦးအေးသည် အာရ်စီအမ်ကျောင်း၊ အမျိုးသားအထက်တန်းကျောင်း၊ ရန်ကုန်တက္ကသိုလ်တို့တွင် ဥပစာအထက်တန်းအထိ ပညာသင်ယူကြားခဲ့သည်။ (ကွယ်လွန်သူ အမျိုးသားခေါင်းဆောင်ကြီး) သခင်မြ လွှတ်တော်အမတ်ပြန်လည်ရရှိရေးနှင့် မဲအနိုင်ရရှိရေးတို့အတွက် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင် (သခင်စောလွင်)၊ သခင်စိုးမင်း (ကြို့ပင်ကောက်) တို့နှင့်အတူ ဆောင်ရွက်ခဲ့သည်။ ကျောင်းသားဘဝတွင် သံမဏိတပ်ဖွဲ့နှင့် ဒို့ဗမာအစည်းအရုံးဝင်၊ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ၊ ၁၃၀၀ ပြည့် အရေးတော်ပုံတွင် အစာတော်ခံဆန္ဒပြခဲ့သည်။ မင်းလှသပိတ်တားဆီးရေးတွင်ပါဝင်၍ ကျောင်းထုတ်ခံခဲ့ရသည်။ နယ်ချဲ့ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေးအဖွဲ့ဝင်၊ နယ်ချဲ့အင်္ဂလိပ်အား ဒုတိယကမ္ဘာစစ်အတွက် စစ်စရိတ်ထောက်ပံ့ရန်ပြုလုပ်သော အာဝါဒေးလောင်းကစားဝိုင်းများကို မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့ပြင် ကြို့ပင်ကောက်ဂါတ်ကို သိမ်းယူရာတွင် ပါဝင်ခဲ့သည်။ ဂျပန်တော်လှန်ရေးတွင် ဗိုလ်ကြီးချစ်မြိုင် (ယခင် တော်လှန်ရေးကောင်စီဝင်) တို့နှင့်အတူ တပ်ရင်း (၁၀၇) မင်းလှစည်သူတပ်နှင့်အတူ တိုက်ပွဲဝင်ခဲ့သည်။ ၁၉၄၉ ခုနှစ် ဝက်ကော်တိုက်ပွဲခေါင်းဆောင်၊ ၁၉၅၃ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ဖ–ဆ–ပ–လ အစိုးရက လယ်သမားများကိုနှိပ်စက်သည့်အတွက် ပ–မ–ည–တ ထဲသို့ ဝင်၍ ဖ–ဆ–ပ–လ ဗိုလ်မင်းခေါင်နှင့်ယှဉ်ပြိုင်လျက် လွှတ်တော်အမတ်အရွေးခံခဲ့သည်။ မကြာခဏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။

### ၇။ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်။

**ဦးထွန်းဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးထွန်းဦးသည် ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍

ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၄၆၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁ . ၀၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကျောက်ကြီးမြို့ဇာတိဖြစ်သည်။ အဖ ဦးမောင်ကျင်၊ အမိ ဒေါ်စန်းရင်တို့မှ ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးထွန်းဦးသည် ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၇၉ ခုနှစ်တွင် အင်ဂျင်နီယာ (မြို့ပြ) ဘွဲ့ရရှိခဲ့သည်။ ၁၉၈၈ ခုနှစ်အထိ ဆောက်လုပ်ရေးကော်ပိုရေးရှင်းတွင် လက်ထောက်အင်ဂျင်နီယာ၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ကျောက်ကြီးမြို့နယ် အရေးတော်ပုံ ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာချက်အမှတ် (၉၀၃) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ ပယ်ဖျက်ကြောင်း ကြေညာခဲ့သည်။ ကြေညာချက်တွင် ဦးထွန်းဦးသည် စင်ပြိုင်အစိုးရဖွဲ့စည်း၍ နိုင်ငံတော်ကိုတော်လှန်ပုန်ကန် ရန်နှင့် လက်နက်စွဲကိုင်တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁)၊ ပုဒ်မခွဲ (ဆ) နှင့် ငြိစွန်းသဖြင့် ရွေးကောက်တင်မြှောက်ခံထားရသူ အဖြစ်မှပယ်ဖျက်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် တရားခံပြေးအဖြစ် ဗဟန်းမြို့နယ်တရားရုံးမှ ကြေညာထားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ စတင်ဖွဲ့စည်းသည့်အခါ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် လူမှုဝန်ထမ်း ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့စွဲပါ စာအမှတ် – ၇၅၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုထားခြင်းကို ဖျက်သိမ်းခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းသည့်အခါ လူမှုဝန်ထမ်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ပြန်လည်ဖွဲ့စည်းချိန်အထိ ဆောင်ရွက်ခဲ့သည်။ ဇနီးမှာ ဒေါ်သိန်းသိန်းဦးဖြစ်ပြီး သမီး (၂) ဦးထွန်းကားသည်။ ယခု အမေရိကန်ပြည်ထောင်စုတွင်နေထိုင်သည်။

### ၈။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်။

### ဦးစံတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစံတင်သည် ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၉၉၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၆ . ၇၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မိုးညိုမြို့နယ် မင်းကြီးရွာဇာတိဖြစ်သည်။ ၁၉၃၄ ခုနှစ်ဖွား ဖြစ်သည်။ အဖ ဦးအုန်းမောင်၏သား ဖြစ်သည်။ ဦးစံတင်သည် သတ္တမတန်းအောင်မြင်သည်အထိ ရေကင်း တွဲဖက်အစိုးရအလယ်တန်းကျောင်းတွင် ပညာသင်ကြား ခဲ့သည်။ ထုတ်လုပ်နှင့် စားသုံးသမဝါယမ အတွင်းရေးမှူး၊ လက်ကားသမဝါယမ ကိုယ်စားလှယ်၊ ဖ–ဆ–ပ–လ၊ ဗ–တ–လ–စ၊ ဆိုရှယ်လစ်လူငယ်၊ တာပွန်မဲဆန္ဒနယ်စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဒေါ်သောင်းနှင့် လက်ထပ်သည်။ ဘာသာရေးအသင်းအဖွဲ့များတွင် ပါဝင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ရ–ဝ–တ အဖွဲ့ဝင် လုပ်ခဲ့သည်။

### ၉။ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးအုန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအုန်းမောင်သည် ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၅၁၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၈ . ၂၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၂၈ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးရွှေလှ၏သား ဖြစ်သည်။ ဦးအုန်းမောင်သည် ဝိဇ္ဇာနှင့်ဥပဒေဝိဇ္ဇာဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှရရှိခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ဂျပန်တော်လှန်ရေးဌာန ပြောက်ကျား၊ ၁၉၄၆ ခုနှစ်တွင် မဒေါက်တိုက်နယ် ဖ–ဆ–ပ–လ အတွင်းရေးမှူး၊ ၁၉၄၇ ခုနှစ်တွင် မင်းဘူးအစိုးရအထက်တန်းကျောင်း ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ၊ ၁၉၄၈–၄၉ ခုနှစ်၊ ၁၉၅၀–၅၁ ခုနှစ်များတွင် ဗဟိုအစိုးရအထက်တန်းကျောင်း၊ ရန်ကုန်ကျောင်းသားသမဂ္ဂနှင့် ရန်ကုန်ခရိုင်သမဂ္ဂ ဥက္ကဋ္ဌ၊ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်ခေါင်းဆောင်၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားအခွင့်အရေး ကာကွယ်မှုကော်မတီ ဥက္ကဋ္ဌ၊ ၁၉၆၃ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့သို့ ဘဏ်လုပ်ငန်း၊ သွားရောက်သင်ယူခဲ့သည်။ ဩစတြေးလျားတွင် ဘဏ်လုပ်ငန်းနှီးနှောပွဲတက်ခဲ့သည်။ ဘဏ်မန်နေဂျာဘဝဖြင့် အငြိမ်းစားယူခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်း ခြင်းခံခဲ့ရပြီး၊ ဧပြီလ (၂၈) ရက်နေ့တွင် ကိုအောင်ထွန်း ရေးသားပြုစုသည့် **"ကျောင်းသားလှုပ်ရှားမှုသမိုင်း"** စာအုပ် ပြုစုရာတွင် ပါဝင်ကူညီသဖြင့်ဟုဆိုကာ ထောင်ဒဏ် (၇)နှစ် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်သည်။

## ၁၀။ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

## ဦးထွန်းကြွယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးထွန်းကြွယ်သည် ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၃၄၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၈ . ၁၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးကျော်၏သား ဖြစ်သည်။ ဦးထွန်းကြွယ်သည် ဝိဇ္ဇာ (ပညာရေးဘွဲ့)၊ ဆရာဖြစ်ဒီပလိုမာနှင့် မဟာဝိဇ္ဇာ (ကိုလံဘီယာ) ဘွဲ့တို့ရရှိခဲ့သည်။ မူလတန်းပြဆရာမှ ပညာရေးတက္ကသိုလ်ပါမောက္ခအထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့သို့ ပညာရေးတာဝန်ဖြင့်သွားရောက်ခဲ့သည်။ ပညာရေးဆောင်းပါးများကို ပါမောက္ခဦးထွန်းကြွယ်၊ ဆရာဒဗ္ဗအမည်တို့ဖြင့် ရေးသားခဲ့သည်။ ပြွန်တန်ဆာချောင်းရင်း၊ အေအက်ဖ်ဖ်အိုအတွင်းရေးမှူး၊ (မ–က–သ–ခ) ဆရာသမဂ္ဂ အတွင်းရေးမှူး၊ ခရမ်းမြို့နယ် မ–က–သ ဥက္ကဋ္ဌ၊ ပြွန်တန်ဆာအသင်း ဥက္ကဋ္ဌ၊ ရွှေတိဂုံစေတီ ဂေါပကအဖွဲ့ဝင်၊ ပညာရေးဝန်ထမ်းအငြိမ်းစားအဖြစ် နေထိုင်သည်။

## ၁၁။ တောင်ငူမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။

## ဦးအောင်စိုးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအောင်စိုးမြင့်သည် တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၃၆၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ . ၇၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ တောင်ငူမြို့ဇာတိဖြစ်သည်။ အဖ ဦးအုန်းကျော်၊ အမိ ဒေါ်အေးမိတို့မှ ၁၉၅၂ ခုနှစ်၊ ဩဂုတ်လ (၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအောင်စိုးမြင့်သည် ၁၉၇၅ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးပညာ (သင်္ချာစာရင်းအင်း) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကိုယ်ပိုင်စီးပွားရေးလုပ်၍ ဘာသာရေးအသင်းအဖွဲ့များတွင် ပါဝင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် တောင်ငူခရိုင် ပြည်သူ့လွတ်မြောက်ရေးဒီမိုကရေစီတပ်ပေါင်းစု ဗဟိုအထွေထွေသပိတ်ကော်မတီ

ဝင်၊ ဇနီးဒေါ်အေးအေးစန်းနှင့်သားသမီး (၃) ဦး ထွန်းကားသည်။ တောင်ငူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွင် အတွင်းရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် စစ်ထောက်လှမ်းရေးမှ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင်ခေါ်ယူဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရပြီး၊ ၂၀၀၁ ခုနှစ်၊ ဖွန်လ (၂၁) ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်။ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ဦးအောင်စိုးမြင့် စီးလာသည့်ဆိုင်ကယ်နှင့် ကျောင်းသူတဦးစီးလာသည့် စက်ဘီးတို့ လမ်းတွင်မတော်တဆပွတ်တိုက်မိကြရာ၊ ဦးအောင်စိုးမြင့်အား အဆိုပါကိစ္စနှင့်ပတ်သက်၍ စစ်ထောက် လှမ်းရေးမှ ဩဂုတ်လ (၃၁) ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး၊ ကာယကံရှင်ကျောင်းသူ မဆွေဆွေမှ ၎င်း၏ အမှားကြောင့်ဖြစ်ရသဖြင့် အမှုမဖွင့်ဘဲကျေအေးခဲ့သည့်ကြားမှ ယာဉ်တိုက်မှု ပုဒ်မ (၃၃၇) အပြင် လိုင်စင်မဲ့ ဆိုင်ကယ်လက်ဝယ်ထားရှိမှု ပုဒ်မ ၅ (၁) ဖြင့် အမှုဖွင့်ပြီး၊ ဆိုင်ကယ်အတိုက်ခံရသူ ကာယကံရှင်ကိုယ်တိုင်က သူ့ဘက်မှမှားသည့်အတွက် အမှုမဖွင့်လိုကြောင်း တရားရုံးတွင်ထွက်ဆိုခဲ့သော်လည်း လိုင်စင်မဲ့ဆိုင်ကယ် လက် ဝယ်ထားရှိမှုဖြင့် စက်တင်ဘာလ (၁၉) ရက်နေ့တွင် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်ချမှတ်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့တွင် တောင်ငူထောင်မှ မိသားစုနှင့်ဝေးရာ သရက်ထောင်သို့ ပြောင်းရွှေ့ခြင်းခံခဲ့ရပြီး ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် အင်းစိန်ထောင်သို့ ထပ်မံပြောင်းရွှေ့ခြင်းခံခဲ့ရသည်။

## ၁၂။ တောင်ငူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးညွန့်ဝေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးညွန့်ဝေသည် တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ် စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ(၂၀,၄၀၁)မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ . ၁) ဖြင့် ရွေးချယ်တင်မြှောက် ခြင်း ခံခဲ့ရသည်။ ၁၉၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးဘဆွေ၊ အမိ ဒေါ်မမကြီးတို့၏ သား ဖြစ်သည်။ ဦးညွန့်ဝေသည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (ဘောဂဗေဒ) ဂုဏ်ထူးနှင့် ဟားဗတ်တက္ကသိုလ်မှ မဟာဝိဇ္ဇာ (အုပ်ချုပ်ရေး) ဘွဲ့တို့ ရရှိခဲ့သည်။ ၁၉၄၇ ခုနှစ် တနှစ်အတွင်း လွတ်လပ်ရေးရရှိရန်ပြင်ဆင်မှုတွင် ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကပေးသော ခေါင်းဆောင်သင်တန်းတက်ခဲ့ပြီး၊ ၁၉၄၇ ခုနှစ်မှ ၁၉၅၂ ခုနှစ် အထိ တက္ကသိုလ် ကျောင်းသားခေါင်းဆောင်၊ ၁၉၅၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ညွှန်ကြားရေးမှူး၊ ဗဟိုစာရင်းအင်းနှင့် ဘောဂဗေဒ ဌာန၊ စက်မှုလက်မှုဘဏ်၊ မန်နေဂျာချုပ်၊ စိုက်ပျိုးရေးဘဏ်၊ အာမခံကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ၁၉၈၆ ခုနှစ်တွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မ တီဝင်ဖြစ်သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စား ပြုကော်မတီတွင် အဖွဲ့ဝင်တဦးဖြစ်သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ ဒီပဲယင်းသွေးချောင်းစီးလုပ်ကြံ တိုက်ခိုက်သတ်ဖြတ်မှုကြီးဖြစ်ပွားစဉ် ရန်ကုန်မြို့နေအိမ်တွင် အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး၊ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့တွင် နေအိမ်အကျယ်ချုပ်မှပြန် လွတ်သည်။ ဇနီးမှာ ဒေါ်ငယ်ငယ်စိန် (အငြိမ်း စား ကထိက/ပညာရေးတက္ကသိုလ်) ဖြစ်ပြီး၊ သားသမီးများမှာ ဒေါ်သီရိညွန့်ဝေ၊ ဒေါ်မေအုံးညွန့်ဝေ၊ ဦးပြည်သစ် ညွန့်ဝေ၊ ဒေါ်စန္ဒာညွန့်ဝေနှင့် ဦးကျော်ထွင်ညွန့်ဝေတို့ဖြစ်သည်။

## ၁၃။ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်။

### ဦးချစ်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးချစ်မောင်သည် ထန်းတပင်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စား ပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၆၆၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၅ . ၃၆) ဖြင့် ရွေးချယ်တင်မြှောက်

ခြင်းခံခဲ့ရသည်။ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ လက်လှုပ်ရွာဇာတိဖြစ်သည်။ အဖ ဦးမိုးဦး၊ အမိ ဒေးစိန်တို့မှ ၁၉၄၃ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးချစ်မောင်သည် ဝိဇ္ဇာ၊ ဝိဇ္ဇာပညာရေးနှင့် အထက်တန်းရှေ့နေစာမေးပွဲတို့ အောင်မြင်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ စာရေး (က–က) ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးရုံး၊ ၁၉၆၇ ခုနှစ် မှ ၁၉၇၄ ခုနှစ်အထိ အထက်တန်းပြ ကျောင်းဆရာ၊ ထန်းတပင်မြို့၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဥက္ကဋ္ဌ မြို့နယ်တရားသူကြီးအဖွဲ့၊ ထန်းတပင်မြို့၊ ၁၉၈၈ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ အထက်တန်းရှေ့နေ၊ ၁၉၇၂ ခုနှစ်တွင် လမ်းစဉ်ပါတီသို့ဝင်ခဲ့သည်။

## ၁၄။ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးရဲထွဋ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးရဲထွဋ်သည် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၉၇၈)မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၆ . ၆၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရန်ကုန်မြို့၊ တာမွေဇာတိဖြစ်သည်။ ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးမြသန်း၏သားဖြစ်သည်။ ဦးရဲထွဋ်သည် ၁၉၇၅ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ စာရင်းစစ်၊ လက်ထောက်အလုပ်သမားအရာရှိ၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ဦးရဲထွဋ်သည် ၁၉၆၉ ခုနှစ်၊ ကျွန်းဆွယ်အရေးအခင်း၊ ၁၉၇၄ ခုနှစ်၊ ဦးသန့်အရေးအခင်းနှင့် အလုပ်သမားအရေးအခင်းတို့၌ပါဝင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ပုဒ်မ ၅ (ည) ဖြင့် အရေးယူခံရပြီး အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၂) နှစ် ကျခံခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့က မန္တလေး၊ အနောက်တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ပြုလုပ်သည့် ယာယီအစိုးရဖွဲ့စည်းရေးလျှို့ဝှက်အစည်းဝေးသို့တက်ရောက်ခဲ့သဖြင့် နဝတ၏ ဖမ်းဆီးမှုကိုခံရပြီး ပြစ်မှုဆိုင်ရာပုဒ်မ ၁၂၂ (၁) ဖြင့် တရားစွဲကာ ၁၉၉၁ ခုနှစ်၊ မေလတွင် ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ရွေးကောက်ပွဲကော်မရှင်က ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၈၄) ဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခဲ့သည်။ နောင်တွင်ပြုလုပ်မည့်ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။

## ၁၅။ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးစိန်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးစိန်ထွန်းသည် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၇၆၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၉ . ၈၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဒိုက်ဦးမြို့နယ်၊ ပေါက်တပင်ကျေးရွာဇာတိဖြစ်သည်။ အဖ ဦးထွန်းရင်၊ အမိ ဒေါ်တင်တို့မှ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် မွေးဖွားသည်။ ဦးစိန်ထွန်းသည် ဝိဇ္ဇာ (ဥပဒေ) ဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့ရ တရားရုံးချုပ်ရှေ့နေတဦးဖြစ်သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်သည်။ ၁၉၉၂ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် ကွယ်လွန်သည်။

**၁၆။ နတ်တလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးအုန်းငွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအုန်းငွေသည် နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၃၈၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၃ . ၈၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ နတ်တလင်းမြို့နယ်၊ အုတ်တွင်းကုန်းရွာ ဇာတိဖြစ်သည်။ အဖ ဦးဘိုးရှိန်၏သား ဖြစ်သည်။ ၁၉၁၇ ခုနှစ်၊ ဧပြီ လ (၄) ရက်နေ့ဖွား ဖြစ်သည်။ ဦးအုန်းငွေသည် ဝိဇ္ဇာဘွဲ့နှင့် ပညာရေးဒီပလိုမာဘွဲ့ရရှိခဲ့သည်။ မူလတန်းကျောင်းဆရာကြီးအဖြစ်မှ မြို့နယ်ပညာရေးမှူး (ပန်းတောင်း) အဆင့်အထိ ပညာဝန်ထမ်းခဲ့၍ ၁၉၇၇ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ မီးသတ်၊ ဆေးရုံစသည့် ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၁၁)**
**(၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်)**
**(၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)**

**အကြောင်းအရာ။ ။ ဦးအုန်းငွေအား ပဲခူးတိုင်း နတ်တလင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပဲခူးတိုင်း၊ နတ်တလင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးအုန်းငွေက မိမိသည် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းပါသဖြင့် နိုင်ငံရေးကို ဆက်လက်မဆောင်ရွက်နိုင်တော့ပါသ၍ မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒ အလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးအုန်းငွေ၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးအုန်းငွေအား ယနေ့မှစ၍ နတ်တလင်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

## ၁၇။ နတ်တလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးစောစိန်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစောစိန်ထွန်း နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၅၄၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၃ . ၃၃) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၁ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးအောင်မြင့်၏သားဖြစ်သည်။ ဦးစောစိန်ထွန်းသည် သိပ္ပံ (စိုက်ပျိုးရေး) ဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့တို့ကို ၁၉၅၅ ခုနှစ်နှင့် ၁၉၆၀ ပြည့်နှစ်တို့တွင် ရရှိခဲ့သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၇ ခုနှစ် အထိ အထက်တန်းပြကျောင်းဆရာ၊ နတ်တလင်းမြို့၊ ၁၉၅၇ ခုနှစ်နှင့် ၁၉၅၈ ခုနှစ်တွင် ရက္ခဗေဒအရာရှိ (မှော်ဘီ)၊ (မြောင်းမြ)၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ခရိုင်စိုက်ပျိုးရေးအရာရှိ (သာယာဝတီ/ မြိတ်)၊ ၁၉၆၇ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ကျောင်းအုပ်၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (နမ့်ဆမ်း/ သဲကုန်း)၊ ၁၉၇၇ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ဒုတိယလက်ထောက် အထွေထွေမန်နေဂျာ၊ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟို တောင်သူလယ်သမားလုပ်ငန်းအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။

## ၁၈။ ပဲခူးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစိုးဝင်း၊ အမျိုးသားဒီမိုကရေစီပါတီ။

ဦးစိုးဝင်းသည် ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄၄,၂၈၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၂ . ၃၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ညောင်ဦးမြို့ဇာတိ ဖြစ်သည်။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးကြင်ဆိုင်ဖြစ်သည်။ ဦးစိုးဝင်းသည် ၁၉၆၈ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇ (စက်မှုကုန်ထုတ်) ဘွဲ့ရရှိခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ သုတေသနလက်ထောက် (စီမံကိန်းဌာန) ဂုန်နီစက်ရုံ၊ အုတ်ကျင်း၊ ထို့နောက် ပုံနှိပ်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ဒေါ်အောင်ဆန်းစုကြည်၏လုံခြုံရေးနှင့် လူမှုရေးတာဝန်ယူခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုသတင်းနှင့် ပြန်ကြားရေးအဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီပါတီတွင် ဗဟိုအလုပ်အမှုဆောင် တာဝန်ယူခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အဖွဲ့ဝင်တဦးဖြစ်လာခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေ (၃၀) ရက်နေ့ ဒီပဲယင်းသွေးချောင်းစီးလုပ်ကြံ တိုက်ခိုက်သတ်ဖြတ်မှုကြီးဖြစ်ပွားအပြီး၊ ဇွန်လ (၃) ရက်နေ့တွင် စစ်ထောက်လှမ်းရေး၏ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရ၍ ဖမ်းဆီးထိန်းသိမ်းထားစဉ်ကာလအတွင်း ညှဉ်းပမ်းနှိပ်စက်ခံထားရသည့် ဒဏ်ရာများဖြင့် ဇွန်လ (၂၉) ရက်နေ့တွင် စစ်ထောက်လှမ်းရေးမှ နေအိမ်ပြန်ပို့ခဲ့သည်။ စစ်ထောက်လှမ်းရေး၏ ညှဉ်းပမ်းနှိပ်စက်မှုကြောင့် ညာဘက်မျက်စိကွယ်သွားခဲ့သည်။

## ၁၉။ ပဲခူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။

### ဦးမြတ်လှ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမြတ်လှသည် ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၅၃,၅၂၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄ . ၇၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပဲခူးမြို့နယ်၊ ပေပင်ချောင်းကျေးရွာဇာတိဖြစ်သည်။ အဖ ဦးစိန်ထွန်း၊ အမိ ဒေါ်အေးတင်တို့မှ ၁၉၃၅ ခုနှစ်၊ မေလ (၂၃) ရက်နေ့တွင် မွေးဖွားသည်။ ဦးမြတ်လှသည် အမျိုးသားတန်းမြင့် ကျောင်း (ပဲခူး) မှ တက္ကသိုလ်ဝင်တန်း အောင်မြင်၍ ၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ၁၉၆၇ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

၁၉၅၇ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ အထက်တန်းပြကျောင်းဆရာ၊ ၁၉၆၈ ခုနှစ်မှစ၍ ရှေ့နေ (တရားရုံးချုပ်ရှေ့နေ) အဖြစ် လိုက်ပါဆောင်ရွက်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ခိုင်လုံမဲအရေအတွက် အများဆုံးရရှိသူ ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၂၀။ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဗိုလ်မှူးကြီးမောင်အုန်း (ငြိမ်း)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။

ဗိုလ်မှူးကြီးမောင်အုန်း (ငြိမ်း) သည် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၈၅၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၂ . ၀၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရန်ကုန်မြို့ဇာတိဖြစ်သည်။ အဖ ဦးသိန်းဖေ၊ အမိ ဒေါ်အေးစိန်တို့မှ ၁၉၂၉ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့တွင် မွေးဖွားသည်။ ကြည်း/ဖ၉၇၇ ဗိုလ်မှူးကြီး မောင်အုန်း (ငြိမ်း) သည် ရန် ကုန်၊ ရေကျော် မက်သဒစ်ကျောင်းတွင် ဆဋ္ဌမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ စက်မှုအင်ဂျင်နီယာဘွဲ့ရရှိခဲ့သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ တကောင်းကျောင်းဆောင် သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌ၊ ၁၉၅၅ ခုနှစ်၊ ဧပြီလမှ ၁၉၈၁ ခုနှစ်၊ ဇူလိုင်လအထိ တပ်မတော်တွင် ဒုတိယဗိုလ်အဆင့်မှ ဗိုလ်မှူးကြီး အဆင့်အထိ ပလစ (၁) ရန်ကုန်၊ နလခ (၅) ဗထူး၊ လလစ (၅၅၅) မော်လမြိုင်၊ ကပစ(၄)၊ ကကထုတ် ညွှန်ကြားရေးမှူးရုံး၊ ၁၉၆၄ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း (စတလက) အမှုဆောင်ဒါရိုက်တာ၊ ၁၉၈၁ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ဝင်ခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဗဟိုကော်မတီဝင်၊ ပန်းတောင်း မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၊ စက်မှု (၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်သူ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်၊ ပြည်ပ (၉) နိုင်ငံသို့ နိုင်ငံတာဝန်ဖြင့်သွားရောက်ခဲ့သည်။ စီမံကိန်း စက်ရုံကြီး (၇) ရုံကို တာဝန်ယူတည်ဆောက်ခဲ့သည်။

## ၂၁။ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးသောင်းစိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးသောင်းစိန်သည် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၉၄၁)မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၁ . ၅၂) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ သဲကုန်းမြို့ဇာတိဖြစ်သည်။ အဖ ဦးစိုးမင်း၊ အမိ ဒေါ်အေးမြတို့မှ ၁၉၃၀ ပြည့်နှစ် တွင် မွေးဖွားခဲ့သည်။ ဦးသောင်းစိန်သည် သဲကုန်းမြို့အစိုးရအထက်တန်းကျောင်းတွင် ကိုးတန်းအထိ ပညာ သင်ကြားခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၆၀ ပြည့် နှစ်အထိ အကူစာရေး၊ အင်စပက်တော် ဆန်စပါးရောင်းဝယ်ရေး၊ နကရဖ၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ ဆည်မြောင်းဌာန ကန်ထရိုက်တာ၊ ၁၉၆၂ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ် အထိ ကိုယ်ပိုင်ဆန်စက်လုပ်ငန်း၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပြည်မြို့နယ် ဆန်ဖြန့်ဖြူးရေး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ ပြည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ အဖြစ် တာဝန်ယူခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဖွန်လ

(၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့စွဲပါ စာအမှတ် – ဝ၄၁/ စည်း (စည်းရုံး)/ ၉၉ ဖြင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

## ၂၂။ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။
## ဦးတင်အုန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်အုန်းသည် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၁၃၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၅ . ၅၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးစောလှိုင်၊ အမိ ဒေါ်သန်းစိန်တို့မှ ၁၉၄၆ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ပန်းတောင်းမြို့ ဇာတိဖြစ်သည်။ ဦးတင်အုန်းသည် ရန်ကုန်မြို့ စံပြအမျိုးသားအထက်တန်းကျောင်းတွင် ဆယ်တန်းအထိပညာသင်ကြားခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ပြည်သူ့ဆိုင်တာဝန်ခံ၊ ၁၉၆၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ ငွေကိုင်စာရေး၊ မြို့နယ်ကုန်သွယ်ရေး၊ ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ အသင်းစုမှူး၊ မြို့နယ်သမဝါယမ၊ ၁၉၈၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မြို့နယ်သတင်းထောက်၊ ပန်းတောင်း၊ ပန်းတောင်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၇ ခုနှစ်၊ မတ်လ (၂၁) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၃၄၉)ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့စွဲပါ စာအမှတ် – ဝ၄၁/ စည်း (စည်းရုံး)/၉၉ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

## ၂၃။ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
## ဦးသိန်းဟန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသိန်းဟန်သည် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,ဝ၅၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆ . ၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်ရွာဇာတိဖြစ်သည်။ အဖ ဦးစံရွှေ၊ အမိ ဒေါ်ညွန့်တို့မှ ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးသိန်းဟန်သည် လုပ်သားကောလိပ်တွင် ရူပဗေဒပထမနှစ်အထိ ပညာသင်ယူခဲ့သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ စာရေးဝန်ထမ်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ **'ရဲဟန်'** ကလောင်အမည်ဖြင့် ဝတ္ထု၊ ဆောင်းပါး (၉၀) ခန့် ရေးသားခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြန်အောင်မြို့၌ ပါဝင်ခဲ့သည်။ ပန်းတောင်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၃၃)**
**(၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၀ ရက်)**
**(၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)**

**အကြောင်းအရာ ။ ။ ဦးသိန်းဟန်အား ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒ နယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံထားရသူ အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးသိန်းဟန်က မိမိသည် ယခုအခါ ကျန်းမာရေးမကောင်းပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးသိန်းဟန်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးသိန်းဟန်အား ယနေ့မှစ၍ ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၂၄။ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်။**

**ဒေါက်တာစိန်ဝင်း၊ အမျိုးသားဒီမိုကရေစီပါတီ။**

ဒေါက်တာစိန်ဝင်းသည် ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၅၁၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၉ . ၉၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ အာဇာနည်ခေါင်းဆောင်ကြီး–ဦးဘဝင်း (ဗိုလ်ချုပ်အောင်ဆန်း၏ အကို)၊ အမိ ဒေါ်ခင်စောတို့မှ ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ မကွေးတိုင်း၊ တောင်တွင်းကြီးမြို့ဇာတိဖြစ်သည်။ ဒေါက်တာစိန်ဝင်းသည် ၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံ (သင်္ချာ) ဂုဏ်ထူးဘွဲ့၊ ၁၉၇၄ ခုနှစ်တွင် ဂျာမန်ပြည်ထောင်စုသမ္မတနိုင်ငံ၊ ဟမ်းဘတ်တက္ကသိုလ်မှ မဟာသိပ္ပံဘွဲ့နှင့် ၁၉၇၉ ခုနှစ်တွင် ဒေါက်တာ (ပါရဂူ–သင်္ချာ) Ph.D. (Hamburg University, Germany) ဘွဲ့တို့ ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ သင်္ချာကထိက၊ ကိုလံဘိုတက္ကသိုလ် (သီရိလင်္ကာနိုင်ငံ)၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ နိုင်ရိုဘီတက္ကသိုလ် (ကင်ညာနိုင်ငံ)၊ မြန်မာနိုင်ငံတွင်းသို့ ဗီဇာအတုဖြင့် ပြန်လည်ဝင်ရောက်လာသဖြင့် အင်းစိန်ထောင်တွင် ထောင်ဒဏ် (၉) လ ပြစ်ဒဏ်ခံခဲ့ရသည်။ ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အချိန်ပိုင်းကထိက၊ သင်္ချာဌာန၊ လုပ်သားကောလိပ်၊ ၁၉၈၉ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးဌာန (ဘဏ္ဍာရေးတာဝန်ခံ)၊ အမျိုးသား

ဒီမိုကရေစီပါတီဥက္ကဋ္ဌတာဝန်များ ယူခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် မာနယ်ပလော၌ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ စတင်ဖွဲ့စည်းသည့်အခါ၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာချက်အမှတ် (၉၀၃) ဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ – ၁၁၊ ပုဒ်မခွဲ (ဆ) နှင့် ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ကြေညာခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းသည့်အခါ အဆိုပါတာဝန်များကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ ဗွန်မားစဗစ်၌ အမျိုးသားညွန့်ပေါင်းအစိုးရပြန်လည်ပြင်ဆင်ဖွဲ့စည်းသည့်အခါ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ (၇) ရက်နေ့တွင် အိုင်ယာလန်နိုင်ငံ၊ ဒပ်ဗလင်မြို့၌ အမျိုးသားညွန့်ပေါင်းအစိုးရ ပြန်လည်ဖွဲ့စည်းသည့်အခါ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့ရာ ယနေ့တိုင်ဖြစ်သည်။

## ၂၅။ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးအုန်းနိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအုန်းနိုင်သည် ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၅၈၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၄ . ၀၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပေါင်းတည်မြို့၊ ဘုရားငါးဆူရွာဇာတိဖြစ်သည်။ အဖ ဦးစိန်ဖြိုး၊ အမိ ဒေါ်စိန်တို့မှ ၁၉၃၃ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအုန်းနိုင်သည် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့၊ ပညာရေးဒီပလိုမာနှင့် ပညာရေးဝိဇ္ဇာဘွဲ့တို့ကို ၁၉၆၄ ခုနှစ်တွင်ရရှိခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ပေါင်းတည်အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းပြကျောင်းဆရာ၊ ၁၉၆၅ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ လက်ထောက်ကထိက၊ ဆရာအတတ်သင်၊ သဲကုန်းမြို့၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ အလယ်တန်းကျောင်းအုပ်၊ အစိုးရအလယ်တန်းကျောင်း၊ ဘုရားငါးဆူ ပေါင်းတည်မြို့၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အစိုးရအထက်တန်းကျောင်း၊ ပေါင်းတည်မြို့၊ ဒိုက်ဦး (ကျိုက်စကော)၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင် ကျောင်းသားညီညွတ်ရေးတပ်ဦး၊ ပြည်ခရိုင်ကျောင်းသားကျောင်းသူအသင်း၊ သဟာယနှင့်စာဖတ်အသင်းများအဖွဲ့ချုပ်တို့တွင် ပါဝင်လှုပ်ရှားခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ဆန္ဒပြကျောင်းသားများအကြမ်းဖက်မှုမရှိအောင် ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့တွင် တာဝန်မှနာမကျန်းအငြိမ်းစားယူခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို) မှ အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် သတင်းထုတ်ပြန်ချက်အမှတ် (၁၂/၉၂) ဖြင့် ကြေညာခဲ့သည်။

## ၂၆။ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးအေးသန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအေးသန်းသည် ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား

ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၀၀၅)မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၅ . ၅) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ပေါင်းတည်မြို့နယ်၊ သရက်သုံးပင်ရွာဇာတိဖြစ်သည်။ အဖ ဦးငွေဒါး၊ အမိ ဒေါ်စိန်ခြူတို့မှ ၁၉၄၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအေးသန်းသည် ၁၉၇၄ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာ (မြန်မာစာ) ဘွဲ့ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကုန်သည်လုပ်ငန်းဖြင့် အသက်မွေး၍ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် သပိတ်ကော်မတီဝင်၊ ပေါင်းတည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်စည်းရုံးရေးမှူး တာဝန်ယူခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို) မှ အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် သတင်းထုတ်ပြန်ချက်အမှတ် (၁၂/၉၂) ဖြင့် ကြေညာခဲ့သည်။

## ၂၇။ ဖြူးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးအောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအောင်သန်းသည် ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၀၆၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၅ . ၉၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဖြူးမြို့ဇာတိဖြစ်သည်။ အဖ ဦးဘိုးဂေါင်၊ အမိ ဒေါ်စိန်မေတို့မှ ၁၉၂၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအောင်သန်းသည် ၁၉၆၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့နှင့် ၁၉၇၃ ခုနှစ်တွင် ပညာရေးဒီပလိုမာရရှိခဲ့သည်။ ၁၉၄၄ ခုနှစ် မှ ၁၉၄၆ ခုနှစ်အထိ အာရှလူငယ်အဖွဲ့ဝင်၊ ၁၉၅၉ – ၆၀ ခုနှစ်တွင် မြို့နယ် ဖ–ဆ–ပ–လ အတွင်းရေးမှူး၊ ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်၊ ၁၉၅၄ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ အထက်တန်းပြ၊ ဖြူးမြို့ အစိုးရအထက်တန်းကျောင်း၊ ၁၉၆၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ကျောင်းအုပ်၊ သစ္စေးအစိုးရအလယ်တန်းကျောင်း (ရမည်းသင်း)၊ အစိုးရအလယ်တန်းကျောင်းအမှတ် (၃)၊ အလုံ (ရန်ကုန်)၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ကျောင်းအုပ်ကြီး၊ ဂျေယူအစိုးရအထက်တန်းကျောင်း၊ ဇေယျာဝတီ၊ ၁၉၈၆ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ မြို့နယ်ပညာရေးမှူး (တောင်ငူ)၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တောင်ငူမြို့နယ်ဒီမိုကရေစီလှုပ်ရှားမှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်ရုံ၊ အလုပ်ရုံနှင့် ဝန်ထမ်းပေါင်းစုံသမဂ္ဂဥက္ကဋ္ဌ၊ ကျောင်းသားများနှင့် ပညာရေးအဖွဲ့အစည်းများ၏ နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁၅) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၁၅)**
**(၁၃၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်)**
**(၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)**

**အကြောင်းအရာ။ ။ ဦးအောင်သန်းအား ပဲခူးတိုင်း၊ ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပဲခူးတိုင်း၊ ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးအောင်သန်းက မိမိသည် အသက်အရွယ်ကြီးရင့်လာပြီး ကျန်းမာရေးချို့တဲ့လာပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးအောင်သန်း၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးအောင်သန်းအားယနေ့မှစ၍ ဖြူးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၂၈။ ဖြူးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးစိုးမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစိုးမောင်သည် ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၅၈၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၃ . ၈၄) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးအေး၊ အမိ ဒေါ်လှမြိုင်တို့မှ ၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဖြူးမြို့ဇာတိဖြစ်သည်။ ဦးစိုးမောင်သည် ဝိဇ္ဇာဘွဲ့နှင့်ဥပဒေဘွဲ့ကို ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၂ ခုနှစ် အထိ အထက်တန်းရှေ့နေ၊ ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တရားရုံးချုပ်ရှေ့နေ၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ဥပဒေဝန်ထမ်းအဆင့် (၄)၊ ဥပဒေရုံး (ကနီ၊ ကမ္ဘလူ၊ လှိုင်)၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ဖြူးမြို့နယ် ဒီမိုကရေစီတပ်ဦး ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဖြူးမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သည်။ ၁၉၉၆ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့ လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၂၉။ မင်းလှမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးတင့်လွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင့်လွင်သည် မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၁၁၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆ . ၁၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပျော်ဘွယ်မြို့နယ်၊ ရန်အောင်ကျေးရွာဇာတိဖြစ်သည်။ ၁၉၂၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့ ဖွားဖြစ်သည်။ အဖ ဦးထွန်း၏သားဖြစ်သည်။ ဦးတင့်လွင်သည် ပျဉ်းမနားအစိုးရအထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ကျောင်းသားသမဂ္ဂ အတွင်းရေးမှူး၊ သပိတ်အမှုဆောင်၊ ၁၉၄၂ ခုနှစ်တွင် အာရှလူငယ်၊ ဘီဒီအေ၊ ပီပီအက်ဖ်၊ ဖက်ဆစ်တော်လှန်ရေးတွင်ပါဝင်ခဲ့၍ မော်ကွန်းဝင်ဒုတိယဆင့်ရခဲ့ သည်။ ၁၉၄၆ ခုနှစ်တွင် တပ်မတော် အင်ဂျင်နီယာတပ်သို့ တပ်သားအဖြစ် စတင်ဝင်ရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ကြည်း (၅၃၂၆) ဒုဗိုလ်၊ ခလရ (၁) တပ်ခွဲမှူး၊ ခလရ (၅) ဦးစီးအရာရှိ၊ ခြေလျင်တပ်မဟာ (၄) နှင့် (၅) တပ်ခွဲမှူး၊ ခလရ (၂၈) နှင့်ခမရ (၁၀၄) ဦးစီး (တ) ဒုတပ်ရင်းမှူး၊ ခမရ (၁၀၂) ဦးစီး (ဒ) လပခ၊ တပခ၊ တပ်ရင်းမှူး၊ ခလရ (၄၈) ခလက ဥက္ကဋ္ဌ၊ တပ်ရင်းမှူး၊ ခလရ (၂၀) တလက ဥက္ကဋ္ဌ၊ ရခိုင်တပ်ပေါင်းစုမှူး၊ ကျောင်းအုပ် ကြီး၊ ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း၊ ဗဟိုကော်မတီ (အရန်) ရေးရာကော်မတီဝင်၊ ဗဟိုကော်မတီဝင်၊ ရေးရာအတွင်း ရေးမှူး၊ ဆိုဗီယက်ပြည်ထောင်စုသွားလွှတ်တော် အဖွဲ့ဝင်၊ လှည်းကူး (၁) လွှတ်တော်ကိုယ်စားလှယ်၊ ၁၉၇၇ ခုနှစ် တွင် ပါတီစည်းကမ်းအရ လမ်းစဉ်ပါတီမှထုတ်ပယ်ခြင်းခံရသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင်ပါဝင်သည်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ဗဟိုကော်မတီဝင်အဖြစ်တာဝန်ယူခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဖွန်လ (၁၃) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။

## ၃၀။ မင်းလှမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါ်လှလှမိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါ်လှလှမိုးသည် မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၂၈၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၉ . ၀၈) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၃ ခုနှစ်ဖွားဖြစ်သည်။ မင်းလှမြို့ဇာတိဖြစ်သည်။ အဖ ဦးလှဘူး၏သမီး ဖြစ်သည်။ ဒေါ်လှလှမိုးသည် ၁၉၆၁ ခုနှစ် တွင် ဆယ်တန်းအောင်မြင်ခဲ့၍ ၁၉၆၆ ခုနှစ်တွင် ဝိဇ္ဇာ (ပထဝီဝင်) ဘွဲ့ရရှိခဲ့သည်။ ထိုနှစ်မှာပင် မင်းလှမြို့အစိုးရအထက်တန်းကျောင်း၌ အလယ်တန်းပြဆရာ၊ ၁၉၆၈ ခုနှစ်တွင် အထက်တန်းပြ ဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ဘီအီးဒီဘွဲ့ရရှိသည်။ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် အငြိမ်းစားယူရန်လျှောက်ထားခဲ့ပြီး၊ ၁၉၈၉ ခုနှစ်တွင်ပင်စင်ရသည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ မြို့နယ်လမ်းစဉ်လူငယ်စည်းရုံးရေးကော်မတီအဖွဲ့ဝင်၊ မင်းလှမြို့နယ်၊ ၁၉၈၀ ပြည့်နှစ်တွင် မိမိဆန္ဒအရ နုတ်ထွက်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့ လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင် ဖြစ်သည်။

## ၃၁။ မိုးညှင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးလှအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးလှအောင်သည် မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၂၁၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၈ . ၇၆) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၄ ခုနှစ်ဖွားဖြစ်သည်။ အဖ ဦးဘိုးစိန်၏သားဖြစ်သည်။ ဦးလှအောင်သည် ငယ်စဉ်က (၁၀) တန်းပညာကို ပဲခူးတိုင်း ထုံးဘိုတွင်သင်ကြားခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် ဒို့ဗမာအစည်းအရုံးတွင် ဗမာ့လက်ရုံးတပ်သားအဖြစ် ပါဝင်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေ–ဗိုလ်မှူးရန်နိုင်၊ ဗိုလ်သုရ တပ်ရင်း၊ ကနောင်တပ်ခွဲရုံးအုပ်၊ ၁၉၄၃–၄၄ ခုနှစ် ရေကင်းမြို့တွင် မူလတန်းကျောင်းဆရာအဖြစ်တာဝန်ယူစဉ် ၁၉၄၅ ခုနှစ်ဖက်ဆစ်တော်လှန်ရေးတာဝန်ပါတွဲဘက်ယူခဲ့ပြီး ၁၉၄၆–၄၇ ခုနှစ်တွင် (ပီဗီအို) ပြည်သူ့စစ်ခေါင်းဆောင်များဖွဲ့စည်းစဉ် စစ်ခေါင်းဆောင်၊ အထွေထွေဌာနမှူး၊ ၁၉၄၇–၄၈ ခုနှစ်တွင် ဗမာ့အရန်တပ်မတော်၊ သာယာဝတီ၌ ရုံးအုပ်၊ အလုံဆိပ်ကမ်းများတွင် တာဝန်ယူခဲ့သည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၆ ခုနှစ်တွင် မိုးညှင်း၌ ဖ–ဆ–ပ–လ သ/မ တာဝန်၊ ထိုမှ ဖ–ဆ–ပ–လ ပ–ထ–စ/ ဦး–ဗိုလ် အုပ်စုများတွင် ၁၉၆၂ ခုနှစ်၊ မတ်လ (၁) ရက်နေ့အထိ ဆောင်ရွက်ခဲ့သည်။

## ၃၂။ မိုးညှင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးထွန်းရွှေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးထွန်းရွှေသည် မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၂၂၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၅ . ၁၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၃ ခုနှစ်၊ မတ်လ (၁) ရက်နေ့ဖွား ဖြစ်သည်။ ဦးလှမောင်၏သားဖြစ်သည်။ ဦးထွန်းရွှေသည် သိပ္ပံ၊ ဥပဒေဝိဇ္ဇာဘွဲ့နှင့် ပညာရေးဝိဇ္ဇာဘွဲ့တို့ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ကျောင်းဆရာ၊ ရှေ့နေ၊ သမဝါယမ အတွင်းရေးမှူး၊ ၁၉၆၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုနိုင်ငံရေးသိပ္ပံ အမှတ်စဉ် (၃) ဆင်း၊ အချိန်ပြည့် ကေဒါပါတီရေးရာမှူး၊ ဗဟိုကော်မတီဝင်၊ ပါတီစည်းကမ်းထိန်းကော်မတီဝင်၊ လက်ထောက်ရှေ့နေချုပ်၊ ဗဟိုဥပဒေရုံး ညွှန်ကြားရေးမှူး၊ ဗဟိုမြေယာကော်မတီဝင်၊ အခြေခံဥပဒေကော်မရှင်အဖွဲ့ဝင်၊ ဂျပန်နိုင်ငံသွားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူး၊ ဗီယာနာမြို့တွင်ကျင်းပသည့် (Treaty of Treaties) ၏ ဥပဒေပညာရှင်၊ မိုးညှင်းလွှတ်တော်ကိုယ်စားလှယ်၊ တတိယအကြိမ်ပါတီညီလာခံ ရွေးချယ်တင်မြှောက်မှုနှင့်ပတ်သက်၍ မဲရွေးချယ်မှုပဋိပက္ခတွင်ထိန်းသိမ်းခြင်းခံခဲ့ရသည်။ မောင်ထွန်းရွှေ (ဗဟိုတရားရုံးရှေ့နေ) အမည်ဖြင့် ဥပဒေဆောင်းပါးများရေးသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါဝင်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့တွင် အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ စာအမှတ် – ၀၄၁/စည်း (စည်းရုံး)/၉၉ ဖြင့် ဦးထွန်းရွှေအား အဖွဲ့ချုပ်အား ကိုယ်စားမပြုတော့သည့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အဖွဲ့ချုပ်မှထုတ်ပယ်ခံခဲ့ရပြီးနောက် နအဖ သတင်းစာများတွင် **'မောင်ထွန်းရွှေ (တရားရုံးချုပ်ရှေ့နေ၊ မိုးညှင်း)'** ဟူသည့် ကလောင်အမည်ဖြင့် အဖွဲ့ချုပ်အား တိုက်ခိုက်သည့် ဆောင်းပါးများရေးသားခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ကွယ်လွန်သည်။

ဦးထွန်းရွှေ
အသက် (၇၀)
(B.Sc., B.L., B.Ed.)
(မောင်ထွန်းရွှေ၊ တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက်၊ အင်းစိန်တန်းလမ်း၊ အမှတ် (၇၅) နေ (ဒေါ်ခင်သန်း) ၏ ခင်ပွန်း၊ ဦးမျိုးလွင်–ဒေါ်ခင်မေဦး၊ ဦးဒါန–ဒေါ်ခင်ရွှေဦး၊ ဦးကိုကိုနိုင်–ဒေါ်ခင်ထားဦး၊ ဦးထွန်းမော်–ဒေါ်စန်းစန်းမော်၊ (ဦးထွန်းဇော်)–ဒေါ်မိမိငယ်၊ ဦးလှစိန်–ဒေါ်ခင်စောဦး၊ ဦးထွန်းလင်းမောင်တို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် (၄–၂–၂၀၀၂) ရက်တွင် ကွယ်လွန်သွားပါ၍ (၆–၂–၂၀၀၂) (ဗုဒ္ဓဟူး) နေ့ ညနေ (၃) နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ၃၃။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။
## ဒေါက်တာကျော်ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာကျော်ကျော်သည် ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၈၇၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၇ . ၉၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မန္တလေးမြို့ဇာတိဖြစ်သည်။ အဖ ဦးကိုကို၊ အမိ ဒေါ်သန်းသန်းတို့မှ ၁၉၅၁ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာကျော်ကျော်သည် ၁၉၇၈ ခုနှစ်တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ယင်းနောက် ပြင်ပဆေးခန်းတွင် ဆေးကုသမှု လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ်(၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့နယ် သပိတ်စခန်းတာဝန်ခံတဦးအဖြစ် အကြမ်းဖက်မှုများမပေါ်ပေါက်အောင် ထိန်းသိမ်းခဲ့သည်။ ရေတာရှည်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။

## ၃၄။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
## ဦးထွန်းအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးထွန်းအောင်သည် ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၅၇၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၀ . ၅၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ လောမကျဉ်းတောရွာဇာတိဖြစ်သည်။ အဖ ဦးဘိုးကောင်း၊ အမိ ဒေါ်ဥလေးတို့မှ ၁၉၅၀ ပြည့်နှစ်၊ ဧပြီလ (၂၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးထွန်းအောင်သည် စက်မှုသိပ္ပံ၊ အင်းစိန်မှ ၁၉၇၄ ခုနှစ်တွင် စက်မှုသိပ္ပံ ဒီပလိုမာရရှိခဲ့သည်။ အင်းစိန်စက်မှုသိပ္ပံ မြို့ပြစာကြည့်တိုက်ကို ဦးဆောင်ဖွဲ့စည်းခဲ့သည်။ ၁၉၇၈–၇၉ ခုနှစ်တွင် သာဂရမြို့၊ စေတနာညကျောင်း၌ စေတနာဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တက်ကြွစွာပါဝင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့က မန္တလေး အနောက်တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေး လျှို့ဝှက်အစည်းအဝေးသို့တက်ရောက်ခဲ့သည့်အပြင် အမာခံ (၆) ဦးတွင် ပါဝင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ က မန္တလေး–မေမြို့ကားလမ်းဘေး ဆန်စက်ဝင်းထဲတွင်ပြုလုပ်သော တောတွင်းနယ်စပ်တနေရာတွင် လွှတ်တော်ကိုယ်စားလှယ် (၂၀) သို့မဟုတ် (၂၅) ဦး သွားရောက်ကာ ယာယီအစိုးရဖွဲ့စည်း

ရေးအစည်းအဝေးနှင့် ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့ လျှို့ဝှက်အစည်းဝေးတို့ကို တက်ရောက်ခဲ့၍ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဦးထွန်းအောင်သည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂ (၁) အရ ပြစ်ဒဏ်စီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (ည)နှင့် ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၉၂) ဖြင့် ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့်ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် အင်းစိန်အကျဉ်း ထောင်မှပြန်လွတ်သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ( ၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၃၅။ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်။

### ဦးစိုးလွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုးလွင်သည် ရွှေကျင်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၈၄၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄ . ၆၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ရွှေကျင်မြို့ ဇာတိဖြစ်သည်။ အဖ ဦးတုတ်၊ အမိ ဒေါ်အမာတို့မှ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစိုးလွင်သည် ၁၉၇၆ ခုနှစ်တွင် ရွှေကျင်မြို့အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၈၁–၈၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စာပေးစာယူသင်တန်းမှ ဥပဒေဘွဲ့ရရှိခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့ တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၃၂)**
**(၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၄ ရက်)**
**(၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)**

**အကြောင်းအရာ ။** ။ **ဦးစိုးလွင်အား ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးစိုးလွင်က မိမိသည် ကျန်းမာရေးမကောင်းပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျှောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးစိုးလွင်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ

၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးစိုးလွင်အား ယနေ့မှစ၍ ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

## ၃၆။ ရွှေတောင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။

### ဦးသန်းကြွယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသန်းကြွယ်သည် ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၂၈၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၈ . ၇၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရွှေတောင်မြို့နယ်၊ ကျီးသဲဇာတိဖြစ်သည်။ အဖ ဦးထွန်းစိန်၊ အမိ ဒေါ်မြတင်တို့မှ ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးသန်းကြွယ်သည် ၁၉၆၈ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၇ ခုနှစ် အထိ ကုန်သွယ်ဝန်ထမ်း၊ စာရင်းကိုင်၊ ၁၉၈၇ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ထို့နောက် ကုန်သည်လုပ်ငန်းဖြင့် အသက်မွေးသည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလများအတွင်း မန္တလေးမြို့၌ပြုလုပ်သည့် စင်ပြိုင် တောတွင်းယာယီအစိုးရဖွဲ့စည်းရေး အစည်းအဝေးများသို့ တက်ရောက်ခဲ့မှုကြောင့် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့တွင် ဗဟန်းမြို့နယ်တရားရုံး၌ တရားစွဲဆိုခံရပြီး တရားခံပြေးအဖြစ်ကြေညာခြင်းခံခဲ့ရသည်။ ဦးသန်းကြွယ်သည် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် လွတ်မြောက်နယ်မြေ မာနယ်ပလော၌ဖွဲ့စည်းခဲ့သည့် အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့တွင် ကုန်သွယ်ရေးနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ မြန်မာနိုင်ငံ ဒီမိုကရက်တစ်တပ်ပေါင်းစု (Democratic Front of Burma) တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ကြေညာချက် အမှတ် (၉၀၃) ဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့စွဲပါ စာအမှတ် – ၇၄၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ယူထားသည့် တာဝန်များမှ လည်းကောင်း၊ အဖွဲ့ဝင်အဖြစ်မှလည်းကောင်း ရပ်ဆိုင်းခြင်းခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၂)ရက်နေ့စွဲပါ စာအမှတ် – ၇၅၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုထားခြင်းကို ဖျက်သိမ်းခြင်းခံခဲ့ရသည်။ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မြန်မာစစ်သံရုံး၊ စစ်သံမှူးဗိုလ်မှူးကြီးဗဟိန်းထံ ဦးမြင့်အောင် (မကွေးတိုင်း၊ ကံမမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) နှင့်အတူ ဆက်သွယ်သတင်းပို့၍ အဖမ်းခံခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ယူခဲ့ရာ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့မှ နုတ်ထွက်ကြောင်း ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့ ရန်ကုန်မြို့တွင်ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲ၌ ကြေညာခဲ့သည်။

**၃၇။ ရွှေတောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးပိုက်ခြို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးပိုက်ခြိုသည် ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၆၃၅)မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၅ . ၂၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပခုက္ကူ မြစ်ခြေထနောင်းကုန်းကျေးရွာတွင် အဖ ဦးရှင်၊ အမိ ဒေါ်သိန်းရှင်တို့မှ ၁၉၄၅ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးပိုက်ခြိုသည် ငယ်စဉ်က ထနောင်းကုန်းရွာ ကံဦးကျောင်းဆရာတော်ထံတွင် ပညာစတင်သင်ကြားခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် ရန်ကန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲအောင်မြင်၍ ဥပဒေအကျိုးဆောင်ဖြစ်လာခဲ့သည်။ စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ၊ ရှေ့နေ စသည်ဖြင့် ဘဝစုံသည်။ ၁၉၇၅ ခုနှစ်တွင် ဒေါ်ခင်စန်းလွင်နှင့် လက်ထပ်ခဲ့သည်။ ပဲခူးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။

**၃၈။ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးအောင်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအောင်မြင့်သည် လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၂,၅၄၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၃ . ၅၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ လက်ပန်တန်းမြို့နယ်၊ ခမုံဆိပ်ရွာမဇာတိဖြစ်သည်။ အဖ ဦးခင်မောင်၊ အမိ ဒေါ်ထွေးတင်တို့မှ ၁၉၄၄ ခုနှစ်၊ ဇွန် လ (၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအောင်မြင့်သည် လက်ပံတန်းမြို့ အစိုးရအထက်တန်းကျောင်းမှ တန်းမြင့်ကျောင်းထွက်စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၆၀–၆၁ ခုနှစ်တွင် ကျောင်းသားသမဂ္ဂဆော်ဩရေးမှူး၊ ၁၉၆၁ ခုနှစ်တွင် တပ်မတော်သို့ဝင်ရောက်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်ဖြစ်ခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ နိုင်ငံရေးအရဖမ်းဆီး ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၇၃–၇၄ ခုနှစ်တွင် စာရေးဝန်ထမ်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ဓာတ်အပ်စိုက်ကုနှင့် ဟိုမိုပက်သစ်သမားတော်၊ လူမှုရေးအဖွဲ့များတွင် ဦးဆောင်ပါဝင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့နယ်ဒီမိုကရေစီတပ်ပေါင်းစု ပြည်သူ့ရေးရာတာဝန်ခံ၊ မြို့နယ်ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ လက်ပံတန်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး၊ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့ တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

**၃၉။ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးညွန့်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးညွန့်အေးသည် လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၈၂၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၈ . ၂၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ လက်ပန်တန်းမြို့နယ်၊ ကွမ်းခြံရွာဇာတိဖြစ်သည်။ အဖ ဦးဘိုးရွှေ၊ အမိ ဒေါ်ခင်ပုတို့မှ ၁၉၃၆ ခုနှစ်၊ ဧပြီလ (၁၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးညွန့်အေးသည် ရန်ကုန်တက္ကသိုလ်မှ ဥပစာသိပ္ပံ

အောင်မြင်ခဲ့သည်။ ၁၉၅၈–၅၉ ခုနှစ်တွင် အထက်တန်းပြ ကြို့ပင်ကောက်အစိုးရအထက်တန်းကျောင်း၊ ၁၉၆၁ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ အလုပ်သမားညီညွတ်ရေးပါတီနှင့် ပ–မ–ည–တ သဘာပတိအဖွဲ့ဝင်၊ ၁၉၆၃ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၇၁ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ဆိုဗီယက်ရုပ်ရှင်ကိုယ်စားလှယ်ရုံး အတွင်းရေးမှူး၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ရှေ့နေ၊ ၁၉၈၆ ခုနှစ်မှ ၁၉၈၉ ခုနှစ် အထိ ကြံတောင်သူ၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့နယ်ဒီမိုကရေစီတပ်ပေါင်းစု ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ် ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၄၀။ ဝေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးတင်ရွှေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်ရွှေသည် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၀,၆၁၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ . ၄၈) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးအုန်း၏သားဖြစ်သည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ပဲခွယ်ကုန်း၊ ကျောက်တံခါးမြို့နယ်တွင် မွေးဖွားခဲ့သည်။ သိပ္ပံ (ဓာတုဗေဒ) အဓိကဖြင့် ဘွဲ့ရရှိခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းတည်ထောင်သည့်အခါ ဝေါမြို့နယ်စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် ပါတီမှ နုတ်ထွက်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၄၁။ ဝေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးစိုးသိမ်း (မောင်ဝံသ)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုးသိမ်းသည် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၉၉၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၆ . ၂၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပဲခူးမြို့ဇာတိဖြစ်သည်။ ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ မြစ်ကျိုးကျေးရွာ၊ လယ်ယာနှင့် ဆန်စက်လုပ်ငန်းပိုင်ရှင် အဖ ဦးမောင်ခင်၊ အမိ ဒေါ်မြစိန်တို့မှ ၁၉၄၅ ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်း (၈) ယောက်အနက် အငယ်ဆုံးဖြစ်သည်။ ဦးစိုးသိမ်းသည် မြစ်ကျိုးကျေးရွာ အစိုးရမူလတန်းကျောင်းမှ မူလတန်းအောင်မြင်ခဲ့ပြီး၊ ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်းသို့ ဆက်လက်တက်ရောက်၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ကာ ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခဲ့ပြီး၊ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ် (၄) ဦး ကော်မတီဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဦးစိုးသိမ်းသည် ၁၉၆၂ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ အထောက်တော်သတင်းစာ တက္ကသိုလ်သတင်းထောက်၊ ၁၉၆၄ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းထောက်၊ လက်ထောက်အယ်ဒီတာ၊ ၁၉၆၇–၆၈ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းစာအတတ်

သင်ကျောင်း၌ ပထမပတ်သတင်းစာပညာသင်တန်း တက်ရောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် မြန်မာ့အလင်း သတင်းစာ အယ်ဒီတာအဖြစ်လုပ်ကိုင်ခဲ့ပြီး၊ ၁၉၇၆ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ သတင်းစာပညာလေ့လာရေးခရီး သွားရောက်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု **'မစ်ရှီဂန်'** တက္ကသိုလ်၌ အသက်မွေးဝမ်း ကျောင်း သတင်းစာပညာ **'ဖဲလိုးရှစ်'**သင်တန်းသို့ တက်ရောက်အောင်မြင်ခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မန္တလေးဟံသာဝတီ သတင်းစာအယ်ဒီတာအဖြစ်လည်းကောင်း၊ ဗိုလ်တထောင်သတင်းစာ အယ်ဒီတာအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ရန်ကုန်တိုင်း၊ ဒေသကောလိပ် အမှတ် (၁) ၌ လူထုဆက်သွယ်ရေးဘာသာရပ်ကို အချိန်ပိုင်းသင်ကြားပို့ချခဲ့သည်။ ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားနေစဉ် ကျောင်းသားညီညွတ်ရေးတပ်ဦးနှင့် ကျောင်းသားအဖွဲ့အစည်းများ၌ ပါဝင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် သတင်းစာတိုက်ပေါင်းစုံကော်မတီဝင်အဖြစ် ပါဝင်လှုပ်ရှားခဲ့သဖြင့် ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလဆန်းမှစ၍ ဗိုလ်တထောင်သတင်းစာ အယ်ဒီတာအဖြစ်မှ တာဝန်ရပ်စဲခြင်းခံခဲ့ရသည်။ ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စတင်ထူထောင်သောအခါ တတ်သိပညာရှင်များအဖွဲ့တွင်ပါဝင်ခဲ့ကာ ပဲခူးတိုင်း စည်းရုံးရေးကော်မတီဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရပြီး၊ ပဲခူးတိုင်း (၂၈) မြို့နယ်အတွင်း စည်းရုံးရေးလုပ်ငန်းများကို လုပ်ရှားဆောင်ရွက်ခဲ့သည်။ ၎င်းနောက် ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် ပူးတွဲတာဝန်ယူခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့ အထိန်းသိမ်းမခံရမီ တိုးချဲ့ဖွဲ့စည်းခဲ့သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင် အဖြစ်တိုးမြှင့် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့ နံနက်ပိုင်းမှစ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး တည်ရှိရာ တက္ကသိုလ်ရိပ်သာလမ်းတွင် တာဝန်ထမ်းဆောင်နေစဉ် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၆၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်တွင်ပညာသင်ကြားနေစဉ် ဇူလိုင် (၇) ရက်အရေးအခင်းတွင် ကျောင်းသားညီညွတ်ရေးတပ်ဦး အတွင်းရေးမှူးအဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားခဲ့မှုကြောင့် ကျောင်းထုတ်ခြင်းခံခဲ့ရသည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း သတင်းစာဆရာအဖြစ်လုပ်ကိုင်ခဲ့ပြီး၊ **'မောင်ဝံသ'**အမည်ဖြင့် စာအုပ်စာတမ်း အများအပြားရေးသားခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ကဗျာနှင့်ဝတ္ထုတိုများ စတင်ရေးသားခဲ့ပြီး၊ 'မောင်ဝံသ' ကလောင်အမည်ကို ၁၉၆၁ ခုနှစ်တွင် စတင်အသုံးပြုခဲ့ သည်။ ၁၉၆၅ ခုနှစ်မှစ၍ ပညာရေးနှင့် လူငယ်ဆိုင်ရာဆောင်းပါးများ အများဆုံးရေးသားခဲ့သည်။ ၁၉၇၅၊ ၁၉၇၆၊ ၁၉၇၇ ခုနှစ်များတွင် အရှေ့တောင်နှင့် အရှေ့မြောက်နယ်ခြားများသို့ ခရီးထွက်ခဲ့ပြီး၊ နယ်ခြားရေးရာများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ရှားမှုများအကြောင်း၊ သတင်းစာများတွင် အခန်းဆက်ဆောင်းပါးများ ရေးသားခဲ့ပြီး စုစုပေါင်းဆောင်းပါးပုဒ်ရေ (၄၀၀)ကျော်ရေးသားခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် **"ကစ်ဆင်းဂျား"** နိုင်ငံရေးအတ္ထုပ္ပတ္တိ စာအုပ်ဖြင့် လုံးချင်းလောက သို့ဝင်ရောက်ခဲ့ပြီး၊ **"မိုရှေဒါယန်"**၊ **"အာယန်ဒေး"**၊ **"အီဂျစ်သမ္မတဆဒတ်"**၊ **"နစ်ဆင်"**၊ **"မာရှယ်တီးတိုး"**၊ **"ခရုရှက်"**၊ **"မောင့်ဘက်တန်"**စသော နိုင်ငံရေးအတ္ထုပ္ပတ္တိစာအုပ်များရေးသားခဲ့သည်။ **"ရှေ့နေကြီး ပယ်ရီမေဆင်"**အုပ်တွဲ စာစဉ်ဝတ္ထုများကို ဘာသာပြန်ခဲ့သည်။ **"ခေတ်ပြိုင်ကမ္ဘာ့ရေးရာ အဘိဓာန် စာအုပ် (၁၉၈၂)"** ကိုပြုစုခဲ့သည်။ ရောဘတ်ပင်းဝါးရင်း၏ (All The King's Men) ကို **"မိုးမမြင် လေမမြင်"** အမည်ဖြင့်လည်းကောင်း၊ ကစ်ဆင်းဂျား၏ အတွေ့အကြုံမှတ်တမ်းများကို **"အိမ်ဖြူတော်နှစ်များ"** နှင့် **"ကသောင်း ကနင်း နှစ်များ"**အမည်များဖြင့်လည်းကောင်း မြန်မာဘာသာပြန်ခဲ့သည်။ ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလမှစ၍ **"အတွေးအမြင်"** စာစဉ်ကိုလည်းကောင်း၊ ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ **"လူချွန်လူမှန်"**စာစဉ်ကိုလည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် **"သတင်းထူး"**၊ **"ဘက်စုံ"** ဂျာနယ်များကိုလည်းကောင်း စီစဉ်ထုတ်ဝေခဲ့သည်။ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် တာဝန်ယူနေစဉ် ဂန္ဒီဆုံးဖြတ်ချက်အတိုင်း နဝတက လွှတ်တော်ခေါ်မပေးလျှင်ဆောင်ရွက်ဖို့လိုသည့် နည်းလမ်းသုံးသွယ်စာတမ်းပြုစုရာ၌ အတွင်းကျကျပါဝင်ခဲ့မှု

ကြောင့်ဟုဆိုကာ နဝတက ၎င်းအား ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (က) (ခ) (ည) ဖြင့် တရားစွဲကာ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလအတွင်းတွင် ထောင်ဒဏ်ချမှတ်ခဲ့သည်။ နည်းလမ်းသုံးသွယ်စာတမ်း ကိစ္စ၌ ၎င်းအပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးချမ်းအေး (မောင်စူးစမ်း)၊ ဦးခင်မောင် ဆွေ၊ ဦးကျော်မင်း (ဗိသုကာကျော်မင်း)၊ ဦးစိန်လှဦး (မောင်နွယ်ဦး) တို့ကိုပါ နဝတက ဖမ်းဆီးထောင်ချခဲ့သည်။ ထို့အပြင် ဗိုလ်မှူးကြီးဟောင်းမျိုးအောင် (ထားဝယ်-၂)၊ ဗိုလ်ကြီးဟောင်းတင်ဝင်းနှင့် ဗဟိုလူငယ်အဖွဲ့မှ ကိုမိုးဇော်ဦး၊ ကိုရန်အောင်၊ ကိုဝင်းလှိုင်၊ ကိုကိုကြီးတို့ကိုလည်း တပါတည်းဖမ်းဆီးထောင်ချခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကြေညာချက် အမှတ် (၉၈၄) ဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဧပြီလ (၂၉) ရက် နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။ ၁၉၉၆ ခုနှစ်၊ မေလတွင် အကြမ်းမဖက် နိုင်ငံရေးလှုပ်ရှားမှု ဆောင်းပါးများ ရေးသားခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ထောင်ဒဏ် (၅) နှစ် ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၀၁ ခုနှစ်၊ ဇွန်လ (၁၃) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှပြန်လွတ်သည်။

## ၄၂။ သနပ်ပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးအေးသိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအေးသိန်းသည် သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၈၄၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၃ . ၁၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ သနပ်ပင်မြို့၊ အောက်စုရပ်ကွက်ဇာတိဖြစ်သည်။ အဖ ဦးသန်းရွှေ၊ အမိ ဒေါ်မြကြည်တို့မှ ၁၉၅၉ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအေးသိန်းသည် ၁၉၇၅ ခုနှစ်တွင် သနပ်ပင်အစိုးရအထက်တန်းကျောင်းမှ (၁၀) တန်းအောင်မြင်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် စာပေးစာယူဖြင့် ဥပဒေဘွဲ့ရရှိခဲ့သည်။ တရားရုံးချုပ်ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်၍ အသက်မွေးသည်။

## ၄၃။ သနပ်ပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါက်တာဌေးသိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာဌေးသိန်းသည် သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၃၉၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁ . ၄၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပဲခူးမြို့ဇာတိဖြစ်သည်။ အဖ ဦးချစ်မောင်၊ အမိ ဒေါ်ကျင်နုတို့မှ ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် မွေးဖွားသည်။ ဦးဌေးသိန်းသည် ရန်ကုန်ဆေးတက္ကသိုလ် (၂) မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ မြောက်ဥက္ကလာပဆေးရုံတွင် အလုပ်သင်ဆရာဝန်အဖြစ် အမှုထမ်းခဲ့ပြီးနောက် ကိုယ်ပိုင်ဆေးခန်းဖွင့်ထားသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် သနပ်ပင်မြို့နယ်ကျောင်းသားသမဂ္ဂ နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲပြီးနောက် အမေရိကန်ပြည်ထောင်စုတွင်သွားရောက်နေထိုင်ခဲ့သည်။

## ၄၄။ သဲကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးအေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအေးသည် သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၁၇၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၀ . ၅၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း

ခံခဲ့ရသည်။ သဲကုန်းမြို့နယ်၊ အင်းမဇာတိဖြစ်သည်။ ဦးဖ ဦးတင်၊ အမိ ဒေါ်အုန်းတင်တို့မှ ၁၉၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအေးသည် ၁၉၃၉ ခုနှစ်တွင် မြန်မာ (၉) တန်း အောင်မြင်ခဲ့သည်။ ၁၉၄၂–၄၃ ခုနှစ်တွင် ရဲကြပ်ကြီး၊ ၁၉၄၃–၄၄ ခုနှစ်တွင် ရဲအုပ်၊ ၁၉၄၅ ခုနှစ်၊ တော်လှန်ရေးအတွက် ရဲအထူးထောက်လှမ်းရေးတာဝန်၊ ဗိုလ်မှူးကြီးဗထူး၏အုပ်ချုပ်မှုအောက်တွင် ဂျပန်ကင်ပေလှုပ်ရှားမှုကိုသတင်းပို့ရသူ၊ ၁၉၄၆–၄၇ ခုနှစ်တွင် မြို့နယ် ဖ–ဆ–ပ–လ ဆိုရှယ်လစ် ပြည်သူ့ရဲဘော် ခေါင်းဆောင်၊ ၁၉၄၈ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ သမဝါယမမြို့အုပ်၊ ဒီအက်စ်အိုင် ဗက မွေးမြူရေးမန်နေဂျာ၊ ၁၉၆၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ကိုယ်ပိုင်စီးပွားရေးလုပ်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၃၉၂)**
**(၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်)**
**(၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)**

**အကြောင်းအရာ။ ။ ဦးအေးအား ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပဲခူးတိုင်း၊ သဲကုန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးအေးက မိမိသည် ကျန်းမာရေးယိုယွင်းလာသည်နှင့်အမျှ လူမှုရေး၊ နိုင်ငံရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်းမရှိတော့သဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးအေး၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးအေးအား ယနေ့မှစ၍ သဲကုန်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၄၅။ သဲကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးသိန်းထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးသိန်းထွန်းသည် သဲကုန်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၄၁၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၇ . ၈၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ

သည်။ သဲကုန်းမြို့ဇာတိဖြစ်သည်။ အဖ ဦးတူ၊ အမိ ဒေါ်စိန်မြတို့မှ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးသိန်းထွန်းသည် ၁၉၆၆ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၆၈ ခုနှစ် သဲကုန်းဆရာအတတ်သင်ကျောင်း စာရေးဝန်ထမ်း အဆင့် (၁)၊ ၁၉၈၄ ခုနှစ်၊ ဇွန်လတွင် နာမကျန်းပင်စင်ယူပြီး၊ ကိုယ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်ခဲ့သည်။ ၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ သွေးသောက်မဂ္ဂဇင်း၌ ဝတ္ထုတိုတပုဒ်ရေးသားကာ စာပေလောကသို့ စတင်ဝင် ရောက်ခဲ့သည်။ မိုးဝေ၊ ရှုမဝ၊ ဖြူနီ ညိုပြာ၊ စာပေလုပ်သား မဂ္ဂဇင်းများတွင် သကာထွဏ်း၊ ထွဏ်းလူအောင်ကလောင်အမည်ဖြင့် စာပေများရေးသားခဲ့သည်။ ဦးသိန်းထွန်းသည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့က မန္တလေးအနောက်တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်ပြုလုပ်သည့် ယာယီအစိုးရဖွဲ့စည်းရေး လျှို့ဝှက်အစည်းဝေးသို့ တက်ရောက်ခဲ့သဖြင့် နဝတ၏ ဖမ်းဆီးထိန်းသိမ်းမှုကိုခံခဲ့ရပြီး၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂ (၁) ဖြင့်တရားစွဲကာ ၁၉၉၁ ခုနှစ်၊ မေလတွင် ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၉၆) ဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခဲ့သည်။ နောင်တွင်ပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်းပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွှတ်သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၄၆။ သာယာဝတီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

**ဗေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီးစံဝင်း (ငြိမ်း)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးစံဝင်းသည် သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၃၀၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၄ . ၉၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဇီးကုန်းမြို့ဇာတိဖြစ်သည်။ အဖ ဦးဘကြည်၊ အမိ ဒေါ်သန်းမေတို့မှ ၁၉၂၄ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစံဝင်းသည် ဝိဇ္ဇာ(စီးပွားရေး)ဘွဲ့နှင့် အထက်တန်းရှေ့နေစာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ကျောင်းသားသမဂ္ဂခေါင်းဆောင်၊ သံမဏိတပ်သား၊ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ဒုဗိုလ်၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဗိုလ်သင်တန်းအပတ်စဉ် (၃) ဆင်း၊ ဖက်ဆစ်တော်လှန်ရေး တိုင်း (၇)၊ မျိုးချစ်ဗမာ့တပ်မတော် (ပီဗီအက်ဖ်) တပ်ရင်း(၂)၊ ၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ သနက (၄) တပ်သားမှ ဒုအရာခံဗိုလ်၊ တပ်မတော်တွင် ဒုဗိုလ်မှ ဒုဗိုလ်မှူးကြီး၊ ခလရ (၉) တပ်ရင်းမှူးအထိ၊ အတွင်းဝန်၊ ဒုတိယဝန်ကြီးမှ ဝန်ကြီး (ကုန်သွယ်ရေး) အထိ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင်၊ တောင်သူလယ်သမားကောင်စီ ဗဟိုအလုပ်အမှုဆောင်၊ ၁၉၇၆ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် လမ်းစဉ်ပါတီမှရပ်စဲခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးကာလမှစ၍ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ တွဲဘက်အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဇေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီးစံဝင်း (ငြိမ်း)**
**ဘီစီ–၅၂၆၂**
**B.A.(Eco.), H.G.P.**
**ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး (ငြိမ်း)**
**လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်**
**ဂျပန်ခေတ် တတိယပတ်ဗိုလ်သင်တန်းကျောင်းဆင်း(မင်္ဂလာဒုံ)**
**ပေါင်းတည်/ဇီးကုန်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂) ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ် (၆၄၉/စီ)နေ (သစ်တောဝန်ထောက် ဦးဘကြည်–ဒေါ်သန်းမေ) တို့၏သား၊ ဒေါ်မြမြသန်း၏ ခင်ပွန်း၊ (ဗိုလ်ကြီးသန်းထွဋ်) –ဒေါ်မြသန်းဝင်း (စက်မှု–၁၊ ငြိမ်း)၊ (လက်ထောက်ထွေ/ဂျ၁၊ စတားတက်အထည်ချုပ်စက်ရုံ)၊ ဒေါက်တာခင်မဥ္ဇူဝင်း၊ ဦးဌေးလွင်ဝင်း (လ/ထတိုင်းဥပဒေ အရာရှိ၊ ပဲခူးတိုင်း)–ဒေါ်မမလေး (ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ဒေါက်တာစိုးလွင်ဝင်းတို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် (၂၂–၁၀–၂၀၀၃) ရက် ညနေ (၄ း ၃၀) နာရီတွင် နေအိမ်၌ကွယ်လွန်ပါ၍ (၂၄–၁၀–၂၀၀၃) (သောကြာနေ့) ညနေ (၃) နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**၄၇။ သာယာဝတီမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးမောင်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးမောင်အေးသည်သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၇၄၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၀ . ၂၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပေါင်းတည်မြို့ဇာတိဖြစ်သည်။ ၁၉၂၉ ခုနှစ်၊ မေလ (၂၅) ရက်နေ့ဖွား ဖြစ်သည်။ ဦးဘိုးဆယ်၏ သားဖြစ်သည်။ ဦးမောင်အေးသည် (၁၀) တန်းအောင်မြင်ပြီး တပ်မတော် (ရေ) တွင် တပ်သားမှ ဗိုလ်မှူးအဆင့်အထိ၊ စခန်းမှူး စစ်ရေယာဉ်မှူး၊ ၁၉၆၃ ခုနှစ်တွင် အထူးအရာရှိ ပုလဲမွေးမြူရေးလုပ်ငန်း၊ ၁၉၇၂ ခုနှစ်တွင် (တပ်မတော်မှအငြိမ်းစားယူ၍) ဒုတိယအထွေထွေမန်နေဂျာ ပုလဲနှင့်ငါး၊ ၁၉၇၆ ခုနှစ်တွင် မြိတ်မြို့နယ်တရားရုံး၌ ရုံးတင်စစ်ဆေးခြင်းခံရ၍ (၅) နှစ်မျှ ဖြေရှင်းအမှုရင်ဆိုင်ရသည်။ ၁၉၈၁ ခုနှစ်တွင် အမှုပြီးဆုံးကာတရားသေလွတ်၍ မူလရာထူးပြန်ရသည်။ ၁၉၈၂ ခုနှစ်တွင် ဌာနတွင်းအဆင်မပြေမှုများရင်ဆိုင်ရ၍ အငြိမ်းစားယူခဲ့သည်။ တာဝန်အရ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည်။ သူရဲကောင်းမှတ်တမ်းဝင်ရှိသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါဝင်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုး တင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့ ရက်စွဲပါစာအမှတ် – ၀၀၆/စည်း ဖြင့် အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။

## ၄၈။ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးတင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်ဦးသည် အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၀,၁၆၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၁ . ၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အုတ်ဖိုမြို့နယ်၊ ကျီးပင်ဆိပ်ရွာဇာတိဖြစ်သည်။ အဖ ဦးသာမှန်း၊ အမိ ဒေါ်မယ်ကျင်တို့မှ ၁၉၃၉ ခုနှစ်၊ မေလ (၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးတင်ဦးသည် တက္ကသိုလ်ဝင်တန်းအထိပညာသင်ကြားခဲ့၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၁ ခုနှစ်အထိ မြို့နယ်တောင်သူ လယ်သမားအစည်းအရုံး တွဲဖက်အတွင်းရေးမှူး၊ ပါတီယူနစ်ကော်မတီဝင်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် ပါတီတွင်းဒီမိုကရေစီဆိတ်သုဉ်းနေသည်ဟု ပြောသည်ကို အကြောင်းပြု၍ ပါတီတာဝန်မှ ရုပ်သိမ်းခြင်းခံခဲ့ရသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တောင်သူလယ်သမားသမဂ္ဂ အတွင်းရေးမှူး၊ အုတ်ဖိုမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူးတာဝန်ယူခဲ့ သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင် ဖြစ်သည်။

## ၄၉။ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးသာမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသာမောင်သည် အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၄၄၃)မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၄ . ၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရောဝတီတိုင်း၊ ကျိန်တလာဘုရားကုန်းကျေးရွာဇာတိဖြစ်သည်။ အဖ ဦးဘိုးစိန်၊ အမိ ဒေါ်စိတ်ကောင်းတို့မှ ၁၉၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးသာမောင်သည် (၇) တန်းအောင်သည်အထိ ပညာသင်ကြားခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) သို့ဝင်ရောက်ခဲ့သည်။ ဂျပန်ခေတ် ဒုတိယပတ် ဗိုလ်သင်တန်းဆင်း၊ ထိုမှ ဒုဗိုလ်အဆင့်နှင့် တပ်ရင်း (၂) ဗိုလ်မှူးချစ်မြိုင်တပ်တွင် တော်လှန်ရေးအောင်မြင်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ပြည်သူ့ရဲဘော် ခရိုင်စည်းရုံးရေးမှူး၊ ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဖ–ဆ–ပ–လ၊ ဖ–တ–လ–စ၊ ပ–ထ–စ သန့်ရှင်းတို့တွင် မြို့နယ်ဥက္ကဋ္ဌ၊ ခရိုင်စည်းရုံးရေးမှူးနှင့် ဗဟိုကော်မတီဝင်အထိ အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့နယ်တောင်သူလယ်သမားသမဂ္ဂ နာယက၊ မြို့နယ်သမဂ္ဂပေါင်းစုံ ဥက္ကဋ္ဌ၊ အုတ်ဖိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

## ၅၀။ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးသိန်းဦး၊ အမျိုးသားဒီမိုကရေစီပါတီ။


ဦးသိန်းဦးသည် အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၃၅၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း(၆၃ . ၁၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရောဝတီတိုင်း၊ မြောင်းမြမြို့ဇာတိဖြစ်သည်။ ၁၉၄၉ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့ဖွား ဖြစ်သည်။

ဦးရဲဘလူး၏သားဖြစ်သည်။ ဦးသိန်းဦးသည် ၁၉၇၁ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဝိဇ္ဇာ (သင်္ချာစာရင်းအင်းပညာ) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် မြစ်ဖျားနှင့် မြကန်သာရုပ်ရှင်ဖြန့်ချိရေးတွင် ရုပ်ရှင်ရိုက်ကွင်းနှင့် ကားငှားမန်နေဂျာ၊ ဖလင်အယ်ဒီတာ၊ ၁၉၈၄ ခုနှစ်တွင် မဟာနန္ဒာပုံနှိပ်တိုက် မန်နေဂျာ၊ ၁၉၈၄–၈၅ ခုနှစ်တွင် မိုးဝေမဂ္ဂဇင်း အုပ်ချုပ်ရေးမှူးနှင့် အယ်ဒီတာအဖွဲ့ဝင်၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ဘွဲ့ရနှင့်ကျောင်းသားဟောင်းများသမဂ္ဂ (ရန်ကုန်တက္ကသိုလ်) နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဒီပဲယင်းသွေးချောင်းစီး လုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးအပြီး ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရ၍ ၂၀၀၃ ခုနှစ် ဇူလိုင်လ (၁၅) ရက်နေ့တွင် ပြန်လည်လွှန်မြောက်ခဲ့သည်။

## ၅၁။ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
## ဦးခင်မောင်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးခင်မောင်ဝင်းသည် အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၃၅၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၃ . ၁၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြင်းခြံမြို့ဇာတိဖြစ်သည်။ အဖ ဦးထွန်းရင်၊ အမိ ဒေါ်သန်းနွဲ့တို့မှ ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးခင်မောင်ဝင်းသည် ၁၉၆၂ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၆၆ ခုနှစ် တွင် ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဒုလုံခြုံရေးမှူးသင်တန်းအပတ်စဉ် (၃) တက်ရောက်အောင်မြင်ခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တောင်ငူခရိုင်တွင် ဒုရဲအုပ်အဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ရဲတပ်ဖွဲ့မှ နုတ်ထွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ အရေးအခင်းအပြီးတွင် အုတ်တွင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) နှင့် လောင်းကစားအက်ဥပဒေ ပုဒ်မ ၁၅ (က) ဖြင့် ထောင်ဒဏ် (၁၅) နှစ်ချမှတ်ခြင်းခံခဲ့ရပြီး ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့တွင် တောင်ငူထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သည်။ ထောင်မှပြန်လွတ်ပြီးနောက်တွင် အုတ်တွင်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဒုတိယဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ခုနှစ်၊ မတ်လတွင် ပြည်ပရောက်အဖွဲ့အစည်းများနှင့်ပတ်သက် ဆက်စပ်သည်ဟုဆိုကာ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။

## (၈) မကွေးတိုင်း။



မြန်မာနိုင်ငံ အလယ်ပိုင်းတွင် တည်ရှိသည်။ အရှေ့ဘက်တွင် မန္တလေးတိုင်း၊ မြောက်ဘက်တွင် စစ်ကိုင်းတိုင်း၊ အနောက်ဘက်တွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်၊ တောင်ဘက်တွင် ပဲခူးတိုင်းတို့တည်ရှိသည်။ မြောက်လတ္တီတွဒ် (၁၈) ဒီဂရီ (၅၀) မိနစ်နှင့်(၂၂) ဒီဂရီ (၄၇) မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် (၉၃) ဒီဂရီ (၄၇) မိနစ်နှင့် (၉၅) ဒီဂရီ (၅၅) မိနစ်အတွင်း တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၁၇,၃၀၅) ကျယ်ဝန်းသည်။ တိုင်းမြို့တော်မှာ မကွေးမြို့ဖြစ်သည်။

မကွေးတိုင်းတွင် မြို့နယ် (၂၅) မြို့နယ်ရှိ မဲဆန္ဒနယ် (၃၉) နယ်၌ နိုင်ငံရေးပါတီအဖွဲ့ အစည်း (၁၆) ခု အားကိုယ်စားပြုယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း (၁၆၂) ဦး၊ တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း (၈) ဦး၊ စုစုပေါင်း (၁၇၀) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၃၉) နေရာစလုံး ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည်။

### ၁။ ကံမမြို့နယ်မဲဆန္ဒနယ်။

### ဦးမြင့်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမြင့်အောင်သည် ကံမမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၂,၇၁၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၈ . ၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကံမမြို့နယ်၊ ဇွေ့မိရွာဇာတိဖြစ်သည်။ အဖ ဦးသာဉာဏ်၊ အမိ ဒေါ်ဖွားခင်တို့မှ ၁၉၅၉ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် မွေးဖွားခဲ့ သည်။ ဦးမြင့်အောင်သည် သိပ္ပံ (ဓာတုဗေဒ) ဘွဲ့ကို ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ၁၉၈၅ ခုနှစ်တွင်တွင်ရရှိခဲ့သည်။ ဘွဲ့ရပြီး (၂) နှစ်မျှ ကျော်စွာဓာတ်မြေသြဇာစက်ရုံတွင် လုပ်ကိုင်ပြီးနောက် ကိုယ်ပိုင်ဆန်စက်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ကံမမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးမှူးတာဝန်ယူခဲ့

၍ ဖွေ့မိကျေးရွာ၊ ကံမမြို့တွင်နေသည်။ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့စွဲဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ဦးမြင့်အောင်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်းကြေညာခဲ့သည်။ ယင်းကြေညာချက်တွင် ဦးမြင့်အောင်က မိမိသည် နိုင်ငံတော်အားလက်နက်စွဲကိုင်တော်လှန်ပုန်ကန်သော သောင်းကျန်းသူအဖွဲ့အစည်းများနှင့် ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလမှစ၍ ပူးပေါင်းပြီး ယင်းတို့ထူထောင်သည့် စင်ပြိုင်အစိုးရအဖွဲ့တွင် လယ်ယာနှင့် သစ်တောဝန်ကြီးအဖြစ်ပါဝင်ခဲ့ကြောင်း၊ ယခုအခါ မိမိအမှားကို မိမိသိသဖြင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သော်လည်း မိမိသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို လေးစားလိုက်နာသောအားဖြင့် ကံမမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားအဖြစ် အရွေးခံရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် တောင်းခံလာ၍ နုတ်ထွက်ခွင့်ပြုလိုက် ကြောင်းဖော်ပြပါရှိသည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် လွတ်မြောက်နယ်မြေ မာနယ်ပလော၌ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဖွဲ့စည်းတည်ထောင်ပြီးနောက်ပိုင်း သွားရောက်ပူးပေါင်းခဲ့သည်။ ယင်းအစိုးရအဖွဲ့၌ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနဝန်ကြီးအဖြစ် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် တာဝန်ပေးခန့်အပ်ခြင်းခံခဲ့ရသည်။ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မြန်မာစစ်သံရုံး၊ စစ်သံမှူး ဗိုလ်မှူးကြီးဇဟိန်းထံ ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းကြွယ်နှင့်အတူ ဆက်သွယ်သတင်းပို့၍ အဖမ်းခံခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ယူခဲ့ရာ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ လေယာဉ်ဖြင့်ပြန်လည်ရောက်ရှိခဲ့သည်။

## ၂။ ချောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးမြင့်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမြင့်သိန်းသည် ချောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၉,၁၃၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၆ . ၁၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးရဲ၏သား၊ ပုဂံမြို့ဇာတိဖြစ်သည်။ ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့ဖွားဖြစ်သည်။ ဦးမြင့်သိန်းသည် ၁၉၄၈ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ချောက်မြို့ရေအိုးစဉ်အစိုးရ အလယ်တန်းကျောင်းမှ သတ္တမတန်းအောင်မြင်ခဲ့၍ ၁၉၅၉ ခုနှစ်တွင် ဘီအိုစီအစိုးရ အထက်တန်းကျောင်းမှ (၁၀) တန်းအောင်မြင်သည်။ ၁၉၇၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (သမိုင်း) ဘွဲ့ ရခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် မြန်မာ့ ရေနံကော်ပိုရေးရှင်းတွင်အမှုထမ်းခဲ့ပြီး၊ ၁၉၇၂ ခုနှစ် တွင်ချောက်ရေနံမြေ၌ တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာ့ရေနံကော်ပိုရေးရှင်း၊ ချောက်ရေနံမြေ၌ တာဝန်ထမ်းဆောင်နေစဉ် ၁၉၇၄ ခုနှစ်၊ အရေးအခင်းတွင် ပါဝင်ခဲ့မှုဖြင့် မဆလအစိုးရက အလုပ်မှထုတ်ပစ်ခဲ့သည်။ ချောက်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် စစ်ထောက်လှမ်းရေးမှ ချောက်မြို့ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ခေါ်ယူထိန်းသိမ်းခြင်းခံခဲ့ရပြီး ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့တွင် ပြန်လွတ်သည်။ ၂၀၀၃ ခုနှစ်၊ ဧပြီလ (၁၂) ရက်နေ့တွင် ၎င်း၏နေအိမ်၌ ချောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးခန်းဖွင့် လှစ်ပွဲကျင်းပခဲ့ရာ ဒုတိယဥက္ကဋ္ဌ သူရဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့မှ ဆိုင်းဘုတ်တင်ဖွင့်လှစ်ပေးခဲ့သည်။ မေလ (၃၀) ရက်နေ့ ဒီပဲယင်းသွေးချောင်းစီး လုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးဖြစ်ပွားအပြီး၊ တပြည်လုံးရှိအဖွဲ့ချုပ်ရုံးများအား နအဖမှ မတရားပိတ်ပြစ်ခဲ့ရာ ဦးမြင့်သိန်းမိသားစုမှာ ညီဖြစ်သူ မြန်မာ့ရေနံဝန်ထမ်း၏အိမ်တွင် သွားရောက်နေထိုင်ခဲ့ရရာမှ ညီဖြစ်သူအား အာဏာပိုင်များက အကြပ်ကိုင်ခြိမ်းခြောက်ဖိအား

ပေးခဲ့သဖြင့် ညီဖြစ်သူ၏အိမ်မှ မိသားစုနှင့်အတူ ထွက်ခွာပေးခဲ့ရသဖြင့် နေထိုင်စရာမရှိ အခက်အခဲကြုံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ် ရေး ထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၃။ ချောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါက်တာညွန့်စိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဒေါက်တာညွန့်စိန်သည် ချောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈,၅၀၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄ . ၉၁) ဖြင့် ရွေး ချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ သန်လျင်မြို့ဇာတိဖြစ်သည်။ ၁၉၂၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့ဖွား ဖြစ် သည်။ ဦးမောင်မောင်း၏သားဖြစ်သည်။ ဒေါက်တာညွန့်စိန်သည် ၁၉၅၄ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ တာဝန်ကျဆရာဝန် ငှက်ဖျားဌာန၊ ရန်ကုန်ဆေးရုံကြီး၊ ၁၉၅၇ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ လက်ထောက်ဆရာဝန်၊ ချောက်၊ သန်လျင်၊ (ဘီအိုစီ)၊ ၁၉၆၃ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ လက်ထောက်ဆရာဝန်ကြီး၊ ဆရာဝန်ကြီး၊ မြန်မာ့ရေနံဆေးရုံ (ချောက်ရေနံမြေ)၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆရာဝန်ကြီး၊ မြန်မာ့ရေနံကော်ပိုရေးရှင်း (ရုံးချုပ်)၊ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလတွင် သက်ပြည့် ပင်စင်ယူခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစီအစဉ်ဖြင့် ရေနံနှင့်ရေနံဓာတုလုပ်သားများ လုပ်ငန်းခွင်ကျန်းမာရေး ပညာလေ့လာရန် အနောက်ဂျာမဏီ၊ ဟော်လန်၊ အီရန်၊ အီဂျစ်၊ အင်ဒိုနီးရှားတို့သို့ သွားရောက်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြန်မာ့ရေနံကော်ပို ရေးရှင်း (ရုံးချုပ်) လုပ်သားများသမဂ္ဂ (ယာယီ) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုတတ်သိပညာရှင်အဖွဲ့ဝင်၊ မကွေးတိုင်း စည်းရုံးရေးကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

## ၄။ ဂန့်ဂေါမြို့နယ်မဲဆန္ဒနယ်။

### ဦးအောင်ထူး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးအောင်ထူးသည် ဂန့်ဂေါမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၂,၅၈၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၅ . ၀၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ သည်။ အဖ ဦးဘမော်၊ အမိ ဒေါ်ချစ်မြတို့မှ ၁၉၃၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအောင်ထူးသည် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ၁၉၅၁ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ကက (ငွေစာရင်း)၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ ဂန့်ဂေါ မြို့အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာ၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၉ ခုနှစ် အထိ လက်ထောက်မြို့နယ် ပညာရေးမှူး၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံ ကာလတွင် ဝန်ထမ်းသမဂ္ဂ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် စတင်ကျင်း ပသည့် အမျိုးသားညီလာခံသို့တက်ရောက်ခဲ့သည်။ ဦးအောင်ထူးအား အမျိုးသားညီလာခံကိုယ်စားလှယ် စာရင်းမှ ပယ်ဖျက်ပေးပါရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏တင်ပြချက်အရ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်မှ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ဦးအောင်ထူးအား အမျိုးသားညီလာခံကိုယ်စား လှယ်စာရင်းမှ ပယ်ဖျက်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် နှလုံးရောဂါဖြင့်ကွယ်လွန်သည်။

**၅။ ငဖဲမြို့နယ်မဲဆန္ဒနယ်။**

**ဦးကြည်လွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးကြည်လွင်သည် ငဖဲမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၀,၈၀၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၀ . ၅၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ မင်းဘူးမြို့ ဇာတိဖြစ်သည်။ အဖ ဦးထွန်းရှင်၊ အမိ ဒေါ်ခင်အေးတို့မှ ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကြည်လွင်သည် မကွေးကောလိပ်မှ ဝိဇ္ဇာ (သမိုင်း) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၉ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ မူလတန်းပြကျောင်းဆရာ (ပေါင်းကလေး၊ ပန်းဒန်း)၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါဝင်ခဲ့သည်။ ဇနီး ဒေါ်မြငွေးနှင့် သားသမီး (၂) ဦး ထွန်းကားသည်။ ငဖဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံး ရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့တွင် စစ်ထောက်လှမ်းရေးမှဖမ်းဆီး၍ မကွေးမြို့ တပ်မ (၈၈) အတွင်း ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ထိန်းသိမ်း ထားခြင်းခံခဲ့ရပြီး၊ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် ကျန်းမာရေးမကောင်းသဖြင့် ပြန်လွှတ်ပေးခဲ့ သည်။ ၂၀၀၀ ပြည့်နှစ်၊ မေလ (၇) ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး၊ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် သရက်အကျဉ်းထောင်မှပြန်လွှတ်သည်။

**၆။ စလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးတာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးတာသည် စလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ(၂၈,၄၉၀)မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁.၁၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ စလင်းမြို့နယ်၊ လင်းဇင်းရွာဇာတိဖြစ်သည်။ အဖ ဦးအေးမောင်၊ အမိ ဒေါ်စန်းကြည်တို့မှ ၁၉၄၈ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးတာသည် ၁၉၇၂ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် စေတုတ္တရာမြို့နယ် သမဝါယမတွင် စာရင်းစစ်လုပ်ခဲ့ပြီး၊ ၁၉၇၅ ခုနှစ်မှစ၍ ကိုယ်ပိုင်လုပ်ငန်း ဆန်စက်၊ ဆီစက်လုပ်ခဲ့သည်။ ဇနီး ဒေါ်အေးအေးမိုးနှင့် သားသမီး (၃) ဦး ထွန်းကားသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ စလင်းမြို့နယ်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် စစ်ထောက်လှမ်းရေးမှ ချောက်မြို့ရှိ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ခေါ်ယူဖမ်းဆီး ထိန်းသိမ်းထားခြင်းခံခဲ့ရသည်။

**၇။ စလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးကံဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးကံဦးသည် စလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈,၂၂၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁ . ၀၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးလှရီ၊ အမိ ဒေါ်ခင်နုတို့မှ ၁၉၅၂ ခုနှစ်၊ မေလ (၁၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ စလင်းမြို့ ဇာတိဖြစ်သည်။ ဦးကံဦးသည် ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၇၇ တွင် အင်ဂျင်နီယာ (လျှပ်စစ်စွမ်းအား) ဘွဲ့ ရရှိခဲ့သည်။ ဇီးဖြူပင်ရွာ တွဲဖက်အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာ လုပ်ခဲ့သည်။ ဇနီး ဒေါ်ဝမ်းကြည်နှင့် သမီးတဦးထွန်းကားသည်။ ဆင်ဖြူကျွန်းမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးအဖြစ်

တာဝန်ယူခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် စစ်ထောက်လှမ်းရေးမှ ချောက်မြို့ရှိ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ခေါ်ယူဖမ်းဆီးထိန်းသိမ်းဖြင်းခံခဲ့ရပြီး ၂၀၀၁ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင် ပြန်လွတ်သည်။

## ၈။ စေတုတ္တရာမြို့နယ်မဲဆန္ဒနယ်။

## ဦးအံ့ကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးအံ့ကြည်သည် စေတုတ္တရာမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၉,၉၉၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၂ . ၀၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ စေတုတ္တရာမြို့ဇာတိဖြစ်သည်။ အဖ ဦးရာချိန်၊ အမိ ဒေါ်မယ်တင်တို့မှ ၁၉၃၈ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့ တွင်မွေးဖွားခဲ့သည်။ ဦးအံ့ကြည်သည် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ပညာအုပ်၊ ရုံးစာရေး၊ မူလတန်းပြ၊ မူလတန်းကျောင်းအုပ်၊ အလယ်တန်း ပြ၊ တာဝန်ခံအလယ်တန်းကျောင်းအုပ်၊ အထက်တန်းပြ စသည်ဖြင့် အနှစ်သုံးဆယ်မျှ ပညာရေးတာဝန်ထမ်းရွက်ခဲ့သည်။ အထက်တန်းပြကျောင်းဆရာဘဝဖြင့် အငြိမ်းစားယူခဲ့သည်။ ဇနီး ဒေါ်တင်ကြည်နှင့် သားသမီး (၅) ဦး ထွန်းကားသည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ မြို့နယ်ပြည်သူ့ကောင်စီဝင် အဖြစ်ဆောင်ရွက်ခဲ့သည်။ စေတုတ္တရာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်စည်းရုံးရေးမှူး တာဝန်ယူခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် စစ်ထောက်လှမ်းရေးမှ ချောက်မြို့ရှိ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ခေါ်ယူဖမ်းဆီးထိန်းသိမ်းဖြင်းခံခဲ့ရပြီး ကျန်းမာရေးမကောင်းသဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့ရသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၄၁) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှနုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီး ဆေးဝါး ကုသမှုခံယူနေစဉ် ကွယ်လွန်ခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၄၁)**
**(၁၃၆၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၃ ရက်)**
**(၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)**

**အကြောင်းအရာ။ ။ ဦးအံ့ကြည်အား မကွေးတိုင်း၊ စေတုတ္တရာမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မကွေးတိုင်း၊ စေတုတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးအံ့ကြည်က မိမိသည် ကျန်းမာရေးအခြေအနေမကောင်းပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးအုံးကြည်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးအုံးကြည်အား ယနေ့မှစ၍ စေတုတ္တရာမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့် ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –

(အေးမောင်)

အတွင်းရေးမှူး

**၉။ ဆင်ပေါင်ဝဲမြို့နယ်မဲဆန္ဒနယ်။**

**ဦးဟံဇော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးဟံဇော်သည် ဆင်ပေါင်ဝဲမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၂,၆၃၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၁ . ၂၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဆင်ပေါင်ဝဲမြို့ဇာတိဖြစ်သည်။ အဖ ဦးထွန်းရွှေ၏သားဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့ဖွားဖြစ်သည်။ ဦးဟန်ဇော်သည် ဆင်ပေါင်ဝဲမြို့အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၆၃–၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှဝိဇ္ဇာတန်းအောင်ပြီး ၁၉၆၅ ခုနှစ်တွင် ဗိုလ်လောင်းသင်တန်းအပတ်စဉ် (၃၂)၊ မှော်ဘီဗိုလ်သင်တန်းကျောင်းသို့တက်ရောက်ခဲ့သည်။ တပ်မတော်ပြန်တမ်းဝင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ မကွေးတိုင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင် စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ၂၀၀၁ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့တွင် ရဲမွန်တပ်မြို့ ထိန်းသိမ်းရေးစခန်း (ဧည့်ရိပ်သာ) မှ ပြန်လွတ်သည်။

**၁၀။ ဆိပ်ဖြူမြို့နယ်မဲဆန္ဒနယ်။**

**ဦးစိုးဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစိုးဝင်းသည် ဆိပ်ဖြူမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅,၁၀၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄ . ၈၉) ဖြင့် ရွေးချယ်တင်မြှောက် ခြင်းခံခဲ့ရသည်။ ဆိပ်ဖြူမြို့ ဇာတိဖြစ်သည်။ အဖ ဦးမောင်ကလေး၊ အမိ ဒေါ်ရွှေတင်တို့မှ ၁၉၄၄ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစိုးဝင်းသည် မူလတန်းပညာကို ဆိပ်ဖြူအလယ်ပိုင်း ဆရာဦးခင်ကျောင်းတွင် သင်ယူခဲ့ပြီး အလယ်တန်းနှင့်အထက်တန်းကို ဆိပ်ဖြူမြို့အစိုးရအထက်တန်းကျောင်း၊ ထိုမှ တက္ကသိုလ်ဝင်တန်းကို ချောက်မြို့အစိုးရအထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည်။ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ သည်။ ရန်ကုန်မြို့တွင် ကုန်သည်လုပ်ငန်းဖြင့် အသက်မွေးသည်။

**၁၁။ ဆောမြို့နယ်မဲဆန္ဒနယ်။**

**ဦးကျော်တင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးကျော်တင်သည် ဆောမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၆၀၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၉ . ၈၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ

သည်။ အဖ ဦးအောင်ကျော်၏သားဖြစ်သည်။ ၁၉၄၈ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့ဖွားဖြစ်သည်။ ဦးကျော်တင်သည် မူလတန်းမှအထက်တန်းအထိ တေးကျေးရွာ၊ ကျောက်ထု၊ မင်းတပ်နှင့် မန္တလေးတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် မင်းတပ်မြို့အစိုးရအထက်တန်းကျောင်းမှ (၁၀) တန်း အောင်မြင်ခဲ့သည်။ ၁၉၇၃–၇၄ ခုနှစ်တွင် မကွေး ကောလိပ်မှ ဝိဇ္ဇာ (ပထဝီ)ဘွဲ့ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဆောမြို့နယ်စာရင်းရုံး၌ အလုပ်ဝင်ခဲ့သည်။ လမ်းစဉ်ပါတီဝင်၊ တတိယနှင့်စတုတ္ထအကြိမ် မကွေးတိုင်းကောင်စီဝင် (အချိန်ပိုင်း)၊ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့တွင် ဝန်ထမ်းအဖြစ်မှနုတ်ထွက်ခဲ့သည်။ ဆောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

## ၁၂။ တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။
## ဦးသိမ်းကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသိမ်းကြည်သည် တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၉,၃၆၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁ . ၃၇) ဖြင့် ရွေးချယ်တင်မြှောက် ခြင်းခံခဲ့ရသည်။ အဖ ဦးအောင်မြင့်၊ အမိ ဒေါ်မြသန်းတို့မှ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးသိမ်းကြည်သည် ၁၉၈၁ ခုနှစ်တွင် ဥပဒေဘွဲ့ရရှိခဲ့ပြီး တရားရုံးချုပ်ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ပြုလုပ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါ စာအမှတ် ဝ၄၁/စည်း (စည်းရုံး)/၉၉ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ နအဖ မှ ၂၀၀၄ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင်ပြန်လည်ကျင်းပသည့် အမျိုးသားညီလာခံသို့ တသီးပုဂ္ဂလအဖြစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တက်ရောက်ခဲ့ပြီး၊ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပသည့် အမျိုးသားညီလာခံသို့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ တသီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ဆက်လက်ပါဝင် တက်ရောက်ခဲ့သည်။

## ၁၃။ တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
## ဒေါက်တာသန်းနိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာသန်းနိုင်သည် တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၇,၄၃၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၀ . ၀၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ တောင်တွင်းကြီးမြို့ဇာတိဖြစ်သည်။ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ဖွားဖြစ်သည်။ ဦးသိန်းမောင်၏သားဖြစ်သည်။ ဦးသန်းနိုင်သည် ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆေးတက္ကသိုလ် (၂)၊ မင်္ဂလာဒုံမှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ဆရာဝန်ဘဝဖြင့် အသက်မွေးသည်။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့တွင် စစ်ထောက် လှမ်းရေးအမှတ် (၁၅) မှ မကွေးမြို့၊ တပ်မ (၈၈) ရှိ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ ရသည်။ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သဖြင့် စစ်ထောက်လှမ်းရေးမှ ပြန်လွှတ်ပေးခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၃၇)**
**(၁၃၆၀ ပြည့်နှစ်၊ တပိုတွဲလပြည့်ကျော် ၃ ရက်)**
**(၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)**

**အကြောင်းအရာ။ ။ ဦးသန်းနိုင်အား မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံထားရသူအဖြစ်မှနုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အဖြစ် ရွေးကောက် တင်မြှောက်ခံထားရသူ ဦးသန်းနိုင်က မိသားစုကျန်းမာရေးအခြေအနေများအရ လည်းကောင်း၊ စီးပွားရေးအခြေအနေများအရလည်းကောင်း မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့တင်ပြခဲ့ပါ သည်။

၂။ အထက်ပါ ဦးသန်းနိုင်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးသန်းနိုင်အား ယနေ့မှစ၍ တောင်တွင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက် ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၁၄။ ထီးလင်းမြို့နယ်မဲဆန္ဒနယ်။**

**ဦးစောဝင်း (ခ) ဦးကျော်ဇောလင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးစောဝင်း (ခ) ဦးကျော်ဇောလင်းသည် ထီးလင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၄၉၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၈ . ၁၉) ဖြင့် ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးကျော်ညွန့်၊ အမိ ဒေါ်အေးလှတို့မှ ၁၉၃၈ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစောဝင်း (ခ) ဦးကျော်ဇောလင်းသည် ၁၉၅၅ ခုနှစ်တွင် ဂန့်ဂေါမြို့အစိုးရ အထက်တန်းကျောင်း မှ (၁၀) တန်းအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင်ဆက်လက်ပညာသင်ကြားခဲ့ရာ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၆၅ ခုနှစ်မှစ၍ သတင်းစာဆရာအဖြစ်လုပ်ကိုင်ခဲ့ပြီး တဖက်တွင် ကုန်သွယ်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခဲ့သည်။ ဦးစောဝင်း (ခ) ဦးကျော်ဇောလင်းသည် ရန်ကုန်–သန်လျင် တံတားစီမံကိန်းအတွက် ပျဉ်းမနားမြို့မှ ထုတ်ယူ ထားသောသစ်များအား စီမံကိန်းသို့ သယ်ယူပေးရန် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်နေစဉ် သစ်များမပေးသွင်း ဘဲ တိမ်းရှောင်နေသဖြင့် ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၆ (၁)၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ (၅၁၂) အရ သာကေတမြို့နယ် တရားရုံးတွင် တရားစွဲဆိုထားပြီး တရားခံပြေးအဖြစ်ကြေညာ

ထားခဲ့သည်။ ယင်းနောက် ဦးစောဝင်း(ခ) ဦးကျော်ဇောလင်းသည် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေးဥပဒေ ပုဒ်မ (၃) အရ ပြစ်မှုထင် ရှားစီရင်ခြင်း ခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (ည) နှင့် ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်းပါတီစုံ ဒီမိုကရေစီအထွေ ထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၅၈) ဖြင့် ကြေညာခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့တွင် သာယာဝတီထောင်၌ ကွယ်လွန်ခဲ့သည်။

**ဦးစောဝင်း (ခ) ဦးကျော်ဇောလင်း**
**အသက် (၆၁) နှစ်**
**(ထီးလင်းမြို့)**

မကွေးတိုင်း၊ ထီးလင်းမြို့နေ (ဦးကျော်ညွန့်–ဒေါ်အေးလှ) တို့၏သား၊ ကျောက်ပန်းတောင်းမြို့နေ (ဦးစိုးလှ) – ဒေါ်လှမြင့်တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သံဒင်းစုလမ်း၊ အမှတ်(၄၈၉)နေ ဒေါ်ခင်စိုးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်ဇော်မင်း–မဒွေးဒွေးဝင်း (အင်းစိန်အထည် စက်ရုံ)၊ ကိုအောင်အောင်မင်း၊ ကိုကျော်ကျော်မင်း၊ မဝင်းဝင်းမင်း (Sumiteam Co. Ltd.)၊ (ကိုရဲမင်းထွန်း)၊ မနီလာမင်း (အင်းစိန်အထည်စက်ရုံ)၊ မမျိုးမျိုးမင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ မောင်ဒီပြင်မိုးလင်း (အထက– ၁၊ အင်းစိန်)၊ မောင်ရန်ပြင်မိုးလင်း (အမက–၄၄၊ အင်းစိန်) တို့၏ချစ်လှစွာသော အဘိုး ဦးစောဝင်း (ခ) ဦးကျော်ဇောလင်းသည် (၇–၈–၉၈) ရက် ည (၁၁ း ၃၀) နာရီတွင် သာယာဝတီမြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၉–၈–၉၈ ရက်တွင် သာယာဝတီမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**၁၅။ နတ်မောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးပိုလ်ထွေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးပိုလ်ထွေးသည် နတ်မောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ် စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅,၈၀၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း(၇၈.၅၉)ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ ရသည်။ နတ်မောက်မြို့ဇာတိဖြစ်သည်။ အဖ ဦးဘိုးအောင်၊ အမိ ဒေါ်မြတို့မှ ၁၉၂၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဦးပိုလ်ထွေးသည် အလယ်တန်းပြဆရာဖြစ် အောင်မြင်ခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ အစိုးရမူလတန်း ကျောင်းဆရာကြီး မကွေး (ရှားပင်လှရွာ)၊ ၁၉၅၇ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ အလယ်တန်းပြ၊ အစိုးရအထက်တန်းကျောင်း (နတ်မောက်)၊ လမ်းစဉ်ပါတီဝင်၊ မြို့နယ်စာပေလုပ်သား ဥက္ကဋ္ဌ၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့နယ်နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ နတ်မောက်မြို့ နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် နာယကအဖြစ်တာဝန်ယူခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့ တွင် စစ်ထောက်လှမ်းရေး အမှတ် (၁၅) မှ မကွေးမြို့၊ တပ်မ (၈၈) ရှိ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ကျန်းမာရေးချို့တဲ့သဖြင့် စစ်ထောက်လှမ်းရေးမှပြန်လွှတ်ပေးခဲ့သည်။

**၁၆။ နတ်မောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးအောင်မြင့်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအောင်မြင့်သိန်းသည် နတ်မောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်

အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၁၆၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ ․ ၅၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ နတ်မောက်မြို့၊ အောင်ဆန်းရပ်ဇာတိဖြစ်သည်။ အဖ ရှေ့နေဦးနေအောင် (ဗိုလ်ချုပ်အောင်ဆန်း၏ အကို)၊ အမိ ဒေါ်ခင်လေးတို့မှ ၁၉၅၄ ခုနှစ်၊ ဇွန်လ (၁၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအောင်မြင့်သိန်းသည် နတ်မောက်မြို့တွင် ဆယ်တန်းအောင်မြင်သည် အထိပညာသင်ကြားခဲ့သည်။ တောင်သူလုပ်ငန်းလုပ်ကိုင်သည်။ နတ်မောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့တွင် စစ်ထောက်လှမ်းရေး အမှတ် (၁၅) မှ မကွေးမြို့၊ တပ်မ (၈၈) ရှိ ထိန်းသိမ်းရေးစခန်း (ညှော်ဂေဟာ) တွင် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရပြီး၊ ၂၀၀၁ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင် ပြန်လွတ်သည်။ ဦးအောင်မြင့်သိန်းဖမ်းဆီးခံနေရစဉ် ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် နတ်မောက်မြို့၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအား လူတစု စုရုံး၍ ရှုတ်ချကန့်ကွက်အော်ဟစ်ပွဲပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်များနှင့် စစ်ထောက်လှမ်းရေးမှ ကြံ့ဖွံ့အသင်းဝင်များနှင့် ပညာရေးဌာနမှ ဆရာ၊ ဆရာမများကိုအသုံးချလျက် မြို့ပေါ်၌ အတင်းအကြပ်လက်မှတ်ရေးထိုးခိုင်းခြင်းပြုလုပ်ခဲ့ရာ ဦးအောင်မြင့်သိန်း၏ဇနီး နတ်မောက်မြို့နယ် စာရင်းရုံးမှ စာရင်းစစ်မှူး ဒေါ်ဌေးအောင်အား လက်မှတ်ရေးထိုးခိုင်းသည်ကို ငြင်းဆိုခဲ့သဖြင့် စစ်ကိုင်းတိုင်းရုံးသို့ ပြောင်းရွှေ့ပစ်ခဲ့သဖြင့် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ပြောင်းရွှေ့ခဲ့ရသည်။

**၁၇။ ပခုက္ကူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဒေါက်တာကြည်မင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာကြည်မင်းသည် ပခုက္ကူမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄၂,၆၈၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄ ․ ၁၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးလှမောင်၊ အမိ ဒေါ်ဖွားကျင်တို့မှ ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာကြည်မင်းသည် ၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ပခုက္ကူမြို့ အစိုးရမူလတန်းကျောင်း အမှတ် (၁၁) တွင် လေးတန်းအထိ ပညာသင်ကြားခဲ့၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၅ ခုနှစ်အထိ ပခုက္ကူမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၁) တွင် ပညာသင်ကြားခဲ့ပြီး ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ရန်ကုန်တွင် ဆက်လက်ပညာသင်ကြားခဲ့ပြီး ဘီဒီအက်စ်ဘွဲ့ရရှိခဲ့ သည်။ ၁၉၈၃ ခုနှစ်မှစ၍ ကိုယ်ပိုင် သွားဆေးကုခန်း ဖွင့်ထားခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် စစ်ထောက်လှမ်းရေးမှ ထိန်းသိမ်းရေးစခန်း (ညှော်ဂေဟာ) တွင်ခေါ်ယူဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၂၀၀၀ ပြည့် နှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် ကြေညာချက် အမှတ် (၁၅၁၈) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၅၁၈)**
**(၁၃၆၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်)**
**(၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂ ရက်)**

**အကြောင်းအရာ။ ။ ဒေါက်တာကြည်မင်းအား မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မကွေးတိုင်း၊ ပခုက္ကူမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဒေါက်တာ ကြည်မင်းက မိမိ၏ကိုယ်ရေးကိုယ်တာကိစ္စများကို ဆောင်ရွက်နိုင်ရေးအတွက် မိမိအား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအ လျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဒေါက်တာကြည်မင်း၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဒေါက်တာကြည်မင်းအား ယနေ့မှစ၍ ပခုက္ကူမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၁၈။ ပခုက္ကူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**
**ဦးလှိုင်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးလှိုင်အေးသည် ပခုက္ကူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄၀,၇၈၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၉ . ၆၉) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးအုန်းမောင်၊ အမိ ဒေါ်လှညွန့်တို့မှ ၁၉၄၂ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးလှိုင်အေးသည် ပခုက္ကူမြို့၊ မြစ်ကိုင်းကျောင်းမှ လေးတန်းအောင်မြင်ခဲ့ပြီး ပခုက္ကူမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၂) မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် မန္တလေး တက္ကသိုလ်မှ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ မြိုင်မြို့အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းပြ၊ ၁၉၇၃ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ပခုက္ကူမြို့အစိုးရအထက်တန်းကျောင်းအမှတ် (၁) တွင် အထက် တန်းပြ၊ ၁၉၈၁ ခုနှစ်မှစ၍ ကိုယ်ပိုင်ဆန်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ရပ်ကွက်နှင့်မြို့နယ် လူမှုရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် စစ်ထောက်လှမ်းရေးမှ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေ ဟာ) တွင် ခေါ်ယူဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး

ကော်မရှင်မှ ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၅၁၉) ဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၅၁၉)**
**(၁၃၆၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်)**
**(၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂ ရက်)**

**အကြောင်းအရာ ။ ။ ဦးလှိုင်အေးအားမကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မကွေးတိုင်း၊ ပခုက္ကူမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးလှိုင် အေးက မိမိ၏ကျန်းမာရေးအခြေအနေကြောင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေး ကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးလှိုင်အေး၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးလှိုင်အေးအား ယနေ့မှစ၍ ပခုက္ကူမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြု လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၁၉။ ပွင့်ဖြူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးကျော်ရှင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးကျော်ရှင်သည် ပွင့်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ် စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၅၅၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၃ . ၃၈) ဖြင့် ရွေးချယ် တင်မြှောက် ခြင်းခံခဲ့ရသည်။ ပွင့်ဖြူမြို့ဇာတိဖြစ်သည်။ အဖ ဦးသောင်း၊ အမိ ဒေါ်အိုတို့မှ ၁၉၂၉ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကျော်ရှင်သည် ၁၉၇၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ၁၉၇၇ ခုနှစ်တွင် ပညာရေးတက္ကသိုလ်မှ ပညာရေးဒီပလိုမာရရှိခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မူလတန်းပြ ကျောင်းဆရာ၊ အလယ်တန်းပြ (အစိုးရအထက်တန်းကျောင်း၊ ပွင့်ဖြူမြို့)၊ အထက်တန်းပြ (ကုန်းစောင်း)၊ လက် ထောက်ပညာရေးမှူး (ပွင့်ဖြူမြို့)၊ မြို့နယ်လုံးကျွတ် အသုံးလုံးကျေ စာတတ်မြောက်ရေးတွင် ခေါင်းဆောင်မှုပေး ရုံးသာမက ကိုယ်တိုင်ပါဝင်သင်ကြားခဲ့သည်။ ပွင့်ဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးမှူးတာဝန် ယူခဲ့ သည်။ ၁၉၉၈ ခုနှစ်တွင် စစ်ထောက်လှမ်းရေးမှ ချောက်မြို့၊ ထိန်းသိမ်းရေးစခန်း (ဒေ့ဂေဟာ) တွင် ခေါ်ယူ ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စား

ပြုကော်မတီနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုး တင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင် ဖြစ်သည်။

**၂၀။ ပွင့်ဖြူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဒေါက်တာအောင်မိုးညို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာအောင်မိုးညိုသည် ပွင့်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၂,၄၉၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၃ . ၅၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ပွင့်ဖြူမြို့ဇာတိဖြစ်သည်။ အဖ ဦးညို၊ အမိ ဒေါ်ငြိမ်းတို့မှ ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာအောင်မိုးညိုသည် ၁၉၈၂ ခုနှစ်တွင် ရန်ကုန် ဆေးတက္ကသိုလ် (၁) မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၈၄ ခုနှစ်မှစ၍ ကိုယ်ပိုင်ဆေးကုသခန်းဖွင့်ထားခဲ့သည်။ ဆေးကျောင်းသားဘဝတွင် လုပ်အားပေးစာကြည့်တိုက်မှူးနှင့် လမ်းစဉ်လူငယ်အဖွဲ့တွင်ပါဝင်ခဲ့သည်။ ပွင့်ဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်အဖွဲ့ဝင်တာဝန်ယူခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် စစ်ထောက်လှမ်းရေးမှ ချောက်မြို့၊ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ခေါ်ယူဖမ်းဆီးထိန်းသိမ်းထားခြင်း ခံခဲ့ရပြီး၊ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင်ပြန်လွှတ်သည်။ ၂၀၀၄ ခုနှစ်၊ သြဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင် ဖြစ်သည်။

**၂၁။ ပေါက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးခင်မောင်ကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးခင်မောင်ကြည်သည် ပေါက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၃၅၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၁ . ၃၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ သည်။ ဦးဖေညွန့်၏သား ဖြစ်သည်။ ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့ဖွား ဖြစ်သည်။ ပေါက်မြို့ဇာတိဖြစ်သည်။ ဦးခင်မောင်ကြည်သည် ၁၉၇၄ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့၍ ၁၉၇၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ဝန်ထမ်းအဖြစ်မှနုတ်ထွက်၍ ပေါက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဦးဆောင်ကော်မတီဝင်အဖြစ် တာဝန်ယူခဲ့သည်။ နဝတ မှ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေ ပုဒ်မ ၂၀ (က) (ခ) ကိုဖောက်ဖျက်ကျူးလွန်သည်ဟုဆိုကာ ယင်းဥပဒေ ပုဒ်မ (၂၃) အရ ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ၁၉၉၂ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် ပခုက္ကူထောင်မှပြန်လွတ်သည်။ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့တွင် ကွယ်လွန်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ်(၁၀၀၇)**
**(၁၃၅၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်)**
**(၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)**

**အကြောင်းအရာ ။ ။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ) နှင့် ငြိစွန်းသော ဦးခင်မောင်ကြည်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံထားရသူအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ယင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ကြေညာခြင်း။**

၁။ ၁၉၉၀ ပြည့်နှစ် မေလ (၂၇) ရက်နေ့တွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဦးခင်မောင်ကြည်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မကွေးတိုင်း၊ ပေါက်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။

၂။ ဦးခင်မောင်ကြည်အား သက်ဆိုင်ရာတရားရုံးက ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေ ပုဒ်မ ၂၀ (က) နှင့် (ခ) တို့ကို ဖောက်ဖျက်ကျူးလွန်သည့်အတွက် ယင်းဥပဒေပုဒ်မ (၂၃) အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ယင်းသည် အကျင့်စာရိတ္တ ပျက်ပြားမှုဆိုင်ရာပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ ဦးခင်မောင်ကြည်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ) နှင့် ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ယင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

၄။ ယင်းသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်ခြင်းခံရသော ဦးခင်မောင်ကြည် (အမျိုးသားမှတ်ပုံတင်အမှတ် PAK-000918) သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၀–ခ အရ ယနေ့မှစ၍ ၁၀ နှစ်အတွင်းပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းကိုလည်း ကြေညာအပ်ပါသည်။

အမိန့်အရ –
အေးမောင်
(အတွင်းရေးမှူး)

**၂၂။ ပေါက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးအောင်နိုင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအောင်နိုင်ဦးသည် ပေါက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၃၁၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၆ . ၂၃) ဖြင့် ရွေးချယ်

တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးဘတင်၏သား ဖြစ်သည်။ ပေါက်မြို့ဇာတိဖြစ်သည်။ ၁၉၅၁ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့ဖွား ဖြစ်သည်။ ဦးအောင်နိုင်ဦးသည် ၁၉၅၇ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ပေါက်မြို့အစိုးရ အထက်တန်း ကျောင်းတွင် သတ္တမတန်းအထိ၊ ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ပခုက္ကူမြို့အစိုးရ အထက်တန်းကျောင်း အမှတ် (၁) တွင် (၈) တန်းမှ (၁၀) တန်းအထိ ပညာသင်ကြားခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ပေါက်မြို့အစိုးရအထက်တန်းကျောင်း မှ (၁၀)တန်းအောင်မြင်ခဲ့သည်။ ကောင်စီ စာရေးဝန်ထမ်းအဖြစ် (၂) နှစ် တာဝန်ထမ်းဆောင်ပြီး အလုပ်မှ ထွက်ခဲ့ သည်။ ဒဿနိကဗေဒအဓိက ဝိဇ္ဇာဘာသာတွဲကို ပြင်ပမှ စတုတ္ထနှစ်အထိဖြေဆိုခဲ့သည်။ ၁၉၇၄ ခုနှစ်မှစ၍ ကုန်သည်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။

## ၂၃။ မကွေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးကျော်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးကျော်မြင့်သည် မကွေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၆,၉၅၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၇ . ၇) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးစိန်၊ အမိ ဒေါ်ခင်မေတို့မှ ၁၉၄၃ ခုနှစ်တွင်မွေးဖွားခဲ့သည်။ နတ်မောက်မြို့ ဇာတိ ဖြစ်သည်။ ဦးကျော်မြင့်သည် ၁၉၆၁ ခုနှစ်တွင်မကွေးမြို့အစိုးရ အထက်တန်းကျောင်း အမှတ် (၁) မှ တက္ကသိုလ် ဝင်တန်းအောင်မြင်ခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ မော်ဘီသို့ တက်ရောက်ခဲ့ပြီး ၁၉၆၈ ခုနှစ်၊ ဇွန်လတွင် ပြန်တမ်းဝင်အရာရှိ ဒုတိယဗိုလ်၊ တပ်မတော်တွင် ဗိုလ်ကြီး (ခွဲမှူး၊ ဗိုလ်မှူး) အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၈၄ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင် အမှတ် (၁၅) စစ်ထောက်လှမ်းရေးမှ မကွေးမြို့၊ တပ်မ (၈၈)ရှိ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ခေါ်ယူဖမ်းဆီး ထိန်းသိမ်းထားခြင်းခံခဲ့ရပြီး ၂၀၀၁ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင် ပြန်လွတ်သည်။

## ၂၄။ မကွေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးအောင်စိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအောင်စိုးသည် မကွေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စား ပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၄,၀၁၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၂ . ၅) ဖြင့် ရွေးချယ်တင် မြှောက်ခြင်း ခံခဲ့ရသည်။ ဦးတင်၏သားဖြစ်သည်။ ၁၉၃၄ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့ဖွားဖြစ်သည်။ ဦးအောင်စိုးသည် ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ မြစ်နားသာစည် အစိုးရမူလတန်းကျောင်း၊ မြင်းကွန်းကျေးရွာ အစိုးရအထက်တန်း ကျောင်းတို့တွင် ပညာသင်ကြားခဲ့၍ အလယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၁ ခုနှစ်အထိ ရေနံ ချောင်းမြို့အစိုးရအထက် တန်းကျောင်းတွင်ပညာသင်ကြားခဲ့ပြီး အထက်တန်းအောင်မြင်ခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ စာတိုက်နှင့် ကြေးနန်းစာရင်းစစ်ဌာန လက်ထောက်ငွေစာရင်းဝန်၊ မင်းဘူးမြို့နယ်စာရင်းရုံး စတုတ္ထညွှန်ကြားရေးမှူး၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြို့နယ်ဦးစီးမှူးအဆင့် (၂) မြို့နယ်စာရင်းရုံး၊ မကွေးတိုင်း စာရင်းဦးစီးမှူးအဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ၎င်းနေထိုင်ရာ မကွေးမြို့၊ ပြည်တော်သာ တိုက်ခန်း၊ အမှတ် (၅/ခ) မှ အတင်းအကျပ်ဖယ်ရှား ခိုင်းခြင်းခံခဲ့ရသဖြင့် ဖယ်ရှားပေးခဲ့ရသည်။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင် အမှတ် (၁၅) စစ်ထောက်လှမ်းရေး မှ မကွေးမြို့၊ တပ်မ (၈၈) ရှိ ထိန်းသိမ်းရေးစခန်း

(ဧည့်ဂေ ဟာ) တွင် ခေါ်ယူဖမ်းဆီး ထိန်းသိမ်းထားခြင်းခံခဲ့ရပြီး ၂၀၀၁ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့တွင်ပြန်လွတ်သည်။

## ၂၅။ မြို့သစ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးသာအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသာအောင်သည် မြို့သစ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၃,၇၉၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၅ . ၂၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ သည်။ မြို့သစ်မြို့ဇာတိဖြစ်သည်။ အဖ ဦးအောင်သောင်း၊ အမိ ဒေါ်အုံးရင်တို့မှ ၁၉၅၅ ခုနှစ်တွင်မွေးဖွားခဲ့သည်။ ဦးသာအောင်သည် ဆယ်တန်းအထိသင်ကြားခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ မြို့သစ်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် အမှတ် (၁၅) စစ်ထောက်လှမ်းရေးမှ မကွေးမြို့၊ တပ်မ (၈၈) ရှိ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ခေါ်ယူဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရပြီး ၂၀၀၁ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင် ပြန်လွတ်သည်။

## ၂၆။ မြို့သစ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။

### ဦးချစ်ထွေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးချစ်ထွေးသည် မြို့သစ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၆၄၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၉ . ၈၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြို့သစ်မြို့ဇာတိဖြစ်သည်။ ၁၃–၇–၆၅ ဖွား၊ အဖ ဦးတင်မောင်၊ အမိ ဒေါ်ပေါက်စတို့မှ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဦးချစ်ထွေးသည် ၁၉၈၇ ခုနှစ်တွင် သိပ္ပံ (ရူပဗေဒ) ဘွဲ့ရရှိခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါဝင်ခဲ့သည်။ မြို့သစ်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၈၈ ခုနှစ်က မြို့သစ်မြို့နယ် လမ်းစဉ်လူငယ်စည်းရုံးရေးကော်မတီမှ စာရွက်စာတမ်းများ၊ စာရေးကိရိယာနှင့် အသုံးအဆောင်များအား သပိတ်အဖွဲ့မှ မီးရှို့ဖျက်ဆီးခဲ့သည်ဟုဆိုကာ (၈) နှစ်ခန့်ကြာမှ အမှု ဖွင့်တရားစွဲဆို၍ ထောင်ဒဏ်ချမှတ်အပြစ်ပေးခြင်းခံခဲ့ရသည်။ ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် သရက်ထောင်မှ ပြန်လွတ်သည်။

## ၂၇။ မင်းတုန်းမြို့နယ်မဲဆန္ဒနယ်။

### ဦးထွန်းဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးထွန်းဝင်းသည် မင်းတုန်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ဝင် ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၂၄၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၈.၀၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဦးသာ၊ အမိ ဒေါ်တင်တို့မှ ၁၉၂၉ ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့ တွင်မွေးဖွားခဲ့သည်။ ဦးထွန်းဝင်းသည် ရေနံချောင်းမြို့တွင် (၉) တန်းအထိပညာသင်ကြားခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဇနီး ဒေါ်သစ်နှင့် မင်းတုန်းမြို့တွင် အိမ်ထောင်ကျသည်။ ဓာတ်ပုံနှင့်စာပုံနှိပ်လုပ်ငန်းများဖြင့် အသက်မွေးသည်။ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့မှစ၍ မင်းတုန်း မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ (၇)ရက်နေ့

နံနက်(၁၁)နာရီအချိန်တွင် မင်းတုန်းမြို့နယ် ရဲစခန်းမှူးဦးထိန်နန်းနှင့်ရဲသားများက ဦးထွန်းဝင်း၏နေအိမ်ရှေ့တွင် ဦးထွန်းဝင်း၏သား ကိုလတ်ဖွင့်ထားသည့် ဗီဒီယိုအခွေငှားဆိုင်သို့ ဝင်ရောက်ရှာဖွေကြပြီး၊ လိုင်စင်မဲ့နိုင်ငံခြားဗီဒီယိုအခွေများတွေ့ရှိသည်ဟုဆိုကာ မင်းတုန်းမြို့ဘုရားကြီးဝင်း၌ အသက် (၇၀) ပြည့်အဖြစ် ဥပုဒ်ကြီးဝင်နေသည့် ဦးထွန်းဝင်းအားသွားရောက်ဖမ်းဆီးခေါ်ဆောင်လာခဲ့ပြီး၊ ရဲစခန်းတွင်ချုပ်ထား၍ ဦးထွန်းဝင်းအား စစ်ထောက်လှမ်းရေးမှ အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်နှင့် ပြည်သူ့လွှတ်တော်ကိုယ် စားလှယ်အဖြစ်မှနုတ်ထွက်ကြောင်း လက်မှတ်ရေးထိုးပေးရန် အဓမ္မခြိမ်းခြောက်အကြပ်ကိုင်ခဲ့သည်။ ဦးထွန်းဝင်းမှ မိမိယုံကြည်ချက်ကို မစွန့်လွှတ်နိုင်ကြောင်းပြောဆို၍ ခိုင်ခိုင်မာမာရပ်တည်ခဲ့သဖြင့် လိုင်စင်မဲ့ဗီဒီယိုခွေလက်ဝယ်ထားရှိမှုဖြင့် အမှုဖွင့်တရားစွဲဆိုပြီး ထောင်ဒဏ် (၃) နှစ်ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် သရက်အကျဉ်းထောင်မှပြန်လွတ်သည်။

## ၂၈။ မင်းဘူးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစိုးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုးမြင့်သည် မင်းဘူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၁,၃၂၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄ . ၈၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့ဖွား ဖြစ်သည်။ ဦးညွန့်၏သား ဖြစ်သည်။ ဦးစိုးမြင့်သည် ၁၉၆၈ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် သိပ္ပံ (သတ္တဗေဒ) ဘွဲ့ရရှိခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ အထက်တန်းပြကျောင်းဆရာ (ဆင်ဖြူကျွန်းမြို့၊ ပွင့်ဖြူမြို့)၊ ၁၉၇၄ ခုနှစ်မှစ၍ ကုန်သည်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ မင်းဘူးမြို့နယ်နှင့် မကွေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလတွင် စစ်ထောက်လှမ်းရေးမှ ဒေါ်အောင်ဆန်းစုကြည်၏ ညွှန်ကြားချက်အရ ပြည်သူ့လွှတ်တော်ခေါ်ယူရေး ထောက်ခံရန် စည်းရုံးခဲ့သည်ဟုဆိုကာ သားနှစ်ယောက်နှင့်အတူ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ – ၅ (ည) ဖြင့် အင်းစိန်အကျဉ်းထောင်တွင် ထောင်ဒဏ် (၁၄) နှစ်ပြစ်ဒဏ် ပေးခြင်းခံခဲ့ရသည်။ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။

## ၂၉။ မင်းဘူးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးလှစိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးလှစိုးသည် မင်းဘူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၇၁၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၄ . ၇၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးစိန်၊ အမိ ဒေါ်သိန်းတင်တို့မှ ၁၉၃၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးလှစိုးသည် ဆယ်တန်းအောင်သည်အထိပညာသင်ကြားခဲ့၍ ၁၉၅၁ ခုနှစ်တွင်တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဗိုလ်လောင်းသင်တန်းဆင်းပြီး ဒုဗိုလ်မှ ဗိုလ်ကြီးအထိ၊ ၁၉၆၇ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပထမပတ် ကေဒါသင်တန်းဆင်း၊ မင်းဘူးခရိုင် ပါတီစည်းရုံးရေးမှူး၊ ဒေါပုံမြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်တိုင်းခွဲနှင့် ဒေသ အတွင်းရေးမှူး၊ ကယားပြည်နယ်ဒေသပါတီကော်မတီ ဥက္ကဋ္ဌ၊ ၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီအတွင်းပြဿနာဖြစ်ရာ အောင်ကျော်လင်းစစ်ဆင်ရေးဖြင့် ဒေသပါတီကော်မတီ ဥက္ကဋ္ဌ (၁၄) ဦးအား ထိန်းသိမ်းရာတွင်ပါဝင်သည်။ ၁၉၈၀ ပြည့်နှစ်၊ စက်တင်ဘာလတွင်

ထိန်းသိမ်းထားရာမှ ပြန်လည်လွတ်မြောက်သည်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ကိုယ်ပိုင်စီးပွားရေးလုပ်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင်ပြုလုပ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါစာအမှတ် ဝ၄၁/စည်း(စည်းရုံး)/၉၉ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်းထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၄ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင်ပြန် လည်ကျင်းပသည့်အမျိုးသားညီလာခံသို့ တသီးပုဂ္ဂလအဖြစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တက်ရောက်ခဲ့ပြီး၊ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပသည့် အမျိုးသားညီလာခံသို့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ တသီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ဆက်လက်ပါဝင်တက်ရောက်ခဲ့သည်။ အဖွဲ့ချုပ်မှထုတ်ပယ်ခံခဲ့ရ ပြီးနောက် နအဖသတင်းစာများတွင် **'လှစိုး (မင်းဘူး–၂)'** ဟူသည့် ကလောင်အမည်ဖြင့် အဖွဲ့ချုပ်အား တိုက်ခိုက်သည့် ဆောင်းပါးများရေးသားခဲ့သည်။

**၃၀။ မင်းလှမြို့နယ်မဲဆန္ဒနယ်။**

**ဦးချစ်တင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးချစ်တင်သည် မင်းလှမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၁,၆၃၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၆ . ၆၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသ ည်။ အဖ ဦးထွန်းတင်၊ အမိ ဒေါ်စကီတို့မှ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဦးချစ်တင်သည် သိပ္ပံဘွဲ့၊ အထက်တန်းရှေ့နေနှင့် မှတ်ပုံတင်ဥပဒေဘွဲ့တို့ရသည့် တရားရုံးချုပ်ရှေ့နေဖြစ်သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ အထက်တန်းပြကျောင်းဆရာ (သရက်၊ မင်းလှ)၊ ၁၉၇၉ ခုနှစ်တွင် နာမကျန်းပင်စင်ယူခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့အရေးတော်ပုံကြီးတွင်ပါဝင်ခဲ့သည်။ မင်းလှမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ဦးချစ်တင်သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က အမရပူရမြို့နယ်မဲဆန္ဒ နယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား၏နေအိမ်တွင်ပြုလုပ်ခဲ့သော လျှို့ဝှက်အစည်းအဝေးနှင့် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် မန္တလေးအနောက်တောင်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ရုံးတွင်ပြုလုပ်သော ယာယီအစိုးရ ဖွဲ့စည်းရေး လျှို့ဝှက်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖွဲ့စည်းထားသော Hard Core (၆) ဦးတွင်ပါဝင်သည်။ ၁၉၉၀ ပြည့် နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့က မန္တလေး–မေမြို့ကားလမ်းဘေး ဆန်စက်ဝင်းထဲတွင်ပြုလုပ်ခဲ့သည့် နယ်စပ်တနေရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၀) သို့မဟုတ် (၂၅) ဦးခန့် သွားရောက်ပြီး ယာယီအစိုးရဖွဲ့စည်းမည့်လျှို့ဝှက်အစည်း အဝေးသို့လည်း တက်ရောက်ခဲ့သည်။ ယင်းကြောင့် သက်ဆိုင်ရာကဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ယင်းနောက် ဦးချစ်တင်သည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၂၂) (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (ည) နှင့်ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့်ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် စစ်ထောက်လှမ်းရေးမှ ရန်ကုန်မြို့တွင် ရဲမွန်တပ်စခန်းရှိ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့ပြီး၊ ၁၉၉၉

ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင် မကွေးမြို့၊ တပ်မ (၈၈) ရှိ ထိန်းသိမ်းရေးစခန်းသို့ ပြောင်းရွှေ့ထိန်းသိမ်းထားခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့တွင် ကျန်းမာရေးကြောင့် ပြန်လွှတ်ပေးခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေး အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် (၄၃) ဦး တွင် တဦးအပါအဝင်ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့ ရက်စွဲပါစာအမှတ် – ဝ၀၆/စည်းဖြင့် အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့ သည်။ ၂၀၀၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ်တနေရာသို့ရောက်ရှိသည်။

## ၃၁။ မြိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးအောင်ဆန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအောင်ဆန်းမြင့်သည် မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၀,၂၇၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၂.၁) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ ဗဟန်းမြို့နယ်ဇာတိဖြစ်သည်။ အဖ ဦးမောင်လှ၊ အမိ ဒေါ်မမကြီးတို့မှ ၁၉၄၁ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဦးအောင်ဆန်းမြင့်သည် ဗဟန်းမြို့နယ်၊ ဂျူမားရိပ်သာ၊ မြူကျောင်း၊ ဗဟန်းအစိုးရအထက်တန်း ကျောင်းတို့တွင် ဆယ်တန်းအထိပညာသင်ကြားခဲ့သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ဗဟန်းအစိုးရ အထက်တန်းကျောင်း သမဂ္ဂဝင်၊ ၁၉၆၁ ခုနှစ်၊ ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်း အရပ်သားအောက်တန်းစာရေး၊ ၁၉၆၅ ခုနှစ်မှ ၁၉၇၂ ခုနှစ် အထိ လူငယ့်တပ်ဦး ဗမာနိုင်ငံမြေပေါ် အလံနီအဖွဲ့ဝင်၊ လူငယ်တပ်ဦး (အလံနီ) တွင်ပါဝင်မှုဖြင့် မဆလအစိုးရက ၁၉၆၆ ခုနှစ်မှစ၍ အင်းစိန်ထောင်တွင် (၄) နှစ်၊ ကိုကိုးကျွန်းတွင် (၂) နှစ် ဖမ်း ဆီးထောင်ချထားခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ပြန်လွှတ်ပေးခဲ့သည်။ ၁၉၇၃ ခုနှစ် တွင် မြိုင်မြို့နယ်နေ ဒေါ်စိန်ရွှေနှင့် လက်ထပ်၍ သမီးတဦးထွန်းကားသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ရွာသစ်ကျေးရွာသပိတ်ခေါင်းဆောင်၊ ၁၉၈၉ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့စည်းသည့်အခါ မြိုင်မြို့နယ် စည်းရုံးရေးအဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့က မန္တလေးမြို့တွင်ပြုလုပ် သော ယာယီအစိုးရလျှို့ဝှက်ဖွဲ့စည်းရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သဖြင့် သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်း ခဲ့သည်။ ထို့နောက် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၁၂) (၁) အရ ပြစ်မှု ထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (ည) နှင့် ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေ ထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၉၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့တွင် ထောင်မှပြန်လွှတ်သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့ လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေး အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၃၂။ မြိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးမြင့်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမြင့်အောင်သည် မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား

ကိုယ် စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈,၃၄၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၂ . ၀၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးသိမ်းမောင်၊ အမိ ဒေါ်ခင်သန်းတို့မှ ၁၉၅၉ ခုနှစ်၊ မေလ (၁၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမြင့်အောင်သည် မြိုင်မြို့အစိုးရမူလတန်းကျောင်းအမှတ် (၁) နှင့် မြိုင်မြို့အစိုးရ အထက်တန်းကျောင်းအမှတ် (၁) တို့တွင် (၁၀) တန်း အောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ဆယ်တန်းအောင်မြင်ပြီးနောက် ပခုက္ကူဒေသကောလိပ်နှင့် ရန်ကုန်မြို့တို့တွင် ဆက်လက်ပညာသင်ကြားခဲ့ရာ ၁၉၈၄ ခုနှစ်တွင် သိပ္ပံ (ဓာတုဗေဒ) ဘွဲ့ရရှိခဲ့သည်။

## ၃၃။ ရေစကြိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

**ဦးမော်နီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးမော်နီသည် ရေစကြိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈,၃၈၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၄ . ၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးမော်တင်၏သားဖြစ်သည်။ ၁၉၄၈ ခုနှစ်၊ မေလ (၂၁) ရက်နေ့ဖွား ဖြစ်သည်။ ရေစကြိုမြို့ဇာတိဖြစ်သည်။ ဦးမော်နီသည် ၁၉၆၈ ခုနှစ်တွင် ရေစကြိုမြို့အစိုးရအထက်တန်းကျောင်းမှ အခြေခံအထက်တန်းအောင်မြင်၍ ၁၉၇၃ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၇၆ ခုနှစ်အထိ ရန်ကုန်တွင် အလုပ်သင်ရှေ့နေနှင့် ရှေ့နေလုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ၁၉၇၆ ခုနှစ်မှစ၍ တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သည်။

## ၃၄။ ရေစကြိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

**ဦးတင်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးတင်မောင်သည် ရေစကြိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၉,၃၁၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၄ . ၂၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရေစကြိုမြို့နယ်၊ ကံသစ်ကျေးရွာဇာတိဖြစ်သည်။ အဖ ဦးစိန်၊ အမိ ဒေါ်သန်းတင်တို့မှ ၁၉၄၅ ခုနှစ်တွင်မွေးဖွားခဲ့သည်။ ဦးတင်မောင်သည် ဝိဇ္ဇာ (ဥပဒေ) နှင့် ဥပဒေဝိဇ္ဇာဘွဲ့တို့ကို ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ၁၉၇၄ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေး တော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ တရားရုံးချုပ်ရှေ့နေ အဖြစ်လိုက်ပါဆောင်ရွက်အသက်မွေးသည်။ ဦးတင်မောင်သည် 'မိမိသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူဖြစ်ကြောင်း၊ ရေစကြိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်အချို့သည် ဥပဒေကိုလေးစားလိုက်နာမှုမရှိဘဲ မိမိတို့ထင်ရာမြင်ရာကို ရေးသားပြုမူ ပြောဆိုမှုများရှိနေကြောင်း၊ နောက်နောင်တွင် ဥပဒေနှင့်မညီသောပြုလုပ်မှုများဖြစ်ပေါ်လာပါက မိမိ၏ဂုဏ်သိက္ခာနှင့် အဖွဲ့ချုပ်၏ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းဖွယ်ရာများဖြစ်ပေါ်နိုင်ပါ၍ မိမိအားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ကော်မရှင်သို့ တင်ပြလာ၍ ကော်မရှင်ကနုတ်ထွက်ခွင့်ပြုကြောင်း' ၁၉၉၁ ခုနှစ်၊ ဇွန်လ (၄) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၁) ဖြင့် ကြေညာခဲ့သည်။

## ၃၅။ ရေနံချောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

**သခင်–ခင်ညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

သခင်–ခင်ညွန့်သည် ရေနံချောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်

အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၇၀၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၆ . ၁၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အထက်မင်းလှမြို့ဇာတိ ဖြစ်သည်။ အဖ ဦးမြတ်ကြီး၊ အမိ ဒေါ်ကြင်မှုံတို့မှ ၁၉၁၄ ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ သခင်ခင်ညွန့်သည် ၁၉၃၁ ခုနှစ်က ရေနံချောင်းမြို့တွင် ဒို့ဗမာအစည်းအရုံးကို စတင်တည်ထောင်၍ တွဲဖက်အတွင်းရေးမှူးတာဝန်၊ ၁၃၀၀ ပြည့်အရေးတော်ပုံ အလုပ်သမားခေါင်းဆောင်၊ (ထောင်ဒဏ်တနှစ် ကျခံခဲ့ရသည်။) အာရှလူငယ် ဥက္ကဋ္ဌ၊ ဖက်ဆစ်တော်လှန်ရေး မြို့နယ်ခေါင်းဆောင်၊ မော်ကွန်းဝင်ရသည်။ ထိုမှရေနံချောင်းမြို့ ဈေးသမဂ္ဂတည်ထောင်သူ၊ စာနယ်ဇင်း ကိုယ်စားလှယ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပ–မ–ည–တ) ခေါင်းဆောင်၊ ၁၉၅၆ ခုနှစ်တွင် ရန်ကုန်မြို့၌ စာပေလောက စာအုပ်တိုက်ကို တည်ထောင်သည်။ ဒို့ဗမာအစည်းအရုံးသမိုင်းပြုစုရေးကော်မတီဝင် ဆော်သြရေးမှူး၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ ဒီမိုကရေစီအရေးတော်ပုံကြီးတွင်တက်ကြွစွာပါဝင်ခဲ့သည်။ လူငယ်ညီညွတ်ရေးတပ်ပေါင်းစုတွင် နာယကအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင် စစ်ထောက်လှမ်းရေးမှ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ခေါ်ယူဖမ်းဆီးထိန်းသိမ်းထားခဲ့ပြီး၊ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့တွင် အသက်အရွယ်နှင့် ကျန်းမာရေးအရ ပြန်လွှတ်ပေးခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက် နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၃၆။ ရေနံချောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးခင်ကျော်ဟန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးခင်ကျော်ဟန်သည် ရေနံချောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၅၁၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄ . ၈၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရေနံချောင်းမြို့ဇာတိဖြစ်သည်။ အဖ ဦးသိန်းဟန်၊ အမိ ဒေါ်ခင်ပြုံးတို့မှ ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးခင်ကျော်ဟန်သည် ရေနံချောင်းမြို့ ရွာသစ်အစိုးရမူလတန်းကျောင်း၊ လည်ပေါ်အစိုးရအလယ်တန်းကျောင်းနှင့်အမှတ် (၁) အစိုးရ အထက်တန်းကျောင်းမှ အခြေခံပညာအထက်တန်း အောင်မြင်ခဲ့၍ တက္ကသိုလ် စာပေးစာယူသင်တန်းဖြင့် ဥပဒေတွဲနောက်ဆုံးနှစ်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ မြန်မာ့ရေနံကော်ပိုရေးရှင်းတွင် ဒု–ပစ္စည်းထိန်း (စက်) အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် တာဝန်မှအငြိမ်းစားယူခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ရေနံချောင်းရေနံမြေအလုပ်သမားသပိတ်တွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးပြီးနောက် ရေနံချောင်းမြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို စတင်ဖွဲ့စည်းတည်ထောင်ရာတွင်ပါဝင်ခဲ့ပြီး မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ သရက်အကျဉ်းထောင်တွင် ထောင်ဒဏ် (၃) နှစ်ကျခံခဲ့ရသည်။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့ တွင် စစ်ထောက်လှမ်းရေးအမှတ် (၁၅) မှ မကွေးမြို့၊ တပ်မ (၈၈) ရှိ ထိန်းသိမ်းရေးစခန်း (ဧည့်ဂေဟာ) တွင် ခေါ်ယူဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရပြီး၊ ၂၀၀၁ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင်ပြန်လွတ်သည်။ ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ် လွတ်မြောက်နယ်မြေသို့ရောက်ရှိသည်။ ယခု အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သည်။

**၃၇။ သရက်မြို့နယ်မဲဆန္ဒနယ်။**

**ဦးခင်မောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးခင်မောင်သန်းသည် သရက်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၄,၈၇၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄ . ၀၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ သရက်မြို့ဇာတိဖြစ်သည်။ အဖ ဦးဘသစ်၊ အမိ ဒေါ်တင်တင်တို့မှ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးခင်မောင်သန်းသည် ၁၉၆၃ ခုနှစ်တွင် ဝိဇ္ဇာ (ပညာရေး) နှင့် ၁၉၇၀ ပြည့်နှစ်တွင် ပညာရေးဝိဇ္ဇာဘွဲ့တို့ ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ အထက်တန်းပြကျောင်းဆရာ၊ အလယ်တန်းကျောင်းနှင့်အထက်တန်းကျောင်း ကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူး၊ ၁၉၇၉ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၃၅၀ ပြည့်နှစ်(၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တိုက်ပွဲကော်မတီဝင်နှင့် မြို့ပြအုပ်ချုပ်ရေးအဖွဲ့ နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ သရက်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

**၃၈။ အောင်လံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးညွန့်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**


ဦးညွန့်လှိုင်သည် အောင်လံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စား ပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၃၁၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၇ . ၄၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အောင်လံမြို့ဇာတိ ဖြစ်သည်။ ဦးထွန်းလှိုင်၏သားဖြစ်သည်။ ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့ဖွား ဖြစ်သည်။ ဦးညွန့်လှိုင်သည် ၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၀–၆၁ ခုနှစ်တွင် ထီးတန်း ကောလိပ် စည်း/တာဝန်ခံ၊ ၁၉၆၁–၆၂ ခုနှစ်တွင် ရာမညဆောင်သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌ၊ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် သရက်ခရိုင် ကျောင်းသားကျောင်းသူများအသင်း အတွင်းရေးမှူး၊ ၁၉၆၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ကုန်သွယ်ရေးစာရင်းကိုင်၊ ကျောင်းဆရာ၊ ၁၉၇၉ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ယင်းနောက် မှတ်ပုံတင်ဥပဒေ သင်တန်းတက်ခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) ဖြင့် တရားစွဲဆိုခံရပြီး အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်နေ့တွင် သရက်အကျဉ်းထောင်မှ ပြန်လွတ်သည်။ မကွေးတိုင်း စည်းရုံးရေးအဖွဲ့၏ ဘဏ္ဍာရေးမှူးဖြစ်သူ ဦးညွန့်လှိုင်အားခွင့်ပြုချက်မရှိဘဲ ကျေးရွာများသို့ကွင်းဆင်းစည်းရုံးသည်။ ပါတီစည်းရုံးရေးလုပ်ငန်းများကို ပြောင်ပြောင်တင်းတင်း ဆောင်ရွက်သည်။ နိုင်ငံတော်လုပ်ငန်းဆောင်ရွက်ချက်များအပေါ် မထီမဲ့မြင်ပြုသည် ဟူသော စွပ်စွဲချက်များဖြင့် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ (ည) ဖြင့်အရေးယူပြီး ထောင်ဒဏ် (၅) နှစ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စား ပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော် ကိုယ်စား ပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၃၉။ အောင်လံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးသိန်းဇံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသိန်းဇံသည် အောင်လံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၇၁၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၁ ‧ ၇၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးတင်၏သား ဖြစ်သည်။ အောင်လံမြို့နယ်၊ ဒုရင်ဗိုလ်ကျေးရွာဇာတိ ဖြစ်သည်။ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့ဖွား ဖြစ်သည်။ ဦးသိန်းဇံသည် ၁၉၄၅ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ကသစ်ကန်ကျေးရွာ ဘုန်းကြီးကျောင်း၊ ညောင်ပင်ဆိပ် အစိုးရအလယ်တန်းကျောင်း၊ ပြည်မြို့အစိုးရ အထက်တန်းကျောင်း၊ အောင်လံမြို့အစိုးရအထက်တန်းကျောင်းနှင့် ရန်ကုန် အလွတ်ပညာသင်ကျောင်းများတွင် အထက်တန်း အထိ ပညာသင်ခဲ့ပြီး၊ ၁၉၅၇–၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေ–ဘီအယ်လ်ဘွဲ့ ရရှိခဲ့သည်။ ကုန်သွယ်ရေးတွင် ခေတ္တဝင်လုပ်ပြီး ၁၉၆၈ ခုနှစ်မှစ၍ အထက်တန်းရှေ့နေ (ယာယီ)၊ အစိုးရရှေ့နေ၊ တရားရုံးချုပ်ရှေ့နေစသည်ဖြင့် လုပ်ကိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် နေ့ကျောင်းသားကျောင်းသူများအသင်း၊ သရက်ခရိုင်ကျောင်းသားကျောင်းသူများအသင်း၊ ဘောဂဗေဒအသင်း၊ တောင်ငူဆောင်သဟာယနှင့် စာဖတ်အသင်းတို့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၃၇၄) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်နေ့တွင် နယ်မြေခံအာဏာပိုင်များမှ မမှန်သတင်းပေးမှုဖြင့် အောင်လံမြို့နယ်တရားရုံးတွင် တရားစွဲဆိုခြင်းခံထားရသည်။ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် မကွေးတိုင်း၊ အောင်လံမြို့နယ်အတွင်း အာဏာပိုင်များ၏ အဓမ္မလုပ်အားပေးစေခိုင်းမှုကြောင့် အောင်လံမြို့ တောင်ဘက် ပျင်းရွာမှ ကိုဝင်းလွင် ကမ်းပါးပြို မြေပိ၍ သေဆုံးခဲ့ရသည်ကို ကိုဝင်းလွင်၏မိသားစုမှ ရန်ကုန်မြို့ရှိ ILO ရုံးထံတိုင်ကြားရာတွင် ကူညီဆောင်ရွက်ပေးခဲ့သဖြင့် အောင်လံမြို့နယ် အဖွဲ့ချုပ်အဖွဲ့ဝင် ကိုဇော်ဌေး၊ ဦးအောင်သန်းထွန်းတို့နှင့်အတူ သရက်ခရိုင်ရဲတပ်ဖွဲ့မှူး ဦးစိန်ဝင်းမှ တရားလိုပြုလုပ် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## (၉) မန္တလေးတိုင်း။



မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိသည်။ တောင်ဘက်တွင် ပဲခူးတိုင်း၊ အနောက်ဘက်တွင် မကွေးတိုင်း၊ မြောက်ဘက်တွင် စစ်ကိုင်းတိုင်းနှင့် အရှေ့ဘက်တွင် ရှမ်းပြည်နယ်တို့တည်ရှိသည်။ မြောက်လတ္တီတွဒ် (၁၉) ဒီဂရီ (၂၀) မိနစ်နှင့် (၂၃) ဒီဂရီ (၄၅) မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် (၉၄) ဒီဂရီ (၄၅) မိနစ်နှင့် (၉၇) ဒီဂရီ (၀၀) မိနစ်အတွင်းတွင် တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၁၄,၂၉၄) ကျယ်ဝန်းသည်။ တိုင်းမြို့တော်မှာ မန္တလေးမြို့ဖြစ်သည်။

မန္တလေးတိုင်းတွင် မဲဆန္ဒနယ် (၅၆) နယ်၌ နိုင်ငံရေးပါတီအဖွဲ့အစည်း (၂၆) ခုအား ကိုယ်စားပြု ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း (၂၈၂) ဦး၊ တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း (၁၅) ဦး၊ စုစုပေါင်း (၂၉၇) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၅၅) နေရာနှင့် တသီးပုဂ္ဂလ (၁) နေရာ အသီးသီး ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည်။

### ၁။ ကျောက်ဆည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

**ဦးအောင်ကျော်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအောင်ကျော်ဦးသည် ကျောက်ဆည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅,၄၁၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁ . ၆၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကျောက်ဆည်မြို့ဇာတိဖြစ်သည်။ အဖ ဦးကျော်ခင်၊ အမိ ဒေါ်ခင်မြဦးတို့မှ ၁၉၅၆ ခုနှစ်၊ မေလ (၂၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအောင်ကျော်ဦးသည် ၁၉၈၀ ပြည့်နှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ (ချည်/အထည်) ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၃ ခုနှစ်အထိ ရွှေတောင်

(ချည်မျှင်နှင့် အထည်) စက်ရုံစီမံကိန်းနှင့် အထည်စက်ရုံ (၅) ရန်ကုန် ဝန်ထမ်း၊ ၁၉၈၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကိုယ်ပိုင် မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။

## ၂။ ကျောက်ဆည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးကျော်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးကျော်ဝင်းသည် ကျောက်ဆည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၂,၈၆၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆.၄၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ကျောက်ဆည်မြို့နယ်၊ ငါးမြောင်ကျေးရွာဇာတိဖြစ်သည်။ အဖ ဦးရှိန်၊ အမိ ဒေါ်ထွန်းကြည်တို့မှ ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကျော်ဝင်းသည် ၁၉၇၉ ခုနှစ်တွင် မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ သိပ္ပံ (ဓာတုဗေဒ) ဘွဲ့ရရှိခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲ အောင်မြင်သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ ရှေ့နေပညာဆည်းပူးခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၈ ခုနှစ် အထိ တွဲဖက်အထက်တန်းပြ၊ သံရွာတွဲဖက်အစိုးရအထက်တန်းကျောင်း၊ ၁၉၈၂ ခုနှစ်တွင် ဒေါ်ခင်မြနှင့် လက်ထပ်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ကျောက်ဆည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။

## ၃။ ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဗိုလ်ဇံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဗိုလ်ဇံသည် ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၅,၃၂၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၀ . ၈၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကျောက်ပန်းတောင်းမြို့နယ်၊ အရှေ့အင်တိုင်းကျေးရွာဇာတိဖြစ်သည်။ အဖ ဦးဘသော်၊ အမိ ဒေါ်အေးလှိုင်တို့မှ ၁၉၃၇ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဗိုလ်ဇံသည် ၁၉၆၄ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် စခန်းမှူး၊ ကောက်ပဲသီးနှံ အဝယ်စခန်း(ကျောက်ပန်းတောင်းမြို့)၊ ၁၉၆၅ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ဌာနခွဲမန်နေဂျာ၊ မြို့နယ်ကုန်သွယ်ရေး (ကျောက်ပန်းတောင်း၊ ပုဂံ၊ ညောင်ဦး၊ ဆော)၊ ၁၉၇၂ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ဆီစက်လုပ်ငန်း (ကျောက်ပန်းတောင်း)၊ ၁၉၅၆ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု၊ ၁၉၆၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အရန်ပါတီဝင်၊ ပုပ္ပါးတောင်ဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ၊ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့နယ်သပိတ်တပ်ပေါင်းစု ဒုတိယဥက္ကဋ္ဌ၊ ဇနီး ဒေါ်တင်မနှင့် သားသမီး (၅) ဦးထွန်းကားသည်။ ကျောက်ပန်းတောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီဝင်အဖြစ် တာဝန်ယူခဲ့သည်။ ယခု မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျှက်ရှိသည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ ဒီပဲယင်းသွေးချောင်းစီးလုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးဖြစ်ပွားအပြီး စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရပြီး ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် အမှတ် (၁၆) ထောက်လှမ်းရေးတပ်မှ ပြန်လွတ်သည်။

**၄။ ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးငွေထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးငွေထွန်းသည် ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၅,၇၃၅) မဲ၊ စုစုပေါင်းမဲရာနှုန်း (၆၈ . ၄၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကျောက်ပန်းတောင်းမြို့နယ်၊ ကင်ပွန်းခြံရွာဇာတိ ဖြစ်သည်။ အဖ ဦးသာအိ၊ အမိ ဒေါ်အေးတင်တို့မှ ၁၉၃၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးငွေထွန်းသည် ဝိဇ္ဇာ (ပညာရေး) နှင့် ပညာရေးဝိဇ္ဇာဘွဲ့တို့ရရှိခဲ့သည်။ ၁၉၅၇ ခုနှစ်မှစ၍ အထက်တန်းပြကျောင်းဆရာ၊ ကျောက်ပန်းတောင်းမြို့ အစိုးရအထက်တန်းကျောင်းအမှတ် (၁)၊ ၁၉၇၃ ခုနှစ်မှစ၍ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်၊ ၁၉၈၄ ခုနှစ်မှစ၍ မြို့နယ်ပညာရေးမှူး ကျောက်ပန်းတောင်းမြို့၊ ၁၉၈၈ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် ရုံးစာရေးတဦး မှားယွင်းစွာပြုစုသော ၁၉၈၇ ခုနှစ်၊ အဌမတန်းဖြေဆိုသူစာရင်းကို လက်မှတ်ထိုးမိ၍ လုပ်သက်ပြည့်ပင်စင်ပေးခြင်း ခံခဲ့ရသည်။ ၁၉၈၂ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တင်းပြည့်ပါတီဝင်၊ ၁၉၈၆ ခုနှစ်တွင် အခြေခံနိုင်ငံရေးသင်တန်းအမှတ်စဉ် (၅၃) ဆင်း၊ ၁၃၅၀ ပြည့်(၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ကျောက်ပန်းတောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။

**၅။ စဉ့်ကူမြို့နယ်မဲဆန္ဒနယ်။**

**ဦးစောဌေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစောဌေးသည် စဉ့်ကူမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၆,၀၇၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း(၆၅)ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘဒင်၊ အမိ ဒေါ်ဇင်တို့မှ ၁၉၃၄ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစောဌေးသည် ၁၉၆၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (ပညာရေး) ဘွဲ့နှင့် ၁၉၆၆ ခုနှစ်တွင် ဘီအီးဒီဘွဲ့တို့ကို ရန်ကုန်ပညာရေးတက္ကသိုလ်မှ ရရှိခဲ့သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ၊ အထက်တန်းပြကျောင်းဆရာ၊ ထို့နောက် စဉ့်ကူမြို့နယ် ပညာရေးမှူးအဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ စဉ့်ကူမြို့ အစိုးရအထက်တန်းကျောင်းတွင် ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မန္တလေး အနောက်မြောက်မြို့နယ် ပညာရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ မန္တလေးတိုင်းစည်း ရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သည်။ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် မန္တလေးအကျဉ်းထောင်မှ ပြန်လွတ်သည်။ ၂၀၀၆ ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့တွင် အာဏာပိုင်များ၏ ဖိအားပေးမှုကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

**၆။ စဉ့်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဒေါက်တာစိုးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာစိုးမြင့်သည် စဉ့်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၄၆၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၄.၉၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ တံတားဦးမြို့ဇာတိဖြစ်သည်။ အဖ ဦးသန်းရွှေ၊ အမိ ဒေါ်အုန်းမေတို့မှ ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာစိုးမြင့်သည် ကျောက်ဆည်မြို့၊ ပြည်လုံးနိုင် အစိုးရအထက်တန်းကျောင်းမှ  တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ၁၉၇၂ ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့

ရရှိခဲ့သည်။ မေမြို့ အခြေခံချစစ်ဆေးရုံ (၁) တွင် အလုပ်သင်ဆရာဝန်အဖြစ် (၁) နှစ် ထမ်းဆောင်ခဲ့သည်။ ၁၉၈၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကိုယ်ပိုင်ဆေးခန်း၊ ၁၉၈၂ ခုနှစ်တွင် မြို့နယ် တိုင်းရင်းမြန်မာသမားတော်များအဖွဲ့ ဥက္ကဋ္ဌ၊ ၁၉၇၁ ခုနှစ်တွင် ဒေါ်နုနုအေးနှင့် လက်ထပ်ခဲ့သည်။ စဉ့်ကိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

## ၇။ စဉ့်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါက်တာလှစိုးညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာလှစိုးညွန့်သည် စဉ့်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၄၅၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၉ ․ ဝ၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မန္တလေးမြို့ဇာတိဖြစ်သည်။ အဖ ဦးဟန်ညွန့်၊ အမိ ဒေါ်ချစ်ချစ်တို့မှ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာလှစိုးညွန့်သည် ၁၉၈၃ ခုနှစ်တွင် မန္တလေး ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ ရရှိခဲ့သည်။ ကျောင်းသားဘဝက လူရည်ချွန် (နဝမတန်း) ရသည်။ အသုံးလုံးနှင့် လူငယ် လုပ်အားပေးတွင်ပါဝင်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဒေါက်တာဒေါ်ဌေးဝင်းနှင့် လက်ထပ်ခဲ့သည်။ ကိုယ်ပိုင် ဆေးခန်းဖွင့်ထားသည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ စဉ့်ကိုင်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ ညတွင်ဖြစ်ပျက်ခဲ့သည့် အာဏာပိုင်များကိုယ်တိုင် ပါဝင်ပတ်သက် စီစဉ်ကျူးလွန်ခဲ့သည့် ဒီပဲယင်းသွေး ချောင်းစီး လုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးအတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့၏ယာဉ်တန်းတွင် ပါဝင် လိုက်ပါခဲ့ပြီး၊ လုပ်ကြံသတ်ဖြတ်တိုက်ခိုက်သူများရန်မှ အသက်မသေ လွတ်မြောက်လာခဲ့သည်။

## ၈။ ညောင်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးချို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးချိုသည် ညောင်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ(၂၉၈၈၄)မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း(၆၉.၁၁)ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ညောင်ဦးမြို့ဇာတိဖြစ်သည်။ အဖ ဦးဘရွှေ၊ အမိ ဒေါ်မြအုံတို့မှ ၁၉၂၁ ခုနှစ်တွင်မွေးဖွားခဲ့သည်။ ဦးချိုသည် ဥပစာ သိပ္ပံအထက်တန်းအထိ ပညာသင်ကြားခဲ့၍ ကျောင်းသားသမဂ္ဂ၊ အာရှလူငယ်နှင့် ရေနံမြေအလုပ်သမားအစည်း အရုံးတို့တွင်ပါဝင်ခဲ့သည်။ ကျောင်းဆရာ၊ ထောက်ပံ့ရေးနှင့် ရေနံအရာရှိ၊ ပျံ့သန်းရေးလက်ထောက်၊ ဗိုလ်လောင်း သင်တန်းဆင်း၊ ရဲအဖွဲ့တွင် ရဲအဖွဲ့တွင် ဒုရဲအုပ်ဘဝမှ မှူခင်းလက်ထောက် ရဲမင်းကြီးအဆင့်ထိ နှစ်(၃၀)ကျော် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အငြိမ်းစား ယူခဲ့သည်။ ဇနီး ဒေါ်စိန်ရင်နှင့် သားသမီး(၇)ဦးထွန်းကားသည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ဥက္ကဋ္ဌ၊ ညောင်ဦးမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် စည်းရုံးရေးကော်မတီဝင်တာဝန်ယူခဲ့သည်။ ၂၀၀၂ ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင် ညောင်ဦးမြို့၌ ကွယ်လွန်သည်။

## ရဲကျော်သူ
## ရဲမှူး ဦးချို (ငြိမ်း)
## အသက် (၈၂) နှစ်

ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် (၃၀)၊ အခန်း (၁) နေ (ဒေါ်စိန်ရင်) ၏ ခင်ပွန်း၊ ဦးမျိုးမြင့်–(ဒေါ်ပိုက်ပိုက်ထွေး)၊ ဒုတိယဗိုလ်မှူးကြီးရဲမြင့်–ဒေါ်ခင်သိန်းရီ၊ ဦးဇော်ဝင်း–(ဒေါ်ခင်ထွေး)၊ ဦးကျော်ကျော် (ဒုကြီး/မှူး၊ ပျဉ်းမနားချော သယ်) –ဒေါ်တင်နွဲ့ဦး (ရုံးချုပ် စာရွေး/စာပို့)၊ ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်–ဒေါ်ခင်သန်းနွဲ့၊ ဦးမြင့်ခိုင်–ဒေါ်ခင်မေ ချို (ဗိုလ်မှူးမြင့်စိုး)–ဒေါ်ကြူကြူသန်းတို့၏ ဖခင်၊ မြေး (၁၇) ယောက်၊ မြစ်တယောက်တို့၏ အဘိုး ဦးချိုသည် (၈–၃–၂၀၀၂) ရက်တွင် ကွယ်လွန်ပါ၍ (၉–၃–၂၀၀၂) ရက်တွင် ညောင်ဦးမြို့သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး၊ ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ၉။ ညောင်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
### ဦးဖေတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးဖေတင်သည် ညောင်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၇,၆၉၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၈.၁၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ နတ္တလင်းမြို့ဇာတိ ဖြစ်သည်။ အဖ ဦးတင်၊ အမိ ဒေါ်လှပုတို့မှ ၁၉၂၇ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဦးဖေတင်သည် သတ္တမတန်းအောင်မြင်ခဲ့၍ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် အထိ အမြောက်တပ်သား၊ တပ်စိပ်မှူး၊ ၁၉၄၆ ခုနှစ်တွင် တပ်မတော်သို့ဝင်ရောက်ခဲ့သည်။ ၁၉၄၆ ခုနှစ်မှ ၁၉၅၈ ခုနှစ် အထိ ယာဉ်ပြင် (၁) ဒုတပ်ကြပ် အင်ဂျင်နီယာ တပ်မှ ပ–အရာခံဗိုလ်အထိ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ လုံခြုံရေးတပ်ဖွဲ့မှူး (ကက)၊ ၁၉၆၂–၆၃ ခုနှစ်တွင် တပ်ရေး၊ ဥက္ကဋ္ဌနလက အမရပူရ၊ အတွင်းရေးမှူး မြေယာကော်မတီ မန္တလေးတိုင်းနှင့် သစ်ထုတ်လုပ်ရေးအဖွဲ့၊ ၁၉၆၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ တပ်စုမှူး၊ စစ်ကြောင်းမှူး၊ ခလရ(၁၁)၊ ၁၉၆၅ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ မြို့နယ်ဦးစီးမန်နေဂျာ ကုန်သွယ်ရေး (ညောင်ဦး/ကွတ်ခိုင်)၊ ၁၉၇၄ ခုနှစ်မှစ၍ **'မားသား'** တည်းခိုရိပ်သာလုပ်ငန်းရှင်၊ ဇနီးဒေါ်နုနုတင်နှင့် သားသမီး (၄) ဦး ထွန်းကားသည်။ ၁၃၅၀ ပြည့်(၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် ပုဂံမြို့၊ မြို့မိ မြို့ဖအဖွဲ့ နာယက၊ မြို့နယ် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ဥက္ကဋ္ဌ၊ ညောင်ဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီဝင် တာဝန်ယူခဲ့သည်။

### ၁၀။ တံတားဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။
### ဦးအေရာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအေရာသည် တံတားဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၈၆၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆ . ၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ တံတားဦးမြို့ဇာတိဖြစ်သည်။ ၁၉၂၀ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ဖွားဖြစ်သည်။ ဦးဖိုးဝန်၏သား ဖြစ်သည်။ ဦးအေရာသည် ဗဟိုနော်မံကျောင်းမှ အထက်တန်းဆရာဖြစ် (ဟိုင်းရားဂရိတ်) နှင့် ကျောင်းထွက်လက်မှတ်ရ စာမေးပွဲကိုပါ အလွတ်ဖြေဆို အောင်မြင်ခဲ့သည်။ ၁၃၀၀ ပြည့်နှစ်၊ အရေးတော်ပုံကြီးတွင် တံတားဦးမြို့နယ်ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ၊ သပိတ်ခေါင်းဆောင်၊ မြေအောက်တော်လှန်ရေး အချိန်ပြည့်

အဖွဲ့ဝင်၊ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၊ တံတားဦး၊ အုပ်ချုပ်ရေးအဖွဲ့ဝင်၊ ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ)၊ တပ်ရင်း (၁) တပ်သား၊ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း တတိယပတ်ဗိုလ်သင်တန်းဆင်း၊ တပ်ရင်း (၃)၊ တပ်ခွဲ (၁)၊ ရုံးအုပ် (အလုပ်သင်ဗိုလ်)၊ ဂျပန်တော်လှန်ရေးတွင် အထက်ဗမာပြည်တိုင်းတာဝန်ဖြင့် တံတားဦးမြို့ တွင်လှုပ်ရှားခဲ့သည်။ ဖ–ဆ–ပ–လ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၏ လုံခြုံရေးတာဝန်၊ ဗိုလ်ချုပ်ကျဆုံး ပြီးနောက် မြို့နယ်တွင် မူလတန်းနှင့်အလယ်တန်းပြဆရာအဖြစ် အငြိမ်းစားယူသည့်အထိ ဆောင်ရွက်ခဲ့သည်။ တံတားဦးမြို့နယ် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ နာယကနှင့် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။

## ၁၁။ တံတားဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးသန်းနီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသန်းနီသည် တံတားဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၄၃၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၃ . ၄၂) ဖြင့်ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရသည်။ တံတားဦးမြို့ဇာတိဖြစ်သည်။ ၂၅–၃–၁၉၃၁ ခုနှစ်၊ မတ်လ (၂၅) ရက်နေ့ဖွား ဖြစ်သည်။ ဦးသာရှိန်း၏သားဖြစ်သည်။ ဦးသန်းနီသည် ၁၉၆၄ ခုနှစ်တွင် ဝိဇ္ဇာ (ပညာရေး) ဘွဲ့၊ ၁၉၆၈ ခုနှစ် တွင်ဝိဇ္ဇာဘွဲ့နှင့် ၁၉၇၀ ပြည့်နှစ်တွင် ပညာရေးဝိဇ္ဇာဘွဲ့တို့ရရှိခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် အလယ်တန်းပြကျောင်းဆရာ၊ ၁၉၅၈ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ အထက်တန်းပြကျောင်းဆရာ၊ အထက်တန်း ကျောင်းအုပ်၊ ၁၉၇၉ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၉၄၆ ခုနှစ်၊ နိုင်ငံလုံးဆိုင်ရာကျောင်းသားသပိတ်တွင် တံတားဦးကျောင်းသားသပိတ် ခေါင်းဆောင်၊ ဗကသများအဖွဲ့ချုပ် ညီလာခံကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခဲ့သည်။ တံတားဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်စည်းရုံးရေးမှူး တာဝန်ယူခဲ့သည်။

## ၁၂။ တပ်ကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဝမ်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဝမ်းမောင်သည် တပ်ကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅,၄၂၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆ . ၇၄) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ တပ်ကုန်းမြို့ဇာတိဖြစ်သည်။ အဖ ဦးလှ၊ အမိ ဒေါ်စောလှတို့မှ ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဦးဝမ်းမောင်သည် တပ်ကုန်းမြို့၊ အစိုးရအထက်တန်း ကျောင်း အမှတ် (၁) တွင် ဆယ်တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ဒေါ်တင်သန်းနှင့် လက်ထပ်ခဲ့သည်။ စိုက်ပျိုးမွေးမြူရေးလုပ်လျက် လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များတွင် ဦးဆောင် ဦးရွက်ပြုခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ကျေးရွာအုပ်စု (၆၄) ရွာသို့ လှည့်လည်၍ ဟော ပြောဆွေးနွေးခဲ့သည်။ တပ်ကုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။

## ၁၃။ တပ်ကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးဝင်းလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဝင်းလှိုင်သည် တပ်ကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅,၈၉၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁ . ၃၁) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ ကလေးဝမြို့နယ်၊ ကလေးဝစီမံကိန်းသစ်ချောင်းရွာဇာတိဖြစ်သည်။ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာ

လ (၂၇) ရက်နေ့ဖွား ဖြစ်သည်။ ဦးအောင်ထွန်း၏သား ဖြစ်သည်။ ဦးဝင်းလှိုင်သည် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်မှ သိပ္ပံ (ရူပဗေဒ) ဘွဲ့ရရှိခဲ့၍ မှတ်ပုံတင်ဥပဒေစာမေးပွဲအောင်မြင်သည်။ ၁၉၈၉ ခုနှစ်တွင် အိမ်ထောင်ပြုခဲ့သည်။ ကုန်သည်တပိုင်း ရှေ့နေတပိုင်း အသက်မွေးသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို) တွင် ဗဟိုလူငယ်လုပ်ငန်း အဖွဲ့ဝင်နှင့် ဗဟိုဦးစီးအဖွဲ့ဝင် တာဝန်ယူခဲ့သည်။ ဦးဝင်းလှိုင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဂန္ဓီခန်းမ ဆုံးဖြတ်ချက်အတိုင်း နဝတထံမှ လွှတ်တော်ခေါ်ယူခွင့်မရလျှင် လုပ်ဆောင်သင့်သည့်နည်းလမ်းသုံးသွယ် စာတမ်းကို အဖွဲ့များခွဲ၍တိုင်ပင်ဆွေးနွေးရေးသားကြရာတွင် လူငယ်ဗဟိုအဖွဲ့၏ အုပ်စုခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည့်အတွက် သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည်။ ဦးဝင်းလှိုင်သည် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ (၅) (က) (ခ) (ည) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရ၍ ရွေးကောက်ပွဲဥပဒေပုဒ်မ (၁၁) (ည) နှင့်ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၈၇) ဖြင့် ကြေညာခဲ့သည်။ နောင် (၁၀) နှစ်အတွင်းပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် နှစ်ရှည်ထောင်ဒဏ်အပြစ်ပေးခြင်း ခံခဲ့ရသည်။

## ၁၄။ တောင်သာမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးချစ်ခိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးချစ်ခိုင် (ဇေယျကျော်ထင်၊ သီရိပျံချီစည်သူ) သည် တောင်သာမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၀,၀၂၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၇ . ၆၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၁ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့ဖွား ဖြစ်သည်။ တောင်သာမြို့နယ်၊ သပွတ်စု ကျေးရွာဇာတိဖြစ်သည်။ အဖ ဦးရွှေဉ၊ အမိ ဒေါ်စိန်ဥတို့၏သား ဖြစ်သည်။ ဦးချစ်ခိုင်သည် ဆယ်တန်းကျောင်းသားဘဝတွင် ကျောင်းသားသမဂ္ဂခေါင်းဆောင်၊ ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၆ ခုနှစ်အထိ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ၊ အိုင်၊ အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီ၊ ဒီ၊ အေ)၊ မျိုးချစ်ဗမာ့တပ်မတော် (ပီ၊ ဗီ၊ အက်ဖ်) တို့တွင် ပါဝင်ခဲ့သည်။ ကိုယ်ပိုင်အမှတ် (ကြည်း) ၃၆၉၄ ဖြင့် ပြန်တမ်းဝင် အရာရှိဖြစ် ပြီး၊ ၁၉၄၆ ခုနှစ်တွင် သနက (၂) ၌ စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ သနက (၅) တပ်ခွဲအရာရှိ၊ ၁၉၄၇ ခုနှစ်တွင် စစ်ဝန်ထမ်းတပ်၊ ၁၉၄၉ ခုနှစ်တွင် ဒေသန္တရဗိုလ်မှူးတပ်မှူး၊ ၁၉၅၀ ပြည့်နှစ်တွင် ဗိုလ်ကြီး အဆင့်သို့တိုးမြှင့်ခြင်းခံရပြီး ခလရ (၈) ဒုတိယတပ်ခွဲမှူး၊ ၁၉၅၁ ခုနှစ်တွင် ဗိုလ်မှူးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ခလရ (၁၈) ယာယီတပ်ရင်းမှူး၊ ၁၉၅၅ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခြင်းခံရပြီး တပ်ရင်းမှူး၊ ၁၉၅၇ ခုနှစ်တွင် တပ်မဟာ (၁၀) တပ်မဟာမှူး၊ မပခ၌ စစ်ဦးစီးမှူး (ပထမတန်း)၊ ၁၉၅၈ ခုနှစ်တွင် တပ်မဟာ (၁၀) တပ်မဟာမှူး၊ ချင်းသနက (၄)၊ ဝန်ကြီးချုပ်ရုံး၊ ၁၉၆၀ ပြည့်နှစ်တွင် တိုက်ခိုက်ရေးကျောင်း၌ လက်ထောက် ကျောင်းအုပ်ကြီး၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ညွှန်ကြားရေးမှူးချုပ်၊ ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် ရွေးကောက်ပွဲ၌ ဘက်လိုက်ခဲ့သည်ဟုဆိုကာ ရာထူးခန့်ထားရေးအဖွဲ့အစည်းအဝေးမှ တပ်မတော် တွင် စစ်မှုထမ်းခြင်းမှ ရပ်စဲခဲ့သည်။ ၁၉၆၂ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် အလုပ်ဝတ္တရားများကို ပြန်လည် အပ်နှံခဲ့ပြီး အငြိမ်းစားယူခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ဝန်ကြီး ဌာန (ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရ)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ မော်ကွန်းဝင် (ပထမဆင့်) ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအတွင်းရေးမှူးနှင့် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ဗဟိုအထွေထွေအတွင်း ရေးမှူး အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေး

ကောက်ပွဲ ကျင်းပရေးကော်မရှင်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နှုတ်ထွက်ကြောင်း ကြေညာချက်အမှတ် (၉၆၃) ဖြင့် ကြေညာခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အထွေထွေအတွင်းရေးမှူးအဖြစ် ၎င်းဆောင်ရွက်နေသည့် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့မှ မိမိအဖွဲ့အစည်းကို အသိမပေးဘဲနှုတ်ထွက်သည့်အတွက် ဦးချစ်ခိုင်ကို မူအရ အထွေထွေအတွင်းရေးမှူးအဖြစ်မှလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်မှလည်းကောင်း ထုတ်ပယ်ခဲ့သည်။ အလားတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှလည်း ထုတ်ပယ်ခဲ့သည်။ နဝတ၏ အမိန့်အမှတ် (၁/၉၀) ဖြင့် ဖမ်းဆီး ထိန်းသိမ်းခြင်းခံခဲ့ရပြီးနောက် ၁၉၉၂ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။ ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ (၁၈)ရက်နေ့တွင် ကွယ်လွန်သည်။

**ဇေယျကျော်ထင်သီရိပျံချီ၊ စည်သူ**
**(နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)**
**(မော်ကွန်းဝင်ပထမဆင့်)**
**ဦးချစ်ခိုင်**
**(မြင့်ခြံ/တောင်သာ)**
**(ဒုတိယဗိုလ်မှူးကြီး၊ အငြိမ်းစား)**
**(ကြည်း–၃၆၄၉)**
**ဂျပန်ခေတ်စစ်တက္ကသိုလ်၊ အပတ်စဉ် (၁)**
**အသက် (၇၂) နှစ်**

တောင်သာမြို့နယ်၊ သပွတ်စုကျေးရွာနေ ဦးရွှေဥ (ကွယ်လွန်) – ဒေါ်စိန်ဥတို့၏ သားကြီး၊ ရန်ကုန်မြို့၊ အမှတ် ၁၄ (ဂ)၊ ကမ္ဘာ့ဇရိပ်သာနေ ဒေါ်မြင့်မြင့် (မြင်းခြံ) (ကွယ်လွန်) ၏ ခင်ပွန်း၊ ဦးမျိုးဟိန်း–ဒေါ်ဝါဝါအောင်၊ ဒေါက်တာ သိန်းဇော်–ဒေါက်တာသန်းသန်းဝင်း (U.K.)၊ ဒေါက်တာတင်သိန်း–ဒေါက်တာတင်ဒွေးမော်၊ ဗိုလ်ကြီး အောင်ကျော်နိုင် (အငြိမ်းစား)–ဗိုလ်ကြီးလဲ့လဲ့ခိုင် (အငြိမ်းစား)၊ ဦးလှဘုန်း–ဒေါ်ယုယုဝင်း၊ ဒေါက်တာနိုင်အောင်– ဒေါ်ခင်နှင်းနွယ်၊ ဦးလွင်မောင်–ဒေါ်ခင်လှဝင်း တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေး (၁၂) ယောက်တို့၏ အဘိုးဖြစ်သူ ဦးချစ်ခိုင်သည် ၁၈–၇–၉၃ ရက်နေ့ တနင်္ဂနွေနေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**၁၅။ တောင်သာမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**
**ဦးသန်းထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးသန်းထွန်းသည် တောင်သာမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၀,၀၈၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၀ . ၃၈) ဖြင့် ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရသည်။ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၀ ပြည့်နှစ်၊ ဇွန်လ (၆) ရက်နေ့တွင် ကြေညာချက်အမှတ် (၆၀၉) ဖြင့် မန္တလေးတိုင်း၊ တောင်သာမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၄၁)၊ ပုဒ်မ ခွဲ (ဂ)နှင့်အညီ ကြေညာအပ်ပါသည်ဟု ဖော်ပြကြေညာခဲ့သည်။ ၁၉၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ဖွား ဖြစ်သည်။ ဦးဖိုးမင်း၏သား ဖြစ်သည်။ ဦးသန်းထွန်းသည် ၁၉၃၇ ခုနှစ်မှ

၁၉၄၁ ခုနှစ်အထိ (၁၀) တန်းကျောင်းသား၊ မြင်းခြံကျောင်းသားသမဂ္ဂ အမှုဆောင်၊ ၁၉၄၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ၊ အိုင်၊ အေ) အုပ်ချုပ်ရေးဝင် ဖက်ဆစ်တော်လှန်ရေး မြင်းခြံခရိုင်တာဝန်ခံ၊ ၁၉၄၆ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ မြင်းခြံခရိုင် ဖ–ဆ–ပ–လ အတွင်းရေးမှူး၊ ၁၉၄၇ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်၊ ပါလီမန်အမတ်၊ ပါလီမန်အတွင်းဝန်၊ ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ်–ဗမာနိုင်ငံ(တီ–ယူ–စီ–ဘီ) အတွင်းရေးမှူး၊ ၁၉၆၄ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်၊ ၁၉၆၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ကုန်သွယ်ရေး (၄) အဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်၊ အထက်ဗမာပြည်စည်းရုံးရေး တာဝန်ခံ၊ ဗဟိုအလုပ်သမားအဖွဲ့ခေါင်းဆောင် တာဝန်ယူခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အဖွဲ့ဝင်တဦးဖြစ်သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ ဒီပဲယင်းသွေးချောင်းစီး လုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးဖြစ်ပွားစဉ် နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံရပြီး၊ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့တွင် ပြန်လည်လွှတ်မြောက်သည်။

## ၁၆။ နွားထိုးကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးပန်းသာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးပန်းသာသည် နွားထိုးကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅,၀၃၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ . ၄၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ နွားထိုးကြီးမြို့နယ်၊ ဝက်လူးကျေးရွာဇာတိဖြစ်သည်။ အဖ ဦးလှရင်၊ အမိ ဒေါ်လှကြီးတို့မှ ၁၉၂၄ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးပန်းသာသည် မန္တလေးဖားသားလဖုန်းကျောင်းမှ သတ္တမတန်းအောင်မြင်ခဲ့သည်။ ၁၉၄၁ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ အာရှလူငယ်၊ ဖက်ဆစ်တော်လှန်ရေးတွင် နွားထိုးကြီးမြောက်ဘက်ခြမ်း တာဝန်ခံ၊ ၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ဗမာပြည်ကွန်မြူနစ်ပါတီ မြို့နယ်စည်းရုံးရေးအဖွဲ့ဝင်၊ ၁၉၄၈ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် မန္တလေးထောင်၌ ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ ၁၉၄၉ ခုနှစ်တွင် မန္တလေးမြို့အား ကရင်သူပုန်သိမ်းသည့်အခါ ထောင်မှပြန်လည်လွတ်မြောက်ခဲ့သည်။ ၁၉၅၁ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ ဗမာပြည်ကွန်မြူနစ်ပါတီ မြို့နယ်ဥက္ကဋ္ဌ၊ ၁၉၅၃ ခုနှစ်တွင် အလင်းဝင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မြို့နယ် ဖ–ဆ–ပ–လ အဖွဲ့ဝင်၊ ၁၉၅၇ ခုနှစ် မှ ၁၉၆၃ ခုနှစ်အထိ မြို့နယ် ဖ–ဆ–ပ–လ ဥက္ကဋ္ဌ၊ အလင်းရောက် ရဲဘော်များ ပြန်လည်နေရာချထားရေးကော်မတီ လူကြီး၊ ၁၉၆၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နိုင်ငံရေးမှ အနားယူခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။

## ၁၇။ နွားထိုးကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးစိန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိန်းမောင်သည် နွားထိုးကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၂,၃၀၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၂ . ၄၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ သည်။ နွားထိုးကြီးမြို့ဇာတိ ဖြစ်သည်။ အဖ ဦးထွန်းစိန်၊ အမိ ဒေါ်လှရင်တို့မှ ၁၉၃၀ ပြည့်နှစ်၊ မတ်လ (၂၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစိန်းမောင်သည် မြင်းခြံမြို့အစိုးရ အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် တပ်မတော်သို့ဝင်ရောက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် လကရ (၁) တွင် ကျောင်းဆင်းပြီး ဗဟိုဆက်သွယ်ရေး၊ မေမြို့တာဝန်၊ ၁၉၆၅ ခုနှစ်တွင် ဗိုလ်သင်တန်းအမှတ်စဉ် (၃၄) ဆင်း တဗက (၂) ပုပ္ပါး၊ ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ထပရ (၂၂၂) ရွှေညောင်၊ ၁၉၈၀ ပြည့်

နှစ်မှ ၁၉၈၄ ခုနှစ်အထိ ထပရ (၅၂၅) မော်လမြိုင်၊ ၁၉၈၇ ခုနှစ်၊ နိုဝင်ဘာလတွင် အငြိမ်းစားယူခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ နွားထိုးကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့တို့တွင် တာဝန်ယူခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၆ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၂၆၆) ဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

## ၁၈။ ပုသိမ်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဆန်းညွှန့်ဝေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဆန်းညွှန့်ဝေသည် ပုသိမ်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၃၃၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆ . ၂၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကျောက်ပန်းတောင်းမြို့ဇာတိ ဖြစ်သည်။ အဖ ဦးစော၊ အမိ ဒေါ်စောရွှေတို့မှ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဆန်းညွှန့်ဝေသည် မကွေးကောလိပ်တွင် ရူပဗေဒ ပထမနှစ်အထိ သင်ကြားခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် အလုပ်သင်ဗိုလ်လောင်း အမှတ်စဉ် (၁) သို့ တက်ရောက်ခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ အလုပ်သင်ဗိုလ် ခလရ (၁)၊ ဒုဗိုလ် ခလရ (၆)၊ ဗိုလ် ခလရ (၅၉)၊ ဗိုလ်ကြီး ခလရ (၇၄)၊ ခလရ(၄)၊ ၁၉၈၄ ခုနှစ်တွင် အရပ်ဘက်ပြစ်မှု (၃၀၇) (ခ)အရ တပ်မတော်မှ အမြဲတမ်း ထုတ်ပြစ်ဒဏ်နှင့် အလုပ်ကြမ်းဖြင့်ထောင်ဒဏ် (၁) နှစ်ကျခံခဲ့ရသည်။ ၁၉၈၄ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာတွင် သစ်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ မျိုးချစ် ရဲဘော်ဟောင်းများအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းစည်းရုံးရေးအဖွဲ့ဝင်၊ ပုသိမ်ကြီးမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ် စည်းရုံးရေးကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှနုတ်ထွက်ခဲ့ပြီး နအဖသတင်းစာများတွင် **'ဆန်းညွှန့်ဝေ (ပုသိမ်ကြီးမြို့နယ် ရွေးချယ်ခံကိုယ်စားလှယ်နုတ်ထွက်)'** ဟူသည့် ကလောင်အမည်ဖြင့် အဖွဲ့ချုပ်အား တိုက်ခိုက်သည့် ဆောင်းပါးများ ရေးသားခဲ့သည်။

## ၁၉။ ပုသိမ်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။

### ဒုတိယဗိုလ်မှူးကြီးစံလှဘော် (အငြိမ်းစား)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒုတိယဗိုလ်မှူးကြီးစံလှဘော် (အငြိမ်းစား) သည် ပုသိမ်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၃,၈၇၀) မဲ၊ စုစုပေါင်းမဲ ရာခိုင်နှုန်း (၅၇ . ၇၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၂၈ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်နေ့ဖွား ဖြစ်သည်။ မော်လမြိုင်မြို့ ဇာတိဖြစ်သည်။ ဦးကျော်ရှိန်၏သား ဖြစ်သည်။ ဒုတိယဗိုလ်မှူးကြီးစံလှဘော် (အငြိမ်းစား) သည် ၁၃၀၀ ပြည့် အရေးတော်ပုံ၊ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၊ အာရှလူငယ်၊ မျိုးချစ်ဗမာ့တပ်မတော် (ပီဗီအက်ဖ်) တို့တွင်ပါခဲ့သည်။ အင်္ဂလိပ်–မြန်မာ ဆယ်တန်းအရောက် ၁၉၄၇ ခုနှစ်တွင် တပ်မတော်သို့ ဝင်ရောက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇) သို့ တက်ခဲ့သည်။ ထိုမှ ဒုတိယဗိုလ်၊ ဗိုလ်၊ ဗိုလ်ကြီး၊ ဗိုလ်မှူး၊ ဒုတိယဗိုလ်မှူးကြီးအထိ တပ်မတော်တွင်အမှုထမ်းခဲ့၍ ၁၉၈၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ မန္တလေးတိုင်းစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးတိုင်းစည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့တာဝန်ခံ ဦးစံလှဘော်အား ၁၉၉၆ ခုနှစ်

နိုဝင်ဘာလ (၂၂) ရက်နေ့ညတွင်၊ မန္တလေး–ရန်ကုန် အမြန်ရထားပေါ်တွင် အကြမ်းဖက်သမားလူရမ်းကား တို့က ပစ္စည်းများလုယက်ပြီး၊ ဦးခေါင်းကိုရိုက်နှက်ခဲ့ကြသည်။ ယင်းအမှုအား သက်ဆိုင်ရာအာဏာပိုင်များထံ အမှုဖွင့်တိုင်ကြားခဲ့သော်လည်း၊ တစုံတရာအရေးယူမှုမရှိခဲ့ပါ။ ၂၀၀၆ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့တွင် အာဏာပိုင်များ၏ ဖိအားပေးမှုကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

**၂၀။ ပျဉ်းမနားမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးတင့်လွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးတင့်လွင်သည် ပျဉ်းမနားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၁,၆၈၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၀ . ၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ပျဉ်းမနားမြို့ဇာတိဖြစ်သည်။ အဖ ဦးဘိုကြီး၊ အမိ ဒေါ်ခင်မြတို့မှ ၁၉၄၅ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဦးတင့်လွင် သည် အခြေခံပညာအထက်တန်းကို (ခ) အဆင့်ဖြင့် သုံးကြိမ် အောင်မြင်ပြီးနောက် ကျောင်းဆက်မတက်ပဲ ကြံသကာပွဲရုံလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ အားကစားနှင့် ကာယပညာနည်းပြ၊ မြို့နယ်သမဝါယမလုပ်ငန်းကြီးကြပ်မှုနှင့် ဈေးနှုန်းညှိနှိုင်းရေးကော်မတီဝင်၊ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ပျဉ်းမနားမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန် ယူခဲ့သည်။ ၁၂–၆–၁၉၉၆ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှနုတ်ထွက်ကြောင်း ကြေညာချက်အမှတ် (၁၂၆၈) ဖြင့် ကြေညာခဲ့ သည်။

**၂၁။ ပျဉ်းမနားမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးကျော်သည် ပျဉ်းမနားမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၉,၉၉၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၁ . ၃၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ပျဉ်းမနားမြို့ဇာတိ ဖြစ်သည်။ အဖ ဦးဖြူ၊ အမိ စောရင်တို့မှ ၁၉၃၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကျော်သည် ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ဝင်သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ အရန်ယူနစ် ကော်မတီဝင် လအက ဥက္ကဋ္ဌ၊ လယ်သမားကောင်စီနှင့် မြို့နယ်သမဝါယမ ဥက္ကဋ္ဌ၊ ထို့နောက် စိုက်ပျိုးမွေးမြူရေး ကိုယ်ပိုင် လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ပျဉ်းမနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။

**၂၂။ ပျော်ဘွယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးခင်မောင်ညို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးခင်မောင်ညိုသည် ပျော်ဘွယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅,၂၇၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၆ . ၀၇) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ပျော်ဘွယ်မြို့နယ်၊ လျှော်ဖြူကုန်းကျေးရွာဇာတိဖြစ်သည်။ ၁၉၄၁ ဖွား၊ အဖ ဦးသောင်းဖေ၊ အမိ ဒေါ်သောင်းတင်တို့မှ ၁၉၄၁ ခုနှစ်၊ မေလ (၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးခင်မောင်ညို သည် ပျော်ဘွယ်မြို့အစိုးရအထက်တန်းကျောင်းတွင် ဆယ်တန်းအထိပညာသင်ကြားခဲ့သည်။ ၁၉၆၀ ပြည့်နှစ် တွင် ဒေါ်သန်းမြင့်နှင့်လက်ထပ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် စာရေး၊ မြို့နယ်ရက်ကန်းသမဝါယမ၊ ၁၉၆၁ ခုနှစ်မှ

၁၉၆၃ ခုနှစ်အထိ အတွင်းရေးမှူး ရက်ကန်းသမ၊ မြို့နယ်သမဝါယမနှင့် မြို့နယ်လက်ကားသမ၊ ယင်းနောက် ကိုယ်ပိုင် စီးပွားရေးလုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ပျော်ဘွယ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးမှူးနှင့် ဘဏ္ဍာရေးမှူးတာဝန် ယူခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၅၁၃) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၅၁၃)**
**(၁၃၆၂ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်)**
**(၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ ၁ ရက်)**

**အကြောင်းအရာ ။ ။ ဦးခင်မောင်ညို‌အား မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံထားရသူ ဦးခင်မောင်ညိုက မိမိသည် ပုဂ္ဂိုလ်စွဲ၊ အဖွဲ့စွဲ၊ ပါတီစွဲမရှိဘဲ ဘာသာရေးနှင့် ကုသိုလ်ဖြစ် လူမှုရေးလုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်လိုပြီး ပါတီနိုင်ငံရေးကို ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိတော့သဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ အဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးခင်မောင်ညို၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးခင်မောင်ညိုအား ယနေ့မှစ၍ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၂၃။ ပျော်ဘွယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးလှဖေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးလှဖေသည် ပျော်ဘွယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၅၂၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၅ . ၈၇) ဖြင့် ရွေးချယ်တင်

မြှောက်ခြင်းခံခဲ့ရသည်။ ပျော်ဘွယ်မြို့နယ်၊ ဇီးဖြူကုန်းရွာဇာတိဖြစ်သည်။ အဖ ဦးဘိုးခင်၊ အမိ ဒေါ်စောမြတို့မှ ၁၉၄၉ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးလှဖေသည် ၁၉၆၉ ခုနှစ်တွင် ပျော်ဘွယ်မြို့အစိုးရ အထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့၍ ၁၉၇၂ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ သိပ္ပံ (ရူပဗေဒ) ဘွဲ့ရရှိခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် မြို့နယ်အသင်းနှင့် အဆောင်သာယာရေးကော်မတီတို့တွင် ဦးဆောင်ခဲ့သည်။ မြို့နယ်အတွင်း ကျောင်းဆရာအဖြစ် (၂) နှစ်၊ သမဝန်ထမ်းယာယီ လုပ်ကိုင်ပြီးနောက် ဒေါ်ခင်ဝင်းကြည်နှင့် လက်ထပ်ခဲ့သည်။ ၁၉၇၆ ခုနှစ်မှစ၍ ကိုယ်ပိုင် နည်းပြသင်တန်းဖွင့်သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရွှေပြည် ရန်အောင်သမဝါယမအသင်း ဥက္ကဋ္ဌ၊ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ပျော်ဘွယ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီ တွဲဘက်အတွင်းရေးမှူး တာဝန်ယူခဲ့သည်။ စင်ပြိုင်အစိုးရဖွဲ့စည်းရေး၊ တောတွင်းယာယီ အစိုးရဖွဲ့စည်းရေးတို့နှင့်ပတ်သက်၍ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် မန္တလေးမြို့တွင် လျှို့ဝှက်အစည်းအဝေးများပြုလုပ်ရာတွင် ပါဝင်ခဲ့ သည်။ သက်ဆိုင်ရာမှ အရေးယူရန်စီစဉ်နေစဉ် ရှောင်တိမ်းသွားသဖြင့် တရားခံပြေးအဖြစ် ဗဟန်းမြို့နယ် တရားရုံးမှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ကြေညာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ စတင်ဖွဲ့စည်းသည့်အခါ၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်ဆောင်ရွက်ခဲ့သည်။ ထို့အတွက် သောင်းကျန်းသူနှင့်ဆက်သွယ်ခြင်း၊ သောင်းကျန်းနယ်မြေမာနယ်ပလောသို့ သွားရောက်ပြီး စင်ပြိုင်အစိုးရဖွဲ့လျက် နိုင်ငံတော်ကိုထောင်ထားခြားနားခြင်းတို့ကြောင့် ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ ပျက်ပြယ်သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၀၃) ဖြင့် ကြေညာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့စွဲပါ စာအမှတ် – ၇၄၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ချုပ်တွင်ယူထားသည့်တာဝန်များမှလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်မှလည်းကောင်း ရပ်ဆိုင်းခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့် နှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့စွဲပါ စာအမှတ် – ၇၅၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုထားခြင်းကို ဖျက်သိမ်းခြင်းခံခဲ့ရသည်။ ၁၉၉၁ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းသည့်အခါ ပြန်ကြားရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်နေစဉ် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ လုပ်ကြံခံခဲ့ရပြီး ကွယ်လွန်ခဲ့သည်။

## ၂၄။ ပြင်ဦးလွင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးလှစောဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးလှစောဦးသည် ပြင်ဦးလွင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၁,၆၃၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၉ . ၀၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးကျော်လှအောင်၊ အမိ ဒေါ်စံမြခိုင်တို့မှ ၁၉၃၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဦးလှစောဦးသည် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့နှင့်ဥပဒေဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ အစိုးရအထက်တန်း ကျောင်းအုပ်ကြီး (မြို့ဟောင်း၊ ဟသ်ာတ၊ အင်းစိန်)၊ တံ့တေးမြို့နယ် တရားသူကြီး၊ စစ်တွေ၊ မေမြို့၊ မောင်းတောနယ်ပိုင် တရားသူကြီး၊ ရန်ကုန်ဗဟိုတရားရုံး ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး၊ မေမြို့ မြို့နယ်တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၊

ထို့နောက် တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါခဲ့သည်။ ၁၉၉ဖ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာချက်အမှတ် (၁၂ဖ၂) ဖြင့် ကြေညာခဲ့သည်။

**ဦးလှစောဦး (ဖဖ) နှစ်**

**တရားရုံးချုပ်ရှေ့နေ**

**(မြောက်ဦးမြို့)**

မြောက်ဦးမြို့နေ (ဦးကျော်လှအောင်–ဒေါ်စံမြခိုင်) တို့၏ သားကြီး၊ စစ်တွေမြို့နေ (ဒေါ်သိန်းမေ)၊ (ဦးစိန်ဘဦး– ဒေါ်သောင်းမေ) တို့၏ သားသမက်၊ ဒေါ်သောင်းစိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာကျော်စော၊ ဒေါ်မေမျိုးမြတ်၊ ဒေါ်မီမိခိုင်၊ ဗိုလ်မှူးခင်မောင်ချို၊ ဦးအောင်စော (ဖဲကြိုးဝါစားတော်ဆက်)၊ ဒေါ် မြမြခိုင် (ဦးသတိုးနိုင်) (ဇီဝရတနာဆေးဆိုင်)၊ ကိုနိုင်စောတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏ အဘိုး၊ ဒေါ်နီနီစံ၊ ဦးကျော်ထွန်းလှ၊ (ဗိုလ်မှူး သာထွန်းအောင်)၊ ဒေါ်စံနှင်းသာတို့၏ အကိုကြီး ဦးလှစောဦးသည် (၂၉–ဖ–၉၈) ရက်တွင် အမှတ် (၁၅၅)၊ ဥဏ္ဏတောရပ်၊ ပြင်ဦးလွင်မြို့ နေအိမ်၌ ကွယ်လွန်ပါ၍ (၁–၇–၉၈) ရက် မွန်းလွဲ (၁)နာရီတွင် နောင်လုံးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ၂၅။ ပြင်ဦးလွင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။

**ဦးပီတာလင်းပင်၊ တသီးပုဂ္ဂလ။**

ဦးပီတာလင်းပင်သည် ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တွင် တသီးပုဂ္ဂလအဖြစ် အရွေးချယ်ခံခဲ့ရာ ခိုင်လုံမဲ (ဖ,၉၄၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၈ . ၄၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးလင်းပင်ထိပ်တင်လတ်၊ အမိ ဒေါ်ခင်ခင်သိန်းတို့၏သား ဖြစ်သည်။ ၁၉၄၁ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် မွေးဖွားသည်။ ၁၉၄၇–၁၉ဖ၂ ခုနှစ်များတွင် စိန့်ဖရန်စစ်၊ အင်္ဂလိပ်မက်သဒစ်နှင့် မြို့မ အမျိုးသားကျောင်းတို့တွင် ၁၉၅၈ ခုနှစ်၊ ဒသမတန်းအောင်သည်အထိ ပညာသင်ကြားခဲ့ပြီး ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံဘာသာတွဲဖြင့် နောက်ဆုံးနှစ်အထိ ပညာသင်ကြားခဲ့သည်။ မြို့မအထက်တန်းကျောင်း၊ ရန်ကုန်မြို့တွင် ပညာသင်ကြားနေစဉ် ကျောင်းသားသမဂ္ဂအတွင်းရေးမှူးနှင့် ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂ၊ လမ်းမတော် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉ဖ၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့မှ ၁၉၈၉ ခုနှစ်၊ မတ်လ (၂၅) ရက်နေ့အထိ ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းဝန်ရုံးတွင် စာရေးဝန်ထမ်း၊ တပ်မတော်နယ်လှည့်စာရင်းစစ် အရာရှိအဖြစ်တာဝန်ထမ်းဆောင်၊ နယ်လှည့်စာရင်းစစ်၊ တပ်စာရင်းကိုင် **(မန္တလေး၊ ပြင်ဦးလွင်၊ အမရပူရ၊ မြစ်ငယ်၊ ကျောက်ဆည်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရန်ကုန်၊ တန့်ယန်း၊ ကျောက်ဖြူ၊ လွိုင်လင်၊ ကော့ကရိတ်နှင့်မြိတ်တို့ရှိ တပ်ရင်း၊ တပ်ဖွဲ့များတာဝန်)**၊ ၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီလူထုတော်လှန်ရေး အရေးတော်ပုံကြီးတွင် ပြင်ဦးလွင် မြို့မိမြို့ဖအဖွဲ့ အတွင်းရေးမှူး၊ ကြားဖြတ်အစိုးရဖွဲ့စည်းပေးရန် တောင်းဆိုခဲ့သည်။ ဦးနု၊ ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးတင်ဦး၊ ဗိုလ်ရန်နိုင်၊ ဗိုလ်မှူးအောင်တို့နှင့်တွေ့ဆုံ၍ ဗွီဒီယိုတိတ်ခွေများ၊ လက်ကမ်းစာစောင်များကို မန္တလေးကျောင်းသားများထံသို့လည်းကောင်း၊ ဆရာဝန်အသင်းနှင့် အခြားအဖွဲ့အစည်းများက လက်ဆင့်ကမ်းပေးလိုက်သည့် စာရွက်စာတမ်းများကို၊ မြို့နယ်အဖွဲ့အစည်းများသို့လည်းကောင်း ဖြန့်ဝေခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့မှ ၁၉၈၈ ခုနှစ်၊

ဒီဇင်ဘာလ (၁၇) ရက်နေ့အထိ၊ ထိန်းသိမ်းခံခဲ့ရသည်။ ၁၉၈၉ ခုနှစ်၊ မတ်လ (၂၅) ရက် နေ့တွင် တာဝန်မှ အငြိမ်းစားပေးခြင်းခံရသည်။

၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်နေ့အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မေမြို့တွင် (၂၁) ဦး ဦးဆောင်ကော်မတီ၊ (ဘဏ္ဍာရေး) လူငယ်တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့၍၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံရန်အတွက် ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်သို့ လျှောက်ထားခဲ့သည်။ သို့သော် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သို့ကူးပြောင်းလာသည့် ဦးခင်မောင်မြင့်အား၊ ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) အတွက် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ်၊ အဖွဲ့ချုပ်ဗဟိုမှ ရွေးချယ်အသိအမှတ်ပြုလိုက်သဖြင့် အဖွဲ့ချုပ်ဗဟိုမှ တာဝန်ခံ ဦးကြည်မောင်ထံသို့ ပြင်းပြင်းထန်ထန် စာရေးကန့်ကွက်ခဲ့ပြီး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှနုတ်ထွက်၍ တသီးပုဂ္ဂလကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ပွဲဝင်ခဲ့သည်။ ရွေးချယ်တင်မြှောက်ခြင်းခံရပြီးနောက်တွင် အခြားရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည့် မြို့နယ်အသီးသီးမှအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်ဖက်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ လွှတ်တော်ကိုယ်စား လှယ်လောင်း ဗိုလ်မှူးကြီးမောင်မောင် (အငြိမ်းစား) မှ ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခဲ့သဖြင့်၊ ရွေး ကောက်ပွဲခုံ အမှတ် (၃) တွင် ကြားနာစစ်ဆေးခြင်းခံခဲ့ရသည်။ ထိုအတောအတွင်း ဦးပီတာလင်းပင်သည် စင်ပြိုင်အစိုးရဖွဲ့စည်းရေးတို့နှင့်ပတ်သက်၍ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း မန္တလေးမြို့၌ လျှို့ဝှက်အစည်းအဝေးများပြုလုပ်ရာတွင် ပါဝင်ခဲ့သည်။ ယင်းအတွက်သက်ဆိုင်ရာက အရေးယူရန် စီစဉ်နေစဉ် ရှောင်တိမ်းသွားသဖြင့် သက်ဆိုင်ရာမှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် တရားခံပြေး အဖြစ် ကြေညာခဲ့သည်။

၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ စတင်ဖွဲ့စည်းသည့်အခါ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သို့အတွက် သောင်း ကျန်းသူတို့နှင့်ဆက်သွယ်ခြင်း၊ သောင်းကျန်းသူနယ်မြေ မာနယ်ပလောသို့သွားရောက်ပြီး၊ နိုင်ငံတော်ကို ထောင်ထားခြားနားခြင်းတို့ကြောင့် ရွေးကောက်တင်မြှောက်ခြင်းခံရသူအဖြစ်မှ ပျက်ပြယ်သဖြင့်၊ လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ရွေးကောက်ပွဲကော်မရှင်မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့ တွင် ကြေညာချက်အမှတ် (၉၀၃) ဖြင့်ကြေညာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့ ရက်စွဲပါ စာ အမှတ် – ၇၄၅/စည်း/၉၀ ဖြင့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် အဖြစ် ဝင်ရောက်အရွေးခံခဲ့သည့်အတွက် အဖွဲ့ချုပ်မှ ထုတ်ပယ်ပြီးဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဇနီးမှာ ဒေါ်စိန်စိန် ဖြစ်သည်။ ယခု အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သည်။

## ၂၆။ မလှိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစောရွှေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစောရွှေသည် မလှိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ် စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၅၉၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၉ . ၅၈) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ ဦးဝိုင်လင်ချို၏သား ဖြစ်သည်။ ၁၉၃၆ ခုနှစ်ဖွား ဖြစ်သည်။ ဦးစောရွှေသည် တန်းမြင့် ကျောင်းထွက်စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မြို့နယ်ပြည်သူ့ကောင်စီဝင်၊ စည်ပင်

/အားကာ၊ လူမှုရေးနှင့်ဘာသာရေးအဖွဲ့အစည်းများတွင် ဦးစီးဆောင်ရွက်ခဲ့သည်။ မလှိုင်မြို့နယ်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီဝင်တာဝန်ယူခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၈ ခုနှစ်၊ ဒီဇင် ဘာလ (၃) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁၆) ဖြင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်းကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၁၆)**
**(၁၃၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၅ ရက်)**
**(၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)**

**အကြောင်းအရာ။ ။ ဦးစောရွှေအား မန္တလေးတိုင်း မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မန္တလေးတိုင်း မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင် မြှောက်ခံထားရသူ ဦးစောရွှေက မိမိသည် ကျန်းမာရေးမကောင်းပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒ အလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးစောရွှေ၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးစောရွှေအား ယနေ့မှစ၍ မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြု လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၂၇။ မလှိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးမောင်မောင်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးမောင်မောင်မြင့်သည် မလှိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၄၆၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၆ . ၀၄) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ မေမြို့ဇာတိဖြစ်သည်။ အဖ ဦးဘာသန်း၊ အမိ ဒေါ်နွဲ့တို့မှ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမောင်မောင်မြင့်သည် ၁၉၄၇ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ မေမြို့ မစ္စအော့ကိဖ်မူလ တန်းကြိုကျောင်း၊ ၁၉၄၉ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ စိန်အဲလဗတ်အင်္ဂလိပ် အထက်တန်းကျောင်းတို့တွင် အခြေခံ

ပညာသင်ကြားခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ မန္တလေး တက္ကသိုလ်တွင် တက်ရောက်၍ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ယင်းနောက် ခမရ (၁၀၉) တွင် တပ်ကြပ်ကြီးစာရေးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် သေနတ်ကျည်ဆန်ထွက်၍ လူသေမှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရသည်။ ၁၉၇၇ ခုနှစ်တွင် ရမည်းသင်းထောင်မှလွတ်သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ခုနှစ် အထိ ပြည်သူ့ကောင်စီဒုတိယသက်တန်းတွင် မန္တလေး အရှေ့မြောက်မြို့နယ် ပြည်သူ့ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မန္တလေးအရှေ့မြောက် (၃၁) လမ်းတွင် ပဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ အင်္ဂလိပ်စာကျူရှင်ပြခဲ့သည်။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်လည်း လုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် စစ်မှုထမ်းဟောင်းများသမဂ္ဂကိုဖွဲ့စည်းဦးဆောင်ခဲ့သည်။ ပါတီ စုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၈၈) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှနုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှနုတ်ထွက်ခဲ့ပြီး နအဖသတင်းစာများတွင် **'မောင်မောင်မြင့် (မလှိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရွေးချယ်ခံကိုယ်စားလှယ်နုတ်ထွက်)'** ဟူသည့် ကလောင်အမည်ဖြင့် အဖွဲ့ချုပ်အားတိုက်ခိုက်သည့် ဆောင်းပါးများ ရေးသားခဲ့သည်။

## ၂၈။ မိုးကုတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဒေါ်မေနှင်းကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါ်မေနှင်းကြည်သည် မိုးကုတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၄၃၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၂ . ၀၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ သည်။ အဖ ဦးအောင်ညွန့်၊ အမိ ဒေါ်ဖွေးတို့မှ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါ်မေနှင်းကြည်သည် မိုးကုတ်မြို့အစိုးရ အထက်တန်း ကျောင်း မှ ဆယ်တန်းအောင်မြင်ခဲ့၍ ၁၉၆၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ သိပ္ပံ (ရူပဗေဒ) ဘွဲ့ရ ရှိခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ဦးမိုးဟိန်းနှင့်လက်ထပ်ခဲ့ပြီး သားသမီးသုံးဦးထွန်းကားသည်။ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့တွင် ဒီပဲယင်းအဖြစ်အပျက်အား စုံစမ်းစစ်ဆေးပေးရန် နအဖ ဥက္ကဌ ထံစာရေးတောင်းဆိုခဲ့သည့်ကိစ္စအတွက် စစ်ထောက်လှမ်းရေးမှ ခေါ်ယူစစ်ဆေးခြင်းခံခဲ့ရပြီး နောက်တနေ့ ဇူလိုင်လ (၁၁) ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်။ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့တွင် အင်းစိန်မှုခင်းတပ်ဖွဲ့မှ နေအိမ်သို့လာရောက်ခေါ်ဆောင်ပြီး အင်းစိန်အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့ရာမှ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့တွင် အင်းစိန်ထောင်မှ ပြန်လည်လွှတ်မြောက်သည်။

## ၂၉။ မိုးကုတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးဘိုလှတင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဘိုလှတင့်သည် မိုးကုတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၅၂၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၂ . ၂၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မိုးကုတ်မြို့ဇာတိဖြစ်သည်။ အဖ ဦးစံရှိန်၊ အမိ ဒေါ်အုန်းတို့မှ ၁၉၅၇ ခုနှစ်၊ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဘိုလှတင့်သည် မိုးကုတ်မြို့၊ ကျပ်ပြင်အစိုးရ အထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အစိုးရ အထက်တန်းကျောင်းအမှတ် (၂) တို့တွင် အခြေခံပညာသင်ကြားခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ မြို့ပြအင်ဂျီနီယာဘွဲ့ရရှိခဲ့သည်။ ၁၉၈၄ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၁၉၈၅ ခုနှစ်၊ ဇူလိုင်လအထိ

လေလိုက်ချောင်းဆည် တည်ဆောက်ရေးလုပ်ငန်းတွင် လုပ်ငန်းပြလက်ထောက်အင်ဂျီနီယာ၊ ပုံသေလစာ ယာယီဝန်ထမ်း၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တက်ကြွစွာပါဝင်ခဲ့သဖြင့် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက် နေ့မှ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့အထိ ထိန်းသိမ်းခြင်း ခံခဲ့ရသည်။ ယင်းနောက် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်သို့ဝင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၄)ရက်နေ့တွင် မနှင်းနှင်းဝေနှင့်လက်ထပ်ခဲ့သည်။ မိုးကုတ်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးကော်မတီဝင်၊ ဝပ်ရှော့လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ စင်ပြိုင်အစိုးရ ဖွဲ့စည်းရေး၊ တောတွင်းယာယီအစိုးရဖွဲ့စည်းရေးတို့နှင့်ပတ်သက်၍ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း မန္တလေးမြို့၌ လျှို့ဝှက်အစည်းအဝေးများပြုလုပ်ရာတွင် ပါဝင်ခဲ့သည်။ သက်ဆိုင်ရာကအရေးယူရန်စီစဉ်နေစဉ် ရှောင်တိမ်းသွားသဖြင့် ဗဟန်းမြို့နယ်တရားရုံး၌ တရားစွဲဆိုပြီး တရားခံပြေးအဖြစ် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ကြေညာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရဖွဲ့စည်းသည့်အခါ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သတ္တုတွင်းနှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ယင်းကြောင့် သောင်းကျန်းသူနှင့် ဆက်သွယ်ခြင်း၊ သောင်းကျန်းနယ်မြေသို့သွားရောက်ပြီး နိုင်ငံတော်ကို ထောင်ထားခြားနားခြင်းတို့ကြောင့် ရွေးကောက်တင်မြှောက်ခံထားသူအဖြစ်မှ ပျက်ပြယ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၀၃) ဖြင့် ကြေညာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၇) ရက် နေ့ ရက်စွဲပါစာအမှတ် – ၇၄၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ချုပ်တွင် ယူထားသည့် တာဝန်များမှလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်မှလည်းကောင်း ရပ်ဆိုင်းခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့ ရက်စွဲပါစာအမှတ် – ၇၅၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ်အသိအမှတ်ပြုထားခြင်းကို ဖျက်သိမ်းခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းသည့်အခါ မူလတာဝန်ကိုပင် ဆက်လက်တာဝန်ယူခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ ဗွန်မားစဗစ်၌ အမျိုးသားညွန့်ပေါင်း အစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းသည့်အခါ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်လာခဲ့သည်။ ယခု အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သည်။

## ၃၀။ မတ္တရာမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဒေါက်တာအောင်ဝေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာအောင်ဝေသည် မတ္တရာမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၇,၁၅၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၈ . ၄၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြင်းခြံမြို့၊ ဆီမီးခုံဇာတိဖြစ်သည်။ အဖ ဦးသိုက်၊ အမိ ဒေါ်ဖွားချိတို့မှ ၁၉၄၃ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာအောင်ဝေသည် ၁၉၆၈ ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရရှိခဲ့ သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ မြို့နယ်ကျန်းမာရေး အရာရှိ (ရောဝတီတိုင်း၊ လပွတ္တာမြို့)၊ ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တာဝန်ခံဆရာဝန် (ဖောင်ကြီးဝန်ထမ်းကျောင်း)၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြို့နယ်ဆရာဝန် (မင်းပြား၊ ပုဏ္ဏားကျွန်း၊ မတ္တရာ)၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြို့နယ်ကောင်စီဝင်နှင့် အလုပ်သမားအစည်းအရုံးဝင်၊ မြို့နယ် အား/ကာ တည်ဆောက်ရေး ဉက္ကဋ္ဌ၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၏ သပိတ်

ခေါင်းဆောင်၊ မတ္တရာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးတာဝန်ယူခဲ့သည်။ ၂၀၀၂ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ကွယ်လွန်သည်။

**ဒေါက်တာဦးအောင်ဝေ**

**အသက် (၆၀)**

**(မတ္တရာ)**

မြင်းခြံမြို့နယ်၊ ဆီမီးခုံနေ ဦးသိုက်–ဒေါ်ဖွားချီတို့၏သား၊ မန္တလေးမြို့၊ မဟာမြိုင်ရပ်နေ ဦးကံညွန့်–ဒေါ်ကြည်ခင်တို့၏ သားသမက်၊ မတ္တရာမြို့နေ ကိုမင်းမင်းဦး–မခိုင်နွယ်ဝေ၊ ကိုထွဏ်းနေအောင်–မချိုချိုလှ၊ စိမ်းနွယ်ဝေ၊ မြတ်မျိုးနွယ်ဝေတို့၏ မွေးသဖခင်၊ ဒေါ်ခင်ညို၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာဦးအောင်ဝေသည် (၇–၃–၂၀၀၂) ရက် မြန်မာစံတော်ချိန် မွန်းလွဲ (၁ း ၂၈) နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ပါ၍ (၉–၃–၂၀၀၂) ရက် နံနက် (၇ း ၃၀) နာရီတွင် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**၃၁။ မတ္တရာမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးသန်းလွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးသန်းလွင်သည် မတ္တရာမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၃၆၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၉ . ၆၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၈ ခုနှစ်ဖွားဖြစ်သည်။ ဦးစံထွေး၏သား ဖြစ်သည်။ ဦးသန်းလွင်သည် စိုက်ပျိုးရေး ဒီပလိုမာရရှိခဲ့သည်။ မူလတန်းပြကျောင်းဆရာအဖြစ် (၁၀) နှစ်၊ အလယ်တန်းပြကျောင်းဆရာအဖြစ် (၆)လ၊ စိုက်ပျိုးရေးအရာရှိအဖြစ် (၆) နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တာဝန်ထမ်းဆောင်နေစဉ် မီးလောင်ရာတွင် ဌာနပိုင်ငွေ ပါဝင်ဆုံးရှုံးသွားသဖြင့် ထောင်ဒဏ်ကျခံခဲ့ရသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ မတ္တရာမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဦးသန်းလွင်အား ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းရေးကိုအကြောင်းပြု၍ ၁၉၉၈ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့မှ ၂၀၀၀ ပြည့်နှစ်၊ ဇန် နဝါရီလ (၃၀) ရက်နေ့အထိ စစ်ထောက်လှမ်းရေးမှ မတရားဖမ်းဆီးထိန်းသိမ်းထားခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်နှင့် အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ရန် အကြိမ်ကြိမ်ဖိအားပေးအကြပ်ကိုင်ခဲ့သည်။

**၃၂။ မိတ္ထီလာမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဗိုလ်မှူးမောင်မောင်မြင့် (အငြိမ်းစား)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဗိုလ်မှူးမောင်မောင်မြင့် (အငြိမ်းစား) သည် မိတ္ထီလာမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၃,၆၆၄) မဲ၊ စုစုပေါင်း မဲရာနှုန်း (၅၉ . ၁၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘတင်၊ အမိ ဒေါ်တင်တို့မှ ၁၉၂၉ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့တွင် မွေးဖွားသည်။ ရန်ကုန်မြို့ဇာတိဖြစ်သည်။ ဗိုလ်မှူးမောင်မောင်မြင့် (အငြိမ်းစား) သည် မြို့မ အမျိုးသားကျောင်းမှဆယ်တန်း အောင်မြင်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၅၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ဆေးမှူး၊ ခရစ်ယာန်ဆေးရုံ၊ ကြည့်မြင်တိုင်၊ ၁၉၆၃ ခုနှစ်တွင် ပြည်သူ့စစ်မှု

ထမ်းဆောင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် တပ်မတော်ဆေးတပ် ပြန်တမ်းဝင်အရာရှိ (ကြည်း–၃၃၄၄)၊ ၁၉၆၉ ခုနှစ်တွင် ဗိုလ်မှူး၊ ၁၉၈၀ ပြည့်နှစ်တွင် တပ်မတော်မှအငြိမ်းစားယူခဲ့သည်။ ထို့နောက် ကိုယ်ပိုင်ဆေးခန်းဖွင့်၍ မိတ္ထီလာမြို့တွင် နေထိုင်သည်။ ၂၀၀၃ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် ခရစ်တော်၌အိပ်ပျော်သည်။

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**ဒေါက်တာမောင်မောင်မြင့်**
**အသက် (၇၄) နှစ်**
**(ဗိုလ်မှူး၊ အငြိမ်းစား)**
**(မိတ္ထီလာ)**

မိတ္ထီလာမြို့၊ ဝန်ဇင်း(၁)၊ ဥတ္တရလမ်းနေ ဒေါ်မေမေအေး၏ ခင်ပွန်း၊ ဦးမော်ထင်မြင့်–ဒေါ်စိုးစိုးအောင်၊ ဦးကျော်လင်း–မဂ္ဂျင်းအေးမာမြင့်၊ ဦးမျိုးထင်မြင့်–ဒေါ်စပယ်ဦးတို့၏ မွေးသဖခင်၊ အေးချမ်းမြင့်၊ သုကိုလင်း၊ ဇင်ဇင်မျိုးဦး၊ ဇင်ကိုလင်း၊ အေးဇစ်ယောသပ်၊ ရဲထက်ဦး၊ အက်စ်တာတို့၏ အဘိုးသည် အထက်ပါနေအိမ်၌ (၂၂–၃–၂၀၀၃) ရက် မွန်းလွဲ (၂) နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ (၂၃–၃–၂၀၀၃) ရက် ညနေ (၄) နာရီတွင် မြင်တော်ကန် ခရစ်ယာန်သင်္ချိုင်း၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ၃၃။ မိတ္ထီလာမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
## ဒေါက်တာသိန်းလွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာသိန်းလွင်သည် မိတ္ထီလာမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈,၉၁၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၂ . ၀၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ မိတ္ထီလာမြို့ဇာတိဖြစ်သည်။ အဖ ဦးကံရင်၊ အမိ ဒေါ်အမာတို့မှ ၁၉၄၉ ခုနှစ်၊ မေလ (၁၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာသိန်းလွင်သည် ၁၉၇၉ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ မိတ္ထီလာမြို့တွင်ကိုယ်ပိုင်ဆေးကုခန်းဖွင့်သည်။ ၁၉၇၅ ခုနှစ်တွင် ဒေါ်ချယ်ရီနှင့် လက်ထပ်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဒေါက်တာသိန်းလွင်၏ နိုင်ငံရေးလှုပ်ရှားမှုများ အတွက် ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင် သားဖြစ်သူမောင်စည်သူအား အာဏာပိုင်များမှ လိုင်စင်မဲ့ ဆိုင်ကယ်စီးမှုဖြင့် ထောင်ဒဏ် (၄) လ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

## ၃၄။ မန္တလေးအနောက်တောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။
## ဒေါက်တာစိုးလင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာစိုးလင်းသည် မန္တလေးအနောက်တောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမို ကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၆,၄၆၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၁ . ၉၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မန္တလေးမြို့ဇာတိဖြစ်သည်။ အဖ ဦးသန်းဖေ၊ အမိ ဒေါ်အုန်းစိန်တို့မှ ၁၉၅၃ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာစိုးလင်းသည် ၁၉၆၀ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ မေမြို့စိန့်မေရီကျောင်း၊ ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ မန္တလေးမြို့အစိုးရအထက်တန်း ကျောင်းအမှတ် (၂)

တို့တွင် အခြေခံပညာသင်ကြားခဲ့ သည်။ ၁၉၇၀ ပြည့်နှစ်တွင် မန္တလေးမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၂၄) မှ ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၉ ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ်သို့တက်ရောက်၍ ၁၉၇၉ ခုနှစ်တွင်ဆရာဝန် (အမ်ဘီဘီအက်စ်) ဘွဲ့ရရှိခဲ့သည်။ ကိုယ်ပိုင်ဆေးကုသခန်း ဖွင့်လှစ်ထားသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ဆရာဝန်အသင်း (မန္တလေး) တွင် တက်ကြွစွာ ပါဝင်ခဲ့သည်။ မန္တလေးအနောက်တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးကော်မတီဝင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် အမရပူရမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား၏ လေးစုရပ်ကွက်၊ ရှမ်းဂေါ်းရပ်၊ အမရပူရနေအိမ်တွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေး လျှို့ဝှက်အစည်းအဝေးသို့တက်ရောက်ခဲ့၍ တက်ကြွစွာဦးဆောင်ဆွေးနွေးခဲ့သည်။ ယင်းအစည်းအဝေးသို့တက်ရောက်လာသည့် တိုင်းနှင့်ပြည်နယ်အသီးသီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ နေထိုင်စားသောက်သွားလာရေးနှင့် ယင်းအစည်းအဝေး ထမြောက်အောင်မြင်ရေးတို့ကို ဦးဆောင်စီစဉ်ခဲ့ သဖြင့် သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ယင်းအတွက် ဒေါက်တာစိုးလင်းသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၂၂) (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ (၁၁) (ည) နှင့် ငြိစွန်းသဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၈) ဖြင့် ကြေညာခဲ့သည်။ နောင်ပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မတ်လ (၉) ရက်နေ့တွင် ဒေါက်တာ စိုးလင်းမှဦးဆောင်၍ ကြံ့ဖွံ့များ၊ အာဏာပိုင်များနှင့်စစ်ထောက်လှမ်းရေးမှ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ အခွင့် အရေးပေးခြင်းစသည့် နည်းလမ်းမျိုးစုံဖြင့်ခေါ်ယူထားသူ (၄၀၀) ခန့်ဖြင့် မန္တလေးမြို့၊ ဆင်ဖြူကန်ရှိ ကနောင်ခန်းမ တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ အဖွဲ့ချုပ်မှ နုတ်ထွက်ပွဲလုပ်ဆောင်ခဲ့သဖြင့် အာဏာပိုင်များထံမှ ဆယ်လူလာဖုန်း၊ သစ်ပါမစ်၊ ဘီလပ်မြေပါမစ်၊ ဘီယာရောင်းချခွင့်ပါမစ်များ ရရှိခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဇွန်လတွင် ပုသိမ်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစံလှဘော် (မန္တလေးတိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း) ၏နေအိမ်သို့ သွားရောက်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၆ ခုနှစ်ထဲတွင် အမျိုးသားညီလာခံကိုအပြီးသတ်၍ ရွေးကောက်ပွဲအသစ်ကျင်းပမည်ဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်မှာ ပျက်ပြယ်သွားပြီဖြစ်၍ အဖွဲ့ချုပ်မှကြိုတင်နုတ်ထွက်သင့်ကြောင်း၊ ထိုသို့ နုတ်ထွက်မည် ဆိုပါက ယင်းကဲ့သို့ခံစားခွင့်များရမှာဖြစ်ကြောင်း ပြောဆိုစည်းရုံးခဲ့သည့်အပြင် လယ်ဝေးမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွဋ်ဦးမှာ ၂၀၀၄ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့က နုတ်ထွက်စာတင်ပြီး ဖြစ်ကြောင်း လိမ်လည်စည်းရုံးခဲ့သည်။ ဇနီးမှာ ဒေါ်ထိပ်တင်နွယ် (ဗဟိုတရားရုံးရှေ့နေ) ဖြစ်သည်။

## ၃၅။ မန္တလေးအနောက်တောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
## ဦးသိန်းဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသိန်းဦးသည် မန္တလေးအနောက်တောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၉,၇၄၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၀ . ၃၆) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ မန္တလေးမြို့ဇာတိ ဖြစ်သည်။ အဖ ဦးတင်မောင်၊ အမိ ဒေါ်လှမြိုင်တို့မှ ၁၉၅၅ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးသိန်းဦးသည် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာ (ဥပဒေ) ဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့တို့ကို ၁၉၇၇–၇၈ ခုနှစ်တွင်ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် အထက်တန်းရှေ့နေ၊ ၁၉၈၁ ခုနှစ်တွင် ဗဟိုတရားရုံးရှေ့နေ၊ တက္ကသိုလ်ကျောင်းသားဘဝတွင် ၁၉၇၄ ခုနှစ်၊ ဦးသန့်အရေးအခင်း၊

၁၉၇၅ ခုနှစ်၊ ကျောင်းသားအရေးအခင်းနှင့် ၁၉၇၆ ခုနှစ်၊ မှိုင်းရာပြည့်အရေးအခင်းတို့တွင် ပါဝင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ်(၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ရှေ့နေများအသင်းတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သည်။ မန္တလေးအနောက်တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးကော်မတီဝင်အဖြစ် တာဝန်ယူခဲ့သည်။ ဦးသိန်းဦးသည် စစ်ပြိုင်အစိုးရဖွဲ့စည်းရေး၊ တောတွင်းယာယီအစိုးရဖွဲ့စည်းရေးတို့နှင့်ပတ်သက်၍ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလနှင့်အောက်တိုဘာလအတွင်း မန္တလေးမြို့၌ လျှို့ဝှက်အစည်းအဝေးပြုလုပ်ရာတွင် ပါဝင်ခဲ့သည်။ သက်ဆိုင်ရာကအရေးယူ၍ရန်စီစဉ်နေစဉ် ရှောင်တိမ်းသွား၍ တရားခံပြေးအဖြစ် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ကြေညာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့ ရက်စွဲပါစာအမှတ် – ၇၄၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ချုပ်တွင် ယူထားသည့်တာဝန်များမှလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်မှလည်းကောင်း ရပ်ဆိုင်းခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့ ရက်စွဲပါစာအမှတ် – ၇၅၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုထားခြင်းကို ဖျက်သိမ်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ စတင်ဖွဲ့စည်းသည့်အခါ၊ တရားရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ သောင်းကျန်းသူနှင့်ဆက်သွယ်ခြင်း၊ သောင်းကျန်းသူနယ်မြေ မာနယ်ပလောသို့သွားရောက်ပြီး စစ်ပြိုင်အစိုးရဖွဲ့စည်းလျက် နိုင်ငံတော်ကိုထောင်ထားခြားနားခြင်းတို့ကြောင့် ဦးသိန်းဦးအား ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ ပျက်ပြယ်သဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၀၃) ဖြင့် ကြေညာခဲ့သည်။ မြန်မာနိုင်ငံရှေ့နေများ ကောင်စီတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၂၀၀၄ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့တော်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းသည့်အချိန်အထိ ဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည်။

## ၃၆။ မန္တလေးအနောက်မြောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။
## ဦးတင်အောင်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်အောင်အောင်သည် မန္တလေးအနောက်မြောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၉,၄၄၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၀ . ၃၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၃ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့တွင် မွေးဖွားသည်။ ဦးလှရင်၏သား ဖြစ်သည်။ ဦးတင်အောင်အောင်သည် ရန်ကုန်စက်မှုတက္ကသိုလ်မှ B.E. (Automobile) ဘွဲ့ရရှိခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ လက်ထောက်အင်ဂျင်နီယာ၊ အမှုဆောင်အင်ဂျင်နီယာ၊ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့တွင်အငြိမ်းစားယူခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ဦးတင်အောင်အောင်သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က အမရပူရမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘသွား၏နေအိမ်တွင်ကျင်းပပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေးလျှို့ဝှက်အစည်းအဝေးသို့ တက်ရောက်ပါဝင်ဆွေးနွေးခဲ့သဖြင့် သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ယင်းနောက် ဦးတင်အောင်အောင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၂၂) (၁) အရ ပြစ်ဒဏ်စီရင်ခြင်းခံရ၍ ရွေးကောက်ပွဲ ဥပဒေပုဒ်မ (၁၁) (ည) နှင့် ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

ကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၉၁) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ထောင်ဒဏ် (၂၅) နှစ် အပြစ်ပေးခြင်းခံခဲ့ရသည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ညတွင် ဖြစ်ပျက်ခဲ့သည့် အာဏာပိုင်များကိုယ်တိုင် ပါဝင်ပတ်သက် စီစဉ်ကျူးလွန်ခဲ့သည့် ဒီပဲယင်းသွေးချောင်းစီးလုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးအတွင်း ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ကလေးအကျဉ်းထောင်မှ ပြန်လွတ်သည်။

## ၃၇။ မန္တလေးအနောက်မြောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

## ဦးအောင်စိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးအောင်စိုးသည် မန္တလေးအနောက်မြောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၅၇၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၆ . ၉၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မန္တလေးမြို့ဇာတိဖြစ်သည်။ အဖ ဦးဘကျော်၊ အမိ ဒေါ်စောရွှေတို့မှ ၂၉–၅–၁၉၄၉ ခုနှစ်၊ မေလ (၂၉) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဦးအောင်စိုးသည် ၁၉၇၅ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံ (ရူပဗေဒ) ဘွဲ့ရရှိခဲ့သည်။ ဦးအောင်စိုးသည် ၁၉၇၆ ခုနှစ်တွင် ဒေါ်ဝင်းနှင့်လက်ထပ်၍ သမီးသုံးယောက်ထွန်းကားသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်သည်။

## ၃၈။ မန္တလေးအရှေ့တောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

## ဦးတင်ညွှန့် (ခ) ဦးထင်ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

| | |
|---|---|
| အမည် | ဦးထင်ကျော် |
| အခြားအမည် | ဦးတင်ညွှန့် (ငယ်နာမည်) |
| အမျိုးသားမှတ်ပုံတင်အမှတ် | MTLA ၀၀၀၈၅၁ |
| ပညာအရည်အချင်း | B.A. (Hons.) ဝိဇ္ဇာဂုဏ်ထူး၊ နိုင်ငံရေးသိပ္ပံ ဒေလီတက္ကသိုလ်၊ နယူးဒေလီမြို့၊ အိန္ဒိယနိုင်ငံ။ M.A. (Political Science) မဟာဝိဇ္ဇာ (နိုင်ငံရေးသိပ္ပံ) ဒေလီတက္ကသိုလ်၊ နယူးဒေလီမြို့၊ အိန္ဒိယနိုင်ငံ။ |
| အဖွဲ့ချုပ်အဖွဲ့ဝင်အမှတ် | (၂၄၄၀၂၅၆) |
| မွေးသက္ကရာဇ် | ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလ (၅) ရက် |

ဦးတင်ညွှန့် (ခ) ဦးထင်ကျော်သည် မန္တလေးအရှေ့တောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၉,၆၄၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၀ . ၃၀) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးလှမောင်၊ အမိ ဒေါ်အေးကြွယ်တို့မှ ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလ (၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် မိတ္ထီလာမြို့မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ မြန်မာသံရုံးတွင် ရုံးအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသည့် ယောက်ဖ ဦးဝင်းမောင်၊ အမ ဒေါ်ခင်သန်းတို့ထံရောက်ရှိခဲ့ပြီး ဒေလီတက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဦးဝင်းမောင်၊ ဒေါ်ခင်သန်းတို့မိသားစု မြန်မာနိုင်ငံသို့ပြန်သွားသည့်အခါ အိန္ဒိယအသံလွှင့်ဌာန၊ မြန်မာပိုင်းအစီအစဉ်တွင် ဘာသာပြန်သူ၊ အသံလွှင့်သတင်းဖတ်သူအဖြစ် အမှုထမ်းရင်း ပညာဆက်

လက်သင်ကြားခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကို နိုင်ငံရေးသိပ္ပံပညာ၊ စီးပွားရေးပညာ၊ ပြည်သူ့အုပ်ချုပ်ရေးပညာတို့ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို နိုင်ငံတကာဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများနှင့် အများပြည်သူဆိုင်ရာ နိုင်ငံတကာတရားဥပဒေဘာသာရပ်များအပြင် နိုင်ငံတကာနိုင်ငံရေးပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ နိုင်ငံတကာအစည်းအရုံးများပညာရပ်တို့ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၇၇–၇၈ ခုနှစ်များတွင် နယူးဒေလီမြို့၊ ဂျဝါဟာနေရူးတက္ကသိုလ်၊ နိုင်ငံတကာရေးရာသိပ္ပံ (အရှေ့တောင်၊ တောင်ပိုင်းနှင့်အလယ်ပိုင်း အာရှဌာန) တွင် Ph. D. (ပါရဂူ) ဘွဲ့အတွက် သုတေသနပြုရင်း မြန်မာနိုင်ငံ၏နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများကို အခြားအရှေ့တောင်အာရှနိုင်ငံများနှင့် ယှဉ်တွဲလေ့လာခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အလုပ်မှအနားယူ၍ မြန်မာနိုင်ငံသို့အပြီးပြန်လာခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မိသားစုလိုက်ပါဝင်လှုပ်ရှားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်တဦးအဖြစ်ပါဝင်ခဲ့သည်။ နိုင်ငံတကာဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများလေ့လာရေးအဖွဲ့ငယ်တွင် ပါဝင်ခဲ့ပြီး၊ ဂျပန်နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မြန်မာဘာသာသို့ပြန်ဆိုရေးသားခဲ့သည်။ ဇနီးဖြစ်သူ ဒေါ်တင့်တင့် ဦးစီးလုပ်ကိုင်သည့် မြန်မာဖိနပ်လုပ်ငန်းတွင် ပါဝင်ကူညီလုပ်ကိုင်ခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁၈) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၁၈)**
**(၁၃၆၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်)**
**(၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)**

**အကြောင်းအရာ။ ။ ဦးတင်ညွှန့် (ခ) ဦးထင်ကျော်အား မန္တလေးတိုင်း မန္တလေးအရှေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မန္တလေးတိုင်း မန္တလေးအရှေ့တောင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးတင်ညွှန့် (ခ) ဦးထင်ကျော်က မိမိသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးလှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်ရန် ဆန္ဒမရှိတော့ပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးတင်ညွှန့် (ခ) ဦးထင်ကျော်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးတင်ညွှန့် (ခ) ဦးထင်ကျော်အား ယနေ့မှစ၍ မန္တလေးအရှေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်

ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

## ၃၉။ မန္တလေးအရှေ့တောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
## ဦးအုန်းကြိုင် (အောင်ဝင့်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအုန်းကြိုင် (အောင်ဝင့်) သည် မန္တလေးအရှေ့တောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၂,၇၁၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၆ . ၀၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မော်လမြိုင်ကျွန်းမြို့ဇာတိဖြစ်သည်။ အဖ ဦးဘရှင်၊ အမိ ဒေါ်စိန်တို့မှ ၁၉၄၄ ခုနှစ်၊ ဇူလိုင်လ (၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအုန်းကြိုင် (အောင်ဝင့်) သည် ၁၉၆၇ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၇၂ ခုနှစ်တွင် သတင်းစာပညာဒီပလိုမာ၊ ၁၉၇၈–၇၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ပညာသင်ဆုဖြင့်သွားရောက်၍ သတင်းစာပညာဒီပလိုမာရရှိခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကြေးမုံသတင်းစာ၊ ဟံသာဝတီသတင်းစာ (မန္တလေး)၊ ဗိုလ်တထောင် သတင်းစာတို့တွင် လက်ထောက်အယ်ဒီတာနှင့် အယ်ဒီတာ၊ ၁၉၆၂–၆၃ ခုနှစ်၊ ကျောင်းသားအရေးအခင်းတွင် ပါဝင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် လမ်းစဉ်သတင်း၊ ဗိုလ်တထောင်သတင်းစာနှင့် ရုပ်ရှင်အောင်လံတို့တွင် မောင်ချစ်ဖွယ်၊ အောင်ဝင့်၊ အောင်တင့်ကလောင်အမည်တို့ဖြင့် နိုင်ငံတကာရေးရာဆောင်းပါးများရေးသားခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ သတင်းစာအယ်ဒီတာအဖြစ်လုပ်ကိုင်နေရင်း ၁၃၅၀ ပြည့်နှစ်၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါဝင်ခဲ့မှုကြောင့် ဗိုလ်တထောင်သတင်းစာအယ်ဒီတာအဖြစ်မှ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ဗိုလ်တထောင်သတင်းစာအယ်ဒီတာအဖြစ်မှ အငြိမ်းစားပေးခြင်းခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်နှင့် မန္တလေးတိုင်းစည်းရုံးရေးကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ အဖွဲ့ချုပ်မှ ထုတ်ဝေသည့်မှတ်တမ်းလွှာအဖွဲ့တွင် တာဝန်ခံအယ်ဒီတာတဦးဖြစ်သည်။ နဝတ၏ အမိန့်အမှတ် (၁/၉၀) အား ဆန့်ကျင်မှုဖြင့် သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဦးအုန်းကြိုင်သည် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ (၅) (က) (ခ) (ည) အရ ပြစ်ဒဏ်စီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (ည) နှင့်ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ကြေညာသည်။ နောင်တွင်ပြုလုပ်မည့် ရွေးကောက်ပွဲများ၌ပါဝင် ယှဉ်ပြိုင်ခွင့်ကိုလည်းပိတ်ပင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ရေကြည်အိုင်စစ်ထောက်လှမ်းရေးစစ်ကြောရေးစခန်းမှတဆင့် အောက်တိုဘာလတွင် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ပြောင်းရွှေ့ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ထို့နောက် ပြစ်ဒဏ် (၁၇) နှစ်ချမှတ်ခံခဲ့ရပြီး အင်းစိန်ဗဟိုအကျဉ်းထောင်နှင့်တောင်ငူထောင်တို့တွင် (၁၄) နှစ်ကျော်ကြာနေခဲ့ရပြီး ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့တွင် တောင်ငူအကျဉ်းထောင်မှပြန်လည် လွှတ်မြောက်ခဲ့သည်။ ပထမအမှုမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုဦးစီးအဖွဲ့ဝင်နှင့် မန္တလေးတိုင်းစည်းကော်မတီဝင်များဖြစ်ကြသည့် မုံရွာဦးတင်ရွှေ၊ ဦးသိန်းတန်တို့နှင့်အမှုတွဲဖြစ်ပြီး၊ ၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင် မန္တလေးမြို့၌ အထက်ဗမာပြည် ကျောင်းသားသမဂ္ဂနှင့် သံဃာ့သမဂ္ဂအဖွဲ့တို့ပူးပေါင်း၍ ရှစ်လေးလုံး (၂) နှစ်မြောက်နေ့ အထိမ်းအမှတ်

အဖြစ် သံဃာတော်များအား ဆွမ်းလောင်းလှူပွဲကျင်းပပြုလုပ်ခဲ့ရာ စစ်တပ်မှပစ်ခတ်ခဲ့သဖြင့် သံဃာတော်အချို့နှင့် ကျောင်းသားလူငယ်အချို့ ဒဏ်ရာရရှိခဲ့ပြီး ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်ကို ထိုစဉ်က မန္တလေးတိုင်းမှူးဖြစ်သူ ထံစာရေးသားပေးပို့၍ စုံစမ်းအရေးယူမှုပြုလုပ်ပြီး ဖမ်းဆီးထိန်းသိမ်းထားသူများအား အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည့်ပြင် အဆိုပါစာအားမိတ္တူကူး၍အများပြည်သူထံဖြန့်ချိခဲ့မှုဖြင့် ထောင်ဒဏ် (၇) နှစ်ချမှတ်ခြင်း ခံခဲ့ရသည်။ ဒုတိယအမှုမှာ ဂန္ဓီကြေညာချက်ထုတ်ပြန်ခဲ့မှုဖြစ်သည်။ ဦးကြည်မောင်အပါအဝင် မုံရွာဦးတင်ရွှေ၊ ဦးသိန်းတန်၊ ဦးချမ်းအေး၊ ဗိသုကာဦးကျော်မင်း၊ မောင်ဝံသ၊ ဦးတင်ထွဋ်စသည့် ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် အဖွဲ့ချုပ် ဗဟိုလူငယ်များဖြစ်ကြသည့် ကိုမြင့်စိုး၊ ကိုဝင်းလှိုင်၊ ကိုမိုးဇော်ဦးတို့မှာ ၎င်း၏အမှုတွဲများဖြစ်ကြသည်။ အဆိုပါ အမှုဖြင့် ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ်၊ နှစ်ဆန်းတွင် ထောင်ဒဏ်ချမှတ်ခြင်း ခံထားရာမှ ပြန်လည်လွှတ်မြောက်သည်။

## ၄၀။ မန္တလေးအရှေ့မြောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။
## ဦးမောင်မောင်အေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမောင်မောင်အေးသည် မန္တလေးအရှေ့မြောကမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၁၀၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၃ . ၀၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မန္တလေးမြို့ဇာတိဖြစ်သည်။ အဖ ဦးလှငွေ၊ အမိ ဒေါ်အမာတို့မှ ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမောင်မောင်အေးသည် ၁၉၇၉ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ သိပ္ပံ (သင်္ချာ) ဘွဲ့ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲအောင်မြင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ မန္တလေးအရှေ့မြောက်မြို့နယ်၊ ကဋ္ဌိနမဟာရပ်ကွက် အဖွဲ့ချုပ်ဉက္ကဋ္ဌ၊ မန္တလေးအရှေ့မြောက်မြို့နယ် အဖွဲ့ချုပ်စည်းရုံးရေးကော်မတီအဖွဲ့ဝင်၊ မန္တလေးတိုင်းအဖွဲ့ချုပ် ကုန်သွယ်စီးပွားအဖွဲ့ဝင်၊ ဦးမောင်မောင်အေးသည် ၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် မန္တလေးမြို့၌ ဖြစ်ပွားခဲ့သည့်ကိစ္စအပေါ် အဖွဲ့ချုပ်မန္တလေးတိုင်းစည်းရုံးရေးကော်မတီဝင် မုံရွာဦးတင်ရွှေနှင့်အဖွဲ့က မန္တလေးတိုင်းစည်းရုံးရေးကော်မတီရုံးတွင် အစည်းအဝေးပြုလုပ်ပြီး၊ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဉက္ကဋ္ဌထံ ကန့်ကွက်စာရေးသားပေးပို့ခဲ့ရာ၊ အဆိုပါစာကို ဦးမောင်မောင်အေးနှင့် အဖွဲ့က အများပြည်သူဖတ်ရှုရန် ကြော်ငြာသင်ပုန်းတွင်ကပ်ခဲ့သဖြင့် သက်ဆိုင်ရာက အရေးယူရန်စီစဉ်နေစဉ် တိမ်းရှောင်သွား၍ တရားခံပြေးအဖြစ်ကြေညာခံထားရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့ ရက်စွဲပါစာအမှတ် – ၇၄၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ယူထားသည့်တာဝန်များမှလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်မှလည်းကောင်း ရပ်ဆိုင်းခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့ ရက်စွဲပါစာအမှတ် – ၇၅၈/စည်း/၉၀ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုထားခြင်းကို ဖျက်သိမ်းခဲ့သည်။ ဦးမောင်မောင်အေးသည် စင်ပြိုင်အစိုးရဖွဲ့ပြီး နိုင်ငံတော်ကိုပုန်ကန်ရန် နိုင်ငံတော်အား လက်နက်ကိုင်တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့တွင် ကြေညာခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းသည့်အခါ ကုန်သွယ်ရေးနှင့် သမဝါယမဝန်ကြီးဌာနဝန်ကြီး ဖြစ်လာခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ ဗွန်မားစဗစ်၌ ပြန်လည်ဖွဲ့စည်းသည့်အခါ

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၄ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့တော်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းသည့်အချိန်အထိ ဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည်။ ယခု ဩစတြေးလျနိုင်ငံတွင်နေထိုင်သည်။

**၄၁။ မန္တလေးအရှေ့မြောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးတင်အေး (အငြိမ်းစားဒုတိယဗိုလ်မှူးကြီး)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

| | |
|---|---|
| (၁) အမည် | ဦးတင်အေး |
| (၂) မွေးသက္ကရာဇ် | ၁၉၂၅ ခု၊ ဧပြီလ ၁၁ ရက် |
| (၃) အမျိုးသားမှတ်ပုံတင်အမှတ် | ISN – ၄၄၈၃၆၁ |
| နိုင်ငံသားလက်မှတ် | ၁၂/ကမရ၊ နိုင် – ၀၁၁၅၉၈ |
| (၄) လူမျိုး/ဘာသာ | မြန်မာ – ဗုဒ္ဓဘာသာ |
| (၅) ပညာအရည်အချင်း | ဥပစာတန်းအထိပညာသင်ကြားခဲ့သည်။ တပ်မတော်ပြန်ကြားရေး ဒီပလိုမာ၊ စိတ်ဓာတ်စစ်ဆင်ရေး ဒီပလိုမာ (အမေရိကန်) |
| (၆) မိဘအမည် | ဦးငြိမ်း – ဒေါ်ညိုမယ် |
| (၇) မဲစာရင်းဝင် ရပ်/ကျေး အမည်နှင့်အမှတ် | မန္တလေးအရှေ့မြောက်မြို့နယ်၊ ရန်မျိုးလုံရပ်ကွက် မဲစာရင်းအမှတ်စဉ် ၃၅၉ |
| (၈) အမြဲတန်းနေရပ်လိပ်စာ | ၅၂ (ဘီ) အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ |

ဦးတင်အေးသည် မန္တလေးအရှေ့မြောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၂,၅၄၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၆ . ၆၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မန္တလေးအရှေ့မြောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) အတွင်းရှိ ရပ်ကွက်များမှာ မောရဂီဝါ၊ ရန်မျိုးလုံ၊ ပတ်ကုန်းပျော်ဘွယ်၊ ပြည်ကြီးမျက်မှန်၊ စိတ္တရမဟီ၊ ပတ်ကုန်းဝန်းကျင်၊ ပြည်ကြီးမျက်ရှင်နှင့် မဟာဇေယျာဘုံတို့ဖြစ် သည်။ ပေါင်းတည်မြို့ဇာတိဖြစ်သည်။ အဖ ဦးငြိမ်း၊ အမိ ဒေါ်ညိုမယ်တို့မှ ၁၉၂၅ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့တွင် ပြည်ခရိုင်၊ ပေါင်းတည်မြို့တွင် မွေးဖွားခဲ့သည်။ ဦးတင်အေးသည် ဥပစာတန်းအထိပညာသင်ကြားခဲ့သည်။ ၁၃၀၀ ပြည့်နှစ်အရေးတော်ပုံတွင် ကျောင်းသားသမဂ္ဂအမှုဆောင်တဦးဖြစ်ပြီး၊ ကျောင်းသားသပိတ်များတွင်ပါဝင်ခဲ့သည်။ ကျောင်းသားသံမဏိတပ်ဖွဲ့ဝင် ဖြစ်သည်။ ၁၉၄၂ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) တပ်ဖွဲ့ရာတွင် ပါဝင်ခဲ့သည်။ မလှိုင်မြို့နယ်၊ အာရှလူငယ်အစည်းအရုံးဝင်ဖြစ်သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် နောက်တန်းခေါင်းဆောင်၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ရရှိခဲ့သည်။ ၁၉၄၆ ခုနှစ်၊ လွတ်လပ်ရေးအကြိုကာလတွင် အမှုထမ်းပေါင်းစုံသပိတ်တိုက်ပွဲတွင် အထက်မြန်မာပြည်ခေါင်းဆောင်တဦးဖြစ်သည်။ ရှမ်းပြည်နယ်တွင် ပဒေသရာဇ်ဆန့်ကျင်ရေးအတွက် **'ရှမ်းအောင်လံ'** သတင်းစာကို ကြီးကြပ်ထုတ်ဝေခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် တပ်မတော်သို့ဝင်ရောက်ခဲ့သည်။ ကိုယ်ပိုင်အမှတ် (ကြည်း– ၆၃၉၂) ဖြစ်သည်။ တရုတ်ဖြူကျူးကျော်မှုစစ်ဆင်ရေးတွင် ပါဝင်သည်။ ယင်းနောက် ကာကွယ်ရေးဝန်ကြီးရုံး စိတ်ဓာတ်စစ်ဆင်ရေးဌာန သုတေသနအရာရှိနှင့် သင်တန်းနည်းပြအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၈–၅၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ပညာတော်သင်အဖြစ်သွားရောက်ခဲ့သည်။ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးအစိုးရတက်ပြီးနောက် ဗဟိုနိုင်ငံရေးသိပ္ပံကျောင်းတွင် သိပ္ပံနည်းပြ (ဗိုလ်မှူး)၊ လက်ထောက်

ကျောင်းအုပ်ကြီး (ဒုတိယဗိုလ်မှူးကြီး)၊ နောင်တွင် ဗဟိုနိုင်ငံရေးတက္ကသိုလ်၌ ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင်၊ ၁၉၇၇ ခုနှစ်၊ ဩဂုတ်လတွင် ပါတီတာဝန်ရုပ်သိမ်းခြင်းခံရပြီးနောက် တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တပ်မှူးဟောင်း၊ ရဲဘော်ဟောင်းများအဖွဲ့ (နောင်တွင် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့) တွင် ပါဝင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စတင်ဖွဲ့စည်းစဉ်ကပင် ပါဝင်ခဲ့ပြီး၊ မန္တလေးတိုင်း၊ စည်းရုံးရေးတာဝန်ခံတဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၈ ခုနှစ်၊ (၂၃) ကြိမ်မြောက် ကုလသမဂ္ဂညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင်လည်း ထပ်မံ၍ ကုလသမဂ္ဂညီလာခံသို့ တက်ရောက်ခဲ့သည်။ ဂျပန်နှင့်ဗြိတိန်နိုင်ငံများသို့လည်း ဝင်ရောက်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် အမေရိကန်နိုင်ငံရှိသားဖြစ်သူ၏ဖိတ်ခေါ်ချက်အရ သွားရောက်လည်ပတ်ခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရရာမှ ၁၉၉၂ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင်အင်းစိန်ထောင်မှ ပြန်လွတ်သည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့တွင် ကွယ်လွန်သည်။

**ဦးတင်အေး**
**ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းအုပ်ကြီး (အငြိမ်းစား)**
**အသက် (၇၀)**

ရန်ကုန်မြို့၊ အင်းလျားလမ်း၊ အမှတ် ၅၂ (ဘီ) နေ (ဦးငြိမ်း–ဒေါ်သိုမယ်) တို့၏ သားကြီး၊ ဒေါ်မြသီ၏ ခင်ပွန်း၊ ဦးမင်းဟန် – (ဒေါ်ရင်ရင်) ဒု–ညွှန်မှူး (ငြိမ်း) သမဝါယမဦးစီးဌာန၊ ဦးဖုန်းမြင့် အကြီးတန်းဘူမိဗေဒအရာရှိ (ငြိမ်း) ဘရေ – ဒေါ်ထွေးစိန်၊ ဦးအေးကြည် လက်ထောက်ညွှန်မှူး (ငြိမ်း)၊ ဒေသန္တရစက်မှုဦးစီးဌာန၊ အမှတ် (၁) စက်မှု – ဒေါ်ခင်လှဝင်း၊ ဒေါ်ညွန့်ရီ စား/ထွေ (ကုန်သွယ်ရေး) တို့၏ အကိုကြီး ဦးတင်အေးသည် ၂–၁–၉၄ ရက် တနင်္ဂနွေနေ့ ညနေ (၆ း ၁၅) နာရီအချိန်တွင် (၉၆) ပါးသောရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် (၄–၁–၉၄) ရက်နေ့ ညနေ (၄) နာရီအချိန်တွင် ကြံတောအအေးတိုက်မှ ကြံတောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

ကျန်ရစ်သူမောင်နှမတစု

**၄၂။ မြင်းခြံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**
**ဦးပေါခင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးပေါခင်သည် မြင်းခြံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄၂,၀၁၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၀ ․ ၀၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြင်းခြံမြို့နယ်၊ ဂေါင်းကွဲရွာဇာတိဖြစ်သည်။ အဖ ဦးထွေး၊ အမိ ဒေါ်သက်မြိုင်တို့မှ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးပေါခင်သည် မေမြို့စိန့်အဲလဗတ်အစိုးရအထက်တန်းကျောင်း၊ မြင်းခြံမြို့အစိုးရ အထက်တန်းကျောင်းအမှတ် (၁) တို့တွင် အခြေခံပညာသင်ကြားခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာဘွဲ့ရရှိခဲ့သည်။ ကုန်သည်လုပ်ငန်းဖြင့် အသက်မွေးသည်။ စက်မှုတက္ကသိုလ်လက်ရွေးစဉ်ဘော်လုံးသမား၊ ၁၉၇၀ ပြည့်နှစ်တွင် ဒေါ်ရီရီဦးနှင့်လက်ထပ်ခဲ့သည်။ မြင်းခြံမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဘဏ္ဍာရေးမှူးတာဝန်ယူခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ညတွင် ဖြစ်ပွားခဲ့သည့် အာဏာပိုင်များကိုယ်တိုင်ပါဝင်ပတ်သက် စီစဉ်ကျူးလွန်ခဲ့သည့် ဒီပဲယင်းသွေးချောင်းစီးလုပ်ကြံတိုက်ခိုက်

သတ်ဖြတ်မှုကြီးအတွင်း ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ကလေးအကျဉ်းထောင်မှ ပြန်လွတ်သည်။

## ၄၃။ မြင်းခြံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

## ဦးမောင်မောင်ဝင်း (ခ) ဦးဝင်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမောင်မောင်ဝင်း (ခ) ဦးဝင်းမောင်သည် မြင်းခြံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၉,၀၈၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၈ . ၀၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြင်းခြံမြို့နယ်၊ ညောင်ပင်ရွာဇာတိဖြစ်သည်။ အဖ ဦးတင်မောင်၊ အမိ ဒေါ်သိန်းတို့မှ ၁၉၄၈ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမောင်မောင်ဝင်း (ခ) ဦးဝင်းမောင်သည် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့၍ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် မဟာဝိဇ္ဇာဘွဲ့ကို အပိုင်း (က) အထိသင်ယူခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဒေါ်ဆန်းယဉ်နှင့်လက်ထပ်ခဲ့သည်။ ကိုယ်ပိုင်စီးပွားရေးလုပ်သည်။ မြင်းခြံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။

## ၄၄။ မြစ်သားမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

## ဒေါ်အုန်းကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါ်အုန်းကြည်သည် မြစ်သားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၉၀၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၀.၁၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ န္တွားထိုးကြီးမြို့နယ်၊ ကမ်းနားရွာဇာတိဖြစ်သည်။ အဖ ဦးပု၊ အမိ ဒေါ်သန်းတင်တို့မှ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ယယ်နာမည် မလှဌေး (ခေါ်) ဒေါ်အုန်းကြည်သည် တောင်ကြီးကောလိပ်မှ ၁၉၆၉–၇၀ ခုနှစ်တွင် ဓာတုအဓိကယူ၍ ၁၉၇၃ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ သိပ္ပံ (ဓာတုဗေဒ) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ စာရေးဝန်ထမ်း (မြစ်သားမြို့)၊ ၁၉၈၀ ပြည့်နှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဦးညွန့်တင်နှင့် လက်ထပ်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ကျောင်းသားဘဝက 'အသုံးလုံး လုပ်အားပေးတွင် ပါဝင်ခဲ့သည်။ ရှေ့နေအဖြစ်လိုက်ပါအသက်မွေးသည်။ မြစ်သားမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ဒေါ်အုန်းကြည်သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က အမရပူရမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား၏နေအိမ်တွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေး လျှို့ဝှက်အစည်းဝေးသို့တက်ရောက်ခဲ့၍ သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ထိုနောက် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၂၂) (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေပုဒ်မ (၁၁) (ည) နှင့်ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၉၆) ဖြင့် ကြေညာသည်။ နောင်တွင်ပြုလုပ်မည့်ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မေလ (၄) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။

## ၄၅။ မြစ်သားမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါက်တာမျိုးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာမျိုးမြင့်သည် မြစ်သားမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၁၂၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၀ . ၉၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြစ်သားမြို့နယ်၊ ကူမဲဇာတိဖြစ်သည်။ အဖ ဦးညွန့်မောင်၊ အမိ ဒေါ်စန်းတို့မှ ၁၉၅၄ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် မွေးဖွားသည်။ ဦးမျိုးမြင့်သည် ၁၉၈၁ ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ ရရှိခဲ့သည်။ ဆေးတက္ကသိုလ်မန္တလေးတွင် လမ်းစဉ်လူငယ်၊ ကူမဲတွင် အရန်ပါတီဝင်၊ ကျောင်းပြီးသည်နှင့် နေအိမ်တွင် ဆေးခန်းဖွင့်သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါဝင်ခဲ့သည်။ မြစ်သားမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှနုတ်ထွက်ကြောင်း ကြေညာချက်အမှတ် (၁၂၇၁) ဖြင့် ကြေညာခဲ့သည်။

## ၄၆။ ရမည်းသင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးမောင်မောင်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးမောင်မောင်မြင့်သည် ရမည်းသင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၀၄၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၆ . ၉၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ရမည်းသင်းမြို့ဇာတိ ဖြစ်သည်။ အဖ ဦးအောင်တင်၊ အမိ ဒေါ်တင်ညွန့်တို့မှ ၁၉၄၂ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမောင်မောင်မြင့်သည် ဒသမတန်းအထိ ပညာသင်ကြားခဲ့၍ လူမှုရေးနှင့်ဘာသာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဇနီးဒေါ်ဝင်းကြည်နှင့် သားသမီး (၆) ဦးထွန်းကားသည်။ ပုံနှိပ်စက်နှင့်ဆန်စက်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါဝင်ခဲ့သည်။ ရမည်းသင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်ဘဏ္ဍာရေးမှူးတာဝန်ယူခဲ့သည်။ ဦးမောင်မောင်မြင့်သည် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများခြေချုပ်နှင့်ခံဝန်အက်ဥပဒေ ပုဒ်မ (၅) ပုဒ်မခွဲ (၁) (စ) (ဆ) နှင့် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၂၉၀) တို့ဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (ဠ) နှင့်ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ ဇန်န ဝါရီလ (၉) ရက်နေ့တွင် ကြေညာခဲ့သည်။ ၂၀၀၅ ခုနှစ်၊ မတ်လ (၅) ရက်နေ့တွင် ကွယ်လွန်သည်။

## ၄၇။ ရမည်းသင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးမောင်မောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမောင်မောင်သန်းသည် ရမည်းသင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၀၈၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၁ . ၂၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ သာစည်မြို့ဇာတိ ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့ဖွားဖြစ်သည်။ ဦးစိန်၏သား ဖြစ်သည်။ ဦးမောင်မောင်သန်းသည် မန္တလေးမြို့၊ စိန့်ဇေဗီးယား အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်းကို (ခ) အဆင့်ဖြင့်အောင်မြင်ခဲ့ပြီးနောက်၊ ၁၉၇၂ ခုနှစ်တွင် တပ်မတော် (လေ) သို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ မြေပြင်အတတ်သင် လေတပ်စခန်း (မိတ္ထီလာ)၊

(၅၀၂) လေတပ်စခန်း၊ မင်္ဂလာဒုံ၊ တပ်မတော်လေတွင်ရှိစဉ် ဆယ်တန်းကို (က) အဆင့်ဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပြီး မိဘလက်ငုတ်ကိုယ်ပိုင်လုပ်ငန်းအလုပ်ကို လုပ်ကိုင်ခဲ့သည်။

## ၄၈။ လယ်ဝေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးတင်ထွဋ်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်ထဋ်ဦးသည် လယ်ဝေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၂,၈၈၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၃ . ၉၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မန္တလေးမြို့ဇာတိဖြစ်သည်။ အဖ ဦးကိုကြီး၊ အမိ ဒေါ်ခင်ငြိမ်းငြိမ်းတို့မှ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးတင်ထွဋ်ဦးသည် ၁၉၈၃ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ သိပ္ပံ(ရူပဗေဒ)ဘွဲ့ရရှိခဲ့သည်။ ကျောင်းပြီးသည့်နောက် မိဘ၏ မြန်မာ့ဆေးကိုယ်စားလှယ်လုပ်ငန်းကိုလုပ်ကိုင်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ညတွင် ဖြစ်ပျက်ခဲ့သည့် အာဏာပိုင်များကိုယ်တိုင် ပါဝင်ပတ်သက်စီစဉ်ကျူးလွန်ခဲ့သည့် ဒီပဲယင်းသွေးချောင်းစီးလုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးအတွင်း မေလ (၃၀) ရက်နေ့တညလုံး လယ်ကွင်းများထဲတွင် ပုန်းအောင်းနေခဲ့ရာမှ နောက်တနေ့ မေလ (၃၁) ရက်နေ့ နံနက် (၆) နာရီခန့်အချိန်တွင် အခြားအတူပုန်းအောင်းနေခဲ့သူ (၂၃) ဦးနှင့်အတူ ကားလမ်းပေါ်သို့အတက်တွင် ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းဟန်နှင့် တိုင်းရဲမှူးကြီးတို့မှ သေနတ်သုံးချက်ပစ်ဖောက်၍ လက်ပြန်ကြိုးတုတ်ဖမ်းဆီးပြီး၊ ခရိုင်ဥက္ကဋ္ဌမှ ဆဲဆိုကြိမ်းမောင်းသည်။ ထို့နောက် ဒီပဲယင်းရဲစခန်းအချုပ်တွင် နံနက် (၇) နာရီမှ ညနေ (၃) နာရီအထိ ချုပ်နှောင်ထား၍ ထိုမှတဆင့် ရွှေဘိုထောင်သို့ ပြောင်းရွှေ့ထိန်းသိမ်းခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ရွှေဘိုအကျဉ်းထောင်မှပြန်လွတ်သည်။ ထောင်မှလွတ်လာပြီးနောက် ဦးတင်ထွဋ်ဦးနှင့်မိသားစုနေထိုင်ရာ အိုးအိမ်ဦးစီးဌာနပိုင်နေအိမ်မှ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၈) ရက်နေ့ နောက်ဆုံးထား၍ ပြောင်းရွှေ့ရန် ထပ်မံဖိအားပေးခြင်းခံခဲ့ရသဖြင့် ဖယ်ရှားပေးခဲ့ရသည်။

## ၄၉။ လယ်ဝေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးညီညီထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးညီညီထွန်းသည် လယ်ဝေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၄၅၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၅ . ၉၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရမည်းသင်းမြို့ဇာတိဖြစ်သည်။ အဖ ဦးမြတ်သာထွန်း၊ အမိ ဒေါ်စောလေးတို့မှ ၁၉၃၅ ခုနှစ်၊ မေလ (၂၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးညီညီထွန်းသည် ၁၉၅၂ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ရန်ကုန်တက္ကသိုလ်တွင် ဥပစာဝိဇ္ဇာ (ခ) အထိ ပညာသင်ကြားခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် လယ်ဝေးမြို့နယ် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပ–မ–ည–တ) ဥက္ကဋ္ဌ၊ ၁၉၆၀ ပြည့်နှစ်တွင် ပ–မ–ည–တ မြို့နယ်အမတ်လောင်း၊ ၁၉၆၃ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဆိုင်တာဝန်ခံ၊ တောင်သူလယ်သမား ကောင်စီအတွင်းရေးမှူး၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြို့နယ်သမဝါယမ မန်နေဂျာ၊ ၁၃၅၀ ပြည့်(၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ အထက်တန်းရှေ့နေစာမေးပွဲအောင်မြင်ခဲ့သည်။ လယ်ဝေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်တာဝန်ခံ တာဝန်ယူခဲ့သည်။ ၁၉၉၉ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့က လယ်ဝေးမြို့နယ်၊ သာယာကုန်းကျေးရွာတွင်ပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ နုတ်ထွက်လွှာပေးအပ်ပွဲအခမ်းအနားတွင် ဦးညီညီထွန်းကိုယ်တိုင်တက်ရောက်၍

ၚင်းနုတ်ထွက်ရခြင်းအကြောင်းကို ရှင်းပြခဲ့သည်ဟု ၁၉၉၉ ခုနှစ်၊ မတ်လ (၁၃) ရက်နေ့ထုတ် နအဖ သတင်းစာများတွင် အောက်ပါအတိုင်းဖော်ပြခဲ့သည်။

**လယ်ဝေးမြို့နယ် အဲန်အယ်လ်ဒီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းနှင့်**
**မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်များနှင့် ပါတီဝင်များနုတ်ထွက်**
**ရန်ကုန် မတ် ၆ (၁၉၉၉)**

မန္တလေးတိုင်း လယ်ဝေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ နှင့် မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းအပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ပါတီဝင် (၂၀၅) ဦးတို့သည် ဖေဖော်ဝါရီ (၂၅) ရက်တွင် ပါတီဝင်အဖြစ်မှ နုတ်ထွက်ခဲ့ကြောင်းသိရသည်။

မန္တလေးတိုင်း လယ်ဝေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းအပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ပါတီဝင် (၂၀၅) ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီနိုင်ငံရေးလှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်ရန် ဆန္ဒမရှိတော့သဖြင့် မိမိတို့၏ဆန္ဒအလျောက် ပါတီဝင်အဖြစ်မှနုတ်ထွက်ကြောင်း လယ်ဝေးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့နှင့် သက်ဆိုင်ရာနိုင်ငံရေးပါတီသို့ အကြောင်းကြားစာများ ပေးပို့ခဲ့ကြောင်း၊ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလ (၂၇) ရက်တွင် လယ်ဝေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများကိုယ်တိုင် ပါတီအလံ၊ ပါတီတံဆိပ်တုံးများနှင့် စာရွက်စာတမ်းများကို မြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့သို့ အပ်နှံကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**၅၀။ ဝမ်းတွင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**
**ဒေါက်တာသောင်းတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာသောင်းတင်သည် ဝမ်းတွင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၆,၆၁၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၅ . ၆၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပွင့်ဖြူမြို့နယ်၊ ရှောက်တောကျေးရွာဇာတိ ဖြစ်သည်။ အဖ ဦးမြသောင်း၊ အမိ ဒေါ်ခင်တို့မှ ၁၉၄၉ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးသောင်းတင်သည် ၁၉၇၅ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ တာဝန်ခံဆရာဝန် ဘုရားစုကျေးရွာ၊ သမဝါယမလူမှုရေးဆေးပေးခန်း၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။

**၅၁။ ဝမ်းတွင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**
**ဦးလှအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးလှအောင်သည် ဝမ်းတွင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၉,၈၀၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၆ . ၉၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဝမ်းတွင်းမြို့နယ်၊ ပြည်တော်ရွာဇာတိဖြစ်သည်။ အဖ ဦးအေးမောင်၊ အမိ ဒေါ်အေးကြည်တို့မှ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးလှအောင်သည် ဝိဇ္ဇာဘွဲ့၊ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး ပညာရေးဒီပလိုမာတို့ကို ရန်ကုန်တက္ကသိုလ်မှ ၁၉၆၂ ခုနှစ်နှင့် ၁၉၆၄ ခုနှစ်တို့တွင်

လည်းကောင်း၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်တို့တွင် မော်စကိုနိုင်ငံတော်တက္ကသိုလ်မှ ရုရှားဘာသာဒီပလိုမာနှင့် စီးပွားရေးပါရဂူဘွဲ့တို့ကိုလည်းကောင်း အသီးသီးရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ် အထိ သုတေသန အရာရှိနှင့် လက်ထောက်ကထိက ဗဟိုနိုင်ငံရေးတက္ကသိုလ်။ ယင်းဌာနမှ ဆန္ဒအလျောက် နုတ်ထွက်ပြီး ဇာတိတွင် ရိုးရာတောင်သူလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီး တွင် ပါဝင်ခဲ့သည်။ ဝမ်းတွင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။

## ၅၂။ သပိတ်ကျင်းမြို့နယ်မဲဆန္ဒနယ်။

### ဦးမော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမော်သည် သပိတ်ကျင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၃၇၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၈ . ၉၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၂၃ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့ဖွား ဖြစ်သည်။ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းရွာဇာတိဖြစ်သည်။ ဦးသာဂျမ်း၏သား ဖြစ်သည်။ ဦးမော်သည် ၁၉၃၈–၃၉ ခုနှစ်၊ ကျောင်းသားသပိတ်နှင့် ဒို့ဗမာအစည်းအရုံးဝင်၊ ၁၉၄၄ ခုနှစ်တွင် ကွန်မြူနစ်ပါတီဝင်၊ ၁၉၄၆ ခုနှစ်တွင် အလံနီကွန်မြူနစ်ပါတီဝင်၊ ၁၉၄၈ ခုနှစ်တွင် တောခိုကာ ၁၉၅၈ ခုနှစ်တွင် အလံနီဌာနချုပ်ကိုသပိတ်မှောက်၍ ၁၉၆၂ ခုနှစ်တွင် အလင်းဝင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မြို့နယ်ဥက္ကဋ္ဌ (ဆ–စ–တ–က)၊ ၁၉၇၀ ပြည့်နှစ်တွင် မြို့နယ်သမဝါယမအသင်း ဥက္ကဋ္ဌ၊ ၁၉၈၁ ခုနှစ်တွင် မြို့နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင် သည်။ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင် ကွယ်လွန်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ကြေညာချက်အမှတ် (၉၅၁) ဖြင့် ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင် ထုတ်ပြန် ကြေညာခဲ့သည်။

## ၅၃။ သာစည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးသိမ်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသိမ်းမောင်သည် သာစည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စား ပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၁,၀၅၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၁ . ၀၂) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးစံကြူး၊ အမိ ဒေါ်လှဲ့တို့မှ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်နေ့တွင် မွေးဖွားခဲ့ သည်။ သာစည်မြို့နယ်၊ ဟံဇားကျေးရွာဇာတိ ဖြစ်သည်။ ဦးသိန်းမောင်သည် ဝိဇ္ဇာ (ဒဿနိက) ဘွဲ့ကို စာပေးစာယူ ဖြင့် ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။ အလယ်တန်းပြကျောင်းဆရာ၊ ထို့နောက် ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ ၁၉၈၆ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတာဝန်မှ နုတ်ထွက်ပြီး မိသားစုတနိုင်စီးပွားရေး လုပ်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။

## ၅၄။ သာစည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးမောင်မောင်လေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမောင်မောင်လေးသည် သာစည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၁၇၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၇ . ၅၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ သာစည်မြို့ဇာတိ ဖြစ်သည်။ အဖ ဦးစောအေးချို၊ အမိ ဒေါ်ခင်ကြည်တို့မှ

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမောင်မောင်လေးသည် ၁၉၇၀ ပြည့်နှစ်တွင် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာ (ပထဝီ) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပထမ အသင်းစုမှူး သမဝါယမဦးစီးဌာန (ကလော၊ သာစည်)၊ ၁၉၈၇–၈၈ ခုနှစ်တွင် ဌာနဦးစီး၊ သမဝါယမ ဦးစီးဌာန (နမ့်စမ်)၊ ၁၃၅၀ ပြည့်နှစ်(၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့တွင် ဝန်ထမ်းအဖြစ်မှနုတ်ထွက်ခဲ့သည်။ သာစည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံး ရေးမှူးတာဝန်ယူခဲ့သည်။

## ၅၅။ အမရပူရမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

## ဒေါက်တာဇော်မြင့်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာဇော်မြင့်မောင်သည် အမရပူရမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၁,၁၁၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆ . ၃၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးချစ်မောင်၊ အမိ ဒေါ်မြင့်မြင့်တို့၏သား ဖြစ်သည်။ ဒေါက်တာဇော်မြင့်မောင်သည် ၁၉၇၉ ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ် မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၈၂–၈၃ ခုနှစ်တွင် တာဝန်ခံဆရာဝန် (မန္တလေးတိုင်း) စစ်ကိုင်းရွာသစ်ကြီး တိုက်နယ် ဆေးရုံ၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဇီဝ၊ ဓာတုသရုပ်ပြဆရာ (မန္တလေးဆေးတက္ကသိုလ်)၊ ဆေးပညာမဟာ သိပ္ပံ (ဇီဝဓာတု) ဘွဲ့လွန်သင်တန်း ပထမနှစ်ကို ၁၉၈၅ ခုနှစ်တွင် အောင်မြင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ်(၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလတွင် ရန်ကုန်သို့ ပြောင်းရွှေ့ခံရသဖြင့် နုတ်ထွက်ခွင့်တောင်းခံခဲ့ရာ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလတွင် နုတ်ထွက်ခွင့်ရခဲ့သည်။ ကိုယ်ပိုင် ဆေးကုခန်းဖွင့်ထားသည်။ ဒေါက်တာ ဇော်မြင့်မောင်သည် ၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် အမရပူရမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား၏နေအိမ်တွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေး လျှို့ဝှက်အစည်းအဝေးဖြစ်မြောက်ရေးအတွက် နေရာထိုင်ခင်းစီစဉ်ခြင်း၊ ဧည့်ခံကျွေးမွေး ခြင်းနှင့် အစည်းအဝေးတွင် ဆွေးနွေးဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် မန္တလေးအနောက်တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်ပြုလုပ်သော ယာယီအစိုးရ ဖွဲ့စည်းရေးလျှို့ဝှက်အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ တွင် အမာခံ (Hard Core) (၆) ဦးအတွက်ဆက်သွယ်မှုနှင့် နေထိုင်စားသောက်မှုအပိုင်းကို တာဝန်ယူလုပ်ဆောင် ရန် ကတိပေးခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးဘိုလှ တင့်၊ ဦးဝင်းကို၊ ဦးလှဖေ၊ ဦးသိန်းဦးတို့ တောတွင်းသွားမည့်အစီအစဉ်ကို ကြိုတင်သိထားခဲ့သည်။ ဦးဘိုလှတင့် တောတွင်းရောက်ရှိနေကြောင်းကိုလည်း ယင်း၏အဆက်အသွယ်ဖြင့်သိရှိခဲ့၍ သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်း ထားခြင်းခံခဲ့ရသည်။ ဒေါက်တာဇော်မြင့်မောင်းအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂ (၁) အရ ပြစ်ဒဏ်စီရင်ခြင်း ခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (ည) နှင့်ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့်ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ထောင်ဒဏ် (၂၅) ချမှတ်ခံခဲ့ရသည်။ ဇနီးမှာ ဒေါက်တာ ဒေါ်ယုယုမေဖြစ်သည်။

**၅၆။ အမရပူရမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးဘဘွား၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**


ဦးဘဘွားသည် အမရပူရမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၁၆၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၈ . ၅၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့ဖွား ဖြစ်သည်။ သခင်ဗသိန်း၏သား ဖြစ်သည်။ ဦးဘဘွားသည် သခင်ဗသိန်းနှင့်အတူ ဒို့ဗမာအစည်းအရုံး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတို့၌ ပါဝင်ခဲ့သည်။ ၁၉၄၆ ခုနှစ်၊ တပ်မတော်ဖွဲ့ချိန် တပ်မတော်တွင် တာဝန်ထမ်းဆောင်ပြီး၊ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရသည့်အခါ တပ်မတော်မှထွက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ရောင်စုံသူပုန်များလက်မှ အမရပူရမြို့ကို ပြန်လည်သိမ်းပိုက်တိုက်ခိုက်ရာတွင် ပါဝင်ခဲ့သည်။ ဖခင်သခင်ဗသိန်း ပါလီမန်အတွင်းဝန် လုပ်စဉ် ဖ–ဆ–ပ–လ အဖွဲ့ချုပ်တွင် ပါဝင်ခဲ့သည်။ ရှမ်းဂေါ်ငးရပ်၊ လေးစုရပ်ကွက်၊ အမရပူရတွင်နေသည်။ ယင်းသည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က ကျင်းပပြုလုပ်သည့် ယာယီအစိုးရဖွဲ့စည်းရေးလျှို့ဝှက်အစည်းအဝေးကို ယင်း၏နေအိမ်တွင်ပြုလုပ်ခွင့်ပေးခဲ့ပြီး ကိုယ်တိုင်အဆိုပါအစည်းအဝေးသို့ တက်ရောက်ပါဝင်ဆွေးနွေးခဲ့သဖြင့် သက်ဆိုင်ရာမှဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ယင်းနောက်ဦးဘဘွားသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂ (၁) အရ ပြစ်ဒဏ်စီရင်ခြင်းခံရ၍ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁ (ည) နှင့်ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ် မည့်ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကို ပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မေလ (၄) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှပြန်လွတ်သည်။

**ရွေးကောက်ပွဲနှင့်ပြည်သူ့လွှတ်တော်**

**၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့က ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအဖွဲ့အစည်းအသီးသီးမှ ရွေးကောက်တင်မြှောက်ခံကြရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂ (စ) နှင့် နိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းကြေညာပြီးသည်တို့အရ၊ တရားဝင်အတည်ဖြစ်နေကြောင်း ဆုံးဖြတ်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏သက်တမ်းကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါ။ ပြည်သူ့လွှတ်တော်တရပ်၏သက်တမ်းကို ပြည်သူ့လွှတ်တော် ခေါ်ယူဖွဲ့စည်းပြီးမှသာလျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဆုံးဖြတ်ချက်အရ သတ်မှတ်ကြပါသည်။**

**[ ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ (၂၇/၂၈)ရက်နေ့များတွင် ကျင်းပခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့စည်းတည်ထောင်သည့် (၉)နှစ်မြောက် နှစ်ပတ်လည်နေ့အစည်းအဝေးကြီးမှ ချမှတ်သော ဆုံးဖြတ်ချက်များမှ . . . ]**

## (၁ဝ) မွန်ပြည်နယ်။



မြောက်ဘက်တွင် ပဲခူးတိုင်း၊ အရှေ့ဘက်တွင် ကရင်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းနှင့် အနောက်ဘက်တွင် မုတ္တမပင်လယ်ပြင်တို့တည်ရှိသည်။ မြောက်လတ္တီတွဒ် (၁၄) ဒီဂရီ (၅၂) မိနစ်နှင့် (၁၇) ဒီဂရီ (၃၂) မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် (၉၆) ဒီဂရီ (၅၁) မိနစ်နှင့် (၉၈) ဒီဂရီ (၁၃) မိနစ်အတွင်း တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၄,၇၄၈) ကျယ်ဝန်းသည်။ ပြည်နယ်မြို့တော်မှာ မော်လမြိုင်မြို့ဖြစ်သည်။

မွန်ပြည်နယ်တွင် မြို့နယ် (၁ဝ) မြို့နယ်ရှိ မဲဆန္ဒနယ် (၂ဝ) နယ်၌ နိုင်ငံရေးပါတီအဖွဲ့အစည်း (၁၆) ခုအား ကိုယ်စားပြုယှဉ်ပြိုင်သူလွှတ်တော်ကိုယ်စားလှယ်လောင်း (၉၄)ဦး၊ တသီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်း (၁) ဦး၊ စုစုပေါင်း (၉၅) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၁၆) နေရာနှင့် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့မှ (၄) နေရာ အသီးသီးရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည်။

### ၁။ ကျိုက်ထိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးရဲထွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးရဲထွင်သည် ကျိုက်ထိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၂၈၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆ . ဝ၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးဖေခင်၏သားဖြစ်သည်။ ၁၉၂၂ ခုနှစ်၊ ဧပြီလ (၂ဝ) ရက်နေ့ဖွား ဖြစ်သည်။ တော်လှန်ရေး ကာလတွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) တွင်ပါဝင်ခဲ့ပြီး အာရှလူငယ် မြိတ်ခရိုင် စည်းရုံးရေးတာဝန်ခံ၊ ၁၉၅၂ ခုနှစ်တွင် သိပ္ပံဘွဲ့ရရှိခဲ့၍ ဓာတုဗေဒနည်းပြဆရာနှင့် ပင်းယဆောင် အဆောင်နည်းပြ၊ ၁၉၅၃ ခုနှစ်မှ ၁၉၅၄ ခုနှစ်အထိ ဖ–ဆ–ပ–လ အလုပ်သမားအစည်းအရုံး (တီယူစီဘီ) တွင် ရေနံနှင့်သတ္တုဌာန၊ လက်

ထောက်ဌာနတာဝန်ခံ၊ ၁၉၆၃ ခုနှစ်တွင် ဖ–ဆ–ပ–လ တနသ်ာရီတိုင်းမှူး၊ ၁၉၆၉ ခုနှစ်တွင် ဥပဒေဘွဲ့ရရှိခဲ့၍ ၁၉၇၁ ခုနှစ်မှစ၍ တရားရုံးချုပ်ရှေ့နေ၊ ၁၉၈၈ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မွန်ပြည်နယ်စည်းရုံးရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

## ၂။ ကျိုက်ထိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါက်တာအေးဇံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာအေးဇံသည် ကျိုက်ထိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၉၈၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၈ . ၈၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၅၄ ခုနှစ်ဖွား ဖြစ်သည်။ ဦးကျော်ဇံ၏သား ဖြစ်သည်။ မုဒုံမြို့ဇာတိ ဖြစ်သည်။ ဒေါက်တာအေးဇံသည် မုဒုံမြို့၊ သီပေါမြို့နှင့် သံဖြူဇရပ်မြို့များတွင် အခြေခံပညာသင်ယူခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဆေးပညာဘွဲ့ကို မင်္ဂလာဒုံဆေးတက္ကသိုလ် (၂) မှရရှိခဲ့ပြီး မုဒုံမြို့တွင် ကိုယ်ပိုင်ဆေးကုခန်း ဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဧပြီလမှစ၍ ကျိုက်ထိုမြို့သို့ပြောင်းရွှေ့နေထိုင်ပြီး ကိုယ်ပိုင်ဆေးကုခန်းဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။

## ၃။ ကျိုက်မရောမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးမြင့်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမြင့်သိန်းသည် ကျိုက်မရောမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၀,၅၇၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၂ . ၉၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးအောင်ကြည်၏သား ဖြစ်သည်။ ၁၉၄၇ ခုနှစ်ဖွား ဖြစ်သည်။ စစ်ကိုင်းတိုင်း၊ ငါန်းဇွန်မြို့ဇာတိ ဖြစ်သည်။ ဦးမြင့်သိန်းသည် ၁၉၆၈ ခုနှစ်တွင် စီပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇ၊ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် သမဝါယမဝန်ကြီးဌာန၌ အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ သထုံ၊ မတ္တရာ၊ ဆီဆိုင်၊ တောင်ကြီး၊ ဘုတလင်၊ ဆိပ်ကမ်း၊ ရန်ကုန် ရုံးချုပ်နှင့် ကျိုက်မရောမြို့တို့တွင် သမဝါယမဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အငြိမ်းစားယူခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင်ဖြစ်ပွားသည့် ဒီပဲယင်းသွေးချောင်းစီး လုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးဖြစ်ပွားအပြီး ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရ၍ ဇူလိုင်လ (၁၅) ရက်နေ့တွင် ပြန်လွှတ်သည်။

## ၄။ ကျိုက်မရောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးမင်းခင်မောင် (ခ) နိုင်ခင်မောင်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့။ (ကွယ်လွန်)

ဦးမင်းခင်မောင် (ခ) နိုင်ခင်မောင်သည် ကျိုက်မရောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၁,၅၂၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၁ . ၈၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ နိုင်လွန်းခိုင်၊ အမိ မိမြချစ်တို့မှ ၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဦးမင်းခင်မောင် (ခ) နိုင်ခင်မောင်သည် ၁၉၆၂ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ၊ ၁၉၆၆ ခုနှစ်တွင် စက်ပစ္စည်း ကြီးကြပ်ရေးအဖွဲ့၌ အမှုဆောင်အရာရှိ၊ ထို့နောက် ဒုတိယအမှုဆောင်အရာရှိချုပ်၊ ၁၉၇၂ ခုနှစ်မှစ၍ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ၁၉၈၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် အငြိမ်းစားယူခဲ့သည်။ ရန်ကုန်တက္ကသိုလ်မွန်အသင်းတွင် အတွင်းရေးမှူးအဖြစ် ၁၉၅၇–၅၈ ခုနှစ်၊ ၁၉၅၈–၅၉ ခုနှစ်၊ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)

တွင် ၁၉၇၈–၈၀၊ ၁၉၈၀–၈၂၊ ၁၉၈၂–၈၄ ခုနှစ်များ၌ ဥက္ကဋ္ဌ၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (တိုင်းရင်းသားရေးရာ ဌာနမှူး)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် မူဝါဒရေးရာကော်မတီတွင် အဖွဲ့ဝင်၊ ရွေးကောက်ပွဲယှဉ်ပြိုင်ဘက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်လောင်း ဦးတင်ငွေက ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခဲ့သဖြင့် ရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ ကြားနာစစ်ဆေးမှုကို ခံခဲ့ရသည်။ ဦးမင်းခင်မောင် (ခ) နိုင်ခင်မောင် [ မွန်ကျောင်းနာယကအဖွဲ့ဝင်၊ မွန်ဓမ္မာရုံတည်ဆောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မွန်ဓမ္မာရုံနှင့်မွန်ပိဋကတ်တိုက် ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ဝင်၊ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ၏နာယကအဖွဲ့ဝင် ] သည် ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ဦးမင်းခင်မောင် (ခ) နိုင်ခင်မောင်**

**အသက် (၇၀)**

**B.Sc.(Engg.) Mech.**

**ဖဲကတာ၊ ကတိုးကော့နပ်**

**(စမ်းချောင်း၊ ရန်ကုန်)**

**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)**

**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

**လူမှုထူးချွန် (တတိယဆင့်)**

မော်လမြိုင်မြို့၊ ကတိုးကော့နပ်ကျေးရွာနေ (နိုင်လွန်းခိုင်–မိမြချစ်) တို့၏သား၊ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရပ်၊ ဝတ်ကြီးလမ်းနေ (ဦးပု–ဒေါ်ငွေမြိုင်) တို့၏ သားသမက်၊ အမှတ် (၄၀)၊ ၄က်ပျောတောလမ်း၊ ကျွန်းတောမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဒေါ်တင်စိန်၏ချစ်လှစွာသော ခင်ပွန်း၊ (ဦးစိုးသိန်း၊ လေကြောင်းဦးစီးဌာန)–ဒေါ်သင်းမြိုင်တို့၏ ညီ/မောင်၊ ဦးမင်းညိုသိမ်း (ရုံးအဖွဲ့မှူး၊ ငြိမ်း)–ဒေါ်လှကြည်၊ ဦးအောင်မြင့်–ဒေါ်တင်တင်၊ ဒေါ်ဝင်းဝင်းရှိန် (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး)၊ ဦးစိုးမြင့်–ဒေါ်တင်ရွှေတို့၏ အကို၊ ကိုကျော်လင်းဇော် (ခေတ္တ–U.S.A.)၊ ကိုထွန်းထွန်း၊ ကိုမျိုးသူရ–ပတ်ချယ်ရီခစ (ခေတ္တ–ဗန်ကောက်)၊ ကိုထွန်းသိန်း (C.E., N.S.S.P.L.)–မနီလာခင်၊ ကိုတင့်အောင်၊ မနီလာအောင် (Final Part I, I.M. 1) တို့၏ ကျေးဇူးရှင်ဖခင်၊ နန့်ချရာ၊ မောင်ဖြိုးမင်းသိန်းတို့၏ အဘိုးသည် (၂၉–၉–၂၀၀၂) ရက်တွင် ကွယ်လွန်ပါ၍ (၁–၁၀–၂၀၀၂) ရက် (အင်္ဂါနေ့) မွန်းလွဲ (၁) နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**၅။ ချောင်းဆုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးအောင်ကြည်ညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအောင်ကြည်ညွန့်သည် ချောင်းဆုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၀,၃၄၄) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၄ . ၅၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးတင်မြင့်၏သား ဖြစ်သည်။ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့ဖွားဖြစ်သည်။ မွန္တ လေးတိုင်း၊ တပ်ကုန်းမြို့ဇာတိဖြစ်သည်။ ဦးအောင်ကြည်ညွန့်သည် ၁၉၇၃ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် စိုက်ပျိုးပညာဘွဲ့ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်မှစ၍ ချောင်းဆုံမြို့

အနောက်ပိုင်းရပ်ကွက်တွင်နေ၍ အထက်တန်းရှေ့နေအဖြစ် အသက်မွေးသည်။ ဦးအောင်ကြည်ညွန့်သည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၄၁၆) (၁၀၉) ဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (ဃ) နှင့် ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် ကြေညာခဲ့သည်။

### ၆။ ချောင်းဆုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါ်ခင်ဌေးကြွယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါ်ခင်ဌေးကြွယ်သည် ချောင်းဆုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၃၀၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၀ . ၄၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ဦးကွန်ပါ၏သမီး ဖြစ်သည်။ ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့ဖွား ဖြစ်သည်။ ချောင်းဆုံမြို့နယ်၊ မုရစ် ကလေးအစိုးရအထက်တန်းကျောင်းတွင် ဆဋ္ဌမတန်းအထိ ပညာသင်ကြားခဲ့သည်။ ထိုမှ ရန်ကုန်သို့ပြောင်းရွှေ့ပညာသင်ကြားခဲ့ရာ ၁၉၆၆ ခုနှစ်တွင် အမှတ် (၃) တာမွေ အစိုးရအထက်တန်း ကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့သည်။ ထိုမှ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြား ခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင် သိပ္ပံ (သတ္တဗေဒ) ဘွဲ့ရရှိခဲ့သည်။ ဘွဲ့ရပြီးနောက် ဗဟိုလယ်ကောင်စီ စာရေးဝန်ထမ်း၊ ၁၉၇၈ ခုနှစ်တွင် မှတ်ပုံတင်ရှေ့နေ သင်တန်းအောင်မြင်သည့်အခါ စာရေးဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့သည်။ ယင်းနောက်တရားရုံးချုပ် ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခဲ့သည်။

### ၇။ ပေါင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဥာဏ်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဉာဏ်ဝင်းသည် ပေါင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၀၃၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၅ . ၂) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးချိန်ဖေ၊ အမိ ဒေါ်ရီတို့မှ ၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် မွေးဖွားခဲ့ သည်။ ကျိုက်ခမီဇာတိဖြစ်သည်။ ဦးဉာဏ်ဝင်းသည် ၁၉၄၈–၄၉ ခုနှစ်မှ ၁၉၅၉–၆၀ ခုနှစ်အထိ ကျိုက်ခမီအစိုးရ အထက်တန်းကျောင်း၊ မော်လမြိုင် ရှင်မဟာဗုဒ္ဓဃောသအထက်တန်းကျောင်းတို့တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၈ ခုနှစ်အထိ မော်လမြိုင် ဥပစာကောလိပ်၊ မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တို့မှ ဝိဇ္ဇာ (ဥပဒေဘွဲ့) နှင့် ဥပဒေဘွဲ့များရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဒေါ်လှလှဝင်းနှင့် လက်ထပ်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၃ ခုနှစ်အထိ အထက်တန်းရှေ့နေ၊ တရားရုံးချုပ်ရှေ့နေ၊ ၁၉၇၃ ခုနှစ်တွင် ဥပဒေဝန်ထမ်းအဆင့် (၄)၊ ၁၄–၁၁–၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်နေ့တွင် ဥပဒေဝန်ထမ်းအဆင့် (၁) မှ အငြိမ်းစားယူခဲ့ပြီး၊ တရားရုံးချုပ်ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည်။

### ၈။ ပေါင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### နိုင်သောင်းညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

နိုင်သောင်းညွန့်သည် ပေါင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၁,၂၄၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၉ . ၁၂) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးဘိုးသက်၏သား ဖြစ်သည်။ ၁၉၃၄ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့ဖွား ဖြစ်သည်။

ပေါင်မြို့၊ ကဒါရပ်ကွက်ဇာတိ ဖြစ်သည်။ နိုင်သောင်းညွန့်သည် ၁၉၄၃ ခုနှစ်မှစ၍ ဘုန်းတော်ကြီးကျောင်းပညာ၊ မူလတန်းပညာ၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်ဝင်တန်းအထိ၊ ဓမ္မမေဓနီကျောင်းနှင့် ပေါင်မြို့အစိုးရ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ကျောင်းမှထွက်၍ လယ်လုပ်ငန်းလုပ်ကိုင်ခဲ့ပြီး ပေါင်မြို့နယ် ဖ–ဆ–ပ–လ၊ ဗ–တ–လ–စ တို့တွင် မြို့နယ်အဆင့်၊ ၁၉၆၅ ခုနှစ်တွင် ဆ–စ–တ–က အတွင်းရေးမှူး၊ ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်နေ့မှစ၍ ယူနစ်ရေးရာမှူး၊ ယူနစ်ကော်မတီဝင်၊ ၁၉၇၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့မှ ၁၉၇၈ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့အထိ ပါတီယူနစ် အတွင်းရေးမှူး၊ ၁၉၇၈ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့မှ ၁၉၈၅ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့အထိ ပါတီယူနစ် ဥက္ကဋ္ဌတာဝန်တို့ကိုထမ်းဆောင်ခဲ့ပြီး ၁၉၈၆ ခုနှစ်၊ မေလ (၂၅) ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ နုတ်ထွက်ခဲ့သည်။

## ၉။ ဘီးလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

## ဦးမောင်မောင်လတ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမောင်မောင်လတ်သည် ဘီးလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၉၁၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၀ . ၈၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ဦးထွန်းစိန်၏သား ဖြစ်သည်။ ဘီးလင်းမြို့နယ်၊ ရေလှေကျေးရွာ ဇာတိဖြစ် သည်။ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာ လ (၉) ရက်နေ့ဖွား ဖြစ်သည်။ ဦးမောင်မောင်လတ်သည် ရေလှေကျေးရွာမူလ တန်းကျောင်း၊ ဘီးလင်း၊ ကျိုက်ထို၊ သထုံ အစိုးရအထက်တန်းကျောင်းတို့တွင် အခြေခံပညာသင်ကြားခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် မှ ဝိဇ္ဇာဘွဲ့ (ဥပဒေ) နှင့် ၁၉၇၃ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့တို့ ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ဗဟိုတရားရုံးအလုပ်သင် ရှေ့နေသင်တန်းတက်ရောက်ခဲ့၍ ၁၉၇၅ ခုနှစ်တွင် အထက်တန်းရှေ့နေလိုင်စင်ရရှိပြီး ဘီးလင်း၊ ကျိုက်ထိုမြို့နယ် တရားရုံးနှင့် မွန်ပြည်နယ်တရားရုံးတို့တွင် ရှေ့နေ အဖြစ် လိုက်ပါဆောင်ရွက်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ဗဟိုတရားရုံးရှေ့နေအဖြစ် စတင်လိုက်ပါဆောင်ရွက်ခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဘီးလင်းမြို့နယ် ရွေးချယ်တင်မြှောက်ပွဲကော်မရှင် အဖွဲ့ဝင်၊ ၁၉၇၅ ခုနှစ်တွင် ရေလှေကျေးရွာစာဆိုတော်ပွဲနှင့် ၁၉၈၆ ခုနှစ်တွင် ဘီးလင်းစာဆိုတော်နေ့တို့တွင် ဟောပြောခဲ့သည်။

## ၁၀။ ဘီးလင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

## ဦးမောင်မောင် (သစ္စာရှင်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမောင်မောင်သည် ဘီးလင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၁၈၀) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ . ၈၈) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၀ ပြည့်နှစ်ဖွားဖြစ်သည်။ မေမြို့ဇာတိဖြစ်သည်။ ဦးမြအေး၏သား ဖြစ်သည်။ ဦးမောင်မောင်သည် စစ်အတွင်း အာရှလူငယ်အဖွဲ့ဝင်နှင့် ၁၉၅၄ ခုနှစ်မှစ၍ မြို့နယ်ကျောင်းသားသမဂ္ဂနှင့် ကျောင်းသားတပ်ဦးတွင် မြို့နယ် တပ်ရေး၊ ၁၉၄၆ ခုနှစ်တွင် အထွေထွေသပိတ်ခေါင်းဆောင်၊ ၁၉၄၇ ခုနှစ်တွင် တပ်မတော်သို့ဝင်ရောက်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရသည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ စင်ကာပူ၊ ဩစတြေးလျနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် စစ်သင်တန်းတက်ရောက်ခဲ့သည်။ ဒဂုံမြို့နယ်ကြံ့ခိုင်ရေးအသင်း မြို့နယ်စည်းရုံးရေးမှူးနှင့် ရန်ကုန်တိုင်း (အလယ်ပိုင်း) တလက အတွင်းရေးမှူး၊ ပြည်သူ့ ထောက်ပံ့ရေးအဖွဲ့ အစိုးရခန့်အဖွဲ့ဝင်၊ မန္တလေးတိုင်း အလုပ်သမားကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ၁၉၇၂ ခုနှစ်တွင် တပ်မတော်မှ ဗိုလ်မှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ လမ်းစဉ်ပါတီ

ဌာနချုပ် ပညာရေးရာဌာနတွင် ဌာနခွဲမှူးနှင့် ဒုတိယဌာနမှူး၊ ဌာနချုပ်ပါတီယူနစ်ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်အထိ၊ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးနှင့် နိုင်ငံခြားရေးရာကော်မတီ အတွင်းရေးမှူး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး ကော်မရှင်တွင် အဖွဲ့ဝင်နှင့် ကော်မတီအဖွဲ့ခွဲအတွင်းရေးမှူး၊ ထီးချိုင့်မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးနှင့် နိုင်ငံခြားရေးရာကော်မတီ အတွင်းရေးမှူး၊ ကုလသမဂ္ဂသို့ (၃) ကြိမ်နှင့် ဘက်မလိုက်နိုင်ငံများ ညီလာခံသို့ (၂) ကြိမ် တက်ရောက်ခဲ့သည်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဝင်၊ ၁၉၇၇ ခုနှစ်တွင် ပါတီတာဝန်များမှ ရုပ်သိမ်းခြင်းခံခဲ့ရသည်။ ယင်းနောက် နိုင်ငံခြားကုမ္ပဏီများတွင် ကျွမ်းကျင်မှုလက်ထောက်၊ မေမြို့အသင်း (ရန်ကုန်) ဥက္ကဋ္ဌ၊ **'သစ္စာရှင်'** ကလောင်အမည်ဖြင့် စာရေးဆရာ၊ ၁၉၈၈ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်မျိုးချစ် ရဲဘော်ဟောင်းများအဖွဲ့သို့ဝင်ရောက်ခဲ့သည်။ မျိုးချစ် ရဲဘော်ဟောင်းများအဖွဲ့တွင် ဗဟိုကော်မတီဝင်နှင့် အတွင်းရေးမှူး (စီမံ) အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၄၃)**
**(၁၃၆၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်)**
**(၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)**

**အကြောင်းအရာ ။ ။ ဦးမောင်မောင်အား မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးမောင်မောင်က မိမိသည် ကျန်းမာရေးမကောင်းသည့်အပြင် ဆက်လက်လုပ်ကိုင်ရန်လည်း မရှိတော့ပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးမောင်မောင်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးမောင်မောင်အား ယနေ့မှစ၍ ဘီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၁၁။ မုဒုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဒေါ်တင်စောဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါ်တင်စောဦးသည် မုဒုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၄၇၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၄ . ၁၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မုဒုံမြို့နယ်၊ ညောင်ဝိုင်းဇာတိဖြစ်သည်။ အဖ ဦးလှရွှေ၊ အမိ ဒေါ်ငွေရီတို့မှ ၁၉၄၄ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါ်တင်စောဦးသည် မုဒုံရှင်ရဟံကျောင်းတွင် မူလတန်းပညာ စတင်သင်ကြားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် မော်လမြိုင် မော်တင်လိမ်းဂျဒ်ဆင် အထက်တန်းကျောင်းမှ တန်းမြင့်ကျောင်းထွက်စာမေးပွဲကိုလည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် မုဒုံမြို့အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကိုလည်းကောင်း အောင်မြင်ခဲ့သည်။ ၁၉၆၇ –၆၈ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာ (ဥပဒေ) ဘွဲ့နှင့်ဥပဒေဝိဇ္ဇာဘွဲ့တို့ရရှိခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် မော်လမြိုင်မြို့နယ် တရားရုံးချုပ်ရှေ့နေ မစ္စတာနဒေးဆင်းထံတွင် အလုပ်သင်ရှေ့နေအဖြစ် လေ့လာဆည်းပူးခဲ့သည်။ ၁၉၇၁ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် တရားရုံးချုပ်ရှေ့နေဖြစ်လာပြီးနောက် မွန်ပြည်နယ်တရားရုံးနှင့် မုဒုံမြို့နယ် တရားရုံးများတွင် တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သည်။

**၁၂။ မုဒုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဒေါက်တာမင်းကြည်ဝင်း၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့။**

ဒေါက်တာမင်းကြည်ဝင်းသည် မုဒုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် မွန်အမျိုးသားဒီမိုကရေစီ အဖွဲ့အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၄၃၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၆ . ၁၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးနိုင်ကျော် (ကွယ်လွန်)၊ အမိ ဒေါ်စောရှိန်တို့မှ ၁၉၅၂ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာမင်းကြည်ဝင်းသည် မွေးချင်းမောင်နှမ (၅) ယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။ ငယ်နာမည် မင်းငွေကြည်ဝင်းဖြစ်သည်။ မုဒုံမြို့နယ်၊ ညောင်ကုန်းကျေးရွာ မွန်မူလတန်းကျောင်းတွင် မူလတန်းပညာသင်ကြားခဲ့ပြီး၊ အလယ်တန်းနှင့်အထက်တန်းပညာကို မုဒုံမြို့၊ အစိုးရအထက်တန်းကျောင်းအမှတ် (၁) တွင် သင်ကြားခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် (၁၀) တန်းကို (၃) ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဆေးတက္ကသိုလ် (၂) မင်္ဂလာဒုံမှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၈၂–၈၃ ခုနှစ်တွင် မြို့နယ် ကိုယ်ထူကိုယ်ထကျောင်း ကျန်းမာရေးဆရာဝန်၊ ၁၉၈၁ ခုနှစ်တွင် မိစမ်းနွဲ့ (နည်းပြ၊ ကူးသန်းရောင်းဝယ်ရေးပညာသင်ကျောင်း၊ မော်လမြိုင်မြို့) နှင့် လက်ထပ်ခဲ့သည်။ ကိုယ်ပိုင်ဆေးကုသခန်း ဖွင့်လှစ်လုပ်ကိုင်သည်။ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ (ဗဟို) တွင် တွဲဖက်အတွင်းရေးမှူး (၁) တာဝန်ယူခဲ့သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလတွင် မွန်ပြည်သစ်ပါတီသို့ပေးပို့သည့်အကြံပြုစာနှင့်ပတ်သက်၍ စာမူအား ပြင်ဆင်ပေးသည်ဟုဆိုကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မွန်ပြည်သစ်ပါတီအကြား အထင်အမြင်လွဲမှားအောင်လုပ်သည်ဟုစွပ်စွဲ၍ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) ဖြင့် ထောင်ဒဏ် (၇) နှစ် ချမှတ်ခြင်းခံခဲ့ရပြီး၊ ၂၀၀၄ ခုနှစ်၊ ဇွန်လ (၄) ရက်နေ့တွင် မော်လမြိုင်အကျဉ်းထောင်မှ ပြန်လွတ်သည်။

**၁၃။ မော်လမြိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဗိုလ်မှူးကြီးလွန်းတင် (အငြိမ်းစား)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဗိုလ်မှူးကြီးလွန်းတင် (အငြိမ်းစား) သည် မော်လမြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသား

ဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၉,၆၂၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၇.၂၉)ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မော်လမြိုင်မြို့နယ်၊ ကော့နှပ်ရွာဇာတိဖြစ်သည်။ မွန်အမျိုးသား ဗုဒ္ဓဘာသာဝင်ဖြစ်သည်။ အဖ ဦးထွန်းလင်း၊ အမိ ဒေါ်သိန်းမေတို့မှ ၁၉၂၁ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ပိုလ်မှူးကြီးလွန်းတင် (အငြိမ်းစား) သည် ၁၉၂၈ ခုနှစ်မှ ၁၉၃၂ ခုနှစ်အထိ မြောင်းမြမြို့၊ အေဘီအမ် အမျိုးသမီးအလယ်တန်းကျောင်း၊ ၁၉၃၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ မြောင်းမြမြို့အစိုးရအထက်တန်းကျောင်းတို့ တွင် ဆယ်တန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့၍ ၁၉၄၁–၄၂ ခုနှစ်၊ စစ်ဖြစ်ချိန်တွင် ဥပစာအောက်တန်း အထိ ရန်ကုန်ယူနီဗာစီတီကောလိပ်တွင် ပညာသင်ကြားခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) တွင် အခြားအဆင့်ဖြင့် ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ၁၉၄၂ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့အထိ၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) တွင် အရာရှိအဆင့်ဖြင့် ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့မှ ၁၉၄၅ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့အထိ၊ ဗမာ့မျိုးချစ်တပ်မတော် (ဘီပီအက်ဖ်) တွင် အရာရှိအဆင့်ဖြင့် ၁၉၄၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့မှ ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ သည်။ ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ဂန္ဓီစာချုပ်အရဖွဲ့စည်းသော ဗမာ့တပ်မတော်တွင် ပြန်တမ်းဝင် အရာရှိဖြစ်လာခဲ့သည်။ သနက (၅) တွင် တပ်ရင်းမှူးအဖြစ် ၁၉၅၃ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့မှ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့အထိ၊ ခလရ (၂၂) တွင် တပ်ရင်းမှူးအဖြစ် ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့မှ ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ (၂၈) ရက်နေ့အထိ ခလရ (၆) တွင် တပ်ရင်းမှူးအဖြစ် ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့မှ ၁၉၅၇ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့အထိ၊ ခလရ (၁၄) တွင် တပ်ရင်းမှူးအဖြစ် ၃၀–၃–၁၉၅၇ ခုနှစ်၊ မတ်လ (၃၀) ရက် နေ့မှ ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့အထိ၊ အမှတ် (၁၁) တပ်မဟာ ဌာန ချုပ်တွင် ယာယီတပ်မဟာမှူးအဖြစ် ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့မှ ၁၉၅၉ ခုနှစ်၊ မေလ (၁၉) ရက် နေ့အထိ၊ အမှတ် (၁) တပ်မဟာဌာနချုပ်တွင် ယာယီတပ်မဟာမှူးအဖြစ် ၁၉၅၉ ခုနှစ်၊ မေလ (၂၅) ရက်နေ့မှ ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့အထိ၊ အမှတ် (၇) တပ်မဟာဌာနချုပ်တွင် တပ်မဟာမှူးအဖြစ် ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်နေ့မှ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့အထိ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးအဖြစ် ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့မှ ၁၉၆၅ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့အထိ၊ ၁၉၆၅ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့မှစ၍ က–က–ချုပ် (ကြည်း) သို့ တွဲဖက်တာဝန်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တွင် တိုင်းမှူးအဖြစ်ဆောင်ရွက်စဉ် ဘုန်းကြီးအရေးအခင်း၌ ပါဝင်ပတ်သက်မှုဖြင့် ၁၉၆၅ ခုနှစ်၊ စက်တင် ဘာလ (၁) ရက်နေ့မှ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့အထိ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ကာကွယ် ရေးဌာန ကောင်စီညွှန်ကြားချက်အမှတ် (၁/၆၄)၊ အပိုဒ် (၆–၁) အရ ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့မှ စ၍ စစ်မှုထမ်းဆောင်ခြင်းမှရပ်စဲခံခဲ့ရ၍ ၁၉၆၈ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ အမှတ် (၁) စက်မှုဝန်ကြီးဌာန ညွှန်ကြား ရေးမှူးချုပ်၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ အလုပ်သမားဌာနညွှန်ကြားရေးမှူးချုပ်၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၃ ခုနှစ် အထိ အလုပ်သမားဌာန အကြံပေးပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမို ကရေစီအရေးတော်ပုံကြီးပြီးသည့်နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ဝင်ခဲ့သည်။ မျိုးချစ်ရဲဘော်ဟောင်း များအဖွဲ့ ဗဟိုအလုပ်အမှုဆောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးနှင့် မွန်ပြည်နယ်စည်းရုံးရေး ကော်မတီ ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ပြန်တမ်းဝင် တပ်မတော်အရာရှိအမှတ် (ကြည်း–၃၆၁၈) ဖြစ်သည်။ ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် အာဏာသိမ်းခဲ့သည့် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော တော်လှန်ရေးကောင်စီတွင် တော်လှန်ရေးကောင်စီကြေညာချက်အမှတ် (၃၄) ဖြင့် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင် တော်လှန်ရေး ကောင်စီဝင်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တင်းပြည့်ပါတီဝင်လည်းဖြစ်ခဲ့သည်။

၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တပ်မှူးဟောင်းများ အဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ သီရိပျံချီ၊ ဇေယျကျော်ထင်၊ သီဟဗလတံဆိပ်တို့အပါအဝင် ဆုတံဆိပ် (၇) ခုရရှိခဲ့သည်။ ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် ဒေါ်သန်းကြည်နှင့်လက်ထပ်ခဲ့သည်။ ၁၉၉၁ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တိုးမြှင့်တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် အသစ်ပြန်လည်ဖွဲ့စည်းသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီ၌ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ မွန်ပြည်နယ်တာဝန်ခံအဖြစ် တာဝန် ပေးအပ်ခြင်းခံခဲ့ရသည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတွင် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ညတွင်ဖြစ်ပွားခဲ့သည့် အာဏာပိုင်များကိုယ်တိုင် ပါဝင်ပတ်သက်စီစဉ်ကျူးလွန်ခဲ့သည့် ဒီပဲယင်းသွေး ချောင်းစီးလုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုကြီးဖြစ်ပွားအပြီးတွင် နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရ ပြီး ၂၀၀၃ ခုနှစ်၊ နိုဝင် ဘာလ (၂၄) ရက်နေ့တွင် ပြန်လွတ်သည်။ ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် ဒေါ်သန်းကြည်နှင့်လက်ထပ်ခဲ့ပြီး၊ သမီး ဒေါ်လဲ့လဲ့တင်၊ သား ဦးသန်းလှနှင့် ဦးမင်းအောင်၊ သမီး ဒေါ်အိအိတင်တို့အပါအဝင် သားလေးယောက်၊ သမီးနှစ်ယောက်ထွန်းကားသည်။

[ ကျွန်တော်သည် မော်လမြိုင်ခရိုင် ကတိုးကော့နှပ်ရွာမှနေ၍ ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) နှင့် လိုက်ပါလာခဲ့သည်။ ဘားအံသို့ရောက်သောအခါ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ဌာနချုပ်ရှိရာ ယိုးဒယားနယ်စပ် ရဟိုင်းဘက်သို့ခရီးဆက်ခဲ့၏။ ရဟိုင်း၌ ဂျပန်ပြန်ဗိုလ်မိုး (သခင်အေးမောင်) ဦးဆောင်သောတပ်ဖွဲ့ကိုဖွဲ့စည်းရာတွင် ပါဝင်ပြီး လက်နက်များကို လက်ခံရရှိသည်။ လက်နက်များမှာ တပ်ဖွဲ့ဝင်ဦးရေထက်များနေသည့်အတွက် ပိုလျှံသောလက်နက်များကိုသယ်ကာ တောအထပ်ထပ်တောင်အထပ်ထပ်ဖြတ်၍ ဖာပွန်လမ်းဘက်သို့ ချီတက်ကြသည်။ ချီတက်ရာလမ်းတလျှောက်၌ ကရင်ရွာမှအပ မည်သည့်ရွာမျှမရှိ။ ချောင်းကြိုချောင်းကြား၊ မြောင်းကြိုမြောင်းကြား ကွေ့ပတ်ကာချီတက်ခဲ့ကြသည်။ ထမင်းလည်း ငတ်ခဲ့သည်။ သို့သော်လွတ်လပ်ရေး တိုက်ပွဲအတွက် စိတ်ဓာတ်မှာမူ တက်ကြွပြင်းထန်လျက်ရှိသည်။ စစ်တောင်းမြစ်အနောက်ဘက်ကမ်းသို့ ရောက်ရှိသည့်အချိန်၌ အမြောက်သံများ၊ ဗုံးကြဲသံများကိုကြားရသောကြောင့် တပ်ဖွဲ့မှာ ရပ်တန့်သွားသည်။ ထိုနောက် အင်္ဂလိပ်လေယာဉ်ပျံများ၏ လာရောက်တိုက်ခိုက်မှုကိုခံရသည်။ စစ်တောင်းမြစ် ဒီရေအတက်အကျနှင့်အတူ အလောင်းများမှာ ရေစုံရေဆန်နှင့် အတူမြောပါသည်ကိုတွေ့ရသည်။ တာဆုံ၌ ဘီအိုင်အေတပ်သားများသည် အင်္ဂလိပ်တို့၏ ယန္တရားတပ်ဖွဲ့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားရာမှ အသေအပျောက်များရှိသည်ကိုလည်းကြားရသည်။ ထိုနေရာ၌ပင် လေယာဉ်ပျံပစ်ခတ်နည်း၊ သေနတ်ပစ်ခတ်နည်းများကို ကျွန်တော်တို့အပြင်းအထန်လေ့ကျင့်ရသည်။

ထိုမှတဆင့် ဘီအိုင်အေတပ်ဖွဲ့သည်ရန်ကုန်ဘက်သို့ချီတက်ကြပြန်ရာ ကျွန်တော်တို့ ပါဝင်သောတပ်ဖွဲ့၌ တပ်စု (၁) တပ်စုမှူးအဖြစ်ကျွန်တော်၊ တပ်စုမှူး (၂) အဖြစ် ဗိုလ်အုန်းရွှေ (ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရာတွင် မုတ္တမဘက်၌ ကျဆုံးသည်)၊ တပ်စု (၃) တပ်စုမှူးအဖြစ် ယိုးဒယားမှပါလာသော ယိုးဒယားပေါက်မြန်မာလူမျိုးဗိုလ်ဘအောင်၊ တပ်စု (၄) တပ်စုမှူးအဖြစ် ယိုးဒယားမြန်မာကပြား (ယိုးဒယားနာမည်ဖြစ်သည့်အတွက် မမှတ်မိတော့) တို့က တာဝန်ယူကြရကာတပ်ဖွဲ့ကို ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း) က ဦးစီးသည်။ ကျွန်ုပ်တို့တပ်ဖွဲ့၏ဂျပန်စစ်အရာရှိမှာ မစ္စတာထိုက်ရဖြစ်သည်။

တညတွင် မန္တလေးလမ်းကိုဖြတ်ကျော်ရန်အပြု ရန်ကုန်ဘက်မှတက်လာသော ရန်သူ့ကားတပ်ကြီးများကို တွေ့ရှိရသည်။ အထက်အမိန့်အရ ထိုကားတပ်ကြီးများကို တိုက်ခိုက်ခြင်းမပြုဘဲ မြေကြီးပေါ်၌ဝပ်ပြီး

ညသန်းခေါင်အထိ မလှုပ်မယှက်နေကြရသည်။ ရန်သူ့ကားတပ်ကြီးများလွန်မြောက်ပြီးမှ မန္တလေးကားလမ်းကို ဖြတ်ကာ ပဲခူးရိုးမတွင်းသို့ ဝင်ကြသည်။ ပဲခူးရိုးမမှတဆင့် ပြည်လမ်းဘက်ရှိ တိုက်ကြီးမြို့နယ် လိမ္မော်ခြံကျေးရွာသို့ရောက်ရှိကြသည်။ ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း) သည် တိုက်ကြီးမြို့မှ ခေါင်းဆောင်များဖြစ်ကြသော ဦးတင်မောင်ကြီးနှင့်အဖွဲ့တို့ကိုခေါ်ယူ၍ အင်္ဂလိပ်တပ်များ ဆုတ်ခွာသွားသည့်အခြေအနေကို မေးမြန်းစုံစမ်းတိုင်ပင်ကြသည်။ ထိုည၌ ဗိုလ်တေဇ၊ မစ္စတာထိုက်ရ၊ ဗိုလ်အုန်းရွှေနှင့် ကျွန်တော်တို့ (၄) ယောက်တို့သည် အင်္ဂလိပ်တို့၏ဆုတ်ခွာလမ်းဖြစ်သော တိုက်ကြီးအနီး မီးရထားတံတားကို မိုင်းဖြင့်သွားပြီးချိုးဖျက်ကြကာ နံနက် (၄) နာရီတွင် လိမ္မော်ခြံကျေးရွာသို့ ပြန်လည်ရောက်ရှိကြသည်။ နောက်တနေ့တွင် အင်္ဂလိပ်ကင်းလှည့်တပ်ဖွဲ့တဖွဲ့ လိမ္မော်ခြံကျေးရွာဘက်သို့တက်လာရာ ကျွန်တော်တို့တပ်ဖွဲ့က ပြန်လည်တိုက်ထုတ်သဖြင့် အင်္ဂလိပ်တို့သည် အလောင်းများပင်မကောက်နိုင်ပဲ ပြန်လည်ဆုတ်ခွာသွားကြသည်။ ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း) ဦးဆောင်သော ကျွန်တော်တို့စစ်ကြောင်းသည် အောင်ပွဲများခံယူနေစဉ်အတွင်း ဂျပန်ပြန်ဗိုလ်မိုးမှာ ဖူးကြီးတိုက်ပွဲ၌ ကျဆုံးသွားကြောင်း ဝမ်းနည်းဖွယ်ရာကြားသိရလေသည်။ လိမ္မော်ခြံမှတဆင့် မီးရထားလမ်းအတိုင်းချီတက်လာရာ မြောင်းတကာတွင် ရသမျှကားများကိုစုစည်းပြီး ထိုအရပ်ကားများဖြင့် မှော်ဘီမြို့သို့ဝင်ကြသည်။ မှော်ဘီမြို့ တမြို့လုံးမှာတိတ်ဆိတ်နေပြီး လူတယောက်ကိုမျှမတွေ့ရပေ။

ဂျပန်တပ်များနှင့်အပြိုင် ရန်ကုန်မြို့သို့ဝင်ရောက်နိုင်ရေးအတွက် ကားများဖြင့်ဆက်လက်ထွက်ခွာလာခဲ့ရာ ညမှောင်စတွင် ထောက်ကြန့်သို့ရောက်ကြ၏။ ဂျပန်တပ်ဖွဲ့များသည် ရန်ကုန်လမ်းတဘက်တချက်မှ ချီတက်နေစဉ် ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း) ဦးစီးသော ကျွန်တော်တို့စစ်ကြောင်းက ထိပ်၌ဒေါင်းအလံလွှင့်ထူကာ ထောက်ကြံ့မှရန်ကုန်သို့ အပြင်းမောင်းလာကြသည်။ ရန်ကုန်မြို့တွင်းသို့ ရောက်ရှိသောအခါ တမြို့လုံးသည်တိတ်ဆိတ်နေကာ မီးများလည်းလုံးဝမရှိ။ အစာရေစာငတ်နေသော ခွေးများ၏အူသံကိုသာကြားရပြီး လမ်းပေါ်၌လူတယောက်မျှမတွေ့ရပါ။ ရန်ကုန်မြို့ပေါ်တွင် ကျွန်တော်တို့ကားတန်းသည် ဟိုဟိုသည်သည် လျှောက်မောင်းနေသော်လည်း မည်သူ့ကိုမျှ မတွေ့ရသည့်အတွက် ရွှေတိဂုံဘုရားခြေရင်းရှိ ဂေါ်ရာကုန်းစခန်း (ယခုမှတ်တမ်းရုံးရှိရာ) သို့ရောက်ရှိပြီး စခန်းချထားလိုက်သည်။ ရန်ကုန်မြို့ကိုသိမ်းပိုက်ပြီးနောက် ဂျပန်တပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့သည် မကြာခဏအချင်းများကြသည်။ အင်္ဂလိပ်တို့စွန့်ခွာသွားသော ကုန်တိုက်ကြီးများ၊ ရိက္ခာဂိုဒေါင်များတို့ကို ဂျပန်တပ်နှင့်ဘီအိုင်အေတပ်တို့သည် ဦးရာလုသိမ်းကြသည်။

ရန်ကုန်မြို့၌ရှိနေစဉ် တနေ့၌ ဂေါ်ရာကုန်းစခန်းရှိတပ်ဖွဲ့များအားတန်းစီစေပြီး ဂျပန်ဗိုလ် မစ္စတာကီတာဂျီမာ (ယခု မစ္စတာတာကာဟာရှိ မြန်မာသံရုံး၊ တိုကျို) က ဗိုလ်အုန်းရွှေနှင့် ကျွန်တော်တို့အားခေါ်ထုတ်လိုက်ပြီး တိုက်ကြီးမြို့ အင်္ဂလိပ်များဆုတ်ခွာလမ်းရှိ ရထားတံတားကို ဖျက်ဆီးရာ၌စွမ်စွမ်းတမံဆောင်ရွက်မှုကြောင့် ဘီအိုင်အေဆုတံဆိပ်ကို ချီးမြှင့်ကြောင်းပြောကြားကာ ကျွန်တော်တို့နှစ်ဦး၏ ရင်ဘတ်များတွင်တံဆိပ်များတပ်ဆင်ပေးပါသည်။ ထိုတံဆိပ်မျိုးသည် ဂျပန်ပြန်ဗိုလ်များလည်း တပ်ဆင်ထားသည်ကိုတွေ့ရှိရသည်။

မြောက်ပိုင်းသို့ချီတက်ရာတွင် ဂျပန်တို့က ဦးမဆောင်တော့ဘဲ ဂျပန်ပြန်များကဦးဆောင်သည်။ ဗိုလ်ဇေယျ ဦးဆောင်သောစစ်ကြောင်း၌ ဗိုလ်ရန်အောင်တပ်မဟာ၊ ဗိုလ်ရဲထွဋ်တပ်မဟာ၊ ဗိုလ်မြင့်အောင်တပ်မဟာဟူ၍ တပ်မဟာ (၃) ခုတို့ပါဝင်သည်။ ဗိုလ်ရဲထွဋ်တပ်မဟာတွင် အမှတ် (၁) တပ်ရင်းမှူးအဖြစ် ကျွန်တော်ဗိုလ်ဟသ်ာ၊ အမှတ် (၂) တပ်ရင်းမှူးအဖြစ် ဗိုလ်သံတိုင် (ယခုဗိုလ်မှူးဟောင်းသံတိုင်)၊ အမှတ် (၃) တပ်ရင်းမှူးအဖြစ် ဗိုလ်အုန်းရွှေ (ထားဝယ်သား ကျဆုံး) အမှတ် (၄) တပ်ရင်းမှူးအဖြစ် ဗိုလ်ဘကြိုင် (ဘားအံ၊ ရွှေဂွန်း၌ကျဆုံး) တို့က အသီးသီးတာဝန်ယူကြရပါသည်။ မြောက်ပိုင်းသို့ ချီတက်ရာတွင် ဂျပန်တပ်နှင့်ဘီအိုင်အေတပ်တို့သည်အပြိုင်အဆိုင်ချီတက်ကြသည်။ ခရီးရှည်လာသည်နှင့်အမျှ ဂျပန်နှင့်ဗမာတပ်တို့၏ပဋိပက္ခမှာ

ပိုမိုပြင်းထန်လာသည်။ ဥပမာ ဗန်းမော်နှင့် ရွှေဂူအကြားလမ်းခရီး၌ စစ်ကြောင်းမှူးဗိုလ်ဇေယျနှင့်အဖွဲ့ကို ဂျပန်တပ်ကဖမ်းဆီးထားကြောင်းသတင်းကိုရရှိသည့်အခါတွင် မခံမရပ်နိုင်ဖြစ်ကြကာ ဗိုလ်ဇေယျလွတ်မြောက်ရေးအတွက် ဂျပန်တပ်ကိုတိုက်ခိုက်ရန် ကြိုးပမ်းလာသည်အထိ ဖြစ်ခဲ့ရသည်။ နောက်ဆုံးတွင် ဗိုလ်ဇေယျအားဂျပန်တို့က အလျှော့ပေးကာပြန်လည် လွှတ်ပေးလိုက်ရတော့သည်။ ဗန်းမော်မှတဆင့် ကျွန်တော်တို့တပ်မတော်သည် မန္တလေးသို့ပြန်လည်စုရုံးကာ (ဘီ–အိုင်–အေ) ကိုဖျက်သိမ်းပြီး (ဘီ–ဒီ–အေ) ကို ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

**ဗိုလ်ဟသ်ာ (ဗိုလ်မှူးကြီးဟောင်း လွန်းတင်)**

[အီဇုမိယထတ်စုရော ဂျပန်ဘာသာဖြင့်ရေးသား၍ ဒုဗိုလ်မှူးကြီးသီဟဗလမြသောင်း (အငြိမ်းစား)၊ ဂျပန်ဘာသာမှ တိုက်ရိုက်မြန်မာပြန်သည့် **'ရဲဘော်သုံးကျိပ်နှင့် မီနာမီလျှို့ဝှက်အဖွဲ့'** စာအုပ်၊ ပထမအကြိမ် (၁၉၇၆) အတွက်ရေးသည့် အမှာစာမှ ...]

## ၁၄။ မော်လမြိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးချမ်းအေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးချမ်းအေးသည် မော်လမြိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၆,၅၀၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၃ . ၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပျဉ်းမနားမြို့ဇာတိဖြစ်သည်။ အဖ ဦးလှိုင်၊ အမိ ဒေါ်စိန်တို့မှ ၁၉၂၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ငယ်နာမည် ဦးတင်ရွှေ၊ ကလောင်နာမည် မောင်စူးစမ်း၊ တောတွင်းနာမည် ဦးထွန်းဖေ (ခ) ဦးချမ်းအေးသည် ကန်တော်ကလေးမြူကျောင်း၊ ဗဟိုအစိုးရ အထက်တန်းကျောင်း(အထက (၁) လသာ) တို့တွင် စစ်မဖြစ်မီက ပညာသင်ကြားခဲ့၍ ၁၉၄၁ ခုနှစ်တွင် (၈) တန်းအောင်မြင်ခဲ့သည်။ ၁၉၃၈–၃၉ ခုနှစ်၊ ကျောင်းသားသပိတ်နှင့် အစာတော်ခံတိုက်ပွဲများတွင် တန်းမြင့်ကျောင်းသားခေါင်းဆောင်၊ ၁၉၄၃ ခုနှစ်တွင် မင်္ဂလာဒုံမူလတန်းစစ်တက္ကသိုလ် (ယောနင်း) အပတ်စဉ် (၁) သို့တက်ရောက်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဖက်ဆစ်တော်လှန်ရေးတွင် သာယာဝတီ၊ ဥက္ကံနှင့် ပဲခူးခရိုင်တို့တွင် ပြောက်ကျားခေါင်းဆောင်၊ ၁၉၄၅–၄၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၄၆–၄၇ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် ဗကသများအဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး၊ အထွေထွေအတွင်းရေးမှူး၊ ဥက္ကဋ္ဌ၊ ၁၉၄၉ ခုနှစ်တွင် ဝိဇ္ဇာ (ခ) ဘောဂဗေဒဂုဏ်ထူးတန်းတက်နေစဉ် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) တောခိုရာသို့ လိုက်ပါသွားခဲ့သည်။ ထိုစဉ် ဦးချမ်းအေးသည် ရန်ကုန်ခရိုင် (ဗကပ) ယူဂျီအဖြစ်နှင့် ရန်ကုန်သို့မကြာခဏရောက်၍ ရန်ကုန်တက္ကသိုလ်ကျောင်းသားညီညွတ်ရေးတပ်ဦးမှကျောင်းသားခေါင်းဆောင်များနှင့်ဆွေးနွေးခြင်း၊ ဗကပ၏သဘောထားကို ညွှန်ကြားစဉ် ဦးချမ်းအေးအား ၁၉၅၆ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် ဖ–ဆ–ပ–လ အစိုးရနှင့်စေ့စပ်ဆွေးနွေးရန် ဗကပကိုယ်စားလှယ်အဖြစ် တာဝန်ပေးစေလွှတ်သည်။ စေ့စပ်ဆွေးနွေးရာတွင် ဗကပဗဟိုက နိုင်ငံရေးအခြေခံဖြင့်ပြုလုပ်ရန် ညွှန်ကြားသော်လည်းဦးချမ်းအေးကမလိုက်နာသဖြင့် တိုင်းကော်မတီအဆင့်တာဝန်မှ ရပ်သိမ်းပြီး ပါတီဝင်အဖြစ်မှလည်း (၉) လရပ်စဲထားခဲ့သည်။ ထိုအခါ ဦးချမ်းအေးက ပါတီမှနုတ်ထွက်ခွင့်ပြုရန် ဗကပသို့စာရေးတင်ပြရာ ဗဟိုကလက်မခံခဲ့ပေ။ ထိုအချိန်ခွင့်ဖြင့်နေထိုင်စဉ် ဦးချမ်းအေးသည် စစ်တမ်းတစောင် (နောင်တွင် ချမ်းအေးစစ်တမ်းဟု အမည်တွင်ခဲ့သည်) ကိုပြုစုပြီး ဗကပဗဟိုသို့ တင်ပြခဲ့သည်။ ထိုစစ်တမ်း၏အနှစ်သာရမှာ ဗကပဗဟို၏ (၄၈) ခုနှစ်၊ ဇန်နဝါရီလလမ်းစဉ်ဖြစ်သော လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ပြန်လည်သုံးသပ်၍ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး

ပါလီမန်ဒီမိုကရေစီနည်းအရ တိုက်ပွဲဝင်ရန်ဖြစ်သည်။ ထိုလမ်းစဉ်က ဗကပဗဟိုက လက်မခံပယ်ချခဲ့သည်။ ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ရန်ကုန်မြို့တွင် လျှို့ဝှက်လှုပ်ရှားလျက်ရှိသော ဦးချမ်းအေးကို တပ်မတော် ထောက်လှမ်းရေးမှ ဖမ်းဆီးရမိခဲ့သည်။ ထိုစဉ် ဦးချမ်းအေးသည် ဖဆပလ အစိုးရ ပြန်ကြားရေးဝန်ကြီး ဦးထွန်းဝင်း ထံသို့ ချမ်းအေးစစ်တမ်းကိုတင်ပြခဲ့သည်။ ယင်းစစ်တမ်းကြောင့် ရဲဘော်ချမ်းအေးအမြင်မှန်ရသွားပြီဟု ဖ–ဆ–ပ–လ အစိုးရကယုံကြည်ကာ ၁၉၅၇ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့တွင် ခံဝန်ကတိဖြင့်ပြန်လွှတ်ပေးပြီး ထိုနေ့မှာပင် အစိုးရခွင့်ပြုချက်ကြောင့် သတင်းစာဆရာများနှင့်တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲပြုလုပ်ခွင့်ပေးခဲ့သည်။ ၎င်း တင်ပြသော ချမ်းအေးစစ်တမ်းကိုလည်း ပုံနှိပ်ထုတ်ဝေခွင့်ပြုခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့ ရယူပြီး ဥပဒေပညာရှင်၊ စာရေးဆရာနှင့်သတင်းစာဆရာ၊ ၁၉၅၇–၅၈ ခုနှစ်တွင် ဖ–ဆ–ပ–လ ဝန်ကြီး မြန်မာ့ အလင်းဦးတင်၏ စီစဉ်ပေးချက်အရ မြန်မာ့အလင်းသတင်းစာတွင် စီးပွားရေးအယ်ဒီတာဖြစ်ခဲ့သည်။ ဝန်ကြီး ဟောင်း ဦးထွန်းဝင်း (တည်မြဲ ဖ–ဆ–ပ–လ) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဗဟိုလက်ကားသမဝါယမအသင်း တွင် ဦးထွန်းဝင်း၏ဖိတ်ခေါ်ချက်အရ သမဝါယမသင်တန်း ကထိက၊ စံတော်ချိန်သတင်းစာ (မထုတ်ဖြစ်ခဲ့) အယ်ဒီ တာချုပ်တာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်စဉ် ဦးထွန်းဝင်းနှင့် နိုင်ငံရေးကိစ္စများငြင်းခုံဆွေးနွေး ရာမှ ဦးချမ်းအေးသည် ဗကပ ရပ်တည်ချက်အတိုင်း ရပ်တည်ချက်မပြောင်းလဲ၊ တည်မြဲ ဖ–ဆ–ပ–လ ကိုလည်း စော်ကားပုတ်ခတ်သည်ဟုဆိုကာ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂) ရက်နေ့တွင် အလုပ်မှရပ်စဲခဲ့သည်။ ၁၉၆၁–၆၂ ခုနှစ်တွင် မှန်နန်းစီးပွားရေးသတင်းစဉ် (နေ့စဉ်ထုတ်) နှင့် မှန်နန်းဂျာနယ် (အပတ်စဉ်) တို့တွင် အယ်ဒီတာချုပ်တာဝန်ယူခဲ့သည်။ ယင်းမှန်နန်းဂျာနယ်သည် ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် အာဏာသိမ်းခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သည့် တော်လှန်ရေးကောင်စီ၏ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကြိုဆိုကြောင်း ထောက်ခံရေးသားခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် တော်လှန်ရေးအစိုးရ ပြန်ကြားရေး၊ သမဝါယမနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာနတို့တွင် အထူးအရာရှိ၊ ထိုမှ စီးပွားရေးတက္ကသိုလ်ကျောင်းသုံး ဆိုရှယ်လစ် ဘောဂဗေဒစာအုပ်ကို ဦးတင်ရွှေ (ဘီအေ၊ ဘောဂဗေဒဂုဏ်ထူး၊ ဘီအယ်လ်) အမည်ဖြင့် ပြုစုခဲ့သည်။ ထို့ပြင် နိုင်ငံတော်ကုန်သွယ်ရေးဘဏ် ဒါရိုက်တာလူကြီး၊ စီးပွားရေးတက္ကသိုလ် ပညာရေးအဖွဲ့ဝင်၊ ပြင်ပကထိက စာစစ်မှူးတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။ တော်လှန်ရေးအစိုးရ၏အစီအစဉ်ဖြင့် ဂျီနီဗာကုန်သွယ်ရေး အဖွဲ့ဝင်များအစည်းအဝေးနှင့် ၁၉၆၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သမဝါယမနိုးနှောဖလှယ်ပွဲတို့သို့ တက်ရောက်ခဲ့ သည်။ ၁၉၆၆ ခုနှစ်တွင် စီးပွားရေးစီမံကိန်းများရေးဆွဲခြင်းနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီနှင့် အယူအဆ မကိုက်ညီသဖြင့် အလုပ်မှနုတ်ထွက်၍ မော်လမြိုင်သို့ပြောင်းရွှေ့ပြီးနောက် ဗဟိုတရားရုံးရှေ့နေအဖြစ် အသက် မွေးရင်း မောင်းစူးစမ်းအမည်ဖြင့် စာများရေးသားခဲ့သည်။ **'စီးပွားလွှန်ခေတ်'**၊ **'ငါးမျက်နှာနှင့် စီးပွားရေးလူ'**၊ **'ယောမင်းကြီး၏စီးပွားရေး အတွေးအခေါ်'** စသည်ဖြင့် စာအုပ်များရေးသားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ပထမဇနီး ဒေါ်သန်းသန်းကွယ်လွန်သွား၍ ယခုလက်ရှိဇနီး ဒေါ်ခင်ချစ် (အလယ်တန်းပြ) နှင့် ၁၉၇၃ ခုနှစ်တွင် လက်ထပ်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးအပြီးတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သို့ဝင်ရောက်၍ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ဗဟိုဦးစီးအဖွဲ့ဝင်၊ မွန်ပြည်နယ်စည်းရုံး ရေးမှူးတာဝန်တို့ယူခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဂန္ဓီဆုံးဖြတ်ချက်အတိုင်း နဝတအစိုးရထံမှ လွှတ် တော်ခေါ်ယူခွင့်မရလျှင် လုပ်ဆောင်သင့်သည့် နည်းလမ်းသုံးသွယ်စာတမ်းကို တိုင်ပင်ဆွေးနွေးရေးသားပြုစုရာတွင် ပါဝင်ခဲ့သည့်အတွက် သက်ဆိုင်ရာမှဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ ၁၃၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက် ဥပဒေ ပုဒ်မ (၅) (က) (ခ) (ည) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ (ည) နှင့် ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ကျင်းပရေးကော်မရှင် မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ကြေညာခဲ့သည်။ နောင် (၁၀) နှစ်အတွင်း ပြုလုပ်မည့်ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် ဦးချမ်းအေးကိုင်ဆောင်သည့် တရားရုံးချုပ်ရှေ့နေလိုင်စင်အမှတ် (၁၁၃၁) အား ရုပ်သိမ်းခြင်းခံခဲ့ရပြီး ရှေ့နေအဖြစ်မှပါ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှလည်း မူအရ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ပါတီဝင်အဖြစ်မှထုတ်ပယ်ပေးခဲ့ရသည်။ ၁၉၉၂ ခုနှစ်၊ မေလ (၁၅) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။

## ၁၅။ ရေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဒေါက်တာမင်းစိုးလင်း၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့။

ဒေါက်တာမင်းစိုးလင်းသည် ရေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၉၉၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၁ . ၃၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးသာခင်၏သား ဖြစ်သည်။ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့ဖွား ဖြစ်သည်။ ရေးမြို့နယ်၊ ကော့ဒွန်းကျေးရွာ ဇာတိဖြစ်သည်။ ဒေါက်တာမင်းစိုးလင်းသည် မူလတန်းပညာကို ကော့ဒွန်းကျေးရွာတွင်လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းပညာကို မုဒုံမြို့တွင်လည်းကောင်း၊ တက္ကသိုလ်ပညာကို မော်လမြိုင်ဒေသကောလိပ်နှင့်ဆေးတက္ကသိုလ် (၂)၊ မင်္ဂလာဒုံတွင်လည်းကောင်း သင်ကြားခဲ့ပြီး၊ ၁၉၈၅ ခုနှစ်တွင် ဆရာဝန်ဘွဲ့ (M.B.B.S.) ရရှိခဲ့သည်။ အထက်တန်းကျောင်းသားဘဝတွင် ကျောင်းကောင်စီအတွင်းရေးမှူး၊ တက္ကသိုလ်ကျောင်းသားဘဝတွင် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ၊ ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့ဝင်၊ ဆေးတက္ကသိုလ် (၂) ဗုဒ္ဓဘာသာအသင်း အတွင်းရေးမှူး၊ မော်လမြိုင်ဆေးရုံကြီးတွင် အလုပ်သင်ဆရာဝန်အဖြစ်ထမ်းဆောင်စဉ် မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ အတွင်းရေးမှူးနှင့် ဥက္ကဋ္ဌ၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ (ဗဟို) တွင် အထွေထွေအတွင်းရေးမှူး တာဝန်ယူခဲ့သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလတွင် မွန်ပြည်သစ်ပါတီသို့ပေးပို့သည့် အကြံပြုစာအား လက်မှတ်ရေးထိုးခဲ့သဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မွန်ပြည်သစ်ပါတီအကြား အထင်အမြင်လွဲမှားအောင်လုပ်သည်ဟုစွပ်စွဲ၍ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ ၅ (ည) ဖြင့် ထောင်ဒဏ် (၇) နှစ်ချမှတ်ခြင်းခံခဲ့ရပြီး၊ ၂၀၀၄ ခုနှစ်၊ ဇွန်လ (၄) ရက်နေ့တွင် မော်လမြိုင်အကျဉ်းထောင်မှ ပြန်လွတ်သည်။

## ၁၆။ ရေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါက်တာကြင်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာကြင်သိန်းသည် ရေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၃,၈၇၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၄ . ၈၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘငွေ၊ အမိ ဒေါ်လှတင်တို့မှ ၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ တွံတေးမြို့ နယ်၊ ပျဉ်းကတိုးရွာဇာတိဖြစ်သည်။ ဒေါက်တာကြင်သိန်းသည် ၁၉၅၉–၆၀ ခုနှစ်တွင် ရန်ကုန်မြို့စိန်ပေါကျောင်းမှ သင်္ချာ၊ ဓာတုဗေဒဂုဏ်ထူးတို့ဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် မင်္ဂလာဒုံဆေးတက္ကသိုလ် (၂) မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် သထုံမြို့သူ ဒေါ်ဝင်းကြည် (ဘီအေ) နှင့် အိမ်ထောင်ကျခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် နာဂတောင်တန်းဒေသ လေရှီးမြို့၌ ဆရာဝန်၊ ၁၉၇၂ ခုနှစ်တွင် သထုံပြည်သူ့ဆေးရုံ လက်ထောက်ဆရာဝန်၊ ၁၉၇၄ ခုနှစ်တွင် မုဒုံမြို့နယ်၊ ကမာဝက်ရွာ တိုက်နယ်

ဆရာဝန်၊ ၁၉၇၆ ခုနှစ်တွင် ရေးမြို့တွင် မြို့နယ်ကျန်းမာရေး အရာရှိ၊ ၁၉၈၁ ခုနှစ်တွင် ရေးမြို့ပြည်သူ့ဆေးရုံ၌ မြို့နယ်ဆရာဝန်၊ ၁၉၈၆ ခုနှစ်တွင် တာဝန်မှနုတ်ထွက်ခဲ့ပြီး ရေးမြို့တွင် အခြေချနေထိုင်၍ ကိုယ်ပိုင်ဆေးကုသမှု လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်းကြေညာခဲ့သည်။

## ၁၇။ သထုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ခွန်မြင့်ထွန်း (မောင်မြင့်ထွန်း)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးခွန်မြင့်ထွန်းသည် သထုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာခိုင်လုံမဲ (၂၅,၀၇၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၆ . ၄၁) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဖုန်းခင်၊ အမိ ဒေါ်ခင်အေးတို့မှ ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ သိမ်ဆိပ်ကျေးရွာဇာတိဖြစ်သည်။ ခွန်မြင့်ထွန်းသည် ၁၉၇၉ ခုနှစ်တွင် အခြေခံပညာအထက် တန်းအောင်မြင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံ (ဘူမိဗေဒ) ဘွဲ့ရရှိခဲ့သည်။ တက္ကသိုလ်မှ ထွက်ပြီးနောက် မိဘများနှင့်အတူ ဒူးရင်းသီးလုပ်ငန်း၊ မုန့်မျိုးစုံလုပ်ငန်းတို့ကို လုပ်ကိုင်ခဲ့သည်။ အမဖြစ်သူ၏ ကျူရှင်ကျောင်းတွင်လည်း လက်ထောက်ကျူရှင်ဆရာအဖြစ် သင်ကြားပေးခဲ့ဖူးသည်။ ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၂) နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့် ထောင်ဒဏ် (၇) နှစ် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ [ ၂၂–၈–၉၆ ရက်နေ့ထုတ်သတင်းစာများတွင် အိန္ဒိယနိုင်ငံအခြေစိုက် လှုပ်ရှားလျက်ရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါက်တာတင့်ဆွေဦးစီးသောအဖွဲ့က ပြည်တွင်းရှိ အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဒိုထောင်း (ကလေးမြို့)၊ ခွန်မြင့်ထွန်း (သထုံမြို့) အပါအဝင် (၁၉) ဦးအား ဆက်သွယ်၍ ပြည်ပသင်တန်းသို့သင်တန်းသားများ စေလွှတ်ပေးရန်၊ လှုံ့ဆော်ဝါဒဖြန့်စာစောင်များဖြန့်ဝေရန်အပြင် မုံရွာမြို့၌ ပြည်ပအုပ်စု၏ လျှို့ဝှက်ရုံးခွဲဖွင့်လှစ်ရန်ဆောင်ရွက်ခဲ့ခြင်းများအတွက် ဖမ်းဆီးအရေးယူရကြောင်း ဖော်ပြထား သည်။ ] ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ဘူးသီးတောင်ထောင်မှ ပြန်လည်လွတ်မြောက်သည်။

## ၁၈။ သထုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးသန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသန်းမောင်သည် သထုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ် စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၇၉၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၇ . ၅၆) ဖြင့် ရွေးချယ် တင်မြှောက် ခြင်းခံခဲ့ရသည်။ အဖ ဦးပြန့်၊ အမိ ဒေါ်တင့်တို့မှ ၁၉၂၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ အောင်ပန်းမြို့ဇာတိဖြစ်သည်။ ဦးသန်းမောင်သည် မေမြို့တွင် (၈) တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၆ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် မေမြို့၊ ဗဟိုအင်ဂျင်နီယာတပ်သို့ တပ်သားအဖြစ် စတင်ဝင်ရောက်ခဲ့သည်။ ၁၉၄၉–၅၀ ခုနှစ်တွင် သူရဲကောင်းမှတ်တမ်းဝင် ဘွဲ့တံဆိပ်ရခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် မေမြို့ဗိုလ်သင်တန်းကျောင်း အပတ်စဉ် (၁၀) သို့တက်ရောက်ခဲ့သည်။ ယင်းနောက် ခြေလျင်တပ်ရင်းအမှတ် (၁၃) တွင် တာဝန်ကျပြီး မော်လ မြိုင်၊ ဘားအံ၊ ကော့ကရိတ်၊ ထားဝယ်၊ ဖာပွန်မြို့များတွင် တပ်ခွဲမှူးအဆင့်၊ ၁၉၆၃ ခုနှစ်တွင် သနက (၁) သထုံ၊ တပ်ခွဲမှူးနှင့်စစ်ကြောင်းမှူး၊ ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ သထုံမြို့ နလကဥက္ကဋ္ဌ၊ ၁၉၆၈ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ် အထိ တနင်္သာရီမြို့ နလက ဥက္ကဋ္ဌ၊ ၁၉၇၀–၇၁ ခုနှစ်တွင် ကချင်သေနတ်ကိုင်တပ်ရင်း (၂)၊ ဘားအံမြို့၊ ထိုမှ မှော်ဘီဗိုလ်သင်တန်းကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၇၇ ခုနှစ် တွင် အမှတ် (၆) တိုင်းဗဟိုလေ့ကျင့်ရေးစခန်း

အုတ်တွင်းတပ်မှူး၊ ၁၉၈၅ ခုနှစ်တွင် သက်ပြည့်ပင်စင်ဖြင့်တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ သထုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အလုပ်အမှုဆောင်၊ သထုံမြို့နယ်မျိုးချစ်ရဲဘော် ဟောင်းများအဖွဲ့တွင် ဥက္ကဋ္ဌ တာဝန်တို့ယူခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက် ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။

## ၁၉။ သံဖြူဇရပ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးမောင်မောင်ကြီး (အငြိမ်းစားဒုတိယဗိုလ်မှူးကြီး)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမောင်မောင်ကြီးသည် သံဖြူဇရပ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အား ကိုယ်စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၂၅၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၀ . ၇၁) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးဘိုးစိန်၏သား ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်၊ ဧပြီလ (၁) ရက်နေ့ဖွား ဖြစ်သည်။ မော်လမြိုင်မြို့ဇာတိဖြစ်သည်။ မော်လမြို့အစိုးရအထက်တန်းကျောင်းမှ (၁၀) အောင်မြင်ပြီး ရန်ကုန်တက္ကသိုလ် တွင် (ဘီအက်စ်စီ) အထိ ပညာသင်ကြားခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် ဗိုလ်လေး၊ ဗမာ့ကာကွယ်ရေး တပ်မတော် မင်္ဂလာဒုံစစ်တက္ကသိုလ် တတိယပတ်ဗိုလ်လောင်းသင်တန်းဆင်း၊ စစ်ဦးစီး၊ စစ်ဦးစီးချုပ်ဗိုလ်မှူးကြီး ဇေယျ၏အပါးတော်မြဲ၊ တော်လှန်ရေးတွင် မင်းတုန်းနယ်၌ ဗိုလ်ချုပ်အောင်ဆန်း၏လုံခြုံရေးတပ်ဖွဲ့ဝင် ဗိုလ်လေး၊ ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် ရေတပ်ပြန်တမ်းဝင်၊ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ အထူးတာဝန်များအဖြစ် ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ အလုပ်သမားဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်ဆိပ်ကမ်းအထူးမင်းကြီး၊ တော်လှန်ရေးအစိုးရ လက် ထက် အရှေ့တောင်တိုင်း လအက ဒုတိယဥက္ကဋ္ဌ၊ ၁၉၆၄ ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့မှ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့အထိ လယ်/သစ် တွဲဖက်အတွင်းဝန်နှင့် သစ်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဗဟိုဆိုရှယ်လစ်စီးပွား တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်၊ နိုင်ငံရေးဆောင်ရွက်ချက်များအဖြစ် ၁၉၃၉ ခုနှစ်တွင် ဒို့ဗမာအစည်းအရုံး သို့ စတင်ဝင်ရောက်သည်။ ရန်ကုန်မြို့၊ စမ်းချောင်းရပ်ကွက်လုံးဆိုင်ရာ ဒို့ဗမာအစည်းအရုံးကို စတင်တည်ထောင် သူတဦးဖြစ်ပြီး၊ အစည်းအရုံး၏တွဲဖက်အတွင်းရေးမှူး၊ တပ်မှူးကြီးဟောင်းများနှင့်ရဲဘော်ဟောင်းများအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ နာယကအဖွဲ့ဝင်၊ ဗမာ့ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမ ဆင့်)၊ ဇေယျကျော်ထင်ဘွဲ့နှင့် သူရဲကောင်းမှတ်တမ်းဝင်တို့ရခဲ့သည်။ ဇနီးဒေါ်စိန်ရီနှင့် သား (၁) ယောက်၊ သမီး (၄) ယောက် ထွန်းကားသည်။


## ၂၀။ သံဖြူဇရပ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### နိုင်ထွန်းသိန်း၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့။

နိုင်ထွန်းသိန်းသည် သံဖြူဇရပ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၃,၄၇၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၁ . ၈၆) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးအောင်ဒွန်း၏သားဖြစ်သည်။ ၁၉၁၇ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့ဖွား ဖြစ်သည်။ နိုင်ထွန်းသိန်း သည် ၁၉၃၈ ခုနှစ်၊ မေလတွင် အင်္ဂလိပ်–မြန်မာ (၁၀) တန်း အောင်မြင်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ မတ်လတွင် သိပ္ပံဘွဲ့ (B.Sc.) ရရှိခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ရာမညတိုင်းလုံးဆိုင်ရာ မွန်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး၊ ၁၉၄၇–၄၈ ခုနှစ်တွင် ကျိုက်ကမီ(ဂ) နယ် ပညာအုပ်၊ ၁၉၄၉ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ လက်နက်ကိုင် မွန်မြေအောက်တော်လှန်ရေးအဖွဲ့ခေါင်းဆောင်၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ဥပဒေဘောင်အတွင်း မွန်ပြည်

သူ့တပ်ဦးအဖွဲ့ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ မော်လမြိုင် ထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ ၁၉၆၉ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မော်လမြိုင်မြို့ မွန်အမျိုးသား နေ့ကျင်းပရေးကော်မတီ နာယက၊ မွန်စာပေပြိုင်ပွဲဆပ်ကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့(ဗဟို)တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စစ်အာဏာရှင် များက ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်အား အကောင်အထည်ဖော်မပေးသဖြင့် တိုင်းရင်းသားလူမျိုးစု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ပြည်သူ့လွှတ်တော်တရပ်ကို မကြာမီခေါ်ယူမည်ဖြစ်ကြောင်း၊ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင် ကြေညာခဲ့အပြီး စစ်အာဏာရှင်များက တိုင်းရင်းသားလူမျိုးစုနိုင်ငံရေး ပါတီခေါင်းဆောင်တဦးဖြစ်သူ နိုင်ထွန်းသိန်းအား ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ) တိုးချဲ့ဖွဲ့စည်းသည့်အခါ မွန်အမျိုးသား ဒီမိုကရေစီ အဖွဲ့၏ ကိုယ်စားလှယ်အဖြစ် ပါဝင်လာခဲ့သည်။

## (၁၁) ရခိုင်ပြည်နယ်။



မြန်မာနိုင်ငံ၏အနောက်ဘက်အကျဆုံး ပြည်နယ်ဖြစ်သည်။ အနောက်မြောက်ဘက်တွင် ဘင်္ဂလား ဒေ့ရှ် သမ္မတနိုင်ငံ၊ မြောက်ဘက်တွင် ချင်းပြည်နယ်၊ အရှေ့ဘက်တွင် မကွေးတိုင်း၊ ပဲခူးတိုင်းနှင့်ဧရာဝတီတိုင်း၊ အနောက် ဘက်နှင့်တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့တည်ရှိသည်။ မြောက်လတ္တီတွဒ် (၁၇) ဒီဂရီ (၃၀) မိနစ်နှင့် (၂၁) ဒီဂရီ (၃၀) မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် (၉၂) ဒီဂရီ (၁၀) မိနစ်နှင့် (၉၄) ဒီဂရီ (၅၀) မိနစ်အတွင်း တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၁၄,၂၀၀) ကျယ်ဝန်းသည်။ ပြည်နယ်မြို့တော်မှာ စစ်တွေမြို့ ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် မဲဆန္ဒနယ် (၂၆) နယ်၌ နိုင်ငံရေးပါတီအဖွဲ့အစည်း (၂၀) ခုအား ကိုယ်စားပြု ယှဉ်ပြိုင်

သူ လွှတ်တော်ကိုယ်စားလှယ်လောင်း (၁၄၈) ဦး၊ တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း (၄) ဦး၊ စုစုပေါင်း (၁၅၂) ဦးဝင် ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ (၁၁) နေရာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၉) နေရာ၊ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီမှ (၄) နေရာ၊ မြို (ခေါ်) ခမီအမျိုးသား ညီညွတ်ရေး အဖွဲ့နှင့် ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှ (၁) နေရာစီ အသီးသီးရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည်။

## ၁။ ကျောက်တော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဒေါက်တာထွန်းအေး၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာထွန်းအေးသည် ကျောက်တော်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၉၃၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၆ . ၈၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးသောကြာ၊ အမိ ဒေါ်မခိုင်ကျော့တို့မှ ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ မင်းပြားမြို့၊ အောက်ရွာပိုင်းရပ်ကွက်ဇာတိဖြစ်သည်။ ဒေါက်တာထွန်းအေး သည် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာရပ်များကို မင်းပြားတောင်ပိုင်း အစိုးရမူလတန်းကျောင်းနှင့် မင်းပြားမြို့အစိုးရအထက်တန်းကျောင်းတို့တွင် သင်ကြားခဲ့ရာ (၈) တန်းတွင် ဂုဏ်ထူး (၂) ဘာသာ၊ အခြေခံပညာ အထက်တန်းတွင် ဂုဏ်ထူး (၃) ဘာသာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သဖြင့် ရွှေတံဆိပ်ဆုများချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၇၁ ခုနှစ်တွင် ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်သို့ဝင်ခွင့်ရရှိ ခဲ့သည်။ ၁၉၇၅ ခုနှစ်၊ ကျောင်းသားအရေးအခင်းတွင် ပါဝင်ခေါင်းဆောင်ခဲ့၍ ရက်ပေါင်း (၁၄၀) ခန့်ဖမ်းဆီးထိန်းသိမ်း ထားခြင်းခံခဲ့ရသည်။ ထို့နောက် ကျောင်းပြန်တက်ခွင့်ရခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဒေါ်လှအေးနုနှင့် လက်ထပ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ မြောက်ဥက္ကလာပဆေးရုံတွင် အလုပ်သင်ဆရာဝန်အဖြစ် (၁) နှစ်တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ကျောက်တော်မြို့နယ်သမဝါယမဆေးခန်းဆရာဝန်၊ ထို့နောက် အလုပ်မှထွက်၍ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တွင် အတွင်းရေးမှူး (၁) အဖြစ် ဆောင်ရွက်ခဲ့သည်။ ကျောက်တော်မြို့တွင် ကိုယ်ပိုင်ဆေးကုခန်းဖွင့်လှစ်နေထိုင်သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ပျက်ပြယ်သွားသည့်အတွက် ဒေါက်တာထွန်းအေးသည် ပါတီမဲ့ဖြစ်သွားပြီး တသီးပုဂ္ဂလအသွင်သို့ရောက်ရှိသွားခဲ့ရသည်။

## ၂။ ကျောက်တော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးစံသာအောင်၊ မြို (ခေါ်) ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့။

ဦးစံသာအောင်သည် ကျောက်တော်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် မြို (ခေါ်) ခမီအမျိုးသား ညီညွတ်ရေး အဖွဲ့အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၈၀၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၅ . ၄၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်နေ့ဖွား ဖြစ်သည်။ ဦးစံပြိန့်၏သားဖြစ်သည်။ ဦးစံသာအောင်သည် ၁၉၆၃ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက် စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မူလတန်းဆရာအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် အလုပ်သမားရေးရာသင်တန်းတက်ရောက်ခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပါတီကလပ်စည်းခေါင်းဆောင်၊ ပါတီစိတ်ကော်မတီ၊ ပါတီ စိတ်အတွင်းရေးမှူး၊ ထို့နောက် မြို့နယ်ပြည်သူ့ကောင်စီအဖွဲ့ဝင်၊ အလုပ်အမှုဆောင်ကော်မတီဝင်နှင့် အတွင်းရေးမှူးတာဝန်တို့ကိုဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် မြို (ခေါ်) ခမီ

အမျိုးသားညီညွတ်ရေးအဖွဲ့ကိုတည်ထောင်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပခဲ့သည့် နအဖအမျိုးသား ညီလာခံသို့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့မှ ပါဝင်တက်ရောက်ခဲ့ သည်။

## ၃။ ကျောက်ဖြူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဆန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဆန်းမောင်သည် ကျောက်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၈၄၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ . ၀၀) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးသာထွန်းစံ၏သား ဖြစ်သည်။ ၁၉၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့ဖွား ဖြစ်သည်။ ကျောက်ဖြူမြို့ဇာတိဖြစ်သည်။ ၁၉၄၆ ခုနှစ်တွင် ကျောက်ဖြူမြို့အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်း အောင်မြင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် တပ်မတော် (လေ) သို့ဝင်ရောက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် မေမြို့ တပ်မ တော် (ကြည်း) ဗိုလ်သင်တန်းသို့တက်ရောက်ခဲ့သည်။ အကောင်းဆုံး ကဒက် (Cadet) ရခဲ့သည်။ တပ်စုမှူးသင် တန်း၊ တပ်ခွဲမှူးသင်တန်း၊ အုပ်ချုပ်မှုသင်တန်း၊ အရာရှိငယ်ဥပဒေသင်တန်းတို့ကို တက်ရောက်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် အမှတ် (၁၁၇) ခြေမြန်တပ်ရင်းတွင် တပ်ရင်းမှူး (ဒုဗိုလ်မှူးကြီးအဆင့်)၊ ၁၉၇၀ ပြည့်နှစ်တွင် နယ်ဘက် အိုးအိမ်ဦးစီးဌာနသို့ပြောင်းရွှေ့အမှုထမ်းခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် တပ်မတော်မှ ဗိုလ်မှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့ သည်။ အိုးအိမ်ဦးစီးဌာနတွင် အထူးအရာရှိ၊ ထိုမှ အတွင်းရေးမှူး (အိုးအိမ်ကော်မတီ)၊ ၁၉၈၆ ခုနှစ်တွင် သက်ပြည့် ပင်စင်ယူခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း အင်္ဂလန်၊ အမေရိကန်၊ အစ္စရေး၊ အနောက်ဂျာမဏီ၊ တောင်ကိုရီးယားတို့သို့ နိုင်ငံတာဝန်ဖြင့်သွားရောက်ခဲ့သည်။

## ၄။ ကျောက်ဖြူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးတင်ကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်ကြီးသည် ကျောက်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၂၈၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၇ . ၃၄) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၆ ခုနှစ်ဖွား ဖြစ်သည်။ ဦးစောထွန်းဦး၏သား ဖြစ်သည်။ ဦးတင်ကြီးသည် ၁၉၄၂ ခုနှစ်တွင် ကျောက်ဖြူမြို့၊ မြူနီစီပယ်ကျောင်းတွင် (၇) တန်းအထိ ပညာသင်ကြားခဲ့သည်။ ဂျပန်ခေတ်တွင် ဂျပန်စကားပြန်လုပ်ခဲ့သည်။ ၁၉၄၅–၄၆ ခုနှစ်တွင် စစ်ရဲတပ်ရင်းအမှတ် (၂၀) သို့ ဝင်ရောက်ခဲ့သည်။ တပ်ကြပ်၊ ထိုမှ ၁၉၄၉ ခုနှစ်တွင် တပ်ရင်းတရင်းလုံး တောခိုရာတွင်ပါဝင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် အလင်းဝင်ခဲ့သည်။ ထိုနောက် စစ်ရဲတပ်ရင်းအမှတ် (၁) တွင် ပြန်လည်အမှုထမ်းခဲ့သည်။ (၉) လခန့်အမှုထမ်းပြီးနောက် ထွက်ခဲ့သည်။ ယင်းနောက် ကုန်သည်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီး တွင် ပါဝင်ခဲ့သည်။ ကျောက်ဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဘဏ္ဍာရေးမှူးတာဝန်ယူခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်းကြေညာခဲ့သည်ဟု ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ (၆) ရက်နေ့ နအဖ၏ မြန်မာ့သတင်းလွှာ အေ–၀၀၈၄ (အိုင်) တွင် ဖော်ပြထားသည်။

**၅။ ဂွမြို့နယ်မဲဆန္ဒနယ်။**

**ဦးညီပု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးညီပုသည် ဂွမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၉၃၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၀ . ၉၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရခိုင်လူမျိုး၊ ဗုဒ္ဓဘာသာဝင်ဖြစ်သည်။ အဖ ဦးထွန်းဖေ၊ အမိ ဒေါ်မြဦးတို့မှ ၁၉၅၅ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဂွမြို့နယ်၊ ရခိုင်ကွင်းကျေးရွာဇာတိ ဖြစ်သည်။ ၁၉၇၈ ခုနှစ်တွင် ဒသမတန်းအောင်မြင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး ၁၉၇၆ ခုနှစ်တွင် တယ်လီဖုံးရုံးညစောင့်၊ ထို့နောက် ကုန်းလမ်းပို့ဆောင်ရေးတွင် ပညာသင်ဘဝမှ စတင်၍ စာရေးဝန်ထမ်းအဆင့်အထိ ၁၉၈၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ဇာတိကျေးရွာသို့ ပြန်လည်အခြေချနေထိုင်ခဲ့သည်။ ဂွမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းကော်မတီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

**၆။ စစ်တွေမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးရွှေယ၊ ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးရွှေယသည် စစ်တွေမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၉,၈၂၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၂ . ၃၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၅၅ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့ဖွား ဖြစ်သည်။ ဦးရွှေမောင်၏သားဖြစ်သည်။ ဦးရွှေယသည် ၁၉၇၄ ခုနှစ်တွင် မြေပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်း၊ ထို့နောက် ၁၉၈၆ ခုနှစ်တွင် အလုပ်မှနုတ်ထွက်ပြီး ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခဲ့သည်။ ဥပဒေဘွဲ့ (အယ်လ်အယ်လ်ဘီ) ရခဲ့သည်။ ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်ဘက်ဖြစ်သူ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးမောင်သာဇံက ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခဲ့သဖြင့် ရွေးကောက်ပွဲခုံအမှတ် (၄) တွင် ကြားနာစစ်ဆေးမှုခံခဲ့ရသည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် နဝတအမိန့်အမှတ် (၇/၉၂) ဖြင့် ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ဖျက်သိမ်းခဲ့သည်။ ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖျက်သိမ်းလိုက်သည့်အတွက် ဦးရွှေယသည် ပါတီမဲ့ဖြစ်သွားပြီး တသီးပုဂ္ဂလအသွင်သို့ရောက်ရှိသွားခဲ့ရသည်။

**၇။ စစ်တွေမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးစံထွန်း(ခ)လူဖြူ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစံထွန်း (ခ) ဦးလူဖြူသည် စစ်တွေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၈၁၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၂၉ . ၇၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးမြဦး၊ အမိ ဒေါ်စံလှဖြူတို့မှ ၁၉၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစံထွန်း (ခ) ဦးလူဖြူသည် စစ်တွေမြို့ အင်္ဂလိပ်သီလရှင်ကျောင်း၊ ရန်ကုန်မြို့အစိုးရ ဟိုက်စကူးကျောင်းတို့တွင်ပညာသင်ကြားခဲ့ရာ ၁၉၄၂ ခုနှစ်တွင် စစ်ဖြစ်လာသဖြင့် (၉) တန်းကျောင်းသားဘဝတွင်

ကျောင်းထွက်ခဲ့ရသည်။ ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်၊ အလုံချင်းချောင်းစခန်း၊ တပ်ရင်း (၂)၊ တပ်ခွဲ (၁) တွင် တပ်သား၊ ထို့နောက် ၁၉၄၃ ခုနှစ်တွင် မင်္ဂလာဒုံ ပထမပတ်အကြပ်သင်တန်းသို့တက်ခွင့်ရ၍ တပ်ကြပ်ကလေးရာထူးဖြင့် ကျောင်းဆင်းခဲ့သည်။ ပျဉ်းမနားတပ်ရင်း (၆) စက်သေနတ်ကြီးတပ်ခွဲတွင် တာဝန်ကျသည်။ ထိုမှ အနောက်ပိုင်းတိုင်း၊ တိုင်းမှူး ဗိုလ်ရန်အောင်၏ တိုင်း (၇) သရက်သို့ ပြောင်းရွှေ့ခဲ့သည်။ တော်လှန်ရေးအပြီးတွင် ပဲခူးတိုင်းမှူး ဗိုလ်ကျော်ဇော၏ တိုင်း (၄) တွင် တပ်စုမှူး၊ မျိုးချစ်တပ်မတော်ကို ကန္ဒီစာချုပ်အရ ဖျက်သိမ်းချိန်တွင် အရာခံဗိုလ်၊ ယင်းနောက် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းတွင်မှမပါဝင်ဘဲ အိုင်ဘီပီ ရေနံဖြန့်ဖြူးရေးကိုယ်စားလှယ် လုပ်နေခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင်ဆုတံဆိပ်၊ လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်တို့ရခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ပျက်ပြယ်သွားသည့်အတွက် ဦးစံထွန်း (ခ) ဦးလူဖြူသည် ပါတီမဲ့ဖြစ်သွားပြီးတသီးပုဂ္ဂလအသွင်သို့ ရောက်ရှိသွားခဲ့ရသည်။

**၈။ တောင်ကုတ်မြို့နယ်မဲဆန္ဒနယ်။**

**ဦးကျော်ခိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးကျော်ခိုင်သည် တောင်ကုတ်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၇,၄၃၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၆ . ၇၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ တောင်ကုတ်မြို့ဇာတိဖြစ်သည်။ အဖ ဦးအောင်ဘ၊ အမိ ဒေါ်လှိုင်တို့မှ ၁၉၂၃ ခုနှစ်၊ မေလ (၂၃) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဦးကျော်ခိုင်သည် ကင်းမော်ရွာအစိုးရ အထက်တန်းကျောင်းမှ န၀မတန်းအောင်မြင်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဒေါ်မြကြူနှင့်လက်ထပ်ခဲ့သည်။ ၁၉၈၁ ခုနှစ်မှစ၍ တောင်ကုတ်မြို့ဖောင်တော်ဦးစေတီဂေါပကအဖွဲ့ဝင်၊ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့နယ်လုံခြုံရေးကိုတာဝန်ယူခဲ့သည်။ ဆေးရုံကော်မတီ၊ ဆရာမိဘအသင်း၊ သံဃာ့ဆေးရုံစသောလူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၉ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၅၂) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်းကြေညာခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါ အဝင်ဖြစ်သည်။

**၉။ ပေါက်တောမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးဘသန်း၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးဘသန်းသည် ပေါက်တောမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၉,၂၁၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း ( ၆၀ . ၁၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၄၈ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့ဖွား ဖြစ်သည်။ ဦးကျော်ဇံဦး၏သား ဖြစ်သည်။ ရခိုင်အမျိုးသား၊ ဗုဒ္ဓဘာသာဝင်ဖြစ်သည်။ ဦးဘသန်းသည် ပေါက်တောမြို့အစိုးရ အထက်တန်းကျောင်း၊ ထို့နောက် ကန်တော်ကလေးအစိုးရအထက် တန်းကျောင်းအမှတ် (၁)၊ ဗိုလ်တထောင် အစိုးရအထက်တန်းကျောင်းအမှတ် (၅)၊ လူငယ်ရေးရာကျောင်းများတွင် ပညာသင်ကြားခဲ့ပြီး ဒသမတန်းအောင်မြင်ခဲ့သည်။ ပေါက်တောမြို့နယ် အထွေ

ထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကောင်စီရုံးတို့တွင် စာရေးဝန်ထမ်းအဖြစ် (၁၁) နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် စာပေးစာယူဖြင့် ဥပဒေဘွဲ့ ဖြေဆိုအောင်မြင်ခဲ့သည်။ ထိုနောက် ဗဟိုတရားရုံး ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သည်။ မြို့နယ်ဘောလုံးအသင်းနည်းပြ၊ ရပ်ကွက်စာကြည့်တိုက်ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။ ပေါက်တောမြို့နယ် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ပျက်ပြယ်သွားသည့်အတွက် ဦးဘသန်းသည်ပါတီမဲ့ဖြစ် သွားပြီး တသီးပုဂ္ဂလအသွင်သို့ ရောက်ရှိသွားခဲ့ရသည်။

## ၁၀။ ပေါက်တောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးစောထွန်းစိန်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစောထွန်းစိန်သည် ပေါက်တောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃,၅၂၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၂ . ၄၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပေါက်တောမြို့ဇာတိဖြစ်သည်။ အဖ ဦးထွန်းလှဖြူ၊ အမိ ဒေါ်ပန်းခိုင်တို့မှ ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ရခိုင်လူမျိုး၊ ဗုဒ္ဓဘာသာဝင်ဖြစ်သည်။ ဦးစောထွန်းစိန်သည် ပေါက်တောမြို့အစိုးရအထက်တန်းကျောင်း၊ စစ်တွေမြို့အစိုးရ အထက်တန်းကျောင်းအမှတ် (၄) တို့တွင် ပညာသင်ကြားခဲ့ပြီး၊ ဒသမတန်းအောင်မြင်ခဲ့သည်။ ၁၉၇၇–၇၈ ခုနှစ်တွင် စစ်တွေကောလိပ်မှ စက်ပြင်ဒီပလိုမာရရှိခဲ့၍ ၁၉၈၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။ အမှတ် (၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာဘာသာရပ်များ သင်ကြားအောင်မြင်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ဒေါ်မြသိန်းနှင့် လက်ထပ်ခဲ့သည်။ တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်အသက်မွေးသည်။ ပေါက်တောမြို့နယ် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပျက်ပြယ်သွားသည့်အတွက် ဦးစောထွန်းစိန်သည် ပါတီမဲ့ဖြစ်သွားပြီး တသီးပုဂ္ဂလအသွင်သို့ရောက်ရှိသွားခဲ့ရသည်။

## ၁၁။ ပုဏ္ဏားကျွန်းမြို့နယ်မဲဆန္ဒနယ်။

### ဦးအောင်ထွန်းစိန်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအောင်ထွန်းစိန်သည် ပုဏ္ဏားကျွန်းမြို့နယ်မဲဆန္ဒနယ်တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၂၅၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၈ . ၁၇)ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ စစ်တွေမြို့ဇာတိဖြစ်သည်။ အဖ ဦးစောလှ၊ အမိ ဒေါ်စောသာတို့မှ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအောင်ထွန်းစိန်သည် စစ်တွေမြို့ အိုးတန်းအစိုးရအလယ်တန်းကျောင်း၊ စိန့်အင်ဖွန့်ဗင့်တို့တွင် ပညာသင်ကြားခဲ့ပြီး၊ နဝမတန်းတွင် သချာၤလူရည်ချွန်ရခဲ့သည်။ ထို့နောက် ပုသိမ်ကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ဆက်လက်ပညာသင်ကြားခဲ့ရာ ဓာတုဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အထိ အစိုးရရက်ကန်းကျောင်းတွင် သိပ္ပံနည်းပြ၊ သဘော်လုပ်ငန်းဌာနခွဲ (စစ်တွေ) တွင် ငွေစာရင်းကိုင်၊ ၁၉၇၆ ခုနှစ်တွင် သိမ်ဖြူ အာယုဗ္ဗေဒဆေးသိပ္ပံမှ တိုင်းရင်းဆေးပညာရပ်ကို နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ အားကစား၊ စာကြည့်တိုက်စသည့် လူမှုရေးလုပ်ငန်းများအပြင် ရန်ကုန်တက္ကသိုလ် ရခိုင်

ကျောင်းသား ကျောင်းသူများ (တိုင်းရင်းသားလူမျိုးများ စာပေနှင့်ယဉ်ကျေးမှုကော်မတီ) တွင် ပြန်ကြားရေးမှူး အဖြစ် ဆောင်ရွက်ခဲ့သည်။ တိုင်းရင်းဆေးပညာဖြင့် ဆေးဝါးကုသသည့်လုပ်ငန်း လုပ်ကိုင်အသက်မွေးသည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အားပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေ ထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ပျက်ပြယ်သွားသည့်အတွက် ဦးအောင်ထွန်းစိန်သည် ပါတီမဲ့ဖြစ်သွားပြီး တသီးပုဂ္ဂလအသွင်သို့ ရောက်ရှိသွားခဲ့ရသည်။ ၂၀၀၆ ခုနှစ် ဧပြီလတွင် ပြည်ပသို့ထွက်ခွာလာပြီး ထိုင်း–မြန်မာနယ်စပ်သို့ရောက်ရှိသည်။

## ၁၂။ ဘူးသီးတောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးကျော်မင်း (ခ) မာမောက်ရှောင်ရှုအာနော်ဂူလာဟောက်၊ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ။

ဦးကျော်မင်း (ခ) မာမောက်ရှောင်ရှုအာနော်ဂူလာဟောက်သည် ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၀,၉၉၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၄ . ၃၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဘူးသီးတောင် မြို့နယ်၊ မိကျောင်းဈေးရွာဇာတိဖြစ်သည်။ အဖ ဦးဖော်ဇော်ရော်မန်း၊ အမိ ဒေါ်လေမန်ခါတူတို့မှ ၁၉၅၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဦးကျော်မင်း (ခ) မာမောက်ရှောင်ရှုအာနော်ဂူလာဟောက်သည် မိကျောင်းဈေးရွာအစိုးရ မူလတန်းကျောင်း၊ တောင်ဘဇာအစိုးရ အလယ်တန်းကျောင်း၊ ဘူးသီးတောင်မြို့ အစိုးရအထက်တန်းကျောင်း၊ စစ်တွေမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၁) တို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ ဘီကွမ်းဘွဲ့ရရှိခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် စစ်တွေမြို့ အစိုးရအထက်တန်းကျောင်းအမှတ် (၃) တွင် အထက်တန်းပြကျောင်းဆရာ၊ ၁၉၈၃ ခုနှစ်တွင် ပညာရေးဒီပလိုမာဘွဲ့ရရှိခဲ့ပြီး၊ ဘူးသီးတောင်မြို့နယ် လက်ထောက်ပညာရေးမှူး၊ ၁၉၈၅ ခုနှစ်တွင် အလယ်တန်းကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာမှ ၁၃၅၀ ပြည့်နှစ်၊ အရေးတော်ပုံကာလအတွင်း ဘူးသီးတောင်မြို့နယ် ကျောင်းဆရာသမဂ္ဂကို ဦးဆောင်ခဲ့သဖြင့် ၁၉၈၉ ခုနှစ်၊ မတ်လတွင် အလုပ်မှ ထုတ်ပယ်ခံခဲ့ရသည်။ အမျိုးသားလူ့အခွင့်အရေး ဒီမိုကရက်တစ်ပါတီ (မ–လ–ဒ–ပ) တွင် ဗဟိုအလုပ်အမှုဆောင် တာဝန်ယူခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဒီဇင် ဘာလ (၄) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ၏ အဖွဲ့ဝင်တဦးဖြစ်လာခဲ့သည်။ ၂၀၀၅ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့ညတွင် အာဏာပိုင် များက တာမွေမြို့နယ်နေအိမ်သို့ လာရောက်ဖမ်းဆီးသွားခဲ့ပြီး မေလ (၅) ရက်နေ့တွင် တဖန် ဇနီးဒေါ်ခါတီဇာ၊ သမီးကြီး မခင်ခင်နုနှင့်သမီးငယ် မဝေဝေနုတို့ (၃) ဦးအား ထပ်မံဖမ်းဆီးခဲ့သည်။ သားကြီး မောင်နုမန်မှာ မူလ က တိမ်းရှောင်နေခဲ့သော်လည်း နောက်ပိုင်းတွင် မိသားစုအားငဲ့၍အဖမ်းခံခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့တွင် အင်းစိန်ထောင်တွင်းတရားရုံးမှ ဦးကျော်မင်းအား ထောင်ဒဏ် (၄၇) နှစ်၊ ဦးကျော်မင်း၏ဇနီးနှင့် သားသမီး (၃) ဦးအား ထောင်ဒဏ် (၁၇) နှစ်စီ အသီးသီးကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

## ၁၃။ ဘူးသီးတောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးတင်မောင် (ခ) နုရ်အာမက်၊ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ။

ဦးတင်မောင် (ခ) နုရ်အာမက်သည် ဘူးသီးတောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသား လူ့အခွင့် အရေးဒီမိုကရက်တစ်ပါတီအား ကိုယ်စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၀၄၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၉ . ၉၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဘူးသီးတောင်မြို့နယ်၊ ဖုံညိုလိပ်ကျေးရွာ

ဇာတိဖြစ်သည်။ ၁၉၃၄ ခုနှစ်ဖွား ဖြစ်သည်။ ဦးရှော်မလုက်၏သား ဖြစ်သည်။ ဦးတင်မောင် (ခ) နုရ်အာမက်သည် ကြက်ကမ်းပြင်တဲ့ဖက်အစိုးရ အလယ်တန်းကျောင်း၊ မောင်းတောမြို့ အစိုးရ အထက်တန်းကျောင်းနှင့် စစ်တွေမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၁) တို့တွင် ပညာသင်ကြားခဲ့ပြီး (၁၀) တန်းအောင်မြင်ခဲ့သည်။ ၁၉၅၄–၅၆ ခုနှစ်တွင် ကျန်းမာရေးသင်တန်းကျောင်းမှ ကျန်းမာရေးမှူးသင်တန်း အောင်မြင်ခဲ့သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ကျန်းမာရေးဌာန ငှက်ဖျားရောဂါမှူးအဖြစ် စစ်တွေ၊ ဘူးသီးတောင်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ကျန်းမာရေးကြောင့် အလုပ်မှနုတ်ထွက်ခဲ့ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကိုယ်ပိုင်စီးပွားရေးအတွက် နယ်စပ်ဖြတ်ကျော်ခဲ့ခြင်းကြောင့် သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးဌာနမှ ရုံးတင်တရားစွဲဆို၍ ဒဏ်ငွေ (၇၀/–) ချမှတ်ခြင်းခံခဲ့ရသည်။ ဘူးသီးတောင်မြို့နယ် အမျိုးသားလူ့အခွင့်အရေး ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ၊ ဌာနချုပ်ဗဟိုကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

## ၁၄။ မင်းပြားမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

## ဦးမောင်မြင့်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမောင်မြင့်သည် မင်းပြားမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၃၀၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၅ . ၂) ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရမ်းဗြဲမြို့ဇာတိဖြစ်သည်။ အဖ ဦးညိုချမ်းအောင်၊ အမိ ဒေါ်နှင်းပုတို့မှ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ (၁၆)ရက်နေ့တွင်မွေး ဖွားခဲ့သည်။ ဦးမောင်မြင့်သည် ရမ်းဗြဲမြို့အစိုးရအထက်တန်းကျောင်းမှ (၁၀) တန်း အောင်မြင်ခဲ့၍ ကျောက်ဖြူကောလိပ်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တို့မှ ဝိဇ္ဇာဘွဲ့ (သမိုင်း) ရရှိခဲ့သည်။ ကျန်းမာရေးမှူးသင်တန်းနှင့် အထက်တန်းရှေ့နေစာမေးပွဲတို့ကိုအောင်မြင်ခဲ့ပြီး ကျန်းမာရေးမှူး၊ ထို့နောက် အထက်တန်းရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ် တွင် ဒေါ်မြင့်မေနှင့်လက်ထပ်ခဲ့သည်။ မင်းပြားမြို့နယ် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ပျက်ပြယ်သွားသည့်အတွက် ဦးမောင်မြင့်သည် ပါတီမဲ့ဖြစ်သွားပြီး တသီးပုဂ္ဂလအသွင်သို့ ရောက်ရှိသွားခဲ့ရသည်။

## ၁၅။ မင်းပြားမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

## ဦးထွန်းဝင်း၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။

ဦးထွန်းဝင်းသည် မင်းပြားမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၁,၈၉၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၈ . ၂၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မင်းပြားမြို့ဇာတိ ဖြစ်သည်။ အဖ ဦးဘစံ၊ အမိ ဒေါ်သိန်းမေတို့မှ ၁၉၄၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးထွန်းဝင်းသည် ငယ်စဉ်ကပင် ရန်ကုန်မြို့သို့သွားရောက်၍ လောကီ၊ လောကုတ္တရာစာပေများသင်ယူခဲ့ရာ ဘီအေဘွဲ့နှင့် ဓမ္မာစရိယဘွဲ့တို့ရရှိခဲ့သည်။ လုပ်သားများကော်လိပ်တွင် အချိန်ပိုင်းနည်းပြဆရာ၊ စစ်တွေမြို့နယ်သမဝါယမ၊ ရခိုင်ပြည်နယ်၊ မြို့နယ်သမဝါယမအသင်းစုတို့တွင် မန်နေဂျာအဖြစ်ဆောင်ရွက်ခဲ့သည်။ စစ်တွေမြို့၊ ပြင်ပဝိဇ္ဇာနှင့် တက္ကသိုလ်စာပေးစာယူသင်တန်း၊ စေတနာညကျောင်းတို့တွင် (၁၀) နှစ်ကျော် စေတနာဆရာနှင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ စစ်တွေမြို့နယ်၊ ပညာသင်ထောက်ပံ့ရေး ကော်မတီ (တက္ကသိုလ်ကောလိပ်ဘွဲ့ရ) ဥက္ကဋ္ဌ၊ ရခိုင်သဟာယအသင်း အတွင်းရေးမှူး၊ ရခိုင်လူငယ်အသင်း ဥက္ကဋ္ဌ၊

ရန်ကုန်တက္ကသိုလ်ပါဠိစာပေအသင်း အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ပြင်ထွန်းဝင်း (ဘီအေ၊ ဓမ္မာစရိယ)၊ ထွန်းဝင်း (ရန်ကုန်တက္ကသိုလ်)၊ တက္ကသိုလ်ခိုင်ဇာဝင်း ကလောင်အမည်တို့ဖြင့် စာပေများရေးသားခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို) ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် အားပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပျက်ပြယ်သွားသည့်အတွက် ဦးထွန်းဝင်းသည် ပါတီမဲ့ဖြစ်သွားပြီး တသီးပုဂ္ဂလအသွင်သို့ ရောက်ရှိသွားခဲ့ရသည်။

## ၁၆။ မောင်တောမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။
## ဦးအီဗြာဟိန်း(ခ) ဦးချစ်လွင်၊ အမျိုးသားလူ့အခွင့်ရေးဒီမိုကရက်တစ်ပါတီ။

ဦးအီဗြာဟိန်း (ခ) ဦးချစ်လွင်သည် မောင်တောမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသား လူ့အခွင့်ရေး ဒီမိုကရက်တစ်ပါတီ (မ–လ–ဒ–ပ) အား ကိုယ်စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၆၂၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၀ . ၉၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မောင်တောမြို့နယ်၊ မြို့သူကြီး ရွာဇာတိဖြစ်သည်။ အဖ ဟာဂျီ ဦးဆီဒီအာမက်၊ အမိ ဒေါ်အင်တီဟာခါတူတို့မှ ၁၉၄၆ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဦးအီဗြာဟိန်း (ခ) ဦးချစ်လွင်သည် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရပ်များကို မြို့သူကြီးရွာအစိုးရမူလတန်းကျောင်း၊ မောင်တောမြို့အစိုးရအထက်တန်းကျောင်းနှင့် စစ်တွေမြို့ဦးအောင်လှဖဲ ကျောင်းတို့တွင် သင်ကြားခဲ့သည်။ ၁၉၆၃–၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့တက်ရောက်သည်။ ဝါဏိဇ္ဇဘွဲ့ (စာရင်းကိုင်၊ စာရင်းစစ်)ကို ၁၉၆၆–၆၇ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဘွဲ့လွန်စီးပွားရေးစီမံကိန်းပညာဒီပလိုမာကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့၍ ၁၉၈၂ ခုနှစ်တွင် မှတ်ပုံတင်ရှေ့နေစာမေးပွဲ (အာရ်အယ်လ်) အောင်မြင်ခဲ့သည်။ တရားရုံးချုပ်ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်အသက်မွေးသည်။ ဝန်ထမ်းအဖြစ် ၁၉၆၇ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ စီမံဘဏ္ဍာဝန်ကြီးဌာန စာရင်းကိုင်သင်တန်းနည်းပြ ခေတ္တကျောင်းအုပ်ကြီး၊ ဒေသကောလိပ် ရုံးလုပ်ငန်းအတတ်ပညာစာစစ်မှူးတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။ အမျိုးသားလူ့အခွင့်ရေးဒီမိုကရက်တစ်ပါတီ (မ–လ–ဒ–ပ) တွင် ဗဟိုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

## ၁၇။ မောင်တောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
## ဦးဖော်ဇော်အာမောက်၊ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ။

ဦးဖော်ဇော်အာမောက်သည် မောင်တောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားလူ့အခွင့်အရေး ဒီမိုကရက်တစ်ပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ(၂၄,၈၈၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၂ . ၇၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မောင်းတောမြို့နယ်၊ အိတာလျာကျေးရွာအုပ်စု၊ ဘာဆူဘရွာဇာတိဖြစ်သည်။ အဖ ဦးမဟာမက်ကာလူ၊ အမိ ဒေါ်ဝုလ်မေရ်တို့မှ ၁၉၄၁ ခုနှစ်တွင် မွေးဖွားခဲ့သည်။ မွေးချင်း (၇) ယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။ ဦးဖော်ဇော်အာမောက်သည် ၁၉၆၀ ပြည့်နှစ်တွင် မောင်းတော အစိုးရအထက်တန်းကျောင်းမှ တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် နယ်ခြားဒေသအုပ်ချုပ်ရေးဌာန၏ မေယုနယ်ခြားခရိုင်ဝန်လက်အောက်တွင် စာရေးဝန်ထမ်း၊ ထို့နောက် ပြည်သူ့ကောင်စီရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အထက်တန်းစာရေး၊ ရုံးအုပ်စာရေးကြီးအဖြစ် မောင်းတော၊ ဘူးသီးတောင်၊ ကျောက်တော်၊ ကျောက်ဖြူ၊ တောင်ကုတ်နှင့် စစ်တွေမြို့များတွင် အမှုထမ်းခဲ့သည်။ အထက်တန်းရှေ့နေစာမေးပွဲဖြေဆိုအောင်မြင်ခဲ့သဖြင့် ၁၉၈၅ ခုနှစ်တွင် အလုပ်မှအငြိမ်းစားယူခဲ့ပြီး၊ ရှေ့နေအဖြစ်

လိုက်ပါဆောင်ရွက်အသက်မွေးခဲ့သည်။ အမျိုးသားလူ့အခွင့်အရေး ဒီမိုကရက်တစ်ပါတီတွင် ဗဟိုအလုပ်အမှုဆောင်တာဝန်ယူခဲ့သည်။

**၁၈။ မာန်အောင်မြို့နယ်မဲဆန္ဒနယ်။**

**ဦးသိန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးသိန်းမောင်သည် မာန်အောင်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၇၈၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၅ . ၄၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးဝံထီးအောင်၏သားဖြစ်သည်။ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့ဖွား ဖြစ်သည်။ မောင်းတောမြို့နယ်၊ ကုန်းတန်ရွာတောင်ပိုင်းဇာတိ ဖြစ်သည်။ ဦးသိန်းမောင်သည် ဆယ်တန်းအထိပညာသင်ကြားခဲ့သည်။ ကျောင်းမှထွက်၍ မိဘနှင့်အတူ လယ်ယာလုပ်ငန်းလုပ်ကိုင်၍ အိမ်ထောင်ကျပြီးသောအခါ ဈေးသည်လုပ်ငန်းဖြင့်အသက်မွေးခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ဝင်ပြီး ကလာပ်စည်းခေါင်းဆောင်တာဝန်ယူခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ဝင်ရောက်ပြီး ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့မှစ၍ မာန်အောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အတွင်းရေးမှူးအဖြစ်တာဝန်ယူခဲ့သည်။

**၁၉။ မြေပုံမြို့နယ်မဲဆန္ဒနယ်။**

**ဦးဖြူစိန်ဦး၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးဖြူစိန်ဦးသည် မြေပုံမြို့နယ်မဲဆန္ဒနယ်တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၀,၇၆၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၃ . ၀) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးမောင်ဖြူ၏သား ဖြစ်သည်။ ၁၉၃၄ ခုနှစ်၊ မတ်လ (၃) ရက်နေ့ဖွား ဖြစ်သည်။ မြေပုံမြို့နယ်၊ ကြက်ရေကျွန်းကျေးရွာဇာတိ ဖြစ်သည်။ ဦးဖြူစိန် ဦးသည် ၁၉၅၄ ခုနှစ်တွင် ကြက်ရေကျွန်းကျေးရွာ မူလတန်းကျောင်းမှ မူလတန်းအောင်မြင်ခဲ့ပြီး၊ ၁၉၆၂ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ကျောင်းဆရာအဖြစ်အမှုထမ်းခဲ့၍ ၁၉၇၈–၇၉ ခုနှစ်တွင် ဒီပီအီးဒီဘွဲ့ရရှိခဲ့သည်။ အထက်တန်းပြ ကျောင်းဆရာအဖြစ် (၂) နှစ်အမှုထမ်းခဲ့ပြီးနောက် ၁၉၈၈ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့တွင် နာမကျန်းပင်စင်ယူခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁၄) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆)ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှကြေညာခဲ့သည်။ ရခိုင်ဒီမို ကရေစီအဖွဲ့ချုပ်ပျက်ပြယ်သွားသည့်အတွက် ဦးဖြူစိန်ဦးသည် ပါတီမဲ့ဖြစ်သွားပြီးတသီးပုဂ္ဂလအသွင်သို့ ရောက်ရှိသွားခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၁၄)**
**(၁၃၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်)**
**(၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)**

**အကြောင်းအရာ ။** **။ ဦးဖြူစိန်ဦးအား ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးဖြူစိန်ဦးက မိမိသည် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းသည့်အပြင် ပါတီနိုင်ငံရေးကိုလည်း စိတ်ဝင်စားမှုလုံးဝမရှိတော့ ပါသဖြင့် မိမိအား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးဖြူစိန်ဦး၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးဖြူစိန်ဦးအား ယနေ့မှစ၍ မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

## ၂၀။ မြောက်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

**ဦးစောမြအောင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစောမြအောင်သည် မြောက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၃၂၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၂ . ၀၉) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးစောလှအောင်၊ အမိ ဒေါ်သန်းစံဦးတို့မှ ၁၉၀၈ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ မြောက်ဦးမြို့ဇာတိ ဖြစ်သည်။ ဦးစောမြအောင်သည် မြောက်ဦးမြို့၌ မူလတန်း၊ စစ်တွေမြို့၌ အလယ်တန်း၊ ရန်ကုန်မြို့၌ အထက်တန်း ပညာများသင်ယူအောင်မြင်ခဲ့ပြီး၊ ၁၉၄၂ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသည့်အချိန်အထိ ရန်ကုန်မြို့တွင် ဆေးပညာသင်ကြားခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့၌ ဆေးပညာဘာသာရပ်များဆက်လက်သင်ကြားခဲ့ ရာ ၁၉၄၇ ခုနှစ်၊ မေလတွင် ဆရာဝန်ဘွဲ့၊ အမ်ဘီဘီအက်စ် (ဘုံဘေ) ရရှိခဲ့သည်။ ၁၉၄၇ ခုနှစ်မှစ၍ နိုင်ငံဝန်ထမ်းအဖြစ် (၂) နှစ်ဆောင်ရွက်ခဲ့ပြီး၊ ဗြိတိန်နိုင်ငံတွင် (၄) နှစ်ကြာ လက်တွေ့အမှုထမ်းရင်း ဆေးပညာဘာသာရပ်များ ဆက်လက်သင်ကြားခဲ့ရာ ဘွဲ့လွန်ဒီပလိုမာဒီစီအိတ်ချ်ဘွဲ့ (DCH) လန်ဒန်နှင့် အက်ဖ်အာရ်စီပီဘွဲ့(FRCP) ဂလပ်စကိုးပါရဂူဘွဲ့များ ရရှိခဲ့သည်။ ၁၉၅၄ ခုနှစ်မှစ၍ နိုင်ငံ့ဝန်

ထမ်း၊ ၁၉၅၅ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ မန္တလေးခရိုင် ဆရာဝန်ကြီး၊ ဆေးရုံ အုပ်ကြီး၊ သမားတော်ကြီးနှင့် မန္တလေး ဆေးတက္ကသိုလ် ဆေးပညာဌာနမှူး၊ ၁၉၇၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ရိုထရီအသင်း မန္တလေးဌာနခွဲဥက္ကဋ္ဌ၊ ရန်ကုန်မြို့ရှိ ရခိုင်သဟာယအသင်း ဥက္ကဋ္ဌ၊ ရခိုင်ဓမ္မာရုံဆောက်လုပ်ရေး နာယက၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရန်ကုန်မြို့ ရခိုင်သဟာယအသင်း ဥက္ကဋ္ဌ၊ ၁၉၅၈ ခုနှစ်တွင် ကမ္ဘာ့ဆေးပညာရှင်များဖလှယ်သောအစီအစဉ်အရ အမေရိကန်နိုင်ငံတွင် (၂) လနှင့် ဗြိတိန်နိုင်ငံတွင် ရက်သတ္တ (၃) ပတ်တိတိ လေ့လာခွင့်ရခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ဖိတ်ကြားချက်အရ ပါရဂူများအဖွဲ့ကိုဦးဆောင်၍ ရက်သတ္တ (၃) ပတ်သွားရောက် လေ့လာခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် အငြိမ်းစားယူပြီးနောက် ၁၉၇၉ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ဟောင်ကောင်ရှိ ဆေးရုံကြီး (၂) ခုတွင် သွားရောက်အမှုထမ်းခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် နိုင်ငံခြားမှပြန်ရောက်လာပြီးနောက် ရန်ကုန်မြို့ရှိ ဗဟန်းမြို့နယ်ဇီဝိတဒါနသံဃာ့ဆေးရုံနှင့် သီလရှင်များဆေးရုံတွင် စေတနာသမားတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင်ကြေညာခဲ့အပြီး စစ်အာဏာရှင်များက တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးပါတီခေါင်းဆောင် တဦးဖြစ်သူ ဦးစောမြအောင်အား ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့ ရက်စွဲ ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီမှ ဒေါက်တာဦးစောမြအောင်အား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြောင်းကြေညာခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရရာမှ ၂၀၀၁ ခုနှစ်၊ ဇွန်လ (၁၃) ရက်နေ့တွင် ပြန်လွှတ်သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ ချုပ်အား ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှကြေညာခဲ့ သည်။ ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်ပျက်ပြယ်သွားသည့်အတွက် ဦးစောမြအောင်သည် ပါတီမဲ့ဖြစ်သွားပြီး တသီး ပုဂ္ဂလအသွင်သို့ ရောက်ရှိသွားခဲ့သည်။ ဇနီးမှာ ဒေါ်စောတင်ဖြစ်ပြီး၊ သားသမီး၄ဦးထွန်းကားသည်။

## ၂၁။ မြောက်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
## ဦးအောင်လှဖ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးအောင်လှဖသည် မြောက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ် စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၈၆၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၄ . ၆၃) ဖြင့် ရွေးချယ်တင်မြှောက် ခြင်းခံခဲ့ရသည်။ မြောက်ဦးမြို့ဇာတိဖြစ်သည်။ အဖ ဦးချစ်စောဦး၊ အမိ ဒေါ်ကြာညိုတို့မှ ၁၉၂၇ ခုနှစ်၊ စက်တင် ဘာလ (၁၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအောင်လှဖသည် မြောက်ဦးမြို့၊ စပါးဆိပ်အစိုးရမူလတန်းကျောင်း၊ မြောက်ဦးမြို့ မြန်မာအစိုးရ အထက်တန်းကျောင်း၊ စစ်တွေမြို့ အစိုးရနော်မန်ကျောင်း၊ ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ပြီး၊ ကူးသန်းရောင်းဝယ်ရေးဝိဇ္ဇာ (ဘီကွမ်း) ဘွဲ့ရရှိခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ကျောက်တော်မြို့ အစိုးရအထက်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ၁၉၅၅ ခုနှစ်တွင် ဗဟိုစာရင်းအင်းနှင့်စီးပွားရေးဌာန စာရင်းအင်း အရာရှိ၊ ထို့နောက် အလုပ်မှနုတ်ထွက်၍ ၁၉၅၆ ခုနှစ်တွင် ဦးအောင်လှဖပညာသင်ကျောင်းကို တည်ထောင်ခဲ့ သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အားပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမို ကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှကြေညာခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ပျက်ပြယ် သွားသည့်အတွက် ဦးအောင်လှဖသည် ပါတီမဲ့ဖြစ်သွားပြီး တသီးပုဂ္ဂလအသွင်သို့ ရောက်ရှိသွားခဲ့သည်။

**ဦးအောင်လှဖေ**

(B.Econ.)

**အငြိမ်းစား၊ ကျောင်းအုပ်ဆရာကြီး၊**

**မြောက်ဦးမြို့**

**အသက် (၆၈) နှစ်**

မြောက်ဦးမြို့၊ စပါးဆိပ်ရပ်နေ (ဦးချစ်စောဦး–ဒေါ်ကြာညို) တို့၏ သား၊ စစ်တွေမြို့၊ ပါဒလိပ်ချိပ်ရပ်နေ အငြိမ်းစားအရေးပိုင် (ဦးစံထွန်းဦး–ဒေါ်စောမြ)တို့၏ သားသမက်၊ မြောက်ဦးမြို့၊ ကုန်သည်တန်းရပ်နေ ဒေါ်စံသာဖြူ၏ ခင်ပွန်း၊ ဦးဦးလှစော–ဒေါ်အနွဲ့ချေ (သမဦးစီး၊ မြောက်ဦးမြို့)၊ ဒေါ်ဖြူဖြူဇံ–ဦးထွန်းညို၊ ဒေါက်တာအေးမောင်ဇံ– ဒေါ်စောရွှေမြ၊ ဒေါ်ခိုင်ခိုင်ဇံ (အထက၊ မြောက်ဦးမြို့)၊ ဒေါ်မြမြဇံ (စာရင်းရုံး၊ မြောက်ဦးမြို့၊ ဦးလှဝင်း (NSSPL–စင်ကာပူ)၊ ချိုဇံမောင်တို့၏ မွေးသဖခင်၊ မြေး (၉) ယောက်တို့၏ အဘိုးရှင်သည် ၁၉၉၃ ခု၊ ဇူလိုင်လ (၃၀) ရက်(သောကြာနေ့) ည (၁၁ း ၄၀) နာရီတွင် မြောက်ဦးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို(၂–၈–၉၃) ရက်နေ့ (တနင်္လာ) နေ့တွင် မြောက်ဦးမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ၂၂။ ရသေ့တောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

**ဦးမောင်ကြွင်းအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးမောင်ကြွင်းအောင်သည် ရသေ့တောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၇,၃၁၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၇ . ၂၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရသေ့တောင်မြို့နယ်၊ မြင်းကံညောင်းဇာတိဖြစ်သည်။ အဖ ဦးကျော်ဇံအောင်၊ အမိ ဒေါ်လှနော်ဦးတို့မှ ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမောင်ကြွင်း အောင်သည် ကံပြင်ကျေးရွာအစိုးရမူလတန်းကျောင်း၊ ထူထောင်ကျေးရွာအစိုးရအလယ်တန်းကျောင်း၊ စစ်တွေမြို့ ဦးအောင်လှဖေ အလွတ်ပညာသင်ကျောင်းတို့တွင်ပညာသင်ကြားခဲ့ပြီး၊ နဝမတန်းတွင် ကျောင်းမှထွက်ခဲ့သည်။ ကုန်သည်အဖြစ်အသက်မွေးသည်။ ရသေ့တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အာဏာပိုင်များမှ နည်းအမျိုးမျိုးဖြင့် နုတ်ထွက်ရန်ဖိအားပေးခြိမ်းခြောက်ခဲ့ပြီး နုတ်ထွက်မပေးသဖြင့် မြို့နယ်ကျော်ခရီးသွားလာခွင့် ပိတ်ပင်ထားခြင်းခံခဲ့ရသည်။

## ၂၃။ ရသေ့တောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

**ဦးဦးသာနို့၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးဦးသာနို့သည် ရသေ့တောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၇,၉၈၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၂ . ၂၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးကောင်းစံရီ၊ အမိ ဒေါ်နှင်းသာဖြူတို့မှ ၁၉၃၄ ခုနှစ်၊ မေလ (၂၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ စစ်တွေမြို့နယ်၊ ဆတ်ရိုးကျအရှေ့ဘက်ရွာဇာတိဖြစ်သည်။ ဦးဦးသာနို့သည် ဆတ်ရိုးကျအရှေ့မူလတန်းကျောင်း၊ ၁၉၅၁ ခုနှစ်တွင် လမ်းမတော်မြောက်အလယ်တန်းကျောင်းနှင့် စစ်တွေမြို့အစိုးရ အထက်တန်းကျောင်းအမှတ် (၁) တို့တွင် ၁၉၅၂ ခုနှစ်အထိ ပညာသင်ကြားခဲ့သည်။ စစ်တွေမြို့ ကျောင်းသားသမဂ္ဂနှင့် လူငယ်အစည်းအရုံးအတွင်းရေးမှူး၊ ၁၉၅၈ ခုနှစ်တွင် တရားရေးဝန်ကြီးဌာန၊ ကိုယ်ရံတော်ရဲအုပ်အဖြစ် ခေတ္တ

အမှုထမ်းခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် စစ်တွေမြူနီစီပယ်ရွေး ကောက်ပွဲတွင်အရွေးခံခဲ့ရသည်။ ၁၉၈၅ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ ဗွန်မားစဗစ်မြို့၌ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းသည့်အခါ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ (၇) ရက်နေ့တွင် အိုင်ယာလန်နိုင်ငံ၊ ဒဗ္ဗလင်မြို့၌ ညွန့်ပေါင်းအစိုးရ ပြန်လည်ပြင်ဆင်ဖွဲ့စည်းသည့်အခါ ဌာနလက်ကိုင်မရှိဝန်ကြီးဖြစ်လာခဲ့သည်။ ၂၀၀၄ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့တော်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ပြန်လည ဖွဲ့စည်းချိန်အထိ ဝန်ကြီးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်အား ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပျက်ပြယ်သွားသည့်အတွက် ဦးဦးသာနိုသည် ပါတီမဲ့ဖြစ်သွားပြီး တသီးပုဂ္ဂလအသွင်သို့ ရောက်ရှိ သွားခဲ့ရသည်။ ယခု အိန္ဒိယနိုင်ငံတွင်နေထိုင်သည်။

## ၂၄။ ရမ်းဗြဲမြို့နယ်မဲဆန္ဒနယ်။

### ဦးမြမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမြမောင်သည် ရမ်းဗြဲမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈,၃၂၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၉ . ၄၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးဖိုး တင်၊ အမိ ဒေါ်စောမြဦးတို့မှ ၁၉၃၈ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမြမောင်သည် ရမ်းဗြဲမြို့ အစိုးရအထက်တန်းကျောင်းမှ ၁၉၅၈ ခုနှစ်တွင် ကျောင်းထွက်လက်မှတ်ရ စာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပညာရေးဌာနတွင် အလယ်တန်းပြဆရာအဖြစ် အနှစ် (၃၀) ခန့် အမှုထမ်းခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ရမ်းဗြဲမြို့အစိုးရအထက်တန်းကျောင်း ကျောင်းသားသမဂ္ဂ အလုပ် အမှုဆောင်၊ ၁၉၅၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရမ်းဗြဲမြို့အာစရိယသမဂ္ဂ အလုပ်အမှုဆောင်၊ ရမ်းဗြဲမြို့ ပညာရေး ဌာန ငွေစုငွေချေးအသင်း ဘဏ္ဍာရေးမှူး၊ ရမ်းဗြဲမြို့နယ် ဗုဒ္ဓဘာသာလူငယ်များအသင်း အတွင်းရေးမှူး၊ တိုက် (၇) တောင်ဘုရားဂေါပက အတွင်းရေးမှူး၊ မြို့မစာကြည့်တိုက် ဥက္ကဋ္ဌ၊ ပုလုပ်တောင်အစိုးရအလယ်တန်းကျောင်း မိဘဆရာအသင်းဥက္ကဋ္ဌတာဝန်တို့အပြင် ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့ပြယာယီအုပ်ချုပ်ရေး ဥက္ကဋ္ဌ၊ သပိတ်တပ်ဖွဲ့ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံ ကြီးကာလအတွင်း ဦးကျော်အေး၏ နေအိမ်ဖျက်ဆီးရာတွင် ပါဝင်သည်ဟုအစွပ်စွဲခံရပြီး (၇) လခန့် ဖမ်းဆီး ထိန်းသိမ်းခြင်းခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရခိုင်ပြည်နယ်စည်းရုံးရေးအဖွဲ့ဝင်နှင့် ရမ်းဗြဲမြို့နယ်ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။

## ၂၅။ သံတွဲမြို့နယ်မဲဆန္ဒနယ်။

### ဦးထွန်းရီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးထွန်းရီသည် သံတွဲမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၆,၇၈၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၉ . ၂၈) ဖြင့် ရွေးချယ်တင်မြှောက် ခြင်းခံခဲ့ရသည်။ ကင်းမော်ဇာတိ ဖြစ်သည်။ အဖ ဦးအုန်းဖေ၊ အမိ ဒေါ်စိန်အိတို့မှ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးထွန်းရီသည် ၁၉၆၈ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံ (သင်္ချာ) ဘွဲ့ရရှိခဲ့သည်။ မြေတိုင်းဦးစီးဌာနတွင် ၁၉၆၉ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ဌာနစိတ်မှူး၊ ဖီဂျီနိုင်ငံ ကုလသမဂ္ဂဖွံ့ဖြိုးရေး


အစီအစဉ်လက်အောက်တွင် ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မြေတိုင်းအရာရှိ၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ပါရဂူ၊ ထို့နောက် ကုန်သည်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုသို့ တရားဝင်နိုင်ငံကူးလက်မှတ်ဖြင့်ထွက်ခွာလာခဲ့ပြီးနောက် အမေရိကန်နိုင်ငံတွင် နေထိုင်ခွင့်ရှောက်ထားပြီး နေထိုင်သည်။

## ၂၆။ အမ်းမြို့နယ်မဲဆန္ဒနယ်။

### ဦးနေဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးနေဝင်းသည် အမ်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၃,၃၇၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ . ၀၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အမ်းမြို့ ဇာတိဖြစ်သည်။ အဖ ဦးနေဦး၊ အမိ ဒေါ်မသောင်းတို့မှ ၁၉၄၇ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဦးနေဝင်းသည် ၁၉၆၃ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ အမ်းမြို့အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး၊ ၁၉၈၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို စိတ်ပညာအဓိကဖြင့် ရရှိခဲ့သည်။ ရွှေပန်းထိမ်လုပ်ငန်းဖြင့် အသက်မွေးသည်။ ၁၉၈၄ ခုနှစ်တွင် ဒေါ်အောင်မိုးတင့်နှင့် လက်ထပ်ခဲ့သည်။

## (၁၂) ရန်ကုန်တိုင်း။



အလယ်ပိုင်းမြေပြန့်လွင်ပြင်၏တောင်ဘက်ဆုံးအပိုင်းတွင် တည်ရှိသည်။ တောင်ဘက်တွင် ကပ္ပလီပင်လယ်၊ အရှေ့ဘက်တွင် မွန်ပြည်နယ်၊ အရှေ့တောင်ဘက်တွင် မုတ္တမကွေ့၊ မြောက်ဘက်တွင် ပဲခူးတိုင်း၊ အနောက်ဘက်တွင် ဧရာဝတီတိုင်းတို့တည်ရှိသည်။ ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ကိုကိုးကျွန်းစုသည် ရန်ကုန်တိုင်းအတွင်းပါဝင်သည်။ မြောက်လတ္တီတွဒ် (၁၆) ဒီဂရီ (၂၀) မိနစ်နှင့် (၁၇) ဒီဂရီ (၅၀) မိနစ်အတွင်း၊

အရှေ့လောင်ဂျီတွဒ် (၉၅) ဒီဂရီ (၄၅) မိနစ်နှင့် (၉၆) ဒီဂရီ (၄၆) မိနစ်အတွင်း တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၃,၉၂၇) ကျယ်ဝန်းသည်။ တိုင်းမြို့တော်မှာ ရန်ကုန်မြို့ဖြစ်သည်။

ရန်ကုန်တိုင်းတွင် မြို့နယ် (၄၂) မြို့နယ်ရှိမဲဆန္ဒနယ် (၆၁) နယ်၌ နိုင်ငံရေးပါတီ အဖွဲ့အစည်း (၄၆) ခုအား ကိုယ်စားပြုယှဉ်ပြိုင်သူလွှတ်တော်ကိုယ်စားလှယ်လောင်း (၃၇၉) ဦး၊ တသီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်း (၂၁) ဦး၊ စုစုပေါင်း (၄၀၀) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၅၉) နေရာ၊ ဒီမိုကရေစီပါတီ၊ ဒီမိုကရက်တစ်ဘွဲ့ရနှင့် ကျောင်းသားဟောင်းများအဖွဲ့တို့မှ (၁) နေရာစီ အသီးသီး ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည်။

## ၁။ ကမာရွတ်မြို့နယ်မဲဆန္ဒနယ်။

### ဦးဝန် (မင်းသုဝဏ်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ကဗျာဆရာကြီးမင်းသုဝဏ်အမည်ဖြင့် ထင်ရှားသော ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးဝန် မဟာဝိဇ္ဇာ (ရန်ကုန်)၊ B. Litt (OXON) သည် ကမာရွတ်မြို့နယ်မဲဆန္ဒနယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၃၄၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ . ၉၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက် (ဗုဒ္ဓဟူး) နေ့တွင် ဟံသာဝတီခရိုင်၊ ကွမ်းခြံကုန်းမြို့၊ တောင်ဖက်ကမ်းအရှေ့ပိုင်းတွင် ကုန်သည်များဖြစ်ကြသော အဖ ဦးလွှမ်းပင်၊ အမိ ဒေါ်မိတို့မှ မွေးဖွားခဲ့သည်။ မွေးချင်း (၇) ယောက်အနက် ဒုတိယမြောက်ဖြစ်ပြီး မွန်–မြန်မာ မျိုးရိုးဖြစ်သည်။ ငယ်မည် မောင်လှဝန်၊ အမည်ရင်း မောင်ဝန်ဖြစ်သည်။ နုမအငယ်ဆုံး မတင်နုမှာ ကဗျာဆရာမ နုယဉ်အဖြစ် ထင်ရှားသည်။ ၁၉၁၆ ခုနှစ်တွင် ကွမ်းခြံကုန်းမြို့၊ ကြားကျောင်းခေါ် ရွှေကျင်ကျောင်းတိုက် (ဆရာဦးဖိုးလှိုင်ကျောင်း) တွင် မြန်မာစာစတင်သင်ယူသည်။ ကျောင်းအုပ်ဆရာတော်မှာ ဦးကုန္တဝံသဖြစ်၍ ဆဋ္ဌမတန်းအထိနေခဲ့သည်။ ၁၉၂၁ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် ကွမ်းခြံကုန်းမြို့ အမျိုးသားကျောင်းဖွင့်သောအခါ ကြားကျောင်းမှထွက်၍ အမျိုးသားကျောင်းသစ်တွင် အင်္ဂလိပ်–မြန်မာ (၂) ဘာသာ စတင်သင်ယူခဲ့သည်။ ကဗျာရေးနည်းကို ကျောင်းနေဖက် ဦးအာကာသန်းထံမှသင်ယူခဲ့သည်။ ဆဋ္ဌမတန်းအထိနေခဲ့သည်။ ၁၉၂၃ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက် နေ့တွင် ရန်ကုန်မြို့၊ ဆရာမှတ်ကြီးကျောင်းခေါ် စိန့်ဂျွန်းကျောင်းတွင် ပဉ္စမတန်းသို့တက်ရောက်ခဲ့ သည်။ ၁၉၂၆ ခုနှစ်၊ မတ်လတွင် အင်္ဂလိပ်–မြန်မာ အလယ်တန်း [(၇)တန်း] စကောလားရှစ်စာမေးပွဲတွင် စတုတ္ထရ၍အောင်မြင်ခဲ့သည်။ အဋ္ဌမတန်းမှစ၍ ဆရာမှတ်ကြီးအိပ်ဆောင်တွင် ပရီဖက်ခေါ် ကျောင်းသားမှူးလုပ်ခဲ့ရသည်။ ကျုံးကြီးလမ်း၊ မင်းကြီးကတော် ဒေါ်မြမေ၏ ဗုဒ္ဓဘာသာမိန်းကလေးကျောင်းတွင်ဖွင့်သည့် ညကျောင်း၌ အပတ်တိုင်း အလှည့်ကျစာသင်ပေးခဲ့ရသည်။ ပထမဆုံး ပုံနှိပ်ဖော်ပြခံရသောကဗျာမှာ ၁၉၂၆ ခုနှစ်၊ ဇူလိုင်လထုတ် ဒဂုန်မဂ္ဂဇင်း အမှတ် (၇၁) တွင်ပါသော **'မိုးရာသီဘွဲ့'** ဖြစ်သည်။ ကလောင်အမည်မှ စိန့်ဂျွန်းပျော်မောင်ဝန်ဖြစ်သည်။ ၁၉၂၉ ခုနှစ်၊ မတ်လတွင်ကျင်းပသော ဆယ်တန်းစာမေးပွဲကို ပထဝီဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ဇွန်လတွင် ယူနီဗာစီတီကောလိပ်သို့တက်ရောက်ခဲ့သည်။ ပဲခူးကျောင်းဆောင် အလယ်ထပ် အခန်းအမှတ် (၉၁) တွင်နေခဲ့သည်။ ၁၉၃၀ ပြည့်နှစ်၌ ဥပစာတန်းတွင် စပယ်ရှယ်ကျောင်းသားအဖြစ်အရွေးခံရ၍ တနှစ်အတွင်းတွင် ၁၉၃၀ ပြည့်နှစ်၊ မတ်လတွင်ကျင်းပသော ဥပစာအထက်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။ ယင်းနှစ် မိုးရာသီထုတ် ကောလိပ်မဂ္ဂဇင်း အတွဲ (၂၀)၊ အမှတ် (၁) တွင် ကဗျာများ စတင်ထည့်သွင်းဖော်ပြခြင်းခံခဲ့ရသည်။ ၁၉၃၁ ခုနှစ်၊ မတ်လတွင်ကျင်းပသော ပထမနှစ်ဝိဇ္ဇာ (မြန်မာစာဂုဏ်ထူး) အစမ်းစာမေးပွဲအောင်မြင်ခဲ့သည်။ ထိုနှစ်တွင်မိဘများစီးပွားပျက်၍ ကျောင်းမှထွက်ပြီး ကွမ်းခြံကုန်းမြို့ အမျိုးသားကျောင်းတွင် ကျောင်းအုပ်ဆရာကြီးဝင်လုပ်ခဲ့သည်။ ကလေးကဗျာများကို စတင်

ရေးသားခဲ့သည်။ တက္ကသိုလ်ဖွင့်သည့်အခါ ပါမောက္ခဦးဖေမောင်တင်မှပြန်ခေါ်၍ အလုပ်မှထွက်ပြီး တက္ကသိုလ်ပြန်တက်ခဲ့သည်။ ၁၉၃၃ ခုနှစ်၊ မတ်လတွင်ကျင်းပသော ဝိဇ္ဇာဂုဏ်ထူးတန်းကို မြန်မာစာပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၃၃ ခုနှစ်၊ ဇွန်လမှ ၁၉၃၅ ခုနှစ်၊ မေလအထိ မြန်မာစာဌာနတွင် အချိန်ပိုင်းနည်းပြဆရာဝင်လုပ်ခဲ့သည်။ ပဲခူးဆောင်တွင်လည်း ကျောင်းဆောင်နည်းပြဆရာလုပ်ခဲ့ပြီး မဟာဝိဇ္ဇာတန်းသို့ အချိန်ပိုင်းတက်ရောက်ခဲ့သည်။ ၁၉၃၅ ခုနှစ်၊ မတ်လတွင်ကျင်းပသော မဟာဝိဇ္ဇာ မြန်မာစာဂုဏ်ထူးစာမေးပွဲကို ဒုတိယအဆင့်ဖြင့်အောင်မြင်ခဲ့သည်။ အချိန်ပြည့်နည်းပြ ဆရာအဖြစ်ခန့်အပ်ခြင်းခံခဲ့ရ၍ ပင်းယကျောင်းဆောင်သို့ပြောင်းပြီး ကျောင်းဆောင်နည်းပြဆရာ အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အဆိုပါနှစ်များတွင် တက္ကသိုလ်ကျောင်းတိုက်မြန်မာအသင်း အတွင်းရေးမှူး၊ တက္ကသိုလ်ဗုဒ္ဓဘာသာအသင်း အတွင်းရေးမှူး၊ ကောလိပ်မဂ္ဂဇင်း မြန်မာပိုင်းအယ်ဒီတာ၊ ဂန္ဓလောကမဂ္ဂဇင်း အယ်ဒီတာလုပ်ခဲ့သည်။ တက္ကသိုလ်ကျောင်းတိုက်ဗုဒ္ဓဘာသာအသင်းအား တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းဖြစ်အောင်ဆောင်ရွက်၍ ဓမ္မာရုံ အုတ်မြစ်ချရာတွင်ပါဝင်ခဲ့သည်။ ၁၉၃၆ ခုနှစ်၊ စက်တင်ဘာလတွင် ပညာသင်ဆုရ၍ အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ်သို့သွားရောက်ပညာသင်ကြားခဲ့သည်။ စိန်ကက်သရင်းကျောင်းတွင် သက္ကတ၊ ပါဠိ၊ တိဗက်၊ အထွေထွေဘာသာ ဗေဒပညာရပ်များကိုသင်ယူခဲ့သည်။ ၁၉၃၈ ခုနှစ်၊ အောက်တိုဘာလတွင် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့်အာဖရိ ကဘာသာရပ်များလေ့လာရေးကျောင်း (School of Oriental and African Studies) သို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့သည်။ အဆိုပါကျောင်းမှ ဒေါက်တာဂျေအေစတီးဝပ်ထံမှ (Lexicography) အဘိဓာန်ပြုစုနည်းပညာ ဆည်းပူးခဲ့သည်။ ၁၉၃၉ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင်ကျင်းပသော အောက်စဖို့တက္ကသိုလ်ဘွဲ့နှင်းသဘင်တွင် ဘီလစ် (B. Litt.) ခေါ် စာပေဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ဘွဲ့အတွက် တင်သွင်းခဲ့သောစာတန်းမှာ "Development of the Burmese Language in the Mediavel Period" ဖြစ်သည်။ အင်္ဂလန်နိုင်ငံ၌ ပညာသင်ကြားနေစဉ်အတွင်း နိုင်ငံရေးဟောပြောပွဲများသို့ တက်ရောက်ခြင်း၊ နိုင်ငံရေးစာပေအသင်းဝင်အဖြစ် ဖတ်ရှုလေ့လာဆွေးနွေးခြင်း၊ ဂျာမနီ၊ အီတလီ၊ ပြင်သစ်နိုင်ငံများသို့သွားရောက်ပြီး မိမိနိုင်ငံလွတ်လပ်ရေးလမ်းစအဖြစ် နိုင်ငံရေးဗဟုသုတများကိုရှာမှီးကာ မြန်မာနိုင်ငံသို့ မျိုးချစ်စိတ်ဓာတ်ရှိရေးကဗျာစာပေများကို ရေးသားပေးပို့ခဲ့သည်။ လွတ်လပ်ရေးရရှိသောအခါ လွတ်လပ်ရေးကြေညာချက်စာတမ်းကို ပညာရှင်များနှင့်ပူးပေါင်းရေးသားခဲ့သည်။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ အောက်တိုဘာလ (၁) ရက်နေ့တွင် တက္ကသိုလ်မြန်မာစာဌာန၌ လက်ထောက်ကထိကအဖြစ်အမှုထမ်းခဲ့သည်။ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း ကော်မတီဝင်အဖြစ်လည်းဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ပညာရေးဌာန ဘာသာပြန်စာပေဌာနခွဲတွင် အမှုထမ်းခဲ့သည်။ ပညာ့တံခွန်အသင်း၊ အဘိဓာန်လုပ်ငန်းကို ဦးဆောင်လုပ်ကိုင်ရန် ခန့်ထားခြင်းခံရသဖြင့် ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ကွမ်းခြံကုန်းမြို့တွင် စတင်ပြုစုခဲ့သည်။ ၁၉၄၂ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ညောင်တုန်းမြို့၌ ဒေါ်ကြည်ကြည်နှင့်လက်ထပ်ခဲ့သည်။ သား (၂) ဦး မောင်ဥာဏ်စိုး၊ မောင်ထင်ကျော်နှင့် သမီး မထားချိုတို့ ထွန်းကားခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့တွင် စစ်ဘေးအန္တရာယ်ကြောင့် အဘိဓာန်လုပ်ငန်းကို ခေတ္တရပ်ဆိုင်းခဲ့ရသည်။ ဗြိတိသျှများပြန်ရောက်၍ အုပ်ချုပ်ရေးကိုပြန်လည်လုပ်ဆောင်သောအခါ ကွမ်းခြံကုန်းမြောက်ပိုင်းတွင် မြို့အုပ်ခန့်ထားသဖြင့် (၂) လခန့်လုပ်ကိုင်ခဲ့သည်။ ဩဂုတ်လ (၆) ရက်နေ့တွင် ရန်ကုန်မြို့၊ မဂိုလမ်းတွင် အရေးပေါ်တက္ကသိုလ်သင်တန်းများဖွင့်၍ မြန်မာစာလက်ထောက်ကထိကအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ သည်။ ၁၉၄၆ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် ကထိကအဖြစ် တိုးမြှင့်ခန့်ထားခြင်းခံခဲ့ရသည်။ ၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ဒေလီမြို့တွင်ကျင်းပသော အာရှတိုက်ဆက်ဆံရေးညီလာခံသို့ ဝတ်လုံတော်ရ ဦးကျော်မြင့်ခေါင်းဆောင်သောအဖွဲ့နှင့် တက်ရောက်ခဲ့သည်။ ထိုနှစ် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း ဖြစ်ပေါ်လာသော

အခါ ဝေါဟာရကော်မတီတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဘာသာပြန် နှင့်စာအုပ်ထုတ်ဝေရေးဌာနဖွင့်လှစ်ပြီး ဌာနမှူးအဖြစ်ဆောင်ရွက်၍ အဘိဓာန်လုပ်ငန်း ပြန်လည် လုပ်ကိုင်ခဲ့သည်။ ထိုနှစ်အတွင်းတွင် မြန်မာနိုင်ငံအခြေခံဥပဒေ မြန်မာစာစာမူကို စစ်ဆေးလေ့လာအကြံပေးခဲ့ရ သည်။ မြန်မာနိုင်ငံ သုတေသနအသင်းအမှုဆောင်အဖွဲ့တွင် ဝင်ရောက်ဆောင်ရွက်ခဲ့သည်။ ထိုအသင်းဂျာနယ် တွင် စာတည်းအဖြစ်လုပ်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ နယူးဟေဗင်မြို့ ယေးလ်တက္ကသိုလ် တွင် ခြောက်လခန့် ဘာသာဗေဒပညာဆည်းပူးခဲ့သည်။ ၁၉၅၃ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် စာတည်းမှူးအဖြစ် တိုးမြှင့်ခန့်ထားခြင်းခံခဲ့ရသည်။ ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုဗီယက် ရုရှား၊ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ အရှေ့ဂျာမနီနိုင်ငံများသို့သွားရောက်ခဲ့သည်။ တိပိဋက ပါဠိ–မြန်မာ အဘိဓာန်လုပ်ငန်း၊ မွန်–မြန်မာ အဘိဓာန်လုပ်ငန်းများတွင် ဝင်ရောက်ကူညီခဲ့သည်။ စာပေဗိမာန်၏ မြန်မာ့စွယ်စုံ ကျမ်းအဖွဲ့၊ စာပေဆုပေးရေးအဖွဲ့၊ သုခမိန်အဖွဲ့၊ ပန်တျာမူမှန်ပြုလုပ်ရေးကော်မီတီ၊ ပိဋကတ်တော် မြန်မာပြန်ကော် မတီ၊ ဥပဒေဘာသာပြန် ကော်မတီတို့တွင် ဝင်ရောက်ဆောင်ရွက်ခဲ့သည်။ ၁၉၆၁ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှ ၁၉၆၂ ခုနှစ်၊ မေလ (၁၂) ရက်နေ့အထိ တက္ကသိုလ်မြန်မာစာဌာနတွင် ပါမောက္ခအဖြစ်အမှုထမ်းခဲ့သည်။ အောက် တိုဘာလတွင် မြန်မာ့ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။ တက္ကသိုလ် စာအုပ်ထုတ်ဝေဖြန့်ချိရေးကော်မီတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသမိုင်းကော်မရှင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ သည်။ ၁၉၆၂ ခုနှစ်၊ မေလ (၁၃) ရက်နေ့တွင် ပါမောက္ခရာထူးကိုစွန့်လွှတ်ပြီး၊ ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေး ဌာန တွင် ပြန်လည်အမှုထမ်းခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မြန်မာနိုင်ငံ စာမတတ်သူပပျောက်ရေးအတွက် သက်ကြီး စာသင်နည်း (ဝ–ထ–က–လ–သ နည်း) ကို တီထွင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ် ထုတ်ဝေရေးဌာန စာတည်းမှူးအဖြစ်မှ အငြိမ်းစားယူခဲ့၍ ပညာရေးဌာနအထူးအရာရှိ (Officer on Special Duty) အဖြစ် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသုတေသနအသင်း နှစ် (၆၀) ပြည့်နှစ်တွင် အသင်း၏ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ ၁၉၇၁ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် ပညာရေး အရာရှိအဖြစ်မှ အနားယူခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ဂျပန်နိုင်ငံ၊ အိုဆာကာ နိုင်ငံခြားဘာသာသင် တက္ကသိုလ်၌ ဧည့်ပါမောက္ခအဖြစ်သွားရောက် တာဝန်ထမ်းဆောင်ခဲ့သည်။ ဦးဝန် (ဆရာကြီး မင်းသုဝဏ်) သည် အိုဆာကာမြို့မှ မြန်မာတဦးအမည်ဖြင့် ဂျပန်တိုင်း (မ်) သတင်းစာ၌ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံသားများ နစ်နာချက်နှင့်ပတ်သက်၍ အချက် (၂) ချက်တင်ပြခဲ့သည်။ ပထမအချက်မှာ ဂျပန်တို့သည် ဒုတိယကမ္ဘာစစ် အတွင်းက သူတို့၏ရန်သူဖြစ်သော အင်္ဂလိပ်၊ အမေရိကန်၊ ဩစတြေးလျ စစ်သုံ့ပန်းများထဲမှ စစ်ပြီးနှစ် (၃၀) အကြာကျန်ရစ်ခဲ့သူများကို ဖိတ်ကြား၍ သေမင်းတမန်လမ်းဟုခေါ်တွင်သည့် ကွေးမြစ်တံတားလမ်းဖောက်လုပ် ရာ၌ စေခိုင်းခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်းတောင်းပန်ကာ ဂုဏ်ပြုပွဲပြုလုပ်ခဲ့သော်လည်း၊ ထိုလမ်းဖောက် လုပ်ရာ၌ မတရားစေခိုင်းခြင်းခံခဲ့ရသောမြန်မာများကိုမူ ဂုဏ်ပြုရန် မေ့ပျောက်ချန်လှပ်ခဲ့ခြင်းမှာ မတရားကြောင်း တင်ပြခဲ့သည်။ ဒုတိယအချက်မှာ ဂျပန်ကေရာဇ်ဟီရိုဟီတိုအနေဖြင့် စစ်အတွင်းက ရန်သူဖြစ်ခဲ့ရသော အမေရိ ကန်အစိုးရထံ စစ်ဖြစ်သည့်ကိစ္စတွင် မိမိမပါဝင်ကြောင်း မျက်ရည်ခံထိုးတောင်းပန်နေမည့်အစား မိမိတို့နိုင်ငံကြီး များကြောင့်ဖြစ်ပွားခဲ့ရသောစစ်ပွဲ၌ ဓားစာခံဖြစ်ခဲ့ရသော မြန်မာနိုင်ငံအပေါ်အဝင်နိုင်ငံငယ်လေးများသို့ စိတ်မ ကောင်းကြောင်းပြောကြားခဲ့လျှင် ခံရသူများဘက်မှ အခံရသက်သာမည်ဖြစ်ကြောင်း တင်ပြရေးသားခဲ့သည်။ ထိုသို့ ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးကို စာပေကဏ္ဍမှ အစဉ်တစိုက်ကြိုးပမ်းလုပ်ဆောင်ခဲ့သော ဦးဝန် (ဆရာကြီးမင်းသုဝဏ်) သည် ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးမှ ပေါက်ဖွား

လာခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား စတင်ဖွဲ့စည်းချိန်မှစတင်၍ အားပေးထောက်ခံခဲ့သည်။ ဦးဝန် (ဆရာကြီး မင်းသုဝဏ်) သည် ၁၉၃၃ ခုနှစ်တွင် မြန်မာစာဝိဇ္ဇာဂုဏ်ထူးတန်းကို ပထမတန်းမှထူးချွန်စွာအောင်မြင်သဖြင့် Jamsheji Medal ဆုတံဆိပ် ရရှိခဲ့သည်။ ထို့ပြင် မဟာဝိဇ္ဇာ၊ ဘီလစ် (အောက်စဖို့)၊ ဝဏ္ဏကျော်ထင် (၁၉၅၀ ခုနှစ်)၊ သီရိပျံချီ (၁၉၆၂ ခုနှစ်) တို့ရရှိခဲ့သည်။ မျက်မမြင်စာသစ်ကို ဦးဆောင်တည်ထွင်သူ၊ ခေတ်သစ်ကလေးကဗျာကို စတင်ဖွဲ့ဆိုသူဖြစ်သည်။ အသက် (၁၃) နှစ် အရွယ်မှစ၍ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ စာတမ်းဟောပြောချက်၊ ခရီးသွား၊ သုတ၊ ရသ၊ ဘာသာပြန် စာမျိုးစုံရေးသားခဲ့သည်။ ကဗျာစာဆိုအဖြစ်သာမက စာပေပညာရှင်အဖြစ် ကမ္ဘာကအသိအမှတ်ပြုခံရသည်။ ထင်ရှားသော စာပေလက်ရာအချို့မှာ **'မင်းသုဝဏ် (၁၉၃၆)၊ မောင်ခွေးဘို့ ကလေးကဗျာများ (၁၉၄၀)၊ သပြေညို (၁၉၄၀)၊ စာပေလောက (၁၉၄၈)၊ မြန်မာစာ မြန်မာမှု (၁၉၆၃)၊ ပန်းနှင့်ပင်စည် (၁၉၆၃)၊ ဖိုးသူတော်ဦးမင်း၏ သဘာဝပြက္ခဒိန် (၁၉၆၆)၊ ခရီးသည် (၁၉၆၅)၊ မြန်မာ သတ်ညွှန်းကျမ်း (၁၉၅၂)၊ တက္ကသိုလ်မြန်မာ အဘိဓာန် (၅) ပိုင်း (၁၉၅၂–၆၅)၊ နှလုံးလှပုံပြင်များ (၁၉၆၅)၊ ရေချမ်းစင် (၁၉၇၀)၊ အင်းယားကန်သို့အိုကုတို့ (၁၉၇၃)၊ ဟိုက္ကူကဗျာမြည်းစရာ (၁၉၈၀)၊ လီယာမင်းကြီး (၁၉၈၄)၊ ဓမ္မပဒ (၁၉၉၇)၊ ငါးရာ့ငါးဆယ်ဇာတ်ပင်လယ် (၂) တွဲ (၁၉၉၅–၉၆)၊ ကဗျာပေါင်းချုပ် (၁၉၉၇) နှင့် ဝတ္ထုတိုများ (၂၀၀၂)'** ဖြစ်သည်။ မင်းသုဝဏ်၏ အထင်ရှားဆုံး ပျဉ်းမငုတ်တိုကဗျာကို ပါမောက္ခလူ့စ်၏ အင်္ဂလိပ်ဘာသာပြန် (The Pyinma Stump) သည် (An Authology by World Poets, Bern Poter, 1970) စာအုပ်တွင် ပုံနှိပ်ခံရသည်။ ၁၉၈၄ ခုနှစ်အတွက် အမျိုးသားစာပေဘာသာပြန်ဆုကို ရှိတ်စပီးယား၏ လီယာမင်းကြီး ပြဇာတ်ဖြင့် ဆွတ်ခူးရရှိခဲ့သည်။ စစ်အစိုးရ၏ဖိအားပေးမှုကြောင့် ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခဲ့ကြောင်း ကော်မရှင်မှ သတင်းထုတ်ပြန်ချက်အမှတ် (၁၂/၉၂) ဖြင့် ကြေညာခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက် တနင်္ဂနွေနေ့ နံနက် (၁၁ း ၃၀) နာရီတွင် သပြေညိုနေအိမ်၊ အမှတ် (၁၈)၊ ထွန်းလင်းရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ကြည်ကြည်နှင့် သားသမီးများဖြစ်ကြသော ဦးဉာဏ်စိုး + ဒေါ်တင်မမ၊ ဦးထင်ကျော် + ဒေါ်စုစုလွင်၊ ဒေါ် ထားချို+ ဦးကျော်ဘုန်းမြင့်တို့ ကျန်ရစ်ခဲ့သည်။

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝန်(မင်းသုဝဏ်)၏ ရပ်တည်ချက်

(၁) ပြည်သူတို့၏ဆန္ဒနှင့်အညီ အခြေခံလူ့အခွင့်အရေးများကို အာမခံမည့် စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး။

(၂) ပြည်သူတရပ်လုံး၏ အကျိုးစီးပွားကို ထာဝစဉ် ဦးထိပ်ပန်ဆင်ရေး။

(၃) တိုင်းရင်းသားပြည်သူတရပ်လုံးနှင့် နိုင်ငံသားအားလုံး၏ သာယာဝပြောမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကြိုးပမ်းဖော်ဆောင်ရေး။

(၄) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့၏ ခေါင်းဆောင်မှုကိုခံယူ၍ တရားမျှတ၊ လွတ်လပ်သောရွေးကောက်ပွဲသို့ ငြိမ်းချမ်းစွာ ရှေးရှုချီတက်ရေး။

(၅) မိမိတို့အဖွဲ့ဝင်များ၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ပြည်သူအပေါင်းကို လက်တွဲကာ၊ ရွေးကောက်ပွဲတွင် တခဲနက် အောင်ပွဲခံရေး။

**" လူငယ်ရောင်တောက် စိန်ခမောက် "**

နေပူမှုကိုလည်း သူမရှောင်
မိုးရွာမှုကိုလည်း သူမရှောင်
တို့တတွေ ချမ်းသာမှုကို
ကျိုးပြုရွက်ဆောင် ။ ။

ကြည်ညိုမှုရယ်နှင့်
ဝိုင်းစုကြ လူလယ်ခေါင်
ဝင်းပြောင်လို့ ရောင်တောက် ။ ။

နောင်ရေးကိုမျှော်
အောင်တေးတစ်ကြော်ကြော်နှင့်
နိုင်ငံတော် သာစေကြောင်းဟာမို့
တို့တစ်တွေ ဆုမွန်တောင်းလို့ရယ်
အောင်သပြေ ညောင်ရေလောင်းကာပ့ါ
ဆောင်းကြ ခမောက် ။ ။

မင်းသုဝဏ်

[ ရွေးကောက်ပွဲ အကြိုကာလ ဆရာကြီးမင်းသုဝဏ်၏ မဲဆွယ်စည်းရုံးရေး လက်ကမ်းစာစောင်မှ ...]

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၄၁၉)**
**(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)**

**အကြောင်းအရာ ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၄၂,၄၃၀) ဦးအနက် (၃၃,၈၅၈) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့်ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၃၀,၇၇၃) မဲ ရရှိခဲ့ပါသည်။ ယင်းခိုင်လုံသော ဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည် ...

**၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မှတ်တမ်း**

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဦးကိုမြင့် | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အဖွဲ့ချုပ် (ဒီ/ငြိမ်း) | ၄၂၆ | ၁ . ၃၈ |
| (ခ) | ဦးလှမြင့် | အမျိုးသားပြန်လည်တည်ဆောက်ရေးဒီမိုကရေစီတပ်ပေါင်းစု (ပြည်ထောင်စုမြန်မာနိုင်ငံ) | ၃၅၄ | ၁ . ၁၅ |
| (ဂ) | ဦးလှဝေ | လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | ၁၄၄ | ၀ . ၄၇ |
| (ဃ) | ဦးဝန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၃၄၅ | ၇၅ . ၈၆ |
| (င) | ဦးသိန်းလွင် | ပြည်ထောင်စုအမျိုးသားများ ဒီမိုကရေစီပါတီ | ၃၉၃ | ၁ . ၂၈ |
| (စ) | ဦးအောင်မြကျော် (ခ) ဦးအောင်မြတ်ကျော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၉၆၃ | ၁၉ . ၃၈ |
| (ဆ) | ဦးအောင်သန်းမြင့် | ဒီမိုကရေစီပါတီ | ၁၄၈ | ၀ . ၄၈ |

၂။ သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (ဃ) ပါ ခိုင်လုံသော ဆန္ဒမဲအများဆုံးရရှိသည့် ဦးဝန်သည် ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၁၀)**
**(၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်)**
**(၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)**

အကြောင်းအရာ။ ။ ဦးဝန်အား ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးဝန်က မိမိသည် အသက်အရွယ်ကြီးရင့်ပြီး နိုင်ငံရေးကိုဆက်လက်ဆောင်ရွက်ရန် စိတ်ဆန္ဒမရှိတော့ပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးဝန်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးဝန်အား ယနေ့မှစ၍ ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

## ဦးဝန် (မင်းသုဝဏ်)
## အသက် (၉၆) နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၊ ထွန်းလင်းရိပ်သာ၊ ကမာရွတ်မြို့နယ်နေ ဒေါ်ကြည်ကြည်၏ ခင်ပွန်း၊ ဦးဉာဏ်စိုး– ဒေါ်တင်မမ၊ ဦးထင်ကျော်–ဒေါ်စုစုလွင်၊ ဒေါ်ထားချို–ဦးကျော်ဘုန်းမြင့်တို့၏ဖခင်၊ (ဒေါ်တင်နု) ၏မောင်၊ (ဦးထွန်းကြည်)၊ ဒေါ်ရင်နု (နုယဉ်) – [ဦးအုန်းဖေ (ခ) တက်တိုး] တို့၏အကိုသည် (၁၅–၈–၂၀၀၄) ရက် (တနင်္ဂနွေနေ့) နံနက် (၁၁ း ၃၀) နာရီ တွင် နေအိမ် (သပြေညို) ၌ ကွယ်လွန်သွားပါ၍ (၁၇–၈–၂၀၀၄) ရက်(အင်္ဂါနေ့) မွန်းလွဲ (၂) နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ၂။ ကော့မှူးမြို့နယ်မဲဆန္ဒနယ်။

## ဦးဘဆွေ (မြောင်းမြ–ဘဆွေ)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဘဆွေ (မြောင်းမြဘဆွေ) သည် ကော့မှူးမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၆၁၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၄ ‧ ၈၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘကျော် (ကွယ်လွန်)၊ အမိ ဒေါ်အေးကြည် (ကွယ်လွန်) တို့မှ ၁၉၃၁ ခုနှစ်တွင် မွေးဖွားခဲ့သည်။ မြောင်းမြမြို့ဇာတိ ဖြစ်သည်။ လယ်သမားမျိုးရိုးဖြစ်၍ ဗုဒ္ဓဘာသာဝင်ဖြစ်သည်။ ဦးဘဆွေ (မြောင်းမြဘဆွေ) သည် မြောင်းမြမြို့ အစိုးရအထက်တန်းကျောင်းတွင် (၁၀) တန်းအထိ ပညာသင်ကြားခဲ့သည်။ (၁၃) နှစ်သားအရွယ်တွင် မြောင်းမြမြို့ အာရှလူငယ်အစည်းအရုံးဝင်ဖြစ်လာကာ၊ ဖက်ဆစ်တော်လှန်ရေး၌ ပါဝင်ခဲ့သည်။ (၁၆) နှစ်သားအရွယ်တွင် ပြည်သူ့ရဲဘော်အနေဖြင့် လွတ်လပ်ရေးတိုက်ပွဲ၌ပါဝင်ခဲ့သည်။ အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဖ–ဆ–ပ–လ အဖွဲ့တွင်ပါဝင်ပြီး၊ တိုင်းပြည်ပြန်လည်ထူထောင်ရေး၌ ဆောင်ရွက်ခဲ့သည်။ ၁၉၄၈–၄၉ ခုနှစ်တွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင်း၏ အရေးပေါ်လက်နက်ကိုင်တပ်ဖွဲ့ဝင်၊ ထိုမှ ခရိုင်ဝန်ရုံး စာရေး၊ မူလတန်းကျောင်း

ဆရာ၊ သတင်းထောက်၊ စာရေးဆရာ၊ အယ်ဒီတာနှင့် ကျူရှင်ဆရာ (အင်္ဂလိပ်စာ) အဖြစ် အသက်မွေးဝမ်းကြောင်းပြုခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးအောင် (ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကာကွယ် ရေး ဝန်ကြီးဟောင်း)၊ စာရေးဆရာကြီးရန်ကုန်ဘဆွေ (ကွယ်လွန်) တို့နှင့် အတူ ပြည်ပသို့ထွက်ခွာ၍ မ–ဆ–လ အစိုးရအား လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲခဲ့သည်။ ပြည်ပတွင် ဝန်ကြီးချုပ်ဟောင်းဦးနုဦးစီးသော ပါလီမန်ဒီမိုကရေစီပါတီတွင် ဗဟိုကော်မတီဝင်ဖြစ်၍ ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်၌ ဗိုလ်မှူးဖြစ်ခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လကျ်ာ (ကျဆုံး၊ ဒုတိယဝန်ကြီးချုပ်ဟောင်း)၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင် (ကွယ်လွန်)၊ ဗိုလ်မှူးချုပ်ဟောင်းစောကြာဒိုးတို့ကွပ်ကဲသည့် ရှေ့တန်းစစ်ဆင်ရေးဌာနချုပ်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် နိုင်ငံတော်ကောင်စီကြေညာချက် (၁) အရ ပြည်ပမှ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ မ–ဆ–လ တပါတီအစိုးရအားဆန့်ကျင်မှုဖြင့် ၁၉၆၇ ခုနှစ်၊ တရုတ် – ဗမာအရေးအခင်းတွင် (၁) ကြိမ်၊ ၁၉၇၄ ခုနှစ်၊ ဦးသန့်အရေးအခင်းတွင် (၁) ကြိမ်၊ ၁၉၇၇ ခုနှစ်တွင် ပုဒ်မ ၁၂၄ (က) ဖြင့် (၁) ကြိမ်၊ (၃) ကြိမ် ထောင်သွင်းအကျဉ်းချထားခြင်းခံခဲ့ရသည်။ ကလောင်ဖြင့်လည်းကောင်း၊ လက်နက်ဖြင့်လည်းကောင်း၊ ဒီမိုကရေစီဖြင့်လည်းကောင်း၊ မ–ဆ–လ တပါတီအစိုးရအား (၂၆) နှစ်လုံးလုံး တော်လှန်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ကော့မှူးမြို့နယ်၌ သပိတ်ခေါင်းဆောင်တဦးအဖြစ်ပါဝင်ခဲ့သည်။ ဒီမိုကရေစီကို အသက်နှင့်ထပ်တူချစ်မြတ်နိုး၍ ကော့မှူးမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်အခြေစိုက်ခဲ့သောခေါင်းဆောင်ဖြစ်သည်။ ထိုင်းနိုင်ငံ၊ လောနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ရောက်ဖူး နေဖူးသည်။ ဇနီး ဒေါ်ခင်ဝင်းဆွေ၊ သားကျော်ဆွေဝင်း (အာလူး) တို့နှင့်အတူ ကော့မှူးမြို့တွင် အခြေချနေထိုင်သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင် စစ်ထောက်လှမ်းရေးမှ ရန်ကုန်တိုင်းစစ်ဌာနချုပ်လက်အောက်ခံ သံလျင်မြို့၊ အမှတ် (၉၀) ခြေလျင်တပ်ရင်းတွင် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရပြီး၊ ၂၀၀၁ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့တွင်ပြန်လွတ်သည်။

**၃။ ကျောက်တံတားမြို့နယ်မဲဆန္ဒနယ်။**

**ဦးတင်စိုး (စပယ်ဦး)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးတင်စိုးသည် ကျောက်တံတားမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၁၅၁)မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၂ . ၆၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးချစ်၊ အမိ ဒေါ်မြခင်တို့မှ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ရေဝတီတိုင်း၊ ငါးသိုင်းချောင်းမြို့ဇာတိဖြစ်သည်။ ဦးတင်စိုးသည် ၁၉၄၆ ခုနှစ်တွင် ရန်ကုန်မြို့၊ ဆေးကရက်ဟတ် (စိန့်ပေါလ်) ကျောင်းတွင် စတင်ကျောင်းနေခဲ့သည်။ ၁၉၄၈–၄၉ ခုနှစ်တွင် မိဘများစီးပွားရေးအဆင်မပြေသဖြင့် ထိုကျောင်းမှထွက်ခဲ့ပြီး၊ ရန်ကုန်မြို့၊ မော်တင်လမ်း၊ အစိုးရမြန်မာလာအာလယ်တန်းကျောင်းတွင် ကျောင်းပြောင်းပညာသင်ကြားခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ဖခင်ကွယ်လွန်၍ မိခင်နှင့်အတူ စီးပွားရေးလုပ်ငန်းများတွင် ကူညီလုပ်ကိုင်ပေးခဲ့ရသည်။ ၁၉၅၆ ခုနှစ်တွင် ဗဟိုအစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားရင်း၊ စီးပွားရေးသတင်းစာတိုက်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် သတင်းပြန်ကြားချက်များသွားရောက်ယူရသည့် အောက်ခြေအလုပ်သမားဘဝ၊ လစာငွေ (၆၀/–) စား အလုပ်ကို စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၅၈ ခုနှစ်နှင့် ၁၉၅၉ ခုနှစ်တို့တွင် ဗဟိုအမျိုးသား အထက်တန်းကျောင်းမှ ဒသမတန်းကို (၂) ကြိမ်ဖြေဆိုခဲ့သော်လည်း မအောင်သဖြင့် ကျောင်းမှထွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဦးအောင်မြင် (ဆရာမြို့မမောင်) ၏ ခေါ်ယူမှုကြောင့် ရန်ကုန်သတင်းစာတိုက်သို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ ထို့နောက် သံမဏိသတင်းစာ၊ အရေးပေါ်သတင်းစာ၊ လျှပ်စစ်သတင်းစာ၊ ပြည်ကျော်သတင်းစာ၊ မီးဒုတ်သတင်းစာများတွင် (စာပြင်၊

ဖိုမင်၊ လက်ထောက်အယ်ဒီတာ၊ အယ်ဒီတာ) အဆင့်အထိ ၎င်း၏ကြိုးစားမှုများကြောင့် ဆရာသမားများက တိုးမြှင့်တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၁၉၆၀ ပြည့်နှစ်တွင် သတင်းစာလုပ်ငန်းများမှတဆင့် ရှမဝ ဦးကျော်က ခေါ်ယူသဖြင့် ရှမဝမဂ္ဂဇင်းတွင်လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ငွေတာရီမဂ္ဂဇင်းတိုက်များသို့လည်းကောင်း ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် **'စပယ်ဦးစာပေဖြန့်ချိရေး'** ကို ကိုယ်ပိုင်တည်ထောင်၍ စာအုပ်စာတမ်းများစွာ ထုတ်ဝေလုပ်ကိုင်ခဲ့သည်။ **'စပယ်ဦး'** မြန်မာဝတ္ထုတိုမဂ္ဂဇင်းကို ၁၉၈၄ ခုနှစ်၊ စက်တင်ဘာလမှစ၍ စာတည်းချုပ်အဖြစ် တည်းဖြတ်ထုတ်ဝေခဲ့သည်။ ၁၉၆၇ ခုနှစ်၊ မေလ (၁၈) ရက်နေ့မှစ၍ ၁၉၆၈ ခုနှစ်၊ ဇွန်လ (၁၈) ရက်နေ့အထိ ပုဒ်မ (၅) ဖြင့် အင်းစိန်အကျဉ်းထောင်တွင် (၁၃) လကြာမျှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် **'စာပေနှင့် အနုပညာရှင်များအဖွဲ့'** ကို စတင်ဖွဲ့စည်းဦးဆောင်သူ (၅) ဦးထဲတွင် ပါဝင်ခဲ့ပြီး၊ ဒီမိုကရေစီတောင်းဆိုဆန္ဒပြပွဲများတွင် တက်ကြွစွာပါဝင်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ စာပေနှင့်အနုပညာရှင်များအဖွဲ့မှ ဒေါ်အောင်ဆန်းစုကြည်၏ မြန်မာနိုင်ငံတွင် ပထမဆုံးလူထုတရားပွဲဖြစ်မြောက်ရေးတွင် ပါဝင်ဦးဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ဒီမိုကရေစီတောင်းဆိုပွဲများတွင် ဆန္ဒပြမှုများကို တက်ကြွစွာအားပေးကူညီခဲ့ပြီး၊ စစ်တပ်မှအာဏာသိမ်းပြီး နောက်ပိုင်းအထိ ဆက်လက်ဆန္ဒပြလှုပ်ရှားသူအချို့ကို ကူညီပံ့ပိုးခဲ့သဖြင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေဖြင့် ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့မှ ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့အထိ (ဇာဂနာ၊ ဇင်ဝိုင်း၊ မိုးဝင်း) တို့နှင့်အတူ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ကျောက်တံတားမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းပြီးနောက် ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့မှ (၂၆) ရက်နေ့အထိ ထပ်မံဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုသတင်းနှင့်ပြန်ကြားရေးကော်မတီတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ 'စပယ်ဦး' ရုပ်ရှင် အစုရှင်၊ ဦးစီး၊ ဒါရိုက်တာတင်မောင်စိုးအမည်ဖြင့် **'အဖေတခု သားတခု'** ရုပ်ရှင် ရိုက်ကူးခဲ့သည်။ (စပယ်ဦး) ဦးတင်စိုး အမည်ဖြင့် လူသိများသည်။

## ကျောက်တံတားမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၏ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအကြိုကာလတွင် ဖြန့်ဝေသည့် လက်ကမ်းစာစောင်တွင်ပါဝင်ခဲ့သော အချက်အချို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့်လည်းကောင်း၊ ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးအနေဖြင့်သော်လည်းကောင်း၊ မဲဆန္ဒရှင်မိဘပြည်သူများ လိုလားတောင်းတလျက်ရှိသော ဒီမိုကရေစီနိုင်ငံတော်သစ် ပြန်လည်ထူထောင်ရေးအတွက် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှဖြင့် စွမ်းစွမ်းတမံ ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးကို သည်ပိုးထမ်းဆောင်သွားမည်ဖြစ်ကြောင်း ကတိသစ္စာပြုပါသည်။

ပြည်သူ့ဆန္ဒနှင့်ဆန့်ကျင်မှုမရှိစေဘဲ အမျိုးသားနိုင်ငံရေးအဖြစ်ခံယူလုပ်ဆောင်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဦးဆောင်မှုဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တနိုင်ငံလုံးမှပြည်သူ့ ကိုယ်စားလှယ်များနှင့် အတူ မဲဆန္ဒရှင်ပြည်သူ လူထုကိုအစဉ်လေးစားဦးထိပ်ထား၍ **'ပြည်သူသာလျှင် အမိ၊ ပြည်သူသာလျှင် အဖ'** ခံယူချက်ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လေးနက်စွာဆန္ဒပြုပါတယ်။

## ၄။ ကျောက်တန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဒေါက်တာသန်းငြိမ်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာသန်းငြိမ်းသည် ကျောက်တန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၀၁၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၄ . ၉၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကျောက်တန်းမြို့နယ်၊ ခနောင်ရွာဇာတိဖြစ်သည်။ ၁၉၃၇ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့ဖွား ဖြစ်သည်။ ဦးမောင်စိန်၏သား ဖြစ်သည်။ ဒေါက်တာသန်းငြိမ်းသည် မြို့မအထက်တန်းကျောင်း (ရန်ကုန်) မှ တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ရန်ကုန်ဆေးတက္ကသိုလ်မှ ၁၉၆၃ ခုနှစ်တွင် ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန်၊ မြို့နယ်ဆရာဝန်၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ သီရိလင်္ကာနိုင်ငံတွင် ကုလသမဂ္ဂစေတနာ့ဝန်ထမ်းဆရာဝန်၊ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါ၍ အလုပ်မှ အငြိမ်းစားပေးခြင်းခံခဲ့ရသည်။ ထို့နောက် ကိုယ်ပိုင်ဆေးကုခန်းဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် သာကေတရဲစခန်းမှ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး၊ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ ပုဒ်မ ၉ (၁) (ဂ) အရ အမှုဖွင့် အရေးယူခြင်းခံခဲ့ရသည်။ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့တွင် မရမ်းကုန်းမြို့နယ်အဖွဲ့ချုပ်ရုံးတွင် အဖွဲ့ချုပ်လူငယ်များတာဝန်ပေးအပ်ခြင်းအစည်းအဝေးပြုလုပ်ရန်စီစဉ်ခဲ့ရာ အစိုးရဆန့်ကျင်ရေးဆူပူလှုပ်ရှားမှု ပြုလုပ်ရန်စီစဉ်ခဲ့သည်ဟုဆိုကာ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး၊ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၌ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) ဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့၍၊ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်ချမှတ်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် လွတ်ရက်စေ့နေသော်လည်း ပုဒ်မ ၁၀ (က) ဖြင့် နောက်ထပ်ပြစ်ဒဏ် ရက်ပေါင်း (၆၀) စီ သုံးကြိမ်ချမှတ်ခဲ့ပြီးနောက် ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်နေ့တွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ သာယာဝတီအကျဉ်းထောင်၊ ထိုမှ ပေါင်းတည်ထောင်၊ ထိုမှ ပြည်အကျဉ်းထောင်တို့သို့ အဆင့်ဆင့်ပြောင်းရွှေ့ခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့တွင် တဖန်ထပ်တိုးပြစ်ဒဏ် (၁) နှစ်ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့တွင် ပုဒ်မ ၁၀ (က) ဖြင့် နောက်ထပ် ထောင်ဒဏ် (၁) နှစ် တိုးမြှင့်ချမှတ်ခြင်းခံခဲ့ရသည်။

## ၅။ ကျောက်တန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### အငြိမ်းစားဒုတိယဗိုလ်မှူးကြီးစိုးညွှန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုးညွှန့်သည် ကျောက်တန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၂၂၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၅ . ၉၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၆ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးပေါ်လိုင်၏သား ဖြစ်သည်။ ဦးစိုးညွှန့်သည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (သမိုင်း) ဘွဲ့ရရှိခဲ့သည်။ တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ ပြည်တွင်းအခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြန်မာ့ထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။ မရမ်းကုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစည်း တာဝန်တို့ကိုယူခဲ့သည်။ ဦးစိုးညွှန့်သည် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (က) (ခ) (ည) အရ ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရ၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ (ည) နှင့် ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ

(၂၀) ရက်နေ့တွင် ကြေညာခဲ့သည်။ နောင် (၁၀) နှစ်အတွင် ကျင်းပမည့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့တို့က အဖွဲ့ဝင်အဖြစ်မှထုတ်ပယ်ခဲ့သည်။

## ၆။ ကြည့်မြင်တိုင်မြို့နယ်မဲဆန္ဒနယ်။

### ဦးလှထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးလှထွန်းသည် ကြည့်မြင်တိုင်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင် ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၆,၇၇၄) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၅ . ၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဗမာ၊ ဗုဒ္ဓဘာသာမိဘများဖြစ်သည့် အဖ ဦးဗိုလ်စိုင်၊ အမိ ဒေါ်စောဟန်တို့မှ ၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ကမာရွတ်မြို့နယ်ဇာတိဖြစ်သည်။ ဦးလှထွန်းသည် ၁၉၆၆ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (စီးပွားရေးပညာ၊ စာရင်းအင်းပညာ၊ ရိုးရိုးသင်္ချာ၊ အင်္ဂလိပ်စာ) ရရှိခဲ့သည်။ ၁၉၆၁–၆၂ ခုနှစ်တွင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ ကျောင်းသားသမဂ္ဂအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၅–၆၆ ခုနှစ်မှ ၁၉၆၉–၇၀ ခုနှစ်အထိ လူငယ်ရေးရာညကျောင်း လှိုင်မြို့နယ် အစိုးရအထက်တန်းကျောင်းအမှတ် (၁) ၌ စေတနာဆရာအဖြစ် လုပ်အားပေးခဲ့သည်။ ၁၉၈၆ ခုနှစ်၊ မေလ (၂၉) ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူးအဆင့် (၁) ရာထူးဖြင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန (စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၆ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့မှ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့အထိ ရောဝတီတိုင်း၊ တိုင်းစီမံကိန်းဦးစီးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ပြည်တွင်းသင်တန်းများအဖြစ် စီမံကိန်းကျွမ်းကျင်မှု အဆင့် (၂)၊ သင်တန်းအမှတ်စဉ် (၁)၊ (စီမံကိန်းရေးဆွဲရေးဦးစီးဌာန) နှင့် လယ်ယာနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရွေးချယ်သတ်မှတ်ခြင်း၊ အကျိုးအမြတ်သုံးသပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ လုပ်ငန်းခွင်သင်တန်းများသို့ တက်ရောက်ခဲ့သည်။ ပြည်ပသင်တန်းများအဖြစ် ကုလသမဂ္ဂ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာအဖွဲ့မှ ကြီးမှူးကျင်းပသော ဗြိတိန်နိုင်ငံ၊ မန်ချက်စတာတက္ကသိုလ်၌ ဖွင့်လှစ်သည့် စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု သင်တန်းအောင်မြင်ခဲ့သည်။ အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့တွင် ကျင်းပသော လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းသို့ တက်ရောက်လေ့လာခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပုသိမ်မြို့၊ ငြိမ်းချမ်းစွာ လူထုဆန္ဒဖော်ထုတ်ရေးကော်မတီတွင် ဘဏ္ဍာရေးမှူးအဖြစ်ဆောင်ရွက်ခဲ့ပြီး၊ ပုသိမ် အရှေ့နှင့်အနောက် မြို့နယ်လုံးဆိုင်ရာ ရဟန်းရှင်လူ၊ ကျောင်းသား၊ ကျောင်းသူ၊ မိဘပြည်သူတို့၏ ဒီမိုကရေစီလှုပ်ရှားမှုဆန္ဒပြပွဲကို စနစ်တကျ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခဲ့ပြီး ရောဝတီတိုင်း ဌာနဆိုင်ရာဝန်ထမ်းပေါင်းစုံသမဂ္ဂ အတွင်းရေးမှူး (ယာယီ) အဖြစ် စည်းရုံးလှုပ်ရှားဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်း ခြင်းခံခဲ့ရပြီး ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် အလုပ်မှအငြိမ်းစားပေး၍ ပုသိမ်ထောင်မှပြန်လွှတ်ပေးခဲ့သည်။ ကြည့်မြင်တိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်ဦးစီးအဖွဲ့ဝင်နှင့် ကုန်သွယ်စီးပွားလုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကုန်သွယ်စီးပွားလုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က အမရပူရမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဘဘွား၏ နေအိမ်တွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေး လျှို့ဝှက်အစည်းအဝေးသို့တက်ရောက်၍ တက်တက်ကြွကြွဆွေးနွေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့က မန္တလေးအနောက်တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်ပြုလုပ်သော

ယာယီအစိုးရ ဖွဲ့စည်းရေးလျှို့ဝှက်အစည်းအဝေးသို့လည်း တက်ရောက်၍ တက်တက်ကြွကြွဆွေးနွေးခဲ့သည့် အမာခံ Hard Core (၆) ဦးတွင် ပါဝင်သည်။ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့က မန္တလေး– မေမြို့ကားလမ်းဘေး ဆန်စက်အဆောက်အအုံတွင်ပြုလုပ်သော နယ်စပ်တနေရာတွင် ယာယီအစိုးရဖွဲ့စည်းရန် ကိစ္စ လျှို့ဝှက်အစည်းအဝေးသို့လည်းတက်ရောက်ခဲ့သည်။ ရန်ကုန်မြို့သို့ပြန်ရောက်စဉ် တောထဲသွား၍ ယာယီ အစိုးရဖွဲ့စည်းရေးကိစ္စကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိ သူများ ဖြစ်ကြသော ဦးတင်မောင်မြင့်၊ ဦးခင်မောင်ဆွေ (စမ်းချောင်း)၊ ဒေါက်တာစန်းအောင်(အင်္ဂပူ–၂)၊ ဦးမောင်ကို (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုလုပ်ငန်းအဖွဲ့) တို့ကို အသိပေးခဲ့သည်။ ပြည်ပသံရုံးများနှင့်အဆက် အသွယ် ရရန် ဒေါက်တာတင့်ဆွေ (ပုလဲ–၁)၊ ဒေါက်တာစန်းအောင် (အင်္ဂပူ–၂) တို့နှင့်အတူ အားထုတ်ခဲ့၍ သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး၊ ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် စစ်ခုံရုံးတင်ပြီး ထောင်ဒဏ် (၂၅) နှစ် ချမှတ်ခြင်းခံခဲ့ရသည်။ ယင်းနောက် ဦးလှထွန်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) အရ ပြစ်ဒဏ်စီရင်ခြင်းခံရ၍ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁ (ည) နှင့်ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ နောင် ပြုလုပ်မည့်ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်းပိတ်ပင်ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ထောင်မှပြန်လွှတ်သည်။ ဦးလှထွန်း ထောင်မှပြန်လည်လွှတ်မြောက်လာပြီးနောက် ဆေးဝါးလုပ်ငန်းစက်ရုံတွင် တာဝန်ထမ်းဆောင်နေသူ ဦးလှထွန်း၏ဇနီးဒေါ်မြသန်းအား လက်ထောက်စက်ရုံမှူးမှခေါ်ယူတွေ့ဆုံ၍ ခင်ပွန်းသည်အနေဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှနုတ်ထွက်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်းစာ ယူလာရန် ပြောဆိုခဲ့သည်။ ထိုကဲ့သို့မဟုတ်ဆောင်လျှင် ဒေါ်မြသန်းနှင့်သမီးဖြစ်သူမနွယ်နီထွန်းတို့ အလုပ်ထိခိုက်မည်ဖြစ် ကြောင်းခြိမ်းခြောက်ပြောဆိုခဲ့သည်။ သမီးဖြစ်သူမှာလည်း ဆေးဝါးလုပ်ငန်းစက်ရုံတွင် အလုပ်လုပ်နေခြင်းဖြစ် သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မိသားစုအတွင်းဆွေးနွေးပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ တရားဝင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီဖြစ်သဖြင့် တရားဝင်ပါတီ၏ အဖွဲ့ဝင်ဖြစ်ခြင်းသည် ဥပဒေချိုးဖောက်ခြင်း မဟုတ်သည့်ပြင် လူထုဆန္ဒအား လေးစားသောကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်း မနုတ် ထွက်နိုင်၊ ယုံကြည်ချက်အားမစွန့်နိုင်သဖြင့် ထွက်ချင်းထွက်လျှင် ဇနီးနှင့်သမီးသာ စက်ရုံအမှုထမ်းအဖြစ်မှ ထွက်ရန်ဆုံးဖြတ်ခဲ့ကြပြီး၊ လက်ထောက်စက်ရုံမှူး ဦးတင်မြင့်သို့အကြောင်းပြန်ခဲ့ရာ သမီးဖြစ်သူ နွယ်နီထွန်းကို ရက်ပိုင်းအတွင်း လုပ်ငန်းလိုအပ်ချက်မရှိဟုအကြောင်းပြ၍ အလုပ်မှထုတ်ပစ်ခဲ့သည်။ ထို့နောက် ဒေါ်မြသန်းအား ပင်စင်တင်ရန် အတင်းအကျပ် ဖိအားပေးလာခဲ့သည်။ တနှစ်ကျော်ကြာပြီး ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ (၆) ရက်နေ့ တွင် ဒေါ်မြသန်းအား လက်ထောက်စက်ရုံမှူးမှ ပင်စင်မတင်လျှင် နယ်သို့ပြောင်းရွှေ့အမှုထမ်းရမည်ဟု ပြောလာခဲ့ သဖြင့် ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ (၂၆) ရက်နေ့တွင် ဦးလှထွန်း၏ဇနီး ဒေါ်မြသန်းအနေဖြင့် ပင်စင်တင်ရန် ဆန္ဒမရှိ သော်လည်း၊ မိမိ၏ဆန္ဒအရဟုဆိုကာ ပင်စင်တင်ခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့ လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့ လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၇။ ကွမ်းခြံကုန်းမြို့နယ်မဲဆန္ဒနယ်။

### ဦးယုဂန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးယုဂန်သည် ကွမ်းခြံကုန်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍

ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈,၁၉၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၆ . ၆၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၅ ခုနှစ်ဖွား ဖြစ်သည်။ ဦးဝေဠု၏သား ဖြစ်သည်။ ဦးယုဂန်သည် ၁၉၄၀–၄၁ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) သို့ဝင်၍ မျက်ပါးရပ် ဗိုလ်သင်တန်းတက်ရောက်ခဲ့သည်။ တပ်မှူး (မတ္တရာ၊ စဉ့်ကူးနှင့် ထုံးကြီးမြို့နယ်)၊ ၁၉၄၃ ခုနှစ်တွင် အာရှလူငယ် ဥက္ကဋ္ဌ၊ ၁၉၄၄ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဗိုလ်မှူးကြီးဗထူးတပ်တွင် မြို့နယ်တပ်ခွဲမှူးသင်တန်းတက်၍ မန္တလေးမြောက်ပိုင်းမြို့နယ်များသို့ စစ်ရေးခေါင်းဆောင်၊ ၁၉၄၅ ခုနှစ်တွင် ဗမာ့မျိုးချစ်တပ်မတော် (ပီဘီအက်ဖ်) တပ်မှူး (မန္တလေး၊ မတ္တရာ၊ စဉ့်ကူး၊ ထုံးကြီး၊ စစ်ရေးတာဝန်ခံ)၊ ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ဗိုလ်ချုပ်အောင်ဆန်း နှင့်အတူ ဖ–ဆ–ပ–လ စည်းရုံးရေး၊ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်းရေးဆွဲရေးကိုယ်စားလှယ်၊ ၁၉၄၅ ခုနှစ်မှ ၁၉၅၁ ခုနှစ်အထိ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်၊ ၁၉၅၁ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ဘဏ်အရာရှိ၊ ၁၉၈၃ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တက်ကြွစွာပါဝင်ခဲ့သည်။ ရဲဘော်ဟောင်းသမဂ္ဂ ဥက္ကဋ္ဌ၊ (တပ်မှူးဟောင်းနှင့် ရဲဘော်ဟောင်းများအဖွဲ့) မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ဗဟိုဦးစီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်နာယက၊ လွတ်လပ်ရေးမော်ကွန်းဝင်နှင့် တိုက်ပွဲဝင်တံဆိပ်များချီးမြှင့်ခြင်းခံခဲ့ရသည်။ ဝန်ထန်းအဖြစ်နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်ဖြစ်ခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၆ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၂၆၁) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်းကြေညာခဲ့သည်။

**ကွမ်းခြံကုန်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယုဂန်၏**
**မဲဆွယ်စည်းရုံးစဉ်ကာလက လက်ကမ်းစာစောင်တွင်ပါခဲ့သော အချက်အချို့**

ကျွန်တော်ယုဂန်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့်သာလျှင် နိုင်ငံတော်အတွက် အမွန်မြတ်ဆုံး၊ အကောင်းဆုံး၊ တရားအမျှတဆုံးသော အုပ်ချုပ်မှုစနစ်ဖြစ်ကြောင်း အလေးအနက်ယုံကြည်ပါသောကြောင့် အင်အားပြည့် ပါဝင်ဆောင်ရွက်မည်ဟု အဓိဋ္ဌာန်ပြုပါသည်။

**၈။ ကိုကိုးကျွန်းမြို့နယ်မဲဆန္ဒနယ်။**

**ဦးလှသန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

| | |
|---|---|
| (၁) အမည် | ဦးလှသန်း |
| (၂) နိုင်ငံသားလက်မှတ်အမှတ် | ၁၂/ကမတ (နိုင်) ၀၀၈၂၁၄ |
| (၃) လူမျိုး/ဘာသာ | ဗမာ/ဗုဒ္ဓဘာသာ |
| (၄) မိဘအမည် | ဦးသိန်းဖေ၊ ဒေါ်ညွန့် |
| (၅) ပညာအရည်အချင်း | ဥပဒေဘွဲ့ (LL.B.) |
| (၆) အလုပ်အကိုင် | ဗဟိုတရားရုံးချုပ်ရှေ့နေ |
| (၇) လေ့လာသင်ကြားတတ်မြောက်ခဲ့သောပညာရပ်များ | ဥပဒေပညာ၊ စီမံခန့်ခွဲအုပ်ချုပ်မှုပညာ၊ စာရင်းအင်းပညာ၊ လက်ရေးတိုပညာ |

ဦးလှသန်းသည် ကိုကိုးကျွန်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၆ . ၉၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ဟံသာဝတီခရိုင်၊ ကွမ်းခြံကုန်းမြို့အပိုင်၊ ဝါးဘလောက်သောက်ကျေးရွာတွင် လယ်ယာလုပ်ကိုင်သူ အဖ ဦးသိန်းဖေ၊ အမိ ဒေါ်ညွန့်တို့မှ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်း (၈) ဦးအနက် သတ္တမမြောက်ဖြစ်သည်။ မူလတန်းပညာကို ဝါးဘလောက်သောက်ကျေးရွာ မူလတန်းကျောင်း တွင်လည်းကောင်း၊ အလယ်တန်းပညာကို မော်လမြိုင်မြို့၊ မောင်ငံရပ်၊ အမှတ် (၂) အလယ်တန်းကျောင်းတွင် လည်းကောင်းသတ္တမတန်းအောင်မြင်သည် အထိပညာသင်ကြားခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် တပ်မတော် (ရေတပ်) သို့ဝင်ရောက်၍ ရေတပ်သားအဖြစ်ဖြင့် ရတနာပုံရေတပ်စခန်း၊ စစ်တွေရေတပ်စခန်း၊ တိုက်ရေယာဉ် (၁၁၀) ရေတပ်ကမ်းတက်တိုက်ခိုက်ရေးတပ်ရင်း၊ စစ်ရုံးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၊ တာဝန် (၂) ဌာနစုနှင့် စစ်ရေ ယာဉ် ရန်ကြီးအောင်တို့တွင် ၁၉၇၇ ခုနှစ်၊ မေလအထိ အမှုထမ်းခဲ့ပြီး လုပ်သက်ပင်စင်ဖြင့် အငြိမ်းစားယူခဲ့သည်။ တပ်မတော် (ရေတပ်) တွင်အမှုထမ်းစဉ် နိမ့်ကျသောဘဝမှ လွတ်မြောက်ရန် မိမိကိုယ်ပိုင်အနားယူရမည့်အချိန်ကို တန်ဘိုးရှိစွာအသုံးချ၍ မြန်မာလက်ရေးတိုပညာကိုလည်းကောင်း၊ စာရင်းအင်းပညာကိုလည်းကောင်း လေ့လာ သင်ယူခဲ့သည်။ (၅) နှစ်ကျော်မျှ ပြတ်တောက်နေသော ကျောင်းပညာရေးကို အဌမတန်းမှစ၍ ဆက်လက် သင်ယူခဲ့ရာ ၁၉၇၅ ခုနှစ်တွင် (၁၀) တန်းစာမေးပွဲကို ရူပဗေဒဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ တပ်မတော် (ရေတပ်) မှ အငြိမ်းစားယူပြီး (၃) နှစ်အကြာ၊ ၁၉၇၉–၈၀ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် မှ ဥပဒေဘွဲ့ (LL.B.) ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်မှစ၍ ရှေ့နေလောကသို့ဝင်ရောက်ခဲ့ပြီး၊ အထက်တန်းရှေ့နေ၊ ဗဟိုတရား ရုံးချုပ်ရှေ့နေအဖြစ် ရာဇဝတ်မှု၊ တရားမမှုများစွာကို မြန်မာတနိုင်ငံလုံးရှိ တရားရုံးများတွင် ဒေသမရွေးလိုက်ပါ ဆောင်ရွက်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ရန်ကုန်ရှေ့နေများ အဖွဲ့နှင့် ကြည့်မြင်တိုင်မြို့နယ်တို့မှ ဦးဆောင်ပါဝင်လှုပ်ရှားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင် သည့်အခါ အဖွဲ့ဝင်အဖြစ်အဆိုပြုခဲ့ပြီး၊ စည်းရုံးရေးကာလတွင် ကြည့်မြင်တိုင်မြို့နယ်အဖွဲ့ချုပ် စီမံရေးရာအဖွဲ့ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြို့နယ်ပထမအကြိမ်ညီလာခံမှ မြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံလုံးဆိုင်ရာညီလာခံ ကိုယ်စားလှယ်အဖြစ်လည်းကောင်း ရွေးချယ်တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကြည့်မြင်တိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးအဖွဲ့မှူး၊ သက်သာလုပ်ငန်း အတွင်း ရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရာတွင် တတ်အားသရွေ့ ကြိုးပမ်းဆောင် ရွက်နိုင်ရေးနှင့် ကိုကိုးကျွန်းမြို့နယ်ရှိ မဲဆန္ဒရှင်များ၏ ဒီမိုကရေစီလိုလားသောဆန္ဒကို အလေးထားသောအားဖြင့် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ဆန္ဒပြုခဲ့သည်။ ဦးလှသန်းသည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က အမရပူရမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) ပြည် သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား၏နေအိမ်တွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေး လျှို့ဝှက်အစည်း အဝေးနှင့် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ မန္တလေးအနောက်တောင်မြို့နယ် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်ရုံးတွင်ပြုလုပ်ခဲ့သော ယာယီအစိုးရဖွဲ့စည်းရေးလျှို့ဝှက်အစည်းအဝေးသို့ တက်ရောက်ခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး၊ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် စစ်ခုံရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၂၅) နှစ် အပြစ်ပေးခြင်းခံခဲ့ရသည်။ ဦးလှသန်းသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂ (၁) အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံခဲ့ရသဖြင့် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁ (ည) ဖြင့်ညိစွန်းသဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် ကြေညာခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အထူးကိုယ်စား

လှယ် ပါမောက္ခယိုဇိုယိုကိုတာထံ ထောင်တွင်းမှနေ၍ စာရေးသားပေးပို့မှုဖြင့် နောက်ထပ်ထောင်ဒဏ် (၇) နှစ် ချမှတ်ခံခဲ့ရသည်။ ၁၉၉၆ ခုနှစ်၊ ဇွန်လအတွင်းတွင် အပြင်းဖျား၍ အင်းစိန်ထောင်မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီး မြေအောက်ထပ်ရှိ အကျဉ်းသားများဆေးကုဆောင်သို့ပို့၍ဆေးကုသမှုပြုခဲ့ရာ ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ (၂) ရက် နေ့တွင် ကွယ်လွန်သွားခဲ့သည်။ ဦးလှသန်းကွယ်လွန်ချိန်တွင် ဇနီးသည် ဒေါ်ဆင့်နှင့် သားဖြစ်သူ ကိုခင်မောင်တင့်တို့ ကျန်ရစ်ခဲ့သည်။

[ ဩဂုတ်လ (၂) ရက်နေ့က ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ရွေးချယ်ခံရတဲ့ အဲန်အယ်လ်ဒီအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းဟာ နဝတရဲ့နိုင်ငံရေးအကျဉ်းသားအဖြစ်နဲ့ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးမှာ ကွယ်လွန်ခဲ့ပါတယ်။

သူကိုယ်စားပြု မဲဆန္ဒနယ်ဖြစ်တဲ့ ကိုကိုးကျွန်းဟာ မြန်မာနိုင်ငံတွင်းမှာ အသေးဆုံးဖြစ်ပေမယ့်လည်း လူသိအများဆုံးနေရာဖြစ်ပါတယ်။ အိန္ဒိယသမုဒ္ဒရာထဲမှာရှိတဲ့ ဒီကျွန်းစုလေးရဲ့ ပင်မကျွန်းဟာ ၁၉၅၈ ခုနှစ် စစ်တပ်က ပထမဦးဆုံးအကြိမ် အာဏာသိမ်းပြီးတဲ့နောက် နိုင်ငံရေးအကျဉ်းသားများကို ပြစ်ဒဏ်ချမှတ်တဲ့ နေရာဖြစ်တဲ့အတွက် နာမည်ဆိုးနဲ့ကျော်ကြားခဲ့ပါတယ်။ အဲဒီနေရာမှာ ဘယ်ကိုပဲကြည့်ကြည့် သာယာလှပ နေပါတယ်။ ကျယ်ပြောလှတဲ့ ပင်လယ်ပြင်၊ ပြာလဲ့လဲ့မိုးကောင်းကင်၊ သဲသောင်ပြင်ကျယ်၊ လေတိုက်တိုင်းယိမ်းနွဲ့ ဆော့ကစားနေတဲ့ အုန်းပင်တွေနဲ့ပါ။

အပြစ်ဒဏ်ပေးမှုတွေကို ၁၉၆၀ ပြည့်နှစ်တွေရဲ့နောက်ဆုံးနှစ်များမှာ ဖျက်သိမ်းလိုက်ပြီး၊ ကိုကိုးကျွန်း ဟာ ရေတပ်စခန်းအဖြစ် ကျန်ခဲ့ပါတော့တယ်။ အုပ်ချုပ်ရေးအတွက် လိုအပ်တဲ့ဝန်ထမ်းများ၊ အုန်းလုပ်ငန်း လုပ်ကိုင်နေတဲ့ မိသားစုများသာနေထိုင်ကြပါတော့တယ်။ ၁၉၉၀ ပြည့်နှစ်စာရင်းအရ ကျွန်းပေါ်မှာ လူဦးရေ (၁,၀၀၀) သာသာလေးပဲ ရှိပါတယ်။

ရွေးကောက်ပွဲကျင်းပဖို့ (၂၃) ရက်အလိုမှာ၊ ၁၉၉၀ ပြည့်နှစ်၊ မေလ (၄) ရက်နေ့မှာ ဦးလှသန်းနဲ့ အခြား အဲန်အယ်လ်ဒီအဖွဲ့ဝင်လေးဦးတို့ဟာ ကိုကိုးကျွန်းကို ထွက်ခွာသွားခဲ့ကြပါတယ်။ အဲဒီမှာ သူတို့တတွေ ဟာ သစ်ကလေး၊ ဝါးကလေးနဲ့ အခြေစိုက်စခန်းအဖြစ် ဘန်ဂလိုလေးတခုတည်ဆောက်ပြီး သူတို့လာရင်း ရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်ဖို့အတွက် စတင်လျှောက်လှမ်းပါတော့တယ်။

တအိမ်တက်တအိမ်ဆင်း မဲဆွယ်စည်းရုံးမှုကို ခွင့်မပြုပါဘူး။ စာရွက်စာတမ်းများဖြန့်ဝေခြင်းကိုလည်း တင်းကြပ်တဲ့နည်းဥပဒေများနဲ့ တားမြစ်ထားပါတယ်။ ကျောင်းဆရာတဦးရဲ့နေအိမ်ကို နှစ်ကြိမ်သွားရောက် လည်ပတ်ပြီးတဲ့နောက် ဦးလှသန်းအား ပြည်သူ့ဝန်ထမ်းတွေရဲ့အိမ်ကို သွားရောက်လည်ပတ်ခြင်းမပြုတော့ ပါဘူးလို့ ဝန်ခံတဲ့လက်မှတ်ထိုးခိုင်းပါတယ်။ ဦးလှသန်းကငြင်းဆိုလိုက်ပြီး သူဟာ လူမှုရေးအရသွားရောက်လည် ပတ်တာဖြစ်တယ်။ ရွေးကောက်ပွဲကိစ္စနဲ့ လုံးဝပတ်သက်ခြင်းမရှိဘူးလို့ ရှင်းပြခဲ့ပါတယ်။

ကန့်သတ်တားမြစ်ချက်တွေ ဘယ်လိုပဲများများ ကြောက်ရွံ့စိတ်လုံးဝမရှိတဲ့ ရဲရင့်လှတဲ့ သူ့ရဲကောင်း ငါးဦးဟာ သူတို့အဖွဲ့ရဲ့လုပ်ငန်းတာဝန်များကိုထမ်းဆောင်ခဲ့ပြီး၊ ပြည်မဒေသက နိုင်ငံရေးတိုးတက်ပြောင်းလဲမှု တွေနဲ့ဝေးကွာနေတဲ့ ကျွန်းပေါ်ကပြည်သူတွေအတွက် ဒီမိုကရေစီသတင်းစကားကို လက်ဆင့်ကမ်းနိုင်ခဲ့ကြပါတယ်။

မှတ်သုန်ရာသီက စတင်နေပေမယ့်လည်း မေလ (၂၇) ရက်နေ့ မနက်နေဟာ တောက်ပစွာ ထွက်ပေါ် လာပါတော့တယ်။ အသက် (၁၈) နှစ်ကျော်လို့ မဲပေးခွင့်ရကြတဲ့သူ (၆၁၃) ဦး ရှိတဲ့အနက်က (၄၅၀) နီးပါးဟာ ကျွန်းပေါ်ရှိမဲရုံ နှစ်ရုံမှာ ဦးလှသန်းနဲ့ မြန်မာနိုင်ငံကို (၂၆) နှစ်ကြာအုပ်ချုပ်ခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမည်ပြောင်းထားတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ကိုယ်စားလှယ်တို့အနက် သူတို့နှစ်သက်ရာကို မဲပေးခဲ့ကြပါတယ်။ မဲပေးမှုတွေဟာ ညနေ (၄) နာရီလောက်မှာ ပြီးသွားပြီး ည (၇) နာရီခွဲလောက်မှာ မဲရေတွက်မှု တွေပြီးဆုံးသွားခဲ့ပါတယ်။

မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်းရဲ့ (၅၆ . ၉၄) ရာခိုင်နှုန်းကို အင်န်အယ်လ်ဒီရဲ့ ကိုယ်စားလှယ်က ရရှိခဲ့ပါတယ်။ ကိုကိုးကျွန်းကမဲပေးမှုကို ရွေးကောက်ပွဲအသေးစားလေးလို့ ပြောကြပေမယ့်လည်း ဦးလှသန်းနဲ့ သူ့ရဲ့ အဖွဲ့သားတွေအတွက်ကတော့ မဟာအောင်ပွဲပါပဲ။ သူတို့တတွေ ရန်ကုန်ကိုပြန်လာတဲ့အခါမှာ လုပ်ဖော်ကိုင်ဖက်တွေ ထောက်ခံအားပေးသူတွေက သူရဲကောင်းတွေအဖြစ် ကောင်းစွာကြိုဆိုကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရစဉ်တုန်းက ဦးလှသန်းရဲ့ အသက်ဟာ (၄၅) နှစ်ပဲ ရှိပါသေးတယ်။ သူဟာ လယ်သမားမိဘနှစ်ပါးက မွေးဖွားခဲ့တာဖြစ်ပြီး၊ အလယ်တန်းပညာအဆင့်ကို မော်လမြိုင်မှာ ပြီးဆုံးခဲ့ပါတယ်။ အသက်နှစ်ဆယ်အရွယ်မှာ သူဟာ ရေတပ်ထဲဝင်ရောက်အမှုထမ်းခဲ့ပါတယ်။ ရည်ရွယ်ချက် ခိုင်မာပြီး၊ ကြိုးစားတဲ့လူငယ်လေးဟာ ပညာရဲ့ တန်ဘိုးကို ကောင်းစွာနားလည်ယုံကြည်တဲ့အတွက် ရေတပ်ထဲမှာ အမှုထမ်းနေစဉ်ကာလအတွင်းမှာ ပညာကိုဆက်လက်လေ့လာသင်ယူပြီး၊ အထက်တန်းစာမေးပွဲကို ၁၉၇၅ ခုနှစ်မှာ အောင်မြင်ခဲ့ပါတယ်။ ၁၉၇၇ ခုနှစ်မှာ ရေတပ်ကနေ အငြိမ်းစားယူပြီးနောက် ဥပဒေပညာရပ်ကို ဆက်လက်လေ့လာခဲ့ရာ ၁၉၈၀ ပြည့်နှစ်မှာ ရန်ကုန်တက္ကသိုလ်က ဥပဒေဘွဲ့ကိုရခဲ့ပါတယ်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုကြီးမှာ ဦးလှသန်းဟာ ရန်ကုန်ရှေ့နေများအသင်းကနေ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ နောက်ပိုင်းမှာ အင်န်အယ်လ်ဒီအဖွဲ့ထဲဝင်ရောက်လာပြီး ရန်ကုန်တိုင်းအတွင်း အရေးအကြီးဆုံးမြို့နယ်တွေထဲက မြို့နယ်တခုရဲ့ ပါတီဥက္ကဋ္ဌ ဖြစ်လာပါတယ်။ ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုတွေ စတင်တဲ့အခါ သူက နိုင်ငံရေးအရ နိုးကြားမှုသိပ်မရှိတဲ့ ကိုကိုးကျွန်းမဲဆန္ဒနယ်မြေရဲ့ ကိုယ်စားလှယ်အဖြစ် အရွေးခံမယ်လို့ အဆိုပြုပါတယ်။ သူ့အဆိုပြုချက်ကို အားလုံးက ဝမ်းမြောက်ဝမ်းသာစွာနဲ့ လက်ခံကြပါတယ်။

ရွေးကောက်ပွဲရလဒ်တရားဝင်ထုတ်ပြန်ကြေညာမှုဟာ ရက်သတ္တပတ် အနည်းငယ်ကြာပေမဲ့လည်း အင်န် အယ်လ်ဒီဟာ ပြတ်ပြတ်သားသားအနိုင်ရခဲ့တယ်ဆိုတာ အားလုံးသိခဲ့ကြပါတယ်။ တတိုင်းပြည်လုံး ပျော်ရွှင်နေကြပါတယ်။ ဆယ်စုနှစ်သုံးခုအတွင်း ပထမဆုံးကျင်းပတဲ့ ဒီမိုကရေစီကျတဲ့ ရွေးကောက်ပွဲကထွက်လာတဲ့ရလဒ်အတွက် ဂုဏ်ယူနေကြပါတယ်။ အရည်အချင်းရှိပြီး အားကိုးရတဲ့ အစိုးရမျိုး၊ ပြည်တွင်းကရော ပြည်ပကပါ ယုံကြည်လေးစားမှုကိုရမယ့်အစိုးရမျိုး၊ နောက်ဆုံးမှာ ပေါ်ထွက်လာပြီဆိုတဲ့ ယုံကြည်မှုနဲ့အတူ အနာဂတ်အတွက် မျှော်လင့်ချက်တွေ အပြည့်နဲ့ပါပဲ။

နောက်ပိုင်းမှာ မြန်မာပြည်ထဲက အနည်းငယ်သောလူတချို့ဟာ အရှက်မရှိဆုံး၊ သိက္ခာအမဲ့ဆုံး လုပ်ရပ်တွေနဲ့ ပြည်သူလူထုအပေါ် လိမ်ညာလှည့်စားတော့မယ်ဆိုပြီး သံသယတွေရှိခဲ့ပါတယ်။ တချို့တွေအနေနဲ့ အာဏာကို ဒီမိုကရေစီနည်းကျကျလွှဲပေးမယ်ဆိုတဲ့ ကတိစကားတွေဟာ ကိုကိုးကျွန်းကမ်းခြေတလျှောက် လေတိုက်လို့လွင့်မျောနေတဲ့ အုန်းရွက်ခြောက်တွေနဲ့မခြား ဖြစ်တော့မှာပဲလို့ နားလည်လာကြပါတယ်။

ရွေးကောက်ပွဲပြီးလို့ (၂) လကြာလာပါပြီ။ နဝတဟာ အာဏာကိုစွန့်လွှတ်ဖို့ အရိပ်လက္ခဏာလည်း မပြပါဘူး။ လွှတ်တော်ခေါ်ယူကျင်းပဖို့ကိုလည်း မစီစဉ်ပါဘူး။ နိုင်ငံရေးရာသီဥတုသာ စတင်အုံ့မှိုင်းလာပါတော့တယ်။ စက်တင်ဘာလမှာ ဘဘဦးကြည်မောင်နဲ့ အင်န်အယ်လ်ဒီရဲ့ အဓိကကျတဲ့ အခြားအဖွဲ့ဝင်တွေ အဖမ်းခံရတဲ့အချိန်မှာတော့ အုံ့မှိုင်းနေတဲ့ရာသီဥတုဟာ ပိုမိုဆိုးရွားလာပါတော့တယ်။ နောက်လမှာတော့ ဦးလှသန်း အပါအဝင် လွှတ်တော်ကိုယ်စားလှယ်အတော်များများဟာ အဖမ်းခံကြရပါတယ်။ ဦးလှသန်းဟာ ၁၉၉၁ ခုနှစ်၊ ဧပြီလမှာ စစ်ခုံရုံးတင်တရားစွဲဆိုခံရပြီး စင်ပြိုင်အစိုးရထူထောင်ရေးမှာ ပူးပေါင်းပါဝင်ပတ်သက်တယ်လို့ဆိုကာ အလုပ်ကြမ်းနဲ့ထောင်ဒဏ် (၂၅) နှစ် ချမှတ်ခြင်းကိုခံခဲ့ရပါတယ်။ အခု ငါးနှစ်ကြာခဲ့ပါပြီ။ မှန်ကန်မှုမရှိတဲ့ ဥပဒေရေးရာအစီအစဉ်ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ တရားစီရင်မှုစနစ်ရဲ့ သားကောင်အဖြစ်နဲ့ သူသေဆုံးသွားခဲ့ရပါပြီ။

**ဒေါ်အောင်ဆန်းစုကြည်၏ 'မြန်မာပြည်ကလာတဲ့စာ' အကျဉ်းထောင်တွင်းသေဆုံးခြင်း (၁) မှ ...**

ဩဂုတ်လ (၂) ရက်နေ့မှာ လက်ရှိမြန်မာနိုင်ငံကိုအုပ်ချုပ်နေတဲ့ စစ်အစိုးရရဲ့နိုင်ငံရေးအကျဉ်းသား အဖြစ်နဲ့ သေဆုံးသွားတဲ့ ကိုကိုးကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အင်န်အယ်လ်ဒီအဖွဲ့ဝင် ဦးလှသန်းရဲ့သေစာရင်းမှတ်တမ်းမှာ တီဘီရောဂါနဲ့ HIV ရောဂါပိုးကူးစက်မှုတို့ကြောင့် သေဆုံးခဲ့ရတယ်လို့ ဖော်ပြထားပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် သူသေဆုံးတဲ့နေ့မှာပဲ ဘန်ကောက်က The Nation သတင်းစာမှာ ဦးလှသန်း (၆) နှစ်နီးပါး အကျဉ်းကျခံခဲ့ရတဲ့ အင်းစိန်ထောင်တွင်းနဲ့ မြန်မာပြည်တွင်းက အကျဉ်းထောင်တွေအကြောင်း ရှင်းလင်းပြောပြထားတဲ့ ကျောင်းသားခေါင်းဆောင်တဦးရဲ့အစီရင်ခံစာတစောင် (Cries from Insein) ပါလာ ပါတယ်။

အဲဒီအစီရင်ခံစာက ဆေးဝါးမှန်ကန်စွာသုံးစွဲမှုမရှိခြင်းကြောင့် အကျဉ်းထောင်တွင်းမှာ HIV နဲ့ AIDS ရောဂါပြန့်ပွားမှုတွေ တိုးတက်များပြားနေတယ်လို့ဆိုပါတယ်။ ဆေးထိုးမှုတွေပြုလုပ်တဲ့အခါ ဆရာဝန်တွေ ဟာ လူနာတယောက်ကို ဆေးပုလင်းရဲ့တဝက် ဒါမှမဟုတ် တဝက်ထက်လျော့နည်းစွာ ထိုးပေးပြီးတဲ့နောက် ကျန်တဲ့ဆေးကို နောက်လူနာတယောက်ကို ဒီဆေးထိုးအပ်၊ ဆေးထိုးပြွန်နဲ့ပဲ ဆက်လက်ထိုးပေးတဲ့အတွက် သွေးက တဆင့်ပြန့်ပွားနိုင်တဲ့ ဘယ်ကူးစက်ရောဂါမဆို ကူးစက်ပြန့်ပွားဖို့ရာ သေချာပါတယ်လို့ဆိုပါတယ်။

လွှတ်လပ်တဲ့အဖွဲ့အစည်းတွေရဲ့ ကြည့်ရှုစစ်ဆေးမှုမရှိတဲ့ မြန်မာနိုင်ငံအတွင်းက အကျဉ်းထောင်များရဲ့ ဆိုးရွားလှတဲ့အခြေအနေတွေကြောင့် ဦးလှသန်းသေဆုံးရခြင်းဖြစ်တယ်လို့ သံသယရှိနိုင်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ နိုင်ငံတကာကြက်ခြေနီအသင်းကြီး မြန်မာနိုင်ငံကနေထွက်ခွာသွားရခြင်းဟာ အာဏာပိုင်တွေက အကျဉ်းထောင် တွင်းမှအခြေအနေတွေကို ကြည့်ရှုစစ်ဆေးခွင့်မပေးတဲ့အတွက် ဖြစ်ပါတယ်။

အမှန်တော့ ဦးလှသန်းဟာ နဝတရဲ့အကျဉ်းထောင်အတွင်းမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံ နေရသူတွေထဲက ပထမဦးဆုံး သေဆုံးရသူမဟုတ်ပါဘူး။ ကိုယ့်ရဲ့နိုင်ငံရေးယုံကြည်ချက်ကို မြဲမြဲစွာစွဲကိုင်ရင်း အသက်ပေးသွားကြတဲ့သူတွေထဲမှာ အင်န်အယ်လ်ဒီကခေါင်းဆောင်တချို့လည်း ပါဝင်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်၏ 'မြန်မာပြည်ကလာတဲ့စာ' အကျဉ်းထောင်တွင်းသေဆုံးခြင်း (၂)] မှ ...**

## ၉။ ခရမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

## ဦးကျော်သွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးကျော်သွင်သည် ခရမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ် စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၁,၂၇၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ ․ ၀၁) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ အဖ သခင်မောင်မောင်ကြီး၊ အမိ ဒေါ်မြဟန်တို့မှ ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကျော်သွင်သည် ၁၉၆၇ ခုနှစ် တရုတ်–မြန်မာအရေးအခင်းတွင် အထက (၁) အငယ်တန်းကျောင်းသားကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ် ဒီဇင်ဘာ ဦးသန့်အရေးအခင်း တွင် မန္တလေးဆောင်ကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဘူမိဗေဒအဓိကဖြင့် ရန်ကုန် တက္ကသိုလ်သို့ရောက်ရှိခဲ့သည်။ ၁၉၇၅ ခုနှစ် ဦးသန့်အရေးအခင်းတွင် ပါဝင်လှုပ်ရှားခဲ့ပြီး၊ ဦးသန့်အရေးအခင်းမှ တဆင့် ကျောင်းသားများအား စည်းရုံးတောခိုခဲ့သဖြင့် မတရားသင်းအက်ဥပဒေ ပုဒ်မ ၁၇ (၁) (၂) ဖြင့် ထောင် ဒဏ် (၃) နှစ် အပြစ်ပေးခြင်းခံခဲ့ရသည်။ ၁၉၇၇ ခုနှစ်တွင် ထောင်မှလွတ်ခဲ့ပြီး ကိုယ်ပိုင်နည်းပြသင်တန်းဖွင့်လှစ် လုပ်ကိုင်ခဲ့သည်။ ၁၉၈၀–၈၁ ခုနှစ်တွင် စာပေးစာယူဖြင့် ဥပဒေဘာသာသင်ယူခဲ့သည်။ ဥပဒေတတိယနှစ် အထိရောက်ရှိခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ခရမ်းမြို့နယ်

တပ်ပေါင်းစုသပိတ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ခရမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်စည်းရုံးရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ဦးကျော်သွင်သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က အမရပူရမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဘဘွား၏ နေအိမ်တွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေးလျှို့ဝှက်အစည်း အဝေးသို့ တက်ရောက်ခဲ့သည်။ ယင်းသို့တက်ရောက်ခဲ့သည့်အကြောင်းနှင့် အစည်းအဝေးအခြေအနေအကြောင်းစုံကို ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ခရမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းထံသို့ သွားရောက်အသိပေးခဲ့သည်။ ထို့အတွက် သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည်။ ဦးကျော်သွင်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂ (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ် (၂၅) နှစ် ချမှတ်အပြစ်ပေးခြင်း ခံခဲ့ရသည်။ ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ (ည) နှင့်ညီစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ် လွတ်မြောက် နယ်မြေတနေရာသို့ ရောက်ရှိလာခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏အစီအစဉ်အရ နော်ဝေနိုင်ငံသို့ ထွက်ခွာခဲ့ပြီး ယခုနော်ဝေနိုင်ငံတွင် နေထိုင်သည်။

### ၁၀။ ခရမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။

### ဦးတင်မောင်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးတင်မောင်ဝင်းသည် ခရမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၄၂၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၀ . ၄၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ခရမ်းမြို့ဇာတိဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးမြို့၊ အမိ ဒေါ်သန်းရှင်တို့၏သား ဖြစ်သည်။ ဦးတင်မောင်ဝင်းသည် ခရမ်းမြို့ အစိုးရအထက်တန်းကျောင်း၊ ရေကျော်မက်သဒစ်နှင့် မြို့မအမျိုးသားကျောင်းတို့တွင် ဆယ်တန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့ပြီးနောက် ၁၉၅၇–၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့တက်ရောက်ခဲ့သည်။ ခရမ်းမြို့နယ်ကျောင်းသားသမဂ္ဂ အတွင်းရေးမှူး၊ တက္ကသိုလ်ခရမ်းမြို့နယ်အသင်း၊ ဟံသာဝတီခရိုင်အသင်း၊ ကလောင်ရှင်အသင်း၊ သဟာယနှင့်စာဖတ်အသင်းများတွင် ရှေ့တန်းကပါဝင်၍ ဗကသများအဖွဲ့ချုပ်နှင့် တကသအဖွဲ့ဝင်၊ ကျောင်းသားညီညွတ်ရေးတပ်ဦး တွဲဖက်အတွင်းရေးမှူးနှင့် သဘာပတိအဖွဲ့ဝင်၊ ၁၉၆၂ ခုနှစ်၊ ဇူလိုင်အရေးအခင်းတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားအခွင့်အရေးကာကွယ်မှုတိုက်ပွဲကော်မတီ ဥက္ကဋ္ဌ၊ ၁၉၆၃ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ လုံခြုံရေးပုဒ်မ (၅) ဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ထောင်မှလွတ်ပြီးနောက် ခရမ်းမြို့နယ်ရှိ မိသားစုပိုင်ဆန်စက်တွင် မန်နေဂျာအဖြစ်လုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးခေတ် ကျောင်းသားသမဂ္ဂဝင်ဟောင်းများကော်မတီတွင် ပါဝင်လှုပ်ရှားခဲ့သည်။ အရေးတော်ပုံကြီးအပြီး နိုင်ငံရေးပါတီများဖွဲ့စည်းတည်ထောင်သောအခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၌ပါဝင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းစည်းအဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။ ခရမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးတင်မောင်ဝင်းနှင့်ယှဉ်ပြိုင်ဘက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးဇော်ဝင်း (အငြိမ်းစား ဗိုလ်မှူးကြီးဇော်ဝင်း) မဆလခေတ် နိုင်ငံတော်ကောင်စီဝင်ဟောင်း၏ ညီအရင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ဖမ်းဆီးထိန်းသိမ်း ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရပြီး နဝတစစ်ထောက်လှမ်းရေးများ၏ ညဉ်းပန်း

နှိပ်စက်မှုကြောင့် ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့တွင် ထောင်တွင်း၌သေဆုံးသွားခဲ့သည်။ ဦးတင်မောင်ဝင်း ၏ဇနီးမှာ စာရေးဆရာမ ယုဝတီခင်လှိုင်ကြူဖြစ်ပြီး သားသမီး (၂) ယောက်ကျန်ရစ်ခဲ့သည်။

[ ၁၉၉၀ ခုနှစ်၊ အောက်တိုဘာလနဲ့ နိုဝင်ဘာလများမှာတော့ နဝတဟာ ဒီမိုကရေစီလှုပ်ရှားမှုကို အကြီးအကျယ် နှိမ်နင်းမှုများပြုလုပ်ခဲ့ပါတယ်။ အဲဒီလတွေမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်ကြတဲ့ အင်န်အယ်လ်ဒီအဖွဲ့ဝင်တွေဟာ အဖမ်းခံကြရပြီး အင်းစိန်ထောင်ကိုရောက်ကုန်ကြပါတယ်။ ဒီလိုအဖမ်းခံရ တဲ့လူတွေအထဲမှာ ဒီမိုကရက်တစ်အစိုးရဖွဲ့ဖို့ ပြည်သူလူထုကရွေးချယ်ခဲ့ပေမဲ့လည်း စစ်အစိုးရရဲ့စွဲချက်တင် အပြစ်ဒဏ်ချမှတ်ခံရတဲ့ ခရမ်းမြို့နယ်က ဦးတင်မောင်ဝင်းလည်းပါဝင်ပါတယ်။ သူဟာ ၁၉၅၀ ခုနှစ်တွေရဲ့အဆုံး ပိုင်းတွေနဲ့ ၁၉၆၀ ခုနှစ်တွေရဲ့အစပိုင်းတွေမှာ လူသိများကျော်ကြားခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တဦးဖြစ် ပါတယ်။ ၁၉၆၂ ခုနှစ်မှာ စစ်တပ်ကအာဏာသိမ်းမှုကို ကျောင်းသားများဆန့်ကျင်ခဲ့ကြတုန်းက သူဟာ ကျောင်း သားအခွင့်အရေး ခုခံကာကွယ်မှုကော်မီတီဥက္ကဋ္ဌ ဖြစ်ခဲ့ပါတယ်။ နောက်နှစ်မှာတော့ ရန်ကုန်တက္ကသိုလ် ကျောင်း သားသမဂ္ဂရဲ့ ခေါင်းဆောင်တယောက်အဖြစ်နဲ့ ဖမ်းဆီးခံရပါတော့တယ်။

ဦးတင်မောင်ဝင်းဟာ ထောင် (၇) နှစ်ကျခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုအတွေ့အကြုံ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အောက်မှာ နှစ်ပေါင်း (၂၅) နှစ်ကျော်ကြာ ဘဝတခုလုံးသေလုနီးပါးဖြစ်ခဲ့ရတာတွေက သူ့ရဲ့ခိုင်မာတဲ့ နိုင်ငံရေးယုံကြည်ချက်ကို သေအောင်မသတ်နိုင်ခဲ့ပါဘူး။ ၁၉၈၈ ဒီမိုကရေစီလှုပ်ရှားမှုမှာ ဦးတင်မောင်ဝင်းဟာ တခြားကျောင်းသား ခေါင်းဆောင်ဟောင်းတွေနဲ့အတူ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲမှာ သူဟာ သူ့ရဲ့ဇာတိခရမ်းမြို့နယ်ကနေ အင်န်အယ်လ်ဒီကိုကိုယ်စားပြုပြီး ဒီမိုကရက်တစ်ပါတီများရဲ့ အဓိကရန်သူ ဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဝင်ရောက်အရွေးခံခဲ့သူ သူ့ရဲ့အကိုအရင်းနဲ့ ယှဉ်ပြိုင်အရွေးခံခဲ့ပါ တယ်။ ရွေးကောက်ပွဲမှာအနိုင်ရပြီး (၅) လအကြာမှာ သူဟာအဖမ်းခံရပါတော့တယ်။

ဦးတင်မောင်ဝင်းဟာ အင်းစိန်ထောင်ကိုအပို့မခံရမီ စစ်ထောက်လှမ်းရေးရဲ့စစ်ဆေးမေးမြန်းရာဌာန ချုပ်ဖြစ်တဲ့ ရေကြည်အိုင်မှာ တလခန့်နေခဲ့ရပါတယ်။ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလမှာ သူ့ကို ကြီးလေးတဲ့အပြစ်ဒဏ် ချမှတ်တဲ့အချိန်မှာ သူဟာလွန်စွာမကျန်းမမာ ဖြစ်နေတဲ့အတွက် ခုံရုံးကို မတက်ရောက်နိုင်ခဲ့ပါဘူး။ သူဟာ ဇန်နဝါရီလ (၁၈) ရက်နေ့မှာ သေဆုံးခဲ့ပါတယ်။ အာဏာပိုင်တွေက သူဟာသွေးကင်ဆာနဲ့ သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ (၄) လ ထောင်မကျမီတုန်းက သူ့မှာ ဒီလိုအသက်အန္တရာယ်ကို ထိခိုက်နိုင်လောက် တဲ့ရောဂါ ခံစားနေရတယ်ဆိုတဲ့ လက္ခဏာမျိုးမရှိခဲ့ပါဘူး။ သင်္ဂြိုဟ်ခြင်းမပြုမီ သူ့ရဲ့ရုပ်အလောင်းကို တွေ့မြင်ခဲ့ ရသူများက သူဟာ ထောင်တွင်းမှာနှိပ်စက်ခံရတဲ့ဒဏ်ရာတွေကြောင့် သေဆုံးရခြင်းဖြစ်တယ်လို့ဆိုကြပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်၏ 'မြန်မာပြည်ကလာတဲ့စာ' အကျဉ်းထောင်တွင်းသေဆုံးခြင်း (၃) မှ ... ]**

**၁၁။ စမ်းချောင်းမြို့နယ်မဲဆန္ဒနယ်။**

**ဦးခင်မောင်ဆွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးခင်မောင်ဆွေသည် စမ်းချောင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈,၉၄၄) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၆ . ၆၄) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးမောင်အေး၊ အမိ ဒေါ်တင်ကြည်တို့မှ ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ရောဝတီတိုင်း၊ ငါးသိုင်းချောင်းမြို့ဇာတိ ဖြစ်သည်။ ဦးခင်မောင်ဆွေသည် ၁၉၆၀ ပြည့်နှစ်တွင် အင်္ဂလိပ်ဗာနီကျူလာမစ်ရှင်ကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့၍ ရန်ကုန်တက္ကသိုလ်တွင် ၁၉၆၁ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ပညာသင်ကြားခဲ့ပြီး၊ ဘီအက်စ်စီ (ဘူမိဗေဒ) ဘွဲ့ကို ရေနံလုပ်ငန်းဆိုင်ရာ ဘာသာတွဲဖြင့် ရရှိခဲ့သည်။

ရန်ကုန်တက္ကသိုလ်၌ပညာသင်ကြားနေစဉ် ပုသိမ်ခရိုင်ကျောင်းသားများအသင်း စည်းရုံးရေးမှူး၊ ဘာသာရပ်ဆိုင်ရာ အသင်းများ၏ အမှုဆောင်အဖွဲ့ဝင်နှင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ (တကသ) ဝင်အဖြစ် ၁၉၆၂ ခုနှစ်၊ ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မြန်မာ့ရေနံကော်ပိုရေးရှင်း၌ အလုပ်သင်အရာရှိ အဖြစ် စတင်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၆၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာပြည်အနှံ့ ရေနံရှာဖွေတူး ဖော်ထုတ်လုပ်ရေးဆိုင်ရာလုပ်ငန်းများကို အလုပ်သင်ဘူမိဗေဒအရာရှိ၊ ဒုဘူမိဗေဒအရာရှိ၊ အကြီးတန်းဘူမိဗေဒအရာရှိ စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် စင်ကာပူနိုင်ငံတွင်ကျင်းပသော ရေနံတွင်းတူးဖော်ရေးနှင့် ရေနံတွင်း ပေါက်ကွဲမှု ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းခွင်သင်တန်းသို့တက်ရောက်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် အမေရိကန်ပြည် ထောင်စု၊ တက်ဆက်စ်ပြည်နယ်၊ တဲလ်ဆာတက္ကသိုလ်တွင် ရေနံရှာဖွေတူးဖော်ထုတ်လုပ်ခြင်းနှင့် ရေနံမြေ ဖွံ့ဖြိုးခြင်း ဆိုင်ရာ ဒီပလိုမာအဆင့်သင်တန်းသို့ တက်ရောက်အောင်မြင်ခဲ့သည်။ အထက်မြန်မာပြည် ရေနံမြေများဖွံ့ဖြိုးရေးနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးဆိုင်ရာ အကြီးတန်းဘူမိဗေဒအရာရှိအဖြစ် တာဝန်ထမ်း ဆောင်နေစဉ် ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးပေါ်ပေါက်လာရာ ချောက်၊ ရေနံချောင်း၊ ပြည်၊ မြန်အောင်၊ မန်းနှင့်ထောက်ရှာပင် ရေနံမြေအလုပ်သမားသမဂ္ဂများကို စုစည်းလက်တွဲ၍ မြန်မာ့ရေနံကော်ပိုရေးရှင်း (ရုံးချုပ်) အလုပ်သမားသမဂ္ဂ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့တွင် ဝန်ထမ်းအားလုံးလုပ်ခွင်သို့ ပြန်လည်တက်ရောက်ရန် နဝတထုတ်ပြန်ချက်ကို မလိုက်နာခဲ့၍ အလုပ်ထုတ်ပယ်ခြင်းခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ ခေါ်ယူတာဝန်ပေးချက်အရ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် အဖွဲ့ချုပ်တာဝန်များကို စတင်ထမ်းဆောင်ခဲ့သည်။ ပထမအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးမှ မကွေးတိုင်းစည်းရုံးရေးတာဝန်ခံအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး၊ မကွေးတိုင်း (၂၅) မြို့နယ် အတွင်း စည်းရုံးရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၌ ဗဟိုဦးစီးအဖွဲ့ဝင် အဖြစ်လည်းကောင်း၊ စမ်းချောင်းမြို့နယ်အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့၍ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့ နံနက်ပိုင်း တားဆီးမခံရမီအချိန်တွင် ဒေါ်အောင်ဆန်းစုကြည် တိုးချဲ့ဖွဲ့စည်းပေးသော အလုပ်အမှု ဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တိုးမြှင့်တာဝန်ပေးအပ်ခြင်းခံရသည်။ ဗဟိုလုပ်ငန်းအဖွဲ့ (အလုပ်သမား) အဖွဲ့ဝင် နှင့် ဗဟိုသတင်းနှင့်ပြန်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ အဖြစ်တာဝန်ယူခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ (၅) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း (ကြည့်မြင်တိုင်) မှ ဦးခင်မောင်ဆွေအား ယာယီ အစိုးရဖွဲ့စည်းရေး လျှို့ဝှက်အစည်းအဝေးကိစ္စများကိုလည်းကောင်း၊ ယာယီအစိုးရအဖွဲ့တွင် ဦးခင်မောင်ဆွေအား ဝန်ကြီးတနေရာ လျာထားခြင်းကိစ္စတို့ကိုလည်းကောင်း အသိပေးခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဦးခင်မောင် ဆွေကို သက်ဆိုင်ရာမှ ၁၉၉၁ ခုနှစ်၊ ဧပြီလတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ယင်းနောက် ဦးခင်မောင်ဆွေသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) အရ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့သည်။ ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ (ည) နှင့် ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင် ဘာလ (၁၈) ရက်နေ့နေ့တွင်ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့် ရွေးကောက်ပွဲများ၌ပါဝင်ယှဉ်ပြိုင်ခွင့်ကို လည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။ ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့တွင် ဒေါက်တာခင်ဇော်ဝင်းကိစ္စနှင့်ပတ်သက်၍ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ထောင်ဒဏ် (၇) နှစ်ချမှတ်ခြင်းခံခဲ့ရသည်။

## ၁၂။ ဆိပ်ကမ်းမြို့နယ်မဲဆန္ဒနယ်။

### ဒေါ်စန်းစန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါ်စန်းစန်းသည် ဆိပ်ကမ်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၆၁၅) မဲ၊ စုစုပေါင်း မဲရာနှုန်း (၅၉ . ၂၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ကွယ်လွန်သူ စာရေးဆရာ (ပုလိပ်အရာရှိတဦးအမည်ခံ) ခရိုင်ရဲဝန် ဦးဘသော် (ပြစ်မှုမဂ္ဂဇင်းတည်ထောင်သူ)၊ အမိ ဒေါ်မမလေး (ပြစ်မှုမဂ္ဂဇင်းတာဝန်ခံထုတ်ဝေသူ) တို့မှ ၁၉၃၂ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်း (၅) ယောက်အနက် တတိယမြောက်ဖြစ်သည်။ အကို (၂) ဦးမှာ ကွယ်လွန်သူ အမျိုးသားစာပေဆုရ စာရေးဆရာနှင့် သတင်းစာဆရာ စိန်ခင်မောင်ရီနှင့် ဂါဒီယန်းသတင်းထောက်ချုပ် ဦးခင်မောင်ကြည်တို့ဖြစ်သည်။ မုံရွာမြို့၊ အလုံဇာတိဖြစ်သည်။ ငယ်စဉ်က မုံရွာမြို့၊ အမျိုးသားအလယ်တန်းကျောင်း၊ ဗုဒ္ဓဘာသာကျောင်းများတွင် ပညာသင်ကြားခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ်မှ ၁၉၅၄ ခုနှစ်တွင် ဘီအက်စ်စီဘွဲ့ရသည်။ ရန်ကုန်တက္ကသိုလ် ဘင်တန်ဆောင်၌ သဟာယနှင့်စာဖတ်အသင်း၊ ဗဟိုကျောင်းဆောင် သဟာယနှင့်စာဖတ်အသင်း၊ ရူပဗေဒ၊ ဇီဝဗေဒအသင်း၊ ချင်းတွင်းအသင်းစသော အသင်းအဖွဲ့များတွင် အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ဗဟိုအစိုးရအထက်တန်းကျောင်း (ရန်ကုန်) အထက်တန်းပြ၊ ရန်ကင်းကောလိပ်၊ မော်လမြိုင်ကောလိပ်တို့တွင် သတ္တဗေဒဌာန သရုပ်ပြဆရာမ၊ ယူဂိုဆလားဗီးယားနိုင်ငံ၊ အစ္စရေးနိုင်ငံများသို့ ပညာတော်သင်သွားရောက်ခဲ့ဘူးသည်၊ ၁၉၅၈–၅၉ ခုနှစ်တွင် သတင်းစာဒီပလိုမာ (ဒီဂျေ) ရသည်။ ၁၉၆၀ ပြည့်နှစ်မှစ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် ဝါဏိဇ္ဇ ပဋိပက္ခဖြန်ဖြေရေးအရာရှိ၊ မြို့နယ်ဦးစီးမှူးတာဝန်ဖြင့် ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ကျောက်တံတား၊ ဘောက်ထော်၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ လှိုင်၊ ကမာရွတ်၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ဆိပ်ကမ်း၊ ဆိပ်ကြီးခနောင်တိုနှင့် ဒလမြို့နယ်များတွင် အမှုထမ်းခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်း ဦးစီးဌာနမှူး၊ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလတွင် ရန်ကုန်မြို့ သုတေသနနှင့်စီမံကိန်းဌာနခွဲ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် တာဝန်မှ အငြိမ်းစားပေးခြင်းခံခဲ့ရသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် အလုပ်သမားများ ဝန်ထမ်းသမဂ္ဂ၌ ဥက္ကဋ္ဌအဖြစ် တက်ကြွစွာပါဝင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုလုပ်ငန်းအဖွဲ့ (အလုပ်သမား) အတွင်းရေးမှူး၊ ဗဟိုစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး၊ ဗဟိုစည်းရုံးလှုံ့ဆော်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။ ဒေါ်စန်းစန်းသည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့က အမရပူရမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘဘွားနေအိမ်တွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေး လျှို့ဝှက်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးလှထွန်း (ကြည့်မြင်တိုင်)၊ ဦးဝင်းကို (ရေဦး–၂) နှင့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ဦးပီတာလင်းပင် (ပြင်ဦးလွင်–၂) တို့ကို ယင်း၏နေအိမ်တွင် ယာယီအစိုးရ ဖွဲ့စည်းရေးကိစ္စကိုဆွေးနွေးရန် ခွင့်ပြုခဲ့သည်။ အလားတူ ယင်း၏နေအိမ်၌ပင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးလှထွန်း (ကြည့်မြင်တိုင်)၊ ဒေါက်တာတင့်ဆွေ (ပုလဲ–၁) နှင့် ဒေါက်တာစန်းအောင် (အင်္ဂပူ–၂) တို့သုံးဦးအား ယာယီအစိုးရဖွဲ့စည်းရေးကိစ္စအတွက် ဆွေးနွေးခွင့်ပြုခဲ့သည်ဟုဆိုကာ သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ယင်းနောက် ဒေါ်စန်းစန်းသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၂၂) (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေပုဒ်မ (၁၁) (ည) နှင့် ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေ

ထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့်ရွေးကောက်များ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် နဝတကြေညာချက် အမှတ် (၁၁/၉၂) အရ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁) အရ အင်းစိန်ထောင်မှပြန်လွတ်သည်။ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့တွင် နိုင်ငံခြားသတင်းဌာနနှင့် ဆက်သွယ်သတင်းပေးမှုဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၃) အရ ယခင်ကျန်ရှိနေ သေးသည့်ပြစ်ဒဏ်များအား ပြန်လည်ကျခံခဲ့ရပြီး၊ ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ခိုင်လုံမဲအနည်းဆုံးဖြင့် ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ် လွတ်မြောက်နယ်မြေသို့ ရောက်ရှိခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၄၀၁)**
**(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်)**

**အကြောင်းအရာ ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကိုကြေညာခြင်း။**

၁။ ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၁,၃၄၄) ဦးအနက် (၁,၁၀၃) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့် ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၁,၀၃၈) ရရှိခဲ့ပါသည်။ ယင်းခိုင်လုံသော ဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည် ...

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဒေါ်ခင်မြနွယ် | ပြည်ထောင်စု အမျိုးသားများ ဒီမိုကရေစီ | ၄၄ | ၄ . ၂၄ |
| (ခ) | ဒေါ်စန်းစန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၁၅ | ၅၉ . ၂၅ |
| (ဂ) | ဦးညွန့်လွင် | အလုပ်သမားစည်းလုံးညီညွတ်ရေးအဖွဲ့ | ၃၆၁ | ၃၄ . ၇၈ |
| (ဃ) | ဦးတင်အောင် (ခ) ဦးစောလွင် | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း) | ၈ | ၀ . ၇၇ |
| (င) | ဦးသန်းအောင် | ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး ပါတီ (ပတခ) | ၁၀ | ၀ . ၉၆ |

၂။ သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (ခ) ပါ ခိုင်လုံသော ဆန္ဒမဲအများဆုံးရရှိသည့် ဒေါ်စန်းစန်းသည် ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၁၃။ ဆိပ်ကြီးခနောင်တိုမြို့နယ်မဲဆန္ဒနယ်။**

**ဒေါက်တာစိန်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာစိန်ဝင်းသည် ဆိပ်ကြီးခနောင်တိုမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄,၀၄၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၁ . ၃၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ သည်။ ရန်ကုန်မြို့ဇာတိ ဖြစ်သည်။ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့ဖွား ဖြစ်သည်။ ဦးညွန့်၏သားဖြစ်သည်။ ဒေါက်တာစိန်ဝင်းသည် ၁၉၈၂ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ  အလုပ်သင်ဆရာဝန်၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ပြင်ပဆေးကုခန်း ဆရာဝန်၊ ၁၉၈၅ ခုနှစ်တွင် လက်ထောက်ဆရာဝန်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာနိုင်ငံစစ်မှုထမ်းဥပဒေ (၁၉၅၉) အရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်မှုထမ်းဆရာဝန်၊ ဆေးတက္ကသိုလ် (၁) မဂ္ဂဇင်း စာတည်းအဖွဲ့ဝင်နှင့် အနုပညာအသင်း အမှုဆောင်လုပ်ခဲ့သည်။

**၁၄။ တာမွေမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။**

**ဦးလှသိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးလှသိန်းသည် တာမွေမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅,၇၆၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၇ . ၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၁ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့ဖွား ဖြစ်သည်။ ဦးအောင်တင်၏သား ဖြစ်သည်။ ဦးလှသိန်းသည် နဝမတန်းအထိပညာသင်ကြားခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ တာမွေမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

**၁၅။ တာမွေမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးသိန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးသိန်းမြင့်သည် တာမွေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၂၆၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ . ၆၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၅၀ ပြည့်နှစ်၊ မေလ (၅) ရက်နေ့ဖွား ဖြစ်သည်။ ဦးတင်ရွှေ၏သား ဖြစ်သည်။ ဦးသိန်းမြင့်သည် ဘီအက်စီ၊ အိုင်ချ်ဂျီပီ၊ အာရ်အယ်လ် (၂) ဘွဲ့ရခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ လူမှုဝန်ထမ်းစေတနာအမက ဆရာနှင့်ကျောင်းအုပ်၊ ၁၉၇၂ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ **'အားသစ်'** ကျူရှင် ကိုယ်ပိုင်လုပ်ငန်း၊ ၁၉၇၆ ခုနှစ်တွင် အိုးစုရပ်ကွက်သမဝါယမ တွဲဖက်အတွင်းရေးမှူး၊ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) ပြည်သူ့

ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

**၁၆။ တွံတေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးသာဆိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးသာဆိုင်သည် တွံတေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၅၇၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၂ . ၈၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးသာပို၊ အမိ ဒေါ်စိန်မေတို့မှ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးသာဆိုင်သည် မြို့မအထက်တန်းကျောင်း (ရန်ကုန်) နှင့် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် သမိုင်းအဓိကဖြင့် ဝိဇ္ဇာတတိယနှစ်အထိ ပညာသင်ကြားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွံတေးမြို့နယ်တွင် တာဝန်ယူခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကာလတွင် ခလောက်ချိုက်တိုက်နယ်တွင် ရှေ့တန်းမှ တက်တက်ကြွကြွပါဝင်ခဲ့သည်။ ဦးသာဆိုင်သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် မန္တလေးအနောက်တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေးလျှို့ဝှက်အစည်းအဝေးသို့တက်ရောက်ခဲ့သဖြင့် သက်ဆိုင်ရာမှဖမ်းဆီးထိန်းသိမ်း၍ ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ထို့အတွက် ဦးသာဆိုင်သည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂ (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ (ည) နှင့် ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့တွင် ကြေညာချက် အမှတ် (၉၉၅)ဖြင့် ကြေညာခဲ့သည်။ နောင်ပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။

**၁၇။ တွံတေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးမြလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးမြလှိုင်သည် တွံတေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၉၁၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၈ . ၂၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၅ ခုနှစ်၊ မတ်လ (၁၃) ရက်နေ့ဖွား ဖြစ်သည်။ ဦးစံဘ၏သား ဖြစ်သည်။ တွံတေးမြို့နယ် ရေတွင်းကုန်းကျေးရွာဇာတိ ဖြစ်သည်။ ဦးမြလှိုင်သည် ဥပစာ ဝိဇ္ဇာ (ခ) အထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ် ပါတီယူနစ်ကော်မတီဝင်၊ မြို့နယ်ပါတီယူနစ် ဥက္ကဋ္ဌ၊ ကျန်းမာရေးမကောင်းသဖြင့် ၁၉၇၈ ခုနှစ်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ရေတွင်းကုန်းကျေးရွာ၌ ကိုယ်ပိုင်လယ်ယာလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါ စာအမှတ် – ၀၄၁/စည်း (စည်းရုံး)/၉၉ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား

လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပသည့် နအဖအမျိုးသားညီလာခံသို့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ တသီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

## ၁၈။ တိုက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးလှထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးလှထွန်းသည် တိုက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၅၉၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၁ ႉ ၇၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ တိုက်ကြီးမြို့နယ်၊ အိုင်ကလောင်ကျေးရွာဇာတိဖြစ်သည်။ အဖ ဦးလောက်ကံ၊ အမိ ဒေါ်ငွေရီတို့မှ ၁၉၃၂ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးလှထွန်းသည် ၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ကိုလည်းကောင်းရရှိခဲ့သည်။ ကျောင်းသားဘဝတွင် တိုက်ကြီးမြို့နယ် ကျောင်းသားသမဂ္ဂ အတွင်းရေးမှူး၊ အင်းစိန်ခရိုင်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ် တိုးတက်သောကျောင်းသားအင်အားစု အဖွဲ့ဝင်၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ ဒုတိယဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၆၄–၆၅ ခုနှစ်တွင် အင်းစိန်မြို့နယ်၊ ဆ–စ–တ–က ဥက္ကဋ္ဌ၊ ၁၉၆၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ပါတီယူနစ် ဥက္ကဋ္ဌ၊ အရန်ဗဟိုကော်မတီဝင်၊ ရန်ကုန်တိုင်းဒေသပါတီကော်မတီဝင်၊ ၁၉၇၇ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ အနားပေးခြင်းခံရသည်။ ထို့နောက် တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သည်။

## ၁၉။ တိုက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါ်စန်းမေ (ရွှေကူမေနှင်း)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါ်စန်းမေ (ရွှေကူမေနှင်း) သည် တိုက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၈၆၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၁ ႉ ၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ရွှေကူမြို့ဇာတိ ဖြစ်သည်။ ဦးစိန်၏သမီးဖြစ်သည်။ ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့ဖွား ဖြစ်သည်။ ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ဒေါ်စန်းမေသည် အလယ်တန်းပြကျောင်းဆရာမ၊ အထက်တန်းပြကျောင်းဆရာမ၊ မြန်မာ့အသံဝန်ထမ်း၊ စာရေးဆရာ စသောဘဝများကို ဖြတ်သန်းလာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးဗဟိုလုပ်ငန်းအဖွဲ့ခေါင်းဆောင် တာဝန်ယူခဲ့သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ (ဒုတိယပိုင်း) အရ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရ၍ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခံခဲ့ရသည်။ ၂၈၊ ဣန္ဒာရာမလမ်း၊ ဝဂ္ဂီရိပ်သာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တွင်နေထိုင်ခဲ့ရာမှ ၂၀၀၂ ခုနှစ်တွင် အဆိုပါ ပြည်လမ်းဘေးရှိ ဝဂ္ဂီရပ်ကွက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိကကန်ထရိုက်တာများပူးပေါင်း၍ အခမဲ့သိမ်းယူရန်အတွက် အမှတ် (၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးမှ ဧပြီလ (၅) ရက်နေ့ နောက်ဆုံးထား ရွှေ့ပြောင်းခိုင်းသည်ကို မလိုက်နာသဖြင့် ညသန်းကောင်အချိန် စစ်တပ်နှင့်ဝိုင်း၍ ညတွင်းချင်းနေအိမ်များကို ဖျက်ဆီး၊ ပစ္စည်းများကို စလင်းကွင်းအတွင်းစုပုံထားပြီး နှင်ထုတ်ခဲ့သဖြင့် ပြောင်းရွှေ့ပေးခဲ့ရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကျင်းပရေးကော်မရှင်
ကြေညာချက်အမှတ် (၄၅၄)
(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်)
(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၉ ရက်)

အကြောင်းအရာ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။

၁။ တိုက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၅၉,၁၄၃) ဦးအနက် (၄၅,၄၀၇) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့် ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၃၆,၅၄၄) မဲရရှိခဲ့ပါသည်။ ယင်းခိုင်လုံသောဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည်။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဒေါ်စန်းမေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၉၆၆ | ၅၁ . ၉ |
| (ခ) | ဦးတင်ဦး | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း) | ၄၂၆ | ၁ . ၁၇ |
| (ဂ) | ဦးလှိုင်ရွှေ | တသီးပုဂ္ဂလ | ၁၄၁၄ | ၃ . ၈၇ |
| (ဃ) | ဦးအောင်ကြီး | ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ | ၁၆၅၆ | ၄ . ၅၃ |
| (င) | ဗိုလ်မှူးကြီးအောင်သိန်း (အငြိမ်းစား) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၀၈၂ | ၃၈ . ၅၃ |

၂။ သို့ပါ၍ အထက်ပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (က) ပါ ခိုင်လုံသော ဆန္ဒမဲအများဆုံးရရှိသည့် ဒေါ်စန်းမေသည် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

## ၂၀။ တောင်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစိုးမြင့် (ခ) သခင်စိုးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုးမြင့်(ခ)သခင်စိုးမြင့်သည် တောင်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၃,၉၅၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၂ . ၂၉) ဖြင့်ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၃ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့ဖွား ဖြစ်သည်။ ဦးရှိန်၏သားဖြစ်သည်။ ဦးစိုးမြင့် (ခ) သခင်စိုးမြင့်သည် မြောင်းမြမြို့တွင် အင်္ဂလိပ်–မြန်မာ (၆) တန်း အထိပညာသင်ကြားခဲ့သည်။ မြောင်းမြမြို့နယ် တို့ဗမာအစည်းအရုံး အတွင်းရေးမှူး၊ နယ်ခွဲ့နှင့် ဖက်ဆစ်တော်လှန်ရေးမြေအောက်ခေါင်းဆောင်၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) တပ်ရင်းမှူး၊ ပုသိမ်ခရိုင် မြစ်ဝကျွန်းပေါ်တိုင်း စစ်ကော်မတီဝင်၊ ပြည်သူ့အရေးတော်ပုံပါတီ တည်ထောင်ရာတွင်ပါဝင်ခဲ့ပြီး၊ ဆိုရှယ်လစ်ပါတီ မြောင်းမြခရိုင် ဥက္ကဋ္ဌနှင့် ဗဟိုဦးစီးအဖွဲ့ဝင်၊ ဖ–ဆ–ပ–လ ဗဟိုဦးစီး၊ ဗ–တ–လ–စ ဗဟိုအလုပ်အမှုဆောင်၊ ဆိုရှယ်နီ ဗဟိုကော်မတီဝင်၊ ပြည်သူ့လူငယ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ၁၉၅၃ ခုနှစ် ဗီယင်နာ ကမ္ဘာ့လူငယ်ညီလာခံသွားကိုယ်စားလှယ်၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) ရခဲ့သည်။ အယ်ဒီတာ၊ စာပြု (၁၇) လိုင်းအုပ်ချုပ်ရေးမှူးစသည်ဖြင့် ဘဝများစွာကျင်လည်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမှုဆောင်၊ ဗဟိုလယ်သမားများအဖွဲ့ ခေါင်းဆောင်၊ ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ သခင်စိုးမြင့်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဂန္ဓီဆုံးဖြတ်ချက်အတိုင်း နဝတက လွှတ်တော်ခေါ်ယူခွင့် မပေးလျှင် လုပ်ဆောင်သင့်သည့် နည်းလမ်းသုံးသွယ် စာတမ်းကို ရေးသားပြုစုရာတွင် ပါဝင်ခဲ့သဖြင့် သက်ဆိုင်ရာမှခေတ္တဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၉၁ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တိုးမြှင့်တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတွင် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဒီပဲယင်းသွေးချောင်းစီး လုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုဖြစ်ပွားစဉ် နအဖမှ နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်း ထားခဲ့ရာမှ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့တွင် ပြန်လွှတ်သည်။ ဇနီးမှာ ဒေါ်အေးကြွယ်ဖြစ်ပြီး၊ သားသမီးများမှာ ဒေါ်ဆွေဆွေမြင့်၊ ဦးမောင်မောင်မြင့်၊ ဒေါ်သစ်သစ်မြင့်၊ ဒေါ်ချိုချိုမြင့်၊ ဒေါ်သင်းသင်းမြင့်တို့ဖြစ်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၄၃၆)**
**(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၉ ရက်)**

**အကြောင်းအရာ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၆၅,၆၁၀) ဦး အနက် (၅၂,၇၄၉) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့် ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၄၆,၉၇၈) မဲ ရရှိခဲ့ပါသည်။ ယင်းခိုင်လုံသောဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးက အောက်ပါအတိုင်း

ရရှိကြပါသည်။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဦးကျော်ကျော် (ခ) ဦးကျော်စိန် | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း) | ၁၆၆၃ | ၃ . ၅၄ |
| (ခ) | ဦးကျော်မြင့် | ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဆိုရှယ်လစ်ဆန့်ကျင်ရေး၊ အာဏာရှင်ဆန့်ကျင်ရေး၊ လွတ်လပ်သော ဒီမိုကရေစီအဖွဲ့ချုပ် | ၉၂ | ၀ . ၁၉ |
| (ဂ) | ဦးကွန်းဇော် (ခ) ဦးချစ်သိန်း | ဒီမိုကရေစီပါတီ | ၄၉၇ | ၁ . ၀၆ |
| (ဃ) | ဦးစိုးမြင့် (ခ) သခင်စိုးမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၉၅၉ | ၇၂ . ၂၉ |
| (င) | ဦးဆလိုင်းစိန်မောင် | ဒီမိုကရေစီကို မြတ်နိုးသော ပြည်သူများ မဟာမိတ်အဖွဲ့ကြီး (ဒ-မ-မ-ဖ) | ၁၆၅ | ၀ . ၃၅ |
| (စ) | ဦးပါ | အမျိုးသားပြန်လည်တည်ဆောက်ရေး ဒီမိုကရေစီတပ်ပေါင်းစု (ပြည်ထောင်စုမြန်မာနိုင်ငံ) | ၁၉၇ | ၀ . ၄၂ |
| (ဆ) | ဦးမောင်မောင်ရီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။ | ၉၈၂၈ | ၂၀ . ၉၂ |
| (ဇ) | ဦးမြင့်အောင် | ဒီမိုကရက်တစ်လေဘာပါတီ (မြန်မာပြည်) | ၁၂၁ | ၀ . ၂၆ |
| (ဈ) | ဦးသာဘန်း | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်။ | ၁၂၄ | ၀ . ၂၆ |
| (ည) | ဦးသောင်းထွေး | ပြည်ထောင်စုတိုင်းရင်းသားများ ဒီမိုကရေစီပါတီ။ | ၃၃၂ | ၀ . ၇၁ |

၂။ သို့ပါ၍ အထက်ပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (ဃ) ပါ ခိုင်လုံသော ဆန္ဒမဲအများဆုံးရရှိသည့် ဦးစိုးမြင့် (ခ) သခင်စိုးမြင့်သည် ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

## ၂၁။ တောင်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးခင်မောင်ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးခင်မောင်ကျော်သည် တောင်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၅,၃၉၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၃ . ၂၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့ဖွား ဖြစ်သည်။ တောင်သာမြို့နယ်၊ ဆီမီးကန်ရွာဇာတိ ဖြစ်သည်။ ဦးသောင်း၏သား ဖြစ်သည်။ ဦးခင်မောင်ကျော်သည် ၁၉၅၃ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့၍ ၁၉၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အင်ဂျင်နီယာ (စက်မှု) ဘွဲ့ B.sc.-(Mech) ရရှိခဲ့သည်။ ၁၉၅၉ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် တပ်မတော် (ကြည်း) လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာတပ်ဖွဲ့တွင် ပြန်တမ်းဝင်ဗိုလ်၊ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့တွင် ဗိုလ်ကြီး၊ ၁၉၇၂ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့တွင် ဗိုလ်မှူး၊ ၁၉၇၈ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီး၊ ၁၉၈၁ ခုနှစ်နှင့် ၁၉၈၄ ခုနှစ်တို့တွင် စစ်စည်းကမ်းအရ အရေးယူခံခဲ့ရပြီး တပ်မတော်မှနုတ်ထွက်ခဲ့ရသည်။ ယင်းနောက် အငှားယာဉ်မောင်းဘဝဖြင့် အသက်မွေးခဲ့သည်။ ယင်းသည် 'အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်း ဒီမိုကရေစီကျင့်စဉ်များနှင့် ဆန့်ကျင်လျက် မိမိနေရာရရှိရေးအတွက် တဦးနှင့်တဦး ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများကျင့်သုံးလာသည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင်မှုအပေါ်တွင် မယုံကြည်တော့သဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန်' ကော်မရှင်ထံတင်ပြလာ၍ ကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်း ကြေညာချက်အမှတ် (၉၆၁) ဖြင့် ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၄၃၅)**
**(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၉ ရက်)**

**အကြောင်းအရာ။ ။ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၆၆,၅၁၄) ဦး အနက် (၅၁,၄၄၄) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့် ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၄၈,၃၂၁) မဲ ရရှိခဲ့ပါသည်။ ယင်းခိုင်လုံသောဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးက အောက်ပါအတိုင်းရရှိကြပါသည်။

## ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မှတ်တမ်း

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဦးခင်မောင်ကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၃၉၅ | ၇၃ ・ ၂၅ |
| (ခ) | ဦးစိုးလွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။ | ၁၁၀၁၂ | ၂၂ ・ ၇၉ |
| (ဂ) | ဦးတင်စိန် | ဒီမိုကရေစီပါတီ | ၄၄၀ | ၀ ・ ၉၁ |
| (ဃ) | ဦးတင်ဝင်း | ပြည်ထောင်စုဒီမိုကရေစီပါတီများ အဖွဲ့ချုပ်။ | ၈၅ | ၀ ・ ၁၇ |
| (င) | ဦးထွန်းရင် | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ ချုပ် (ဒီ/ငြိမ်း) | ၉၃၁ | ၁ ・ ၈၉ |
| (စ) | ဦးမြင့်လွင် | ပြည်ထောင်စုအမျိုးသားများ ဒီမိုကရေစီပါတီ | ၄၇၆ | ၀ ・ ၉၈ |

၂။ သို့ပါ၍ အထက်ပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (က)ပါ ခိုင်လုံသော ဆန္ဒမဲ အများဆုံးရရှိသည့် ဦးခင်မောင်ကျော်သည် ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

### ၂၂။ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်။

**ဦးတင်ကိုကို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးတင်ကိုကိုသည် ထန်းတပင်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၆,၆၆၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆ ・ ၈၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးပိုင်၊ အမိ ဒေါ်တင်တင်ကြီးတို့မှ ၁၉၂၃ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးတင်ကိုကိုသည် ဖဟိုအမျိုးသားအထက်တန်းကျောင်း၊ မန္တလေးမှ ဆယ်တန်းအောင်ပြီးနောက် ၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဥပစာအထက်တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ဒုတိယ ဗိုလ်မှ ဒုတိယဗိုလ်မှူးကြီးအထိ ကာကွယ်ရေးဝန်ကြီးဌာန၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ၁၉၇၃ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ဦးဆောင်ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဝန်ကြီးဌာန၊ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၄ ခုနှစ်အထိ ဗဟန်းမြို့နယ်တရားသူကြီး၊ ၁၉၈၈ ခုနှစ်၊ မတ်လမှ ဩဂုတ်လအတွင်း တပ်မတော်တပ်မှူးဟောင်းများအဖွဲ့ ဗဟို ကော်မတီ (ပြန်ကြားရေး) အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင် စစ်ထောက် လှမ်းရေးမှ ထိန်းသိမ်းရေးစခန်း (ယင်းတို့အခေါ် ဧည့်ဂေဟာ) တွင် ခေါ်ယူဖမ်းဆီးထိန်းသိမ်းထားခဲ့ရာမှ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလတွင် ကျန်းမာရေးအခြေအနေဆိုးဝါးသဖြင့် နေအိမ်တွင်ဆေးဝါးကုသမှုခံယူနိုင်ရန်အတွက် ၁၉၉၉

ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့ရသည်။ နေအိမ်တွင်ဆေးကုသမှုခံနေရာမှ ၁၉၉၉ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ကွယ်လွန်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၄၅)**
**(၁၃၆၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ ရက်)**
**(၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)**

**အကြောင်းအရာ ။ ။ ဦးတင်ကိုကိုအား ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးတင်ကိုကိုက မိမိသည် ယခုအခါ ကျန်းမာရေးမကောင်းပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးတင်ကိုကို၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးတင်ကိုကိုအား ယနေ့မှစ၍ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**ရဟန်း၊ ကျောင်းဒါယကာ**
**ဒုတိယဗိုလ်မှူးကြီးတင်ကိုကို**
**(ငြိမ်း)**
**(ကြည်း–၅၆၃၅)**
**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် (၄၆/အေ) နေ ဦးကျင်–ဒေါ်တင်တင်ကြီးတို့၏ သား၊ ဒေါ်ခင်စောရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးဦး–နော်ဂေးချမ်း၊ ဦးမျိုးထူး(C/O G.C. Shipping)၊ ဒေါ်ခင်ထားရီ၊ ဒေါ်ခင်မျိုးသဇင်၊ ဦးမျိုးခိုင် (4/E R. CL Shipping)၊ Capt. တင်မောင်မျိုးထွဋ် (Huap Choon Shipping

Co.)၊ ဒေါ်ဖြူဖြူမာတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ရန်မျိုးကျော်၊ ခင်မျိုးမြတ်ချမ်း၊ ဇော်မျိုးထက်၊ စည်သူမျိုးထွဋ်တို့၏ အဘိုးဖြစ်သူ ဒုတိယဗိုလ်မှူးကြီးတင်ကိုကို (ငြိမ်း) သည် (၃၀–၅–၉၉) ရက် နံနက် (၁၁ း ၅၆) နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် (၁–၆–၉၉) ရက် (အင်္ဂါနေ့) ညနေ (၃) နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**၂၃။ ဒဂုံမြို့နယ်မဲဆန္ဒနယ်။**

**ဦးအောင်ဇော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးအောင်ဇော်သည် ဒဂုံမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၆,၅၁၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၄၆ . ၆၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးမင်းသူ (ဂီတစာဆို)၊ အမိ ဒေါ်ကြည်ကြည်တို့၏သား ဖြစ်သည်။ ရန်ကုန်မြို့ဇာတိ ဖြစ်သည်။ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်နေ့ဖွား ဖြစ်သည်။ ဦးအောင်ဇော်သည် မင်္ဂလာတောင်ညွန့်အစိုးရမူလတန်းကျောင်း အမှတ်(၃)၊ ဒဂုံအစိုးရအလယ်တန်းကျောင်း အမှတ် (၂)၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (တောင်ငူ)၊ ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံတို့တွင် စိုက်ပျိုးရေးဒီပလိုမာ နောက်ဆုံးနှစ်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အလုပ်သင်ဝန်ထမ်း၊ ၁၉၈၇ ခုနှစ်တွင် အလုပ်မှနုတ်ထွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အသက်အငယ်ဆုံးဖြစ်ပြီး၊ အစိုးရအမှုထမ်းအများစုနှင့် စစ်တပ်အသိုင်းအဝိုင်းအများစုနေထိုင်သည့် မဲဆန္ဒနယ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ယှဉ်ပြိုင်ဖက် ဦးညိမ်းမောင်အား (၄၃၇) မဲအသာဖြင့် အနိုင်ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့တွင် ကွယ်လွန်သည်။

**ဦးအောင်ဇော် (ခ) ဦးအောင်သူ**

**အသက် (၄၈) နှစ်**

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၆၅) ရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ် (၆၄၀) နေ ဦးမင်းသူ – ဒေါ်ကြည်ကြည်တို့၏ သား၊ ဦးမောင်မောင်အုန်း – ဒေါ်ခင်ဌေးသူ၊ (ဦးမောင်မောင်နိုင်) – ဒေါ်ခင်မြင့်သူတို့၏ ညီ/မောင်၊ ဦးဆန်းမြင့် – ဒေါ်မြမြသူ၊ ဦးမျိုးသူ – ဒေါ်မွန်မွန်တို့၏ အကို၊ ဒေါ်စန်းစန်းဝေ၏ ခင်ပွန်း၊ မနှင်းဝေအောင်၊ မောင်ထက်ဝေအောင်၊ မောင်ဖြိုးဝေအောင်၊ မအိုးဝေအောင်၊ မောင်ဇင်ဝေအောင်တို့၏ ဖခင်သည် (၁၈–၁၁–၂၀၀၅) ရက် နံနက် (၁၀ း ၁၅) နာရီတွင် အထက်ပါနေအိမ်တွင် ကွယ်လွန်ပါ၍ (၂၀–၁၁–၂၀၀၅) ရက် ညနေ (၄) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**၂၄။ ဒဂုံမြို့သစ်မြို့နယ်မဲဆန္ဒနယ်။**

**ဦးထွန်းအုန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးထွန်းအုန်းသည် ဒဂုံမြို့သစ်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၁,၆၃၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၆ . ၅၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း

ခံခဲ့ရသည်။ အဖ ဦးမောင်ပု၊ အမိ ဒေါ်ဝက်တို့မှ ၁၉၄၃ ခုနှစ်၊ မတ်လ (၁၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ လှည်းကူး မြို့နယ်၊ ပေါက်ဘလောက်ကျေးရွာဇာတိဖြစ်သည်။ ဦးထွန်းအုန်းသည် (၉) တန်းထိ ပညာသင်ကြားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဒေါ်စန်းနုနှင့် လက်ထပ်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မရမ်းကုန်းမြို့နယ် ပြည်သူ့ကောင်စီဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁၉) ဖြင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်းကြေညာခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက် အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါ စာအမှတ် – ဝ၄၁/စည်း (စည်းရုံး)/၉၉ ဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်နေ့တွင် ကွယ်လွန်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၁၉)**
**(၁၃၆၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်)**
**(၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)**

**အကြောင်းအရာ ။ ။ ဦးထွန်းအုံးအား ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ အဖြစ် မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးထွန်းအုံးက မိမိသည် ယခုအခါ တာဝန်ကိုထမ်းဆောင်နိုင်ခြင်းမရှိတော့ပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးထွန်းအုံး၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးထွန်းအုံးအား ယနေ့မှစ၍ ဒဂုံမြို့သစ်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**ရဟန်းဒါယကာကြီး**
**ဦးထွန်းအုန်း အသက် (၆၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်နေ (ဦးမောင်ပု–ဒေါ်ဝက်) တို့၏ သား၊ အမှတ် ၂၁၄ (E)၊ မစိုးရိမ်ကျောင်းလမ်း၊ ကိုးမိုင်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်စန်းနု၏ ခင်ပွန်း၊ မကေခိုင်ထွန်း၊ မောင်ဇော်မင်းခိုင်တို့၏ မွေးသဖခင်၊ ဦးစိုးဝင်း–ဒေါ်သိန်းဝင်း၊ ဦးစံငွေ–ဒေါ်မြင့်စိန်၊ ဦးလှရွှေ–ဒေါ်မြင့်မြင့်စန်း၊ ဦးခင်ညို–ဒေါ်နိုင်နိုင်ဝင်းတို့၏ အကိုကြီး ဦးထွန်းအုန်းသည် (၁၈–၇–၂၀၀၂) ရက်တွင် ကွယ်လွန်သွားပါ၍ (၂၀–၇–၂၀၀၂) (စနေနေ့) ညနေ (၃) နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**၂၅။ ဒလမြို့နယ်မဲဆန္ဒနယ်။**

**ဦးစိန်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးစိန်ဝင်းသည် ဒလမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၄၁၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၃ . ၄၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ မိတ္ထီလာမြို့ ဇာတိဖြစ်သည်။ ၁၉၅၃ ခုနှစ်၊ မေလ (၁၃) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးညွန့်၊ အမိ ဒေါ်လှကြည်တို့၏သား ဖြစ်သည်။ ဦးစိန်ဝင်းသည် မိတ္ထီလာမြို့ အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်၍ ၁၉၇၅ ခုနှစ်တွင် မကွေးကောလိပ်မှ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ကီလီဈေးပွဲရုံလုပ်ငန်း၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဘူမိသတ္တုဦးစီးဌာန ခာတ်ခွဲခန်းမှူး၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကီလီဈေးပွဲရုံလုပ်ငန်း၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ကီလီဈေးသမဂ္ဂအတွင်းရေးမှူး၊ ကျောင်းသား လူပ်ရှားမှုကြီးကြပ်ရေးကော်မတီ ရိက္ခာအဖွဲ့မှူး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တိုင်းစည်းအဖွဲ့ဝင် အဖြစ်တာဝန်ယူခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါ စာအမှတ် – ဝ၄၁/စည်း (စည်းရုံး)/၉၉ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၄၃၉)**
**(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၉ ရက်)**

**အကြောင်းအရာ ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ ဒလမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၃၆,၈၁၃) ဦးအနက် (၂၇,၁၄၈) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့်ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၂၄,၂၈၉) မဲရရှိခဲ့ပါသည်။ ယင်းခိုင်လုံ

သော ဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည်။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဒေါ်ခင်သီတာ (ခ) မကတူး | ဒီမိုကရက်တစ်လူ့အခွင့်အရေး ပါတီ။ | ၂၉၃ | ၁ . ၂၀ |
| (ခ) | ဦးစိန်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၄၁၇ | ၆၄ . ၄၇ |
| (ဂ) | ဦးတင်ဝင်း | တိုင်းရင်းသားစည်းလုံး ညီညွတ် ရေးပါတီ။ | ၇၅၂၀ | ၃၀ . ၉၆ |
| (ဃ) | ဦးဗလဝမ်းကေကရေး (ခ) ဦးမင်းစိန် | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အဖွဲ့ ချုပ် (ဒီ/ငြိမ်း) | ၃၁၀ | ၁ . ၂၈ |
| (င) | ဦးမိုးညွန့် | ပြည်ထောင်စုအမျိုးသားများဒီမို ကရေစီပါတီ။ | ၂၆၈ | ၁ . ၁ |
| (စ) | ဦးမြင့်ဆွေ | တသီးပုဂ္ဂလ | ၁၆၃ | ၀ . ၆၇ |
| (ဆ) | ဒေါ်မြင့်မြင့်ရီ | မြန်မာနိုင်ငံဒီမိုကရက်တစ် ပြည်သူ့အင်အားအဖွဲ့ချုပ် | ၄၁ | ၀ . ၇၁ |
| (ဇ) | ဦးလှမျိုး | အလုပ်သမားညီညွတ်ရေးသမဂ္ဂ များအဖွဲ့ချုပ် (ပြည်ထောင်စု မြန်မာနိုင်ငံ) | ၁၄၄ | ၀ . ၅၉ |
| (ဈ) | ဦးသိန်းလွင် | ဒီမိုကရေစီပါတီ | ၁၃၃ | ၀ . ၅၅ |

၂။ သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (ခ) ပါ ခိုင်လုံသော ဆန္ဒမဲအများဆုံးရရှိသည့် ဦးစိန်ဝင်းသည် ရန်ကုန်တိုင်း၊ ဒလမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**ဦးစိန်ဝင်း (၄၉) နှစ်**

B.Sc. (Chemistry)

**(မကွေးကောလိပ်–၁၉၇၅)**

**(မိတ္ထီလာ)**

ရန်ကုန်မြို့နေ (ဦးညွန့်)–ဒေါ်လှကြည်တို့၏သားကြီး၊ ဦးအောင်ကိုး–ငြိမ်း–အထက (၃) ဗိုလ်တထောင် ကျောင်းအုပ်ကြီး–ဒေါ်နှင်းရီတို့၏ သားသမက်၊ ဗိုလ်ကြီးကျော်တင့် (ငြိမ်း) ၏ ညီ၊ ဦးနေဝင်း–ဒေါ်ခင်မကြီး၊ ဦးမျိုးဝင်း (P.M.G.)–ဒေါ်ကြည်ကြည်ဝင်း(အလက ၇၊ တောင်ဥက္ကလာ)၊ ဦးမိုးဟိန်း၊ ဦးသိန်းဇော် (ဗဟိုဘဏ်)–ဒေါ်ခင်မြင့်ကြည် (စိုက်ပျိုးရေး)၊ ဦးနေလင်းညွန့်–ဒေါ်ခင်ဝါဝါလင်းတို့၏ အကိုကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ် (၆၂)နေ ဒေါ်ခင်ဌေးမြင့် (အလက–၄၊ တောင်ဥက္ကလာ၊ ငြိမ်း)၏ ချစ်လှစွာ သောခင်ပွန်း၊ မောင်ထင်လင်းအောင် (ပနှစ် ပထဝီ၊ ဒဂုံတက္ကသိုလ်) ၏ ဖခင်ကြီးသည် (၂၃–၈–၂၀၀၁) ရက်တွင် ကွယ်လွန်သွားပါသဖြင့် (၂၅–၈–၂၀၀၁) ရက်(စနေနေ့) ညနေ (၃) နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**၂၆။ ဒေါပုံမြို့နယ်မဲဆန္ဒနယ်။**

**ဦးမြမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးမြမောင်သည် ဒေါပုံမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင် ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၃၇၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၄ . ၄၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ဝမ်းတွင်းမြို့နယ်၊ တမာကုန်းကျေးရွာဇာတိဖြစ်သည်။ အဖ ဦးဘိုးတင်၊ အမိ ဒေါ်ဆိုင်တို့မှ ၁၉၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမြမောင်သည် ဗမာ့လွတ်ရေးတပ်မတော် (ဘီအိုင်အေ) ဖွဲ့စည်းသည်မှ ဖျက်သိမ်းသည်အထိ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်လင်းယုန်တပ်တွင် ပါဝင်တော်လှန်ခဲ့သည်။ လွတ်လပ် ရေးမော်ကွန်းဝင် (တတိယဆင့်) ရ၍ သတ္တမတန်းအထိ ကျောင်းပညာသင်ကြားခဲ့သည်။

**၂၇။ ပုဇွန်တောင်မြို့နယ်မဲဆန္ဒနယ်။**

**ဦးနိုင်းနိုင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးနိုင်းနိုင်းသည် ပုဇွန်တောင်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၁၀၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၉ . ၃၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ကျိုက်ထိုမြို့ဇာတိ ဖြစ်သည်။ ဦးစောဘသိန်း၏သားဖြစ်သည်။ ၁၉၄၂ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့ဖွား ဖြစ်သည်။ ဦးနိုင်းနိုင်းသည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် စီးပွားရေးတက္ကသိုလ်မှ အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲရေးပညာ (ဒီအမ်အေ) ဘွဲ့လွန်တို့အသီးသီးရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ မန်နေဂျာကုန်သွယ်ရေး၊ ၁၉၈၃ ခုနှစ်တွင် မိမိဆန္ဒအလျောက်အလုပ်မှနုတ်ထွက်၍ ကျွမ်းကျင်မှု အသိပေးဝန်ထမ်းနှင့် အတိုင်ပင်ခံအဖြစ် ဆောင် ရွက်ခဲ့သည်။ ပုဇွန်တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂၂ (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) (ည) နှင့် ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့်

ရွေးကောက်ပွဲများ၌ ပါဝင်ခွင့်ကို လည်းပိတ်ပင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၃) ရက်နှင့် (၁၄) ရက်နေ့များတွင် ဦးစောနိုင်းနိုင်း၊ ရန်ကုန်တိုင်း စည်းရုံးရေးအဖွဲ့ဝင် ဦးစိုးဟန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဌာနချုပ်ရုံးအဖွဲ့ဝင် ဦးထွန်းမြင့်၊ ဗဟန်းမြို့နယ် စည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့် (ကဗျာဆရာ–ဖျာပုံ နီလုံဦး)၊ ဒုတိယဥက္ကဋ္ဌ ဦးစိုး၊ ကွမ်းခြံကုန်းမြို့နယ်စည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိန်အောင်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးထိန်ဝင်း၊ ဦးစိန်ဌေး၊ အတွင်းရေးမှူး ဦးဇော်ဦး၊ ဘဏ္ဍာရေးမှူး ဦးစန်းမြိုင်၊ စည်းအဖွဲ့ဝင် ဦးတင် ညွှန့်တို့အား အာဏာပိုင်များမှ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဦးစောနိုင်းနိုင်းနှင့် (၅) ဦးအား အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်များ၏သဘောထားကြေညာချက်ရေးသားမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် (၂၁) နှစ်စီ ချမှတ်ခဲ့ သည်။

**ဦးအေးကြူ (ခ) မုံရွာအောင်ရှင်၊ ဦးအောင်မြင့်၊ ဦးစိုးဟန်၊ ဦးထွန်းမြင့်၊ ဦးစောနိုင်းနိုင်း (ခ) ဦးနိုင်းနိုင်း၊ ဦးစိန်ထွန်းကျော်တို့(၅) ဦး ဝိုင်းဝန်းရေးသားသည့် ကြေညာချက်။**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊**
**အဖွဲ့ဝင်များ၏သဘောထားကြေညာချက်။**

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားဝင်ရပ်တည်လျှက်ရှိသောနိုင်ငံရေးပါတီဖြစ်သည်။ သို့အတွက် တရားဝင်သောပါတီစည်းရုံးရေးလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ရှိပြီးဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်၏ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်၏ ပါတီစည်းရုံးရေးလုပ်ငန်းဆောင်ရွက်ချက်များ ကြောင့် မည်သည့်အခါ၊ မည်သည့်နေရာတွင်မျှ တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ ရပ်ရွာအေးချမ်း တည်ငြိမ်ရေးကိုလည်းကောင်း အနှောင့်အယှက်ဖြစ်ခဲ့ခြင်းမရှိပေ။ ဤအချက်များသည် မည်သူမျှ မငြင်းပယ် နိုင်သောအချက်များ ဖြစ်သည်။

၂။ ဤမှန်ကန်ချက်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့်လည်း သိရှိပြီးဖြစ် သည်။ သို့ပါလျက် ရန်ကုန်တိုင်းအတွင်းရှိ ကွမ်းခြံကုန်းမြို့နှင့် ကော့မှူးမြို့များသို့သွားသော ဒေါ်အောင်ဆန်း စုကြည်၏ တရားဝင်စည်းရုံးရေးခရီးစဉ်ကို ယုတ္တိမတန်သောအကြောင်းပြချက်များဖြင့် ဥပဒေမဲ့၊ ဟန့်တား ပိတ်ဆို့ထားယုံမျှမက အင်အားသုံး၍နေအိမ်သို့ပြန်ပို့ပြီး အဖွဲ့ချုပ်၏ဥက္ကဋ္ဌ အပါအဝင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အားလုံး တို့အား နေအိမ်အသီးသီးတွင်တားဆီးပိတ်ဆို့ထားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဌာနချုပ်ရုံးကိုလည်း ညအချိန်မတော်တွင် ဝင်ရောက်စီးနင်း၍ အဖွဲ့ချုပ်၏ တရားဝင်စာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများကို ဥပဒေမဲ့ သိမ်းဆည်းသွားသည်။ ဤဥပဒေမဲ့လုပ်ရပ်များကို အဖွဲ့ချုပ်အဖွဲ့ဝင်များက ပြင်း ထန်စွာကန့်ကွက်ရှုတ်ချလိုက်သည်။ ဤသို့ ဥပဒေမဲ့လုပ်ဆောင်ခြင်းဖြင့် အဖွဲ့ချုပ်၏ တရားဝင်ရပ်တည်မှု နှင့် အဖွဲ့ချုပ်ဝင်များ၏သွေးစည်းညီညွတ်မှု အင်အားကိုလည်းကောင်း၊ ပြည်သူလူထု၏ ထောက်ခံမှုကိုလည်း ကောင်း၊ ချိနဲ့အားနည်းအောင် ပြုလုပ်နိုင်မည်မဟုတ်ပေ။

၃။ ယင်းလုပ်ရပ်အားလုံးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုယ်တိုင်က တရားဥပဒေ

စိုးမိုးရေးကို ဖျက်ဆီးလိုက်ခြင်းဖြစ်သည်ကိုလည်း မည်သူမျှ ငြင်းပယ်လိမ့်မည်မဟုတ်ပေ။ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီကိုယ်တိုင်က ယင်းကဲ့သို့ ဥပဒေမဲ့ပြုမူဆောင်ရွက်ချက်များကြောင့် နိုင်ငံတော်တွင်ကြုံတွေ့နေရသော အထွေထွေပြဿနာများ၊ အကျပ်အတည်းများ ပြေပျောက်သွားခြင်း မရှိယုံမျှမက၊ ပို၍ပို၍သာဆိုးရွားလာပြီး နောက်ဆုံး၌ ထိန်းမနိုင်၊ သိမ်းမရဖြစ်လာနိုင်ဘွယ်ရာသာရှိသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အစဉ်ကြွေးကြော်နေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်ရေးသည်လည်း မည်သို့မျှဖြစ်ပေါ်လာနိုင်မည် မဟုတ်ပေ။ ထို့ပြင် ယဉ်ကျေးသိမ်မွေ့၍ အသိတရားမြင့်မားသောနိုင်ငံများတွင် ဖြစ်ပေါ်လေ့ရှိသည့် နိုင်ငံရေးစနစ် ငြိမ်းချမ်းစွာအသွင်ကူးပြောင်းမှုမျိုးကိုလည်း ဖေါ်ဆောင်နိုင်မည်မဟုတ်ပေ။

၄။ အကယ်စင်စစ်အားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်တည်ရှိနေခြင်းသည် တိုင်းပြည်တွင် နိုင်ငံရေးအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကိုလျော့ပါးစေပေသည်။ တိုင်းရင်းသားသွေးစည်းညီညွတ်မှုပိုမိုခိုင်မာရေး အလားအလာကောင်းများကိုဖြစ်ပေါ်စေသည့်အပြင် တောင်သူလယ်သမား၊ အလုပ်သမား၊ ပြည်သူအများနှင့်ကျောင်းသားလူငယ်များတို့၏ မျှော်လင့်ချက်များပြည့်ဝစေမည့် အင်အားပင်ဖြစ်သည်။ သို့ပါ၍ အဖွဲ့ချုပ်ခေါင်းဆောင်များအားလုံးကို လွတ်လပ်စွာလှုပ်ရှားသွားလာနိုင်ရေးအတွက် ဟန့်တားပိတ်ပင်မှုများကို ချက်ခြင်းရုပ်သိမ်းပေးရန်၊ အဖွဲ့ချုပ်ဌာနချုပ်ရုံးကိုပြန်လည်ဖွင့်လှစ်ပြီး တရားဝင်နိုင်ငံရေးပါတီတခု၏ လွတ်လပ်ခွင့် များ၊ လုပ်ပိုင်ခွင့်များကိုအပြည့်အဝပေးရန် လေးနက်စွာ တောင်းဆိုလိုက်သည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ။**
**၁၃၆၂ ခုနှစ်၊ တော်သလင်းလပြည့်နေ့**
**၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၂) ရက်။**

**ကြေညာချက်ရေးသားသူများအား ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) အရ ထောင် (၇) နှစ် ချလိုက်သည့် တရားရုံးအမှုတွဲ။**

**စီရင်ချက်ပုံစံ**
**ရာဇဝတ်တရားသူကြီးရုံးတော်၌**
**၂၀၀၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့။**
**၂၀၀၀ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် – ၂၃**

**ဒုရဲမှူး လှမြင့်**
**တရားလို**
**နှင့်**
**ဦးအေးကြူ (ခ) မုံရွာအောင်ရှင် ပါ – ၅**
**တရားခံ**
**၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) အရ စွဲဆိုမှု။**
**စီရင်ချက်**

အမှုမှာ ဦးအေးကြူ (ခ) မုံရွာအောင်ရှင်၊ ဦးအောင်မြင့်၊ ဦးစိုးဟန်၊ ဦးထွန်းမြင့်၊ ဦးစောနိုင်းနိုင်း (ခ) ဦးနိုင်း

နိုင်းနှင့် အမှုမှထွက်ပြေးတိမ်းရှောင်နေသူ အင်န်အယ်လ်ဒီပါတီ ရောဝတီတိုင်း၊ ဒုဥက္ကဋ္ဌ ဦးစိန်ထွန်းကျော် တို့သည် (၁၀-၉-၂၀၀၀) ရက်နေ့နှင့် (၁၂-၉-၂၀၀၀) ရက်နေ့တွင် ဦးစောနိုင်းနိုင်း (ခ) ဦးနိုင်းနိုင်း၏ နေအိမ် ခန်းတွင် စုဝေးတွေ့ဆုံ၍ ဒေါ်စုကြည်နှင့်စီအီးစီအဖွဲ့ဝင်များ နေအိမ်တွင်သွားလာလှုပ်ရှားမှု ကန့်သတ်ထားမှုကို အမြန်လွှတ်ပေးရန်၊ ဌာနချုပ်ရုံးနှင့် တိုင်းရုံးပိတ်ထားခြင်းကို ပြန်ဖွင့်ပေးရန်၊ အစိုးရ၊ အင်န်အယ်လ်ဒီနှင့် တိုင်းရင်းသားအဖွဲ့ဝင်များပါသော (၃) ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို အမြန်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေမဲ့လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချရန် စသည်တို့ပါဝင်သော (၁၂-၉-၂၀၀၀) ရက်နေ့စွဲပါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၏ သဘောထားကြေညာချက်ကို ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးခြင်း၊ ရေးသားခြင်း၊ ကွန်ပျူတာရိုက်နှိပ်ခြင်း၊ အမေရိကန်သံရုံးမှတဆင့် ဗွီအိုအေအသံလွှင့်ဌာနသို့ ပေးပို့ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့ (၆) ဦးအပေါ် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) ဖြင့် အရေးယူပေးပါရန် သတင်းတပ်ဖွဲ့မှ ဒုရဲမှူးဦးလှမြင့်က သက်သေခံ (က) ဖြင့် ဗဟန်းရဲစခန်းတွင်တိုင်တန်းရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

အမှုတွင် ဒုရဲမှူးဦးလှမြင့် (လိုပြ-၁)၊ ရဲအုပ်ဇော်မင်း (လိုပြ-၂)၊ ဦးကျော်စိုး၊ ဦးတင်ထွဋ် (လိုပြ-၃ နှင့် ၄) နှင့် ရဲအုပ်ကျော်ကျော်လှိုင် (လိုပြ-၅) တို့ကို စစ်ဆေးခဲ့သည်။ ၎င်းတို့က တိုင်ချက်ကို သက်သေခံ (က) နှင့် တိုင်ချက်မိတ္တူကို သက်သေခံ (က-၁) အဖြစ်လည်းကောင်း၊ အင်န်အယ်လ်ဒီပါတီဝင်များ၏ သဘောထားကြေငြာချက်ကို မူရင်းစာမူနှင့်ကွန်ပျူတာ ရိုက်နှိပ်ပြီးစာမူတို့ကို သက်သေခံ (ခ) နှင့် (ခ-၂) တို့အရ ရှာဖွေပုံစံကို သက်သေခံ (ဂ) အဖြစ်၎င်း၊ ဦးအောင်ရှင်တို့က အမျိုးသားထောက်လှမ်းရေးအဖွဲ့ထံတွင် အစစ်ခံချက်များကို သက်သေခံ (ဃ) မှ (ဈ) ထိလည်းကောင်း တင်ပြကြသည်။

ဒုရဲမှူးဦးလှမြင့် (လိုပြ-၁)၊ ရဲအုပ်ဇော်မင်း (လိုပြ-၂)၊ ရှာဖွေပုံစံသက်သေ ရန်ကင်းရယက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဦးကျော်စိုး (လိုပြ-၃) နှင့် ဦးတင်ထွဋ်၊ အမှုစစ်အရာရှိရဲအုပ်ကျော်ကျော်လှိုင် (လိုပြ-၅)တို့က ဦးအောင်ရှင်တည်းခိုခဲ့သည့် သာကေတ၊ ထန်းတောပရိယတ္တိစာသင်တိုက်သို့တက်ရောက်ရှာဖွေရာ အမျိုးသားဒီမိုကရေစီ အဖွဲ့ဝင်များ၏ သဘောထားကြေငြာချက်တစောင်နှင့် ကွန်ပျူတာရိုက်နှိပ်ထားသော ကြေငြာချက် (၅) စောင်ကိုတွေ့ရှိသည့်အတွက် သက်သေလူကြီးများရှေ့တွင်ပင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း၊ ထို့ပြင် ၎င်းတို့သည် အဆိုပါသဘောထားကြေငြာချက်ကို ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးခြင်း၊ ရေးသားခြင်း၊ ကွန်ပျူတာရိုက်နှိပ်ခြင်းတို့ ပြုလုပ်ပါသည်ဟူ၍ အမျိုးသားထောက်လှမ်းရေးအဖွဲ့ထံတွင် အစစ်ခံခဲ့ကြကြောင်း၊ ထိုစစ်ကြောချက်များကို သက်သေခံ (ဃ) မှ ( ) တို့ ဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုခဲ့ကြသည်။

တရားလိုပြသက်သေများနှင့် ၎င်းတို့တင်ပြသောသက်သေခံစာရွက်စာတမ်းများအရ တရားခံ ဦးအေးကြူ (ခ) မုံရွာအောင်ရှင်၊ ဦးအောင်မြင့်၊ ဦးစိုးဟန်၊ ဦးထွန်းမြင့်၊ ဦးစောနိုင်းနိုင်း (ခ) ဦးနိုင်းနိုင်းတို့အပေါ်တွင် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) အရစွဲချက်တင်ရန် မြင်သာသော အထောက်အထားများရှိသည့်အတွက် ၎င်းတို့အပေါ်တင်သွင်းသည့် ဥပဒေပုဒ်မ ၅ (ည) ဖြင့် စွဲချက်တင်ခဲ့သည်။

ဤအမှုနှင့်ဆက်စပ်မှုရှိပြီး ပြစ်မှုသေးအမှတ် - ၃၀/၂၀၀၀ မှ ထွက်ပြေးနေသူ ဦးစိန်ထွန်းကျော်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ - ၈၇/၈၈ အရ ဆောင်ရွက်မည်ဖြစ်သည်။

စစ်ဆေးပြီးခဲ့သောတရားလိုပြသက်သေများအနက်မှ အမှုစစ်အရာရှိ ဦးကျော်ကျော်လှိုင်ကို ပြန်ခေါ် သက်သေအဖြစ် စစ်ဆေးခဲ့ကြသည်။ ဦးကျော်ကျော်လှိုင်က တရားခံများသည် အဆိုပါ သဘောထားကြေညာချက်ကို ဗိုလ်ချုပ်မှူးကြီးထံသို့ပေးပို့ရန် ရည်ရွယ်ခဲ့သည်ဆိုလျှင်မဟုတ်ကြောင်း၊ အဆိုပါသဘောထား ကြေညာချက်တွင် ပြည်သူလူထုကို ဆူပူအုံကြွမှုဖြစ်စေရန်ရည်ရွယ်သည့် စကားလုံးအသုံးအနှုန်းမပါရှိဟုဆိုလျှင် မဟုတ်

ကြောင်း စသည်ဖြင့် ဖြေဆိုခဲ့သည်။

တရားခံ ဦးအေးကြူက မိမိသည် အဖွဲ့ဝင်များ၏တာဝန်ပေးချက်အရ သဘောထားကြေညာစာတမ်း မူကြမ်းကိုရေးသားပြီး အဖွဲ့ဝင်များကိုဖတ်စေခဲ့ကြောင်း၊ စာချောရေးသားရန်တာဝန်ပေးသည့်အတွက် စာချော ရေးပြီး နိုင်ငံတော်အကြီးအကဲထံပေးပို့ရမည့်စာဖြစ်သည့်အတွက် ကွန်ပျူတာရိုက်နှိပ်ခိုင်းခဲ့ကြောင်း၊ မိမိတည်းခိုရာ သာကေတ ထန်းတောပရိယတ္တိကျောင်းတွင်ထားခဲ့ကြောင်း၊ ဆူပူလှုံ့ဆော်သည့်စကားလုံးများ မပါကြောင်း၊ အမေရိကန်သံရုံးသို့ သွားပေးခဲ့ခြင်းလည်းမရှိကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

ဦးအောင်မြင့်ကလည်း မိမိတို့အဖွဲ့ချုပ်လူကြီးများ၏ သွားလာမှုချုပ်ချယ်ကန့်သတ်ထားခြင်းကိစ္စ၊ ဌာနချုပ်ရုံးနှင့် တိုင်းရုံးများပိတ်ထားသည့်ကိစ္စနှင့်ပတ်သက်၍ လူငယ်များသည် မိမိတို့အဖွဲ့ဝင်တဦး အသုဘ အိမ်တွင်၎င်း၊ ဦးစိုးဟန်၏ဇနီး လပြည့်ဆွမ်းကျွေးသည့်နေ့တွင်၎င်း၊ လူငယ်များ မကျေမနပ်ပြောဆိုဝေဖန်ကြ ကြောင်း၊ မလိုလားအပ်သောပြဿနာများဖြစ်ပေါ်မည်စိုးသည့်အတွက် အဖွဲ့ဝင်များနှင့်တိုင်ပင်ပြီး တရားဝင်အဖွဲ့ အစည်းဖြစ်သည့် မိမိတို့ပါတီဝင်များအနေဖြင့် နိုင်ငံတော်အကြီးအကဲထံတွင် တင်ပြရန်ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့ ကြခြင်းဖြစ်ကြောင်း စသည်ဖြင့်ထွက်ဆိုသည်။

တရားခံဦးစိုးဟန်မှာ တရားရုံးချုပ်ရှေ့နေဖြစ်သည်။ ၎င်း၏တိုင်ချက်နှင့် တရားလိုပြသက်သေများ၏ ထွက်ချက်များသည် (၁၀–၉–၂၀၀၀) နေ့က မိမိပါဝင်ဆွေးနွေးခဲ့သည်ဟု ပါရှိသော်လည်း မဟုတ်ကြောင်း၊ အဖွဲ့ဝင် ဦးထွန်းမြင့်၏ အကြောင်းကြားစာအရ လူငယ်များကို ဖြောင့်ဖျဆွေးနွေးပေးရန်ပြောသည့်အတွက် (၁၂–၉–၂၀၀၀) ရက်နေ့တွင် ဦးနိုင်းနိုင်းအိမ်သို့လာခဲ့ကြောင်း၊ မိမိသည် နောက်ဆုံးမှရောက်ရှိခြင်းဖြစ်ကြောင်း၊ စာတမ်းကို ဦးအေးကြူက ဖတ်ကြားကြောင်း၊ မိမိက ဥပဒေနှင့်ဆန့်ကျင်သည့်စကားလုံးများ မပါဝင်စေရန် ပြောကြားပြီးပြန်ခဲ့ ကြောင်း၊ နောက်ပိုင်းတွင် ကွန်ပျူတာရိုက်သည့်ကိစ္စများကို မိမိမသိကြောင်းထွက်ဆိုသည်။

အဖွဲ့ဝင် ဦးထွန်းမြင့်က မိမိထံအကြောင်းကြားသည့်စာသည် အိမ်တွင်ရှိပါကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ၉၄ အရ ရှာဖွေဝရမ်းထုတ်သင့်ပြီး၊ သိမ်းဆည်းသင့်ပါကြောင်း တင်ပြသည်။ ၎င်းသည် (၁၀–၉–၂၀၀၀) ရက်နေ့က ဆွေးနွေးရာတွင် ပါဝင်ခြင်းမရှိသည့်တိုင်အောင် (၁၂–၉–၂၀၀၀) ရက်နေ့က ဦးနိုင်းနိုင်းအိမ်သို့ ရောက်ရှိခဲ့ကြောင်း ၎င်း၏ထွက်ဆိုချက်အရ ပေါ်ပေါက်သည့်အတွက် အဆိုပါစာကို ရှာဖွေသိမ်းဆည်းရန် မလိုအပ်ပေ။

တရားခံဦးထွန်းမြင့်က အဖွဲ့ချုပ်အဖွဲ့ဝင်လူကြီးမင်းများ သွားလာချုပ်ချယ်သည့်ကိစ္စ၊ တိုင်းရုံးနှင့်ဌာန ချုပ်ရုံးများ ပိတ်ထားသည့်ကိစ္စတို့အပေါ် လူငယ်များမကျေမနပ်ဖြစ်ပွားမှုကို ငြိမ်သက်သွားစေရန်အလို့ငှာ မိမိတို့အချင်းချင်းတိုင်ပင်ပြီး ကြေညာချက်တစောင်ကိုရေးသားပြီး၊ ဗိုလ်ချုပ်မှူးကြီးထံတင်ပြရန် ရည်ရွယ်ခြင်းသာ ဖြစ်ကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေလိုသည့်ရည်ရွယ်ချက်မရှိကြောင်း စသည်ဖြင့်ထွက်ဆိုသည်။

တရားခံဦးစောနိုင်းနိုင်း (ခ) ဦးနိုင်းနိုင်းမှ မိမိအိမ်တွင်လာရောက် ဆွေးနွေးကြသည်မှာ မှန်ကန်ပါ ကြောင်း၊ အဖွဲ့ချုပ်အဖွဲ့ဝင်လူကြီးများကန့်သတ်ခြင်းကိစ္စ၊ တိုင်းရုံးနှင့်ဌာနချုပ်ရုံး ပိတ်ထားသည့်ကိစ္စကို အဖွဲ့ဝင် လူငယ်များ မကျေမနပ်ဖြစ်သည်ကို မလိုလားအပ်သောပြဿနာမဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ကြေညာချက် ရေးသားပြီးတင်ပြရန် ရည်ရွယ်ပါကြောင်း၊ ကွန်ပျူတာရိုက်နှိပ်ခြင်းမှာ မိမိမသိကြောင်းထွက်ဆိုသည်။

တရားခံများသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့နှင့် မိမိတို့ပြစ်မှုကျူးလွန်ခဲ့သည်များကို ထုတ်ဖော်ဝန်ခံ ပြောဆိုကြောင်း စစ်ကြောချက်များရှိနေကြောင်းတွေ့ရသည်။ သက်သေခံဥပဒေပုဒ်မ ၂၄ တွင် ဖော်ပြထားသော သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့ပြုလုပ်ကြောင်းပေါ်လွင်ထင်ရှားခြင်းမရှိသည့် ထောက်လှမ်းရေးအဖွဲ့ဝင်ထံပေးခဲ့သောစစ်ကြောချက်များကို လက်ခံနိုင်စရာအကြောင်းမရှိချေဟူ၍ **ပြည်ထောင် စု မြန်မာနိုင်ငံတော်နှင့် ဦးရဲနောင်ပါ–၂ အမှု** တွင် ထုံးဖွဲ့ထားသည်။

ယခုအမှုသည်တရားခံများက သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့ပြုလုပ်ကြောင်း ပေါ်လွင် ထင်ရှားခြင်းမရှိပေ။ ထို့ကြောင့် ၎င်းတို့က တပ်မတော်ထောက်လှမ်းရေးထံပေးခဲ့သော စစ်ကြောချက်များသည် လက်မခံနိုင်စရာအကြောင်းမရှိပေ။ အဆိုပါစစ်ကြောချက်များမှာ သက်သေခံ (ဃ) မှ ( ) ထိ ဖြစ်သည်။

ယင်းစစ်ဆေးချက်များနှင့် တရားလိုပြသက်သေများ၏အစစ်ခံချက်များပေါင်းစပ်လျှင်အမျိုးသားဒီမိုကရေစီအဖွဲ့မှ ဦးအေးကြူ၊ ဦးအောင်မြင့်၊ ဦးစိုးဟန်၊ ဦးထွန်းမြင့်၊ ဦးစောနိုင်းနိုင်း (ခ) ဦးနိုင်းနိုင်းနှင့် ထွက်ပြေးတိမ်းရှောင်နေသူ ဦးစိန်ထွန်းကျော်တို့သည် ဦးစိုးဟန်မှအစ (၁၀–၉–၂၀၀၀) နေ့တွင်၎င်း၊ (၁၂–၉–၂၀၀၀) နေ့တွင်၎င်း၊ ၎င်းတို့အားလုံး ဦးစောနိုင်းနိုင်းအိမ်တွင်စုဝေးတွေ့ဆုံ၍ ဒေါ်စုကြည်နှင့် စီအီးစီအဖွဲ့ဝင်များ နေအိမ်တွင် သွားလာလှုပ်ရှားမှု ကန့်သတ်ထားခြင်းကိစ္စကို အမြန်လွှတ်ပေးရန်၊ ဌာနချုပ်ရုံးနှင့် တိုင်းရုံးပိတ်ထားခြင်းကို ပြန်ဖွင့်ပေးရန်၊ အစိုးရ၊ အင်န်အယ်လ်ဒီနှင့် တိုင်းရင်းသားအဖွဲ့ဝင်များပါဝင်သော သုံးပွင့်ဆိုင်ဆွေးနွေးရေးကို အမြန်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အေးချမ်း သာယာရေးဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေမဲ့လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချရန်ပါသည်။ (၁၂–၉–၂၀၀၀) နေ့စွဲပါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၏သဘောထားကြေညာချက် သက်သေခံ (ခ–၁) နှင့် (ခ–၂) တို့ကို ဝိုင်းဝန်းတိုင်ပင် ဆွေးနွေးခြင်း၊ ရေးသားခြင်း၊ ကွန်ပျူတာရိုက်နှိပ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြကြောင်း ပေါ်ပေါက်သည်။ ဦးအောင်ရှင်တို့က အဆိုပါကြေညာချက်ကို နိုင်ငံတော်အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးထံတင်ပြရန် ရည်ရွယ်ချက်ဖြင့် ရေးသားသည့်သဘောမျိုး ထုချေသော်လည်း အဆိုပါရေးသားသည့်စာအရလည်း ဗိုလ်ချုပ်မှူးကြီးထံ အသိပေးတင်ပြသည့်သဘောမျိုး ရေးသားထားခြင်းမဟုတ်ဘဲ၊ ပြည်ထောင်စုလုံခြုံရေးကိုလည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်စေသည့် အသုံးအနှုန်းများလည်း ပါဝင်ကြောင်းလည်းတွေ့ရှိရသည်။

သို့ဖြစ်၍ ၎င်းတို့သည် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) ပါ ပြစ်မှုကိုကျူးလွန်သည်ဟု ဆိုရမည်ဖြစ်ပေသည်။

### “ အမိန့် ”

ဦးအောင်ရှင် (ခ) ဦးအေးကြူ (ဘ) ဦးဘိုးဝင်း၊ ဦးအောင်မြင့် (ခ) ဖျာပုံနီလုံဦး (ဘ) ဦးဘန်ဒု၊ ဦးစိုးဟန် (ဘ) ဦးဘရှိန်၊ ဦးထွန်းမြင့် (ဘ) ဦးကြည်မောင်၊ ဦးစောနိုင်းနိုင်း (ခ) နိုင်းနိုင်း (ဘ) ဦးစောဘသိန်းတို့သည် ၁၉၅၀ ခုနှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) အရ အပြစ်ရှိသဖြင့် အလုပ်နှင့်ထောင် (၇) နှစ်စီကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ထောင်ဒဏ်မှ ချုပ်ရက်များကို ထုတ်နုတ်ခံစားစေ။

ပုံ/×××<br>(ဘကျော်)<br>တွဲဖက် တိုင်းတရား သူကြီး (၄)<br>ရန်ကုန်တိုင်း၊ တရားရုံး။

**၁။ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ – ၆၃**

**ကြေညာချက်ရေးသားသူများအား ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ ပုဒ်မ (၁၇) နှင့် ပုဒ်မ (၂၀) အရ စုစုပေါင်း ထောင် (၁၄) နှစ်ချလိုက်သည့် တရားရုံးအမှုတွဲ။**

**စီရင်ချက်ပုံစံ**

**ရာဇဝတ်တရားသူကြီးရုံးတော်၌**

**၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့**

**၂၀၀၀ ပြည့်နှစ်၊ ရာဇဝတ်မှုကြီးအမှတ် – ၂၄**

**ဒုရဲမှူး လှမြင့်**

**တရားလို**

**နှင့်**

**ဦးအေးကြူ (ခ) မုံရွာအောင်ရှင် ပါ – ၅**

**တရားခံ**

**၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ ပုဒ်မ – ၁၇/၂၀ အရ စွဲမှု။**

**စီရင်ချက်**

အမှုမှာ ဦးအေးကြူ (ခ) မုံရွာအောင်ရှင်၊ ဦးအောင်မြင့်၊ ဦးထွန်းမြင့်၊ ဦးစောနိုင်းနိုင်း (ခ) ဦးနိုင်းနိုင်းနှင့် ထွက်ပြေးတိမ်းရှောင်နေသူ အင်န်အယ်လ်ဒီပါတီ ရောဝတီတိုင်းစည်း ဒု–ဉက္ကဋ္ဌ ဦးစိန်ထွန်းကျော်တို့သည် (၁၀–၉–၂၀၀၀) နေ့နှင့် (၁၂–၉–၂၀၀၀) နေ့တို့တွင် ဦးနိုင်းနိုင်း၏နေအိမ်တွင်စုဝေးတွေ့ဆုံ၍ ဒေါ်စုကြည်နှင့် စီအီးစီအဖွဲ့ဝင်များ နေအိမ်တွင်သွားလာလှုပ်ရှားမှုကန့်သတ်ထားမှုကို အမြန်ပြန်လွှတ်ပေးရန်၊ ဌာနချုပ်ရုံးနှင့် တိုင်းရုံးပိတ်ထားမှုကို ဖွင့်ပေးရန်၊ အစိုးရ၊ အင်န်အယ်လ်ဒီနှင့် တိုင်းရင်းသားအဖွဲ့များပါသော (၃) ပွင့်ဆိုင် ဆွေးနွေးရေးကို အမြန်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေမဲ့လုပ်ဆောင်ချက်များကို ရှုတ်ချရန် (၁၂–၉–၂၀၀၀) ရက်စွဲပါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ၏ သဘောထားကြေညာချက်ကို ဝိုင်းဝန်းတိုင်ပင်ခြင်း၊ ရေးသားခြင်း၊ ကွန်ပျူတာရိုက်နှိပ်ခြင်း၊ အမေရိကန်သံရုံးမှတဆင့် ဗွီအိုအေ အသံလွှင့်ဌာနသို့ အသံလွှင့်နိုင်ရန် သွားရောက်ပေးပို့ခြင်းများလုပ်ဆောင်ခဲ့ရာ ယင်းသို့ ရေးသားရိုက်နှိပ်ဖြန့်ဝေခဲ့ခြင်းများသည် သက်ဆိုင်ရာခွင့်ပြုချက်တစုံတရာမရှိဘဲ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည့်အတွက် ၎င်းတို့ (၆) ဦး အပေါ် ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ ပုဒ်မ – ၁၇/၂၀ ဖြင့် အမှုဖွင့်အရေးယူပေးပါရန် သတင်းတပ်ဖွဲ့မှ ဒု–ရဲမှူး ဦးလှမြင့်က တိုင်တန်းရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

အမှုတွင် ဒု–ရဲမှူး ဦးလှမြင့် (လိုပြ–၁)၊ ရဲအုပ်ဇော်မင်း (လိုပြ–၂)၊ ဦးကျော်စိုးနှင့်ဦးတင်ထွဋ် (လိုပြ–၃ နှင့် ၄ ) နှင့် အမှုစစ်အရာရှိ ရဲအုပ်ကျော်ကျော်လှိုင်တို့ကိုစစ်ဆေးခဲ့သည်။ တိုင်ချက်ကို သက်သေခံ (က) နှင့် (က–၁) တို့အရရင်း၊ ရှာဖွေပုံစံကို သက်သေခံ (ခ) အဖြစ်၎င်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ၏ သဘောထားကြေညာချက်ကို သက်သေခံ (ခ–၁) အရရင်း၊ အဆိုပါကြေညာချက်ကို ကွန်ပျူတာရိုက်နှိပ်ထားသည့် စာရွက်ကို သက်သေခံ (ခ–၂) အဖြစ်လည်းကောင်း၊ တင်ပြ၍လက်ခံသည်။ ထို့ပြင် ဦးအောင်ရှင်တို့ (၆) ဦးက ထောက်လှမ်းရေးအရာရှိထံတွင် ၎င်းတို့ပြစ်မှုကျူးလွန်မှုနှင့်ပတ်သက်၍ ထွက်ဆိုအစစ်ခံချက်များကို သက်သေခံ (ဂ) မှ (ဆ) အထိလည်းကောင်း လက်ခံခဲ့သည်။

ဒု–ရဲမှူး ဦးလှမြင့် (လိုပြ–၁)၊ ရဲအုပ်ဇော်မင်း (လိုပြ–၂)၊ ရန်ကင်းရယကဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အဖွဲ့ဝင် ဦးတင်ထွဋ် (လိုပြ–၃ နှင့် ၄ )နှင့် အမှုစစ်အရာရှိရဲအုပ်ကျော်ကျော်လှိုင်တို့က ဦးအေးကြူ (ခ) မုံရွာအောင်ရှင် တည်းခိုသည့် သာကေတ ထန်းတောပရိယတ္တိစာသင်တိုက်သို့ (၁၄–၉–၂၀၀၀) ရက်နေ့တွင် သွားရောက်ရှာဖွေ

သိမ်းဆည်းရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ၏ (၁၂-၉-၂၀၀၀) ရက်စွဲပါ သဘောထားကြေညာချက် လက်ရေးမူတစောင်နှင့် ကွန်ပျူတာရိုက်နှိပ်ထားသောစာရွက် (၁၅) ရွက်တို့ကို ဦးအောင်ရှင်ထံမှ သက်သေခံ (ခ) ရှာဖွေပုံစံဖြင့်သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါသဘောထား ကြေညာချက်သည် ၎င်းတို့ (၆) ဦး ဝိုင်းဝန်း တိုင်ပင်ဆွေးနွေးခြင်း၊ ရေးသားခြင်း၊ ကွန်ပျူတာရိုက်နှိပ်ခြင်း၊ အမေရိကန်သံရုံးမှတဆင့် ဗွီအိုအေအသံလွှင့်ဌာနသို့ အသံလွှင့်ထုတ်နိုင်ရန်ပေးပို့ခြင်းများလုပ်ဆောင်ခဲ့ကြောင်း၊ ယင်းသို့ ရေးသားရိုက်နှိပ်ဖြန့်ဝေပြုလုပ်မှုသည် သက်ဆိုင်ရာခွင့်ပြုချက် တစုံတစ်ရာမရှိဘဲ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်ဟု ထွက်ဆိုကြသည်။

ဦးအောင်ရှင်ပါ (၆) ဦးတို့က ထောက်လှမ်းရေးအရာရှိထံတွင် ၎င်းတို့ပြစ်မှုကျူးလွန်သည်ဟု ထွက်ဆို အစစ်ခံချက် စစ်ကြောချက်များတွင်လည်း ဖော်ပြထားသည်ကိုတွေ့ရှိရသည်။

တရားလိုပြသက်သေများ၏ထွက်ဆိုချက်များ၊ စာရွက်စာတမ်းအထောက်အထားများအရ တရားခံ များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ (၁၂-၉-၂၀၀၀) ရက်စွဲပါကြေညာချက်ကို ဝိုင်းဝန်းတိုင်ပင်ဆွေးနွေး ရေးသားခြင်း၊ ကွန်ပျူတာရိုက်နှိပ်ခြင်းများသည် သက်ဆိုင်ရာခွင့်ပြုချက်မရှိဘဲ လုပ်ဆောင်ကြောင်း မြင်သာသော သက်သေခံချက်များရှိသဖြင့် ဦးအောင်ရှင်ပါ (၆) ဦးတို့အပေါ်တွင် ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ပုဒ်မ – ၁၇/၂၀ အရရင်း၊ ပုဒ်မ (၂၀) အရလည်းကောင်း စွဲချက်တင်ခဲ့သည်။

ဦးအောင်ရှင်ပါ (၆) ဦးတို့က အပြစ်မရှိကြောင်းငြင်းပယ်ပြီး စစ်ဆေးပြီးသော တရားလိုပြသက်သေများ အနက် အမှုစစ်အရာရှိဦးကျော်ကျော်လှိုင်ကို ခေါ်ယူစစ်ဆေးရန်တင်ပြခဲ့သည်။

အမှုစစ်အရာရှိ ဦးကျော်ကျော်လှိုင်အား ပြန်လည်ခေါ်ယူစစ်ဆေးရာတွင် ၎င်းတို့သည် အဆိုပါ ကြေညာချက်အား ဆူပူမှုဖြစ်စေရန်ရေးသားခဲ့ခြင်းမဟုတ်ဟုဆိုလျှင်မမှန်ကြောင်း၊ ကွန်ပျူတာရိုက်နှိပ်သည့် ကိစ္စကို လည်း နိုင်ငံတော်အကြီးအကဲထံ ပေးပို့ရမည့်စာဖြစ်သည့်အတွက် ကွန်ပျူတာရိုက်နှိပ်ခြင်းဖြစ်ကြောင်း၊ သို့သော် လည်း ထိုကိစ္စကို မိမိတို့မသိကြောင်းမေးမြန်းချက်ကိုလည်း ဦးကျော်ကျော်လှိုင်က မမှန်ကြောင်းဖြေဆိုခဲ့သည်။

ဤအမှုနှင့်ဆက်စပ်မှုရှိသော ပြစ်မှုအထွေထွေ အမှတ် – ၃၁/၂၀၀၀ မှ ဦးစိန်ထွန်းကျော်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ – ၈၇/၈၈ အရ ဆက်လက်အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

တရားခံ ဦးအေးကြူ (ခ) မုံရွာအောင်ရှင်က အဆိုပါကြေညာချက်စာတမ်းကို အဖွဲ့ဝင်များ၏ တာဝန် ပေးချက် အရ မိမိကစာကြမ်းရေးသားပြီးတင်ပြခဲ့ကြောင်း၊ စာချောကို မိမိရေးကူးခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ မှူးကြီးသန်းရွှေထံပေးပို့ရန် ရည်ရွယ်သည့်အတွက် သပ်ရပ်ကောင်းမွန်စေရန် တဦးတယောက်အား ကွန်ပျူတာ ရိုက်နှိပ်စေခဲ့ကြောင်း၊ လုပ်သားပြည်သူများဆူပူမှုဖြစ်စေရန် ရည်ရွယ်သောစကားလုံးမပါကြောင်း၊ အဖွဲ့ချုပ် လူကြီးများ သွားလာလှုပ်ရှားမှုချုပ်ချယ်ထားမှုကိစ္စ၊ အဖွဲ့ချုပ်ရုံးနှင့် တိုင်းရုံးပိတ်ထားမှုအပေါ် လူငယ်တစုက မကျေမနပ်ဖြစ်၍ ဝေဖန်ဆွေးနွေးသည်ကို မိမိတို့ကြားရပါကြောင်း၊ မလိုလားအပ်သောပြဿနာများ မဖြစ်ပေါ်စေရန်အတွက် မိမိတို့အဖွဲ့ဝင်များတိုင်ပင်ကြပြီး ဗိုလ်ချုပ်မှူးကြီးထံတင်ပြရန်ရည်ရွယ်ပြီး ရေးသားခဲ့ခြင်းဖြစ်ကြောင်း ထုချေသည်။

တရားခံ ဦးအောင်မြင့်၊ ဦးစိုးဟန်၊ ဦးထွန်းမြင့်၊ ဦးနိုင်းနိုင်း (ခ) စောနိုင်းနိုင်းတို့က (၁၀-၉-၂၀၀၀) ရက်နေ့တွင် ဦးစိုးဟန်မှအပ တိုင်ပင်ခဲ့ကြကြောင်း၊ (၁၂-၉-၂၀၀၀) ရက်နေ့တွင် ဦးစိုးဟန်အပါအဝင် မိမိတို့ ဦးနိုင်းနိုင်းအိမ်တွင် ထပ်မံတွေ့ဆုံခဲ့ကြပြီး ဦးအောင်ရှင်က စာကြမ်းရေးသားခြင်းပြုလုပ်သည်ကို သိပါကြောင်း၊ သို့သော် ကွန်ပျူတာရိုက်နှိပ်မည့်ကိစ္စကို မိမိတို့မသိပါကြောင်း ထုချေခဲ့ကြသည်။

အမှုတွင်အရေးကြီးသောအထောက်အထားတရပ်မှာ တရားခံများမှ ၎င်းတို့ပြစ်မှုကျူးလွန်မှုနှင့် ပတ်သက်၍ အမျိုးသားထောက်လှမ်းရေးအဖွဲ့ထံတွင် ထုတ်ဖော်အစစ်ခံသည့် အချက်ဖြစ်သည်။ အမျိုးသား ထောက်လှမ်းရေးအဖွဲ့ထံ တရားခံတို့၏ ပြစ်မှုကျူးလွန်မှုနှင့်ပတ်သက်၍ ထုတ်ဖော်အစစ်ခံချက်များသည်

သက်သေခံဥပဒေ ပုဒ်မ – ၂၄ တွင် ဖော်ပြထားသော သွေးဆောင်ခြင်း၊ ကတိထားခြင်း၊ ခြိမ်းခြောက်ခြင်းကို ကျူးလွန်ကြောင်း ပေါ်လွင်ထင်ရှားခြင်းမရှိလျှင် ၎င်းတို့က တပ်မတော်ထောက်လှမ်းရေးအဖွဲ့တွင် ပေးခဲ့သော စစ်ကြောချက်များကို လက်မခံနိုင်စရာ အကြောင်းမရှိချေဟူ၍ **<u>ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဦးရဲနောင်ပါ – ၂ အမှု</u>**[၁] တွင် ထုံးဖွဲ့ထားပြီးဖြစ်သည်။

ယခုအမှုတွင် တရားခံတို့ပြစ်မှုကျူးလွန်ပုံနှင့်ပတ်သက်၍ ထောက်လှမ်းရေးအဖွဲ့ထံ အစစ်ခံထားခြင်းမှာ သက်သေခံဥပဒေ ပုဒ်မ (၂၄) တွင် ဖော်ပြထားသော သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့ ပြုလုပ်ကြောင်း ပေါ်လွင်ထင်ရှားသည်ကို မတွေ့ရပေ။ ထို့ကြောင့် ၎င်းတို့က ထောက်လှမ်းရေးထံပေးခဲ့သော စစ်ကြောချက်များကို လက်ခံရမည်ဖြစ်ပေသည်။

တရားခံများက ထောက်လှမ်းရေးအဖွဲ့ထံပေးခဲ့သောစစ်ကြောချက်များနှင့် လိုပြသက်သေ ဒုရဲအုပ် ဦးလှမြင့်၊ ရဲအုပ်ဇော်မင်း၊ အမှုစစ်အရာရှိကျော်ကျော်လှိုင်တို့၏ ရှာဖွေပုံစံသက်သေတို့၏ အစစ်ခံချက်များအရ ဦးအောင်ရှင်ပါ (၆) ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ဝင်များက သဘောထား ကြေညာချက်ကို ဝိုင်းဝန်း တိုင်ပင် ဆွေးနွေးရေးသားခြင်း၊ ကွန်ပျူတာရိုက်နှိပ်ခြင်း ဖြစ်ကြောင်းပေါ်ပေါက်သည်။ အမေရိကန်သံရုံးမှတဆင့် ဗွီအိုအေဌာနသို့ အသံလွှင့်စေရန် ပေးပို့ထားကြောင်း အထောက်အထား ထင်ထင်ရှားရှားမတွေ့ရပေ။ ဦးအောင်ရှင်တို့က မိမိတို့သည် အဆိုပါသဘောထားကြေညာချက်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးထံပေးပို့ရန် ရည်ရွယ်ချက်မျိုးဖြင့် ရေးသားခြင်းမဟုတ်ကြောင်း တွေ့ရှိရသည်။

ဦးအောင်ရှင်တို့သည် သဘောထားကြေငြာချက်ကို သက်ဆိုင်ရာ၏ခွင့်ပြုချက်တောင်းခံခြင်း မရှိကြောင်းလည်းပေါ်ပေါက်သည့်အတွက် ၎င်းတို့သည် ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများဥပဒေ ပုဒ်မ (၁၇) အရလည်းကောင်း၊ ယင်းဥပဒေ ပုဒ်မ (၂၀) အရလည်းကောင်း ပြစ်မှုကျူးလွန်ကြောင်းပေါ်ပေါက်သည်။

တရားခံများက မိမိတို့လုပ်ဆောင်ချက်သည် တခုတည်းသာဖြစ်သည့်အတွက် ပြစ်မှုတခုတည်းဖြင့်သာ စကားရပ်များဥပဒေပုဒ်မ (၂၂) အရ အပြစ်ပေးရန် သို့မဟုတ် ပြစ်ဒဏ်လျှော့ပေးရန် တင်ပြလျှောက်လဲကြသည်။

တရားခံများသည် ရည်ရွယ်ချက်ခြင်းမတူသော သီးခြားပြစ်မှုများကို ကျူးလွန်ကြခြင်းဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) သည် ပြည်သူ့တရားသူကြီး အဖွဲ့ညွှန်ကြားချက် အမှတ် (၉) တွင် ဖော်ပြထားသော နိုင်ငံတော်လုံခြုံရေးကိုထိပါးစေသော ပြစ်မှုအမျိုးအစားတွင်ပါဝင်သည်။ ထို့ကြောင့် တရားခံများ၏တင်ပြချက်ကို လက်မခံနိုင်ပေ။ အောက်ပါအတိုင်း အမိန့်ချမှတ်သည်။

## "အမိန့်"

ဦးအောင်ရှင်(ခ) ဦးအေးကြူ (ဘ) ဦးဘိုးဝင်း၊ ဦးအောင်မြင့် (ခ) ဖျာပုံနီလုံဦး (ဘ) ဦးဘန်ဒု၊ ဦးစိုးဟန် (ဘ) ဦးဘရှိန်၊ ဦးထွန်းမြင့် (ဘ) ဦးကြည်မောင်၊ ဦးစောနိုင်းနိုင်း (ခ) နိုင်းနိုင်း (ဘ) ဦးစောဘသိန်းတို့သည် ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ ပုဒ်မ (၁၇) အပြစ်ရှိသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်စီ ကျခံစေရမည်။ ထို့ပြင် ယင်းဥပဒေပုဒ်မ (၂၀) အရ အပြစ်ရှိသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်စီကိုလည်း ကျခံရမည်။

ပုံ/ ×××
(ဘကျော်)
တွဲဖက်တိုင်းတရားသူကြီး (၄)
ရန်ကုန်တိုင်းတရားရုံး။

**၁။ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ – ၆၃**

**၂၈။ ပန်းဘဲတန်းမြို့နယ်မဲဆန္ဒနယ်။**

**ဦးမောင်မောင်အောင်၊ ဒီမိုကရက်တစ်တက္ကသိုလ်ဘွဲ့ရနှင့် ကျောင်းသားဟောင်းများအဖွဲ့။**

ဦးမောင်မောင်အောင်သည် ပန်းဘဲတန်းမြို့နယ်မဲဆန္ဒနယ်တွင် ဒီမိုကရက်တစ်တက္ကသိုလ်ဘွဲ့ရနှင့် ကျောင်း သားဟောင်းများအဖွဲ့ (ဒ-တ-က-ဖ) အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၇,၂၃၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၈ . ၇၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးတင်အောင်၊ အမိ ဒေါ်ခင်အေး ဝေတို့မှ ၁၉၆၆ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ဇာတိ ဖြစ်သည်။ ဦးမောင်မောင်အောင်သည် ၁၉၈၆ ခုနှစ်တွင် ဓာတုဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် မဟာသိပ္ပံ အရည်အချင်းစစ် အပိုင်း (၁) သင်တန်း တက်ရောက်ခဲ့သည်။ ဒီမိုကရက်တစ်တက္ကသိုလ်ဘွဲ့ရနှင့် ကျောင်းသား ဟောင်းများအဖွဲ့ (ဒ-တ-က-ဖ) တွင် ဗဟိုအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် နဝတအမိန့် အမှတ် (၇/၉၂) ဖြင့် ဒီမိုကရက်တစ်တက္ကသိုလ်ဘွဲ့ရနှင့်ကျောင်းသားဟောင်းများ အဖွဲ့အား ဖျက်သိမ်းခဲ့သည်။ သို့အတွက် ဦးမောင်မောင်အောင်သည် ပါတီမဲ့ဖြစ်သွားပြီး တသီးပုဂ္ဂလအသွင်သို့ ရောက်ရှိသွားခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၄၁၃)**
**(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)**

**အကြောင်းအရာ ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ ပန်းဘဲတန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၂၅,၈၉၆) ဦးအနက် (၂၀,၂၀၆) ဦးတို့ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့်ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၁၈,၆၄၄) ရရှိခဲ့ပါသည်။ ယင်းခိုင် လုံသောဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည်။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဦးကျော်ဝင်းမောင် (လွှတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယအဆင့်) နိုင်ငံ့ ဂုဏ်ရည် (ဒုတိယဆင့်) | အမျိုးသားညီညွတ်ရေး ကွန်ဂရက် | ၁၄၁ | ၀ . ၇၅ |
| (ခ) | ဦးခင်အောင် | ပြည်ထောင်စု မြန်မာနိုင်ငံ ဖ-ဆ-ပ-လ ဗဟိုအဖွဲ့ချုပ်။ | ၁၈၃ | ၀ . ၉၈ |
| (ဂ) | ဦးစောလွင် (ခ) ဦးဇေအေးအောင် | ဒီမိုကရေစီပါတီ | ၂၄၄ | ၁ . ၃၁ |

| | | | | |
|---|---|---|---|---|
| (ဃ) | ဘရှီး (ခ) ဦးမြင့်ထူး | လွတ်လပ်သော မြန်မာနိုင်ငံ ပြည်သူများအဖွဲ့ချုပ် | ၅၈ | ၀ . ၃၁ |
| (င) | မိုက်ကယ်ကျော်ထွန်း (ခ) ဦးမိုးဇော် | တသီးပုဂ္ဂလ | ၂၃၇ | ၁ . ၂၇ |
| (စ) | ဦးမောင်မောင်ကြီး | ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ်။ | ၅၇၃၂ | ၃၀ . ၇၄ |
| (ဆ) | ဦးမောင်မောင်အောင် | ဒီမိုကရက်တစ်တက္ကသိုလ်ဘွဲ့ရနှင့် ကျောင်းသားဟောင်းများအဖွဲ့။ | ၇၂၃၁ | ၃၈ . ၇၈ |
| (ဇ) | ဦးမျိုးဆွေ | ပြည်သူ့ရှေ့ဆောင်ပါတီ (ပ–ရ–ပ) | ၂၄ | ၀ . ၁၃ |
| (ဈ) | ဒေါက်တာမျိုးမြင့် | ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ။ | ၅၇၈ | ၃ . ၁ |
| (ည) | ဦးသိန်းရွှေ (ခ) ဦးသိန်းဆွေ | အမျိုးသားပြန်လည်တည်ဆောက်ရေးဒီမိုကရေစီတပ်ပေါင်းစု (ပြည်ထောင်စု မြန်မာနိုင်ငံ) | ၅၀ | ၀ . ၂၇ |
| (ဋ) | ဦးအီစမိုင် | အမျိုးသားငြိမ်းချမ်းရေးပါတီ | ၆၈၁ | ၃ . ၆၅ |
| (ဌ) | ဦးအောင်ကြည် | ပြည်ထောင်စုမြန်မာနိုင်ငံညီညွတ်ရေးဒီမိုကရေစီအဖွဲ့ချုပ် (ပ–ည–ဒ–ဖ) | ၃၃ | ၀ . ၁၈ |
| (ဍ) | ဦးအောင်သန်း | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း) | ၁၁၈၃ | ၆ . ၃၄ |
| (ဎ) | ဗိုလ်မှူးအုန်းလွင် (အငြိမ်းစား) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။ | ၂၂၆၉ | ၁၂ . ၁၇ |

၂။ သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (ဆ) ပါ ခိုင်လုံသောဆန္ဒမဲအများဆုံးရရှိသည့် ဦးမောင်မောင်အောင်သည် ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၄၁) ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

**၂၉။ ဗဟန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးထွန်းလှိုင်၊ ဒီမိုကရေစီပါတီ။**

ဦးထွန်းလှိုင်သည် ဗဟန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ဒီမိုကရေစီပါတီအားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၂၇၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ . ၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးလှဟန်၊ အမိ ဒေါ်အမာကြည်တို့မှ ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်း (၉) ယောက်အနက် သားအကြီးဆုံးဖြစ်သည်။ မင်္ဂလာတောင်ညွန့်မြို့နယ် (ရန်ကုန်) ဇာတိဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး၊ ဥပဒေအဓိက ဒုတိယနှစ်အထိ ပညာသင်ကြားခဲ့သည်။ လှဟန်နှင့်သားများစက်မှုလက်မှုလုပ်ငန်းကို ဦးစီးလုပ်ကိုင်သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် နဝတအမိန့်အမှတ် (၇/၉၂) ဖြင့် ဒီမိုကရေစီပါတီအား ဖျက်သိမ်းခဲ့သည်။ သို့အတွက် ဦးထွန်းလှိုင်သည် ပါတီမဲ့ဖြစ်သွားပြီး တသီးပုဂ္ဂလအသွင်သို့ ရောက်ရှိသွားခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၄၁၄)**
**(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)**

**အကြောင်းအရာ ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ ဗဟန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၃၉,၃၄၈) ဦးအနက် (၂၅,၈၅၃) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့်ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၂၃,၈၂၂) မဲရရှိခဲ့ပါသည်။ ယင်းခိုင်လုံသောဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည်။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဦးခင်မောင်လေး | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း) | ၁၅၂၃ | ၆ . ၃၉ |
| (ခ) | ဦးထွန်းလှိုင် | ဒီမိုကရေစီပါတီ | ၁၆၂၇၁ | ၆၈ . ၃ |
| (ဂ) | ဦးလဘန်ဂရောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၀၉၄ | ၁၇ . ၁၉ |
| (ဃ) | ဦးအေးလွင် | ပြည်ထောင်စုအမျိုးသားများ ဒီမိုကရေစီပါတီ။ | ၉၆၅ | ၄ . ၀၅ |
| (င) | ဦးအောင်သိန်းထွဋ် | မျိုးဆက်သစ်လူငယ်တပ်ဦး (မြန်မာနိုင်ငံတော်) | ၉၆၉ | ၄ . ၀၇ |

၂။ သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (ခ) ပါ ခိုင်လုံသောဆန္ဒမဲအများဆုံးရရှိသည့် ဦးထွန်းလှိုင်သည် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) မှ ရွေးကောက် တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

### ၃၀။ ဗဟန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးကြည်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးကြည်မောင်သည် ဗဟန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၆၂၅) မဲ၊ စုစုပေါင်းမဲရာနှုန်း (၇၃ . ၁၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဘိုးသိန်း၊ အမိ ဒေါ်ငွေခင်တို့မှ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကြည်မောင်သည် ၁၉၃၆ ခုနှစ်တွင် ရန်ကုန်မြို့၊ စိန့်ဂွန်းကောလိပ်မှ (၁၀) တန်းအောင်မြင်ခဲ့သည်။ ၁၉၃၇ ခုနှစ်၊ ၁၉၃၈ ခုနှစ်၊ ၁၉၃၉ ခုနှစ်များတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ဦးအောင်ဆန်းလက်အောက်တွင်လည်းကောင်း၊ ဆက်လက်၍ သမဂ္ဂဥက္ကဋ္ဌ ဦးလှရွှေနှင့်လည်းကောင်း၊ သမဂ္ဂအလုပ်အမှုဆောင်တဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၈ ခုနှစ်၊ ကျောင်းသားသပိတ်တွင် တက်ကြွစွာပါဝင်ခဲ့သည်။ ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ဗြိတိသျှနယ်ချဲ့ပညာရေးစနစ်အား ဆန့်ကျင်ကန့်ကွက်ဆန္ဒပြခဲ့သည့် ကျောင်းသားခေါင်းဆောင်များတွင်ပါဝင်ခဲ့ပြီး၊ နယ်ချဲ့စစ်ပုလိပ်တို့၏ တုတ်ဒဏ်၊ မြင်းကန်ခံရသည့်ဒဏ်တို့ဖြင့် ကျောင်းသားခေါင်းဆောင်ဗိုလ်အောင်ကျော် ဒဏ်ရာရလဲကျသည်မှ ကွယ်လွန်သည်အထိ အနီးကပ်ဖေးမပြုစုခဲ့သူဖြစ်သည်။ ဘီအေ နောက်ဆုံးနှစ်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၁ ခုနှစ်၊ ဘီအေနောက်ဆုံးနှစ်တွင် စာမေးပွဲမဖြေဖြစ်ဘဲ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေတပ်) သို့ ဝင်ရောက်ခဲ့ပြီး၊ မင်္ဂလာဒုံ ပထမပတ်ဗိုလ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်နိုင်ငံ၊ ဇာမမြို့ရှိ ဘုရင့်တပ်မတော် စစ်တက္ကသိုလ်သင်တန်း အပတ်စဉ် (၅၇) သို့ တက်ရောက်အောင်မြင်ပြီးနောက် ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ဗမာ့တပ်မတော်တပ်ရင်း (၅) တွင် ပြန်တမ်းဝင်အရာရှိ [ကိုယ်ပိုင်အမှတ် ၃၅၁၆(ကြည်း)]အဖြစ် အမှုထမ်းခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံတွင် သင်တန်းတက်ခဲ့ပြီး၊ ၁၉၄၈ ခုနှစ်တွင် တပ်ရင်းမှူး၊ ၁၉၅၁ ခုနှစ်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မေမြို့ စစ်ဦးစီးပထမတန်း၊ ၁၉၅၃ ခုနှစ်တွင် တပ်မဟာ (၇) တပ်မဟာမှူး၊ ၁၉၅၅–၅၆ ခုနှစ်တွင် တပ်မှူးနှင့် အမေရိကန်နိုင်ငံ၊ ဖို့ဒ်လဲဗင်းဝပ် (Fort Leavenworth Staff College) ရှိ ကွပ်ကဲမှုနှင့်စစ်ဦးစီးတက္ကသိုလ်တွင် တက်ရောက်သင်ယူခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ နေပြည်တော်စစ်ဌာနချုပ် (ရန်ကုန်တိုင်းစစ်ဌာနချုပ်) တိုင်းမှူး၊ ၁၉၆၁ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ အနောက်တောင်တိုင်းစစ်ဌာနချုပ် (ပုသိမ်) တိုင်းမှူး၊ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီဝင်၊ ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့မှ ဖေဖော်ဝါရီလ (၁) ရက်နေ့အထိ ဟသ်ာတခရိုင်၊ ဒူးယားရွာတွင်ကျင်းပခဲ့သည့် တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲသို့ တာဝန်ရှိသောစစ်တိုင်းမှူးဖြစ်သည့်အပြင် တော်လှန်ရေးကောင်စီဝင်တဦးလည်းဖြစ်ပါလျှက် (မိမိ၏ စစ်တိုင်းနယ်မြေအတွင်း) တော်လှန်ရေးကောင်စီကကြီးမှူးကျင်းပခဲ့သည့် ဒူးယားနှီးနှောဖလှယ်ပွဲသို့မတက်ဘဲ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌလည်းဖြစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်သော ဗိုလ်ချုပ်ကြီးနေဝင်း၏ အမိန့်ကိုဖီဆန်ခဲ့သည့်အတွက် ၁၉၅၉ ခုနှစ်၊

တပ်မတော် အက်ဥပဒေအရ စစ်မှုထမ်းခြင်းမှရပ်စဲခြင်းခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်ချိန်တွင် သုတေသနဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်လည်းကောင်း၊ ဂန္ဒီခမ်းမအစည်းအဝေးပြုလုပ်ရာတွင်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားဦးဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင် နဝတ၏ (၁/၉၀) အမိန့်ဆန့်ကျင်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် (ယာယီ) ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲပြီးနောက်ပိုင်း အဖွဲ့ချုပ်၏ ခေါင်းဆောင်အဖြစ်နှင့် အရှေ့နှင့်အနောက်အုပ်စုများမှ သံတမန်များနှင့်တွေ့ဆုံခဲ့သည်။ အနောက်အုပ်စု သတင်းစာဆရာ ဒိုမီနစ်ဖော်လဒါ (Dominic Faulder) နှင့်တွေ့ဆုံရာတွင် **'နရင်ဘတ်ခုံရုံးနှင့် ခင်ညွန့်တို့လို ပုဂ္ဂိုလ်တွေ'** ဟူသည့် အသုံးအနှုန်းကို သုံးနှုန်းခဲ့သည်ဟု နဝတအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၏ စွပ်စွဲခြင်းခံခဲ့ရသည်။

၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) နှင့် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ ပုဒ်မ ၆ (၂) (ခ) နှင့် ၆ (၃) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ (ည) နှင့်ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကြေညာခဲ့သည်။ နောင် (၁၀) နှစ်အတွင်းပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုပိတ်ပင်ခဲ့သည်။

၁၉၈၈ ခုနှစ်၊ ပြည်သူ့အရေးတော်ပုံကြီးအပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းသောအခါ ဦးအောင်ကြီးဦးဆောင်သည့်အဖွဲ့မှ ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့သည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ သုတေသနဌာနမှူးအဖြစ် တာဝန်ယူခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ကွန်မြူနစ်များ စိုးမိုးနေပြီဟူသည့် ဦးအောင်ကြီး၏စွပ်စွဲချက် ပါတီတွင်းပြဿနာကြောင့် ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ကျင်းပသည့် ဗဟိုဦးစီးအဖွဲ့အစည်းအဝေး မဲခွဲဆုံးဖြတ်ချက်တွင် ဦးအောင်ကြီးအစုအဖွဲ့မှ ဦးကြည်မောင်သည် ဒေါ်အောင်ဆန်းစုကြည် အစုအဖွဲ့သို့ပူးပေါင်းခဲ့သည်။ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ ဖမ်းဆီးထိန်းသိမ်းခြင်းခံရပြီးနောက် အဖွဲ့ချုပ်၏ ယာယီဥက္ကဋ္ဌဖြစ်လာသည်။ ဂန္ဒီခန်းမအစည်းအဝေးပြီးနောက် စစ်အာဏာပိုင်များမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဦးအောင်ရွှေမှတာဝန်ယူနေစဉ် နဝတ၏ဖိအားပေးမှုကြောင့် ဦးကြည်မောင်အပါအဝင်ထိပ်တန်းခေါင်းဆောင် (၁၂) ဦးကို အဖွဲ့ချုပ်မှ ထုတ်ပယ်ခဲ့ရသည်။ ၁၉၉၅ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှပြန်လွတ်သည်။ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာပြီး ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့၌ ပြန်လည်ဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၌ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့ ညနေ (၃ း ၄၅) နာရီခန့်တွင် ကမ္ဘာ့ဇရိပ်သာဝင်းတံခါး၏ တောင်ဖက် (၁၅) ပေခန့်အကွာ၌ လူရမ်းကားများက အဖွဲ့ချုပ်ခေါင်းဆောင်များဖြစ်ကြသော ဦးကြည်မောင်၊ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား သံတုတ်၊ ချိန်းကြိုး၊ ကျောက်ခဲစသည့် လူကိုသေစေနိုင်သော လက်နက်မျိုးစုံဖြင့် တာဝန်ကျအာဏာပိုင်များရှေ့တွင် အကြမ်းဖက်တိုက်ခိုက်ခဲ့ကြသည်။ ထိုနေ့ ညနေ (၄ း ၄၅) နာရီခန့်တွင် တက္ကသိုလ်ရိပ်သာလမ်းနှင့်သံလွင်လမ်းထောင့်၌ တာဝန်ကျအရာရှိများအနီးမှ လူ (၂) ဦး ပြေးထွက်လာပြီး ခေါင်းဆောင်များစီးလာသည့်ကားကို ခဲဖြင့်ပစ်ပေါက်ရုံမက အနီးကပ်ဒါးဖြင့်ဝင်ထိုးခဲ့ပြီး ကြီးမားသောလုပ်ကြံမှုကြီးတခုပြုလုပ်ခဲ့သည်။ ယင်းကဲ့သို့ မြို့လယ်ခေါင်တွင် ဖြစ်ပွားခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌ က နဝတဥက္ကဋ္ဌထံသို့ တရားဝင်စာဖြင့် အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း၊ တရားခံများကိုဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ နှစ်ဦးနှစ်ဘက် သဘောတူညီချက်ဖြင့် လွတ်လပ်သောခုံရုံးကိုဖွဲ့စည်း၍ တရားခံများကို ဖော်ထုတ်

ခြင်းများ ပြုလုပ်ပေးခြင်းမရှိပဲ လျစ်လျူရှုခဲ့သည်ကိုခံခဲ့ရသည်။ ၁၉၉၆ ခုနှစ်မှ ကွယ်လွန်ချိန်အထိ လူငယ်များအား ပညာမျှဝေမှုနှင့် စာတမ်းပြုစုခြင်းကိစ္စများကို အဓိကထားဆောင်ရွက်ခဲ့သည်။ ၁၉–၈–၂၀၀၄ ရက်နေ့တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သည်။ ဇနီးမှာ ဒေါ်ကြည်ကြည်သာဖြစ်ပြီး သားသမီးများမှာ ဦးကြည်စိုး၊ ဦးပြည်စိုး၊ ဒေါ်ခင်မျိုးကြည်၊ ဦးမောင်မောင်တို့ဖြစ်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ကြည်ကြည်သာနှင့် သားသမီး (၂) ဦး ကျန်ရစ်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၄၁၅)**
**(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)**

**အကြောင်းအရာ ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ ဗဟန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၃၄,၁၈၁) ဦးအနက် (၂၂,၂၉၀) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့်ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၂၀,၃၅၃) မဲ ရရှိခဲ့ပါသည်။ ယင်းခိုင်လုံသော ဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည်။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဦးကိုကိုမြတ် | ဒီမိုကရေစီပါတီ | ၃၀၈ | ၁ . ၄၄ |
| (ခ) | ဦးကျင်ကောက် (ခ) ဦးကောက် | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ /ငြိမ်း) | ၄၁၄ | ၁ . ၉၄ |
| (ဂ) | ဦးကြည်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၆၂၅ | ၇၃ . ၁၇ |
| (ဃ) | ဦးဖုန်း | မြန်မာနိုင်ငံဒီမိုကရက်တစ် ပြည်သူ့အင်အားအဖွဲ့ချုပ် | ၉၉ | ၀ . ၄၆ |
| (င) | ဦးမင်းဒင် | ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ။ | ၆၅၄ | ၃ . ၀၆ |
| (စ) | ဦးအေးချို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။ | ၄၂၅၃ | ၁၉ . ၉၂ |

၂။ သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (ဂ) ပါ ခိုင်လုံသော ဆန္ဒမဲအများ

ဆုံးရရှိသည့် ဦးကြည်မောင်သည် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) မှ ရွေးကောက် တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**သီရိပျံချီဦးကြည်မောင်**
**(အငြိမ်းစားဗိုလ်မှူးကြီး)**
**ဘီစီ–၃၅၁၆**
**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ အမှတ် (၂၄)၊ ကမ္ဘောဇရိပ်သာနေ ဒေါ်ကြည်ကြည်သာ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကြည်စိုး)၊ (ဦးပြည်စိုး) – ဒေါ်မြင့်မြင့် (အမက–၃၊ ဗဟန်း)၊ ဦးအောင်သန့်–ဒေါ်ခင်မျိုးကြည်၊ ဦးမောင်မောင်တို့၏ချစ်လှစွာသောဖခင် ဦးကြည်မောင်သည် ၁၉–၈–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ (၁၂ း ၁၅) နာရီတွင် ဘဝတပါးသို့ ပြောင်းလဲသွားပြီဖြစ်ပါသဖြင့် ၂၁–၈–၂၀၀၄ (စနေနေ့) နံနက် (၁၀) နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

[ ၁၉၄၃ ခုနှစ်မှာ ဦးလွင်နဲ့အတူ ဂျပန်နိုင်ငံကို စစ်သင်တန်းတက်ဖို့သွားတဲ့ မြန်မာလူငယ်အရာရှိလောင်းတွေထဲမှာ သူနဲ့အရင်းနှီးဆုံးသူငယ်ချင်းလည်းဖြစ် နောက်ပိုင်းမှာ ယောက်ဖဖြစ်လာတဲ့ ဦးကြည်မောင်လည်း ပါ,ပါတယ်။ တက္ကသိုလ်မှာတုန်းက ဦးကြည်မောင်ဟာ လွတ်လပ်ရေးရရှိရေးအတွက် ကျောင်းသားတွေရဲ့ လှုပ်ရှားမှုထဲမှာ တက်ကြွစွာပါဝင်ခဲ့သူဖြစ်ပါတယ်။

၁၉၃၈ ခုနှစ်က ဆန္ဒပြပွဲမှာ ကျောင်းသားသမဂ္ဂရဲ့အလံကို မြင့်မြင့်ကိုင်ပြီး ရှေ့ဆုံးကနေ ချီတက်ခဲ့တဲ့သူကတော့ ဦးကြည်မောင်ပဲဖြစ်ပါတယ်။ ကျောင်းသားတွေရဲ့ချီတက်ဆန္ဒပြမှုကို ရပ်တန့်ဖြိုခွဲဖို့အတွက် မြင်းစီးပုလိပ်တွေဟာ ကျောင်းသားထုကြားဝင်ပြီး နံပါတ်တုတ်နဲ့ရိုက်ပါတယ်။

အဲဒီလို မြင်းစီးပုလိပ်တွေက ရုတ်တရက်ဝင်ရိုက်လို့ ပထမဆုံးအရိုက်ခံရတဲ့ ကျောင်းသားတွေထဲမှာ ဦးကြည်မောင်လည်း ပါဝင်ပါတယ်။ ဦးခေါင်းမှာ သုံးချက်အရိုက်ခံရပြီး ပုံလဲကျသွားပါတယ်။ သူ့ရဲ့အနောက်မှာ ကပ်ပြီး ချီတက်လိုက်ပါလာတဲ့ ကိုအောင်ကျော်ဟာ ချက်ကောင်းကို တချက်တည်းအရိုက်ခံရပြီး ပုံလဲကျသွားပါတယ်။ နာရီအနည်းငယ်မှာတော့ ကိုအောင်ကျော်ဆိုတဲ့ ကျောင်းသားလူငယ်ဟာ အဲဒီဒဏ်ရာနဲ့ပဲ ဆေးရုံမှာ ကွယ်လွန်သွားပါတယ်။

ဒီသတင်းကြောင့် ပြည်သူတရပ်လုံးဒေါသအုံကြွမှုဟာ တနိုင်ငံလုံးပြန့်နှံ့သွားပါတော့တယ်။ ဗိုလ်အောင်ကျော်ဆိုတဲ့ ကျောင်းသားအာဇာနည်ဆိုတဲ့နာမည်ဟာ တရားမျှတမှုနဲ့လွတ်လပ်မှုအတွက် တိုက်ပွဲဝင်နေတဲ့ ကျောင်းသားတွေရဲ့စိတ်ထဲမှာ ဒီကနေ့အထိ ကျန်ရစ်နေတုန်းပါပဲ။

စစ်ဖြစ်ပွားလာတော့ ဦးကြည်မောင်ဟာ မြန်မာ့လွတ်လပ်ရေးတပ်မတော်ထဲဝင်လိုက်ပါတယ်။ လွတ်

လပ်ရေးအတွက် တပ်မတော်ထူထောင်ခဲ့တဲ့သူတွေအများအပြားကို အဲဒီကတည်းက သိကျွမ်းလာခဲ့ပါတယ်။ စစ်တပ်နဲ့နိုင်ငံရေးခွဲခြားနိုင်မှုကို ကောင်းစွာသိမြင်ခံယူထားတဲ့ သူတဦးဖြစ်တဲ့အတွက် ၁၉၆၂ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းတဲ့ကိစ္စကို အပြင်းအထန်ဆန့်ကျင်ခဲ့တဲ့သူဖြစ်ပါတယ်။ ဒါကြောင့်လည်း ၁၉၆၃ ခုနှစ်မှာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ်နဲ့ တာဝန်ထမ်းဆောင်နေစဉ်မှာပဲ အငြိမ်းစားယူဖို့ပြောတဲ့အတွက် အနားယူလိုက်ရတာကတော့ သိပ်ပြီးအံ့သြစရာမဟုတ်ပါဘူး။

တပ်မတော်ကနေ အငြိမ်းစားယူပြီးတဲ့ (၂၅) နှစ်တာကာလအတွင်းမှာ ထောင်နှစ်ကြိမ်ကျခဲ့ပါတယ်။ စစ်တပ်ကို (နောက်ပိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) ဆန့်ကျင်တယ်ဆိုတဲ့ သံသယနဲ့ ထောင်ကျခံရတဲ့ ဒီနှစ်ကြိမ်ဟာ စုစုပေါင်း (၇) နှစ်ကြာခဲ့ပါတယ်။

၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံ ဖြစ်ဖြစ်ခြင်းမှာပဲ ဦးကြည်မောင်ဟာ တတိယအကြိမ် အကျဉ်းထောင်ထဲမှာ အထိန်းသိမ်းခံခဲ့ရပါတယ်။ ဒါပေမယ့် တလလောက်အကြာမှာ ပြန်လွတ်လာပါတယ်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလမှာသူဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အလုပ်အမှုဆောင်ကော်မတီ (၁၂) ဦးထဲက အဖွဲ့ဝင် တဦး ဖြစ်လာပါတော့တယ်။

၁၉၈၉ ခုနှစ်၊ ဇူလိုင်လမှာ ဦးတင်ဦးနဲ့ကျမတို့ နေအိမ်မှာ အထိန်းသိမ်းခံရပြီးတဲ့နောက် အင်န်အယ်လ်ဒီရဲ့အမှုဆောင်ကော်မတီတွေက ခေါင်းဆောင်မှုအင်အားကိုပြန်စုဖို့ ဆုံးဖြတ်တဲ့အချိန်မှာတော့ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အောင်ပွဲခံနိုင်ဖို့ ဦးဆောင်ခဲ့တဲ့ ဦးကြည်မောင်ကို ရွေးချယ်ခဲ့တာပါပဲလို့ပြောရင် မမှားနိုင်ပါဘူး။

ရွေးကောက်ပွဲပြီးတဲ့နောက် ရက်သတ္တပတ်အနည်းငယ်မှာ အားလုံးပျော်ရွှင်စွာနဲ့ အောင်ပွဲခံကြပြီးနောက် မြန်မာပြည်သူတွေက အာဏာပိုင်တွေဟာ ရွေးကောက်ပွဲရလဒ်ကိုလေးစားဖို့ စိတ်ဆန္ဒမရှိသလားဆိုတာ တဖြည်းဖြည်းသံသယရှိလာပါတယ်။ ဒီလိုသံသယစိုးရိမ်စိတ်ကို ခိုင်မာစေခဲ့တာကတော့ ဦးကြည်မောင်ဟာ ၁၉၉၀ စက်တင်ဘာလမှာ စတုတ္ထအကြိမ်မြောက်အဖမ်းခံရပြီး စစ်ခုံရုံးက ထောင်ဒဏ် အနှစ် (၂၀) ချလိုက်တာပဲဖြစ်ပါတယ်။ ဒါပေမယ့်လည်း သူဟာ ၁၉၉၅ ခု၊ မတ်လမှာ ပြန်လွတ်လာပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်၏ 'မြန်မာပြည်ကလာတဲ့စာ' အမှတ် (၁၉) မှ ...]**

## ၃၁။ ဗိုလ်တထောင်မြို့နယ်မဲဆန္ဒနယ်။

### ဒေါက်တာမောင်မောင်ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာမောင်မောင်ကျော်သည် ဗိုလ်တထောင်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၈၁၆) မဲ၊ စုစုပေါင်း မဲရခိုင်နှုန်း (၇၁ . ၄၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရန်ကုန်မြို့ဇာတိဖြစ်သည်။ အဖ ဦးကျော်စိန်၊ အမိ ဒေါ်တင်လှတို့မှ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ရခိုင်အမျိုးသား၊ ဗုဒ္ဓဘာသာဝင်တဦးဖြစ်သည်။ ဒေါက်တာမောင်မောင်ကျော်သည် ၁၉၇၈ ခုနှစ်တွင် စစ်တွေမြို့အစိုးရအထက်တန်းကျောင်းအမှတ် (၄) မှ ဆယ်တန်းအောင်မြင်ခဲ့၍ ၁၉၈၄ ခုနှစ်တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ (ဘီဒီအက်စ်) ရရှိခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ **'သက်သာ'** ကိုယ်ပိုင်သွားဆေးကုခန်း၊ သာကေတနှင့် ဆိပ်ကမ်းမြို့နယ် အနောက်ပိုင်း သမဝါယမဆေးခန်း သွားဘက်ဆိုင်ရာဆရာဝန်၊ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် တက်ကြွစွာပါဝင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် ကျောင်းဆရာမတဦးဖြစ်သူ ဒေါ်သိန်းသိန်းအားပေါင်းသင်းပြီး၊ လက်ထပ်ရန် ငြင်းဆန်မှုဖြင့် ထောင်ဒဏ် (၁) နှစ် အပြစ်ပေးခြင်းခံခဲ့ရသည်။ ယင်းပြစ်မှုနှင့်ပြစ်ဒဏ်အတွက် ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေ

ထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်းကြေညာခဲ့သည်။ နောင် (၁၀) နှစ်အတွင်း ပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။

## ၃၂။ မရမ်းကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

**အငြိမ်းစားဗိုလ်မှူးချုပ် အောင်ရွှေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအောင်ရွှေသည် မရမ်းကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၇၁၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆ . ၆၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၁၈ ခုနှစ်၊ မေလ (၁၉) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးဖိုးကွန်း၊ အမိ ဒေါ်သိန်းတင်တို့၏သား ဖြစ်သည်။ ဦးအောင်ရွှေသည် ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့ရရှိခဲ့သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) နှင့် ဗမာ့မျိုးချစ်တပ်မတော် (ပီဘီအက်ဖ်) တို့တွင် ပါဝင်ခဲ့၍ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ဗြိတိသျှနယ်ချဲ့နှင့် ဂျပန်ဖက်ဆစ်တို့ကိုတော်လှန်ခဲ့သည်။ ၁၉၄၅ ခုနှစ်မှစ၍ တပ်မတော် (ကြည်း) တွင် ကိုယ်ပိုင်အမှတ် (၃၅၀၅) ဖြင့် ဗိုလ်ကြီးအဆင့်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ကကစစ်တွင် ဦးစီးအရာရှိ(တတိယတန်း)၊ တပ်မဟာ (၈) တွင် ဦးစီးဗိုလ်ကြီး (ရေး)၊ တပခ၌ ဦးစီးဗိုလ်ကြီး (ထောက်)၊ ဗိုလ်မှူးအဆင့်ဖြင့် တပခတွင် ဒုလက်ထောက်စစ်ထောက်ချုပ်၊ တပ်မဟာ (၂) ၌ လက်ထောက် စစ်ရေးချုပ်/လက်ထောက် စစ်ထောက်ချုပ်၊ ၁၉၅၀ ပြည့်နှစ်တွင် ဗိုလ်မှူးကြီးအဆင့်ဖြင့် စစ်ထောက်ချုပ်၊ ၁၉၅၁ ခုနှစ်တွင် တပ်မဟာ (၅) တပ်မဟာမှူး၊ ၁၉၅၅ ခုနှစ်တွင် မပခ တိုင်းမှူး၊ ၁၉၅၇ ခုနှစ်တွင် မပခတွင် တိုင်းမှူး၊ ဗိုလ်မှူးချုပ်အဖြစ် တိုးမြှင့်ခြင်းခံရသည်။ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့မှ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့အတွင်း တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် တိုင်းမှူးအဖြစ်တာဝန်ထမ်းဆောင်နေစဉ် ရွေးကောက်ပွဲ၌ ဘက်လိုက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့်ဟုဆိုကာ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့ ရာထူးခန့်ထားရေးအဖွဲ့အစည်းအဝေးမှ တပ်မတော်တွင်စစ်မှုထမ်းခြင်းမှ အငြိမ်းစားယူခွင့်ပြုခဲ့သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီး ဩစတြေးလျ၊ (နယူးဇီလန်) ပါပူးတွဲ၍၊ အီဂျစ်၊ ပြင်သစ်၊ (စပိန်နှင့် ယူနက်စကို) အဖွဲ့တို့ပါ ပူးတွဲတာဝန်ယူ၍၊ ၁၉၇၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၊ ဇွန်လ (၇) ရက်နေ့တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခြင်းခံခဲ့ရသည်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့တွင် ဗဟိုဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ ဦးအောင်ရွှေသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် လက်မှတ်ရေးထိုးလျှက် ဒေါ်အောင်ဆန်းစုကြည်အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ကြောင်းဖြင့် ကော်မရှင်ထံသို့ပေးပို့ခဲ့သည်၊ ကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင်သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၃၈/၉၁) ဖြင့် ထုတ်ပြန်ရာတွင် 'ဒေါ်အောင်ဆန်းစုကြည်သည် သောင်းကျန်းသူများနှင့် ဆက်သွယ်ခဲ့သည်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) က သတင်းစာရှင်းလင်းပွဲတခုတွင် တိုင်းသိ ပြည်သိ၊ ကမ္ဘာသိ ရှင်းလင်းပြောကြားချက်အရ ခိုင်လုံသည့်အထောက်အထားရှိနေပြီဖြစ်ကြောင်း၊ ထို့ပြင်နိုင်ငံခြားသတင်းလွှင့်ဌာနများဖြစ်ကြသော ဘီဘီစီ၊ ဗွီအိုအေ၊ အေအိုင်အာတို့မှလည်း နေ့စဉ်မပြတ် ဒေါ်အောင်ဆန်းစုကြည်အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင်အဖြစ်ဖော်ပြပြီး သွေးထိုးလှုံ့ဆော်အသံလွှင့်ချက်များအရ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခြားတိုင်းပြည်၏အဖွဲ့အစည်းတခုခုမှ အထောက်အပံ့ကို သွယ်ဝိုက်သောနည်းဖြင့် လက်ခံရရှိနေသည်ဟု ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ယူဆကြောင်းဆွေးနွေးချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းပြည်၏

အကျိုး၊ တိုင်းသူပြည်သားတို့၏အကျိုးအတွက် အမျိုးသားရေးကို ဦးတည်ရည်ရွယ်နေသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ တိုင်းပြည်အရေးသည် လူပုဂ္ဂိုလ်အရေးထက်အရေးကြီးပါသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မွန်မြတ်သောအမျိုးသားရေးကို ဆက်လက်စည်းရုံးဆောင်ရွက်နိုင်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်လိုက်ပါကြောင်း၊ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုယ်စား ဥက္ကဋ္ဌဦးအောင်ရွှေ၏ လက်မှတ်ရေးထိုးတင်ပြချက်’ဟူ၍ ဖော်ပြပါရှိသည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ကြည်ရွာအနီးဖြစ်ပွားခဲ့သည့် သွေးချောင်းစီးလုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုဖြစ်ပွားစဉ် နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ၂၀၀၄ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့တွင် ပြန်လည်လွတ်မြောက်သည်။ ဇနီးမှာ ဒေါ်တင်တင်ရွှေဖြစ်ပြီး သားသမီးများမှာ ဦးအောင်သန်းရွှေ၊ ဦးသန်းဖေရွှေ၊ ဒေါ်ယုဇနရွှေ၊ ဒေါ်မဋ္ဌုရွှေ၊ ဦးအောင်မြင့်ရွှေ၊ ဒေါ်စပယ်ရွှေတို့ဖြစ်သည်။

[ အင်န်အယ်လ်ဒီရဲ့ဥက္ကဋ္ဌကတော့ ဦးအောင်ရွှေဖြစ်ပါတယ်။ သူဟာ ၁၉၄၂ ခုနှစ်မှာ မြန်မာ့လွတ်လပ်ရေးတပ်မတော် ဘီအိုင်အေထဲကို ဝင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေချိန်အတွင်း တိုင်းပြည်အတွက် ကျရာနေရာကနေ ဘယ်လိုပဲဖြစ်ဖြစ် တာဝန်တခုကိုထမ်းဆောင်ဖို့လိုအပ်တယ်လို့ ခံယူခဲ့ကြတဲ့ ပညာတတ်လူငယ်များထဲမှာ သူဟာ တယောက်အပါအဝင်ဖြစ်ပါတယ်။ (တပ်မတော်ထဲမဝင်ခင် (၂) နှစ်လောက်ကတည်းက ရန်ကုန်တက္ကသိုလ်ကနေ ဘွဲ့ရခဲ့ပါတယ်။)

၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံဟာ လွတ်လပ်တဲ့နိုင်ငံဖြစ်လာပြီးတဲ့နောက် သူဟာ တပ်မတော်ထဲမှာပဲ ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၅၀ ခုနှစ်တွေရဲ့အကုန်ပိုင်းမှာတော့ အဲဒီကာလတုန်းက လူအနည်းငယ်သာရှိသေးတဲ့ ဗိုလ်မှူးချုပ်ရာထူးကိုရရှိခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်မှာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရဲ့တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေချိန်မှာပဲ သူ့ကိုတပ်မတော်ကနေ အငြိမ်းစားယူခိုင်းပြီး ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံဆိုင်ရာ သံအမတ်အဖြစ်စေလွှတ်ခြင်းခံခဲ့ရပါတယ်။ အဲဒီတုန်းကတော့ ဘာဖြစ်လို့ အငြိမ်းစားယူခိုင်းပြီး ပြောင်းရွှေ့လိုက်တယ်ဆိုတဲ့အကြောင်းကို တရားဝင်ရှင်းလင်းပြောကြားခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း အင်န်အယ်လ်ဒီခေါင်းဆောင်တွေကို ပြည်သူလူထုကမနှစ်သက်အောင်၊ လက်မခံအောင် အမျိုးမျိုးသိက္ခာချတဲ့လုပ်ရပ်တွေကို လုပ်ဆောင်တဲ့အနေနဲ့ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းက အစိုးရထုတ်ဝေတဲ့ စာနယ်ဇင်းတွေမှာ ဦးအောင်ရွှေဟာ ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲကာလတုန်းက ပါတီစွဲ၊ ဂိုဏ်းဂဏစွဲနဲ့ လုပ်ဆောင်မှုတွေရှိခဲ့လို့ တပ်မတော်ကနေ အငြိမ်းစားပေးခဲ့ရတာဖြစ်ကြောင်းဆိုပြီး ရေးသားကြပါတယ်။ အမှန်ကတော့ သူဟာ အဲဒီရွေးကောက်ပွဲတုန်းက စစ်တပ်ဟာ ဆိုရှယ်လစ်တွေအနိုင်ရဖို့အတွက် တဖက်သတ်ကိုင်တွယ်လှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး ပြစ်တင်ဝေဖန်ခံရမှာကို ကာကွယ်ဖို့ ကြိုးပမ်းမှုတွေရဲ့သားကောင် ဖြစ်ခဲ့သူပါ။

ဦးအောင်ရွှေဟာ ဩစတြေးလျမှာ တာဝန်ထမ်းဆောင်ပြီးတဲ့နောက် အီဂျစ်၊ အဲဒီနောက် ပဲရစ် စသည်ဖြင့် ၁၉၇၅ ခုနှစ်မှာ အစိုးရဝန်ထမ်းဘဝကနေ အငြိမ်းစားယူခဲ့တဲ့အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီနောက် ရန်ကုန်မြို့မှာပဲ အခြေချနေထိုင်ခဲ့ပါတယ်။ ရန်ကုန်မြို့ကတော့ အားလုံးသိပြီးတဲ့အတိုင်း ၁၉၈၈ ခုနှစ်မှာ ပြည်သူလူထုအုံကြွမှုကြီး တိုင်းပြည်နဲ့အနှံ့ပျံ့သွားစေခဲ့တဲ့ အစပျိုးရာနေရာပဲ ဖြစ်ပါတယ်။

မြန်မာပြည်သူပြည်သားတွေဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) ရဲ့တပါတီ အာဏာချုပ်ကိုင်မှုကြောင့် တခါက အရှေ့တောင်အာရှမှာ ဖွံ့ဖြိုးတိုးတက်မှုအလျင်မြန်ဆုံးလို့ဆိုတဲ့ နိုင်ငံအဆင့်ကနေ ကမ္ဘာ

ပေါ်မှာ အဆင်းရဲဆုံးနိုင်ငံစာရင်းထဲကို ဝင်သွားခဲ့ရလို့ အင်မတန်ငြီးငွေ့နေပြီ ဖြစ်ပါတယ်။

တပါတီစနစ်လည်းပြိုကျသွားရော မြန်မာပြည်မှာ ပါတီတွေအမြောက်အများပေါ်လာတော့တာပါပဲ။ ဒုတိယကမ္ဘာစစ်ပြီးပြီးချင်းကာလက ဂျပန်နိုင်ငံအခြေအနေတွေကို ကောင်းကောင်းသိတဲ့သူတွေကတော့ မြန်မာပြည်မှာ ပါတီတွေဘာကြောင့် ဒီလောက်အထိများပြားနေရသလဲဆိုတာကို သိကြပါတယ်။ ဒီလိုပေါ်ပေါက်လာတဲ့ ပါတီတွေထဲက အင်န်အယ်လ်ဒီထဲမှာ ဦးအောင်ရွှေဟာ အလုပ်အမှုဆောင်ကော်မတီဝင်တဦးဖြစ်သလို အင်န်အယ်လ်ဒီရဲ့တရားဝင်မဟာမိတ်လည်းဖြစ်တဲ့ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ရဲ့ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။

မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ဆိုတာ တပ်မတော်ကနေအငြိမ်းစားယူခဲ့သူတွေ စုပေါင်းဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒီလို ပါတီပေါင်း (၂၀၀) ကျော်ရှိတဲ့အထဲမှာ (မဆလ) ဟာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) ဆိုတဲ့နာမည်နဲ့ ပါဝင်ပါတယ်။ အင်န်အယ်လ်ဒီဟာလည်း မြန်မာပြည်သူလူထု အများစုရဲ့ အားပေးထောက်ခံမှုကို အကြီးအကျယ်ရခဲ့ပါတယ်။ ဒီလို ပြည်သူလူထုကြားထဲမှာ ရေပန်းစားလာလေ၊ လူကြိုက်များလာလေ၊ စည်းရုံးရေးစွမ်းရည်တွေကြောင့် ပါတီရဲ့အနေအထား တိုးတက်မြင့်မားလာလေ ပါတီဝင်တွေကို စစ်ဆေးမေးမြန်းမှုတွေ၊ ပါတီရဲ့လှုပ်ရှားမှုကို ကန့်သတ်ချုပ်ချယ်မှုတွေ တိုးမြင့်လာလေပါပဲ။

၁၉၈၉ ခုနှစ် ဖွန်လမှာ အင်န်အယ်လ်ဒီရဲ့အတွင်းရေးမှူး (၂) ဦးထဲက တဦးဖြစ်တဲ့ ဦးဝင်းတင်ဟာ ဖမ်းဆီးထောင်ချခံရပြီး ဇူလိုင်လမှာတော့ ဥက္ကဋ္ဌ ဦးတင်ဦးနဲ့ အထွေထွေအတွင်းရေးမှူးဖြစ်တဲ့ ကျမဟာလည်း နေအိမ်မှာ အကျယ်ချုပ်ချထားခံရပါတယ်။ ဒီလို ဖိနှိပ်မှုအမျိုးမျိုးကိုခံခဲ့ရပေမဲ့လည်း ၁၉၉၀ ပြည့်နှစ် မေလမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာတော့ မဲဆန္ဒနယ်စုစုပေါင်းရဲ့ (၈၂) ရာခိုင်နှုန်း အပြတ်အသတ်အနိုင်ရခဲ့ပါတယ်။ ဒါပေမဲ့လည်း ပြည်သူလူထုကမျှော်လင့်ထားသလို ဒီမိုကရက်တစ်အစိုးရလက်ထဲကို အာဏာလွှဲပြောင်းပေးခြင်း မပြုလုပ်ခဲ့ပါဘူး။ အဲဒီအစား ပါတီပြိုကွဲပျက်စီးရေးအတွက် ရည်ရွယ်ပြီးအမျိုးမျိုးသော ဖိနှိပ်ချုပ်ချယ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

စက်တင်ဘာလထဲမှာ အင်န်အယ်လ်ဒီရဲ့ယာယီဥက္ကဋ္ဌ လုပ်နေတဲ့ ဦးကြည်မောင်ကို ဖမ်းခဲ့ပြန်ပါတယ်။ နောက်ဆုံးကျန်ခဲ့တဲ့ဦးအောင်ရွှေလည်း အခက်အခဲတွေအမျိုးမျိုးကြားထဲကပဲ ပါတီဆက်လက်ရပ်တည်နိုင်ဖို့ အတွက် အကောင်းဆုံးနည်းလမ်းတွေနဲ့ ကိုင်တွယ်လှုပ်ရှားခဲ့ရပါတယ်။

၁၉၉၀ နောက်ပိုင်းမှာအင်န်အယ်လ်ဒီအနေနဲ့ နိုင်ငံရေးပါတီတခုအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးကို နှောင့်ယှက်ခြိမ်းခြောက်မှု အမျိုးမျိုးကြားထဲက ရုန်းကန်နေရတဲ့ ဦးအောင်ရွှေကို များစွာကူညီခဲ့သူကတော့ အင်န်အယ်လ်ဒီအလုပ်အမှုဆောင်အဖွဲ့ရဲ့ မူလအဖွဲ့ဝင်လည်းဖြစ်၊ အင်န်အယ်လ်ဒီရဲ့ဘဏ္ဍာရေးမှူးလည်း ဖြစ်တဲ့ ဦးလွင်ပါပဲ။

**ဒေါ်အောင်ဆန်းစုကြည်၏ 'မြန်မာပြည်ကလာတဲ့စာ' အမှတ် (၁၈) မှ ...]**

**၃၃။ မရမ်းကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဒေါက်တာ ဒေါ်မေဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာမေဝင်းမြင့်သည် မရမ်းကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၅၁၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၄ . ၁၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ မော်လမြိုင်မြို့ဇာတိ ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်၊ မတ်လ (၈) ရက်နေ့ဖွားဖြစ်သည်။ ဦးသောင်းညွှန့်၏သမီး ဖြစ်သည်။ ဒေါက်တာမေဝင်းမြင့်သည် ၁၉၆၇ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မြောက်ဥက္ကလာပနှင့် ကျောက်တံတားသမဝါယမ

အချိန်ပိုင်းဆရာဝန်၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ လက်ထောက်ဆရာဝန် (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆရာဝန် (သမိုင်းမသန် မစွမ်းအထူးကုဆေးရုံ)၊ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့တွင်ဝန်ထမ်းအဖြစ်မှ နုတ်ထွက်သည်။ မရမ်းကုန်းနယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အတွင်းရေးမှူး တာဝန်ယူခဲ့သည်။ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့တွင် မရမ်းကုန်းမြို့နယ်အဖွဲ့ချုပ်ရုံးတွင် အဖွဲ့ချုပ်လူငယ်များတာဝန်ပေးအပ်ခြင်းအစည်းအဝေးပြုလုပ်ရန်စီစဉ်ခဲ့ရာ အစိုးရဆန့်ကျင်ရေးဆူပူလှုပ်ရှားမှုပြုလုပ်ရန် စီစဉ်ခဲ့သည်ဟုဆိုကာ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့တွင် ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံး၌ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) ဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့ပြီး၊ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်ချမှတ်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် ပုဒ်မ ၁၀ (က) ဖြင့် နောက်ထပ်ပြစ်ဒဏ်ရက်ပေါင်း (၆၀) ချမှတ်ခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် ပုဒ်မ ၁၀ (က) ဖြင့် ထပ်တိုးပြစ်ဒဏ် (၁) နှစ်ချမှတ်ခံခဲ့ရသည်။ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် တဖန် နောက်ထပ်ပြစ်ဒဏ် (၁) နှစ်ချမှတ်ခြင်းခံခဲ့ရသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၄၁၆)**
**(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)**

**အကြောင်းအရာ ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၅၄,၄၉၅) ဦးအနက် (၄၁,၄၉၀) ဦး တို့ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့်ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၃၈,၄၃၅) မဲ ရရှိခဲ့ပါသည်။ ယင်း ခိုင်လုံသောဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည်။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဦးတင်မောင်အေး | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း) | ၉၄၉ | ၂ . ၄၇ |
| (ခ) | ဦးထွန်းရည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ။ | ၇၈၀၁ | ၂၀ . ၃ |
| (ဂ) | ဦးဝင်းဖြိုး | ဒီမိုကရေစီပါတီ။ | ၆၃၆ | ၁ . ၆၅ |
| (ဃ) | ဒေါ်မေဝင်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၅၁၃ | ၇၄ . ၁၈ |
| (င) | ဦးအောင်မြင့် | ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ။ | ၅၃၆ | ၁ . ၃၉ |

၂။ သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (ဃ) ပါ ခိုင်လုံသော ဆန္ဒမဲအများဆုံးရရှိသည့် ဒေါ်ဝင်းမြင့်သည် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၃၄။ မင်္ဂလာတောင်ညွန့်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။**

**ဒေါက်တာအောင်ခင်ဆင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာအောင်ခင်ဆင့်သည် မင်္ဂလာတောင်ညွန့်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၁,၆၄၈) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၈၂ . ၉၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပခုက္ကူမြို့ဇာတိဖြစ်သည်။ အဖ ဦးမောင်ကလေး (ကျောင်းအုပ်ဆရာ ကြီး)၊ အမိ ဒေါ်သီလ (ငှက်ပျောကုန်သည်) တို့မှ ၁၉၃၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာအောင်ခင်ဆင့်သည် ပခုက္ကူဗုဒ္ဓဘာသာကျောင်း၊ ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ရာ M.B.,B.S.(ဆရာဝန်ဘွဲ့) ရရှိခဲ့သည်။ အင်္ဂလန်နိုင်ငံ၊ မန်ချက်(စ)တာတက္ကသိုလ်မှ M.Sc.(Community Medicine) Manchester ပြည်သူ့အကျိုးပြုဆေးပညာပါရဂူဘွဲ့ရရှိခဲ့သည်။ ဂုဏ်ထူးဆောင် ဆေးဘက်ဆိုင်ရာတော်ဝင်ဘွဲ့ F.R.S.H (London) ကို အင်္ဂလန်နိုင်ငံမှရရှိပြီး၊ မန်ချက်(စ)တာတက္ကသိုလ် ကျန်းမာရေးပညာအဖွဲ့ဝင်လူကြီး M.I.H.E (Manchester) ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ဒက္ခိဏတိုင်း၊ အဆုတ်ရောဂါစုံစမ်းရှာဖွေရေး အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ကျန်းမာရေးပညာဌာန (လက်ထောက်ညွှန်ကြားရေးမှူး) အဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပထမအကြိမ်ပညာသင်ဆုကို ၁၉၆၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ဘန်ဂလိုမြို့သို့လည်းကောင်း၊ ဒုတိယအကြိမ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပညာသင်ဆုကို ၁၉၇၂ ခုနှစ်တွင် ယူဂိုဆလားဗီးယားနိုင်ငံ၊ ဘဲလ်ဂရိတ်မြို့သို့လည်းကောင်း၊ တတိယအကြိမ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပညာသင်ဆုကို ၁၉၇၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့လည်းကောင်း၊ စတုတ္ထအကြိမ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပညာသင်ဆုကို ၁၉၈၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့နှင့် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့ ဆေးဘက်ဆိုင်ရာအုပ်ချုပ်မှုပညာဘာသာ သင်တန်းသို့လည်းကောင်း ပညာသင်ဆု (၄) ကြိမ်တိုင်တိုင် ဆွတ်ခူးရရှိခဲ့သည်။ ဆရာဝန်စာရေးဆရာ ဒေါက်တာအောင်ခင်ဆင့်အဖြစ်နှင့် ၁၉၇၂ ခုနှစ်တွင် **'ကာကွယ်၍ ကုသနည်း'** ဆေးပညာပေးစာအုပ်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့သည်။ ဆေးပညာပြန့်ပွားရေးအတွက် သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြားစသည်တို့မှ ဖြန့်ဖြူးပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်တွင် နောက်ဆုံးနှစ်ကျောင်းသားများအား ကျန်းမာရေးပညာဘာသာရပ်ကို အချိန်ပိုင်းပို့ချပေးခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးပညာဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး (ကျန်းမာရေးပညာ) အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြန်မာနိုင်ငံကျန်းမာရေးဝန်ထမ်းများသမဂ္ဂ ဥက္ကဋ္ဌ၊ ကျန်းမာရေး ဦးစီးဌာနဝန်ထမ်းများသမဂ္ဂ ဥက္ကဋ္ဌ၊ ရန်ကုန်ဆေးရုံကြီးနှင့်ရန်ကုန်တိုင်းဆေးရုံဝန်ထမ်းများသမဂ္ဂ ဥက္ကဋ္ဌအဖြစ်ပါဝင်ခဲ့မှုကြောင့် တာဝန်မှ အငြိမ်းစားပေးခြင်းခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၉၃ ခုနှစ်တွင် နဝတမှ ကြီးမှူးကျင်းပသည့်အမျိုးသားညီလာခံသို့ ရွေးချယ်ခံကိုယ်စားလှယ်အစုအဖွဲ့မှ ကိုယ်စားလှယ်အဖြစ်တက်ရောက်ခဲ့သည်။ အမျိုးသားညီလာခံအား ဆန့်ကျင်သည့် စာရွက်စာတမ်းဖြန့်ဝေမှုဖြင့် ညီလာခံကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ဇနီးမှာ ဒေါ်စိန်စိန်ဖြစ်ပြီး၊ သားသမီးများမှာ ဒေါ်အေးအေးမူ၊ ဦးသော်တာနှင့်ဒေါ်ခင်သီတာတို့ ဖြစ်သည်။

**မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ဒေါက်တာအောင်ခင်ဆင့်၏ ရွေးကောက်ပွဲကာလ လက်ကမ်းစာစောင်တွင်ပါခဲ့သော ကျေးဇူးတင်လွှာ**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပြတ်အသတ်အောင်မြင်လိုက်ခြင်းမှာ ညီညွတ်ခြင်းဖြင့် ပြည်သူတို့အောင်ပွဲဟု မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပါသည်။

ညီညွတ်ခြင်းသည် အင်အားပါခင်ဗျား ...။

**၃၅။ မင်္ဂလာတောင်ညွန့်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဒေါက်တာသန်းအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာသန်းအောင်သည် မင်္ဂလာတောင်ညွန့်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၂၀၄) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၆ . ၉၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးစောခိုင်၊ အမိ ဒေါ်စောပုတို့မှ ၁၉၄၄ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ကျောက်ဖြူမြို့ဇာတိဖြစ်သည်။ ဦးသန်းအောင်သည် ကျောက်ဖြူ အစိုးရအထက်တန်းကျောင်း၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ဆေးတက္ကသိုလ် (၁) တို့တွင် ဆရာဝန်ဘွဲ့ရသည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ကိုယ်ပိုင်ဆေးကုခန်း၊ ၁၉၇၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ မင်္ဂလာတောင်ညွန့် သမဝါယမဆေးခန်း တာဝန်ခံဆရာဝန်၊ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ဒေါက်တာသန်းအောင်အား ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နအဖအာဏာပိုင်များက လူသေမှုဖြင့် အဓမ္မအမှုဆင်ဖမ်းဆီးခဲ့သည်။ ဒေါက်တာသန်းအောင်၏ကိုယ်ပိုင်ဆေးခန်းတွင် လာရောက်အရေးပေါ်ဆေးကုသမှုခံယူသည့် ပန်းနာရင်ကျပ်ဝေဒနာသည် လူနာတဦးအား အရေးပေါ်အသက်ကယ်ဆေးထိုးပေးပြီး ရန်ကုန်ဆေးရုံကြီးကို အမြန်သွားရန် ဒေါက်တာသန်းအောင်မှ အကြံပေးခဲ့သည်။ အဆိုပါလူမမာ ရန်ကုန်ဆေးရုံကြီးရောက်သည့်အခါ တာဝန်ကျဆရာဝန်များမှ ရန်ကုန်ပြည်သူ့ဆေးရုံအသစ်သို့သွားရန် ထပ်မံညွှန်ကြားခဲ့သည်။ ဆေးရုံအသစ်သို့အသွား လူနာတင်လာသည့်ကားဘီးပေါက်သွားပြီး ဘီးအသစ်လဲရန်စီစဉ်ခဲ့ရာ အချိန်အတော်ကြာသွားခဲ့သည်။ နောက်ဆုံး ဆေးရုံသစ်သို့မရောက်မီလမ်းတွင် လူနာသေဆုံးသွားခဲ့သည်။ သေဆုံးသူလူနာ၏ ဆွေမျိုးသားချင်းများမှ အခြေအနေဖြစ်ရပ်မှန်အားလုံးအား သိရှိထားသည့်အတွက် ဒေါက်တာသန်းအောင်အပေါ် တစုံတရာပြစ်တင်ပြောဆိုခြင်းမပြုခဲ့သော်လည်း မြို့နယ်အာဏာပိုင်များ လက်သပ်မွေးထားသည့် ကြံ့ဖွံ့များမှ ဆေးထိုးမှား၍ လူမမာသေဆုံးရခြင်းဖြစ်ကြောင်း အမှုဆင်တိုင်ကြားခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ထောင်ဒဏ် (၁၄) နှစ် ချမှတ်ခြင်းခံခဲ့ရသည်။

**၃၆။ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးကြည်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးကြည်ဝင်းသည် မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား

ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၄၀၄) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၀ ․ ၀) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးမြင့်ဝေ၊ အမိ ဒေါ်အေးအေးတို့မှ ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကြည်ဝင်းသည် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံ (သင်္ချာ) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ဦးသန့်အရေးအခင်းတွင် တက္ကသိုလ်ကျောင်းသားများဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့၍ ထောင်ဒဏ် (၇) အပြစ်ပေးခြင်းခံခဲ့ရသည်။ မင်္ဂလာဒုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်း စည်းရုံးရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါစာအမှတ်၊ ဝ၄၁/စည်း (စည်းရုံး)/၉၉ ဖြင့် ဦးကြည်ဝင်းအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ နအဖမှ ၂၀၀၄ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် ပြန်လည်ကျင်းပသည့် အမျိုးသားညီလာခံသို့ တသီးပုဂ္ဂလအဖြစ် ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တက်ရောက်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပသည့် အမျိုးသားညီလာခံသို့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ တသီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

## မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း၏ မဲဆွယ်စည်းရုံးစဉ်ကာလက လက်ကမ်းစာစောင်တွင် ပါခဲ့သောအချက်အချို့

မည်သို့ပင်ဖြစ်စေ ...

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ မိမိတိုင်းပြည်အကျိုး၊ တိုင်းရင်းသားလူမျိုးများ၏ အကျိုးကို စဉ်ဆက်မပြတ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်နေရမယ်လို့ ခံယူပါတယ်။

## ၃၇။ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
## ဦးတင်ထွန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်ထွန်းမောင်သည် မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၅၃၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း ( ၅၅ ․ ၀၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကြည့်မြင်တိုင် (ရန်ကုန်) ဇာတိဖြစ်သည်။ အဖ ဒုတိယဗိုလ်မှူးကြီး လှမောင် (အငြိမ်းစား)၊ အမိ ဒေါ်စောညွန့်တို့မှ ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးတင်ထွန်းမောင်သည် ယူနိုတစ်ခရစ်ယာန်ကျောင်းအလုံမှ တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ၁၉၆၆ ခုနှစ်တွင် သိပ္ပံ (ရူပဗေဒ) ဘွဲ့ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် မဟာသိပ္ပံအပိုင်း (က) သို့ တက်ရောက်စဉ် သတ္တု/ဘူမိဗေဒဌာနတွင် အလုပ်သင်ဘူမိဗေဒအရာရှိ၊ ၁၉၆၉ ခုနှစ်တွင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း အမှတ်စဉ် (၄၀) သို့ တက်ရောက်ခဲ့၍ ၁၉၇၀ ပြည့်နှစ်၊ သင်တန်းဆင်းအပြီး အကောင်းဆုံးကျောင်းသားဆုရရှိသည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၄ ခုနှစ်အထိ အလုပ်ရုံခွဲမှူး ကပစ (၁)၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ အလုပ်ရုံခွဲမှူး (ထုတ်လုပ်ရေး)၊ ကပစ (၅)၊ ၁၉၈၇ ခုနှစ်တွင် အငြိမ်းစား ယူခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ဝ၄၁/စည်း (စည်းရုံး)/၉၉

ဖြင့် ဦးတင်ထွန်းမောင်အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ နအဖ မှ ၂၀၀၄ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် ပြန်လည်ကျင်းပသည့် အမျိုးသားညီလာခံသို့ တသီးပုဂ္ဂလအဖြစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တက်ရောက်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပသည့် အမျိုးသားညီလာခံသို့ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ တသီးပုဂ္ဂလကိုယ်စားလှယ်အဖြစ်ပါဝင် တက်ရောက်ခဲ့သည်။ ဇနီးမှာ ဒေါ်အေးအေးသင်းဖြစ်ပြီး သားသမီး၄ဦး ထွန်းကားခဲ့သည်။

## မင်္ဂလာဒုံမြို့နယ် မဲဆန္ဒအမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းမောင်၏ မဲဆွယ်စည်းရုံးစဉ်ကာလက လက်ကမ်းစာစောင်တွင်ပါခဲ့သော အချက်အချို့

မြန်မာပြည်သူများ၏စွမ်းပကားကို အပြည့်အဝအသုံးချခွင့်ပေးမည့် ဒီမိုကရေစီစနစ်ဖြင့်သာ မြန်မာနိုင်ငံကို ပြည်လည်ထူထောင်နိုင်မည်။ ဒီမိုကရေစီစနစ်သာလျှင် မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့် အကိုက်ညီဆုံးဖြစ်သည်။ အခြေခံလူ့အခွင့်အရေးများ အပြည့်အဝရှိသည့် ဒီမိုကရေစီစနစ်သာလျှင် ပြည်သူများ စိတ်ချမ်းသာမှုကိုရရှိစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းတည်တန့်ရေးတာဝန်မှာ တမျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်ဖြစ်သည်။ ထိုတာဝန်ကို ထမ်းဆောင်ခြင်းသည် အမျိုးသားနိုင်ငံရေးကို ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ဦးတင်ထွန်းမောင် (မင်္ဂလာဒုံ)

## ၃၈။ မြောက်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။
## ဒေါက်တာသန်းဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာသန်းဝင်းသည် မြောက်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၈,၀၂၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၇ . ၁၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရန်ကုန်မြို့ဇာတိဖြစ်သည်။ အဖ ဦးစိန်ဝင်း၊ အမိ ဒေါ်ကြင်ရီတို့မှ ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာသန်းဝင်းသည် စိန့်ပေါလ်ကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့၍ ဆေးတက္ကသိုလ် (၁) မှ ၁၉၇၄ ခုနှစ်တွင် ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၇၄–၇၅ ခုနှစ်တွင် အလုပ်သင်ဆရာဝန်၊ တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကိုယ်ပိုင်ဆေးကုခန်းဖွင့်လှစ်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။

## ၃၉။ မြောက်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
## ဦးကျော်ညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးကျော်ညွန့်သည် မြောက်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၅,၅၀၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၂ . ၉၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၄၈ ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့ဖွား ဖြစ်သည်။ မအူပင်မြို့နယ်၊ အလယ်တန်းကျေးရွာဇာတိဖြစ်သည်။ ဦးစိန်မြ၏သား ဖြစ်သည်။ ဦးကျော်ညွန့်သည် တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲအောင်မြင်ခဲ့သည်။ ၁၃၅၀ ပြည့်(၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တက်ကြွစွာပါဝင်ခဲ့သည်။

## ၄၀။ မှော်ဘီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစိုးတင် (ခ) ဦးစိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုးတင် (ခ) ဦးစိုးသည် မှော်ဘီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၄၅၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၈ ‧ ၆၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၁ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့ဖွားဖြစ်သည်။ သထုံမြို့နယ် သိမ်ဆိပ်ရွာဇာတိဖြစ်သည်။ ဦးမောင်ထွန်း၏သား ဖြစ်သည်။ ဦးစိုးသည် ၁၉၅၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ၁၉၆၁ ခုနှစ်တွင် အင်းစိန်စက်မှုလက်မှုသိပ္ပံမှ လျှပ်စစ်အား (အေဂျီတီအိုင်) အောင်မြင်ခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ဒုတိယလက်ထောက်အင်ဂျင်နီယာ၊ အင်ဂျင်နီယာ (မင်းဘူး၊ မကွေး၊ ပဲခူး၊ မှော်ဘီ)၊ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မှော်ဘီမြို့နယ်၊ လျှပ်စစ်အင်ဂျင်နီယာတာဝန်မှ အငြိမ်းစားယူခဲ့သည်။ ၁၃၅၀ ပြည့်(၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တက်ကြွစွာပါဝင်ခဲ့သဖြင့် ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့မှ ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့အထိ ပုဒ်မ ၁၀ (က) ဖြင့် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၄၃၇)**
**(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၉ ရက်)**

**အကြောင်းအရာ။ ။ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ မှော်ဘီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၄၂,၇၉၆) ဦးအနက် (၃၃,၆၉၃) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့် ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၂၉,၇၆၁) မဲရရှိခဲ့ပါသည်။ ယင်းခိုင်လုံ သောဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည်။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဦးကျော်မြင့် | ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ။ | ၁၄၀၇ | ၄ ‧ ၇၂ |
| (ခ) | ဦးကြည်မြ | တသီးပုဂ္ဂလ | ၅၄၇ | ၁ ‧ ၈၄ |

| | | | | |
|---|---|---|---|---|
| (ဂ) | ဦးချစ်ဝေ | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း) | ၁၁၀၁ | ၃ ・ ၇ |
| (ဃ) | ဦးစံရ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ။ | ၉၁၀၉ | ၃၀ ・ ၆၁ |
| (င) | ဦးစိုးတင် (ခ) ဦးစိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၄၅၁ | ၅၈ ・ ၆၄ |
| (င) | ဦးစိုးမင်း | ပြည်ထောင်စုမြန်မာနိုင်ငံ ဒီမိုကရေစီ တပ်ပေါင်းစု။ | ၁၄၆ | ၀ ・ ၄၉ |

၂။ သို့ပါ၍ အထက်ပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (င) ပါ ခိုင်လုံသောဆန္ဒမဲ အများဆုံးရရှိသည့် ဦးစိုးတင် (ခ) ဦးစိုးသည် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၄၁။ မှော်ဘီမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးခင်မောင်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးခင်မောင်ထွန်းသည် မှော်ဘီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၃,၀၅၆) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၀ ・ ၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၈ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့ဖွား ဖြစ်သည်။ ဦးမြတ်သာထွန်း၏သား ဖြစ်သည်။ ဦးခင်မောင်ထွန်းသည် စစ်ကြီးအတွင်း ဗမာ့တပ်မတော်သို့ ရဲဘော်အဖြစ်နှင့်ဝင်ရောက်ခဲ့သည်။ ပဋ္ဌမပတ် ဗိုလ်သင်တန်းတက်၍ ဖက်ဆစ်တော်လှန်ရေးတွင် တိုင်း (၇)၊ တပ်ရင်း (၁၀၃) ဗိုလ်လောင်းရာထူးဖြင့် ပါဝင်ခဲ့သည်။ စစ်ကြီးအပြီး ဆယ်တန်းအောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့တက်ရောက်သည်။ ဥပစာ သိပ္ပံတန်းအောင်မြင်သည်။ ကျောင်းသားသံမဏိတပ်ဖွဲ့စည်းရေးတွင် ဦးဆောင်ပါဝင်ခဲ့ပြီး ဗမာ့တပ်မတော်ဗိုလ်သင်တန်း အပတ်စဉ် (၃) သို့တက်ရောက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ဆသရ ဒုဗိုလ်၊ အင်္ဂလန်သို့ ဆက်သွယ်ရေး အရာရှိသင်တန်းတက်ရန် (၂) ကြိမ်သွားရောက်ခဲ့သည်။ ဆသရ တပ်စုမှူး၊ တပ်ခွဲမှူး၊ (တရုတ်ဖြူစစ်ဆင်ရေးနှင့် သောင်းကျန်းမှု နှိမ်နင်းရေး)၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၀ ပြည့်နှစ် အထိ ဆသရ ဒုတိယဗိုလ်မှူးကြီး၊ မန္တလေး တလက၊ ခလက၊ နလကတို့တွင် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ တိုင်းမြေယာကော်မတီ ဥက္ကဋ္ဌ၊ ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၁ ခုနှစ်အထိ ဆက်သွယ်ရေးညွှန်ကြားမှုဌာနနှင့် ဆက်သွယ်ရေးကော်ပိုရေးရှင်း ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ကလာပ်စည်းခေါင်းဆောင်၊ အလုပ်သမားအစည်းအရုံး ဗဟိုဦးစီး၊ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးညီလာခံ၊ စာပို့တိုက်သမဂ္ဂညီလာခံနှင့် ဂြိုလ်တုဆက်သွယ်ရေးနှင့် အာရှနိုင်ငံဆက်သွယ်ရေး ပညာညှိနှိုင်းစည်းဝေးပွဲများသွား ခေါင်းဆောင်၊ မော်ကွန်းဝင်(ဒုတိယဆင့်) နှင့် နိုင်ငံဂုဏ်ရည် (ပထမဆင့်) ရသည်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုတွင် တာဝန်ယူခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကျင်းပရေးကော်မရှင်
ကြေညာချက်အမှတ် (၄၃၈)
(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်)
(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၉ ရက်)

**အကြောင်းအရာ။ ။ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ မှော်ဘီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၄၂,၈၁၁) ဦးအနက် (၃၁,၂၃၃) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့် ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၂၇,၂၇၃) မဲရရှိခဲ့ ပါသည်။ ယင်းခိုင်လုံ သောဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည်။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဦးခင်မောင်ထွန်း | အမျိုးသားများဒီမိုကရေစီ အဖွဲ့ချုပ်။ | ၁၃၀၅၆ | ၅၀ . ၈ |
| (ခ) | ဦးထွန်းသာ | တသီးပုဂ္ဂလ | ၆၃၉ | ၂ . ၃၄ |
| (ဂ) | ဦးလှမြင့် | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ ချုပ် (ဒီ/ငြိမ်း) | ၈၂၇ | ၃ . ០၃ |
| (ဃ) | ဦးလှမြိုင် | ပြည်ထောင်စုအမျိုးသားများ ဒီမိုကရေစီပါတီ။ | ၈၁၄ | ၂ . ၉၈ |
| (င) | ဦးသာကျော် | တိုင်းရင်းသားစည်းလုံးညီညွတ် ရေးပါတီ။ | ၁၁၁၃၇ | ၄၀ . ၈၄ |

၂။ သို့ပါ၍ အထက်ပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (က) ပါ ခိုင်လုံသော ဆန္ဒမဲ အများဆုံးရရှိသည့် ဦးခင်မောင်ထွန်းသည် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့ လွှတ်တော်ရွေးကောက် ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

## ၄၂။ ရန်ကင်းမြို့နယ်မဲဆန္ဒနယ်။

### ဒေါ်ခင်အေးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါ်ခင်အေးမြင့်သည် ရန်ကင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅,၉၄၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ . ၀၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မော်လမြိုင်ကျွန်းဇာတိ ဖြစ်သည်။ အဖ ဦးစံညွန့်၊ အမိ ဒေါ်အုန်းတို့မှ ၁၉၂၉ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဒေါ်ခင်အေးမြင့်သည် ငယ်စဉ်က ပြည်မြို့တွင် ပညာသင်ကြားခဲ့၍ ၁၉၅၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၅၈ ခုနှစ်တွင် ပညာရေးဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၅၂ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ဗဟန်း အစိုးရအထက်တန်းကျောင်းတွင် အထက်တန်းပြ၊ ၁၉၆၅–၆၆ ခုနှစ်တွင် လက်ထောက်ကထိက ကန်ဘဲ့ဆရာအတတ်သင်သိပ္ပံ၊ ၁၉၆၇ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ မြောက်ဥက္ကလာအစိုးရ အထက်တန်းကျောင်းအမှတ် (၁) ကျောင်းအုပ်ကြီး၊ ၁၉၇၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ တာမွေအစိုးရအထက်တန်းကျောင်းအမှတ် (၁) ကျောင်းအုပ်ကြီး၊ ၁၉၈၆ ခုနှစ်တွင် လုပ်သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ရန်ကင်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၀၄၁/စည်း (စည်းရုံး)/၉၉ ဖြင့် ဒေါ်ခင်အေးမြင့်အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

### ရန်ကင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်အေးမြင့်၏ မဲဆွယ်စည်းရုံးစဉ်ကာလက်ကမ်းစာစောင်တွင်ပါဝင်ခဲ့သော အချက်အချို့

ကျွန်မကိုမဲမပေးမီ ဒါတွေကို မဲဆန္ဒရှင်များစဉ်းစားစေချင်ပါသည်။

၁။ မဲဆန္ဒရှင်များ ပင်ပန်းကြီးစွာ တရားသဖြင့်ရှာဖွေစုစောင်းထားတဲ့ငွေတွေကို တရားမဝင်ဖြစ်မှာကို စိုးရိမ်ပူပန်နေသလား။

၂။ သင့်သားသမီးတွေ ပညာစုံလာတဲ့အခါ အကပ်ရှိပြီး အကောင်သိမှ အလုပ်ရမှာကို ပူပန်နေသလား။

၃။ မွေးရာပါလူ့အခွင့်အရေးဆုံးရှုံးလို့ ခိုင်းတာလုပ် ပြောတာခေါင်းညိတ်ခဲ့တဲ့ခေတ်ကြီး ပြန်ရောက်မှာ စိုးရိမ်နေသလား။

၄။ သင့်ကျန်းမာရေးအတွက် ဆေးဝါးကိရိယာပစ္စည်းမလွယ်လို့ စိတ်ပူပန်သောကရောက်နေသလား။

၅။ လုပ်ခ၊ လစာ၊ ဝင်ငွေနဲ့ ကုန်စျေးနှုန်းမမျှလို့ သင့်မှာငါးပါးသီလမမြဲမှာကို စိုးရိမ်နေသလား။

၆။ အမျိုးသားနိုင်ငံရေးနဲ့ပတ်သက်လို့ တလုံးတစည်းထဲသောသမဂ္ဂများဖွဲ့စည်းခွင့်မရမှာကို စိုးရိမ်နေသလား။

၇။ တရားရေးမဏ္ဍိုင်မှာ ငွေနဲ့အာဏာကချုပ်ကိုင်ကြီးစိုးချယ်လှယ်တဲ့ခေတ်ကို ပြန်ရောက်မှာစိုးရိမ်နေသလား။

၈။ ပြည်တွင်းငြိမ်းချမ်းရေးမရှိလို့ တိုင်းရင်းသားညီအကိုအချင်းချင်းတိုက်ခိုက်နေရပြီး မိကွဲ၊ ဖကွဲ၊ လင်သေ၊ သားပစ်၊ သောကကြုံရတဲ့ခေတ်ဆိုးကြီးကို ကြုံတွေ့ရမှာစိုးရိမ်နေသလား။

၉။ အသွင်သဏ္ဍာန်သာရှိပြီး အနှစ်သာရမရှိတဲ့ အခွင့်အရေးအတုအယောင်တွေကြောင့် အလုပ်သမားနဲ့ လယ်သမားတွေဟာ ဖွတ်ကျော်ပြာစု၊ ခရုအဆံကျွတ်၊ ငှက်တောင်ပံကျိုးတဘဝကရုန်းမထွက်နိုင်မှာစိုးရိမ်နေသလား။

၁၀။ သင့်ရဲ့မျိုးဆက်တွေဟာ မတရားတဲ့ဖိနှိပ်ချုပ်ချယ်မှုတွေနဲ့ကြုံတွေ့လာတဲ့အခါ ဥပဒေဘောင်ထဲက ဒီမိုကရေစီ နည်းကျကျတောင်းဆိုခွင့်မရှိမှာကို ပူပန်နေသလား။

အဲဒီစိုးရိမ်ပူပန်သောကရောက်စရာမရှိတဲ့ ဒီမိုကရေစီပြည်ထောင်စုသစ်ကို တည်ဆောက်ချင်ရင် အမျိုး သား ဒီမိုကရေစီအဖွဲ့ချုပ် (ခမောက်) ကိုသာ ရဲရဲဝံ့ဝံ့မဲပေးလိုက်ကြပါ။

## နိုင်ငံရေးခံယူမှုနှင့် သဘောထား။

မြန်မာနိုင်ငံအား လွတ်လပ်၍တရားမျှတသောနိုင်ငံတော်အဖြစ် ငြိမ်းချမ်းသောနည်းဖြင့် အမြန်ဆုံး ရောက်ရှိလိုပြီး ပြည်သူလူထု၏ ဆန္ဒကိုလေးစား၍ လူ့အခွင့်အရေးကိုတန်ဖိုးထားသော အစိုးရအဖွဲ့မျိုးဖြင့်သာ မြန်မာနိုင်ငံသည် ဘက်ပေါင်းစုံမှ တိုးတက်လာလိမ့်မည်ဟု ယုံကြည်ပါသည်။ ဥက္ကဋ္ဌကြီး ဦးတင်ဦး၊ အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ ဖမ်းဆီးထိမ်းသိမ်းခံ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက် ရေးကို အစဉ်အရေးထား၍ ခမောက် (သို့) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲအောင်နိုင်ရေးသည် အမျိုးသားရေးအသွင်လက္ခဏာ ဆောင်သောအောင်မြင်မှုများ၏ မှတ်တိုင်ကြီးတခုအဖြစ် ယုံကြည်ပါသည်။ သို့ဖြစ်၍ ရန်ကင်းမြို့နယ်ကိုယ်စား ကျရာတာဝန်ကို ဦးလည်မသုန် ထမ်းဆောင်မည့် အကြောင်း ကတိသစ္စာပြု အပ်ပါသည်။

လေးစားစွာဖြင့်
ဒေါ်ခင်အေးမြင့်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၄၀၉)**
**(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)**

**အကြောင်းအရာ ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ ရန်ကင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၅၈,၃၅၅) ဦးအနက် (၄၁,၉၇၇) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့်ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၃၈,၁၁၄) မဲ ရရှိခဲ့ပါသည်။ ယင်းခိုင်လုံသော ဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါ သည်။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဒေါ်ခင်အေးမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ | ၂၅၉၄၉ | ၆၈ . ၀၈ |
| (ခ) | ဦးဖေသိန်း | လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | ၆၅၃ | ၁ . ၇၁ |

| | | | | |
|---|---|---|---|---|
| (ဂ) | ဦးမောင်မောင်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။ | ၆၅၂၉ | ၂၅ . ၀ |
| (ဃ) | ဒေါ်လှကြည် | တသီးပုဂ္ဂလ | ၃၂၄ | ၀ . ၈၅ |
| (င) | ဦးဝင်းမောင် | ပြည်ထောင်စုအမျိုးသားများ ဒီမိုကရေစီပါတီ။ | ၁၀၇၇ | ၂ . ၈၃ |
| (စ) | ဦးသိန်းတန် | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း) | ၅၈၂ | ၁ . ၅၃ |

၂။ သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (က) ပါ ခိုင်လုံသော ဆန္ဒမဲအများဆုံးရရှိသည့် ဒေါ်ခင်အေးမြင့်သည် ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၂၃)**
**(၁၃၆၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၇ ရက်)**
**(၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)**

**အကြောင်းအရာ ။ ။ ဒေါ်ခင်အေးမြင့်အား ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထား ရသူ ဒေါ်ခင်အေးမြင့်က မိမိသည် ယခုအခါ ကျန်းမာရေးမကောင်းပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဒေါ်ခင်အေးမြင့်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င)နှင့်အညီ ဒေါ်ခင်အေးမြင့်အား ယနေ့မှစ၍ ရန်ကင်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်

ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

## ၄၃။ ရွှေပြည်သာမြို့နယ်မဲဆန္ဒနယ်။

### ဦးစိန်လွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိန်လွင် (ဗိုလ်ကြီးသန်းထွန်း–အငြိမ်းစား) သည် ရွှေပြည်သာ (မြို့သစ်) မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၄၀၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၂ . ၂၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးမြရွှန်း၊ အမိ ဒေါ်စိန်မတို့မှ ၁၉၂၂ ခုနှစ်တွင်မွေးဖွားခဲ့သည်။ ကြို့ပင်ကောက်မြို့ဇာတိဖြစ်သည်။ ဦးစိန်လွင် (ဗိုလ်ကြီးသန်းထွန်း–အငြိမ်းစား) သည် ကြို့ပင်ကောက်မြို့ အမျိုးသားအထက်တန်းကျောင်းတွင် ဆယ်တန်းအထိပညာသင်ကြားခဲ့သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) တပ်ရင်း (၂) ပျဉ်းမနားစစ်ဝန်ကြီးရုံး၊ ထိုမှ ဗမာ့မျိုးချစ်တပ်မတော် (ပီဘီအက်ဖ်) တိုင်း (၄)၊ (၁၀၅)တပ်ရင်း ပျဉ်းမနားစခန်းဖျက်သိမ်းသည် အထိပါဝင်ခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ရခဲ့သည်။ ၁၉၄၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ စစ်ရဲတပ်ရင်း (၄) တပ်ခွဲမှူးတပ်ရေးဗိုလ်ကြီး၊ စစ်ရဲဗိုလ်ကြီး၊ ဦးစီးအရာရှိ (ဒု)၊ ရေး/ထောက်၊ ဗိုလ်ကြီးအဆင့်၊ တပ်ခွဲမှူးဗိုလ်ကြီး ခလရ (၅၇)၊ နလက ဥက္ကဋ္ဌ အုတ်တွင်း၊ တပ်ခွဲမှူးဗိုလ်ကြီး၊ ခမရ (၁၀၉) လားရှိုး (လုပ်သက် (၂) နှစ်လျှော့ချခံရသည်)။ ၁၉၇၀ ပြည့်နှစ်တွင် တပ်မတော်မှတ်တမ်းရုံး၊ ၁၉၈၀ ပြည့်နှစ်တွင် အငြိမ်းစားယူခဲ့သည်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ (တိုင်းရုံး) တွင် တာဝန်ယူခဲ့သည်။

## ၄၄။ လသာမြို့နယ်မဲဆန္ဒနယ်။

### ဦးကြည်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးကြည်မြင့်သည် လသာမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၁,၂၀၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၄ . ၈၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၅၃ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့ဖွား ဖြစ်သည်။ ဦးမောင်မောင်၏သား ဖြစ်သည်။ ဦးကြည်မြင့်သည် အလုံ အစိုးရအထက်တန်းကျောင်းအမှတ် (၁) မှ ဆယ်တန်းအောင်မြင်ခဲ့၍ စီးပွားရေးတက္ကသိုလ်မှ ဘီ–အီကွန်း ဘွဲ့ရရှိခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (ရုံးချုပ်၊ လှိုင်ကော်၊ ဖားဆောင်း) ရုံးဝန်ထမ်း၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည)၊ မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၇ (၁)၊ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်ထုတ်ဝေခွင့်ဥပဒေ ပုဒ်မ ၁၇/၂၀ တို့ဖြင့် ပြည်ပရောက်အတိုက်အခံအဖွဲ့အစည်းများ ထုတ်ဝေသည့်စာအုပ်၊ စာစောင်များအား လျှို့ဝှက်စွာဖြန့်ဝေသည်ဟုဆိုကာ ထောင်ဒဏ် အနှစ် (၂၀) ချမှတ်ခြင်းခံခဲ့ရရာမှ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် မြင်းခြံအကျဉ်းထောင်မှပြန်လွတ်သည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## ကျင်းပရေးကော်မရှင်
## ကြေညာချက်အမှတ် (၄၀၂)
## (၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်)
## (၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်)

**အကြောင်းအရာ ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ လသာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၁၈,၆၉၈) ဦးအနက် (၁၄,၀၃၅) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့်ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၁၃,၂၀၁) ရရှိခဲ့ပါသည်။ ယင်းခိုင်လုံသောဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်း ရရှိကြပါသည်။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဦးကြည်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ | ၁၁၂၀၅ | ၈၄ . ၈၈ |
| (ခ) | ဦးချစ်မောင် | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း) | ၂၂၃ | ၁ . ၆၉ |
| (ဂ) | ဦးတင်နွယ် | ပြည်သူ့ရှေ့ဆောင်ပါတီ (ပရပ) | ၂၄ | ၀ . ၁၈ |
| (ဃ) | ဒေါက်တာ ဒေါ်ပိုပို | ပြည်ထောင်စု အမျိုးသားများ ဒီမိုကရေစီပါတီ။ | ၂၅၅ | ၁ . ၉၃ |
| (င) | ဗိုလ်ကြီးမောင်မောင် (အငြိမ်းစား) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။ | ၁၄၃၁ | ၁၀ . ၈၄ |
| (စ) | ဦးသောင်းဌေး | ဒီမိုကရေစီပါတီ | ၄၀ | ၀ . ၃ |
| (ဆ) | ဦးအေးမောင် | ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဆိုရှယ်လစ်ဆန့်ကျင်ရေး၊ အာဏာရှင်ဆန့်ကျင်ရေး၊ လွတ်လပ်သော ဒီမိုကရေစီအဖွဲ့ချုပ်။ | ၂၃ | ၀ . ၁၇ |

၂။ သို့ပါ၍ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (က) ပါ ခိုင်လုံသော ဆန္ဒမဲအများဆုံးရရှိသည့် ဦးကြည်မြင့်သည် ရန်ကုန်တိုင်း၊ လသာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ–
(အေးမောင်)
အတွင်းရေးမှူး

## ၄၅။ လှိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးရွှေ (အငြိမ်းစားဗိုလ်မှူးကြီး)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

အငြိမ်းစားဗိုလ်မှူးကြီးမောင်ရွှေသည် လှိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၇၇၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၇ . ၈၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၄) ရက်နေ့ဖွား ဖြစ်သည်။ ပေါက်ခေါင်းမြို့ဇာတိ ဖြစ်သည်။ အဖ ဦးဘိုးသာ အမိ ဒေါ်ဒေါ်အုံးတို့၏သားဖြစ်သည်။ ဦးရွှေသည် ငယ်စဉ်က ပေါက်ခေါင်း၊ ပြည်၊ ရန်ကုန်တို့တွင် ပညာသင်ကြားခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဥပစာဝိဇ္ဇာ အပိုင်း (ခ) ၌တက်ရောက်နေစဉ် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) သို့ ဝင်ရောက်ခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ)၊ ဗမာ့မျိုးချစ်တပ်မတော် (ပီဗီအက်ဖ်)၊ ဗမာ့တပ်မတော်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ရာ၊ ၁၉၆၁ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ဗိုလ်မှူးကြီး၊ တိုင်းမှူး (အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်)၊ ၁၉၆၄ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ စက်မှုလက်မှုနှင့် အလုပ်သမားဌာန ဝန်ကြီး၊ ၁၉၆၂ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ တော်လှန်ရေးကောင်စီဝင်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ဗဟိုအလုပ်သမားကောင်စီ ဥက္ကဋ္ဌ၊ ၁၉၇၂ နှစ်တွင် တာဝန်အားလုံးမှရပ်စဲခံရပြီး၊ တော်လှန်ရေးအစိုးရ ကတရားစွဲခဲ့ရာ အထူးခုံရုံးဖြင့်စစ်ဆေးခဲ့ပြီး တရားစွဲဆိုရန်အချက်မရှိ၍ အမှုတွင်အနိုင်ရရှိခဲ့သည်။ ပါတီ၏အရေးယူခံရမှုအတွက် ပါတီတွင်း အယူခံတက်ခဲ့ရာ ဗဟိုကော်မတီတွင်အနိုင်ရသော်လည်း ဗဟိုညီလာခံအယူခံကော်မတီက ၎င်းကိစ္စကို ဆက်လက်ဆောင်ရွက်ပေးခြင်းမရှိခဲ့ပါ။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တပ်မှူးဟောင်းကြီးများ (၁၅) ဦးအဖွဲ့တွင် ပါဝင်သည်။ မျိုးချစ် ရဲဘော်ဟောင်းများအဖွဲ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့တွင် ဗဟိုအလုပ်အမှုဆောင် တာဝန်ယူခဲ့သည်။ ဦးရွှေသည် မိမိ၏ကျန်းမာရေးအခြေအနေကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန်တင်ပြလာသဖြင့် ကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့တွင် ကြေညာချက် အမှတ် (၉၇၂) ဖြင့် နုတ်ထွက်ခွင့်ပြုခဲ့သည်။ ဦးရွှေမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ဗဟိုဦးစီးအဖွဲ့ဝင်၊ ရန်ကုန်တိုင်းစည်းအဖွဲ့ဝင်နှင့် သာမန်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်တောင်းဆိုခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့မှ ဦးရွှေထံမှ နုတ်ထွက်ခွင့်မတင်ပြမီ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့ခြင်းအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ကြိုတင်အသိပေးခဲ့ခြင်းမရှိသဖြင့် အဖွဲ့ချုပ်၏မူနှင့် ဆန့်ကျင်သဖြင့် အဖွဲ့ချုပ်၏သာမန်ရိုးရိုးအဖွဲ့ဝင်အဖြစ်မှ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့မှစ၍ ထုတ်ပယ်ခဲ့သည်။ စည်သူဗိုလ်မှူးကြီးမောင်ရွှေ (အငြိမ်းစား၊ ကြည်း–၃၅၇၅၊ ယခင် တော်လှန်ရေးကောင်စီဝင်၊ ငြိမ်း)၊ (ဝန်ကြီး၊ စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာန၊ ငြိမ်း)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ ဂျပန်ခေတ် ဗိုလ်သင်တန်း အပတ်စဉ် (၁)၊ အသက် (၈၁) နှစ်သည် ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သည်။ ဇနီးမှာ ဒေါ်ခင်မြမြဖြစ်ပြီး သား ဦးဝင်းနိုင်၊ သမီး ဒေါ်ခင်မာထွေး၊ ဒေါ်ခင်ရူပတို့ ထွန်းကားခဲ့သည်။

**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရဟန်းဒါယကာကြီး**
**စည်သူဗိုလ်မှူးကြီးမောင်ရွှေ (အငြိမ်းစား)**
BC-3575
**ယခင် တော်လှန်ရေးကောင်စီဝင် (ငြိမ်း)**
**ဝန်ကြီး – စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာန (ငြိမ်း)**
**လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)**
**ဂျပန်ခေတ်ဗိုလ်သင်တန်းအပတ်စဉ် (၁)**
**အသက် (၈၁) နှစ်**
**(ပေါက်ခေါင်း)**

ပေါက်ခေါင်းမြို့နေ (ဦးဘိုးသာ–ဒေါ်ဒေါ်အုံး) တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးထွန်းဖေ–ဒေါ်သီလှ) တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (၁၀/ဈ)၊ ပြည်သူ့လမ်း၊ (၇) မိုင် ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဒေါ်ခင်မြမြ) ၏ ခင်ပွန်း၊ ဦးဝင်းနိုင် (a) Kennet Shwe – ဒေါ်ခင်ခင် ( မြန်မာစာ၊ စီးပွားရေး – ငြိမ်း )၊ ဦးမြင့်အောင် (ဒေသခံကိုယ်စားလှယ် Wooil Marine Co., Ltd.) – ဒေါ်ခင်မာထူး (a) Pansy Shwe တို့၏ ဖခင်၊ မစံစံဝင်းနိုင် (ခေတ္တ စင်ကာပူ)၊ မယဉ်မွန်ထူးအောင် (ခေတ္တစင်ကာပူ)၊ မအေးအေးမွန်မြတ် (SCCD – Summit Park View Hotel) တို့၏အဘိုးဖြစ်သူ ဗိုလ်မှူးကြီးမောင်ရွှေ (အငြိမ်းစား) သည် ၄–၁၂–၂၀၀၁ ရက် (အင်္ဂါ) နေ့ မွန်းလွဲ (၁) နာရီ တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကျန်ရှိနေသောရုပ်ကလာပ်ကို နေအိမ်မှ ရေဝေးသုသာန်သို့ (၈–၁၂–၂၀၀၁) ရက် (စနေ) နေ့ မွန်းလွဲ (၁) နာရီတွင် ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(ကျန်ရစ်သူမိသားစု)

**၄၆။ လှိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးစောမြသိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးစောမြသိန်း (ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း) သည် လှိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၁,၇၇၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၇.၉၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြစ်သားမြို့ဇာတိဖြစ်သည်။ အဖ ဦးမြိုင်၊ အမိ ဒေါ်ငွေပိုင်တို့မှ ၁၉၂၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစောမြသိန်းသည် မြစ်သားဒီစတြိတ်ကောင်စီဘုတ်အဖွဲ့ကျောင်းမှ အလယ်တန်းအောင်မြင်၍ အမျိုးသားအထက်တန်းကျောင်းတွင် အင်္ဂလိပ်–မြန်မာ ဆယ်တန်းအထိ ပညာသင်ကြားခဲ့သည်။ ကျောင်းသားသမဂ္ဂ အတွင်းရေးမှူး၊ ၁၉၄၂ ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) တပ်သား၊ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းဒုတိယပတ်ဆင်း ဗိုလ်လောင်း၊ ၁၉၄၃ ခုနှစ်တွင် ဂျပန်ပြည် ဘုရင့်စစ်တက္ကသိုလ်၊ တိုကျို ပညာတော်သင် (သင်တန်းပြီးဆုံး၊ ဗိုလ်လေးရာထူး)၊ ၁၉၄၆ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ကန္နီစာချုပ်အရ တပ်မတော်ကိုဖွဲ့စည်းသည့်အခါ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ပြန်တမ်းဝင်အရာရှိ ဒုတိယဗိုလ်၊ ထိုမှ အမက (၁) မိတ္ထီလာ၊ တပ်ခွဲအရာရှိ၊ စစ်ရဲတပ်ရင်း (ယူအင်ပီ) (၆)၊ မိတ္ထီလာ၊ တပ်ရင်းမှူး (မိတ္ထီလာတိုက်ပွဲ၊ ၁၉၄၉ ခုနှစ်တွင် ကေအင်ဒီအိုဖမ်းဆီးခြင်းခံရပြီး (၂) နှစ်ကျော်ခန့် ချုပ်နှောင်ခံရသည်)။ သနက (၂)၊ ကျိုင်းတုံ၊ တပ်ရင်းမှူး၊ ခလရ (၅) နှင့် ခလရ (၁၄)၊ စစ်တွေ၊ တပ်ရင်းမှူးနှင့် ရခိုင်တပ်ပေါင်းစုမှူး၊ ဗဟိုစစ်လက်နက်ပစ္စည်းတပ် တပ်မှူးကြီး၊ ရန်ကုန်မြို့နယ် တပ်မှူး၊ ဗိုလ်သင်တန်းကျောင်းနှင့်အကြပ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ခလရ (၁၀) တောင်ငူ တပ်ရင်းမှူး၊ ချင်းသနက (၄) တာချီလိတ်၊ ကျိုင်းတုံ၊ တပ်ရင်းမှူးနှင့် ခေတ္တဗျူဟာမှူး၊

စစ်ဦးစီးတက္ကသိုလ် (ရန်ကုန်) တွဲဖက်၊ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် ဒုဗိုလ်မှူးကြီးအဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ ကြံ့ခိုင်ရေး၊ ကင်းထောက်နှင့်ကြက်ခြေနီအသင်းတို့တွင် အဓိကတာဝန်ယူခဲ့သည်။ တပ်မတော်တာဝန်ဖြင့် ပြည်ပ (၇) နိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည်။ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး (ပ–ရ–သ–ဖ) နှင့် ဗဟိုသယ်ယူပို့ဆောင်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်ဆိပ်ကမ်းနှင့်အကောက်ခွန်အထူးမင်းကြီး၊ သမဝါယမ ညွန်ကြားရေးမှူး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တိုင်းခွဲ (၃)၊ ချင်းပြည်နယ် ဒုတိယဥက္ကဋ္ဌ၊ ပါတီဌာနချုပ်၊ ပညာရေးဌာနကြီးမှူးစသော ပါတီတာဝန်များကို ထမ်းဆောင်ခဲ့သည်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ဗဟိုကော်မတီဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်နာယကတာဝန်တို့ယူခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ နိုင်ငံဂုဏ်ရည် (ပထမဆင့်)၊ သီရိပျံချီ ဘွဲ့တို့ချီးမြှင့်ခြင်းခံရသည်။ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင် ကွယ်လွန်သည်။ ဇနီးမှာ ဒေါ်ကြည်လှိုင် (ခ) ဒေါ်ဝင်းရီဖြစ်ပြီး၊ သားသမီးများမှာ ဒေါ်စောသူဇာ+ဦးဝင်းအောင်၊ ဒေါ်စောမာလာ၊ ဒေါ်စောမြမာ၊ ဒေါက်တာခင်မောင်ချို၊ ဒေါ်စောဥမ္မာ၊ ဦးကိုကိုစော+ဒေါ်ခင်နှင်းဝေ၊ ဦးညီညီစော၊ ဒေါ်ခင်ဝင်းကြူ၊ ဦးတင်မျိုးထွေးတို့ ထွန်းကားခဲ့သည်။

## ၄၇။ လှိုင်သာယာမြို့နယ်မဲဆန္ဒနယ်။

### ဗိုလ်ကြီးသန်းကြွယ် (အငြိမ်းစား)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဗိုလ်ကြီးသန်းကြွယ် (အငြိမ်းစား) သည် လှိုင်သာယာ (မြို့သစ်) မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၂၄၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ . ၉၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၇ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့ဖွား ဖြစ်သည်။ ဦးတင့်၏သား ဖြစ်သည်။ ဗိုလ်ကြီးသန်းကြွယ် (အငြိမ်းစား) သည် ၁၃၀၀ ပြည့်အရေးတော်ပုံ ကျောင်းသားသပိတ်တွင်လည်းကောင်း၊ ၁၉၄၁ ခုနှစ်၊ အာရှလူငယ် မအူပင်ခရိုင်တွင်လည်းကောင်း ပါဝင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ဗမာ့သေနတ်ကိုင်တပ်သို့ ဝင်ရောက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် မေမြို့ ဘီအာရ်စီလေ့ကျင့်ရေးတပ်၊ ပုဒ်မ (၅) ဖြင့် (၈) လအချုပ်ခံရပြီး တပ်မှထွက်ခွင့်ပေးခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် မအူပင်ခရိုင်စစ်ဝန်ထမ်းတပ်သို့ဝင်ရောက်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် တပ်မတော်သို့ကူးပြောင်းသည့်အခါ ပြန်တမ်းဝင်အရာရှိအဖြစ် ခလရ (၃၀) တွင် တာဝန်ကျခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ခလရ (၇) (ဘာဘစစ်ဆင်ရေး)၊ ၁၉၆၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ နယ်ခြားဝန်ထောက် (ကျိုင်းတုံနှင့်တာချီလိတ်ခရိုင်)၊ ၁၉၆၆ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ နလက ဥက္ကဋ္ဌ သနပ်ပင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ဇန်းမောက်၊ ၁၉၇၂ ခုနှစ်တွင် မိမိဆန္ဒအလျောက် တပ်မှထွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ အင်းစိန်မြို့နယ်ကောင်စီ ဥက္ကဋ္ဌ၊ လှိုင်သာယာမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။

## ၄၈။ လှည်းကူးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစောကျော်စိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးစောကျော်စိန်သည် လှည်းကူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၆,၁၁၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၆ . ၉၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ၁၉၃၂ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့ဖွား ဖြစ်သည်။ အဖ စောမြတ်မင်း၊ အမိ နော်စိန်ညွန့်တို့၏ သားဖြစ်သည်။ ဦးစောကျော်စိန်သည် မော်လမြိုင်အေဘီအမ်ကျောင်း၊ အလုံ ပဲခူးကရင်ကျောင်းတို့တွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် ကျောင်းမှထွက်၍ သစ်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ အမျိုးသားဒီမို

ကရေစီအဖွဲ့ချုပ်တွင် ကျေးရွာဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၂၆) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်းကြေညာခဲ့သည်။ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့ ကွယ်လွန်သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ကျင်းပပြု လုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက် အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါစာအမှတ်၊ ဝ၄၁/စည်း (စည်းရုံး)/၉၉ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၂၆)**
**(၁၃၆၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်)**
**(၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)**

**အကြောင်းအရာ။ ။ ဦးစောကျော်စိန်အား ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးစောကျော်စိန်က မိမိသည် အသက်အရွယ်ကြီးရင့်လာပြီး ကျန်းမာရေးမကောင်းတော့ပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျှောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးစောကျော်စိန်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးစောကျော်စိန်အား ယနေ့မှစ၍ လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
**ဦးစောကျော်စိန်**
**အသက် (၇၃) နှစ်**

လှည်းကူးမြို့နယ်၊ စာဘူးတောင်းကျေးရွာနေ (စောမြတ်မင်း–နော်စိန်ညွန့်) တို့၏ သား၊ (စောထွန်းလှ–နော်အားကဲ) တို့၏ သားသမက်၊ နော်ဟယ်လင်း၏ ခင်ပွန်း၊ (ဦးခွေလျံ–ဒေါ်ဖောဝါး)၊ နော်အုံးမြင့်တို့၏ မောင်၊

နော်ဒွေးမယ်နော်၊ (စောလွို)၊ (စောဖိုးအောင်)–နော်မာကြီး၊ စောသန်းဒယ်–နော်စေးဖောမင်းတို့၏ အကို၊ စောထူးဂေါ့– နော်ဖဲစေး၊ စောဝင်းပိုလ်–နော်သန်းသန်းအေး၊ စောထွန်းစံကြည်–နော်ဝါးဆက်ဖလို့တို့၏ ဖခင်၊ နော်ဟော့ဇယ်ထူး၏ အဘိုးသည် ၇–၁၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ (၇ း ၀၉) နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၀–၁၁–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၁) နာရီတွင် သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ၄၉။ လှည်းကူးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးစံတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစံတင်သည် လှည်းကူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၆၄၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၁ . ၉၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်နေ့ဖွား ဖြစ်သည်။ ဦးလှဖေ၏သား ဖြစ်သည်။ ဦးစံတင်သည် ရေတာရှည်မြို့နယ်၊ မြို့လှအစိုးရအထက်တန်းကျောင်း၊ လယ်ဝေးမြို့နယ် အေလာအစိုးရအထက်တန်းကျောင်း၊ တောင်ငူမြို့ အစိုးရ အထက်တန်းကျောင်းအမှတ် (၂)၊ မော်လမြိုင်ကောလိပ်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (ပြင်ပ) တို့တွင် ဝိဇ္ဇာဘွဲ့ရသည်အထိ ပညာသင်ကြားခဲ့သည်။ အထက်တန်းရှေ့နေနှင့် မှတ်ပုံတင်ဥပဒေစာမေးပွဲတို့ကိုလည်း အောင်မြင်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်အသက်မွေးသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၄၆) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၀၄၁/စည်း (စည်းရုံး)/၉၉ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

## ၅၀။ လမ်းမတော်မြို့နယ်မဲဆန္ဒနယ်။

### ဦးနေဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးနေဦးသည် လမ်းမတော်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၇၆၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၁ . ၃၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးနေဝင်း (အဆာဟိရှင်ဘွန်း) (ကွယ်လွန်)၊ အမိ ဒေါ်ရီရီတို့မှ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ရန်ကုန်မြို့ဇာတိ ဖြစ်သည်။ ဦးနေဦးသည် စိန့်ပက်ထရစ်ကျောင်း၊ ဒေါ်နုနုခင်ကျောင်း၊ အစိုးရအထက်တန်း ကျောင်းအမှတ် (၂) အလုံ၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တို့တွင် ဝိဇ္ဇာ (မြန်မာစာ) ဘွဲ့ရသည်အထိ ပညာသင်ကြား ခဲ့သည်။ မိဖပိုင် (နေရီရီ) ပုံနှိပ်တိုက်တွင် မန်နေဂျာအဖြစ်ဆောင်ရွက်သည်။ ၁၃၅၀ ပြည့်(၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တက်ကြွစွာပါဝင်ခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၆ ခုနှစ်၊ ဇွန်လ (၁၃) ရက်နေ့တွင် ကြေညာချက် အမှတ် (၁၂၇၀) ဖြင့် ကြေညာခဲ့သည်။ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် ရန်ကုန်မြို့၊ ဗဟိုစည်ဆေးရုံကြီး၌ ကွယ်လွန်သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင်

ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ဝ၄၁/စည်း (စည်းရုံး)/၉၉ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**ဦးနေဦး အသက် (၅၀)**
**(နေရီရီစာအုပ်တိုက်)**
**လမ်းမတော်မြို့နယ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် (၂/က) အောင်ရတနာလမ်းနေ (စာရေးဆရာမောင်နေဝင်း)–ဒေါ်ခင်ရီတို့၏ သားကြီး၊ (ဦးလွန်းမောင်–ဒေါ်ခင်ညွန့်)တို့၏ သားသမက်၊ (ဗိုလ်မှူးမင်းဆွေ)–ဒေါ်မြင့်မြင့်ခင်တို့၏ တူ/မောင်၊ ဒေါ်နီနီနိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ဟိန်းဝင်း (နှစ်လုံးချက်ကြီး)၊ မမေဝင့်သူတို့၏ ဖခင်၊ (ဦးကြည်လင်)–ဒေါ် တင်မာဆက်၊ (ဦးစိုင်းလောင်လိုင်းဖ)–ဒေါ်ရီရီဝင်း၊ ဦးဥာဏ်ဝင်း(ခေတ္တ–စင်ကာပူ)–ဒေါ်စုစုတင့်တို့၏ အကိုကြီး၊ စိုင်းသီဟဖ၊ အင်ကြင်းဖနှင့် မင်းကိုနိုင်တို့၏ ဘကြီးသည် (၂၈–၁၁–၂၀၀၁) ရက်တွင် ဗဟိုစည်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ (၃၀–၁၁–၂၀၀၁) ရက် နံနက် (၁၀) နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၄၃၄)**
**(၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ မေလ ၂၉ ရက်)**

**အကြောင်းအရာ။ ။ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း။**

၁။ လမ်းမတော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၂၅,၁၄၀) ဦးအနက် (၂၀,၄၂၉) ဦးတို့ ဆန္ဒမဲပေးကြရာ ယင်းတို့ပေးသည့် ဆန္ဒမဲများအနက်မှ ခိုင်လုံသောဆန္ဒမဲ (၁၉,၃၇၁) မဲရရှိခဲ့ပါသည်။ ယင်းခိုင်လုံသောဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးက အောက်ပါအတိုင်းရရှိကြပါသည်။

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် | ကိုယ်စားပြုသည့် ပါတီအဖွဲ့ အစည်း | ရရှိသည့် ဆန္ဒမဲပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ဦးခင်မောင် | ပြည်သူ့စွမ်းအားပါတီ | ၂၈ | ၀ . ၁၄ |
| (ခ) | ဦးခင်မောင်ဘော် | ဒီမိုကရေစီပါတီ | ၁၈၆ | ၀ . ၉၆ |

| | | | | |
|---|---|---|---|---|
| (ဂ) | ဦးစံနီသွင် | တသီးပုဂ္ဂလ | ၂၅ | ၀ . ၁၃ |
| (ဃ) | ဦးစိုးလှိုင် | အမျိုးသားရေး ပကတိလမ်းစဉ် ဦးဆောင်အင်အားစုအဖွဲ့ချုပ် | ၁၉ | ၀ . ၁ |
| (င) | ဦးနေဝင်း | ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဆိုရှယ်လစ်ဆန့်ကျင်ရေး၊ အာဏာရှင်ဆန့်ကျင်ရေး၊ လွတ်လပ်သော ဒီမိုကရေစီအဖွဲ့ချုပ်။ | ၄၉ | ၀ . ၂၅ |
| (စ) | ဦးနေဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၇၆၅ | ၈၁ . ၃၈ |
| (ဆ) | ဦးဘိုကေ | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း) | ၄၅၈ | ၂ . ၃၆ |
| (ဇ) | ဦးမော် | တသီးပုဂ္ဂလ | ၁၅ | ၀ . ၁၈ |
| (ဈ) | ဦးမောင်ခင် (ခ) ဦးခင် | တသီးပုဂ္ဂလ | ၁၄၁ | ၀ . ၇၃ |
| (ည) | ဦးရဲမြင့် | ပြည်ထောင်စုအမျိုးသား ဒီမိုကရေစီပါတီ | ၂၂၄ | ၁ . ၁၅ |
| (ဋ) | ဦးလွင်နိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၄၀၂ | ၁၂ . ၄ |
| (ဌ) | ဦးသန်းမြင့် | တသီးပုဂ္ဂလ | ၅၉ | ၀ . ၃ |

၂။ သို့ပါ၍ အထက်ပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် အမှတ်စဉ် (စ) ပါ ခိုင်လုံသောဆန္ဒမဲအများ ဆုံးရရှိသည့် ဦးနေဦးသည် ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ရွေးကောက် တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) နှင့်အညီ ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

## ၅၁။ သာကေတမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးမောင်မောင်လတ် (ဒေါက်တာလှိုင်နီ)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမောင်မောင်လတ် (ဒေါက်တာလှိုင်နီ) သည် သာကေတမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၂,၂၈၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၄ . ၆၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပျဉ်းမနားမြို့ဇာတိ ဖြစ်သည်။ အဖ ဦးလှမြိုင် (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးရန်အောင်)၊ အမိ ဒေါ်လှိုင်လှိုင်တို့မှ ၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လ (၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ငယ်နာမည် ဒေါင်းလေးဖြစ်ပြီး၊ တက္ကသိုလ်ဝင်တန်းအထိအမည်မှာ မောင်မောင်လတ်ဖြစ်သည်။ ဆေးတက္ကသိုလ်

သို့ရောက်ရှိသည့်အခါ မောင်လှိုင်နီဟု အမည်ပြောင်းခဲ့သည်။ ဦးမောင်မောင်လတ် (ဒေါက်တာလှိုင်နီ) သည် ၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ မလှိုင်မြို့ အစိုးရအထက်တန်းကျောင်းတွင်ပညာသင်ကြားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၈ ခုနှစ်အထိ ရန်ကုန်မြို့ ရေကျော်အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ဗိုလ်တထောင်အစိုးရ အထက်တန်းကျောင်းအမှတ် (၃) မှ ဆယ်တန်းအောင်မြင်ခဲ့၍ ၁၉၇၇ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၇၉ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပဲခူးတိုင်းအတွင်း ဆေးဝန်ထမ်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့သည်။ ဆေးတက္ကသိုလ် (၁) ကျောင်းသားဘဝတွင် ကျွန်းဆွယ်အရေးအခင်းနှင့် ဦးသန့်အရေးအခင်းတို့တွင် တက်တက်ကြွကြွပါဝင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့အရေးတော်ပုံကြီးကာလ ဆန္ဒပြရာတွင် ကိုယ်တိုင်မပါဝင်ခဲ့သော်လည်း ည (၈) နာရီ မြန်မာ့အသံသတင်းကို သံပုံးတီး ရှုတ်ချရန် လှုံ့ဆော်ခဲ့သည်။ **'မာဃလုလင်'** အမည်ဖြင့် တရားမဝင်စာစောင်ထုတ်ဝေခဲ့သည်။ ဒေါက်တာလှိုင်နီ သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့က မန္တလေးအနောက်တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေးလျှို့ဝှက်အစည်းအဝေးတွင် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရသဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ (ည) နှင့် ငြိစွန်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။

## ၅၂။ သာကေတမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးအုန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအုန်းမြင့်သည် သာကေတမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၅,၅၇၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၀ . ၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပဲခူးမြို့ဇာတိ ဖြစ်သည်။ အဖ ဦးထွန်းရင်၊ အမိ ဒေါ်သန်းတို့မှ ၁၉၃၆ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအုန်းမြင့်သည် ပဲခူးမြို့ အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်၍ ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ (ဘီအက်စ်စီ) ရခဲ့သည်။ ၁၉၆၂ ခုနှစ်မှစ၍ သင်္ချာနှင့်ရူပဗေဒနည်းပြကိုယ်ပိုင်သင်တန်းဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါဝင်ခဲ့သည်။

## ၅၃။ သဃ်န်းကျွန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးသိန်းညွန့် (မောင်သိန်းညွန့်–ကော့ကရိတ်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသိန်းညွန့်သည် သဃ်န်းကျွန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၄,၂၃၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၁ . ၈၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့ဖွား ဖြစ်သည်။ ဦးဥာဏ်ရင်၏သား ဖြစ်သည်။ ဦးသိန်းညွန့် (ကော့ကရိတ်) သည် ဘီအေအာရ်အယ်လ်၊ အိတ်ချ်ဂျီပီ၊ ဒီဂျေဘွဲ့ရ တရားရုံးချုပ်ရှေ့နေဖြစ်သည်။ ၁၉၅၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်း ကျောင်းသားခေါင်းဆောင်၊ ကော့ကရိတ်ကျောင်းသားသမဂ္ဂဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး၊ ကျောင်းသားညီညွတ်ရေးတပ်ဦး ခေါင်းဆောင်၊ သဟာယနှင့်စာဖတ်အသင်းချုပ် ဥက္ကဋ္ဌ၊ ကျောင်းသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့သဖြင့် ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ

(၂) ရက်နေ့မှ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့အထိ မော်လမြိုင်ထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ အင်းစိန် ပလကစာရေးဝန်ထမ်း၊ ၁၉၇၂ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ လမ်းစဉ်လူငယ်နှင့် ပါတီဌာနချုပ် တို့တွင် ဌာနမှူး၊ ၁၉၇၈ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နေ့တွင် လူငယ်နှင့်ပတ်သက်သော သတင်းဆောင်းပါးနှစ်ပုဒ်ကိစ္စ၊ နိုင်ငံရေးသမားနှစ်ဦးတို့နှင့်ပတ်သက်သောကိစ္စတို့ကြောင့် တာဝန်နှင့်အဖွဲ့ဝင်အဖြစ်မှ ရပ်စဲထုတ်ပယ်ခြင်းခံခဲ့ရသည်။ ၁၉၆၈ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ မောင်သိန်းညွန့် (ကော့ကရိတ်) အမည်ဖြင့် ဆောင်းပါးများရေးသားခဲ့သည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တက်ကြွစွာပါဝင်ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင် စစ်ထောက်လှမ်းရေးမှ ရဲမွန်တပ်မြို့ရှိ ထိန်းသိမ်းရေးစခန်း (ညှော့ဂေဟာ) တွင် ခေါ်ယူဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရပြီး၊ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့တွင် ပြန်လွတ်သည်။ ၂၀၀၄ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် နှစ်ပေါင်း (၃၀) ကြာနေထိုင်လာခဲ့သည့် သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းရှိ ကေ၀က်နီးပါးကျယ် ခြံအမှတ် (၇၂) ရှိ နေအိမ်အား ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးမှ ၁၉၇၈ ခုနှစ်ကချုပ်ဆိုထားသည့် စာချုပ်စာတမ်းကိုပယ်ဖျက်ပြီး နေအိမ်ကိုအမွေဆိုင်အိမ်အဖြစ် ပြောင်းလဲသတ်မှတ်၍ လေလံတင်ရောင်းချရန်ပြင်ဆင်၍ ဖိအားပေးခြင်းခံခဲ့ရသည်။ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် **'လွတ်လပ်သည့် အာရှအသံ'**(Radio Free Asia) အသံလွှင့်ဌာနနှင့်တွေ့ဆုံ မေးမြန်းခဲ့သည့်အတွက် '၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေ ပုဒ်မ (၃) အရ ဒဏ်ငွေ (၂၀၀၀) ကျပ်ပေးဆောင်ရန် ပျက်ကွက်ပါက အလုပ်မဲ့ထောင်ဒဏ် (၁) လကျခံစေရန် အမိန့်ချမှတ်ခြင်းခံခဲ့ရသည်။ ဇနီးမှာ ဒေါ်ခင်ခင်အေး (တရားရုံးချုပ်ရှေ့နေ) ဖြစ်ပြီး သားနှစ်ဦးထွန်းကားသည်။

## ၅၄။ သဃ်န်းကျွန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးမြင့်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးမြင့်သိန်းသည် သဃ်ကျွန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၃,၃၉၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ . ၇၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၈ ခုနှစ်ဖွား ဖြစ်သည်။ ဦးဖိုးငွေး၏သားဖြစ်သည်။ ဦးမြင့်သိန်းသည် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင်ပါဝင်ခဲ့၍ မော်ကွန်းဝင် (ဒုတိယဆင့်) ရခဲ့သည်။ တိုင်းရင်းမြန်မာဆေးဆရာစာမေးပွဲ အောင်မြင်ထား၍ ကိုယ်ပိုင်မြန်မာ့ရိုးရာဆေးတိုက်ဖွင့်လှစ်ထားသည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ မြို့နယ်ခရိုင် ဖ–ဆ–ပ–လ တွင် ပါဝင်ဦးဆောင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို) တောင်သူလယ်သမားအဖွဲ့တွင် တာဝန်ယူခဲ့သည်။

## ၅၅။ သုံးခွမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးလွင် (ဗိုလ်မှူးကြီးမောင်လွင်–အငြိမ်းစား)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးလွင်သည် သုံးခွမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၁၈၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ . ၁၁) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့ဖွား ဖြစ်သည်။ အဖ ဦးဘသာ၊ အမိ ဒေါ်သိန်းတို့၏သား ဖြစ်သည်။ ဦးလွင်သည် ၁၉၄၂ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ ရန်ကုန်မြို့တွင် သူငယ်တန်းမှ ဆယ်တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၊ ဗမာ့မျိုးချစ်တပ်မတော် (ပီဘီအက်ဖ်) တို့တွင်ပါဝင်ခဲ့သည်။ ဘီဒီအေ

ပထမပတ်ဗိုလ်သင်တန်းဆင်း၊ ဂျပန်ပြည် ဘုရင့်တပ်မတော်စစ်တက္ကသိုလ်ကျောင်းဆင်း၊ ၁၉၄၆ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိဖြစ်လာပြီး၊ ၁၉၄၆–၅၈ ခုနှစ် တွင် သနက (၅)၊ အမှတ် (၇) ခြေလျင်တပ်ပေါင်းစုဌာနချုပ်၊ ကချင် (၁)၊ ခမရ (၁၀၄) တို့တွင် ဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၅၄ ခုနှစ်အထိ အဆင့်မြင့်စစ်သင်တန်းများကို အင်္ဂလန်ပြည်စစ်တက္ကသိုလ်များတွင် တက်ရောက်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဗိုလ်မှူးကြီးအဆင့်ဖြင့် စစ်သံမှူး (အမေရိကန်ပြည်ထောင်စု)၊ ၁၉၆၃ ခုနှစ်တွင် လပခ ဒုတိယတိုင်းမှူး၊ ၁၉၆၄ ခုနှစ်တွင် ရတခတိုင်းမှူး၊ ၁၉၆၉ ခုနှစ်တွင် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ၁၉၇၁ ခုနှစ်တွင် တပ်မတော်မှ ပြန်တမ်းဝင်အရာရှိအလုပ်ဝတ္တရားများကို ပြန်လည်အပ်နှံခွင့်ပြုခဲ့သည်။ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီး၊ ၁၉၇၄ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ်၊ ၁၉၇၇ ခုနှစ်တွင် တတိယအကြိမ်ပါတီညီလာခံ၌ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် ရွေးချယ်မခံတော့ဘဲ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးမှ နိုင်ငံတော်ကောင်စီဝင်၊ ၁၉၈၀ ပြည့်နှစ်တွင် အနားယူခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ သီရိပျံချီဘွဲ့တို့ချီးမြှင့်ခံရသည်။ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဘဏ္ဍာရေးဌာနမှူးအဖြစ် တာဝန်ယူခဲ့သည်။ ဦးတင်ဦး၊ ဦးကြည်မောင်၊ ဒေါ်အောင်ဆန်းစုကြည်တို့ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီးနောက် ၁၉၉၁ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းသည့် အလုပ်အမှုဆောင်အဖွဲ့တွင် အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာပြီးနောက် ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၌ အတွင်းရေးမှူးအဖြစ် ပြန်လည်တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဒီပဲယင်းသွေးချောင်းစီးလုပ်ကြံ တိုက်ခိုက်သတ်ဖြတ်မှုကြီးဖြစ်ပွားစဉ် နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရ၍ ၂၀၀၄ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့တွင် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်သည်။ ဇနီးမှာ ဒေါ်တင်တင်မလေးဖြစ်ပြီး၊ သမီး ဒေါ်စုစုလွင်၊ သား ဦးကျော်ဆန်းလွင်တို့ ထွန်းကားခဲ့သည်။

[ ၁၉၉၀ နောက်ပိုင်းမှာ အင်န်အယ်လ်ဒီအနေနဲ့ နိုင်ငံရေးပါတီတခုအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး ကို နှောင့်ယှက်ခြိမ်းခြောက်မှုအမျိုးမျိုးကြားထဲက ရုန်းကန်နေရတဲ့ ဦးအောင်ရွှေကို များစွာကူညီခဲ့သူကတော့ အင်န်အယ်လ်ဒီ အလုပ်အမှုဆောင်အဖွဲ့ရဲ့ မူလအဖွဲ့ဝင်လည်းဖြစ်၊ အင်န်အယ်လ်ဒီရဲ့ဘဏ္ဍာရေးမှူးလည်းဖြစ်တဲ့ ဦးလွင်ပါပဲ။ ဒုတိယကမ္ဘာစစ်ဖြစ်လို့ ဦးလွင်ဘီအိုင်အေထဲဝင်တဲ့အချိန်တုန်းက အသက် (၁၈) နှစ်ပဲရှိပါသေးတယ်။ ဦးလွင်ဟာ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လအတွင်း ဂျပန်နိုင်ငံ Rikugun Shikan Gakko ဗိုလ်သင်တန်းကျောင်းမှာ သင်တန်းတက်ဖို့ စေလွှတ်ခြင်းခံရတဲ့ မြန်မာအရာရှိလောင်းတွေထဲက တဦးဖြစ်ပါတယ်။ ၁၉၄၅ ဩဂုတ်လမှာ မြန်မာအရာရှိငယ်လေးတွေ စစ်သင်တန်းပြီးတဲ့အချိန်မှာ မြန်မာနိုင်ငံမှာ ဖက်ဆစ်တော်လှန်ရေးက စနေပါပြီ။ ဦးလွင်နဲ့သူ့ရဲ့လုပ်ဖော်ကိုင်ဘက် အရာရှိငယ်လေးတွေဟာ Hakone မှာ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလအထိ နေခဲ့ရပြီး၊ စားဖို့သောက်ဖို့အတွက် မီးသွေးဖုတ်ရောင်းခဲ့ရပါတယ်။

လွတ်လပ်ရေးရပြီးတဲ့နောက် ဦးလွင်ဟာ တပ်မတော်ထဲမှာပဲ ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ အင်္ဂလန် နဲ့ အနောက်ဂျာမနီတွေကို စစ်သင်တန်းတွေတက်ဖို့ စေလွှတ်ခြင်းခံရပါတယ်။ ၁၉၅၉ ခုနှစ်မှာ သူဟာ ဝါရှင်တန်မှာ စစ်သံမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုကနေ ပြန်လာပြီးတဲ့နောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေဆဲမှာ ရန်ကုန်မှာ ဒုဝန်ကြီးတာဝန် ထမ်းဆောင်ဖို့ အခေါ်ခံရပါတယ်။ ၁၉၆၂ ခုနှစ်မှာ စစ်တပ်ကအာဏာသိမ်းပြီးတဲ့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီကို တည်ထောင်ခဲ့ပြီး၊ တိုင်းပြည်ကိုအုပ်ချုပ်နေစဉ်ကာလအတွင်းမှာ ဦးလွင်ဟာ ဘဏ္ဍာရေးဝန်ကြီးအဖြစ်

တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီနောက် ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံတော်ကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ သူဟာ နိုင်ငံတော်ကောင်စီဝင်အဖြစ်မှာ နုတ်ထွက်လိုက်ပါတယ်။

ဦးလွင်ဟာ ၁၉၈၈ ခုနှစ်မှာ အင်န်အယ်လ်ဒီထဲမှာ ပါဝင်ခဲ့ပြီး၊ သူ့ရဲ့ဘဏ္ဍာရေးဆိုင်ရာ အတွေ့အကြုံတွေ၊ ရိုးသားဖြောင့်မတ်မှုဂုဏ်သိက္ခာတွေကြောင့် ဘဏ္ဍာရေးမှူးအဖြစ် ရွေးချယ်ခြင်းခံရပါတယ်။ ၁၉၉၂ မှာ အင်န်အယ်လ်ဒီကို အတင်းအဓမ္မပြန်လည်ဖွဲ့စည်းခိုင်းတဲ့အခါမှာ ဦးလွင်ဟာ အတွင်းရေးမှူးတာဝန်ကိုယူပြီး၊ ဦးအောင်ရွှေဟာဥက္ကဋ္ဌ ဖြစ်လာခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်၏ " မြန်မာပြည်ကလာတဲ့စာ " အမှတ်(၁၈)မှ ...]

**၅၆။ သုံးခွမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးကျော်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးကျော်မြင့်သည် သုံးခွမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၂၈၂) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၇ . ၃၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ သုံးခွမြို့နယ်၊ တကောကျေးရွာဇာတိဖြစ်သည်။ အဖ ဦးစံလှ၊ အမိ ဒေါ်စောလှတို့မှ ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကျော်မြင့်သည် တိုင်းရင်းဆေးပညာ သုံးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သော ရိုးရာဆေးပညာရှင်တဦးဖြစ်၍ တိုင်းရင်းပရဆေးသုတေသန အခမဲ့လုပ်ငန်းနှင့် တိုင်းရင်းဆေးဝါးတိုးတက်ရေးတို့ကို ဆောင်ရွက်ခဲ့သည်။ စာဆိုတော်မဂ္ဂဇင်းထုတ်ဝေသူ၊ တက်နေဝင်းပုံနှိပ်တိုက်ပုံနှိပ်သူ၊ သဘာဝသတ္တုဆေးတိုက်လုပ်ငန်းတို့ကို လုပ်ကိုင်သည်။

**၅၇။ သံလျှင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဒေါက်တာဝင်းနိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာဝင်းနိုင်သည် သံလျှင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၈၄၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၆ . ၄၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဗဟန်း (ရန်ကုန်) ဇာတိဖြစ်သည်။ အဖ ဦးမြသောင်း၊ အမိ ဒေါ်ညွန့်ရှင်တို့မှ ၁၉၅၄ ခုနှစ်၊ မတ်လ (၁၀)ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာဝင်းနိုင်သည် သာကေတမြို့အစိုးရ အထက်တန်းကျောင်းအမှတ် (၂) မှ ဆယ်တန်း အောင်မြင်ခဲ့၍ ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ၁၉၇၉ ခုနှစ်တွင် ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၉ ခုနှစ် အထိ ပြင်ပဆရာဝန်၊ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင်ပါဝင်ခဲ့သည်။ သန်လျင်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဦးဆောင်တာဝန်ယူခဲ့သည်။

**၅၈။ သံလျှင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးသန်းဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးသန်းဝင်းသည် သံလျင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၈၉၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၃ . ၆၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့ဖွား ဖြစ်သည်။ မြိတ်မြို့ဇာတိ ဖြစ်သည်။ ဦးစိန်လှံ၏သားဖြစ်သည်။ ဦးသန်းဝင်းသည် ၁၉၅၁ ခုနှစ်တွင် သိပ္ပံဘွဲ့ (ပထမရွှေတံဆိပ်ဆု)၊ ၁၉၅၂ ခုနှစ်တွင်

သိပ္ပံ (ဂုဏ်ထူး) (ဓာတုဗေဒ) ရွှေတံဆိပ်ဆု၊ ဒီပီတီနှင့်စီအီး (City and Guilds of London) ဘွဲ့လွန်ဒီပလိုမာရ ရေနံဓာတုသိပ္ပံပညာရှင်တဦးဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် အကြီးတန်းဓာတုဗေဒအရာရှိ (ဘီအိုစီ) သန်လျင် ရေနံချက်စက်ရုံ၊ ၁၉၇၇ ခုနှစ်တွင် ညွှန်ကြားရေးမှူး၊ မန်းသံပုရာကန်စီမံကိန်း၊ ၁၉၈၄ ခုနှစ်တွင် ညွှန်ကြားရေးမှူး၊ ရေနံဓာတုနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကော်ပိုရေးရှင်း၊ ၁၉၈၇ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ရေနံဓာတုနှင့် ပတ်သက်၍ ဘွဲ့လွန်ယူခြင်း၊ လေ့လာရေးခရီးနှင့် နှီးနှောဖလှယ်ပွဲများ တက်ရောက်ခြင်းတို့အတွက် ပြည်ပနိုင်ငံပေါင်း (၂၀) ကျော်သို့သွားရောက်ခဲ့ပြီး ယင်းအတွေ့အကြုံများကို မြန်မာ့ရေနံလုပ်ငန်းတွင် လက်တွေ့အသုံးချခဲ့သည်။

**ဦးသန်းဝင်း**
**ညွှန်ကြားရေးမှူး၊ စီမံရေး (ငြိမ်း)**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အသက် (၇၀)**

သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ ဦးလှထွန်းလွင်လမ်း၊ အမှတ် (၃၈) နေ ဒေါ်စီစီ၊ (ဦးထွန်းအောင်ကျော်) တို့၏ ညီမောင်၊ ဦးတင်မောင်ကျော်–ဒေါ်မြမြငြိမ်း၊ ဦးအုန်းကျော်–ဒေါ်မဥ္ဇူထွန်းတို့၏ ဦးလေးဖြစ်သူသည် ၂၀–၁–၉၉ ရက်(ဗုဒ္ဓဟူးနေ့) ညနေ (၄ း၂၅) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၁–၉၉ ရက် (သောကြာနေ့) မွန်းလွဲ (၁) နာရီတွင် အထက်ပါနေအိမ်မှ သန်လျင် နတ်စင်ကုန်းသုသာန်သို့ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**၅၉။ အလုံမြို့နယ်မဲဆန္ဒနယ်။**

**ဒေါ်စန်းစန်းဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဒေါ်စန်းစန်းဝင်းသည် အလုံမဲမြို့နယ်ဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၅၀၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၆ . ၅၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဒေးဒရဲမြို့ဇာတိဖြစ်သည်။ အဖ ဦးကိုကိုကြီး (အငြိမ်းစားဦးစီးမှူး)၊ အမိ ဒေါ်ဝမ်းတို့မှ ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါ်စန်းစန်းဝင်းသည် လသာ အစိုးရအထက်တန်းကျောင်း အမှတ် (၂) (စိန့်ဂျွန်းကွန်ဗင့်)၊ မြို့မအမျိုးသမီးကျောင်းတို့တွင် အခြေခံပညာသင်ကြားခဲ့ပြီး၊ ၁၉၇၁ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။ ၁၉၇၂ ခုနှစ်မှစ၍ တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သည်။ အမရပူရမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား၏နေအိမ်တွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေးလျှို့ဝှက်အစည်းအဝေးသို့တက်ရောက်ခဲ့သဖြင့် သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ထို့နောက် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂ (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ (ည) ဖြင့်ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ နဝတ ကြေညာချက်အမှတ် (၁၁/၉၂) အရ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁) ဖြင့် ၁၉၉၂ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွှတ်သည်။

**ဒေါ်စန်းစန်းဝင်း**
**B.A. (Law), LL.B.**
**တရားရုံးချုပ်ရှေ့နေ**
**အသက် (၅၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၁၅၁၊ ငုဝါလမ်းနေ ဗိုလ်မှူးကိုကိုကြီး (ငြိမ်း) – (ဒေါ်ဝမ်း) တို့၏ သမီးကြီး၊ ဦးထွန်းကိုကိုကြီး – (ဒေါ်ချိုယုလှိုင်)၊ ဦးခင်မောင်အေး–ဒေါ်လဲ့လဲ့ဝင်း၊ ဦးမျိုးကိုကိုကြီး – ဒေါ်အက်စတာ တို့၏ အမကြီး၊ မယမုံအေး၊ မောင်ထွန်းချိုလင်း၊ မောင်ကျော်ကိုကို၊ မကစ်ကစ်၊ မောင်ပြည့်စုံတို့၏ အဒေါ်ဖြစ်သူ ဒေါ်စန်းစန်းဝင်းသည် (၇–၆–၂၀၀၀) ရက် မွန်းလွဲ (၁၂ း ၁၅) နာရီတွင် ကွယ်လွန်သွားပါ၍ (၉–၆–၂၀၀၀) ရက် မွန်းလွဲ (၂) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**၆၀။ အင်းစိန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးထွန်းလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးထွန်းလှိုင်သည် အင်းစိန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၃,၈၀၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၃ . ၈၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ တိုက်ကြီးမြို့ဇာတိဖြစ်သည်။ အဖ ဦးစံမြင့်၊ အမိ ဒေါ်အေးမြတို့မှ ၁၉၂၇ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးထွန်းလှိုင်သည် ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ အာရှ လူငယ်အမှုဆောင်၊ ဖက်ဆစ်တော်လှန်ရေးတွင် တိုက်ကြီးမြို့နယ်မြောက်ပိုင်း နိုင်ငံရေးတာဝန်ခံ၊ ၁၉၄၅–၄၆ ခုနှစ်တွင် အလံနီပါတီ မြို့နယ်အတွင်းရေးမှူး၊ ထိုမှ တလခွဲမျှ အဖမ်းခံခဲ့ရပြီးနောက် ရန်ကုန်တက္ကသိုလ်တွင် ပညာဆက်လက်သင်ယူခဲ့သည်။ ၁၉၄၇ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ကျောင်းသားခေါင်းဆောင်၊ သချာအသင်း အမှုဆောင်၊ အင်းစိန်ခရိုင်တက္ကသိုလ်ကျောင်းသားများအသင်း ဥက္ကဋ္ဌ၊ ၁၉၅၁ ခုနှစ်တွင် သိပ္ပံဘွဲ့ရရှိခဲ့ပြီး ဥပဒေဝိဇ္ဇာသင်တန်းဒုတိယနှစ်အထိ သင်ယူခဲ့သည်။ ၁၉၅၁–၅၂ ခုနှစ်တွင် အထက်တန်းပြကျောင်းဆရာ၊ အင်းစိန်ခရိုင်မြို့နယ်ဆရာများအသင်း ဥက္ကဋ္ဌ၊ ၁၉၅၂–၅၃ ခုနှစ်တွင် အင်းစိန်ခရိုင် ပညာအုပ်၊ ၁၉၅၃–၅၄ ခုနှစ်တွင် အလုပ်သင်လက်ထောက်လယ်ဝန် (ထိုမှ ကျောင်းသားဘဝ နိုင်ငံရေးဆောင်ရွက်မှုကြောင့် ဖ–ဆ–ပ–လ အစိုးရက ဖမ်းဆီးပြီး၊ အလုပ်မှရပ်စဲလိုက်သည်)။ ၁၉၆၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်၊ ပါတီယူနစ် ဥက္ကဋ္ဌ၊ ဗဟိုကော်မတီဝင်၊ ဗဟိုရေးရာကော်မတီဝင်၊ တောင်သူလယ်သမားကောင်စီ အလုပ်အမှုဆောင်၊ ဗဟိုအဖွဲ့ငယ် ဥက္ကဋ္ဌ၊ ၁၉၇၆ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ သန့်စင်ခြင်းခံခဲ့ရသည်။ ၁၉၇၇ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ အလွတ်ပညာသင်ကျောင်းအုပ်၊ ၁၉၈၀ ပြည့်နှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲ အောင်မြင်ခဲ့ပြီးရှေ့နေအဖြစ်လိုက်ပါခဲ့သည်။ လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယဆင့်) ရသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၉ ခုနှစ်၊ မတ်လ (၄) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၄၇) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။


**၆၁။ အင်းစိန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးစိန်လှဦး (မောင်နွယ်ဦး)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစိန်လှဦးသည် အင်းစိန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်

စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၉,၆၃၉)မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁.၀၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်နေ့ဖွား ဖြစ်သည်။ ဦးဘိုးဘ၏ သားဖြစ်သည်။ ဦးစိန်လှဦးသည် သတင်းစာသမားတဦးဖြစ်၍ ရန်ကုန်တက္ကသိုလ်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ပညာသင်ကြားခဲ့ပြီး၊ ဘီအေ၊ ဒီဂျေ (ဂျက်ဖာဆင်ဖဲလိုး) ဘွဲ့ရရှိခဲ့သည်။ ကျောင်းသားဘဝတွင် တက္ကသိုလ်သတင်းထောက်၊ ကျောင်းအပြီးတွင် ဗိုလ်တထောင်သတင်းစာအယ်ဒီတာ (ပြည်တွင်း၊ ပြည်ပဆောင်းပါး၊ ခေါင်းကြီးများ ရေးသားခဲ့သည်)၊ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် သတင်းစာသပိတ်ကို ခေါင်းဆောင်ခဲ့၍၊ တာဝန်မှအငြိမ်းစားပေးခြင်းခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့စည်းရာတွင် ဒေါ်အောင်ဆန်းစုကြည်၏အင်အားစုအဖြစ် ပါဝင်ခဲ့သည်။ မောင်နွယ်ဦး ကလောင်အမည်ဖြင့် ရုပ်ရှင်ဝေဖန်ရေးဆောင်းပါးအများအပြားရေးသားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးစိန်လှဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဂန္ဓီကြေညာချက်အတိုင်း နဝတက လွှတ်တော်ခေါ်ယူခွင့်မပေးလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဆောင်ရွက်ရမည့် နည်းလမ်းသုံးသွယ်ကို အဖွဲ့များခွဲ၍ရေးသားပြုစုရာတွင်ပါဝင်ဆွေးနွေးခဲ့သည်။ မန္တလေးမြို့တွင် စင်ပြိုင်အစိုးရဖွဲ့စည်းရေး လှုပ်ရှားမှုကိစ္စတို့ကိုလည်းသိရှိထားခဲ့၍ သက်ဆိုင်ရာမှဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ယင်းနောက် ဦးစိန်လှဦးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) အရ ထောင်ဒဏ် (၁၀) နှစ်ချမှတ်ခြင်းခံခဲ့ရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ (ည) နှင့်ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ကြေညာခဲ့သည်။ တက္ကသိုလ် ကျောင်းသားဘဝက ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ (၇) ရက်နေ့အရေးအခင်းတွင် ပါဝင်ခဲ့သည်။ နောင်ပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် နဝတ ကြေညာချက် အမှတ်(၁၁/၉၂)အရ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁ (၁) ဖြင့် အင်းစိန်ထောင်မှ ပြန်လွှတ်ခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့၌ စစ်ထောက်လှမ်းရေးမှဖမ်းဆီးခဲ့သော ဒေါက်တာခင်ဇော်ဝင်း၏ ကိစ္စနှင့်ပတ်သက်၍ ၎င်း အပါအဝင် ဦးခင်မောင်ဆွေ (စမ်းချောင်း) နှင့် ဒေါ်စန်းစန်းနွဲ့ (စန်းစန်းနွဲ့–သာယာဝတီ) တို့နှင့်အတူ ၁၉၉၄ ခုနှစ်၊ ဩဂုတ် လ (၅) ရက်နေ့တွင် ထပ်မံဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ထောင်ဒဏ် (၇) နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းခံခဲ့ရသည်။ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့တွင် မြစ်ကြီးနားအကျဉ်းထောင်မှ ပြန်လည် လွှတ်မြောက်သည်။

## (၁၃) ရှမ်းပြည်နယ်။



မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တည်ရှိသည်။ မြောက်လတ္တီတွဒ် (၁၉) ဒီဂရီ (၀၀) မိနစ်နှင့် (၂၂) ဒီဂရီ (၁၅) မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် (၉၆) ဒီဂရီ (၂၆) မိနစ်နှင့် (၉၈) ဒီဂရီ (၄၇) မိနစ်အတွင်းတွင် တည်ရှိသည်။ မြောက်ဘက်တွင် ကချင်ပြည်နယ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် လာအိုနိုင်ငံ၊ တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတို့နှင့် ထိစပ်လျက်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၆၀,၁၅၅) ကျယ်ဝန်းသည်။ ပြည်နယ် မြို့တော်မှာ တောင်ကြီးမြို့ဖြစ်သည်။

ရှမ်းပြည်နယ်တွင် မြို့နယ် (၅၂) မြို့နယ်ရှိ မဲဆန္ဒနယ် (၅၆) နယ်၌ နိုင်ငံရေးပါတီအဖွဲ့အစည်း (၂၂) ခု အား ကိုယ်စားပြုယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း (၂၀၀) ဦး၊ တသီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်း (၄) ဦး၊ စုစုပေါင်း (၂၀၄) ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ (၂၃) နေရာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၂၂) နေရာ၊ ပြည်ထောင်စု ပအိုဝ်အမျိုးသားများအဖွဲ့ချုပ်မှ (၃) နေရာ၊ တအာင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၂) နေရာ၊ ကယန်းအမျိုးသားများစည်းလုံး ညီညွတ်ရေး ဒီမိုကရေစီအဖွဲ့၊ ပြည်ထောင်စု ဓနုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီတို့မှ (၁) နေရာစီ အသီးသီးရွေးချယ်တင်မြှောက်ခြင်းခံခဲ့ကြရသည်။

### ၁။ ကလောမြို့နယ်မဲဆန္ဒနယ်။

### ဦးမြင့်သန်း၊ ပြည်ထောင်စု ဓနုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမြင့်သန်းသည် ကလောမြို့နယ်မဲဆန္ဒနယ်တွင် ပြည်ထောင်စု ဓနုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၁,၂၃၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၆ . ၀၃) ဖြင့် ရွေးချယ်

တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးညိုစိမ့်၊ အမိ ဒေါ်ရွှေတို့မှ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ (၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမြင့်သန်းသည် ပညာရေးတက္ကသိုလ်မှ ပညာရေးဘွဲ့ (ဘီ–အီး–ဒီ) ရခဲ့သည်။ ၁၉၇၁ ခုနှစ်မှစ၍ အောင်ပန်းအစိုးရအထက်တန်းကျောင်းတွင် အထက်တန်းပြကျောင်းဆရာ၊ ထိုမှ ၁၉၈၉ ခုနှစ်တွင် နာမကျန်း ပင်စင်ယူခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည်။ ၁၉၈၄ ခုနှစ်တွင် အထက်တန်းသူနာပြု ဒေါ်မြင့်မြင့် (ကျိုက်လတ်) နှင့် လက်ထပ်ခဲ့သည်။

## ၂။ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်။

### ဦးစိုင်းလိပ် (ခ) စဲလိပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုင်းလိပ် (ခ) စဲလိပ်သည် ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၅,၁၉၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၄ . ဝ၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးဝမ်းဆွမ်း၊ အမိ ဒေါ်နန်းလူတို့မှ ၁၉၄ဝ ပြည့်နှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ကွန်ဟိန်းမြို့နယ်၊ ကျိုင်းလွန်းဆွမ်းကျေးရွာဇာတိဖြစ်သည်။ ဦးစိုင်းလိပ် (ခ) စဲလိပ်သည် ကျိုင်းလွန်းကျေးရွာ လူထုအမက၊ လွယ်လင်အစိုးရအထက်တန်းကျောင်းတို့တွင် သတ္တမတန်းအောင်မြင်သည် အထိ ပညာသင်ကြားခဲ့သည်။ ၁၉၇ဝ ပြည့်နှစ် တွင် ရပ်ကွက် (၂) ဥက္ကဋ္ဌ၊ ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌ၊ ၁၉၇၄ ခုနှစ် မှ ၁၉၈၅ ခုနှစ်အထိ မြို့နယ်ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ၁၉၈၅ ခုနှစ်တွင်အနားယူ၍ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်ခဲ့သည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

## ၃။ ကျေးသီးမြို့နယ်မဲဆန္ဒနယ်။

### ဦးထွန်းတင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးထွန်းတင်သည် ကျေးသီးမြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၆,၃၆၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၆ . ၄၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးထွန်းလှ၊ အမိ ဒေါ်စောခင်တို့မှ ၁၉၄၂ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ကျေးသီးမြို့ဇာတိဖြစ်သည်။ ဦးထွန်းတင်သည် ကျေးသီးအစိုးရအလယ်တန်းကျောင်း၊ လဲချား အစိုးရအထက်တန်းကျောင်းတို့တွင် တန်းမြင့်ကျောင်းထွက်စာမေးပွဲအောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် လဲချား အစိုးရအထက်တန်းကျောင်းတွင် ခေတ္တကျောင်းဆရာဝင်လုပ်ခဲ့သည်။ ၁၉၆၃ ခုနှစ်မှစ၍ ကိုယ်ပိုင်လယ်ယာခြံလုပ်ငန်းဖြင့် အသက်မွေးခဲ့သည်။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့တွင် ကွယ်လွန်သည်။

## ၄။ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးခွန်ဆိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးခွန်ဆိုင်သည် ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁,၇၆၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၅ . ၄၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကွတ်ခိုင်မြို့ဇာတိ ဖြစ်သည်။ ၁၉၁၆ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့ဖွား ဖြစ်သည်။ ဦးခွန်ဂျမ်၏သား ဖြစ်သည်။ ဦးခွန်ဆိုင်သည် ကွတ်ခိုင်မြို့အစိုးရအလယ်တန်းကျောင်း၊ အင်္ဂလိပ်–မြန်မာ အလယ်တန်းကျောင်း၊ လားရှိုး၊ ပုသိမ်၊ စကောကရင် အထကတို့တွင် (၉) တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄ဝ

ပြည့်နှစ်တွင် မန္တလေးရဲသိပ္ပံသို့တက်ရောက်ခဲ့သည်။ ၁၉၄၁ – ၄၂ ခုနှစ်တွင် ဒုရဲအုပ်၊ သိန္နီ၊ ၁၉၄၂ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ စခန်းမှူး၊ ကြူကုတ်၊ ပန်ဆိုင်၊ နမ်းခမ်း၊ ၁၉၅၃ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ကချင်ဆပ်စတိတ်ကောင်စီဝင်၊ ၁၉၅၉ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ရဲအုပ်၊ ၁၉၆၆ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဒုရဲမှူး၊ ၁၉၇၆ ခုနှစ်တွင် အငြိမ်းစား ယူခဲ့သည်။

## ၅။ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးအိုက်ရီ (ခ) ဦးလှဟန်၊ တအာင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအိုက်ရီ (ခ) ဦးလှဟန်သည် ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် တအာင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁,၃၁၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၄ . ၈၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကွတ်ခိုင်မြို့နယ်၊ လော့ခွမ်ရွာဇာတိဖြစ်သည်။ အဖ ဦးမောက်ခမ်း၊ အမိ ဒေါ်အေးပွင့်တို့မှ ၁၉၄၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဦးအိုက်ရီ (ခ) ဦးလှဟန်သည် ကွတ်ခိုင်မြို့ အစိုးရအထက်တန်းကျောင်းတွင် နဝမတန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ထိုမှ ကုန်သွယ်ရေးဝန်ထမ်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကွတ်ခိုင်မြို့နယ်ပြည်သူ့ကောင်စီဝင်၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြို့နယ်သမဝါယမ တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

## ၆။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးလှဖေ (ခ) စိုင်းဖ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးလှဖေ (ခ) စိုင်းဖသည် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၉,၀၄၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၈ . ၄၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးပေါင်းကျော်၊ အမိ ဒေါ်ဆွယ်ခမ်းစီတို့မှ ၁၉၅၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ နမ္မတူမြို့၊ ပန်ဟိုက်ရပ်ဇာတိဖြစ်သည်။ ဦးလှဖေ (ခ) စိုင်းဖသည် ပန်ဟိုက်အမျိုးသားမူလတန်းကျောင်း၊ အာဝါလေဒီကွန်ဗင့်အထက်တန်းကျောင်း နမ္မတူတို့တွင် အခြေခံပညာသင်ကြားပြီးနောက် ၁၉၇၄ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်မှ ဘီကွန်း (အိုင်တီ) စီပီအေဘွဲ့ရ ရှိခဲ့သည်။ ဥယျာဉ်ခြံလုပ်ငန်းလုပ်ကိုင်သည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီဖွဲ့ချုပ်တွင် ဗဟိုစည်းမှူး (၁) တာဝန်ယူခဲ့သည်။ ဇနီးမှာ နန်းခင်မြင့်ဖြစ်သည်။

## ၇။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### စိုင်းဆောင်ဆီ (ခ) နယ်လ်ဆင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

စိုင်းဆောင်ဆီ (ခ) နယ်လ်ဆင်သည် ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၄၂၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၀ . ၇၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးကောလီ၏သား ဖြစ်သည်။ ၁၉၄၈ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ဖွား ဖြစ်သည်။ စိုင်းဆောင်စီသည် ၁၉၅၄ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ မေမြို့ စိန့်မိုက်ကယ်ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ကျောက်မဲမြို့တွင် **'အရုဏ်ဦး'** တည်းခိုခန်းဖွင့်လှစ်လုပ်ကိုင်သည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုစာရင်းစစ် (၂) တွင် တာဝန်ယူခဲ့သည်။

**၈။ ကွမ်းလုံမြို့နယ်မဲဆန္ဒနယ်။**

**ဦးရန်ကျင်းမော်၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ။**

ဦးရန်ကျင်းမော်သည် ကွမ်းလုံမြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄,၀၁၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၅ . ၇၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကိုးကန့်နယ်၊ ယန်တော်ရှန်ရွာဇာတိဖြစ်သည်။ အဖ ဦးရန်ဝင်ပြောင်၊ အမိ ဒေါ်လီရှောက်လောက်တို့မှ ၁၉၃၈ ခုနှစ်တွင်မွေးဖွားခဲ့သည်။ ဦးရန်ကျင်းမော်သည် (၈) နှစ်အရွယ်တွင် ယန်တော်ရှန်ရွာရှိ ကိုးကန့်စာပေသင်ကြားသောကျောင်း၌ (၉) တန်းအထိ ပညာသင်ကြားခဲ့သည်။ အသက် (၂၂) နှစ်တွင် အိမ်ထောင်ပြု၍ မိသားစုနှင့် အတူတောင်ယာလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်နေ့တွင် ပြုလုပ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအစည်းအဝေးမှ ဦးရန်ကျင်းမော်အား အဖွဲ့ဝင်သစ်အဖြစ် လက်ခံခဲ့သည်။

**၉။ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးစိုင်းလုံကျောက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစိုင်းလုံကျောက်သည် ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၇,၇၈၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၄ . ၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၂ ခုနှစ်၊ မေလ (၂၃) ရက်နေ့ဖွား ဖြစ်သည်။ ဦးမောင်နီ၏သား ဖြစ်သည်။ ဦးစိုင်းလုံကျောက်သည် ၁၉၅၈ ခုနှစ်တွင် ကျိုင်းတုံအစိုးရအထက်တန်းကျောင်းမှ သတ္တမတန်းအောင်မြင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၅ ခုနှစ်အထိ နောင်ယေး အစိုးရမူလတန်းကျောင်း၊ ကျိုင်းတုံတွင် မူလတန်းပြဆရာအဖြစ် အမှုထမ်းခဲ့သည်။

**၁၀။ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးစိုင်းရီတစ် (ပ်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

စိုင်းယီတစ် (ပ်) သည် ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၁,၉၃၄) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၇ . ၄၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့ဖွား ဖြစ်သည်။ ဦးလုံထွီ၏သား ဖြစ်သည်။ ဦးစိုင်းယီတစ် (ပ်) သည် ၁၉၆၅ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့၍ ပထမနှစ်သိပ္ပံကို တောင်ကြီး ဥပစာကောလိပ်တွင် တနှစ်တက်ရောက်ပြီး၊ ၁၉၆၆ ခုနှစ်တွင် ကျိုင်းတုံ အစိုးရအထက်တန်းကျောင်း အမှတ် (၂) တွင် အလယ်တန်းပြဆရာ၊ ၁၉၇၀ ပြည့်နှစ်တွင် အလုပ်မှ နုတ်ထွက်ခဲ့သည်။

**၁၁။ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်။**

**ဦးစိန်ဝင်း၊ ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်။**

ဦးစိန်ဝင်းသည် ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်တွင် ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၁၁၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၅ . ၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၁ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့ဖွား ဖြစ်သည်။ ဦးဆရာလေး၏သား ဖြစ်သည်။ ဟိုပုန်းမြို့၊

နောင်စုံကျေးရွာဇာတိဖြစ်သည်။ ဦးစိန်ဝင်းသည် မွေးချင်း (၉) ဦးအနက် အကြီးဆုံးဖြစ်ပြီး၊ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၈ ခုနှစ်အထိ မန္တလေးမြို့၊ တိုင်းချစ်ကျောင်းတွင် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့ပြီး၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆီဆိုင်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်ခဲ့သည်။

## ၁၂။ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဒေါက်တာဦးလှိုင် (ခ) ဦးထွန်းလှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာဦးလှိုင် (ခ) ဦးထွန်းလှိုင်သည် ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၁,၈၇၄) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၃ . ၇၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးအုန်း၊ အမိ ဒေါ်ပေါတို့မှ ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ရေလည်ရပ်၊ ဟဲယားရွာမ အင်းလေးဇာတိဖြစ်သည်။ ဦးလှိုင် (ခ) ဦးထွန်းလှိုင်သည် ဟဲယားရွာမ အစိုးရအထက်တန်းကျောင်း၊ တောင်ကြီးမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၂) တို့တွင် အခြေခံပညာသင်ကြားခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဆေးတက္ကသိုလ် (၂)၊ မင်္ဂလာဒုံမှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ထိုနှစ်တွင် အိမ်ထောင်ပြုခဲ့သည်။ ၁၉၇၆ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ရှာငံ လက်ထောက်ဆရာဝန်၊ မြို့နယ်ဆရာဝန်၊ ၁၉၇၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်၊ ဇွန်လအထိ ပုဒ်မ ၅ (ည) နှင့် ၁၀ (က) တို့ဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၈၄ ခုနှစ်တွင် ရာထူးမှရပ်စဲခံခဲ့ရသည်။ ယခုအခါ ဟဲယားရွာမ၊ ရေလည်ရပ်ကွက်တွင်နေသည်။

## ၁၃။ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးအုန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအုန်းမောင်သည် ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၉၀၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း(၅၂ . ၀၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ညောင်ရွှေမြို့ဇာတိ ဖြစ်သည်။ အဖ ဦးကြွယ်၊ အမိ ဒေါ်မြပာန်တို့မှ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် မွေးခဲ့သည်။ ဦးအုန်းမောင်သည် ၁၉၆၅ ခုနှစ်တွင် တောင်ကြီးမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၆) မှ ဆယ်တန်းအောင်မြင်ခဲ့သည်။ တောင်ကြီးကောလိပ်မှ ရူပဗေဒအဓိကဖြင့် ဒုတိယနှစ်တွင် ကျောင်းထွက်သည်။ ၁၉၇၁ ခုနှစ်တွင် ဒေါ်ခင်သန်းနွဲ့နှင့်လက်ထပ်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အလုပ်မှထွက်ခဲ့သည်။ ညောင်ရွှေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

## ၁၄။ တောင်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးကျော်ခင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးကျော်ခင်သည် တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၉၅၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၈ . ၆၀) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မိုးညှင်းမြို့ဇာတိ ဖြစ်သည်။ အဖ ဦးညွန့်၊ အမိ ဒေါ်စိန်တင်တို့မှ ၁၉၃၉ ခုနှစ်၊ မေလ (၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကျော်ခင်သည် သိပ္ပံဘွဲ့ရရှိခဲ့သည်။ ကုန်သွယ်ရေး (၁) နှင့် ဖားကန့်ကျောက်စိမ်းတွင်းတို့တွင် လုပ်ကိုင်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် တောင်ကြီးမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင်

ဒေါ်ခင်အုန်းမြင့်နှင့်လက်ထပ်ခဲ့သည်။ တောင်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးမှူး၊ ပြည်နယ် ဗဟိုဦးစီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် နဝတမှ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး၊ ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့တွင် အင်းစိန်မြို့နယ်တရားရုံးမှ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) ဖြင့် ထောင်ဒဏ် (၇) နှစ်၊ ၁၉၈၅ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုအက်ဥပဒေ ပုဒ်မ (၄၀) ဖြင့် ထောင်ဒဏ် (၃) နှစ်၊ စုစုပေါင်းထောင်ဒဏ် (၁၀) နှစ် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရရာမှ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့တွင် သရက်မြို့ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်သည်။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် တဖန် တောင်ကြီးမြို့နေအိမ်မှ ထပ်မံဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ တောင်ကြီးတက္ကသိုလ်တွင် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ သုံးလကြာပြုလုပ်ခဲ့သည့် ဥပဒေသင်တန်းတခုသို့တက်ရောက်နေစဉ် သင်တန်းသူတဦးအား ဒေါ်အောင်ဆန်းစုကြည်ရရှိခဲ့သည့် ဆုများစာရင်းစာရွက်ပေးခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး အဆိုပါကျောင်းသူကိုယ်တိုင်မှ မိမိအား သဘောရိုးဖြင့်ပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ဦးကျော်ခင်မှ မည်သည့်နိုင်ငံရေးစည်းရုံးမှုမှ မပြုခဲ့ကြောင်း တရားရုံးတွင်ထွက်ဆိုခဲ့သော်လည်း ၂၀၀၅ ခုနှစ်၊ ဧပြီလ (၈) ရက်နေ့တွင် တောင်ကြီးခရိုင်တရားရုံးမှ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (ည) ဖြင့် ပြစ်ဒဏ် (၇)နှစ်၊ ပုံနှိပ်ဥပဒေ ပုဒ်မ ၁၇ (၁) ဖြင့် ပြစ်ဒဏ် (၇) နှစ်၊ စုစုပေါင်းပြစ်ဒဏ် (၁၄)နှစ် အပြစ်ပေးခြင်းခံခဲ့ရသည်။

**၁၅။ တောင်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ခွန်ဖေထွေး (ခ) ခွန်ရတနာဟောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ခွန်ဖေထွေး (ခ) ခွန်ရတနာဟောင်သည် တောင်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၈၈၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၆ . ၇၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးကျောင်းမာလာ၏သား ဖြစ်သည်။ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့ဖွား ဖြစ်သည်။ ခွန်ဖေထွေး (ခ) ခွန်ရတနာဟောင်သည် သိပ္ပံ (သစ်တော) ဘွဲ့ကို ၁၉၇၃–၇၄ ခုနှစ်တွင် ရရှိခဲ့သည်။ ယယ်စဉ်ကပင် သမထကျင့်စဉ်ကိုလေ့လာလိုက်စားခဲ့၍ အန္တိယ၊ တိဘက်၊ တရုတ်၊ ဂျပန်နှင့် ထေရဝါဒဗုဒ္ဓကျင့်စဉ်တို့ကို အားထုတ်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တင်းပြည့်ပါတီဝင် ဖြစ်ခဲ့ဖူးသည်။ ပအိုဝ်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တွင် တွဲဖက်အထွေထွေအတွင်းရေးမှူး၊ တောင်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးမှူးတာဝန်တို့ယူခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၂၂)**
**(၁၃၆၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၅ ရက်)**
**(၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)**

**အကြောင်းအရာ။** ။ **ခွန်ဖေထွေး (ခ) ခွန်ရတနာဟောင်အား ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ခွန်ဖေထွေး (ခ) ခွန်ရတနာဟောင်က မိမိသည် ပါတီနိုင်ငံရေးကို စိတ်ဝင်စားမှုမရှိတော့သဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ခွန်ဖေထွေး (ခ) ခွန်ရတနာဟောင်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ခွန်ဖေထွေး (ခ) ခွန်ရတနာဟောင်အား ယနေ့မှစ၍ တောင်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

## ၁၆။ တန့်ယန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးခွန်ကြီး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးခွန်ကြီးသည် တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁,၈၆၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၄ . ၆၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးခွန်စိန်၊ အမိ ဒေါ်နိုင်းတို့မှ ၁၉၃၀ ပြည့်နှစ်၊ မေလ (၁၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးခွန်ကြီးသည် ၁၉၅၀–၅၁ ခုနှစ်တွင် လားရှိုးမြို့အစိုးရအလယ်တန်းကျောင်းမှ (၇) တန်း အောင်မြင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ကျောင်းထွက်၍ လားရှိုးမြို့ အစိုးရမူလတန်းကျောင်းတွင် လက်ထောက်ကျောင်းဆရာဝင်လုပ်ခဲ့သည်။ ထိုမှ မိုင်းရယ်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၅၃–၅၄ ခုနှစ်တွင် တောင်ကြီးမြို့ ဆရာအတတ်သင်ကျောင်းသို့တက်ရောက်ခဲ့ပြီးနောက် ကျောင်းဆရာအဖြစ် တန့်ယန်းမြို့နယ်၊ ခိုင်းပတ်ကျေးရွာသို့ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ ကျောင်းဆရာအဖြစ်မှ အနားယူခဲ့ပြီးနောက်တွင် တောင်ယာလုပ်ငန်းလုပ်ကိုင်ခဲ့သည်။

## ၁၇။ တန့်ယန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးထွန်းဆာ (ခ) စိုင်းထွန်းဝင်း၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးထွန်းဆာ (ခ) စိုင်းထွန်းဝင်းသည် တန့်ယန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၃၂၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၈ . ၇၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးခန်းရွက်၊ အမိ ဒေါ်နန်းလွတ်တို့မှ ၁၉၄၇ ခုနှစ်တွင် မွေးဖွားခဲ့သည်။ စယ်ဟီကျေးရွာအုပ်စု၊ ကတ်တောင်ကျေးရွာဇာတိ ဖြစ်သည်။ ဦးစိုင်းထွန်းဝင်းသည် ၁၉၅၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ လားရှိုးမြို့တွင် မူလတန်း၊ ၁၉၆၃ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ တန့်ယန်းမြို့အစိုးရအထက်တန်းကျောင်း၊ ၁၉၆၇ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်စာမေးပွဲအောင်မြင်၍ ၁၉၆၈ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ တောင်ကြီးမြို့အစိုးရအထက်တန်းကျောင်း အမှတ် (၆) တက်ရောက်ခဲ့ပြီး အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် တောင်ကြီးကောလိပ်သို့တက်ရောက်ခဲ့ပြီး၊ ၁၉၇၂ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သမိုင်းဘာသာအဓိက ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ မြို့နယ်

ကောင်စီဝင်၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ တန့်ယန်းမြို့နယ် တရားသူကြီးအဖွဲ့ဝင်၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တန့်ယန်းမြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် လယ်ယာလုပ်ငန်းလုပ်ကိုင်သည်။

**၁၈။ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်။**

**ဦးစွံဆိုင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစွန်ဆိုင်းသည် တာချီလိတ်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၉၀၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၂ . ၉၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးစံခက်၊ အမိ ဒေါ်နန်းလျှိုးတို့မှ ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစွံဆိုင်းသည် ၁၉၆၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တာချီလိတ်မြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၁) တွင် ပညာသင်ကြားခဲ့ရာ ရှစ်တန်းအောင်မြင်ခဲ့သည်။ ၁၉၇၉ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ မိဘနှင့်အတူ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် အိမ်ထောင်ကျသည်။

**၁၉။ နမ့်စန်မြို့နယ်မဲဆန္ဒနယ်။**

**ဦးစိုင်းတင်ဝင်း (ခ) ဦးတင်ဝင်း၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစိုင်းတင်ဝင်း (ခ) ဦးတင်ဝင်းသည် နမ့်စန်မြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃,၇၅၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၈ . ၅၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ လွိုင်လင်မြို့ဇာတိ ဖြစ်သည်။ ဦးမြကြည်၏သား ဖြစ်သည်။ ၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့ဖွား ဖြစ်သည်။ ဦးစိုင်းတင်ဝင်း (ခ) ဦးတင်ဝင်းသည် ၁၉၆၂–၆၃ ခုနှစ်တွင် လွိုင်လင်မြို့ အစိုးရအထက်တန်းကျောင်းမှ ကျောင်းထွက်လက်မှတ်ရစာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၆၃–၆၄ ခုနှစ်တွင် သစ်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် နမ့်ဆန်မြို့နယ်ပြည်သူ့ကောင်စီ အတွင်းရေးမှူး၊ ၁၉၈၁ ခုနှစ်တွင် နမ့်ဆန်မြို့နယ်ပြည်သူ့ကောင်စီတဖွဲ့လုံး အရေးယူခံခဲ့ရသဖြင့် ကောင်စီဝင်အဖြစ်မှ ရပ်နားခဲ့သည်။ ၁၉၈၁ ခုနှစ်မှစ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခဲ့သည်။

**၂၀။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်။**

**ဦးထွန်းကျော်၊ တအာင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးထွန်းကျော်သည် နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်တွင် တအာင်း (ပလောင်) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၆,၀၉၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၃ . ၉၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးအိုက်စင်၊ အမိ ဒေါ်လှတို့မှ ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးထွန်းကျော်သည် ၁၉၇၄ ခုနှစ်တွင် မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေးပညာဘွဲ့ ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အချိန်ပိုင်းမြို့နယ်ကောင်စီဝင်၊ မြို့နယ်သမဝါယမ အတွင်းရေးမှူး၊ မြို့နယ်တောင်သူလယ်သမားအစည်းအရုံး ဒုတိယဥက္ကဋ္ဌ၊ တအာင်း (ပလောင်) လူမျိုးတို့၏စာပေ ပြန်လည်ဖော်ထုတ်ရေးကို ဆောင်ရွက်ခဲ့သည်။ တအာင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုကော်မတီဝင်နှင့် မြို့နယ်စည်းကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပသည့် အမျိုးသားညီလာခံသို့ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်

များအစုအဖွဲ့မှ တသီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

## ၂၁။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်။

### ခွန်သာအေး (ခ) ဆေဟုံမုန်း၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ခွန်သာအေး (ခ) ဆေဟုံမုန်းသည် နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၁၉၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၂ . ၅၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ သိန္နီမြို့ဇာတိဖြစ်သည်။ အဖ ဦးဝဟာဝမ်း၊ အမိ ဒေါ်ခမ်ဆာတို့မှ ၁၉၃၅ ခုနှစ်၊ မေလ (၁၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ခွန်သာအေးသည် တက္ကသိုလ်ဝင်တန်း အထိပညာသင်ကြားခဲ့ပြီး၊ ၁၉၅၉ ခုနှစ်တွင် မန္တလေးရဲသိပ္ပံတွင် ဒုရဲအုပ်သင်တန်းတက်ရောက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၈၅ ခုနှစ်အထိ ဒုရဲအုပ်၊ ရဲအုပ်အဖြစ်ဖြင့် လားရှိုးနှင့်နမ့်ခမ်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် န–လ–က အတွင်းရေးမှူး၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ၊ ၁၉၈၅ ခုနှစ်တွင် ကျန်းမာရေးကြောင့် ရဲအုပ်အဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ နိုင်ငံတော်ရဲအမှုထမ်းတံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၈၈ ခုနှစ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ရာတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တဦးအဖြစ် တာဝန်ယူခဲ့သည်။ ၎င်း၏ ပြည်သူ့အကျိုးသယ်ပိုးမှုများအတွက် မူဆယ်စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ၂၀၀၄ ခုနှစ်တွင် **'ဆေခန်ဖ'** ဆု ချီးမြှင့်ခဲ့သည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက်နေ့ နံနက်ပိုင်းတွင် နမ့်ခမ်းမြို့ နေအိမ်၌ ကွယ်လွန်သည်။

## ၂၂။ နောင်ချိုမြို့နယ်မဲဆန္ဒနယ်။

### ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်းသည် နောင်ချိုမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၈၈၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၆ . ၉၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးကြာဟိန်း၊ အမိ ဒေါ်မြခင်တို့မှ ၁၉၄၉ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာဇာတိ ဖြစ်သည်။ ဦးထွန်းထွန်းဟိန်းသည် ၁၉၅၄ ခုနှစ်တွင် ကျောက်မဲမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် ကျောင်းထွက်လက်မှတ်ရစာမေးပွဲနှင့် ၁၉၆၈ ခုနှစ်တွင် ကျောက်မဲမြို့အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး၊ ၁၉၇၂ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့ (သတ္တဗေဒ) ရရှိခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဒေါ်စိန်စိန်သိမ်းနှင့်လက်ထပ်ခဲ့သည်။ ၁၉၇၃–၇၄ ခုနှစ်တွင် နယ်စပ်ဒေသ ကွမ်းလုံမြို့၌ မိဘဆရာခန့်အထက်တန်းပြဆရာ၊ ၁၉၇၅ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့အရေးတော်ပုံကြီးတွင် နောင်ချိုမြို့နယ် အထွေထွေသပိတ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ၊ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ နောင်ချိုမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။

**၂၃။ နမ္မတူမြို့နယ်မဲဆန္ဒနယ်။**

**ဒေါ်မေဖြိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဒေါ်မေဖြိုးသည် နမ္မတူမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၉,၇၈၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၄ . ၈၄)ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးဖြိုး (မြန်မာ) နှင့် အမိ ဒေါ်ရွက်တို့မှ ၁၉၂၇ ခုနှစ်၊ မေလ (၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါ်မေဖြိုးသည် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ကျောင်းဆရာမအဖြစ် (၂၂)နှစ်၊ အမှတ် (၁) သတ္တုတူးဖော်ရေးကော်ပိုရေးရှင်းတွင် (၁၉) နှစ်၊ အုပ်ချုပ်ရေးရာဝန်ထမ်း (ဒု) အဖြစ်မှ သက်ပြည့်ပင်စင်ယူခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မြို့နယ်ပြည်သူ့ကောင်စီဝင် (အချိန်ပိုင်း)၊ လူမှုရေးရာကော်မတီ အတွင်းရေးမှူး၊ မြို့နယ်စာပေလုပ်သားအဖွဲ့ အတွင်းရေးမှူး၊ သာသနာ့တက္ကသိုလ်ဖြစ်မြောက်ရေး မြို့နယ်ဥပဋ္ဌာကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နေ့တွင် ကွယ်လွန်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၃၆)**
**(၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်)**
**(၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)**

**အကြောင်းအရာ။ ။ ဒေါ်မေဖြိုးအား ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဒေါ်မေဖြိုးက မိမိသည် ယခုအခါကျန်းမာရေးမကောင်းပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဒေါ်မေဖြိုး၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဒေါ်မေဖြိုးအား ယနေ့မှစ၍ နမ္မတူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**ဒေါ်မေဖြိုး (၇၈)နှစ်**

**Teacher May**

**သ–တ–က (အငြိမ်းစား) နမ္မတူမြို့**

နမ္မတူမြို့၊ ပန်ဟိုက်ရပ်ကွက် (၄)၊ ယုဇနလမ်း၊ အမှတ် (၅)နေ ဦးထွန်းခင်၏ ဇနီး၊ ဦးတင်မောင်သောင်း–ဒေါ်နန်းငြိမ်းလှ၊ ဦးဇေယျ–ဒေါ်ကြည်ကြည်ဌေး၊ ဒေါ်ခင်ရွှေ၊ ဦးစိုးလှစ်–ဒေါ်ခင်ထား၊ ဦးစံလင်း–ဒေါ်ယဉ်ယဉ်မေ၊ ဦးသန့်ဇင်–ဒေါ် မေမေအေး၊ ဦးအုံ့ဘွယ်–ဒေါ်သောင်းမြင့်တို့၏ မိခင်၊ မြေး (၁၆) ယောက်တို့၏ အဘွားသည် (၄–၁၁–၂၀၀၂) ရက်တွင် နမ္မတူမြို့နေအိမ်၌ ကွယ်လွန်၍ (၆–၁၁–၂၀၀၂) ရက် ညနေ (၃) နာရီတွင် ပန်ဟိုက် သုသာန်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**၂၄။ ပင်းတယမြို့နယ်မဲဆန္ဒနယ်။**

**ဦးအောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအောင်သန်းသည် ပင်းတယမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၁,၀၆၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၅ . ၃၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးကြယ်ပြောင်၊ အမိ ဒေါ်တင်တို့မှ ၁၉၄၂ ခုနှစ်၊ မတ်လ (၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ပင်းတယမြို့နယ်၊ သစ်အယ်ပင်ကျေးရွာဇာတိဖြစ်သည်။ ဦးအောင်သန်းသည် ၁၉၅၂ ခုနှစ်တွင် သစ်အယ်ပင်ကျေးရွာ၌ မူလတန်းပညာသင်ကြားခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် အဋ္ဌမတန်းကို တောင်ကြီးမြို့၊ တိုင်းရင်းသားခရစ်ယာန်အထက်တန်းကျောင်းမှ လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ပင်းတယမြို့တွဲဘက် အထက်တန်းကျောင်းမှ (၁၀) တန်းကို (ခ) အဆင့်ဖြင့်လည်းကောင်း အောင်မြင်ခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ဆက်သွယ်ရေးကော်ပိုရေးရှင်း စာရေးဝန်ထမ်း၊ ၁၉၇၄ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

**၂၅။ ပင်လောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။**

**ဦးမောင်ကြီး၊ ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်။**

ဦးမောင်ကြီးသည် ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ပြည်ထောင်စု ပအိုဝ်အမျိုးသား အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၇၆၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၈ . ၅၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပင်လောင်းမြို့နယ်၊ တီကျစ်ကျေးရွာဇာတိ ဖြစ်သည်။ ၁၉၃၇ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်နေ့ဖွား ဖြစ်သည်။ ဦးကကေ၏သား ဖြစ်သည်။ ဦးမောင်ကြီးသည် တောင်ကြီးမြို့၊ ပဒေသရာဇ် အရှေ့ကျောင်း၊ ဟဲယားရွာမ၊ အင်းလေး၊ ကလော၊ မန္တလေး၊ ရန်ကုန်တို့တွင် ပညာသင်ကြားခဲ့ပြီး၊ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် ပအိုဝ့်ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌ၊ ပင်လောင်းမြို့နယ်ပါတီယူနစ်ရုံးတွင် ရုံးအုပ် (၃) နှစ်လုပ်ခဲ့ဘူးသည်။ ၁၉၇၄ ခုနှစ်တွင် ပင်လောင်းလွှတ်တော် ကိုယ်စားလှယ်၊ ကိုယ်ပိုင်လက်ဖက်ခြံလုပ်ငန်း လုပ်ကိုင်သည်။

**၂၆။ ပင်လောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးစဝ်သာတင့်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးစဝ်သာတင့်သည် ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ

အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၉၃၇) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၁ . ၉၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ပင်လောင်းစော်ဘွားကြီးစဝ်ခမ်းချုပ်၊ အမိ မဟာဒေဝီစဝ်မြစစ်တို့မှ ၁၉၃၄ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၁၉၅၇–၅၈ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှစ၍ ရပ်ရွာတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ပိဋကတ်ဘာသာပြန် ဗဟိုကော်မတီ၊ မြို့နယ်ကောင်စီဝင်အဖြစ် ထမ်းဆောင်ခဲ့သည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအမှုဆောင်အဖွဲ့တွင် ဒုဥက္ကဋ္ဌ (၃) အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၆) ရက်နေ့တွင် ကွယ်လွန်သည်။

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၉၀၀)**
**(၁၃၅၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်)**
**(၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်)**

**အကြောင်းအရာ ။ ။ ကွယ်လွန်အနိစ္စရောက်ခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခံထားရသူဦးစဝ်သာတင့်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူစာရင်းမှ ပယ်ဖျက်ခြင်း။**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒ နယ်အမှတ်(၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးစဝ်သာတင့်သည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၆) ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည့်အတွက် ဦးစဝ်သာတင့်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူစာရင်းမှ ပယ်ဖျက်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၂၇။ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်။**

**ခွန်းမားရ်ကိုဘန်၊ ကယန်းအမျိုးသားများစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့။**

ခွန်းမားရ်ကိုဘန်သည် ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်တွင် ကယန်းအမျိုးသားများစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၅၃၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၆ . ၈၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဖူးခွန်းကျာ၊ အမိ ပီးမူသောင်းတို့မှ ၁၉၄၁ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ကယားပြည်၊ မိုးဗြဲနယ်၊ လွယ်ယင်းရွာဇာတိ ဖြစ်သည်။ ခွန်းမားရ်ကိုဘန်သည် ၁၉၆၄–၆၅ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်အောင်မြင်ခဲ့ပြီးနောက် ကျောင်းမှထွက်ခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ ကုန်သွယ်ရေးဌာန၊ ၁၉၇၁ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မြို့နယ်အုပ်ချုပ်ရေးဌာနတို့တွင် အမှုထမ်းခဲ့သည်။ ၁၉၈၂ ခုနှစ်မှစ၍ လယ်ယာခြံလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့ (ဗဟို) တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင်

နဝတမှ အမိန့်အမှတ် (၇/၉၂) ဖြင့် ကယန်း အမျိုးသားများစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့ချုပ်အား ဖျက်သိမ်းခဲ့သဖြင့် ခွန်းမားရ်ကိုဘန်သည် ပါတီမဲ့ဖြစ်သွားပြီး တသီးပုဂ္ဂလအသွင်ရောက်ရှိသွားခဲ့သည်။ ပြည်ပသို့ ထွက်ခွာခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ ဗွန်မားစဗစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ပြန်လည်ဖွဲ့စည်းသည့်အခါ ဖက်ဒရယ်ရေးရာဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

## ၂၈။ မိုးနဲမြို့နယ်မဲဆန္ဒနယ်။

### ဦးခွန်ပွင့်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးခွန်ပွင့်သည် မိုးနဲမြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃,၁၄၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၈ . ၈၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ဦးရွက်ဝင်၏သား ဖြစ်သည်။ ၁၉၂၃ ခုနှစ်၊ ဇွန်လ (၁၈) ရက်နေ့ဖွား ဖြစ်သည်။ ကွန်ဟိန်းမြို့နယ်၊ ကျိုင်းလွန်းကျေးရွာဇာတိ ဖြစ်သည်။ ဦးခွန်ပွင့်သည် မိုးနဲအစိုးရအထက်တန်းကျောင်းတွင် သတ္တမတန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အိမ်ထောင်ပြုခဲ့သည်။ ၁၉၅၈ ခုနှစ်အထိ ကုန်သည်လုပ်ငန်းလုပ်ကိုင်ခဲ့၍ ၁၉၅၉ ခုနှစ်တွင် ဖခင်အနားယူသည့်အခါ ဖခင်နေရာ ကျိုင်းလွန်းမြို့စားအဖြစ် ၁၉၆၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ရပ်ကွက်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ၊ ၁၉၈၂ ခုနှစ်တွင် ကိုယ်ပိုင်ဆန်စက်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။

## ၂၉။ မောက်မယ်မြို့နယ်မဲဆန္ဒနယ်။

### စိုင်းအွတ် (ခ) စိုင်းတင်အောင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

စိုင်းအွတ် (ခ) စိုင်းတင်အောင်သည် မောက်မယ်မြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၆၂၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၆ . ၈၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးသန်း၏သား ဖြစ်သည်။ ၁၉၅၈ ခုနှစ်ဖွား ဖြစ်သည်။ စိုင်းအွတ် (ခ) စိုင်းတင်အောင်သည် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံ (ရူပဗေဒ) ဘွဲ့ရရှိခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာန မောက်မယ်မြို့တွင် အလုပ်ကြပ်အဖြစ် တနှစ်လုပ်ကိုင်ခဲ့သည်။ ထို့နောက် အလုပ်မှထွက်၍ ကိုယ်ပိုင်ခြံလုပ်ငန်း လုပ်ကိုင်ခဲ့သည်။

## ၃၀။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်။

### ဦးစိုင်းမိုးကြည်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုင်းမိုးကြည်သည် မိုင်းပန်မြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၅၁၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၃ . ၇၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးကျောင်းညွန့်၊ အမိ ဒေါ်စန်းပွင့်တို့မှ ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ သားသမီး (၁၅) ဦးတွင် (၁၁) ယောက်မြောက်သား ဖြစ်သည်။ ၁၉၄၁ ခုနှစ်တွင် မိုင်းပန်အစိုးရ အထက်တန်းကျောင်း၊ ၁၉၅၁ ခုနှစ်တွင် တောင်ကြီးမြို့ ခရစ်ယာန်အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် တပ်မတော်သို့ဝင်ခဲ့သည်။ အမှတ် (၂) စစ်ထောက်လှမ်းရေးတပ်၊ အမှတ် (၆)၊ အမှတ် (၃) ထောက်လှမ်းရေးတပ်တို့မှတဆင့် အမှတ် (၂) ထောက်လှမ်းရေး၊ တောင်ကြီး ခလရ (၄၁) တို့တွင် တာဝန်

ထမ်းဆောင်ခဲ့ပြီး၊ ၁၉၆၆ ခုနှစ်တွင် တပ်ကြပ်ကြီးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် မိုင်းပန်မြို့မ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ မြို့နယ်ကောင်စီ ဥက္ကဋ္ဌ၊ ၁၉၇၉ ခုနှစ်တွင် မိုင်းပန်မြို့နယ် ပါတီယူနစ်ကော်မတီဝင်၊ အလုပ်သမားဥက္ကဋ္ဌတာဝန်များယူခဲ့ပြီး၊ ၁၉၈၂ ခုနှစ်တွင် မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီမှ နုတ်ထွက်ခဲ့သည်။

## ၃၁။ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်။

### ဦးစိုင်းအွမ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုင်းအွမ်သည် မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၂,၀၁၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၈ . ၆၉) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ မိုင်းကိုင်မြို့ဇာတိ ဖြစ်သည်။ အဖ ဦးခန်းဆောနန္ဒာ၊ အမိ ဒေါ်စန်းစိန်တို့မှ ၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစိုင်းအွမ်သည် ၁၉၈၀ ပြည့်နှစ်တွင် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ သိပ္ပံ (ရုက္ခဗေဒ) ဘွဲ့ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အလယ်တန်းပြကျောင်းဆရာ၊ မိုင်းကိုင်အစိုးရ အထက်တန်းကျောင်း၊ ၁၉၈၂ ခုနှစ်တွင် ပရဆေးကုန်သည်၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ အတွင်းရေးမှူး၊ ဒုတိယဥက္ကဋ္ဌ၊ လ–လ–သ–သ၊ ၁၉၈၄ ခုနှစ်တွင် ဒေါ်နန်းခမ်းရွက်နှင့် လက်ထပ်ခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဂေါပကအဖွဲ့၊ ဘဏ္ဍာထိန်း၊ အတွင်းရေးမှူး၊ မြို့နယ်ရှမ်းစာပေယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး၊ ရှမ်းတိုင်း ရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။

## ၃၂။ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်။

### ဦးစိုင်းဝင်းဖေ (ခ) ဝင်းဖေ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုင်းဝင်းဖေ (ခ) ဝင်းဖေသည် မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၅,၅၂၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၅ . ၂၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ အဖ ဦးစံပွင့်၊ အမိ ဒေါ်နှင်းရီတို့မှ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ (၄) ရက် နေ့တွင် မွေးဖွားခဲ့သည်။ ဦးစိုင်းဝင်းဖေ (Sai Win Pay) သည် ၁၉၆၂ ခုနှစ်တွင် တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ရှိ ဒေါ်ကြီး–ဒေါ်ငယ် အလွတ်ပညာသင်ကျောင်း၌ပညာသင်ကြားခဲ့၍ (၇) တန်းတွင် အစိုးရအလယ်တန်းကျောင်း အမှတ် (၂)၊ ၁၉၇၈ ခုနှစ်တွင် (၁၀) တန်းစာမေးပွဲကို အစိုးရအထက်တန်းကျောင်း အမှတ် (၆) မှ အောင်မြင်ခဲ့ သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ တောင်ကြီးဒေသကောလိပ်သို့ တက်ရောက်ပညာသင်ကြားခဲ့ပြီး၊ ဒုတိယနှစ်တွင် ရုံးလုပ်ငန်းဒီပလိုမာရသည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၃ ခုနှစ်အထိ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့ပြီး ဝိဇ္ဇာ (စိတ်ပညာ) ဘွဲ့ ရရှိခဲ့သည်။ မန္တလေးတက္ကသိုလ်တွင် ပညာသင်ကြား နေစဉ် ရှမ်းစာပေ **'မ'**ငါးလုံးသင်တန်းဆရာအဖြစ် ပဲခူးတိုင်း၊ တောင်ငူမြို့နယ်၊ ဇရပ်ကြီးရွာတွင် (၂) ကြိမ် လုပ်အားပေးခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲကို မြန်မာဓလေ့ထုံးတမ်းဥပဒေဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တွင် တောင်ကြီးဌာနခွဲ၊ ဆက်သွယ်ပြန်ကြားရေး မှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့တွင် Nang Tin Tin Kham နှင့် လက်ထပ်ခဲ့သည်။ ယခု အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သည်။

## ၃၃။ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်။

### ဦးလှဒင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးလှဒင်သည် မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃,၄၇၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၉ . ၁၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၁၉ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့ဖွား ဖြစ်သည်။ ဦးစ၏သား ဖြစ်သည်။ ဦးလှဒင်သည် မိုင်းလုံအစိုးရအလယ်တန်းကျောင်းမှ သတ္တမတန်းအောင်မြင်ခဲ့သည်။ ၁၉၃၆ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ သီပေါနယ်စော်ဘွား၏ရဲအဖွဲ့တွင် ရဲတပ်သားမှ စခန်းမှူးအထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် အလုပ်မှထွက်ခဲ့ပြီး မိုင်းလုံတွင် အချိုသောက်လက်ဖက်ခြောက်လုပ်ငန်းလုပ်ကိုင်ခဲ့ရာ ၁၉၅၈ ခုနှစ်အထိ ဖြစ်သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ရှမ်းပြည်သူ့ရဲအဖွဲ့တွင် ပြန်လည်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ရဲအုပ်မှ စခန်းမှူးအထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် သက်ပြည့်ပင်စင်ယူခဲ့သည်။

## ၃၄။ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစိုင်းလှဖေ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုင်းလှဖေသည် မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၆၀၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၉၁ . ၄၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မူဆယ်မြို့နယ်၊ တော်ရှက်ကျေးရွာဇာတိ ဖြစ်သည်။ အဖ ဦးဆိုင်ခမ်းဟိန်း၊ အမိ ဒေါ်ဆွဲခမ်းတို့မှ ၁၉၅၃ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစိုင်းလှဖေသည် မူဆယ်အစိုးရအထက်တန်းကျောင်း၊ လားရှိုးမြို့၊ အစိုးရအထက်တန်းကျောင်းအမှတ် (၃) တို့တွင် ပညာသင်ကြားခဲ့ပြီး၊ အခြေခံပညာအထက်တန်းကို (ခ) အဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ပန်ခန်းကျေးရွာ အစိုးရမူလတန်းကျောင်း ကျောင်းဆရာ၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ မူဆယ်မြို့နယ်သမဝါယမဦးစီးဌာန ဒု–အသင်းစုမှူး၊ ထို့နောက် လယ်ယာလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ခိုင်လုံမဲရာခိုင်နှုန်း အများဆုံးရရှိသူဖြစ်သည်။

## ၃၅။ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးစိုင်းမောင်လေး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုင်းမောင်လေးသည် မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄,၅၀၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၂ . ၅၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးလှမောင်၊ အမိ ဒေါ်မိုင်းခမ်းတို့မှ ၁၉၄၇ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ကျောက်မဲမြို့ဇာတိ ဖြစ်သည်။ ဦးစိုင်းမောင်လေးသည် မူဆယ်မြို့ အစိုးရအထက် တန်းကျောင်းနှင့် လားရှိုးမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၁) တို့တွင် အခြေခံပညာသင်ကြားခဲ့ပြီး၊ ၁၉၇၂ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံ (ရက္ခဗေဒ) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ မူဆယ်မြို့နယ်သမဝါယမဦးစီးဌာန စာရေးဝန်ထမ်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ မြို့နယ်သမဝါယမအသင်း အတွင်းရေးမှူး (သုံးကြိမ်)၊ ဒုတိယဥက္ကဋ္ဌ (၁) (နှစ်ကြိမ်)၊ ၁၉၈၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြို့နယ်တရားသူကြီး အဖွဲ့ဝင်၊ ထို့နောက် ကုန်သည်လုပ်ငန်းလုပ်ကိုင်သည်။

## ၃၆။ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်။

### ဒေါက်တာအုန်းမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဒေါက်တာဦးအုန်းမောင်သည် မိုးမိတ်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၂၀၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၇ . ၅၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မဘိမ်းမြို့ဇာတိ ဖြစ်သည်။ အဖ ဦးမောင်ကြီး၊ အမိ ဒေါ်ခင်ယုံတို့မှ ၁၉၃၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာဦးအုန်းမောင်သည် ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်မှ ဆေးသိပ္ပံဘွဲ့ (အမ်ဘီဘီအက်စ်) ဘွဲ့ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ခွဲစိတ်မှုပါရဂူဘွဲ့ယူရန် သွားရောက်ခဲ့ပြီး၊ ၁၉၆၅ ခုနှစ်တွင် ပါရဂူဘွဲ့ကို ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ဒုတိယပိုင်းဖြေဆိုရန် အီဒင်ဘာရာမြို့သို့အသွား လမ်းတွင်ကားမှောက်၍ အောက်ပိုင်းသေခဲ့သည်။ အင်္ဂလန်တွင် (၁) နှစ်ဆေးကုသခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၈ ခုနှစ်အထိ ဆရာဝန်၊ မိုးကုတ်မြို့ပြည်သူ့ဆေးရုံ၊ ၁၉၇၈ ခုနှစ်တွင် မသန်မစွမ်းပင်စင်ယူခဲ့သည်။ ဘိန်းဖြူအန္တရာယ်တားဆီးကာကွယ်ရေးတွင် ဆေးစွဲသူလူငယ် (၁၂၀) ကို စနစ်တကျကုသပေးခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် **'ကျွန်တော့်သားကြီး၊ သေမင်းနှင့် စစ်ခင်းသူ'** စာအုပ်ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။

## ၃၇။ မဘိမ်းမြို့နယ်မဲဆန္ဒနယ်။

### ဦးချစ်ခင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးချစ်ခင်သည် မဘိမ်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၇၆၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၃ . ၃၈) ဖြင့် ရွေးချယ်တင်မြှောက် ခြင်းခံခဲ့ရသည်။ မဘိမ်းမြို့ဇာတိ ဖြစ်သည်။ ဦးဘသွယ်၏သား ဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၀) ရက်နေ့ဖွား ဖြစ်သည်။ ဦးချစ်ခင်သည် ၁၉၅၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ မဘိမ်းမြို့ အစိုးရအထက်တန်းကျောင်း၊ ကသာမြို့ အစိုးရအထက်တန်းကျောင်းတို့တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့၍ ၁၉၇၂–၇၃ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ သိပ္ပံ (ရူပဗေဒ) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မဘိမ်းမြို့နယ်သမဝါယမ အတွင်းရေးမှူး၊ ဒုတိယဥက္ကဋ္ဌ၊ ၁၉၈၉ ခုနှစ်တွင် မဘိမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

## ၃၈။ မိုင်းပျင်းမြို့နယ်မဲဆန္ဒနယ်။

### ဦးဒယ်နီရယ်အောင်၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ။

ဦးဒယ်နီရယ်အောင်သည် မိုင်းပျင်းမြို့နယ်မဲဆန္ဒနယ်တွင် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၆,၄၀၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၄ . ၆၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ လားရှိုးမြို့ဇာတိ ဖြစ်သည်။ အဖ ဦးကြာဟဲ၊ အမိ ဒေါ်နာဂတို့မှ ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဒယ်နီရယ်အောင်သည် နမ့်ချိုအေဘီအမ်ကျောင်း (ပန်ယန်း)၊ ပန်ဝိုင်အေဘီအမ်ကျောင်း (ကျိုင်းတုံ)၊ ရန်ကုန်၊ ကြည့်မြင်တိုင် အစိုးရအထက်တန်းကျောင်း အမှတ် (၄) တို့တွင် အခြေခံပညာအထက်တန်းအထိ ပညာသင်ကြားခဲ့ပြီး၊ ၁၉၆၆ ခုနှစ်တွင်ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့မှ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့အထိ မြန်မာ့

သတင်းစဉ် (နိုင်ငံခြား) လက်ထောက်အယ်ဒီတာ၊ အယ်ဒီတာ၊ ၁၉၇၆ ခုနှစ်တွင် ဗီယက်နမ်နှင့် ၁၉၈၇ ခုနှစ်တွင် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးသတင်းစာကိုယ်စားလှယ်အဖွဲ့ဝင်၊ လားဟူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ (ဗဟို) တွင် ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင်အပြောင်းအလဲပြုလုပ်သည့်အခါ နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ နဝတ မှ ကျင်းပ သည့် အမျိုးသားညီလာခံသို့ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလမှ ၁၉၉၄ ခုနှစ်၊ ဧပြီလအထိ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါ အမျိုးသားညီလာခံတွင် လွတ်လပ်စွာဆွေးနွေးတင်ပြအကြံပြုခွင့်ရှိသည်ဟု နဝတ၏ ကျေညာချက် အားယုံကြည်၍ ပါဝင်တက်ရောက်ခဲ့ခြင်းဖြစ်သော်လည်း တနှစ်ကျော်ကြာကာလအတွင်း လက်တွေ့အားဖြင့် နဝတမှ အမျိုးသားညီလာခံကိုခုတုံးလုပ်ကာ ၎င်းတို့စစ်အာဏာရှင်စနစ်တည်တံ့ခိုင်မြဲရေးအတွက်ပြုလုပ်နေခြင်း ဖြစ်ကြောင်း၊ အမျိုးသားညီလာခံသို့ ဆက်၍မတက်သင့်ကြောင်း ယုံကြည်သဖြင့် ၁၉၉၄ ခုနှစ်၊ ဧပြီလ (၁၂) ရက်နေ့တွင် လွတ်မြောက်နယ်မြေ မာနယ်ပလောသို့ထွက်ခွာလာခဲ့သည်။ ၁၉၉၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် မာနယ် ပလော ရန်သူ့လက်သို့ကျသဖြင့် ထိုင်းနိုင်ငံရှိ ဩစတေးလျသံရုံးမှတဆင့် ဩစတြေးလျနိုင်ငံသို့ထွက်ခွာခဲ့ပြီး၊ ယခုအခါ နယူးဆောက်ဝေးပြည်နယ်၏မြို့တော် ဆစ်ဒနီတွင် မိသားစုနှင့်အတူ နေထိုင်လျှက်ရှိသည်။

## ၃၉။ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်။

### ဦးစိုင်းနွံတစ် (ပ်)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

စိုင်းနွံတစ် (ပ်) သည် မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈၀၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၂ . ၂၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့ဖွား ဖြစ်သည်။ ဦးစောအောင်၏သား ဖြစ်သည်။ ဦးစိုင်းနွံတစ် (ပ်) သည် ၁၉၆၈ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ သူငယ်တန်းမှစ၍ သတ္တမတန်းအထိ မိုင်းယန်းအစိုးရအလယ်တန်း ကျောင်း၊ ၁၉၇၈ ခုနှစ်တွင် သတ္တမတန်းအောင်မြင်၍ ၁၉၈၁ ခုနှစ်တွင် ကျိုင်းတုံအစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပြီး (၈) တန်းမှ (၁၀) တန်းအထိ ပညာသင်ယူခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ကျောင်းမှထွက်၍ မိုင်းယန်းမြို့၊ ဈေးတန်းရပ်နေ မနန်းဆိုင်နှင့် အိမ်ထောင်ကျပြီး စက်ချုပ်အတတ်ပညာဖြင့် အသက်မွေးခဲ့သည်။

## ၄၀။ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်။

### ဦးစိုင်းရှဲန်လွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုင်းရှဲန်လွေသည် မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁,၂၈၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၇ . ၃၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ သည်။ မိုင်းယန်းမြို့နယ်၊ မိုင်းလွေဇာတိဖြစ်သည်။ ၁၉၄၂ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့ဖွား ဖြစ်သည်။ ဦးရှိန်စိုင်ခမ်း၏ သား ဖြစ်သည်။ ဦးစိုင်းရှဲန်လွေသည် ၁၉၆၂ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲအောင်မြင်ခဲ့ သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကျိုင်းတုံမြို့နယ်သမဝါယမ အတွင်းရေးမှူး (၁)၊ မြို့နယ်ပြည်သူ့ကောင်စီ အချိန်ပိုင်း၊ မိုင်းခတ်မြို့နယ် ပါတီယူနစ်ကော်မတီဝင်၊ မိုင်းခတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံး ရေးမှူးတာဝန် ယူခဲ့သည်။

### ၄၁။ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်။

**ဦးစိုင်းကျော်စိန်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးစိုင်းကျော်စိန်သည် မိုင်းတုံမြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၆၁၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၃ . ၄၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ လုံးကျောင်းပန္တ၊ အမိ ဒေါ်ပါလန်တို့၏သား ဖြစ်သည်။ ဦးစိုင်းကျော်စိန်သည် အသက် (၅) နှစ်အရွယ်တွင် မိုင်းတုံ မူလတန်းကျောင်း၊ ပင်လုံမြို့ အလယ်တန်းကျောင်း၊ မိုင်းတုံအလယ်တန်းကျောင်းတို့တွင် (၈) တန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ လယ်သမားကောင်စီတွင် စာရေးဝန်ထမ်းအဖြစ် (၆) နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ အလုပ်မှနုတ်ထွက်၍ ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ နုတ်ထွက်ခဲ့ပြီး၊ ကိုယ်ပိုင်လယ်ယာလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၉၉၁ခုနှစ်၊ ဧပြီလ (၁၉) ရက်နေ့တွင် ကွယ်လွန်သည်။

### ၄၂။ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်။

**ဦးဆန်ဝုန်း (ခ) ဦးစိုင်းဘုန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးဆန်ဝုန်း (ခ) ဦးစိုင်းဘုန်းမြင့်သည် မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈၄၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၅ . ၈၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့ဖွား ဖြစ်သည်။ မိုင်းဆတ်မြို့နယ်၊ ဝိန်းနေဇာတိ ဖြစ်သည်။ ဦးရှဲန်စိုင်း၏သားဖြစ်သည်။ ဦးဆန်ဝုန်း (ခ) ဦးစိုင်းဘုန်းမြင့်သည် အဌမတန်းအောင်မြင်ပြီးနောက် ၁၉၆၄ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ဝိန်းနေအစိုးရမူလတန်းကျောင်း၊ မူလတန်းပြ၊ ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ မိုင်းဆတ်နလက အလုပ်အမှုဆောင်၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပြည်နယ်ကောင်စီဝင် (အချိန်ပိုင်း) အဖြစ်ဆောင်ရွက်ခဲ့သည်။

### ၄၃။ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်။

**စိုင်းထွန်းအောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

စိုင်းထွန်းအောင်သည် မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂,၈၃၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၄ . ၃၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးစောလုံ၊ အမိ ဒေါ်နန်းလုံတို့မှ ၁၉၅၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ မိုင်းယောင်းဇာတိဖြစ်သည်။ ဦးစိုင်းထွန်းအောင်သည် ၁၉၇၁ ခုနှစ်တွင် ဆဌမတန်းအောင်သည်အထိ မိုင်းယောင်းတွင်ကျောင်းနေခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မြို့မသမဝါယမ စာရေးဝန်ထမ်း၊ ထို့နောက် မိဘနှင့်အတူလယ်ယာလုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၂၁) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်းကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၂၁)**
**(၁၃၆၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်)**
**(၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)**

**အကြောင်းအရာ ။** ။ **ဦးစိုင်းထွန်းအောင်အား ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးစိုင်းထွန်းအောင်က မိမိသည်ကျန်းမာရေးမကောင်းသည့်အပြင် နိုင်ငံရေးတွင်လည်း စိတ်ဝင်စားမှုမရှိတော့ပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးစိုင်းထွန်းအောင်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ ( င) နှင့်အညီ ဦးစိုင်းထွန်းအောင်အား ယနေ့မှစ၍ မိုင်းယောင်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထား ရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၄၄။ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်။**

**ဦးစိုင်းနွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစိုင်းနွဲ့သည် မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁,၆၂၅) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၃၈ . ၄၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ကျိုင်းတုံမြို့ဇာတိ ဖြစ်သည်။ အဖ ဦးဆိုင်ကျောက်၊ အမိ ဒေါ်နန်းသန်းတို့မှ ၁၉၃၇ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစိုင်းနွဲ့သည် ကျိုင်းတုံနောင်ရေးအစိုးရမူလတန်းကျောင်းမှ ပဥ္စမတန်း အောင်မြင်ခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ဦးမိုးစာပေ၊ စာနယ်ဇင်းကိုယ်စားလှယ်၊ ၁၉၆၀ ပြည့်နှစ်တွင် ဒေါ်နန်းဟုတ်နှင့် လက်ထပ်ခဲ့သည်။ ကိုယ်ပိုင်ဆန်စက်လုပ်ငန်း လုပ်ကိုင်သည်။

**၄၅။ ရွာငံမြို့နယ်မဲဆန္ဒနယ်။**

**ဦးအောင်သိန်း၊ ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ။**

ဦးအောင်သိန်းသည် ရွာငံမြို့နယ်မဲဆန္ဒနယ်တွင် ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီအား

ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၇,၉၀၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၃ . ၅၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးမောင်သန်း၊ အမိ ဒေါ်အမာရီတို့မှ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ထားဝယ်မြို့ ဇာတိဖြစ်သည်။ ဦးအောင်သိန်းသည် အခြေခံပညာကို ထားဝယ်မြို့နှင့် ရန်ကုန်မြို့များတွင် သင်ကြားခဲ့ပြီး၊ ၁၉၆၄ ခုနှစ်တွင် တောင်ကြီးဥပစာကောလိပ်၌ ဒုတိယနှစ်သိပ္ပံတန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ကျန်းမာရေးမှူးသင်တန်းတက်ရောက်ခဲ့ပြီး ရှာငံမြို့တွင် (၁၁) နှစ်ကြာ ကျန်းမာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အလုပ်မှနုတ်ထွက်ပြီးနောက်တွင် ရှာငံမြို့နယ်၊ မြိုင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေထိုင်ခဲ့သည်။ ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ (ယူ–အင်န်–ဒီ–ပီ) မှ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် တဦးတည်းသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပသည့် အမျိုးသားညီလာခံသို့ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့မှ တသီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

## ၄၆။ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်။

### ဒေါက်တာလှရှိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာလှရှိန်သည် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၀,၈၅၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၉ . ၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးဘိုးအောင်၏သား ဖြစ်သည်။ ၁၉၃၅ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့ဖွား ဖြစ်သည်။ ပန်းတနော်မြို့နယ်၊ ရေလဲရွာဇာတိ ဖြစ်သည်။ ဒေါက်တာလှရှိန်သည် ၁၉၅၄ ခုနှစ်တွင် (၁၀) တန်းအောင်မြင်ခဲ့ပြီး ရန်ကုန်ဆေးတက္ကသိုလ်သို့တက်ရောက်ခဲ့သည်။ ဆရာဝန်ဘွဲ့မရမီ ကျောင်းဆရာထွက်၍လုပ်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ် (၁) မှ ဆရာဝန်ဘွဲ့ (အမ်ဘီဘီအက်စ်) ရရှိခဲ့သည်။ ကျန်းမာရေးဌာနတွင် (၁၈) နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ အလုပ်မှပင်စင်မယူဘဲ ၁၉၇၉ ခုနှစ်တွင် နုတ်ထွက်ခဲ့သည်။ ထို့နောက် ရပ်စောက်မြို့တွင် လိမ္မော်ခြံလုပ်ငန်းလုပ်ကိုင်ခဲ့သည်။

## ၄၇။ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်။

### ဦးစိုင်းထွန်းကျော် (ခ) ထွန်းကျော်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုင်းထွန်းကျော် (ခ) ထွန်းကျော်သည် လွိုင်လင်မြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၆,၉၄၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၈ . ၄၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၅ ခုနှစ်ဖွား ဖြစ်သည်။ ဦးပြေ၏သား ဖြစ်သည်။ ဦးစိုင်းထွန်းကျော်သည် (၈)တန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ဝမ်စိန်ကျေးရွာအစိုးရမူလတန်းကျောင်း (မိုင်းနောင်) နှင့် ပင်လုံအစိုးရမူလတန်းကျောင်း အမှတ် (၃) တို့တွင် မူလတန်းပြကျောင်းဆရာ၊ ၁၉၇၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပင်လုံရပ်ကွက် (၁) ရပ်ကွက်လုံခြုံရေးကောင်စီ အတွင်းရေးမှူး၊ ဥက္ကဋ္ဌ၊ မြို့နယ်ကောင်စီဝင်စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။

## ၄၈။ လဲချားမြို့နယ်မဲဆန္ဒနယ်။

### ဦးသာထွန်းမြ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသာထွန်းမြသည် လဲချားမြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်

စား ပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၆၁၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၀ . ၆၆) ဖြင့် ရွေးချယ်တင်မြှောက် ခြင်းခံခဲ့ရသည်။ မိုင်းရယ်ဇာတိဖြစ်သည်။ ၁၉၃၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ဖွား ဖြစ်သည်။ ဦးဆွဲ၏ သားဖြစ်သည်။ ဦးသာထွန်းမြသည် မိုင်းဂေါ့အစိုးရမူလတန်းကျောင်း၊ ကျောက်မဲအစိုးရ အထက်တန်းကျောင်း၊ တောင်ကြီးကောလိပ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် ဥပစာ (က) တန်း အောင်မြင်သည်အထိ ပညာသင်ကြားခဲ့ သည်။ တောင်ကြီးကောလိပ်ကျောင်းသားများသမဂ္ဂနှင့် ရှမ်းပြည်ကျောင်းသားများညီညွတ်ရေးအဖွဲ့တို့တွင် ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အခြေခံနိုင်ငံရေးသင်တန်းတက်ရောက်ခဲ့သည်။ ၁၉၆၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ လဲချား၊ မိုင်းကိုင်၊ မိုင်းရှူး မြို့နယ်များတွင် ပါတီယူနစ်ကော်မတီဝင်၊ အတွင်းရေးမှူး၊ ဥက္ကဋ္ဌ၊ ၁၉၈၁ ခုနှစ်တွင် ပညာရေးဌာနသို့ ပြန်လည်ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပြီး၊ ၁၉၈၆ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

## ၄၉။ လင်းခေးမြို့နယ်မဲဆန္ဒနယ်။

### ဦးစိုင်းထွန်းအောင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုင်းထွန်းအောင်သည် လင်းခေးမြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၉၃၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၈၄ . ၃၅) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ လင်းခေးမြို့ဇာတိ ဖြစ်သည်။ အဖ ဦးလုံးစိုင်းလုံ၊ အမိ ဒေါ်ပါလိတ်တို့မှ ၁၉၅၈ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစိုင်းထွန်းအောင်သည် လင်းခေး အစိုးရအထက်တန်းကျောင်း၊ တောင်ကြီးဒေသကောလိပ်၊ ရန်ကုန်တိမွေးကုသရေးတက္ကသိုလ်၊ ပျဉ်းမနား ရေဆင်းတိမွေးကု တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ပြီး၊ တိမွေးကုဒီပလိုမာနှင့် တိမွေးကုဆရာဝန်ဘွဲ့ရရှိခဲ့သည်။ တိရစ္ဆာန်ဆေးကုခန်းဖွင့်လှစ် လုပ်ကိုင်သည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်
## ကြေညာချက်အမှတ်(၁၆၁၉)
## (၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်)
## (၂၀၀၄ ခုနှစ်၊ ဇွန်လ ၅ ရက်)

**အကြောင်းအရာ ။ ။ ဦးစိုင်းထွန်းအောင်အား ရှမ်းပြည်နယ်၊ လင်းခေးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ရှမ်းပြည်နယ်၊ လင်းခေး မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံထားရသူ ဦးစိုင်းထွန်းအောင်က မိမိအား အမျိုးသားညီလာခံကျင်းပရေးကော်မရှင်မှ ဖိတ်ကြား သဖြင့် ၁၇–၅–၂၀၀၄ ရက်နေ့၌ကျင်းပသည့် အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ၉–၅– ၂၀၀၄ ရက်နေ့၌ သွားရောက်ခဲ့ကြောင်း၊ သို့ရာတွင် ၁၄–၅–၂၀၀၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ် သော ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီအစည်းအဝေးမှ အမျိုးသားညီလာခံသို့ မတက်ရောက်ရန်ဆုံးဖြတ်ခဲ့ပြီး ၁၈–၅–၂၀၀၄ ရက်နေ့ ၌ ရန်ကုန်မှပြန်လည်ထွက်ခွာခဲ့ကြောင်း။

၂။ အမျိုးသားညီလာခံသို့ ဗဟိုကော်မတီအစည်းအဝေးမှ မတက်ရောက်ရန်ဆုံးဖြတ်ခဲ့ခြင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြိုးကိုင်ဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်းသိရှိရသဖြင့် မိမိအနေဖြင့် များစွာဝမ်းနည်း စိတ်မကောင်းဖြစ်ရပါကြောင်း၊ အမျိုးသားညီလာခံသည် နိုင်ငံတော်၏အကျိုး၊ ပြည်သူတရပ်လုံး၏ အကျိုးစီးပွားကိုရှေးရှု၍ နိုင်ငံတော်က အမြော်အမြင်ကြီးစွာဖြင့်ဆောင်ရွက်ပေးသည့် ညီလာခံဖြစ်သည်ဟု အလေးအနက် ယုံကြည်ပါကြောင်း။

၃။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှမ်းမိုးချုပ်ကိုင်မှုကြောင့် ညီလာခံသို့မတက်ရောက်ခြင်းမှာ လွန်စွာမှားယွင်းသောလုပ်ရပ်ဖြစ်သည်ဟု ခံစားရပါကြောင်း။

၄။ ထို့ကြောင့် မိမိသည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တွင် ဆက်လက်လုပ်ကိုင်ရန်ဆန္ဒမရှိတော့သဖြင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်အဖြစ်မှလည်းကောင်း၊ လင်းခေးမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတာဝန်မှလည်းကောင်း၊ ဗဟိုကော်မတီဝင်အဖြစ်မှလည်းကောင်း နုတ်ထွက်ခွင့်ပြုပါရန် ၂၉–၅–၂၀၀၄ ရက်နေ့တွင် အဖွဲ့ချုပ်သို့စာတင်ခဲ့ပြီး ဖြစ်ပါကြောင်း။

၅။ သို့ပါ၍ မိမိသည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်မဖြစ်တော့သည့်အတွက် မိမိအား လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ဦးစိုင်းထွန်းအောင်က ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၆။ ဤထက်ပါ ဦးစိုင်းထွန်းအောင်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးစိုင်းထွန်းအောင်အား ယနေ့မှစ၍ လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက် ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**ဦးစိုင်းထွန်းအောင်၏တင်ပြချက်ကိုမှတ်တမ်းတင်**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁/၂၀၀၄)**
**(၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်)**
**(၂၀၀၄ ခုနှစ်၊ ဇွန်လ ၅ ရက်)**

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးစိုင်းထွန်းအောင်၏ အောက်ပါတင်ပြချက်ကို ဤကော်မရှင်က မှတ်တမ်းတင်ထားပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

" မိမိ ဦးစိုင်းထွန်းအောင် [၁၃/လခတ(နိုင်) ၀၀၄၂၅၈] သည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုကော်မတီဝင်အဖြစ်မှလည်းကောင်း၊ လင်းခေးမြို့နယ်အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဖြစ်မှလည်းကောင်း၊ ပါတီဝင်အဖြစ်မှလည်းကောင်း နုတ်ထွက်ခွင့်ပေးပါရန် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်သို့ တင်ပြချက် "

## ၅၀။ လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစိုင်းမြင့်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုင်းမြင့်မောင်သည် လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၁,၄၉၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၉ . ၈၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်နေ့ဖွား ဖြစ်သည်။ ဦးဝင်းလွင်၏ သားဖြစ်သည်။ ဦးစိုင်းမြင့်မောင်သည် ၁၉၆၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့သည်။ ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ရင်း ၁၉၇၆ ခုနှစ်တွင် မှတ်ပုံတင်ဥပဒေဘွဲ့ (အာအယ်လ်) အောင်မြင်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဗဟိုတရားရုံး၊ လားရှိုးမြို့နယ် ရှေ့နေများအသင်း ဥက္ကဋ္ဌ၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် လားရှိုးမြို့နယ် ဗဟိုသပိတ် ဥက္ကဋ္ဌ၊ အရေးတော်ပုံကြီးအပြီးတွင် (၂၃) ရက်ကြာ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။

## ၅၁။ လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးသန်းဌေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသန်းဌေးသည် လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၈,၆၄၉)မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၉ . ၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၈ ခုနှစ်ဖွားဖြစ်သည်။ ဦးဘရှင်၏သား ဖြစ်သည်။ ဦးသန်းဌေးသည် အထက်တန်းရှေ့နေစာမေးပွဲအောင်မြင်ခဲ့၍ ဥပဒေဘွဲ့ရရှိခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ လားရှိုးမြို့၊ အစိုးရလခစားများ ငွေစုငွေချေးတွင် စာရေး၊ စာရင်းကိုင်၊ အထက်တန်းစာရေး၊ မန်နေဂျာ၊ ၁၉၈၃ ခုနှစ်တွင် အထက်တန်းရှေ့နေ၊ ထိုမှ ဗဟိုတရားရုံးရှေ့နေအဖြစ် လုပ်ကိုင်ခဲ့သည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့တွင် သားဖြစ်သူ ကိုတူး၏ စီးပွားရေးလုပ်ငန်းနှင့်ဆက်စပ်ပြီး အမှုဆင်ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်နေ့တွင် ဦးသန်းဌေးအား စွဲဆိုထားသည့်အမှု (၄) မှုအတွက် စုစုပေါင်းအလုပ်ကြမ်းနှင့်ထောင်ဒဏ် (၅) နှစ်အပြင် ဒဏ်ငွေ (၂) သောင်း ပေးဆောင်ရန် မြို့နယ်တရားရုံးမှစီရင်ချက်ချမှတ်ခဲ့သည်။ အကယ်၍ ဒဏ်ငွေမဆောင်နိုင်ပါက နောက်ထပ် ထောင် (၂) နှစ်ကျခံရန် စီရင်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ပထမအမှုမှာ ကြိုးမဲ့ကြေးနန်းဥပဒေ ပုဒ်မ ၆ (၁) အရ အလုပ်နှင့်ထောင်ဒဏ် (၁) နှစ်၊ သွင်းကုန်/ထုတ်ကုန် ယာယီကြီးကြပ်ရေးဥပဒေ ပုဒ်မ ၅ (၁) အရ အလုပ်နှင့်ထောင်ဒဏ် (၁) နှစ်ခွဲနှင့် ဒဏ်ငွေကျပ်တသောင်း၊ ဒဏ်ငွေမဆောင်ပါက နောက်ထပ်ထောင်ဒဏ် (၁) နှစ်၊ ကြိုးမဲ့ကြေးနန်းဥပဒေ ပုဒ်မ ၆ (၁) အရ အလုပ်နှင့် ထောင်ဒဏ် (၁) နှစ်၊ ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ ပုဒ်မ ၅ (၁) အရ အလုပ်နှင့်ထောင်ဒဏ် (၁) နှစ်ခွဲနှင့် ဒဏ်ငွေ ကျပ်တသောင်း၊ မဆောင်ပါက နောက်ထပ်ထောင်ဒဏ် (၁) နှစ် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် လားရှိုးထောင်မှ မန္တလေးထောင်သို့ ပြောင်းရွှေ့ခြင်းခံခဲ့ရပြီး၊ ၂၀၀၅ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် ကလေးထောင်သို့ ထပ်မံပြောင်းရွှေ့ခြင်းခံခဲ့ရသည်။ ဖမ်းဆီးမခံရမီ မေလအတွင်းက လားရှိုးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှူးကြီးမှခေါ်ယူတွေ့ဆုံ၍ ဦးသန်းဌေးအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှနုတ်ထွက်ရန် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။ ယခင် (၆) နှစ်ခန့်ကတည်းက ဦးသန်းဌေး၏ ဇနီးသည်အမည်ဖြင့် ဖွင့်လှစ်ထားသည့် **'ချစ်ခြင်းကဖီး'** လက်ဖက်ရည်ဆိုင်အား စည်ပင်သာယာနှင့် ကျန်းမာရေး

ဦးစီးဌာနတို့မှ အကြောင်းအမျိုးမျိုးပြ၍ ပိတ်ပင်ခြင်းခံခဲ့ရသည့်ပြင် လွန်ခဲ့သည့် (၄) နှစ်ခန့်ကလည်း သားအမည်ဖြင့် ဝယ်ယူထားခဲ့သည့် **'ထွန်းဘရားသား'** အီလက်ထရောနစ်ဆိုင်ခန်းအား သိမ်းဆည်းခြင်းခံခဲ့ရသည်။

## ၅၂။ သိန္နီမြို့နယ်မဲဆန္ဒနယ်။

### ဦးစိုင်းထွန်းလှ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစိုင်းထွန်းလှသည် သိန္နီမြို့နယ်မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၅,၈၃၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၅ . ၄၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ သိန္နီမြို့ဇာတိဖြစ်သည်။ အဖ ဦးမောင်ကြီး၊ အမိ ဒေါ်ရွှေခင်တို့မှ ၁၉၄၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဦးစိုင်းထွန်းလှသည် သိန္နီမြို့ကွန်ဗင့်နှင့် အစိုးရအထက်တန်းကျောင်းတို့တွင် (၉) တန်းအထိ ပညာသင်ကြား ခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ကိုယ်ပိုင်ကားလုပ်ငန်း၊ ၁၉၇၅ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ မြို့နယ် သမဝါယမနှင့် ရှမ်းပြည်မြောက်ပိုင်းသမဝါယမအသင်းစု အလုပ်အမှုဆောင်၊ ထို့နောက် ကိုယ်ပိုင်တွင်ခုံနှင့် သံဂဟေဆက်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။

## ၅၃။ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။

### ခွန်ထွန်းဦး (ခ) (NOEL)၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်။

ခွန်ထွန်းဦးသည် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၅,၂၆၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၉ . ၀၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးစဝ်ကြာဖုံ၊ အမိ စဝ်ရွှေယုံတို့၏သား ဖြစ်သည်။ ဖခင် စဝ်ကြာဖုံသည် သီပေါစော်ဘွား စဝ်ကြာဆိုင်၏ အကိုဖြစ်သည်။ ၁၉၄၃ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့ဖွား ဖြစ်သည်။ ခွန်ထွန်းဦးသည် ၁၉၆၄ ခုနှစ်တွင် တောင်ကြီးမြို့ ကမ္ဘောဇကောလိပ်မှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး၊ ၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့တက်ရောက်၍ ဥပဒေဘာသာရပ်ကို ဒုတိယနှစ်အထိ သင်ကြားခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၇ ခုနှစ် အထိ အင်ဒိုနီးရှားသံရုံး စစ်သံမှူး၏ ကိုယ်ရေးအရာရှိ၊ ၁၉၈၄ ခုနှစ်တွင် နိုင်ငံတကာသတင်းစာဖြန့်ချိရေးကုမ္ပဏီ၊ ဂျပန် Overseas Courier Service (OCS) ၏ သတင်းစာဖြန့်ချိရေးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တွင် အထွေထွေအတွင်းရေးမှူးအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ တိုးချဲ့ဖွဲ့စည်းသည့်အခါ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင် (ရှမ်းပြည်တပ်မတော်/မြောက်ပိုင်းခေါင်းဆောင်)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင်စသည့် အခြားရှမ်းခေါင်းဆောင်များနှင့်အတူ အာဏာပိုင်များ၏ မတရားဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် အင်းစိန်ထောင်အထူးတရားရုံးမှ ပြစ်ဒဏ် (၉၃) နှစ် ချမှတ်ခြင်းခံခဲ့ရသည်။ အင်းစိန်ထောင်မှတဆင့် ပူတာအိုအကျဉ်းထောင်သို့ ပြောင်းရွှေ့ခြင်းခံခဲ့ရသည်။ ဇနီးမှာ ဒေါ်ဝေဝေလွင်ဖြစ်ပြီး၊ သား ခွန်ဦးလွင်နှင့် သမီး နန်းအယ်လ်ကီတို့ ထွန်းကားခဲ့သည်။

**၅၄။ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးစိုင်းအောင်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစိုင်းအောင်သန်းသည် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃,၈၂၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၅ . ၄၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကျောက်မဲမြို့နယ်၊ မိုင်းလုံဇာတိဖြစ်သည်။ ၁၉၅၁ ခုနှစ်ဖွားဖြစ်သည်။ ဦးလှဒင်၏သား ဖြစ်သည်။ ဦးစိုင်းအောင်သန်းသည် ၁၉၇၇ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ အင်ဂျင်နီယာ (မြို့ပြ) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဒေါ်နန်းခင်မြင့် (အထက်တန်းပြ) နှင့် လက်ထပ်ခဲ့သည်။ ၁၉၇၉–၈၀ ခုနှစ်တွင် သီပေါမြို့တွင် ဆောက်လုပ်ရေးအလုပ်သင်အင်ဂျင်နီယာ ၁၉၈၁ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ သီပေါမြို့နယ်ကောင်စီဝင်၊ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

**၅၅။ ဟိုပုံးမြို့နယ်မဲဆန္ဒနယ်။**

**ဦးစံလှ၊ ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်။**


ဦးစံလှသည် ဟိုပုံးမြို့နယ်မဲဆန္ဒနယ်တွင် ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၇,၁၆၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၇၀ . ၆၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဟိုပုံးမြို့ဇာတိ ဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့ဖွား ဖြစ်သည်။ ဦးကုမ္မာ၏သား ဖြစ်သည်။ ဦးစံလှသည် သတ္တမတန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့ပြီး၊ ၁၉၇၃ ခုနှစ်နှင့် ၁၉၇၄ ခုနှစ်များတွင် ဟိုပုံးမြို့၊ မြို့ဦးကွက်သစ်ရပ်ကွက်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အတွင်းရေးမှူး၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ ဥက္ကဋ္ဌ၊ ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ် (ဗဟို) တွင် အလုပ်အမှုဆောင်အဖြစ် တာဝန်ယူခဲ့သည်။

**၅၆။ ဟိုပန်မြို့နယ်မဲဆန္ဒနယ်။**

**ဦးခွန်ထွန်းလူ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။**

ဦးခွန်ထွန်းလူသည် ဟိုပန်မြို့နယ်မဲဆန္ဒနယ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးခွန်ထွန်းလူအပေါ် ရှုံးနိမ့်သူ **'ဝ'** အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ် (ခ) ဦးဖီးလစ်ဆမ်မှ ကန့်ကွက်လွှာတင်သွင်းခဲ့သဖြင့် ရွေးကောက်ပွဲခုံအဖွဲ့အမှတ် (၄) တွင် ကြားနာစစ်ဆေးမှုခံခဲ့ရသည်။

## (၁၄) ဧရာဝတီတိုင်း။



မြန်မာနိုင်ငံအလယ်ပိုင်းမြေပြန့်၏ တောင်ဘက်ဆုံးတွင် တည်ရှိသည်။ အနောက်ဘက်နှင့် အနောက်မြောက်ဘက်တို့တွင် ဘင်္ဂလားပင်လယ်အော်နှင့် ရခိုင်ပြည်နယ်၊ မြောက်ဘက်နှင့်အရှေ့ဘက်တို့တွင် ပဲခူးတိုင်း၊ အရှေ့ဘက်တွင် ရန်ကုန်တိုင်းနှင့် တောင်ဘက်တွင် ကပ္ပလီပင်လယ်ပြင်တို့တည်ရှိသည်။ မြောက်လတ္တီတွဒ် (၁၅) ဒီဂရီ (၄၀) မိနစ်နှင့် (၁၈) ဒီဂရီ (၃၀) မိနစ်ခန့်အတွင်းနှင့် အရှေ့လောင်ဂျီတွဒ် (၉၄) ဒီဂရီ (၁၅) မိနစ်နှင့် (၉၆) ဒီဂရီ (၁၅) မိနစ်အတွင်း တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၁၃,၅၆၇) ကျယ်ဝန်းသည်။ တိုင်းမြို့တော်မှာ ပုသိမ်မြို့ဖြစ်သည်။

ဧရာဝတီတိုင်းတွင် မြို့နယ် (၂၆) မြို့နယ်ရှိ မဲဆန္ဒနယ် (၅၁) နယ်၌ နိုင်ငံရေးပါတီအဖွဲ့အစည်းများ ကိုယ်စားပြု ယှဉ်ပြိုင်သူလွှတ်တော်ကိုယ်စားလှယ်လောင်း (၁၉၉) ဦး၊ တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း (၅) ဦး၊ စုစုပေါင်း (၂၀၄) ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ (၄၈) နေရာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ (၂) နေရာနှင့်တသီးပုဂ္ဂလ (၁) နေရာ အသီးသီး ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ကြရသည်။

### ၁။ ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။

### ဦးသန်းတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသန်းတင်သည် ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၄၅၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၃ . ၂၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးထွား၊ အမိ ဒေါ်မမကြီးတို့မှ ၁၉၂၉ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ အင်္ဂပူမြို့နယ်၊ ထန်းပင်ကုန်းရွာဇာတိဖြစ်သည်။ ဦးသန်းတင်သည် ထန်းပင်ကုန်း အစိုးရမူလတန်းကျောင်း၊ ဟင်္သာတမြို့အမျိုးသားအထက်တန်းကျောင်း၊ ရန်ကုန်အလွတ်ပညာသင်ကျောင်းတို့တွင် ဆယ်တန်းအထိ

ပညာသင်ကြားခဲ့သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ စာပေဗိမာန် စာရေးဝန်ထမ်း၊ ၁၉၅၈ ခုနှစ်မှစ၍ ကျိုက်လတ်မြို့တွင် ကုန်သည်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ထန်းပင်ကုန်းတွင် အာရလူငယ်အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။ ကျိုက်လတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်စည်းရုံးရေးမှူး တာဝန်ယူခဲ့သည်။

## ၂။ ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးတင်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်ဝင်းသည် ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၃၅၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၈ . ၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးသာမောင်၊ အမိ ဒေါ်မြသိန်းတို့မှ ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ကျိုက်လတ်မြို့နယ်၊ ကန်ကျောင်းကျေးရွာဇာတိဖြစ်သည်။ ဦးတင်ဝင်းသည် ပုဏ္ဏမီအစိုးရမူလတန်းကျောင်း (တောင်ဥက္ကလာပ)၊ ကျိုက်လတ်မြို့အစိုးရအလယ်တန်းကျောင်းအမှတ် (၂)၊ ကျိုက်လတ်မြို့ အစိုးရအထက်တန်းကျောင်းတို့တွင် ဆယ်တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့နယ်အလုပ်သမားသမဂ္ဂ အလုပ်အမှုဆောင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါစာအမှတ်၊ ဝ၄ဝ/စည်း (စည်းရုံး)/၉၉ ဖြင့် ဦးတင်ဝင်းအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၀၄ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် ပြန်လည်ကျင်းပခဲ့သည့် နအဖ၏ အမျိုးသားညီလာခံသို့ တသီးပုဂ္ဂလအဖြစ် ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် တက်ရောက်ခဲ့ပြီး၊ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စခန်း၌ဆက်လက်ကျင်းပသည့် အမျိုးသားညီလာခံသို့ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ တသီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

## ၃။ ကျောင်းကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစောလွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးစောလွင်သည် ကျောင်းကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၅၆၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၁ . ၅၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ကျောင်းကုန်းမြို့ဇာတိ ဖြစ်သည်။ အဖ ဦးညိုကြီး၊ အမိ ဒေါ်ညိမ်းတို့မှ ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးစောလွင်သည် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာများကို ဟင်္သာတမြို့တွင်သင်ယူခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် သမိုင်းအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ပညာရေးဌာနတွင် ၁၉၇၉ ခုနှစ်မှစ၍ အမှုထမ်းခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

**၄။ ကျောင်းကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဒေါက်တာလှဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာလှဝင်းသည် ကျောင်းကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၈,၃၇၆)မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၂.၉၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးသာခင်၏သား ဖြစ်သည်။ ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့ဖွား ဖြစ်သည်။ ဒေါက်တာလှဝင်းသည် ၁၉၆၇–၆၈ ခုနှစ်တွင် အလယ်တန်းပညာကို အစိုးရအလယ်တန်းကျောင်း၊ ဒါးကကျေးရွာ၊ ပုသိမ်အရှေ့မြောက်မြို့နယ်တွင် သင်ကြားခဲ့၍ ၁၉၇၁–၇၂ ခုနှစ်တွင် အထက်တန်းပညာကို သင်္ချာ၊ ဓာတု၊ ရူပ ဂုဏ်ထူးတို့ဖြင့် ပုသိမ်မြို့၊ အစိုးရအထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် သွားဘက်ဆိုင်ရာ ဆရာဝန်ဘွဲ့ ရရှိခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ သွားဘက်ဆိုင်ရာဆရာဝန်အဖြစ် ကျောင်းကုန်းမြို့နယ်၊ မြို့နယ် ပြည်သူ့ဆေးရုံတွင်အမှုထမ်းခဲ့သည်။ ၁၉၈၉ ခုနှစ် ဇန်နဝါရီလတွင် တာဝန်မှအနားယူခဲ့သည်။ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်မှ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့ ရက်စွဲပါစာအမှတ် – ၀၀၆/စည်းဖြင့် အဖွဲ့ချုပ် အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ သြဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော် မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦး အပါအဝင်ဖြစ်သည်။

**၅။ ကျုံပျော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးမန်းဂျော်နီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးမန်းဂျော်နီသည် ကျုံပျော်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၁,၇၃၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၂.၉၃) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးကျော်ဦး၊ အမိ ဒေါ်ခြောက်တို့မှ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ပုသိမ်အရှေ့ပိုင်း၊ ဆင်ခေါင်းကြီးရွာဇာတိဖြစ်သည်။ ဦးမန်းဂျော်နီသည် ပုသိမ်မြို့၊ စိန့်ဂျိုးဇက် ကွန့်ဗင့်ကျောင်း၊ ကာတိုလိပ် ယောကျ်ားကလေးများဗဟိုကျောင်း၊ မရမ်းချောင်းရွာ၊ ပုသိမ်မြို့တို့တွင် အခြေခံ ပညာသင်ကြားခဲ့ရာမှ တက္ကသိုလ်ဝင်တန်းကို ၁၉၆၀ ပြည့်နှစ်တွင်လည်းကောင်း၊ တက္ကသိုလ်ပညာကို ပုသိမ်ဥပစာ ကောလိပ်တွင်လည်းကောင်းသင်ကြားခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် မူလတန်းပြကျောင်းဆရာ၊ ၁၉၆၇ ခုနှစ်တွင် အလယ်တန်းပြကျောင်းဆရာ၊ ၁၉၈၀ ပြည့်နှစ်တွင် ပညာရေးတက္ကသိုလ်၊ ရန်ကုန်မှ ပညာရေးဒီပလိုမာရရှိခဲ့၍ အထက်တန်းပြဆရာအဖြစ် ရာထူးတိုးမြှင့်ခံရသည်။ ၁၉၈၂ ခုနှစ်တွင် လက်ထောက်မြို့နယ်ပညာရေးမှူးအဖြစ် ရာထူးတိုးမြှင့်ခံခဲ့ရပြီး၊ ၁၉၈၆ ခုနှစ်တွင် နာမကျန်းပင်စင် ဖြင့် အငြိမ်းစားယူခဲ့သည်။ ၂၀၀၄ ခုနှစ်၊ သြဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံ ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

**၆။ ကျုံပျော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးတင်သည် ကျုံပျော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စား

ပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၀,၈၁၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ . ၅၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးဘကျော်၏သား ဖြစ်သည်။ ၁၉၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့ဖွား ဖြစ်သည်။ ဦးတင်သည် ကျောင်းသားသပိတ်တွင်လည်းကောင်း၊ ကျောင်းရဲတပ်ဖွဲ့တွင်လည်းကောင်း ခေါင်းဆောင်အဖြစ်ပါဝင်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် (၁၀) တန်းကျောင်းသားဘဝဖြင့် အမျိုးသားအထက်တန်းကျောင်းမှထွက်၍ မန္တလေး အင်္ဂလိပ်စစ်တပ်တွင် ဝင်ရောက်ခဲ့သည်။ ကျန်းမာရေးမကောင်း၍ အကြပ်ဘဝဖြင့် ထွက်ခဲ့ရသည်။ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ခေတ် (၃) ခေတ်စလုံး အာရှလူငယ်စည်းရုံးရေးခေါင်းဆောင်၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဒုတိယစစ်ခေါင်းဆောင်၊ ဖ–ဆ–ပ–လ အဖွဲ့ မြို့နယ် ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ရာ လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယဆင့်) ရရှိခဲ့သည်။ ၁၉၅၁ ခုနှစ်မှ ၁၉၅၇ ခုနှစ် အထိ ပြည်သူ့လွှတ်တော်တွင်လည်းကောင်း၊ ၁၉၅၇ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ လူမျိုးစုလွှတ်တော်တွင်လည်းကောင်း၊ ပါဝင်ဆောင်ရွက်ခဲ့ပြီး အမြဲတမ်း ဘဏ္ဍာရေး ကော်မတီဝင်၊ ဥပဒေပြုကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျုံပျော်မြို့ မြူနီစီပယ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦး တွင် တဦးအပါအဝင်ဖြစ်သည်။

**၇။ ကြံခင်းမြို့နယ်မဲဆန္ဒနယ်။**

**ဒေါက်တာရဲမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာရဲမြင့်သည် ကြံခင်းမြို့နယ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၇,၁၄၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၄ . ၁၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၅၄ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့ဖွား ဖြစ်သည်။ ရန်ကုန်ဇာတိ ဖြစ်သည်။ ဦးအုန်းခင်၏သား ဖြစ်သည်။ ဒေါက်တာရဲမြင့်သည် ဟသ်ာတမြို့ ကွန်ဗင့်ကျောင်း၊ တောင်ကြီးမြို့အစိုးရအထက်တန်းကျောင်းအမှတ် (၂)၊ မင်္ဂလာတောင်ညွန့် အစိုးရအထက်တန်းကျောင်းအမှတ် (၅) တို့တွင် ဆယ်တန်းအောင်သည်အထိ ပညာသင်ကြားခဲ့ပြီး၊ ၁၉၇၉ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ ဆေးရုံလက်ထောက်ဆရာဝန်၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်၊ ထုံးဘိုတိုက်နယ်ဆေးရုံ တိုက်နယ်ဆရာဝန်၊ ၁၉၈၉ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏ အမိန့်ကြော်ငြာစာအရ အလုပ်မှထုတ်ပယ်ခြင်းခံခဲ့ရသည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁၇) ဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်းကြေညာခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှနုတ်ထွက်ခဲ့ပြီး နအဖသတင်းစာများတွင် **'ဒေါက်တာရဲမြင့် (ကြံခင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရွေးချယ်ခံကိုယ်စားလှယ် နုတ်ထွက်)'** ဟူသည့် ကလောင်အမည်ဖြင့် အဖွဲ့ချုပ်အား တိုက်ခိုက်သည့်ဆောင်းပါးများ ရေးသားခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၁၇)**
**(၁၃၅၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၅ ရက်)**
**(၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)**

**အကြောင်းအရာ။** ။ **ဒေါက်တာရဲမြင့်အား ရောဝတီတိုင်း ကြံခင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဒေါက်တာရဲမြင့်က မိမိသည် ကျန်းမာရေးမကောင်းပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဒေါက်တာရဲမြင့်၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဒေါက်တာရဲမြင့်အား ယနေ့မှစ၍ ကြံခင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၈။ ငပုတောမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးဒေးဗစ်လှမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးဒေးဗစ်လှမြင့်သည် ငပုတောမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၇,၁၁၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၅ . ၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးလှမြင့်၊ အမိ ဒေါ်ဟန်ဒွေးတို့မှ ၁၉၅၉ ခုနှစ်၊ မေလ (၁၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ပုသိမ်မြို့ဇာတိဖြစ်သည်။ ဦးဒေးဗစ်လှမြင့်သည် ပုသိမ်အစိုးရ အထက်တန်းကျောင်းအမှတ် (၆) မှ ဆယ်တန်းအောင်မြင်၍ ပုသိမ်ဒီဂရီ ကောလိပ်မှ သင်္ချာအဓိကဖြင့် သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ငပုတောမြို့နယ်အတွင်းရှိ တွဲဖက်အစိုးရအထက်တန်းကျောင်းများတွင် တွဲဖက်ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဧရာဝတီတိုင်းစည်း (ပုသိမ်မြို့နယ်စု) တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းအား သက်ဆိုင်ရာတရားရုံးက နိုင်ငံတော်အလံ ဥပဒေ ပုဒ်မ (၆) အရ ပြစ်မှုထင်ရှားစီရင်ခဲ့၍ ရွေးကောက်ပွဲ ပုဒ်မ (၁၁)၊ ပုဒ်မခွဲ (ည) နှင့်ငြိစွန်းသဖြင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်

မရှင်မှ ကြေညာချက်အမှတ် (၉၅၈) ဖြင့် ကြေညာခဲ့သည်။ နောင် (၁၀) နှစ်အတွင်းပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့ ရက်စွဲပါစာအမှတ် – ၀၀၆/စည်းဖြင့် အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဉက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၉။ ငပုတောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဒေါက်တာစစ်တင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာစစ်တင်သည် ငပုတောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၂,၂၉၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၇ . ၄၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၆၀ ပြည့်နှစ်၊ ဇွန်လ (၅) ရက်နေ့ဖွား ဖြစ်သည်။ ကျုံကူးကျေးရွာ ဇာတိဖြစ်သည်။ ဦးမြင့်ဆွေ၏သား ဖြစ်သည်။ ဒေါက်တာစစ်တင်သည် ၁၉၈၄ ခုနှစ်တွင် ဆေးတက္ကသိုလ် (၂) မှ ဆရာဝန်ဘွဲ့ ရရှိခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် အလုပ်သင်ဆရာဝန်၊ ၁၉၈၆ ခုနှစ်မှစ၍ ကိုယ်ပိုင်ဆေးကုခန်းဖွင့်ခဲ့သည်။ ငပုတောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

## ၁၀။ ဇလွန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးကျော်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးကျော်မြင့်သည် ဇလွန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၅၁၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၂ . ၅၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ သခင်အုန်းဆိုင်၊ အမိ ဒေါ်ခင်ရွှေတို့မှ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဇလွန်မြို့နယ်၊ ရေဘော်သောင်ကျေးရွာဇာတိဖြစ်သည်။ ဦးကျော်မြင့်သည် အခြေခံပညာအထက်တန်းကို ၁၉၆၁ ခုနှစ်တွင် အဖျောက်အစိုးရအထက်တန်းကျောင်းမှ အောင်မြင်ခဲ့ပြီး၊ ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံမှ စိုက်ပျိုးရေးဒီပလိုမာကို ၁၉၆၉ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဒေါ်နှင်းနွယ်နှင့် လက်ထပ်ခဲ့သည်။ မိသားစုနှင့်အတူ ခြံလုပ်ငန်းဖြင့်အသက်မွေးသည်။

## ၁၁။ ဇလွန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဗိုလ်မှူးကြီးကြည်ဝင်း (အငြိမ်းစား)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဗိုလ်မှူးကြီးကြည်ဝင်း (အငြိမ်းစား) သည် ဇလွန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၇,၅၅၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၀ . ၈၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြင်းခြံမြို့ဇာတိဖြစ်သည်။ အဖ ဦးမောင်၊ အမိ ဒေါ်ပုတို့မှ ၁၉၁၉ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ယင်နာမည် မောင်ကြီးငွေဖြစ်သည်။ ဗိုလ်မှူးကြီးကြည်ဝင်း (အငြိမ်းစား) သည် မြင်းခြံမြို့ အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၃၀၀ ပြည့်အရေးတော်ပုံတွင်

မြင်းခြံခရိုင်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ် အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးတွင် ညောင်ဦးမြေအောက် တော်လှန်ရေးခေါင်းဆောင်၊ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ဗိုလ်ချုပ်ကလေးဇေယျ (ရဲဘော်သုံးကျိပ်ဝင်) ၏ ရုံးအဖွဲ့ဝင်၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဂျပန်စစ်တက္ကသိုလ်အမှတ်စဉ် (၁) ဆင်း၊ တပ်ရင်း (၆) ဒုတိယဗိုလ်၊ ၁၉၄၃ ခုနှစ်တွင် စစ်သေနာပတိချုပ် ဗိုလ်မှူးကြီးနေဝင်း၏ ကိုယ်ရံတော်ဗိုလ်၊ ၁၉၄၄ ခုနှစ်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗိုလ်မှူးကြီးဗထူးနှင့် ပူးတွဲတာဝန်၊ ၁၉၄၅ ခုနှစ်၊ ဂျပန်ဖက်ဆစ်တော်လှန်ရေးတွင် မြစ်ဝကျွန်းပေါ် တိုင်း (၂)၊ ဗိုလ်ချုပ်နေဝင်းလက်အောက်ရှိ တပ်ရင်း (၈၃) တပ်ရင်းမှူး၊ ၁၉၄၅–၄၆ ခုနှစ်တွင် ကန်ဒီစာချုပ်အရ ဗမာ့သေနတ်ကိုင်တပ်ရင်း (၅) တွင် ကိုယ်ပိုင်အမှတ် (ကြည်း–၃၅၇၂) ဒုတိယဗိုလ်၊ ၁၉၄၇–၄၈ ခုနှစ်တွင် ကလောမြို့ (ဘီအေစီအက်စ်) တပ်တွင် လည်းကောင်း၊ ၁၉၄၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ စစ်ကျောင်းတက်ခဲ့ရာမှ စစ်ရုံးချုပ်ကပြန်ခေါ်၍ တပိုင်းတစနှင့် ပြန်ခဲ့ရသည်။ စစ်ရုံးချုပ်တွင် စစ်ဦးစီး (ဒုတိယတန်း) အဖြစ်ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့ Inner Defence တာဝန်ကို ဗိုလ်ချုပ်နေဝင်းက ပေးအပ်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် သနက (၄) တပ်ရင်းမှူး၊ ၁၉၅၂ ခုနှစ်တွင် တပ်မဟာ (၈) ပုသိမ်၊ တပ်မဟာမှူး၊ ၁၉၅၃ ခုနှစ်တွင် Australia Staff College တက်ခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ တပ်မဟာ (၁၀) (ချောက်) တပ်မဟာမှူး၊ ၁၉၅၉–၆၀ ခုနှစ်၊ ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်တွင် မြေကျေးရှင်းနှင့်လယ်ယာသစ်တော ဒုတိယဥက္ကဋ္ဌ (ဒုတိယဝန်ကြီးအဆင့်)၊ ၁၉၆၁ ခုနှစ်တွင် တပ်မဟာ (၇) မြစ်ကြီးနား၊ တပ်မဟာမှူး၊ ဘာဘစစ်ဆင်ရေးတာဝန်ခံ၊ တပ်မဟာ (၇) တွင် တပ်မဟာမှူး တာဝန်ထမ်းဆောင်နေစဉ် ၁၉၆၀ ပြည့်နှစ်၊ ပါလီမန်ရွေးကောက်ပွဲတွင် ဘက်လိုက်ခဲ့ကြောင်းစိစစ်တွေ့ရှိရ၍ ရာထူးခန့်ထားရေးအဖွဲ့ အစည်းအဝေးမှ တပ်မတော်တွင်စစ်မှုထမ်းခြင်းမှအငြိမ်းစားယူခွင့်ပြုခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် တပ်မတော်မှ ရပ်စဲအမိန့်ထုတ်ပြန်ခဲ့ပြီး ၁၉၆၁ ခုနှစ်မှစ၍ စစ်ဦးစီးတက္ကသိုလ်သို့ ပြောင်းရွှေ့အင်အားပြထားခံရသည်။ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၁) ရက်နေ့တွင် ယင်း၏ပြန်တမ်းဝင် အလုပ်ဝတ္တရားများကို ပြန်လည်အပ်နှံခွင့်ပြုစေခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တပ်မှူးဟောင်း (၁၅) ဦးအနေဖြင့် ပါဝင်ခဲ့သည်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုဦးစီးတာဝန်ယူခဲ့သည်။ ၁၉၈၅ ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်စန်းရီနှင့် သားသမီးများဖြစ်ကြသည့် ဒေါ်ကေသီကြည်ဝင်း၊ ဒေါ်ဝေရည်ကြည်ဝင်း၊ ဦးသတိုးကြည်ဝင်း၊ ဒေါ်ဥမ္မာကြည်ဝင်း၊ ဦးငွေအောင်ကြည်ဝင်း၊ ဒေါက်တာခင်မာကြည်ဝင်း၊ ဒေါ်မြတ်မာကြည်ဝင်းတို့ ကျန်ရစ်ခဲ့သည်။

## ၁၂။ ညောင်တုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးအောင်ကြိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးအောင်ကြိုင်သည် ညောင်တုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၀၇၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၁ . ၈၀) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဓနုဖြူမြို့နယ်၊ နဲ့ကြီးရွာဇာတိ ဖြစ်သည်။ အဖ ဦးဘမောင်၊ အမိ ဒေါ်စိန်ပုတို့မှ ၁၉၃၆ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးအောင်ကြိုင်သည် နဲ့ကြီးရွာအစိုးရ မူလတန်းကျောင်း၊ မင်္ဂလာတောင်ညွန့် အစိုးရအထက်တန်းကျောင်း၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ရာ ဘီအေအီးဒီ၊ ဘီအီးဒီဘွဲ့ရရှိခဲ့သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ဓနုဖြူမြို့အစိုးရအထက်တန်းကျောင်း အထက်တန်းပြ၊ ၁၉၆၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ညောင်တုန်း၊ ဇလွန်အစိုးရအလယ်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ထားဝယ်၊ အိုင်သပြု အစိုးရ

အထက်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ကဝ၊ ကျောက်ကြီး၊ ညောင်တုန်း မြို့နယ်ပညာရေးမှူး၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ဒီမိုကရေစီနှင့်ငြိမ်း ချမ်းရေးအဖွဲ့ နာယက၊ ဘွဲ့ရလူငယ်များ နာယက၊ ဌာနပေါင်းစုံ ဝန်ထမ်းများသမဂ္ဂ ဥက္ကဋ္ဌ၊ ညောင်တုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၁၃။ ညောင်တုန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးသာစိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသာစိုးသည် ညောင်တုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၆၇၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၄ . ၃) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးရွှေဦး၊ အမိ ဒေါ်စောတင်တို့မှ ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ညောင်တုန်းမြို့နယ်၊ ပဲရုံဆိပ်ရွာဇာတိ ဖြစ်သည်။ ဦးသာစိုးသည် ပဲရုံဆိပ် အစိုးရမူလတန်းကျောင်း၊ ညောင်တုန်းမြို့အစိုးရအထက်တန်းကျောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် လုပ်သားများကောလိပ်တို့တွင် ပညာသင် ကြားခဲ့ရာ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ်အထိ ညောင်တုန်းအထက်တန်းကျောင်းသား များသမဂ္ဂ ဥက္ကဋ္ဌ၊ ၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ညောင်တုန်းကျောင်းသား၊ ကျောင်းသူများအသင်း အတွင်း ရေးမှူး၊ ၁၉၆၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ အလယ်တန်းပြဆရာ အစိုးရအလယ်တန်းကျောင်းအမှတ် (၁) ညောင် တုန်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ကိုယ်ပိုင်နည်းပြဆရာ၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် ဒီမိုကရေစီတိုက်ပွဲကော်မတီ ဥက္ကဋ္ဌ၊ ဘွဲ့ရနှင့်ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ၊ ညောင်တုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

## ၁၄။ ဒေးဒရဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဒေါက်တာမျိုးညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာမျိုးညွန့်သည် ဒေးဒရဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၉၅၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၈ . ၂၂) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၅၃ ခုနှစ် ဇူလိုင်လ (၁၄) ရက်နေ့ဖွား၊ အဖ ဦးဘချစ်၊ အမိ ဒေါ်ကျင်မြတို့မှ ၁၉၅၃ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေးဒရဲမြို့ဇာတိ ဖြစ်သည်။ ဦးမျိုးညွန့်သည် ဦးအုန်းညွန့် အစိုးရမူလတန်းကျောင်း (ဒေးဒရဲ)၊ ဒေးဒရဲမြို့အစိုးရအထက်တန်းကျောင်းအမှတ် (၁)၊ ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်တို့တွင် ဆရာဝန်ဘွဲ့ရသည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၇၉ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ ဒေးဒရဲမြို့နယ် သမဝါယမ ဆေးခန်း၊ ၁၉၇၉ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ **'မျိုး'** ကိုယ်ပိုင်ဆေးကုခန်း၊ ဒေးဒရဲမြို့၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးကာလတွင် မြန်မာနိုင်ငံဆရာဝန်များအသင်း၏ ထုတ်ပြန် ကြေညာချက်ကို မြို့နယ်အတွင်းရှိဆရာဝန်များအားလုံး ပူးတွဲထောက်ခံရာတွင် ပါဝင်ခဲ့သည်။ မလိုလားအပ်သော အကြမ်းဖက်မှုများမဖြစ်ပွားစေရေးအတွက် လူထုအစည်းအဝေးများတွင် ဟောပြောခဲ့သည်။ ဒေးဒရဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ကိုယ်ပိုင်ဆေးခန်းဖွင့်၍

ဒေးဒရဲမြို့ တွင် နေထိုင်သည်။ ၁၉၉၆ ခုနှစ်တွင် တရားဝင်မှတ်ပုံတင်ဖြင့် ဒီဃာယုဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သည်ကို ၁၉၉၂ ခုနှစ်၊ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၁၉ (က) အရ တရားစွဲဆိုပြီး အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဒေါက်တာမျိုးညွန့်မှာ အမိန့်ကြေငြာစာ အမှတ် (၂/၉၃) အပိုဒ်ခွဲ (၁) အရ ယာယီမှတ်ပုံတင်လက်မှတ် လျှောက်ထားပြီးခြင်း၊ အပိုဒ်ခွဲ (၄) တွင် **'အပိုဒ်ခွဲ (၁) ပါလုပ်ငန်းရပ်ကို လက်ရှိလုပ်ကိုင်နေသူများသည် ယာယီမှတ်ပုံတင်လျှောက်ထားနေစဉ်အတွင်း၊ မိမိလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ရှိသည်'** ဟု ပြဌာန်းထားခြင်းတို့ရှိပါလျက် ၁၉၉၂ ခုနှစ်၊ အမျိုးသားဆေးဝါးအက်ဥပဒေ ပုဒ်မ ၁၉ (က) အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

## ၁၅။ ဒေးဒရဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးသန်းထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသန်းထွန်းသည် ဒေးဒရဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၆၁၂) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၇ . ၀၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဒေးဒရဲမြို့ဇာတိ ဖြစ်သည်။ အဖ ဦးသက်နှင်း၊ အမိ ဒေါ်တင်လှတို့မှ ၁၉၄၉ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးသန်းထွန်းသည် ဒေးဒရဲမြို့ ဦးအုန်းညွန့်အစိုးရမူလတန်းကျောင်း၊ ဒေးဒရဲမြို့အစိုးရအထက်တန်းကျောင်း၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တို့တွင် သိပ္ပံ (ရူပဗေဒ) ဘွဲ့ရသည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၇၅ ခုနှစ် မှ ၁၉၈၄ ခုနှစ်အထိ ရတနာလုပ်ငန်း ရန်ကုန်မြို့၊ ၁၉၈၄ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ကိုယ်ပိုင်ဆေးခန်း ရန်ကုန်မြို့၊ ၁၉၈၇ ခုနှစ်တွင် ဘူမိလက်ထောက်အဖြစ် အနောက်ဂျာမနီ ဒိုင်းနားတစ် ကုမ္ပဏီတွင် သွားရောက်လုပ်ကိုင်ခဲ့သည်။ ဘယ်ဂျီယံ၊ ပြင်သစ်၊ အင်္ဂလန်၊ အရှေ့ဂျာမဏီ၊ အိန္ဒိယ၊ ထိုင်းစင်္ကာပူ နိုင်ငံများတွင် သွားရောက်လေ့လာခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မပါဝင်သော်လည်း ၁၉၆၉ ခုနှစ်၊ ကျွန်းဆွယ်ကျောင်းသားအရေးအခင်းတွင် ပါဝင်လှုပ်ရှားမှုကြောင့် (၁) နှစ်နှင့် (၈) လ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဒေးဒရဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးမှူး၊ အဖွဲ့ခေါင်းဆောင်၊ တိုင်းစည်းရုံးရေးမှူးတာဝန်တို့ယူခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါစာအမှတ်၊ ဝ၄၁/စည်း (စည်းရုံး)/၉၉ ဖြင့် ဦးသန်းထွန်းအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

## ၁၆။ ဓနုဖြူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဝင်းမြင့်သည် ဓနုဖြူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၃၈၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၅ . ၅၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဓနုဖြူမြို့နယ်၊ ညောင်ကျောင်းကျေးရွာဇာတိဖြစ်သည်။ အဖ ဦးထွန်းကျင်၊ အမိ ဒေါ်သန်းတို့မှ ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဝင်းမြင့်သည် ညောင်ကျောင်းကျေးရွာ အစိုးရမူလတန်းကျောင်း၊ ဓနုဖြူမြို့ အစိုးရအထက်တန်းကျောင်း၊ ပုသိမ်မြို့တွင် အစိုးရအထက်တန်းကျောင်း အမှတ် (၆) တွင် အခြေခံပညာသင်ကြားခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံ (ဘူမိဗေဒ)

ဘွဲ့ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲကိုလည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် မှတ်ပုံတင်ရှေ့နေ သင်တန်းကိုလည်းကောင်း ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေး တော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ဓနုဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ပြန်ကြားရေးမှူးအဖြစ် ဆောင်ရွက် ခဲ့သည်။

**၁၇။ ဓနုဖြူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးသောင်းရီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးသောင်းရီသည် ဓနုဖြူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ် စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၂၁၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၂ . ၈) ဖြင့် ရွေးချယ်တင်မြှောက် ခြင်း ခံခဲ့ရသည်။ ဓနုဖြူမြို့ (၁၀) ရပ်ကွက်ဇာတိ ဖြစ်သည်။ အဖ ဦးငွေဆင်၊ အမိ ဒေါ်စောလှတို့မှ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့တွင်မွေးဖွားခဲ့သည်။ ဦးသောင်းရီသည် ဓနုဖြူမြို့တွင် (၁၀) တန်းအောင်မြင်ခဲ့ပြီး နောက် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာ (ဥပဒေ)၊ ဥပဒေဝိဇ္ဇာဘွဲ့ တို့ကိုရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ပပကစာရေး (ဓနုဖြူမြို့)၊ ၁၉၈၅ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပါတီစိတ်မှူး (၁၀) ရပ်ကွက် ဓနုဖြူမြို့။ ဓနုဖြူမြို့ တင်းနစ်အသင်းနှင့် သေနတ်ပစ်အသင်း ဂေါပကအဖွဲ့တို့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တရားရုံး ချုပ်ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည်။ ဓနုဖြူမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဖြစ် ၁၉၈၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်အဖြစ်မှလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှလည်းကောင်း နုတ်ထွက်ခဲ့ပြီး စစ်အုပ်စုအလိုကျဆောင်းပါးများကို စစ်အစိုးရပိုင်သတင်းစာများတွင် **'ဦးသောင်းရီ (တရားရုံးချုပ် ရှေ့နေ)၊ NLD ဓနုဖြူရွေးချယ်ခံကိုယ်စားလှယ် (နုတ်ထွက်)'** ကလောင်အမည်ဖြင့် ရေးသားခဲ့သည်။

**၁၈။ ပုသိမ်အနောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးတင်ချော၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးတင်ချောသည် ပုသိမ်အနောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈,၈၂၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၈ . ၉၃) ဖြင့် ရွေး ချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးနှစ်၊ အမိ ဒေါ်မြစ်တို့မှ ၁၉၃၅ ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့ သည်။ ရေကြည်မြို့ဇာတိ ဖြစ်သည်။ ဦးတင်ချောသည် ရေကြည်အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့၍ ၁၉၆၄ ခုနှစ်တွင် ပညာရေးတက္ကသိုလ်မှ ဝိဇ္ဇာ (ပညာရေး) ဘွဲ့ရရှိခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် သာပေါင်းမြို့နယ်၊ စက်ဒေါင့်ကြီးကျေးရွာ အစိုးရအလယ်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ၁၉၈၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တနင်္သာရီနှင့် ပုသိမ်အနောက်မြို့နယ်တို့တွင် မြို့နယ်ပညာရေးမှူး၊ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့တွင် အငြိမ်းစားယူခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော် မတီ ဥက္ကဋ္ဌထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၄၃) ဦးတွင် တဦး အပါအဝင်ဖြစ်သည်။

**၁၉။ ပုသိမ်အနောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးကျော်မင်း (ဗိသုကာ)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)**

ဦးကျော်မင်းသည် ပုသိမ်အနောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၂,၃၀၄) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ ႉ ၇၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဝဏ္ဏကျော်ထင်ဦးဘကျော် (၁၉၂၀ ကျောင်းသားသပိတ်ခေါင်းဆောင်၊ အစိုးရပုံနှိပ်တိုက်ညွှန်ကြားရေးဝန်)၊ အမိ ဒေါ်အေးကြည်တို့မှ ၁၉၃၃ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကျော်မင်းသည် ငယ်စဉ်က ကျုံပျော်မြို့နှင့် ရန်ကုန်မြို့တို့တွင် ပညာသင်ကြားပြီး၊ ၁၉၄၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ တတိယနှစ်အင်ဂျင်နီယာသင်တန်းတက်ရောက်နေစဉ် အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ် စက်မှုတက္ကသိုလ်သို့ ပညာတော်သင်သွားရောက်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ဗိသုကာဘွဲ့ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင်ပညာသင်ကြားနေစဉ် ဘာသာရပ်အသီးသီးနှင့် သဟာယစာဖတ်အသင်းတို့တွင် အမှုဆောင်အဖြစ်ဆောင်ရွက်ခဲ့သည်။ အင်ဂျင်နီယာကျောင်းသားများသမဂ္ဂတွင် တွဲဖက်အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရင်း ၁၉၅၃ ခုနှစ်၊ ကျောင်းသားလှုပ်ရှားမှုတွင်ပါဝင်ခဲ့သည်။ ၁၉၅၈ ခုနှစ် မှ ၁၉၆၀ ပြည့်နှစ်အထိ ရန်ကုန်တက္ကသိုလ်အင်ဂျင် နီယာမဟာဌာန၊ ဗိသုကာဌာနတွင် လက်ထောက်ကထိက၊ ဌာနမှူးအဖြစ်ထမ်းဆောင်ခဲ့ပြီး အလုပ်မှနုတ်ထွက်ခဲ့သည်။ ၁၉၆၁ ခုနှစ်မှစ၍ ကိုယ်ပိုင်ဗိသုကာလုပ်ငန်းလုပ်ကိုင်ခဲ့သည်။ မြန်မာပြည့်အနှံ့အပြားရှိအဆောက်အဦများ ဆောက်လုပ်ပြီးစီးခဲ့ပြီး မြို့ရွာစည်ပင်ရေး၊ ဗိသုကာပညာပြန့်ပွားရေးတို့ကို အစဉ်တစိုက်ဆောင်ရွက်ခဲ့သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဂူဗိမာန်ကို ကိုယ်တိုင်ပုံစံရေးဆွဲပြီး ကြီးကြပ်ဆောက်လုပ်ခဲ့သည်။ ဂူဗိမာန်စောင့်ရှောက်ရေးအဖွဲ့တွင် အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်၏ ဈာပနဗဟိုကော်မတီဝင်အဖြစ်လည်းကောင်း၊ ဂူသွင်းသင်္ဂြိုဟ်ရေးဆပ်ကော်မတီတွင်လည်းကောင်း၊ ဂူဗိမာန်တည်ဆောက်ရာတွင် ကိုယ်တိုင်ပုံစံရေးဆွဲကြီးကြပ်ဆောက်လုပ်ခဲ့သည်။ ဂူဗိမာန်ကြီးကြပ်စောင့်ရှောက်ရေးအဖွဲ့တွင်လည်း အကြံပေးအဖြစ်ဆောင်ရွက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ပြန်ကြားရေးနှင့် ရှမ်းပြည်နယ် စည်းရုံးဆက်သွယ်ရေးအဖွဲ့ဝင် တာဝန်တို့ကိုထမ်းဆောင်ခဲ့သည်။ ဦးကျော်မင်းသည် ဂန္ဒီဆုံးဖြတ်ချက်အတိုင်း နဝတက လွှတ်တော်ခေါ်မပေးလျှင် ဆောင်ရွက်ဖို့လိုသည့်နည်းလမ်းသုံး သွယ်စာတမ်းပြုစုရာတွင် အတွင်းကျကျပါဝင်ခဲ့သဖြင့် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ (က) (ခ) (ည) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ (ည) နှင့်ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ကော်မရှင်က ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၈၄) ဖြင့် ကြေညာခဲ့သည်။ နောင် (၁၀) နှစ်အတွင်း ပြုလုပ်မည့်ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ နဝတစစ်အုပ်စု၏ဖိအားပေးမှုကြောင့် ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထုတ်ပယ်ပေးခဲ့ရသည်။ ၁၉၉၂ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွတ်သည်။ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ အသည်းရောဂါဖြင့်ကွယ်လွန်သည်။

**ဦးကျော်မင်း (ဗိသုကာ)**

B.Arch. M.I.T. (A.I.I.A)

**အသက် (၆၆) နှစ်**

ရန်ကုန်မြို့နေ (ဦးဘကျော်)–(ဒေါ်အေးကြည်)တို့၏သားကြီး၊ ပဲခူးမြို့နေ (ဦးသင်းမောင်)–ဒေါ်စောရီ

တို့၏ သားသမက်၊ ရန်ကုန်မြို့ အမှတ် (၆၀)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်ဝင်းမြင့်မြင့် (ဝင်းဝင်း ၂၁၇၊ ဘီရုံ၊ သိမ်ကြီးဈေး) ၏ခင်ပွန်း၊ ကိုကျော်မင်းအောင်–မညိုမာဝင်း၊ ကိုဖြိုးဝေမင်း (ဖြိုးကျော်၊ မင်္ဂလာဈေး)– မအေးအေးအောင်၊ ကိုစိုးမြင့်ဇော်တို့၏ဖခင်၊ မောင်ပိုင်ဖြိုးခန့် (အမက–၁၂၊ တောင်/ညွန့်)၊ မအဥ္ဇလီမင်း၊ မောင်ခန့်ထက်ဇော်တို့၏အဘိုး ဦးကျော်မင်းသည် (၁–၇–၉၉) ရက် (ကြာသပတေးနေ့) ညနေ (၅ း ၃၀) နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် (၃–၇–၉၉) ရက် (စနေနေ့) နံနက် (၁၁) နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ၂၀။ ပုသိမ်အရှေ့မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးညွန့်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးညွန့်လှိုင်သည် ပုသိမ်အရှေ့မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၆၅၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၉ . ၉၇)ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့ဖွား ဖြစ်သည်။ ဦးသန်းမောင်၏သား ဖြစ်သည်။ ဦးညွန့်လှိုင်သည် ၁၉၆၄–၆၅ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) ဥပစာတန်းအဆင့်တက်နေစဉ် ဆိုဗီယက်ပြည် ထောင်စုသို့ နိုင်ငံခြားပညာတော်သင်အဖြစ်သွားရောက်ရန် ရွေးချယ်ခြင်းခံခဲ့ရသည်။ ၁၉၆၆ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ အက်စ်ထရာခန်ငါးပညာတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး M. Sc. (Fishery) ငါးပညာမဟာသိပ္ပံဘွဲ့ ရရှိခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ ငါးလုပ်ငန်းဌာန မြို့နယ်ဦးစီးမှူး (မန္တလေး)၊ မန္တလေးတက္ကသိုလ် သတ္တဗေဒဌာန အချိန်ပိုင်းကထိက (ပူးတွဲတာဝန်)၊ မြို့နယ်ဦးစီးမှူး ညောင်ရွှေ၊ မကွေးနှင့် ပျဉ်းမနား၊ တိုင်းဦးစီးမှူး ဧရာဝတီတိုင်း (ပုသိမ်)၊ ၁၉၈၇ ခုနှစ်တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့အစည်းအဝေးသို့ လယ်ယာ နှင့် သစ်တောဝန်ကြီးနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့အရေး တော်ပုံကြီးကာလတွင် ဧရာဝတီတိုင်းလုံးဆိုင်ရာ ဝန်ထမ်းများနှင့်အလုပ်သမားသမဂ္ဂ ဥက္ကဋ္ဌ၊ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့တွင် ဖမ်းဆီးအရေးယူခြင်းခံခဲ့ရသည်။ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် အလုပ်တာဝန်မှရပ်ဆိုင်းပြီး ပင်စင်ပေးခြင်းခံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့ လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့ လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၂၁။ ပုသိမ်အရှေ့မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးလှကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးလှကြည်သည် ပုသိမ်အရှေ့မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၂၉၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၀ . ၇၃) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ ပုသိမ်မြို့ဇာတိဖြစ်သည်။ အဖ ဦးသက်ထွန်း၊ အမိ ဒေါ်စောတို့မှ ၁၉၄၄ ခုနှစ်တွင်မွေးဖွားခဲ့ သည်။ ဦးလှကြည်သည် မြောင်းမြ၊ မရမ်းကုန်းအစိုးရမူလတန်းကျောင်းအမှတ် (၅)၊ အစိုးရအထက်တန်းကျောင်း အမှတ် (၂)၊ နှစ်ခြင်းခရစ်ယာန်ကျောင်းတို့တွင် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။ မြောင်းမြ ကျောင်းသားများသမဂ္ဂခေါင်းဆောင် ဖြစ်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေး

တော်ပုံကြီး တွင် ဦးတင်ဦး၏လုံခြုံရေး အဖွဲ့ဝင်၊ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ရောဝတီတိုင်းရုံးအဖွဲ့ဝင်၊ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်နေ့တွင် တိုင်းစည်းရုံးရေးမှူး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဦး၏ ရောဝတီ၊ ရခိုင်နှင့်ပဲခူးတိုင်းခရီးစဉ်တို့တွင်လည်းကောင်း၊ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်၏ ရောဝတီခရီးစဉ်တွင်လည်းကောင်း လိုက်ပါခဲ့သည်။ နှစ်ကြိမ် ဖမ်းဆီးထိန်းသိမ်းခြင်းခံရပြီး၊ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် ပြန်လွတ်သည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် တိုင်းစည်းမှူးတာဝန်နှင့် ဘဏ္ဍာရေးတာဝန်တို့ယူခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ထံလိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၂၂။ ပန်းတနော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဒေါက်တာတင်မင်းထွဋ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာတင်မင်းထွဋ်သည် ပန်းတနော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၁,၁၆၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၇ . ၀၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဝေါမြို့နယ်၊ ညောင်ခါးရှည်ရွာဇာတိ ဖြစ်သည်။ အဖ ဦးထွန်းကြည်၊ အမိ ဒေါ်တင်တင်တို့မှ ၁၉၅၂ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာတင်မင်းထွဋ်သည် ညောင်ခါးရှည်အစိုးရအလယ်တန်းကျောင်း၊ ဝေါမြို့အစိုးရအထက်တန်းကျောင်း၊ ပဲခူးမြို့အစိုးရအထက်တန်း ကျောင်းအမှတ် (၁) တို့တွင် အခြေခံ ပညာသင်ကြားခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ဆေးတက္ကသိုလ် (၂) ရန်ကုန်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၇၆–၇၇ ခုနှစ်တွင် အလုပ်သင်ဆရာဝန် (မြောက်ဥက္ကလာပဆေးရုံကြီး)၊ ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တိုင်းပြည်သူကောင်စီဝင် (ရောဝတီတိုင်း)၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ပန်းတနော်အတွင်းရေးမှူး၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီး တွင် ပန်းတနော်မြို့နယ် ရပ်ရွာအေးချမ်းသာယာရေးကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ပန်းတနော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် ပန်းတနော်မြို့နယ်ရဲစခန်းမှူးနှင့်အဖွဲ့မှ ဒေါက်တာတင်မင်းထွဋ်၏ နေအိမ်သို့ဝင်ရောက်ရှာဖွေခဲ့ပြီး၊ နေအိမ်တွင် ဒေါက်တာတင်မင်းထွဋ်၏သားငယ် ဆော့ကစားသည့်ခွက်ထဲမှ စင်ကာပူနိုင်ငံသုံး အကြွေစေ့ (၂) စေ့တွေ့ရှိသည်ကို နိုင်ငံခြားငွေတရားမဝင်လက်ဝယ်ထားရှိမှု ပုဒ်မ (၂၄) ဖြင့် ဖမ်းဆီးချုပ်နှောင်ခဲ့ပြီး အမှုဆင် တရားစွဲဆို၍ ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့ လွှတ်တော် ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ် စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၄၃) ဦး တွင် တဦးအပါအဝင်ဖြစ်သည်။

## ၂၃။ ပန်းတနော်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးမန်းညွန့်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမန်းညွန့်သိန်းသည် ပန်းတနော်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၁,၃၅၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၉ . ၁၃) ဖြင့် ရွေး

ချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပန်းတနော်မြို့ ဇာတိ ဖြစ်သည်။ အဖ ဦးအောင်ချင်းဖေ၊ အမိ သောင်းကြည်တို့မှ ၁၉၄၉ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ မန်းညွန့်သိန်းသည် ပန်းတနော်မြို့၊ အနောက်ရပ် အစိုးရမူလတန်းကျောင်း၊ ပန်းတနော်မြို့ အစိုးရအထက်တန်းကျောင်း၊ ကြည့်မြင်တိုင် အစိုးရအထက်တန်း ကျောင်း အမှတ် (၃) တို့တွင် အခြေခံပညာသင်ကြားခဲ့ပြီး ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့ (သင်္ချာ) ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ မြို့နယ်ပြည်သူ့ကောင်စီဝင် (အချိန်ပိုင်း)၊ ပန်းတနော်မြို့နယ်၊ ပြလင်း၊ မိန်းမပြေးရွာ တွဲဖက်အစိုးရအထက်တန်းကျောင်း၊ အစိုးရအလယ်တန်းကျောင်းတို့တွင် တွဲဖက်ကျောင်းဆရာ၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမို ကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ပန်းတနော်မြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စား ပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော် မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါ အဝင်ဖြစ်သည်။

## ၂၄။ ဖျာပုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးသောင်းတင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးသောင်းတင်သည် ဖျာပုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၀၇၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၃ . ၀၃) ဖြင့် ရွေးချယ်တင် မြှောက်ခြင်းခံခဲ့ရသည်။ ဖျာပုံမြို့နယ်၊ အလန်းဖလွတ်ရွာဇာတိဖြစ်သည်။ အဖ ဦးထွန်းရွှေ၊ အမိ ဒေါ်သိန်းတို့မှ ၁၉၄၄ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးသောင်းတင်သည် အလန်းဖလွတ်ရွာ အစိုးရမူလတန်း ကျောင်း၊ ဖျာပုံမြို့ အစိုးရအထက်တန်းကျောင်းအမှတ် (၁)၊ စီးပွားရေးတက္ကသိုလ် (ရန်ကုန်) တို့တွင် ပညာသင် ကြားခဲ့ပြီး၊ ၁၉၆၆ ခုနှစ်တွင် စိုက်ပျိုးရေးဘောဂဗေဒဘွဲ့ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ အစိုးရ အထက်တန်းကျောင်း၊ မြင်းကကုန်းနှင့် အစိုးရအထက်တန်းကျောင်းအမှတ် (၂)၊ ဖျာပုံတို့တွင် အထက်တန်းပြ ဆရာ၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ဖျာပုံတက္ကသိုလ်ကျောင်းသား ဟောင်းများသမဂ္ဂ ဥက္ကဋ္ဌ၊ ဖျာပုံမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့တွင် ဦးသောင်းတင်က မိမိသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုကိုယ်စားပြု၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူဖြစ်ကြောင်း၊ အခုအခါ မိမိကိုယ် စားပြု ထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ရောဝတီတိုင်း စည်းရုံးရေးအဖွဲ့တို့ သည် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်း မူဝါဒတို့နှင့်အညီ လေးစားလိုက်နာမှုမရှိကြတော့ဘဲ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဖျာပုံမြို့နယ်စည်းရုံးရေးအဖွဲ့အား တဖက်သတ်ဖျက်သိမ်းခဲ့ကြောင်း၊ ယင်းကြောင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို) နှင့် ရောဝတီတိုင်းစည်း တို့အပေါ်တွင် လေးစားယုံကြည်မှုမရှိတော့၍ ကော်မရှင်ထံ နုတ်ထွက်ခွင့်တောင်းခံလာသည့်အတွက် ကော်မရှင်သည် ဦးသောင်းတင်အား ၁၉၉၁ ခုနှစ်၊ ဇွန်လ (၂၆) ရက် နေ့မှစ၍ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာခဲ့သည်။

## ၂၅။ ဖျာပုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးမင်းဆွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမင်းဆွေသည် ဖျာပုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်

စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၃၅၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၃ . ၀၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဖျာပုံမြို့နယ်၊ ကျုံကဒွန်းရွာဇာတိ ဖြစ်သည်။ အဖ ဦးဖိုးကျား၊ အမိ ဒေါ်တင်ဥတို့မှ ၁၉၄၄ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမင်းဆွေသည် ကျုံကဒွန်း အစိုးရအလယ်တန်းကျောင်း၊ ဖျာပုံမြို့အစိုးရအထက်တန်းကျောင်း အမှတ် (၁) တို့တွင် (၁၀) တန်း အောင်မြင်သည်အထိ ပညာသင်ကြားခဲ့သည်။ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ်တို့မှ သိပ္ပံဘွဲ့နှင့် ဝိဇ္ဇာပညာရေးဘွဲ့တို့ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ ဖျာပုံမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၂)၊ အစိုးရအထက်တန်းကျောင်း အမှတ်(၁)၊ ကျောက်ကြီးမြို့ အစိုးရအထက်တန်းကျောင်းတို့တွင် အထက်တန်းပြဆရာ၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၇ အထိ မြို့နယ်လမ်းစဉ်လူငယ်စည်းရုံးရေးမှူး၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တက္ကသိုလ်ကျောင်းသားဟောင်းများ သမဂ္ဂ၊ ဖျာပုံတွင်ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပမြို့နယ်စည်းရုံးရေးမှူး တာဝန်ယူခဲ့သည်။ ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့တွင် ဧရာဝတီတိုင်းစည်းရုံးရေးအဖွဲ့ဝင် တဦးဖြစ်သူ ဦးမင်းဆွေနှင့် သားဖြစ်သူ မြို့နယ်လူငယ်တာဝန်ခံ ကိုသိန်းဆွေတို့အား ၁၉၈၄ ခုနှစ်၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေ ပုဒ်မ ၁၄ (ခ)၊ ၂၀ (က) (ခ) ဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရပြီး၊ သင်တန်းဆရာမှတ်ပုံတင်ကဒ်ပြားနှင့် ဘာသာရပ်သင်ကိုယ်ပိုင် သင်တန်းမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခဲ့ခြင်း၊ ၁၉၈၄ ခုနှစ်၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိကြောင်း စီစစ်တွေ့ရှိရသဖြင့် မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းကြားပါသည်ဟု အတိအလင်းဖော်ပြထားခြင်း၊ (၁၊ ၆၊ ၉၆) မှ (၃၊ ၅၊ ၉၇) အထိ သင်ကြားခွင့်ရှိသည်ဟုဖော်ပြထားခြင်းတို့ပါရှိပါလျက် ဦးမင်းဆွေကို ၁၉၈၄ ခုနှစ်၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေ ပုဒ်မ (၂၂) (၂၃) တို့အရ ထောင်ဒဏ် (၃) နှစ်နှင့် ငွေဒဏ် ( ၃၀,၀၀ဝ/-) စီကို တပေါင်းတည်းကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ ငွေဒဏ်မဆောင်သဖြင့် ထောင်ဒဏ် (၉) လ ချမှတ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ မတ်လ (၁၄) ရက်နေ့တွင် ဦးမင်းဆွေနှင့်သားဖြစ်သူ ကိုမျိုးမင်းဆွေတို့ (၂) ဦးအား ဖျာပုံရဲစခန်းမှလာရောက်ခေါ်ဆောင်၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၄၀၉) ဖြင့် စားဖျော်အရက်ဆိုင်မှ တန်ဖိုးငွေ (၇၀,၀၀၀) ကျပ်ကျော်တန်အရက်များကို ဦးမင်းဆွေတို့သားအဖနှစ်ဦးမှ လာရောက်ယူသွားမှုဖြင့် အမှုဆင်တရားစွဲဆိုခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့တွင် ပြုလုပ်သည့် ဖျာပုံမြို့ အစိုးရအထက်တန်းကျောင်းအမှတ် (၂) ဆရာကန်တော့ပွဲသို့ ဖိတ်ကြားမှုမပြုရန် အာဏာပိုင်များမှ ဖိအားပေးခြင်းခံခဲ့ရသည့်ပြင် ဇနီးဖြစ်သူ အငြိမ်းစားကျောင်းဆရာမဒေါ်စိန်တင်အား အလားတူ ၂၀၀၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့ကပြုလုပ်သည့် ဖျာပုံမြို့အစိုးရအလယ်တန်းကျောင်း အမှတ် (၁) ဆရာကန်တော့ပွဲသို့ ဖိတ်ကြားခြင်း မပြုရန် ဖိအားပေးခြင်းခံခဲ့ရသည်။

## ၂၆။ ဘိုကလေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးဝင်းကြိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဝင်းကြိုင်သည် ဘိုကလေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၉၅၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၁ . ၆၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဘိုကလေးမြို့နယ်၊ ကမာကလူကျေးရွာဇာတိ ဖြစ်သည်။ အဖ ဦးကျော်စိန်၊ အမိဒေါ်ကြင်တင့်တို့မှ ၁၉၄၄ ခုနှစ်၊ မေလ (၂၆) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဝင်းကြိုင်သည် ဒေါ်သုဓမ္မစာရီကျောင်း (ဘိုကလေး) နှင့် ဦးထွန်းမောင်ကျောင်း (ရန်ကုန်) တို့တွင် ဆယ်တန်းအောင်သည်အထိလည်းကောင်း၊ ပုသိမ်ကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် သိပ္ပံ (ရူပဗေဒ) ဘွဲ့ရရှိသည်အထိလည်းကောင်း ပညာသင်ကြားခဲ့သည်။

ကမာကလူတိုက်နယ်ဆေးရုံ ဆောက်လုပ်ရေး အဖွဲ့နှင့် တွဲဖက်အစိုးရ အလယ်တန်းကျောင်း (ကမာကလူ) တို့တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ ပင်လယ်ထိပ်ကျေးရွာတွင် ကိုယ်ပိုင်ဆန်စက်ရှိသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ရပ်မိရပ်ဖတဦးအဖြစ် ပါဝင်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ဝင်ခဲ့သည်။ ဒေါက်တာစိန်ဝင်းဦးဆောင်သော စင်ပြိုင်အစိုးရအား ထောက်ခံသော လွှတ်တော်ကိုယ်စားလှယ် (၂၅၀) တွင် မပါဝင်ခဲ့သော်လည်း ဂန္ထိကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့သည်။ ဘိုကလေးမြို့နယ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ငပိချောင်းကျေးရွာမဲရုံကိုယ်စားလှယ် ဦးမြဟန်က **'ဦးဝင်းကြိုင် အနိုင်ရရှိသောမဲများသည် တရားမဲ့ပြုကျင့်ရာမှရရှိခဲ့ခြင်းဖြစ်ကြောင်း'** စွပ်စွဲလျက် ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းထား၍ ရွေးကောက်ပွဲခုံအမှတ် (၂) တွင် ကြားနာစစ်ဆေးခဲ့သည်။ ဘိုကလေးမြို့ နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးအဖြစ်တာဝန်ယူခဲ့သည်။

## ၂၇။ ဘိုကလေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
## ဒေါက်တာစိန်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါက်တာစိန်မြင့်သည် ဘိုကလေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈,၂၅၉) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၄ . ၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးသန်းထွန်း (မော်ကွန်းဝင်ပထမဆင့်)၊ အမိ ဒေါ်ခင်စိန်တို့မှ ၁၉၅၅ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာဇာတိ ဖြစ်သည်။ ဒေါက်တာစိန်မြင့်သည် ဆယ်တန်းအောင်သည်အထိ ဘိုကလေးမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၁) တွင် အခြေခံပညာသင်ကြားခဲ့၍ ဆရာဝန်ဘွဲ့ကို ဆေးတက္ကသိုလ် (၁) မှ ၁၉၈၀ ပြည့်နှစ်တွင် ရရှိခဲ့သည်။ ၁၉၈၀–၈၁ ခုနှစ်တွင် အလုပ်သင်ဆရာဝန်၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ကိုယ်ပိုင်ဆေးခန်း (ကဒုံကနိ၊ ဘိုကလေး) ဖွင့်လှစ်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မိသားစုနှင့်အတူ ရန်ကုန်မြို့၊ ကန်တော်ကလေးတွင်ရောက်နေခိုက်ပါဝင်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ကဒုံကနိကျေးရွာသို့ စည်းရုံးရေးခရီးလာရောက်စဉ် တည်းခိုပြုစုမှုတာဝန်ယူခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့တွင် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏အန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၁၀ (က) အရ ပုသိမ်ထောင်၌ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရ ပြီး ၁၉၈၉ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် ပြန်လွတ်သည်။ ဂန္ထိအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်းခံရ၍ ရွေးကောက်ပွဲခုံအဖွဲ့ (၂) မှ ကြားနာစစ်ဆေးခြင်းခံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေး အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၂၈။ မအူပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။
## ဦးချစ်သန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။

ဦးချစ်သန်းသည် မအူပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၈၆၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၇ . ၉၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးတင်အေး၊ အမိ ဒေါ်စိန်ရွှဲတို့မှ ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ (၁၈)

ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဓနုဖြူမြို့နယ်၊ နဲ့ကျိုးကျေးရွာဇာတိ ဖြစ်သည်။ ဦးချစ်သန်းသည် နဲ့ကျိုးအစိုးရ မူလတန်းကျောင်း၊ ဇလွန်ကော့တပ်ကြီး အစိုးရအလယ်တန်းကျောင်း၊ ဓနုဖြူအစိုးရ အထက်တန်းကျောင်းတို့ တွင် အခြေခံပညာသင်ကြားခဲ့ပြီး၊ ၁၉၈၀ ပြည့်နှစ်တွင် စာပေးစာယူဖြင့် ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့ ရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဓနုဖြူမြို့နယ်ပါတီယူနစ် ကော်မတီဝင်၊ မြို့နယ် တောင်သူလယ်သမားကောင်စီ အတွင်းရေးမှူး၊ ဗဟိုတောင်သူလယ်သမားကောင်စီဝင်၊ အခြေခံနိုင်ငံရေးသင်တန်းအမှတ်စဉ် (၂၂) ဆင်း၊ မအူပင်မြို့နယ် ပါတီယူနစ် စည်းကော်မတီဝင်၊ မြို့နယ်တောင်သူလယ်သမားအစည်းအရုံး ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။

## ၂၉။ မအူပင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။
### ဦးလှမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးလှမြင့်သည် မအူပင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၅,၈၃၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၅ . ၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မအူပင်မြို့နယ်၊ သံဖြူစုရွာဇာတိဖြစ်သည်။ အဖ ဦးတင့်၊ အမိ ဒေါ်ပုံတို့မှ ၁၉၂၄ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဦးလှမြင့်သည် သံဖြူစုရွာအစိုးရမူလတန်းကျောင်း၊ ခုနှစ်အိမ်တန်းအစိုးရအလယ်တန်းကျောင်းတို့တွင် ခုနှစ်တန်းအထိပညာသင်ကြားခဲ့သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၊ ဗမာ့မျိုးချစ်တပ်မတော် (ပီဗီအက်ဖ်) တို့တွင် ရဲဘော်၊ ဒို့ဗမာ အစည်းရုံးဝင်၊ ၁၉၄၉ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ (ဗ–တ–လ–စ)၊ (စ–ပ–က–သ)၊ (တီ–ယူ–စီ–ဘီ) အတွင်းရေးမှူး (ပန်းတနော်)၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ မအူပင်ခရိုင် (ပ–ထ–စ) အတွင်းရေးမှူး၊ ၁၉၅၃ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ လက်ထောက်ခရိုင်ဝန်ထမ်းမှူး (လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး) မအူပင်၊ ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ဝေယံကျွန်းဘုန်းကြီးကျောင်း မူလတန်းဆရာ၊ ၁၉၆၇ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ကုန်သွယ်လယ်ယာဝန်ထမ်း (မအူပင်)၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မြို့မိ၊ မြို့ဖ (၁၃) ဦးအဖွဲ့တွင် ပါဝင်ခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) ရရှိခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းကြီးကြပ်မှု ခေါင်းဆောင်တာဝန်ယူခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ဝတ္တရားနှောင့်ယှက်မှုဖြင့် တရားစွဲဆို၍ ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၃၀။ မော်လမြိုင်ကျွန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။
### ဦးလှဖေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးလှဖေသည် မော်လမြိုင်ကျွန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၉၆၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၃ . ၀၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးမောင်ဆိုင် (ရုပ်ရှင်ရုံမန်နေဂျာ)၊ အမိ ဒေါ်အုန်းသင်တို့မှ ၁၉၂၇ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးလှဖေသည် မော်လမြိုင်ကျွန်းမြို့ ဦးမောင်ထွေးအထက်တန်းကျောင်းနှင့် မြို့မအထက်တန်းကျောင်းတို့တွင် (၁၀) တန်းအထိ ပညာသင်ကြားခဲ့သည်။ ကျောင်းသားသမဂ္ဂနှင့် ကျောင်းသား

သံမဏိတပ်ဖွဲ့ ဌာနမှူး၊ မြောင်းမြခရိုင်ကျောင်းသားသမဂ္ဂ အလုပ်အမှုဆောင်ဖြစ်ခဲ့ပြီး၊ ကျောင်းသားသပိတ်နှင့် ဗမာ့လွတ်လပ်ရေးအတွက် အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများတွင် ဒို့ဗမာအစည်းအရုံး၊ လက်ရုံးတပ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း မော်လမြိုင်ကျွန်းမြို့၊ မီးသတ်အစည်းအရုံးတွင် ပါဝင်ခဲ့ရင်း ဖက်ဆစ်ဂျပန်များကိုတော်လှန်ရန် မြေအောက်တော်လှန်ရေးအတွက် ပြည်သူ့အရေးတော်ပုံပါတီ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၁ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ပါလီမန်အမတ် (မော်လမြိုင်ကျွန်း)၊ ပါလီမန်အတွင်းဝန် (ဝါးခယ်မတောင်ပိုင်း)၊ ၁၉၄၆ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် ဗမာပြည်ဆိုရှယ်လစ်ပါတီနှင့် ဗမာနိုင်ငံလုံးဆိုင်ရာတောင်သူလယ်သမားအစည်းအရုံး အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြောင်းမြခရိုင်ဆိုရှယ်လစ်ပါတီနှင့် (ဖ–ဆ–ပ–လ) အဖွဲ့ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီးဌာန ပါလီမန်အတွင်းဝန်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ဧရာဝတီတိုင်း (ဖ–ဆ–ပ–လ) အဖွဲ့ အတွင်းရေးမှူးနှင့် (ဗ–တ–လ–စ) ဌာနချုပ်တွဲဖက်အထွေထွေအတွင်းရေးမှူး (စည်းရုံးရေး) တာဝန်ယူခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၆၇ ခုနှစ် အထိ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ညှိနှိုင်းရေးအရာရှိအဖြစ်လည်းကောင်း၊ စီမံကိန်းနှင့်လုပ်ငန်းဆောင်ရွက်ရေး ဦးစီးဌာနတွင် တိုင်းဦးစီးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် တိုင်းဦးစီးမှူး အဖြစ်မှ အငြိမ်းစားယူခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ ပြည်ထောင်စုသမ္မတ ရွှေတံဆိပ်ဆု၊ နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) တို့ရရှိခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် လွတ်လပ်ရေးတိုက်ပွဲအစဉ်အလာရှိခဲ့ကြသော နိုင်ငံရေးရဲဘော်များနှင့်အတူ ပြည်သူတရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီအစိုးရပေါ်ပေါက်ရေးအတွက် ကြေညာချက်ထုတ်ပြန်ခြင်း၊ ပါတီဂိုဏ်းဂဏကင်းရှင်းသော တခုတည်းသော တောင်သူလယ်သမားအဖွဲ့ပေါ်ပေါက်ရန် ဆွေးနွေးညှိနှိုင်းပြီး (ယာယီ) အခြေခံများဖွဲ့ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုဦးစီးအဖွဲ့ဝင်၊ ဗဟိုတောင်သူလယ်သမားအဖွဲ့ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ပဲခူးတိုင်းစည်းရုံးရေးအဖွဲ့ဝင်တာဝန် ပူးတွဲဆောင်ရွက်ခဲ့သည်။ ဧရာဝတီတိုင်းစည်းရုံးရေးအဖွဲ့ဝင်တာဝန်ယူခဲ့သည်။ ၁၉၉၁ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တိုးမြှင့်တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတွင် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဒီပဲယင်းသွေးချောင်းစီးလုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုဖြစ်ပွားစဉ် နအဖမှ နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားခဲ့ရာမှ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့တွင် ပြန်လွှတ်သည်။

## ၃၁။ မော်လမြိုင်ကျွန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးတင်လှ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်လှသည် မော်လမြိုင်ကျွန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၃၁၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၁ . ၈၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဦးဘိုးသော်၏သား ဖြစ်သည်။ ၁၉၃၆ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့ ဖွား ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့ဇာတိ ဖြစ်သည်။ ဦးတင်လှသည် မော်လမြိုင်ကျွန်းမြို့အစိုးရအထက်တန်းကျောင်းတွင် ဆယ်တန်းအထိပညာသင်ကြားခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ဒေါ်ဖြေဖြေနှင့် လက်ထပ်ခဲ့သည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်သည်။ လူမှုရေးတွင် ပြည်လုံးချမ်းသာဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြို့မ (၄) သမဝါယမ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

**၃၂။ မြောင်းမြမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးအောင်ကြွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးအောင်ကြွင်သည် မြောင်းမြမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၇,၄၄၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၃ . ၂၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့ဖွား ဖြစ်သည်။ မြောင်းမြမြို့ဇာတိ ဖြစ်သည်။ ဦးမောင်ကြွင်၏သား ဖြစ်သည်။ ဦးအောင်ကြွင်သည် ၁၉၇၄ ခုနှစ်တွင် ဆယ်တန်းကို အင်္ဂလိပ်စာဂုဏ်ထူးဖြင့် အောင်မြင်၍ ၁၉၈၁ ခုနှစ်တွင် သိပ္ပံ (ရူပဗေဒ) ဘွဲ့ရရှိခဲ့သည်။ မြောင်းမြမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လအတွင်းတွင် တရားမဝင်ဗီဒီယိုခွေများ လက်ဝယ်ထားရှိသည်ဆိုကာ အာဏာပိုင်များ၏ အမှုဆင်ဖမ်းဆီးခြင်းခံခဲ့ရသည်။

**၃၃။ မြောင်းမြမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးစိုးမင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးစိုးမင်းသည် မြောင်းမြမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၆,၇၂၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၈.၈၁) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့ဖွားဖြစ်သည်။ ဦးအုန်းဖေ၏သားဖြစ်သည်။ ဦးစိုးမင်းသည် ၁၉၇၇ ခုနှစ်တွင် ဆယ်တန်းအောင်မြင်၍ ၁၉၈၀–၈၁ ခုနှစ်တွင် ပသိမ်ကောလိပ်မှ မြန်မာစာအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ မိဘလက်ငုက်လက်ရင်း မြန်မာ့ဆေးပညာဖြင့် အသက်မွေးသည်။ မြောင်းမြမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါစာအမှတ်၊ ဝ၄၁/စည်း (စည်းရုံး)/၉၉ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၃၄)**
**(၁၃၆၀ ပြည့်နှစ်၊ တပိုတွဲလဆန်း ၁၀ ရက်)**
**(၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)**

**အကြောင်းအရာ ။ ။ ဦးစိုးမင်းအား ရောဝတီတိုင်း၊ မြောင်းမြမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရောဝတီတိုင်း၊ မြောင်းမြမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေး

ကောက်တင်မြှောက်ခံထားရသူ ဦးစိုးမင်းက မိမိသည် ကျန်းမာရေးမကောင်းပါသဖြင့် မိမိအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျှောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးစိုးမင်း၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးစိုးမင်းအား ယနေ့မှစ၍ မြောင်းမြမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –

(အေးမောင်)

အတွင်းရေးမှူး

## ၃၄။ မြန်အောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးတင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်ဦးသည် မြန်အောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၂၄၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၆ . ၆၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၁ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့ဖွား ဖြစ်သည်။ ဟင်္သာတမြို့နယ်၊ ပိတောက်ကုန်းကျေးရွာဇာတိဖြစ်သည်။ ဦးဘအေး၏သား ဖြစ်သည်။ ဦးတင်ဦးသည် ၁၉၆၈ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ လက်ထောက်မြို့ပိုင်သင်တန်းတက်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် လက်ထောက်မြို့ပိုင် အင်ပင်မြို့နယ်ခွဲ (မြန်အောင်)၊ ၁၉၇၁ ခုနှစ်တွင် ဒုတိယဦးစီးမှူး (မြန်အောင်)၊ ၁၉၇၄ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မြို့နယ်ကောင်စီအတွင်းရေးမှူး၊ ၁၉၇၇ ခုနှစ်တွင် ပါတီမှသန့်စင်ခြင်းခံခဲ့ရသည်။ ၁၉၇၇–၇၈ ခုနှစ်တွင် ဒုရုံးအဖွဲ့မှူး၊ မြို့နယ်ကောင်စီ၊ စလင်းမြို့ (မကွေးတိုင်း)၊ ၁၉၇၈ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ထို့နောက် အထက်တန်းရှေ့နေ အဖြစ် လိုက်ပါဆောင်ရွက်သည်။

## ၃၅။ မြန်အောင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးမြင့်သိဏ်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးမြင့်သိဏ်းသည် မြန်အောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၁,၁၆၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၀ . ၃၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြန်အောင်မြို့ဇာတိ ဖြစ်သည်။ အဖ ဦးမူ၊ အမိ ဒေါ်ညိုတို့မှ ၁၉၅၅ ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမြင့်သိဏ်းသည် ၁၉၇၃ ခုနှစ်တွင် မြန်အောင် အစိုးရအထက်တန်းကျောင်းမှ (၁၀) တန်းအောင်မြင်၍ ၁၉၇၆ ခုနှစ်တွင် ပုသိမ်ကောလိပ်၌ တတိယနှစ် (သချာ်) တက်နေစဉ် မတ်လကျောင်းသားအရေးအခင်းတွင် တက်ကြွစွာပါဝင်ခဲ့သဖြင့် ပုဒ်မ (၅) ဖြင့် (၂) နှစ် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၈၂ ခုနှစ်တွင် သချာ်အဓိကဖြင့်ဘွဲ့ရခဲ့သည်။ ကျူရှင်လုပ်ငန်းဖြင့် အသက်မွေးသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ရှေ့တန်းမှတက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြန်အောင်မြို့နယ် စည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

၂၀၀၄ ခုနှစ်၊ မတ်လ (၆) ရက်နေ့၊ နံနက်(၁၁ း ၀၀)နာရီတွင် ကွယ်လွန်ခဲ့သည်။ မတ်လ (၇) ရက်နေ့

သင်္ဂြိုလ်သည့် စျာပနအခမ်းအနားတွင် ကြံခင်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးအဖွဲ့ဝင်များ၊ မြန်အောင်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မြို့နယ်နှင့်ရပ်ကွက် ကျေးရွာစည်းရုံးရေးအဖွဲ့ဝင်များနှင့် ပန်းတနော်၊ ကျုံပျော်မြို့နယ်များမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် မြန်အောင်မြို့နယ် ပြည်သူလူထုသုံးသောင်းခန့်က စည်းကမ်းသိုက်မြိုက်စွာ လိုက်ပါပို့ဆောင်ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် မြန်အောင်မြို့နယ်မှ အရွေးချယ်ခံရပြီးသည့်နောက်ပိုင်းတွင်လည်း ပါတီတာဝန်၊ တိုင်းပြည်တာဝန်များကို တက်ကြွခိုင်ကြည်စွာ ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဒီပဲယင်းသွေးချောင်းစီး လုပ်ကြံတိုက်ခိုက်သတ်ဖြတ်မှုအရေးအခင်းအတွက်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လုပ်ဖော်ကိုင်ဘက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူပူးပေါင်းလျက် တရားခံအစစ်အမှန်များ ဖော်ထုတ်ရေးအတွက် တောင်းဆိုခဲ့သည်။

ဇနီးဖြစ်သူမှာ ၁၉၉၉ ခုနှစ်ကပင်ကွယ်လွန်နှင့်ခဲ့ပြီး၊ ကွယ်လွန်ချိန်တွင် သမီး မသန့်ဇင်ဇင်သိန်း၊ သားဖြိုးစည်သူဟိန်းနှင့် သားငယ် ဖြိုးညီသူသိန်းတို့ သုံးဦးကျန်ရစ်ခဲ့သည်။

## ၃၆။ ရေကြည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးညွန့်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးညွန့်ဝင်းသည် ရေကြည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၈,၃၂၇) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၂ . ၆၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ပုသိမ်မြို့ဇာတိ ဖြစ်သည်။ အဖ ဦးဘအုန်း၊ အမိ ဒေါ်ထွားတို့မှ ၁၉၃၉ ခုနှစ်တွင်မွေးဖွားခဲ့သည်။ ဦးညွန့်ဝင်းသည် ဝိဇ္ဇာဘွဲ့နှင့်ပညာရေးဒီပလိုမာရရှိခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ပုသိမ်ကောလိပ်ကျောင်းသား အတွင်းရေးမှူး၊ ဥက္ကဋ္ဌ၊ ၁၉၆၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အလယ်တန်းပြ၊ အထက်တန်းပြ၊ လက်ထောက်ပညာရေးမှူး (ပုသိမ်အရှေ့၊ ပုသိမ်အနောက်၊ ငပုတော၊ သရက်၊ ပင်းတယ၊ ရေကြည်) ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ရေကြည်မြို့နယ်၊ ငြိမ်းချမ်းစွာလူထုဆန္ဒဖော်ထုတ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့မှ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့အထိ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် လက်ထောက်ပညာရေးမှူးတာဝန်မှ အငြိမ်းစားပေးခြင်းခံခဲ့ရသည်။ ရောဝတီတိုင်းစည်းရုံးရေးကော်မတီဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၎င်းနှင့်မိသားစုနေထိုင်ရာ ပုသိမ်မြို့၊ ပြည်တော်သာတိုက်၊ အမှတ် (၅၂) မှ အတင်းအကျပ်ဖယ်ရှားခိုင်းသဖြင့် ဖယ်ရှားပေးခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

## ၃၇။ ရေကြည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးမောင်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမောင်မောင်သည် ရေကြည်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၆,၇၄၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၉ . ၀၇) ဖြင့် ရွေးချယ်

တင်မြှောက်ခြင်းခံခဲ့ရသည်။ ငါးသိုင်းချောင်းမြို့ဇာတိ ဖြစ်သည်။ အဖ ဦးရွှေဖော့၊ အမိ ဒေါ်စိန်တင့်တို့မှ ၁၉၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးမောင်မောင်သည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရ၍ ဝိဇ္ဇာဂုဏ်ထူးတန်းနောက်ဆုံးနှစ် ပြီးဆုံးသည်အထိပညာသင်ကြားခဲ့သည်။ အာရှလူငယ်၊ ဖ–ဆ–ပ–လ လူငယ်တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် (တည်မြဲ) ဖ–ဆ–ပ–လ ဗဟိုအလုပ်အမှုဆောင်၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ပါလီမန်အတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပါလီမန်အမတ် (ရေကြည်/ငါးသိုင်းချောင်း)၊ ၁၉၆၈ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ အဖွဲ့ဝင် (ပင်လယ်ကူး သင်္ဘောနှင့် ကိုယ်စားလှယ်လုပ်ငန်း)၊ ဒုတိယအထွေထွေမန်နေဂျာ (ဟိုတယ်နှင့်တိုးရစ်)၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) ရသည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဗဟိုဦးစီး (ကုန်သွယ်/စီးပွား) ခေါင်းဆောင် တာဝန်ယူခဲ့သည်။ ဂန္တီဆုံးဖြတ်ချက်အတိုင်း နဝတမှ လွှတ်တော်ခေါ်မပေးလျှင် လုပ်ဆောင်ရမည့်နည်းလမ်း သုံးသွယ်စာတန်းကို တိုင်ပင်ရေးသားပြုစုရာတွင်ပါဝင်ခဲ့သဖြင့် သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။

### ၃၈။ လပွတ္တာမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

**ဦးကြည်ဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးကြည်ဝင်းသည် လပွတ္တာမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၃,၄၈၃) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၆၆ . ၈၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ လပွတ္တာမြို့ဇာတိ ဖြစ်သည်။ အဖ ဦးသောင်းစိန်၊ အမိ ဒေါ်ကျင်စိန်တို့မှ ၁၉၄၆ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးကြည်ဝင်းသည် ဝိဇ္ဇာ (ဥပဒေ) ဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့ရ တရားရုံးချုပ်ရှေ့နေ ဖြစ်သည်။ ၁၉၈၈ ခုနှစ်တွင် ဒေါ်မွေးမွေးနှင့် လက်ထပ်ခဲ့သည်။ လပွတ္တာရှေ့နေအသင်း အတွင်းရေးမှူး၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့မှ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့အထိ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

### ၃၉။ လပွတ္တာမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

**ဒေါက်တာအေးကြူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာအေးကြူသည် လပွတ္တာမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၆၇၆) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၅၆ . ၈၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရန်ကုန်မြို့ဇာတိဖြစ်သည်။ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်နေ့ဖွားဖြစ်သည်။ ဦးရွှေဖုန်း၏သားဖြစ် သည်။ ဒေါက်တာအေးကြူသည် မူလတန်းပညာကို တွံတေးမြို့တွင် သင်ကြားခဲ့၍ တာမွေအစိုးရအထက်တန်းကျောင်း အမှတ် (၁) မှ (၁၀) တန်းအောင်မြင်ပြီး ၁၉၇၇ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁)ရန်ကုန်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဒေါ်ခင်ခင်ကြိုင်နှင့် လက်ထပ်ခဲ့သည်။ ကိုယ်ပိုင်ဆေးခန်း ဖွင့်လှစ်လုပ်ကိုင်သည်။ လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

## ၄၀။ လေးမျက်နှာမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးစီမောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။ (ကွယ်လွန်)

ဦးစီမောင်သည် လေးမျက်နှာမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၆,၀၄၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၇၂ . ၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ လေးမျက်နှာမြို့နယ်၊ ခုံကြီးဇာတိ ဖြစ်သည်။ အဖ ဦးမောင်ရှိန်၊ အမိ ဒေါ်သိန်းတို့မှ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် မွေးဖွားခဲ့သည်။ တဦးတည်းသောသား ဖြစ်သည်။ ဦးစီမောင်သည် လေးမျက်နှာမြို့ အစိုးရအထက်တန်းကျောင်းမှ န၀မတန်းအောင်မြင်ခဲ့၍ ဟင်္သာတမြို့အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ပုသိမ်ကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် စိတ်ပညာ ဒုတိယနှစ်အထိပညာသင်ကြားခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင်ပညာသင်ကြားနေစဉ် ၁၉၆၂ ခုနှစ်၊ ဇူလိုင် (၇)ရက် အရေးအခင်းနှင့်ပတ်သက်၍ ကျောင်းထုတ်ခံခဲ့ရသည်။ ယင်းနောက် ရပ်ကွက်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ စာရေးအဖြစ် (၅) ခန့် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေး တော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဒေါ်မြင့်စိန်နှင့်လက်ထပ်ခဲ့သည်။ လေးမျက်နှာမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးအဖြစ်တာဝန်ယူခဲ့သည်။ မန္တလေးမြို့တွင် စင်ပြိုင်အစိုးရဖွဲ့စည်းရေး၊ တောတွင်းယာယီအစိုးရဖွဲ့စည်းရေးတို့နှင့်ပတ်သက်၍ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း လျှို့ဝှက်အစည်းအဝေးများပြုလုပ်ရာတွင်ပါဝင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အရေးယူရန်ဆောင်ရွက် နေစဉ် ထွက်ပြေးတိမ်းရှောင်သွား၍ သက်ဆိုင်ရာမှ တရားခံပြေးအဖြစ်သတ်မှတ်ကြောင်း ၁၉၉၀ ပြည့်နှစ်၊ ဒီဇင် ဘာလ (၄) ရက်နေ့တွင် ကြေညာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့ ရက်စွဲပါစာအမှတ် – ၇၄၅/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ယူထားသည့်တာဝန် များမှလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်မှလည်းကောင်း ရပ်ဆိုင်းခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့ ရက်စွဲပါစာအမှတ် – ၇၅၈/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ်အသိအမှတ်ပြုထားခြင်းကို ဖျက်သိမ်းခဲ့သည်။ ၁၉၉၁ ခုနှစ်၊ မေလ (၁၆) ရက်နေ့ထုတ် လုပ်သားသတင်းစာတွင် ဦးစီမောင်နှင့်ပတ်သက်၍သတင်းတပုဒ်ပါရှိသည်။ ဦးစီမောင်သည် လေး မျက်နှာမြို့နယ်၊ အနောက်ရိုးမတောင်ပေါ်ရှိ ဝါးတောက်ချောင်းအနီးတွင် ယာယီတဲထိုးထားပြီး ပုန်းအောင်နေစဉ် ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ငှက်ဖျားရောဂါဖြင့်သေဆုံးသွားကြောင်း၊ ၎င်းနှင့်အတူနေထိုင်ခဲ့ကြ သော တောင်ကလေးရွာသား ဦးစိန်မောင်နှင့်ခင်မောင်ဝင်း၊ မှန်ကန်ရွာသားဖိုးသိန်းတို့မှ သက်ဆိုင်ရာသို့ ထုတ် ဖော်ဝန်ခံသတင်းပေးကြသဖြင့် အခင်းဖြစ်ရာသို့သွားရောက်စစ်ဆေးရာ ဦးစီမောင်၏အလောင်းကို တွေ့ရှိခဲ့ရ သည်။ ဦးစီမောင်သေဆုံးသည်မှာမှန်ကန်ကြောင်း ဆိုင်ရာမှ အတည်ပြုခဲ့သည်။ သို့ဖြစ်၍ ရွေးကောက်ပွဲကော်မရှင် မှလည်း ၁၉၉၁ ခုနှစ်၊ ဇန်န ဝါရီလ (၃၀) ရက်နေ့တွင် ဦးစီမောင်ကွယ်လွန်သွားကြောင်းနှင့် ရွေးကောက်တင် မြှောက်ခံရသောအမည်စာရင်းမှ ပယ်ဖျက်ကြောင်းကြေညာခဲ့သည်။

## ၄၁။ လေးမျက်နှာမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးဆန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးဆန်းမြင့်သည် လေးမျက်နှာမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၅,၆၄၄) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ . ၈၆) ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ရေကြည်မြို့နယ်၊ အသုတ်ဇာတိ ဖြစ်သည်။ အဖ ဦးချစ်အေး၊ အမိ ဒေါ်အေးတင်တို့မှ

၁၉၅၀ ပြည့်နှစ်၊ မေလ (၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးဆန်းမြင့်သည် ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့ရ တရားရုံးချုပ်ရှေ့နေဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဒေါ်သန်းသန်းထွေး (အိုင်သပြု) နှင့် လက်ထပ်ခဲ့သည်။ လေးမျက်နှာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့ပြီးနောက် ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ (၅) ရက်နေ့ နံနက် (၇) နာရီတွင် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ၌ အခမ်းအနားပြုလုပ်၍ ဦးဆန်းမြင့်မှ အမြင်မှား၊ အတွေးမှား၊ အလုပ်မှားနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စွန့်ခွာခဲ့ရသည့်အကြောင်းရင်းကို ရှင်းလင်းတင်ပြခဲ့သည်။

## ၄၂။ ဝါးခယ်မမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးတင်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်အောင်သည် ဝါးခယ်မမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၆,၅၉၅) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၃၂ . ၆၅) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဝါးခယ်မမြို့ဇာတိ ဖြစ်သည်။ အဖ ဦးမောင်ချို၊ အမိ ဒေါ်အုန်းမေတို့မှ ၁၉၄၄ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးတင်အောင်သည် တာဝတိံသာ အစိုးရ မူလတန်းကျောင်း၊ ဝါးခယ်မမြို့အစိုးရအထက်တန်းကျောင်းတို့တွင် အခြေခံပညာသင်ကြားခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (ဥပဒေ) ဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့တို့ကို ၁၉၇၂–၇၃ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်မှစ၍ တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ခဲ့သည်။

## ၄၃။ ဝါးခယ်မမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဗိုလ်မှူးကြီးသက်ဝေ (အငြိမ်းစား)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ။ (ကွယ်လွန်)

ဗိုလ်မှူးကြီးသက်ဝေ (အငြိမ်းစား) သည် ဝါးခယ်မမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၈၉၃) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၄၃ . ၀၉) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ရန်ကုန်မြို့ဇာတိ ဖြစ်သည်။ ၁၉၂၈ ခုနှစ်၊ ဖွန်လ (၃) ရက်နေ့ဖွား ဖြစ်သည်။ ဦးဘဘ၏သား ဖြစ်သည်။ ဗိုလ်မှူးကြီးသက်ဝေ (အငြိမ်းစား) သည် ဥပစာဝိဇ္ဇာ အထက်တန်းအထိ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ (MONS) ဗိုလ်သင်တန်းဆင်း ဒုတိယဗိုလ်၊ ၁၉၅၂ ခုနှစ်တွင် အင်္ဂလန်တွင် အမြောက်တပ်ခွဲမှူးသင်တန်းနှင့် ၁၉၅၅–၅၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုတွင် တန်းမြင့်အမြောက်ပညာသင်တန်းတက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် အမြောက်နည်းပြ စစ်ဦးစီးတက္ကသိုလ်၊ ၁၉၆၀–၆၁ ခုနှစ်တွင် တရုတ်–မြန်မာ နယ်ခြားသတ်မှတ်ရေးအဖွဲ့ခေါင်းဆောင်၊ ၁၉၆၂ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ တပ်ရင်းမှူး၊ ဗဟိုနှင့် အမြောက်တပ် (၂)၊ ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်တွင် ခရိုင်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ လားရှိုး၊ ၁၉၇၁ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တရုတ်နိုင်ငံ မြန်မာ့စစ်သံ၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဒုတိယညွှန်ကြားရေးမှူး ကက (သံ)၊ ၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ မြန်မာကောင်စစ်ဝန်ချုပ် ဟောင်ကောင်ကျွန်း၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ညွှန်ကြားရေးမှူး ကက (သံ)၊ ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင် (ဌာနချုပ်၊ အချိန်ပြည့်)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၊ ဗမာ့မျိုးချစ်တပ်မတော် (ပီဘီအက်ဖ်) တွင် ပါဝင်ခဲ့၍ မော်ကွန်းဝင် (ဒုတိယဆင့်) ရခဲ့သည်။ ဇေယျကျော်ထင်နှင့် ထူးချွန်တံဆိပ် (၃) ခုရခဲ့သည်။

**၄၄။ သာပေါင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးလှမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးလှမြင့်သည် သာပေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၄,၈၄၆) မဲ၊ စုစုပေါင်း မဲရခိုင်နှုန်း (၅၉ . ၃၃) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ သာပေါင်းမြို့နယ်၊ ထန်းပူးမကျီးကုန်းရွာဇာတိ ဖြစ်သည်။ အဖ ဦးသိန်းမောင်၊ အမိ ဒေါ်သူငယ်မတို့မှ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးလှမြင့်သည် ဝိဇ္ဇာ (ဥပဒေ)၊ ဥပဒေဝိဇ္ဇာနှင့် အထက်တန်းရှေ့နေစာမေးပွဲတို့ကို အောင်မြင်ထားသည့် တရားရုံးချုပ်ရှေ့နေဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဒေါ်ခင်အုန်းမြင့်နှင့်လက်ထပ်ခဲ့သည်။ ပုသိမ်မြို့ရှေ့နေများအသင်း၏ အတွင်းရေးမှူးအဖြစ် (၁၀) နှစ် ဆောင်ရွက်ခဲ့သည်။

**၄၅။ သာပေါင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဦးသန်းဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးသန်းဝင်းသည် သာပေါင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၇,၅၀၉) မဲ၊ စုစုပေါင်း မဲရခိုင်နှုန်း (၆၅ . ၉၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ သာပေါင်းမြို့နယ်၊ ကင်းတပ်ကျေးရွာဇာတိ ဖြစ်သည်။ အဖ ဦးဟန်စိန်၊ အမိ ဒေါ်ယဉ်မြတို့မှ ၁၉၄၇ ခုနှစ်၊ မေလ (၂၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဦးသန်းဝင်းသည် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ၁၉၆၈ ခုနှစ်တွင် ဝိဇ္ဇာ (ပထဝီ) ဘွဲ့ရရှိခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အလယ်တန်းပြဆရာ (ပညာရေးဌာန)၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့မှ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့အထိ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ တာဝန်မှ အငြိမ်းစားယူခွင့်ရခဲ့သည်။ ထို့နောက် လက်သမားအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သည်။ သာပေါင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် တာဝန်ယူခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ ရက်စွဲပါစာအမှတ်၊ ဝ၄၁/စည်း(စည်းရုံး)/၉၉ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုံးဝကိုယ်စားမပြုတော့သည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၄၄၂)**
**(၁၃၆၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်)**
**(၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)**

**အကြောင်းအရာ။ ။ ဦးသန်းဝင်းအား ရောဝတီတိုင်း၊ သာပေါင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ်**

**(၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက် ခံထားရသူ အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရောဝတီတိုင်း၊ သာပေါင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးသန်းဝင်းက မိမိသည် ကျန်းမာရေးအခြေအနေကြောင့် ဆက်လက်တာဝန်ထမ်းဆောင် နိုင်စွမ်းမရှိတော့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျှောက် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးသန်းဝင်း၏တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (င) နှင့်အညီ ဦးသန်းဝင်းအား ယနေ့မှစ၍ သာပေါင်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**၄၆။ ဟသ်္သာတမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးမြသန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးမြသန်းသည် ဟသ်္သာတမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၉,၄၇၉) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၈ . ၃၀) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဓမ္မိဇာတိ ဖြစ်သည်။ အဖ ဦးသိန်းမောင်၊ အမိ ဒေါ်စောတင်တို့၏သား ဖြစ်သည်။ ဦးမြသန်းသည် ရန်ကုန်မြို့ စိန်ပေါလ်ကျောင်းနှင့် မြို့မအမျိုးသားကျောင်းတို့တွင် အင်္ဂလိပ်–မြန်မာ နဝမတန်းအထိ ပညာသင်ကြားခဲ့သည်။ ဗြိတိသျှဗမာအစည်းအရုံး၊ အာရှလူငယ်ဝင်၊ ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)၊ ဗမာ့ ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၊ ဗမာ့မျိုးချစ်တပ်မတော် (ပီဗီအက်ဖ်) တို့တွင် စစ်ရေး၊ နိုင်ငံရေးအရ ပါဝင်ခဲ့၍ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမ) ဆင့်ရရှိခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ပြည်သူ့ ရဲဘော် စစ်ခေါင်းဆောင်၊ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် အထိ ဖ–ဆ–ပ–လ ခရိုင်အမှုဆောင်နှင့် လူငယ်အတွင်းရေးမှူး၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ တည်မြဲ ဖ–ဆ–ပ–လ ဟသ်္သာတမြောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ပ–ထ–စ နှင့် မ–ဆ–လ လက်ထက် မည်သည့်အဖွဲ့တွင်မှ မပါဝင်ခဲ့ပဲ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ဟသ်္သာတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးမှူး တာဝန်ယူခဲ့သည်။

**၄၇။ ဟသ်္သာတမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။**

**ဒေါက်တာဇော်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဒေါက်တာဇော်မြင့်သည် ဟသ်္သာတမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၄၈,၇၅၈) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၈ . ၃၄) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မော်လမြိုင်မြို့ဇာတိ ဖြစ်သည်။ အဖ ဦးဖေတင်၊ အမိ ဒေါ်ကြင်မြတို့မှ ၁၉၄၃

ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒေါက်တာဇော်မြင့်သည် မော်လမြိုင် စိန့်ပထရစ်ကျောင်း၊ မန္တလေး လဖုန်းကျောင်း၊ ရန်ကုန်မက်သဒစ်အစိုးရအထက်တန်းကျောင်း (ယခု ဒဂုံ–၁)၊ မော်လမြိုင် အစိုးရအထက်တန်းကျောင်းအမှတ် (၁) တို့တွင် အခြေခံပညာသင်ကြားခဲ့ရာ တက္ကသိုလ်ဝင်တန်းကို ရူပဗေဒဂုဏ်ထူးဖြင့် အောင်မြင်၍ ထူးချွန်ဆုရရခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ (ဘီဒီအက်စ်) သွားဘက်ဆိုင်ရာဆရာဝန်ဘွဲ့ရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ သွားဘက်ဆိုင်ရာဆရာဝန် မော်လမြိုင်ကျောင်းကျန်းမာရေးဌာန၊ မင်းတပ် (ချင်းပြည်နယ်)၊ ဟသ်ာတနှင့်ပေတော ပြည်သူ့ဆေးရုံ၊ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် ရာထူးမှနုတ်ထွက်ခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သည်။ ကိုယ်ပိုင်ဆေးခန်း ဖွင့်လှစ်လုပ်ကိုင်သည်။ ၁၉၇၃ ခုနှစ်တွင် ဒေါ်ခင်သန်းနှင့်လက်ထပ်ခဲ့သည်။ ၂၉–၉–၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် အမရပူရမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဘွား၏နေအိမ်တွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေးလျှို့ဝှက်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးတွင် ဒုတိယဂန္ဒီညီလာခံခေါ်ယူရေး၊ ယာယီအစိုးရဖွဲ့စည်းရေးတို့ကို အားတက်သရောဆွေးနွေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် မန္တလေးအနောက်တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်ပြုလုပ်သော ယာယီအစိုးရဖွဲ့စည်းရေး လျှို့ဝှက်အစည်းအဝေးသို့လည်းတက်ရောက်ခဲ့သည်။ သို့အတွက် သက်ဆိုင်ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ယင်းနောက် ဒေါက်တာဇော်မြင့်သည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂ (၁) အရ ပြစ်ဒဏ်စီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ (ည) နှင့်ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ကြေညာ ချက်အမှတ် (၉၉၁) ဖြင့်ကြေညာခဲ့သည်။ နောင်တွင်ပြုလုပ်မည့်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ လက်မှတ်ရေးထိုးတင်သွင်းခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတွင် တဦးအပါအဝင်ဖြစ်သည်။

**၄၈။ အင်းပူမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။**

**ဦးမြဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။**

ဦးမြဝင်းသည် အင်းပူမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၃၀,၈၀၀) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၇ . ၀၂) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ ဦးထွန်းမြိုင်၊ အမိ ဒေါ်မီမီတို့မှ ၁၉၄၉ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ အင်းပူမြို့ဇာတိဖြစ်သည်။ ဦးမြဝင်းသည် အင်းပူမြို့နယ်၊ ချိုကုန်းအစိုးရမူလတန်းကျောင်း၊ ညောင်ကျိုးအစိုးရအလယ်တန်းကျောင်း၊ ဟသ်ာတမြို့ အစိုးရအထက်တန်းကျောင်းအမှတ် (၄) တို့တွင် (၁၀) တန်းအထိပညာသင်ကြားခဲ့သည်။ ရှစ်တန်းနှင့် ကိုးတန်းတို့တွင် ဟသ်ာတခရိုင်လူရည်ချွန်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ ၁၉၇၁–၇၂ ခုနှစ်တွင် ဆယ်တန်းကို တောင်ဥက္ကလာပစာစစ်ဌာနမှ သုံးဘာသာဂုဏ်ထူးဖြင့် အလွတ်ဖြေဆိုအောင်မြင်ခဲ့သည်။ ထို့နောက် ဆေးတက္ကသိုလ် (၁) တွင် တတိယနှစ်အထိတက်ရောက်ခဲ့သည်။ ဦးသန့်အရေးအခင်းနှင့် မှိုင်းရာပြည့်အရေးအခင်းတွင် ပါဝင်ခဲ့သဖြင့် ၁၉၇၆ ခုနှစ်တွင် ကျောင်းထုတ်ခံခဲ့ရပြီး ထောင်ဒဏ် (၉) နှစ် ကျခံခဲ့ရသည်။ ၁၉၈၀ ပြည့်နှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် ထောင်မှပြန်လွတ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှစ၍ တွဲဘက်အလယ်တန်းပြ (၂) နှစ်၊ တွဲဘက်အထက်တန်းပြ (၂)နှစ်၊ ကျူရှင်ဆရာအဖြစ် (၂) နှစ်လုပ်ခဲ့သည်။ စာပေးစာယူဖြင့် တတိယနှစ်

ဖြေဆိုခဲ့ရာ ၁၉၈၃ ခုနှစ်တွင် သိပ္ပံ (သတ္တဗေဒ) ဘွဲ့ရခဲ့သည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးအပြီးတွင် ပါတီစုံဖွဲ့စည်းခွင့်ရသည့်အခါ ဒီမိုကရေစီညီညွတ်ရေးတပ်ဦးတွင် တွဲဖက်အတွင်းရေးမှူး၊ တပ်ဦးဖျက်သိမ်း၍ ဒီငြိမ်းနှင့်ပေါင်းပြီးနောက်တွင် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ ဗဟိုအတိုင်ပင်ခံကော်မတီဝင်၊ ယင်းနောက် ဒီငြိမ်းမှထွက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ဝင်ရောက်ခဲ့သည်။ ဦးကျော်ငြိမ်း၏သမီး ဒေါက်တာ ဒေါ်ကျင်ကျင်ငြိမ်းနှင့် ၁၉၈၂ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် လက်ထပ်ခဲ့သည်။ ဒေါက်တာကျင်ကျင်ငြိမ်းသည် ပြည်ပသို့ သားသမီး (၂) ယောက်နှင့်အတူ ထွက်ခွာသွားရောက်နေထိုင်ခဲ့ပြီး၊ ဦးမြဝင်းသည် ရန်ကုန်နှင့်ပုသိမ်မြို့ တို့သို့ ကူးသန်းပြီး အရောင်းအဝယ်လုပ်ကိုင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလများ အတွင်း မန္တလေး၌ပြုလုပ်သည့် ယာယီအစိုးရဖွဲ့စည်းရေးလှို့ ဝှက်အစည်းအဝေးများသို့ တက်ရောက်ခဲ့သဖြင့် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် တရားခံပြေးအဖြစ်ကြေညာခံခဲ့ရပြီး (၉) ရက်နေ့တွင် အဖမ်းခံခဲ့ ရသည်။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂ (၁) ဖြင့်တရားစွဲပြီး ထောင်ဒဏ် (၂၅) နှစ် ချမှတ်ခံခဲ့ရသည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့ ရက်စွဲပါစာအမှတ် – ၇၄၅/ စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင်ယူထားသည့် တာဝန်များမှလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်မှလည်းကောင်း ရပ်ဆိုင်းခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့ ရက်စွဲပါစာအမှတ် – ၇၅၈/စည်း/၉၀ ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုထား ခြင်းကို ဖျက်သိမ်းခဲ့သည်။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂ (၁) အရပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ (ည) ဖြင့်ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၈၅) ဖြင့် ကြေညာခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ပြီး နောင်တွင်ပြုလုပ်မည့် ရွေးကောက်ပွဲများ ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ကိုပါ ပိတ်ပင်ခဲ့သည်။ ယခု အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သည်။

### ၄၉။ အင်္ဂပူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

**ဒေါက်တာစန်းအောင်၊ တသီးပုဂ္ဂလ။**

ဒေါက်တာစန်းအောင်သည် အင်္ဂပူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် တသီးပုဂ္ဂလအဖြစ် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၄,၅၈၁) မဲ၊ စုစုပေါင်းမဲရာခိုင်နှုန်း (၅၂ . ၆၈) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အဖ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီးဘဌေး၊ အမိ ဒေါ်ခင်တုတ်တို့မှ ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင် မွေး ဖွားခဲ့သည်။ စတုတ္ထမြောက်သား ဖြစ်သည်။ တောင်ကြီးမြို့ဇာတိဖြစ်သည်။ ဒေါက်တာစန်းအောင်သည် ရန်ကင်းအစိုးရအထက်တန်း ကျောင်းအမှတ် (၂) မှ ဆယ်တန်းအောင်မြင်ခဲ့၍ ၁၉၇၉ ခုနှစ်တွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရရှိ ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် သွားဘက်ဆိုင်ရာဆရာဝန် (ငပုတောဆေးရုံ)၊ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင်ပါဝင်ခဲ့ပြီး၊ အလုပ်မှနုတ်ထွက်ခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် ကြေညာချက်အမှတ် (၉၁၃) ဖြင့် ယင်းသည် မာနယ်ပလောရှိ ပြည်ထောင် စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့နှင့် ဆက်သွယ်ခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပျက်ပြယ်ကြောင်းကြေညာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ရောဝတီတိုင်း စည်းရုံးရေးမှူးတာဝန်ယူ ထားခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အရေးပါသည့်ပုဂ္ဂိုလ်တဦးက မျိုးချစ်ရဲဘော်ဟောင်းများ အဖွဲ့ကိုယ်စားပြု၍ အင်္ဂပူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အစီအစဉ်ရှိခဲ့သဖြင့် တသီး ပုဂ္ဂလ အဖြစ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဒေါက်တာစန်းအောင်အပေါ် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ဘက်ဖြစ်သူ

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်လောင်း ဦးသိန်းထွန်းမှ ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခဲ့သဖြင့် ရွေးကောက်ပွဲခုံအမှတ် (၁) ၏ ကြားနာစစ်ဆေးမှုကိုခံခဲ့ရသည်။ ၁၉၉၁ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းသည့်အခါ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ပေးခန့်အပ်ခြင်းခံခဲ့ရသည်။ ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ (၇) ရက်နေ့တွင် အိုင်ယာလန်နိုင်ငံ၊ ဒဗ္ဗလင်မြို့၌ ညွန့်ပေါင်းအစိုးရအဖွဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းသည့်အခါ ဝန်ကြီးချုပ်ရုံး ဝန်ကြီး (အရှေ့ဖက်ဒေသ၊ ထိုင်းနိုင်ငံ) အဖြစ် တာဝန်ပေးခြင်းခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့ ရက်စွဲပါစာအမှတ် – ၇၄၅/စည်း/၉၀ ဖြင့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံခဲ့သည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထုတ်ပယ်ပြီးဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ယခု ဩစတြေးလျနိုင်ငံတွင် နေထိုင်သည်။

## ၅၀။ အိမ်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။

### ဦးတင်ထွတ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးတင်ထွတ်သည် အိမ်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၁၉,၄၄၁) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၄ . ၄၆) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ အိမ်မဲမြို့၊ လယ်ပေါ်ရပ်ကွက်ဇာတိ ဖြစ်သည်။ အဖ အမျိုးသားကျောင်းအုပ်ဆရာကြီး ဦးယုံကောင်း၊ အမိ ဒေါ်သိန်းမြတို့မှ ၁၉၃၄ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်း (၈) ဦးအနက် အကြီးဆုံးသားဖြစ်သည်။ ဦးတင်ထွတ်သည် ၁၉၃၅ ခုနှစ်တွင် အိမ်မဲမြို့၊ အမျိုးသားကျောင်း၌ စတင်ပညာသင်ကြားခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ပျဉ်းမနားမြို့၊ အမျိုးသားကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း အိမ်မဲမြို့၊ ကံလှ ဘုန်းကြီးကျောင်းဆရာတော်ဦးဋ္ဌေးယျထံတွင် လောကုတ္တရာစာပေများ လေ့လာသင်ကြားခဲ့သည်။ အာရှလူငယ်အစည်းအရုံး ကင်းထောက်လုလင်အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၄၅–၄၆ ခုနှစ်အတွင်း အိမ်မဲမြို့နယ်၊ ဖ–ဆ–ပ–လ အဖွဲ့ချုပ်၏ လွတ်လပ်ရေးကြိုးပမ်းလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်။ အိမ်မဲမြို့နယ် ကျောင်းသားသမဂ္ဂ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး၊ ပြည်သူ့လမ်းပြန်ရုံကပ်စာစောင် အယ်ဒီတာအဖြစ် ဆောင်ရွက်ထုတ်ဝေခဲ့သည်။ ၁၉၄၇ ခုနှစ်အတွင်း ပုသိမ်မြို့၊ လူမျိုးပေါင်းစုံ မွန်ကရင်အထက်တန်းကျောင်း၌ ပညာဆက်လက်သင်ကြားသည်။ ယင်းကျောင်း၌ ကျောင်းသားသမဂ္ဂ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ပုသိမ်ခရိုင် ကျောင်းသားသမဂ္ဂအမှုဆောင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၄၈ ခုနှစ်တွင် အစိုးရဗဟိုအထက်တန်းကျောင်း၊ ရန်ကုန်သို့ပြောင်းရွှေ့ပြီး ပညာဆက်လက်သင်ကြားခဲ့သည်။ ယင်းကျောင်း၌ ကျောင်းသားသမဂ္ဂ စာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် အမှုထမ်းပေါင်းစုံနှင့် ကျောင်းသားသပိတ်တိုက်ပွဲလှုပ်ရှားမှုတွင် ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂနှင့်အတူ ရှေ့တန်းမှပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် စိန့်ဂျွန်းဒိုင်အိုစီစင်ယောကျ်ားလေးအထက်တန်းကျောင်း တက္ကသိုလ်ဝင်သင်တန်း၌ ဆက်လက်ပညာသင်ကြားခဲ့သည်။ စိန့်ဂျွန်းယောကျ်ားလေးအထက်တန်းကျောင်း၊ ကျောင်းသားသမဂ္ဂ စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ရန်ကုန်ခရိုင် ကျောင်းသားသမဂ္ဂ (ရ–က–သ) ပြန်လည်ဖွဲ့စည်းရေးအတွက် ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂ စည်းရုံးရေးကော်မတီ အလုပ်အမှုဆောင်အဖြစ်လည်းကောင်း၊ အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်၍ ဇီဝဗေဒဘာသာတွဲဖြင့် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ဗမာနိုင်ငံကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် စည်းရုံးရေးကော်မတီ၊ စည်းရုံးရေးဗျူရို အတွင်း

ရေးမှူးအဖြစ်ဆောင်ရွက်ခဲ့ပြီး၊ အထက်မြန်မာပြည်သို့ စည်းရုံးရေးဆင်းခဲ့သည်။ ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားစဉ် ပါဏဗေဒဘာသာရပ်အသင်း အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ပင်းယဆောင် သဟာယနှင့် စာဖတ်အသင်း အလုပ်အမှုဆောင်အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် တိုးတက်သောကျောင်းသားအင်အားစု ဖွဲ့စည်းတည်ထောင်သူတဦးအဖြစ် တက္ကသိုလ်ကျောင်းသားများ လှုပ်ရှားမှုများတွင် ရှေ့တန်းမှခေါင်းဆောင်ပါဝင် ဆောင်ရွက်ခဲ့သည်။ ၁၉၅၂–၅၃ ခုနှစ်တွင် ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အောက်တိုဘာ ကျောင်းတလပိတ်ရေးတိုက်ပွဲတွင် ခေါင်းဆောင်ပါဝင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ရာသက်ပန်ကျောင်းထုတ်ခြင်းခံရပြီး၊ ပုဒ်မ (၅) ဖြင့်ဖမ်းဆီး၍ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် (၁) နှစ်ခွဲခန့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၅၆–၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ကျောင်းဝင်ခွင့် ပြန်လည်ရရှိ၍ ဥပစာသိပ္ပံတန်း၌ ပညာဆက်လက်သင်ကြားခဲ့သည်။ ၁၉၅၈–၅၉ ခုနှစ်တွင် ရန်ကုန်ဆေးကောလိပ်၌ ဒုတိယ အမ်ဘီဘီအက် (စ်) အကြီးတန်းအထိ ပညာသင်ကြားခဲ့သည်။ ဆေးကောလိပ်ကျောင်းသားများညီညွတ်ရေးတပ်ဦးခေါင်းဆောင်အဖြစ်လည်းကောင်း၊ လသာဆောင် သဟာယနှင့်စာဖတ်အသင်း အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်၊ ဩဂုတ်လတွင်ကျင်းပသော ပညာရေးနှီးနှောဖလှယ်ပွဲတွင် ဆေးကောလိပ်ကျောင်းသားများကိုယ်စားလှယ်အဖြစ်တက်ရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျောင်းသား လှုပ်ရှားမှုများ၊ ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာအပိုင်း (က) သင်တန်းသို့ ပြောင်းရွှေ့သင်ကြားခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၂–၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မဂ္ဂဇင်းကော်မတီ အတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ပညာရေးဌာန လူငယ်ရေးရာဌာနခွဲတွင် ပညာ–စီမံ–သုတေ ဌာနစိတ်မှူးအဖြစ်လည်းကောင်း၊ တက္ကသိုလ်များအုပ်ချုပ်ရေးရုံး တက္ကသိုလ်များဗဟိုရိက္ခာဌာနမှူးအဖြစ်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးပညာဦးစီးဌာနအုပ်ချုပ်မှုအောက်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၌ မော်ကွန်းထိန်းအဆင့် (၂) အဖြစ်လည်းကောင်း၊ ဆေးတက္ကသိုလ် (၁) ၌ မော်ကွန်းထိန်းအဆင့် (၁) အဖြစ်လည်းကောင်း အမှုထမ်းခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ လူငယ်ရေးရာခရိုင်စည်းရုံးရေးမှူး၊ တေဇလူငယ်စာစောင် အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၆၆ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုလူငယ် ပညာစီမံသုတေသနမှူး၊ ပါတီဌာနချုပ် လူထုရေးရာဌာန ပါတီဝန်ထမ်း (ဌာနစိတ်မှူး)၊ ၁၉၇၅–၇၆ ခုနှစ်တွင် လသာမြို့နယ် အလုပ်သမားကောင်စီ ဒုတိယဥက္ကဋ္ဌ (၁)၊ ၁၉၇၃ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင် လသာမြို့နယ် အဖွဲ့ဝင်နှင့် ဥက္ကဋ္ဌ၊ ၁၉၈၁ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် နိုင်ငံတော်ကောင်စီ အမိန့်အမှတ် (၂/၈၁) ဖြင့် နိုင်ငံဂုဏ်ရည် (ဒုတိယဆင့်) ချီးမြှင့်ခံရသည်။ ၁၉၈၅ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းတံဆိပ်ချီးမြှင့်ခံရသည်။ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်)၊ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးတွင် စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးခေတ် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်ဟောင်းများနှင့်အတူ ပါဝင်လှုပ်ရှားခဲ့သည်။ ရှစ်လေးလုံးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင်မှုကိုခံယူလှုပ်ရှားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ထူထောင်စဉ်ကပင် ဗဟိုဌာနချုပ်ရုံးအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်၊ တိုင်းစည်းအဖွဲ့ဝင်တာဝန်တို့ယူခဲ့သည်။ ဦးတင်ထွတ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဂန္ဓီဆုံးဖြတ်ချက်အတိုင်း နဝတက လွှတ်တော်ခေါ်မပေးလျှင် ဆောင်ရွက်ဖို့လိုသည့်နည်းလမ်း သုံးသွယ်စာတမ်းပြုစုရာတွင် အတွင်းကျကျ ပါဝင်ခဲ့သဖြင့် သက်ဆိုင်ရာမှဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။ ယင်းနောက် ဦးတင်ထွတ်သည် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (က) (ခ) (ည) အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရ၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ

၁၁ (ည) နှင့်ငြိစွန်းသဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ကြေညာချက် အမှတ် (၉၈၇) ဖြင့်ကြေညာခဲ့သည်။ နောင် (၁၀) နှစ် အတွင်းပြုလုပ်မည့် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့် ကိုလည်းပိတ်ပင်ခဲ့သည်။

## ၅၁။ အိမ်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။

### ဦးမြင့်မောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဦးမြင့်မောင်သည် အိမ်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၀,၀၅၄) မဲ၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၅ . ၁၇) ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၃၇ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့ဖွား ဖြစ်သည်။ ဦးမောင်တင်၏သား ဖြစ်သည်။ ဦးမြင့်မောင်သည် ပြင်ပဝိဇ္ဇာ ပထမနှစ်အောင်မြင်ခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ငွေစာရင်းမင်းကြီး ရုံးတွင် အောက်တန်းစာရေး၊ ထို့နောက် စာရင်းစစ်မှူး၊ ၁၉၈၉ ခုနှစ်၊ မေလ (၂) ရက်နေ့တွင် အငြိမ်းစားယူခဲ့သည်။ အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စည်းရုံးရေးမှူးတာဝန်ယူခဲ့သည်။ လွှတ်မြောက်နယ်မြေ မာနယ်ပလော စခန်းသို့သွားရောက်ပြီး သောင်းကျန်းသူများနှင့် ပူးပေါင်းလျက်ရှိကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (က) (ခ) (ည)၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ (၅၁၂) အရ ဗဟန်းမြို့နယ်တရားရုံးတွင် တရားစွဲဆိုထားပြီး၊ တရားခံပြေးအဖြစ်ကြေညာထားသည့်အပြင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ ၁၉၉၁ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်ခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းသည့်အခါ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၁၉၉၄ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးသို့သွားရောက်အဖမ်းခံခဲ့ပြီး န–ဝ–တ ထံအညံ့ခံခဲ့သည်။

❍ ❍ ❍

**ရွေးကောက်ပွဲဥပဒေကိုပြဌာန်းသည့်အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရွေးကောက်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပါသည်။ ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းနှင့်ပတ်သက်၍ အဖွဲ့ချုပ်က အောက်ပါအတိုင်း သဘောထား ထုတ်ပြန်ခဲ့ပါသည်။**

> **“... ကျင်းပပေးမည့်ရွေးကောက်ပွဲသည်ဒီမိုကရေစီအရေးတော်ပုံတွင်ပြည်သူလူထုအတွက် အသက်စွန့်လွှတ်သွားခဲ့သူများ၊ အမျိုးမျိုးအနစ်နာခံခဲ့သူများ၏တိုက်ပွဲမှ ပေါ်ထွက်လာသည့်ရလဒ်တခုဖြစ်သည်ဟု မှတ်ယူလျက်အဖွဲ့ချုပ်သည် ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည် ...”**

**[ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ (၉) နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ထုတ်ပြန်သည့်ကြေညာချက်၊ ကြေညာချက် အမှတ် (၁၀/၉၇) မှ . . . ]**

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၈၈)
## ၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
## ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်

၁။ ဤဥပဒေကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေဟု ခေါ်တွင်စေရမည်။

### အခန်း (၂)
### ဖွဲ့စည်းခြင်း

၂။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့စွဲပါ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် (၁/၈၈) အပိုဒ် (၂)တွင် ရည်ညွှန်းထားသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဆက်လက်တာဝန်ပေးအပ်သည်။

၃။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်တွင် အဖွဲ့ဝင်ဦးရေတိုးခြင်း၊ လစ်လပ်သည့်နေရာတွင် အစားထိုးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

### အခန်း (၃)
### တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) လွတ်လပ်၍ တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက်ဆောင်ရွက်ခြင်း။

(ခ) လိုအပ်သော ဥပဒေများကိုရေးဆွဲ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းပေးရေးအတွက်တင်ပြခြင်း၊

(ဂ) လိုအပ်သော နည်းဥပဒများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ရေးဆွဲ၍ ထုတ်ပြန်ခြင်း၊

(ဃ) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(င) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သောရုံးဝန်ထမ်းများခန့်အပ်ခြင်း၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို စီမံခန့်ခွဲခြင်း၊ စီမံခန့်ခွဲစေခြင်း၊

(စ) လွတ်လပ်၍ တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်လိုအပ်သည့်အစီအစဉ်များပြုလုပ်ခြင်း၊ လိုအပ်သည်များကိုဆောင်ရွက်ခြင်း၊ လိုအပ်သည့်အကူအညီများကိုတောင်းခံရယူခြင်း။

## အခန်း (၄)
## အထွေထွေ

၅။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲကျင်းပရေးအတွက်ကုန်ကျစရိတ်များကို နိုင်ငံတော်၏ဘဏ္ဍာငွေမှ ကျခံရမည်။

၆။ ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင် ဥပဒေ (၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် – ၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) စောမောင်
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၈၈ )

**၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် (၂) ရက်။**
**၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်။**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

(က) နိုင်ငံရေးပါတီဆိုသည်မှာ စစ်မှန်သောပါတီစုံဒီမိုကရေစီကိုလက်ခံကျင့်သုံးသော အဖွဲ့အစည်းကို ဆိုသည်။

(ခ) ရွေးကောက်ပွဲဆိုသည်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုဆိုသည်။

(ဂ) ကော်မရှင်ဆိုသည်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကိုဆိုသည်။

## အခန်း (၂)
## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း

၃။ ရွေးကောက်ပွဲ၌ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအသီးသီးသည် သတ်မှတ်ထားသော နည်းလမ်းများ

နှင့် အညီမှတ်ပုံတင်ရန် ကော်မရှင်သို့လျှောက်ထားရမည်။ သို့ရာတွင် အောက်ပါအဖွဲ့အစည်း တရပ်ရပ်သည် မှတ်ပုံတင်ရန် လျှောက်ထားခွင့်မရှိစေရ။

(က) တည်ဆဲဥပဒေတရပ်ရပ်အရ မတရားအသင်းအဖြစ်ကြေညာခြင်းခံရသောအဖွဲ့အစည်း။

(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း။

(ဂ) နိုင်ငံတော်ပိုင်ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့်အဖွဲ့အစည်း။

(ဃ) နိုင်ငံခြားတိုင်းပြည်တခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း တခုခုမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း။

(င) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသောအဖွဲ့အစည်း။

(စ) ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း အသီးသီး၊ နိုင်ငံပိုင်စီးပွားရေး၊ ဘုတ်၊ ကော်ပိုရေးရှင်း၊ အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် နိုင်ငံတော်ဘဏ္ဍာငွေမှလစာခံစားကြသော ဝန်ထမ်းများပါဝင်သည့်အဖွဲ့အစည်း။

၄။ မည်သည့်နိုင်ငံရေးပါတီမဆို ဤဥပဒေအရ မှတ်ပုံတင်ခွင့် ရရှိပြီးမှသာလျှင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

## အခန်း (၃)
## ကော်မရှင်၏ လုပ်ပိုင်ခွင့်များ

၅။ နိုင်ငံရေးပါတီတခုကမှတ်ပုံတင်ပေးရန်လျှောက်ထားသည့်အခါ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ စစ်ဆေးပြီးနောက် ကော်မရှင်သည်

(က) မှတ်ပုံတင်ခွင့်ပြုနိုင်သည်။ သို့မဟုတ်

(ခ) မှတ်ပုံတင်ခွင့်ပြုရန် ငြင်းဆိုနိုင်သည်။

၆။ ရွေးကောက်ပွဲကျင်းပခြင်းမပြုမီ မှတ်ပုံတင်ခွင့်ရရှိပြီးသောနိုင်ငံရေးပါတီတခုသည် ပုဒ်မ ၃၊ ပုဒ်မခွဲ (က) (ခ) (ဂ) (ဃ) သို့မဟုတ် (င) တွင် ဖော်ပြထားသည့်အဖွဲ့အစည်းတရပ်ဖြစ်ကြောင်း ကော်မရှင်ကတွေ့ရှိလျှင် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရမည်။

၇။ ရွေးကောက်ပွဲကျင်းပခြင်းမပြုမီ မှတ်ပုံတင်ခွင့်ရရှိပြီးသောနိုင်ငံရေးပါတီတခုသည် ပုဒ်မ ၃၊ ပုဒ်မခွဲ (စ) တွင် ဖော်ပြထားသည့် အဖွဲ့အစည်းတရပ်ဖြစ်ကြောင်းကော်မရှင်ကတွေ့ရှိလျှင် ယင်းအဖွဲ့အစည်းတွင်ပါဝင်သည့် သက်ဆိုင် ရာပုဂ္ဂိုလ်များအား ပါတီဝင်အဖြစ်မှနုတ်ထွက်စေရန် ကော်မရှင်က သက်ဆိုင်ရာနိုင်ငံရေးပါတီနှင့် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအား အကြောင်းကြားရမည်။

၈။ ပုဒ်မ (၅)၊ (၆) သို့မဟုတ် (၇) အရ ကော်မရှင်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၄)
## အထွေထွေ

၉။ ကော်မရှင်သည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန်လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်

နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ**
**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၆/၈၈)**
**၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်**
**၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) **အသင်းအဖွဲ့** ဆိုသည်မှာ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရည်ရွယ်ချက်တခုခုအတွက် သို့မဟုတ် လုပ်ငန်းစဉ်တခုခုအတွက် လူအများ စုပေါင်းဖွဲ့စည်းထားသော အသင်းအဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂ၊ ပါတီ၊ ကော်မတီ၊ အဖွဲ့ချုပ်၊ အသင်းစု၊ တပ်ဦး၊ ကလပ်နှင့် အလားတူအသင်းအဖွဲ့ကို ဆိုသည်။

(ခ) **နိုင်ငံရေးအသင်းအဖွဲ့** ဆိုသည်မှာ နိုင်ငံရေးအယူဝါဒ တခုခုအပေါ်တွင်အခြေခံ၍ နိုင်ငံရေး စည်းရုံးလှုပ်ရှားမှုကို တနည်းနည်းပြုသော အသင်းအဖွဲ့ကိုဆိုသည်။

## အခန်း (၂)
## ဖွဲ့စည်းခွင့်ရရှိရန် လျှောက်ထားခြင်း

၃။ (က) အသင်းအဖွဲ့များသည် ဖွဲ့စည်းခွင့်ရရှိရန် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနသို့ သတ်မှတ်ထားသော နည်းလမ်းအတိုင်း လျှောက်ထားရမည်။

(ခ) ဖွဲ့စည်းပြီးသော အသင်းအဖွဲ့သည် ဤဥပဒေ ပြဌာန်းသောနေ့ရက်မှ ရက်ပေါင်းသုံးဆယ်အတွင်း လျှောက်ထားရမည်။

(ဂ) ခွင့်ပြုချက်မရသော အသင်းအဖွဲ့ကို ဖွဲ့စည်းခြင်း သို့မဟုတ် ဆက်လက်ရပ်တည်လှုပ်ရှားခြင်းမပြုရ။

၄။ အောက်ပါ အသင်းအဖွဲ့များသည် ဤဥပဒေအရ ဖွဲ့စည်းခွင့် လျှောက်ထားရန်မလို ...

(က) ၁၉၆၄ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေအရ ပြည်ထဲရေးနှင့် သာသနာ ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်၍ ယင်းမှတ်ပုံတင် တည်လျှက်ရှိသော အသင်း အဖွဲ့၊

(ခ) ဘာသာ၊ သာသနာရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့၊

(ဂ) စီးပွားရေးသက်သက်ကိုသာ လုပ်ကိုင်ဆောင်ရွက်သော အသင်းအဖွဲ့၊

(ဃ) တည်ဆဲ ဥပဒေတရပ်ရပ်အရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့၊

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်း

ပရေးကော်မရှင်မှ မှတ်ပုံတင်ခွင့်ရရှိပြီးသော သို့မဟုတ် ယင်းကော်မရှင်သို့ မှတ်ပုံတင်ရန် လျှောက်ထားပြီး သို့မဟုတ် လျှောက်ထားရန် ပြင်ဆင်လျက်ရှိကြောင်း တင်ပြပြီးဖြစ်သော နိုင်ငံရေးပါတီအသင်းအဖွဲ့။

## အခန်း (၃)
## ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့များ

အောက်ပါ အသင်းအဖွဲ့များကို ဖွဲ့စည်းခြင်းမပြုရ၊ ဖွဲ့စည်းထားပြီးဖြစ်လျှင်လည်း လှုပ်ရှားခြင်းမပြုရ၊ ဆက်လက်တည်ရှိခွင့် မရှိစေရ ...

(က) ၁၉၈၈ ခုနှစ်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ခွင့်မရသော အသင်းအဖွဲ့၊ မှတ်ပုံတင်ခွင့်ရသော်လည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းခံရသော အသင်းအဖွဲ့၊

(ခ) တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးကို ဖြစ်စေ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကိုဖြစ်စေ တနည်းနည်းအားဖြင့် ထိခိုက်စေရန် အားထုတ်သော၊ လှုံ့ဆော်သော၊ တိုက်တွန်းအားပေးသော၊ ကူညီသော၊ ပြုလုပ်သော အသင်းအဖွဲ့၊

(ဂ) နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားရှိ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေးတပ်ဖွဲ့ဝင် များ၊ ပြည်သူ့ဝန်ထမ်း အဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေး ဘုတ်၊ ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်း အသီးသီးမှဝန်ထမ်းများ သို့မဟုတ် နိုင်ငံတော်ဘဏ္ဍာငွေမှ လစာရယူကြသော ဝန်ထမ်းတဦးဦး သို့မဟုတ် ဝန်ထမ်းများပါဝင်ဖွဲ့စည်းထားပြီး နိုင်ငံရေးအသင်းအဖွဲ့တစ်ခုခု၏ သြဇာခံယူသော သို့မဟုတ် နိုင်ငံရေးအသင်းအဖွဲ့ တခုခုနှင့် ဆက်သွယ်သောအသင်းအဖွဲ့။

## အခန်း (၄)
## ပြစ်ဒဏ်များ

၆။ မည်သူမဆို ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) ကိုဖြစ်စေ၊ ပုဒ်မ ၅ ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်ငါးနှစ်ထိ ကျခံစေရမည်။

၇။ မည်သူမဆို ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းခွင့်ကို ဖြစ်စေ၊ ဆက်လက်ရပ်တည်ခွင့်ကို ဖြစ်စေမရသော အသင်းအဖွဲ့ သို့မဟုတ် ပုဒ်မ (၃) အရ ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့ တခုခုတွင် ပါဝင်ကြောင်း၊ အသင်းအဖွဲ့ကို အားပေးကူညီကြောင်း၊ သို့မဟုတ် ထိုအသင်းအဖွဲ့ အဆောင်အယောင်ကို အသုံးပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ် သုံးနှစ်ထိကျခံစေရမည်။

## အခန်း (၅)
## အထွေထွေ

၈။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ဤဥပဒေအရ မှတ်ပုံတင်ခွင့်ပြုထားသော အသင်းအဖွဲ့ အနေဖြင့် မှတ်ပုံတင်ခွင့်ပြုစဉ် ဖော်ပြခဲ့သော ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲ၍ လှုပ်ရှားကြောင်း စိစစ်တွေ့ရှိလျှင် ထိုအသင်းအဖွဲ့၏ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်နိုင်သည်။

၉။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်

များ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းချက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပြည်သူတရပ်လုံး လိုလားတောင့်တ တောင်းဆိုလျှက်ရှိသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများအနေဖြင့် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားပါဝင်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၆၄ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေကို ပယ်ဖျက်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် စစ်မှန်သောပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသောနိုင်ငံရေးပါတီများအနေဖြင့် စနစ်တကျလွတ်လပ်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥပဒေကိုလည်းကောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုလည်းကောင်း၊ ပြဋ္ဌာန်းခဲ့ပါသည်။

ယခုအခါ ဒီမိုကရေစီ၏အနှစ်သာရကို အမှန်တကယ်မြတ်နိုးစွာဖြင့် စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီအဖွဲ့အစည်းများ ဖွဲ့စည်းလာသည်များရှိသကဲ့သို့ ဒီမိုကရေစီကိုဟန်ပြပြီး မရိုးသားသောသဘော၊ မသမာသောရည်ရွယ်ချက်တို့ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကို အနှောင့်အယှက်အဟန့်အတားအန္တရာယ်ဖြစ်စေမည့် အသင်းအဖွဲ့များ ဖွဲ့စည်းထားကြောင်း၊ ဖွဲ့စည်းရန် ပြင်ဆင်လျှက်ရှိနေကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကို အနှောင့်အယှက် အဟန့်အတားအန္တရာယ်ဖြစ်စေမည့် အသင်းအဖွဲ့များကို ခွင့်ပြုထားပါက တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားပုံမှန်လာရေးတို့ကို ထိခိုက်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ရပ်ရွာရှင်လူ ပြည်သူများ နှင့် ဝန်ထမ်းများအကြား စည်းလုံးညီညွတ်မှုပျက်ပြားခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း၊ စည်းကမ်းဖောက်ဖျက်ခြင်းများ ဖြစ်လာနိုင်ဖွယ်ရာ အကြောင်းရှိပါသည်။

ထို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်ပါသည်။

★ ★ ★ ★ ★

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ
# (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၄/၈၉)
# ၁၃၅၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
# (၁၉၈၉ ခုနှစ်၊ မေလ ၃၁ ရက်)

လွှတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုရွေးကောက်တင်မြှောက်နိုင်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည်။

(က) **လွှတ်တော်** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကို ဆိုသည်။

(ခ) **ကော်မရှင်** ဆိုသည်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကို ဆိုသည်၊

(ဂ) **ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ကော်မရှင်ကဖွဲ့စည်းပေးသော ပြည်နယ်၊ တိုင်း (သို့မဟုတ်) မြို့နယ်စု (သို့မဟုတ်) မြို့နယ် (သို့မဟုတ်) ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများကို ဆိုသည်။ ထိုစကားရပ်တွင် မြို့နယ်စုကော်မရှင်အဖွဲ့ခွဲအဖြစ်ဆောင်ရွက်ရန် ကော်မရှင်က ပြည်နယ် (သို့မဟုတ်) တိုင်း ကော်မရှင်အဖွဲ့ခွဲဝင်များဖြင့် ဖွဲ့စည်းပေးသော ကော်မရှင်အဖွဲ့ခွဲလည်း ပါဝင်သည်။

(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဆိုသည်။

(င) **မဲဆန္ဒနယ်** ဆိုသည်မှာ လွှတ်တော်မဲဆန္ဒနယ်ကို ဆိုသည်။

(စ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ လွှတ်တော်သို့ရွေးကောက်တင်မြှောက်ခြင်းခံရသူကို ဆိုသည်။

(ဆ) **သာသနာ့ဝန်ထမ်း** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များကို ဆိုသည်။

(၁) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာ သာသနာ့ဝန်ကိုထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်၊ မယ်သီလ၊ ရသေ့နှင့် ရသေ့မ၊

**ရှင်းလင်းချက်။ သာသနာ့ဝန်ထမ်းဟုဆိုရာတွင် သာသနာရေးဆိုင်ရာ ရဟန်း (သို့မဟုတ်) သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူထားဆဲကာလအဖို့ သက်ဆိုင်စေရမည်။**

(၂) ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန်သာသနာ့ဝန်ကိုထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကို ဆက်ကပ်ထားပြီးပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန်အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော (သို့မဟုတ်) တာဝန်ပေးထားခြင်းခံရသော ပုဂ္ဂိုလ်များဖြစ်စေ၊ မိမိတို့ကိုးကွယ်ရာဘာသာအရ ဂိုဏ်းချုပ်၏ အုပ်ချုပ်ခြင်းကို မိမိဆန္ဒအလျောက် လက်ခံ၍ ဘာသာရေးစည်းမျဉ်းဖြင့်လည်းကောင်း၊ အဓိဋ္ဌာန်ပြုချက်ဖြင့်လည်းကောင်း စည်းရုံးထားသော ပုဂ္ဂိုလ်တစုတွင်ဖြစ်စေ၊ အဖွဲ့အစည်းတွင်ဖြစ်စေ ပါဝင်သောပုဂ္ဂိုလ်များ။

(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် စံယာစီ၊ မဟန့် (သို့မဟုတ်) ဟိန္ဒူဘုန်းတော်ကြီးများ။

(ဇ) **မဲစာရင်း** ဆိုသည်မှာ ရွေးကောက်ပွဲအတွက် သတ်မှတ်ထားသော မဲဆန္ဒနယ်များတွင်ရှိသည့်

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကိုဆိုသည်။

(ဈ) **ထောင်ဒဏ်ကျခံနေရသူများ** ဆိုသည်မှာ တရားရုံးတခုခု၏ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူများကို ဆိုသည်။ ထိုစကားရပ်တွင် သက်ဆိုင်ရာတရားရုံး၏ ထောင်ဒဏ်စီရင်ချက်ကို မကျေနပ်၍ အယူခံဝင်ထားသော ထောင်ဒဏ်ကျခံဆဲသူများလည်း ပါဝင်သည်။

(ည) **မဲရုံအဖွဲ့** ဆိုသည်မှာ မဲဆန္ဒနယ်တနယ်အတွင်းရှိ မဲရုံတရုံ၌ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ စုပေါင်းတာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက တာဝန်ပေးအပ်ထားသော အဖွဲ့ကို ဆိုသည်။

(ဋ) **မဲရုံမှူး** ဆိုသည်မှာ မဲရုံအဖွဲ့အားကြီးမှူးသော ပုဂ္ဂိုလ်ကိုဆိုသည်။

(ဌ) **ရွေးကောက်မှုဆိုင်ရာအခွင့်အရေး** ဆိုသည်မှာ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သော အခွင့်အရေး (သို့မဟုတ်) မပါဝင် မယှဉ်ပြိုင်ဘဲနေနိုင်သော အခွင့်အရေး (သို့မဟုတ်) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ နုတ်ထွက်နိုင်သော အခွင့်အရေး (သို့မဟုတ်) ရွေးကောက်ပွဲတွင် မဲပေးနိုင်သောအခွင့်အရေး (သို့မဟုတ်) မဲမပေးဘဲနေနိုင်သော အခွင့်အရေးကို ဆိုသည်။

(ဍ) **တရားမဲ့ပြုကျင့်မှု** ဆိုသည်မှာ ဤဥပဒေအခန်း (၁၃) တွင် ဖော်ပြထားသော ပြုကျင့်မှုတခုခုကို ဆိုသည်။

## အခန်း (၂)
## လွှတ်တော်ဖွဲ့စည်းခြင်း

၃။ လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

## အခန်း (၃)
## မဲဆန္ဒနယ်များသတ်မှတ်ခြင်း

၄။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်များသည် နောက်ဆက်တွဲဇယားတွင်သတ်မှတ်ထားသည့်အတိုင်း ဖြစ်သည်။ သို့ရာတွင် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြေညာခြင်းမပြုမီ အစိုးရအဖွဲ့က မြို့နယ်တမြို့နယ်အတွင်းရှိ နယ်မြေအချို့ကိုဖြစ်စေ၊ နီးစပ်ရာမြို့နယ်များအတွင်းရှိ နယ်မြေများ ကိုပေါင်းစပ်၍ဖြစ်စေ မြို့နယ်တမြို့နယ်အဖြစ် အသစ်သတ်မှတ်ဖွဲ့စည်းလျှင် မူလမြို့နယ်တွင်လည်းကောင်း၊ အသစ် သတ်မှတ်ဖွဲ့စည်းသည့် မြို့နယ်တွင်လည်းကောင်း မဲဆန္ဒနယ်အနည်းဆုံး တနယ်ရရှိစေရန် နောက်ဆက်တွဲဇယားပါ မဲဆန္ဒနယ်အရေအတွက်ထက်ကျော်လွန်စေကာမူ ကော်မရှင်က သင့်လျော်သလို သတ်မှတ်ပေးနိုင်သည်။

၅။ မဲဆန္ဒနယ်တနယ်တွင် လွှတ်တော်ကိုယ်စားလှယ်တဦးစီ ရွေးကောက်တင်မြှောက်ရမည်။

## အခန်း (၄)
## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

၆။ အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများ။

(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူများ။

၇။ အောက်ပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ ...

(က) သာသနာ့ဝန်ထမ်းများ။

(ခ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ များ။

(ဂ) ပြစ်မှုတခုခုကြောင့် တရားရုံး၏အမိန့်၊ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူများ။

(ဃ) နိုင်ငံခြားသားများ။

## အခန်း (၅)

## ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ

၈။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသည့် နိုင်ငံသားများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး၊ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

(က) ရွေးကောက်တင်မြှောက်ခံနိုင်ရေးအတွက် အမည်စာရင်းတင်သွင်းလွှာ တင်သွင်းချိန်တွင် ...

(၁) အသက် (၂၁) နှစ်ပြည့်ပြီး၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သူများ။

(၂) မိဘနှစ်ပါးလုံး နိုင်ငံသားဖြစ်ပြီးသူများ၊ သို့မဟုတ် မိဘနှစ်ပါးလုံး ကွယ်လွန်ပြီးစေကာမူ ယင်းတို့အသက်ရှင်လျက်ရှိပါက၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ နိုင်ငံသားအလိုအလျောက်ဖြစ်ခွင့်ရှိသူများ၊ (သို့မဟုတ်) မိဘနှစ်ပါးကွယ်လွန်ချိန်တွင် ယင်းမိဘနှစ်ပါးလုံး နိုင်ငံသားဖြစ်ပြီးသူများ၊ (သို့မဟုတ်) မိဘတပါးသည် တိုင်းရင်းသားဖြစ်၍ ကျန်မိဘတပါးသည် မြန်မာနိုင်ငံသား ဥပဒေပြဋ္ဌာန်းခြင်းမပြုမီ ကွယ်လွန်ခြင်းဖြစ်လျှင် ယင်းသို့ ကွယ်လွန်ချိန်တွင် နိုင်ငံသားအဖြစ် လျှောက်ထားရယူခွင့်ရှိသူများ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ။

(ဂ) မဲစာရင်းတွင် ပါဝင်သူများ။

၉။ ရွေးကောက်တင်မြှောက်ပိုင်ခွင့်ရှိသူတဦးသည် တသီးပုဂ္ဂလအဖြစ်ဖြင့်ဖြစ်စေ၊ နိုင်ငံရေးပါတီတခု၏ ပါတီဝင်အဖြစ်ဖြင့်ဖြစ်စေ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

၁၀။ အောက်ပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ပိုင်ခွင့် မရှိစေရ ...

(က) သာသနာ့ဝန်ထမ်းများ။

(ခ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) ပြစ်မှုတခုခုကြောင့် တရားရုံး၏အမိန့်၊ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူများ။

(ဃ) ပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ပါ မိဘများမှ မွေးဖွားခြင်းမဟုတ်သော နိုင်ငံသားများ။

(င) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရှိသေသူများ၊ (သို့မဟုတ်) နိုင်ငံခြား အစိုးရ၏လက်အောက်ခံဖြစ်သူများ၊ (သို့မဟုတ်) ထိုအစိုးရ၏ နိုင်ငံသားဖြစ်သူများ၊ (သို့မဟုတ်) ထိုအစိုး ရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ နိုင်ငံသားသော်လည်းကောင်း၊ ခံစားရသောအခွင့်

အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ။

(စ) ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် နိုင်ငံခြားသားများ။

(ဆ) တည်ဆဲဥပဒေ တရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင်များ။

(ဇ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင်များ၊ တော်လှန်ပုန်ကန်ရန် ယင်းအဖွဲ့အစည်းများ၊ သို့မဟုတ် အဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသောအထောက်အထားရှိသည့်ပုဂ္ဂိုလ်များ။

(ဈ) နိုင်ငံတော်ပိုင်ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ၊ ရယူသုံးစွဲသည့်ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းဝင်များ။

**ခြွင်းချက်။ ။ (၁) နိုင်ငံတော်ပိုင်ငွေကြေးဟူသောစကားရပ်တွင် အငြိမ်းစားလစာငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက်ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်ကတရားဝင်ထောက်ပံ့ချီးမြှင့်ထားသော ငွေကြေးသော်လည်းကောင်း မပါဝင်။**

**(၂) နိုင်ငံတော်ပိုင် အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသောစကားရပ်တွင် နိုင်ငံတော်က ဥပဒေတရပ်ရပ်အရ သုံးစွဲခွင့်ပြုထားသော (သို့မဟုတ်) နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းနေထိုင်သော အိုးအိမ်ဦးစီးဌာနပိုင်အဆောက်အအုံနှင့်အခန်းများ၊ နိုင်ငံတော်ပိုင်အခြားအဆောက်အအုံနှင့် အခန်းများ၊ နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ် စသည်များ၊ ပစ္စည်းများမပါဝင်။**

(ည) နိုင်ငံခြားတိုင်းပြည်တခုခု၏ အစိုးရ (သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်း (သို့မဟုတ်) အခြားအဖွဲ့အစည်းတခုခုမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ၊ ရယူသုံးစွဲသည့် ပုဂ္ဂိုလ်၊ (သို့မဟုတ်) အဖွဲ့အစည်းဝင်များ။

(ဋ) နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကိုအကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း၊ ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသော ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းဝင်များ။

(ဌ) တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း အသီးသီး၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် နိုင်ငံတော်ဘဏ္ဍာငွေမှ လစာခံစားကြသော အခြားဝန်ထမ်းများ။

**မှတ်ချက်။ ယင်းဝန်ထမ်းများတွင် အငြိမ်းစားယူထားသော ပုဂ္ဂိုလ်များမပါဝင်။**

၁၁။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် အောက်ပါတခုခုနှင့် ငြိစွန်းလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ ...

(က) သာသနာ့ဝန်ထမ်းအဖြစ်သို့ အမြဲတမ်းကူးပြောင်းသွားခြင်း။

(ခ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရခြင်း။

(ဂ) သက်ဆိုင်ရာဥပဒေအရ နိုင်ငံသားအဖြစ်မှ ရပ်စဲသွားကြောင်း သတ်မှတ်ခံရခြင်း။

(ဃ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရှိသေသူ၊ (သို့မဟုတ်) နိုင်ငံခြားအစိုးရ၏လက်အောက်ခံဖြစ်သူ၊ (သို့မဟုတ်) ထိုအစိုးရ၏နိုင်ငံသားဖြစ်သူ၊ (သို့မဟုတ်) ထိုအစိုးရ၏လက်

အောက်ခံဖြစ်သူသော်လည်းကောင်း၊ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူဟု ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ခံရခြင်း။

(င) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာကနုတ်ထွက်ခွင့်ပြုခြင်း။

(စ) ပုဒ်မ (၈)၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)ပါ မိဘများမှ မွေးဖွားခြင်းမဟုတ်သော နိုင်ငံသားအဖြစ် သက်ဆိုင်ရာက သတ်မှတ်ခြင်း။

(ဆ) ပုဒ်မ (၁၀)၊ ပုဒ်မခွဲ (ဆ) သို့မဟုတ် (ဇ) ပါ ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်း၏အဖွဲ့ဝင်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ခံရခြင်း။

(ဇ) ပုဒ်မ (၁၀)၊ ပုဒ်မခွဲ (ဈ)၊ (ည) (သို့မဟုတ်) (ဋ) ပါ ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းတရပ်၏ အဖွဲ့အစည်းဝင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း။

(ဈ) ပုဒ်မ (၁၀)၊ ပုဒ်မခွဲ (ဋ) ပါ ဝန်ထမ်းဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲက အကြောင်းကြားခြင်း။

## အခန်း (၆)
## မဲစာရင်းပြုစုခြင်း

၁၂။ (က) လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းကို ကော်မရှင်ကပြုစုရမည်။

(ခ) မဲစာရင်းများပြုစုခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်သည် ကော်မရှင်အဖွဲ့ခွဲများကို တာဝန်ပေး၍ ဆောင်ရွက်စေနိုင်သည်။

၁၃။ (က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တနယ်တွင်နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက်တဆယ့်ရှစ်နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။

(ခ) တပ်မတော်သားများ၊ နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ သံရုံးအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပညာတော်သင်များနှင့် အိမ်ထောင်စုဝင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများနှင့် အိမ်ထောင်စုဝင်များကို ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။

၁၄။ (က) မဲဆန္ဒနယ်တနယ်၏ မဲစာရင်းတွင် အမည်ပါဝင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတဦးသည် မဲဆန္ဒနယ်တနယ်၏မဲစာရင်းမှ အခြားမဲဆန္ဒနယ်၏မဲစာရင်းသို့ ခိုင်လုံသောအကြောင်းပြချက်ဖြင့် အမည်ပြောင်းရွှေ့လိုလျှင် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားနိုင်သည်၊

(ဂ) မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတအခုမှ အပ အခြားမဲဆန္ဒနယ်၏မဲစာရင်းများ၌ တချိန်တည်းတွင် အမည်စားရင်ပါဝင်ခြင်းမရှိစေရ။

၁၅။ မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲမကျင်းပမီ ဆန္ဒမဲပေးပိုင်ခွင့်ရရှိသူများ၏ အမည်စာရင်းကို သတ်မှတ်ထား

သည့်အတိုင်း ကြိုတင်ကြေညာရမည်။

၁၆။ (က) ဤဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတဦးသည် သက်ဆိုင်ရာမဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်းမရှိလျှင် သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ မိမိအမည်ထည့်သွင်းပေးရန် သတ်မှတ်ထားသည့်အတိုင်း တောင်းဆိုလွှာကိုတင်သွင်းနိုင်သည်။

(ခ) သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက အမည်ထည့်သွင်းပေးခြင်းမရှိခဲ့လျှင် သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံခွင့်ရှိသည်။ ယင်းကော်မရှင်အဖွဲ့ခွဲ၏ဆုံးဖြတ်ချက်သည် ပုဒ်မ (၄၅) ပါ ပြဋ္ဌာန်းချက်များမှတပါး အပြီးပြတ်ဖြစ်စေရမည်။

၁၇။ (က) မဲစာရင်းတွင် ယင်းမဲဆန္ဒနယ်၌ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူတဦး၏ အမည်ပါဝင်နေကြောင်း ယင်းမဲစာရင်း၌ပါဝင်သူတဦးက ကန့်ကွက်လိုလျှင် သက်ဆိုင်ရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

(ခ) သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ယင်းအမည်ကို မဲစာရင်းမှ ပယ်ဖျက်ပေးခြင်းမရှိခဲ့လျှင် သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့သို့ အယူခံခွင့်ရှိသည်။ ယင်းကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် ပုဒ်မ (၄၅) ပါပြဋ္ဌာန်းချက်များမှတပါး အပြီးအပြတ်ဖြစ်စေရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၌ အယူခံမှုမပြီးပြတ်သေးသော်လည်း မဲစာရင်းတွင် အမည်ပါရှိပြီးဖြစ်သောသူအား မဲမပေးရဟုမတားမြစ်ရ။ ယင်းအခွင့်အရေးအရ ပေးပြီးဖြစ်သောဆန္ဒမဲသည်လည်း တရားဝင်ဖြစ်စေရမည်။

၁၈။ မဲစာရင်းတွင်ပါဝင်ခွင့်ရှိလျက်နှင့် ပါဝင်ခြင်းမရှိကြောင်းတွေ့ရှိလျှင် ထိုအမည်များကို နောက်ဆက်တွဲမဲစာရင်းတွင် ထည့်သွင်းပေးခြင်း (သို့မဟုတ်) မဲစာရင်းတွင်ပါခွင့်မရှိဘဲပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ပေးခြင်းကို ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က ဆောင်ရွက်ရမည်။

## အခန်း (၇)
## လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း နှင့် ရွေးကောက်ပွဲကိုယ်စားလှယ် ခန့်ထားခြင်း

၁၉။ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသူတဦးသည် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာမြို့နယ်စုကော်မရှင်အဖွဲ့ခွဲသို့ အမည်စာရင်းတင်သွင်းရမည်။

၂၀။ လွှတ်တော်ကိုယ်စားလှယ်လောင်းတဦးသည် တပြိုင်တည်း မဲဆန္ဒနယ်တနယ်ထက်ပို၍ အမည်စာရင်းတင်သွင်းခွင့်မရှိစေရ။

၂၁။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ၏ အမည်စာရင်း တင်သွင်းလွှာသည် သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ၊ လက်ခံရန် သင့် မသင့်ကို သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာ မြို့နယ်စုကော်မရှင်အဖွဲ့ခွဲက စိစစ်ရမည်။

၂၂။ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူတဦးသည် သတ်မှတ်ထားသည့်အတိုင်း မိမိ၏အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းခွင့်ရှိသည်။

၂၃။ ပုဒ်မ (၂၁) အရ သက်ဆိုင်ရာ မြို့နယ်စုကော်မရှင်အဖွဲ့ခွဲက စိစစ်သည့်အချိန်တွင် ...

(က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည်

မိမိ တင်ပြလိုသော အထောက်အထားများကို တင်ပြခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း၊ (သို့မဟုတ်) ရွေးကောက်တင်မြှောက်ပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိကြောင်းကို ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတဦးဦးက လုံလောက်သော အထောက်အထားများတင်ပြ၍ သတ်မှတ်ထားသည့်အတိုင်း ကန့်ကွက်နိုင်သည်။

၂၄။ သက်ဆိုင်ရာ မြို့နယ်စုကော်မရှင်အဖွဲ့ခွဲသည် သတ်မှတ်ထားသည့်အတိုင်း စိစစ်ပြီးနောက် အောက်ပါ အမိန့်တရပ်ရပ်ကို ချမှတ်နိုင်သည် ...

(က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူအား ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် သတ်မှတ်ကြေညာခြင်း။

(ခ) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူအား ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူအဖြစ် သတ်မှတ်ကြေညာခြင်း။

၂၅။ ပုဒ်မ (၂၄) အရ ချမှတ်သည့်အမိန့်ကိုမကျေနပ်သူသည် သက်ဆိုင်ရာ ပြည်နယ် (သို့မဟုတ်) တိုင်းကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း အယူခံခွင့်ရှိသည်။ ယင်းပြည်နယ် (သို့မဟုတ်) တိုင်းကော်မရှင်အဖွဲ့ခွဲ၏ဆုံးဖြတ်ချက်သည် ပုဒ်မ (၄၅) ပါ ပြဋ္ဌာန်းချက်များမှတပါး အပြီးအပြတ်ဖြစ်စေရမည်။

၂၆။ ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည် သတ်မှတ်ထားသည့်အတိုင်း မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူတဦးကိုဖြစ်စေ မိမိ၏ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားရမည်။

၂၇။ (က) ဤဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်း နှင့်ပြည့်စုံသူကိုသာလျှင် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်ခန့်ထားရမည်။ ယင်းသို့ခန့်ထားရာတွင် ထိုသူ၏ သဘောတူညီချက်ဖြင့်သာ ခန့်ထားရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့်ရွေးကောက်ပွဲကိုယ်စားလှယ် နုတ်ထွက်လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင် ဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခံရလျှင်ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ် လောင်းသည် ရွေးကောက်ပွဲကိုယ်စားလှယ်၏အဖြစ် အခြားသူတဦးအား ထပ်မံခန့်ထားနိုင်သည်။

## အခန်း (၈)
## ဆန္ဒမဲပေးခြင်း

၂၈။ ကော်မရှင်သည် ...

(က) ရွေးကောက်ပွဲများကိုဖြစ်နိုင်သရွေ့တပြိုင်နက် တနေ့တည်းကျင်းပရမည်။

(ခ) ရွေးကောက်ပွဲများကို ဖြစ်နိုင်သရွေ့ အများပြည်သူတို့၏ အလုပ်ပိတ်ရက်တွင်ကျင်းပရမည်။

(ဂ) ရွေးကောက်ပွဲကျင်းပမည့်နေရက်ကို ကြိုတင်၍သတ်မှတ်ကြေညာရမည်။

၂၉။ လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်ရမည်။

၃၀။ ကော်မရှင်သည် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအလိုက်ထားရှိမည့် မဲရုံအရေအတွက်ကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေနှင့် ဒေသအခြေအနေကိုမူတည်၍ သင့်လျော်သလို သတ်မှတ်နိုင်သည်။ (သို့မဟုတ်) ပြည်နယ် (သို့မဟုတ်)

တိုင်းကော်မရှင်အဖွဲ့ခွဲများအား တာဝန်ပေးအပ်နိုင်သည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအား မဲရုံနေရာများ သတ်မှတ်ရန် တာဝန်ပေးအပ်နိုင်သည်။

၃၁။ မဲရုံများကို အများပြည်သူတို့ အလွယ်တကူလာရောက်ဆန္ဒမဲပေးနိုင်သောနေရာများ၌ လျှို့ဝှက်ဆန္ဒမဲပေးမှုကို မထိခိုက်စေရန် လုံခြုံစွာစီစဉ်ထားရှိရမည်။ မဲရုံများတည်ရှိသည့်နေရာကို အများပြည်သူတို့သိရှိစေရန် ကြိုတင်ကြေညာရမည်။

၃၂။ မဲဆန္ဒနယ်အသီးသီးရှိမဲရုံများကို ကြီးကြပ်ကွပ်ကဲရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက ...

(က) ဝန်ထမ်းများထဲမှ သင့်လျော်သူများကို မဲရုံမှူးများအဖြစ်ခန့်အပ်ရမည်။

(ခ) မဲရုံအဖွဲ့များကို ဖြစ်နိုင်သရွေ့ ဝန်ထမ်းများနှင့် ဒေသခံအများပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရသောနိုင်ငံသား၊ ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူများဖြင့် သတ်မှတ်ထားသည့်အတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဂ) မဲရုံအဖွဲ့များနှင့် မဲရုံမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် သတ်မှတ်ပေးရမည်။

၃၃။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်အတွင်းရှိ မဲရုံအသီးသီး၌ မိမိကိုယ်စားဆောင်ရွက်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးသည် မဲရုံကိုယ်စားလှယ်တဦးနှင့် အကူကိုယ်စားလှယ်တဦးစီကို သတ်မှတ်ထားသည့်အတိုင်း ခန့်ထားနိုင်သည်။ ယင်းမဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်စေရမည်။

၃၄။ (က) မဲဆန္ဒနယ်တနယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တဦးတည်းသာရှိလျှင် ယင်းမဲဆန္ဒနယ်အတွင်း ရွေးကောက်ပွဲကျင်းပခြင်းမပြုတော့ဘဲ ထိုပုဂ္ဂိုလ်အား လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကော်မရှင်ကကြေညာရမည်။

(ခ) မဲဆန္ဒနယ်တနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တဦးထက်ပို၍ရှိခဲ့လျှင် မဲပုံးနှင့် ဆန္ဒမဲလက်မှတ်များကို နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်အတိုင်း ပြုလုပ်စီစဉ်၍ ဆန္ဒမဲပေးစေရမည်။

၃၅။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများကို နံနက် (၆) နာရီမှ ညနေ (၄) နာရီအထိ ဖွင့်လှစ်ထားရမည်။ သို့ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါက မဲရုံများကို ညနေ (၄) နာရီထက်စော၍ ပိတ်နိုင်သည်။

၃၆။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲရုံအသီးသီး၌ ဆန္ဒမဲလက်မှတ်များကို ကိုယ်တိုင်လာရောက်ထုတ်ယူရမည်။ သက်ဆိုင်ရာမဲပုံးအတွင်းသို့ ယင်းဆန္ဒမဲလက်မှတ်ကို ကိုယ်တိုင်ထည့်ရမည်။ မည်သူမျှ ကိုယ်စား လှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်းမပြုရ။

၃၇။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတဦးသည် ရွေးကောက်ပွဲတခုတွင် ...

(က) ဆန္ဒမဲတမဲသာ ပေးပိုင်ခွင့်ရှိသည်။

(ခ) တကြိမ်ထက်ပို၍ ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ။

၃၈။ (က) သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပသို့ရောက်နေသော တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ ဝန်ထမ်းများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံရှိအတွင်းလူနာများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့က စီစဉ်ပေးရမည်။

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတဦးသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည်စာရင်းပါဝင်သော မဲဆန္ဒနယ်မှကျော်လွန်၍ ခရီးဝေးသွားလာရန်ရှိလျှင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်

ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်။

(ဂ) မဲဆန္ဒနယ်အတွင်းရှိသော်လည်း အောက်ပါအကြောင်းတခုခုကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သူများသည် ဆန္ဒမဲပေးလိုလျှင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည် ...

(၁) အနာကြီးရောဂါစွဲကပ်နေခြင်း၊

(၂) ရောဂါဝေဒနာပြင်းထန်စွာခံစားနေရခြင်း၊

(၃) အသက်အရွယ်ကြီးရင့်နေခြင်း၊

(၄) နေအိမ်တွင်မီးဖွားနေခြင်း၊

(၅) ရဲအချုပ်စခန်း (သို့မဟုတ်) အကျဉ်းစခန်းတွင် အချုပ်ခံနေရခြင်း၊

(၆) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရခြင်း၊

(၇) ဝန်ထမ်း (သို့မဟုတ်) တပ်တော်သား (သို့မဟုတ်) ရဲတပ်ဖွဲ့ဝင်တဦးသည် မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ သွားရောက်တာဝန်ထမ်းဆောင်ရခြင်း။

(ဃ) ကြိုတင်ဆန္ဒမဲလက်မှတ် (သို့မဟုတ်) ဆန္ဒမဲလက်မှတ်တွင် မိမိကိုယ်တိုင်ရေးသွင်းရန် အခက်အခဲရှိသူများအတွက် ဆန္ဒပြုရမည့်နည်းလမ်းကို နည်းဥပဒေများဖြင့် သတ်မှတ်ပေးရမည်။

၃၉။ (က) ရွေးကောက်ပွဲကျင်းပသည့်အချိန်၌ နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပညာတော်သင်များနှင့် အိမ်ထောင်စုဝင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသောသူများနှင့် အိမ်ထောင်စုဝင်များက သက်ဆိုင်ရာမဲဆန္ဒနယ်များအတွက် ကြိုတင်၍ဆန္ဒမဲပေးနိုင်ရန် ကော်မရှင်ကစီစဉ်ပေးရမည်။

(ခ) နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်၍ဆန္ဒမဲပေးနိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆက်သွယ် ဆောင်ရွက်ပေးရမည်။

## အခန်း (၉)
## ဆန္ဒမဲရေတွက်ခြင်းနှင့် အတည်ပြုကြေညာခြင်း

၄၀။ (က) ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိနှင့်သက်ဆိုင်သော မဲရုံအသီးသီးနှင့် ပတ်သက်သည့် ပုဒ်မ ၃၈ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် အမည်စာရင်းများကို ရွေးကောက်ပွဲ ကျင်းပသောနေ့တွင် မဲရုံမဖွင့်မီ သက်ဆိုင်ရာမဲရုံမှူး၏လက်ဝယ်သို့ အရောက်ပေးပို့ရမည်။

(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲပေးခြင်း ပြီးပြတ်လျှင်ပြီးပြတ်ချင်း မဲရုံမှူးကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်သော မဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ရေတွက်ရမည်။ ဆန္ဒမဲများ ရေတွက်ရာတွင် ခိုင်လုံသောဆန္ဒမဲနှင့် မခိုင်လုံသောဆန္ဒမဲများကို နည်းဥပဒေများနှင့်အညီခွဲခြား၍ ရေတွက်ရမည်။

ရေတွက်ရရှိသောအဆန္ဒမဲအရေအတွက်ကို သတ်မှတ်သည့်အတိုင်း စာရင်းပြုစုပြီး ဆန္ဒမဲစာရင်းဇယားများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မိတ္တူတစောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ဂ) ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိနယ်မြေအတွင်းရှိ မဲရုံမှူးများက သတ်မှတ်ထားသည့်အတိုင်း ပြုစုထားသောဆန္ဒမဲစာရင်းဇယားများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အချိန်မီရောက်ရှိစေရန် အမြန်ဆုံးပေးပို့ရေးအတွက် လိုအပ်သလိုကြီးကြပ်ဆောင်ရွက်ရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ (၄) နာရီမတိုင်မီ မိမိလက်ဝယ်သို့ရောက်ရှိနေသော ပုဒ်မ ၃၈ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၉ ပုဒ်မခွဲ (က)တို့အရ ဆန္ဒပြုထားသည့်ကြိုတင်ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ (သို့မဟုတ်) ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများပြည်သူရှေ့မှောက်၌ရေတွက်ပြီး သက်ဆိုင်ရာဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်း လွှတ်တော်မဲဆန္ဒနယ် တနယ်စီအတွက် ပေါင်းရုံးစုစည်းရမည်။

၄၁။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်တနယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော် ကိုယ်စားလှယ်လောင်း တဦးထက်ပို၍ရှိခဲ့လျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသောဆန္ဒမဲအရေအတွက်ကို ကြေညာရမည်။ ဆန္ဒမဲအများဆုံးရရှိသူကို ရွေးကောက်တင်မြှောက်ခံရသူအဖြစ် ကော်မရှင်ကသတ်မှတ်ကြေညာနိုင်ရန်လည်းကောင်း၊ ဆန္ဒမဲအရေအတွက်တူညီနေလျှင် ရွေးကောက်ပွဲထပ်မံကျင်းပနိုင်ရေးအတွက်လည်းကောင်း မြို့နယ်စုကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးတင်ပြရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ပုဒ်မခွဲ (က) အရ တင်ပြချက်ကိုရရှိလျှင် မြို့နယ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိတို့၏သဘောထားမှတ်ချက်နှင့်အတူ ကော်မရှင်သို့ အမြန်ဆုံးဆက်လက်တင်ပြရမည်။ မိတ္တူတစောင်ကို ပြည်နယ် (သို့မဟုတ်) တိုင်းကော်မရှင်အဖွဲ့ခွဲသို့တင်ပြရမည်။

(ဂ) ကော်မရှင်သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ပုဒ်မခွဲ (ခ) နှင့်အညီ ပေးပို့သည့်စာရင်းများအရ ရွေးကောက်တင်မြှောက်ခံရသူကို ကြေညာရမည်။ ဆန္ဒမဲအရေအတွက်တူညီနေကြောင်း ပုဒ်မခွဲ (က) အရတင်ပြလာလျှင် ရွေးကောက်ပွဲထပ်မံကျင်းပရေးနှင့်စပ်လျဉ်း၍ ကော်မရှင်ကညွှန်ကြားသည့်အတိုင်း မြို့နယ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရမည်။ အများဆုံးရရှိသော ဆန္ဒမဲအရေအတွက်တူညီနေသဖြင့် ရွေးကောက်ပွဲထပ်မံကျင်းပပေးရန်ဖြစ်လျှင် ထိုဆန္ဒမဲတူညီနေသူများသာလျှင် ယှဉ်ပြိုင်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

## အခန်း (၁၀)
## ကော်မရှင်၏လုပ်ပိုင်ခွင့်များ

၄၂။ ကော်မရှင်သည် ...

(က) သဘာဝဘေးအန္တရာယ်တခုခုကြောင့် ရွေးကောက်ပွဲမကျင်းပနိုင်သော မဲဆန္ဒနယ်များတွင် ယင်းဘေးအန္တရာယ်ကင်းရှင်းပြီးသည်အထိ၊ ရွေးကောက်ပွဲကိုရွှေ့ဆိုင်းနိုင်သည်။

(ခ) မဲဆန္ဒနယ်တနယ်၌ ရွေးကောက်ပွဲကျင်းပရေးအတွက် မဲစာရင်းပြုစုရန်သော်လည်းကောင်း၊ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ လုံခြုံမှုအခြေအနေမရှိလျှင် ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကို

ရွှေ့ဆိုင်းနိုင်သည်။

(ဂ) လွှတ်တော်မဲဆန္ဒနယ်တနယ်တွင်ပါဝင်သော အချို့ဒေသများ၌ ရွေးကောက်ပွဲများကျင်းပရန် အခြေအနေရှိပြီး၊ အချို့ဒေသများ၌ ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိလျှင် ရွေးကောက်ပွဲကျင်းပရန် အခြေအနေရှိသောဒေသများ၌ ရွေးကောက်ပွဲကျင်းပရန်သော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသောဒေသများ၌ ရွေးကောက်ပွဲ ကျင်းပခြင်းမပြုရန်သော်လည်းကောင်း၊ မဲရုံများကို လုံခြုံမှုရှိသော နေရာများသို့ ပြောင်းရွှေ့ကျင်းပရန်သော်လည်းကောင်း၊ ဆုံးဖြတ်နိုင်သည်။ သို့ရာတွင် မဲစာရင်းအရ မဲဆန္ဒရှင်အားလုံး၏ (၅၁) ရာခိုင်နှုန်းက ဆန္ဒမဲပေးပြီးဖြစ်လျှင် ထမြောက်သော ရွေးကောက်ပွဲအဖြစ် သတ်မှတ်နိုင်သည်။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပရန်မဖြစ်နိုင်ဟု ကော်မရှင်ကယူဆလျှင် ယင်းမဲဆန္ဒနယ်တနယ်လုံး၏ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည်။

၄၃။ ရွေးကောက်ပွဲများရွှေ့ဆိုင်းခြင်း၊ မဲရုံများကို လုံခြုံမှုရှိသောနေရာများသို့ ပြောင်းရွှေ့ကျင်းပခြင်းနှင့်စပ်လျဉ်းသည့်လုပ်ပိုင်ခွင့်ကို ကော်မရှင်က ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ သင့်လျော်သလို လွှဲအပ်နိုင်သည်။

၄၄။ လွှတ်တော်ကိုယ်စားလှယ်လောင်း တဦးသာရှိသည့်၊ မဲဆန္ဒနယ်တနယ်တွင် ရွေးကောက်ပွဲမကျင်းပမီ၊ ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်း ကွယ်လွန်လျှင်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းသည့်အဆင့်မှစ၍ ပြန်လည်ဆောင်ရွက်ရမည်။

၄၅။ ရွေးကောက်ပွဲကိစ္စအတွက် ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်သည် မိမိ၏သဘောဆန္ဒအလျောက် သက်ဆိုင်ရာအမှုတွဲ၊ စာရွက်စာတမ်းများကို တောင်းခေါ်ကြည့်ရှု၍ လိုအပ်သလိုအဆုံးအဖြတ်ချမှတ်နိုင်သည်။ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၄၆။ ကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်။

## အခန်း (၁၁)
## ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် ကုန်ကျစရိတ်များ

၄၇။ ရွေးကောက်ပွဲကိုယ်စားလှယ်သည် သက်ဆိုင်ရာရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်များကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျထိန်းသိမ်းထားရှိရမည်။ ယင်းကုန်ကျစရိတ်စာရင်းကို သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ သက်ဆိုင်ရာ မြို့နယ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။

၄၈။ ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်အများဆုံးနှုန်းထားသည်လည်းကောင်း၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် အခကြေးငွေဖြင့်ဆောင်ရွက်သူဦးရေသည်လည်းကောင်း၊ နည်းဥပဒေများဖြင့် သတ်မှတ်သည့်အတိုင်းဖြစ်သည်။

## အခန်း (၁၂)
## ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များ

၄၉။ (က) ရွေးကောက်ပွဲများတွင် ပုဂ္ဂိုလ်တဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်းမပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြား

ခြင်း၊ လာဘ်ပေးခြင်း (သို့မဟုတ်) လာဘ်ယူခြင်းတို့ကို မည်သူမျှမပြုရ၊

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တခုခုကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်တနှစ်အထိဖြစ်စေ၊ ကျပ်နှစ်ထောင်အထိငွေဒဏ်ကိုဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

၅၀။ မည်သူမျှ အောက်ပါတားမြစ်ချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ၊ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်တနှစ်အထိဖြစ်စေ၊ ကျပ်နှစ်ထောင်အထိ ငွေဒဏ်ကိုဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည် ...

(က) ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို မတရားသဖြင့်ရရှိစေရန်သော်လည်းကောင်း၊ ယင်းအခွင့်အရေးကိုရရှိခဲ့ခြင်းအတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့်သော်လည်းကောင်း၊ ငွေ၊ ကုန်ပစ္စည်း၊ အစားအသောက်၊ ရာထူး၊ အလုပ်အကိုင်နေရာပြောင်းရွှေ့မှုစသည့် နည်းလမ်းတခုခုကို အသုံးပြုလျက် လာဘ်ပေးခြင်း၊ လာဘ်ယူခြင်း၊

(ခ) ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို လွတ်လပ်စွာမကျင့်သုံးနိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်လောင်းတဦးဦးကိုသော်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတဦးဦးကိုသော်လည်းကောင်း၊ ခြိမ်းခြောက်ခြင်း၊

(ဂ) လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းသို့ ပြုလုပ်ရန်အားပေးလှုံ့ဆော်ခြင်း၊

(ဃ) ဆန္ဒမဲပေးခြင်းကိုပျက်ပြားစေရန် လှုံ့ဆော်ပြောကြားခြင်း၊ စည်းဝေးဟောပြောခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများအသုံးပြုခြင်း။

၅၁။ မည်သူမျှ အောက်ပါတားမြစ်ချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် အခြားသူတဦးဦးအား ဖောက်ဖျက်ကျူးလွန်စေရန် အားပေးကူညီခြင်းမပြုရ၊ ဖောက်ဖျက်ကျူးလွန်ကြောင်း (သို့မဟုတ်) ဖောက်ဖျက်ကျူးလွန်ရန်အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် (၆) လအထိဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ကိုဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည် ...

(က) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသော စာရင်း၊ အကြောင်းကြားစာ (သို့မဟုတ်) အခြားစာရွက်စာတမ်းများကို မရိုးဖြောင့်သောသဘောဖြင့် ဖတ်မရအောင်ပြုလုပ်ခြင်း၊ (သို့မဟုတ်) ဖျက်ဆီးခြင်း၊

(ခ) မဲစာရင်းကိုသော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ်ကိုသော်လည်းကောင်း၊ စာတိုက်မှတဆင့်ပေးပို့ရာတွင် အသုံးပြုသော စာအိတ် (သို့မဟုတ်) အထုပ်ကိုသော်လည်းကောင်း၊ လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဖျက်ဆီးခြင်း (သို့မဟုတ်) ယင်းတို့တွင် ရေးသွင်းထားချက်များကို ဖတ်မရအောင် ပြုလုပ်ခြင်း၊

(ဂ) ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတဦးအား ပေးခြင်း၊

(ဃ) ထည့်ခွင့်ရှိသော ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊

(င) အသုံးပြုဆဲဖြစ်သော မဲပုံးကိုသော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ်ကိုသော်လည်းကောင်း အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်း၊

(စ) ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်တနယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်း၊

(ဆ) ရွေးကောက်ပွဲတခုခုတွင် မဲဆန္ဒနယ်တနယ်အတွက် တကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊
(ဇ) သူတပါးဟန်ဆောင်၍ ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း၊ ဆန္ဒမဲပေးခြင်း၊
(ဈ) ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံအတွင်းသို့ ဝင်ခွင့်မရှိဘဲ ဝင်ရောက်ခြင်း၊
(ည) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း။

၅၂။ မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတဦးဦးကို ဆန္ဒမဲမပေးနိုင်အောင် နှောင့်ယှက်ကြောင်း၊ (သို့မဟုတ်) နှောင့်ယှက်ရန်အားပေးကူညီကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၆) လအထိဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ကိုဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

၅၃။ (က) မည်သူမျှ မဲပေးသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှကိုက်တရာအကွာအတွင်း၌ဖြစ်စေ အောက်ပါတခုခုကို မပြုလုပ်ရ ...

(၁) မဲဆွယ်ခြင်း၊
(၂) မဲဆန္ဒရှင်တဦးဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်းတဦးဦးကို မဲပေးရန်တောင်းဆိုခြင်း၊
(၃) လွှတ်တော်ကိုယ်စားလှယ်လောင်တဦးဦးကို မဲမပေးရန်သော်လည်းကောင်း၊ ရွေးကောက်ပွဲ၌မဲပေးရန်သော်လည်းကောင်း၊ မဲမပေးဘဲနေရန်သော်လည်းကောင်း တိုက်တွန်းသွေးဆောင်ခြင်း။

**ရှင်းလင်းချက်။ ။ ဤပုဒ်မပါကိစ္စအလို့ငှာ မဲရုံမှတပါး အခြားနေရာများတွင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း စသည်တို့ကပ်ထားခြင်း၊ ချိတ်ဆွဲထားခြင်း မပါဝင်။**

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါတားမြစ်ချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၆) လအထိဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

၅၄။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အပါအဝင် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်သောပုဂ္ဂိုလ်သည် အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။ ယင်းပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၆) လအထိဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ကိုဖြစ်စေ၊ ပြစ်ဒဏ် (၂) ရပ်လုံးကိုဖြစ်စေ ကျခံစေရမည် ...

(က) ရွေးကောက်ပွဲများနှင့်သက်ဆိုင်သော စာရင်းဇယားနှင့် မှတ်တမ်းများကို တိကျစွာပြုစု ထိန်းသိမ်းခြင်း။
(ခ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ကူညီစောင့်ရှောက်ခြင်း။
(ဂ) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှတပါး အခြားကိစ္စများနှင့် စပ်လျဉ်း၍ ပေါက်ကြားခြင်းမရှိစေရန် စောင့်ထိန်းခြင်း။
(ဃ) ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတဦးဦးအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်း၊ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ခြင်း၊ ဘက်မလိုက်ခြင်း။

၅၅။ (က) မဲဆန္ဒနယ်အတွင်း ဆန္ဒမဲပေးသည့်နေ့တွင် ဘာသာရေးနှင့်စပ်လျဉ်းသည့်ကိစ္စမှအပ မည်သူမျှ အများပြည်သူတက်ရောက်နိုင်သော အစည်းအဝေးဖိတ်ခေါ်ခြင်း၊ ကျင်းပခြင်းမပြုရ။ ယင်းကဲ့သို့ အစည်း

အဝေးမျိုးကိုလည်း တက်ရောက်ခြင်းမပြုရ။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၆) လအထိဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ကိုဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ကျခံစေရမည်။

၅၆။ (က) မည်သူမျှ ဆန္ဒမဲပေးသည့်နေ့တွင် ဆန္ဒမဲပေးရန်လာရောက်သူများ စိတ်ငြိုငြင်စေရန် (သို့မဟုတ်) မဲရုံတွင် တာဝန်ကျသော မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှကိုက်ငါးရာအတွင်း၌ဖြစ်စေ၊ အသံချဲ့စက်အစရှိသော လူ၏အသံကို ကျယ်အောင်ပြုလုပ်သည့် ကိရိယာတန်ဆာသုံးစွဲခြင်း၊ အော်ဟစ်ခြင်းအစရှိသော စည်းကမ်းမဲ့သည့်အပြုအမူများမပြုရ၊

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တခုခုကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၆) လအထိဖြစ်စေ၊ ကျပ်တထောင်အထိငွေဒဏ်ကိုဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

၅၇။ (က) မည်သူမဆို မဲရုံတွင်ဆန္ဒမဲပေးရန် သတ်မှတ်ထားသောအချိန်နာရီအတွင်း မဲရုံ၌ မဖွယ်မရာသော အမှုကိုပြုလျှင် (သို့မဟုတ်) မဲရုံမှူးက မိမိ၏တာဝန်ဝတ္တရားအရ ပေးသည့်အမိန့်ကို မနာခံလျှင် ထိုသူကို မဲရုံမှူး၏ အမိန့်ဖြင့်သော်လည်းကောင်း၊ မဲရုံမှူး၏အခွင့်အာဏာရ မဲရုံအဖွဲ့ဝင်တဦး၏ အမိန့်ဖြင့်သော်လည်းကောင်း တာဝန်ကျ ပြည်သူ့ရဲတပ်ဖွဲ့ဝင် (သို့မဟုတ်) အခြားလုံခြုံရေးတာဝန်ရှိသူက မဲရုံမှဖယ်ရှားပစ်ရမည်။

(ခ) မဲရုံမှဖယ်ရှားခြင်းခံရသူသည် မဲရုံမှူး၏ခွင့်ပြုချက်မရရှိဘဲ မဲရုံသို့ပြန်ဝင်လာခြင်းကြောင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၆) လအထိဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ကိုဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

၅၈။ ပုဒ်မ ၅၄ အရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို ကော်မရှင် (သို့မဟုတ်) ကော်မရှင်မရှိတော့လျှင် အစိုးရ၏ ခွင့်ပြုမိန့် (သို့မဟုတ်) ဤဥပဒေအလို့ငှာ အစိုးရက အခွင့်အာဏာလွှဲအပ်ထားသည့်ပုဂ္ဂိုလ်၏ ခွင့်ပြုမိန့်ရရှိမှသာ တရားစွဲဆိုရမည်။

၅၉။ မည်သူမဆို ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်စွပ်စွဲတိုင်တန်းကြောင်း ပြစ်မှုထင်းရှာစီရင်ခြင်းခံလျှင် ထိုသူကို ထောင်ဒဏ် (၆) လအထိဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ကို ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

၆၀။ တဦးတယောက်သောသူသည် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့် ပြစ်မှုတခုခုကို ကျူးလွန်သည် (သို့မဟုတ်) ကျူးလွန်ဆဲဖြစ်သည်ကိုတွေ့ရှိလျှင် မဲရုံမှူးသည် ထိုသူကိုဖမ်းဆီးရန် တာဝန်ကျပြည်သူ့ရဲတပ်ဖွဲ့ဝင် (သို့မဟုတ်) အခြားလုံခြုံရေးတာဝန်ရှိသူအား အမိန့်ပေးနိုင်သည်။

၆၁။ ရွေးကောက်ပွဲမှုဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ တဦးဦးကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) လွှတ်တော်ကိုယ်စားလှယ် တဦးဦးကဖြစ်စေ၊ မဲဆန္ဒနယ်အတွက် တာဝန်ယူဆောင်ရွက်ရသော ကော်မရှင်အဖွဲ့ခွဲသို့မဟုတ် မဲရုံအဖွဲ့တခုခုတွင်ပါဝင်သော အဖွဲ့ဝင်တဦးဦးကဖြစ်စေ သက်သေအထောက်အထားခိုင်လုံစွာဖြင့် ရွေးကောက်ပွဲမကျင်းပမီသော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ်သော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပသောနေ့မှ (၁၅) ရက်အတွင်း သော်လည်းကောင်း သက်ဆိုင်ရာမြို့နယ်တရားရုံးသို့ လျှောက်ထားစွဲဆိုနိုင်သည်။

## အခန်း (၁၃)
## တရားမဲ့ပြုကျင့်မှုများ

၆၂။ အောက်ပါတို့သည် တရားမဲ့ပြုကျင့်မှုများဖြစ်သည် ...

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်း တို့တဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူတဦးဦးကဖြစ်စေ၊ အောက်ပါပြစ်မှုများကို ကျူးလွန်ခြင်း ...

(၁) လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခြင်း။

(၂) ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ခြင်း။

(၃) သူတပါးဟန်ဆောင်ခြင်း။

(၄) မဟုတ်မမှန် ပြောဆိုကြေညာခြင်း။

(၅) မဟုတ်မမှန် ဝန်ခံလက်မှတ်ရေးထိုးခြင်း။

(ခ) မဲဆန္ဒနယ်တနယ်အတွက် ရွေးကောက်ပွဲတွင်တကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း (သို့မဟုတ်) ရွေးကောက်ပွဲများကို တချိန်တည်းကျင်းပစဉ် တနယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်ကသော်လည်းကောင်း၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကသော်လည်းကောင်း ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်မညီဘဲ ငွေကိုမတရားအကုန်ခံခြင်း (သို့မဟုတ်) မတရားအကုန်ခံရန် သဘောတူညီခြင်း၊

(ဃ) ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းများကို ရွေးကောက်ပွဲကိုယ်စားလှယ်က ရေးမှတ်ထားရန် ပျက်ကွက်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၏ သဘောတူညီချက်ဖြင့် တဦးတယောက်သောသူက ဆန္ဒမဲပေးချိန်တွင် မဲရုံမှဆန္ဒမဲလက်မှတ်ကို အခြားသို့ ယူဆောင်သွားခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း အောက်ပါတို့ကို ကျူးလွန်ခြင်း၊

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ရန် (သို့မဟုတ်) မပါဝင်ဘဲနေရန် (သို့မဟုတ်) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရန်ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း၊ကျေးဇူးတုံ့ပြန်ချက်ဖြင့်သော်လည်းကောင်းတဦး တယောက်သောသူက လာဘ်လာဘလက်ခံခြင်း (သို့မဟုတ်) လာဘ်လာဘလက်ခံရန် သဘောတူခြင်း၊

(၂) ဆန္ဒမဲပေးရန် (သို့မဟုတ်) ဆန္ဒမဲမပေးဘဲနေရန် မဲဆန္ဒရှင်တဦးဦးကို သွေးဆောင်ရန်ဖြစ်စေ၊ သွေးဆောင်လိုသဖြင့်အားထုတ်ရန်ဖြစ်စေ တဦးတယောက်သူက မိမိအတွက် (သို့မဟုတ်) သူတပါးအတွက် လာဘ်လာဘ လက်ခံရန်သဘောတူခြင်း။

(ဆ) မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းကို တင်ပြခြင်း (သို့မဟုတ်) ထိုကဲ့သို့ ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းကို မှန်ကန်သည်ဟု ဝန်ခံခြင်း (သို့မဟုတ်) သတ်မှတ်

ထားသည့်အတိုင်း တင်သွင်းရန်ပျက်ကွက်ခြင်း၊
(ဇ) လွှတ်တော်ကိုယ်စားလှယ်လောင်းမဟုတ်သော (သို့မဟုတ်) ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်မဟုတ်သော အခြားသူတဦးဦးက ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်း၏ ခွင့်ပြုချက်မရှိဘဲ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရအောင်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံရအောင်အားပေးလိုသောကြောင့်ဖြစ်စေ၊ အစည်းအဝေးကျင်းပ၍သော်လည်းကောင်း၊ စာရွက်စာတမ်းများဝေ၍သော်လည်းကောင်း၊ အခြားတနည်းနည်းဖြင့်သော်လည်ကောင်း ငွေအကုန်အကျခံခြင်း (သို့မဟုတ်) ကုန်ကျရန် ခွင့်ပြုခြင်း၊
(ဈ) ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာ စသည်တို့ကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊
(ည) လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တဦးဦး၏ သဘောတူညီချက်အရ အခြားသူတဦးကဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းတဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် အကူအညီကို ဝန်ထမ်းတဦးဦးထံမှရယူခြင်း၊ အရယူရန်အားပေးကူညီခြင်း (သို့မဟုတ်) ရယူရန် အားထုတ်ခြင်း၊
(ဋ) လွှတ်တော်ကိုယ်စားလှယ်လောင်းတဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ဘာသာရေးအထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင်အသုံးပြုခြင်း (သို့မဟုတ်) လူမျိုးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကိုဖြစ်စေ အကြောင်းပြုမဲပေးကြရန် (သို့မဟုတ်) မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း၊
(ဌ) လွှတ်တော်ကိုယ်စားလှယ်လောင်းတဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ပါတီတခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တဦးဦးဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူ ဆူပူမှုဖြစ်အောင်ဖန်တီးခြင်း။

## အခန်း (၁၄)
## ရွေးကောက်တင်မြှောက်ခံရခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်များကို အဆုံးအဖြတ်ပေးခြင်း

၆၃။ ရွေးကောက်တင်မြှောက်ခံရခြင်းကို ကန့်ကွက်လိုပါက ဤအခန်းရှိ ပြဋ္ဌာန်းချက်များနှင့်အညီ တင်သွင်းသော ရွေးကောက်ပွဲကန့်ကွက်လွှာဖြင့် ကန့်ကွက်ရမည်။

၆၄။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအားကန့်ကွက်သော ရွေးကောက်ပွဲကန့်ကွက်လွှာကို မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို (သို့မဟုတ်) မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၄၅ အရ ကော်မရှင်ကဆုံးဖြတ်ပြီးသည့်ကိစ္စရပ်များမှအပ နှစ်သက်ရာအကြောင်းပြ၍ အစိုးရကယင်းကိစ္စအလို့ငှာခန့်ထားသောပုဂ္ဂိုလ်ထံသို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်၊

(ခ) လျှောက်ထားသူသည် မိမိ၏ကန့်ကွက်လွှာတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအားကန့်ကွက်နိုင်သည်။ မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟုကြေညာစေရန် တောင်းဆိုလိုပါက အောက်ပါအကြောင်းပြချက်တရပ်ရပ်ကို အခြေခံရမည် ...

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံသောမဲအများဆုံးရသည်မှာ အမှန်ဖြစ်သည်ဟူသောအကြောင်းပြချက်၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့်ရရှိသော မဲမျိုးမပါရှိခဲ့သော် လျှောက်ထားသူသည် ခိုင်လုံသောမဲအများဆုံးကို ရနိုင်သည်ဟူသော အကြောင်းပြချက်။

၆၅။ (က) အစိုးရအဖွဲ့သည် ရွေးကောက်ပွဲကန့်ကွက်လွှာများကို စစ်ဆေးရန် အဖွဲ့ဝင် (၃) ဦးစီပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့များကို ဥပဒေပညာရှင်များ၊ သင့်လျော်သောနိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေသည် အစိုးရအဖွဲ့က သတ်မှတ်ပေးသည့်အတိုင်း ဖြစ်စေရမည်၊

(ဂ) ရွေးကောက်ပွဲခုံအဖွဲ့၏ လုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များကို တရားရုံးချုပ်က ကျခံရမည်၊

(ဃ) ရွေးကောက်ပွဲခုံအဖွဲ့အတွက် နေရာထိုင်ခင်းနှင့် ယင်းအဖွဲ့၏လုပ်ငန်းများအတွက် လိုအပ်သော ဝန်ထမ်းများကို တရားရုံးချုပ်က စီစဉ်ဆောင်ရွက်ပေးရမည်၊

(င) ရွေးကောက်ပွဲကန့်ကွက်လွှာနှင့် စပ်လျဉ်းသည့် အရေးယူဆောင်ရွက်ရန်ရှိသော ကိစ္စအားလုံးကို ရွေးကောက်ပွဲခုံအဖွဲ့များက စီမံဆောင်ရွက်ရမည်၊

(စ) မဲဆန္ဒနယ်တနယ်တွင်ကျင်းပသော ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲကန့်ကွက်လွှာ တစောင်ထက်ပိုပြီးတင်သွင်းလျှင် အစိုးရအဖွဲ့ကခန့်ထားသောပုဂ္ဂိုလ်သည် ထိုကန့်ကွက်လွှာအားလုံးကို ရွေးကောက်ပွဲခုံတဖွဲ့တည်းသို့သာ လွှဲအပ်ရမည်။ ထိုခုံအဖွဲ့သည် ထိုကန့်ကွက်လွှာများကို ခွဲ၍ဖြစ်စေ၊ ပေါင်း၍ဖြစ်စေ မိမိတို့သဘောအတိုင်း စုံစမ်းစစ်ဆေးနိုင်သည်၊

(ဆ) ခန့်ထားပြီးဖြစ်သော ရွေးကောက်ပွဲခုံအဖွဲ့ဝင်တဦးသည် ခုံအဖွဲ့ဝင်အဖြစ်ဖြင့် မဆောင်ရွက်နိုင်ခဲ့သော် (သို့မဟုတ်) စုံစမ်းစစ်ဆေးနေခိုက်တွင် ဆက်လက်မဆောင်ရွက်နိုင်ခဲ့သော် အစိုးရအဖွဲ့သည် အဖွဲ့ဝင်သစ်တဦးကို အစားထိုးခန့်ထားရမည်။ ပြန်လည်ဖွဲ့စည်းသော ထိုခုံအဖွဲ့သည် စုံစမ်းစစ်ဆေးဆဲဖြစ်သော ကန့်ကွက်လွှာကို အသစ်ပြန်လည်စစ်ဆေးလိုက စစ်ဆေးနိုင်သည်။

၆၆။ ရွေးကောက်ပွဲကန့်ကွက်လွှာများကို စိစစ်ကြားနာနေစဉ် ခုံအဖွဲ့သည် လိုအပ်ပါက ရှေ့နေချုပ်ကို ဖိတ်ကြား၍ ဥပဒေအကြံဉာဏ်များ တောင်းခံနိုင်သည်။ ရှေ့နေချုပ်သည် မိမိကိုယ်တိုင်ခုံအဖွဲ့သို့မလာရောက်နိုင်ပါက မိမိကိုယ်စားဆောင်ရွက်စေရန် ရှေ့နေချုပ်ရုံးမှ သင့်လျော်သော ဥပဒေဝန်ထမ်း အဆင့် (၁) ထက် မနိမ့်သည့် ပုဂ္ဂိုလ်အား ခုံအဖွဲ့သို့စေလွှတ်ဆောင်ရွက်စေနိုင်သည်။

၆၇။ ရွေးကောက်တင်မြှောက်ခံရသူတဦးသည် အောက်ပါအချက်တရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိလျှင် ယင်းအားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်နိုင်သည် ...

(က) ရွေးကောက်တင်မြှောက်ခံရသောလွှတ်တော်ကိုယ်စားလှယ်သည် တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံးကို ရယူခဲ့သည်ဟုသော်လည်းကောင်း၊ ထိုနည်းဖြင့်ပင် သွေးဆောင်၍ ရယူခဲ့သည်ဟုသော်လည်းကောင်း၊ ရွေးကောက်ပွဲ အနိုင်အရှုံးသည် တရားမဲ့ပြုကျင့်မှုများကြောင့်သာ ဖြစ်ရသည်ဟုသော်လည်းကောင်း ပေါ်လွင်ထင်ရှားခြင်း၊

(ခ) ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်၏အကျိုးငှာ တရားမဲ့ပြုကျင့်မှုတခုခုကိုပြုကြောင်းပေါ်လွင်ထင်ရှားခြင်း၊

(ဂ) လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားခြင်း၊

(ဃ) လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများကို နှောင့်ယှက်ခြင်းတို့ကြောင့်လွတ်လပ်စွာမဲပေးနိုင်ခွင့်ရှိသော ရွေးကောက်ပွဲမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားခြင်း၊ ယင်းသို့ပြုလုပ်မှုများကြောင့် ရွေးကောက်တင်မြှောက်ခံရကြောင်း ပေါ်လွင်ထင်ရှားခြင်း၊

(င) ပုဒ်မ ၁၀ ပုဒ်မခွဲ (င)၊ (ဈ)၊ (ည) (သို့မဟုတ်) (ဋ) ပါ ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းတရပ်၏ အဖွဲ့အစည်းဝင်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားခြင်း။

၆၈။ ရွေးကောက်ပွဲခုံအဖွဲ့က ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်သည် ယင်း၏ ရွေးကောက် ပွဲကိုယ်စားလှယ်မဟုတ်သော အခြားပုဂ္ဂိုလ်တဦးဦး၏ပယောဂကြောင့် တရားမဲ့ပြုကျင့်မှု တခုခုအတွက် အပြစ်ရှိသည်ဟုအစီရင်ခံရာတွင် အောက်ပါအကြောင်း တရပ်ရပ်အရဖြစ်ရကြောင်း ထင်မြင်ယူဆပါက ထိုလွှတ်တော်ကိုယ်စားလှယ်အား ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ခုံအဖွဲ့က ဆုံးဖြတ်နိုင်သည် ...

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့၏ သဘောတူ ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ခဲ့သောပြုကျင့်မှုဖြစ်ခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် ရွေးကောက်ပွဲကျင်းပရာတွင် တရားမဲ့ပြုကျင့်မှုများကိုမပြုစေရန် တတ်အားသရွေ့တားဆီးဆောင်ရွက်ခဲ့ခြင်း၊

(ဂ) တရားမဲ့ပြုကျင့်မှုများသည် ရွေးကောက်ပွဲကိုမထိခိုက်သော သေးနုပ်အရာမရောက်သည့် ပြုကျင့်မှုဖြစ်ခြင်း၊

(ဃ) ရွေးကောက်ပွဲသည် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ တရားမဲ့ပြုကျင့်မှုကင်းရှင်းသည်ဟု ထင်မြင်ယူဆခြင်း။

၆၉။ ရွေးကောက်ပွဲခုံအဖွဲ့သည် ကန့်ကွက်ချက်များကိုစစ်ဆေးပြီးသောအခါ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူကိုဖြစ်စေ၊ ရွေးကောက်ပွဲကန့်ကွက်လွှာတင်၍ မိမိကိုသာ ရွေးကောက်တင်မြှောက်ခံရသူအဖြစ် ကြေညာထိုက်ကြောင်း လျှောက်ထားသူကိုဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဖြစ်သည် မဖြစ်သည်ကို အစိုးရအဖွဲ့ထံသို့အစီရင်ခံရမည်။

၇၀။ ရွေးကောက်ပွဲခုံအဖွဲ့ဝင်အားလုံးသည် မိမိတို့၏ဆုံးဖြတ်ချက်ပါရှိသော အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ အစိုးရအဖွဲ့ထံသို့ ဆောလျင်စွာတင်သွင်းရမည်။ အစိုးရအဖွဲ့သည် အစီရင်ခံထားသည့်အတိုင်း အမိန့်ထုတ်၍ အစီရင်ခံစာကို အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ အစိုးရအဖွဲ့၏အမိန့်သည် အပြီးအပြတ်ဖြစ်စေရမည်။

၇၁။ အစီရင်ခံစာ၌ဖြစ်စေ၊ ရွေးကောက်ပွဲကန့်ကွက်လွှာနှင့်စပ်လျဉ်းသော အခြားကိစ္စတရပ်ရပ်၌ဖြစ်စေ ရွေးကောက်ပွဲ ခုံအဖွဲ့ဝင်များသည် သဘောထားကွဲလွဲလျှင် အများ၏သဘောဆန္ဒအတိုင်း ဆုံးဖြတ်ဆောင်ရွက်ရမည်။

၇၂။ ရွေးေကာက်ပွဲခုံအဖွဲ့သည် အမှုစစ်ဆေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသော အာဏာများကိုရရှိရမည်။ ထို့အပြင် အရေးပါသောသက်သေခံချက်များကို ထွက်ဆိုနိုင်မည်ဟုယူဆသော မည်သည့်ပုဂ္ဂိုလ်ကိုမဆို မိမိတို့၏သဘောအတိုင်း ဆင့်ဆို၍ စစ်ဆေးနိုင်သည်။

၇၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် စုံစမ်းစစ်ဆေးရေးကိစ္စအားလုံးနှင့် သက်ဆိုင်သည်ဟု မှတ်ယူရမည်။

၇၄။ မည်သည့်စာချုပ်စာတမ်းကိုမျှ သတ်မှတ်သည့်အတိုင်း တံဆိပ်ခေါင်းပြည့်စုံစွာ ကပ်ထားခြင်းမရှိသောကြောင့်သော်လည်းကောင်း၊ မှတ်ပုံတင်ခြင်းမပြုသောကြောင့်သော်လည်းကောင်း သက်သေခံအဖြစ်ဖြင့် လက်မခံဘဲမနေရ။

၇၅။ စုံစမ်းစစ်ဆေးရာတွင် ပေါ်ထွက်လျက်ရှိသော ငြင်းချက်များနှင့်စပ်လျဉ်း၍ မေးသောမေးခွန်းများကို သက်သေက ဖြေဆိုရမည်။

သို့ရာတွင် ...

(က) ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးခဲ့သူအား မည်သူ့အတွက်ဆန္ဒမဲပေးခဲ့သည်ကို ထုတ်ဖော်ရန်မခိုင်းရ၊

(ခ) မေးခွန်းတရပ်မဖြေဆိုဘဲမနေရ၍ ဖြေဆိုရခြင်းကြောင့် ဖြေဆိုသူအားဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း မပြုရ (သို့မဟုတ်) ယင်းဖြေဆိုချက်ကိုအကြောင်းပြု၍ မုသားသက်သေထွက်ဆိုမှုဖြင့် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခြင်းမှအပ အခြားမည်သည့် ရာဇဝတ်မှုခင်းတွင်မှ ယင်းဖြေဆိုချက်ကို သက်သေခံအဖြစ် အသုံးမပြုရ။

၇၆။ အမှုသည်ကိုယ်တိုင်ဖြစ်စေ၊ အမှုသည်ကိုယ်စားဆောင်ရွက်ရန်ခန့်ထားသော ရှေ့နေ (သို့မဟုတ်) ကိုယ်စားလှယ်ဖြစ်စေ ရွေးကောက်ပွဲခုံအဖွဲ့ရှေ့မှောက်သို့ လာရောက်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အမှုသည်ကိုယ်တိုင်လာရောက်ရမည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က ညွှန်ကြားလျှင် အမှုသည်ကိုယ်တိုင်လာရောက်ရမည်။

## အခန်း (၁၅)

## အထွေထွေ

၇၇။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများသည် ရွေးကောက်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ လိုအပ်သောအကူအညီများကို အစိုးရ၏အဖွဲ့အစည်းများထံမှသော်လည်းကောင်း၊ အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှသော်လည်းကောင်း ရယူဆောင်ရွက်နိုင်သည်။

၇၈။ မည်သူမဆို ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများတွင် အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊ ရွေးကောက်ပွဲတာဝန်များကို ထမ်းဆောင်သော ဝန်ထမ်းအဖြစ်သော်လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်ခြင်းဟု မှတ်ယူရမည်။

၇၉။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ရွေးကောက်ပွဲခုံအဖွဲ့တို့၏ ဆောင်ရွက်ချက် (သို့မဟုတ်) ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များမှတပါး မည်သည့်တရားရုံးတွင်မှ စစ်ဆေးပိုင်ခွင့်မရှိစေရ။

၈၀။ တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် နိုင်ငံစွမ်းသမျှ ထမ်းဆောင်သောကော်မရှင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ယင်းတို့၏ အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲခုံအဖွဲ့၊ ရွေးကောက်ပွဲခုံအဖွဲ့ဝင်များ၊ မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအတွက် တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မခံထိုက်စေရ။

၈၁။ ကော်မရှင်သည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၈၂။ အောက်ပါ ဥပဒေ၊ နည်းဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် ...

(က) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ။ ( ၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၈ )။

(ခ) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ များ။ ( ၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် နည်းဥပဒေများ အမှတ် ၆ )။

★ ★ ★ ★ ★

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်**

**အမိန့်အမှတ် (၃/၈၉)**

**၁၃၅၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်**

**၁၉၈၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်**

၁။ ယနေ့ တပ်မတော်မှ နိုင်ငံတော်အာဏာကိုရယူထားသည့် ကာလသည် မာရှယ်လော (Martial Law) ကာလဖြစ်သည်ကို ပြည်သူတရပ်လုံး သိရှိပြီးဖြစ်သည်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမည့် နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ မှတ်ပုံတင်ခဲ့ကြသည်။ အခြားသော လူမှုရေးဆိုင်ရာအဖွဲ့အစည်းများသည်လည်း ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ခဲ့ကြသည်။ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် မှတ်ပုံတင်ခဲ့သော နိုင်ငံရေးပါတီပေါင်း (၂၃၆) ဖွဲ့ရှိပြီး ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသော အဖွဲ့အစည်းပေါင်း (၅၇) ဖွဲ့ ရှိနေပြီဖြစ်သည်။

၃။ ဤကဲ့သို့ ဥပဒေနှင့်အညီ မှတ်ပုံတင်ခဲ့ကြသော အဖွဲ့အစည်းများရှိသော်လည်း နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထိခိုက်စေရန် ကြံဆောင်၍လည်းကောင်း၊ နိုင်ငံတော်အစိုးရအား ဆန့်ကျင်အာဏာဖီဆန်သည့် သဘောဖြင့်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်နှင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတို့တွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ တရားမဝင်ဖွဲ့စည်းပြီး စာရွက်စာတမ်း၊ စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေစာများကို တရားမဝင် ထုတ်ဝေလျှက်ရှိသော အဖွဲ့အစည်းများရှိနေကြသည်။ ယင်းအဖွဲ့အစည်းပေါင်း (၄၈) ဖွဲ့ရှိပြီး စာရင်းကို ပူးတွဲဖော်ပြထားသည်။

၄။ ထို့ပြင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်တွင်လည်းကောင်း၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင်လည်းကောင်း မှတ်ပုံတင်ခြင်းမပြုဘဲ ဖွဲ့စည်း စည်းရုံးလှုပ်ရှားခြင်း၊ စာရွက်စာတမ်း၊ စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေစာများ တရားမဝင်ထုတ်ဝေခြင်းပြုလျှက်ရှိသော ကျောင်းသားအမည်ခံသည့် အဖွဲ့အစည်း (၅၁) ဖွဲ့ရှိနေသည်ကို တွေ့ရှိရသည်။

၅။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင်လည်းကောင်း၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင်လည်းကောင်း တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည့် အဖွဲ့အစည်းများသည် စာရွက်စာတမ်း၊ စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေစာများ ထုတ်ဝေခြင်းပြုလုပ်မည်ဆိုပါက ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနှင့်အညီ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ပြီး ထုတ်ဝေလိုသည့် စာရွက်စာတမ်း၊ စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေစာများအတွက် ကင်းလွတ်ခွင့်လျှောက်ထားရမည်။ ကင်းလွတ်ခွင့်ရရှိပြီးနောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

အဆင့်ဆင့်တို့အားဆန့်ကျင်မှု၊ နိုင်ငံတော်အစိုးရအား ဆန့်ကျင်မှု၊ တပ်မတော်အား ထိပါးပုတ်ခတ်သွေးခွဲမှု၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုထိပါးစေရန် သွေးထိုးလှုံ့ဆော်မှု၊ လိုအပ်ချက်အရ ထုတ်ပြန်ထားသည့် အမိန့်များအား ဆန့်ကျင်မှုပါဝင်ခြင်းမရှိစေဘဲ ရွေးကောက်ပွဲတွင် မိမိတို့ပါတီ အနိုင်ရရှိရေးအတွက် မိမိတို့ ပါတီ၏ မူဝါဒသဘောထား၊ လမ်းစဉ်၊ လုပ်ငန်းစဉ်၊ စည်းရုံးရေးနည်းလမ်း၊ စောင့်ထိန်းလိုက်နာရမည့်စည်းကမ်း များပါရှိသည့် စာရွက်စာတမ်း၊ စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေစာများကို ကြိုတင်စီစစ်ရန် တင်ပြခြင်းမပြုဘဲထုတ်ဝေ နိုင်မည်ဖြစ်သည်။

၆။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင်လည်းကောင်း၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနတွင်လည်းကောင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ တရားမဝင် ဖွဲ့စည်း စည်းရုံး လှုပ်ရှားပြီး စာရွက်၊ စာတမ်း၊ စာအုပ်နှင့် ပုံနှိပ်ထုတ်ဝေစာများကို တရားမဝင်ထုတ်ပြန်နေသော အဖွဲ့အစည်း များအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်သည်။

၇။ နိုင်ငံတော်အစိုးရ၏ သတိပေးတားမြစ်ခြင်းကို ဆန့်ကျင်လိုစိတ်ဖြင့် အာဏာဖီဆန်မှုပြုလုပ်ပါမူ မာရှယ်လော (Martial Law) အရအာဏာစက်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးသည်။

အမိန့်အရ –
(ပုံ) ခင်ညွန့်
ဗိုလ်မှူးချုပ်
အတွင်းရေးမှူး (၁)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

**(ပူးတွဲစာရင်း)**

**နိုင်ငံတော်အားဆန့်ကျင်နေသည့် တရားမဝင်အဖွဲ့အစည်းများ**

(၁) ကြယ်စိမ်းလူငယ်များ
(၂) စစ်အစိုးရဆန့်ကျင်ရေးအဖွဲ့ချုပ်
(၃) ဒီမိုကရေစီပြည်သူ့တပ်ပေါင်းစု
(၄) ဒီမိုကရေစီတော်လှန်ရေးကော်မတီ
(၅) ဒီမိုကရေစီရှေ့ဆောင်လူငယ်တပ်ဦး
(၆) ဒေါင်းဇာနည်(ဗမာပြည်)
(၇) နိုင်ငံရေးဖောက်ပြန်မှုတိုက်ဖျက်ရေးအဖွဲ့ချုပ်
(၈) ပြည်သူ့တိုက်ပွဲဝင်တပ်ဖွဲ့(မြန်မာနိုင်ငံ)
(၉) ပြည်သူ့မျိုးချစ်ပြောက်ကြားတပ်ဖွဲ့
(၁၀) ပြည်သူ့ညီညွတ်ရေးဒီမိုကရက်တစ်တပ်ဦး
(၁၁) ပြည်သူတို့၏အမျိုးသားလွတ်မြောက်ရေးတပ်ဦး
(၁၂) ပြည်သူ့လက်ရုံးအဖွဲ့
(၁၃) ပြည်ပရောက်ဒီမိုကရက်တစ်ပြောက်ကြားတပ်ဦး
(၁၄) ပြည်သူ့လွတ်မြောက်ရေးအဖွဲ့
(၁၅) ဗမာ့မျိုးချစ်သွေးသောက်တော်လှန်ရေးတပ်ဦး

(၁၆) ဗမာပြည်ပြည်သူ့လွတ်မြောက်ရေးလူငယ်တပ်ဦး
(၁၇) ဗမာနိုင်ငံလုံးဆိုင်ရာတောင်သူလယ်သမားအမဂ္ဂများအဖွဲ့ချုပ်
(၁၈) ဗမာ့တော်လှန်ရေးအင်အားစု
(၁၉) ဗမာပြည်မြေအောက်လူငယ်များအစည်းအရုံး
(၂၀) မြန်မာနိုင်ငံလုံးဆိုင်ရာပြည်သူ့အလုပ်သမားများသွေးစည်းညီညွတ်ရေးအဖွဲ့ချုပ်
(၂၁) မြန်မာနိုင်ငံလုံးဆိုင်ရာဒီမိုကရေစီစောင့်ရှောက်ရေးအဖွဲ့
(၂၂) မြန်မာနိုင်ငံလုံးဆိုင်ရာစာမေးပွဲသပိတ်မှောက်သံဃာတော်များအဖွဲ့(မန္တလေး)
(၂၃) မျိုးချစ်လူငယ်များ
(၂၄) မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂ
(၂၅) မြန်မာနိုင်ငံလူငယ်အင်အားစု
(၂၆) မျိုးချစ်ဒီမိုကရက်တစ်လူငယ်တပ်ပေါင်းစု
(၂၇) မြေအောက်လူငယ်များဝါဒဖြန့်ချိရေးအဖွဲ့
(၂၈) မျိုးချစ်တော်လှန်ရေးအဖွဲ့ချုပ်
(၂၉) မျိုးချစ်လွတ်မြောက်ရေးတပ်ဖွဲ့
(၃၀) မြန်မာနိုင်ငံအမျိုးသားစည်းလုံးညီညွတ်ရေးအင်အား
(၃၁) မြန်မာနိုင်ငံဒီမိုကရေစီပြန်လည်တည်ဆောက်ရေးအဖွဲ့
(၃၂) ရဟန်းပျိုများသမဂ္ဂ
(၃၃) လွတ်လပ်ရေးတိုက်ပွဲဝင်သူများအဖွဲ့(မြန်မာပြည်)
(၃၄) လူငယ်မျိုးဆက်သစ်အဖွဲ့
(၃၅) လူငယ်ရဲညွန့်အဖွဲ့
(၃၆) လူငယ်တပ်ပေါင်းစု
(၃၇) လူငယ်ညီညွတ်ရေးတပ်ပေါင်းစု(ပြည်ထောင်စုမြန်မာနိုင်ငံ)
(၃၈) အမျိုးသားလွတ်မြောက်ရေးအင်အားစု
(၃၉) အမျိုးသားဒီမိုကရေစီပြန်လည်တည်ဆောက်ရေးအဖွဲ့
(၄၀) အမျိုးသားတပ်ပေါင်းစုစစ်ကော်မရှင်
(၄၁) အမျိုးသားလွတ်မြောက်ရေးတပ်ဦး
(၄၂) အထက်မြန်မာနိုင်ငံလူငယ်အဖွဲ့ချုပ်၊ မန္တလေးမြို့
(၄၃) အာဏာရှင်ဆန့်ကျင်ရေးတပ်ဦး
(၄၄) တိုးတက်သောလူငယ်များအဖွဲ့၊ တန်ပြန်စစ်ဒေသ(၄)
(၄၅) သွေးသစ်တပ်မတော်လူငယ်များအဖွဲ့၊ ဗမာပြည်
(၄၆) အောင်ဆန်းမြေးများအဖွဲ့ချုပ်၊ မြန်မာပြည်
(၄၇) အောဘီအက်စ်ဒီအေ
(၄၈) အမျိုးသားကွန်ဂရက်၊ ရှမ်းပြည်နယ်

★ ★ ★ ★ ★

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်
# (အမိန့်အမှတ် ၃/၉၀)
# ၁၃၅၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
# (၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

## စုဝေးခွင့်နှင့် မဲဆွယ်ခွင့်ဆိုင်ရာ အမိန့်

၁။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သည် ၁၀–၁၁–၈၉ ရက်စွဲပါ ကြေညာချက်အမှတ် (၃၂/၆) ဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများကို နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများက တင်သွင်းခဲ့ကြသည့်အလျောက် သက်ဆိုင်ရာ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲများက လိုအပ်သလို စိစစ်မှုပြုလုပ်ပြီး မဲဆန္ဒနယ်အသီးသီးအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်လောင်းများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများသည် မိမိတို့အနိုင်ရရှိရေးကို ရှေးရှုလျက် မိမိတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ပြည်သူလူထုအား ဟောပြော၊ ရေးသားတင်ပြခြင်းဖြင့် စည်းရုံးမဲဆွယ်ခွင့် ရရှိနိုင်စေရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၂။ ဤအမိန့်ကို စုဝေးခွင့်နှင့် မဲဆွယ်ခွင့်ဆိုင်ရာ အမိန့်ဟု ခေါ်တွင်စေရမည်။

၃။ ဤအမိန့်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) **နိုင်ငံရေးပါတီ** ဆိုသည်မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ မှတ်ပုံတင်ခွင့်ရရှိပြီး ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်၌ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီကို ဆိုသည်၊

(ခ) **တသီးပုဂ္ဂလ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် မည်သည့်နိုင်ငံရေးပါတီကိုမျှ ကိုယ်စားမပြုဘဲ တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည့်ပုဂ္ဂိုလ်ကို ဆိုသည်။

(ဂ) **စုဝေးခြင်း** ဆိုသည်မှာ အများပြည်သူနှင့် သက်ဆိုင်သော သတ်မှတ်သည့်နေရာတွင် မဲဆွယ်ခြင်း ကိစ္စအလို့ငှာ လူငါးဦး (သို့မဟုတ်) ငါးဦးထက်ပိုသောသူများ ရောက်ရှိနေခြင်းကို ဆိုသည်။

(ဃ) **မဲဆွယ်ခြင်း** ဆိုသည်မှာ နိုင်ငံရေးပါတီတခုခုကဖြစ်စေ၊ တသီးပုဂ္ဂလတဦးဦးကဖြစ်စေ မိမိ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ပြည်သူလူထုအား ဤအမိန့် အပိုဒ် (၆) တွင် ဖော်ပြပါရှိသည့် နည်းလမ်းတမျိုးမျိုးဖြင့် ဟောပြော၊ ရေးသားတင်ပြခြင်းကိုဆိုသည်။

(င) **သတ်မှတ်သည့်နေရာ** ဆိုသည်မှာ ဤအမိန့် အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ဆ) အရ သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များက ကြိုတင်သတ်မှတ်ထားသည့် အများပြည်သူနှင့် သက်ဆိုင်သော နေရာကိုဆိုသည်။

(စ) **တားမြစ်ချက်များ** ဆိုသည်မှာ ဤအမိန့် အပိုဒ် (၂၂) ပါ တားမြစ်ချက်များကို ဆိုသည်။

## စုဝေးခွင့်နှင့် မဲဆွယ်ခွင့်ရရှိစေရန် အကူအညီပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း

၄။ နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် မိမိတို့အနိုင်ရရှိရေးကို ရှေးရှုလျက် စည်းရုံးနိုင်ရန်အလို့ငှာ စုဝေးခွင့်နှင့် မဲဆွယ်ခွင့်ရရှိစေရမည်။

၅။ သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့များ၊ အစိုးရဌာန အဖွဲ့အစည်းများသည် နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများက စုဝေးခွင့်နှင့်မဲဆွယ်ခွင့်ရရှိစေရန် လိုအပ်သောအကူအညီများ ပေးရမည့်အပြင် အနှောင့်အယှက်မရှိစေရန် ကာကွယ်ပေးရမည်။

## မဲဆွယ်ခွင့်ဆိုင်ရာနည်းလမ်းများ

၆။ နိုင်ငံရေးပါတီများသည် အောက်ဖော်ပြပါ နည်းလမ်းများဖြင့် မဲဆွယ်ခွင့်ရှိစေရမည် ...

(က) သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာတွင် စုဝေးခွင့်နှင့် ဟောပြောတင်ပြခွင့်၊

(ခ) ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခွင့်၊

(ဂ) မြန်မာ့အသံအစီအစဉ်မှ ဖြစ်စေ၊ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ဖြစ်စေ ဟောပြောတင်ပြခွင့်။

၇။ တသီးပုဂ္ဂလများသည် အထက်အပိုဒ် ၆၊ အပိုဒ်ခွဲ (က) နှင့် (ခ) ပါ နည်းလမ်းများဖြင့်သာ မဲဆွယ်ခွင့် ရှိစေရမည်။

၈။ နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများသည် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြော၊ ရေးသားတင်ပြကြရာတွင် တည်ဆဲဥပဒေများ၊ တားမြစ်ချက်များ၊ ခွင့်ပြုမိန့်ပါသတ်မှတ်ချက်များ (သို့မဟုတ်) စည်းကမ်းချက်များကို မဆန့်ကျင်စေရ။

## သတ်မှတ်သည့်နေရာတွင် စုဝေးခွင့်နှင့် ဟောပြောတင်ပြခွင့်

၉။ **ခွင့်ပြုမိန့်လျှောက်ထားခြင်း**။ ။ သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့်မဲဆွယ်ဟောပြောခြင်း ပြုလုပ်လိုသော နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ အနည်းဆုံး ခုနစ်ရက်ကြိုတင်၍ ခွင့်ပြုမိန့် လျှောက်ထားရမည် ...

(က) ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များအတွက် ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မန္တလေးမြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များအတွက် မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊

(ခ) အပိုဒ်ခွဲ (က) ပါ မြို့နယ်များမှအပ ကျန်ပြည်နယ် (သို့မဟုတ်) တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ရုံးစိုက်ရာမြို့နယ်များအတွက် သက်ဆိုင်ရာပြည်နယ် (သို့မဟုတ်) တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊

(ဂ) အပိုဒ်ခွဲ (က) နှင့် (ခ) ပါ မြို့နယ်များမှအပ မြို့နယ်စုငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံးစိုက်ရာ မြို့နယ်များအတွက် သက်ဆိုင်ရာ မြို့နယ်စုငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊

(ဃ) အပိုဒ်ခွဲ (က)၊ (ခ) နှင့် (ဂ) ပါ မြို့နယ်များမှအပ ကျန်မြို့နယ်များအတွက် သက်ဆိုင်ရာမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။

၁၀။ **လျှောက်ထားခွင့်ရှိသူများ**။ ။အထက်အပိုဒ် (၉) အရ လျှောက်ထားရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ ဗဟို၊ ပြည်နယ် (သို့မဟုတ်) တိုင်း၊ မြို့နယ် ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူးကဖြစ်စေ၊ ၎င်းအဆင့်များနှင့်တူညီသော တာဝန်ယူထားသည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ ယင်းပါတီ၏ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

လောင်းကဖြစ်စေ၊ တသီးပုဂ္ဂလ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ လက်မှတ်ရေးထိုး လျှောက်ထားရမည်။

၁၁။ **လျှောက်လွှာတွင် ဖော်ပြရန် အချက်များ** ။ ။ ခွင့်ပြုမိန့်လျှောက်ထားရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများသည် တားမြစ်ချက်များ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များနှင့် စည်းကမ်းများနှင့်အညီ စုဝေးခြင်းနှင့် မဲဆွယ်ဟောပြောခြင်းဖြစ်စေရန် တာဝန်ယူကြောင်း ဖော်ပြလျှောက်ထားရမည့်အပြင် အောက်ပါအချက်များကိုလည်း လျှောက်လွှာတွင် အပြည့်အစုံ ဖော်ပြရမည် ...

(က) ပြုလုပ်လိုသည့်နေရာ၊

(ခ) ပြုလုပ်လိုသည့်နေ့ရက်၊

(ဂ) စတင်မည့်အချိန်နှင့်ပြီးဆုံးမည့်အချိန် (ခန့်မှန်း)၊

(ဃ) ဟောပြောမည့်ပုဂ္ဂိုလ် (သို့မဟုတ်) ပုဂ္ဂိုလ်များ၏ အမည်နှင့် နေရပ်လိပ်စာ၊

(င) လျှောက်ထားသူ၏ အမည်နှင့် နေရပ်လိပ်စာ။

**၁၂။ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ။** သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် ...

(က) အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လျှောက်ထားလာပါက လိုအပ်သလိုစိစစ်ပြီး ခွင့်ပြုမိန့် ထုတ်ပေးခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ခွင့်ပြုမိန့်ထုတ်ပေးပါက အောက်ပါသတ်မှတ်ချက်များကို ခွင့်ပြုမိန့်တွင် ဖော်ပြရမည် ...

(၁) ခွင့်ပြုသည့် နေ့ရက်နှင့် နေရာ၊

(၂) ခွင့်ပြုသည့် အချိန်ကာလ၊

(၃) ဟောပြောခွင့်ရရှိသည့် ပုဂ္ဂိုလ် (သို့မဟုတ်) ပုဂ္ဂိုလ်များ၏ အမည်နှင့် နေရပ်လိပ်စာ။

(ဂ) ခွင့်ပြုမိန့်ထုတ်ပေးရာတွင် စုဝေးခြင်းနှင့် မဲဆွယ်ဟောပြောခြင်း ပြုလုပ်ရန် သတ်မှတ်သည့် နေရာသို့ စီတန်းလှည့်လည် ကြွေးကြော်ချီတက်ခြင်းမပြုရ ဟူ၍လည်းကောင်း၊ စုဝေးခြင်းနှင့် မဲဆွယ်ဟောပြောခြင်း ပြီးဆုံးသည့်အခါ စီတန်းလှည့်လည် ကြွေးကြော်ချီတက်ခြင်းမပြုဘဲ လူစုခွဲရမည်ဟူ၍လည်းကောင်း စည်းကမ်းချက်များ သတ်မှတ်ဖော်ပြရမည်၊

(ဃ) ခွင့်ပြုမိန့်ထုတ်ပေးရာတွင် အောက်ဖော်ပြပါစည်းကမ်းများကို လိုအပ်သလိုသတ်မှတ်နိုင်သည်

(၁) အစိုးရရုံးများ၊ အဖွဲ့အစည်းများ၊ ပြည်သူပိုင် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများကို အနှောင့်အယှက်မဖြစ်စေရန်၊

(၂) တုတ်၊ ဓား၊ လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် အခြားဘေးအန္တရာယ်ဖြစ်စေနိုင်သောအရာများကို ကိုင်ဆောင်ခြင်းမပြုရန်၊

(၃) ယာဉ်များသွားလာခြင်းကို အနှောင့်အယှက်မဖြစ်စေရန်နှင့် လမ်းများကိုပိတ်ဆို့ခြင်းမပြုရန်၊

(၄) လုံခြုံရေတပ်ဖွဲ့ဝင်များ၏ စည်းကမ်းထိန်းသိမ်းမှုကို လိုက်နာရန်၊

(၅) အသံချဲ့စနစ်ကို တည်ဆဲဥပဒေ၊ စည်းကမ်းချက်များနှင့်အညီ အသုံးပြုရန်၊

(၆) အခြား သတ်မှတ်လိုသော စည်းကမ်းများ။

(င) ခွင့်ပြုမိန့်ထုတ်ပေးပါက စုဝေးခြင်းနှင့် မဲဆွယ်ဟောပြောခြင်း စတင်ပြုလုပ်မည့်အချိန်မတိုင်မီ (၄၈) နာရီထက်မနည်း ကြိုတင်၍ထုတ်ပေးရမည်၊ ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ငြင်းပယ်ပါက အကျိုး

အကြောင်းဖော်ပြလျက် စုဝေးခြင်းနှင့်မဲဆွယ်ဟောပြောခြင်း စတင်ပြုလုပ်မည့် အချိန်မတိုင်မီ (၄၈) နာရီထက်မနည်း ကြိုတင်၍ အကြောင်းကြားရမည်၊

(စ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထောက်ရှု၍ လိုအပ်ပါက ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များ၊ စည်းကမ်းများကို ပြင်ဆင်ခြင်း (သို့မဟုတ်) ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း ပြုနိုင်သည်။

(ဆ) မိမိနယ်မြေဒေသအတွင်း စုဝေးခြင်းနှင့် မဲဆွယ်ဟောပြောခြင်း ပြုလုပ်နိုင်ရန် ခွင့်ပြုနိုင်မည့် အများပြည်သူတို့နှင့်သက်ဆိုင်သော နေရာဒေသများကို ကြိုတင်သတ်မှတ်ထားရမည်၊

(ဇ) စုဝေးခြင်းနှင့် မဲဆွယ်ဟောပြောခြင်းကို ပျက်ပြားအောင် မပြုနိုင်စေရန်နှင့် နှောင့်ယှက်ခြင်းမပြုနိုင်စေရန် သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များအား တာဝန်ပေးလျက် လိုအပ်သောကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ထားစေရမည်၊

(ဈ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိပါးမည့်အန္တရာယ်မှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့များအား တာဝန်ပေးလျက် လိုအပ်သောအစီအစဉ်များ ပြုလုပ်ထားစေရမည်။

## ရေးသား ပုံနှိပ်ထုတ်ဝေ တင်ပြခွင့်

၁၃။ နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများသည် မဲဆွယ်ရန်ကိစ္စအလို့ငှာ မိမိတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ပြည်သူအများသိရှိစေရန် စာရွက်၊ စာတမ်း၊ စာအုပ် စသည်များအဖြစ် ရေးသားပုံနှိပ်ထုတ်ဝေတင်ပြလိုပါက ...

(က) ဤအမိန့်တွင် ဖော်ပြပါရှိသည့်တားမြစ်ချက်များကို ဆန့်ကျင်ခြင်းမရှိဟုယုံကြည်လျှင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ ကြိုတင်စိစစ်ရန် တင်ပြခြင်းမပြုဘဲ ရေးသားပုံနှိပ်ထုတ်ဝေခွင့်ရှိသည်။

(ခ) ဤအမိန့်တွင် ဖော်ပြပါရှိသည့် တားမြစ်ချက်များကို ဆန့်ကျင်ခြင်းရှိ မရှိ ဒွိဟသံသယရှိလျှင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန (သို့မဟုတ်) သက်ဆိုင်ရာ ပြည်နယ် (သို့မဟုတ်) တိုင်း ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ ကြိုတင်စိစစ်ရန် တင်ပြ၍ အတည်ပြုချက်ရယူပြီး ရေးသားပုံနှိပ် ထုတ်ဝေခွင့်ရှိသည်။

၁၄။ နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများသည် မဲဆွယ်ရန်ကိစ္စအလို့ငှာ စာရွက်၊ စာတမ်း၊ စာအုပ် စသည်များကို ...

(က) ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ထားသည့် ပုံနှိပ်သူနှင့် ထုတ်ဝေသူများအား ရေးသားပုံနှိပ်ထုတ်ဝေစေခြင်းဖြစ်ပါက ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့၏ အမည်၊ နေရပ်လိပ်စာနှင့် မှတ်ပုံတင်အမှတ်တို့ကို ရေးသားပုံနှိပ်ထုတ်ဝေသည့် စာရွက်၊ စာတမ်း၊ စာအုပ် စသည်များတွင် ဖော်ပြရမည်၊

(ခ) ဥပဒေအရ မှတ်ပုံတင်ထားသည့် ပုံနှိပ်သူနှင့်ထုတ်ဝေသူများအား ရေးသားပုံနှိပ်ထုတ်ဝေစေခြင်း မပြုဘဲ မိမိတို့အစီအစဉ်ဖြင့် ရေးသားပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ...

(၁) နိုင်ငံရေးပါတီဖြစ်လျှင် ယင်းပါတီ၏ အမည်နှင့်နေရပ်လိပ်စာအပြင် ယင်းပါတီ၏ ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး (သို့မဟုတ်) ၎င်းအဆင့်များနှင့်တူညီသော တာဝန်ယူထားသည့်

ပုဂ္ဂိုလ်၏ အမည်နှင့်နေရပ်လိပ်စာကိုလည်းကောင်း၊

(၂) နိုင်ငံရေးပါတီတခုခုကို ကိုယ်စားပြုသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) တသီးပုဂ္ဂလ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်လျှင် ယင်း၏အမည်နှင့် နေရပ်လိပ်စာကိုလည်းကောင်း၊ ရေးသားပုံနှိပ်ထုတ်ဝေသည့် စာရွက်၊ စာတမ်း၊ စာအုပ် စသည် များတွင် ဖော်ပြရမည်။

၁၅။ မဲဆွယ်ရန်ကိစ္စအလို့ငှာ စာရွက်၊ စာတမ်း၊ စာအုပ် စသည်များ ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခြင်းနှင့် စပ်လျဉ်း ၍ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနသည် လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင် သည်။

## မြန်မာ့အသံအစီအစဉ်မှ ဖြစ်စေ၊ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ဖြစ်စေ ဟောပြောတင်ပြခွင့်

၁၆။ နိုင်ငံရေးပါတီများသည် မဲဆွယ်ရန်ကိစ္စအလို့ငှာ မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မြန်မာ့အသံအစီအစဉ်မှဖြစ်စေ၊ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှဖြစ်စေ ဟောပြောတင်ပြလိုလျှင် သက်ဆိုင်ရာပါတီဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး (သို့မဟုတ်) ၎င်းအဆင့်များနှင့်တူညီသော တာဝန်ယူထားသည့်ပုဂ္ဂိုလ်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှတဆင့် ပြန်ကြားရေးဝန်ကြီးဌာနသို့ အနည်းဆုံးခုနစ်ရက်ကြိုတင်၍ ဟောပြောတင်ပြလိုသည့် စာမူနှင့်အတူ ခွင့်ပြုမိန့် လျှောက်ထားရမည်။

၁၇။ မြန်မာ့အသံအစီအစဉ်မှဖြစ်စေ၊ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှဖြစ်စေ ဟောပြောခွင့်ပြုရန် လျှောက်ထားကြသည့် နိုင်ငံရေးပါတီများ အဆင်ပြေစွာ အလှည့်ကျဟောပြောတင်ပြနိုင်ရန် နိုင်ငံရေးပါတီတခုချင်းအလိုက် ဟောပြောတင်ပြခွင့်ရရှိသည့် နေ့ရက်နှင့်အချိန်ဇယားကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်ပေးရမည်။

၁၈။ ပြန်ကြားရေးဝန်ကြီးဌာနသည် ဟောပြောတင်ပြလိုသည့် စာမူကို လိုအပ်သလို စိစစ်ပြီး ...

(က) ခွင့်ပြုမိန့်ထုတ်ပေးခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ခွင့်ပြုမိန့်ထုတ်ပေးပါက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က သတ်မှတ်ပေးသည့်နေ့ရက်နှင့် အချိန်ဇယားနှင့်အညီ ခွင့်ပြုသည့်နေ့ရက်၊ အချိန်အပိုင်းအခြားနှင့် ဟောပြောရန် ခွင့်ပြုသည့် ပုဂ္ဂိုလ်၏အမည်ကို ခွင့်ပြုမိန့်တွင်ဖော်ပြရမည်၊

(ဂ) ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြလျက် လျှောက်ထားသူထံ အကြောင်းကြားရမည်၊

၁၉။ (က) မြန်မာ့အသံအစီအစဉ်မှ ဟောပြောတင်ပြခြင်းဖြစ်လျှင် နိုင်ငံရေးပါတီတခုအား အများဆုံး ဟောပြောချိန် (၁၅) မိနစ်သာ ခွင့်ပြုရမည်၊

(ခ) မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ဟောပြောတင်ပြခြင်းဖြစ်လျှင် နိုင်ငံရေးပါတီတခုအား အများဆုံး ဟောပြောချိန် (၁၀) မိနစ်သာ ခွင့်ပြုရမည်။

၂၀။ မဲဆွယ်ရန်ကိစ္စအလို့ငှာ မြန်မာ့အသံအစီအစဉ်မှ ဖြစ်စေ၊ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှဖြစ်စေ ဟောပြောတင်ပြခြင်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

## ပြည်သူပိုင်သတင်းစာတွင် သတင်းနှင့် ဓာတ်ပုံများဖော်ပြခြင်း

၂၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံရေးပါတီများက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၌ မိမိတို့အနိုင်ရရှိရေး အတွက် မဲဆွယ်ရန်ကိစ္စအလို့ငှာ မိမိတို့ပါတီ၏မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ် စသည်တို့ကို ရှင်းလင်း ဟောပြောတင်ပြသည့် စည်းရုံးလှုပ်ရှားမှုသတင်းများ၊ သတင်းဓာတ်ပုံများနှင့် စပ်လျဉ်း၍ ပြည်သူပိုင်သတင်း စာတွင် ဖော်ပြသင့်သည်များကို သင့်လျော်သလို ထည့်သွင်းဖော်ပြရမည်။

## တားမြစ်ချက်များ

၂၂။ နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလများသည် စုဝေးခြင်းနှင့် မဲဆွယ်ခြင်းပြုလုပ်ရာတွင် အောက်ဖော်ပြပါ တား မြစ်ချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လွန်ခြင်း မပြုရ ...

(က) လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို ထိပါးပုတ်ခတ်၍ ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(ခ) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း ကောင်း ပျက်ပြားစေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(ဂ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဆင့် ဆင့်တို့ကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရကိုလည်းကောင်း အကြည်ညိုပျက်စေရန် (သို့မဟုတ်) ဂုဏ်သိက္ခာကိုထိပါးစေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(ဃ) တပ်မတော်ပြိုကွဲရေးကိုဖြစ်ပေါ်စေရန် (သို့မဟုတ်) တပ်မတော်၏ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(င) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် သွေးထိုး လှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(စ) လူမျိုးရေး (သို့မဟုတ်) ဘာသာရေး ပဋိပက္ခများဖြစ်ပွားစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(ဆ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(ဇ) တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့ (သို့မဟုတ်) ပြည်သူ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်ကြစေရန် (သို့မဟုတ်) အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

## ပြစ်ဒဏ်

၂၃။ ဤအမိန့်တွင် ဖော်ပြပါရှိသည့် တားမြစ်ချက်တရပ်ရပ်ကိုဖြစ်စေ၊ ဤအမိန့်အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ပါ သတ်မှတ်ချက် (သို့မဟုတ်) စည်းကမ်းချက်တရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် (၅၀၀၀) အထိဖြစ်စေ၊ ထောင်ဒဏ် (၃) နှစ်အထိဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးဖြစ်စေ ကျခံစေရမည်။

**ဥပဒေကဲ့သို့ အာဏာသက်ရောက်ခြင်း**

၂၄။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

☆ ☆ ☆ ☆ ☆

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏
## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
## ကြေညာစာတမ်း။

**နိဒါန်း။**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ တဝန်းလုံးရှိ ပြည်သူလူထုကြီးသည်၊ ၁၉၈၈ ခုနှစ်အတွင်းက၊ သမိုင်းတွင် မကြုံဘူးအောင် ထုးထူးကဲကဲအုံကြွ၍ ဒီမိုကရေစီစနစ်ကိုတောင်းဆိုခဲ့ကြပါသည်။ ဤသည်မှာ ခါးသီးစွာခံစား ခဲ့ကြရသော လူ့ဘောင်၏အနိဋ္ဌာရုံများမှ လွတ်မြောက်စိမ့်သောငှာ၊ ဒီမိုကရေစီနိုင်ငံကို ထူထောင်ရန် ရှေးရှုခဲ့ကြ ခြင်းဖြစ်ပါသည်။

၂။ ယခုအခါတွင် ပြည်သူလူထုကြီး၏ရှေ့မှောက်၌ မိမိတို့အားလုံး၏ လူနေမှုဘဝတခုလုံးကို အခြေ အမြစ်ကပင် စတင်ပြောင်းလဲမည့် ဒီမိုကရေစီစနစ်ကိုထူထောင်ရန် အခွင့်အလမ်းကြီး စတင်ပေါ်ထွန်းလာပြီဖြစ် ပါသည်။ ပြည်သူလူထုကြီး၏နိုးကြားတက်ကြွသောစိတ်ဓာတ်၊ ခိုင်မာသောအဓိဋ္ဌာန်၊ မှန်ကန်သောရွေးကောက် တင်မြှောက်မှုတို့ဖြင့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် ဒီမိုကရေစီအင်အားစုတို့၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများကို ရွေးကောက်တင်မြှောက်၍ ပြည်သူတို့ဆန္ဒနှင့်အညီ ဒီမိုကရေစီအစိုးရဖွဲ့စည်းစေရန်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံပဒေတရပ် ရေးဆွဲစေရန်၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အောင်မြင်စွာထမ်းဆောင်နိုင်ရန် စသောတာဝန်များကို အပ်နှင်းကြရတော့မည်ဖြစ်ပါသည်။

၃။ ယနေ့မြန်မာနိုင်ငံရှိပြည်သူလူထုကြီးသည် အခြေခံလူ့အခွင့်အရေးများကိုအာမခံနိုင်မည့် ဒီမို ကရေစီအစိုးရ ဖြစ်ပေါ်လာစေရန် အာသာဆန္ဒပြင်းပြလျက်ရှိနေသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အခိုင် အမာ ယုံကြည်ပါသည်။

၄။ နောင်လာလတ္တံ့သော ကာလတို့၌ မြန်မာနိုင်ငံတွင် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားအခြေခိုင် စေပြီး စည်းလုံးညီညွတ်သော၊ တည်တံ့ခိုင်မြဲသော၊ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူအခွင့်အရေးရှိသော ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရန်အတွက်၊ တိုင်းရင်းသားပြည်သူတရပ်လုံးက ကြီးမားစွာ စိတ်အား ထက်သန်လျက်ရှိသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရှင်းလင်းစွာသဘောပေါက်ပြီးဖြစ်ပါသည်။

၅။ ဤသို့သော ပြည်သူတို့၏ အာသာဆန္ဒနှင့်ရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည် ဖော်နိုင်ရန်အတွက် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ကုန်သွယ်စီးပွားသမားများ၊ ကျောင်းသား များ၊ လူငယ်များ၊ အမျိုးသမီးများ၊ တတ်သိပညာရှင်များ၊ အနုပညာရှင်များ၊ တိုင်းရင်းသားလူမျိုးများနှင့် ပြည် သူတို့ကိုကိုယ်စားပြုလိုသူများပါဝင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အထက်ဖော်ပြပါပြည်သူတို့၏ အာသာဆန္ဒနှင့်ရည်မှန်းချက်များကို တော်တည့်ဖြောင့်မတ်၍ တာဝန်ကျေပြွန်စွာဖြည့်ဆည်းထမ်းဆောင်နိုင်ရန် အတွက် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မိမိတို့ကိုယ်စားလှယ်လောင်းများကို ဝင်ရောက်ယှဉ်ပြိုင်စေကာ၊ ပြည်သူလူထု၏အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ပါသည်။

၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အောက်ဖော်ပြပါမူဝါဒသဘောထားများကို ကြေညာရင်း၊ ပြည်သူလူထု၏ဆန္ဒကိုခံယူ၍ ပြည်သူတို့လိုလားတောင်းတနေသော ဒီမိုကရေစီနိုင်ငံကို တည်ထောင်သွားမည်ဖြစ်ပါကြောင်း။

## နိုင်ငံရေး

၇။ ပြည်ထောင်စုမြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သည့်အားလျော်စွာ ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင်ပါရှိသော ဒီမိုကရေစီကျင့်စဉ်တို့ကိုလိုက်နာကျင့်သုံးမည်။ ကျွန်ုပ်တို့သာမက နောင်လာနောက်သားများတို့သည်လည်း မည်သည့်အခါမျှ ဒီမိုကရေစီအခွင့်အရေးများမဆုံးရှုံးစေရဟူသောမူဖြင့် ခိုင်မာသော ဒီမိုကရေစီအုတ်မြစ်ကိုချထားမည် ...

(က) နိုင်ငံတော်အာဏာသည် ပြည်သူလူထုထံမှသက်ဆင်းစေရမည်။

(ခ) အာဏာရှင်စနစ်နှင့် ပြည်သူလူထုကိုဖိနှိပ်ချုပ်ချယ်သည့်နိုင်ငံရေးစနစ်မျိုး ထွန်းကားခြင်းမရှိစေရ။

(ဂ) နိုင်ငံအာဏာကို ပါတီစုံအထွေထွေရွေးကောက်ပွဲများဖြင့်ထူထောင်ရာတွင်၊ ဒီမိုကရေစီအခြေခံမူများနှင့်အညီ အရွယ်ရောက်သူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်များရှိရမည်။

(ဃ) နိုင်ငံရေးပါတီများသည် တိုင်းပြည်အတွက်လုပ်ဆောင်ချက် အများအပြားရှိသည့်အနက်၊ အနာဂတ်ကာလအတွက် ခေါင်းဆောင်များကိုမျိုးစေ့ချရာ၊ သီးပွင့်စေရာ၊ မြေတောင်မြှောက်ပေးရာ ပျိုးခင်းများဖြစ်သည်ဟူ၍လည်းကောင်း၊ အုပ်ချုပ်ရေးအဖွဲ့နှင့်ဥပဒေပြုအဖွဲ့သို့ အများပြည်သူများကိုယ်စား ပေါင်းကူးတံတားသဖွယ်တာဝန်ထမ်းဆောင်ကြသည်ဟူ၍လည်းကောင်း၊ အာဏာပိုင် တဖွဲ့ဖွဲ့က ဖြစ်စေ၊ ပုဂ္ဂိုလ်တဦးဦးကဖြစ်စေ အာဏာကို မတရားကျူးကျူးလွန်လွန်အသုံးချမှုကို ဟန့်တားကန့်သတ်နိုင်သော ကိရိယာများဖြစ်ကြသည်ဟူ၍လည်းကောင်း ယုံကြည်သည်။

(င) ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၏ အဓိကအခြေခံဖြစ်သော ရွေးကောက်တင်မြှောက်ပွဲများကို လွတ်လပ်၍တရားမျှတစွာကျင်းပရေးအတွက်လည်းကောင်း၊ နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်များဖြစ်ကြသော ပြည်သူလူထုကြီး၏ လူမှုဘဝဖွံ့ဖြိုးသာယာရေးအတွက် သူတပါး၏အကျိုးကို မထိခိုက်စေဘဲ၊ စည်းကမ်းရှိစွာဖြင့် ဒီမိုကရေစီကိုအခြေခံ၍တည်ဆောက်ရန်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း၊ နိုင်ငံသားတိုင်းသည် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ တွေးခေါ်ခွင့်၊ ရေးသားဟောပြောခွင့်၊ စည်းရုံးခွင့်နှင့်အသက်မွေးဝမ်းကျောင်းပြုပိုင်ခွင့်၊ လွတ်လပ်ခွင့် စသော အခြေခံပိုင်ခွင့်များ အပြည့်အဝခံစားခွင့်ရှိစေရမည်။

(စ) အခြေခံလူ့အခွင့်အရေးများကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ အတိအလင်းအာမခံမည်။ လူ့အခွင့်အရေးများဆုံးရှုံးထိခိုက်နစ်နာမှုများအတွက် အခြေခံဥပဒေအရဖြစ်စေ၊ သို့တည်းမဟုတ် သီးခြားအထူးဥပဒေပြဋ္ဌာန်း၍ဖြစ်စေ၊ တရားရုံးများ၌တရားစွဲဆိုခွင့်ရရှိရန် ပြဋ္ဌာန်းမည်။

၈။ ပြည်သူ့လွှတ်တော်သည်ဥပဒေနှင့်အညီ၊ ပြည်သူ့ဆန္ဒနှင့်အညီ ပေါ်ပေါက်တည်ထောင်ခြင်းဖြစ်ရကား၊ ဤပြည်သူ့လွှတ်တော်၌ အချုပ်အခြာအာဏာကျင့်သုံးနိုင်ခွင့်သည် အကြွင်းမဲ့ရှိစေရမည်။

၉။ ပြည်သူ့လွှတ်တော်သည် အကြွင်းမရှိသော အချုပ်အခြာအာဏာကို အောက်ပါမူများအရ ကျင့်သုံးမည် ...

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူ၍ အပိုင်း (၃) ပိုင်းကန့်သတ်ထားရှိပြီး တပိုင်းစီသည် ဘာသာရပ်အလိုက်ရပ်တည်၍ တပိုင်းက တပိုင်းအပေါ် စွက်ဖက်ခြင်းများမရှိစေရ။

(ခ) ဥပဒေများကိုပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်ရာ၌ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းစသော လောကပါလတရားတို့နှင့် အညီအညွတ်ဖြစ်စေရမည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရှိလာလျှင် ဤအခြေခံဥပဒေနှင့်အညီဖြစ်စေရမည်။

(ဂ) နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားသည် ပြည်သူလူထုကြီးအား ဖိနှိပ်သည့်ကိရိယာမဖြစ်စေဘဲ၊ ပြည်သူလူထုကြီး၏ အကျိုးစီးပွားကိုသယ်ပိုးဖြည့်ဆည်း ကာကွယ်ပေးမည့် အရည်အသွေးမှီ စီမံခန့်ခွဲမှု ယန္တရားဖြစ်စေရမည်။

(ဃ) နိုင်ငံသားတိုင်းသည် ကိုးကွယ်ရာဘာသာမရွေး၊ ယောကျ်ားမိန်းမမရွေး၊ ရာထူးဌာနန္တရမရွေး၊ လူမျိုးဇာတိမခွဲခြားဘဲ၊ နိုင်ငံတော်တရားဥပဒေအရာတွင် အညီအမျှဖြစ်စေရမည်။ မိမိတို့၏ အခြေခံလူ့အခွင့်အရေးများ ဆုံးရှုံးခြင်းမရှိစေရ။ အထူးသဖြင့် ...

(၁) တရားစီရင်ရေးမဏ္ဍိုင်သည် ဒီမိုကရေစီသဘောတရား၊ အခြေခံလူ့အခွင့်အရေးများနှင့် ကိုက်ညီ၍ ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နှင့် တူညီသောအဆင့်အတန်းဖြင့် လွတ်လပ်စွာ တည်ရှိစေရမည်။

(၂) တရားရုံးချုပ်သည် မိမိလက်အောက်ရှိတရားရုံးများကို လွတ်လပ်ပိုင်နိုင်စွာ ကွပ်ကဲပိုင်ခွင့်ရှိစေရမည်။

(၃) တရားစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်းများကို အများပြည်သူတို့ရှေ့မှောက်တွင် ဆောင်ရွက်ရမည်။ စွပ်စွဲခံရသူအား တရားဥပဒေနှင့်အညီ ခုခံပိုင်ခွင့် အပြည့်အဝပေးမည်။

(၄) တရားသူကြီးများသည် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ခွင့် ရှိစေရမည်။ ပြင်ပစွက်ဖက်မှုများမရှိစေရ။

၁၀။ နိုင်ငံတကာဆက်ဆံရေးတွင် လွတ်လပ်သောနိုင်ငံခြားရေးဝါဒကိုကျင့်သုံးမည်။ အထူးအားဖြင့် အောက်ပါတို့ကိုဖော်ဆောင်သွားမည် ...

(က) မည်သည့်နိုင်ငံနှင့်မဆို တနိုင်ငံ၏နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တနိုင်ငံက လေးစားရန်၊ တနိုင်ငံနှင့်တနိုင်ငံ ကျူးကျော်တိုက်ခိုက်မှုမပြုလုပ်ရန်၊ တနိုင်ငံနှင့်တနိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ တနိုင်ငံနှင့်တနိုင်ငံတန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ် ထွန်းမှုရှိရန်နှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်ဟူသော ၁၉၅၅ ခုနှစ်၊ ဗန်ဒေါင်း (အင်ဒိုနီးရှားနိုင်ငံ) မူကြီးငါးချက်နှင့်အညီ ချစ်ကြည်ရင်းနှီးစွာပေါင်းသင်းဆက်ဆံမည်။ အိမ်နီးချင်းနိုင်ငံများနှင့်အပြန်အလှန်နားလည်မှုရရှိ၍ အပြန်အလှန်အကျိုးဖြစ်ထွန်းအောင်ကြိုးစားပြီး၊ အိမ်နီးချင်း ကောင်းပီပီ ချစ်ကြည်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံမည်။

(ခ) အထီးကျန်မှုဝါဒကိုမကျင့်သုံးဘဲ၊ ကမ္ဘာ့ရေးရာများတွင် မိမိတို့တိုင်းပြည်အနေနှင့် မှန်ကန်သည်ဟု ယူဆသောဘက်မှ နိုးကြားတက်ကြွစွာ ရပ်တည်ဆောင်ရွက်မည်။

(ဂ) တူညီသောရည်ရွယ်ချက်ဖြင့်၊ လုပ်ရှားဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားမည်။ အထူးသဖြင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စီမံကိန်းများတွင် ဒေသ၏အကျိုးနှင့် မိမိနိုင်ငံတော်၏ အကျိုးကိုဦးတည်၍ လက်တွဲဆောင်ရွက်မည်။

(ဃ) ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရပုံငွေအဖွဲ့ စသည်တို့နှင့် ရင်းနှီးခိုင်မာစွာ ဆက်ဆံမည်။

## နိုင်ငံတော်ကာကွယ်ရေး

၁၁။ (က) တပ်မတော်သည် ပြည်သူတို့မှပေါက်ဖွားလာပြီး၊ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လေးစားလိုက်နာသော၊ ပြည်သူလူထုဘက်မှရပ်တည်သော၊ ပြည်သူတို့အားထားရသော၊ ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသော၊ ပြည်သူတို့ချစ်ခင်သော တပ်မတော်ဖြစ်စေရမည်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထဝီအခြေအနေနှင့်ကိုက်ညီသည့် မဟာဗျူဟာအရကျင့်သုံးသော ခေတ်မီတပ်မတော်အဖြစ်တည်ဆောက်မည်။

(ဂ) ကျဆုံးသွားသော စစ်မှုထမ်းနှင့်ယင်းမိသားစုများ၊ စစ်မှုထမ်းဟောင်းများနှင့် ယင်းမိသားစုများ၏ အကျိုးစီးပွားတို့အတွက် သင့်လျော်သောအစီအစဉ်များ ဆောင်ရွက်ပေးမည်။

## စီးပွားရေး

၁၂။ ပြည်သူ့လွှတ်တော်ကရွေးချယ်လိုက်သော အစိုးရအဖွဲ့သစ်အနေဖြင့်၊ တာဝန်ယူရသည့်ပါတီသည် မည်သည့်ဘဏ္ဍာရေးအခြေအနေမျိုးနှင့် စတင်ရင်ဆိုင်ရမည်ကိုမခန့်မှန်းနိုင်ပေ။ သို့ဖြစ်ရာ ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုထက် လောလောဆယ်ရေတိုစီးပွားရေးပြန်လည်ထူထောင်မှုနှင့် တည်ငြိမ်မှုတို့ကို ပိုမိုအာရုံစိုက်ဆောင်ရွက်ရလိမ့်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယူဆထားပါသည်။ ထို့ကြောင့် ယင်းယူဆချက်အရ ...

(က) ကုန်ဈေးနှုန်း၊ ငွေကြေးနှင့် အလုပ်အကိုင်များ တည်ငြိမ်မှုတို့ကို ဦးစားပေးဆောင်ရွက်မည်။ ပြည်တွင်းငွေကြေးကို ပြည်သူအများက ယုံကြည်စိတ်ချအောင် ဆောင်ရွက်မည်။

(ခ) သင့်တင့်လျောက်ပတ်သော ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒတို့ကိုချမှတ်၍ အစိုးရ၏ဘတ်ဂျက်ကို ပိုင်နိုင်စွာကွပ်ကဲ ဆောင်ရွက်သွားမည်။

(ဂ) မြန်မာငွေနှင့်နိုင်ငံခြားငွေများ လဲလှယ်ရေးနှုန်းတို့ကို ပြန်လည်သုံးသပ်၍ လိုအပ်သလို ပြင်ဆင်သွားမည်။

(ဃ) အားဖြည့်လောင်စာများ၊ ပို့ဆောင်ရေးယာဉ်များ၊ ကုန်ဈေးနှုန်းကျဆင်းရေးတွင် အထောက်အကူပြုမည့်ပစ္စည်းများကို ဦးစားပေးသွင်းကုန်များအဖြစ် တင်သွင်းမည်။

(င) နိုင်ငံခြားပို့ကုန် အမျိုးအစားမျိုးစုံအောင် ကြိုးပမ်းအားပေးမည်။

(စ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ ဆတိုးတိုးပွားလာရန်အလို့ငှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ပေးမည်။

(ဆ) နိုင်ငံခြားကြွေးမြီလျော့ပေါ့ရေးနှင့် အကူအညီများထပ်မံရရှိရေးကို ကြိုးပမ်းမည်။

(ဇ) စီးပွားရေးလုပ်ငန်းတို့ကို ချုပ်ချယ်ထားသောဥပဒေများ၊ အမိန့်များ၊ စည်းမျဉ်းများနှင့်အခြားကန့်သတ်ကွပ်ကဲမှုတို့ကို ပြန်လည်သုံးသပ်၍ ပြင်ဆင်တန်ပြင်၊ ဖျက်သိမ်းတန်ဖျက်ဆောင်ရွက်မည်။

(ဈ) ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအတွက် အကျိုးရှိအောင် လက်ရှိအခွန်စနစ်အရပ်ရပ်တို့ကို ပြန်လည်သုံးသပ်၍ ပြင်ဆင်မည်။

(ည) စီးပွားရေးအစိတ်အပိုင်းအသီးသီးသည်ဈေးကွက်စီးပွားရေးကိုတင်းပြည့်ကျပ်ပြည့်အခြေခံကြရမည်။ အထူးသဖြင့် ပုဂ္ဂလိကပိုင်စီးပွားရေးကိုအလျှင်အမြန် ဖွံ့ဖြိုးတိုးတက်အောင်အားပေးမည်။

(ဋ) ကမ္ဘာလှည့်ခရီးလုပ်ငန်းကို ပိုမိုတိုးတက်အားပေးသွားပြီး အဆင်ပြေချောမွေ့ပြေပြစ်အောင် ဆောင်ရွက်မည်။

## စက်မှုလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း။

၁၃။ (က) အထက်ပါကဏ္ဍအသီးသီး၌ ပြည်သူပိုင်အဖြစ်သိမ်းပိုက်ထားသော စီးပွားရေးလုပ်ငန်းများကို မူလပုဂ္ဂလိကစီးပွားရေးလုပ်ငန်းပိုင်ရှင်များလက်သို့ ပြန်လည်လွှဲပြောင်းပေးရေးနှင့် ပုဂ္ဂလိက မလုပ်ကိုင်နိုင်သည့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ပြည်ပစီးပွားရေးအသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ငွေကြေးအရင်းအနှီးများကိုရယူပြီး လုပ်ကိုင်ဆောင်ရွက်သွားမည်။

(ခ) စီးပွားရေးလုပ်ငန်းတို့ကို ပြည်သူပိုင်သိမ်းယူမည်မဟုတ်။ ငွေကြေးကို တရားဝင်ငွေအဖြစ် ရပ်စဲခြင်းများ ပြုလုပ်မည်မဟုတ်ပါ။

(ဂ) သတ္တုနှင့်ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်မှုနှင့်ရောင်းချမှုများကို ဥပဒေပြဋ္ဌာန်း၍ ဖက်စပ်နှင့်ပုဂ္ဂလိကလုပ်ပိုင်ခွင့်များ ဆောင်ရွက်ခွင့်ပေးမည်။

(ဃ) တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလို့ငှာ လက်ဝယ်ထားရှိအပ်သောလုပ်ငန်းများကို ချက်ချင်းစွန့်လွှတ်လိုက်ရသဖြင့် ပြည်တွင်းစီးပွားရေးပျက်ပြားပြီး အလုပ်လက်မဲ့တိုးပွားစေမည့် လုပ်ငန်းအမျိုးအစားမှအပ၊ ကျန်ရှိသောပြည်သူပိုင်လုပ်ငန်းများကို ထုခွဲရောင်းချ ဖျက်သိမ်းပစ်မည်။ ချက်ချင်းထုခွဲရောင်းချခြင်းမပြုနိုင်သော ပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံများအတွက် ပြည်သူပိုင်လုပ်ငန်းတို့၏ အရင်းအနှီးနှင့်လုပ်ငန်း ဖွဲ့စည်းပုံကို ခေတ်အခြေအနေနှင့်လျော်ညီစွာ ပြင်ဆင်လုပ်ဆောင်သွားမည်။ မလိုအပ်သော အပိုကုန်ကျမှုများကို တင်းကျပ်စွာတားဆီးဆောင်ရွက်မည်။

(င) ပေးဆပ်ရန်ရှိသော ပြည်ပကြွေးမြီများကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ထားပေးရန် ဆောင်ရွက်ရင်း၊ နိုင်ငံပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာငွေကြေးအကူအညီသစ်များကို ထပ်မံရရှိအောင် ဆောင်ရွက်သွားမည်။

(စ) စျေးကွက်စီးပွားရေးဝါဒအရ၊ မိမိနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုစေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုခွင့်ပြုမည်။

(ဆ) နိုင်ငံတော်ကတရားဝင်ထုတ်သောငွေကြေးများကို နိုင်ငံတော်ကလုံးဝတာဝန်ယူခြင်းဖြင့် ပြည်သူများက ယုံကြည်စိတ်ချမှုအပြည့်အဝ ရှိစေရမည်။

(ဇ) တိုင်းပြည်သစ်တည်ဆောက်ရေးပိုင်းတွင် – မျိုးဆက်သစ်များ၏ ပညာရေးပိုင်းတွင်လည်းကောင်း၊ စီးပွားကုန်သွယ်ရေးအပိုင်းတွင်လည်းကောင်း၊ စိုက်ပျိုးရေးအားပြုသော အခြားလုပ်ငန်းကြီးများတွင်လည်းကောင်း၊ လူထုဆက်သွယ်ရေးကဏ္ဍတွင်လည်းကောင်း ခေတ်မီတိုးတက်သောနည်းပညာ၊ အတတ်ပညာများ ကျယ်ပြန့်စွာသုံးစွဲလာစေရန် ကြိုးပမ်းမည်။

## ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ

၁၄။ (က) ကုန်စျေးနှုန်းများကျဆင်းမှုကို ရှေ့ရှု၍၊ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရန်၊ ပို့ဆောင်ရေးကဏ္ဍကို အတတ်နိုင်ဆုံးပြုပြင်တိုးချဲ့သွားမည်။

(ခ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုနောက်ကျနေသော ဒေသများဖွံ့ဖြိုးအောင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ပြုပြင်တိုးချဲ့သွားမည်။

(ဂ) ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်ပြီး၊ ချောမွေ့စေရန် လိုအပ်သလိုနှင့် အခြေအနေပေးသလို ပြုပြင်တိုးချဲ့သွားမည်။

(ဃ) လေကြောင်းလုပ်ငန်းကို နိုင်ငံခြားကုမ္ပဏီတို့နှင့် ဖက်စပ်ထူထောင်သွားမည်။

## လယ်ယာကဏ္ဍ

၁၅။ လယ်ယာလုပ်ငန်းနှင့် တောင်သူလယ်သမားတို့၏ လယ်ယာစီးပွားရေးဖွံ့ဖြိုးမှု တိုးတက်လာစေရန် အောက်ပါမြေယာမူဝါဒနှင့်အညီ ဆောင်ရွက်သွားမည် ...

(က) လယ်လုပ်သူ တောင်သူလယ်သမားတိုင်းသည်၊ မြေယာပိုင်ဆိုင်ခွင့် လွှဲပြောင်းပိုင်ခွင့်ရှိစေရမည်။ မြေရှင်ကြီးစနစ် ပြန်လည်သက်ဝင်မလာစေရန် ဥပဒေဖြင့်တားမြစ်မည်။

(ခ) လယ်ယာထွက်သီးနှံဈေးနှုန်းသည် ဈေးကွက်စီးပွားရေးကိုအခြေခံသော ထုတ်လုပ်မှုစရိတ်နှင့် တောင်သူလယ်သမားတို့၏ လူနေမှုစရိတ်တို့ကို ကာမိသောဈေးနှုန်းသည် အနိမ့်ဆုံးဈေးနှုန်းအဖြစ် တပိုင်းတွင်အာမခံ၍၊ အခြားတပိုင်းတွင် နိုင်ငံတကာဈေးကွက်ပေါက်ဈေး၊ ပြည်တွင်းပေါက်ဈေးတို့နှင့်လည်း ညှိနှိုင်းမည်။

(ဂ) လွတ်လပ်စွာစိုက်ပျိုးခြင်း၊ လွတ်လပ်စွာသိုလှောင်ခြင်း၊ လွတ်လပ်စွာကြိတ်ခွဲခြင်း၊ လွတ်လပ်စွာသယ်ယူပို့ဆောင်ခြင်း၊ လွတ်လပ်စွာရောင်းချခြင်းတို့ကို ခွင့်ပြုမည်။

(ဃ) ဘဏ္ဍာရေးအခြေအနေကိုထောက်ဆကာ၊ လယ်ယာမြေပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းတို့ အတွက် ကာလတို၊ ကာလရှည်ချေးငွေ၊ အမတော်ကြေးငွေများကို ထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးဘဏ်စနစ်ကို တိုးချဲ့ဆောင်ရွက်မည်။

(င) ဘဏ္ဍာရေးအခြေအနေကိုထောက်ဆကာ၊ မြေလွတ်မြေရိုင်းများတိုးချဲ့ရေးလုပ်ငန်းများကို အထူးအာရုံစိုက်ဆောင်ရွက်မည်။

(စ) ဘဏ္ဍာရေးအခြေအနေကိုထောက်ဆကာ၊ မျိုးကောင်းမျိုးသန့်အထွက်တိုးမျိုးစပါးများ အလွယ်တကူရရှိရေးနှင့် စိုက်ပျိုးနိုင်ရေးကို အားပေးကူညီမည်။

(ဆ) ဘဏ္ဍာရေးအခြေအနေကိုထောက်ဆကာ၊ ဓာတ်မြေသြဇာအလုံအလောက်ရရှိရေးအတွက် ဖြစ်နိုင်သမျှ ဆောင်ရွက်ပေးမည်။

(ဇ) ဘဏ္ဍာရေးအခြေအနေကိုထောက်ဆကာ၊ စက်မှုလယ်ယာလုပ်ငန်းနှင့်ပတ်သက်သော ခေတ်မီစိုက်ပျိုးရေးနည်းပညာဆိုင်ရာ စက်ပစ္စည်းကိရိယာများထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်မည်။

(ဈ) လယ်ယာစိုက်ပျိုးရေးတွင် ဆန်စပါးနှင့်စက်မှုကုန်ကြမ်းထုတ်လုပ်မှုကိုသာ ကန့်သတ်မထားဘဲ၊ နိုင်ငံခြားငွေပိုမိုရရှိမည့် အခြားသီးနှံများပြောင်းလဲစိုက်ပျိုးရေးကိုလည်း အားပေးသွားမည်။

(ည) ပုဂ္ဂလိကစက်မှုလယ်ယာနှင့် နှစ်ရှည်ပင်များစိုက်ပျိုးမှုအတွက် မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်၍ ဂရန်ကိုခွင့်ပြုမည်။

(ဋ) ခေတ်မီစိုက်ပျိုးရေး နည်းပညာသည်များ တိုးတက်ပြန့်ပွားရေးကိုရှေ့ရှု၍ နိုင်ငံတကာအဆင့်မီစေရန်၊ ပညာရှားမှီးနိုင်ရေးအတွက် အလေးထားဆောင်ရွက်မည်။

(ဌ) လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ၊ သီးစားချထားရေးဥပဒေ၊ တောင်သူလယ်သမားများ အခွင့်အရေး ကာကွယ်မှုဥပဒေတို့ကို ပြန်လည်သုံးသပ်မည်။

## သစ်တောကဏ္ဍ

၁၆။ မြန်မာနိုင်ငံသစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် အောက်ပါမူဝါဒများနှင့်အညီ ဆောင်ရွက်သွားမည် ...

(က) သစ်တောလုပ်ငန်းကို သစ်တောမပြုန်းတီးစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားရန် နိုင်ငံ

တော်ကသာ စီမံခန့်ခွဲသွားမည်။

(ခ) သစ်နှင့်သစ်တောထွက်ပစ္စည်းများကို ပြည်သူများအိမ်သုံးအဖြစ် သုံးစွဲနိုင်ခွင့်ကို စနစ်တကျစီမံဆောက်ရွက်ပေးမည်။

(ဂ)ကျွန်းသစ်ထုတ်လုပ်ရေး၊ အခြေခံသစ်မာများထုတ်လုပ်ရေး၊ နိုင်ငံခြားရောင်းချရေးလုပ်ငန်းများကို ပညာရှင်များနှင့် ပြန်လည်ညှိနှိုင်းသုံးသပ်ပြီး စနစ်တကျစီမံဆောင်ရွက်ပေးမည်။

(ဃ) သစ်တောများပြုန်းတီးမှုမရှိစေရန် မြေဆီမြေလွှာထိန်းသိမ်းရေး ပြန်လည်ပျိုးထောင်ရေး၊ သစ်တောကြိုးဝိုင်းများ စနစ်တကျဖြစ်ရေးတို့ကို ရေရှည်စီမံချက်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(င) ပြည်တွင်းသုံး သစ်မာနှင့်သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ကြမ်း အထောက်အကူပြုသစ်များ စိုက်ပျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးတို့ကို ပြန်လည်သုံးသပ်ပြီး တိုးချဲ့ဆောင်ရွက်သွားမည်။

(စ) သစ်လုပ်ငန်းနှင့်ပတ်သက်သော စက်ကိရိယာနှင့်အပိုပစ္စည်းများ၊ တိုးတက်သောသိပ္ပံဆိုင်ရာ၊ နည်းပညာဆိုင်ရာ အထောက်အကူပြုများရရှိမှုတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။

(ဆ) သစ်တောနှင့် သစ်တောထွက်ပစ္စည်းများအပေါ်တွင်မှီခိုနေသော စီးပွားရေးလုပ်ငန်းရှင်များ၊ အလုပ်သမားများ၊ ပြည်သူအများ၏ တနိုင်တပိုင်သုံးစွဲခွင့်များနှင့် ပတ်သက်၍ သင့်တင့်မျှတသော စည်းကမ်းနည်းလမ်းများချမှတ်၍ ခံစားပိုင်ခွင့်ပြုမည်။

(ဇ) ပုဂ္ဂလိပိုင်ဆိုင်ရာ သစ်စက်များ၊ ထုတ်လုပ်သူများ၊ သစ်တောထွက်ပစ္စည်းများမှ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခွင့်၊ ဖြန့်ဖြူးခွင့်၊ ပြည်တွင်း/ပြည်ပသို့ ရောင်းချခွင့်ကိုလည်း ဥပဒေနှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်ပေးမည်။

## သားငါးကဏ္ဍ

၁၇။ သားငါးလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးစေရန်အတွက် ပြည်တွင်းသားငါးမပြုန်းတီးရေး၊ ကမ်းနီးကမ်းဝေးငါးများ မပြုန်းတီးရေး၊ ပြည်သူလူထု၏အာဟာရဓါတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရေလုပ်ငန်းလုပ်သားများ၏ အသက်မွေးဝမ်းကျောင်းပညာများဖွံ့ဖြိုးရေးတို့ကို အလေးပေး၍ အောက်ပါတို့ကို ဆောင်ရွက်မည် …

(က) ပြည်တွင်းသားငါးမွေးမြူရေး၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်ခွင့်ကို ပုဂ္ဂလိကအားဦးစားပေးစနစ်ဖြင့် ဆောင်ရွက်ခွင့်ပေးမည်။

(ခ) ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများကို ပုဂ္ဂလိကဦးစားပေးစနစ်ဖြင့်လုပ်ကိုင်နိုင်ရန် အားပေးဆောင်ရွက်၍၊ ၎င်းတို့မလုပ်ကိုင်နိုင်သည့်လုပ်ငန်းများကို နိုင်ငံတော်၊ သမဝါယမနှင့် ဖက်စပ်စနစ်များဖြင့် ဆောင်ရွက်သွားမည်။

(ဂ) ထုတ်လုပ်မှု၊ စည်သွတ်မှု၊ ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်မှု လုပ်ငန်းများအတွက်လည်းကောင်း၊ ပြည်ပတင်ပို့ရောင်းချမှုအတွက် လိုအပ်သောစက်ကိရိယာ၊ ကျွမ်းကျင်မှု၊ ထုပ်ပိုးထုတ်လုပ်မှု အရင်းအနှီးများနှင့်နည်းပညာအကူအညီများ ရရှိနိုင်ရေးအတွက်လည်းကောင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်။

(ဃ) သားငါးများစည်းသွတ်လုပ်ငန်း၊ နိုင်ငံခြားသို့အဆင့်အတန်းမီပို့နိုင်ရန် နည်းပညာများရရှိရေးနှင့် ခေတ်မီကမ်းရိုးတန်း ငါးဖမ်းသင်္ဘောများ သုံးစွဲနိုင်ရေးတို့ကို အားပေးမည်။

## ပညာရေး

၁၈။ (က) အခြေခံပညာရေးတွင် မူလတန်းအဆင့်အထိ၊ မသင်မနေရပညာရေးစနစ်နှင့် အခမဲ့ပညာရေးစနစ်တို့ကို နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးအခြေအနေအရ၊ အဆင့်ဆင့်အကောင်အထည်ဖော်သွားမည်။
(ခ) အသက်မွေးဝမ်းကျောင်းပညာနှင့် အဆင့်မြင့်နည်းပညာဆိုင်ရာ ဘာသာရပ်တို့ကို ခွဲခြားသင်ကြားစေမည်။
(ဂ) တိုင်းပြည်၏ကဏ္ဍာအသီးသီးကို အဖက်ဖက်ကခေတ်မီစေရန်နှင့် တက္ကသိုလ်များ၏ အဆင့်မြင့်မားတိုးတက်ရေးကို ရှေ့ရှု၍ ပြည်ပသို့ ပညာသင်များပိုမိုစေလွှတ်မည်။ ပြည်ပနိုင်ငံများနှင့် ဆရာများ၊ ပညာသင်များ ပိုမိုဖလှယ်မည်။ ပြည်ပမှကျွမ်းကျင်သူများကို ပိုမိုဖိတ်ခေါ်လေ့ကျင့်စေမည်။
(ဃ) နိုင်ငံတော်ကချမှတ်သော ပညာရေးမူဝါဒစီမံကိန်းတို့နှင့်အညီ အခြေခံပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ဆရာ၊ မိဘ၊ ကျောင်းသားကိုယ်စားလှယ်များ၏ ညှိနှိုင်းဆောင်ရွက်မှုစနစ်ကို ကျောင်းများတွင် ကျင့်သုံးသွားမည်။

## ကျန်းမာရေး

၁၉။ (က) အဓိကအားဖြင့် ပြည်သူလူထုကျန်းမာရေးအတွက် အနာရောဂါကြိုတင် ကာကွယ်ရေးကိစ္စများကို လိုအပ်သလိုစီမံချက်ချမှတ်၍ ဆောင်ရွက်သွားမည်။
(ခ) အစိုးရဆေးရုံများတွင် အနာရောဂါကုသရေးအတွက် လိုအပ်သောဆေးဝါးများကို လုံလောက်အောင် ရရှိနိုင်စေရန် အထူးအလေးထားစီစဉ်ဆောင်ရွက်မည်။
(ဂ) အစိုးရဆေးရုံများတွင် အဖက်ဖက်၌ယိုယွင်းချို့တဲ့နေသော အခြေအနေများကိုဖြေရှင်း၍၊ ဆေးရုံ၏အင်္ဂါရပ်များနှင့်ညီညွတ်သောအခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်မည်။
(ဃ) ပုဂ္ဂလိကဆေးကုခန်းများကိုလည်း ဥပဒေနှင့်အညီဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုမည်။
(င) ပုဂ္ဂလိကကျန်းမာရေးအာမခံလုပ်ငန်းကို အားပေးမည်။
(စ) အားကစားနှင့်ကာယပညာကို နိုင်ငံတော်ကအားပေး၍ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင် အဆင့်အတန်းမြင့်မားစွာပါဝင်နိုင်ရန်အတွက် လိုအပ်သော လေ့ကျင့်မှုများပြုလုပ်ပေးမည်။
(ဆ) ဆေးကုသနည်း၊ ဆေးပညာများနှင့်စပ်လျဉ်း၍ တိုးတက်သောခေတ်မီနည်းပညာ အထောက်အကူများရရှိရေးတို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်နိုင်ငံခြားတိုင်းပြည်အသီးသီးရှိ ဆေးပါရဂူများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်သွားမည်။

## လူမှုရေး

၂၀။ (က) မိဘမဲ့ကလေးများ၊ အရွယ်မရောက်သေးသော လေလွင့်နေသူကလေးများနှင့် အစွန့်ပယ်ခံကလေးများကို နိုင်ငံတော်ကအထူးအာရုံစိုက်စောင့်ရှောက်၍ ပညာသင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖန်တီးပေးခြင်းများ ဆောင်ရွက်မည်။
(ခ) အိုမင်းမစွမ်းရှိသူများအား စောင့်ရှောက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကစေတနာရှင်များက ပံ့ပိုးကူညီရန် ဆောင်ရွက်မည်။
(ဂ) အမျိုးသမီးများစောင့်ရှောက်ရေးကိစ္စများကို အစိုးရက လိုအပ်သလိုပံ့ပိုးကူညီမည်။
(ဃ) လူမှုဖူလုံရေးလုပ်ငန်းများကို အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်း၍ ဆောင်ရွက်သွားမည်။

## ယဉ်ကျေးမှု

၂၁။ (က) အမျိုးသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ မတိမ်ကောစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်။

(ခ) နိုင်ငံအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များကို ပူးပေါင်းဆောင်ရွက်သွားမည်။

## တိုင်းရင်းသားလူမျိုးများ။

၂၂။ တိုင်းရင်းသားလူမျိုးအသီးသီးသည် မိမိတို့ရပိုင်ခွင့်များနှင့် တာဝန်ယူမှုတို့တွင် တန်းတူရည်တူ ရှိစေရမည်။ ထို့ပြင် ...

(က) တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေးကို ဦးတည်ရှေ့ရှုမည်။

(ခ) ပြည်ထောင်စုဖွား၊ တိုင်းရင်းသားလူမျိုးအားလုံး၏ အခွင့်အရေးတန်းတူရည်တူမှုကို လက်ခံလျက် မည်သည့်လူမျိုးကိုမျှ အထူးအခွင့်အရေးမပေးရေးနှင့် လူမျိုးနွယ်၊ လူမျိုးစုအားလုံး၏ ခံစားထိုက်၊ ခံစားအပ်သော မည်သည့်အခွင့်အရေးကိုမျှ ချုပ်ချယ်ကန့်သတ်မှုမပြုရေးကို ဦးတည်ရှေ့ရှုမည်။

(ဂ) တိုင်းရင်းသားလူမျိုးအားလုံးသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးကဏ္ဍ စသောနယ်အသီးသီး၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ ဦးတည်ရှေ့ရှုမည်။

(ဃ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် မပေါ်ပေါက်မီကြားကာလ အစီအစဉ်ဖြင့်ပြည်သူ့လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ရှိပြီးပြည်နယ်များအတွက် အာဏာပိုင်အဖွဲ့များ ဖွဲ့စည်းပေးမည်။

(င) နယ်ပယ်အသီးသီး၌ တိုင်းရင်းသားလူမျိုးအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ကူညီယိုင်းပင်းမှု၊ ဝိုင်း ဝန်းပံ့ပိုးမှုဖြင့် ပြည်ထောင်စုကြီးတခုလုံးနှင့် ပြည်ထောင်စုကြီး၏ ပြည်နယ်ဒေသအစိတ်အပိုင်းအသီး သီး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရှေ့ရှုမည်။

(စ) ဒီမိုကရေစီစနစ် အောင်မြင်စွာတည်ဆောက်နိုင်ချိန်တွင် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေး၊ တိုင်းရင်းသားလူမျိုးအားလုံး သွေးစည်းညီညွတ်ရေးတည်းဟူသော၊ ဒီမိုကရေစီလူ့ဘောင်၏ အခြေခံအုတ်မြစ်ကြီးများကို အခိုင်အမာချနိုင်စေရန်အလို့ငှာ၊ ပင်လုံညီလာခံကဲ့သို့သော ပြည်ထောင်စုကြီး၏ အနာဂတ်ခရီးလမ်းညွှန်များကိုချမှတ်နိုင်မည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသားညှိနှိုင်းမှုညီလာခံတရပ်ကို ခေါ်ယူကျင်းပမည်။

(ဆ) တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံတမ်းစဉ်လာများကို ထိန်းသိမ်းရောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်စေခွင့်ရှိစေရမည်။

(ဇ) တိုင်းရင်းသားလူမျိုးများသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီထွန်းကားရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စ အစရှိသည်များကို ပြည်ထောင်စုတခုလုံး အတိုင်းအတာဖြင့် ပါဝင်ဆောင်ရွက်စေရမည်။

## လက်နက်ကိုင်တိုက်ခိုက်မှုများကိုရပ်စဲရေး။

၂၃။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးများ သွေးစည်း

ညီညွတ်ရေး၊ ဒီမိုကရေစီထွန်းကားရေး၊ အခြေခံလူ့အခွင့်အရေးများ တန်းတူရည်တူရရှိခံစားရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခွင့်အရေးများ တန်းတူညီမျှရရှိခံစားရေး၊ တိုင်းပြည်၏ ယိုယွင်းနေသောအခြေအနေများ ပြန်လည်ထူထောင်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံး တက်ညီလက်ညီ ပါဝင်ဆောင်ရွက်နိုင်ရေး စသော အခြေခံမူများကိုလက်ကိုင်ထား၍၊ ပြည်ထောင်စုအတွင်း နှစ်ပေါင်း (၄၀) ကျော်တိုင်အောင် မပြီးဆုံးသေးသော လက်နက်ကိုင်တိုက်ခိုက်မှုများကို နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းအဆုံးသတ်စေမည်။

## စည်းရုံးဖွဲ့စည်းမှု

၂၄။ တောင်သူလယ်သမားများ၏ လယ်ယာကုန်ထုတ်လုပ်မှုနှင့် လူနေမှုဘဝမြှင့်တင်ရေးအတွက်လည်းကောင်း၊ အလုပ်သမားများ၏ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် လူနေမှုဘဝမြှင့်တင်ရေးအတွက်လည်းကောင်း၊ ကျောင်းသားလူငယ်များ၏ ပညာရေးနှင့် ကာယ၊ ဉာဏ၊ ယဉ်ကျေးမှုတို့ ပျိုးထောင်ဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ ယင်းတို့၏စည်းရုံးဖွဲ့စည်းမှုများကို အောက်ပါအတိုင်းအားပေးသွားမည် ...

**(က) တောင်သူလယ်သမားများ** ။ ။ တောင်သူလယ်သမားသမဂ္ဂဖွဲ့စည်းရေးကို အားပေးမည်။ တောင်သူလယ်သမားသမဂ္ဂများသည် အဖွဲ့အစည်းအနေဖြင့် ပါတီနိုင်ငံရေးမှကင်းရှင်း၍ တလုံးတစည်းတည်းသော အဖွဲ့အစည်းဖြစ်ရန်လိုသည်။ ပုဂ္ဂိုလ်တဦးချင်းအားဖြင့် မိမိကြိုက်နှစ်သက်ရာ နိုင်ငံရေးပါတီတွင် ပါဝင်ခွင့်ရှိသည်။

**(ခ) အလုပ်သမားများ၊ ဝန်ထမ်းများ** ။ ။အလုပ်သမားများ၊ ဝန်ထမ်းများ၏ သမဂ္ဂများဖွဲ့စည်း၍၊ ပါတီနိုင်ငံရေးနှင့်ကင်းရှင်းကာ အပြည်ပြည်ဆိုင်ရာအလုပ်သမားအစည်းအရုံးကြီး၏ ညီလာခံပြဋ္ဌာန်းချက်နှင့်အညီဖွဲ့စည်းကာ တလုံးတစည်းတည်းသောအဖွဲ့ဖြစ်ရန်လိုသည်။ သမဂ္ဂများသည် မိမိတို့၏ တရားမျှတသောအခွင့်အရေးများကို တရားဥပဒေဘောင်အတွင်းမှ အရေးဆိုပိုင်ခွင့်ရှိစေရမည်။ ထို့ပြင် ...

(၁) အလုပ်ခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေးတို့တွင် ခန့်အပ်မည့်တာဝန်နှင့်ထိုက်တန်သော ပညာအရည်အချင်းနှင့်ပြည့်ဝသူတို့ကိုသာ အရည်အချင်းစစ်ဆေးမှုအရ၊ အစဉ်အလိုက် တရားမျှတစွာဖြစ်စေရမည်။ အာဏာအရှိန်းသုံး၍ ကြားဖြတ်ခန့်ထားသည့် အခွင့်အထူးခံအလေ့အထများကို တင်းကျပ်စွာတားမြစ်မည်။

(၂) အတတ်ပညာရှင်များ၊ အသိပညာရှင်များကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ နိုင်ငံတော်အဖွဲ့အစည်းများတွင်ခန့်ထားမည်။ စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြည်ပနိုင်ငံများသို့လည်း သွားရောက် အလုပ်လုပ်ခွင့်ပြုမည်။

(၃) အကြောင်းအမျိုးမျိုးကြောင့် အနစ်နာခံနေရသော ဝန်ထမ်းများအတွက် ပြန်လည်စဉ်းစားမည်။

(၄) အလုပ်ရှင်အလုပ်သမားတို့၏ ဝါဏိဇ္ဇပဋိပက္ခဖြေရှင်းရေးသည် မျှတ၍ တရားဥပဒေနှင့်အညီဖြစ်စေရမည်။

**(ဂ) ကုန်သွယ်စီးပွားရေးသမားများ** ။ ။ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ သွင်းကုန်ထုတ်ကုန် လုပ်ငန်းရှင်များ၊ ကုန်လမ်းရေလမ်းပို့ဆောင်ရေးလုပ်ငန်းရှင်များမှအစ၊ အိမ်တွင်းမှုလုပ်ငန်းရှင်များ၊ ကုန်သည်၊ ပွဲစား၊ ဈေးဆိုင်ရှင်များ၊ ခေါင်းရွက်ဗျတ်ထိုးဈေးသည်များနှင့် အနေ့းယာဉ်သမားများပါမကျန် ပါဝင်သော ကုန်သွယ်စီးပွားရေးသမားများကို စနစ်တကျစည်းရုံးဖွဲ့စည်း၍ တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ မိမိတို့ဘဝမြှင့်တင်မှုတို့အတွက် ပုဂ္ဂလိကကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ရန်အားပေးမည်။ ကူးသန်း

ရောင်း ဝယ် ရေးဆိုင်ရာ နည်းပညာများဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းများ ရှာဖွေကာအားပေးမည်။

**(ဃ) လူငယ်ကျောင်းသားများ။**

(၁) လူငယ်များ အထူးသဖြင့် ကျောင်းသားများသည် မည်သည့်နိုင်ငံတွင်မဆို တိုင်းပြည်၏ အနာဂတ် အရေးတွင် အဖိုးအတန်ဆုံးအင်အားတရပ်ဖြစ်သည်။ ဒီမိုကရေစီအရေးကိုအခြေခံသော မိမိတို့နိုင်ငံ သစ်အတွက် လူငယ်များအား ခေတ်မီပညာရပ်များ၊ သင်ကြားပျိုးထောင်ပေးမည်။

(၂) အမျိုးသားနိုင်ငံရေးကိုဦးတည်သည့် တလုံးတစည်းတည်းသော ကျောင်းသားသမဂ္ဂကို ဖွဲ့စည်း ခွင့်ပြုမည်။

(၃) တလုံးတစည်းတည်းသော ကျောင်းသားသမဂ္ဂများသည် အမျိုးသားညီညွတ်မှု၏ အထိမ်းအမှတ် ဖြစ်သည်။

**(င) အမျိုးသမီးများ။**

(၁) အမျိုးသမီးများသည် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ရာထူးဌာနန္တရတို့တွင် တာဝန်အရ လည်းကောင်း၊ အခွင့်အရေးအရလည်းကောင်း၊ ယောကျ်ားများနှင့်တန်းတူ အခွင့်အရေးရှိစေရမည်။

(၂) ကိုယ်ဝန်ဆောင်ကာလနှင့် မီးဖွားပြီးသတ်မှတ်ထားသောကာလအတွင်း အမျိုးသမီးများသည် ကျန်းမာရေးအရ၊ နိုင်ငံတော်၏အစောင့်အရှောက် ခံယူရရှိစေရမည်။ အလုပ်လုပ်ကိုင်နေသော အမျိုး သမီးများအတွက်ဥပဒေနှင့်အညီ မီးဖွားချိန်အနားယူခွင့် ခံစားစေရမည်။

## နိဂုံး။

၂၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ကျွန်ုပ်တို့ထူထောင်ရာ၌၊ ကမ္ဘာ့မိသားစုအလယ်တွင် အချုပ်အခြာအာ ဏာပိုင်ဆိုင်မှု၊ တနိုင်ငံနှင့်တနိုင်ငံတန်းတူရည်တူရှိမှု၊ ဂုဏ်သိက္ခာရှိမှု၊ ပြည်သူလူထုကြီး၏ စား၊ ဝတ်၊ နေ ရေးပြေလည်မှု၊ စိုးရိမ်ထိတ်လန့်ခြင်း၊ ဗျာပါဒဘေးမှ ကင်းလွတ်ငြိမ်းချမ်းမှု အစရှိသည့် လူ့ဘောင်ဘဝတိုးတက် မြင့်မားရေးတို့အတွက် ပြည်သူလူထုကြီး၏ သဘောထားဆန္ဒနှင့်အညီ အောင်မြင်သည်အထိ ချီတက်သွား ရန် သန္နိဋ္ဌာန်ပြုပါသည်။

၂၆။ ဤသို့ချီတက်ရာ၌ ပြည်သူလူထုကြီး၏ တခဲနက်ထောက်ခံမှု၊ အားပေးမှု၊ ဝေဖန်မှု၊ အကြံပေးမှုနှင့် အပြန် အလှန်ညှိနှိုင်းဖော်ဆောင်မှုတို့သည် ရည်မှန်းချက်ပန်းတိုင်သို့အရောက်ချီတက်ရာ၌ အဓိကအခန်းမှပါဝင် သည်ဟု အလေးအနက်ခံယူပါကြောင်း။

**" ဒီမိုကရေစီရေး မုချအောင်ရမည် "**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။
ရက်စွဲ။ ၁၉၈၉ ခု၊ နိုဝင်ဘာလ (၆) ရက်။

★ ★ ★ ★ ★

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
## ရန်ကုန်မြို့

## ဂန္ဒီခန်းမ ကြေညာစာတမ်း

### နေ့စွဲ – ၁၃၅၂ ခုနှစ်၊ ဝါခေါင်လဆန်း (၇/၈)ရက်
### ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၈/၂၉)ရက်

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြကုန်သော ကျွန်ုပ်တို့သည် မြန်မာသက္ကရာဇ် ၁၃၅၂ ခုနှစ်၊ ဝါခေါင်လဆန်း (၇) ရက်နှင့် (၈) ရက်၊ (၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက် နှင့် ၂၉ ရက်) နေ့များတွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်ရှိ ဂန္ဒီခမ်းမဆောင်၌ စုဝေးရောက်ရှိကြပြီး၊ တိုင်း ရင်းသား ပြည်သူတရပ်လုံး၏အကျိုးငှာ၊ နိုင်ငံတော်ရေးရာအဖြာဖြာနှင့် ပြည်သူ့လွှတ်တော် ခေါ်ဆိုဖွဲ့စည်းရေး ကိစ္စအဝဝတို့ကို ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြပြီးသကာလ၊ တညီတညွတ်တည်းဆုံးဖြတ်ကာ ဤ **'ဂန္ဒီခန်းမကြေညာစာတမ်း'** ကို ထုတ်ပြန်ကြေညာလိုက်ကြပေသည်။

၂။ မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၃၀) အတွင်း၊ ပထမဆုံးအကြိမ်အဖြစ် ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့၌ ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာ (၄၈၅) နေရာအတွက် ကျင်းပပေးခဲ့ရာ၌၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အများပြည်သူလူထုကြီး၏ တခဲနက်သော ထောက်ခံမှုတို့ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ (၃၉၂) နေရာတွင် အနိုင်ရရှိခဲ့ပေသည်။ သို့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများ၏ ကျင့်ထုံးများအတိုင်း ဖွဲ့စည်းရမည့် အစိုးရတရပ်ကို ခိုင်မာစွာဖွဲ့စည်းနိုင်လောက်သည့် ထက်ဝက်ကျော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အင်အားထက် ကျော်လွန်ရုံမျှမက၊ လွှတ်တော်ကိုယ်စားလှယ်အရေအတွက်၏ ရာခိုင်နှုန်း (၈၀) ကျော်အထိ၊ လုံးလုံးလျားလျားအနိုင်ရရှိခဲ့သဖြင့် ပြည်သူ့လွှတ်တော်အား ဦးဆောင်နိုင်သောအနေအထားကို အခိုင်အမာရရှိထားပြီးဖြစ်ပေသည်။

၃။ ယခုအခါ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးခဲ့ပြီ ဖြစ်ပေသည်။ အထွေထွေရွေးကောက်ပွဲကြီးပြီးလျှင် ပြည်သူ့လွှတ်တော်ကို မရှေးမနှောင်းကာလ၌ အမြန်ဆုံးဖွဲ့စည်းပေးရမည် မှာဓမ္မတာပင်ဖြစ်ပေသည်။ ပြည်သူလူထုကလည်း ဤအတိုင်းမျှော်လင့်နေကြပေသည်။ သို့သော် ရွေးကောက်ပွဲကြီးပြီး၍ ရက်ပေါင်း (၆၀) ကြာလာသည့်တိုင်အောင် ပြည့်သူ့လွှတ်တော်ကိုမဖွဲ့စည်းရသေးပေ။

ရွေးကောက်ပွဲတွင် လုံးလုံးလျားလျား အများစုအနိုင်ရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်အတွက် လောလောဆယ်အကျိုးစီးပွားနှင့် ရေရှည်အနာဂတ်ကာလ အကျိုးစီပွားများကို အခြေခံထား၍၊ တမျိုးသားလုံးပြန်လည်သင့်မြတ်ရေးစိတ်ဓာတ်ဖြင့် ပွင့်လင်းသော၊ ရိုးသားသော၊ စေတနာအပြည့်ပါသော နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုများပြုလုပ်သွားရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အဆိုပြုချက်ကိုလည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က တစုံတရာအကြောင်းပြန်ကြားခြင်း မရှိခဲ့သေးပေ။

၄။ ရဟန်းရှင်လူပြည်သူများ၊ လယ်သမားများ၊ အလုပ်သမားများ၊ ကျောင်းသားလူငယ်များ၊ ဝန်ထမ်းများ အပါအဝင်ဖြစ်သော တိုင်းရင်သားပြည်သူလူထုကြီးသည် နိုင်ငံတော်တွင် ဒီမိုကရေစီအခွင့်အရေးများကန့်သတ်ခံ

ထားမှုကြောင့် လက်ရှိမျက်မှောက်ပြုနေရသော စားဝတ်နေရေးကြပ်တည်းမှု၊ စိုးရိမ်ထိတ်လန့်နေရမှုနှင့် သောကဗျာပါဒဘေးမှ ကင်းလွတ်ရေးတို့အတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို အမြန်ဆုံးကူးပြောင်းရောက်ရှိရန် ဆန္ဒပြင်းပြလျက်ရှိနေပေသည်။

၅။ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် ယဉ်ကျေးသောလူ့အဖွဲ့အစည်းတိုင်း၊ နိုင်ငံတိုင်းတွင် ပြည်သူ့လွှတ်တော်ကို အမြင့်ဆုံးသောမဏ္ဍိုင်ကြီးတရပ်အဖြစ် ပြည်သူတရပ်လုံးက အလေးအမြတ်ပြုထားခြင်းအားဖြင့် နိုင်ငံဂုဏ်ကျက်သရေကို မြှင့်တင်ကြစမြဲဖြစ်ပေသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်လည်း ဒီမိုကရေစီပြည်သူ့လွှတ်တော်ကြီးတရပ် ငွားငွားစွင့်စွင့်တည်ရှိနေမှသာ ကျက်သရေမင်္ဂလာထည်ဝါပြည့်စုံပြီး၊ ကမ္ဘာ့အလယ်တွင် လေးစားခံထိုက်သော ဂုဏ်အင်္ဂါအပေါင်းဖြင့် တင့်တယ်ပေမည်ဟု ကျွန်ုပ်တို့က အလေးအနက်ယုံကြည်ကြပေသည်။

၆။ ယနေ့ပြည်သူတို့ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသော အကြပ်အတည်းများသည် ပြည်သူတို့က ယုံကြည်ကိုးစားစွာ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသော ပြည်သူ့လွှတ်တော်ကသာဦးဆောင်၍ ပြည်သူ့ဆန္ဒနှင့်အညီ ဖြေရှင်းအပ်ပေသည်။

သို့ဖြစ်ရာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၂)၊ ပုဒ်မ (၃) ၌ ပြဋ္ဌာန်းထားသော **"လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းရမည်"** ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူ ဖွဲ့စည်းပေးရန် အရေးတကြီး လိုအပ်နေပေသည်။

၇။ ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးသည် တာဝန်ရှိကြကုန်သော သက်ဆိုင်ရာများအဖို့ တရားဥပဒေအရလည်းကောင်း၊ ကျင့်ဝတ်အရလည်းကောင်း၊ ပျက်ကွက်ခြင်းငှာ လုံးဝမဖြစ်နိုင်သည့်အပြင်၊ ဖြစ်ပေါ်နေသော ပြည်သူတို့၏ဆန္ဒနှင့် တိုင်းပြည်၏အကျပ်အတည်းအခြေအနေအရပ်ရပ်တို့ကို ထောက်ထားပါလျှင်လည်း၊ ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းရေးကို ပျက်ကွက်ခြင်းငှာ လုံးဝမသင့်လျော်၊ ပျက်ကွက်ခြင်းငှာ လုံးဝမထိုက်ဟု ကျွန်ုပ်တို့ခံယူပေသည်။

၈။ သို့ဖြစ်ရကား ပြည်သူ့လွှတ်တော်ကို အမြန်ဆုံး မဖြစ်မနေ မွေးဖွားသန့်စင်ပေးရပေတော့မည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၁)၊ ပုဒ်မ ၂ (က) တွင် **"လွှတ်တော်ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကို ဆိုသည်"** ဟု ပြဋ္ဌာန်းထားချက်အရ၊ ယခုပေါ်ပေါက်လာမည့် ပြည်သူ့လွှတ်တော်သည် တိုင်းပြုပြည်ပြုလွှတ်တော်မဟုတ်ကြောင်းကိုလည်း ကျွန်ုပ်တို့အလေးအနက်ခံယူထားပေသည်။

ဥပဒေနှင့်အညီဖြစ်အပ်သောအာဏာ (သို့တည်းမဟုတ်) ဥပဒေနှင့်အညီဖြစ်အပ်သော အာဏာလွှဲပြောင်းရေးကိစ္စတို့နှင့် ပတ်သက်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရပ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အသင့်ရေးဆွဲထားရှိပြီးဖြစ်ကြောင်းသိရှိရ၍ ကျွန်ုပ်တို့ကကြိုဆိုပေသည်။

အဆိုပါ ၁၉၉၀ ပြည့်နှစ်၊ ယာယီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း) ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အခြားအဖွဲ့အစည်းအသီးသီးနှင့် ညှိနှိုင်းဆွေးနွေးမည့်အစီအစဉ်ကိုလည်း ကျွန်ုပ်တို့က ထောက်ခံပေသည်။

ဤယာယီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားဖြင့်၊ ဥပဒေနှင့်အညီ အာဏာလွှဲပြောင်းရေးကို ဖြစ်မြောက်အပ်သည်ဟု ကျွန်ုပ်တို့က တညီတညွတ်တည်းယူဆကြပေသည်။

၉။ ထို့နောက် ဒီမိုကရေစီပြည်ထောင်စုသစ်အတွက်ရည်သန်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို ကျွန်ုပ်တို့ပါဝင်သော ပြည်သူ့လွှတ်တော်ကသာလျှင် ရေးဆွဲပြဋ္ဌာန်းအတည်ပြုရန် တာဝန်ရှိပေသည်။ ကျွန်ုပ်တို့ကလည်း ထိုတာဝန်ကို ထမ်းဆောင်သောအခါ၌ ကျယ်ပြန့်စွာညှိနှိုင်းဆောင်ရွက်သွားကြမည် ဖြစ်ပေသည်။

သို့သော် ပြည်သူ့လွှတ်တော်၏ အာဏာအပ်နှင်းမှုမရှိဘဲ၊ ပြည်သူ့လွှတ်တော်၏ အာဏာစက်မရှိဘဲ၊ ပြည်သူ့လွှတ်တော်၏ အဆောင်အယောင်အရှိန်အဝါမရှိဘဲ၊ ပြည်သူ့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းခြင်း မရှိဘဲ၊ ပြည်သူ့လွှတ်တော်မှအပ အခြားမည်သည့်နေရာ၊ မည်သည့်အချိန်၌မဆို၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲခွင့်လည်းမရှိ၊ ပြဋ္ဌာန်းအတည်ပြုခွင့်လည်းမရှိ၊ သို့ရေးဆွဲကြမည်ဆိုလျှင် လွှတ်တော်အာဏာစက်မရှိသဖြင့်၊ ဥပဒေအာဏာစက်လည်း ရှိလိမ့်မည်မဟုတ်ပေ။ ဤလမ်းကြောင်းအတိုင်း ဆောင်ရွက်မှုသည် သိက္ခာပင်ရှိလိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့ယူဆသည်။

ထို့ကြောင့် ပြည်သူလူထုလိုလားတောင့်တနေသော ဒီမိုကရေစီပြည်ထောင်စုသစ်ကြီး ထူထောင်ရန်အတွက်ရည်သန်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်ရေးဆွဲရန်အလို့ငှာပင်၊ ပြည်သူ့လွှတ်တော်ကို စောလျှင်စွာ ခေါ်ယူဖွဲ့စည်းရန် အထူးလိုအပ်ကြောင်းမှာ ထင်ရှားပေသည်။

၁၀။ ဤနေရာတွင် ဒီမိုကရေစီအစိုးရမပေါ်ပေါက်မီကာလတလျှောက် မလွဲမသွေ၊ မရှောင်မလွှဲသာ ပေါ်ပေါက်မည့် ဒီမိုကရေစီအခွင့်အရေးများပြဿနာကိုလည်း ချောမောစွာကိုင်တွယ်ဖြေရှင်းကြရလိမ့်ဟု ကျွန်ုပ်တို့သဘောရရှိပေသည်။

ဒီမိုကရေစီအစိုးရပေါ်ထွန်းသည့်အခါကျမှသာ ဒီမိုကရေစီအခွင့်အရေးတွေရရှိစေ၊ ဤသို့မပေါ်ထွန်းမီကာလ၌မူ ဒီမိုကရေစီအခွင့်အရေးများ ဆိတ်သုန်းနေစေဆိုသည့်အဖြစ်မျိုးကား လုံးဝမလိုလားအပ်ပေ။

ဒီမိုကရေစီအစိုးရ မပေါ်ပေါက်မီကာလတွင် ဒီမိုကရေစီအခြေအနေများဖန်တီးပေးမှသာ ဒီမိုကရေစီပြည်ထောင်စုသစ်ထူထောင်ရေးအထိ၊ အေးချမ်းသာယာစွာ ငြင်သာသောအသွင်ဖြင့် အထောက်အကူပြု ဖြစ်ထွန်းသွားလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပေသည်။ ဒီမိုရေစီအခြေအနေများရှိပါမှလည်း ပြည်သူလုထုသည် တထိတ်ထိတ်တလန့်လန့်နှင့် ကျီးလန့်စာစားနေရသော ဗျာပါဒဘေးတို့မှ ကင်းဝေးကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ပါးချမ်းသာကာ ဒီမိုကရေစီပြည်ထောင်စုသစ်ထူထောင်ရေးကို တက်ညီလက်ညီ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားနိုင်ကြပါမည်။

ဤကာလများအတွင်း အများပြည်သူလူထုအတွက် အနိမ့်ဆုံးအားဖြင့် ခံစားထိုက်သော လွတ်လပ်စွာရေးသားပုံနှိပ်ထုတ်ဝေခွင့်၊ လွတ်လပ်စွာယူဆတင်ပြခွင့်တို့သည် စည်ပင်နေရပါမည်။ ပြည်သူ့လွှတ်တော်တွင် အစိုးရတရပ်ကို လွတ်လွတ်ကျွတ်ကျွတ် ဖွဲ့စည်းနိုင်လောက်အောင် လွှတ်တော်ကိုယ်စားလှယ် လုံးလုံးလျားလျားအများစုရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်တိုင်က အနိမ့်ဆုံး ဒီမိုကရေစီအခွင့်အရေးတို့ကိုပင် ဆုံးရှုံးအနစ်နာခံနေရသည်ဟုဆိုလျှင် ဖြစ်ရိုးဖြစ်စဉ် နိုင်ငံရေးသဘာဝယုတ္တိများနှင့် လုံးဝဖီလာဖြစ်နေပေမည်။ ပြည်သူလူထုအမြင်၊ ကမ္ဘာ့အမြင်တို့၌အလွန်တရာမှ အကျည်းတန်နေမည်မှာသေချာပေသည်။

ကျွန်ုပ်တို့သည် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးမှတဆင့်၊ မဲဆန္ဒရှင်ပြည်သူလူထု၏ ဆန္ဒအဆုံးအဖြတ်ကို ရယူထားသူများဖြစ်၍ ထိုသဘာဝနှင့်လိုက်လျောညီထွေစွာ၊ သင့်တင့်လျောက်ပတ်သော အဆင့်အတန်းကို ရရှိကြရပေမည်။ ယုတ်စွအဆုံး ကျွန်ုပ်တို့အား အနှောင့်အယှက်၊ အဟန့်အတား ခြိမ်းခြောက်မှုတို့မှ ကင်းဝေးစေရပါမည်။

၁၁။ လောလောဆယ်အခြေအနေအရ ကျွန်ုပ်တို့နိုင်ငံတွင် တပါတီစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်သို့ကူးပြောင်းရမည်ဖြစ်သဖြင့် ဖြေရှင်းဆောင်ရွက်ကြရမည့် အကျပ်အတည်း၊ အခက်အခဲပြဿနာများရှိမည်ကို ကျွန်ုပ်တို့ကောင်းစွာ သတိမူမိကြပေသည်။ ယင်းပြဿနာများ၊ အခက်အခဲအကျပ်အတည်းများကိုလည်း ဒီမိုကရေစီအခြေခံတရားများကို မထိပါးမပျက်ယွင်းစေဘဲ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တို့သည် တမျိုးသားလုံးပြန်လည်သင့်မြတ်ရေးဦးတည်ချက်ဖြင့် ရိုးသားမှု၊ ပွင့်လင်းမှု၊

အပြန်အလှန်လေးစားမှုတို့ကိုအခြေခံကာ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းအားဖြင့် မုချဖြေရှင်းနိုင်ရမည်ဟု ကျွန်ုပ်တို့မျှော်လင့်ကြပေသည်။

ယနေ့ကမ္ဘာတွင် အလွန်ရှုပ်ထွေးနက်နဲလှသော လူသားအားလုံးကိုပျက်ပြုန်းစေမည့် အဏုမြူစစ်ပွဲကြီး အန္တရာယ်ကိုပင် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းနည်းဖြင့် ယနေ့အချိန်အထိ ဟန့်တားထားနိုင်ခဲ့ပြီဖြစ်ရာ ကျွန်ုပ်တို့နိုင်ငံတွင် အချင်းချင်းဖြစ်ပွားနေရသော ပြဿနာဟူသမျှသည်လည်း မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ချောမောပြေလည်ရမည်ဟု ကျွန်ုပ်တို့ယုံကြည်ပေသည်။ ယင်းသို့တွေ့ဆုံရာတွင် ...

၁။ ပွင့်လင်းရိုးသားမှုနှင့် အပြန်အလှန်လေးစားလိုက်နာရေးမှု၊

၂။ တမျိုးသားလုံးပြန်လည်သင့်မြတ်ရေးမှု၊

၃။ ငြိမ်းချမ်းချောမွေ့သောနည်းကို အသုံးချရေးမှု၊

၄။ အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကို ရှေးရှုရေးမှု၊ စသည်တို့ကို ကိုင်ဆွဲရမည်ဟုလည်း ကျွန်ုပ်တို့ခံယူပေသည်။

၁၂။ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းသည့် ပြည်သူ့လွှတ်တော်ကိုခေါ်ယူဖွဲ့စည်းပေးရန် တောင်းဆိုပိုင်ခွင့်မှာ ပြည်သူလူထု၏ ခြေခံမူအကျဆုံးသော တရားဝင်ပိုင်ခွင့်တရပ် ဖြစ်ပေသည်။ ယင်းပိုင်ခွင့်ကို တောင်းဆိုရန် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြကုန်သော ကျွန်ုပ်တို့၌တာဝန်ရှိပေသည်။

၁၃။ သို့ဖြစ်ရကား ပြည်သူလူထုကြီး၏ဆန္ဒနှင့်အညီ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၂)၊ ပုဒ်မ(၃) အရလည်းကောင်း၊ ဒီမိုကရေစီစနစ်၏အနှစ်သာရများအရလည်းကောင်း၊ နိုင်ငံတကာကျင့်ထုံးကျင့်နည်းများနှင့် လျော်ညီစွာလည်းကောင်း ၁၉၉ဝ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြကုန်သော ကျွန်ုပ်တို့က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အား ဤနေ့ဤရက်မှစ၍ တညီတညွတ်တည်း တောင်းဆိုလိုက်ပြီ ဖြစ်ကြောင်း ကြေညာအပ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ<br>မဟာဂန္ဓာမဂန္ဓီခန်းမဆောင်<br>ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

★ ★ ★ ★ ★

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်

### ( ကြေညာချက်မှတ် ၁/၉ဝ )

**၁၃၅၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်**
**၁၉၉ဝ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်**

၁။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ခဲ့သည်။

၂။ ၁၉၈၈ ခုနှစ်အတွင်း အရေးအခင်းများဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံတဝှမ်းလုံးတွင် အခြေအနေအရပ်ရပ် ယိုယွင်းပျက်ပြားခဲ့သည်။ ထိုသို့ယိုယွင်းပျက်ပြားခဲ့သည့် အခြေအနေအရပ်ရပ်ကို အချိန်မီထိန်းသိမ်းနိုင်ရန် အတွက် ပြည်သူပြည်သားအားလုံးအကျိုးငှာ တပ်မတော်က နိုင်ငံတော်အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူ ခဲ့သည်။ ပြည်သူ့လွှတ်တော်အပါအဝင် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများကို ဖျက်သိမ်းလျက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းကာ တာဝန်ကြီး (၄) ရပ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပြီး နိုင်ငံတော်၏အရေးကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ခဲ့သည်။

၃။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတော်အတွင်း ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေစိုးမိုးရေးနှင့်နယ်မြေအေးချမ်းသာယာရေးတို့ကို ထိရောက်စွာထိန်းသိမ်းနိုင်ရန် လိုအပ်သော ဥပဒေ၊ အမိန့်၊ ကြေညာချက်၊ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များကို ထုတ်ပြန်ခဲ့သည်။

၄။ ပြည်သူများ၏ စားဝတ်နေရေးချောင်လည်စေရန် ပုဂ္ဂလိက၊ သမဝါယမနှင့် ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်အတွက် အဟန့်အတားဖြစ်စေသော ဥပဒေများကိုပယ်ဖျက်ပြီး လိုအပ်သောဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်များကိုလည်း ထုတ်ပြန်လျက် လက်တွေ့အကောင်အထည် ဖော်ဆောင်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကိုမျှော်မှန်း၍ လုပ်ဆောင်သင့်သည်များ ကိုလည်း လုပ်ဆောင်လျက်ရှိသည်။

၅။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတဝန်းလုံးတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်နှင့် တိုးတက်ကောင်းမွန်စေရန်အတွက် ဆောင်ရွက်သင့်သည်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

၆။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေကိုမျှ လိုက်နာကျင့်သုံးသောအဖွဲ့အစည်းမဟုတ်ဘဲ နိုင်ငံတော်ကို မာရှယ်လော (Martial Law) ဖြင့် အုပ်ချုပ်နေသော အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရသည် စစ်အစိုးရအဖြစ်အုပ်ချုပ်လျက်ရှိကြောင်းနှင့် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ လက်ခံထားသည့် အစိုးရဖြစ်ကြောင်း အားလုံး အသိပင်ဖြစ်သည်။

၇။ နိုင်ငံတကာ ဆက်ဆံရေးနှင့်ပတ်သက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကိုကျင့်သုံးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး နိုင်ငံအသီးသီးနှင့် ချစ်ကြည်စွာဆက်ဆံလျက်ရှိသည်။ နိုင်ငံအချင်းချင်း သံတမန်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် မြန်မာနိုင်ငံရှိ မည်သည့်သံရုံးကိုမျှ ယခုအချိန်အထိ ပိတ်ပင်ခြင်းမရှိဘဲ ဆက်လက်ထားရှိခွင့်ပြုပြီး ပုံမှန်ဆက်ဆံနေသည့်နည်းတူ နိုင်ငံခြားတိုင်းပြည်များတွင် မြန်မာသံရုံးများကိုလည်း ရုပ်သိမ်းခြင်းမပြုဘဲ ဆက်လက်ဖွင့်လှစ်ထားရှိကာ ပုံမှန်ဆက်ဆံလျက်ရှိသည့်အပြင် ယခင်ကသံရုံးမရှိခဲ့သော နိုင်ငံတနိုင်ငံတွင်သံရုံးအသစ်တရုံး တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

၈။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့နိုင်ငံရေးကိစ္စရပ်များနှင့် ကုလသမဂ္ဂဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂဆိုင်ရာမြန်မာသံရုံးသည် မြန်မာနိုင်ငံ၏နိုင်ငံခြားရေးဝါဒကို တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာနှင့်ဆက်ဆံရာတွင် မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူနှင့်အညီ လိုက်နာကျင့်သုံးလျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံသည် မိမိ၏ လွတ်လပ်မှုကိုထိန်းသိမ်းကာကွယ်လျက်မိမိ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းများကိုလည်း ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့်အညီ လိုက်နာကျင့်သုံးလျက်ရှိသည်။

၉။ နိုင်ငံအချင်းချင်းဆက်ဆံရေး ပျက်ပြားစေမှုကို ရှောင်ရှားရန် သံတမန်အချို့၏ သံတမန်ကျင့်ဝတ် ဖောက်

ဖျက်မှုများကိုလည်း သဘောထားကြီးစွာဖြင့် သံတမန်အမည်နှင့် နိုင်ငံအမည်များကို ထုတ်ဖော်ခြင်းမပြုဘဲ မိမိတို့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် အကြိမ်ကြိမ်ပြောကြားခဲ့သည်။ ထို့ပြင် သံတမန် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာသံရုံးများသို့လည်း အကြောင်းကြားခဲ့သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအချင်းချင်း အစိုးရအချင်းချင်း ဆက်ဆံရေးပျက်ပြားစေမည့်ကိစ္စရပ်များကို ရှောင်ရှားနိုင်ခဲ့သောကြောင့် ယနေ့အထိ မည်သည့် ပြဿနာမှ ပေါ်ပေါက်ခဲ့ခြင်းမရှိပါ။ သံတမန်အချို့၏လုပ်ရပ်ကြောင့် မိမိတို့အစိုးရအပေါ် အထင်အမြင်လွဲမှားမှုများကိုလည်းသဘောထားကြီးစွာထား၍သံတမန်နည်းဖြင့်သာဖြေရှင်းဆောင်ရွက်ခဲ့သည်။

၁၀။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတော်၏တာဝန်ကိုယူခဲ့ရသည့် အချိန်မှစ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို စွဲမြဲစွာကိုင်စွဲ ဆောင်ရွက်လျက်ရှိသည်။ တဖက်တွင်လည်း လက်နက်စွဲကိုင် ဆူပူသောင်းကျန်းသူမျိုးစုံကို တပ်မတော်သားများ၏ အသက်၊ သွေး၊ ချွေး မြောက်များစွာပေးလှူလျက် ထိုးစစ်ကြီးများဖြင့် ချေမှုန်းခဲ့သည်မှာ အားလုံးအသိပင်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံရေးအဖွဲ့အစည်းမဟုတ်သဖြင့် ဆူပူသောင်းကျန်းသူများနှင့် နိုင်ငံရေးနည်းအရ စေ့စပ်ဆွေးနွေးခြင်းကို ပြုလုပ်ခဲ့ခြင်းမရှိပါ။ သို့ရာတွင် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ အလင်းဝင်လာသူများကိုမူ ကောင်းမွန်စွာလက်ခံကြိုဆို၍ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အဖွဲ့ အစည်းဖြင့် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံရေးအစိုးရ မဟုတ်သဖြင့် မည်သည့်လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အစည်းနှင့်မျှ နိုင်ငံရေးနည်းအရ စေ့စပ်ဆွေးနွေးခြင်း ပြုရန်အကြောင်းမရှိပေ။

၁၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်ရန် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေကိုပြဋ္ဌာန်းလျက် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။ ရွေးကောက်ပွဲဝင်လိုသော နိုင်ငံရေးပါတီ များမှတ်ပုံတင်နိုင်ရန် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထို့ပြင် လွတ်လပ်၍တရားမျှ တသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို လည်း ပြဋ္ဌာန်းပေးခဲ့သည်။

၁၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၃) တွင် **"လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့် အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်"**ဟူ၍ ပြဋ္ဌာန်းပါရှိ သည်။ ယင်း ပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့က ဆောင်ရွက်ပေးမည်။ ထိုသို့ လွှတ်တော်ခေါ်ယူနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ရွေးကောက်ပွဲတွင်ကိုယ်စားလှယ်အရွေးခံရသည့်ပါတီများ နှင့် ရွေးကောက်ပွဲတွင် အရွေးခံရသည့်ပုဂ္ဂိုလ်များက ဆောင်ရွက်ရန်ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေများနှင့် အညီဆောင်ရွက်ထားကြရန် အခါအားလျော်စွာ သတင်းထုတ်ပြန်ရေးအဖွဲ့က ရှင်းလင်းခဲ့ပြီးဖြစ်သည်။

၁၃။ ယနေ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီးသည့် နောက်ပိုင်းတွင် လွှတ်တော်ခေါ်ယူ ရေး၊ အာဏာလွှဲပြောင်းရေးကိစ္စများနှင့်စပ်လျဉ်း၍ စာစောင်များထုတ်ဝေနေခြင်း၊ ဆွေးနွေးပွဲကြီးခံခြင်း၊ ပြည်ပအသံ လွှင့်ဌာနများမှ ရှေ့ဆောင်လမ်းပြလုပ်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ တရားမဝင် စာရွက်စာတမ်းများထုတ်ဝေခြင်း များ ပြုလုပ်နေကြသည်။

၁၄။ လွှတ်တော်ခေါ်ယူရေးနှင့်ပတ်သက်၍ အထက်တွင် ရှင်းလင်းဖော်ပြခဲ့ပြီးဖြစ်သည်။ အာဏာ လွှဲပြောင်း ရေးကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက တိုင်းမှူးများ၊ တပ်မမှူးများ၊ ပြည်

နယ်နှင့် တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများအား အခါအားလျော်စွာ ပြောကြားခဲ့သည့် မိန့်ခွန်းများတွင် ညွှန်ပြခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) အနေဖြင့်လည်း ၁၉၉၀ ပြည့် နှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင်ကျင်းပသည့် (၁၀၀) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ၌ တိတိလင်းလင်း ပြောဆိုခဲ့ပြီးဖြစ်သည်။

၁၅။ နိုင်ငံရေးအဖွဲ့အစည်းတရပ်သည် ပြည်သူ့လွှတ်တော် တရပ်ပေါ်ပေါက်လာရုံဖြင့် ဥပဒေပြုမှုအာဏာ၊ စီမံခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှုအာဏာဟူသော အချုပ်အခြာအာဏာ (၃) ရပ်ကို အလိုအလျောက် မရရှိဘဲ အခြေခံဥပဒေတရပ်အပေါ် အခြေပြု၍သာရယူနိုင်ကြောင်း အထူးရှင်းလင်းရန်လိုမည် မဟုတ်ပါ။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်ကလက်ခံ၍ ဥပဒေအဖြစ်အတည်ပြုခဲ့သည်။ သို့သော် ထိုအခြေခံဥပဒေအာဏာတည်ပြီး အမှန်တကယ်အကျိုးသက်ရောက်သည်မှာ မြန်မာနိုင်ငံ လုံးဝလွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံတော်ဖြစ်ကြောင်း ကြေညာသည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါ ရီလ (၄) ရက်နေ့တွင်မှဖြစ်သည်ကို ဥပဒေကြောင်းအရ အထင်အရှားတွေ့နိုင်သည်။ နိုင်ငံတခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်သည် လွတ်လပ်ရေးမရမီ ရေးသားထားသည့်ဥပဒေနှင့် လွတ်လပ်ရေးရှိသည့်နောက်မှ ရေးသားသည့်ဥပဒေဟူ၍ နှစ်မျိုးရှိသည်။ လွတ်လပ်ရေးရရှိခဲ့ကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အချုပ်အခြာအာဏာကို လက်ဆုပ်လက်ကိုင်ရပြီးမှသာ တိုင်းပြည်ပြုလွှတ်တော်ကိုခေါ်ယူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြသည့် အစဉ်အလာရှိသည်။ မြန်မာနိုင်ငံတွင်မူ တိုင်းပြည်ပြုလွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲပြီးမှ လွတ်လပ်ရေးကြေညာခဲ့ရသည်။ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းသည် ထိုအချိန်က နိုင်ငံခေါင်းဆောင်များအနေဖြင့် ဗြိတိသျှတို့ထံမှ ငြိမ်းချမ်းသောနည်းဖြင့် လွတ်လပ်ရေးကို အမြန်ရယူလိုသော ဆန္ဒကြောင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းမှာ ထင်ရှားသည်။

၁၆။ ၁၉၇၄ ခုနှစ်၊ အခြေခံဥပဒေကိုလေ့လာပါက လွတ်လပ်ရေးရရှိပြီးနောက် ရေးဆွဲခြင်းဖြစ်ပြီး ပြည်သူ့ဆန္ဒခံယူပွဲဖြင့်ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်သည်ကို မည်သူမျှငြင်းဆိုခြင်း ပြုနိုင်မည်မဟုတ်ပါ။

၁၇။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် လွတ်လပ်ရေးမရမီရေးဆွဲသည့် ဥပဒေဖြစ်ပြီး ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်ရေးရပြီးမှရေးဆွဲသည့် ဥပဒေဖြစ်ကြောင်း ကွာခြားချက်ကို အထူးသတိပြုကြရန်လိုသည်။

၁၈။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီအများစု၏ဆန္ဒမှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေးဖြစ်ကြောင်း ယင်းတို့၏ သဘောထားကြေညာချက်များအရ သိရှိနိုင်သည်။ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲစဉ်က တိုင်းရင်းသားများအရေးနှင့်ပတ်သက်၍ ပင်လုံညီလာခံတွင် ရှမ်း၊ ကချင်၊ ချင်းလူမျိုးစုများနှင့်သာ ဆွေးနွေးညှိနှိုင်းခဲ့ပြီး မွန်၊ ရခိုင်စသော လူမျိုးစုများနှင့် ဆွေးနွေးညှိနှိုင်းမှုမရှိကြောင်း တွေ့ကြရမည်ဖြစ်သည်။ ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံရေးအရနိုးကြားလာသော တိုင်းရင်းသားလူမျိုးများ အများအပြားရှိရာ ၎င်းတို့၏ ဆန္ဒသဘောများကိုညှိနှိုင်းရယူပြီး ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တရပ် ရေးဆွဲပြဋ္ဌာန်းရန် အထူးလိုအပ်နေကြောင်း ထင်ရှားနေသည်။

၁၉။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် စစ်အစိုးရတရပ်ဖြစ်သည်နှင့်အညီ မာရှယ်လော (Martial Law) ဥပဒေကို ကိုင်စွဲကျင့်သုံးနေသည့် အစိုးရဖြစ်သည်။ ထိုသို့ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအား အောက်ပါအတိုင်း အာဏာသုံးရပ်ဖြင့် ကျင်သုံးလျက်ရှိသည်။

(က) **ဥပဒေပြုမှုအာဏာ** ။ ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကသာ ကျင့်သုံးပိုင်ခွင့်ရှိသည်။

**(ခ) စီမံခန့်ခွဲမှုအာဏာ**။ ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကျင့်သုံးပိုင်ခွင့်ရှိသည်။ သို့ရာတွင် ယင်းအာဏာကို အစိုးရအဖွဲ့နှင့်တကွ ပြည်နယ်၊ တိုင်း၊ မြို့နယ်စု၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဆင့်ဆင့်အား ခွဲဝေပေးလျက် စီမံခန့်ခွဲရေးကိစ္စရပ်များကို စုပေါင်းခေါင်းဆောင်မှုဖြင့် တာဝန်ပေးဆောင်ရွက်စေလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်စေခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာမည့် အစိုးရလက်ထက်တွင် ဝန်ထမ်းများသည် ဌာနဆိုင်ရာလုပ်ငန်းများကို နိုင်ငံရေးပါတီများနှင့် ကင်းရှင်းစွာဆောင်ရွက်နိုင်စေရန် လေ့ကျင့်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

**(ဂ) တရားစီရင်မှုအာဏာ** ။ ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကျင့်သုံးပိုင်ခွင့်ရှိသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာသည့်အချိန်တွင် အလေ့အကျင့်ရစေရန် သာမန်ရာဇဝတ်မှုနှင့် တရားမမှုစသည်များကို တရားရုံးအဆင့်ဆင့်ဖွဲ့စည်းပြီး စစ်ဆေးစီရင်စေလျက်ရှိသည်။

၂၀။ ထို့ကြောင့် ယနေ့အခြေအနေတွင် ပြည်သူများကရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန်တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်။

၂၁။ နိုင်ငံတော်အာဏာရယူရေးအတွက် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ၍ အစိုးရဖွဲ့စည်းခြင်းကို မည်သည့်နည်းနှင့်မျှ လက်ခံနိုင်မည်မဟုတ်သည့်အပြင် ထိုသို့ဆောင်ရွက်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်းနှင့် ပြည်သူ့ဆန္ဒနှင့်အညီ ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပေါ်ပေါက်လာမည့် အစိုးရတရပ် မဖွဲ့စည်းမီကြားကာလတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အနေဖြင့်

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အရေး (၃) ပါး။

(ခ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် (၁/၈၈) တွင် ပါရှိသော တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပြည်သူများ၏ စားဝတ်နေရေးချောင်လည်စေရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး စသည့်လုပ်ငန်းတာဝန်ကြီး (၄) ရပ်အနက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးတာဝန်မှအပဖြစ်သော လုပ်ငန်းတာဝန်ကြီး (၃) ရပ်နှင့်

(ဂ) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရန် လုပ်ငန်းတာဝန်များကိုအလေးဂရုပြုကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်းကြေငြာလိုက်သည်။

အမိန့်အရ

(ပုံ) ခင်ညွန့်
ဗိုလ်ချုပ်
အတွင်းရေးမှူး (၁)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

★ ★ ★ ★ ★

**ကန့်သတ်**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ် (၉၇/ခ) ၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**ကြေညာချက်အမှတ် – ၁၀/၉၀**

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၂၇–၇–၉၀) နေ့စွဲပါ ကြေညာချက်အမှတ် (၁/၉၀) အပေါ်၊ အမျိုးသားထောက်လှမ်းရေးအဖွဲ့က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများ၏သဘောထားကိုတွေ့ဆုံမေးမြန်းကာ အောက်ပါအချက်များကို ဝန်ခံလက်မှတ်ရေးထိုးစေခဲ့ပါသည်။

(က) ကြေညာချက် (၁/၉၀) ကိုသေချာစွာဖတ်ရှုလေ့လာသိရှိပြီးဖြစ်ပါသည်။

(ခ) ကြေညာချက် (၁/၉၀) ကို လိုက်နာမည်/မလိုက်နာမည်။

(ဂ) ကြေညာချက် (၁/၉၀) ကို မလိုက်နာပါက ပုဂ္ဂိုလ်အရအရေးယူခံရမည်ကို သိရှိပါသည်။

(ဃ) ကြေညာချက် (၁/၉၀) ကိုမလိုက်နာပါက ပါတီအဖွဲ့အစည်းများ ဖျက်သိမ်းခံရမည်ကို သိရှိပါသည်။

၂။ ယင်းမေးမြန်းချက်များကို ကျင့်ထုံးပုဒ်မ (၁၆၀) အရ ခေါ်ယူမေးမြန်းနိုင်ခွင့်ရှိသည်ဖြစ်၍၊ ပါတီအဖွဲ့အစည်းများမှ ၎င်းတို့တာဝန်ပေးအပ်လိုက်သည့်ကိုယ်စားလှယ်ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းသည်ဟု ဆိုင်ရာက ဆိုပါသည်။ ဤအချက်ကို သက်ဆိုင်ရာပါတီက လက်မှတ်ရေးထိုးရမည့်စာရွက်တွင် အတိအလင်းရေးသား ဖော်ပြ ထားပါသည်။ ထို့အပြင် ၎င်းလက်မှတ်ရေးထိုးရမည့်စာရွက်တွင် သက်ဆိုင်ရာအဖွဲ့အစည်းပါတီ၏ ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းကိုလည်း ပူးတွဲထားပါသည်။

၃။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၆၀)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

POLICE OFFICER POWER TO REQUIRE ATTENDANCE OF WITNESSES

Any police officer making an investigation under this chapter may, by order in writing, require the attendance before himself of any person being within the limit of his own or any adjoining station who, from the information given or other wise, appear to be acquainted with the circumstances of the case, and such person shall attend as so required.

**သက်သေများရောက်ရှိစေရန် ရဲအရာရှိကဆင့်ဆိုနိုင်သည့်အာဏာ**

ဤအမိန့်အရစုံစမ်းထောက်လှမ်းခြင်းပြုသော မည်သည့်ရဲအရာရှိမဆို၊ ပေးထားသောသတင်းအရ ဖြစ်စေ၊ အခြားနည်းအရဖြစ်စေ၊ အမှုအဖြစ်အပျက်အကြောင်းအရာများကိုသိကျွမ်းပုံပေါ်သော မိမိရဲ့စခန်း နယ်မြေအတွင်း၊ (သို့မဟုတ်) ဆက်စပ်နေသောရဲစခန်းနယ်မြေအတွင်းရှိ မည်သည့်သူ့ကိုမဆိုမိမိရှေ့သို့ရောက်ရှိစေရန် အမိန့်စာဖြင့်ဆင့်ဆိုနိုင်သည်။

၄။ ထို့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကထုတ်ပြန်ချက် မှန်သမျှတို့သည်

(Martial Law) အရ ထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဥပဒေပြု အာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာသုံးရပ်ကိုသုံးစွဲနေသည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၎င်းတို့ ထုတ်ပြန်သည့်ကြေညာချက်များကို အများကလိုက်နာရန်ဖြစ်ကြောင်း သက်ဆိုင်ရာကပြောကြားပါသည်။

၅။ အကယ်၍ ကြေညာချက် (၁/၉၀) ကိုမလိုက်နာပါက –

(က) လက်မှတ်ရေးထိုးရမည့်စာတွင်ပူးတွဲထားသည့်ပုဂ္ဂိုလ်များအား ပုဒ်မ (၁၆၀) အရ အရေးယူ အပြစ်ပေးနိုင်သည်။

(ခ) ထို့အပြင် အထက်ပါ အပိုဒ်ခွဲ (ဃ) အရသက်ဆိုင်ရာပါတီကိုလည်း ဖျက်သိမ်းခြင်းခံရနိုင်ပါ သည်။

၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်၊ မိမိအဖွဲ့ချုပ်တွင်ပါဝင်ဆောင်ရွက်နေကြသူများအား ပုဂ္ဂိုလ် အရအရေးယူအပြစ်ပေးခံရခြင်းထက်၊ ၁၉၈၈ခု၊ဩဂုတ်လ (၈) ရက်နေ့ ဒီမိုကရေစီတောင်းခံမှုများအရ တည် ဆောက်ခဲ့ပြီး ပြည်သူတို့ယုံကြည်ကိုးစားသည့်အဖွဲ့ချုပ် ပျက်ပြုန်းသွားမည့်အဖြစ်ကို လုံးဝ (လုံးဝ) လက်မခံနိုင်ပေ။

၇။ မိမိတို့အဖွဲ့ချုပ်ကို စတင်တည်ထောင်ခဲ့သည့်နေ့မှစ၍ ယနေ့ထက်တိုင်အောင် ကြီးစွာသော အကြပ်အတည်း၊ အလှည့်အပြောင်းများအကြားမှပင် ရပ်တည်မှုမပျက်ပြားအောင်၊ တရားဥပဒေအရ ရုန်းကန် လှုပ်ရှားခဲ့ရပါသည်။ ပထမအားဖြင့် နိုင်ငံရေးအဖွဲ့အစည်းတရပ်အဖြစ်လှုပ်ရှားနိုင်ရန် မှတ်ပုံတင်ခဲ့သည်။ ဒုတိယ အားဖြင့် (န–သ) ကိုရယူခဲ့သည်။ တတိယအားဖြင့် ရွေးကောက်ပွဲတွင်ပါဝင်၍ ယှဉ်ပြိုင်အရွေးခံခဲ့သည်။

၈။ အကယ်၍ အဖွဲ့ချုပ်အားဖျက်သိမ်းခြင်းခံရပါက၊ ပြည်သူတို့ကိုယ်တိုင်ပေးအပ်ထားသည့် ဒီမိုကရေစီ ရေးတာဝန်များကို မထမ်းဆောင်နိုင်တော့ဘဲ မိမိတို့အဖွဲ့ချုပ်၏ လုပ်ငန်းကိစ္စအဝဝကိုလည်း မည်သို့မျှဆက်လက် ဆောင်ရွက်နိုင်တော့မည်မဟုတ်ပေ။ ဤသို့အားဖြင့် အဖွဲ့ချုပ်အနေဖြင့် တရားဝင်နိုင်ငံရေးလှုပ်ရှားမှုများ နိဂုံးချုပ် သွားမည်သာဖြစ်ပေသည်။

၉။ အဖွဲ့ချုပ်သည် ဆက်လက်၍ရှင်သန်အသက်ဝင်နေမှသာလျှင် နိုင်ငံရေးအရဆက်လက်၍စည်းရုံး လှုပ်ရှားနိုင်ခွင့်ရှိသည်ဖြစ်ပေသည်။ သို့ဖြစ်၍ အဖွဲ့ချုပ်ရှင်သန်နေခြင်းကအကျိုးရှိမည်ကို အလေးအနက်ထား ပါသည်။

၁၀။ တကယ့်ပကတိဖြစ်ရပ်ကို ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်ခဲ့ကြပါသည်။ ကမ္ဘာ့သမိုင်းတွင် မည် သည့်နိုင်ငံမှ အကြပ်အတည်းအခက်အခဲများရှိနေပါက ဒီမိုကရေစီကိုလွယ်လင့်တကူဖြင့်ရရှိနိုင်ခဲ့သည့် သာဓကေ ကိုမတွေ့ရှိရပါ။

၁၁။ အကယ်၍ အဖွဲ့ချုပ်ပျက်သုဉ်းသွားလျှင် အဖွဲ့ချုပ်ကိုကိုယ်စားပြုပြီးဝင်ရောက်အရွေးခံခဲ့ကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည်လည်း တရားဝင်ရပ်တည်ခွင့်ရတော့မည်မဟုတ်ဟုယူဆပါသည်။

၁၂။ အဖွဲ့ချုပ်သည် အမျိုးသားတရပ်လုံးကလိုလားတောင့်တနေကြသောဒီမိုကရေစီရေးကို စည်းကမ်း နည်းလမ်းတကျငြိမ်းချမ်းသောနည်းလမ်းများဖြင့်ရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်ကြမည်ဟူသောသန္နိဋ္ဌာန် ဖြင့်ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟူ၍ အမည်ပေးလှုပ်ရှားခဲ့ခြင်းဖြစ်ပါသည်။

၁၃။ မည်သို့သောအခက်အခဲအကြပ်အတည်းများရှိနေစေကာမူ ဒီမိုကရေစီရေးကို ဦးထိပ်ပန်ဆင် လျက်အခြေအနေနှင့်အချိန်အခါအရ ယုံကြည်ချက်နှင့်အမှန် တရားကို သိမြင်ခြင်းဟူသောမှု၊ မှန်ကန်စွာ ကြံစည် တွေးဆခြင်းနှင့် လုံးလဝရိယသတိစိုက်ထုတ်သည့်မှုတို့နှင့်ယှဉ်၍ လှုပ်ရှားစည်းရုံးကြရမည်သာဖြစ်ပေသည်။

၁၄။ ဤကိစ္စကို မြို့နယ်များနှင့်အခြေခံအဖွဲ့အစည်းများတို့သို့ ကြိုတင်ချပြရန်ရည်ရွယ်ပါသော်လည်း အချိန်အကန့်အသတ်ရှိမှုနှင့် ပုဒ်မ (၁၆၀) အရ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့ပါ။

၁၅။ ထို့ကြောင့် အထက်တွင်ဖော်ပြခဲ့သည့်အကြောင်းများကို သေချာစွာလေ့လာဆွေးနွေးကြပြီး ဤအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့က အဖွဲ့ချုပ်၏ရပ်တည်နိုင်ရေးနှင့်ရေရှည်အကျိုးအတွက် (၉–၁၁–၉၀) နေ့ ဗဟိုဦးစီး အဖွဲ့အစည်းအဝေး (၇/၉၀) တွင် အဓိကအလေးထား၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ရပေသည်။

ဗဟိုဦးစီးအဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
၁၃၅၂ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၁)ရက်။
၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၂)ရက်။

★ ★ ★ ★ ★

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**
**ဥက္ကဋ္ဌရုံး**

**စာအမှတ်။ ၁၄ / နဝတ (ဉ) / ပတ**
**ရက်စွဲ။ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်**

သို့/

ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက်
ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ကယားပြည်နယ်လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ်
ကယန်းအမျိုးသားများစည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့
ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ်
ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဇိုမီးအမျိုးသားကွန်ဂရက်
တအာင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
ဒီမိုကရေစီပါတီ
ဒီမိုကရက်တစ်တက္ကသိုလ်ဘွဲ့ရနှင့်ကျောင်းသားဟောင်းများအဖွဲ့
နာဂတောင်တန်းဒေသတိုးတက်ရေးပါတီ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်
ပြည်ထောင်စုနေအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ

မရာပြည်သူ့ပါတီ (မ–ပ–ပ)
မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့
မြို (ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ (မ–ခ–မ–ည–ဖ)
မွန်အမျိုးသားဒီမိုကရေစီအဖွဲ့
ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ

**အကြောင်းအရာ။ ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့နှင့်ရွေးချယ်ခံရသည့်နိုင်ငံရေးပါတီများမှလွှတ်တော်ကိုယ်စားလှယ်ခေါင်းဆောင်များတွေ့ဆုံရေး။**

**ရည်ညွှန်းချက် ။ ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး ၏ ၁၁–၇–၉၀ ရက်စွဲပါ စာအမှတ်၊ ၁၄/နဝတ (ဥ) /ပတ**

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ကိုယ်စားလှယ်အဖွဲ့သည် ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်ခေါင်းဆောင်များနှင့်တွေ့ဆုံရန် အစီအစဉ်ရှိကြောင်းနှင့် ထိုသို့မတွေ့ဆုံမီ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို ပြီးပြတ်အောင်ဆောင်ရွက်ထားရှိရန်လိုအပ်ကြောင်း ရည်ညွှန်းပါစာဖြင့် သက်ဆိုင်ရာ နိုင်ငံရေးပါတီ (၂၇) ဖွဲ့အား အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် အထက်ဖော်ပြပါ (၂၇) ပါတီအနက်မှ အမျိုးသားဒီမိုကရေစီပါတီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) နှင့်ငြိစွန်းသောလုပ်ရပ်များကို လုပ်ဆောင်ခဲ့ခြင်းကြောင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ၂၀–၁၂–၉၀ ရက်စွဲပါ ကြေညာချက်အမှတ် (၉၀/၂) ဖြင့် နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ပြီးဖြစ်၍ ယင်းပါတီအား တွေ့ဆုံရေး ပြုလုပ်တော့မည် မဟုတ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

(ခင်ညွန့်)
အတွင်းရေးမှူး

★ ★ ★ ★ ★

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၁)

## ၁၃၅၃ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်
## (၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပြဋ္ဌာန်းသည့် ၁၉၈၉ ခုနှစ်၊ မေလ (၃၁) ရက်နေ့မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ (၁၁) တွင် အောက်ပါတို့ကို ပုဒ်မခွဲ (ည) နှင့် (ဋ) အဖြစ် ဖြည့်စွက်ရမည် ...

(ည) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အခါအားလျော်စွာသတ်မှတ်ကြေညာ သော ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှုဖြင့်ဖြစ်စေ၊အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာပြစ်မှုဖြင့်ဖြစ်စေ၊ ပြစ်မှု ထင်ရှားစီရင်ခံရခြင်း၊

(ဋ) ပုဒ်မခွဲ (ည) အရ သတ်မှတ်ကြေညာချက်တွင်ပါဝင်ခြင်းမရှိသော ပြစ်မှုတခုခုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ယင်းပြစ်မှုသည် ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှု (သို့မဟုတ်) အကျင့်စာရိတ္တပျက်ပြားမှု ဆိုင်ရာပြစ်မှုဖြစ်ကြောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ဆုံးဖြတ်ခံရခြင်း။

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် အောက်ပါတို့ကို ပုဒ်မ ၈၀ (က)၊ ၈၀ (ခ)၊ ၈၀ (ဂ) နှင့် ၈၀ (ဃ) အဖြစ် ဖြည့်စွက်ရမည် ...

**၈၀ (က)** ။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် (သို့မဟုတ်) တသက်တကျွန်း ဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း၊ ကော်မရှင်ကကြေညာခံရသူသည် နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

**၈၀ (ခ)** ။ ပုဒ်မ ၈၀ (က) ပါ ပြစ်မှုများမှအပ အခြားပြစ်မှုတခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း၊ ကော်မရှင်ကကြေညာ ခံရသူသည် ကြေညာသည့်နေ့မှ (၁၀) နှစ်အတွင်း ပြုလုပ်သည့်ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ် စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

**၈၀ (ဂ)** ။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့ကဆုံးဖြတ်၍ အစိုးရအဖွဲ့ကအမိန့်ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်း ကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက် သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ခံရပြီး၊ ကော်မရှင်က အရည် အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် (သို့မဟုတ်) ရွေးကောက်ပွဲ

ကိုယ်စားလှယ်သည်လည်းကောင်း၊ ကြေညာသည့်နေ့မှ (၁၀) နှစ်အတွင်း ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

**၈၀ (ဃ)** ။ ဤဥပဒေအရဖြစ်စေ ဤဥပဒေအရပြုလုပ်သော နည်းဥပဒေများအရဖြစ်စေ အရည်အချင်းပျက်ယွင်းသူဖြစ်ကြောင်း ကော်မရှင်ကကြေညာခြင်းခံရသည့် ရှုံးနိမ့်လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ရွေးကောက်ပွဲကိုယ်စားလှယ်သည် ကြေညာသည့်နေ့မှ (၅) နှစ်အတွင်းပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

★ ★ ★ ★ ★

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်

## ( အမိန့်အမှတ် ၄/၉၁ )

**၁၃၅၃ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်**
**(၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)**

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှုနှင့် အကျင့်စာရိတ္တပျက်ပြားမှုနှင့်ပတ်သက်သောပြစ်မှုများကို သတ်မှတ်သည့် အမိန့်

၁။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ည) တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ကြေညာသော ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှုဖြင့်ဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခံရခြင်းဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

၂။ ပြစ်မှုတစုံတရာဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များသည် အဆိုပါဥပဒေပြဋ္ဌာန်းချက်အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဆက်လက်ရပ်တည်ပိုင်ခွင့် ရှိ မရှိနှင့် စပ်လျဉ်း၍ ယင်းတို့ကျူးလွန်ခဲ့သောပြစ်မှုသည် ငြိမ်ဝပ်ပိပြားမှုနှင့်သော်လည်းကောင်း၊ အကျင့်စာရိတ္တပျက်ပြားမှုနှင့်သော်လည်းကောင်း စပ်လျဉ်းသည့်ပြစ်မှု (ဟုတ်မဟုတ်) သတ်မှတ်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှုနှင့် အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာပြစ်မှု အမျိုးအစားများကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အောက်ပါအတိုင်း သတ်မှတ်လိုက်သည် ...

**(က) ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုများ။**

(၁) နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၊
(၂) နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်အောင်ပြုလုပ်မှု၊
(၃) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးနှင့်စပ်လျဉ်း၍ ထိမ်ချန်ခြင်း၊
(၄) ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေအရပြစ်မှုများ၊

(၅) အစိုးရလျှို့ဝှက်ချက်အက်ဥပဒေအရပြစ်မှုများ၊
(၆) လက်နက်မှုများ၊
(၇) ပြည်ပသို့တရားမဝင်ထွက်ခွာမှု၊ ပြည်ပမှတရားမဝင်ဝင်ရောက်မှု၊

**(ခ) အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုများ။**

(၁) ခိုးမှု၊
(၂) လုယက်မှု၊
(၃) ဓားပြမှု၊
(၄) လိမ်လည်မှု၊
(၅) အလွဲသုံးစားမှု၊
(၆) မယားခိုးမှု၊
(၇) မုဒိမ်းမှု၊
(၈) လူခိုးမှု၊ သွေးဆောင်ဆွဲခေါ်မှု၊ အနိုင်အထက်ခိုင်းစေမှု၊
(၉) အမျိုးသမီးကာယိန္ဒြေပျက်စီးစေရန်အကြံနှင့် လက်ရောက်မှု (သို့မဟုတ်) အနိုင်အထက်ပြုမှု၊
(၁၀) ပဋိသန္ဓေဆိုင်ရာ ပြစ်မှုများ၊
(၁၁) ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေအရပြစ်မှု၊
(၁၂) ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေအရ ပြစ်မှုများ၊
(၁၃) လောင်းကစားဥပဒေအရပြစ်မှုများ၊
(၁၄) အဂတိလိုက်စားမှု၊
(၁၅) ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
(၁၆) အများပိုင်ပစ္စည်းကာကွယ်သည့်ဥပဒေအရ ပြစ်မှုများ၊
(၁၇) နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ ပြစ်မှုများ၊
(၁၈) နိုင်ငံတော်အလံဥပဒေအရ ပြစ်မှုများ၊
(၁၉) ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ပြစ်မှုများ၊
(၂၀) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ပြစ်မှုများ။

★ ★ ★ ★ ★

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**စာအမှတ်။ ၁၁၁ / စည်း (ငြိမ်) / ၉၆**
**နေ့စွဲ။ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၅)ရက်**

**သို့**
**ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**အကြောင်းအရာ ။ ။ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ပေးလိုက်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိစ္စ။**

၁။ ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကြီးမှူးကျင်းပပေးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် **"နိုင်ငံရေးပါတီဆိုသည်မှာ စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော အဖွဲ့အစည်းကိုဆိုသည်။"** အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီမိုကရေစီရေးနှင့် အမျိုးသားနိုင်ငံရေးတို့အတွက် ပြည်သူလူထု၏ စစ်မှန်သောဆန္ဒကိုခံယူရန် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ပါသည်။

၂။ ယင်းရွေးကောက်ပွဲ၌ မဲဆန္ဒနယ် (၄၈၅) နေရာအတွက် ရွေးကောက်ပွဲကျင်းပပေးခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က (၃၉၂) နေရာတွင်လည်းကောင်း၊ အဖွဲ့ချုပ်၏အမြုတေအခြားပါတီ (၂) ပါတီက (၄) နေရာ၊ ပေါင်း (၃၉၆) နေရာတွင်လည်းကောင်း၊ မဲဆန္ဒရှင်ပြည်သူလူထုက ရွေးကောက်တင်မြှောက်ပေးခဲ့ပါသည်။ မဲဆန္ဒရှင်ပြည်သူလူထုက တခဲနက်ထောက်ခံမှုပေးလိုက်သည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှဆင်းသက်ရမည်ဟူသော ဒီမိုကရေစီမူကို ပြည်သူလူထုကဖော်ဆောင်ပေးလိုက်ခြင်းမည်ပေသည်။

၃။ ဤဆိုပါ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲဟု ပြည်တွင်းပြည်ပနှစ်ရပ်လုံးက အသိအမှတ်ပြုကြပါသည်။ သို့သော် ရွေးကောက်ပွဲကျင်းပပြီးစီးသည်မှ မကြာမီပင် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်များနှင့်ပတ်သက်၍လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှုများနှင့် အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာပြစ်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ်မှ နုတ်ထွက်စေခဲ့ပါသည်။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ အမှတ် (၁/၈၉) ကို ၃၀–၆–၈၉ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၃၁–၅–၈၉ ရက်နေ့စွဲဖြင့်ထုတ်ပြန်ခဲ့သော ဥပဒေအမှတ် (၁၄/၈၉) ဖြစ်သည့် ပြည်သူ့လွှတ်တော်

ရွေးကောက်ပွဲဥပဒေကို မှီငြမ်း၍ ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းနည်းဥပဒေများတွင် ရွေးကောက်ပွဲကုန်ကျစရိတ်များနှင့်ပတ်သက်၍ အခန်း (၁၃) ၌ ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်တို့ကို ပြဋ္ဌာန်းထားခဲ့ပါသည်။ ထိုပြဋ္ဌာန်းချက်များမှကျော်လွန်၍ဆောင်ရွက်ရန် နည်းဥပဒေများတွင် ခွင့်ပြုထားခြင်းမရှိပါ။

၅။ သို့သော် ကော်မရှင်သည် ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများကို နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနတို့၏အကူအညီဖြင့် ရွေးကောက်ပွဲခုံရုံးများဖွဲ့၍ ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ရန် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေတို့တွင် လုံးဝပြဋ္ဌာန်းထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၆။ ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အခန်း (၁၄) တွင်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခံရခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်များကိုအဆုံးအဖြတ်ပေးခြင်းကိုလည်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၁၄) တွင်လည်းကောင်း၊ တိတိကျကျပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၏ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရာတွင် အားနည်းချက်၊ ချို့ယွင်းချက်၊ မှန်ကန်မှုရှိမရှိ၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတို့နှင့် ညီညွတ်ခြင်းရှိမရှိ စသောကိစ္စရပ်များကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်နှင့် မဲဆန္ဒရှင်တို့က ကန့်ကွက်လျှောက်ထားခြင်းမရှိဘဲ ကော်မရှင်အနေဖြင့် အရေးယူလုပ်ပိုင်ခွင့်မရှိပါ။

၇။ ရွေးကောက်ပွဲကုန်ကျစရိတ်နှင့်ပတ်သက်၍ **"တရားမဲ့ပြုကျင့်မှုများ"** ဖြစ်နိုင်သော ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ (၆၂) တွင်ပြဋ္ဌာန်းထားပါသည်။ ဤကဲ့သို့ **"တရားမဲ့ပြုကျင့်မှုများ"** ရှိပါလျှင် ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲကန့်ကွက်လွှာဖြင့် ကန့်ကွက်ရမည်ဖြစ်ပါ သည်။

**ရွေးကောက်ပွဲဥပဒေ ပုဒ်မ – ၆၄ (က) တွင် ...**

"လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူအား ကန့်ကွက်သော ရွေး ကောက်ပွဲ ကန့်ကွက်လွှာကို မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို (သို့မဟုတ်) မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ (၄၅) အရ ကော်မရှင်ကဆုံးဖြတ်ပြီးသည့်ကိစ္စရပ်များမှအပ နှစ်သက်ရာအကြောင်းပြ၍ အစိုးရက ယင်းကိစ္စအလို့ငှာ ခန့်ထားသောပုဂ္ဂိုလ်ထံသို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။" ဟူ၍လည်းကောင်း၊

**ရွေးကောက်ပွဲဥပဒေ ပုဒ်မ – ၆၄ (ခ) တွင် ...**

"လျှောက်ထားသူသည် မိမိ၏ကန့်ကွက်လွှာတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူအား ကန့်ကွက်နိုင်သည်။ မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန် တောင်းဆိုလိုပါက အောက်ပါအကြောင်းပြချက်တရပ်ရပ်ကို အခြေခံရမည် ...

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံသောမဲအများဆုံးရသည်မှာ အမှန်ဖြစ်သည်ဟူသော အကြောင်းပြချက်၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲမျိုးမပါရှိခဲ့သော် လျှောက်ထားသူသည် ခိုင်လုံသော မဲအများဆုံးကိုရနိုင်

သည်ဟူသော အကြောင်းပြချက် ”ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၈။ ဤကဲ့သို့ပြဋ္ဌာန်းထားသည့်အတွက် **“တရားမဲ့ပြုကျင့်မှုများ”**ရှိလျှင် ရှုံးနိမ့်သောလွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ မဲဆန္ဒရှင်တဦးဦးကဖြစ်စေ ရွေးကောက်ပွဲခုံအဖွဲ့၏အဆုံးအဖြတ်ကိုခံယူရန် ကန့်ကွက်လွှာတင်သွင်းရမည်ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများတွင် ကော်မရှင်က ဝင်ရောက်စွက်ဖက်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားခြင်းမတွေ့ရှိရပါ။

၉။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် ပြဋ္ဌာန်းထားပါလျက် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အချို့ကိုတရားစွဲပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပျက်ပြယ်ကြောင်းကြေညာခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေတို့နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၁၀။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပြီးနောက်၊ အောက်ပါတခုခုနှင့်ငြိစွန်းလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ ဟူ၍ ပုဒ်မခွဲ (က) မှ (ဈ) အထိ ပြဋ္ဌာန်းထားပါသည်။ အထက်ပါအချက်များမှလွဲ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေနိုင်သော အခြားငြိစွန်းချက်များကို ပြဋ္ဌာန်းထားခြင်းမရှိပါ။

၁၁။ ထို့နောက်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဥပဒေအမှတ်(၁၀/၉၁)ဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့်ဥပဒေအား ၁၀၊ ၇၊ ၉၁ နေ့တွင် ပြဋ္ဌာန်းလိုက်ပါသည်။

**ယင်းဥပဒေပုဒ်မ (၂) တွင် ...**

“ဤဥပဒေသည် ပြည်သူ့လွှတ်ရွေးကောက်ပွဲဥပဒေပြဋ္ဌာန်းသည့် ၁၉၈၉ ခုနှစ်၊ မေလ (၃၁) ရက်နေ့မှ စ၍ အာဏာတည်သည်ဟု မှတ်ယူရမည်”ဟု ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် ယင်းဥပဒေသည် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်ထားသော ဥပဒေဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤသို့ပြဋ္ဌာန်းခြင်းသည် လုံးဝသင့်လျော်သည့် လုပ်ရပ်မဟုတ်ပါ။

**ယင်းဥပဒေပုဒ်မ (၃) တွင် ...**

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၁၁) တွင် အောက်ပါတို့ကို ပုဒ်မခွဲ (ည) နှင့် ဍ (၄) အဖြစ် ဖြည့်စွက်ရမည်။

(ည) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ကြေညာသော ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှုဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုဖြစ်စေ၊ ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(ဍ) ပုဒ်မခွဲ (ည) အရ၊ သတ်မှတ်ကြေညာချက်တွင်ပါဝင်ခြင်းမရှိသော ပြစ်မှုတခုခုဖြင့် ပြစ်မှုထင်ရှား စီရင်ခံရလျှင်၊ ယင်းပြစ်မှုသည် ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှု (သို့မဟုတ်) အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုဖြစ်ကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဆုံးဖြတ်ခံရခြင်းဟူ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များကို ထပ်မံ၍ တိုးချဲ့ပြဋ္ဌာန်းခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်၊ ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေနိုင်သော ပြဋ္ဌာန်းချက်များအား ယင်းကဲ့သို့ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများကို ပြည်သူ့လွှတ်

တော်ရွေးကောက်ပွဲဥပဒေ (၁၄/၈၉) တွင် မူလကလုပ်ပိုင်ခွင့်မပေးထားသည်ကို အထူးသတိပြုမိပါ သည်။

၁၂။ ၎င်းနောက်လည်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၀၊ ၇၊ ၉၁ နေ့တွင် အမိန့်အမှတ် (၄/၉၁) ဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ၊ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှုနှင့် အကျင့် စာရိတ္တပျက်ပြားမှုနှင့် ပတ်သက်သောပြစ်မှုများကို သတ်မှတ်ခဲ့ပြန်ပါသည်။ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှု (၇) ခု နှင့်၊ အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာပြစ်မှု (၂၀) တို့ကိုပြဋ္ဌာန်းခဲ့ပါသည်။ ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် (၁) နှစ်ကျော်ကျော်ခန့်ကြာသောအချိန်တွင် ပြဋ္ဌာန်းခဲ့သည့် နောက်ကြောင်းပြန် အာဏာ သက်ရောက်စေသောဥပဒေအရ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှထုတ်ပယ်ခြင်းကို ခံခဲ့ကြရပြန်ပါသည်။

၁၃။ သက်ဆိုင်ရာပုဂ္ဂိုလ်များအား သက်ဆိုင်ရာတရားရုံးသို့ ခေါ်ယူစစ်ဆေးသည့်အခါတွင်လည်း၊ မိမိအပေါ် တဖက်သတ်စွပ်စွဲချက်များကို ခုခံပိုင်ခွင့်အပြည့်အဝမရရှိဘဲ၊ တရားမျှတမှုမရှိသော စစ်ဆေးစီရင်ချက် တို့ဖြင့် ပြစ်ဒဏ်များချမှတ်ခဲ့ပါသည်။ ဤသို့ဆောင်ရွက်ခြင်းသည် တရားဥပဒေနှင့်ကိုက်ညီခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

၁၄။ တဖန် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေပါပြဋ္ဌာန်းချက်တို့နှင့်ငြိစွန်းခြင်းလုံးဝမရှိသော တရားဝင်မြေပေါ် နိုင်ငံရေးအင်အားစုတခု ဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ၁၅၊ ၅၊ ၉၆ နေ့မှစ၍ မြန်မာနိုင်ငံ တဝှမ်းလုံးတွင် သက်ဆိုင်ရာမြို့နယ်များ၌ ဖမ်းဆီးခြင်းခံခဲ့ရပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင်ရရှိသော မပြည့်စုံသည့်စာရင်းအရ၊ ကိုယ်စားလှယ် (၂၃၈) ဦး ဖမ်းဆီးခြင်းခံခဲ့ရပါသည်။

၁၅။ တရားဝင်နိုင်ငံရေးပါတီဖြစ်သည့်ကြောင့် သာမန်လုပ်ရိုးလုပ်စဉ်အရ၊ အမျိုးသားဒီကရေစီအဖွဲ့ ချုပ်က၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲပြီးစီးသည့် (၆) မြောက်နေ့တွင် အဖွဲ့ချုပ်၏လုပ်ငန်းရပ်များကို ပြည်သူလူထုက ၎င်းတို့၏ဆန္ဒအရ ရွေးကောက်တင်မြှောက်ပေးလိုက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များနှင့်ဆွေးနွေး၍ ပြန်လည်သုံးသပ်ရန် ၂၆၊ ၆၊ ၉၆ နေ့မှ ၂၈၊ ၆၊ ၉၆ (လိုအပ်ပါလျှင် ၂၉၊ ၆၊ ၉၆ အထိ) ထိ အစည်းအဝေးတရပ်ကို ကျင်းပရန်စီစဉ်ခဲ့ပါသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များထံ ဖိတ်စာများပေးပို့ခဲ့ပါသည်။

၁၆။ ဤသို့နိုင်ငံရေးပါတီတခု၏ သာမန်လုပ်ရိုးလုပ်စဉ်တရပ်ကို **"စင်ပြိုင်အစိုးရထောင်မည်၊ တပ်မ တော်ကို ထိပ်တိုက်ရင်ဆိုင်မည်၊ လူစုလူဝေးဖြင့်ဆူပူမှုဖြစ်အောင်ဖန်တီးမည်"** ဟူသောယူဆချက်များကြောင့် အဖွဲ့ချုပ်၏ပြည်သူ့လွှတ် တော်ကိုယ်စားလှယ်များကိုဖမ်းဆီးခြင်းဖြစ်သည်ဟု ဖမ်းဆီးသည့်သက်ဆိုင်ရာအာဏာ ပိုင်တို့၏ ပြောဆိုချက်များအရ ကြားသိရပါသည်။

၁၇။ ဤသို့သောစွပ်စွဲချက်များသည် အခြေအမြစ်လုံးဝမရှိပါ။ ၎င်းအပြင် ဤကိစ္စသည် ပြည်သူလူထု၏ အကြားတွင် မတည်မငြိမ်ဖြစ်စေနိုင်ပါသည်။ အမှန်စင်စစ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကကျင်းပသည့် အစည်းအဝေးသည် အာဏာပိုင်များ၏ ထင်မြင်ယူဆချက်များအတိုင်း ဖြစ်ပေါ်လာခြင်းမရှိဘဲ၊ အောင်အောင် မြင်မြင်၊ ချောချောမောမော၊ တည်တည်ငြိမ်ငြိမ်နှင့် အေးချမ်းစွာပြီးဆုံးခဲ့ပါသည်။ ဤသည်ကိုလည်း အာဏာပိုင် များအနေဖြင့် ကောင်းစွာသိရှိပြီး ဖြစ်ပါသည်။

၁၈။ ဖမ်းဆီးခြင်းခံခဲ့ရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနက်၊ အချို့အား ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅ (ည) ဖြင့်လည်းကောင်း၊ အချို့အား နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီး လိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရလည်းကောင်း၊ ပုဒ်မများတပ်၍ ဖမ်းဆီး

ခဲ့ခြင်းဖြစ်ပါသည်။

၁၉။ ထိုသို့ဖမ်းဆီးခြင်းခံခဲ့ရသည့်ကာလများတွင်လည်း သက်ဆိုင်ရာအာဏာပိုင်တို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ချော့၍တနည်း၊ ခြောက်၍တဖုံ၊ အလွဲပြောဆိုခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းစသော နည်းမျိုးစုံကိုအသုံးပြု၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်စေခိုင်းသည်ဟု ကြားသိရပါသည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အချို့သည် မိမိတို့၏ လွတ်လပ်သောဆန္ဒအရမဟုတ်ဘဲ၊ ကိုယ်စားလှယ်အဖြစ်မှနုတ် ထွက်ပေးခဲ့ခြင်းမျိုးရှိခဲ့ပါသည်။

၂၀။ တဖန်ဖမ်းဆီးခံရခြင်းမှ ပြန်လွတ်မြောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အချို့တို့ထံသို့ သက်ဆိုင်ရာအာဏာပိုင်တို့မှ နည်းမျိုးစုံတို့ကိုအသုံးပြုပြန်၍နုတ်ထွက်ခိုင်းနေသည်ဟု လွှတ်တော်ကိုယ်စားလှယ်များထံမှ ကြားသိရပါသည်။ ဥပမာတခုမှာ တဦးတယောက်ကတွန်းအားပေး၍ မိမိကိုယ်ပိုင်ဆန္ဒမပါဘဲ လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှနုတ်ထွက်စေခိုင်းသည့်သဘောသက်ရောက်သည့် စာတစောင်ကို ရောဝတီတိုင်း၊ ကျောင်းကုန်းမြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ၂၃၊ ၆၊ ၉၆ ရက်စွဲဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ထံသို့တင်ပြသည့် စာဖြစ်ပါသည်။ ဤစာကို မိတ္တူအဖြစ်ပူးတွဲထားပါသည်။

၂၁။ အထက်ဖော်ပြခဲ့သည့် လုပ်ဆောင်ချက်များသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၏မိန့်ခွန်းများဖြစ်သော **"တပ်မတော်ဟာ နိုင်ငံအရေးအင်အားစုအားလုံးနဲ့ပူးပေါင်းပြီး၊ နိုင်ငံတော်အကျိုးအတွက် ညီညီညွတ်ညွတ်နဲ့ဆောင်ရွက်သွားနိုင်ဖို့ အမြဲတမ်းကြိုးစားနေပါတယ်"**ဟူသော မိန့်ခွန်းနှင့်လည်းကောင်း၊ **"မိမိတို့တပ်မတော်သည်နိုင်ငံရေးပါတီများကိုပစ်ပယ်ခြင်းမရှိကြောင်း၊ တိုင်းပြည် ကောင်းအောင်လုပ်ကြရန်သာ အရေးကြီးကြောင်း"** ဟူသောမိန့်ခွန်းနှင့်လည်းကောင်း၊ ကွဲလွဲနေသည်ကို အထူးဂရုပြုမှတ်သားထားမိပါသည်။ ဤနေ့ဤအချိန်အခါသည် တရားဝင်ပါတီ (၁၀) ခု ရပ်တည်လျက်ရှိရာမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တဖွဲ့တည်းကိုသာပစ်မှတ်ထား၍ ယင်းအဖွဲ့၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို အကြောင်းအမျိုးမျိုးဖြင့် နုတ်ထွက်စေခိုင်းခြင်းဖြစ်ပါသည်။

၂၂။ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှဆင်းသက်သည်ဆိုသော ဒီမိုကရေစီမူအရ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင်ပြည်သူလူထုက၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြင့် တခဲနက်ထောက်ခံ၍ ရွေးကောက်တင်မြှောက်ခဲ့ကြခြင်းဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူလူထု၏ဆန္ဒကို မပစ်ပယ်ကောင်းပါ၊ နိုင်ငံအကျိုးကိုမျှော်ကိုး၍ မဲဆန္ဒရှင်ပြည်သူလူထု၏ဆန္ဒကို ဦးထိပ်ပန်ဆင်ကြရမည်ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် နုတ်ထွက်လိုသည်၊ မနုတ်ထွက်လိုသည်ကိစ္စများမှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၃) တွင် **"လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ၊ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ် များဖြင့်ဖွဲ့စည်းရမည်"** ဟူသော ပြဋ္ဌာန်းချက်အရလည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် (၁/၉၀) တွင်ပါရှိသည့် **"ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်"**ဟူသော အချက်အရလည်းကောင်း၊ ပြည်သူ့လွှတ်တော်တရပ်ပေါ်ပေါက်လာပြီး၊ လွှတ်တော် ဥက္ကဋ္ဌထံတင်ပြ၍၊ လွှတ်တော်၏အဆုံးအဖြတ်ကိုခံယူပြီးမှသာ ဆောင်ရွက်နိုင်ခြင်းဖြစ်ရပါမည်။

၂၃။ အထက်ပါကြောင်းများကြောင့် ယခုကဲ့သို့ သက်ဆိုင်ရာအာဏာပိုင်အချို့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အချို့အား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှနုတ်ထွက်စေခိုင်းခြင်းမျိုးကို တားမြစ်ပေး

ပါရန်နှင့်၊ မှန်ကန်ခြင်းမရှိသောစွပ်စွဲချက်များကို ပြင်ဆင်ပေးပါရန် တိုက်တွန်းအပ်ပါသည်။

(ပုံ)
အောင်ရွှေ
ဥက္ကဋ္ဌ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

မိတ္တူကို –
ဦးဘဒွေး၊
ဥက္ကဋ္ဌ၊
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊

★ ★ ★ ★ ★

## **"ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ"**

၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပခဲ့ပြီး နောက် ရှစ်နှစ်ကျော်ကြာလာသည့်တိုင် ရွေးကောက်ပွဲရလဒ်အား နဝတ/နအဖ မှ အသိအမှတ်ပြုအကောင် အထည်ဖော်ပေးခြင်းမရှိခဲ့သည့်အတွက် ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့ကြသည့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထုမှပေးအပ်ခဲ့သည့်တာဝန်အား ဦးလည်မသုန်ဆောင်ရွက်ကြမည်ဟု သံန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ် သည်နှင့်အညီ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင် ရွေးကောက်ပွဲတွင်အောင်မြင်ခဲ့သော မဲဆန္ဒနယ် မြေအရေအတွက်အရ ပထမ၊ ဒုတိယနှင့် တတိယနေရာများရရှိခဲ့ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တို့နှင့်အတူ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ ဇိုမီးအမျိုးသားကွန်ဂရက်တို့လက်တွဲလျက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၅၁) ဦးတို့မှ လွှဲအပ်ပေးထား သည့်လုပ်ပိုင်ခွင့်အရ စစ်မှန်သည့်ဒီမိုကရေစီပြည်ထောင်စုပေါ်ပေါက်ရေးကိုမျှော်ကိုးပြီး ပြည်သူ့လွှတ်တော် ခေါ်ယူရေးကိုရှေ့ရှုကာ **"ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ"**အား တရားဝင်ဖွဲ့စည်းခဲ့သည်။

မူလစတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင် (၁၀) ဦးပါဝင်ခဲ့ပြီး၊ ယခုအခါ အဖွဲ့ဝင် (၁၉) ဦးအထိ တိုးချဲ့ပါဝင် လာခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ မဲဆန္ဒနယ်ကိုယ်စားပြုမှုမှာ ...

| **စဉ်။** | **နိုင်ငံရေးပါတီအဖွဲ့အစည်း** | **ကိုယ်စားပြုမဲဆန္ဒနယ်** |
|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၉၂ |
| ၂။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် | ၂၃ |
| ၃။ | ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် | ၁၁ |
| ၄။ | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ | ၅ |
| ၅။ | အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ | ၄ |

| | | |
|---|---|---|
| ၆။ | အမျိုးသားဒီမိုကရေစီပါတီ | ၃ |
| ၇။ | ဇိုမီးအမျိုးသားကွန်ဂရက် | ၂ |
| ၈။ | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် | ၁ |
| ၉။ | မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ | ၁ |
| ၁၀။ | ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ | ၁ |
| ၁၁။ | တသီးပုဂ္ဂလ | ၁ |
| | **စုစုပေါင်း** | ၄၄၄ |

**အဖွဲ့ဝင်များမှာ ...**

**(၁) ဦးအောင်ရွှေ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**
**ဥက္ကဋ္ဌ**
**(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၃၄၄)**

**(၂) ဦးသန်းထွန်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**
**အတွင်းရေးမှူး**
**(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၂၃၄)**

**(၃) ဦးအေးသာအောင် (ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်)**
**အတွင်းရေးမှူး**

ရခိုင်ပြည်နယ်၊ မင်းပြားမြို့ဇာတိဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာန၊ အကြီးစားစက်မှုလုပ်ငန်း ကော်ပိုရေးရှင်းတွင် ဒုအရာခံဗိုလ်အဖြစ်အမှုထမ်းခဲ့သည်။ ၁၉၇၄ ခုနှစ်၊ အလုပ်သမားအရေးအခင်းတွင် ပါဝင်ခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး၊ အလုပ်မှထုတ်ပယ်ခံခဲ့ရသည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ တွဲဖက်အထွေထွေအတွင်းရေးမှူးဖြစ်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတွင် မူလက ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ ဇိုမီးအမျိုးသားကွန်ဂရက်တို့၏ ကိုယ်စားလှယ်အဖြစ်ပါဝင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ (၂၄) ရက်နေ့တွင် စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ဇွန်လ (၂၁) ရက်နေ့တွင် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေ၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေများအရ ထောင်ဒဏ် (၂၁) နှစ်ချမှတ်ခြင်းခံခဲ့ရပြီး ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့တွင် အင်းစိန် ဗဟိုအကျဉ်းထောင်မှ ပြန်လွတ်သည်။

**(၄) ဦးတင်ဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**
**အဖွဲ့ဝင်**

အဖ ဦးမောင်ကြိုင်၊ အမိဒေါ်မြတင်တို့မှ ၁၉၂၇ ခုနှစ်၊ မတ်လ (၁၂) ရက် [ ၁၂၈၈ ခုနှစ်၊ တပေါင်းလဆန်း (၁၀) ရက်] ရောဝတီတိုင်း၊ ပုသိမ်မြို့၊ ရေကျော်ကြီးရွာတွင်မွေးဖွားခဲ့သည်။ ပုသိမ်မြို့၊ ဗဟိုအမျိုးသား အထက်တန်းကျောင်းတွင် မူလတန်းမှ (၁၀) တန်းအောင်သည်အထိ ပညာသင်ကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးစတင်

ဖြစ်ပွားစဉ် တောရွာတွင်စစ်ဘေးဒဏ်ရှောင်နေစဉ် ဖခင်ကွယ်လွန်ခဲ့သဖြင့် ခေတ္တကိုရင်ဝတ်ပြီးနောက် (၁၀) တန်းအောင်မြင်သည်အထိ ဆက်လက်ပညာသင်ကြားခဲ့သည်။ ပုသိမ်မြို့၊ ဗဟိုအမျိုးသား အထက်တန်းကျောင်းတွင် ပညာသင်ကြားနေစဉ် ၁၉၃၆/၃၈ ခုနှစ်၊ တနိုင်ငံလုံးကျောင်းသားသပိတ်ဖြစ်ပြီး၊ ကျောင်းမှပြုလုပ်သည့် စီတန်းလှည့်လည်ဆန္ဒပြပွဲများတွင် ပါဝင်လှုပ်ရှားခဲ့သည်။ ကျောင်းမှဦးစီးဖွဲ့သည့် ပင်နီလူငယ်တပ်ဖွဲ့တွင် ပါဝင်ခဲ့သည်။

၁၉၄၃ ခုနှစ်နောက်ပိုင်း၊ အသက် (၁၆) နှစ်ပြည့်အပြီးတွင် စစ်ထဲဝင်ရန်အတွက် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ စစ်ဝန်ကြီးရုံး၊ ဗဟိုကင်းတပ် (ယခု ပဒုမ္မာကွင်းနေရာ) တွင် တပ်သားအဖြစ် စတင်ဝင်ရောက်ခဲ့သည်။ ဗိုလ်သင်တန်းကျောင်းတက်ရန်အတွက် အရည်အချင်းစစ်စာမေးပွဲနှင့် စစ်ဝန်ကြီးရုံး လူတွေ့စစ်ဆေးမှု ဖြေဆိုခံယူပြီးမကြာမီ ဝင်ဆာတန်းလျား (ယခု သမ္မတအိမ်တော်ဝန်းအတွင်း) တွင်ဖွင့်လှစ်ထားသည့် အချက်ပြလေ့ကျင့်ရေးတပ်ရင်းတွင် သင်တန်းတက်နေစဉ် မင်္ဂလာဒုံ တတိယပါတ် ဗိုလ်သင်တန်းကျောင်း ( Third Bath of Officer Training School ) သို့ ဗိုလ်လောင်းသင်တန်း တက်ခွင့်ရခဲ့သည်။ ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် တတိယပါတ်ဗိုလ်သင်တန်းဆင်းပြီး ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ပြန်တမ်းဝင်အရာရှိအလုပ်သင်ဗိုလ် (မီနာရိုက်ရှိခန်း)၊ တလိုင်းသုံးပွင့် အထူးကြယ်ဖြင့် ရာထူးခန့်အပ်ခြင်းခံရသည်။

တပ်မတော်ပြန်လည်ဖွဲ့စည်းပေးမည့်အစီအစဉ်အရ မျိုးချစ်တပ်မတော်ဖျက်သိမ်းသည့်အခါ ဇာတိရွာသို့ပြန်လာခဲ့သည်။ ၁၉၄၆ ခုနှစ်တွင်တက္ကသိုလ်ဆက်တက်ရန် ရန်ကုန်မြို့သို့ပြန်လာခဲ့သည်။ ရန်ကုန်မြို့သို့ရောက်ရှိပြီး မျိုးချစ်တပ်မတော်ဌာနချုပ်ဖွင့်လှစ်ထားရာ လောင်းဝစ်စ်လမ်း (ယခုအင်းယားမြိုင်လမ်း၊ မင်းကွန်းတောရ ဘုန်ကြီးကျောင်းဝန်း) တွင် ဗမာ့တပ်မတော်အတွက်ပြန်တမ်းဝင်အရာရှိများ၊ ကန္ဒီစာချုပ်အရ ရွေးချယ်ခန့်ထားနေသည့်သတင်းကြား၍ သွားရောက်စုံစမ်းရာ မူလတာဝန်ထမ်းဆောင်ခဲ့သည့် တော်လှန်ရေးတိုင်းအမှတ် (၄)၊ တပ်ရင်း (၁၀၂)စာရင်းတွင်နောင် ပြန်လည်ဖွဲ့စည်းမည့် ဗမာ့တပ်မတော်တွင် တိုက်ရိုက်ပြန်တမ်းဝင်အရာရှိအဖြစ် (သို့) အင်္ဂလိပ်ဘုရင့်စစ်တက္ကသိုလ်တွင် ဗိုလ်လောင်းအဖြစ်ကျောင်းတက်ရန် ထောက်ခံထားသဖြင့် အရာရှိအဖြစ်ပြန်လည်လျှောက်ထားခဲ့ရာ (ကြည်း ၃၆၅၁) ဒုတိယဗိုလ်(Second Lieutenant) အဖြစ်ခန့်အပ်ခံခဲ့ရသည်။ ထို့နောက် မြင်းခြံမြို့ရှိ ဗြိတိသျှစစ်တပ်မှစစ်အရာရှိများသင်ကြားပေးသည့် အခြေခံစစ်ပညာသင်တန်း တက်ရောက်ရသည်။ ထို့နောက် ၁၉၄၆ ခုနှစ်ဆန်းတွင် မေမြို့ (ယခု ပြင်ဦးလွင်) တွင် အရာရှိငယ်များသင်တန်းသို့ တက်ရောက်ရသည်။

၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလတွင် စက်ာပူရှိ ဗြိတိသျှအရှေ့ဖျားတပ်များဆိုင်ရာဌာနချုပ်မှ ဦးစီးဖွင့်လှစ်သည့် စစ်ဆင်ရေးလေ့ကျင့်မှုသင်တန်းသို့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလလယ်အထိ တက်ရောက်ခဲ့ရသည်။

၁၉၅၀ ခုနှစ်တွင် တရုတ်ပြည်ယူနန်နယ်တောင်ပိုင်းရှိ တရုတ်ဖြူ (ကူမင်တန်) တပ်များ၊ တရုတ်ပြည်သူ့တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံသို့ ကျူးကျော်ဝင်ရောက်လာခဲ့သည်ကို ရွတ်ရွတ်ချွံချွံခုခံတိုက်ခိုက်ခဲ့သည့်အတွက် သူရဘွဲ့ဦးမြှင့်ခြင်းခံခဲ့ရသည်။

၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် တော်လှန်ရေးကောင်စီကြေညာချက်အမှတ် (၅၉) ဖြင့် အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဗိုလ်မှူးကြီးတင်ဦးအား တော်လှန်ရေးကောင်စီဝင်အဖြစ် ခန့်အပ်ခဲ့သည်။

၁၉၇၂ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့တွင် တော်လှန်ရေးကောင်စီမှ ကြေညာချက်အမှတ် (၁၀၀) ဖြင့် ဗိုလ်မှူးချုပ်တင်ဦးအား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။

၁၉၇၄ ခုနှစ်၊ မတ်လ (၃) ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ပထမအကြိမ်အစည်းအဝေးမှ ဗိုလ်မှူးချုပ်တင်ဦးအား ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးအဖြစ်

တာဝန်ပေးအပ်ခဲ့သည်။

၁၉၇၄ ခုနှစ်၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ဇာပနအရေးအခင်း၊ ၁၉၇၆ ခုနှစ်၊ အလုပ်သမားအရေးအခင်းများတွင် ပြည်သူလူထုအထိအခိုက်နည်းအောင် ဆောင်ရွက်ခဲ့သဖြင့် ပြည်သူလူထု၏ ကြည်ညိုလေးစားမှုခံခဲ့ရသည်။

၁၉၇၄ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှ ၁၉၇၆ ခုနှစ်၊ မတ်လ (၆) ရက်နေ့အထိ ကာကွယ်ရေးဦးစီးချုပ် (၁–၃–၇၄/ ၆–၃–၇၆) နှင့် ကာကွယ်ရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၆ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့တွင် အင်းစိန်မြို့၊ အကျဉ်းထောင်အနီးရှိ အထူးတရားရုံးတွင်ရန်ကုန်တိုင်းတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြတ်တိုး၊ ဦးမောင်မောင်ဝင်းတို့ ပါဝင်သည့် ရန်ကုန်တိုင်းတရားသူကြီးအဖွဲ့သို့ ပြည်သူ့ရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့မှူးရုံး၊ ရဲမှူးဦးစိုးမြင့်က နိုင်ငံတော်ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရန်စီစဉ်ဆောင်ရွက်မှု၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား ဖျက်ရန်ကြံစည်မှုနှင့် အားပေးကူညီမှုတို့ဖြင့် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ဗိုလ်ကြီးဝင်းသိန်းတို့အား နိုင်ငံတော်ပုန်ကန်မှုဖြင့် တရားစွဲဆိုရာတွင် သိလျက်ထိန်ချန်ခဲ့သည်ဟုဆိုကာ ထည့်သွင်းတရားစွဲဆိုခြင်းခံခဲ့ရ၍ သက်သေအထောက်အထားမရှိပဲ ထောင်ဒဏ် (၇) နှစ်အပြစ်ပေးခံခဲ့ရသည်။ ၁၉၈၀ ပြည့်နှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်ထောင်မှ ပြန်လွတ်သည်။

လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်ထောင်မှလွတ်လာပြီးနောက် သာသနာဘောင်သို့ (၂) နှစ်ခန့် ဝင်ရောက်ခဲ့သည်။ ထို့နောက် လူထွက်ပြီးဥပဒေပညာ့လောသင်ယူဆည်းပူးခဲ့ရာ ၁၉၈၄/၈၆ ခုနှစ်များအတွင်း မှတ်ပုံတင်ရှေ့နေ [R.L.] အောင်လက်မှတ်ရခဲ့သည့်အပြင် ဥပဒေပညာဘွဲ့ [LL.B.] ပါရရှိခဲ့သည်။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အထွေထွေရောဂါကုဆေးရုံကြီး၊ အရေးပေါ်ဌာနရှေ့၌ လူထုအစည်းအဝေးပွဲတွင် ဒီမိုကရေစီပြန်လည်ရရှိရေးအတွက် စည်းရုံးဟောပြောခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့နံနက် (၁၀) နာရီတွင် ဗဟန်းမြို့၊ ဝင်္ကဘာလမ်း၊ ခြံအမှတ် (၁၀) နေအိမ်တွင်အဖွဲ့ဝင် (၂၁) ဦးဖြင့်ဖွဲ့စည်းခဲ့သည့် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ (ယာယီ) တွင် အထွေထွေအတွင်းရေးမှူးအဖြစ် ပါဝင်ခဲ့ပြီး၊ စက်တင်ဘာလ (၁၀) ရက်နေ့တွင်နုတ်ထွက်ခဲ့သည်။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင်ဖွဲ့စည်းခဲ့သည့် တပ်မတော်တပ်မှူးဟောင်းများနှင့် ရဲဘော်ဟောင်းများအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ (၂၄) ရက်နေ့တွင်ဖွဲ့စည်းခဲ့ပြီး၊ (၂၇) ရက်နေ့တွင်တရားဝင် မှတ်ပုံတင်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဒုတိယဥက္ကဋ္ဌဖြစ်လာခဲ့ပြီး၊ ထိုနှစ်ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ဥက္ကဋ္ဌဖြစ်သူ ဦးအောင်ကြီးနုတ်ထွက်သွားသဖြင့် ဥက္ကဋ္ဌဖြစ်လာခဲ့သည်။

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောင်သည့်ဥပဒေအရအရေးယူခံခဲ့ရပြီး ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် အထူးစစ်ခုံရုံးအမှတ် (၅) မှ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ပြစ်ဒဏ်ပြည့်ကာနီးတွင် နောက်ထပ်စစ်ခုံရုံးအတင်ခံရပြီး ယခင်ကစွဲဆိုခဲ့သည့်စွဲချက်အတိုင်း နောက်ထပ်ထောင်ဒဏ် (၇) နှစ်ချမှတ်ခံခဲ့ရသည်။ ၁၉၉၅ ခုနှစ်၊ မတ်လတွင် ထောင်မှပြန်လွတ်သည်။

၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ အဖွဲ့ချုပ်ခေါင်းဆောင်နှင့်လူငယ်အချို့တို့နှင့်အတူ၊ ကော့မှူးမြို့နှင့် ကွမ်းခြံကုန်းမြို့များသို့ ပါတီစည်းရုံးရေးလုပ်ငန်းများလုပ်ဆောင်ရန်အသွား၊ ဒလမြို့အထွက်တွင် အာဏာပိုင်များ၏ တားမြစ်

ပိတ်ဆို့ဟန့်တားခြင်းခံခဲ့ရ၍၊ (၉) ရက်အကြာ စက်တင်ဘာလ (၁) ရက်နေ့ ညဥ့်သန်းကောင်တွင် အတင်းအဓမ္မချုပ်နှောင်ဖမ်းဆီးပြီး နေအိမ်သို့ပြန်ပို့ခံခဲ့ရပြီး၊ နေအိမ်အကျယ်ချုပ်ဖြင့် ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့အထိနေခဲ့ရသည်။

၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ မန္တလေးမြို့သို့မီးရထားဖြင့်ခရီးသွားရန်၊ ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိစဉ် အာဏာပိုင်များမှဟန့်တားပြီး၊ ဖမ်းဆီးချုပ်နှောင်၍ ရဲမှန်တပ်စခန်းတွင် ထိန်းသိမ်းထားခဲ့သည်။ နောက်ပိုင်းတွင် နေအိမ်ပြန်ပို့၍ အကျယ်ချုပ်ချထားပြီး၊ ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့ညနေပိုင်းတွင်မှ နေအိမ်အကျယ်ချုပ်ဖြင့်ထိန်းသိမ်းထားခြင်းကို ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။

၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ကချင်ပြည်နယ်စည်းရုံးရေးခရီးစဉ်အတွင်း၊ စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့အနီး အာဏာပိုင်များမှ စနစ်တကျတင်ကြိုပြင်ဆင်တိုက်ခိုက်ခဲ့သည့်၊ သွေးချောင်းစီး လုပ်ကြံသတ်ဖြတ်တိုက်ခိုက်မှုအတွင်း အသက်မသေပဲ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး၊ စစ်ကိုင်းတိုင်း၊ ကလေးထောင်တွင် ထိန်းသိမ်းထားရာမှ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့ညပိုင်းတွင် ရန်ကုန်မြို့နေအိမ်သို့ ပြန်ပို့ခြင်းခံခဲ့ရပြီး၊ အကျယ်ချုပ်ဖြင့် ဆက်လက်ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် ၁၉၇၅ ခုနှစ်တွင်ပြဋ္ဌာန်း၍ ၁၉၉၁ ခုနှစ်တွင် ပြင်ဆင်ထုတ်ပြန်ခဲ့သည့် "နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ" ပုဒ်မ ၁၀ (ခ) ဖြင့် ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့အထိ နေအိမ်အကျယ်ချုပ်သက်တမ်း (၁) နှစ်ထပ်တိုးခဲ့သည်။ ပြစ်ဒဏ်ပြည့်မြောက်သည့် ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရ က်နေ့တွင် တဖန် နောက်ထပ်ပြစ်ဒဏ်သက်တမ်း (၁) နှစ် ထပ်တိုးခြင်းခံခဲ့ရသည်။

## (၅) ဒေါ်အောင်ဆန်းစုကြည် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) အဖွဲ့ဝင်

၁၉၄၅ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့တွင် ရန်ကုန်မြို့၌မွေးဖွားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏သမီး ဖြစ်သည်။ ဖခင် ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရစဉ်က(၂) နှစ်သမီးအရွယ် ဖြစ်သည်။

၁၉၄၉ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ရန်ကုန်မြို့ စိန့်ဖရန်စစ်ကွန်ဗင့်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။

၁၉၅၇ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ရန်ကုနမြို့ အင်္ဂလိပ်မက်သဒစ်ကွန်ဗင့်ကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် မိခင်ဖြစ်သူဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသဖြင့် မိခင်နှင့်အတူ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့လိုက်ပါခဲ့သည်။ ရေရှုနှင့်မေရီကွန်ဘင့်ကျောင်း (Convent of Jesus and Mary) နှင့် လေဒီရှယ်ရီရမ်ကောလိပ် (Lady Shri Ram College) တို့၌ ဆက်လက်ပညာသင်ကြားသည်။

၁၉၆၂–၆၃ ခုနှစ်များတွင် ဒေလီတက္ကသိုလ်၌ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို လေ့လာဆည်းပူးခဲ့သည်။

၁၉၆၄–၆၇ ခုနှစ်များတွင် အောက်စဖို့တက္ကသိုလ်ရှိ ဟူ့စ်ကောလိပ်၌ ဒဿနိကဗေဒ၊ နိုင်ငံရေးသိပ္ပံနှင့် စီးပွားရေးပညာရပ်များကိုလေ့လာဆည်းပူးခဲ့ပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကိုရရှိခဲ့သည်။

၁၉၆၈ ခုနှစ်တွင် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့်အာဖရိကလေ့လာရေးဌာန၊ နိုင်ငံရေးသိပ္ပံဌာန၌ သုတေသနလက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၉–၇၁ ခုနှစ်များတွင် နယူးယောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရုံး၊ အုပ်ချုပ်ရေး

နှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ အကြံပေးကော်မတီ (Advisory Committee on Administrative and Budgetary Questions, United Nations Secretariat, New York) တွင် လက်ထောက်အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် ဒေါက်တာမိုက်ကယ်အဲရစ် (Mr. Michael Viallancourt Aris) နှင့် လက်ထပ်ခဲ့သည်။ (ဒေါက်တာမိုက်ကယ်အဲရစ်သည် ဗြိတိသျှလူမျိုးတဦး ဖြစ်သည်။ အောက်စဖို့တက္ကသိုလ်မှ ပညာရှင်တဦးဖြစ်ပြီး၊ မြောက်ပိုင်းဗုဒ္ဓဘာသာ မဟာယာနရ၏ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာသမိုင်းကြောင်းကို အထူးပြုလေ့လာနေသော သုတေသနပညာရှင်ဖြစ်သည်။ ယင်းပညာရပ်နှင့်သက်ဆိုင်သော စာအုပ်စာတမ်းများကိုလည်း ရေးသားပြုစုထုတ်ဝေခဲ့သည်။) ၁၉၇၃ ခုနှစ်၊ ဧပြီလ (၁၂) ရက်နေ့တွင် သားကြီး မြင့်ဆန်းအောင် (ခ) အလက်ဇန်းဒါး Alexander John Christopher Aris ကိုမွေးဖွားခဲ့၍ ၁၉၇၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် သားငယ် ထိန်လင်း (ခ) ကင်မ် Dannian Kim Arundel Aris ကို မွေးဖွားခဲ့သည်။

၁၉၇၂–၇၃ ခုနှစ်များတွင် ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးရုံးတွင် ကုလသမဂ္ဂကိစ္စများဆိုင်ရာ အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၅–၇၇ ခုနှစ်များတွင် အောက်စဖို့တက္ကသိုလ် (Oxford University) ဘော့ဒလီယန်စာကြည့် (Bodleian Library) တိုက်၌ မြန်မာစာအုပ်နှင့် ပေပုရပိုဒ်ကက်တလောက်ပြုစုသူ ပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၅–၈၆ ခုနှစ်များတွင် ဂျပန်နိုင်ငံကျိုတိုတက္ကသိုလ် အရှေ့တောင်အာရှဆိုင်ရာလေ့လာရေးဌာနတွင် သုတေသနပညာရှင်အဖြစ် သွားရောက်သုတေသနပြုခဲ့သည်။

၁၉၈၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဆင်းမလားမြို့ရှိ အထူးလေ့လာသုတေသနပြုရေးအိန္ဒိယသိပ္ပံဌာန (Indian Institute of Advanced Study) တွင် သုတေသနအရာရှိ (Research Fellow) အဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၈၇ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကလေ့လာရေးဌာနတွင် တင်သွင်းရန် ဘွဲ့လွန် စာတမ်းတစောင်ကိုပြုစုလျက်ရှိသည်။ ယင်းစာတမ်းအမည်မှာ (၁၉၁၀–၁၉၄၀ ခုနှစ်အတွင်း မြန်မာစာပေတွင် ရိုးရာအစဉ်အလာအသစ် ဖြစ်ပေါ်ထွန်းကားမှုနှင့် အမျိုးသားရေးဝါဒ) ဟူ၍ဖြစ်သည်။

၁၉၈၈ ခုနှစ် မြန်မာပြည်သို့ပြန်လာသည့်အခါ လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကလေ့လာရေးဌာနတွင် လေ့လာခြင်းကို ရပ်နားလိုက်ရသည်။

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့မှစ၍ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀ (ခ) အရ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်တွင် တားဆီးမိန့်ထုတ်ပြန်၍ တားဆီးထားခြင်းခံခဲ့ရသည်။

နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခြင်းခံနေရစဉ် ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**နိုင်ငံရေးကြိုးပမ်းမှုများကြောင့် ၂၀–၇–၈၉ နေ့မှစ၍ ထိန်းသိမ်းခံခဲ့ရပါသည်။ အထိန်းသိမ်းခံနေရလျက်နှင့်ပင် မိမိအဖွဲ့ချုပ်၏ ဒီမိုကရေစီနည်းလမ်းအရဆုံးဖြတ်ချက်ကို လေးစားသောအားဖြင့်၎င်း၊ တိုင်းသူပြည်သားတို့၏ အမှန်တရားနှင့်ကိုက်ညီသော လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ကူညီဖြည့်စွက်လိုသောကြောင့်လည်းကောင်း၊ ဒီမိုကရေစီကိုလိုလားသော ပြည်သူလူထုကြီး၏ ဖွဲ့သတ္တိကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ဗဟန်းမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း စီစစ်ရွေးချယ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်**

**ကိုလိုက်နာ၍ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူတဦးအဖြစ် အမည်စာရင်းတင်သွင်းလိုက်ပါသည်။**

**အောင်ဆန်းစုကြည်**

၂၂-၁၂-၈၉

သို့သော် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအားကိုယ်စားပြု၍ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်ယှဉ်ပြိုင်ရန် အဆိုပြုထားခြင်းခံရသူ ဦးလဘန်ဂရောင်မှ ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ပန်းဆိုးတန်းအမှတ် (၁) တွင် ဖွင့်လှစ်စစ်ဆေးခဲ့သည့် ရန်ကုန်တိုင်း ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်မှလက်ခံစစ်ဆေး၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၀ (င) ဖြင့် ငြိစွန်းသည်ဟုဆိုကာ ဒေါ်အောင်ဆန်းစုကြည်၏ အမည်စာရင်းတင်သွင်းလွှာကိုပယ်ချခဲ့သဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရရှိပဲဖြစ်ခဲ့ရသည်။

၁၉၉၁ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘဲလ်ဆုချီးမြှင့်ခြင်းခံရသည်။ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် နော်ဝေနိုင်ငံ၊ အော်စလိုမြို့တော်တွင်ကျင်းပသည့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကိုယ်တိုင်မတက်ရောက်နိုင်သဖြင့် သားကြီးဖြစ်သူမြင့်ဆန်းအောင်က မိခင်ကိုယ်စားတက်ရောက်ဆုယူခဲ့သည်။

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့တွင် နေအိမ်အကျယ်ချုပ်အဖြစ် တားဆီးထားသည့်အမိန့်အား အာဏာပိုင်များမှ ရုပ်သိမ်းပေးခဲ့သည်။

နယူးယောက်အခြေစိုက် **"မစ်"** (MS) မဂ္ဂဇင်းမှ ၁၉၉၅ ခုနှစ်အတွက် အမျိုးသမီးထူးချွန်ဆု (၁၂) ဦး ရွေးချယ်ခဲ့ရာတွင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်သည်။

၂၀၀၀ ပြည့်နှစ်၊ မတ်လ (၁၈) ရက်နေ့တွင် အိုင်ယာလန်နိုင်ငံ၊ ဒဗ္ဗလင်မြို့ (Dublin) တွင် ဒေါ်အောင်ဆန်းစုကြည်အား ဒဗ္ဗလင်မြို့တော် **"လွတ်လပ်ရေးဆု"** ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ သူမကိုယ်စား သားငယ်ထိန်လင်း (Kim Aris) မှ ဆုလက်ခံယူခဲ့သည်။ ဂုဏ်ပြုမှတ်တမ်းလွှာအား ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်တက်ရောက်လက်မှတ်ရေးထိုးနိုင်သည့်အချိန်အထိ စောင့်ဆိုင်းထားမည်ဖြစ်သည်။ တောင်အာဖရိကသမ္မတဟောင်း မစ္စတာမန်ဒဲလားအားဆုချီးမြှင့်ခဲ့စဉ်ကလည်း အလားတူ ကိုယ်တိုင်လက်မှတ်ရေးထိုးနိုင်သည်အထိ မှတ်တမ်းလွှာတွင်ချန်လှပ်ထားခဲ့ဘူးသည်။ အဆိုပါဆုကို အမေရိကန်သမ္မတဟောင်းများဖြစ်ကြသည့် မစ္စတာဂျွန်အက်ဖ်ကနေဒီ၊ မစ္စတာဘီလ်ကလင်တန်၊ ဒုတိယမြောက်ပုတ် ရဟန်းမင်းကြီးဂျွန်ပေါလ်နှင့် မာသာထရီဆာတို့အား ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

သက္ကရာဇ် ၂၀၀၀ ခုနှစ်အတွက် အိုင်ယာလန်နိုင်ငံမြို့တော် ဒဗ္ဗလင်အုပ်ချုပ်ရေးအဖွဲ့မှပေးအပ်သည့် မြို့တော်ဂုဏ်ထူးဆောင်ဆု ဒေါ်အောင်ဆန်းစုကြည်နှင့်ပူးတွဲရရှိခဲ့သူ ရော့ခ်တေးသံရှင်ဘိုနိုနှင့်အဖွဲ့မှ ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုစပ်ဆိုထားသည့် "Walk On" တေးသီချင်း ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့က အမေရိကန်နိုင်ငံ ဂရမ်မီတေးဂီတဆုပေးပွဲတွင် အကောင်းဆုံးဆုရရှိခဲ့သည်။

၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့တွင် ဒုတိယဥက္ကဋ္ဌ သူရဦးတင်ဦး၊ ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ သခင်စိုးမြင့်၊ ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့ဝင် ဒေါက်တာမျိုးအောင်၊ အဖွဲ့ချုပ်လူငယ် (၁၆) ဦး [ယာဉ်မောင်းနှစ်ဦးအပါအဝင်] တို့နှင့်အတူ ရန်ကုန်တဖက်ကမ်း ဒလမြို့မှတဆင့် ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နှင့် ကော့မှူးမြို့များသို့ စည်းရုံးရေးကိစ္စများဆောင်ရွက်ရန် ရန်ကုန်မြို့၊ ပန်းဆိုးတန်းဆိပ်ကမ်းမှတဆင့် ခရီးထွက်ရန်စီစဉ်ခဲ့ရာ၊ ပန်းဆိုးတန်းဆိပ်ကမ်းတွင် တနာရီခွဲခန့် အာဏာပိုင်များမှပိတ်ဆို့ထားခဲ့ပြီးမှ တဖက်ကမ်းသို့ကူးခွင့်ရခဲ့သည်။ ဒလမြို့သို့ ရောက်ရှိသည့်အခါ ကြိုတင်စောင့်ဆိုင်းနေသည့် အဖွဲ့ချုပ်ကားနှစ်စီးဖြင့် ကွမ်းခြံကုန်းသို့

ခရီးထွက်လာစဉ် ဒလမြို့မှအထွက် (၃) မိုင်ခန့်အရောက် ကျွန်စစ်သားရပ်ကွက်တွင် အာဏာပိုင်များမှ ရှေ့ခရီး မဆက်နိုင်ရန် အတင်းအဓမ္မပိတ်ဆို့တားမြစ်ထားခဲ့သဖြင့် အဆိုပါနေရာတွင်ပင် ခရီးဆက်ထွက်နိုင်သည်အထိ အခြေချစောင့်ဆိုင်းနေခဲ့ရာ (၉) ရက်မြောက်နေ့ဖြစ်သည့် စက်တင်ဘာလ (၁) ရက်နေ့ ည (၁၁ း ၁၅)အချိန်တွင် ရဲတပ်ဖွဲ့နှင့်စစ်ထောက်လှမ်းရေး အင်အား (၃၀၀)ကျော်က ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဝင်ရောက် စီးနင်းပြီး အတင်းအကြပ်ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်ပြီး ရန်ကုန်မြို့သို့ပြန်ပို့၍ ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မှ (၁၄) ရက်နေ့အထိ ဒုတိယအကြိမ် နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရသည်။

၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် ဒုတိယဥက္ကဋ္ဌ သူရဦးတင်ဦးနှင့်အတူ အဖွဲ့ဝင်များ လိုက်ပါလျှက် အဖွဲ့ချုပ်လှုပ်ရှားမှုမရှိနိုင်ရန် ပိတ်ပင်တားဆီးမှုများ၊ အဖွဲ့ချုပ်ရုံးများပိတ်စေခြင်း၊ ဆိုင်းဘုတ်များ ချစေခြင်းများကို စုံစမ်းလေ့လာရန် ပထမခရီးစဉ်အဖြစ် ညနေမီးရထားဖြင့် မန္တလေးသို့သွားရောက်ရန်စီစဉ်ခဲ့ရာ မီးရထားလက်မှတ်ကုန်နေသည်ဟု အကြောင်းပြ၍ လက်မှတ်ရောင်းမပေးဘဲ နောက်တနေ့ နံနက်စော ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့တွင် ရန်ကုန်ဘူတာကြီးမှ အဓမ္မနေအိမ်ပြန်ပို့ပြီး၊ တတိယအကြိမ် နေအိမ် အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း ခံခဲ့ရသည်။

၂၀၀၁ ခုနှစ်အတွက် ဂျာမနီနိုင်ငံအခြေစိုက် နိုင်ငံတကာ နိုင်ငံရေးနှင့်ယဉ်ကျေးမှုများ လွတ်လပ်စွာ ပေါင်းစည်းရေးဆိုင်ရာ ဆုပေးရေးအဖွဲ့ကြီး၏ Collegue United Nations ဆုရရှိခဲ့သည်။ အဆိုပါဆုရရှိသူ များအနက် ဒေါ်အောင်ဆန်းစုကြည်သည် ပထမဆုံးအမျိုးသမီးဖြစ်သည်။ ၁၉၉၉ ခုနှစ်တွင် ပိုလန်နိုင်ငံသမ္မတနှင့် ၂၀၀၀ ပြည့်နှစ်တွင် ဟန်ဂေရီနိုင်ငံဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဟွန်းတို့ရရှိခဲ့ပြီး၊ ဒေါ် အောင်ဆန်းစုကြည်သည် တတိယမြောက်ဆုရရှိသူ ဖြစ်သည်။

၂၀၀၂ ခုနှစ်၊ မေလ (၆) ရက်နေ့တွင် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။

၂၀၀၂ ခုနှစ်၊ မေလ (၂၅) ရက်နေ့တွင် ကျင်းပခဲ့သည့် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ ဘာ့ဒ် ကောလိပ်၏ (၁၄၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်ခဲ့သည်။ အလားတူ ဝါရှင်တန်ဒီစီရှိ အမေရိကန်ယူနီဗာစီတီ၏ ၁၉၉၆ ခုနှစ်၊ ဆောင်းရာသီဘွဲ့နှင်း သဘင်အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခဲ့ဘူးသည်။

၂၀၀၂ ခုနှစ်၊ မေလ (၂၃) ရက်နေ့တွင် ဗိုလ်မှူးအောင်ဦးဆောင်သည့် ဝါရင့်နိုင်ငံရေးသမားကြီးများက နေအိမ်အကျယ်ချုပ်မှ မေလ (၆) ရက်နေ့တွင် လွတ်မြောက်လာသည့် ဒေါ်အောင်ဆန်းစုကြည်အား ဝါရင့်နိုင်ငံ ရေးသမားကြီး သခင်သိန်းဖေ၏နေအိမ်တွင် ဂုဏ်ပြုပွဲကျင်းပ၍ ပန်းကုံးစွပ်ဂုဏ်ပြုကာ ဒေါ်အောင်ဆန်းစုကြည် ရှေ့ဆက်လက်ပြီး ဆောင်ရွက်ရမည့် ဒီမိုကရေစီရေးတိုက်ပွဲအတွက် အင်္ဂလိပ်နယ်ချဲ့များကို လွတ်လပ်ရေးအတွက် တိုက်ခဲ့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကိုင်စွဲခဲ့သော သုံးရောင်ခြယ်ကဒေါင်းအလံနှင့် ဂျပန်ဖက်ဆစ်များကို တိုက် ခိုက်ရာတွင် ကိုင်စွဲခဲ့သည့် အနီရောင်အောက်ခံထောင့်တွင် ကြယ်ဖြူအလံတို့ကို အမှတ်တရအဖြစ် ပေးအပ်ခဲ့ သည်။

အမေရိကန်နိုင်ငံရှိ ဖရီးဒမ်းဖိုရမ်အဖွဲ့ကြီးမှ ၂၀၀၂ ခုနှစ်အတွက် AI Neuharth Free Spirit (လွတ် လပ်သော စိတ်ဓာတ်ဆု) ချီးမြှင့်ခြင်းခံရသည်။ လေဟုန်စီးပုံကြွနေဟန် အတောင်ပံနှစ်ခုပါရုပ်တုနှင့် အမေရိကန် ဒေါ်လာတသန်းချီးမြှင့်ခြင်းဖြစ်သည်။ ပြည်သူလူထု၏နှလုံးသားတွင် စွဲမက်လောက်အောင် သတ္တိပြောင်မြောက်စွာ လှုပ်ရှားဆောင်ရွက်သူများအား ရွေးချယ်ပေးအပ်သည့်ဆုဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အား ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် လူ့အခွင့်အရေးရရှိရန်အတွက် လွတ်လပ်သည့်စိတ်ဓာတ်ဖြင့် အကြမ်းမဖက်ဘဲ ကြိုးစား လှုပ်ရှားဆောင်ရွက်သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဆုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့တွင် ဂရိနိုင်ငံ အေသင်မြို့တော်မှ အေသင်နိုင်ငံတကာ ဒီမိုကရေစီဆု (Athens International Prize for Democracy) ရရှိခဲ့သည်။ ဆုအဖြစ် ဒီမိုကရေစီဖခင်ကြီး Pericles ၏ ကိုယ်တပိုင်းရုပ်တုတခုနှင့် Honorary Citizen of Athens ဟုစာတန်းထိုးထားသည့် ရွှေတံဆိပ်တခုဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အဆိုပါဆုရရှိသည့် ပထမဆုံးပုဂ္ဂိုလ်ဖြစ်သည်။

၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့တွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ဒေါ်အောင်ဆန်းစုကြည်အား ယူနက်စကို (UNESCO) အဖွဲ့ကြီး၏ သည်းခံစိတ်ရှည်မှုနှင့် အကြမ်းမဖက်မှု မြှင့်တင်ရေးဆိုင်ရာ (Madanjeet Singh) ဆု ချီးမြှင့်ခဲ့သည်။ ဆုငွေ ဒေါ်လာတသိန်းချီးမြှင့်ခြင်းဖြစ်သည်။

၂၀၀၂ ခုနှစ်အတွက် စီအင်န်အင်န် (CNN) နိုင်ငံတကာသတင်းဌာန၏ အာရှဒေသ၏ အရေးအကြီးဆုံး ထိပ်တန်းသတင်း (၁၀) ပုဒ်တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့်သတင်း ဖော်ပြပါရှိခဲ့သည်။ အခြားသတင်းများမှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဗုံးခွဲခံခဲ့ရသည့်သတင်း၊ အရှေ့တီမောနိုင်ငံသစ် ပေါ်ထွန်းလာသည့်သတင်း၊ ပါကစ္စတန်နိုင်ငံတွင် စစ်အုပ်ချုပ်ရေးမှ အရပ်သားအုပ်ချုပ်ရေးသို့ ပြောင်းလဲသည့်သတင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်အပြောင်းအလဲသတင်း၊ ကိုရီးယားကျွန်းဆွယ် တင်းမာမှုသတင်း စသည်တို့ ဖြစ်သည်။

ဗြိတိန်နိုင်ငံမှထုတ်လွှင့်သည့် ဘီဘီစီမျက်မှောက်ရေးရာအစီအစဉ်မှ ဗြိတိန်နိုင်ငံသောတရှင်များ၏ ဆန္ဒမဲပေးသည့်အစီအစဉ်တွင် **'ဂုဏ်ထူးဆောင်ဗြိတိန်နိုင်ငံသားအဖြစ် နိုင်ငံတကာမှပုဂ္ဂိုလ်ထူးများထဲမှ မည်သူ့အားပေးမည်နည်း'** ဟူသည့် ဆန္ဒမဲပေးခန်းတွင် သောတရှင် (၅၁) ရာခိုင်နှုန်းက ဒေါ်အောင်ဆန်းစုကြည်အား ဆန္ဒပေးခဲ့ကြသည်။ အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်အား (၁၈) ရာခိုင်နှုန်းက ဆန္ဒပေးခဲ့သည်။

၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့အနီးတွင် နအဖလက်ပါးစေများ၏ ချောင်းမြောင်းတိုက်ခိုက်မှုခံခဲ့ရရာမှ အသက်မသေလွတ်မြောက်ခဲ့ပြီး ရေဦးမြို့အဝင်ဂိတ်အရောက်တွင် အာဏာပိုင်များမှဖမ်းဆီးခဲ့ပြီး ရေဦးရဲစခန်းတွင် ယာယီထိန်းသိမ်းထားခဲ့သည်။ ရေဦးရဲစခန်းညှော့ခန်းမှ နောက်တနေ့ (၃၁–၅–၂၀၀၃) နံနက် (၁) နာရီတွင် ရဲမေများမှ ကားတစီးပေါ်သို့ အတင်းအကြပ်တင်ဆောင်၍ ခေါ်ဆောင်လာခဲ့ရာ၊ အမှတ် (၆) တင့်ကားတပ်ရင်း ညှော့ရိပ်သာတွင်တကြိမ်၊ မင်းဘူးမြို့ရှိ စစ်တပ်ညှော့ရိပ်သာတွင် တကြိမ် ရပ်နားပြီးနောက် ဇွန်လ (၂) ရက်နေ့ နံနက် (၈) နာရီ (၂၀) မိနစ်တွင် အင်းစိန်ထောင်သို့ ပို့ဆောင်ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဇွန်လ (၂၄) ရက်နေ့အထိ အင်းစိန်ထောင်အတွင်းရှိ အိမ်ငယ်တလုံးတွင် ထိန်းသိမ်းထားခဲ့သည်။ ဇွန်လ (၂၄) ရက်နေ့တွင် အင်းစိန်ထောင်မှ ရဲမွှန်တပ်စခန်းရှိ ရဲခေါင်ရိပ်သာသို့ ပြောင်းရွှေ့ထားခဲ့ရာမှ စက်တင်ဘာလ (၁၆) ရက်နေ့တွင် ဆေးရုံတက် ခွဲစိတ်ကုသရန်လိုအပ်လာ၍ ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံသို့ရောက်ရှိခဲ့ပြီး၊ ခွဲစိတ်ကုသမှုခံယူအပြီး စက်တင်ဘာလ (၂၆) ရက်နေ့ ဆေးရုံမှဆင်းခွင့်ပြုသည့်အခါ နေအိမ်ပြန်ပို့၍ စတုတ္ထအကြိမ်နေအိမ် အကျယ်ချုပ်ဖြင့်ထိန်းသိမ်းထားခဲ့ပြီး ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့တွင် တဖန် ၁၉၇၅ ခုနှစ်တွင်ပြဋ္ဌာန်း၍ ၁၉၉၁ ခုနှစ်တွင် ပြင်ဆင်ထုတ်ပြန်ခဲ့သည့် **"နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့်ဥပဒေ"** ပုဒ်မ ၁၀ (ခ) ဖြင့် ပြစ်ဒဏ် တနှစ်တိုး၍ ၂၇–၁၁–၂၀၀၅ ရက်နေ့တွင် နောက်ထပ် ပြစ်ဒဏ် (၆) လထပ်မံတိုးခဲ့သည်။

၂၀၀၄ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ မေ (၁၈) အောက်မေ့ဖွယ်ဖောင်ဒေးရှင်းမှ ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၄ ခုနှစ်အတွက် **"ဂွမ်ဂျူးလူ့အခွင့်အရေးဆု"** ချီးမြှင့်ခဲ့သည်။ တောင်ကိုရီးယားသမ္မတ ချွန်ဒူးဝှမ်လက်ထက် ၁၉၈၀ ပြည့်နှစ်၊ မေလ (၁၈) ရက်နေ့က ဆိုးလ်မြို့တော်၏တောင်ဘက် ဂွမ်ဂျူးမြို့တွင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအတွက် တောင်းဆိုဆန္ဒပြကြသည့် ကျောင်းသားများနှင့် ပြည်သူများ

အား စစ်တပ်မှပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ ထောင်နှင့်ချီ၍သေဆုံးခဲ့ရသည့် အရေးအခင်းအား အမှတ်တရဖြစ်စေရန် **"ဝွမ်ဂျူး မေ (၁၈) ဖောင်ဒေးရှင်း"**ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး၊ အဆိုပါဖောင်ဒေးရှင်းမှ ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ပင် ယခင်က အဆိုပါဆုကို အရှေ့တီမောသမ္မတ ဇာနာနာဂတ်စ်မာအို၊ ဟောင်ကောင်လူ့အခွင့်အရေးအဖွဲ့မှ ဖာစီဖာနာဒိုတို့အား ချီးမြှင့်ခဲ့ဘူးသည်။

ဒေါ်အောင်ဆန်းစုကြည်အား ပြင်သစ်နိုင်ငံ၏ ဂုဏ်ထူးဆောင်ပါရီမြို့သူဆု The Honorary Citizen of Paris ချီးမြှင့်သည့်အခမ်းအနား ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့ နံနက် (၁၀) နာရီတွင် ပါရီမြို့၌ တခမ်းတနားကျင်းပခဲ့သည်။ အဆိုပါဆုအား ဇွန်လ (၈) ရက်နေ့တွင် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့ ဒေါ်အောင်ဆန်းစုကြည် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရရှိခဲ့သည့် (၁၄) နှစ်ပြည့်နှစ်တွင် ဆုပေးပွဲကျင်းပခဲ့ခြင်းဖြစ်သည်။ အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းမှ ဆုလက်ခံရယူခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးတိုက်ပွဲဝင်နေမှုများအား လေးစားအသိမှတ်ပြုသည့်အနေဖြင့် ထိုင်းနိုင်ငံ၊ ရန်စစ်တက္ကသိုလ် Rangsit University, Thailand မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ Honorary Doctorate in Politics, Philosophy and Economics ပေးအပ်ခဲ့သည်။

နိုင်ငံရေးဘာသာ၊ ဖီလော်ဆော်ဖီဒဿနဘာသာနှင့် စီးပွားရေးဘာသာတို့တွင် ဂုဏ်ထူးဆောင်ဘွဲ့ရခဲ့ခြင်းဖြစ်သည်။ ဘွဲ့ချီးမြှင့်ပွဲအား ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ရန်စစ်တက္ကသိုလ်ဆုနှင်းသဘင်ပွဲနှင့်အတူပြုလုပ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ မြန်မာပြည်အနာဂတ်အရေး ငြိမ်းချမ်းစွာတိုက်ပွဲဝင်နေမှုအတွက် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ရန်စစ်တက္ကသိုလ်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **"သူမဟာ တရားမျှတတဲ့လောကကမ္ဘာဖြစ်ရန်အတွက် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး မရှိမဖြစ်လိုအပ်သည်ကို ညွှန်းဆိုသော သင်္ကေတတခုဖြစ်သည်"**ဟုလည်း အဆိုပါ ထိုင်းတက္ကသိုလ်အဓိပတိမှ ဒေါ်အောင်ဆန်းစုကြည်ထံပေးပို့သောစာတွင် ဖော်ပြထားသည်။

ရန်စစ်တက္ကသိုလ်အဓိပတိဖြစ်သူ ဒေါက်တာအာသစ်မှ ဒေါ်အောင်ဆန်းစုကြည်ထံ ဒီဇင်ဘာလ (၁၃) ရက်နေ့စွဲနဲ့ ပေးပို့သည့်အကြောင်းကြားစာတွင် သူမအား ဂုဏ်ထူးဆောင်ဆုပေးမည်ဟု ဖော်ပြထားသော်လည်း သူမကိုယ်တိုင် လာရောက်တက်ရောက်နိုင်မည်မဟုတ်သည်ကိုလည်း ကြိုတင်နားလည်ထားပါသည်ဟု ရေးသားထားသည်။

ရန်စစ်တက္ကသိုလ်ကြီးသည် ဘန်ကောက်မြို့အနီး ပသုံ့ဌာနီအရပ်တွင်ရှိပြီး ရန်စစ်တက္ကသိုလ်နှင့် လက်အောက်ခံကောလိပ်အသီးသီးတွင် ကျောင်းသားပေါင်း (၁၄,၀၀၀) ခန့် နှစ်စဉ်တက်ရောက်လေ့လာသင်ကြားလျက်ရှိသည်။ အဆိုပါတက္ကသိုလ်ကြီးမှ ဥပဒေဘွဲ့၊ ဆေးပညာဘွဲ့များ၊ ဗိသုကာဘွဲ့၊ အနုပညာဘွဲ့များ၊ ဂီတပညာဘွဲ့များ၊ ကွန်ပြူတာသိပ္ပံဘွဲ့၊ အိုင်တီခေါ်သတင်းနည်းပညာဘွဲ့၊ အင်ဂျင်နီယာဘွဲ့နှင့် ဧည့်ကြိုလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုပညာဘွဲ့များအတွက် သင်ကြားပေးလျက်ရှိသည်။

ဒေါ်အောင်ဆန်းစုကြည်အား ပေးအပ်ချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့အား ယခင်က ထိုင်းဝန်ကြီးချုပ်ဟောင်း ချွန်လိပိုင်နှင့် ထိုင်ဝမ်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာဗင်ဆင့်တို့အား ပေးအပ်ခဲ့ဘူးသည်။

၂၀၀၅ ခုနှစ်၊ မတ်လ (၈) ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံတကာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဘာသာအမျိုးသမီးများအဖွဲ့မှ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံတကာမှ အမျိုးသမီး (၂၀) ဦးအား ဗုဒ္ဓဘာသာထွန်းကားရေးကြိုးပမ်းမှုဆု Outstanding Women in Buddhism, United Nations Gender and Religious Department ရွေးချယ်ချီးမြှင့်ခဲ့သည်။

၂၀၀၅ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် အဆိုပါဆုပေးပွဲအခမ်းအနားအား ထိုင်းနိုင်ငံရှိ ကုလသမဂ္ဂရုံးတွင်ကျင်းပပြုလုပ်ခဲ့ပြီး၊ ထိုင်းနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး တက်ရောက်ဆုချီးမြှင့်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဆုလက်ခံရရှိသူများတွင် မြန်မာယောဂီတဦးနှင့် သီရိလင်္ကာနိုင်ငံသမ္မတချန်ဒရီကာကုမာရတွန်ဂါတို့ပါဝင်သည်။ အဆိုပါဆုအား ကုလသမဂ္ဂအသိအမှတ်ပြု ထူးချွန်ထင်ရှားဗုဒ္ဓဘာသာအမျိုးသမီးများဆုပေးရေးကော်မတီမှဦးစီး၍ ကမ္ဘာတဝှမ်းဗုဒ္ဓဘာသာပြန့်ပွားရေးကြိုးပမ်းနေကြသူ၊ ဗုဒ္ဓတရားတော်နှင့်အညီ အများအကျိုးအတွက်ကြိုးပမ်းဆောင်ရွက်နေသူ အမျိုးသမီးများအား ရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ သမာဆတ်တက္ကသိုလ်ကြီး Thammasat University, Thailand မှ ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ Honorary Degree in Political Science ထပ်မံပေးအပ်ရန်ဆုံးဖြတ်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၀) ပြည့် မွေးနေ့ပွဲအခမ်းအနားနှင့်အတူ ဒေါက်တာဘွဲ့ပေးအပ်ပွဲ ကျင်းပပေးအပ်ခဲ့သည်။

- UNISON Honorary Membership, UNISON, Britain's largest trade union, June 2005

၂၀၀၅ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့ညပိုင်းတွင် အိုင်ယာလန်နိုင်ငံ၏ ဒုတိယမြို့တော် ဂိုးဝေး Galway City, Ireland တွင် လွတ်လပ်သောလူသားဆု Freedom of Galway City ချီးမြှင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။ ဂိုးဝေးမြို့တော်ဝန်ကိုယ်တိုင်ပေးအပ်သည့် အဆိုပါဆုအား ဒေါ်အောင်ဆန်းစုကြည်၏ခင်ပွန်းသည် မိုက်ကယ်လ်အဲရစ်၏ညီမှ တက်ရောက်လက်ခံယူခဲ့သည်။

မြို့တော်ဝန်မစ္စကက်သလင်း ကိုနိုရီမှ **'မြန်မာနိုင်ငံတွင်ဒီမိုကရေစီရရှိရန် ဒေါ်အောင်ဆန်းစုကြည်မှ အကြမ်းမဖက်ငြိမ်းချမ်းသည့်နည်းဖြင့် တိုက်ပွဲဝင်နေသူတယောက်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင် မှိတင်းနေထိုင် ကြသည့်တိုင်းရင်းသားလူမျိုးစုအားလုံးအား လေးစားသူတယောက်ဟု အားလုံးမှယူဆထားသူလည်းဖြစ်ကြောင်း၊ ထို့အပြင် (၁၉၉၁) ခုနှစ်၊ ငြိမ်းချမ်းရေးနိုဘဲလ်ဆုရှင်တဦးဖြစ်သကဲ့သို့ မြန်မာပြည်သူများသာမက ကမ္ဘာတဝှမ်းကပါ လေးစားယုံကြည်မှုရရှိသူတယောက်ဖြစ်သည့်အတွက် ယခုကဲ့သို့ ဂိုးဝေးမြို့တော်၏ အဆင့်အမြင့်ဆုံးဆုဖြစ်သည့် ဂိုးဝေးမြို့တော်ဝန်၏ လွတ်လပ်သောလူသားဆုချီးမြှင့်ရခြင်းဖြစ်သည်'** ဟုရှင်းပြခဲ့သည်။

၂၀၀၆ ခုနှစ်၊ မတ်လ (၁) ရက်နေ့ ညနေပိုင်းက ဆွီဒင်နိုင်ငံ စတော့ဟုန်းမြို့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အတွက် အိုလော့ပန်းဆု Olof Palme Prize 2005 ပေးပွဲကျင်းပခဲ့သည်။ အဆိုပါဆုကို အိုလော့ပန်းမန်မိုရီအဖွဲ့ကဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပြီး လွန်ခဲ့တဲ့နှစ် (၂၀) ခန့်က လူ့အခွင့်အရေးနှင့်ဒီမို ကရေစီရေးအတွက် တက်ကြွစွာလှုပ်ရှားခဲ့သူ ဆွီဒင်ဝန်ကြီးချုပ်ဟောင်းအိုလော့ပန်းလုပ်ကြံခံရခြင်းအား အောက်မေ့သတိရနေရန် အိုလော့ပန်း၏မိသားစုများနှင့် ၎င်း၏ ဆိုရှယ်ဒီမိုကရက်တစ်ပါတီတို့ပူးပေါင်း၍ အိုလော့ပန်း မန်မိုရီဖန်း Olof Palme Memorial Fund အဖွဲ့အားတည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆုအား အိုလော့ပန်း၏ဇနီး အယ်လစ္စဘတ်ပန်းကိုယ်တိုင်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းမှ အဆိုပါဆုအားလက်ခံရယူခဲ့သည်။ ဆွီဒင်ဝန်ကြီးချုပ်ဟောင်း အိုလော့ပန်းအသတ်ခံရပြီးတနှစ်အကြာ ၁၉၈၇ ခုနှစ်မှစ၍ အိုလော့ပန်းဆုပေးအပ်ခဲ့ခြင်းဖြစ်ပြီး၊ ၂၀၀၅ ခုနှစ်အတွက် ဒေါ်အောင်ဆန်းစုကြည်အားချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ လူ့အခွင့်အရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် ဒီမိုကရေစီရေးအတွက် ငြိမ်းချမ်းသည့်နည်းဖြင့်တိုက်ပွဲဝင်နေသည့် ဒေါ်အောင်ဆန်းစုကြည်အား ရည်ရွယ် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဆုအဖြစ် အမေရိကန်ဒေါ်လာ (၅၀,၀၀၀) ချီးမြှင့်ခဲ့သည်။

(၆) ဦးလွင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၃၆၈)

(၇) ဦးလှဖေ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၄၁၅)

(၈) ဦးစိုးမြင့် (သခင်စိုးမြင့်) (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၃၁၈)

(၉) ဦးလွန်းတင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၂၆၈)

(၁၀) ဦးညွန့်ဝေ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၁၈၁)

(၁၁) နိုင်ထွန်းသိန်း (မွန်အမျိုးသားဒီမိုကရေစီအဖွဲ့)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၂၇၆)

(၁၂) ပူကျင့်ရှင်းထန် (ဇိုမီးအမျိုးသားကွန်ဂရက်)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၁၂၅)

(၁၃) ခွန်ထွန်းဦး (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၃၉၇)

(၁၄) ဦးလှမောင် (မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့) (ကွယ်လွန်)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၁၁၆)

(၁၅) ဦးစိုးဝင်း (အမျိုးသားဒီမိုကရေစီပါတီ)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၁၈၄)

(၁၆) ဦးသိန်းဖေ (တသီးပုဂ္ဂလ)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၁၃၇)

(၁၇) ဦးကျော်မင်း (အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၂၈၃)

(၁၈) ဦးထောင်ခိုထန်း (ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်)
အဖွဲ့ဝင်
(ကိုယရေးအကျဉ်း၊ စာမျက်နှာ ၁၄၄)

(၁၉) ဦးရန်ကျင်းမော် (ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ)
အဖွဲ့ဝင်
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၃၇၇)

(၂၀) ဦးစောမြအောင်
ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ
(ကိုယ်ရေးအကျဉ်း၊ စာမျက်နှာ ၂၈၇)

★ ★ ★ ★ ★

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
၂၇-၅-၉၇ ရက်နေ့တွင်ကျရောက်သည့်
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (၇) နှစ်မြောက်နှစ်ပတ်လည်နေ့
ကြေညာစာတမ်း။

ကြေညာချက်အမှတ် (၄/၉၇)

၁။ ၁၉၈၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံတဝှမ်းလုံးရှိပြည်သူလူထုသည်၊ မိမိတို့ လက်လွှတ်ဆုံးရှုံးခဲ့ရသည့် ဒီမိုကရေစီအခွင့်အရေးများ ပြန်လည်ရရှိရေးအတွက် သမိုင်းတွင်မကြုံစဖူးအုံကြွလျက် တခဲနက်တောင်းဆို

ခဲ့ကြပေသည်။ ဤသည်မှာ ပြည်သူတရပ်လုံးက ၎င်းတို့၏ဆန္ဒအစစ်အမှန်ကို ရဲဝံ့စွာထုတ်ဖော်ပြသခဲ့ခြင်းပင်ဖြစ်ပေသည်။ ယင်းကဲ့သို့ ဒီမိုကရေစီတောင်းဆိုမှုကြီးတွင် ရဟန်း၊ ရှင်လူ၊ ပြည်သူပြည်သား၊ ကျောင်းသူ၊ ကျောင်းသားအပေါင်းတို့သည် မိမိတို့၏ အသက်၊ သွေး၊ ချွေးများစွာကို အရင်းအနှီးပြု၍ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ရေးအတွက် ကြိုးပမ်းခဲ့ကြပေသည်။

၂။ ဤတောင်းဆိုမှုကြီးကိုအဆုံးသတ်နိုင်ရန်နှင့် ပြည်သူတို့၏စစ်မှန်သောဆန္ဒကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်အာဏာကိုရယူခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပြည်သူတို့၏ ဆန္ဒကိုမျက်ကွယ်ပြုခြင်းငှာ မစွမ်းသာဘဲ နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်လှုပ်ရှားခွင့်ပြုရန်နှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးရန် ပြည်သူများကို အတိအလင်းကတိပြု လိုက်လျောခဲ့ရပေသည်။

၃။ ဤကဲ့သို့သောအခြေအနေမျိုးတွင် ပြည်သူပြည်သားများ၏ ဆန္ဒနှင့် ရည်မှန်းချက်များဖြစ်သော ဒီမိုကရေစီအခွင့်အရေးများကို အောင်မြင်သည်အထိ တက်လှမ်းနိုင်ရန်အတွက် နိုင်ငံတဝှမ်းလုံးရှိပြည်သူများကို ကိုယ်စားပြုနိုင်သည့် နိုင်ငံရေးအဖွဲ့အစည်းကြီးတရပ်သည် မလွဲမသွေလိုအပ်လျက်ရှိနေပေသည်။

၄။ ဤသမိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စစ်ရေး၊ နိုင်ငံရေးအစဥ်အလာကြီးမား၍ အတွေ့အကြုံ များပြားခဲ့ပြီး ပြည်သူအများလေးစားခဲ့သည့်ပုဂ္ဂိုလ်ကြီးများ၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ယဥ်ကျေးမှုနယ်ပယ်အသီးသီးတွင် ကျွမ်းကျင်လိမ္မာမှု ပြည့်ဝကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများနှင့် အမျိုးသား ခေါင်းဆောင်ကြီးနှင့် တပ်မတော်၏ ဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒီမိုကရေစီတောင်းဆိုမှုကြီးတွင် ပြည်သူများကတခဲနက်ထောက်ခံအားပေးခဲ့သော ဒေါ်အောင်ဆန်းစုကြည်တို့ပူးပေါင်းလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ၂၇–၉–၈၇ ရက်နေ့တွင် တရားဝင်မှတ်ပုံတင်လျက် ဖွဲ့စည်းခဲ့ပြီး၊ ယနေ့တိုင် နိုင်ငံရေးပါတီအဖွဲ့အစည်းတရပ်အဖြစ် တရားဝင်ရပ်တည်လှုပ်ရှားလျက် ရှိပါသည်။

၅။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၃၀–၅–၈၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေအမှတ် (၁၄/၈၉) ကို ထုတ်ပြန်ကြေညာခဲ့ပြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်နိုင်ရန်အတွက် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၇–၅–၉၀ ရက်နေ့တွင် ကျင်းပပေးခဲ့ရာ၊အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ယင်းရွေးကောက်ပွဲတွင် အခြားသော နိုင်ငံရေးပါတီ (၉၂) ပါတီနှင့်အတူ ပါဝင်ယှဥ်ပြိုင်အရွေးခံခြင်းဖြင့် ပြည်သူတို့၏ဆန္ဒကိုရယူခဲ့ပေသည်။

၆။ ကျင်းပပေးခဲ့သော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်ပေါင်း (၄၈၅) နေရာအနက်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မဲဆန္ဒနယ် (၄၄၇) တွင် ဝင်ရောက်အရွေးခံခဲ့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များသည် မဲဆန္ဒနယ် (၃၉၂) နေရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပေသည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှလည်း ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ မဲဆန္ဒနယ်ရာခိုင်နှုန်းအားဖြင့် (၈၂) ရာခိုင်နှုန်းခန့်နှင့် ခိုင်လုံသောမဲအရေအတွက်အရ (၅၉ . ၈) ရာခိုင်နှုန်းကျော်ဖြင့် ထူးကဲစွာရွေးချယ်ခြင်းခံရခဲ့ရာ၊ ယင်းအချက်ကိုကြည့်ခြင်းအားဖြင့် ပြည်သူပြည်သားများ၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် ယုံကြည်အားကိုးမှု၊ ထောက်ခံအားပေးမှုပမာဏ မည်မျှကြီးမားကြောင်း ထင်ရှားလှပါသည်။

၇။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကိုကျင်းပပြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်ပြီးသည့်နောက်တွင် ရွေးကောက်ပွဲကျင်းပရသည့်ရည်ရွယ်ချက်ကို ဆက်လက်အကောင်အထည်ဖော်ရန်သာရှိပါတော့သည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၂)၊ ပုဒ်မ

(၃) တွင်**"လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းရမည်"**ဟု ပါရှိပါသည်။ ဤသည်မှာ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပြီးပါက ယင်းလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်ကိုဖွဲ့စည်းပေးရမည်ဟု ဥပဒေဖြင့် အတိအလင်းပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

၈။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုရွေးကောက်ပြီးသော်လည်း ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာခြင်းမရှိသေးသည့်အတွက်၊ ပြည်သူ့လွှတ်တော်တရပ်ဖြစ်ထွန်းပေါ်ပေါက်လာရေးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့အပေါ်တွင် တာဝန်ကျရောက်လာပေသည်။ ထိုကဲ့သို့တာဝန်ကျရောက်လာသည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့နှင့် အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဂန္ဒီခန်းမ၌ ၂၈/၂၉-၇-၉၀ ရက်နေ့တို့တွင် ပထမအကြိမ် ပဏာမညှိနှိုင်းအစည်းအဝေးကြီးကျင်းပပြီး ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းရေးနှင့်ပတ်သက်သည့် ၎င်းတို့သဘောထားကို ဂန္ဒီခန်းမကြေညာစာတမ်းအဖြစ် ထုတ်ပြန်လျှက် ပြည်သူများကိုအသိပေး ကြေညာခဲ့ပါသည်။

၉။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကလည်း ၂၇-၇-၉၀ ရက်နေ့တွင် ကြေညာချက်အမှတ် (၁/၉၀) ကိုထုတ်ပြန်က၊ တရားဝင်ရပ်တည်လျှက်ရှိသော နိုင်ငံရေးပါတီအဖွဲ့အစည်းများအားလုံးကို ယင်းကြေညာချက်အတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးစေခဲ့ပါသည်။ ယင်းကြေညာချက် (၁/၉၀) အပိုဒ် (၁၂) တွင် **"ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်"**ဟု ဖော်ပြပါရှိပါသည်။

၁၀။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ယင်းတို့ဥပဒေအဖြစ်ထုတ်ပြန်ခဲ့သော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၂)၊ ပုဒ်မ (၃) အရလည်းကောင်း၊ ကြေညာချက် အမှတ် (၁/၉၀) အပိုဒ်(၁၂)အရလည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ရလာဒ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းသည့် ပြည်သူ့လွှတ်တော်တရပ် ခေါ်ယူဖွဲ့စည်းပေးရန်တာဝန်ရှိနေပေသည်။ သို့သော် ပြည်သူ့လွှတ်တော်ဥပဒေတရပ်မရှိသေးသည့်အတွက် လွှတ်တော်ခေါ်ယူခြင်းမပြုနိုင်သေးကြောင်း အကြောင်းပြချက်မှာ ခိုင်လုံခြင်းမရှိပါ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အနေနှင့် ဥပဒေအမျိုးမျိုးထုတ်ပြန်လျှက်ရှိရာ ပြည်သူ့လွှတ်တော်ဥပဒေတရပ်ကိုလည်း လိုအပ်ချက်အရ ထုတ်ပြန်ပေးနိုင်ပါသည်။

၁၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရမည့်အစား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံမူများချမှတ်နိုင်ရန်ဟုဆိုကာ အမျိုးသားညီလာခံကိုသာ ၁၉၉၃ ခုနှစ်တွင်ခေါ်ယူကျင်းပခဲ့ပေသည်။ အမျိုးသားညီလာခံကျင်းပရေးနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးဟူသော လုပ်ငန်းကြီးများမှာ ပြည်သူတို့၏ သဘောထားအစစ်အမှန်များကို ဖော်ထုတ်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရသည့် လုပ်ငန်းကြီးဖြစ်သည်နှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်မှသာ ဦးစီးဦးဆောင်တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်ခံယူပေသည်။

၁၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တမျိုးသားလုံးပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေ့ရှုကာ ဖြူစင်သောစိတ်ရင်းဖြင့် အမျိုးသားညီလာခံကိုတက်ရောက်ခဲ့၍ (၃) နှစ်တိုင်အောင် ပြည်သူတို့၏ဆန္ဒနှင့်အညီ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သင့်သော

အခြေခံမှုများကို အစဉ်တစိုက် လေးလေးစားစားတင်ပြဆွေးနွေးခဲ့ပါသည်။ အဖွဲ့ချုပ်၏တင်ပြဆွေးနွေးချက်များ အပေါ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် ညီလာခံ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်း များသည် လက်တွေ့အားဖြင့် ညီလာခံကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲမှ ပြဌာန်းထားသောအချက်များနှင့်လည်း ကောင်း၊ လုပ်ထုံးလုပ်နည်းများနှင့်လည်းကောင်း ကိုက်ညီခြင်းမရှိပါသဖြင့် ... (က) တမျိုးသားလုံး ပြန်လည် သင့်မြတ်ရေး၊ (ခ) စစ်မှန်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ပေါ် ပေါက်ရေး၊ (ဂ) အများပြည်သူတို့ လက်ခံယုံကြည် သော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရေးတို့အတွက် ဆွေးနွေးလိုပါကြောင်းနှင့် ယင်းဆွေးနွေးပွဲတရပ် အောင်မြင် စွာဖြစ်မြောက်သည့်အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ညီလာခံကိုယ်စားလှယ်များအနေဖြင့် အမျိုးသား ညီလာခံသို့ **"ဆက်လက်တက်ရောက်ခြင်း မပြုသေးဘဲ၊ စောင့်ဆိုင်းနေမည်ဖြစ်ပါကြောင်း"**ကို အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌထံသို့အကြောင်းကြားခဲ့ပြီး ညီလာခံသို့ တက်ရောက်ခြင်းမပြုဘဲ၊ ယနေ့ထက်တိုင်စောင့်ဆိုင်းနေခဲ့ပါသည်။

၁၃။ ယနေ့အထိ တရားဝင်ရပ်တည်လျှက်ရှိသော နိုင်ငံရေးပါတီ (၁၀) ခုအနက် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်သည် ရွေးကောက်ပွဲရလာဒ်အရ ပြည်သူအများ၏ ထောက်ခံအားပေးမှုကို အရရှိဆုံးသော အဖွဲ့ဖြစ်ပါသည်။ ရွေးကောက်ပွဲအကြိုကာလမှစ၍ ယနေ့ထက်တိုင် အမျိုးမျိုးသောတားဆီးမှု၊ ချုပ်ချယ်မှု၊ ဖိနှိပ်မှု တို့ကို အများဆုံးခံစားရသည့် အဖွဲ့အစည်းလည်းဖြစ်ပါသည်။ ရွေးကောက်ပွဲအကြိုကာလတွင်ပင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များဖြစ်ကြသော ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့အား ၂၀–၇–၈၉ ရက် နေ့တွင် ပုဒ်မ ၁၀ (ခ) ဖြင့် တားဆီးခဲ့ပြီး ဦးတင်ဦးအား နောင်တွင် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ ရွေးကောက်ပွဲပြီး သည့်နောက် အဖွဲ့ချုပ်ထိပ်တန်းခေါင်းဆောင်တဦးဖြစ်သည့် ဗဟန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင်အား (၆–၉–၉၀) ရက်နေ့တွင် ဖမ်းဆီး၍ ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ အလားတူပင် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည်လည်းကောင်း၊ ဗဟိုဦးစီးအဖွဲ့ဝင်များသည် လည်းကောင်း၊ အဖွဲ့ချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည်လည်းကောင်း ဖမ်းဆီးခြင်း၊ ပြစ်ဒဏ်ချမှတ် ခြင်းခံကြရပါသည်။ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်/ကျေးများရှိ အဖွဲ့ချုပ်ရုံးများအား ဝင်ရောက်ရှာဖွေခြင်း၊ စာရွက်စာတမ်းများ သိမ်းဆည်းခြင်း၊ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်/ကျေး တာဝန်ရှိအဖွဲ့ဝင်များအား ဖမ်းဆီးခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အဖွဲ့ချုပ်ဆိုင်းဘုတ်များကိုဖြုတ်ချစေခြင်း၊ အစည်းအဝေးကျင်းပခြင်းများကို ပိတ်ပင်တားဆီး ခြင်း စသည့်ဖိနှိပ်မှုများကို အစဉ်တစိုက်ခံခဲ့ရပါသည်။

၁၄။ တရားဝင်နိုင်ငံရေးပါတီတခု၏ ပုံမှန်ဆောင်ရွက်မှုလုပ်ငန်းများကို မဆောင်ရွက်နိုင်စေရန် ဟန့် တားမှုများကို ကြုံတွေ့ရပါသည်။ ယင်းကဲ့သို့သောအခြေအနေမျိုးတွင် ထပ်ဆင့်၍ နိုင်ငံတော်အတွက် အရှက်ရ ဖွယ်ရာဖြစ်သည့် လူရမ်းကားတစုက အဖွဲ့ချုပ်ခေါင်းဆောင်များဖြစ်ကြသော ဦးတင်ဦး၊ ဦးကြည်မောင်နှင့် ဒေါ် အောင်ဆန်းစုကြည်တို့၏ အသက်အန္တရာယ်ကို ထိပါးစေနိုင်သည့်တိုက်ခိုက်မှုများကို (၉–၁၁–၉၆) နေ့က လုံခြုံရေးတာဝန်ရှိသူများ၏မျက်မှောက်တွင် ဖြစ်ပွားခဲ့ရာ ယနေ့တိုင်လူရမ်းကားများကို ဖော်ထုတ်နိုင်ခြင်းမရှိ သေးပါ။ မြန်မာနိုင်ငံတဝှမ်းလုံးတွင် ယနေ့အခြေအနေအရ အဖွဲ့ချုပ်အဖွဲ့ဝင်များသည် နိုင်ငံရေးလှုပ်ရှားမှုများ သာမကတော့ဘဲ၊ မိမိတို့၏ စီးပွားရေး၊ လူမှုရေးကိစ္စများတွင် ဟန့်တားပိတ်ဆို့နှောင့်ယှက်ခြင်းများကို ကြုံတွေ့ နေရပါသည်။ ဤကဲ့သို့ဖြစ်ရပ်များသည် နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးတွက်သော်လည်းကောင်း၊ စစ်မှန် သော ပါတီစုံဒီမိုကရေစီဖြစ်ထွန်းပေါ်ပေါက်နိုင်ရေးအတွက်လည်းကောင်း မလိုလားအပ်သော ဖြစ်ရပ်များ ဖြစ်ပါ သည်။ နိုင်ငံတွင်းရှိပြဿနာများကို ဖြေရှင်းပေးနိုင်သည့်နည်းလမ်းများမဟုတ်ပါ။

၁၅။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး

အဖွဲ့က ကျင်းပပေးခဲ့သည်မှာ ယနေ့ဆိုလျှင် (၇) နှစ်တင်းတင်း ပြည့်မြောက်ပြီဖြစ်ပါသည်။ ယင်းရွေးကောက်ပွဲ၏ ရလာဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးကိုလည်း ပြည်သူအများက အာသာပြင်းစွာ၊ မျှော်လင့်တောင့်တလျက်ရှိနေကြမည်ဖြစ်ပါသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပြည်သူ့လွှတ်တော်ဥပဒေပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ကြေညာချက် (၁/၉၀) အရလည်းကောင်း၊ ဖြောင့်မတ်တည်ကြည်စွာဖြင့် ပြည်သူအများ၏ဆန္ဒကိုဖြည့်ဆည်းပေးသောအားဖြင့် ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲများတွင် ရွေးချယ်ခံခဲ့ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၉၂) ဦးနှင့် အခြား ရွေးချယ်ခံခဲ့ရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၈၇) ဦး၊ ပေါင်း (၄၇၉) ဦးတို့ဖြင့် ပြည်သူ့လွှတ်တော်အား အမြန်ဆုံးခေါ်ယူပွဲ့စည်းပေးပါရန် အထူးအလေးအနက်ထား တိုက်တွန်းအပ်ပါသည်။

၁၆။ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေးပြဿနာများကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များအပေါ်တွင် ဟန့်တားဖိနှိပ်ခြင်းဖြင့် ဖြေရှင်းနိုင်မည်မဟုတ်ပါ။ အထွေထွေသဟဇာတဖြစ်၍ တမျိုးသားလုံးပြန်လည်သင့်မြတ်မှသာ ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို အချိန်တိုအတွင်း ပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ တဦးနှင့်တဦး၊ တဖက်နှင့်တဖက် အာဃာတကင်းစင်စွာဖြင့် ပြည်သူပြည်သားတို့၏ အကျိုးစီးပွားတခုတည်းကိုသာ ရှေ့ရှုကြလျက် စိတ်ကောင်းစေတနာကောင်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းသည်သာလျှင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် တခုတည်းသောနည်းလမ်းဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ယုံကြည်ပါသည်။

၁၇။ ထို့ကြောင့် တမျိုးသားလုံးပြန်လည်သင့်မြတ်ရေးနှင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ် အမြန်ဆုံးပေါ်ပေါက်နိုင်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ယုံကြည်ပါသည်။

(က) ပွင့်လင်း ရိုးသားမှုနှင့် အပြန်အလှန်လေးစား လိုက်နာရေးမှု၊

(ခ) တမျိုးသားလုံးပြန်လည်သင့်မြတ်ရေးမှု၊

(ဂ) အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကိုရှေ့ရှုသော မူတို့ကို ကိုင်စွဲလျက်၊ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာနိုင်ရန်၊ အမြဲတစေလက်ကမ်းကြိုနေမည်ဖြစ်ကြောင်းကို ဤ (၇) နှစ်မြောက် ရွေးကောက်ပွဲနှစ်ပတ်လည်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့။

၁၃၅၉ ခုနှစ်၊ ကဆုန်လဆုတ် (၆) ရက်။
၁၉၉၇ ခုနှစ်၊ မေလ (၂၇) ရက်။

★ ★ ★ ★ ★

## ၂၀၀၂ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင်ကျင်းပပြုလုပ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (၁၂) ကြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့်မိန့်ခွန်း။

ကျမတို့ ယနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေအားလုံးကို တွေ့ရသည့်အတွက် အများကြီးပဲ ဝမ်းသာပါတယ်။ ကြိုဆိုပါတယ်။ ဒီဧည့်သည်တော်ကြီးများကိုလည်း ကျမတို့ကြိုဆိုပါတယ်။ ဒါပေမဲ့ မှန်မှန်ပြောရ လို့ရှိရင်တော့ ကျမတို့အားလုံးထဲမှာ ကျေးဇူးတင်ရတာကတော့ ကျမတို့ရဲ့အဖွဲ့ချုပ်ဝင်တွေပဲ ဖြစ်ပါတယ်။ ကျမ တို့အဖွဲ့ချုပ်ဝင်တွေရဲ့ ကြံ့ကြံ့ခိုင်တဲ့စိတ်ဓာတ်ကြောင့်မို့လို့ ကျမတို့ ဒီအချိန်မှာ ဒီနေရာမှာရောက်နေတာပါ။ ရွေးကောက်ပွဲကျင်းပပြီးခဲ့တာဆိုလို့ရှိရင် (၁၂) နှစ်ရှိသွားပါပြီ။ (၁၂) နှစ်ဆိုတာ နည်းတဲ့ကာလမဟုတ်ပါဘူး။ ရွေးကောက်ပွဲမကျင်းပမီကာလကဆိုရင် လူတွေအများကြီးကနေပြီး၊ တက်တက်ကြွကြွနှင့် ရွေးကောက်ပွဲတွေပြီးတဲ့ အခါကျလို့ရှိရင် ကျမတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အောင်ပွဲရအခါကြလို့ရှိရင် ဒီမိုကရေစီရပြီးတော့ ကျမတို့နိုင်ငံကြီးဟာ ချမ်းချမ်းသာသာဖြစ်သွားမှာပဲလို့မျှော်လင့်ခဲ့ကြတယ်။ ကျမတို့အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဟာ ရွေးကောက်ပွဲမှာနိုင်မယ်လို့ဆိုတာလည်း ပြည်သူလူထုရဲ့အနေအထား၊ တိုင်းပြည်ရဲ့အနေအထား ကိုသိတဲ့လူတွေက အားလုံး အဲဒီအချိန်ကတည်းကနေပြီးတော့ သိနေကြပါတယ်။

ကျမတို့ရွေးကောက်ပွဲကိုနိုင်ပြီးတဲ့အခါမှာ မျှော်မှန်းခဲ့သလို ဒီမိုကရေစီအစိုးရလည်းဖြစ်မလာဘူး။ ကျမတို့တိုင်းပြည်ဟာလည်း ကျမတို့မျှော်မှန်းခဲ့သလို တိုးတက်မှုတွေဖြစ်မလာဘူး။ ဒီတော့ ဆက်ပြီးတော့ ကျမတို့ အနေနှင့် ရုန်းကန်ခဲ့ရပါတယ်။ ဒီလို ဆက်ပြီးတော့ရုန်းကန်ခဲ့နိုင်တဲ့သတ္တိတွေကို ကျမအများကြီးပဲချီးမွမ်းပါတယ်။ အထူးသဖြင့် ရုန်းကန်တဲ့နေရာမှာ မညည်းမညူပဲနှင့် ရုန်းကန်ခဲ့တဲ့သတ္တိတွေကို ကျမတို့ချီးမွမ်းပါတယ်။ တကယ် စေတနာမှန်မှန်နဲ့ လုပ်တယ်ဆိုလို့ရှိရင် ညည်းညူစရာလည်းဘာမှမလိုပါဘူး။ ကိုယ်ကနေပြီးတော့၊ ခံကြီးပဲဆိုပြီး တော့၊ စိတ်ထဲမှာခံစားစရာတွေ ဘာမှမရှိပါဘူး။ ကျမတို့ရဲ့အဖွဲ့ချုပ်ဝင်တွေနဲ့ အခြားဒီမိုကရေစီလိုလားတဲ့ အသိုင်းဝိုင်းတွေဆိုလို့ရှိရင် တကယ်ပဲ စေတနာမှန်မှန်နဲ့လုပ်ခဲ့တဲ့သူတွေက မိမိတို့ကိုယ်မိမိ သိပ်ပြီးတော့လုပ်ခဲ့ရ တာပဲ၊ ပင်ပန်းတာပဲဆိုပြီးတော့ ညည်းညူချင်တဲ့စိတ်တွေ လုံးလုံးမရှိဘူးဆိုတာ ကျမတို့မြင်တွေ့ရပါတယ်။ အဲဒါ အတွက်လည်း အများကြီးပဲဂုဏ်ယူပါတယ်။ တနှစ်နဲ့တနှစ် ကာလတွေပြောင်းလာခဲ့သလို အခြေအနေတွေ ကလည်း ပြောင်းလာခဲ့ပါတယ်။ အင်မတန်မှခက်ခဲတဲ့ အချိန်အခါတွေကိုလည်း ကျော်ဖြတ်ခဲ့ရတယ်။ အင်မတန်မှ တချို့အတွက် စိတ်ပျက်စရာကောင်းတဲ့ အခြေအနေတွေလည်း ကျော်ဖြတ်ခဲ့ရတယ်။ သို့ပေမယ့်ကျမတို့အမာခံ တွေထဲက စိတ်ပျက်တယ်လို့လည်းမရှိဘူး။ အခက်အခဲတွေကြောင့်မို့လို့ တွန့်သွားတယ်လို့လည်းမရှိဘူးဆိုတာ ကျမတို့မြင်ရပါတယ်။ တချို့ကျတော့လည်း ဒဏ်မခံနိုင်လို့ ဘေးမှာပြုတ်ကျကျန်ရစ်ခဲ့တဲ့ ကျမတို့လုပ်ဖော်ကိုင် ဖက်တွေလည်း ရှိပါတယ်။ ကျမ အမြဲပဲပြောတဲ့အတိုင်းပဲ လုပ်နိုင်သလောက်လုပ်ပေးတဲ့အတွက် ကျမတို့ကျေးဇူး တင်ပါတယ်။ ဆက်ပြီးတော့ လုပ်မပေးနိုင်တာတော့ ကျမတို့ဝမ်းနည်းတာကလွဲလို့ ဘာမှမပြောနိုင်ဘူးပေါ့။ ဒီ အခုထိ တစိုက်မတ်မတ်လုပ်ခဲ့တဲ့ ကျမတို့ရဲ့အဖွဲ့ဝင်တွေကိုတော့ အလုပ်တခုကို စလုပ်ပြီဆိုလို့ရှိရင် ဆုံးခန်းတိုင် အောင်လုပ်နိုင်ဖို့လိုပါတယ်။

အဲဒီတော့ ဆုံးခန်းတိုင်အောင်လုပ်နိုင်တဲ့ ဇွဲ၊ ဝိရိယတွေမွေးဖို့တော့ ကျမဆော်သြချင်ပါတယ်။ အခု ဒီအခြေအနေရောက်နေတဲ့အခါမှာ အင်မတန်မှလွယ်သွားပြီလားလို့၊ တချို့က ထင်ကောင်းထင်ပါလိမ့်မယ်။ အခုလည်း မလွယ်သေးပါဘူး။ ဆက်ပြီးတော့လုပ်ရအုံးမှာဘဲ။ အခက်အခဲအကျပ်အတည်းတွေက အများကြီး

ရှိရအုံးမှာဘဲ။ တကယ်စဉ်းစားကြည့်မယ်ဆိုလို့ရှိရင် ကျမတို့လို နိုင်ငံရေးလှုပ်ရှားမှုဟာ အခက်အခဲ တွေ ပပျောက်သွားတယ်ဆိုတာ မရှိသလောက်ပါပဲ။ အခက်အခဲတွေ ပပျောက်သွားတယ်ဆိုတဲ့အခါဆိုလို့ရှိရင် ကျမတို့ရဲ့လှုပ်ရှားမှုတို့လည်း လိုအပ်မှာမဟုတ်ပါဘူး။ ကျမတို့ဆက်ပြီးတော့ လှုပ်ရှားဖို့ဆိုတာလည်း မလိုတော့ပါဘူး။ ဒါကြောင့် တနည်းအားဖြင့်ပြောရရင် ကျမတို့အဖွဲ့ချုပ်ဟာ ကိုယ့်ရဲ့အလုပ်တွင်ကျယ်ဖို့အတွက် ကိုယ်လုပ်နေတယ်လို့လည်း ပြောနိုင်ပါတယ်။ ကျမတို့ ဒီမိုကရေစီရရှိသွားပြီဆိုလို့ရှိရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့အဓိကရည်ရွယ်ချက်ပြည့်ဝသွားပြီဆိုလို့ရှိရင် ကျမတို့ဆက်ပြီးတော့ လုပ်နေဖို့ရာအကြောင်းကတော့ သိပ်ပြီး တော့မရှိတော့ပါဘူး။ ဒီလိုပြောခြင်းအားဖြင့် ဒီမိုကရေစီရလာလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖျက်သိမ်းလိုက်ရမှာလားဆိုတာ မဟုတ်ပါဘူး။ ကျမတို့ရဲ့ အဓိကရည်ရွယ်ချက်ပြည့်ဝသွားတဲ့အခါကျလို့ရှိရင် ဒီကျမတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပြင် တခြားနိုင်ငံရေးအဖွဲ့အစည်းများဟာလည်း ဒီမိုကရေစီအတွက် ဝိုင်းဝန်းပြီးတော့လှုပ်ရှားနိုင်တဲ့အခွင့်အရေးတွေ ရရှိပါလိမ့်မယ်။ အခုဆိုရင် အများသိတဲ့အတိုင်းပဲ ကျမတို့အဖွဲ့ချုပ်က ဒီအတိုင်းအတာတခုအထိ အခွင့်အရေးတွေရနေပါတယ်။ အခွင့်အရေးဆိုတာ လုပ်ပိုင်ခွင့်အခွင့်အရေး ပြောတာနော်။ အထူးအခွင့်အရေးပြောနေတာမဟုတ်ပါဘူး။ ကျမတို့ရဲ့လုပ်ပိုင်ခွင့် အခွင့်အရေးတွေကို ကျမတို့သေသေချာချာသုံးဖို့ လိုပါတယ်။ ဒီလိုသေသေချာချာသုံးမှ ကျမတို့လိုချင်တဲ့ပန်းတိုင်ရောက်မှာပါ။

ကျမတို့လိုချင်တဲ့ပန်းတိုင်ဆိုတာဟာ ဒီမိုကရေစီပဲ။ အစကတည်းက ကျမတို့ ဒီအဖွဲ့ချုပ်ကို ထူထောင်ခဲ့တာဟာ အစကတည်းကရှိပြီးသား နိုင်ငံရေးပါတီတခုအနေနှင့် ဒီမိုကရေစီလှုပ်ရှားမှုထဲမှာ ပါဝင်ပြီးတော့ ယှဉ်ပြိုင်ခဲ့တဲ့အဖွဲ့မဟုတ်ပါဘူး။ ဒီမိုကရေစီရဖို့အတွက် သက်သက်ဖွဲ့ထားတဲ့အဖွဲ့ဖြစ်ပါတယ်။ ဒီအတိုင်းပဲ ကျမတို့စိတ်ထဲမှာထားရပါလိမ့်မယ်။ အခု (၁၂) နှစ်အတွင်းမှာဆိုလို့ရှိရင် အတွေ့အကြုံအမျိုးမျိုးနဲ့ ကျမတို့ရင်ဆိုင်ခဲ့ရပါတယ်။ တချို့တွေဆိုလို့ရှိရင်လည်း နိုင်ငံရေးအရရင့်ကျက်လာတာတွေလည်း ရှိတယ်။ တချို့ကျတော့လည်း နိုင်ငံရေးအရ ဒီလောက်ကြာကြာလုပ်ခဲ့သလောက် ရင့်ကျက်သင့်သလောက်မရင့်ကျက်ခဲ့တာတွေလည်း ရှိပါတယ်။ ဒီတော့ အားလုံးကိုဝိုင်းပြီးတော့ ကြိုးစားစေချင်ပါတယ်။ ကျမတို့အဖွဲ့ချုပ်ဝင်တွေဟာ နိုင်ငံရေးရင့်ကျက်မှုမရှိဘူးဆိုလို့ရှိရင် ပြည်သူလူထုကို  ရင့်ကျက်မှုရှိအောင်လို့ ကျမတို့ဘယ်လိုလုပ်ပြနိုင်ပါသလဲ။ နိုင်ငံရေးပါတီတခုဖွဲ့ထားပြီး နိုင်ငံရေးပါတီထဲဝင်ထားပြီဆိုလို့ရှိရင်တော့ နိုင်ငံရေးပါတီထဲမှာမပါဘဲ ပြည်သူလူထုဘက်တော့ပါပြီးတော့ နိုင်ငံရေးရင့်ကျက်မှုရှိရမယ်။ မရှိဘူးဆိုလို့ရှိရင် ကိုယ့်ကိုယ်ကို နိုင်ငံရေးပါတီဝင်တယောက်လို့ ခေါ်ရမှတော့ ဒါဟာလိပ်ပြာမသန့်စရာအကြောင်း ဖြစ်သွားပါလိမ့်မယ်။ ကျမတို့ အခု ပြည်သူလူထုကြားထဲမှာ စည်းရုံးဖို့ လိုတယ်။ တစိုက်မတ်မတ် အဖွဲ့ချုပ်ဟာ အစကတည်းက ပြည်သူလူထုကြားထဲမှာ စည်းရုံးဖို့ဆိုပြီးတော့ကျမတို့လုပ်ခဲ့တာပဲ။ ပြည်သူလူထုနှင့်ကင်းကွာနေမှတော့ ကျမတို့အဖွဲ့ချုပ်ရဲ့ တည်ထောင်ခြင်းရဲ့အဓိပ္ပာယ်ဟာလည်း ပျက်စီးသွားမှာပဲ။ ဒီတော့ ကျမတို့ဟာ လုပ်နိုင်သလောက် ကျမတို့ရဲ့ရပိုင်ခွင့်အရ ပြည်သူလူထုကြားထဲမှာ စည်းရုံးလှုပ်ရှားရမယ်။

အခုဆိုလို့ရှိရင် ပြည်သူလူထုဟာ ဘာလိုချင်လဲလို့ မေးလိုက်တဲ့အခါကြလို့ရှိရင် ကျတို့ကြားရတာဘာတွေ ကြားရလဲဆိုတော့ မီးမှန်မှန်လိုချင်တယ်။ ရေမှန်မှန်လိုချင်တယ်။ ကုန်ဈေးနှုန်းတွေ ကျသွားတာတွေလိုချင်တယ်။ သူတို့ရဲ့ကလေးတွေ ပညာရေးအဆင်ပြေစေချင်တယ်။ ဒီလိုဖြေကြတယ်။ ဒီလိုပြောတာလည်း ပြည်သူလူထုဘက်က အဲဒါပြောတာလည်း မှန်ပါတယ်။ လူထုအနေနှင့် အေးအေးဆေးဆေး လုံလုံခြုံခြုံနေချင်တယ်။ ညအခါ မှောင်တဲ့အခါကြလို့ရှိရင် မီးတွေလင်းနိုင်တဲ့အခွင့်အရေးတွေ လိုချင်တယ်။ မနက်ကျတော့ဈေးသွားတဲ့အခါကျလို့ရှိရင် ကိုယ့်ရဲ့မိသားစု စားနိုင်သောက်နိုင်အောင်လို့ နေနိုင်တဲ့အခြေအနေလေးမှာ ရှိနေချင်တယ်။ သားသမီးတွေကို ပညာသင်ပေးတဲ့အခါကျလို့ရှိရင် နောင်ဒီသားသမီးတွေဟာ မိမိတို့အတွက် မိမိတို့

ခြေထောက်ပေါ်ရပ်တည်နိုင်တဲ့ အခြေအနေဖြစ်နိုင်လောက်အောင် ပညာရစေချင်တယ်။ ဒါဟာ ပြည်သူလူထု အနေနှင့်အမှားပါဘူး။

ဒါပေမဲ့ ဒါတွေရအောင်လုပ်ဖို့ဆိုတာ ကိုယ်ကနေပြီးတော့၊ ထိုင်ပြီးတော့၊ သူများလုပ်ပေးတာ စောင့်နေလို့မရဘူးဆိုတာ နားလည်ဖို့လိုပါတယ်။ အဲဒီလိုနားလည်အောင်လုပ်ရတဲ့ အလုပ်တခုဟာ အင်မတန်မှ ခက်ခဲတယ်ဆိုတာ ကျမတို့တွေ့ရပါတယ်။လူထုတော်တော်များများဟာ ရွေးကောက်ပွဲနေ့မှာ မဲထည့်လိုက်လို့ရှိရင် တာဝန်ကျေပွန်သွားပြီလို့ ဒီလိုပဲထင်ကြတယ်။ မဲထည့်လိုက်ပြီ၊ အဲဒီတော့ မဲထည့်လိုက်ကတည်းက နိုင်တဲ့ပါတီလုပ်ဖို့ပဲထင်ပြီးတော့ အဲဒီလိုမြင်ကြတယ်။ အခုထိလည်း ဒီအတိုင်းပြောတာကို ရံဖန်ရံခါကြားရတယ်။ ရွေးကောက်ပွဲတုန်းက မဲထည့်လိုက်ပြီးပြီ၊ အခုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလုပ်ပေးလို့ ဆိုတဲ့ပုံစံမျိုးနဲ့ အဲဒီလိုပြောနေတာတွေ အခုထက်ထိတောင် ကျမတို့ကြားရပါတယ်။ ဒီတော့ ပြည်သူလူထုကိုပြောရမှာက မဲတခါထည့်ရုံနဲ့ မပြီးသေးဘူး။ ကျမတို့အဖွဲ့ချုပ်တွေကြီးပဲ အားကိုးနေလို့မပြီးသေးဘူး။ ကိုယ်တတ်နိုင်သလောက် ပါဝင်ရမယ်ဆိုတာ ထပ်ခါတလဲလဲပြောနေရတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါဟာ ရွေးကောက်ပွဲကာလကတင်မဟုတ်ဘူး။ ရွေးကောက်ပွဲမတိုင်မီ ၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီလှုပ်ရှားစကတည်းက ဒီလိုပဲ ကျမတို့ပြောနေကြတာပါ။ နိုင်ငံရေးဟာ အားလုံးနဲ့ဆိုင်တယ်။ အားလုံးကပါဝင်ပြီးတော့လှုပ်ရှားမှ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်နိုင်တယ်ဆိုပြီးတော့ ပြောနေကြပါတယ်။

မကြာခင်ကာလဆိုလို့ရှိရင် ကျမတို့လုပ်ဖေါ်ကိုင်ဖက်တွေက စပြောလာတယ်။ အရှေ့တီမောမှာတော့ လွတ်လပ်ရေးရသွားပြီ။ သူတို့က အရင်နီးသွားပြီပေ့ါလေ။ အဲဒီဟာကို နည်းနည်းအားကျလိုက်ပါ။ အားငယ်လိုက်တာ။ သူတို့ကတော့ အရင်ရသွားပြီလို့ပြောတယ်။ အဲဒီလိုပြောတဲ့အခါကျတော့ တကယ်စဉ်းစားကြည့်မယ်ဆိုလို့ရှိရင် အရှေ့တီမောကပြည်သူလူထုက အများကြီးခံရပါတယ်။ တော်တော့ကို သွေးထွက်သံယိုခံပြီးမှ ဒီအခြေအနေကို ရောက်လာတာပါ။ တိုတိုပြောရမယ်ဆိုရင် လောကကြီးမှာ ဘာမှအလကားမရဘူး။ ကိုယ်စွမ်းဆောင်သလောက်ကိုယ်ရတာဘဲ။ ကိုယ်ကြိုးပမ်းသလောက်၊ အနစ်နာခံသလောက် ကိုယ်ရတာပဲ။ အဲဒီတော့ ကြိုးပမ်းနိုင်ရမယ်။ အနစ်နာခံရမယ်။ နောက်ပြီးတော့ ဒီအချိန်မှာကြိုးပမ်းတယ်။ အနစ်နာခံတယ်ဆိုတာ နောင်ကို အကျိုးခံစားဖို့အတွက် မဟုတ်ဘူး။ ဒါလည်းနှလုံးသွင်းထားစေချင်တယ်။ ကျမတို့အဖွဲ့ချုပ်ဝင်တွေအနေနှင့် ကြုံတုန်းဆုံတုန်းတော့ ကျမပြောရမှာပဲ။ ကျမတို့အဖွဲ့ချုပ်ဝင်ဟာ ဒါကတော့ လူသားပီပီမို့လားတော့မသိဘူး။ အခွင့်အရေးလေးတွေရလို့ရှိရင် ယူချင်တဲ့စိတ်ကလေးတွေရှိတယ်။ အဲဒီစိတ်ကလေးတွေကိုတော့ထိန်းကြပါ။ ကိုယ့်အခြေအနေလေးက နည်းနည်းကောင်းလာပြီဆိုလို့ရှိရင် ဖိနင်းပြီးတော့၊ ဒီအခြေအနေအပေါ် ဖိနင်းပြီးတော့ ကျော်ချင်တဲ့ပုံစံလေးတွေ ကျမတို့တွေ့ရတယ်။ အဲဒါမျိုးတွေမလုပ်ပါနဲ့လို့ ကျမသတိပေးပါရစေ။ အခုလိုခက်ခက်ခဲခဲနှင့် ရုန်းကန်နေတဲ့အချိန်မှာတောင်မှ ရိုင်းရိုင်းပြောရရင် လုပါးဝချင်တယ်ပေ့ါနော်။ ကျမတို့ ဒီမိုကရေစီရတဲ့အခါကျလို့ရှိရင် ဘယ်လိုလုပ်နေမလဲ ဒီလိုစိတ်ဓာတ်တွေ မထားကြပါနှင့်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေကို ပြည်သူလူထုကနေပြီးတော့ ကြည့်မရဘဲ အမြင်ကပ်ရတဲ့အခြေအနေမျိုးဖြစ်သွားလောက်အောင်တော့ ဘယ်တော့မှ မလုပ်ကြပါနှင့်။ အကယ်၍ အခြေအနေတွေကောင်းသွားပြီဆိုလို့ရှိရင် ကျမတို့လူတွေက နောက်ဆုတ်ပေးဖို့ လိုပါတယ်။ အခြေအနေကောင်းသွားတဲ့အခါမှာ နောက်ဆုတ်ပေးတဲ့လူများသာလျှင် တကယ့်ကို စေတနာမှန်တာပါ။

အခက်အခဲရှိတဲ့အခါမှာ ရှေ့တန်းကနေပြီးတော့ခံနိုင်ရမယ်။ ခံစားကြတဲ့အချိန်ကြလို့ရှိရင် နောက်ဆုတ်ရမယ်။ နောက်တန်းကနေပြီးတော့၊ ကိုယ့်ကိုကိုယ် စိတ်နှစ်ခြိုက်မှုနှင့် နေနိုင်မယ်။ အဲဒီလိုနေနိုင်မှသာလျှင် ကျမတို့အဖွဲ့ချုပ်ရဲ့သိက္ခာကို ကျမတို့ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ဒီတော့ ကျမတို့အဖွဲ့ချုပ်ရဲ့သိက္ခာကို ထိန်းသိမ်း

ဖို့ဆိုတာဟာ အဖွဲ့ချုပ်ဝင်အားလုံးရဲ့တာဝန်ဖြစ်တယ်။ ကျမတို့ ၁၉၉၀ ခုနှစ်တုန်းကကျင်းပခဲ့တဲ့ ရွေးကောက်ပွဲ ရလာဒ်အရ ပြည်သူလူထုရဲ့ဆန္ဒတွေကို ထုတ်ဖော်နိုင်ဖို့ဆိုတာဟာ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေရဲ့ တာဝန်ဖြစ်တယ်။ ၁၉၉၀ ခုနှစ်တုန်းက ပြည်သူလူထုက ယုံယုံကြည်ကြည်နှင့် ကျမတို့ရဲ့အဖွဲ့ချုပ်ကို မဲပေးခဲ့တယ်။ ဒီလို ယုံယုံကြည်ကြည်နှင့်မဲပေးခဲ့တာကို ကျမတို့ဟာ အမြဲတမ်း ပြည်သူလူထုဟာ တို့ကိုယုံကြည်တဲ့ ပြည်သူလူထုဖြစ်တယ်။ သူတို့ယုံကြည်ချက်တွေ ပျက်ပြားမသွားအောင်လို့ နေရမယ်ဆိုပြီးတော့၊ သံန္နိဋ္ဌာန်ချပြီးတော့၊ လုပ်ရမှာဖြစ်ပါတယ်။ ကျမတို့လူကြီးတွေဆိုလို့ရှိရင် (၁၄) နှစ်ကြာပေမဲ့လည်း လုံးလုံးမှ စိတ်ဓာတ် မယိမ်းယိုင်ပဲနှင့် ဒီအတိုင်းဘဲ။ လူငယ်တွေဟာ ပိုပြီးတော့သနားစရာကောင်းပါတယ်။ စလုပ်တုန်းက (၂၀) ကျော်လေးတွေ၊ အခုချိန်မှာဆိုလို့ရှိရင် လူငယ်တောင် မဟုတ်ဘူး။ လူကြီးပိုင်းရောက်သွားပြီ။ (၃၀) ကျော်၊ (၄၀) နီးလာပြီ။ အဲဒီအချိန်ကာလအတွင်းမှာ မိမိတို့ရဲ့ဘဝထူထောင်နိုင်ရေး ဘာမှသူတို့မလုပ်နိုင်ခဲ့ပါဘူး။ ဒီအဖွဲ့ချုပ်ရဲ့ လုပ်ငန်းတွေထဲမှာ ရုန်းကန်ရင်းနှင့် ထောင်ထဲဝင်လိုက် ထောင်ထဲကထွက်လိုက်၊ ပြေးလိုက်လွှားလိုက်နဲ့ ဒီလိုပဲ ဖြတ်ကျော်ခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုလူကြီးတွေ၊ လူငယ်တွေရှိနေတဲ့အဖွဲ့ချုပ်ဟာ အောင်ကိုအောင်မြင်ရမယ်လို့ ကျမယုံကြည်ပါတယ်။ ဒါပေမဲ့လူကြီးတွေ လူငယ်တွေကြားထဲမှာလည်း ညီညွတ်ဖို့တော့လိုတယ် ပေါ့လေ။ လူကြီး၊ လူငယ်တွေညီညွတ်မှ ကျမတို့အဖွဲ့ချုပ်ဟာ ချောချောမောမောနှင့် မျိုးဆက်သစ်တွေ တခုပြီး တခုဆက်ပြီးတော့ တိုင်းပြည်ရဲ့အကျိုးကို ထမ်းဆောင်သွားနိုင်မှာဖြစ်ပါတယ်။ အခုကျမထိန်းသိမ်းခံနေရတဲ့ (၁၈) လကာလအတွင်းမှာဆိုရင် ကျမတို့အဖွဲ့ချုပ်ဟာ ရပ်တည်နိုင်ခဲ့တယ်ဆိုတာ ကျမတို့ဂုဏ်ယူနိုင်စရာအကြောင်း တခုပါဘဲ။

ခက်ခက်ခဲခဲနဲ့ ရပ်တည်နိုင်ခဲ့တယ်။ ခက်ခက်ခဲခဲနဲ့ ရပ်တည်နိုင်ခဲ့လို့လည်း အခုကျမတို့ ဒီအခြေအနေကိုရောက်လာတာပါ။ ဆက်ပြီးတော့လည်း ခက်ခက်ခဲခဲနှင့်လုပ်သွားမယ်လို့ ကျမမျှော်လင့်ပါတယ်။ ခက်ခက်ခဲခဲနှင့်လုပ်ဖို့ပဲ ခေါင်းထဲမှာထားပါ။ တို့ဟာ ဘယ်တော့စံရမလဲဆိုတာ လုံးလုံးမစဉ်းပါနှင့်။ ခံစရာရှိ အားလုံးခံသွားမယ်ဆိုတဲ့ဟာပဲ ခေါင်းထဲမှာ ဒီလိုပဲထားပါ။ အဲဒီလိုခေါင်းထဲမှာထားတော့ ဖြစ်တဲ့အခါ ခံရတာလွယ်တာပေါ့လေ။ ခေါင်းထဲမှာ စံရမယ်။ စံရမယ်လို့ထင်ထားပြီးမှ ခံလို့ရှိရင် နည်းနည်းပိုပြီးတော့ အထိနာတယ်ပေါ့။ ဒီတော့ ခံစရာရှိခံသွားပြီးတော့ အဲဒီလိုပဲစိတ်ထားပြီး ခံစရာရှိရင်ခံသွားကြပါ။ ကိုယ်ကနေပြီးတော့ ကြိုးစားခဲ့လို့ ကိုယ်ရပ်ခဲ့တဲ့ ရလာဒ်တွေအရ အကျိုးဆက်တွေဖြစ်လာတဲ့ အခါကျလို့ရှိရင်တော့ ပြည်သူလူထုနဲ့ဝေမျှပြီးတော့ ခံစားရမယ်ဆိုတာ မမေ့ပါနှင့်။ ကျမတို့အတွက်ကြီးပဲမဟုတ်ဘူး။ အဖွဲ့ချုပ်ကြီးပဲ မဟုတ်ပါဘူး။ အများအတွက် ကျမတို့ လုပ်နေကြတာပါ။

(၁၄) နှစ်ကာလ ကျမတို့လက်တွဲပြီးတော့လုပ်ခဲ့ပြီး ထပ်တလဲလဲ ဒီမိုကရေစီသဘောတရားတွေကို လည်း ကျမတို့ဟောခဲ့ပြောခဲ့ပြီ၊ တယောက်နှင့်တယောက်လည်း ဒီသဘောတရားတွေကို ဆွေးနွေးခဲ့ဖလှယ်ခဲ့ပြီ။ ဒီတော့ (၁၄) နှစ်လုံးလုံးလက်တွဲခဲ့တဲ့ ရဲဘော်ရဲဘက်တွေဆိုတာ တဦးပေါ်တဦး နားလည်မှုအပြည့်အဝရှိသင့်ပြီလို့ ကျမထင်ပါတယ်။ ဆက်ပြီးတော့၊ ကျမတို့နားလည်မှုအပြည့်အဝနှင့် လုပ်သွားမယ်ဆိုလို့ရှိရင် ကျမတို့လိုချင်တဲ့ ပန်းတိုင်ကိုရမှာပါ။ ကဲထပ်တလဲလဲပြောပြန်ပြီ။ ဘယ်တော့ရမှာလဲ၊ ဘယ်တော့ရမှာလဲဆိုတော့ ကိုယ်လုပ်နိုင်တဲ့ သလောက် မြန်မှာပဲလို့၊ ပြည်သူလူထုလည်း ဒီလိုပါပဲ။ ပြည်သူလူထုအနေနှင့် ကျမတို့လူထုထဲကနေပြီးတော့ ဒီမိုကရေစီဘယ်တော့ရမှာလဲလို့မေးလို့ရှိရင် ကျမကတော့ အမြဲတမ်းပြန်ဖြေမှာဘဲ။

အဲဒါတော့ ပြည်သူလူထုကြိုးပမ်းမှုအပေါ်မူတည်တာပေါ့လို့။ အားလုံးကဝိုင်းပြီးတော့ ဘယ်လောက်ထိ ကြိုးပမ်းနိုင်မလဲ၊ ကိုယ်ကြိုးပမ်းသလောက်ပဲ မြန်မှာဘဲ။ သူများလုပ်တာကို လျှောက်ပြီးတော့ မျှော်မနေကြပါနှင့်လို့။ ကျမ အဲဒါပဲ သတိပေးချင်ပါတယ်။ ထပ်တလဲလဲသတိပေးနေတာ ဒါတွေပဲ။ ကဲ ကျမတို့အဖွဲ့ချုပ်ဝင်

တွေဟာ ဒီအချိန်မှာ ဟိုဟာ ဒီဟာသိချင်တယ်။ နည်းနည်း ဟိုဟာလေးသိချင်တယ်။ သိရနိုင်မလား ကျမက ပြောမလားဆိုပြီးတော့ မျှော်လင့်နေတဲ့သူတွေလဲ ရှိရင်ရှိမယ်။ ကျမကပြောဖို့မလိုရင် ဒါကတော့မပြောဘူးပေါ့။ အခုကတည်းကပြောလိုက်ပါရစေ။ ပြောစရာရှိရင်ပြောမယ်။ ကျမတို့ပြောဖို့ အချိန်မသင့်သေးဘူးလို့ထင်ရင် ကျမ ဘာမှမပြောဘူး။

သို့သော်ငြားလည်း ကျမပြည်သူလူထုကိုတော့ ဘယ်တော့မှ မလိမ့်တပတ်မလုပ်ဘူးဆိုတာကိုတော့ အာမခံပါတယ်။ ကျမတို့ပြည်ထောင်စုနိုင်ငံရဲ့အကျိုး ပြည်သူလူထုအကျိုးနှင့် ဆန့်ကျင်မည့်ကိစ္စဆိုရင် ကျမဘာမှ မလုပ်ပါဘူး။ နောက်ပြီးတော့လည်း ကျမတို့ရဲ့ ဒီမိုကရေစီထုံးတမ်းစဉ်လာအလေ့အထတွေကို ကျမလေးစားပါတယ်။ ကျမတို့ရဲ့လူကြီးတွေရဲ့ သဘောတူညီချက်မပါဘဲနဲ့၊ လူကြီးတွေနှင့်မဆွေးနွေးဘဲနှင့်လည်း ဘာမှ အဓိက ကျတဲ့ကိစ္စတွေကို ကျမမလုပ်ပါဘူး။ ကျမတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် ကျမ အထွေထွေအတွင်းရေးမှူးကို လုပ်ပိုင်ခွင့် (Mandate) တွေပေးထားပါတယ်။ ဒါပေမယ့်လည်း ဒီလုပ်ပိုင်ခွင့်ကို ကျမဘယ်တော့မှလည်း အလွဲသုံးစားမလုပ်ပါဘူး။ နောင်လည်း ဘယ်တော့မှ အလွဲသုံးစားမလုပ်ပါဘူး။ ဒီလုပ်ပိုင်ခွင့်ဟာ အကြပ်အတည်းကာလမှာ ကျမတို့အဖွဲ့ချုပ်ဟာ ဒီမိုကရေစီနည်းကျကျ မဆောင်ရွက်နိုင်တဲ့ကာလများမှာ သုံးဖို့အခွင့်အရေးပဲဖြစ်ပါတယ်။ ဒီလုပ်ပိုင်ခွင့်ကိုသုံးတဲ့အခါမှာ ကျမတို့အဖွဲ့ချုပ်အဖွဲ့ဝင်တွေက ဘာကိုလိုလားတယ်။ ပြည်သူလူထုဟာ ဘာကိုလိုလားတယ်ဆိုတာ အမြဲတမ်းခေါင်းထဲထည့်ပြီးတော့ ကျမတို့စဉ်းစားမှာဖြစ်ပါတယ်။ ဒီတော့ ကျမတို့အနေနှင့် ရင့်ကျက်ပြီးတော့ တူညီချက်တွေယူတယ်ဆိုတာ ဒီမိုကရေစီနည်း မကျတာကြောင့် ဘယ်တော့မှမလုပ်ပါဘူးဆိုတာ ကျမပြောပါရစေ။ ကျမတို့လုပ်ကိုင်တာနှင့်ပတ်သက်လို့ ပြည်သူလူထုအနေနှင့်သဘောမကျဘူး။ ကျမတို့အဖွဲ့ချုပ်ဝင်တွေအနေနှင့် သဘောမကြဘူးဆိုလို့ရှိရင် ကျမက ဖယ်ပေးရမှာပဲ။ ကိုယ်လုပ်နိုင်သလောက်လုပ်မယ်။ ကိုယ်ရဲ့အရည်အချင်းဟာ လုပ်နေတဲ့တာဝန်နှင့် မညီမျှဘူးဆိုလို့ရှိရင် တခြားသူတွေတာဝန်ထမ်းဆောင်နိုင်အောင်လို့ ဖယ်ပေးရမှာပဲ။ ကိုယ်ကမလုပ်နိုင်ဘဲနှင့်တော့ ကပ်ဖဲ့ပြီးတော့ နေဖို့တော့ လုံးလုံးသဘောထားမရှိပါဘူး။ ဒီအချိန်အခါမှာ ကျမတို့ရဲ့လူကြီးတွေနှင့်ပတ်သက်လို့ ကျမကျေးဇူးတင်စကားပြောရင်းနှင့် အဖွဲ့ချုပ်ဝင်တွေကိုလည်း နည်းနည်းတော့သတိပေးချင်ပါတယ်။ ကျမတို့ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အခြားဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဟာ အသက်အရ မငယ်တော့ဘူး။ အသက်အရ မငယ်တော့တာကြောင့်မို့လို့ တခြားလူငယ်ပိုင်း၊ လူလတ်ပိုင်းကိုများ တာဝန်တွေပေးဖို့ စဉ်းစားသလားဆိုပြီးတော့ မေးတဲ့လူတွေရှိပါတယ်။ လူငယ်ပိုင်း၊ လူလတ်ပိုင်းတွေဟာ လူကြီးတွေရဲ့တာဝန်ကို တချိန်တခါမှာ ထမ်းဆောင်ရမယ်ဆိုတာ ကျမတို့လက်ခံထားပြီးသားပါ။ အဲဒီလိုလုပ်ဆောင်နိုင်ဖို့အတွက်လည်း ကျမတို့ တချိန်လုံးလည်းပဲ ပြုစုပျိုးထောင်နေပါတယ်။

ဒါပေမဲ့ ကျမတို့လူကြီးတွေရဲ့ကျေးဇူးဟာ ကျမတို့အဖွဲ့ချုပ်အပေါ်မှာ ဘယ်လောက်အထိရှိတယ်ဆိုတာ ဘယ်တော့မှမမေ့ပါနှင့်။ ကျေးဇူးကန်းလို့ကတော့ ကျမတို့အတွက် ဘာမှမကျိုးရှိနိုင်မှာ မဟုတ်ပါဘူး။ ကျမတို့လူကြီးတွေက တချို့လူငယ်တွေဟာ အလုပ်မလုပ်နိုင်ကြဘူး။ ကျမကိုယ်တိုင်မြင်ရတယ်။ လူကြီးတွေလုပ်နိုင်လို့လားလို့ ကျမကို လာမမေးနှင့်။ ကျမပြန်ဖြေချင်တယ်။ လူငယ်တွေက ဘယ်လောက်လုပ်နိုင်လို့လဲလို့ လုပ်တဲ့လူငယ်တွေကလည်း လုပ်ပါတယ်။ ကျမတို့လူကြီးတွေရဲ့လုပ်ရပ်ကို အသက်ကိုကြည့်ပြီးမဆုံးဖြတ်ပါနှင့်။ အရည်အချင်းကိုကြည့်ပြီးတော့ဆုံးဖြတ်ပါ။ ကျမတို့လူကြီးတွေဟာ အသက်အရွယ်အားဖြင့် မငယ်ပေမယ့်လည်း စိတ်ဓာတ်အားဖြင့် အင်မတန်မှ တက်ကြွနုပျိုပါတယ်လို့ ကျမအာမခံပါတယ်။ ဒီအချိန်မှာ ကျမတို့ရဲ့ မဟာမိတ်တွေကိုလည်း ကျေးဇူးတင်စကားတော့ ပြောရပါလိမ့်မယ်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်း မဟာမိတ်များဟာလည်း ကျမတို့ရဲ့အဖွဲ့ချုပ်ရဲ့လုပ်ငန်းတွေကို ပံ့ပိုးပေးတယ်ဆိုတာဟာ ဒီမိုကရေစီလှုပ်ရှားမှုအောင်မြင်

ရေးအတွက်ဖြစ်ပါတယ်။ အဲဒီလို မဟာမိတ်များရှိလို့သာ ကျမတို့ရဲ့အနာဂတ်ပြည်ထောင်စုအတွက် မျှော်လင့်ချက်ရှိတာ ဖြစ်ပါတယ်။ ကျမတို့ တိုင်းရင်းသားလူမျိုးစုများဟာ ညီညီညွတ်ညွတ်နှင့် မလုပ်နိုင်ဘူးဆိုလို့ရှိရင် ကျမတို့ရဲ့ပြည်ထောင်စုအတွက် ကောင်းတဲ့အနာဂတ်ဆိုတာမရှိနိုင်ပါဘူး။ကျမတို့ တိုင်းရင်းသားလူမျိုးစုများနှင့် တိုင်းရင်းသားညီအကိုမောင်နှမများနှင့် ခိုင်မာတဲ့ညီညွတ်မှုကို ယူနိုင်မယ်ဆိုလို့ရှိရင် ကျမတို့နိုင်ငံဟာ တကယ်ကို အများအတွက်အကျိုးပြုနိုင်တဲ့ ပြည်ထောင်စုကြီး ဖြစ်သွားမယ်ဆိုတာ ကျမတို့ယုံကြည်ပါတယ်။ ကျမတို့အဖွဲ့ချုပ်ဟာ နိုင်ငံရေးအဖွဲ့အစည်းဖြစ်တယ်။ ကျမတို့ မဟာမိတ်တိုင်းရင်းသားလူမျိုးစုများ နားလည်ပါတယ်။ အဲဒါကြောင့်မို့ သတ္တိရှိရှိနှင့် ပြည်ထောင်စုအကျိုးကိုကြည့်ပြီးတော့ ကျမတို့နှင့်လက်တွဲတဲ့ မဟာမိတ်များကို အထူးကျေးဇူးတင်ပါတယ်။

အဲဒီကျေးဇူးကိုလည်း ကျမတို့ရဲ့အဖွဲ့ဝင်များဟာ အသိအမှတ်ပြုစေချင်ပါတယ်။ နောက်ပြီးတော့ ကျမတို့ကို ထောက်ခံပေးတဲ့ ကမ္ဘာ့အသိုင်းအဝိုင်းလည်း ရှိပါသေးတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းက ကျမတို့အဖွဲ့ချုပ်ရဲ့လှုပ်ရှားမှုကို ထောက်ခံပါတယ်။ ကျမတို့လှုပ်ရှားမှုမှာ ပြဿနာတွေရှိရင်၊ အခက်အခဲတွေရှိရင် ကျမတို့ဘက်ကနေပြီးတော့ ရပ်တည်ပေးခဲ့ပါတယ်။

ဒါဟာ မိတ်ကောင်းဆွေကောင်းတွေလို့ပဲလို့ ကျမဒီလိုပဲယုံကြည်ပါတယ်။ ကျမတို့ရဲ့မိတ်ဆွေကောင်းတွေရဲ့ကျေးဇူးကိုလည်း ကျမတို့မမေ့သင့်ပါဘူး။ မိတ်ဆွေကောင်းများရဲ့ကျေးဇူးကို နားမလည်တဲ့သူများဟာ နောင်ဆိုလို့ရှိရင် မိတ်ဆွေကောင်းရဖို့ အင်မတန်မှခက်ခဲသွားပါလိမ့်မယ်။ ဒီ (၁၄) နှစ်ကာလကိုတော့ ရွေးကောက်ပွဲကနေတွက်လိုက်ရင် (၁၀) ပေ့ါလေ။ ၁၉၈၈ ခုနှစ်ကစပြီးတော့ တွက်မယ်ဆိုလို့ရှိရင် (၁၄) နှစ်တာကာလများမှာ ကျမတို့ကိုကူညီခဲ့တဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကမိတ်ဆွေတွေ ကျမတို့ပြည်တွင်းက မဟာမိတ်တွေ ကျမတို့ရဲ့အဖွဲ့ချုပ်ဝင်တွေ ကျမတို့ကို ယုံကြည်အားကိုးတဲ့ပြည်သူလူထုတွေ အားလုံးဟာ ညီညီညွတ်ညွတ်နဲ့ လက်တွဲပြီးတော့ ဆက်ပြီးသွားနိုင်တယ်လို့ ယုံကြည်ပါတယ်။ အဲဒီလိုညီညီညွတ်ညွတ်နှင့် ဆက်ပြီးတော့လက်တွဲသွားရင် အမြန်ဆုံး ဒီမိုကရေစီပန်းတိုင်ကို ရောက်မယ်လို့ကျမယုံကြည်ပါတယ်။ ကျမတို့ ဒီနေ့မှာ သံန္နိဋ္ဌာန်ချလို့ ကျမတို့အားလုံးဟာ ဒီမိုကရေစီပန်းတိုင်ကိုရောက်တဲ့အထိ စိတ်ဓာတ်ခိုင်ခိုင်မာမာနှင့်နေကြမယ်။ တဦးအပေါ်တဦးက ရင်းနှီးမှန်ကန်တဲ့ ရဲဘော်ရဲဘက်စိတ်ထားကြမယ်။ ကျမတို့အပေါ်မှာ ကျေးဇူးပြုခဲ့တဲ့သူတွေရဲ့ ကျေးဇူးကို ဘယ်တော့မှ ကျမတို့မမေ့ဘူး။ မိတ်ကောင်းဆွေကောင်းပီသမယ်လို့ ဒီလိုပဲ သံန္နိဋ္ဌာန်ချစေချင်ပါတယ်။ ဒီလိုသံန္နိဋ္ဌာန်တွေချပြီးတော့၊ ကျမတို့သယ်သွားမယ်ဆိုလို့ရှိရင် အားလုံးလိုချင်တဲ့ လုံခြုံပြီးတော့ အေးချမ်းတိုးတက်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို သိမ်းပိုက်ပြီးတော့၊ မကြာမီကာလအတွင်း ကျမတို့ထူထောင်နိုင်မယ်လို့ ကျမယုံကြည်တယ်လို့ပြောရင်းနှင့် အားလုံးကို နှုတ်ဆက်လိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။

★ ★ ★ ★ ★

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (၁၂) နှစ်မြောက် ကြေညာစာတမ်း။

## ကြေညာချက်အမှတ် – ၆ (၅/၀၂)

ဤနေ့ဤရက်ဖြစ်သော ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် မြန်မာနိုင်ငံအာဏာပိုင်များက **'ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ'**ဟု ဒီမိုကရေစီရေးအတွက် အဓိပ္ပာယ်ပြည့်ဝသည့် အမည်နာမများဖြင့် ရွေးကောက်ပွဲကြီးကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) ၏ ၁၉၈၉ ခုနှစ်၊ မေလ (၃၁) ရက်စွဲပါ ဥပဒေအမှတ် (၁၄/၈၉) ဖြစ်သော **'ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ'**အရ ကျင်းပပေးခဲ့သည်။

**'ပါတီစုံ' 'ဒီမိုကရေစီ' 'အထွေထွေရွေးကောက်ပွဲ'** ဆိုသည့် ဝေါဟာရများနှင့်ပတ်သက်၍ ရှင်းလင်းသွားမည်။ **'ပါတီစုံ'**ဆိုသည်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) ၏ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်စွဲပါ ဥပဒေအမှတ် (၄/၈၈) ဖြစ်သော**'နိုင်ငံရေးပါတီ များမှတ်ပုံတင်ခြင်းဥပဒေ'**အရ မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံရေးပါတီများဖြစ်ပေသည်။ ဥပဒေက နိုင်ငံရေးပါတီဆိုသည်မှာ စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားသည်။

**'ဒီမိုကရေစီ'**ဆိုသည်မှာ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှဆင်းသက်သည်ဟူသော ဝေါဟာရအရ မဲဆန္ဒရှင်ပြည်သူလူထုက လွတ်လပ်၍ တရားမျှတစွာ ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပေါ်ပေါက်လာရမည်ဟု အဓိပ္ပာယ်ဆောင်ပေသည်။ ၎င်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေအရ ပြည်သူ့လွှတ်တော်တရပ်ဖွဲ့စည်း၍ တိုင်းပြည်နှင့် ပြည်သူလူထုတရပ်လုံးအတွက် အကျိုးပြုနိုင်မည့် အကျိုးပြုပေးနိုင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့နှင့် ပတ်သက်သည့်ဥပဒေများ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးရမည့်အပြင် ယင်းတို့၏ စီမံခန့်ခွဲမှုအာဏာတို့ကို ဗဟိုနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများအား ခွဲဝေအပ်နှင်းနိုင်ခွင့်ရှိခြင်းတို့ ဖြစ်ပေသည်။ ၎င်းပြင် ဒီမိုကရေစီအခွင့်အရေးများဖြစ်သော လွတ်လပ်စွာစည်းရုံးခွင့်၊ စုဝေးခွင့်၊ ဖွဲ့စည်းနိုင်ခွင့်၊ ဖွင့်ဟရေးသားဖော်ပြနိုင်ခွင့် အစရှိသည်များကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနှင့်အညီ ပြည်သူလူထုက ရရှိခံစားကြရန်ဖြစ်ပေသည်။ ဤကြေညာစာတမ်းကို မြန်မာနိုင်ငံက သဘောတူလက်ခံ၍ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပေသည်။

**'အထွေထွေရွေးကောက်ပွဲ'** ဆိုသည်မှာ တတိုင်းပြည်လုံးရှိ မဲဆန္ဒရှင်ပြည်သူလူထုက တိုင်းပြည်၏ ပြည်သူ့လွှတ်တော်အတွက် ယင်းတို့ကိုကိုယ်စားပြုမည့် ကိုယ်စားလှယ်ဖြစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ပေးရန် ဖြစ်ပေသည်။ ဥပဒေက **'ရွေးကောက်ပွဲ'**ဆိုသည်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကိုဆိုသည်ဟု ပြဋ္ဌာန်းသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် (၉၃) ခုသော နိုင်ငံရေးပါတီများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီ (၁၀) ခုသာလျှင် တရားဝင်ရပ်တည်

လျက်ရှိနေပေသည်။ ဒီမိုကရေစီနည်းအရ မဲဆန္ဒရှင်ပြည်သူလူထုက နိုင်ငံရေးပါတီအသီးသီးတို့၏ ရွေးကောက်ပွဲ ကြေညာစာတမ်းများကို ဖတ်ရှုလေ့လာဆန်းစစ်၍ နိုင်ငံရေးပါတီအသီးသီးမှ မိမိကြိုက်နှစ်သက်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများကို လွတ်လပ်၍ တရားမျှတစွာ ဆန္ဒမဲပေးခြင်းဖြင့် ရွေးချယ်ခဲ့ကြသည်။

အာဏာပိုင်များက လွှတ်တော်မဲဆန္ဒနယ်ပေါင်း (၄၉၂) နေရာဟု သတ်မှတ်ခဲ့သော်လည်း လွှတ်တော်မဲဆန္ဒနယ် (၄၈၅) နေရာများ၌သာလျှင် ဆန္ဒမဲပေးခွင့်ပြုခဲ့သည်။ ယင်းမဲဆန္ဒနယ်များတွင် ပါဝင်ယှဉ်ပြိုင်ကြရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီစည်းကမ်းစည်းမျဉ်းများအရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် တရားဝင်သတ်မှတ်တာဝန်ပေးလိုက်သည်။ ၄င်းတို့အနက် (၃၉၂) ဦးကို မဲဆန္ဒရှင်ပြည်သူလူထုက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက်ပေးလိုက်သည်။ ထိုကဲ့သို့ အဖွဲ့ချုပ်က တာဝန်ပေးကာ သတ်မှတ်ပေးလိုက်၍သာ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ...

(၁) မိမိအားဆန္ဒမဲပေးလိုက်သည့် မဲဆန္ဒရှင်များအပေါ်တွင် တာဝန်ရှိသည်။ မဲဆန္ဒရှင်များအား လေးစားရမည်။ ပစ်ပယ်၍မထားရ။

(၂) အဖွဲ့ချုပ်က ပြဋ္ဌာန်းထားသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ကြေညာစာတမ်းပါ အချက်များကို မေ့ပျောက်ပစ်၍မရ။ ထိုအချက်များသည် မဲဆန္ဒရှင်ပြည်သူလူထုအပေါ် ဝန်ခံကတိပေးထားသည်များ ဖြစ်ပေသည်။

(၃) မိမိအားရွေးချယ်တာဝန်ပေးလိုက်သော အဖွဲ့ချုပ်အပေါ်တွင် သစ္စာရှိရမည်။ အဖွဲ့ချုပ်က သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာရမည်။

၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့ကကျင်းပပေးခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြီးစီးခဲ့သည်မှာ ဤနေ့ ဤရက်တွင် (၁၂) နှစ်တင်းတင်းပြည့်ခဲ့ပေပြီ။ လူတဦးတယောက်၏ သက်တမ်းအရဆိုလျှင် ရှည်ကြာညောင်းသောအချိန်ကာလ ဖြစ်ပေသည်။ ဤရွေးကောက်ပွဲကို ကမ္ဘာနှင့်မြန်မာအပြင် အာဏာပိုင်များကပါ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဟု ကင်ပွန်းတပ်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် **"လွှတ်တော်"**ဆိုသည်မှာ **"ပြည်သူ့ လွှတ်တော်ကိုဆိုသည်"**ဟု ပြဋ္ဌာန်းထားသည်။ ပြည်သူ့လွှတ်တော်သည် တိုင်းပြည်၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုသာ ရေးဆွဲပေးရသည့် တိုင်းပြည်ပြုလွှတ်တော်မဟုတ်ဘဲ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကိစ္စများအတွက်ဥပဒေပြဋ္ဌာန်းပေးခြင်း၊ ယင်းတို့၏ စီမံခန့်ခွဲမှုအာဏာတို့ကို ဗဟိုနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများအား ခွဲဝေအပ်နှင်းနိုင်ခွင့်ရှိခြင်းတို့အပြင်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလည်း ရေးဆွဲ၍အတည်ပြုနိုင်ခွင့်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ပြည်သူ့လွှတ်တော်ဆိုသည်မှာ နိုင်ငံသားများ၏ကိုယ်စား နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ခံယူကျင့်သုံးသော နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်ပေသည်။

**"မဲဆန္ဒနယ်"**ဆိုသည်မှာ**"လွှတ်တော်မဲဆန္ဒနယ်ကိုဆိုသည်"**ဟု ပြဋ္ဌာန်းထားသည်။ **"လွှတ်တော်ကိုယ်စားလှယ်"**ဆိုသည်မှာ **"လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခြင်းခံရသူကိုဆိုသည်။"**ဟု ပြဋ္ဌာန်းထားသည်။ ယင်းကဲ့သို့ အနက်အဓိပ္ပာယ်အသီးသီးများဖြင့် ပြဋ္ဌာန်းထားသောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အား စစ်မှန်သောဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန် ဦးတည်ကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများကို အာဏာပိုင်များက ၁၉၈၉ ခုနှစ်ကပင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

– အာဏာပိုင်များက ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဥပဒေများကို ယုံကြည်ကြ၍ မဲဆန္ဒရှင်များက ဆန္ဒမဲပေးခဲ့ကြခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများကလည်း ပါဝင်

ယှဉ်ပြိုင်အရွေးခံခဲ့ကြခြင်း ဖြစ်သည်။

– မည်သူတဦးတယောက်ကမျှ ခြိမ်းခြောက်မှု၊ အနိုင်အထက်ပြုမှု၊ လုံးဝမရှိဘဲ မဲဆန္ဒရှင် ပြည်သူလူထုက မိမိ၏လွတ်လပ်သောသဘောဆန္ဒအရလည်းကောင်း၊ ဒီမိုကရေစီကိုလိုက်နာ ခံယူလိုကြ၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ခဲ့ပြီး ဖြစ်ပေသည်။

– ရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ်တွင်ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည်။ ပြည်တွင်းပြည်ပနှင့် အာဏာပိုင်တို့က လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲအစရှိသည်များဟု ထုတ်ဖော်ခဲ့ပြီးဖြစ်သည်။

သို့သော်လည်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၏ **"အခန်း (၂)" "လွှတ်တော်ဖွဲ့စည်းခြင်း"** ခေါင်းစဉ် ပုဒ်မ (၃) တွင်ပြဋ္ဌာန်းထားသည့် **"လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းရမည်"**ဟူသည်ကို သက်ဆိုင်ရာအာဏာပိုင်များက လေးစားလိုက်နာပြီး အကောင်အထည်ဖော်ပေးရန် လိုအပ်လှပါသည်။

၎င်းပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးတွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်တနိုင်ငံအဖြစ် ပါဝင်နေသည်။ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အဖွဲ့ချုပ်ကြီးက တညီတညွတ်တည်း ချမှတ်ပေးလိုက်သည့် ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်သည် ဒီမိုကရေစီကို ပြည်သူလူထုကလိုလားကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟူသော ဆုံးဖြတ်ချက်ကို လေးစားလိုက်နာရန်တာဝန်ရှိပေသည်။ ယနေ့ကမ္ဘာ့ရွာကြီးတွင် တိုင်းပြည်တပြည်တည်း အထီးကျန်ရပ်တည်၍ မရနိုင်ပေ။ ရပ်တည်၍လည်း ရနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်များကိုပြဋ္ဌာန်းထားသည့် ဥပဒေပုဒ်မများအရအာဏာပိုင်များကအကောင်အထည်ဖော်ပေးရန် လိုအပ်ပေလိမ့်မည်။

ပြည်သူ့လွှတ်တော်တရပ် ပေါ်ပေါက်လာခြင်းမပြုမီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားတိုင်းရင်းသား လူမျိုးစုနိုင်ငံရေးပါတီများဖြစ်ကြသော ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ ဇိုမီးအမျိုးသားကွန်ဂရက်တို့နှင့်ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ဆက်လက်ရပ်တည်နေမည်ဖြစ်ပေသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ပါဝင်နေသောပါတီ (၅) ပါတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများရရှိရန်ကိုသာ ကြိုးပမ်းသွားမည်မဟုတ်ပေ။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့သော အခြားနိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလကိုယ်စားလှယ်များ၏ အခွင့်အရေးများ ရရှိရန်ကိုပါ ကြိုးပမ်းမည်ဖြစ်ပေသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမကျင်းပမီ ၁၉၈၉ ခုနှစ်ကပင် တိုင်းရင်းသားလူမျိုးစု (၁၈) ပါတီတို့သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (ယူအဲန်အယ်လ်ဒီ) အဖြစ် ဖွဲ့စည်းခဲ့ပေသည်။ တိုင်းရင်းသားလူမျိုးစုများသည် ထိုနည်းတူ အနာဂတ်တွင်လည်း ပြည်ထောင်စုနိုင်ငံအကျိုးအတွက် စည်းလုံးညီညွတ်စွာ လှုပ်ရှားသွားနိုင်မည်ဟု ယုံကြည်ပေသည်။

စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးစုများပါဝင်မှသာ တည်ဆောက်နိုင်မည်ဖြစ်ပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် တိုင်းရင်းသားလူမျိုးစုများ၏ ရည်မှန်းချက်များကို အမြဲတစေထည့်သွင်းစဉ်းစားဆောင်ရွက်နေမည် ဖြစ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အမြဲတစေရပ်တည်ချက်မှာ တိုင်းပြည်နှင့်ပြည်သူပြည်သားများအကျိုးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စရပ်များကို အဖွဲ့ချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့သည် နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော ဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်

ပေသည်။ နိုင်ငံ၏ ပြဿနာများကို ဖြေရှင်းရန်ကြိုးပမ်းရာ၌ အဖွဲ့ချုပ်သည် ပြင်သာပြောင်းသာသောနည်းကိုသာ အသုံးပြုခဲ့ပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ အကြား လေးနက်သောနိုင်ငံရေးဆွေးနွေးပွဲဖြစ်ပေါ်လာရေးကို တိုင်းရင်းသားလူမျိုးစုများသည် နားလည်မှုအပြည့် အဝဖြင့် ထောက်ခံကြိုဆိုကြသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ် အထွေထွေညီလာခံ၏ဆုံးဖြတ်ချက်နှင့်အညီ တိုင်းရင်းသားလူမျိုးစုများပါဝင် သော သုံးဦးသုံးဖလှယ်ဆွေးနွေးပွဲများ အမြန်ဆုံးဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းသွားကြမည်။

သို့သော် တွေ့ဆုံဆွေးနွေးခြင်းမပြုမီကာလတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များ နှင့်ပတ်သက်၍လည်းကောင်း၊ အမျိုးသားညီလာခံနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ ကမ္ဘာလှည့်ခရီးသွားလာရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူရင်းဝါဒများ ပြောင်းလဲခြင်းရှိမည် မဟုတ်သေးပေ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ၂၀၀၂ ခုနှစ်၊ မေလ (၆) ရက်နေ့က နေအိမ်တွင်ထိန်းသိမ်းထားခြင်းမှ ခြွင်းချက်မရှိ လွတ်မြောက်လာခြင်းသည် အဖွဲ့ချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့အကြား ယုံကြည်မှုတည်ဆောက်ခြင်းအဆင့် ကျော်လွန်သွားပြီ ဖြစ်ပေသည်။ ယင်းမှတဆင့်တိုး၍ အထက်တွင်ရေးသားခဲ့ပြီးသည့် အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးတွေ့ဆုံဆွေးနွေး ရေးအဆင့်သို့ မလွဲမသွေ မနှေးအမြန်တက်ကြရန် လိုပေသည်။ ဆွေးနွေးပွဲများစရန် နှောင့်နှေးသည်နှင့်အမျှ တိုင်းသူပြည်သားများ နစ်နာမည်ဖြစ်ပေသည်။

အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည် ထိန်းသိမ်းထားခြင်းမှ လွတ်မြောက်လာပါသော် လည်း၊

– နိုင်ငံရေးပုဒ်မအသီးသီးတို့ဖြင့် အကျဉ်းကျခံနေကြရသည့် ...

– နိုင်ငံရေးပုဒ်မများမဟုတ်ပါဘဲ နိုင်ငံရေးလှုပ်ရှားမှုကြောင့်သာ အခြားဥပဒေတရပ်ရပ်၏ ပုဒ်မများ ဖြင့် အကျဉ်းကျခံနေကြရသည့် ... အကျဉ်းကျများအားလုံးသည် လွတ်မြောက်လာခြင်းမရှိသေးသဖြင့် ၎င်းတို့ အား ခြွင်းချက်တစုံတရာမရှိစေဘဲ အကျဉ်းထောင်အသီးသီးမှ အမြန်ဆုံးလွှတ်ပေးရန် တိုက်တွန်းရမည်ဖြစ်ပေ သည်။ ၎င်းတို့ လွတ်မြောက်လာခြင်းသည် နိုင်ငံရေးအခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်းနှင့် လူသား ခြင်းစာနာထောက်ထားမှုများ မည်ပေသည်။ မွန်မြတ်လှပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် နိုင်ငံရေးအခွင့်အလမ်းများ ရရှိသင့်သလောက်ရရှိနေပြီ ဖြစ်သကဲ့သို့ အခြားနိုင်ငံရေးပါတီများသည်လည်း နိုင်ငံရေးစည်းရုံးလှုပ်ရှားမှု ရရှိကြရမည်ဖြစ်ပေသည်။

သို့မှသာ တိုင်းရင်းသားလူမျိုးစုများအပါအဝင် ပြည်သူပြည်သားအားလုံး၏ အကျိုးရလဒ်များ ပေါ်ထွန်းအကောင်အထည်ပေါ်လာမည်ဖြစ်ပေသည်။ ပြည်သူလူထုနှင့်အုပ်ချုပ်သူများအကြား ပေါင်းကူးတံတား သဖွယ် ရပ်တည်ခြင်းမှာ နိုင်ငံရေးပါတီများ၏ အဓိကလုပ်ငန်းတရပ်ဖြစ်ပေသည်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကိစ္စနှင့် တိုင်းသူပြည်သား (တိုင်းရင်းသားလူမျိုးစုများ အပါအဝင်) များ၊ လောလောဆယ်ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် တိုင်းပြည်နှင့်ပြည်သူ့အကျိုးအတွက် အဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေး ခြင်းနည်းလမ်း တခုတည်းသာရှိပြီး အခြားနည်းလမ်းမရှိကြောင်းနှင့် တွေ့ဆုံဆွေးနွေးခြင်းနည်းဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များအရ ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးပြီး တိုင်းပြည်ကို ဒီမိုကရေစီ

ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ဆောက်သွားကြရပေမည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့။

၂၀၀၂ ခုနှစ်၊ မေလ (၂၇) ရက်။
၁၃၆၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁) ရက်။

★ ★ ★ ★ ★

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## "(၁၃) နှစ်မြောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနေ့တွင် ပေးပို့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၏ သဝဏ်လွှာမိန့်ခွန်း"

၁၉၉၀ ခုနှစ်က မြန်မာနိုင်ငံတွင်ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲဟာ ကျွန်မတို့နိုင်ငံသမိုင်းမှာ ဘယ်တော့မှ မမေ့အပ်တဲ့ နိုင်ငံရေးမှတ်တိုင်တတိုင်ဖြစ်ပါတယ်။ နှစ် (၃၀) နီးပါး တပါတီအာဏာရှင်စနစ်အောက်တွင် ခံစားခဲ့ရတဲ့ဒုက္ခများမှ လွတ်ပါစေချင်လွန်းတဲ့ပြည်သူတွေက ဒီရွေးကောက်ပွဲမှာမျှော်လင့်ချက်ကြီးမားစွာနဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးအတွက် တခဲနက်မဲပေးကြတာပါ။ ပြည်သူများရဲ့အသဲနှလုံးထဲကခံစားမှုအပေါ် တည်ဆောက်ထားတဲ့ မျှော်လင့်ချက်တွေကို မတရားသဖြင့် မဖြိုဖျက်သင့်ပါဘူး။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို လစ်လျူရှုတာဟာ ပြည်သူကိုတန်ဖိုးမထားရာ၊ စော်ကားရာရောက်တယ်ဆိုတာ အထူးအထွေပြောနေစရာမလိုပါဘူး။

ယခုနှစ် အထွေထွေရွေးကောက်ပွဲနှစ်ပတ်လည်အချိန်မှာ ကျွန်မ အထက်မြန်မာနိုင်ငံစည်းရုံးရေးထွက်လျက်ရှိနေပါတယ်။ ခရီးတလျှောက်မှာတွေ့ကြုံခဲ့ရတဲ့ တိုင်းပြည်နဲ့ ပြည်သူတို့အခြေအနေတွေဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီလိုအပ်နေတယ်ဆိုတာကို ကွက်ကွက်ကွင်းကွင်း ဖော်ပြလျက်ရှိပါတယ်။ ဒါကြောင့် ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲရဲ့အရေးပါမှုကို ပိုမို၍ နားလည်သဘောပေါက်ရပါတယ်။ ဒီမိုကရေစီလမ်းဆိုတာဟာ ရွေးကောက်ပွဲလမ်းပါပဲ။ ဒီမိုကရေစီရွေးကောက်ပွဲများရဲ့ရလဒ်ကို မကြိုက်ရင်မကြိုက်သလို ဖယ်ရှားတဲ့လုပ်ရပ်မျိုးကို ဘယ်လိုမှ လက်မခံနိုင်ပါဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်ကို လေးစားအကောင်အထည်ဖော်ရေးအတွက် ဆက်လက်ပြီးမားမားမတ်မတ် ရပ်တည်သွားရမှာဖြစ်ပါတယ်။

ဒီမိုကရေစီရဲ့အရသာကိုမခံစားရသေးတဲ့ ကျွန်မတို့လူငယ်များ ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲကို မမေ့စေရအောင်၊ ၂၀၀၃ ခုနှစ်၊ မေလ (၂၇) ရက်နေ့ကို ဒီမိုကရေစီရွေးကောက်ပွဲ အထိမ်းအမှတ်နေ့အဖြစ် မြင်နိုင်စေရအောင် လူငယ်များအတွက် အစီအစဉ်ကိုပြုလုပ်ရခြင်းဖြစ်ပါတယ်။ ဒီအစီအစဉ်ကြောင့် ယနေ့လာရောက်အားပေးကြတဲ့ ကျွန်မတို့အဖွဲ့ဝင်တွေနဲ့မိတ်ဆွေတွေ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲနေ့ကို ပြန်လည်သတိရပြီး ၎င်းရွေးကောက်ပွဲရဲ့ရလဒ်ကို အကောင်အထည်ဖော်ရေးအတွက် အားမာန်သစ်တွေနဲ့ ပြည့်ဝလာစေချင်ပါတယ်။

ပြည်သူတွေရဲ့ ဒုက္ခတွေ၊ မျှော်လင့်ချက်တွေ၊ စိုးရိမ်ပူပင်မှုတွေနဲ့ နေ့စဉ်ထိတွေ့နေရတာကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်သူတွေအကျိုးအတွက် ရာနှုန်းပြည့်တာဝန်ကျေစွာနဲ့ လုပ်ဆောင်စေချင်ပါတယ်။ ၁၉၉၀ ပြည့်နှစ်က ပြည်သူတွေက ယုံကြည်စိတ်ချစွာနဲ့ပေးထားတဲ့တာဝန်များအားလုံး ပြည့်ပြည့်ဝဝ ကျေပွန်သည်အထိ ကိုယ်ကျိုးမဖက် ပြည်သူ့အကျိုးအတွက်သာ လှုပ်ရှားကြိုးပမ်းနေတဲ့အဖွဲ့ ဖြစ်ပါစေကြောင်း ဆန္ဒပြုရပါတယ်။

၁၉၉၀ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲအခမ်းအနားသို့တက်ရောက်လာကြတဲ့အဖွဲ့ဝင်များ၊ ဒီမိုကရေစီလိုလားသူများနဲ့ ဧည့်သည်တော်ကြီးများအားလုံးကို လေးစားစွာ နှုတ်ခွန်းဆက်လိုက်ပါတယ်ရှင့် ...။

ရန်ကုန်မြို့
၂၀၀၃ ခုနှစ်၊ မေလ (၂၇) ရက်။
၁၃၆၅ ခုနှစ်၊ ကဆုန်လဆုတ် (၁၂) ရက်။

★ ★ ★ ★ ★

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**၂၀၀၃ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင်ကျရောက်သော**
**(၁၃) နှစ်မြောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကြေညာစာတမ်း။**

## ကြေညာချက်အမှတ် – ၅ (၅/၀၃)

ယနေ့သည် ကျောင်းသားကျောင်းသူ၊ ရဟန်းရှင်၊ လူ၊ ပြည်သူအပေါင်းတို့၏ တခဲနက်ဆန္ဒပြခဲ့သည့် ၁၉၈၈ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုကြီးမှပေါ်ပေါက်လာရသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (၁၃) နှစ်ပြည့်မြောက်သောနေ့ဖြစ်ပေသည်။

ပြည်သူလူထုကြီး၏ အသက်သွေးချွေးပေါင်းများစွာစွန့်လွှတ်ရင်းနှီးခဲ့မှုကြောင့် နိုင်ငံတော်၏ အာဏာကို သိမ်းယူထားသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင်ကျင်းပပေးခဲ့ရသည်။ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရန် အာဏာပိုင်အဖွဲ့က ၁၉၈၉ ခုနှစ်၊ မေလ (၃၁) ရက်နေ့စွဲပါ ဥပဒေအမှတ် (၁၄/၈၉) ဖြင့် **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ"**ကို ပြဋ္ဌာန်းခဲ့ပေသည်။

၁၉၉၀ ပြည့်နှစ် မေလ (၂၇) ရက်နေ့တွင်ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် နိုင်ငံတကာမှာကဲ့သို့ ဒီမိုကရေစီအစိုးရတရပ်ကကျင်းပပေးခဲ့သော ရွေးကောက်ပွဲအမျိုးအစားမဟုတ်ပါ။ မြန်မာနိုင်ငံ ၁၉၆၀ ပြည့်နှစ်၊ တိုင်းပြည်ပြုပါတီမန်ရွေးကောက်ပွဲကဲ့သို့သော ရွေးကောက်ပွဲလည်းမဟုတ်ပါ။ နိုင်ငံ

တော်အာဏာကိုသိမ်းယူခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် (၁/၈၈) အပိုဒ် (၁)၊ စတုတ္ထအချက်ဖြစ်သည့် …

**"အထက်ပါလုပ်ငန်းရပ်များပြည့်စုံပြီးလျှင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး"**ဟူသည့်အရ ကျင်းပခဲ့သောရွေးကောက်ပွဲဖြစ်ပေသည်။

ဤပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင်ပြည်သူလူထုသည် ဂုဏ်သိက္ခာကြီးမားသောဇွဲ၊ သတ္တိ၊ သန္နိဋ္ဌာန်တို့ဖြင့် အာဏာပိုင်တို့အားရင်ဆိုင်လျှက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၈၅) ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြပေသည်။ အဆိုပါရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တနိုင်ငံလုံးတွင် မဲဆန္ဒနယ် (၃၉၂) နေရာအနိုင်ရရှိခဲ့ပေသည်။ အဖွဲ့ချုပ်၏ အဓိကမဟာမိတ်ပါတီများဖြစ်ကြသော အမျိုးသားဒီမိုကရေစီပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃) ဦးနှင့် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁) ဦး ရွေးချယ်ခံခဲ့ကြရသဖြင့် အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၃၉၆) ဦးအနိုင်ရရှိခဲ့ပေသည်။ ပြည်သူလူထုတရပ်လုံးက ဤကဲ့သို့တခဲနက်ထောက်ခံမှုပေးသည်ကို၊ အမျိုးသားဒီမိုကရေစီဖွဲ့ချုပ်က အထူးအလေးအနက်ထားကြောင်း၊ အထူးဂုဏ်ယူကြောင်း၊ မှတ်တမ်းတင်အပ်ကြောင်း ကြေညာအပ်ပေသည်။

ရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနိုင်ရခြင်းသည် ပြည်သူလူထုက အဖွဲ့ချုပ်၏ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြေညာစာတမ်းပါ မူဝါဒသဘောထားများကိုအကောင်အထည်ဖော်ဆောင်ရန် ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ပေသည်။ တနည်းအားဖြင့် မဲဆန္ဒရှင်ပြည်သူလူထုကိုယ်စား နိုင်ငံ၏ကံကြမ္မာကို ဖန်တီးနိုင်ရန် အဖွဲ့ချုပ်အားတာဝန်အပ်နှင်းလိုက်ခြင်း ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ အာဏာပိုင်များက ရွေးကောက်ပွဲရလဒ်နှင့်အညီ ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းရေးတာဝန်ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပေသည်။ မိမိတို့ထုတ်ပြန်ခဲ့သော **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ"** (ဥပဒေအမှတ် ၁၄/၈၉) အခန်း (၂)၊ ပုဒ်မ (၃) တွင် ပြဋ္ဌာန်းထားသည့် **"လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်"** ဟူသည်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပေသည်။ ဆောင်ရွက်ပေးရမည့်တာဝန်လည်း မလွှဲမသွေရှိနေပေသည်။ **"လွှတ်တော်ဖွဲ့စည်းခြင်း"**သည်ရွေးကောက်ပွဲတာဝန်ယူကျင်းပပေးခဲ့သော အာဏာပိုင်များအပေါ် ဥပဒေအရတာဝန်ရှိပေသည်။ ဥပဒေပြဋ္ဌာန်းသူသည် ဥပဒေနှင့်အညီ စီမံဆောက်ရွက်ရမည်။ ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူ မဖြစ်သင့်ပေ။

အမှန်စင်စစ် ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရေးဟူသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အကြိမ်ကြိမ်တောင်းဆိုရမည့်ကိစ္စမျိုး မဟုတ်ပေ။ ရွေးကောက်ပွဲအား ဦးစီးဦးဆောင်ကျင်းပပေးခဲ့သော အာဏာပိုင်များသည် ရွေးကောက်ပွဲကျင်းပပေးပြီးနောက် တဆက်တည်းဆောင်ရွက်ရမည့်တာဝန်သာ ဖြစ်ပေသည်။ သို့သော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့/နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို ငြင်းပယ်နေသည်။ ဤသည်မှာ နိုင်ငံတော်နှင့်နိုင်ငံသားများပေါ် လူသိရှင်ကြားပေးခဲ့ပြီးဖြစ်သော အောက်ပါကတိသစ္စာများကို အာဏာပိုင်များက ဖောက်ဖျက်ခြင်းဖြစ်ပေသည်။

၂၇-၃-၈၉ နေ့ကကျင်းပခဲ့သော (၄၄) နှစ်မြောက် တော်လှန်ရေးနေ့ (တပ်မတော်နေ့) ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အောက်ပါအတိုင်းပြောကြားခဲ့ပေသည်။

**"တို့တပ်မတော်ရဲ့ ဒုတိယမြောက်အရေးကြီးတဲ့တာဝန်ကတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်**

ဆောက်ရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးတာဝန်ဖြစ်တယ်။"

"... ရွေးကောက်ပွဲပြီးရင် လိုအပ်တာတွေဆောင်ရွက်ပြီးတဲ့နောက် ပြည်သူ့ဆန္ဒနဲ့ ရွေးချယ်လိုက်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက ဥပဒေနဲ့အညီ ရွေးချယ်တင်မြှောက်တဲ့အစိုးရသစ် ပေါ် ပေါက်လာမှာဖြစ်တယ်"

"အဲဒီအစိုးရသစ်အနေနဲ့ နိုင်ငံတော်ကိုဆက်လက်ဦးဆောင်သွားရာမှာ ပြည်သူလူထုရဲ့အကျိုးစီးပွား အတွက် အစွမ်းဆောင်နိုင်ဆုံး ဖော်ဆောင်သွားလိမ့်မယ်လို့ မျှော်မှန်းထားတယ်...။ တို့တပ်မတော် သားတွေအဖို့ကတော့ စစ်တန်းလျားကိုပြန်သွားပြီး တို့ရဲ့မူလအဓိကတာဝန်ကြီးဖြစ်တဲ့ အခုပြော ကြားရာမှာပါဝင်တဲ့တာဝန်ကြီးတွေကို ဦးလည်မသုန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမှာပဲဖြစ် တယ်။"

၉–၁–၉၀ နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အောက်ပါအတိုင်းပြောကြားခဲ့ပေသည်။

" နိုင်ငံတော်အာဏာနဲ့ပတ်သက်လို့လည်း တို့အကြိမ်ကြိမ်ပြောပြီးပြီပဲဖြစ်တယ်။ ရွေးကောက်ပွဲပြီး တာနဲ့ ဥပဒေနှင့်အညီ အစိုးရဖွဲ့ကြ၊ ယူကြပေါ့။ အဲဒီအစိုးရဖြစ်လာအောင် ရွေးကောက်ပွဲက လုပ်ပေးရ မှာပဲ။ ဒါကတို့တာဝန်ပဲ။ ရွေးကောက်ပွဲပြီးရင် တရားဥပဒေအရ အစိုးရအဖွဲ့တခုဖြစ်လာဖို့ကတော့ တို့တပ်မတော်တာဝန်မဟုတ်ဘူး။ ဒါ အတိအလင်း ပွင့်ပွင့်လင်းလင်း အခုကတည်းကပြောထား တာပဲဖြစ်တယ် ... "

"... အခုတမျိုး၊ အခုတမျိုးဆိုရင် ကတိမတည်၊ ကတိမတည်လို့ရှိရင် သံသယစိတ်တွေဖြစ်တယ်ဆို တာမျိုးတော့ တပ်မတော်အနေနဲ့မဖြစ်မခံနိုင်ဘူး။ တကယ်တော့ တပ်မတော်ဆိုတာဟာ တိုင်းပြည် အပေါ် သစ္စာခံတာပဲ။ အစိုးရဆိုတာကလည်း တိုင်းသူပြည်သားအများစုရဲ့ရွေးချယ်တင်မြှောက်လို့ ပြည်သူတွေကိုကိုယ်စားပြုပြီး ဖြစ်ပေါ်လာတဲ့အဖွဲ့အစည်း၊ တပ်မတော်ဟာ အစိုးရအောက်မှာ ရှိရမယ် ..."

"တို့တတွေဟာ အာဏာကိုရေရှည်ယူထားမယ့် အဖွဲ့အစည်းမှမဟုတ်ဘဲ"

၂၇–၃–၉၀ နေ့ကကျင်းပသော (၄၅) နှစ်မြောက်တော်လှန်ရေးနေ့ (တပ်မတော်နေ့) ၌ ကာကွယ်ရေး ဦးစီးချုပ်က အောက်ပါအတိုင်းပြောကြားခဲ့ပေသည်။

"တပ်မတော်အနေနဲ့ကတော့ ရွေးကောက်ပွဲအတွက်ပဲ ကတိပေးထားတယ်။"

"နိုင်ငံတော်မှာ ဘယ်အစိုးရပဲတက်တက်၊ ဘယ်ပါတီပဲအာဏာရရ၊ တို့တပ်မတော်ကတော့ တပ်မ တော်သားတွေပီပီ နိုင်ငံတော်အကျိုးစီးပွားအတွက် သစ္စာရှိရှိ၊ တာဝန်သိသိ ထမ်းဆောင်သွားကြ မှာပဲ ဖြစ်တယ်။ တို့ဟာ နေ့စဉ်နံနက်တကြိမ်၊ ညနေတကြိမ် စဉ်ဆက်မပြတ် သစ္စာအဓိဋ္ဌာန် (၄) ချက်ကိုရွတ်ဆိုပြီး သစ္စာကို ဦးထိပ်ပန်ဆင်ထားကြသူတွေဖြစ်တယ်။ တို့ဟာ ဗလောင်းဗလဲမပြောဘူး။ ကလိမ်ကကျစ်လည်း မလုပ်ဘူး။ ပြည်သူလူထုကိုလည်းမလှည့်စားဘူး။ တို့ရင်ထဲမှာရှိတဲ့အတိုင်း ရိုးရိုးပဲ ဖွင့်ဟပြောတတ်တယ်။ "

ထို့အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ကလည်း ၁၁–၉–၉၀

ရက်နေ့တွင်ကျင်းပသော (၁၀၄) ကြိမ်မြောက်သတင်းစာရှင်းလင်းပွဲ၌ အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့သေည်။

**"အခုလို လွတ်လပ်ပြီးတရားမျှတမှုရှိတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို မူလသတ်မှတ်ထားတဲ့အတိုင်း အောင်အောင်မြင်မြင်ကျင်းပပေးခဲ့တာဟာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အနေနဲ့ အာဏာလွှဲပေးချင်လို့ပဲ လုပ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အာဏာလွှဲပေးဖို့ဆန္ဒမရှိဘူး၊ ရည်ရွယ်ချက်မရှိဘူးဆိုရင် အဲဒီရွေးကောက်ပွဲဟာ လုပ်ပေးစရာအကြောင်းမရှိပါဘူး။ ရှင်းနေပါတယ်... "**

**"နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးအပ်ချင်တဲ့ဆန္ဒမရှိဘူး။ ရာသက်ပန် အာဏာကိုဆုပ်ကိုင်ထားလိုတယ်ဆိုတဲ့ စွပ်စွဲချက်တွေဟာ အခုထိမကုန်သေးပါဘူး။ နိုင်ငံ့အာဏာကို ရာသက်ပန်ဆုပ်ကိုင်ထားလိုတယ်ဆိုရင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကြီးကို ယခုလိုကြိုးကြိုးစားစားလုပ်ပေးစရာအကြောင်းမရှိပါဘူး၊ နိုင်ငံ့အာဏာကို လွှဲပြောင်းပေးဖို့ မူလကတည်းက ဆန္ဒရှိလို့သာ ရွေးကောက်ပွဲကြီးကို ပြုလုပ်ပေးခဲ့တာပဲဖြစ်တယ်ဆိုတာ သဘောပေါက်သင့်ပါတယ်။ "**

ပြည်သူ့လွှတ်တော်ခေါ်ယူမည့်နေ့နှင့်ပတ်သက်၍လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၉၀) ကြိမ်မြောက်သတင်းစာရှင်းလင်းပွဲတွင် ...

**" ... ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး ခေါ်ယူမည့်ရက် သတ်မှတ်ထားမှုမရှိခြင်းနှင့်ပတ်သက်၍ မေးမြန်းချက်ကိုဖြေကြားရာတွင်၊ ရွေးကောက်ပွဲပြီးလျှင် အရွေးခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း"**ဟူ၍ အတိအလင်း တရားဝင်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲပြီးသည့် (၁၃) နှစ်တာကာလအတွေ့အကြုံကို ပြန်လည်သုံးသပ်လျှင် အာဏာပိုင်များသည် ယင်းတို့ထုတ်ပြန်ထားသော ဥပဒေများ၊ အမိန့်၊ ကြေညာချက်များ၊ ကတိသစ္စာစကားများကို ယနေ့အထိ လေးစားလိုက်နာ အကောင်အထည်မဖော်ခဲ့ပါ။ ပြည်သူ့ဆန္ဒကို ချိုးနှိမ် လျစ်လျူရှုသည့် သဘောသက်ရောက်သောလုပ်ရပ်များ အောက်ပါအတိုင်းရှိခဲ့ပါသည်။

(၁) ၂၈–၇–၉၀ နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဂန္ဓီခန်းမကြေညာစာတမ်းဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တညီတညွတ်တည်း လက်မှတ်ရေးထိုးတောင်းဆိုခဲ့ပြီးနောက် အာဏာပိုင်များက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တချို့ကို နှစ်ရှည်ထောင်ဒဏ်များချမှတ်ခဲ့ခြင်း၊ ယင်းထောင်ဒဏ်ကြောင့် လွှတ်တော်ကိုယ်စားလှယ်တချို့ ထောင်တွင်း၌ပင် ကွယ်လွန်ခဲ့ရခြင်း။

(၂) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ်–၁၀/၉၁) ထုတ်ပြန်၍ အာဏာပိုင်များ၏အမိန့်အမှတ် (၄/၉၁) ဖြစ်သော **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပါ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှုနှင့် အကျင့်စာရိတ္တပျက်ပြားမှုနှင့်ပတ်သက်သော ပြစ်မှုများကို သတ်မှတ်သည့်အမိန့်"** ထုတ်ပြန်ခဲ့ခြင်း၊ ယင်းအမိန့်အပေါ်မူတည်၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ပိုင်ခွင့်မရှိကြောင်း ပြဌာန်းခဲ့သည်သာမက တချို့လွှတ်တော်ကိုယ်စားလှယ်များအား (၁၀) နှစ်အတွင်း

ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါဝင်ရွေးကောက်ခွင့်မရှိဟု ဥပဒေနောက်ကြောင်းပြန်၍ပြဌာန်းခဲ့ခြင်း။

(၃) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးလုပ်ငန်းတရပ်အတွက် သာ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဖွဲ့စည်းထားခဲ့သော်လည်း ရွေးကောက်ပွဲပြီးဆုံးပြီးနောက် တွင် သက်ဆိုင်ရာမဲဆန္ဒနယ်တွင်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) မဲဆန္ဒ ရှင်တို့၏ ကန့်ကွက်လျှောက်ထားခြင်းမရှိဘဲ လွှတ်တော်ကိုယ်စားလှယ်တချို့၏ ရွေးကောက်ပွဲကုန်ကျ စရိတ်တင်သွင်းသည့်ကိစ္စရပ်များကို ဥပဒေပြဌာန်းချက်နှင့်ဆန့်ကျင်၍ ကော်မရှင်ကအရေးယူဆောင် ရွက်ခဲ့ခြင်း။

(၄) ရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံသို့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မခွဲ (၈) နှင့်အညီ **“ရွေးကောက် တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်ကို ကြေညာခြင်း”**နှင့် မြန်မာနိုင်ငံ ပြန်တမ်းတွင်လည်း **“ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်”**အဖြစ် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်သော်လည်း ဤနေ့ဤရက်အထိ ယင်း၏အဓိကတာဝန်ဖြစ် သော အပြီးသတ်အစီရင်ခံစာ ပေါ်ထွက်လာခြင်းမရှိသေးပေ။ သို့ဖြစ်ရာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲကျင်းပရေးကော်မရှင်၏ ဂုဏ်သိက္ခာထိခိုက်လာခဲ့ရခြင်း။

(၅) ထို့ထက် ဂုဏ်သိက္ခာထိခိုက်သောလုပ်ရပ်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ (၆) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့် ၂၇–၉–၉၆ နေ့ကျင်းပမည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာညီလာခံကျင်းပခြင်းအား ဟန့်တားသည့်အနေဖြင့် အဖွဲ့ဝင်များအပါအဝင် အဖွဲ့ချုပ် ကိုယ်စားပြုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ (၂၃၈) ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး၊ တချို့သော လွှတ်တော်ကိုယ်စားလှယ်များအား အကြပ်ကိုင်ဖိအားပေးခြိမ်းခြောက်၍ ဥပဒေနှင့်ကိုက်ညီခြင်းမရှိဘဲ နုတ်ထွက်စေခဲ့ခြင်း။

(၆) ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းရေးနှင့်ပတ်သက်၍ (၈) နှစ်အထိ အာဏာပိုင်များသည် တာဝန်မဲ့ ပျက်ကွက်မှုကြောင့် မဲဆန္ဒရှင်ပြည်သူလူထု၏ဆန္ဒနှင့်အညီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုင်း ရင်းသားလူမျိုးများပါဝင်သော ပြည်သူ့လွှတ်တော်တရပ်အား ခေါ်ယူဖွဲ့စည်းပေးရန် ကြေညာချက် အမှတ် – ၃၅ (၈/၉၈) အား ထုတ်ပြန်သည့်အခါ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလမှစ၍ အဖွဲ့ချုပ် အဖွဲ့ဝင် (၆၁၅) ဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၀၀) အား စစ်တပ်စခန်းများတွင် ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းထားခဲ့ခြင်း။

(၇) ဖမ်းဆီးထိန်းသိမ်းထားစဉ် တချို့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား နည်းအမျိုး မျိုးဖြင့် ဖိအားပေးအကြပ်ကိုင်၍ နုတ်ထွက်စေခြင်း၊ တချို့သောကိုယ်စားလှယ်များအား ပြည်သူ့ ဆန္ဒအား မျက်ကွယ်ပြု၍ အဖွဲ့ချုပ်ကိုသစ္စာဖောက်ရန် မက်လုံးပေးသိမ်းသွင်းခဲ့ခြင်း၊ ပြည်သူလူထု၏ စစ်မှန်သောဆန္ဒဖြစ်သော ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းရေးမှုကိုကိုင်စွဲ၍ ရပ်တည်ခဲ့သော လွှတ် တော်ကိုယ်စားလှယ်များအား စစ်တပ်စခန်းများ၌ (၃) နှစ်ခန့် မတရားချုပ်နှောင်ထားခဲ့ခြင်း။

(၈) တချိန်တည်းတွင်အာဏာပိုင်များသည် ၎င်းတို့၏အစီအစဉ်ဖြင့် အတင်းအကြပ်တက်ရောက် စေသော လူစုလူဝေးများ၌ သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် တရားဝင်ရပ်တည်နေသောပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များကို **“အယုံအကြည်မရှိ”**ဟု ဟစ်အော်စေခြင်း၊ ရွေးကောက်ပွဲ ဥပဒေပါ

ပြဋ္ဌာန်းချက်များကို လျစ်လျူရှု၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မထောက်ခံကြောင်း၊ လူထုကို အနိုင်ကျင့်လှည့်စားပြီး အတင်းအဓမ္မလက်မှတ်ရေးထိုးစေခြင်း။

(၉) ယနေ့အထိ အကျဉ်းထောင်များ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၇) ဦးအား အကျဉ်းချထားခြင်း။

အထက်ပါနည်းမျိုးစုံဖြင့် အာဏာပိုင်များ ကြိုးပမ်းခဲ့ကြသော်လည်း၊ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်အားလေးစားရေးသည် မြန်မာနိုင်ငံအတွင်းသာမက နိုင်ငံတကာအသိုင်းအဝိုင်းတွင် အထက်သန်ဆုံးလိုလားချက်၊ အပြင်းပြဆုံးဆန္ဒဖြစ်လာပေသည်။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်သည် ဒီမိုကရေစီကို ပြည်သူလူထုကလိုလားကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟူသော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံအသီးသီး၏ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံအာဏာပိုင်များက လေးစားလိုက်နာရန်တာဝန်ရှိပေသည်။ ယနေ့ နိုင်ငံတကာအခြေအနေကို လေ့လာဆန်းစစ်ပြန်လျှင် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဆန္ဒသဘောထားကိုပစ်ပယ်၍ အာဏာရှင်စနစ်ကို ထာဝစဉ်တည်တံ့အောင် စွမ်းဆောင်နိုင်မည်ဟူသောအချက် ထင်ရှားလာပေသည်။

မိမိနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ၎င်း၏ဆုံးဖြတ်ချက်များကို လေးစားလိုက်နာပြီး အာဏာပိုင်များကိုယ်တိုင် ရေးဆွဲပြဋ္ဌာန်းသော ရွေးကောက်ပွဲဥပဒေဖြင့် ကြီးမှူးကျင်းပပေးခဲ့သော ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်နှင့်အညီ ပြည်သူ့လွှတ်တော်တရပ် အမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးရန် လိုအပ်ပေသည်။

ပြည်သူ့လွှတ်တော်ဖွဲ့စည်းမှုမပြုမချင်း အာဏာပိုင်များ ကိုယ်တိုင်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ချိုးဖောက်နေသဖြင့် **"တရားဥပဒေစိုးမိုးရေး"** ဟူသော အာဏာပိုင်များ၏ ကြွေးကြော်သံကို အာဏာပိုင်များက ပျက်ရယ်ပြုရာကျပေသည်။ ကျင့်ဝတ်သိက္ခာအရလည်းကောင်း၊ တရားဥပဒေစံနှုန်းအရလည်းကောင်း၊ မိမိပြဋ္ဌာန်းထားသောဥပဒေများကို သိက္ခာရှိစွာရိုသေလေးစားရပေမည်။ ယနေ့နိုင်ငံတကာအခြေအနေမှာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါစံနှုန်းများအား တရားမဲ့ပြုကျင့်သည်ကိုလက်မခံကြတော့ပေ။

တပ်မတော်သားများအပါအဝင် နိုင်ငံသူနိုင်ငံသားများဆန္ဒမဲပေးခဲ့ကြသော ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်ကို လျစ်လျူပြုထားခြင်းသည် မြန်မာနိုင်ငံပါဝင်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ အောက်ပါအခြေခံမှုများကိုဆန့်ကျင်၍ ချိုးဖောက်ကြောင်း ပြသရာရောက်ပေသည်။ အပိုဒ် (၂၁) တွင် ...

**" (၁) လူတိုင်းတွင် မိမိနိုင်ငံ၏အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှတဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည် "**

ဟူ၍ ပြဋ္ဌာန်းထားပေသည်။ ယင်းအပိုဒ် (၂၁) ပါ အခြေခံမှုများကိုဆန့်ကျင်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှု၏ အရုပ်ဆိုးအကျည်းတန်သော သက်သေသာဓကဖြစ်ပေသည်။ သို့ဖြစ်၍ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကော်မရှင်အစည်းအဝေးများကလည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်ကို ပြည်သူလူထု၏ဆန္ဒနှင့်အညီ အကောင်အထည်ဖော်ပေးရန် အကြိမ်ကြိမ်အခါခါ တညီတညွတ်တည်း ဆုံးဖြတ်ချက်များချမှတ်ခဲ့ပေသည်။

ရွေးကောက်ပွဲရလဒ်ဆိုသည်မှာ မိမိတို့၏ဆန္ဒအတိုင်းဖြစ်မလာလျှင် မလို မလိုသလို ပုံပန်းဖျက်ပစ်၍ရသောအရာမဟုတ်ပေ။ တပ်မတော်သားများအပါအဝင် ပြည်သူလူထုတရပ်လုံး၏ဆန္ဒမဲအရ အဆုံးအဖြတ်ပေးခဲ့သော ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်ကိုအာဏာပိုင်များကလေးစားစွာမလွဲမသွေ အကောင်အထည်ဖော်ရန် အဓိကတာဝန်ရှိပေသည်။

ရွေးကောက်ပွဲရလဒ်ကိုအသိအမှတ်ပြုခြင်းသည် ပြည်သူလူထု၏သဘောဆန္ဒကို ဥပဒေအရလည်းကောင်း၊ ကျင့်ဝတ်သိက္ခာအရလည်းကောင်း ရိုသေလေးစားခြင်းဖြစ်ပေသည်။

ပြည်သူ့ဆန္ဒကိုတန်ဖိုးထားလေးစားအသိအမှတ်ပြုသော၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲရလဒ်အပေါ်ထားရှိသော သဘောထားရပ်တည်ချက်သည် ရှင်းလင်းပြတ်သားပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ၂၈–၅–၉၈ နေ့တွင် အောက်ပါအတိုင်း မိန့်ခွန်းပြောကြားခဲ့ပေသည်။

**"ကျမတို့နိုင်ငံရဲ့အတွေ့အကြုံအရ ဖြည့်စွက်ပြောဆိုလိုတာကတော့ ရွေးကောက်ပွဲကျင်းပပြီးရင် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးဖို့လည်း လိုသေးတယ်ဆိုတဲ့ အချက်ပါပဲ။ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်တာဟာ ထမင်းစားဖိတ်၊ ထမင်းပွဲပြင်၊ စားပွဲမှာထိုင်ခိုင်းပြီးမှ မစားရဘူးဆိုပြီး ထမင်းဟင်းတွေ ပြန်ပြီးသိမ်းသွားသလိုပါပဲ။ ဧည့်သည်တွေကို စော်ကားတဲ့လုပ်ရပ်ပါ။ ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ပေးတာဟာ ပြည်သူတရပ်လုံးကို လိမ်လည်လှည့်ဖြား စော်ကားရာရောက်တယ်။"**

**"အာဏာပိုင်တွေဟာ မိမိတို့သဘောမကျတဲ့ ရွေးကောက်ပွဲရလဒ်ဆိုရင် လျစ်လျူရှုလိုက်၊ လိုချင်တဲ့ရလဒ်ဖြစ်လာနိုးနိုး ရွေးကောက်ပွဲအသစ်တွေ ကျင်းပလိုက်နဲ့ လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့အနာဂတ်နဲ့ ကစားရာရောက်ပါလိမ့်မယ်၊ တိုင်းပြည်ရဲ့အနာဂတ်ဆိုတာဟာ ကစားရမယ့်အရာမဟုတ်ပါဘူး။ တလေးတစားနဲ့ စောင့်ရှောက်သွားရမယ့် အရာသာဖြစ်ပါတယ်၊ ဒါကြောင့် ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ဘဲ နောက်ရွေးကောက်ပွဲအသစ် ကျင်းပရေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုံးဝလက်ခံမှာမဟုတ်ဘူးလို့ ဆုံးဖြတ်ထားတာဖြစ်ပါတယ် "**

**"၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို အမြန်ဆုံး အကောင်အထည်ဖော်ပေးဖို့လိုပါတယ်။ ပထမခြေလှမ်းအနေနဲ့ ပြည်သူ့လွှတ်တော်ခေါ်ပေးရပါလိမ့်မယ်။ "**

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ **"လွှတ်တော်ဆိုသည်မှာ ပြည်သူ့လွှတ်တော် ကိုဆိုသည်"** ဟု ပြဋ္ဌာန်းထားပေသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲ အတည်ပြုပိုင်ခွင့် အာဏာသာရှိသော တိုင်းပြည်ပြုလွှတ်တော်မဟုတ်ပေ။ ပြည်သူ့လွှတ်တော်ဆိုသည်မှာ တိုင်းပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲအတည်ပြုပိုင်ခွင့် ရှိသည်သာမက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများပါ လုပ်ပိုင်ခွင့်ရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် ပြည်သူ့လွှတ်တော်ဆိုသည်မှာ နိုင်ငံသားများကိုယ်စား နိုင်ငံတော်၏အချုပ်အခြာအာဏာကို ခံယူကျင့်သုံးသော နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်များအဖွဲ့အစည်း ဖြစ်ပေသည်။

တိုင်းပြည်ကို ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ဆောက်မည်ဆိုလျှင် အချုပ်အခြာ

အာဏာသည် ပြည်သူလူထုထံမှဆင်းသက်ရမည်၊ အစိုးရသည် ပြည်သူလူထု၏ သဘောဆန္ဒအပေါ် အခြေခံရမည် ဖြစ်ပေသည်။ ရွေးကောက်ပွဲရလဒ်ကို လေးစားအကောင်အထည်ဖော်ခြင်းဟူသည် ပြည်သူ့ဆန္ဒကို ရိုသေလေးစားခြင်းဖြစ်ပေသည်။ သို့မှသာ နိုင်ငံအကျိုးပြုလုပ်ငန်းများ၌ ပြည်သူလူထု၏ ထက်သန်သောပူးပေါင်း ပါဝင်မှု ရရှိမည်ဖြစ်ပေသည်။

ယနေ့နိုင်ငံတော်တွင်ရင်ဆိုင်နေရသော နိုင်ငံရေးစီးပွားရေး၊ လူမှုရေးစသည့် အထွေထွေအကြပ်အတည်းများကို ပြည်သူလူထု၏ တခဲနက်သောအင်အားများ ရယူ၍ဖြေရှင်းနိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်မှတဆင့် ဆောင်ရွက်ခြင်းပင်ဖြစ်ပေသည်။

ဤသို့ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏တာဝန်များကို ထမ်းဆောင်ခွင့် ရရှိရမည်ဖြစ်ပေသည်။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေအရ **"လွှတ်တော်ကိုယ်စားလှယ်"** ဆိုသည်မှာ **"လွှတ်တော်သို့ရွေးကောက်တင်မြှောက်ခြင်းခံရသူကိုဆိုသည်"** ဟုပြဌာန်းထားပေသည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်များက ယနေ့အထိ ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပနိုင်ခြင်းမရှိသေးသည်မှာ အာဏာပိုင်များ၏ တာဝန်ပျက်ကွက်နေမှုကြောင့် ဖြစ်ပေသည်။ သို့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မဟာမိတ်တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၅၁) ဦးတို့က ဆောင်ရွက်နိုင်ခွင့်ပေးထားသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စား တရားဝင်ဆုံးဖြတ်လုပ်နိုင်ခွင့် ရှိသော **"၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ"**မှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကို ကိုယ်စားပြုသည့်ကော်မတီ (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ) ကို ဖွဲ့စည်းထားပြီးဖြစ်ပေသည်။

နိုင်ငံအတွက်အရေးတကြီးလိုအပ်နေသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးအပါအဝင် နိုင်ငံအကျိုးပြုလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အာဏာပိုင်များအနေဖြင့် ဥပဒေအရ ပြည်သူ့လွှတ်တော် ခေါ်ယူဖွဲ့စည်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်နိုင်ခွင့်တို့အား ငြင်းပယ်နေခြင်းမှာ လုံးဝမဖြစ်သင့် မဖြစ်ထိုက်ပေ။ ဤသို့ပြုလုပ်နေသမျှကာလပတ်လုံး အာဏာပိုင်များသည် မြန်မာနိုင်ငံ၌ သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်နိုင်မည်မဟုတ်ပေ။ သမိုင်းစာမျက်နှာနောက်ဖက်လှန်ပြီး မိမိပြဌာန်းခဲ့သော ဥပဒေ၊ အမိန့်၊ ကြေညာချက်နှင့် မိမိပေးထားခဲ့သောကတိကဝတ်များကို ချိုးဖောက်သူအဖြစ် မြန်မာနိုင်ငံသမိုင်း၌ မကောင်းသောထုံးသာဓကေ ကျန်ရစ်မည်သာဖြစ်ပေမည်။ သမိုင်း၌အမဲကွက်ကြီး ကျန်နေမည်ဖြစ်သည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာစံနှုန်းအရလည်း **"ပြည်သူပြည်သားတို့၏ဆန္ဒသည် အုပ်ချုပ်မှုအာဏာ၏ အခြေခံဖြစ်ရမည်"**ဟူသော လူ့အခွင့်အရေးမူများကို ဆန့်ကျင်ချိုးဖောက်သူအဖြစ် ကမ္ဘာ့မှတ်တမ်းတွင် ကျန်ရစ်မည်သာဖြစ်ပေသည်။

ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးဟူသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပေါ်၌လည်း တာဝန်ရှိပေသည်။ အထူးသဖြင့် အဖွဲ့ချုပ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားဆန္ဒမဲပေးလိုက်သည့် မဲဆန္ဒရှင်များအပေါ်တွင် အထူးတာဝန်ရှိပေသည်။ မဲဆန္ဒရှင်များအား လေးစားကြရမည်။ ပစ်ပယ်၍မထားရ။ အဖွဲ့ချုပ်က ထုတ်ပြန်ထားသော **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း"**ပါ အချက်များကို မေ့ပျောက်ပစ်၍မရ။ ထိုအချက်များသည် မဲဆန္ဒရှင်ပြည်သူလူထုအပေါ် ဝန်ခံကတိပေးထားသည်များ ဖြစ်ပေသည်။ တချိန်တည်းတွင် မိမိအားကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်တာဝန်ပေးလိုက်သော အဖွဲ့ချုပ်အပေါ်တွင် သစ္စာရှိရမည်။ အဖွဲ့ချုပ်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမည်ဖြစ်ပေသည်။

တွေ့ဆုံဆွေးနွေးမှုမှတဆင့် ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပြီး၊ ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ ဖြစ်ပေါ်

လာရေးအတွက် ရွေးကောက်ပွဲသက်တမ်း (၁၃) နှစ်တင်းတင်းပြည့်ခဲ့သော ဤနေ့ ဤရက်အထိ မိမိတို့၏ အသက်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ စီးပွားရေး၊ မိသားစုရပ်တည်ရေးတို့ကိုစွန့်လွှတ်အနစ်နာခံကာ ကြိုးပမ်းခဲ့ကြသော၊ ကြိုးပမ်းနေဆဲဖြစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ဒီမိုကရေစီအင်အားစုများအား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပေသည်။

နိုင်ငံတကာအလယ်တွင် ဆင်းရဲသောနိုင်ငံအဖြစ်မှ တိုးတက်သောနိုင်ငံဖြစ်လာရေးအတွက် အပြောင်းအလဲလိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဆွေးနွေးပွဲဖြစ်ပေါ်လာရေးတို့ကို အစဉ်တစိုက်ကြိုးပမ်းခဲ့ပေသည်။ ယုံကြည်မှုတည်ဆောက်ခြင်းအဆင့်မှ နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးမှုကို အမြန်ဆုံးစတင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဘက်က အမြဲတမ်းအသင့်ရှိနေပေသည်။

တချိန်တည်းတွင် မည်သို့ပင်အခက်အခဲအတားအဆီး ခရီးကြမ်းများကြုံတွေ့နေစေကာမူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲမှတဆင့် ပြည်သူလူထုက မိမိတို့၏ ဒီမိုကရေစီအခွင့်အရေးအရ မိမိတို့ကြိုက်နှစ်သက်ရာအစိုးရကို ဖွဲ့စည်းနိုင်ရန် ရွေးကောက်တင်မြှောက်ခဲ့ပြီးဖြစ်၍ ခိုင်မာသော ဇွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယတို့ကိုဆုပ်ကိုင်လျှက် ပြည်သူလူထုနှင့်အတူ အခြေအနေအချိန်အခါများနှင့် ဆီလျှော်မည့် နိုင်ငံရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပေသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့

၁၃၆၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၂)ရက်။
၂၀၀၃ ခုနှစ်၊ မေလ (၂၇)ရက်။

★ ★ ★ ★ ★

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ကြေညာချက်**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ အာဏာပိုင်များကကျင်းပပေးခဲ့သည်။ အဆိုပါဥပဒေအား ၁၉၈၈ ခုနှစ်မှစ၍ နိုင်ငံတော်အာဏာကိုသိမ်းယူခဲ့သော အာဏာပိုင်များက ထုတ်ပြန်အတည်ပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဖြစ်သည်ဟု ၎င်းတို့ကပင်ဝန်ခံခဲ့သည်။

၂။ (၁) သို့သော် အာဏာပိုင်များသည် ရွေးကောက်ပွဲပြီးသည့်အခါ၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဟုဆိုပါလျှက် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးရမည်ဖြစ်သော်လည်း ယနေ့ (၁၄) နှစ်တိုင်တိုင်အထိ လျစ်လျူရှုထားပြီး၊ ပြည်သူ့လွှတ်တော်ကို ခေါ်ယူမပေးခဲ့ပေ။

(၂) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၃) က ဤသို့ အတိအလင်း ရှင်းလင်းပြတ်သားစွာ

ပြဋ္ဌာန်းထားသည်။ ၎င်းတို့မှာ ...

"လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်"ဟု ဖြစ်သည်။ အဓိပ္ပါယ်မှာ ပြည်သူ့လွှတ်တော်ကို ခေါ်ပေးရမည် ဖြစ်သည်။

(၃) ထိုသို့တိကျစွာပြဋ္ဌာန်းထားပါလျက်နှင့် ယင်းဥပဒေကိုမလိုက်နာဘဲ အာဏာပိုင်များက ပြည်သူ့လွှတ်တော်ကို ခေါ်ယူပေးခဲ့ခြင်းမရှိဘဲ လုံးဝပျက်ကွက်ခဲ့ပေသည်။ ပြည်သူ့လွှတ်တော်ခေါ်ပေးရန် ၎င်းတို့တွင် တာဝန်အပြည့်အဝရှိသည်။

၃။ ရွေးကောက်ပွဲနှင့် ပတ်သက်၍၊ အာဏာပိုင်အသီးသီးတို့၏ ပြောကြားချက်များကို ထုတ်ဖော်ရမည် ဖြစ်ပေသည်။

(၁) ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၃-၉-၈၈ ရက်နေ့တွင် ...

" ... ကျွန်တော်တို့တတွေဟာ တပ်မတော်သားတွေဖြစ်ကြပါတယ်။ တပ်မတော်သားများနဲ့ ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့လည်း နိုင်ငံ့ကျေးဇူးသစ္စာကိုခံယူထားတဲ့ အဖွဲ့အစည်းဖြစ်လို့ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ဝန်ခံထားရှိပြီးဖြစ်တဲ့ ကတိသစ္စာကို မည်သို့သောအကြောင်းကြောင့်မျှ ပယ်ဖျက်၊ ဖောက်ဖျက်မှာမဟုတ်ကြောင်း ယုံကြည်ထားရှိကြစေလိုပါတယ်" ဟုလည်းကောင်း၊

(၂) ၂၇-၃-၈၉ ရက် တော်လှန်ရေးနေ့တွင် ...

" ...တို့တပ်မတော်သားတွေအဖို့ကတော့ စစ်တန်းလျားကိုပြန်သွားပြီး တို့ရဲ့မူလအဓိကတာဝန်ကြီးဖြစ်တဲ့ အခုပြောရမှာပါဝင်တဲ့တာဝန်ကြီးတွေကို ဦးလည်မသုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမှာပဲဖြစ်တယ် ..." ဟုလည်းကောင်း၊

(၃) တဖန် ၃-၇-၉၀ ရက်နေ့တွင် ...

" ... ပါတီစုံရွေးကောက်ပွဲပြီးရင် ဘာလုပ်ကြမလဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဖို့ပဲဖြစ်တယ်။ နဝတက မရေးဘူးဆိုတာ ပြောပြီးပြီပဲ။ တရားခံလည်း အဖြစ်မခံနိုင်ဘူး ..."

" ... အခြေခံဥပဒေကို အရွေးခံရတဲ့ပါတီအဖွဲ့အစည်းတွေက လွှတ်တော်ကိုယ်စားလှယ်တွေ ညှိနှိုင်းပြီး လုပ်ကြရမယ့်ကိစ္စ ..." ဟုလည်းကောင်း တိုင်းပြည်သို့ အတိအလင်းပြောကြားခဲ့သည်။

(၄) ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) က ၁၃-၇-၉၀ ရက်နေ့တွင်ကျင်းပသော အကြိမ် (၁၀၀) မြောက် သတင်းစာရှင်းလင်းပွဲ၌ ...

" ... အဲဒီလို ခိုင်မာတဲ့အခြေခံဥပဒေပေါ်ထွန်းရေးဟာ၊ ရွေးကောက်ပွဲမှာအနိုင်ရတဲ့ နိုင်ငံရေးပါတီများက နိုင်ငံတော်နဲ့ ပြည်သူလူထုတရပ်လုံးရဲ့ရေရှည်အကျိုးစီးပွားကို မျှော်တွေးပြီးတော့ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးတာဝန်ဟာ နိုင်ငံရေးပါတီများရဲ့တာဝန်သာဖြစ်ပါတယ် ... " ဟုလည်းကောင်း၊

(၅) ၁၁-၉-၉၁ ရက်နေ့တွင် ကျင်းပသော (၁၀၄) ကြိမ်မြောက်သတင်းစာရှင်းလင်းပွဲ၌လည်း ...

" ... နဝတအနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုမရေးဘူး။ ပြည်သူ့ကိုယ်စားလှယ်တွေက ရေးဖို့ ဖြစ်တယ်။ အဲဒီလိုတိတိလင်းလင်းပြောခဲ့တဲ့အတိုင်း ယခုရွေးကောက်တင်မြှောက်ခြင်းခံရတဲ့

နိုင်ငံရေးပါတီအသီးသီးက ပြည်သူ့ကိုယ်စားလှယ်တွေနဲ့တကွ အဓိကနိုင်ငံရေးပါတီက ဒီကိစ္စကို ဦးစီးဦးဆောင်ပြုရမှာပဲဖြစ်ပါတယ် ... " ဟုလည်းကောင်း ပြောကြားခဲ့ပေသည်။

(၆) ၂၇–၇–၉၀ ရက်စွဲပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် (၁/၉၀) အပိုဒ် (၁၂) တွင်လည်း . . .

(က) " ... လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့က ဆောင်ရွက်ပေးမည် ... "ဟု လည်းကောင်း၊

၎င်းပြင် ယင်းကြေညာချက် အပိုဒ် (၂၀) ၌လည်း ...

(ခ) "...ယနေ့အခြေအနေတွင် ပြည်သူများကရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲကြရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်များဖြစ်သည် ..."ဟု လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပေသည်။

(၇) ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) က ၁၁–၉–၉၀ ရက်နေ့တွင် ...

(က) "...အခုလို လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို မူလသတ်မှတ်ထားတဲ့အတိုင်း အောင်အောင်မြင်မြင် ကျင်းပပေးခဲ့တာဟာ န–ဝ–တ အဖွဲ့အနေနဲ့ အာဏာလွှဲပြောင်းပေးချင်လို့ပဲလုပ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ အာဏာလွှဲပေးဖို့ဆန္ဒမရှိဘူး၊ ရည်ရွယ်ချက်မရှိဘူးဆိုရင် အဲဒီရွေးကောက်ပွဲ လုပ်ပေးစရာအကြောင်းမရှိဘူး။ ရှင်းနေပါတယ် ..."

(ခ) "...နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးအပ်ချင်တဲ့ဆန္ဒမရှိဘူး။ ရာသက်ပန်အာဏာကိုဆုပ်ကိုင်ထားလိုတယ်ဆိုတဲ့ စွပ်စွဲချက်တွေဟာ အခုထိမကုန်သေးပါဘူး။ နိုင်ငံတော်အာဏာကို ရာသက်ပန် ဆုပ်ကိုင်ထားလိုတယ်ဆိုရင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကြီးကို အခုလို ကြိုးကြိုးစားစားလုပ်ပေးစရာအကြောင်းမရှိပါဘူး။ နိုင်ငံတော်အာဏာကိုလွှဲပြောင်းပေးဖို့ မူလကတည်းက ဆန္ဒရှိလို့သာ ရွေးကောက်ပွဲကြီးကို ပြုလုပ်ပေးခဲ့တာပဲဖြစ်တယ်ဆိုတာ သဘောပေါက်သင့်ပါတယ် ..." ဟူ၍လည်း ပြောကြားခဲ့ပေသည်။

(ဂ) ယခင်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးအုန်းဂျော်ကလည်း (၄၅) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ၉–၁၀–၉၀ ရက်နေ့တွင် ... " ... ကျယ်ပြန့်တဲ့အမျိုးသားညီလာခံတရပ်ကိုလည်း ခေါ်ယူကျင်းပပေးမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲဖို့ကတော့ အရွေးခံရတဲ့ကိုယ်စားလှယ်တွေရဲ့တာဝန်ပဲဖြစ်ပါတယ် ... "ဟု ကမ္ဘာ့နိုင်ငံအသီးသီး၏ ကိုယ်စားလှယ်များအား ပြောကြားခဲ့သည်။

၄။ ၂၀၀၃/၀၄ ခုနှစ် (၅၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီက ...

" ... ဒီမိုကရေစီကိုပြန်လည်တည်ဆောက်ရန်နှင့် ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲရလဒ်အားလေးစားရန်၊ ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အခြားခေါင်းဆောင်များနှင့် ဒီမိုကရေစီကူးပြောင်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို တိုက်ရိုက်ဦးတည်ပြီး တည်တံ့ခိုင်မြဲ၍ စေ့စပ်သေချာစွာဖွဲ့စည်းထားသော တွေ့ဆုံဆွေးနွေးရေးကိုချက်ချင်းစတင်ရန်၊ ဤဆွေးနွေးခြင်းတွင် စောစောအဆင့်၌ တိုင်းရင်းသားအဖွဲ့များ၏ကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးခေါင်းဆောင်များ ပါဝင်ရန် ... "စသည်တို့ကို တညီတညွတ်တည်း၊ မဲခွဲခြင်းမပြုဘဲ ဆုံးဖြတ်ခဲ့သည်။

၅။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးနှင့်ပတ်သက်၍ အောက်ပါ

အတိုင်းပြောကြားခဲ့သည် ...

"... ပြည်ထောင်စုမြန်မာနိုင်ငံလူထုက ပြောင်းလဲမှုနှင့် ထိုပြောင်းလဲမှုမှရရှိသော အကျိုးကျေးဇူးများအတွက်၊ ကာလရှည်ကြာစွာစောင့်ဆိုင်းခဲ့ပြီးဖြစ်သည်။ သူတို့လည်း ပြောင်းလဲမှုအတွက် ၁၉၉၀ ခုနှစ်တွင် ဆန္ဒမဲပေးခဲ့သည်။ သူတို့သည် အိမ်နီးချင်းနိုင်ငံများရှိ သူတို့၏ မဲဆန္ဒရှင်များကဲ့သို့ စီးပွားရေး၊ အများပြည်သူနှင့်ဆိုင်သောကိစ္စရပ်များ၊ လူမှုရေးနှင့်နိုင်ငံရေးတိုးတက်မှုများ၏ တူညီသောအကျိုးကျေးဇူးများကို တွေ့ကြုံခံစားရန် ရသင့်ရထိုက်ပါသည် ..."

၆။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် တနိုင်ငံဖြစ်နေလင့်ကစား၊ ကုလသမဂ္ဂအထွေထွေညီလာခံ အသီးသီး၏ ဆုံးဖြတ်ချက်များကို အလေးမထား၊ လျစ်လျူရှုနေသည်။

၇။ တရားဥပဒေစိုးမိုးရေးဟု အကြိမ်ကြိမ်ပြောကြား၍ ကြွေးကြော်နေသောအာဏာပိုင်များသည်၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၃) အရလည်းကောင်း၊ ကြေညာချက်အမှတ် (၁/၉၀)၊ အပိုဒ် (၁၂) အရ လည်းကောင်း၊ တိုင်းပြည်သို့ ကတိကဝတ်ပြုထားသည်များအရလည်းကောင်း၊ မဲဆန္ဒရှင်ပြည်သူလူထု၏ တခဲနက်ထောက်ခံမှုအရလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးရပေမည်။ လွှတ်တော်ခေါ်ယူမပေးခြင်းသည် **"တရားဥပဒေ စိုးမိုးရေး"**ဟူသည်နှင့် ဆန့်ကျင်နေသည်။ ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းမပေးမချင်း မည်သို့သောအကြောင်းပြချက်ဖြင့် မည်သည့်နည်းလမ်းကို ကျင့်သုံးသည်ဖြစ်စေ၊ မည်သို့သောအခြေအနေနှင့် မည်သည့်အချိန်တွင်မဆို၊ ယင်းရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ ပျက်ပြယ်မည်မဟုတ်ပေ။ ဤကဲ့သို့ပြုလုပ်သူများသည် ပြည်သူ့ဆန္ဒအစစ်အမှန်ကို မျက်ကွယ်ပြုကြသူများဖြစ်သဖြင့် သားစဉ်မြေးဆက် နာမည်သေသွားပြီး သမိုင်းတရားခံများဖြစ်သွားပေလိမ့်မည်။

၈။ ရွေးကောက်ပွဲကျင်းပပြီးနောက် (၁၄) နှစ်ကြာသည့်တိုင်အောင် ပြည်သူ့လွှတ်တော်ခေါ်ယူမပေးခြင်းသည်၊ မည်သို့သောအကြောင်းပြချက်ဖြင့်ဖြစ်စေ ဖြစ်သင့်ဖြစ်ထိုက်သည်မဟုတ်ပေ။ ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်သူများသည် ပြုပြင်ပြောင်းလဲရေးကိုလိုလားကြသူများမဟုတ်ပေ။ ကမ္ဘာတွင် မည်သည့်နိုင်ငံတွင်မျှ ဤကဲ့သို့ပြုမူကျင့်ကြံခြင်းမရှိချေ။ ကမ္ဘာ့အလယ်တွင် အရှက်ရသိက္ခာကျစေပြီး၊ မြန်မာ့သမိုင်းတွင် ဖျောက်ဖျက်၍ မရသောအမည်းစက်ကြီးဖြစ်နေမည်။

၉။ ရွေးကောက်ပွဲကျင်းပပြီး၊ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ပေးခြင်းသည်၊ အလွန့်အလွန်အကျည်းတန်အရုပ်ဆိုးသည်။ ၎င်းပြင် တိုင်းပြည်ကို ဒီမိုကရေစီနိုင်ငံထူထောင်ပေးမည်ဟု အကြိမ်ကြိမ်ပြောနေသော်လည်း၊ ရွေးကောက်ပွဲရလဒ်ကိုအကောင်အထည်မဖော်ပေးခြင်းသည် စစ်မှန်သောဒီမိုကရေစီကို ရှေးရှုသည်မဟုတ်ကြောင်း ထင်ရှားသည်သာမက၊ အလွန်ဆိုးရွားသည့် အစဉ်အလာဖြစ်သောကြောင့် တိုင်းပြည်နှင့်ပြည်သူလူထုအကျိုးအတွက် လုံးဝလက်မခံနိုင်ပေ။ ယခုကတည်းက ပြည်သူ့ဆန္ဒကို လေးစားလိုက်နာခြင်းမရှိလျှင်၊ နောင်ရွေးကောက်ပွဲများ၏ရလဒ်များကိုလည်း အာဏာပိုင်များက လေးစားလိုက်နာမည်ဟု ပြည်သူလူထုက ယုံကြည်ရန်ခက်ခဲပေလိမ့်မည်။

၁၀။ ၎င်းပြင် ၁၉၉၀ ခုနှစ်တွင် မဲဆန္ဒရှင်ပြည်သူလူထုက ၎င်းတို့၏ကိုယ်စား တိုင်းပြည်အရေးကိစ္စများကိုဆောင်ရွက်ရန် ဆန္ဒမဲပေးခြင်းဖြင့် လုပ်ပိုင်ခွင့်များအပ်နှင်းထားပြီးဖြစ်သည်။ ရွေးကောက်ပွဲရလဒ်အား အသိအမှတ်ပြုခြင်းသည် မဲဆန္ဒရှင်ပြည်သူလူထု၏ဆန္ဒကို လေးစားခြင်းမည်ပေသည်။ မည်သည့်အာဏာပိုင်မဆို ပြည်သူလူထု၏ဆန္ဒကို လေးစားကြရစမြဲဖြစ်သည်။ ပြည်သူလူထုကလည်း ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးရန် ပြင်းပြသောဆန္ဒများရှိနေဆဲဖြစ်သည်။

၁၁။ မျက်မှောက်ခေတ် နိုင်ငံတကာအခြေအနေများကိုလေ့လာကြည့်လျှင်၊ ပြုပြင်ပြောင်းလဲမှုကို အမှန်တကယ်

လိုလားသော စစ်အာဏာရှင်များပင် ပြည်သူ့ဆန္ဒကိုလေးစား၍ တိုင်းပြည်ကိုချစ်မြတ်နိုးသောစိတ်ဖြင့် မိမိက ကြီးမှူးကျင်းပပေးခဲ့သော ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုသည့် သက်သေသာဓကများရှိပေသည်။ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုခြင်းသည် ပြည်သူ့ဆန္ဒသဘောထားကို ဥပဒေအရလည်းကောင်း၊ ကျင့်ဝတ်သိက္ခာအရလည်းကောင်း ရိုသေလေးစားခြင်းမည်ပေသည်။ ရွေးကောက်ပွဲရလဒ်ဆိုသည်မှာ မိမိတို့၏ဆန္ဒအတိုင်းဖြစ်မလာလျှင်၊ မလိုလျှင်မလိုသလို ပုံပန်းဖျက်ပစ်၍ရသော အရာမဟုတ်ပေ။

၁၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်က ၂၈–၅–၉၈ နေ့တွင် …

**" အာဏာပိုင်တွေဟာ မိမိတို့သဘောမကျတဲ့ရွေးကောက်ပွဲရလဒ်ဆိုရင် လျစ်လျူရှုလိုက်၊ လိုချင်တဲ့ ရလဒ်ဖြစ်လာနိုးနိုး ရွေးကောက်ပွဲအသစ်တွေကျင်းပလိုက်နဲ့လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့ အနာဂတ်နဲ့ ကစားရာရောက်ပါလိမ့်မယ်။ တိုင်းပြည်ရဲအနာဂတ်ဆိုတာဟာ ကစားရမယ့်အရာ မဟုတ်ပါဘူး။ တလေးတစားနဲ့စောင့်ရှောက်သွားရမယ့်အရာသာ ဖြစ်ပါတယ်။ "**

**" ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို အမြန်ဆုံးအကောင်အထည်ဖော်ပေးဖို့လိုပါတယ်။ ပထမခြေလှမ်းအနေနဲ့ ပြည်သူ့လွှတ်တော်ခေါ်ပေးရပါလိမ့်မယ် "**ဟု ပြောကြားခဲ့သည်။

၁၃။ အချိန်မည်မျှကြာကြာ အမှန်တရားဆိုသည်မှာ သမိုင်းတွင်ပြောင်းလဲသွားခြင်းမရှိသလို၊ ပျောက်ကွယ်သွားမည်လည်းမဟုတ်ပေ။ အမှန်တရားကိုချေဖျက်၍ရမည်လည်းမဟုတ်ပါ။ ဤကြေညာစာပါ အချက်များ မှန်မမှန်ဆိုသည်ကို အနာဂတ်က သက်သေပြလိမ့်မည်။

၁၄။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲကြေညာစာတမ်းပါအချက်များသည် တိုင်းပြည်နှင့်ပြည်သူလူထုအတွက် ရေတိုရေရှည် အကျိုးစီးပွားများကို ထင်ဟပ်ဖော်ပြနေသည်သာမက၊ တိုင်းပြည်၏ယနေ့အခြေအနေနှင့်လည်း လုံးဝကိုက်ညီနေပေသည်။ ယင်းအချက်များကို လေ့လာခြင်းမရှိ၊ ခေတ်အမြင်ခေတ်အတွေးလည်းမရှိသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကသာ ရွေးကောက်ပွဲကျင်းပပြီး (၁၄) နှစ်ကြာသွားပြီဖြစ်၍ ယနေ့အခြေနေနှင့်မကိုက်ညီဟု သိမ်ဖျင်းစွာစွပ်စွဲပြောကြားနေခြင်းဖြစ်ပေသည်။

၁၅။ ယင်းရွေးကောက်ပွဲတွင် တပ်မတော်သားများအပါအဝင် မဲဆန္ဒရှင်ပြည်သူလူထု၏ တိုင်းပြည်ကို စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးဟူသော ဆန္ဒအစစ်အမှန်ကို အာဏာပိုင်များက မဖြစ်မနေအကောင်အထည်ဖော်ပေးလာစေရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူလူထုတွင် ကြီးလေးသောတာဝန်များရှိကြောင်း၊ တိုင်းပြည်၏ ယနေ့ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အကြပ်အတည်းများကို ဖြေရှင်းနိုင်ရန် ပြည်သူလူထုကလုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်မှတပါး အခြားနည်းလမ်းမရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လေးနက်စွာကြေညာလိုက်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း (၉) ရက်။
၂၀၀၄ ခုနှစ်၊ မေလ (၂၇) ရက်။

## ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကိုကိုယ်စားပြုသည့်ကော်မတီ (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ)၏ (၆) နှစ်မြောက်နေ့တွင် ထုတ်ပြန်သောကြေညာချက် ( ၁၆-၉-၀၃ ) ရက်နေ့မှ ( ၁၆-၉-၀၄ ) ရက်နေ့အထိ

၁၉၉၀ ပြည့်နှစ်တွင် ကျင်းပပြီးစီးခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အာဏာပိုင်များက ကျင်းပပြုလုပ်ပေးသည့်ရွေးကောက်ပွဲဖြစ်ပြီး၊ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲလည်းဖြစ်ပေသည်။ သို့ရာတွင် ရွေးကောက်ပွဲကျင်းပပြီးစီးခဲ့သည်မှာ (၁၄) နှစ် ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း၊ အာဏာပိုင်များသည် အဆိုပါရွေးကောက်ပွဲ၏ရလဒ်ကို အကောင်အထည်ဖော်ပေးခြင်း (ပြည်သူ့လွှတ်တော်ခေါ်ယူကျင်းပပေးခြင်း) အလျင်းမရှိသည့်အပြင်၊ ရွေးကောက်ပွဲ၏ရလဒ်ကို ပျက်ပြယ်သွားစေမည့် လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ်လုပ်ဆောင်လာခဲ့ပေသည်။ တိုင်းရင်းသားနိုင်ငံရေးပါတီများအပါအဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ခေါ်ယူနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများကိုလည်း ဖမ်းဆီး၊ ထောင်ချမှုများဖြင့် ဟန့်တားနှောင့်ယှက်ခဲ့ပေသည်။

ထို့အတူ ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကိုဖွဲ့စည်းခဲ့သည်မှာလည်း ယနေ့ဆိုလျှင် (၆) နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပေပြီ။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် မိမိတို့၏ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့သော်လည်း အာဏာပိုင်များ၏ ပြင်းထန်သောဟန့်တား၊ နှောင့်ယှက်မှုများကြောင့်၊ ပြည်သူ့လွှတ်တော်ကား မပေါ်ပေါက်သေးသဖြင့်၊ ပြည်သူ့လွှတ်တော်ခေါ်ယူရေးအတွက် ဆက်လက်ကြိုးပမ်းရပေမည်။

မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ပြန်လည်တည်ဆောက်မည်ဆိုပါက၊ ဒီမိုကရေစီအခွင့်အရေးများ၊ ဒီမိုကရေစီလုပ်နည်းလုပ်ဟန်ကျင့်စဉ်များကို၊ လေးစားလိုက်နာ၊ ကျင့်သုံးခြင်းဖြင့် စတင်ကြရပေမည်။ ပြည်သူ့ဆန္ဒကိုရယူခြင်း၊ ပြည်သူတို့၏ဆန္ဒကိုလေးစားလိုက်နာခြင်းတို့သည်၊ ဒီမိုကရေစီကျင့်စဉ်၏ အဓိကကျသောအခြေခံမှုများလည်း ဖြစ်ပေသည်။ ပြည်သူ့ဆန္ဒကို လေးစားလိုက်နာသည့်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍၊ ပြည်သူတို့၏လွတ်လပ်သည့်ဆန္ဒနှင့်အညီ၊ ပြည်သူ့ကိုယ်စားလှယ်များကိုရွေးချယ်ကြရမည်။ ပြည်သူ့ ကိုယ်စားလှယ်များဖြင့်၊ ပြည်သူ့လွှတ်တော်ကို ခေါ်ယူကျင်းပပေးရမည်။ ရွေးကောက်ပွဲ၏ရလဒ်ကို အသိအမှတ်မပြု ခြင်း၊ ပျက်ပြယ်အောင်လုပ်ခြင်းတို့သည် ဒီမိုကရေစီအခြေခံမှုများကိုပစ်ပယ်သည့်အပြင်၊ ပြည်သူတို့၏ဆန္ဒကို မျက်ကွယ်ပြုရာလည်းရောက်ပေသည်။ ထို့ပြင် ရွေးကောက်ပွဲရလဒ်သည် မိမိမျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာပါက၊ ရွေးကောက်ပွဲ၏ရလဒ်ကို ငြင်းပယ်၍၊ နောက်တကြိမ်ရွေးကောက်ပွဲကျင်းပရန် ပြုလုပ်မည်ဆိုပါက၊ လူ့ကျင့်ဝတ်သိက္ခာအရပင်လျှင် မလျှော်ကန် မသင့်မြတ်သောလုပ်ရပ်သာ ဖြစ်ပေသည်။

၁၉၉၀ ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ပြီး၊ ပြည်သူတို့၏ဆန္ဒအစစ်အမှန်လည်း ဖြစ်ပေသည်။ အဆိုပါ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြု၊ အကောင်အထည်ဖော်ခြင်းသည်၊ ပြည်သူတို့၏ဆန္ဒကိုအလေးထားခြင်း၊ ဒီမိုကရေစီကျင့်စဉ်ကို လေးစားလိုက်နာခြင်းမည်ပေသည်။ ထို့ကြောင့် ဖြစ်နိုင်သမျှနည်းလမ်းများကို ရွေးချယ်လျက်မည်သို့သောအခက်အခဲများကို ရင်ဆိုင်ရသည်ဖြစ်စေ၊ ခိုင်မာသည့်စိတ်ဓာတ်၊ ဝီရိယတို့ဖြင့် ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးကို၊ ဆက်လက်၍ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ပြည်သူ့လွှတ်တော်ခေါ်ယူကျင်းပရေးအပါအဝင်၊ မြန်မာနိုင်ငံရင်ဆိုင်ကြုံတွေ့နေရသော အထွေထွေအကြပ်အတည်းများကိုဖြေရှင်းရေးသည် တမျိုးသားလုံး၏တာဝန်ဖြစ်သကဲ့သို့ အမျိုးသားအင်အားစုအားလုံးပေါင်းစည်းညီညွတ်ရေးကို ဆောင်ရွက်နေကြရမည့်တာဝန်သည်လည်း အမျိုးသားရေးတာဝန်ဖြစ်ပေသည်။ အမျိုးသားပေါင်းစည်းညီညွတ်ရေးအတွက်၊ တခုတည်းသောနည်းလမ်းမှာလည်း တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာရေးပင်ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများသည် တွေ့ဆုံဆွေးနွေးရေးကို အစဉ်တစိုက် တိုက်တွန်းတောင်းဆိုခဲ့ပေသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကမူ ဖမ်းဆီး၊ ထောင်ချ၊ ဟန့်တား၊ နှောင့်ယှက်သည့်လုပ်ရပ်များကို နည်းမျိုးစုံသုံး၍၊ နိုင်ငံရေးပါတီများကို ပြိုကွဲ ချိနဲ့သွားစေရန် တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ပေသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် လုပ်သင့်လုပ်ထိုက်သည်ကို ပီပီပြင်ပြင်လုပ်ဆောင်ပေးခြင်းဖြင့် အမျိုးသားအင်အားစုများအချင်းချင်း ယုံကြည်မှုတို့တည်ဆောက်ရမည့်အစား ယုံကြည်မှုကင်းမဲ့ပြီး၊ ညီညွတ်ရေးကို ပျက်ပြားစေမည့်လုပ်ရပ်များကိုသာ အစဉ်တစိုက်လုပ်ဆောင်ခဲ့ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည်၊ ၁၉၉၀ ပြည့်နှစ်တွင်၊ မိမိကိုယ်တိုင်ကျင်းပပေးခဲ့သည့်၊ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြု အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့ပေသည်။ လွှတ်တော်ခေါ်ရမည့်အစား၊ ၁/၉၀ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ မိမိကိုယ်တိုင် ထုတ်ပြန်ထားသော ထိုကြေညာချက်ပါ **"ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ဆောင်ရွက်ပြီးသည့်အခါ ပြည်သူ့လွှတ်တော်ကို ခေါ်ယူကျင်းပပေးမည်"**၊ **"ပြည်သူ့လွှတ်တော်ကို ရွေးချယ်ခံရသည့်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းမည်"**၊ **"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲရန်တာဝန်ရှိသည်"** စသည့်အချက်များကို လျစ်လျူရှုသည့်အပြင်၊ အစဉ်တစိုက်ပေးခဲ့သည့် ကတိကဝတ်များကိုလည်း ဖောက်ဖျက်ခဲ့သည်။ လူထုဆန္ဒကို တခဲနက်ရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တွေ့ဆုံဆွေးနွေးရန် တောင်းဆိုချက်ကိုလည်း အလေးမမူ၊ ဂရုမစိုက်ဘဲ လျစ်လျူရှုခဲ့သည်။ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်မည်ဟု ကြွေးကြော်နေသော်လည်း၊ ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်ခြင်းအားဖြင့် ဒီမိုကရေစီ၏ အခြေခံဖြစ်သော ပြည်သူ့ဆန္ဒကို လေးစားလိုက်နာရန် ပျက်ကွက်ခဲ့သည်။ အဆိုပါရွေးကောက်ပွဲ၏ရလဒ်ကို ကျော်လွှားပျက်ပြယ်စေမည့်အစီအမံများကိုလည်း၊ အကွက်ချ၍ စီမံချက်ဖြင့် လုပ်ဆောင်လာခဲ့သည်။

သို့ရာတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့တွင် ကြေညာချက်အမှတ်– ၁/၈၈ ဖြင့်၊ အောက်ပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်၊ နိုင်ငံတော်အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူလိုက်သည်ဟု တိုင်းပြည်သို့အတိအလင်းကြေညာခဲ့ပါသည်။

(က) × × × ×

(ခ) × × × ×

(ဂ) × × × ×

(ဃ) အထက်ပါလုပ်ငန်းရပ်များပြည့်စုံပြီးလျှင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး၊

ယင်းအချက်မှာ တိုင်းပြည်အာဏာကိုသိမ်းယူခဲ့စဉ်က ရဟန်း၊ ရှင်လူ၊ ပြည်သူ၊ ကျောင်းသား ကျောင်းသူတို့အားပေးခဲ့သော ကတိကဝတ်များဖြစ်သည်။ ယင်းကတိကဝတ်အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ နောက်ဆုံးတာဝန်ဖြစ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြီးဖြစ်၍၊ ယင်းရလဒ်ကို လေးစားလိုက်နာပြီး၊ အကောင်အထည်ဖော်ပေးရန်သာရှိသည်။ ယင်းရွေးကောက်ပွဲကို လျစ်လျူရှုပြီး၊

နောက်ထပ် ရွေးကောက်ပွဲအသစ်ကို ကျင်းပပြုလုပ်ခွင့်မရှိတော့ပေ။

ထို့အပြင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ – ၃ တွင် **"လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်"**ဟု အတိအကျပြဋ္ဌာန်းသောကြောင့် **"တရားဥပဒေစိုးမိုးရေး"**ဟူသည်အရ ပြည်သူ့လွှတ်တော်ကို မလွဲမသွေခေါ် ပေးရန် လုံးဝတာဝန်ရှိပေသည်။ ဥပဒေအရ ယင်းလွှတ်တော်ကိုခေါ်ယူ ဖွဲ့စည်းမပေးဘဲ၊ နောက်ထပ် ရွေးကောက်ပွဲ တခုကို ကျင်းပပြုလုပ်ရန် ဥပဒေအရ အခွင့်အာဏာလုံးဝမရှိပါ။

ဤသို့ အကြိမ်ကြိမ်အထပ်ထပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏လုပ်ရပ်များ ကြောင့်၊ အမျိုးသားအင်အားစုများအတွင်း ယုံကြည်မှုပျက်ပြားစေခဲ့ပေသည်။ ယင်းတို့အနက်၊ အဆိုးဝါးဆုံး လုပ်ရပ်မှာ ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက် ဒီပဲယင်းလုပ်ကြံမှုကြီးပင်ဖြစ်ပေသည်။ ဒီပဲယင်းလုပ်ကြံမှုသည် တရားဝင် နိုင်ငံရေးပါတီတရပ်၏ခေါင်းဆောင်များနှင့်အဖွဲ့ဝင်များကာ၊ ပြည်သူအတွင်း လွတ်လပ်စွာသွားလာလှုပ်ရှား စည်းရုံးမှုကို၊ ကြိုတင်အစီအမံဖြင့်၊ အင်အားသုံး၍ ဖြိုခွဲတိုက်ခိုက်အကြမ်းဖက်သည့်လုပ်ရပ် ဖြစ်ပေသည်။ ထိုသို့ လူအများ သေကြေ၊ ဒဏ်ရာရ၊ ပစ္စည်းများဆုံးရှုံးသည့်လုပ်ရပ်သည် အထင်အရှားဖြစ်ပါလျက်၊ တရားခံများကို စုံစမ်းဖော်ထုတ်၊ အပြစ်ပေးခြင်းမရှိသည့်အပြင်၊ လုပ်ကြံခံရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခေါင်းဆောင် များ၊ အဖွဲ့ဝင်များ၊ ပြည်သူများကိုသာ ဖမ်းဆီး၊ ထောင်ချ၊ အရေးယူခဲ့ပေသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကိုလည်း ယနေ့တိုင် လွှတ်ပေးခြင်းမရှိသေးပေ။ ယင်းအချက်များကိုထောက်ရှုခြင်းအားဖြင့် ဒီပဲယင်း လုပ်ကြံမှုသည်၊ တရားလက်လွတ်ပြုမူခြင်း၊ တရားဥပဒေကင်းမဲ့ပြီး၊ မင်းမဲ့စရိုက်ဆန်ခြင်း၊ ဒီမိုကရေစီအခွင့်အရေး များကို တိုက်ရိုက်ချိုးဖောက်ခြင်းဖြစ်ပြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အပြောနှင့်အလုပ် မညီသော၊ ဒီမိုကရေစီကို ရွံ့မုန်း ချေဖျက်သည့်လုပ်ရပ်လည်းဖြစ်ပေသည်။

အဆိုပါလုပ်ရပ်များကြောင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအပေါ်၊ နိုင်ငံရေး ပါတီများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူတရပ်လုံးကာ၊ ယုံကြည်မှုကင်းမဲ့ကာ၊ အမျိုးသားပြန်လည် သင့်မြတ်ရေးလုပ်ငန်းစဉ်ကိုလည်း၊ ဆိုးဆိုးရွားရွားထိခိုက်စေခဲ့ပေသည်။ နိုင်ငံတကာအလယ်တွင်လည်း၊ ဂုဏ် သိက္ခာညှိုးနွမ်းကျဆင်းခဲ့ရသည်။

လက်ရှိမြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ အစစအရာရာ ယိုယွင်းကျဆင်းနေသည့်အပြင်၊ အမျိုးသားညီညွတ်ရေးလည်းပျက်ပြားလျက်ရှိပေသည်။ ဤအခြေအနေအရပ် ရပ်သည်၊ အထွေထွေအကျပ်အတည်းတရပ်ကို ဖြစ်ပေါ်စေလျက်၊ မြန်မာနိုင်ငံ၏အနာဂတ်ရေးအတွက် အလွန် စိုးရိမ်ဖွယ်ကောင်းသော အခြေအနေဖြစ်ပေါ်လျက်ရှိပေသည်။ အထွေထွေအကျပ်အတည်းမှ လွတ်မြောက် ရေးနှင့် တိုင်းပြည်ကို ပြန်လည်ပြုပြင်တည်ဆောက်ရေးသည်၊ သက်ဆိုင်ရာနိုင်ငံရေးပါတီအဖွဲ့အစည်း အသီးသီး တို့၏ တာဝန်ဖြစ်သကဲ့သို့၊ တမျိုးသားလုံး မလွဲမသွေဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်လည်းဖြစ် ပေသည်။ ထို့ကြောင့် အမျိုးသားအင်အားစုများ ပေါင်းစည်းညီညွတ်ရေးကို၊ မရမနေတည်ဆောက်ကြရမည် ဖြစ်ပေသည်။ ထိုသို့ ပေါင်းစည်းညီညွတ်သောအားဖြင့် ယိုယွင်းကျဆင်းနေသည့် နိုင်ငံတော်ကိုပြုပြင်တည် ဆောက်ကြရပေမည်။ ဖြစ်ပျက်ခဲ့သမျှသော ပြဿနာအဝဝကိုလည်း၊ ချေဖျက်နိုင်သမျှချေဖျက်ပြီး၊ သံသယစိတ်များ၊ စိတ်ဝမ်း ကွဲပြားမှုများကို ပြေပျောက်နိုင်ရန်ကြိုးစားကြရမည်။ မည်သို့ပင်ဖြစ်စေ ယနေ့ကာလသည်၊ ဒီမိုကရေစီ နိုင်ငံတော်ကိုတည်ဆောက်ရေးအတွက် ရှေ့ရှုသည့် ဒီမိုကရေစီအခြေခံကောင်းများကို အစပျိုးလုပ်ဆောင် ပေးခြင်းဖြင့်၊ အမျိုးသားအင်အားစုအချင်းချင်း ယုံကြည်မှုကို စတင်တည်ဆောက်ကြရမည့် အချိန်အခါဖြစ် ပေသည်။

သို့ရာတွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည်၊ ဤသို့လုပ်ဆောင်ရမည့် အစား၊ မိမိတဖွဲ့တည်း၊ တဖက်သတ်အစီအစဉ်ဖြင့် လမ်းညွှန်မှု (၇) ချက်ကိုချမှတ်ကာ၊ အမျိုးသားညီလာခံကို ကျင်းပလျက်ရှိပေသည်။ အဆိုပါ ညီလာခံသည်၊ အမျိုးသားတရပ်လုံး၏ ယုံကြည်အားကိုးထိုက်သော၊ အမျိုးသားသွေးစည်း ညီညွတ်ရေးကိုဦးတည်သော၊ တိုင်းရင်းသားလူမျိုးများ၏ ရပိုင်ခွင့်များကိုအာမခံသော၊ အမျိုးသား ပြဿနာများကို ဖြေရှင်းနိုင်သော ညီလာခံတရပ်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အဆိုပါညီလာခံ၏ ဦးတည်ချက်များ၊ လုပ်ငန်းစဉ်များသည်၊ ပြည်သူ့ဆန္ဒကိုတခဲနက်ရယူထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင်၊ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် ကြိုတင်ဆွေးနွေးညှိနှိုင်း ရယူထားသောလုပ်ငန်းစဉ်များ မဟုတ်သည့်ပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မိမိသဘောဖြင့်ချမှတ်ထားသည့် တဖက်သတ်အစီအစဉ်များသာဖြစ်ပေသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများ၏ပြဿနာကို ဓမ္မဓိဋ္ဌာန်ကျကျ ဖြေရှင်းလိုသည့် အခြေခံသဘောထားများ မပါရှိခြင်း၊ ဒီမိုကရေစီ အခြေခံမူဘောင်များကို လေးစားလိုက်နာမှုမရှိခြင်း တို့ကြောင့်ဖြစ်ပေသည်။ တနည်းအားဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှု (၇) ချက်နှင့် အမျိုးသားညီလာခံသည်၊ အမျိုးသားအင်အားစုများ၊ [အမျိုးသားအင်အားစုများဆိုသည်မှာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအင်အားစုများ (တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ အပစ်အခတ်ရပ်စဲထားသော (သို့မဟုတ်) ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများ၊ အပစ်အခတ် မရပ်စဲရသေးသော လက်နက်ကိုင်အင်အားစုများ အပါအဝင်) ကို ဆိုလိုခြင်းဖြစ်သည်။ ] အတွင်းချပြ ဆွေးနွေးခြင်းဖြင့်ချမှတ်ခဲ့သည့် အမျိုးသားလုပ်ငန်းစဉ်တရပ် မဟုတ်ဘဲ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ တဖက်သတ်ချမှတ်သည့် လုပ်ငန်းစဉ်မျှသာ ဖြစ်ပေသည်။

မည့်သည့်နိုင်ငံ၊ မည့်သည့်သမိုင်း၊ မည်သည့်ကာလတွင်မဆို၊ အာဏာရပါတီတရပ်ရပ် (သို့မဟုတ်) အာဏာကို တနည်းနည်းဖြင့်ရယူထားသော အဖွဲ့အစည်းတခုခုက၊ တဖက်သတ်ချမှတ်သည့် လုပ်ငန်းစဉ်ဖြင့် အမျိုးသားညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်ဟူ၍ မရှိခဲ့ပေ။

အာဏာသိမ်းတော်လှန်ရေးကောင်စီသည်၊ ၁၉၆၃ ခုနှစ်တွင် အတိုက်အခံ လက်နက်ကိုင်အင်အားစုများနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲတရပ်ကိုကျင်းပခဲ့သော်လည်း အောင်မြင်မှုမရဘဲ ပျက်ပြားခဲ့ရပေသည်။ အဘယ်ကြောင့်နည်း ထိုစဉ်က အာဏာသိမ်းတော်လှန်ရေးကောင်စီ၏ မမှန်ကန်သည့်သဘောထား၊ ဓမ္မဓိဋ္ဌာန်မကျသည့် ရှုမြင်သုံးသပ်မှု၊ ပကတိအခြေအနေများနှင့် ကင်းကွာသည့်လောကအမြင်များမှ ထွက်ပေါ်လာသော တဖက်သတ်ရပ်တည်ချက်တို့ကြောင့်၊ အခြားအင်အားစုများနှင့် ဆွေးနွေးပင်ဆွေးနွေးခဲ့သော်လည်း၊ တဖက်အင်အားစုများ၏ရပ်တည်ချက် အမြင်နှင့်တင်ပြမှုများအပေါ် အလေးအနက်ထားကာ၊ အပေးအယူညှိနှိုင်းမှုများ မရှိခဲ့ခြင်းကြောင့်ဖြစ်ပေသည်။ ထို့အပြင် အာဏာသိမ်းတော်လှန်ရေးကောင်စီသည်၊ တိုင်းရင်းသားနှီးနှောဖလှယ်ပွဲများကိုလည်း ကျင်းပခဲ့ပေသည်။ အဆိုပါနှီးနှောဖလှယ်ပွဲများမှ ချမှတ်ခဲ့သည်ဆိုသောမူများကို အခြေခံလျက်၊ ၁၉၇၄ ခု ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲခဲ့ပေသည်။ ထိုအခြေခံဥပဒေသည်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်နိုင်မှုမရှိသကဲ့သို့၊ ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း ဖော်ဆောင်ပေးနိုင်ခဲ့ခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုပါမူ ထိုစဉ်ကကျင်းပခဲ့သော တိုင်းရင်းသားနှီးနှောဖလှယ်ပွဲများသည် ဟန်ပြသဘောသက်သက်မျှသာဖြစ်ခြင်း၊ ထိုနှီးနှောဖလှယ်ပွဲမှချမှတ်ခဲ့သည်ဆိုသောမူများသည်လည်း၊ တိုင်းရင်းသားလူမျိုးများ၏ သဘောဆန္ဒနှင့်ကင်းကွာပြီး၊ တော်လှန်ရေးကောင်စီမှ တဖက်သတ်ချမှတ်ခဲ့သည့် အခြေခံမူများဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် တော်လှန်ရေးကောင်စီ၏လုပ်ဆောင်ချက်များသည် ပြည်သူတို့၏သဘောဆန္ဒမပါဘဲ မိမိအဖွဲ့အစည်းတခုတည်း၏ တဖက်သတ်နှင့် ဟန်ပြသဘောလုပ်ဆောင်ချက်များ ဖြစ်ပေသည်။ စစ်မှန်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တမျိုးသားလုံး၏သွေးစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်ခဲ့ခြင်းမရှိသည့်အပြင်၊ မှားယွင်းသော အစီအမံလုပ်ဆောင်ချက်များကြောင့်၊ နှစ်ပေါင်း (၂၀) ကျော်ကာလအတွင်း တိုင်းပြည်၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးများချွတ်ခြုံကျကာ၊ တိုင်းရင်းသားပြည်သူတရပ်လုံး ဒုက္ခပင်လယ်ဝေခဲ့ကြရပေသည်။ အနိဋ္ဌာရုံကြီးမှာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိသွားပေသည်။

ဤဖြစ်ရပ်များကိုသင်ခန်းစာယူပြီး၊ ယနေ့တိုင်းပြည်တွင်ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ၊ အကျပ်အတည်းများကို ပြုပြင်ပြောင်းလဲလိုသည့် မွန်မြတ်သည့်စိတ်ထားဖြင့်၊ အမျိုးသားအင်အားစုများအားလုံးသည်၊ မိမိကိုယ်ကို မိမိ ဝေဖန်သုံးသပ်ကြကာ၊ အမျိုးသားညီညွတ်ရေးကို မရမနေတည်ဆောက်ကြရပေမည်။ အထူးသဖြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် တဖက်သတ်ချမှတ်ထားသော လုပ်ငန်းစဉ်များကို၊ အမြန်ဆုံးရပ်တန့်ပြီး၊ အမျိုးသားအင်အားစုများဖြင့် ဆွေးနွေးညှိနှိုင်းကာ၊ အမျိုးသားလုပ်ငန်းစဉ်တရပ်ကို ချမှတ်ဆောင်ရွက်ရပေမည်။ အမျိုးသားညီညွတ်ရေးကို ရယူရာတွင်လည်း၊ အကောင်းဆုံးနည်းလမ်းမှာ၊ အမျိုးသားအင်အားစုအချင်းချင်း၊ ဆွေးနွေးညှိနှိုင်း အဖြေရှာရေးပင်ဖြစ်ပေသည်။

အမျိုးသားညီညွတ်ရေးကိုတည်ဆောက်ရာတွင်၊ အင်အားစုတခု (သို့မဟုတ်) အချို့ကို ဖယ်ချန်ထားပြီး၊ အမျိုးသားညီညွတ်ရေးကို တည်ဆောက်၍မရနိုင်ပေ။ သို့ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှာမူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများကဲ့သို့သော၊ ပြည်သူများ၏ တခဲနက်ထောက်ခံမှုကိုရရှိထားသည့် အမျိုးသားအင်အားစုများနှင့် တွေ့ဆုံညှိနှိုင်းအဖြေရှာရေးကို ငြင်းပယ်နေသည့်အပြင်၊ ထိုအဖွဲ့အစည်းများကို ဖယ်ချန်ထားပြီး၊ မိမိသဘောကျရွေးချယ်ထားသော အင်အားစုများနှင့် အချို့အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို အကြုပ်ကိုင်ပြီး၊ လက်သင့်ရာစားတော်ခေါ်သည့် ညီညွတ်မှုမျိုးတို့ တည်ဆောက် လျက်ရှိပေသည်။ အကယ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် တဖက်သတ်အစီအမံဖြင့် တယူသန်တဇွတ်ထိုး ဆက်လက်လုပ်ဆောင်သွားမည်ဆိုပါက၊ အမျိုးသားညီညွတ်ရေးကို မတည်ဆောက်နိုင်သည့်အပြင်၊ ဆိုးရွားသည့်အကျိုးဆက်များကို၊ တိုင်းရင်းသားပြည်သူတရပ်လုံး ခါးစည်းခံကြရဖွယ်သာရှိပေသည်။ အကယ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အဖက်ဖက်မှယိုယွင်းကျဆင်းနေသောနိုင်ငံတော်ကို ဒီမိုကရေစီပြည့်ဝသည့် ပြည်ထောင်စုနိုင်ငံတော်အဖြစ် ပြုပြင်တည်ဆောက်လိုသည်ဆိုပါက၊ အပြောသက်သက်မဟုတ်ဘဲ၊ အလုပ်ဖြင့်သက်သေပြရန် လိုပေသည်။ အမျိုးသားညီညွတ်ရေးအားဖြင့်သာ၊ ယိုယွင်းကျဆင်းနေသော အခြေအနေအရပ်ရပ်ကို၊ ပြုပြင်တည်ဆောက်ကြရပေမည်။ ထို့ကြောင့်၊ အမျိုးသားညီညွတ်ရေးကို မရမနေတည်ဆောက်ကြရပေမည်။ အမျိုးသားညီညွတ်ရေးကိုတည်ဆောက်ရမည့် တခုတည်းသောနည်းလမ်းမှာလည်း၊ အပြန်အလှန်ဆွေးနွေးညှိနှိုင်း အဖြေရှာရေးမှလွဲ၍ အခြားနည်းလမ်းမရှိပေ။

ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ...

(၁) ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများအား ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးခြင်း။

(၂) ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီအားလုံးကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ၏ စည်းရုံးရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ဆောင်ခွင့်ပြုခြင်း။

(၃) တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံရေးလှုပ်ရှားမှုတွင်၊ အနှောင့်အယှက် အကြောက်အရွံ့ကင်းစွာ၊ ပါဝင်လှုပ်ရှားခွင့်ပြုခြင်း။

(၄) စာနယ်ဇင်းများကို၊ လွတ်လပ်စွာရေးသား၊ ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခွင့်ပြုခြင်း။

စသည်တို့ကို စတင်လုပ်ဆောင်ခြင်းဖြင့်၊ အမျိုးသားအင်အားစုများအတွင်း၊ ယုံကြည်မှုတည်ဆောက်ရမည်။ အဆိုပါ အချက်များသည်၊ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက်၊ မရှိမဖြစ်လုပ်ရမည့်အချက်များ ဖြစ်ပေသည်။ တဆက်တည်းမှာပင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် အဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုကို ပြုလုပ်ရမည်။ ထိုဆွေးနွေးညှိနှိုင်းမှုတွင်၊ လက်ငင်းရင်ဆိုင် ကြုံတွေ့နေရသော အမျိုးသားရေး ပြဿနာအဝဝတို့ကို အပြန်အလှန်ဆွေးနွေးသုံးသပ်ကြပြီး၊ အနာဂတ်မြန်မာနိုင်ငံအတွက်၊ အမျိုးသားရေးလုပ်ငန်းစဉ်များကို ချမှတ်ရမည်။ ထိုအမျိုးသားလုပ်ငန်းစဉ်ဖြင့် ယိုယွင်းနေသောအခြေအနေအရပ်ရပ်ကို ပြုပြင်ဆောင်ရွက်ကာ၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီသော ပြည်ထောင်စုစနစ်နှင့် ဒီမိုကရေစီ အခြေခံပြည့်ဝသည့် စစ်မှန်သော ပြည်ထောင်စုမြန်မာနိုင်ငံသစ်ကို အကောင်အထည်ဖော် တည်ဆောက်သွားရပေမည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
ရန်ကုန်မြို့

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း (၃) ရက်
၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်

★ ★ ★ ★ ★

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၅) ရက်**
**၂၀၀၅ ခုနှစ်၊ မေလ (၂၇) ရက်**
**(၁၅) နှစ်မြောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကြေညာစာတမ်း**

၁။ ၁၉၈၈ ခုနှစ်က သမိုင်းတွင်မကြုံဘူးသော ဒီမိုကရေစီရေးအုံကြွလှုပ်ရှားမှုကြီး၌ ကျောင်းသား၊ ကျောင်းသူ၊ ရဟန်း၊ ရှင်လူ၊ ပြည်သူအပေါင်းတို့သည် အသက်၊ သွေး၊ ချွေး၊ စည်းစိမ်၊ ဥစ္စာများစွာကို စွန့်လွှတ်ရင်းနှီးပေးဆပ်ခဲ့ကြသည်။ သို့နှင့် နိုင်ငံတော်အာဏာကိုသိမ်းယူထားသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့/နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့တွင် ကြေညာချက်အမှတ် – ၁/၈၈ ကိုထုတ်ပြန်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် လမ်းပမ်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး စသည့်လုပ်ငန်းများ ပြည့်စုံအောင်ဆောင်ရွက်ပေးမည်။ ပြီးလျှင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးတာဝန်ကိုထမ်းဆောင်ရန် နိုင်ငံတော်အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူလိုက်သည်ဟု တိုင်းပြည်သို့ ကြေညာခဲ့သည်။ ယင်းသို့ ကြေညာခြင်းမှာ တိုင်းပြည်နှင့် ပြည်သူလူထုအား ကတိကဝတ်ပြုလိုက်ခြင်းမည်ပေသည်။ သို့ကြောင့် ၁၉၉၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်။

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့/နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၉၉၀ ပြည့်နှစ်တွင်ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် အထက်ပါ

ကြေညာချက်အရ ၎င်းတို့၏ နောက်ဆုံးတာဝန်ဖြစ်ပေသည်။ ယင်းသို့ နောက်ဆုံးတာဝန်ဖြစ်ကြောင်းကိုလည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် စစ်ဦးစီးတက္ကသိုလ်သင်တန်း အမှတ်စဉ် (၄၀) သင်တန်းဆင်းပွဲ၌ ...

**" ... တို့တာဝန်ယူပြီးချမှတ်ခဲ့တဲ့ ရည်မှန်းချက်တာဝန်လေးရပ်အနက် *နောက်ဆုံးတာဝန်* ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီရွေးချယ်တင်မြှောက်ပွဲကို ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့မှာကျင်းပဖို့ ကော်မရှင်နဲ့ သဘောတူပြီး ဖြစ်တယ် ..."**ဟု အတိအလင်းပြောကြားခဲ့ပေသည်။

၃။ ထိုရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် **"ပါတီစုံအထွေထွေရွေးကောက်ပွဲကြေညာစာတမ်း"**ကို ထုတ်ပြန်ခဲ့သည်။ ယင်းရွေးကောက်ပွဲကြေညာစာတမ်းတွင် ...

**" ... ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်တင်မြှောက်၍ ပြည်သူတို့ဆန္ဒနှင့်အညီ ဒီမိုကရေစီအစိုးရဖွဲ့စည်းစေရန်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရပ်ရေးဆွဲစေရန်၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အောင်မြင်စွာထမ်းဆောင်နိုင်ရန် ... "**

**" နောင်လာလတ့်သောကာလတို့၌ မြန်မာနိုင်ငံတွင် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားအခြေခိုင်စေပြီး စည်းလုံးညီညွတ်သော၊ တည်တံ့ခိုင်မြဲသော၊ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ အခွင့်အရေးရှိသော၊ ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရန် ..."**

**"နိုင်ငံတော်အာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်စေရမည်။ "**

**" ပြည်သူ့လွှတ်တော်သည် ဥပဒေနှင့်အညီ ပြည်သူ့ဆန္ဒနှင့်အညီ ပေါ်ပေါက်တည်ထောင်ခြင်း ဖြစ်ရကား၊ ဤပြည်သူ့လွှတ်တော်၌ အချုပ်အခြာအာဏာကျင့်သုံးနိုင်ခွင့်သည် အကြွင်းမဲ့ ရှိစေရမည်"**

စသည်ဖြင့် ပြည်သူလူထုသို့ တင်ပြခဲ့သည်။ ထိုသို့တင်ပြခဲ့ခြင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူလူထုအား ကတိကဝတ်ပေးခဲ့ခြင်းဖြစ်ပေသည်။

၄။ ယင်းရွေးကောက်ပွဲကြေညာစာတမ်းပါအချက်များကို ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုက လိုလိုလားလား တခဲနက်ဆန္ဒမဲပေးခြင်းဖြင့် ထောက်ခံအတည်ပြုခဲ့သည်။ ထို့ကြောင့် ရွေးကောက်ပွဲ ကြေညာစာတမ်းပါအတိုင်း ဆောင်ရွက်ပေးနိုင်ရန် ပြည်သူလူထုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား လုပ်ပိုင်ခွင့်အာဏာများ ပေးအပ်ခဲ့ခြင်းဖြစ်ပေသည်။ ထို့အပြင် ရွေးကောက်ပွဲကြေညာစာတမ်းပါအချက်များသည် တိုင်းပြည်နှင့်ပြည်သူလူထုအတွက် ရေတို ရေရှည် အကျိုးစီးပွားများကို ထင်ဟပ်ဖော်ပြနေသည်သာမကဘဲ တိုင်းပြည်၏ယနေ့အခြေအနေနှင့်လည်း လုံးဝညီညွတ်လျက်ရှိနေပေသည်။ ထိုရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲဆန္ဒနယ် (၈၂) ရာခိုင်နှုန်းခန့် အများစုအနိုင်ရရှိခဲ့ပေသည်။

၅။ ထို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့/ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၎င်းတို့ကိုယ်တိုင်ပြဋ္ဌာန်းပေးခဲ့သည့် **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ"** ပုဒ်မ – ၃ ပါ ...

**“လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ ”**ကို မလွှဲမသွေ အကောင်အထည်ဖော်ပေးရမည်ဖြစ်ပေသည်။ ယင်းဥပဒေအရ ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရန် အာဏာပိုင်များတွင် လုံးဝတာဝန်ရှိပေသည်။ ပြည်သူ့လွှတ်တော်ခေါ်ယူမပေးခြင်းသည် အာဏာပိုင်များက ၎င်းတို့ ကိုယ်တိုင်ပြဋ္ဌာန်းခဲ့သော **“ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ”**ကို ချိုးဖောက်နေခြင်းဖြစ်ပေသည်။ ထို့အပြင် မဲဆန္ဒရှင်ပြည်သူလူထု၏ဆန္ဒကို လျစ်လျူရှုခြင်းမည်ပေသည်။ ဤသည်မှာ လုံးဝ မလုပ်သင့် မလုပ်ထိုက်သောကိစ္စ ဖြစ်ပေသည်။

၆။ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ...

**“ ... ကျမတို့အနေနဲ့ မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုလုံးဝမရှိတဲ့ ဒီမိုကရေစီစနစ်ကျနသော နည်းလမ်းနဲ့သာလျှင် တိုင်းပြည်ကိုတည်ဆောက်မှာဖြစ်ပြီး၊ ကောင်းမွန်လှတဲ့ မျိုးဆက်သစ်များ ပေါ်ထွန်းလာရေး ရှေ့ပြေးနမူနာပြသဖို့ ရည်ရွယ်ထားပါတယ်။ ဤအဓိကအကြောင်းကြောင့်သာ ၁၉၉၀ ပြည့်နှစ်က ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်တဲ့ ပါလီမန်လွှတ်တော်ဖွဲ့စည်းခွင့်နဲ့ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ရဲ့တာဝန်များကို ထမ်းဆောင်ခွင့် မရမနေရရှိအောင် ကျမတို့လုပ်ဆောင်နေတာဖြစ်ပါတယ် ...”**ဟု လည်းကောင်း၊

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပခြင်း (၉) နှစ်မြောက်နေ့တွင် ...

**“စစ်မှန်သောဒီမိုကရေစီများ၏ကျောရိုးသည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများမှတဆင့် တင်မြှောက်ခြင်းခံထားရသော ပြည်သူ့လွှတ်တော်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးနှင့် ဒီမိုကရေစီရေးကို မည်ကဲ့သို့မှ ခွဲခြား၍မရပါ ...။”**ဟုလည်းကောင်း မိန့်ကြားခဲ့ပေသည်။

၇။ သို့ကြောင့် မိမိတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူလူထုက လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမပါဘဲ၊ ပြည်သူလူထုပူးပေါင်းပါဝင်မှုမရှိဘဲ မည်သို့မျှ အကျိုးရလဒ်များ ပေါ်ထွက်လာနိုင်မည် မဟုတ်ပေ။ မည်သည့်တိုင်းပြည်၌မဆို ပြည်သူလူထု၏ထက်သန်သော ပူးပေါင်းပါဝင်မှုရှိမှသာ တိုင်းပြည်၏အကျိုးပြုလုပ်ငန်းများ ထွန်းကားလာပေမည်။ ယုံကြည်သက်ဝင်လှုပ်ရှားနေသော လူ့အဖွဲ့အစည်းများရှိမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာပေမည်။

၈။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၁၉၉၀ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ . . .

**“ ... ပါတီစုံရွေးကောက်ပွဲပြီးရင် ဘာလုပ်ကြမလဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဖို့ပဲဖြစ်တယ်။ ဒီကိစ္စကိုယ့်အနေနဲ့ ၅-၇-၈၉ ရက်နေ့က ပြောတဲ့အထဲမှာ ပါပါတယ်။ နဝတက မရေးဘူးဆိုတာ ပြောပြီးပြီပဲ။ တရားခံလည်း အဖြစ်မခံနိုင်ဘူး ...။”**ဟုလည်းကောင်း၊

**" ... အခြေခံဥပဒေကို အရွေးခံရတဲ့ပါတီအဖွဲ့အစည်းတွေက လွှတ်တော်ကိုယ်စားလှယ်တွေညှိနှိုင်းပြီး လုပ်ကြရမယ့်ကိစ္စ ... ။"** ဟုလည်းကောင်း ပြောကြားခဲ့ပေသည်။

(ခ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့/နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၉၀ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့တွင် ကြေညာချက်အမှတ် – ၁/၉၀ ကိုထုတ်ပြန်ခဲ့ပေသည်။ ယင်းကြေညာချက် အပိုဒ် – ၁၂ တွင် ...

**" ... လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည် ...။"** ဟုလည်းကောင်း၊

အပိုဒ် – ၂၀ တွင် ...

**" ... ယနေ့အခြေအနေတွင် ပြည်သူများကရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲကြရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်များဖြစ်သည် ... ။"**ဟုလည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပေသည်။

ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထက်ပါပြောကြားချက်များအရလည်းကောင်း၊ ယနေ့တိုင် တရားဝင်လျက်ရှိနေသေးသော အဆိုပါကြေညာချက် – ၁/၉၀ အပိုဒ် – ၂၀ အရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကသာ ရေးဆွဲကြရန် လုံးဝတာဝန်ရှိပေသည်။ အခြား မည်သည့်ပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်များ၊ မည်သည့်အဖွဲ့အစည်းများက ရေးဆွဲကြပါလျှင် ကြေညာချက် – ၁/၉၀ အရကြောင့် တရားမဝင်ဖြစ်နေပေသည်။

၉။ ထို့အပြင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံတနိုင်ငံဖြစ်ပြီး မိမိနိုင်ငံက လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် – ၂၁ တွင် ပြဋ္ဌာန်းထားသည့် ...

**" (၁) လူတိုင်းတွင် မိမိနိုင်ငံ၏အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှတဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။ "**

ကို ဆန့်ကျင်၍ ချိုးဖောက်ကြောင်း ပြသရာရောက်ပေသည်။ အထက်ပါ လူ့အခွင့်အရေးကြေညာစာတမ်းသည် ဒီမိုကရေစီ၏ အခြေခံကျင့်စဉ်တရပ်ဖြစ်ပေသည်။ ဒီမိုကရေစီနှင့်စပ်လျဉ်း၍ အဓိကမဏ္ဍိုင်အချို့ဖြစ်သော ...

**"အချုပ်အခြာအာဏာသည် ပြည်သူတို့ထံမှ ဆင်းသက်ရမည်။"**

**"အစိုးရသည် ပြည်သူလူထု၏သဘောထားဆန္ဒအပေါ် အခြေခံရမည်။ "**

ဟူ၍လည်း ရှင်းလင်းဖွင့်ဆိုထားကြပေသည်။

၁၀။ (က) မိမိတိုင်းပြည်တွင် ...

– လူနေမှုအဆင့်အတန်း ကျဆင်းနေခြင်း၊

– ဆင်းရဲချမ်းသာ ကွာဟနေခြင်း၊
– စီးပွားရေး ကျဆင်းနေခြင်း၊
– နိုင်ငံရေး စသည့် အထွေထွေအကျပ်အတည်းများ ဖြစ်ပေါ်နေခြင်းများကြောင့် မိမိနိုင်ငံကို မလွဲမသွေ ပြန်လည်တည်ဆောက်ရမည်ဖြစ်ပေသည်။ ဤသို့တည်ဆောက်ရန် မိမိတိုင်းပြည်၏ အခြေအနေများအရ အပြည်ပြည်ဆိုင်ရာငွေကြေးအကူအညီနှင့် အခြားအကူအညီများ လိုအပ်နေပေသည်။ သို့ လိုအပ်ချက်ကို နိုင်ငံတခုချင်းအနေဖြင့် လုံလောက်အောင်ပံ့ပိုးနိုင်မည် မဟုတ်ပေ။ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ကဏ္ဍပေါင်းစုံအတွက် အကူအညီများရရှိနိုင်မှသာ မိမိတိုင်းပြည်၏လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပြီး မိမိတိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပေသည်။

(ခ) အဆိုပါ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ အဖွဲ့ဝင်နိုင်ငံများသည် ဒီမိုကရေစီနိုင်ငံများဖြစ်နေသည်ကြောင့်၊ မိမိနိုင်ငံအား ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းပေးမှသာလျှင် အကူအညီအထောက်အပံ့များ ရရှိနိုင်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်သည်။

၁၁။ သို့ပါသဖြင့် တိုင်းပြည်တွင်တွေ့ကြုံနေရသော ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အထွေထွေအကျပ်အတည်းများကို နိုင်ငံတော်အာဏာရယူထားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်သူလူထုက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပြီး လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် ဦးစွာပထမတွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာကြရမည်ဖြစ်ပေသည်။ နောက်တဆင့်တွင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များနှင့် ဆက်လက်ဆွေးနွေးကြရန်ဖြစ်ပေသည်။ တွေ့ဆုံဆွေးနွေးရေးကြန့်ကြာနေခြင်းသည် မလိုလားအပ်သောပြဿနာများကို ဖြစ်ပေါ်စေသည်။ ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရေးအပါအဝင် မည်သည့်နိုင်ငံရေးကိစ္စကိုမဆို မျှတသော၊ သဘောထားဖြူစင်သောစိတ်ထားတို့ဖြင့် နိုင်ငံရေးအမြင်ကျယ်ပြည့်ဝစွာ ဆွေးနွေးကြပါလျှင် မှန်ကန်သောအဖြေကို ရရှိပေမည်။

၁၂။ ထိုသို့တွေ့ဆုံဆွေးနွေးနိုင်ရန် တိုင်းရင်းသားပြည်သူတရပ်လုံး လွတ်လပ်ပြီး အနှောင်အဖွဲ့နှင့် အနှောင့်အယှက်များမှ ကင်းရှင်း၍ စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့စွာဖြင့် ပါဝင်နိုင်မည့် နိုင်ငံရေးပတ်ဝန်းကျင် အခြေအနေများကို ဖန်တီးပေးရန် လိုအပ်ပေသည်။ ဒီမိုကရေစီအခွင့်အရေးများ ရရှိကြရန်လည်းကောင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့် ဖီလာဆန့်ကျင်မှုများကို ဖယ်ရှားရန်လည်းကောင်း အထူးလိုအပ်ပေသည်။

၁၃။ သို့ပါ၍ ...

(က) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများရရှိရန် တစိုက်မတ်မတ်ကြိုးပမ်းအားထုတ်မှုများကြောင့် အကြမ်းဖက်တိုက်ခိုက်ခြင်းခံခဲ့ကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား နေအိမ်များတွင် ထိန်းသိမ်းထားခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံးပြန်လည်လွှတ်ပေးရန်၊

(ခ) တိုင်းရင်းသားလူမျိုးများမပါဝင်ဘဲ စစ်မှန်သောပြည်ထောင်စုနိုင်ငံတော်ကို မတည်ဆောက်နိုင်သောကြောင့် တိုင်းရင်းသားနိုင်ငံရေးပါတီတခုဖြစ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များ

အား ဖမ်းဆီးချုပ်နှောင်ထားခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံးပြန်လည်လွှတ်ပေးရန်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ပြည်သူလူထုက ၎င်းတို့ကိုယ်စား လုပ်ပိုင်ခွင့်အာဏာများအပ်နှင်းလိုက်သည့် ပုဂ္ဂိုလ်များဖြစ်သောကြောင့် အကျဉ်းကျခံနေကြရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ (တိုင်းရင်းသား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင်) တို့ကို ခြွင်းချက်မရှိဘဲ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်၊

(ဃ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်အရ စည်းရုံးလှုပ်ရှားကြသဖြင့် ပြစ်ဒဏ်များကျခံနေကြရသော နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိဘဲ အမြန်ဆုံးပြန်လည်လွှတ်ပေးရန်၊

(င) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားဝင်နိုင်ငံရေးပါတီတခုဖြစ်သဖြင့် ဥပဒေမဲ့ နှစ်နှစ်နီးပါး ချိတ်ပိတ်ခြင်းခံထားရသော အဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးရန်၊

(စ)ဒီမိုကရေစီကျင့်စဉ်အရလည်းကောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေက ပေးအပ်ထားသော အခွင့်အာဏာအရလည်းကောင်း နိုင်ငံရေးပါတီများအား လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

တို့ကို ပြည်သူလူထု၏ဆန္ဒနှင့်အညီ မနှေးအမြန် အကောင်အထည်ဖော်ကြပါရန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမြန်ဆုံးဆောင်ရွက်ပေးရန် လုံးဝတာဝန်ရှိကြောင်း ကြေညာလိုက်သည်။

(၆–၅–၀၅ ရက်နေ့နှင့် ၁၆–၅–၀၅ ရက်နေ့များတွင် ကျင်းပသော<br>
ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်များအရ)<br>
ဗဟိုအလုပ်အမှုဆောင်အဖွဲ့<br>
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်<br>
ရန်ကုန်မြို့။

★ ★ ★ ★ ★

**နောက်ဆက်တွဲ**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၁၈၇)**
**(၁၃၅၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်)**
**(၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**

**အကြောင်းအရာ။ ။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားရမည့် နောက်ဆုံးနေ့ရက်နှင့် အချိန်သတ်မှတ်ချက်ကို ကြေညာခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည်

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ဤကော်မရှင်သို့ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့မှစ၍ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခဲ့ကြရာ ယနေ့အထိ နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၁၈၂) ဖွဲ့ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ဤကော်မရှင်သည် နယ်စပ်ဒေသများမှလည်းကောင်း၊ ဆက်သွယ်မှုခက်ခဲသောဒေသများမှလည်းကောင်း၊ နိုင်ငံရေးပါတီများ လာရောက်မှတ်ပုံတင်နိုင်ရေးအတွက် အချိန်ပေးခဲ့ပါသည်။

၃။ ယခုအခါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအဖွဲ့အစည်း အသီးသီးတို့သည်လည်း မှတ်ပုံတင်ပြီးဖြစ်မည်ဟု ယူဆသည့်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ (၆) နှင့်အညီ မှတ်ပုံတင်ရန် ကော်မရှင်သို့ လျှောက်ထားရမည့် နောက်ဆုံးနေ့ရက်နှင့်အချိန်ကို ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၈) ရက်နေ့ မွန်းတည့် (၁၂ း ၀၀) နာရီအထိ သတ်မှတ်ပါကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၂၀၈)**
**(၁၃၅၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်)**
**(၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)**

**အကြောင်းအရာ ။ ။ စစ်မှန်သော ဒီမိုကရေစီစနစ်အဖွဲ့ (စ–ဒ–စ) အဖွဲ့ချုပ်** (Real Democracy Party) **ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်း။**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ၂၄–၁၀–၈၈ ရက်စွဲပါ ကြေညာချက်အမှတ် (၄၂) ဖြင့် ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ (မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား)၊ အမှတ် (၁၃၇) တွင်ဖွင့်လှစ်ထားရှိသော စစ်မှန်သောဒီမိုကရေစီစနစ်အဖွဲ့ (စ–ဒ–စ) အဖွဲ့ချုပ် (Real Democracy Party) ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ ယင်းပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အားလုံး၏ တညီတညွတ်တည်းဆန္ဒသဘောထားအရ ၁၅–၂–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကို ဖျက်သိမ်းပြီးဖြစ်ပါကြောင်း ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးတို့အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင် (၅) ဦးတို့ ကိုယ်တိုင်လာရောက်တင်ပြပါသဖြင့် ဤကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအရ စစ်မှန်သောဒီမိုကရေစီစနစ်အဖွဲ့ (စ–ဒ–စ) အဖွဲ့ချုပ် (Real Democracy Party) အဖြစ် မှတ်ပုံတင်ထားခြင်းကို ၂၃–၂–၈၉ ရက်နေ့မှစ၍ ပယ်ဖျက်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## ကျင်းပရေးကော်မရှင်
## ကြေညာချက်အမှတ် (၂၄၂)
## (၁၃၅၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်)
## (၁၉၈၉ ခုနှစ်၊ မတ်လ ၁ ရက်)

အကြောင်းအရာ။ ။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်သူများနှင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းများထံမှ အကြံပြုချက်များနှင့် ထင်မြင်ချက်များ တောင်းခံခြင်း။

၁။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အများပြည်သူတို့တောင်းဆိုခဲ့ကြသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် လုပ်ငန်းအစီအစဉ်နှင့်အချိန်ဇယားကို ၁၆–၂–၈၉ ရက်စွဲပါ ကြေညာချက်အမှတ် (၁၉၄) ဖြင့် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ အထွေထွေရွေးကောက်ပွဲတရပ်ကို စည်းကမ်းနည်းလမ်းတကျ ကျင်းပပေးနိုင်ရေးအတွက် ရွေးကောက်ပွဲ ဥပဒေတရပ်ကို ပြဋ္ဌာန်းထားရန်လိုအပ်ပါသည်။ ရွေးကောက်ပွဲဥပဒေကိုရေးဆွဲရာတွင် နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေပါမူများနှင့်အညီ ရေးဆွဲရပါမည်။

၃။ ယခုအခါ ၁၉၄၈ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတို့ပါ ရွေးချယ်တင်မြှောက်ခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များအတိုင်း အတိအကျ လိုက်နာကျင့်သုံးရန် မဖြစ်နိုင်တော့သည့်အတွက် ယခုထုတ်ပြန်သည့် ရွေးကောက်ပွဲဥပဒေ (မူကြမ်း) ကို အောက်ပါမူများအပေါ်အခြေခံ၍ ရေးဆွဲခဲ့ရပါသည် ...

(က) လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စည်းကမ်းနည်းလမ်း တကျ ကျင်းပနိုင်ရေး၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားများအတွက် ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝ ရရှိစေရေး၊

(ဂ) နောင်တခေတ်တွင် နိုင်ငံခေါင်းဆောင်များဖြစ်ကြမည့် ကျောင်းသားလူငယ်များအား ဒီမိုကရေစီ အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးရေး။

၄။ အထက်ပါမူများကိုအခြေခံ၍ ကော်မရှင်သည် ၁၉၄၈ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ပါလီမန်ရွေးကောက်ပွဲအက် ဥပဒေနှင့်နည်းဥပဒေများ၊ ၁၉၇၆ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေများ၊ ပါတီစုံဒီမိုကရေစီကျင့်သုံးလျက်ရှိသော နိုင်ငံအချို့မှ ရွေးကောက်ပွဲဥပဒေနှင့်နည်းဥပဒေများကို လေ့လာပြီး ဤရွေးကောက်ပွဲဥပဒေ (မူကြမ်း) ကို မြန်မာနိုင်ငံ နှင့်လိုက်လျောညီထွေရှိစေရန် ညှိနှိုင်းပေါင်းစပ်ရေးဆွဲထားခြင်းဖြစ်ပါသည်။

၅။ ယခုရေးဆွဲထားသည့် ရွေးကောက်ပွဲဥပဒေ (မူကြမ်း) မှာ အများပြည်သူနှင့်သက်ဆိုင်သည့်ဥပဒေ (မူကြမ်း) ဖြစ်သည့်အားလျော်စွာ ပြည်သူများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် အကြံပြုချက်များနှင့် ထင်မြင်

ချက်များကို ပေးပို့ရန်ရှိပါက ထိုအကြံပြုချက်နှင့် ထင်မြင်ချက်များအနက် ဤကော်မရှင်ကလက်ခံသင့်သည့် အချက်များကို လက်ခံစဉ်းစားရန်ဆန္ဒရှိပါသည်။

၆။ သို့ပါ၍ ဒီမိုကရေစီအစဉ်အလာနှင့်အညီ ပြည်သူများနှင့်နိုင်ငံရေးပါတီများ၏ အကြံပြုချက်များနှင့် ထင်မြင်ချက်များကို ရယူနိုင်ရေးအတွက် ဤပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (မူကြမ်း) ကို ရှင်းလင်းချက်များနှင့်အတူ ထုတ်ပြန်ကြေညာအပ်ပါသည်။ ပြည်သူများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် ဤဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ အကြံပြုချက်များနှင့် ထင်မြင်ချက်များကို ပေးပို့ရန်ရှိပါက ပေးပို့လိုသောအကြံပြုချက်များနှင့် ထင်မြင်ချက်များကို ပုဒ်မတခုချင်းအလိုက် စာဖြင့်ရေးသား၍ ၁၉၈၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ နောက်ဆုံးထားပြီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ အမှတ် (၉၄) ရှိ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ကြိုတင်ငွေကိစ္စ

၇။ ထို့အပြင် ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ (မူကြမ်း) ကိုလည်း ရေးဆွဲလျက်ရှိရာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းများထံမှ တောင်းခံမည့် ကြိုတင်ငွေပမာဏကို သတ်မှတ်ပေးရန်ရှိနေပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတဦးလျှင် ကြိုတင်ငွေကျပ် ၅၀၀၀ိ/– သို့မဟုတ် ငွေကျပ် ၇၅၀၀ိ/– သို့မဟုတ် ငွေကျပ် ၁၀၀၀၀ိ/– တို့အနက် မည်သည့်ငွေပမာဏကို တောင်းခံသင့်ကြောင်း အကြံပြုချက်များ ရယူလိုပါသည်။ လွှတ်တော်မဲဆန္ဒနယ်အလိုက် လာရောက်ဆန္ဒမဲပေးသူအားလုံး၏ (၁၂ . ၅) ရာခိုင်နှုန်းနှင့်အထက် ခိုင်လုံသော ဆန္ဒမဲရရှိသူများ၏ ကြိုတင်ငွေကို ပြန်လည်ထုတ်ပေးရန်နှင့် (၁၂ . ၅) ရာခိုင်နှုန်းအောက်သာ ခိုင်လုံသောဆန္ဒမဲရရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကြိုတင်ငွေကိုမူ ပြန်လည်ထုတ်ပေးခြင်းမပြုတော့ဘဲ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းသတ်မှတ်ရန် ရည်ရွယ်ထားပါသည်။ သို့ရာတွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်သည် ခိုင်လုံသောမဲ (၁၂ . ၅) ရာခိုင်နှုန်းထက် လျော့နည်းရရှိစေကာမူ ယင်း၏ကြိုတင်ငွေကို ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

## ဆန္ဒမဲပြားနှင့် ဆန္ဒမဲလက်မှတ်ကိစ္စ

၈။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ရွေးကောက်ပွဲများကိုကျင်းပပေးခဲ့ရာတွင် မဲပုံးအတွင်းသို့ ဆန္ဒမဲပြားထည့်သည့်စနစ်ကိုသာ ကျင့်သုံးခဲ့ပါသည်။ ထိုစနစ်ကိုကျင့်သုံးရာတွင် မဲပုံးများလုံခြုံမှုမရှိပါက လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ထိခိုက်စေနိုင်ခြင်း၊ မဲပုံးဖောက်၍ မဲခိုးနိုင်ခြင်း၊ မဲပြားများအရောင်းအဝယ်ပြုလုပ်နိုင်ခြင်းနှင့် မဲပုံးထဲမှမဲများကို ပယ်မဲဖြစ်အောင် မှင်လောင်းထည့်ခြင်း၊ ကွမ်းတံတွေးထွေးထည့်ခြင်းစသည့် မဖွယ်မရာအမှုများကို ပြုလုပ်နိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် ယှဉ်ပြိုင်အရွေးခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေများပြားပါက မဲပုံးများကို စီစဉ်ထိန်းသိမ်းရန်နှင့် မဲဆန္ဒရှင်များမဲပေးရန် အခက်အခဲများရှိနိုင်ပါသည်။

၉။ ဖော်ပြပါ အားနည်းချက်များကို ကျော်လွှားနိုင်ရန် ကော်မရှင်က နိုင်ငံအများအပြားတွင် အသုံးပြုလျက်ရှိသော ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသောစနစ်ကို လေ့လာခဲ့ပါသည်။ ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသည့်စနစ်တွင် မဲဆန္ဒရှင်များသည် လုံခြုံသောဆန္ဒပြုခန်းတွင် ဆန္ဒမဲလက်မှတ်ပါ မိမိထောက်ခံလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ သင်္ကေတအမှတ်အသားနှင့် အမည်တည့်တည့်တွင် ထောက်ခံသည့်အမှတ်အသားပြု၍ ထိုဆန္ဒမဲလက်မှတ်ကို တခြားသူမမြင်အောင်ခေါက်ပြီး မဲရုံမှူးမြင်နိုင်သောနေရာတွင်ထားရှိသည့် တခုတည်းသောမဲပုံးအတွင်းသို့ မဲဆန္ဒရှင်ကိုယ်တိုင် ဆန္ဒမဲလက်မှတ်ကိုထည့်၍ ဆန္ဒပြုရန်ဖြစ်ပါသည်။

၁၀။ စာမတတ်သည့်မဲဆန္ဒရှင်များသည် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း၏ သင်္ကေတအမှတ်အသားကိုကြည့်၍ ဆန္ဒပြုနိုင်ကြမည်ဖြစ်ပါသည်။ မျက်မမြင်မဲဆန္ဒရှင်များအတွက်ကိုမူ မိမိဆန္ဒပြုလိုသောလွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုနိုင်ရေးအတွက် အကူအညီပေးရန်နှင့် တရားမျှတ မှန်ကန်မှုရှိစေရန် ဆန္ဒပြုရမည့်နည်းလမ်းများကို နည်းဥပဒေဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။

၁၁။ ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသည့်စနစ်ကိုကျင့်သုံးပါက ကော်မရှင်တွင် မဲဆန္ဒနယ်အလိုက် ဆန္ဒမဲလက်မှတ်ကို အချိန်မီရိုက်နှိပ်ပေးရမည့် တာဝန်ကြီးတရပ်ပိုလာသော်လည်း ယင်းစနစ်ကျင့်သုံးခြင်းအားဖြင့် လျှို့ဝှက်ဆန္ဒမဲပေးမှုစနစ်ကို အောင်မြင်စေနိုင်ခြင်း၊ မဲခိုးခြင်း၊ မဲအရောင်းအဝယ်ပြုလုပ်ခြင်း၊ ပယ်မဲဖြစ်အောင် မဖွယ်မရာပြုလုပ်ခြင်းတို့ကို ကာကွယ်နိုင်ခြင်းနှင့် မဲဆန္ဒရှင်များ လွယ်ကူအဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သည့်အပြင် မဲပုံးအများအပြားပြုလုပ်ရမည့်တာဝန်လည်း လျော့ပါးသွားနိုင်ကြောင်း တွေ့ရပါသည်။

၁၂။ ပါတီစုံဒီမိုကရေစီကျင့်သုံးသည့် အိမ်နီးချင်းနိုင်ငံများကို လေ့လာရာတွင်လည်း မိမိတို့တနိုင်ငံတည်းသာ မဲပုံးနှင့်ဆန္ဒမဲပြားစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၁၃။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပရာတွင် ဆန္ဒမဲပြားနှင့်ဆန္ဒမဲပေးခြင်း (သို့မဟုတ်) ဆန္ဒမဲလက်မှတ်နှင့်ဆန္ဒမဲပေးခြင်း စနစ်နှစ်ခုအနက် မည်သည့်စနစ်ကိုကျင့်သုံးသင့်ကြောင်း ပြည်သူများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ အကြံပြုချက်များကိုလည်း ရယူလိုပါသည်။

၁၄။ သို့ပါ၍ ရွေးကောက်ပွဲဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ အကြံပြုချက်များနှင့် ထင်မြင်ချက်များပေးပို့သည့်အခါ အထက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများထံမှ ကြိုတင်ငွေမည်မျှတောင်းခံသင့်ကြောင်းနှင့် ဆန္ဒမဲပေးသည့်စနစ်နှစ်ခုအနက် မည်သည့်စနစ်ကျင့်သုံးသင့်ကြောင်း အကြံပြုချက်များနှင့် ထင်မြင်ချက်များကိုပါ တပါတည်း ပေးပို့ကြပါရန် ထပ်လောင်းမေတ္တာရပ်ခံအပ်ပါသည်။

၁၅။ ဤကော်မရှင်ကထုတ်ပြန်ထားသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် လုပ်ငန်းအစီအစဉ်နှင့်အချိန်ဇယားအရ ပြည်သူများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ အကြံပြုချက်များနှင့် ထင်မြင်ချက်များကို စုစည်းစိစစ်ရန် အချိန်တလသာရှိပါသည်။ ထိုသို့ ကော်မရှင်က စိစစ်ရာတွင် အချိန်ကြန့်ကြာမှုမရှိစေရေးအတွက် နိုင်ငံရေးပါတီအဖွဲ့အစည်းဝင်များကဖြစ်စေ၊ အောက်ခြေနိုင်ငံရေးပါတီအဖွဲ့အစည်းအဆင့်ဆင့်ကဖြစ်စေ အကြံပြုချက်များနှင့်ထင်မြင်ချက်များပေးပို့သည့်အခါ မိမိသက်ဆိုင်ရာ နိုင်ငံရေးပါတီအဖွဲ့အစည်းဌာနချုပ်မှတဆင့် ပေးပို့ရန်ဖြစ်ပါသည်။ ပုဂ္ဂိုလ်တဦးချင်းအနေဖြင့် အကြံပြုချက်များနှင့် ထင်မြင်ချက်များပေးပို့ရန်ရှိပါက ပေးပို့သူ၏ လက်မှတ်၊ အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပေးပို့ကြပါရန် ဖော်ပြအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၂၄၃)**
**(၁၃၅၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်)**
**(၁၉၈၉ ခုနှစ်၊ မတ်လ ၇ ရက်)**

**အကြောင်းအရာ ။ ။ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအဖွဲ့** Democracy and Human Rights Organization (D.H.O.) **ကို နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်း။**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ၂၃–၁၀–၈၈ ရက်စွဲပါ ကြေညာချက်အမှတ် (၄၀) ဖြင့် ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် (၈၂)တွင် ဖွင့်လှစ်ထားရှိသော ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအဖွဲ့ Democracy and Human Rights Organization (D.H.O.) ကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ ယင်းပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထားအရ ၇–၃–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကိုဖျက်သိမ်းပေးပါရန် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအဖွဲ့မှ နာယက၊ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက တင်ပြလာပါသဖြင့် ဤကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအဖွဲ့ Democracy and Human Rights Organization (D.H.O.) အဖြစ် မှတ်ပုံတင်ထားခြင်းကို ၇–၃–၈၉ ရက်နေ့မှစ၍ ပယ်ဖျက်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၂၄၄)**
**(၁၃၅၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၄ ရက်)**
**(၁၉၈၉ ခုနှစ်၊ မတ်လ ၁၀ ရက်)**

**အကြောင်းအရာ ။ ။ ဒီမိုကရေစီသစ်ပါတီ** ( New Democracy Party) **ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်း။**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ၈–၁၁–၈၈ ရက်စွဲပါ ကြေညာချက်အမှတ် (၁၀၆) ဖြင့် ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ (၇) လမ်း၊ အမှတ် ၉၇ (အေ) မြေညီထပ်တွင် ဖွင့်လှစ်ထားရှိသော ဒီမိုကရေစီသစ်ပါတီ (New Democracy Party) ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ ယင်းပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထားအရ ၁၀–၃–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကို ဖျက်သိမ်းပေးပါရန် ဒီမိုကရေစီသစ်ပါတီမှ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက တင်ပြလာပါသဖြင့် ဤကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ဒီမိုကရေစီသစ်ပါတီ (New Democracy Party) အဖြစ် မှတ်ပုံတင်ထားခြင်းကို ၁၀–၃–၈၉ ရက်နေ့မှစ၍ ပယ်ဖျက်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
**အတွင်းရေးမှူး**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**

**ကြေညာချက်အမှတ် (၂၄၅)**

**(၁၃၅၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်)**
**(၁၉၈၉ ခုနှစ်၊ မတ်လ ၂၂ ရက်)**

**အကြောင်းအရာ။ ။ နိုင်ငံရေးပါတီတွင်းကိစ္စများနှင့်စပ်လျဉ်း၍ ကော်မရှင်၏သဘောထားကို ထုတ်ပြန်ကြေညာခြင်း။**

၁။ ဤကော်မရှင်သည် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့အထိ နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၂၃၁) ဖွဲ့တို့သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ထားလျက်ရှိပါသည်။

၂။ ယင်းသို့မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီအဖွဲ့အစည်းအချို့တွင် ပါတီဖွဲ့စည်းပုံနှင့် ပါတီတွင်းရေးရာကိစ္စအချို့ ပြေလည်မှုမရှိသည့်အတွက် ကော်မရှင်သို့ လာရောက်တင်ပြတိုင်တန်းခြင်းများရှိခဲ့ပါသည်။

၃။ ယခုမှတ်ပုံတင်ထားသော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် ဤကော်မရှင်က ကြီးကြပ်ဖွဲ့စည်းပေးသော အဖွဲ့အစည်းများမဟုတ်ဘဲ မိမိတို့၏ဆန္ဒအလျောက် ပါတီဖွဲ့စည်းပုံများ၊ စည်းမျဉ်းများ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကိုရေးဆွဲပြီး နာယကနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ယင်းသို့ ဖွဲ့စည်းပြီးနောက် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် တင်ပြလာသည့်အခါ ကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ (၄) နှင့်အညီ သက်ဆိုင်ရာပါတီအဖွဲ့အစည်း၏ ဥက္ကဋ္ဌ (သို့မဟုတ်) အထွေထွေအတွင်းရေးမှူး (သို့မဟုတ်)အတွင်းရေးမှူးတဦးဦးက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ (၃) ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိပါကြောင်း အောက်ပါအတိုင်း ဝန်ခံကတိလက်မှတ်ရေးထိုးမှသာ မှတ်ပုံတင်ပေးခဲ့ပါသည် ...

(က) တည်ဆဲဥပဒေတရပ်ရပ်အရ မတရားအသင်းအဖြစ်ကြေညာခြင်းခံရသော အဖွဲ့အစည်းမဟုတ်ကြောင်း၊

(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်းမဟုတ်ကြောင်း၊

(ဂ) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းမဟုတ်ကြောင်း၊

(ဃ) နိုင်ငံခြားတိုင်းပြည်တခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း (သို့မဟုတ်) အခြားအဖွဲ့အစည်းတခုခုမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းမဟုတ်ကြောင်း၊

(င) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသော အဖွဲ့အစည်းမဟုတ်ကြောင်း၊

(စ) ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေးဘဏ်၊ ကော်ပိုရေးရှင်း၊ အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် နိုင်ငံတော်ဘဏ္ဍာငွေမှ လစာခံစားကြသော ဝန်ထမ်းများပါဝင်သည့် အဖွဲ့အစည်းမဟုတ်ကြောင်း။

၄။ ထိုသို့ မှတ်ပုံတင်စဉ်ကတင်ပြသော သက်ဆိုင်ရာပါတီအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံစည်းမျဉ်းများ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ နာယကနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များစာရင်းကိုမူ ကော်မရှင်က မှတ်တမ်းတင်ထားပါသည်။ ထို့အပြင် အလုပ်အမှုဆောင်အဖွဲ့နှင့် ဖွဲ့စည်းပုံစည်းမျဉ်းများ ပြုပြင်ပြောင်းလဲမှုရှိ၍ ကော်မရှင်သို့ ထပ်မံတင်ပြလာသည့်အခါတွင်လည်း ကော်မရှင်က ဆက်လက်မှတ်တမ်းတင်ထားလျက်ရှိပါသည်။

၅။ သို့ပါ၍ မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းတခုခု၏ ပါတီတွင်းသဘောကွဲလွဲမှုများကို သက်ဆိုင်ရာပါတီများကသာ ဖြေရှင်းရန်ဖြစ်သဖြင့် ကော်မရှင်က ဝင်ရောက်စွက်ဖက်ဖြေရှင်းပေးရန် မရှိပါကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၂၄၆)**
**(၁၃၅၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်)**
**(၁၉၈၉ ခုနှစ်၊ မတ်လ ၂၃ ရက်)**

**အကြောင်းအရာ ။ ။ မဟာမိတ်ဒီမိုကရေစီဌာနချုပ်** (League for Democracy Alliance) **ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်း။**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ၈–၁၂–၈၈ ရက်စွဲပါ ကြေညာချက်အမှတ် (၁၆၂) ဖြင့် ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ၄၈ လမ်း၊ အမှတ် ၁၄၈ (မြေညီထပ်) တွင် ဖွင့်လှစ်ထားရှိသော မဟာမိတ်ဒီမိုကရေစီဌာနချုပ် (League for Democracy Alliance) ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ ယင်းပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထား

အရ ၂၃–၃–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကို ဖျက်သိမ်းပေးပါရန် မဟာမိတ်ဒီမိုကရေစီဌာနချုပ်မှ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက တင်ပြလာပါသဖြင့် ဤကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မဟာမိတ်ဒီမိုကရေစီဌာနချုပ် (League for Democracy Alliance) အဖြစ် မှတ်ပုံတင်ထားခြင်းကို ၂၃–၃–၈၉ ရက်နေ့မှစ၍ ပယ်ဖျက်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ –
(အေးမောင်)
အတွင်းရေးမှူး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၂၄၇)**
**(၁၃၅၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်)**
**(၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ ရက်)**

**အကြောင်းအရာ ။ ။ ဒီမိုကရေစီခေတ်သစ်တည်ဆောက်ရေး တောင်သူလယ်သမား၊ အလုပ်သမားအဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ)** Peasants & Workers' League for Democratic New Construction (Union of Burma) **ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်း။**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ၂၅–၁၁–၈၈ ရက်စွဲပါ ကြေညာချက်အမှတ် (၁၄၈) ဖြင့် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ် (ဆ/၅၂) တွင် ဖွင့်လှစ်ထားရှိသော ဒီမိုကရေစီခေတ်သစ်တည်ဆောက်ရေး တောင်သူလယ်သမား၊ အလုပ်သမားအဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ) Peasants & Workers' League for Democratic New Construction (Union of Burma) ကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ ယင်းပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထားအရ ၃၁–၃–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကို ဖျက်သိမ်းပေးပါရန် ဒီမိုကရေစီခေတ်သစ်တည်ဆောက်ရေး တောင်သူလယ်သမား၊ အလုပ်သမားအဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ) မှ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက တင်ပြလာပါသဖြင့် ဤကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ဒီမိုကရေစီခေတ်သစ်တည်ဆောက်ရေး တောင်သူလယ်သမား၊ အလုပ်သမား အဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ) Peasants & Workers' League for Democratic New Construction (Union of Burma) အဖြစ် မှတ်ပုံတင်ထားခြင်းကို ၂၃–၃–၈၉ ရက်နေ့မှစ၍ ပယ်ဖျက်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၂၄၈)**
**(၁၃၅၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်)**
**(၁၉၈၉ ခုနှစ်၊ ဧပြီလ ၃ ရက်)**

**အကြောင်းအရာ ။ ။ ဒီမိုကရေစီညီညွတ်ရေးတပ်ဦး** (United Democratic Front) **ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်း။**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ၁၄–၁၁–၈၈ ရက်စွဲပါ ကြေညာချက်အမှတ် (၁၂၇) ဖြင့် ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ၄၈ လမ်း၊ အမှတ် ၁၄၁ (ဒုတိယထပ်၊ ဝဲဘက်ခန်း) တွင် ဖွင့်လှစ်ထားရှိသော ဒီမိုကရေစီညီညွတ်ရေးတပ်ဦး (United Democratic Front) ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ ယင်းပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထား အရ ၃–၄–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကို ဖျက်သိမ်းပေးပါရန် ဒီမိုကရေစီညီညွတ်ရေးတပ်ဦးမှ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက တင်ပြလာပါသဖြင့် ဤကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ဒီမိုကရေစီညီညွတ်ရေးတပ်ဦး (United Democratic Front) အဖြစ် မှတ်ပုံတင်ထားခြင်းကို ၂၃–၃–၈၉ ရက်နေ့မှစ၍ ပယ်ဖျက်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၂၄၉)**
**(၁၃၅၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်)**
**(၁၉၈၉ ခုနှစ်၊ ဧပြီလ ၂၇ ရက်)**

**အကြောင်းအရာ ။ ။ မြန်မာပြည် လွတ်လပ်မှုထွန်းကားရေးအဖွဲ့ချုပ် (မ–လ–ထ)** (Burma's League for Liberal Evolution) **ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်း။**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ၂၉–၁၁–၈၈ ရက်စွဲပါ ကြေညာချက်အမှတ် (၁၅၀) ဖြင့် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ် (၁၂၇) တွင်ဖွင့်လှစ်ထားရှိသော မြန်မာပြည်လွတ်လပ်မှုထွန်းကားရေးအဖွဲ့ချုပ် (မ–လ–ထ) (Burma's League for Liberal Evolution) ကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က)အရ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ ယင်းပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အားလုံး၏ တညီတညွတ်တည်းဆန္ဒသဘောထား အရ ၂၇–၄–၈၉ ရက်နေ့မှစ၍ မိမိတို့၏ပါတီကိုဖျက်သိမ်းပေးပါရန် မြန်မာပြည်လွတ်လပ်မှု ထွန်းကားရေး အဖွဲ့ချုပ်

(မ–လ–ထ) မှ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက တင်ပြလာပါသဖြင့် ဤကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မြန်မာပြည်လွတ်လပ်မှုထွန်းကားရေးအဖွဲ့ချုပ် (မ–လ–ထ) (Burma's League for Liberal Evolution) အဖြစ် မှတ်ပုံတင်ထားခြင်းကို၂၇–၄–၈၉ ရက်နေ့မှစ၍ ပယ်ဖျက်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၃၁၄)**
**(၁၃၅၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်)**
**(၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)**
**အထွေထွေအမှုတွဲအမှတ် (၂/၈၉)**

**အကြောင်းအရာ ။ ။ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မ–န–တ)** National Politics Front (N.P.F.) **ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်း။**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ၁၅–၁၁–၈၈ ရက်စွဲပါ ကြေညာချက်အမှတ် (၁၃၂) ဖြင့် မန္တလေးတိုင်း၊ မန္တလေးအရှေ့တောင်မြို့နယ်၊ မဟာအောင်မြေအနောက် အကွက်အမှတ် (၅၂၆)၊ (၈၄) လမ်း၊ (၃၈) နှင့် (၃၉) လမ်းကြား အမှတ် (၃၉၇) တွင် ဖွင့်လှစ်ထားရှိသော အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မ–န–တ) National Politics Front (N.P.F.) ကို နိုင်ငံရေးပါတီများ မှတ်ပုံ တင်ခြင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ ယင်းပါတီသည် နိုင်ငံတော်အားလက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) သောင်းကျန်းသူအဖွဲ့အစည်း၏ မြေပေါ်အဖွဲ့အစည်းဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားများတွေ့ ရှိရ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ခ) နှင့် ငြိစွန်းနေပါသဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆ အရ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မ–န–တ) National Politics Front (N.P.F.) အဖြစ် ဤကော်မရှင်တွင် မှတ်ပုံတင်ထားခြင်းကို ယနေ့မှစ၍ ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၃၁၅)**
**(၁၃၅၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်)**
**(၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)**
**အထွေထွေအမှုတွဲအမှတ် (၃/၈၉)**

**အကြောင်းအရာ ။ ။ ပြည်သူ့တိုးတက်ရေးပါတီ** (People's Progressive Party) **ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်း။**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ၉-၁၁-၈၈ ရက်စွဲပါ ကြေညာချက်အမှတ် (၁၀၈) ဖြင့် ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ (၄၇) လမ်း၊ အမှတ် (၁၆၄) (ပထမထပ်) တွင် ဖွင့်လှစ်ထားရှိသော ပြည်သူ့တိုးတက်ရေးပါတီ (People's Progressive Party) ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ ယင်းပါတီသည် နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) သောင်းကျန်းသူအဖွဲ့အစည်း၏ မြေပေါ်အဖွဲ့အစည်းဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားများတွေ့ရှိရ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ခ) နှင့် ငြိစွန်းနေပါသဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆ အရ ပြည်သူ့တိုးတက်ရေးပါတီ (People's Progressive Party) အဖြစ် ဤကော်မရှင်တွင် မှတ်ပုံတင်ထားခြင်းကို ယနေ့မှစ၍ ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**ကျင်းပရေးကော်မရှင်**
**ကြေညာချက်အမှတ် (၃၁၆)**
**(၁၃၅၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်)**
**(၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)**
**အထွေထွေအမှုတွဲအမှတ် (၄/၈၉)**

**အကြောင်းအရာ ။ ။ အမြဲစိမ်းလူငယ်များအဖွဲ့** (Ever Green Young Men Association) **ကို နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခြင်း။**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ၁၀-၁၁-၈၈ ရက်စွဲပါ ကြေညာချက်အမှတ် (၁၁၁) ဖြင့် စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်၊ မြို့ပတ်လမ်းတွင် ဖွင့်လှစ်ထားရှိသော အမြဲစိမ်းလူငယ်များအဖွဲ့ (Ever Green Young Men Association) ကို နိုင်ငံရေး

ပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ ယင်းပါတီသည် နိုင်ငံတော်အားလက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) သောင်းကျန်းသူအဖွဲ့အစည်း၏မြေပေါ်အဖွဲ့အစည်းဖြစ်ကြောင်း ခိုင်လုံသောအထောက်အထား များတွေ့ရှိရ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ခ) နှင့် ငြိစွန်းနေပါသဖြင့် နိုင်ငံရေးပါတီ များမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆ အရ အမြဲစိမ်းလူငယ်များအဖွဲ့ (Ever Green Young Men Association) အဖြစ် ဤကော်မရှင်တွင် မှတ်ပုံတင်ထားခြင်းကို ယနေ့မှစ၍ ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(အေးမောင်)
အတွင်းရေးမှူး

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်**
**(အမိန့်အမှတ် ၁/၉၂)**
**၁၃၅၃ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်**
**(၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)**

**ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခြင်းမခံရသည့်အပြင် မိမိတို့ပါတီ၏ ဖွဲ့စည်းမှုအနေအထားကိုပင် တင်ပြနိုင်ခြင်းမရှိသည့်**
**နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းသည့်အမိန့်**

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၂၃၅) ဖွဲ့အား မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အမိန့်များထုတ်ပြန်လျက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုကြသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများအားလည်းကောင်း၊ အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုကြသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများ အားလည်းကောင်း ဖျက်သိမ်းခဲ့ပါသည်။

၃။ ထိုနည်းတူ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကလည်း ကြေညာချက်များထုတ်ပြန်လျက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ခွင့်ပြုထားပြီးသော နိုင်ငံရေးပါတီအဖွဲ့အစည်းများအနက် အချို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းကြောင်း စိစစ်တွေ့ရှိရသဖြင့် မူလမှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းများကို ပယ်ဖျက်ခဲ့ပါသည်။

၄။ ထို့ပြင် မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီအဖွဲ့အစည်းများအနက် အချို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် မိမိတို့ဆန္ဒအလျောက် ပါတီအဖွဲ့အစည်းကို ပယ်ဖျက်ပေးပါရန် တင်ပြလာကြသဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် ကြေညာချက်များထုတ်ပြန်လျက် အဆိုပါ ပါတီအဖွဲ့အစည်းများအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းများကို ပယ်ဖျက်ခဲ့ပါသည်။

၅။ ယခုအခါ မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်းမှာ (၇၄) ဖွဲ့သာ ကျန်ရှိပါသည်။ ထိုသို့ ကျန်ရှိသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုချက်ရယူပြီး စည်းရုံး

လှုပ်ရှားခဲ့ကြသည်မှာ သုံးနှစ်ခန့်ပင်ရှိပြီဖြစ်သဖြင့် ယင်းတို့၏အဖွဲ့အစည်း အနေအထားနှင့် စည်းရုံးမှုမှာ ခိုင်မာသင့်သလောက် ခိုင်မာသည့်အခြေအနေသို့ ရောက်ရှိနေပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ သို့ရာတွင် အချို့သောနိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ အခြေအနေမှာ ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခြင်း မခံရသည့်အပြင် မိမိတို့၏ ပါတီဖွဲ့စည်းမှုအနေအထားကိုပင် တင်ပြနိုင်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ကျစ်လျစ်ခိုင်မာသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် ဤကဲ့သို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများကို ဆက်လက်ရပ်တည်ခွင့်မပေးသင့်ဟု သဘောရရှိပါကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကတင်ပြလာပါသည်။

၆။ သို့ပါ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ တင်ပြချက်နှင့်အညီ ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခြင်း မခံရသည့်အပြင် မိမိတို့၏ ပါတီဖွဲ့စည်းမှုအနေအထားကိုပင် တင်ပြနိုင်ခြင်းမရှိသော အောက်ဖော်ပြပါ နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည် ...

(က) ဒီမိုကရေစီမဟာမိတ်များ အဖွဲ့ချုပ် (ဒ–မ–ဖ)၊
(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ ဒီမိုကရေစီတပ်ပေါင်းစု၊
(ဂ) မြန်မာနိုင်ငံ ညီညွတ်ရေး ဒီမိုကရက်တစ်ပါတီ၊
(ဃ) ရခိုင်လူမျိုးစုများ ဒီမိုကရေစီပါတီ၊
(င) ရခိုင် တိုင်းရင်းသား ညီညွတ်ရေး အဖွဲ့ချုပ် (ရ–တ–ည)၊
(စ) အမျိုးသားပါတီ (အ–မ–ပ)။

၇။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်
## (အမိန့်အမှတ် ၂/၉၂)
## ၁၃၅၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
## (၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

## ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခြင်းမခံရသည့်အပြင် ဗဟိုအဖွဲ့အစည်းတခုသာရှိပြီး အောက်ခြေပါတီအဖွဲ့အစည်းလုံးဝမရှိသော နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းသည့်အမိန့်

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၂၃၅) ဖွဲ့အား မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အကြောင်းအမျိုးမျိုးကြောင့် အမိန့်များထုတ်ပြန်လျက် အချို့သောနိုင်ငံရေးပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းခဲ့ခြင်းကြောင့်လည်းကောင်း၊ ပါတီစုံဒီမို ကရေစီ

အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် အကြောင်းအမျိုးမျိုးကြောင့် ကြေညာချက်များ ထုတ်ပြန်လျက် အချို့သောနိုင်ငံရေးပါတီအဖွဲ့အစည်းများအား မူလမှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းများကို ပယ်ဖျက်ခဲ့ခြင်း ကြောင့်လည်းကောင်း ယခုအခါ မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်းမှာ (၆၈) ဖွဲ့သာ ကျန်ရှိပါသည်။

၃။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုအနေအထားနှင့် စည်းရုံးမှုအခြေအနေများကို ပြန်လည်စိစစ်သုံးသပ်ခဲ့ပါသည်။ ယင်းသို့ စိစစ်သုံးသပ်ရာတွင် မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် နိုင်ငံရေး ပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုချက်ရယူပြီး စည်းရုံးလှုပ်ရှားခဲ့ကြသည်မှာ သုံးနှစ်ခန့်ပင်ရှိပြီဖြစ်သဖြင့် ယင်းတို့၏ ဖွဲ့စည်းမှုအနေအထားနှင့် စည်းရုံးမှုအခြေအနေမှာ ခိုင်မာသင့်သလောက် ခိုင်မာသည့်အခြေအနေသို့ ရောက်ရှိ နေပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ သို့ရာတွင် အချို့သောနိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ အခြေအနေမှာ ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခြင်း မခံရသည့်အပြင် ဗဟိုအဖွဲ့အစည်းတခုသာရှိပြီး အောက်ခြေပါတီ အဖွဲ့အစည်းများနှင့် ပါတီဝင်အင်အား လုံးဝမရှိကြကြောင်း၊ ဗဟိုအဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့ကိုပင် အဖွဲ့ဝင် (၄) ဦး၊ (၅) ဦးခန့်ဖြင့်သာ ဖွဲ့စည်းနိုင်ကြကြောင်း၊ အချို့သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့များကို မိသားစုအဖွဲ့ဝင်များနှင့် ရင်းနှီးသောမိတ်ဆွေများနှင့်သာ ဖွဲ့စည်းထားကြသည်ကို တွေ့ရှိရကြောင်း၊ ကျစ်လျစ် ခိုင်မာသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးဖော်ဆောင်ရာတွင် နိုင်ငံအကျိုးကိုရှေ့ရှုလျက် ဤကဲ့သို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများကို ဆက်လက်ရပ်တည်ခွင့်မပေးသင့်ဟု သဘောရရှိပါကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က တင်ပြလာပါသည်။

၄။ သို့ပါ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေး ကောက်ပွဲကျင်းပရေးကော်မရှင်၏ တင်ပြချက်နှင့်အညီ ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခြင်း မခံရသည့် အပြင် ဗဟိုအဖွဲ့အစည်းတခုသာရှိပြီး အောက်ခြေပါတီအဖွဲ့အစည်းလုံးဝမရှိသော အောက်ဖော်ပြပါ နိုင်ငံရေး ပါတီအဖွဲ့ အစည်းများအား ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည် ...

(က) တိုင်းရင်းနွယ်ဖွား ပူးပေါင်းရေးပါတီ၊
(ခ) ဒီမိုကရေစီမြတ်နိုးသော ပြည်သူများ မဟာမိတ်အဖွဲ့ကြီး (ဒ–မ–မ–ဖ)၊
(ဂ) ပြည်ထောင်စုပြည်သူ့ဘဝနှင့် ဒီမိုကရေစီပါတီ၊
(ဃ) မြန်မာနိုင်ငံ ဒီမိုကရက်တစ် ပြည်သူ့အင်အားအဖွဲ့ချုပ်၊
(င) အမျိုးသား ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပါတီ၊
(စ) ပြည်ထောင်စုမြန်မာနိုင်ငံ ညီညွတ်ရေးဒီမိုကရေစီအဖွဲ့ချုပ် (ပ–ည–ဒ–ဖ)၊
(ဆ) အမျိုးသားငြိမ်းချမ်းရေးပါတီ၊
(ဇ) ပြည်သူ့တောင်သူလယ်သမားသမဂ္ဂ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊
(ဈ) ပြည်သူ့ဒီမိုကရေစီပါတီ။

၅။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်
## (အမိန့်အမှတ် ၄/၉၂)
## ၁၃၅၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
## (၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

### ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခြင်းမခံရသည့်အပြင် ဗဟိုနှင့်တကွ ပြည်နယ်/တိုင်း အဖွဲ့ခွဲ၊ မြို့နယ်စုအဖွဲ့ခွဲနှင့် မြို့နယ်အဖွဲ့ခွဲ စုစုပေါင်း အနည်းဆုံး အဖွဲ့ (၁၀) ဖွဲ့ကိုပင် ဖွဲ့စည်းခြင်း မပြုနိုင်သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းသည့်အမိန့်

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၂၃၅) ဖွဲ့အား မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အမိန့်များအကြိမ်ကြိမ်ထုတ်ပြန်လျက် အချို့သောနိုင်ငံရေးပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းခဲ့ခြင်းကြောင့်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် အကြောင်းအမျိုးမျိုးကြောင့် ကြေညာချက်များ အကြိမ်ကြိမ်ထုတ်ပြန်လျက် အချို့သောနိုင်ငံရေးပါတီအဖွဲ့အစည်းများအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းများကို ပယ်ဖျက်ခဲ့ခြင်းကြောင့်လည်းကောင်း ယခုအခါ မှတ်ပုံတင်ခွင့်ပြုထားသည့်နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်းမှာ (၅၇) ဖွဲ့သာကျန်ရှိပါသည်။

၃။ ထိုသို့ ကျန်ရှိသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုချက်ရယူပြီး စည်းရုံးလှုပ်ရှားခဲ့ကြသည်မှာ သုံးနှစ်ခန့်ပင်ရှိပြီဖြစ်သဖြင့် ယင်းတို့၏ဖွဲ့စည်းမှု အနေအထားနှင့် စည်းရုံးမှုမှာ ခိုင်မာသင့်သလောက် ခိုင်မာသည့်အခြေအနေသို့ ရောက်ရှိနေပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများသည် ဗဟိုနှင့်တကွ ပြည်နယ်/တိုင်း အဖွဲ့ခွဲ၊ မြို့နယ်စုအဖွဲ့ခွဲ၊ မြို့နယ်အဖွဲ့ခွဲ အနည်းဆုံး (၁၀) ဖွဲ့ ဖွဲ့စည်းနိုင်သည့် အဖွဲ့အစည်းများဖြစ်သင့်ကြောင်း၊ သို့ရာတွင် အချို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏အခြေအနေမှာ ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခြင်းမခံရသည့်အပြင် ဗဟိုနှင့်တကွ ပြည် နယ်/တိုင်း အဖွဲ့ခွဲ၊ မြို့နယ်စုအဖွဲ့ခွဲနှင့် မြို့နယ်အဖွဲ့ခွဲ အနည်းဆုံး အဖွဲ့ (၁၀) ဖွဲ့ ဖွဲ့စည်းနိုင်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ကျစ်လျစ်ခိုင်မာသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးဖော်ဆောင်ရာတွင် ဤကဲ့သို့သောနိုင်ငံရေးပါတီအဖွဲ့အစည်းများကို ဆက်လက်ရပ်တည်ခွင့်မပေးသင့်ဟု သဘောရရှိပါကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က တင်ပြလာပါသည်။

၄။ သို့ပါ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ တင်ပြချက်နှင့်အညီ ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခြင်း မခံရသည့်အပြင် ဗဟိုနှင့်တကွ ပြည်နယ်/တိုင်း အဖွဲ့ခွဲ၊ မြို့နယ်စုအဖွဲ့ခွဲ၊ မြို့နယ်အဖွဲ့ခွဲ အနည်းဆုံးအဖွဲ့ (၁၀) ဖွဲ့ ဖွဲ့စည်းနိုင်ခြင်းမရှိသော အောက်ဖော်ပြပါ နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည် ...

(က) ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဆိုရှယ်လစ်ဆန့်ကျင်ရေး၊ အာဏာရှင်ဆန့်ကျင်ရေး၊ လွတ်လပ်သော ဒီမိုကရေစီအဖွဲ့ချုပ်၊

(ခ) ကရင်အမျိုးသား ဒီမိုကရေစီကွန်ဂရက် (က-ဒ-က)၊

(ဂ) တောင်သူလယ်သမား၊ ကဒူး၊ ကနန်းနှင့် ရှမ်းအမျိုးသားသွေးစည်းညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ချုပ် (ဗန်းမော်မြို့)၊

(ဃ) တောင်သူလယ်သမား တိုးတက်ဖွံ့ဖြိုးရေးပါတီ၊
(င) တိုင်းရင်းသားလူမျိုးစု ဘဝသစ်ထူထောင်ရေးပါတီ (၄၁နချုပ်)၊
(စ) ဒီမိုကရေစီမြတ်နိုးသော ပြည်သူများအဖွဲ့ချုပ် (ဒ–မ–ပ–ဖ)၊
(ဆ) ဒီမိုကရက်တစ်လေဘာပါတီ (မြန်မာပြည်)၊
(ဇ) ပြည်သူ့ရှေ့ဆောင်ပါတီ (ပ–ရ–ပ)၊
(ဈ) ရခိုင်အမျိုးသား လူမှုဘဝမြှင့်တင်ရေးအဖွဲ့၊
(ည) မြန်မာအမျိုးသမီး တိုးတက်ရေးသမဂ္ဂ (ဗဟို၄၁နချုပ်)၊
(၄) ရှမ်းပြည်နယ် ကချင်အမျိုးသား ဒီမိုကရက်တစ်ပါတီ၊
(၅) ရှမ်းအမျိုးသား ဖွံ့ဖြိုးရေး ဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ)၊
(၃) ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး မူလအဖွဲ့ချုပ် (ဖ–ဆ–ပ–လ မူလအဖွဲ့ချုပ်)၊
(ဎ) ပြည်သူ့ရဲဘော်အဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊
(ဏ) ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးပါတီ (ပ–တ–ခ)၊
(တ) မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားများတိုးတက်ရေး ဒီမိုကရေစီပါတီ၊
(ထ) မြန်မာနိုင်ငံလုံးဆိုင်ရာ မဟာမိတ် လူငယ်များအစည်းအရုံး။

၅။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်**
**(အမိန့်အမှတ် ၅/၉၂)**
**၁၃၅၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**
**(၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)**

**အောက်ခြေပါတီအဖွဲ့အစည်းများကို စနစ်တကျ ဖွဲ့စည်းနိုင်ခြင်းမရှိသည့်အပြင်ပါတီဝင်အမည်စာရင်းကိုပင် ဖော်ပြပေးပို့နိုင်ခြင်းမရှိသော**
**နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းသည့်အမိန့်**

၁။ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အချို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းခဲ့ခြင်းကြောင့်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က အချို့သောနိုင်ငံရေးပါတီအဖွဲ့အစည်းများအား မှတ်ပုံတင်ပယ်ဖျက်ခဲ့ခြင်းကြောင့်လည်းကောင်း ယခုအခါ နိုင်ငံရေးပါတီအဖွဲ့အစည်း (၄၀) ဖွဲ့သာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တရားဝင်ဆက်လက်ရပ်တည်လျက်ရှိပါသည်။

၂။ ထိုသို့ ဆက်လက်တည်ရှိနေသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် စည်းရုံးလှုပ်ရှားခဲ့ကြသည်မှာ သုံးနှစ်ခန့်ပင်ရှိခဲ့သည့်အလျောက် ယင်းတို့၏အဖွဲ့အစည်းအနေအထားနှင့်စည်းရုံးမှုသည် ခိုင်မာသင့်သလောက် ခိုင်မာသည့်အခြေအနေသို့ ရောက်ရှိနေပြီးဖြစ်မည်ဟုယုံကြည်သဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် အဆိုပါ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၏ အောက်ခြေဖွဲ့စည်းမှု အခြေအနေများနှင့် ပါတီဝင်အမည်စာရင်းတင်ပြမှု အခြေအနေများကို စိစစ်လေ့လာသုံးသပ်ခဲ့ပါသည်။

၃။ ဤသို့ စိစစ်လေ့လာသုံးသပ်ရာတွင် အချို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခြင်း မခံရသည့်အပြင် အောက်ခြေပါတီအဖွဲ့အစည်းများကို စနစ်တကျဖွဲ့စည်းနိုင်ခြင်းမရှိသည်ကိုလည်းကောင်း၊ ပါတီဝင်အမည်စာရင်းကိုလည်း ဖော်ပြပေးပို့နိုင်ခြင်း မရှိသည်ကိုလည်းကောင်း စိစစ်တွေ့ရှိရသဖြင့် ကျစ်လျစ်ခိုင်မာသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် ထိုသို့သောပါတီအဖွဲ့အစည်းများအား ဆက်လက်ရပ်တည်ခွင့်မပြုသင့်ဟု သဘောရရှိပါကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က တင်ပြလာပါသည်။

၄။ သို့ပါ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ တင်ပြချက်နှင့်အညီ ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခြင်း မခံရသည့်အပြင် အောက်ခြေ ပါတီအဖွဲ့အစည်းများကို စနစ်တကျဖွဲ့စည်းနိုင်ခြင်းမရှိဘဲ ပါတီဝင်အမည်စာရင်းကိုပင် ဖော်ပြပေးပို့နိုင်ခြင်းမရှိသော အောက်ဖော်ပြပါ နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည် ...

(က) ကချင်ပြည်နယ် အမျိုးသားဒီမိုကရက်တစ်ပါတီ၊
(ခ) ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ဂ) တောင်သူလယ်သမားသမဂ္ဂများအဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ)၊
(ဃ) အလုပ်သမားညီညွတ်ရေး သမဂ္ဂများအဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ)၊
(င) ရှမ်းပြည် တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်၊
(စ) အမျိုးသားတိုးတက်ရေး လူငယ်အဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊

၅။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်
## (အမိန့်အမှတ် ၇/၉၂)
## ၁၃၅၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
## (၁၉၉၂ ခုနှစ်၊ မတ်လ ၁၁ ရက်)

## နိုင်ငံရေးပါတီအဖွဲ့အစည်းအချို့အား ဖျက်သိမ်းသည့်အမိန့်

၁။ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အချို့သောနိုင်ငံရေး ပါတီအဖွဲ့အစည်းများအား ဖျက်သိမ်းခဲ့ခြင်းကြောင့်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က အချို့သောနိုင်ငံရေးပါတီအဖွဲ့အစည်းများအား မှတ်ပုံတင်ပယ်ဖျက်ခဲ့ခြင်းကြောင့်လည်းကောင်း ယခုအခါ နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၂၉) ဖွဲ့သာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ တရားဝင်ဆက်လက်ရပ်တည်လျက်ရှိပါသည်။

၂။ အထက်ဖော်ပြပါ ဆက်လက်တည်ခွင့်ရှိကြသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် စည်းရုံးလှုပ်ရှားခဲ့သည်မှာ အချိန်ကာလအားဖြင့် သုံးနှစ်ကျော်ခဲ့သည့်အလျောက် ယင်းတို့၏ အဖွဲ့အစည်းအနေအထားနှင့် စည်းရုံးမှုသည် ခိုင်မာသင့်သလောက် ခိုင်မာသည့်အခြေအနေသို့ ရောက်ရှိနေပြီးဖြစ်မည်ဟု ယုံကြည်သဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သည် အဆိုပါ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ စည်းရုံးမှု၊ ဖွဲ့စည်းမှုအခြေအနေများနှင့် ပါတီဝင်အမည်စာရင်း၊ အင်အားစာရင်းတင်ပြမှုအခြေအနေများကို စိစစ်

လေ့လာသုံးသပ်ခဲ့ပါသည်။

၃။ ဤသို့ စိစစ်လေ့လာသုံးသပ်ရာတွင် အချို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် မိမိတို့၏ပါတီဝင် အင်အားစာရင်း၊ ပါတီအဖွဲ့ခွဲစာရင်းများ တိတိကျကျဖော်ပြပေးပို့ခြင်း မရှိကြသည် ကိုလည်းကောင်း၊ အချို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် မိမိတို့ပါတီ၏ နိုင်ငံရေးသဘောတရားနှင့် ဝါဒလမ်းစဉ်ကိုပင် ပီပီပြင်ပြင် တင်ပြနိုင်ခြင်းမရှိကြသည်ကိုလည်းကောင်း၊ အချို့သော နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၏ တာဝန်ရှိပုဂ္ဂိုလ်များ သည် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာရန် အားနည်းမှုရှိကြ သည်ကိုလည်းကောင်း၊ အချို့သော နိုင်ငံရေးပါတီအဖွဲ့ အစည်းများသည် ကိုယ်စားလှယ်အချို့ရွေးကောက် တင်မြှောက်ခံရခြင်းကိုအကြောင်းပြု၍ မိမိတို့၏ ရပ်တည်မှုသည် ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခံရမှု အပေါ်မူတည်နေသည်ဟု ယူဆဟန်ရှိပြီး ပါတီ၏စည်းရုံးရေးကို လျစ်လျူရှုထားကြသည်ကိုလည်းကောင်း စိစစ် တွေ့ရှိရသဖြင့် ကျစ်လျစ်ခိုင်မာသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင်ထိုသို့သော နိုင်ငံရေး ပါတီအဖွဲ့အစည်းများအား ဆက်လက်ရပ်တည်ခွင့်မပြုသင့်ဟုသဘောရရှိပါကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က တင်ပြလာပါသည်။

၄။ သို့ပါ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေး ကောက်ပွဲကျင်းပရေးကော်မရှင်၏ တင်ပြချက်နှင့်အညီ အောက်ဖော်ပြပါ နိုင်ငံရေးပါတီအဖွဲ့အစည်းများ အား ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည် ...

(က) ကမန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊

(ခ) ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့၊

(ဂ) ဇိုမီးအမျိုးသား ကွန်ဂရက်၊

(ဃ) ဒီမိုကရေစီပါတီ၊

(င) ဒီမိုကရက်တစ် တက္ကသိုလ်ဘွဲ့ရနှင့် ကျောင်းသားဟောင်းများအဖွဲ့၊

(စ) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်၊

(ဆ) မရာပြည်သူ့ပါတီ (မ–ပ–ပ)၊

(ဇ) မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့၊

(ဈ) အမျိုးသားပြန်လည်တည်ဆောက်ရေး ဒီမိုကရေစီတပ်ပေါင်းစု (ပြည်ထောင်စုမြန်မာနိုင်ငံ)။

၅။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်**
**(အမိန့်အမှတ် ၈/၉၂)**
**၁၃၅၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁) ရက်**
**(၁၉၉၂ ခုနှစ်၊ မတ်လ ၁၉ ရက်)**

**နိုင်ငံရေးပါတီအဖွဲ့အစည်းအချို့အား ဖျက်သိမ်းသည့်အမိန့်**

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ယခုအခါ တရားဝင်ရပ်တည်ခွင့်ရှိသည့် နိုင်ငံရေးပါတီအဖွဲ့ အစည်းပေါင်းမှာ (၁၉) ဖွဲ့ ဖြစ်ပါသည်။ အဆိုပါ နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် စည်းရုံးလှုပ်ရှားခဲ့ကြသည်မှာ

အချိန်ကာလအားဖြင့် သုံးနှစ်ကျော်ခဲ့သည့်အလျောက် ယင်းတို့၏ အဖွဲ့အစည်းအနေအထားနှင့် စည်းရုံးမှုသည် ခိုင်မာသင့်သလောက် ခိုင်မာသည့်အခြေအနေသို့ ရောက်ရှိနေပြီးဖြစ်မည်ဟု ယုံကြည်သဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် အဆိုပါ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၏ စည်းရုံးမှု၊ ဖွဲ့စည်းမှုအခြေအနေများနှင့် ပါတီဝင်အမည်စာရင်း၊ အင်အားစာရင်းတင်ပြမှုအခြေအနေများကို စိစစ်လေ့လာသုံးသပ်ခဲ့ပါသည်။

၂။ ဤသို့ စိစစ်လေ့လာသုံးသပ်ရာတွင် အချို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် မိမိတို့၏ပါတီဝင် အင်အားစာရင်း၊ ပါတီအဖွဲ့ခွဲစာရင်းများကို ပေးပို့ရန်ပျက်ကွက်ကြသည်ကိုလည်းကောင်း၊ ပေးပို့ကြရာတွင်လည်း တိတိကျကျဖော်ပြပေးပို့ခြင်း မရှိကြသည်ကိုလည်းကောင်း၊ အချို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် မိမိတို့ပါတီ၏ နိုင်ငံရေးသဘောတရားနှင့် ဝါဒလမ်းစဉ်ကိုပင် ပီပီပြင်ပြင် တင်ပြနိုင်ခြင်းမရှိကြသည်ကိုလည်းကောင်း၊ အချို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများ၏ တာဝန်ရှိပုဂ္ဂိုလ်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာရန် အားနည်းမှုရှိကြသည်ကိုလည်းကောင်း၊ အချို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် ကိုယ်စားလှယ်အချို့ရွေးကောက်တင်မြှောက်ခံရခြင်းကို အကြောင်းပြု၍ မိမိတို့၏ ရပ်တည်မှုသည် ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခံရမှုအပေါ် မူတည်နေသည်ဟု ယူဆဟန်ရှိပြီး ပါတီ၏စည်းရုံးရေးကို လျစ်လျူရှုထားကြသည်ကိုလည်းကောင်း စိစစ်တွေ့ရှိရသဖြင့် ကျစ်လျစ်ခိုင်မာသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် ထိုသို့သော နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ဆက်လက်ရပ်တည်ခွင့်မပြုသင့်ဟု သဘောရရှိပါကြောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က တင်ပြလာပါသည်။

၃။ သို့ပါ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ တင်ပြချက်နှင့်အညီ အောက်ဖော်ပြပါ နိုင်ငံရေးပါတီ အဖွဲ့အစည်းများအား ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည် ...

(က) မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့၊
(ခ) အမျိုးသား လူ့အခွင့်အရေး ဒီမိုကရက်တစ်ပါတီ၊
(ဂ) ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊
(ဃ) နာဂတောင်တန်းဒေသ တိုးတက်ရေးပါတီ၊
(င) ကယားပြည်နယ် လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ်၊
(စ) တအာင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊
(ဆ) ပြည်ထောင်စုခနေအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊
(ဇ) ပြည်ထောင်စုအမျိုးသားများ ဒီမိုကရေစီပါတီ၊
(ဈ) လီဆူအမျိုးသား သွေးစည်းခိုင်မာရေးအဖွဲ့ (လ–မ–သ–ဖ)။

၄။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်။



ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ ခင်ဗျား . . .

ကျွန်တော်တို့အဖွဲ့ရဲ့ ကြေညာချက်အမှတ် (၁/၈၈) အပိုဒ် (၁)ရဲ့ စတုတ္ထ အချက်မှာ ပါရှိတဲ့ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးနဲ့ပတ်သက်ပြီး အမြန်ဆုံးဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပြီး ဆောင်ရွက်ရန်များကို စတင် ဆောင်ရွက်နေကြောင်းကိုလည်း ပြည်သူပြည်သားများနဲ့တကွ ရွေးကောက်ပွဲပါဝင်မယ့် ပါတီအဖွဲ့အစည်းများကိုလည်း အသိပေးလိုပါတယ်။

ကျွန်တော်တို့ တတွေဟာ တပ်မတော်သားတွေ ဖြစ်ကြပါတယ်။ တပ်မတော်သားများနဲ့ ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့အဖွဲ့အနေနဲ့လည်း နိုင်ငံ့ကျေးဇူးသစ္စာကို ခံယူထားတဲ့ အဖွဲ့အစည်းဖြစ်လို့ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် ဝန်ခံထားရှိပြီးဖြစ်တဲ့ ကတိသစ္စာကို မည်သို့သော အကြောင်းကြောင့်မျှ ပယ်ဖျက်၊ ဖောက်ဖျက်မှာ မဟုတ်ကြောင်း ယုံကြည်ထားရှိကြစေလိုပါတယ်။

ကျွန်တော်တို့ တာဝန်ယူမယ့် ကာလဟာ အလွန်တိုတောင်းလှတဲ့အတွက် ကျန်းမာရေး၊ ပညာရေး၊ အခြား လူမှုရေးဆိုင်ရာလုပ်ငန်းများကို ထိုက်သင့်သလောက်သာ ထိန်းသိမ်းဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ရေရှည် ပြုပြင်ဆောင်ရွက်ရမယ့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများကိုတော့ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပပြီးနောက် တက်ရောက်လာမယ့် အစိုးရအဖွဲ့အစည်းက ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။

ကျွန်တော်တို့ တပ်မတော် အနေနဲ့ကတော့ ပြည်သူပြည်သားများက မိမိတို့ရဲ့ ဒီမိုကရေစီပိုင်ခွင့်အရ လွတ်လပ်မျှတစွာ ရွေးချယ်တင်မြှောက်ဖွဲ့စည်းလိုက်တဲ့ အစိုးရအဖွဲ့အစည်းကို နိုင်ငံတော်ရဲ့အာဏာကို လွှဲပြောင်းပေးပြီးတာနဲ့ ကျွန်တော်တို့ရဲ့ မူလ တာဝန်ဖြစ်တဲ့ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးတာဝန်တွေကိုသာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်မံ ကတိပေးလိုပါတယ်။

( ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊
ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီး စောမောင် မှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကိုယ်စား
တိုင်းပြည်သို့ တင်ပြ မေတ္တာရပ်ခံချက်မှ ကောက်နုတ်ချက် . . . )

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ပြန်ကြားရေးကော်မတီမှ ထုတ်ဝေဖြန့်ချိသည်